
# ဝိဇယသုတ္တန်

# တရားတော်

သဲကုန်း ဆရာတော် အရှင်ဉာဏိဿရ

([illegible])

စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်ဆရာတော်



(သဲကုန်း) အရှင်ဉာဏိဿရ

၁၉၀၇၈

# ဝိဇယသုတ္တန်


သဲကုန်းဆရာတော် အရှင်ဉာဏိဿရ

(သဂါတ်အိုင်)



ပိတောက်စာပေ၊ အမှတ် ၁၁၆/၇၊ ရန်ကင်း၊ ရန်ကုန်မြို့။


F.1

## ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၈၁ ခု၊ ဇူလိုင်လ၊ အုပ်ရေ ၂၀၀၀

မျက်နှာဖုံး-ပန်းချီ - စတိုး

မျက်နှာဖုံးအသောက် - လွင်

မျက်နှာဖုံး ရိုက် - အေ.ရည်ဝင်း

တန်ဖိုး - ၂၅ ကျပ်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၁၆၂)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၆၂)

[illegible] (၁၀၁၇ [illegible])၊ [illegible]ပုံနှိပ်တိုက်၊ အမှတ် ၅၄၊ ဇောတိကလမ်း၊ [illegible] ဒေါ်[illegible] (၀၁၅၁၇) ပီးတောက် [illegible]၊ [illegible]၊ ရန်ကင်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# ဝိနယသုတ္တန် တရားတော်

## မာတိကာ


| | | |
|---|---|---|
| (၁) | ဟောကြားသူ၏ အမှာ | ၁၁ |
| (၂) | တေဒဂ်—အရှင်ပညာဇောတ၏ နိဒါန်း | ၁၃ |
| (၃) | **ဝိနယသုတ္တန်တရားတော် ပဌမပိုင်း (၁)** | ၂၈ |
| | —ဘုရားရှိခိုး | ၂၈ |
| | —ရဟန်းမှု (၆) ပါး | ၃၀ |
| | —ဒေါသထွက်သူ အနိုင်ယူ | ၃၂ |
| | —သူယုတ်မာလဲ အနိုင်ကြဲ | ၃၃ |
| | —နှမြောတဲ့သူ ပေးလို့ အနိုင်ယူ | ၃၃ |
| | -အနိုင်ယူတရား မြတ် (၄) ပါး | ၃၆ |
| | —အကြောင်းဖြစ်ရပ် အနှုတ်ပွတ် | ၃၇ |
| | -ပယ်-အတိုင်းအတာ | ၃၈ |
| | —ပရိပက္ကဝေဒနီယကံ | ၃၉ |
| | —ကောင်းမှုလဲပြု တောင်းဆုလဲဆို | ၄၁ |
| | —အနှုတ်မှာ သိစရာ | ၄၅ |
| | —အကျိုးဘယ်လိုရှိပါသနည်း။ | ၄၆ |
| | —ဒယကာများဘက်ကလည်း သိမှတ်စရာ | ၄၆ |
| | —တူညီမျှမှု မြတ် (၄) ခု | ၅၂ |
| | —ထန်စာခဲများ ရွှေဖြစ်သွား | ၅၂ |
| | —ကံအကျိုးမှာ မယုံသာ | ၅၃ |
| | —သောတာပန်သာ အုပ်ချုပ်ပါက | ၅၄ |
| | —မင်းဟာဆိုကဲ ပျောက်ပျက်ရ | ၅၆ |
| | —စီးပွားပျက်ခြင်း အကြောင်းရင်း | ၆၀ |
| (၄) | **ဝိနယသုတ္တန်တရားတော် ပ မပိုင်း (၂)** | ၆၄ |
| | —ကာမဂုဏ်မှာ အပြစ်တွေတပုံကြီး | ၆၄ |
| | —ကာမဂုဏ်နယ်က ထွက်မြောက်နိုင်တဲ့ လမ်း (၈)သွယ် | ၆၈ |
| | —ကိလေသာ အမျိုးအစား | ၆၉ |
| | —မိသားသုံးဦး မဂ်သို့ကူး | ၇၂ |
| | —ရတနာသုံးပါး ဆက်ပြတ်သွား | ၇၄ |
| | —သီရိမာအား ငှားရန်သွား | ၇၇ |

| | | |
|---|---|---|
| | —ဘုရားထံပါး အပြေးသွား | ၇၈ |
| | —သီရိမာမှာ တွေးမှားရှာ | ၈၀ |
| | —ဝတ္တုကာမ သဘာဝ | ၈၁ |
| | —ကျေးဇူးသိရှာ ဥတ္တရာ | ၈၃ |
| | —အဖေကို တောင်းပန်မှ ကျေနပ်မယ် | ၈၅ |
| | —အနိုင်ယူတရားမြတ် (၄)ပါး | ၈၇ |
| | —မိတ်ကောင်း ကျေးဇူး | ၈၉ |
| | —လောဘကြီးလုတ် ငတ်မွတ်တတ် | ၉၀ |
| | —ကပ်ကြီး(၃)ပါး ကင်းဝေးချင်က | ၉၂ |
| | —ဥပါသကာ-သီရိမာ | ၉၄ |
| | —စွဲလမ်းသူမှာ ပါသွားရှာ | ၉၆ |
| | —နိမိတ်စွဲလတ် တဏှာကပ် | ၉၈ |
| | —သီရိမာကား နတ်ပြည်လား | ၁၀၀ |
| | —ဘုရားရှင်အား သွားလျှောက်ကြား | ၁၀၀ |
| | —နောက်ထပ်တခါ သွားလျှောက်ရှာ | ၁၀၂ |
| | —အမိန့်ဆိုတာ နာခံရ | ၁၀၄ |
| (၅) | ဝိဇယသုတ္တန် တရားတော် ဒုတိယပိုင်း (၁) | ၁၀၈ |
| | —သီရိမာဟာ သုသာန်မှာ | ၁၀၈ |
| | —လိုချင်သူမှာ မရှိပါ | ၁၁၁ |
| | —ဘိက္ခုဝေမှာ အားလုံးပါ | ၁၁၂ |
| | —အသုဘ (၂)မျိုး | ၁၁၅ |
| | —ညီတော်မင်းနန် ခေါ်ပြီ | ၁၂၀ |
| | —နတ်သမီးပြ တရားချ | ၁၂၁ |
| | —နတ်ဘိုးတော်တဲ့ ပေါ်သက္ကဲ့ | ၁၂၂ |
| | —ရတနာ သုံးပါး သတ္တိ (၂) ပါး | ၁၂၅ |
| | —သာသနာဟာ အားကိုးရာ | ၁၂၆ |
| | —ဘယာမှ သဒ္ဓါသို့ | ၁၂၉ |
| | —ကိုယ်စားလှယ်ထား ဩဝါကြား | ၁၃၀ |
| | —ဘုရားရှင်၏ အုံ့ဖွယ် (၄) ဖြာ | ၁၃၁ |
| | —ကြည်ညိုပုံမှာ မတူပါ | ၁၃၄ |
| | —ဇနပဒကလျာဏီ တရားရှာပြီ | ၁၃၆ |
| (၆) | ဝိဇယသုတ္တန် တရားတော် ဒုတိယပိုင်း (၂) | ၁၄၀ |
| | —အိမ်ကြီးပမာ ကိုယ်ခန္ဓာ | ၁၄၀ |

- အကြောကိုးရာ ချုပ်စပ်ရှာ ၁၄၄
- —အရေလှန်ကာ ကြည့်လိုက်ပါ ၁၄၇
- —ရာဂပယ်ရှား အသုဘပွား ၁၄၈
- —ဒေါသပယ်ရှား မေတ္တာပွား ၁၄၈
- —တဏှာဆောက်ရှာ အိမ်ခန္ဓာ ၁၅၀
- —ခန္ဓာတွင်းမှာ အိုသေတာ ၁၅၁
- —ဒုက္ခကို ဣရိယာပုထ် ဖုံးတယ် ၁၅၅
- —လောက သမုတိသစ္စာ ၁၅၈
- —ခွဲရှုမလား ပေါင်းရှုမလား ၁၆၁
- —ဓာတ်လေးပါး မကွဲယင်လဲ ဿနှ ာင်တတ်တယ် ၁၆၄
- —အန္ဓ နှင့် ဗာလ ၁၆၇
- —သေတူ ရှင်တူ ထပ်တူရှု ၁၇၀
- —ဝိဇယသုတ္တန် နှစ်ပြန်ဟော ၁၇၂

(၇) ဝိဇယသုတ္တာန် တရားတော် တတိယပိုင်း (ခ) ၁၇၆
- —ဣရိယာပထနှင့် သမ္ပဇညပိုင်း ၁၇၆
- —ပညတ်ကြီးက ဖြစ်ရာဂ ၁၇၉
- —မူရာကြည့်က ကွာရာဂ ၁၈၀
- —ရာဂပယ်ခွာ ကာယာနုပဿနာ ၁၈၂
- —ဗောဇ္ဈင်ခေါ်ပုံ ၁၈၄
- —ဝိပဿနာနှင့် သမထခေါင်းဆောင် ၁၈၅
- —လောက ဆိုတာ ဘယ်လောက ၁၈၇
- —ဝိရောဓိ သဘော ၁၈၉
- —ဝိရောဓ နှင့် အနုရောဓ ၁၉၁
- —အာမခံပေးတာ ၁၉၄
- —သီလကိုသာ ဆင်ခြင်ရှာ ၁၉၄
- —လောဘ ဒေါသပယ်နည်း ၁၉၇
- —ကာယ ခေါ်ရကြောင်း ၂၀၀
- —အပေါင်းကိုကြည့် အစိတ်သိ ၂၀၄
- —ဣရိယာပထ ရှုနည်း ၂၀၂
- —စိတ်ရယ် ဆန္ဒရယ် စိတ္တဇဝါယောရယ် ၂၀၈


F-1

(၇) **ဝိဇယသုတ္တန် တရားတော် တတိယပိုင်း (၂)** ၂၁၆
- ခန္ဓာကိုယ် လှုပ်ရှားရခြင်း၏ အကြောင်းရင်း ၂၁၆
- လှည်းကြီးပမာ ကိုယ်ခန္ဓာ ၂၁၈
- ဥပေက္ခာဝေဒနာ ရှုခက်ပါ ၂၂၃
- ဝေဒနာရှုမလား ဝိညာဏ်ရှုမလား ၂၂၄
- အဖြစ်အပျက် အပျက်အဖြစ် ၂၂၈
- ဉာတပရိညာ တီရဏပရိညာ ၂၃၁
- စိတ်နဲ့ ပါယော ၂၃၂
- သန္တတိဝင် အနိစ္စမထင် ၂၃၃
- ကိလေသပယ်ဖို့ ဝီရိယ ၂၃၇
- တွင်းပြင်နှစ်ဖြာ ရှုကြည့်ပါ ၂၄၀
- ဖြစ်ပျက်မြင်က ဉာဏ်တက်ရ ၂၄၁
- ဝိပဿနာနဲ့ ဘေးရန်(၁၀)ပါး ၂၄၆
- အလင်းရောင်ဟာ မတူပါ ၂၄၆
- သင်္ခါရုပေက္ခာဉာဏ် ၂၄၈
- အနုလောမဉာဏ် ၂၅၀
- ဟောက်ချက်တခါ ပြန်ချပါ ၂၅၂

(၈) **ဝိဇယသုတ္တန်တရားတော် စတုတ္ထပိုင်း (၁)** ၂၅၈
- ဣရိယပထပိုင်းနဲ့ သမ္ပဇညပိုင်း ပြီးသော်လဲ ၂၅၈
- သမ္ပဇဉ်တွင် ထပ်ပြောချင် ၂၆၀
- သမ္ပဇဉ်(၄)ပါး ၂၆၆
- သတိပဋ္ဌာန်တရား ကျက်စားရာ ၂၆၇
- စေတီတော် ဖူးရအောင် ၂၇၁
- မထေရ်တပါး သမ္ပဇဉ်အား ၂၇၄
- ကမ္မဋ္ဌာန်းယူကာ ဆွမ်းခံရွာ ၂၇၅
- ကြည့်သည်ရှိသော် ၂၇၇
- မြင်သည်ရှိသော် ၂၇၈
- နှလုံးသွင်း မကောင်းလျှင် ၂၈၃
- အိပ်သည်ရှိသော် ၂၈၈
- စားသည်ရှိသော် ၂၉၀
- ငှက်ပျောသီး စားမသား ၂၉၁
- ဘာကိုစားမလဲ ၂၉၄

(၁၀) ဝိဇယသုတ္တန်တရားတော် စတုတ္ထပိုင်း (၂) ၃၀၀
—ဓာတ်ကြီး (၄) ပါးနဲ့ကြည့် ၃၀၀
—ရွံဖွယ်အနေနဲ့ကြည့် ၃၀၂
—ရူပကာယ ထင်လာမည် ၃၀၆
—ကာယာနုပဿနာဆိုတာ ၃၀၈
—အရိုးဆက်ပုံ ၃၁၁
—နှစ်ဘက်ပေါက်အိတ်ကြီး ၃၁၆
—အူတိုမျိုးနဲ့ အူရှည်မျိုး ၃၁၇
—အစာအိမ်အကြောင်း သိကောင်းစရာ ၃၁၉
—အစာ (၅)မျိုးကွဲ ၃၂၄
—အသည်းအကြောင်း။ သိကောင်းစရာ ၃၂၅
—ကျင်ငယ်အကြောင်း သိကောင်းစရာ ၃၂၆
—နှလုံးအကြောင်း သိကောင်းစရာ ၃၂၇
—နှလုံးသွေးအရောင် ၃၂၉
—အဆုတ်အကြောင်း သိကောင်းစရာ ၃၂၉
—အညှို့အကြောင်း သိကောင်းစရာ ၃၃၀
(၁၁) ဝိဇယသုတ္တန်တရားတော် ပဥ္စမပိုင်း (၁) ၃၃၆
—(၄)မည်ရ သုတ္တန် ၃၃၆
—ဃန(၄)မျိုး ၃၃၇
—ခြေလှမ်းလှမ်းတဲ့ ကိစ္စ(၃)ခု ၃၄၁
—ဣရိယာပထနှင့် သမ္ပဇဉ်ခွဲပုံ ၃၄၄
—အဆီအကြောင်း သိကောင်းစရာ ၃၄၆
—အူသိမ်အကြောင်း သိကောင်းစရာ ၃၄၈
—အူအတက်ပေါက် ၃၄၉
—သလိပ်အကြောင်း သိကောင်းစရာ ၃၅၀
—အညှို့ကျောက်ကပ်အကြောင်း သိကောင်းစရာ ၃၅၂
—အဖျဉ်းအကြောင်း သိကောင်းစရာ ၃၅၄
—သရက်ရွက်၏အမည်များ ၃၅၅
—အမြေးအကြောင်း သိကောင်းစရာ ၃၅၆
—နှပ်အကြောင်း သိကောင်းစရာ ၃၅၆
—နှပ်လှမ်းကြောင်း (၃)မျိုး ၃၅၈
—တံတွေးအကြောင်း သိကောင်းစရာ ၃၆၀
—သင်္ချိုင်းပါးစပ် ၃၆၁

—ချေးအကြောင်း သိကောင်းစရာ ၃၆၂
—အစေးအကြောင်း သိကောင်းစရာ ၃၆၃
—ရှုပ်ဖောက်ပြန် ၃၆၄
—သွေးအကြောင်း သိကောင်းစရာ ၃၆၅
—အမြဲ သွေးရှိနေသော ကောဋ္ဌာသ(၄)မျိုး ၃၆၆
—သည်းခြေအကြောင်း သိကောင်းစရာ ၃၆၇
—ကျင်ကြီးအကြောင်း သိကောင်းစရာ ၃၇၀
—ခြင်ဆီအကြောင်း သိကောင်းစရာ ၃၇၂
—ဦးနှောက်အကြောင်း သိကောင်းစရာ ၃၇၂
—ထိုထိုပါဠိတော်နှင့် ဦးနှောက် မဟောခြင်းအကြောင်း ၃၇၃

(၁၂) ဝိဇယသုတ္တန်တရားတော် ပဉ္စမပိုင်း (၂) ၃၇၈

—ဦးခေါင်း မညွတ်ချင်သူတွေအတွက် ၃၇၉
—တစပဉ္စက ကမ္မဋ္ဌာန်း ၃၈၀
—၃၂-ကောဋ္ဌာသကို ပထဝီဓာတ် ၂၀
အာပေါဓာတ် ၁၂-ပါးခွဲခြင်း ၃၂၈
—ဆံပင်အကြောင်း သိကောင်းစရာ ၃၈၃
—ဆံပင်ကို (၅)မျိုး(၅)စားထား၍ ဆင်ခြင်ဟန် ၃၈၄
—ဆံပင်၏ အရောင်(၂)မျိုး ၃၈၅
—ဆံဖြူတပင်မြင် တောထွက် ၃၈၈
—သေမင်းတမန် (၅)မျိုး ၃၈၈
—ဆံတပင်နဲ့ ဟင်းရွက်ပင် ၃၉၃
—မွေးညှင်းအကြောင်း သိကောင်းစရာ ၃၉၅
—လက်သည်း ခြေသည်းအကြောင်း သိကောင်းစရာ ၃၉၆
—ဝိပ္ပလ္လာသ (၃)ပါး ၃၉၇
—လက္ခဏာရေး(၃)ပါးနှင့် အသုဘ၌ ဝိပ္ပလ္လာသ
(၁၂)ပါး ၃၉၈
—ဆံပင်၏ ပလိဗောဓ (၁၆)ပါး ၄၀၂
—သွားအကြောင်း သိကောင်းစရာ ၄၀၃
—သွားတော် ပြဿနာ ၄၀၇
—အရေအကြောင်း သိကောင်းစရာ ၄၀၉
—လက်တွေ့နည်း အရေ စီးဖြန်းကြ ၄၁၂
—၃၂-ကောဋ္ဌာသကို ဓာတ်(၂)ပါးနှင့် ခွဲပုံ ၄၁၃

| | |
|---|---|
| (၁၃) ဝိဇယသုတ္တန်တရားတော် ဆဋ္ဌမပိုင်း (၁) | ၄၁၆ |
| —အာပေါခါတ် အရှုရခက် | ၄၁၆ |
| —အာရုံယူရ ယူမရ | ၄၁၇ |
| —အာကာသဓာတ် | ၄၁၈ |
| —အသုဘ (၂)မျိုး | ၄၂၁ |
| —နှာရည်နှပ်ချေး | ၄၂၃ |
| —သည်းခြေသလိပ် | ၄၂၄ |
| —ကိုယ်မှချွေး | ၄၂၅ |
| —ဦးနှောက်အပြည့် ဦးခေါင်းရှိ | ၄၂၆ |
| —ငါးမျိုးခြင်းရာ ရွံဖွယ်ရာ | ၄၂၇ |
| —သစ္စာ(၂)မျိုး | ၄၂၉ |
| —ဦးခေါင်း၌ ကောဋ္ဌာသ(၇)ပါး | ၄၃၁ |
| —ပ ပဥ္စ(၃)ပါး ဝင်ပြီ | ၄၃၂ |
| —ပ ပဥ္စ ကင်းစင်ရန်ကျင့်စဉ် | ၄၃၆ |
| —အိမ်တက်ပဲမာ ရှုပွားပါ | ၄၃၈ |
| —ကောဋ္ဌာသဆိုနည်း (၄)နည်း | ၄၄၁ |
| —ရွံရှာဖွယ်သာကျန်မယ် | ၄၄၂ |
| —အာရုံစိုက်ရာ ထင်မည်သာ | ၄၄၅ |
| —စူးစိုက်မိရာ ဆက်ရှုပါ | ၄၄၇ |
| —ဆရာတော်ကြီးတပါး | ၄၄၇ |
| —တွင်းပြင်နှစ်ဝ ရှုပွားကြ | ၄၄၈ |
| —ဖြစ်တာမှန်က ကုန်ပျက်ရ | ၄၅၀ |
| (၁၄) ဝိဇယသုတ္တန်တရားတော် ဆဋ္ဌမပိုင်း (၂) | ၄၅၄ |
| —ပဋိကူလ မနသိကာရ | ၄၅၄ |
| —အာရုံ(၃) မျိုး တက်ရိုး (၃)လီ | ၄၅၅ |
| —ဈာန်အင်္ဂါ (၅) | ၄၅၆ |
| —အသုဘမှာ ပထမဈာန်သာ | ၄၅၈ |
| —အရောင် (၄) မျိုး | ၄၅၉ |
| —နီလကသိုဏ်း | ၄၆၁ |
| —ဝဏ္ဏကသိုဏ်း (၄)ပါး | ၄၆၂ |
| —အမြင့်ဆုံးမှာ စတုတ္ထဈာန်သာ | ၄၆၅ |
| —ကောဋ္ဌာသမှာ ဓာတ်(၄) ဖြာ | ၄၆၆ |
| —သမထမှ ဝိပဿနာသို့ | ၄၆၇ |

—တွင်းပြင်နှစ်ဝ ရှုပွားကြ ၄၇၂
—အတ္တဖြုတ်နည်း (၃)နည်း ၄၇၃
—သမထ—ဝိပဿနာ ကွဲရှုပါ ၄၇၅
—ဝိပဿနာအလုပ်၌ ပိုင်ထားရမည့် (၃) ပါး ၄၈၁
—သုညတကမ္မဋ္ဌာန်း ၄၈၃
—အတ္တနှင့် အတ္တနိယ ၄၈၅
—သုညတ (၄) မျိုး ၄၈၇
—ပကတိ မျက်စိပိုင်း-ဉာဏ်မျက်စိပိုင်း ၄၈၇
—ကိုယ်မျက်မှောက်ပြုရတဲ့တရား-သူများဆုံးဖြတ်စရာ မလို ၄၉၂
—ကိုယ့်ကိုယ် ကိုယ်သိ စစ်၍ကြည့် ၄၉၃
—သူ့သေကောင်၌ ကင်းကွာသော တရား (၃)ပါး ၄၉၇
—အသက်မရှူ သူများ ၄၉၉
—သွားရတော့ တယောက်ထဲ ၅၀၀
—ဖိနပ်ပြတ်လက်ခံ-အသုဘ လက်မခံ ၅၀၁
—အသုဘ (၂) မျိုး ရှုကြည့်နည်း ၅၀၅
—မသေလိုလျှင် သုသာန်သွား ၅၀၆
—ဉာတပရိညာဆိုတာ ၅၀၈
—တီရဏပရိညာဆိုတာ ၅၀၈
—ပဟာနပရိညာဆိုတာ ၅၁၀
—တွင်းပြင်ခန္ဓာ တူရှုပါ ၅၁၂
—တွယ်တာပယ်ဖြတ် နိဗ္ဗာန်ကပ် ၅၁၃
—ယထာဘူတ ဉာဏ်မရကြောင်း ၅၂၁
—အဝိဇ္ဇာကိုခွာ ၅၂၂
—ဒေသနာတော်အကျိုး အာနိသင် ၅၂၃
—ဤသုတ္တန်တွင် ကျွတ်တန်းဝင် ၅၂၇
(၁၅) ဒေသနာနိဂုံး ၅၂၈
(၁၆) ဝိဇယသုတ္တန်ဆိုင်ရာ ဂါထာနှင့် အနက်များ ၅၃၀
(၁၇) ဝိဇယသုတ္တန်ပါဠိတော်နိဿယ ၅၃၀
(၁၈) ဒွတ္တိံသကောဋ္ဌာသ-ပရမတ္ထသရုပ်ပြဒေသနီ ၂-၃၀၅ ၅၄၀

## ဟောကြားသူ၏ အမှာ

ဤဝိဇယသုတ္တန် တရားတော်ကို မုဒုံမြို့မှ ပိဋကတ်ပညာရှိ သခင်ဦးသိန်းဖေ၏ တောင်းပန် လျှောက်ထားချက်ကို လက်ခံကာ ဟောကြားခဲ့ပါသည်။ ဤသုတ္တန်ကို သပိတ်အိုင်တောရ၊ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရန်ကုန်၊ တောင်စွန်း၊ သထုံ၊ သဲကုန်း၊ မန္တလေး၊ ဟင်္သာတ၊ ကျုံပျော်မြို့များ၌ ဟောခဲ့ပါသည်။

ဤသုတ္တန်ကို ဟောကြားရာ၌....

၁။ သုတ္တန်ပါဠိတော် အဋ္ဌကထာ၊

၂။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၊

၃။ ပရမတ္ထသရူပဘေဒနီကျမ်း

တို့ကို မှီထား၍ ဟောတော်မူခဲ့ပါသည်။

မိမိ၏ သီတင်းသုံးဖော်များက ဝိဇယသုတ္တန် တရားကို နာကြားရသောအခါ စာအုပ်ဖြစ်သင့်ကြောင်းအကြံပေးကြပါသည်။ မိမိမှာ နေ့စဉ်စာကျက်၊ စာကြည့်၊ တရားဟောကိစ္စ တို့ဖြင့် မအားလပ်ပါ သဖြင့် မဆောင်ရွက် နိုင်ခဲ့ပါ။ ထိုအခိုက် **'ပိတောက်စာပေ'** က စာတအုပ် ထုတ်လိုပ်ချင်ပါသည်။ ခွင့်ပြုပါဟု တောင်းပန်လာပြန်ပါသည်။

ထုတ်ဝေဖို့ သဘောတူလိုက်ပါသည်။ တိပ်ခွေမှ စာမူကြမ်းဖြစ်ဖို့၊ စာမူကြမ်းမှ အချောဖြစ်ဖို့ စီစဉ်ချိန် မရပါ။ ယခုမူကား တောင်းပန်သူ၊ အကြံပေးသူတို့၏ အကြံပေးချက်၊ တိုက်တွန်းချက်များ၊ သဒ္ဓါမေတ္တာဖြင့် ကူညီသူတို့၏ အကူအညီများဖြင့် စာအုပ်အဖြစ် ရောက်ရှိ လာပါပြီ။

ချွတ်ယွင်းချက်များရှိခဲ့လျှင် ခွင့်လွှတ်သည်းခံကြပါရန်မေတ္တာရပ်ခံပါသည်။ အဘယ့်ကြောင့်ဟူမူ ခရီးသွားယင်း၊ တရားဟောယင်း စီစဉ်ရသည့် အတွက်ကြောင့် ဖြစ်ပါသည်။

ဤစာအုပ် ဖြစ်မြောက်ရေး၌....

(၁) ဟသာ်တမြို့ "ရွှေပြောင်ပြောင် ဘုရားပွဲ ဖြစ်မြောက်ရေး အဖွဲ့"မှ ဆရာမ ခင်အေးကြူက တိပ်ခွေမှ ပဌမ စာမူကြမ်း ဖြစ်အောင် ဆောင်ရွက်ပေးပါသည်။

(၂) ပဌမမူကြမ်းကို မန္တလေးမြို့ မြတောင်တိုက်မှ အရှင် လင်္ကာ စာရာဘိဝံသ က အချောကိုင် ပြင်ဆင်တည်းဖြတ် ပေးပါသည်။

(၃) ဒုတိယမူကြမ်းကို ရန်ကုန်မြို့ အရှေ့ပိန္နဲကုန်းတိုက်မှ အရှင် သစ္စပံသ က ထပ်မံ အချောကိုင် ပြင်ဆင်ပေးပါသည်။

(၄) တတိယ မူကြမ်းကို တေဒဂ်—အရှင်ပညာဇောတ (ဓမ္မဒူတ တောရ၊ တောင်စွန်းမြို့) က ထပ်မံ အမှမ်းတင်ပေးပါသည်။ မိမိမှာမူ စာမူကို အပြေးအလွှား တခေါက်သာ ဖတ်နိုင်ပါသည်။

ဤသို့လျှင် ဝိဇယ်သုတ္တန် စာအုပ် ဖြစ်မြောက်ရေးအတွက် အဘက် ဘက်မှ ကူညီဆောင်ရွက် ပေးကြပေသော ကလျာဏမိတ္တတို့၏ ကျေးဇူးကို ဤစာအုပ်မှာ မှတ်တမ်းတင် ဖော်ပြအပ်ပါသတည်း။

ဆရာသခင် ကျေးဇူးရှင်အပေါင်းအား ဦးညွှတ်ပါ၏။

**အရှင်ဥဒ္ဒကဏိဿရ**
(သံကုန်းဆရာတော်)
သဒ္ဓမ္မသီတဂူချောင်
စစ်ကိုင်းတောင်
၁၃၄၂၊ ကဆုန်လပြည့်နေ့

# ဧတဒဂ်—အရှင်ပညာဇောတ၏
# နိဒါန်း

**သပိတ်အိုင်ဆရာတော်နှင့် မိမိ။** ။သပိတ်အိုင် ဆရာတော် ( ခေါ် ) သဲကုန်း ဆရာတော်နှင့် မိမိမှာ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ သံဃာတက္ကသိုလ်တွင် သုံးနှစ်တိုင်တိုင် ခေတ်ပညာ ရပ်များ အတူတကွ လက်ပွန်းတတည်း ဆည်းပူး သင်ယူခဲ့ကြရသော မြဲမြံရင်းနှီးသောအဆွေခင်ပွန်း ဖြစ်ပါသည်။

မိမိတို့ နှစ်ဦးသားမှာ လောကုတ္တရာစာပေနယ်မှ လောကီ စာပေနယ်သို့ အကျယ်ချဲ့ကာ သင်ယူနေစဉ် နေ့စဉ်လိုလိုပင် အတူတကွ လမ်းလျှောက်ယင်း အနာဂတ်သာသနာတော် ပြုစုပျိုးထောင်ရေးကို ဆွေးနွေးခဲ့ကြသည်။ လမ်းစ ရှာခဲ့ကြသည်။

မိမိတို့ရဲ့ ဆွေးနွေးမှု၊ အနာဂတ် သာသနာတော်ပြုမှုအတွက် လမ်းစ ရှာခဲ့မှုများသည် ထိုစဉ်အခါအနေမျိုးနှင့် ဆိုပါက လေထဲတိုက်အိမ်ဆောက်သည့်ပမာသာ ဖြစ်ခဲ့၏။

**ဆွေးနွေးချက်များ။** ။ထိုစဉ်က မိမိတို့ နှစ်ဦးရဲ့ ဆွေးနွေးတိုင်ပင်ချက်များမှာ နေ့စဉ်လိုလို ဆွေးနွေးချက်များဖြစ်၍ များပြားလှသည်။ ယင်းတို့အထဲမှ မှတ်မိသမျှ ပြန်လည်ဖော်ပြရမှု အနာဂတ် သာသနာတော်ကို ဘယ်လိုပြုမည်နည်း။

၁။ ကလေးသူငယ်များကို ခေတ်မီ ပညာပေးခြင်း၊

၂။ စာပေကျမ်းဂန် ပို့ချခြင်း၊

၃။ စာပေကျမ်းဂန် ရေးသားပြုစုခြင်း၊

၄။ တရားဓမ္မ ဟောပြောပြသခြင်း၊

၅။ ကိုယ်တိုင် ကျင့်ကြံ အားထုတ်ခြင်း စသည်တို့ဖြင့် အနာဂတ် သာသနာတော်ကို ပြုစုပျိုးထောင်မည်ဟု အကြိမ်ကြိမ်ပင် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

**ခွဲခွာပြီးသော် ကောင်ထည်ဖော်။**

။ ယင်းသို့ဖြင့် မိမိတို့ နှစ်ဦး သား၏ ဆွေးနွေးတိုင်ပင်ချက်များသည် ထိုစဉ်ကာလ အနေ့ကမူ လေထဲ တိုက်အိမ်ဆောက်သည့် ပမာ အကောင်အထည် မပေါ်လာပဲ ပျောက်ပျက် ခဲ့ရပါသည်။ သံဃတက္ကသိုလ်တွင် သုံးနှစ်တာမျှ အတူတကွ ပညာဆည်းပူးကာ ခွဲခွာကြရပါသည်။

ခွဲခွာပြီးသော် သူက မြို့ငယ်တမြို့သို့ သွားကာ ကလေးသူငယ်များကို ပညာသင်ကြားပေးခြင်းဖြင့် မိမိတို့ရဲ့ လေထဲ တိုက်အိမ်ဆောက်မှုကို အကောင်အထည် ဖော်ပါတော့သည်။ ထို့အတူပမာ မိမိမှာလည်း မြို့ကြီးတမြို့တွင် ကလေးသူငယ်များကို ပညာသင်ကြားပေးခြင်းဖြင့် အကောင်အထည် ဖော်ပါသည်။

သူနှင့် မိမိမှာ ခွဲခွာခဲ့ပြီး မတွေ့ကြရတော့ပါ။ မိမိမှာ တနှစ်တာမျှသာ ကလေးသူငယ်များကို ပညာသင်ကြားခြင်း ကိစ္စကို ပြီးဆုံးစေကာ ကိုယ်တိုင်ကျင့်ကြံ အားထုတ်ခြင်း၊ ပဋိပတ်သာသနာနယ်ပယ်သို့ ပြောင်းရွှေ့ခဲ့၏။ မိမိ၏ ပဋိပတ်သာသနာတော် အခြေ ချရာကား ရန်ကုန်မြို့၊ ဥက္ကလာပဘုတာအနီး ရွှေဥမင် တောရပင် ဖြစ်ပါသည်။

သူကား မူလ ကလေးသူငယ်များ ခေတ်ပညာ သင်ကြားရေးမှ မှော်ဘီ စက်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော် အနီးအပါးတွင် ခေတ်ပညာ ဆက်လက်လေ့လာယင်း တရားဟောပါ လေ့လာခဲ့၏။

**ပြန်ဆုံတာ ၊ ဆွေးနွေးရာ။**

။ ယင်းသို့ဖြင့် မိမိနှင့် သူကား အချိန်ကာလကြာမြင့်စွာ ကွဲကွာကွေကွင်း၍ နေခဲ့၏။ မိမိသည် ရွှေဥမင်တောရတွင် ကျန်းမာရေးယူနေခိုက် တနေ့တွင် သူကား

ပေါ်လာခဲ့သည်။ ကွဲကွာနေတာကြာမြင့်နေရကား ဆွေးနွေးစရာများစွာကို ဆွေးနွေးကြတော့သည်။

ယင်းအချိန်တွင် မိမိမှာ တရားအားထုတ်ခြင်းကို လက်တွေ့ ရှိနေပြီ ဖြစ်ရကား သူ့အား ကိုယ်တိုင်ကျင့်ကြံရေးနှင့် ပတ်သက်ပြီး များစွာ ဆွေးနွေးကာ သပိတ်အိုင် တောရသို့ အပါခေါ်တော့သည်။ အပါခေါ် ၍ကား မရသေးပါချေ။ နောင်အခါ လာခဲ့ပါမည် ဆိုတဲ့ ကတိတော့ ရလိုက်ပါ၏။

**ဆုံပြီးတခါ ကွဲပြန်ရာ။** ။လောကကြီးထဲမှာနေရတဲ့ သတ္တဝါ မှန်သမျှ တော့ ဆုံတခါ ကွဲတလှည့်ပင် မဟုတ်ပါလော။ အလွန်တရာ ခင်မင်လှစွာသော အဆွေခင်ပွန်းနှင့် ဆုံစည်းပြီး အားရဝမ်း သာ ပြောချင်တာတွေ ပြောလိုက်ရတော့ အားရဝမ်းသာ ရှိလှတော့၏။ ရင်ထဲမှာ ရှင်းသွားတော့၏။

ကွဲကွာသွားပြန်တော့ ည်း ရင်ထဲ လေးဘေးတေးနှင့် ဘာလိုလို ဖြစ်ခဲ့၏။ မိမိကား သူ့ကို မျှော်လင့်ချက် များစွာ ထားသည်။ မှန်ပါသည်။ မိမိနှင့် သူကား သံဃာတက္ကသိုလ်ဘွင် အတူနေစဉ် တဦးနှင့်တဦး အပေးအယူ သဘောထား အတိုက်ဆိုင်ဆုံး၊ အညီညွတ်ဆုံး တဦး ဖြစ်တော့ မျှော်လင့် ချက် မထားလို့ ဖြစ်နိုင်ပါ့မလား၊ မျှော်လင့်ချက် ထားရမှာပေါ့။

သို့သော် သူကား သူ့နေရာသို့ ပြန်သွားပြီ။ မိမိနှင့် တကြိမ်ပြန်လည် ၍ ကွဲကွာသွားပြန်လေပြီ၊ ဘယ်တော့ ပြန်ဆုံ၍ အတူတကွ ဆွေးနွေး ကြ ကာ မိမိတို့ဆွေးနွေးချက်များကို အကောင်အထည် ဖော်နိုင်ပါ့မလဲ။

**သပိတ်အိုင်မှာ ဆုံမိရာ။** ။မိမိလည်း ရင်မရှင်း ရင်မလင်းပဲနှင့် မိမိနေထိုင် ရာ သပိတ်အိုင်တောရသို့ ပြန်ရတော့၏။ သူ့ကို ကား မျှော်တခါမေ့တချက်နှင့် မိမိအတွက် လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ကိုင်ယင်းနှင့် အချိန်ကို မလစ် ဟင်းအောင် အသုံးချလျက် ရှိ၏။

သပိတ်အိုင်တောရတွင် မိမိနေ၍ သုံးနှစ်မြောက်တွင် သူကား ပေါ် ပေါက်လာတော့သည်။ မိမိကား ဝမ်းသာ မဆုံးတော့ပါ။ သူ့အတွက် ကျန်းမာရေးကို အဓိကထား စီမံပေးပြီး သူနှင့်မိမိတို့ ပရိယတ်ကို အတူ တွဲ၍လေ့ကျက်ကာ ပဋိပတ်ကိုမူ တပါးချင်း ကောစာရီပင် ကျင့်သုံးကြ၏။

**တောထွက်အတွက် ကွဲရချက်။** ။ မိမိတို့မှာ သပိတ်အိုင် တောရ၌ ဝိသုဒ္ဓိမဂ်
အဋ္ဌကထာ အင်္ဂလိပ်ဘာသာပြန်ကို အတူ
တွဲကာ လေ့လာပြီး ပဋိပတ်နှင့် ပရိယတ်ကို ညှိလျက် ကျင့်သုံး နေကြသည်။ ပရိယတ်တခြား၊ ပဋိပတ်တဖုံဆိုတာကို မိမိတို့ လက်မခံနိုင်ပါ။ ပဋိပတ်လုပ်ငန်းမှာ ပရိယတ်မလို ဆိုတာကိုမူ လုံးဝ လက်မခံနိုင်ပါ။

တကယ် ပဋိပတ်ကို ကျင့်သုံးလေ တကယ် ပရိယတ်လိုလေ ဆိုတာကို မိမိတို့ လုံးဝ လက်မခံနိုင်ပါ။

တကယ် ပဋိပတ်ကို ကျင့်သုံးလေ တကယ်ပရိယတ်လိုလေ ဆိုတာ မိမိတို့ကိုယ်တိုင် ပဋိပတ်ကို ကျင့်သုံးကြည့်မှ သိပါသည်။ ထိုအခါ ပရိယတ်သာသနာ၊ ပဋိပတ်သာသနာ၊ ပဋိဝေဓသာသနာဟု ဆိုတဲ့ သာသနာတော်သုံးရပ် မှတ်တော်မူခဲ့တဲ့ ရှင်တော်ဗုဒ္ဓကို ကြည်ညို၍မဆုံး ဖြစ်ရပါတော့သည်။

''ပရိယတ်မလို'' ဟု ပယ်သူတို့ကိုလည်း အဘယ့်ကြောင့်ပယ်ကြသလဲ၊ လုပ်ငန်းနားမလည်လို့ ပယ်သလော၊ ပရိယတ်နှင့်ပဋိပတ် မစပ်တတ်လို့ ပယ်သလော၊ ပရိယတ်နှင့် မိမိတို့ ပဋိပတ် မကိုက်ညီလို့ ပယ်သလော စသည်ဖြင့် 'လော' ပေါင်းများစွာ ဝင်လာတော့သည်။

ယင်းသို့ ပရိယတ် ပဋိပတ် စပ်ကာ တွဲဖက် လေ့ကျက်နေစဉ် တောထွက် ကိုယ်တော်ကြီး တပါး ရောက်လာပါသည်။ ကိုယ်တော်ကြီးက အစွဲကြီးလှ၏။ သပိတ်အိုင်မှာ နေချင်လှပါသည်၊ သပိတ်အိုင်မှာ နေရလျှင် ရဟန္တာထေရ် ဖြစ်မည်၊ ဒါကြောင့် သူ့ကို သပိတ်အိုင်မှာ နေခွင့်ပေးပါဟု အဘားအကျပ် တောင်းဆိုလာသည်။ ဘယ်လိုမှ ဖျောင်းဖျလို့ မရပါ။

သပိတ်အိုင်တွင်လည်း နေစရာကား သုံးပါးစာမျှသာ ရှိသည်။ ထိုစဉ်က မိမိတို့မှာ သုံးပါး ဖြစ်နေသည်။ သို့နှင့် မိမိသည် အမှတ်တမဲ့ ''ကိုယ်တော်ကြီး သပိတ်အိုင်မှာနေပြီး ရဟန္တာဖြစ်အောင် အားထုတ်ယင် တပည့်တော် ဖယ်ပေးမည်'' ဟု ပြောလိုက်မိ၏။

ယင်းစကားအရ မိမိလည်း အဆွေတော်နှင့် မခွဲချင် မခွာရက်ပဲ သပိတ်အိုင်မှ ခွဲခွာကာ ရေးမြို့နယ် အစင်ရွာ မွန်စိန်တောရသို့ ပြောင်းခဲ့ရတော့သည်။ ယင်းအကြောင်းကို ဒကာများ သိသွားသော် တောထွက် ကိုယ်တော်ကြီးအပေါ် ဒကာများက မကျေနပ်ကြ။ ကိုယ်တော်ကြီး

လည်း သပိတ်အိုင်သို့ပင် မရောက်လာတော့ပဲ တောရတခုတွင်ပင် သောင်တင်နေ၏။

**ကျင့်ချက်ဟောချက် နှစ်ဘက်စုံညီ၊** ။သူကား သပိတ်အိုင်တွင် ကျန်ရစ်ခဲ့ပြီး လက်တွေ့ကျင့်သုံးလျက် ရံခါ တရားဓမ္မ ဟောကြားပြသပေး၏၊ အထူးသဖြင့် မုဒုံတွင် အဟောများ၏။ ယင်းမှ တဆင့် မော်လမြိုင်စသည့် မြို့များသို့ ဓမ္မဒေသနာခရီး ပြန့်ကျယ်လာသည်။ သပိတ်အိုင် ဆရာတော် ဟူ၍ အမည် ထွက်လာသည်။

**ဆွေးနွေးချက်ဟာ ကောင်ပေါ်လာ။** ။မိမိလည်း မှန်စိန်တောရတွင် အဆွေတော်များနှင့် ဆွေးနွေးတိုင်ပင်ကာ တရားကျင့်သုံးပြီး ရံခါ တရားဟော၍ ရံခါစာရေးသည်။ သို့စဉ် မိမိနှင့် သူ၏အတိတ်ဖြစ်ရပ် ဆွေးနွေးချက် အထပ်ထပ်တို့ ပေါ်ထွက်လာသည်။ အင်း.... ငါတို့နှစ်ဦး လေထဲမှာ ဆောက်ခဲ့တဲ့ တိုက်အိမ်ကြီးတော့ တဖြည်းဖြည်း အကောင်အထည် ပေါ်လာပါပကောလား။

ကိုယ်တိုင် ကျင့်သုံးမှုလည်း ကြိုးစား ကျင့်သုံးလျက်ရှိပြီ၊ တရားဓမ္မလည်း ဟောပြောလျက်ရှိပြီ၊ စာပေကျမ်းဂန်လည်း ရေးသား ပြုစုလျက်ရှိပြီ။ ငါတို့ နှစ်ဦးရဲ့ သာသနာ့တာဝန်ထမ်းဆောင် ပြုစုချက်သည် ရှေ့သို့ ဘယ်မျှ အရာရောက်၍ပေါက်မြောက်မည်နည်း။

မိမိနှင့် သူကား မည်သည့် အဖွဲ့အစည်းကိုမျှ မဝင်ပဲ၊ အဖွဲ့အစည်းကြီးပွားရေး မကြိုးစားပဲ သာသနာတော် ထွန်းကားရေးသာ ကြိုးစားကြမည်ဟု ဆွေးနွေးချက်ရှိသည့် အတိုင်း ကြိုးစားလျက်ရှိကြ၏။

မိမိကား မှန်စိန် တောရမှ အင်္ဂပူမြို့နယ် ကွင်းကောက်တောကျောင်းကြီး၊ ယင်းမှတဖန် မှန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းမြို့ ဓမ္မဒူတတောရသို့ ရောက်လျက် ရှိ၏။ သူကား သပိတ်အိုင်တောရမှ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်သို့ ရောက်ခဲ့၏၊

သူနှင့် မိမိကား တူညီချက် ရှိ၏၊ သူ၏ သဒ္ဓမ္မသီတဂူချောင်မှာလည်း သူကိုယ်တိုင် အသစ် တည်ထောင်ရသော ချောင်ဖြစ်သလို မိမိ၏ ဓမ္မဒူတ တောရမှာလည်း မိမိကိုယ်တိုင် အသစ် တည်ထောင်ရသော တောရ ဖြစ်၏။ ကိုယ်တိုင် ဆိုသည်မှာ မိမိတို့နေမည် အာမခံခါမှ တည်ထောင်၍ ကိုယ်တိုင် အသစ် တည်ထောင်သည်ဟု ဆိုလိုပါသည်။ မိမိတို့ကိုယ်တိုင်မူ ကျောင်း ဖြစ်မြောက်ရေး အတွက် ဘာ တခုမှ မဆောင်ရွက်ပါ။

ဆောင်ရွက်သည်မှာကား ပရိယတ်ကိစ္စ၊ ပဋိပတ်ကိစ္စမျှသာ ဖြစ်ပါသည်။ ဟောမှု၊ စာပေရေးသားမှုမျှသာ ဖြစ်ပါသည်။

မိမိတောရတွင် ယခုအခါ သံဃာ(၂၇)ပါး ရှိ၍ နေ့တွင် ပရိယတ် လုပ်၍ ညဥ့်တွင် ပဋိပတ်ကို အားထုတ်လျက်ရှိကြပြီး၊မိမိသည် စာလည်း ချပို့၊ တရားလည်း ဟော၊ တရားလည်းပြ၊ စာလည်းရေးကာ မိမိအတွက် လည်း ပဋိပတ်ကျင့်လျက် သာသနာတော်အတွက် ကြိုးစားလျက်ရှိ၏။ မိမိ ကျမ်းစာများ(၁၃)ကျမ်းတိုင်တိုင် သာသနာတော် အတွက် အလုပ် လုပ်လျက်ရှိချေပြီ။ စစ်မှန်သော သာသနာတော်ကို ထွန်းပြလျက် ရှိချေပြီ။

**တရားဟောကာ ဆောင်ရွက်ရာ။** ။သူကား သပိတ်အိုင်မှာ နေ့စဉ် တရား ဟောခဲ့ရာမှ ပရိသတ်ပေး နာမည်''သပိတ်အိုင်ဆရာတော်''ဟု ထင်ရှားလျက်တရားဟောပြောခြင်းဖြင့် သာသနာတော်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်လျက် ရှိ၏။ သူ၏ ထမ်းရွက်ချက် မည်မျှအောင်မြင်သည်ကို မိမိဖော်ပြစရာ မလိုပါ။ စာရှုသူ ၏ အသိ၊အမြင်၊ အကြားအတိုင်းပင် ဖြစ်ပါသည်။ ယနေ့ မြန်မာ့တိုင်းနှင့် ပြည်နယ်မြို့နယ် ကျေးရွာအားလုံးတွင် ကြားနာရသောဓမ္မဒေသနာများက သက်သေခံလျက် ရှိပါသည်။

**ဓမ္မကထိက အမျိုးအစား။** ။အို....စာရှုသူ၊ ယနေ့ခေတ်သည် မိမိတို့ တွေ့ ကြုံခဲ့ရသည့် ခေတ်အများထဲမှ တရားဟော ဓမ္မကထိက အများဆုံး တွေ့ကြုံရသောခေတ် ဖြစ်ပါသည်။ ယင်းသို့ ဓမ္မ ကထိကအများအပြားတို့ကို ယခု ဖော်ပြလတ္တံ့သော မူလပဏ္ဏာသ အဋ္ဌ ကထာလာ ဓမ္မကထိက လေးမျိုးနှင့် နှိုင်းယှဉ်ဖော်စပ်ခဲ့၍ အမျိုးအစား ခွဲကြည့်ပါ။

(၁) ဂေါဓူပမာ ဓမ္မကထိက = လျင်လျင် မြန်မြန် ခုန် ကျော်၍ ဟောတတ်သော ဓမ္မကထိက၊

(၂) ပေတဂ္ဂိဓမ္မကထိက = ကျယ်တလှည့်၊ နေးတခါ၊ မြန် တသွယ် ဟောတတ်သော ဓမ္မကထိက၊

(၃) ဂိသာနုပမာ ဓမ္မကထိက = ညည်းဘွား မြည်တမ်းလျက် ကြောက်ကြောက် ရွံ့ရွံ့ ဟောတတ်သော ဓမ္မကထိက။

(၄) နဒီသောတုပမာ ဓမ္မကထိက = သန့်ရှင်း ပြီသစွာ မကြောက် မရွံ့ ကရားမှ ရေလွှတ်သလို ဟောတတ် သော ဓမ္မကထိက။

ဤသို့အားဖြင့် ဓမ္မကထိက လေးမျိုး လေးစား ရှိပါသည်။ ထိုတွင် သူကား "ဂီတသရ" ဂီတသံမျိုး၊ သဘင်သံမျိုး မပါ။ မင်းသားဟန်မျိုးကို အတုမခိုးပဲ မိမိ၏ ရှိရင်းစွဲအသံကို ဌာန်ကရိုဏ်း ပယတ် ကျန ပြတ်သား စွာ ရွတ်ဆိုဟောကြားတတ်သော "သရဘည"၊ "နဒီသောတုပမာ ဓမ္မ ကထိက" မျိုး ဖြစ်၏။

**သာသနာဖျက် သာသနာပြု။** ။ယခုခေတ်တွင် သာသနာပြုအမည်ခံကာ သီချင်း မဆိုရုံတမယ် ဂီကသံနှင့် သံရှည်တွဲကာ တိုးတခါ ကျယ်တလှည့်'အင်း' 'အဲ' ညည်းရှဲတဖုံ၊ ခုန်ကျော်၍ တမျိုးဖြင့် ဟောကြားနေသော ဓမ္မကထိကများကား သာသနာပြု အမည် ခံသော်လည်း သာသနာတော်ကို အမြစ်အရင်းမှ အသင်းဖွဲ့ကာ ဖျက်ဆီး သူများ မည်ပါပေ၏။

သူကား သူ့ကိုယ်သူ သာသနာပြု အမည်မခံပါ။ နာမည်ကြီးရေး အလေးပေးလျက် အသင်းအဖွဲ့တခုထဲလည်းမဝင်ပါ။ အသင်းကြီးပွားရေး လည်း မလုပ်ပဲ သာသနာတော် တခုလုံးအတွက် အားကြိုးမာန်တက် ပြုစုံလျက် ရှိချေပြီ။ ဘယ်မျှအားကြိုးမာန်တက် ပြုစုသည်ကို စာရှုသူ အသိပင် ဖြစ်ပါသည်။

ဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်သည်"ဒေသ နာ"မည်၏။ ယင်းတရားတော်ကို ဟောပြောတတ်သော ပုဂ္ဂိုလ်မှာ "ဒေ သက" ဖြစ်၏။ တရားတော်ကို ဟောပြောတတ်သည့် ပုဂ္ဂိုလ်ကား "ဓမ္မ ကထိက" ပုဂ္ဂိုလ် ဖြစ်၏။သူကား ရှင်တော်ဗုဒ္ဓ ဟောကြားတော် မူခဲ့သော "ဓမ္မဒေသနာတော်များ"ကို မူရင်းအတိုင်း စစ်မှန်စွာဟောပြောပြလျက် ရှိသော "ဓမ္မဒေသက" ပုဂ္ဂိုလ်၊ ဓမ္မကထိကပုဂ္ဂိုလ် ဖြစ်ပေ၏။

**ဝိပဿနာဓမ္မကထိက။** ။ကောပိဟိဗုဒ္ဓေါ သမထဝိပဿနာ ဓမ္မံ အဒေ သတွာ ပရိနိဗ္ဗုတော နာမနတ္ထိ--တဆူသောဘုရား ရှင်သော်မှလည်း သမထ–ဝိပဿနာ ဘာဝနာတရားကို မဟောကြားပဲ ပရိနိဗ္ဗာန်ဝင်စံရိုးထုံးစံမရှိပါချေ။ဘာဝနာကိစ္စဖြစ်သော သမထ ဝိပဿနာ တရားကိုပင် ဘုရားတိုင်း လက်မလွှတ်သောတရား ဖြစ်သည်။

ဘုရားရှင်တို့၏ အဓိကလုပ်ငန်းမှာ တရား ဟောသော လုပ် ငန်းပင် ဖြစ်သည်။သို့သော် ယင်းဘုရားရှင် ဟောတော်မူသော တရားတော်

တွေသည် ဝေနေယျသတ္တဝါအလိုက်တရားအနုနှင့် အရင့်တော့ ကွဲပြား ပါသည်။

သတ္တဝါတွေ များပြားသည့်အလျောက် အနုတမျိုး၊အရင့်တသွယ် ဟူ၍ အမယ်မယ်ရှိရကား နုသူသတ္တဝါတို့ကို ဒါန၊သီလ မျှလောက် ဟော၍ ရင့်သူသတ္တဝါတို့ကိုမူ ဝိပဿနာတရားတော်ကို ဟောတော် မူသည်။

အမှန်စင်စစ် သတ္တဝါတို့၏ဆင်းရဲပွတ်မြောက်ရေးကို ဆောင်ရွက် ရာဝယ် မဂ်–ဖိုလ်– နိဗ္ဗာန် သို့ ထိရောက်စွာ ပို့ဆောင် နိုင်သော ဝိပဿနာတရားနှင့် ကင်း၍ မဖြစ်နိုင်ရကား ဝိပဿနာ တရားတော်သည် ရှင်တော်ဗုဒ္ဓ၏ အဓိက လုပ်ငန်း ဖြစ်၏။

သူကား ပဋိပတ္တိသာသနာပြု အမည်မခံပါ။ သို့သော် သူ့တရား တွေကား ပဋိပတ်အတွက် အကျက်ကျသော တရားတွေ ဖြစ်ပါသည်။ ဝိပဿနာ ဓမ္မကထိကလည်း အမည်မခံပါ။ သို့သော် ဝိပဿနာ အတွက် အကွက်ကျလှသည့်အတွက် ဝိပဿနာသမား အများအပြားတို့ ဝိုင်းအုံနာ ကြားလျက် ရှိကြ၏ သို့ဖြစ်၍ သူသည် ဝိပဿနာဓမ္မကထိက ဖြစ်လာ၏။

သူကား သူ့ကိုယ်သူ ကျော်ကြားအောင် သတင်းစာများတွင် မကြော်ငြာပါ၊ သို့သော် သူ၏ဟောကြားချက် တရားကြိုးခွေများက တောရောမြို့ပါ နေရာမလပ် ရောက်နေရကား အလွန်တရာ ကျော်ကြား လျက် ရှိ၏၊ ကျော်ကြားချင်၍ သတင်းစာထဲ ကြော်ငြာသူများမှာမူ ကြာ လေ မြုပ်လေမှာ ဖြစ်ကြကုန်၏။

**ပြောဟောရတာ မလွယ်ပါ။** ။ အချို့အချို့သော သူတို့သည် ရုပ်ပိုင်းကို နာမ်ပိုင်းအရာ ဝိပဿနာ တရားများကို သိတော့သိကြပါသည်။ သို့သော် မဟောကြားတတ်ကြပါ။ မဟောကြား နိုင်ကြပါ။ ယင်းတို့မှာ ပစ္စေကဗုဒ္ဓတို့ပမာ ဖြစ်ကြပါကုန်၏။

ပစ္စေကဗုဒ္ဓအရှင်မြတ်တို့သည် မိမိတို့ကိုယ်တိုင်သာလျှင် သိတော် မူကြပါ၏၊ သူတပါးတို့ကိုကား မသိစေနိုင်ကြပါ၊ မဟောနိုင်ကြပါ။

ကိုယ်တိုင် သိထားသော တရားထူးတရားမြတ်များ၏ အနက် အဓိပ္ပာယ် သဘောဘာဝတွေကို နတ်လူဗြဟ္မာသတ္တဝါတို့ နားလည်နိုင်ရန်

စကားဝါကျအစီအစဉ် ဝေါဟာရသုံးနှုန်းဖွဲ့ကုံး၍ ဝေါဟာရတပ်ဆပ်ပြီး ဟောပြောခြင်းငှာ မစွမ်းဆောင်နိုင်ကြပေ။

သူကား ကိုယ်တိုင်သိအောင် သပိတ်အိုင်တောရတွင် ပရိယတ်နှင့် ပဋိပတ် ညှိလျက် လေးနှစ်ဘိုင်တိုင်ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့၏။ ရုပ်နာမ် ဓမ္မသဘာဝတွေကို ပရိယတ်နည်း၊ ပဋိပတ်နည်းတို့ဖြင့်လက်လှမ်းမီသလောက် ပေါက်ရောက်ခဲ့၏၊ သိမြင်ခဲ့၏။ ဘယ်လောက် သိမြင်ခဲ့သည်ကိုမူ သူ၏ ဟောပြောချက်နှင့် သူ၏အနေအထိုင်က ဖော်ပြလျက် ရှိ၏၊ ယင်းမှုကို မိမိ မပြောလို၊ မပြောပိုင်၊ မပြောနိုင်ပါ။ ဟောချက်ကမူ ပိုင်နိုင်လှ၏၊ မြိုင်ဆိုင်လှ၏။

**ဗုဒ္ဓသာသနာ၏ အနှစ်သာရ။** ။ ဗုဒ္ဓမြတ်စွာသာသနာတော်၏ အနှစ်သာရသည် အရဟတ္တဖိုလ်တရားပင် ဖြစ်၏။ ယင်းဗုဒ္ဓမြတ်စွာ သာသနာတော်၏ နောက်ဆုံးပန်းတိုင်လည်း အရဟတ္တဖိုလ်ပင် ဖြစ်၏။

မှန်၏၊ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ တရားဓမ္မရေးရာနှင့်စပ်လျဉ်း၍ ကျင့်သုံးမှုဟူသမျှသည် နောက်ဆုံးပန်းတိုင်ဖြစ်သော အရဟတ္တဖိုလ်တရားတော်ကို မျက်မှောက်ပြုရေးအတွက်သာ ဖြစ်၏။

ယင်းအရဟတ္တဖိုလ်တရားတော်ကို မျက်မှောက်ပြုရေး ဝိပဿနာဉာဏ် ရင့်ကျက်မှုနှင့် ကင်းကွာ၍ မဖြစ်နိုင်ပါ။ ယင်းဝိပဿနာဉာဏ် ရင့်ကျက်မှုမှာလည်း အရဟတ္တဖိုလ်တရားတော်ကဲ့သို့ပင် သာသနာတော်၏ အနှစ်သာရ ဖြစ်နေပြန်သည်။

သို့ဖြစ်၍ သူကား တရားဌာန အသီးသီးမှ ယောဂီ အများ၏ ဝိပဿနာဉာဏ်ရင့်သန်ရေးကို အလေးပေးလျက် ဝိပဿနာတရားတော်များကို ဟောပြောပေးနေရကား ဗုဒ္ဓမြတ်စွာ သာသနာတော်၏ အနှစ်သာရကို ဆောင်ရွက်နေသူပင် ဖြစ်ပါတော့သည်။ တရားဌာနအသီးသီးမှ တရားပြဆရာများနှင့်ယောဂီများသည် သူ့တရားများကို လမ်းညွှန်အဖြစ် ခံယူကျင့်သုံးနေကြရ၏။

**ဟောရာမှ ကျမ်းစာ။** ။ အိုစာရှုသူ၊ ဤဝိဇယသုတ္တန် တရားတော်မှာ ကျမ်းစာအနေဖြင့် ရေးသားခြင်းမျိုးမဟုတ်ပါ။ ဝိဇယ သုတ္တန်ကို မူတည် ပြီးလျှင် ယင်းသုတ္တန် ပြီးဆုံးသည့် အထိ



၁၅၀၈၀
သာသနာရေးဦးစီးဌာန

ယင်းသုတ္တန်နှင့် ဆက်စပ်နေသော ဆိုင်ရာသုတ္တန်များ၊ ဝတ္ထုများကို သွင်းကာ သုတ္တန်ဆုံးသည့်တိုင်အောင် ဝိပဿနာရှုကွက်ဖော်၍ အနက် အဓိပ္ပာယ် ဝေဝေဆာဆာ တန်ဆာဆင်ကာ ဟောပြောထားပါသည်။

ဟောပြောရာ၌လည်း ပါဠိအဋ္ဌကထာဋီကာနှင့်တကွသော နိကာယ်ငါးရပ်ကို အထပ်ထပ် မွှေနှောက်ကာ သက်ဆိုင်ရာ တရားသဘာဝတွေကို မိမိ ပြောဟောမည့် ဝိဇယသုတ္တန်ထဲသို့ ထည့်သွင်းကာ ကျယ်ကျယ် ပြန့်ပြန့် ဟောပြောထားသဖြင့် သူ၏ ဟောနည်း ဟောဟန်မှာ လက်တွေ့သမား တွေရော စာတွေ့သမားတွေပါ လက်ခံရတော့သည်။

သူကား အသံကောင်း၊ ရုပ်ကောင်း၊ ဓမ္မကထိကကောင်းတပါးပင် ဖြစ်ပါသည်။ ယင်းမှာ မိမိရဲ့စကား မဟုတ်ပါ။ မိမိရောက်ရာ အရပ်ရပ်မှ တရားနာ ပရိသတ်များထံမှ ပဲ့တင်သံပင် ဖြစ်ပါသည်။

ယင်းသို့ အသံကောင်း၊ ရုပ်ကောင်း၊ ဓမ္မကထိကကောင်းဖြစ်သော်လည်း သူကား အသံလုပ်၍မဟောပါ။ အသံနှင့် ပရိသတ်ကို ချဲ့၍ ပရိသတ်ကို မဆွဲပါ။ ပရိသတ်က သူ့ကိုကြည်ညိုသည်မှာလည်း အသံကို ကြည်ညိုခြင်း မဟုတ်ပါ။ ရုပ်ကို ကြည်ညိုခြင်းလည်း မဟုတ်ပါ။

သူကလည်း အသံကို ဦးစားပေး၍ မဟောပါ။ ရုပ်ကိုလည်း ဗန်းပြ၍ မဟောပါ။ တရားသဘာဝကိုသာ အကွက်ဆိုက်အောင် အဟောအပြော ကောင်းသည့်အတွက် ရှင်လူရဟန်းပရိသတ်စုံ ကြိုက်နှစ်သက်ခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ သူသည် ဘယ်မြို့ဘယ်ရွာ၊ ဘယ်ဓမ္မသဘင် ပလ္လင်တော်၌ ဟောပြော ဟောပြော တရားဓမ္မကို မြတ်နိုးသူ လူရှင်ရဟန်းအသီးသီးတို့၏ သူ၏ ဟောပြောရာ ဓမ္မာသနပလ္လင် အနီး၌ ဝိုင်းဝိုင်းလည်လျက် အသံဖမ်းယူကြ၏။ ဖမ်းပြီးသား တရားများကို အပြန်ပြန်အလှန်လှန် ဖွင့်၍နာယူကြ၏။

သို့ရာတွင် ဤမျှနှင့် အားရတင်းတိမ်ခြင်း မရှိကြပါ။ ယင်းတရား တော်များကို စာအုပ်အဖြစ် ဖတ်လိုကြပြန်ပါသည်။ သို့ဖြစ်၍ သူ့အား စာအုပ်အဖြစ် ထုတ်ဝေပါရန် လျှောက်ထားကြ၏။

သို့သော် သူ၏ တရားပွဲများမှာ ရက်က နည်း၍ တရားပွဲတွေက များနေရကား မအားလပ်ပါ။ ယင်းတရားတော်များကို စာပေအဖြစ် မတင်နိုင်ခဲ့ပါ။

ယခုမူ ဟသ်ာတမြို့ "ရွှေပြောင်ပြောင် တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့ ပရိတ်သင်း" မှ ကျောင်းဆရာမလေး မိကြူ (ဘီအက်စ်စီ)၏ ရေးကူးပေးမှုကြောင့် စာအုပ်အဖြစ်သို့ ရောက်ရှိလာရတော့သည်။

စာရှုသူသည် ယင်းတရားတော်ကို ကြိမ်ဖန်များစွာ နာကြားဖူးထားသည့်အပြင် ယခုတဖန် စာပေအဖြစ်ဖြင့်လည်း ဖတ်ရှုနေရကား ဤဝိဇယ သုတ္တန်တရားတော်သည် "အခြောက်တရားလော၊ အမြောက်တရားလော၊ အမှန်တရားလော" ဟု ဝေခွဲနိုင်ပါပြီ။

**သုတ္တန်က မြောက်၊ အဘိဓမ္မာက ခြောက်။** ။အချို့ အချို့သော သူတို့သည် ရုပ်သံ·နာမ်သံ ပါသော တရားတော်များကို အဘိဓမ္မာတရား၊ ဝတ္ထုကြောင်း ဟောဆိုလျှင် သုတ္တန်တရားဟု ထင်မှတ်ကြသည်။ ယင်းသို့ ထင်မှတ်နေသည်မှာ "သုတ္တန်က မြောက်လွန်းသည်၊ အဘိဓမ္မာက ခြောက်လွန်းသည်" ဟု ဆိုစကားအရပင်လို ဖြစ်နေပါသည်။

အမှန်မှာ အများထင်မှတ်နေသကဲ့သို့ မဟုတ်ပါပေ။ အမှန်တကယ် အလုပ်လုပ်ရသည့် အလုပ်တရားသည် သုတ္တန် တရားတော်များသာ ဖြစ်ပါသည်။ အဘိဓမ္မာတရားတော်များ မဟုတ်ပါ။

အဘိဓမ္မာတရားတော်များမှာ ရုပ်နာမ်ဓမ္မတို့ကို အစိတ်စိတ်အမြွာမြွာ ဝေဖန်ပိုင်းခြားကာ ရွှေဉာဏ်တော်ကြီးသလောက် အကျယ်ချဲ့၍ ဟောကြားထားသောတရားတော်များဖြစ်သဖြင့် ယင်းအဘိဓမ္မာတရားတော်များ အတိုင်း ဝိပဿနာအလုပ်စခန်း ဖွင့်၍ မဖြစ်နိုင်ပါ။ ယင်း အဘိဓမ္မာ တရားတော်များမှာ ပဋိသမ္ဘိဒါဉာဏ်ပျိုးစေ ဖြစ်ရုံမျှသာ လေ့လာရမည့်တရားတော်များ ဖြစ်ပါသည်။

ယခုခါ၌မူ ယင်းသုတ္တန်တရားတော်များကို အထင်သေးနေသူများကို သူကဲ ထိုထိုသုတ္တန်ပါဠိတော်များကို ဟောပြောကာ ဝိပဿနာအလုပ်စခန်းဖွင့်လျက် ဟောပြောပြသလိုက်သဖြင့် သုတ္တန်ဒေသနာတော်အပေါ်၌ အထင်သေးနေသူများ ပပျောက်ရုံမက မိမိတို့တရားအပေါ်တွင် ကိုယ်တွေ့ ဉာဏ်မြင်ဖြစ်ပါသည်ဟု အထင်ကြီးနေသူများပင် "ဝိပဿနာ အလုပ်စခန်း အမှန်လမ်းမှာ သုတ္တန်မိုဋ္ဌကတ်ပဂိယတ်ကျမ်းဂန်များမှာသာ အမှန်ရှိပါလား ဟု အမှန်လမ်းသို့ ကူးသန်းပြောင်းလွှဲလာကြပေပြီ။ ယင်းတို့လည်း အမှန်တရားများ ရရှိခံစားနေကြရပေပြီ၊

**စီစဉ်ပုံမှာ ဆင့်ကမ်းသာ။** ။ဤဝိဇယသုတ္တန် တရားတော်ကို စာအုပ် အဖြစ် စီစဉ်ပုံမှာ အဆင့်ဆင့် လက်ဆင့်ကမ်း စနစ်ဖြင့် စီစဉ်ခဲ့ရပါသည်။ မူလ စတင် ရေးကူးပေးသူ ဆရာမလေး မိကြူထံမှ သူ၏ထံသို့ ပို့ပေးလိုက်သည်။ သူသည် အသေအချာ ကြည့် ချိန် မရပါ။ သူမှတဆင့် သူ၏ခပေမိတ်ဆွေ အရှင်လက်ာစာရာဘိဝံသ (ယခုမြို့တောင်ကိုင်း၊ မန္တလေး)ထံသို့ ပို့ပေးသည်။ ယင်းမှ တဆင့် သူ့ထံ ပြန်ရောက်ကာ သူ့ထံမှ မိမိထံသို့ ရောက်လာပါသည်။

ဤစာမူ မိမိထံသို့ ရောက်သည်မှာ ကြာပါပြီ။ သို့သော် မိမိမှာ လည်း သူကဲ့သို့ တရားပွဲများနှင့် တဖုံ၊ စာချ၍တမျိုး၊ စာရေး၍ တသွယ်၊ တရားပြ၍ တနည်းဖြင့် အလုပ်များသူဖြစ်ရကား ခုက်ချင်း မကြည့်ရှုနိုင် ပါ။

ကြည့်ရှုချိန်တော့လည်း တရားဟော၊ တရားပြရာ ဌာနများသို့ ယူသွားကာ ပရိသတ်စောင့်သည့် အချိန်များတွင် ခဏ ခဏ ကြည့်ရှုရ ပါသည်။ သို့ဖြစ်၍ မိမိ ကြည့်ရှုမှုမှာ လစ်လပ်နိုင်ပါသည်။

ရင်းပြင် မိမိ ဟောသော တရားကို မိမိ ပြန်လည်ကြည့်ရှုရတာမျိုး မဟုတ်ပဲ သူတပါး၏ ဟောပြောချက်ကို ကြည့်ရှုရတာ ဖြစ်၍ အကုန်လုံး မတိကျနိုင်ပါ။ ယင်းသို့ မတိကျ၍ ချွတ်ယွင်းချက် ရှိသော် အဆင့်ဆင့် ကမ်းလှမ်းမှုကြောင့်နှင့် အချိန် မရမှုကြောင့်ဟု သိကာ ခွင့်လွှတ်ပါရန် သိစေပါသည်။

**အခန်းဖွဲ့ပုံ။** ။ဤဝိဇယသုတ္တန် တရားတော်ကို ဟောတရားမှ စာအုပ် အဖြစ် စီစဉ်ရာ၌ အခန်းဖွဲ့ပုံမှာ ဟောသည့် ညစဉ်အတိုင်း အခန်းဖွဲ့ထားပါသည်။ ဟောစဉ်က ခြောက်ညတိုင်တိုင်ဟောထား၍ အခန်း ခြောက်ခန်း ဖွဲ့ထားပါသည်။ တညတွင် နှစ်နာရီ၊ နှစ်နာရီ ဟောထားရ ကား တနာရီကို တပိုင်း၊ တပိုင်း ပိုင်း၍ ပဌမပိုင်း၊ ဒုတိယပိုင်း နှစ်ပိုင်း ခွဲ၍ စီစဉ်ထားပါသည်။

ဟောစဉ်က ကူးယူသော ကြိုးခွေများမှာ တနာရီကြိုးခွေများဖြစ် ၍ တခွေနှင့်တခွေ အကူး၊ ဟိုဘက်ဒီဘက် အကူးများတွင် တရားသားများ အနည်းငယ် လစ်လပ်ခဲ့ပါသည်။ ယင်းကို စာရှုသူတို့ ကြိုတင် သိထားစေ လိုပါသည်။ မဆက်စပ်ဟု မယူဆစေလိုပါ။ မိမိအနေနှင့် ဆက်စပ်လိုက်

သော် မူလဟောသူ၏ အာဘော်မကျနိုင်ပါ။ သို့ဖြစ်၍ ယင်းတို့ကို မဆက်စပ်လိုက်ပါ။

မိမိအနေနှင့် ကြည့်ရှုသင့်ပြင်ဆင်သင့်သည်တို့ကိုတော့ မိမိ အချိန်ရသလောက် ပြင်ဆင်လိုက်ပါသည်။ အမှန်တကယ်မူ သူနှင့် မိမိ တွေ့ဆုံ၍ ပြင်ဆင်ရပါမှ အကောင်းဆုံး ဖြစ်နိုင်ပါသည်။ ယခုမူ တွေ့ချိန် မရကား မိမိသဘောတခုတည်းနှင့်ပင် ပြင်ဆင်ရပါသည်။ သူလည်း သူ့သဘောကျ မပြင်ဆင်နိုင်ပဲ လက်ဆင့်ကမ်းစနစ်ဖြင့်သာ ပြုံးခဲ့ရကား ချွတ်ယွင်းချက်တွေ့လျှင် ခွင့်လွှတ်ပါဟု မေတ္တာရပ်ပါသည်။

**မဖော်ပြလိုတော့ပါ။** ။ဤဝိဇယာသုတ္တန်တရားတော် စာအုပ် အတွင်းတွင် တွေ့မြင်ရမည့် တရားသားများကို ဤနိဒါန်းတွင် မဖော်ပြလိုတော့ပါ။ တရားနာထားပြီးသည့် တကြောင်း၊ စာအုပ်လက်ဝယ် ရောက်နေပြီတကြောင်းနှင့် မာတိကာ အခန်းအပိုင်း ခြောက်ပိုင်းတွင် လိုအပ်ချက်များ ဖော်ပြထားပြီဖြစ်၍ မဖော်ပြခြင်း ဖြစ်ပါသည်။ ဤဝိဇယာသုတ္တန်တရားတော်စာအုပ်ကို ဖတ်ရှုခြင်းဖြင့် စာရှုသူတွင်—

(၁) သုတ္တန်တရားတော်က ဝိပဿနာဘာဝနာ ဖြစ်သည်ကို သိနိုင်မည်၊
(၂) တရားဗဟုသုတ ကြွယ်ဝလာမည်၊
(၃) မူလ အစွဲများ ပျောက်သွားမည်၊
(၄) ရတနာသုံးပါးအပေါ် ကြည်ညိုမှု ပွန်ကန်လာမည်၊
(၅) ရုပ်နာမ် သဘာဝအပေါ်၌ အမြင်မှန်လာမည်၊
(၆) စာဖတ်ယင်း တရားရှုသွားပြီး ဖြစ်မည်၊
(၇) စာပေ သင်ယူနေသည့်အလား ဖြစ်မည်၊
(၈) မိမိကိုယ်တိုင် တရားထိုင်နာနေသည့်အလား ဖြစ်မည်၊

ဤသို့ စသည်ဖြင့် များပြားလှသော အကျိုးတရားများကို ရရှိပေမည်။

အို....စာရှုသူ၊ စာတအုပ်ကို ဖတ်ရှုသည့်အခါ မိမိတွင် မူလက ရှိထားနှင့်သော အယူအစွဲများကို ဘေးဖယ်ထားကာ စာပေ၏ သဘာဝ

အရသာကို မူလအရှိအတိုင်း ဟုတ်—မဟုတ်၊ မှန်—မမှန်၊ ယုတ္တိတန်—မတန်၊ ဉာဏ်မှန်ဖြင့် ကြည့်ရှုစေဖန်ပါ။ မိမိအစွဲနှင့် တိုက်ဆိုင် မကြည့်ရှုပါနှင့်။

ယင်းသို့ အစွဲဖြုတ်ကာ ကြည့်ရှုနိုင်သဖြင့် အမှန်လမ်းသို့ အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်၍ နိဗ္ဗာန်ရောက်ကြပါစေကုန်သတည်း။

တေဒဂ်-အရှင်ပညာဓဇောတ

ဓမ္မဒူတတောရ၊
တောင်စွန်းမြို့၊ ဘီးလင်းမြို့နယ်၊
မွန်ပြည်နယ်၊
၁၃၄၁—ခုနှစ်၊ တပေါင်းလဆုတ် ၁၀ရက်၊

# ဝိဇယသုတ္တန် ပဌမပိုင်း

# ဝိဇယသုတ္တန်ပဌမပိုင်း ၁

ဘုရားရှိခိုး။ ။"ဒီသုတ္တန်ကိုမဟောမီ၊မနာမီ ဒီဝိဇယသုတ္တန်တရားတော်ကို ဟောတော်မူတဲ့ သဗ္ဗညုဘုရားရှင်ကို ရိုသေစွာ လက်အုပ်ချီမိုး ရှိခိုးကြဦးစို့။ တရားမဟောမီ မနာမီ ဘုရားကိုရိုသေစွာလက်အုပ်ချီမိုး ရှိခိုးရအောင် အားလုံးပဲ မြတ်စွာဘုရားကို အာရုံယူကြပါ။

"ယောဇိနော အနေက ဇာတိယံ၊
သပုတ္တ ဒါရမင်္ဂ ဇီဝိတမ္ပိ။
ဗောဓိပေမတော အလဂ္ဂ မာနသော၊
အဒါသိ ယေဝ အဋ္ဌိကာသ။
ဒါနပါရမိံ တထောပရံ အပူရိ၊
သီလပါရမာဒိကမ္ပိ။
တာသမိဒ္ဓိ ယော၊ ပ- ယာတ မဂ္ဂတံ၊
တ - မေက ဒီပကံ နမာမ။"

"ယောဇိနော၊ ငါးပါးမာရ်ညွန့်၊ ရန်အဝှန်းကို၊ မရှုံမထိတ်၊ ခြသေ့စိတ်ဖြင့်၊ နင်းနှိမ်ကြိမ်ဖန်၊ အောင်ပွဲခံ၍၊ အောင်လံလွှင့်ထူ၊ အကြွင်အောင်တော်မူ၊ မြတ်စွာဘုရားသည်၊ အနေကဇာတိယံ၊ တစ်နှစ်သုံးလေး၊ ဂဏန်းရေး၍၊ ချင့်တွေးမလွယ်၊ များကြွယ်လှစွာ၊ ဘဝါဘဝ၊ လေးအသင်္ချေနှင့်၊ ကမ္ဘာတသိန်းတို့၊ ကာလအတွင်း၌။ ဗောဓိပေမတော၊ ဗောဓိ

ဉာဏ်ကြီး၊ ရွယ်တိုင်းပြီးသည့်၊ ထွတ်ထိးပဒန်၊ သဗ္ဗညုတ၊ ရွှေဉာဏ်တော်ကို၊ ရရန်စိတ်ထား၊ လိုလားတောင့်တတော် မူခြင်းကြောင့်။ သပုတ္တဒါရ်၊ ကိုယ်တော်ရင်သွေး၊ အသက်ပေး၍၊ ချစ်ရေးဖြာစီး၊ သည်းနှလုံးနှင့်၊ ပမာမှီရသည့်၊ ဇာလီ ကဏှာဇိန်တို့ ကဲ့သို့သော သမီးသား၊ မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီးမိဖုရားနှင့်တကွ ဖြစ်သော။အင်္ဂဇီဝိတမှ၊ မဟာသွေးမဟာရည်၊ ရာဇရုပ်ဂုဏ်အင်ညီ၍၊ ဖြိုးစည်သပ္ပာယ်၊ ကိုယ်အင်္ဂါကြီးငယ်နှင့်တကွ၊ လှူဝယ်အမြတ်၊ ခေါင်မှတ်တွင်ညောင်း၊ အသက်တချောင်းကိုပင် သော်လည်း၊ အလင်္ကမာနသော၊ ငါ့သား ငါ့သမီး၊ ငါ့ဇနီးက၊ ငါ့ထီးငါ့နန်း၊ ငါ့ကြွင်နန်းတည်း၊ ငါ့သားရံ ရွှေ၊ ငါ့ရွှေငွေနှင့်၊ ငါ့မြေငါ့ယာ၊ ငါ့ဥစ္စာဟု၊ တဏှာမြေးယှက်၊ မပေးရက်အောင်၊ ရမ္မက်ပိတ်ဖုံး၊ စိတ်နှလုံးမှ၊ ဆိတ်သုဉ်းတော်မူခဲ့သည် ဖြစ်၍။ အတ္တိကဿ၊ အလိုရှိလှ၊ ချဉ်းလာကပ်သည့်၊ ယုတ်မြတ်မဟူ၊ အလှူခံပုဂ္ဂိုလ်၊ များထိုထိုအား။ အဒါသိယေဝ၊ သဗ္ဗညုဉာဏ်၊ ရဖို့ရန်ဟု၊ စိတ်သန်ဖြူဖွေး၊ သဒ္ဓါရွှေး၍၊ လှူပေးတော်မူ ခဲ့သည်သာလျှင်တည်း။

"ဒါနပါရမီ၊ အပြားသုံးလီ၊ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း။ ဒါနပါရမီ၊ ဒါနပါရမီ၊ ဒါနဉပပါရမီ၊ ဒါနပရမတ္ထပါရမီ တည်းဟူသော၊အပြားသုံးလီ၊ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း၊ တထောပရံ၊ ထိုဒါနပါရမီမှ၊ တမျိုးတခြား၊ တပါးသာလျှင်ဖြစ်သော။ သီလပါရမာဒိကမှ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ ဉပေက္ခာပါရမီ တည်းဟူသော၊ ပါရမီမြတ်အပေါင်းကို လည်းကောင်း။ အပူရိ၊ သဗ္ဗညုဉာဏ်ရဖို့ရန်ဟု၊ စိတ်သန်ရည်စူး၊ သဒ္ဓါထူးဖြင့်၊ ဆည်းပူးဖြည့်ကျင့်တော် မူခဲ့လေပြီ။

"တာသံ၊ ထိုပါရမီ ဆယ်ပါး၊ အကျယ်ပွားကာ၊ အပြားသုံးဆယ်၊ နှုန်းမလွယ်တို့၏။ ဣဒ္ဓိယာ၊ တစွန်းတစ၊ မကျန်ရအောင်၊ လောက်ကော့လုံ၊ ပြည့်စုံတော်မူခြင်းကြောင့်။ အဂ္ဂတံ၊ ဗြဟ္မာနတ်လူ၊ သုံးဘုံသူတွင်၊ မည်သူမျှ မယှဉ်အပ် မယှဉ်နိုင်၊ မတုအပ် မတုနိုင်သည့်၊ အမြတ်ခေါင်မှူး၊ ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့၊ ဉပယာတံ၊ ဆုကြီးပွင့်စည်၊ ခါတန်ပြီဟု၊ ပါရမီတော်၊ နှိုးပင့်ဆော်၍၊ ရောက်တော်မူကြီး၊ ရောက်တော်မူခဲ့လေပြီ။ ဝါ၊ ရောက်တော်မူသောကြောင့်။ ကေဒ်ပကံ၊ အစမထင်၊ ကမ်းမမြင်ပဲ၊ ✦ သံသရာတကြော၊ တမျောတည်း မျောခဲ့ကြသည့်၊ လူရှေနတ်ပါ၊ ဗြဟ္မာမကြွင်း၊

ဿတ္တဝါခပင်းတို့၏၊ ဝပ်စင်းခိုမှီးရာ တခုတည်းသော ကိုင်းကျွန်းကြီးသဖွယ် လည်း ဖြစ်တော်မူထသော။ တံဇိနံ၊ ငါးပါးမာန်ညွန့်၊ ရန်အဝှန့်ကို၊ မရှ . မထိတ်၊ ခြသေ့်စိတ်ဖြင့်၊နှင်းနှိပ်ကြိမ်ဖန်၊ အောင်ပွဲခံ၍၊ အောင်လံ လွှင့်ထူ၊ ထိုအောင်တော်မူ မြတ်စွာဘုရားကို။ မယံ၊ တရားဟောပုဂ္ဂိုလ်၊ တရားနာ ပုဂ္ဂိုလ်၊ ဆိုကြကုန်သော၊ ထိုထိုများစွာ၊ ငါးခန္ဓာကို၊ သူငါသမုတ်၊ အကျွန်ုပ်တို့သည်။ နမာမ၊ ကာယ၊ ဝစီ၊ မနော ချီလျှက်၊ အဥ္စလီညွတ်လျှိုး၊ လက်အုပ်မိုး၍၊ ရှိခိုးဦးညွှတ် ကြပါကုန်၏ မြတ်စွာဘုရား၊ နမာမ၊ ကိုယ်– နှုတ်–နှလုံး၊ သုံးပါး ပျောင်းပျော့၊ မာန်ကိုလျှော့၍၊ ကန်တော့မြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးဦးညွှတ်ကြပါကုန်၏ မြတ်စွာဘုရား”

(သာဓု – သာဓု – သာဓု)

“၁၃၃၇ ခု၊တပို့တွဲလပြည့်ကျော်(၁)ရက်၊မော်လမြိုင်မြို့၊မောင်ငံ၊ ကွင်းချောင်း၊ အာရမ္မိကပစ္စယာနုဂ္ဂဟအသင်း ဓမ္မသဘင်၌ ဟောကြား အပ်သော ခုဒ္ဒကနိကာယ်၊ဥဒါန်းပါဠိတော်လာ ဝိဇယသုတ္တန်တရားတော်။

“ဒီကနေ့ဟောမယ့်တရားကဝိဇယသုတ္တန်။ဒီဝိဇယသုတ္တန်ကိုမော်လ မြိုင်မြို့မှာ တကြိမ်ဟောပြီးသားပါ။ သို့သော်လဲပဲ ဒီအာရမ္မိကပစ္စယာနုဂ္ဂဟ အသင်းကလဲပဲ ထပ်ပြီးတော့ နာကြားလိုတယ်၊ ဘုန်းကြီးကလဲ ဟောချင် တဲ့ ဆန္ဒရှိတယ်။ ဒါကြောင့် ဒီတရားပွဲမှာ ရက်များများ ရတာဖြစ်လို့ ဒီဝိဇယသုတ္တန်ကို ဟောပါတယ်။ ရက်များများရမှ ဒီသုတ္တန်က ဟောဖြစ် တယ်။

**ရဟန်းမှု ၆–ပါး။** ။“မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ် ဟောကျူး၊ နာဖူးထပ်မံ၊ နတ်တံတင်ရာ၊ မေတ္တာ လည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွှန်သောချာ”

“ရဟန်းတော်တို့ဝတ္တရား၊ ဒကာကိုအုံးဟုန်ကြီး ဘယ်နှစ်ပါးလဲ”

“၆–ပါးပါ ဘုရား”

“မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာ လည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွှန် သောချာ”တဲ့။

“ရဟန်းတော်များသည် တပည့် ဒကာ ဒကာမတွေ မကောင်းတာ လုပ်နေတာမြင်ယင် တားမြစ်ရမယ်။အဲဒါ တားမြစ်လို့ လိုက်နာတာ မလိုက် နာတာတော့ တပည့်ဒကာ ဒကာမတွေတာဝန်။ တားမြစ်ဖို့ကတော့ ရဟန်း တော်များ တာဝန်ပဲ။

"'ကောင်းရာညွှန်လစ်" ကောင်းတာကို ညွှန်ရမယ်တဲ့။
"အသစ်ဟောကျူး" တဲ့။ တရားဟောတဲ့အခါ အသစ်အသစ်လို့ ဟောတာ။

"ကဲ၊အဟောင်းတွေရော ထပ်မဟောရဘူးလား။ဟောပြီးသားတရား ကျတော့ ဘယ်လိုလဲ။
"နာဖူးထပ်မံ" နာပြီးသား တရားလဲ ထပ်မံပြီးတော့ ဟောပေး ပါတဲ့။

"နှတ်ထံတင်ရာ" နတ်ရွာရောက်အောင်လဲ ဒကာ ဒကာမတွေကို နည်းကောင်း ပြရမယ်တဲ့။
"မေတ္တာလဲပြု" အဲဒီ ဒကာ ဒကာမတွေကို မေတ္တာလဲပို့ရ မယ်တဲ့။ ဝတ္တရား ၆–ပါး ရှိတယ်။

"အဲဒီ ရဟန်းဝတ္တရား ၆–ပါးထဲက"နာဖူးထပ်မံ" ဆိုတဲ့ဝတ္တရားနဲ့ လျော်ညီစွာ ဝိဇယသုတ္တန်ကို နာဖူးပြီးသားပုဂ္ဂိုလ်များအတွက် ဒါ "နာဖူး ထပ်မံ"ဆိုတဲ့ ဝတ္တရားနဲ့ ညီသွားတယ်။

"မနာရသေးတဲ့ ပုဂ္ဂိုလ်များ အတွက် ဆိုလို့ရှိယင်တော့"အသစ် ဟောကျူး" ဆိုတဲ့ ဝတ္တရားထဲ ဝင်သွားပါတယ်။

"ဒါကြောင့်မို့လို့ ဒီ ဝိဇယသုတ္တန်ကို ဒီကနေ့ ထပ်ပြီးတော့ ဟော မယ်။ ဝိဇယသုတ္တန် ဟောမယ်ဆိုတော့ တနေ့တနေ့လျှင် ဟောချိန်ကို ၂–နာရီ၊ ၂–နာရီလို့ ဒီလိုပဲ ခန့်မှန်းခြေ သတ်မှတ်ထားပါတယ်။
"အနည်းငယ်လျှော့တဲ့အခါ၊ ၅-မိနစ် ၁၀-မိနစ် လျှော့တဲ့အခါ ရှိကောင်း ရှိမယ်။ ၅-မိနစ်၊ ၁၀-မိနစ် ပိုတဲ့အခါ ရှိကောင်း ရှိမယ်။
"အဲဒီ ဝိဇယသုတ္တန်ဒေသနာတော်မှာ နိဒါန်း ၂-ခုရှိရာတွင် ဒီကနေ့ နိဒါန်းတခုလောက်ပဲ ပြီးမှာပဲ။
"အဲဒီ နိဒါန်းမှာ သီရိမာရဲ့ နိဒါန်း၊ ဇနပဒကလျာဏီရဲ့နိဒါန်းဆိုပြီး တော့ နိဒါန်း၂-ခု။ ဒီကနေ့ သီရိမာရဲ့ နိဒါန်းကို ဟောကြရ၊ နာကြရ အောင်။

"အက္ကောစေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာ၊ ဠိကဝါဒိနံ"

''ကောဓံ၊ ဒေါသအမျက် ခြောင်းခြောင်းထွက်လာတဲ့သူကို၊ အက္ကောဓေန၊ ဒေါသမထား မေတ္တာပွားသဖြင့်။ ဇိနေဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏။

''အ သာဓုံ၊ ကိုယ်နှုတ်ကြမ်းထော် ၁ တော်မဟုတ် လူသူယုတ်ကို။ သာဓုနာ၊ သူတော်နှလုံး ကိုယ်က သုံးသဖြင့်၊ ဇိနေဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏။

''ကဒရိယံ၊ အလှူနှ်အလှူနှ် နှမြောစေးနဲ့ ဝန်တိုတတ်တဲ့ လူမျိုးကို။ ဒါနေ န၊ မစ္ဆေရမဖက် သဒ္ဓါဇောသက်သက်ဖြင့်၊ ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲခြင်းဖြင့်။ ဇိနေ-ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏။

''အလိကဝါဒိနံ၊ လိမ်လည်လှည့်ဖျား မမှန်စကား ပြောကြားတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို။ သစ္စေန၊ အမှန်စကား ကိုယ်က ပြောကြားခြင်းဖြင့်။ ဇိနေ-ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏'' တဲ့။

''အနိုင်ယူဖို့ တရား ၄-ပါး ဟောတော်မူထားတယ်။

**ဒေါသထွက်သူ အနိုင်ယူ။** ။ ''အက္ကောဓေန ဇိနေ ကောဓံ''

''တဘက်သားပုဂ္ဂိုလ်က ဒေါသတကြီးနဲ့၊ စိတ်ဆိုးမာန်ဆိုးနဲ့၊ ဒေါနဲ့ မောနဲ့၊ ဒီလိုလာခဲ့လို့ရှိယင် မိမိက အဲဒီဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ကိုယ်က စိတ်ထဲက ဒေါသဖြစ်တောင်မှ ဒေါသဖြစ်တဲ့ အမူအရာ ပြန်ပြီးတော့ မပြပါနဲ့။ တဘက်သား ပုဂ္ဂိုလ်က ဒေါသဖြစ်နေတဲ့အချိန်မှာ မိမိက အဲဒီ ဒေါသကို ခေတ္တလေးနဲ့ အောင့်ထား။ မေတ္တာမပို့နိုင်ခဲ့လို့ရှိယင် ဒါက ဘုန်းကြီးရဲ့ တွေးခေါ်ချက်။

''တဘက်က သိပ်ပြီးတော့ ဒေါသတွေ ထွက်နေတဲ့ အချိန်မှာ၊ ကိုယ်ကလဲ ပြန်ပြီးတော့ ဒေါသပြိုင်ဘူ ထွက်လိုက်လို့ရှိယင်တော့ အဲဒါ နှစ်ဦးနှစ်ဝ မသက်သာကြဘူး။

''အဲဒီလို တဘက်က ဒေါသတကြီး ဖြစ်နေတဲ့ အချိန်မှာ မိမိက မိမိရဲ့ ဒေါသကို သိုသိပ်ပြီးတော့ ထား၊ အောင့်ထားလိုက်။ ဟိုဘက်က လူဒေါသပြေသွားတဲ့ အချိန်ကျတော့မှ အကျိုးအကြောင်း ပြန်ပြီးတော့ ဆွေးနွေးကြလို့ရှိယင် အဲဒါ အနိုင်ရပြီတဲ့။ အောင်မြင်ပြီတဲ့။

''တတ်နိုင်လို့ရှိယင်ကတော့ တဘက်ကဒေါသဖြစ်နေတဲ့ အချိန်မှာ အဲဒီ ဒေါသသမားကို ကိုယ်က မေတ္တာ ကြပ်ကြပ် ပွားပေးတဲ့။ တခါထဲ နိုင်ရောတဲ့။ အဲဒါ အောင်မြင်ဖို့ နည်းလမ်းတခုကို မြတ်စွာဘုရားက သိရိမာတို့၊ ဥတ္တရာတို့ရဲ့ ဆွမ်းကျွေးပွဲ အခမ်းအနားမှာ ဟောပါတယ်။

''တဘက်က ဒေါသနဲ့ တက်လာခဲ့လို့ရှိယင်ကိုယ်က မေတ္တာအားဖြင့် အနိုင်ယူ။

**သူယုတ်မာလဲ** အနိုင်ကြဲ။ ။''အသာဓုံ၊ ကိုယ်နှုတ် ကြမ်းထော် သူတော် မဟုတ်၊ လူ သူယုတ်ကို။ သာဓုနာ၊ သူတော်နှလုံး၊ ကိုယ်က သုံးသဖြင့်။ ဇိနေဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူ။

''တဘက်က နှုတ်ကြမ်းအာကြမ်းနဲ့ ဆဲရေးတိုင်းထွာရေရွတ်ပြီးတော့ အဲဒီလို နှုတ်ကြမ်း အာကြမ်းနဲ့ ဆဲရေးတိုင်းထွာမှုဖြင့် ကိုယ့်ကိုလာပြီးတော့ ရန်လုပ်ခဲ့လို့ရှိယင်တဲ့၊ ကိုယ်က သာဓုနာ၊ သူတော်နှလုံး ကိုယ်က သုံးသဖြင့်၊ ဇိနေဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

''အဲဒီလို နှုတ်ကြမ်း အာကြမ်း လျှာကြမ်းနဲ့ ဆဲရေးတိုင်းထွာ ရေရွတ်လာတဲ့ ပုဂ္ဂိုလ်ကို မိမိက ဘာတခွန်းမျှ ပြန်မပြောပဲနဲ့၊ ယဉ်ကျေးသိမ်မွေ့စွာ၊ ပြောဆိုဆက်ဆံခြင်းဖြင့်သာလျှင် အနိုင်ယူပါ။ ခန္တီမင်္ဂလာပေါ့။

''အာကြမ်း လျှာကြမ်း သမားကို မိမိက ယဉ်ကျေးစွာ ပြော၍ အနိုင်ယူ။ တဘက်ကလဲ ကြမ်းကြမ်းတမ်းတမ်း ပြောတယ်၊ ကိုယ်ကလဲ ကြမ်းတမ်းတဲ့ စကားနဲ့ တုံ့ပြန်ခဲ့မယ်ဆိုယင်တော့ အဲဒါ မီးတောက်တော့တာပါပဲ။

''ဒါကြောင့် အာကြမ်း လျှာကြမ်း နှုတ်ကြမ်းနဲ့နှုတ်သရမ်းတဲ့ ပုဂ္ဂိုလ်ကို ယဉ်ကျေးစွာ ပြောဆိုဆက်ဆံ၍ အနိုင်ယူလေ။

**နှမြောတဲ့သူ ပေးလို့အနိုင်ယူ။** ။''ကဒရိယံ၊ အလွန့်အလွန် နှမြောစေးနဲ ဝန်တိုဘတ်တဲ့ ပုဂ္ဂိုလ်မျိုးကို။ ဒါနေန၊ မငွေ့ရမဖက် သဒ္ဒါဇောသက်သက်ဖြင့် ရက်ရက်ရောရော ပေးကမ်းခြင်းဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

''တဘက်က သိပ်ပြီးတော့ နှမြောတယ်၊ စေးနဲတယ်၊ ဝန်တိုတယ် ဆိုတဲ့ ပုဂ္ဂိုလ်ကို မိမိက ဒါနနဲ့ အနိုင်ယူ။

''ဒေါသကို မေတ္တာနဲ့ အနိုင်ယူ။ နှုတ်ကြမ်းတာကို ယဉ်ကျေးတဲ့ စကားနဲ့ အနိုင်ယူ။ နှမြောစေးနဲ ဝန်တိုတဲ့ ပုဂ္ဂိုလ်ကို ပေးကမ်း၊ လှူဒါန်း စွန့်ကြဲခြင်းဖြင့် အနိုင်ယူ။

"သိပ်ပြီးတော့ နှမြောတဲ့ ပုဂ္ဂိုလ်တွေ၊ ကိုယ်က ရက်ရက်ရောရော ပေးသာ ပေး၊ အားမနာတမ်း ပေးသာပေး။ တော်တော်ကြာတော့ မိမိက အဲဒါ အနိုင်ရတာပဲတဲ့။ ကိုယ့်လဲ သူက ပြန်ပေးတဲ့ သဘော ရောက်တယ်။

"တယ်ပြီးတော့ ဒီပုဂ္ဂိုလ်က နှမြော၊စေး နဲ၊ဝန်တိုတာပဲဆိုပြီးတော့ ကိုယ်ကလဲ သူ့ကို ပြန်တွန့်တိုနေလို့ရှိယင် အဲဒီ နှစ်ဦးနှစ်ဘ ဘယ်တော့ အဆင်မပြေကြတော့ဘူး။

"အဲဒါ တဘက်က နှမြောမှုန်းသိလေ၊ ကိုယ်က ရက်ရက်ရောရော ပေးလေ၊ ပေးပါ။ တစုံတယောက်သော ပုဂ္ဂိုလ်ထံက ပစ္စည်းကို ကိုယ်က ငှားမရဘူး ဆိုယင် ကိုယ်က ရက်ရက်ရောရော ပေးငှားကြည့်၊ အဲဒီလို ဆိုလို့ရှိယင် တော်တော်ကြာတော့ အကုန်လုံး အဆင်ပြေလာကြတယ်။

"အဒန္တံဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထ သာဓကံ။"

ဒါနေန ပိယာ ဟောန္တိ၊ ဥန္နမန္တိ နမန္တိစ– လို့ ဟောထားတဲ့ ဒေသနာများလဲ ရှိတယ်။

"ဒါနံ၊ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းသည်။ အဒန္တဒမနံ၊ မယဉ် ကျေးတဲ့ သူကို ယဉ်ကျေးစေ၏၊

"ပေးလို့ရှိယင် မယဉ်ကျေးတဲ့ ပုဂ္ဂိုလ်တောင် ယဉ်ကျေးလာတယ်။ ဥပမာ အလွန် ဒေါသကြီးနဲ့ ဟောင်တတ်တဲ့၊ ကိုက်တတ်တဲ့ ခွေး ဆိုတဲ့ တိရစ္ဆာန်ဘကောင်။ အဲဒီခွေး၊ ဟောင်တတ်တဲ့ခွေးကို၊ ကိုက်တတ်တဲ့ခွေး ကို ကျွေးကြည့်ပါ၊ ပေးကြည့်ပါ။ အဲဒီလို ပေးခြင်း၊ ကျွေးခြင်းဖြင့် ဒီခွေး ဟာ ဘာဖြစ်လာသလဲဆိုယင် နောက်ကျတော့ ပေးမှန်း ကျွေးမှန်း သိတော့ မဟောင်တော့ဘူး၊ မကိုက်တော့ဘူး။

"ဒါနံ သဗ္ဗတ္ထ သာဓကံ– ပေးကမ်းစွန့်ကြဲခြင်းဖြင့် အဲဒီလို ဟောင် တတ်၊ ကိုက်တတ်တဲ့ ခွေးတောင်မှ တော်တော်ကြာ မဟောင်တော့ဘူး၊ မကိုက်တော့ဘူးလို့ ဖြစ်လာသေးယင်၊ ဘာမှ မသိဘဲ အဟိတ်တိရစ္ဆာန် တို့သည်ပင်လျှင် ပေးကမ်းစွန့်ကြဲမှုဖြင့် ယဉ်ကျေးသွားယင်၊ သိတတ်တဲ့ လူသတ္တဝါတွေဟာ ဘယ်မှာ မယဉ်ကျေးပဲ ရှိပါ့မလဲ။

"ဒါ့ကြောင့် ကဒရိယံ၊ နှမြော၊ စေးနဲ၊ ဝန်တိုတဲ့ ပုဂ္ဂိုလ်မျိုးကို။ ဒါနေန၊ မစ္ဆေရ မဖက် သဒ္ဓါစေ့သတ်သက်ဖြင့် ရက်ရက်ရောရော ပေး ကမ်းစွန့်ကြဲခြင်းဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူ။

"ကဒရိယ ဆိုတဲ့ – စကားလုံးဟာ အလွန်နှမြောစေးနဲတဲ့ လူကို ခေါ်တယ်။

''သာမန် နှမြောစေးနဲလို့ ရှိယင် မစ္ဆရိယ ခေါ်တယ်။

၁။ မစ္ဆရိယရယ်....

၂။ ကုဒရိယရယ်....

အဓိပ္ပာယ် နှစ်မျိုး ရတယ်၊ အဓိပ္ပာယ် ၂–ခု၊ ဒီစကား ၂–လုံးမှာ အဓိပ္ပာယ် ၂–ခု ရှိတယ်။

''မိမိရှိ ပစ္စည်းကို မပေးလိုတာက မစ္ဆရိယ၊ ဘုန်းကြီးတို့ ပရိသတ်များ၊ မိမိပစ္စည်းကို မပေးလိုတာ ဘာတဲ့တုံး''

''မစ္ဆရိယပါဘုရား''

''ကိုယ့်ပစ္စည်း မပေးလိုရုံသာ မဟုတ်ဘူး။ ဒီ ''ကဒရိယ'' ဆိုတဲ့ ပုဂ္ဂိုလ်က အခြား ပုဂ္ဂိုလ်တယောက်ဟာ သူ့ဟာသူ တယောက်နဲ့တယောက် ပေးကမ်းနေတာကို အဲဒီ အခြားသောသူက ဟုအခြားသော ပုဂ္ဂိုလ် တယောက်ကို ပေးကမ်း နေတာကို လိုက်ပြီးတော့ သက်သက်မဲ့ တိုတောင်းတဲ့အတွက်ကြောင့်၊ ဝန်တိုတဲ့အတွက်ကြောင့် နှောင့်ယှက်လို့ ရှိယင်' အဲဒီပုဂ္ဂိုလ်ကို ''ကဒရိယ'' လို့ ဒီလို ခေါ်တယ်။

''သူများပစ္စည်းနဲ့သူများ ပေးလှူနေတာကို သူက သွားပြီးတော့ တွန့်တိုတဲ့အတွက်ကြောင့် နှောင့်ယှက်ကန့်ကွက်ခဲ့ယင် အဲဒါ ''ကဒရိယ''လို့ ခေါ်တယ်။ အလွန်ကြမ်းတမ်းတဲ့ မစ္ဆရိယသမားတဲ့။ ကိုယ့်ပစ္စည်း ကိုယ် မပေးလိုတာက အဲဒါ မစ္ဆရိယ သာမန်ပဲ ခေါ်ပါတယ်၊''လောသကတိဿ'' တို့လိုပေါ့။ ပိုပြီးတော့ ဒီပရိသတ် မှတ်မိအောင် ပြောရယင် ဟိုတနှစ်က ဟောသွားတဲ့''ဇမ္ဗုက''တို့လိုပေါ့။

''သူများပစ္စည်း သူများဟာ သူများ လှူနေတဲ့ဥစ္စာ သူက မလှူဖြစ်အောင် လိုက်ပြီးတော့ နှမြောလို့ ကန့်ကွက်တယ်။ အဲဒါ အလွန် ကြမ်းတမ်းတဲ့ မစ္ဆရိယ။ သူ့ကို ''ကဒရိယ'' လို့ခေါ်တယ်။

''ကျောင်းဒကာက ကြွလာတဲ့ရဟန္တာကို တခါသဲ သိပ်ကြည်ညိုလို့ လှူနေတဲ့ဥစ္စာ၊ ဒီ ကျောင်းထိုင်ဘုန်းကြီးက တခါထဲ ဝန်တိုပြီးတော့ ကန့်ကွက်ခဲ့မိတဲ့အတွက် အလွန် ကြီးလေးတဲ့ အကုသိုလ်မှုကြီး· သူ ပြုလုပ်မိတယ်။

''အဲဒီလိုကိုယ်က လှူရတာလဲ မဟုတ်ဘူး၊ ကိုယ်လဲ ပေးရတာ မဟုတ်ပဲနဲ့ တဘက်က ပေးနေတာကို တွန့်တိုခဲ့ယင် အဲဒီဥစ္စာသည် ''ကဒရိယ''တဲ့။

''မိမိ ရှိနေတာကို တွန့်တိုခဲ့လို့ရှိယင်ဖြင့် မစ္ဆရိယ။ မစ္ဆရိယ နဲ့ ကဒရိယ ကွဲရောနော်''

''မှန်ပါ့ ဘုရား''

''အေး၊ ဒါကြောင့်....

''ကဒရိယ၊ အလှူအတွန့် နှမြောစေးနှဲ၊ ဝန်တိုတဲ့ ပုဂ္ဂိုလ်မျိုးကို။ ဒါနေ၊ မစ္ဆရမဖက် သဒ္ဓါစေတနာသက်ဖြင့် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲခြင်းဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

''အဠိကဝါဒိန်၊ လိမ်လည်လှည့်ဖျား မမှန်စကား ပြောကြားတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို။ သစ္စေနှ၊ မှန်ကန်စွာ ကိုယ်က ပြောကြားခြင်းဆိုတဲ့ သစ္စာစကားဖြင့်၊ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

''မုသာဝါဒ၊ မမှန်တာတွေ အမြဲတမ်း ပြောပြီးတော့ လိမ်တတ်ညာတတ်တဲ့ ပုဂ္ဂိုလ်ကို၊ ဇိနေဇိနေယျ၊ မိမိက သစ္စာ စကားဖြင့်အနိုင်ယူတဲ့။

''မုသာဝါဒသမား၊ လိမ်တတ်ညာတတ်တဲ့ ပုဂ္ဂိုလ်ကို ဘာစကားနဲ့ အနိုင်ယူမယ်''

''မှန်သောစကားဖြင့် အနိုင်ယူရပါမယ် ဘုရား''

''အေး၊ မှန်သောစကား။ တို့ပရိသတ်၊ ဘာစကားလဲ''

''မှန်သောစကားပါ ဘုရား''

''မှန်သော စကား၊ သစ္စာစကားနဲ့ အနိုင်ယူလေ''

**အနိုင်ယူတရား ပြတ် ၄-ပါး။** ။''အနိုင်ယူဖို့ တရား ဘယ်နှစ်ပါးတဲ့လဲ''

''လေးပါးပါ ဘုရား''

''လေးပါး၊ ဒေါသကြီးတဲ့သူကို မေတ္တာနဲ့အနိုင်ယူ။ ရန့်ရင်းကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်ကို ယဉ်ကျေးစွာ ပြော၍ အနိုင်ယူ၊ နှမြောတဲ့ ပုဂ္ဂိုလ်ကို ပေးကမ်းခြင်းဖြင့် အနိုင်ယူ၊ လိမ်တတ်တဲ့ ပုဂ္ဂိုလ်ကို သစ္စာ စကားဖြင့် အနိုင်ယူဖို့ တရား (၄)ပါးကို မြတ်စွာဘုရားသည်....

''အက္ကောဓေန ဇိနေကောဓံ၊ အသာဓုံ သာဓုနာဇိနေ၊

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာဠိကဝါဒိနန္တိ''

''ဣတိ ဓမ္မဒေသနံ၊ အက္ကောဓေနဇိနေကောဓ၊ အစရှိသော တရား ဒေသနာတော်ကို။ သတ္ထာ၊ နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ရာဇဂဟေ၊ တောင်ငါးလုံးကာနိုင်တဲ့ နွားခြံတို့လို ရာဇဂြိုဟ်ဆိုတဲ့ မြို့တော်အနီး၌။ ဝေဠုဝနေ၊ ဝါးတောပတ်ရံ ဝေဠုဝန်ခေါ်

သော ကျောင်းအာရာမ်၌။ ဝိဟာရန္တော၊ ဂူရိယာပထ မျှတရှင်ပျော် သီတင်းသုံးတော်မူစဉ်။ ဥတ္တရာယ ဂေဟေ၊ ဥတ္တရာခေါ်တဲ့ ဒါယိကာမ၏ အိမ်၌။ ကတဘတ္တကိစ္စော၊ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသည်ရှိသော်၊ဥတ္တရာ ဥပါသိကံ။ ဥတ္တရာမည်တဲ့ ဥပါသိကာ ဒါယိကာမကို။ အာရဗ္ဘ၊ အကြောင်း ပြု၍။ ဒေသေသိ၊ ဟောတော်မူခဲ့လေပြီ။

"ဒီ 'အင်္ကောဓေန ဇိနေကောဓ' အစရှိတဲ့ တရားဒေသနာတော် ကို မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ရွှေကျောင်း ကိန်းအောင်း စံပျော်နေတော်မူတဲ့အခါ ဥတ္တရာခေါ်တဲ့ အမျိုးသမီးရဲ့ အိမ်မှာ ဒါန မင်္ဂလာအခမ်းအနား ကျင်းပတယ်။

"အဲဒီ ဒါနမင်္ဂလာ အခမ်းအနားမှာ ဘုရားအမှူးရှိတဲ့ သံဃာတော် တွေ ပင့်ပြီးတော့ ဆွမ်းကပ်တယ်။ အဲဒီ ဆွမ်းကျွေးပွဲမှာ မြတ်စွာဘုရား ဟောခဲ့ပါတယ်။

**အကြောင်းဖြစ်ရပ် အတ္ထုပ္ပတ်၊** ။"ဒီတော့ ဥတ္တရာတို့ရဲ့ အိမ်မှာ မြတ်စွာ ဘုရားသည် ဥတ္တရာဥပါသိကာ ဒါယိ ကာမကို အကြောင်းပြု၍ ဒီတရားကို ဟောတယ်ဆိုတော့ ဖြစ်ပေါ်လာတဲ့ အတ္ထုပ္ပတ်က ဘယ်လိုတုန်းဆိုတော့ ရာဇဂြိုဟ် ရွှေမြို့တော်မှ သုမန အမည် ရှိတဲ့ သဌေးကြီးတယောက် ရှိတယ်။

"အဲဒီ သုမန သဌေးကြီးက လယ်ယာချောင်းမြောင်း မြောက်မြား စွာ ပိုင်တဲ့ သဌေး။ သူ့ အိမ်မှာ အဲဒီ လယ်လုပ်သားတွေ၊ ခြံလုပ်သားတွေ၊ ဥယျာဉ်လုပ်သားတွေ ဆိုပြီးတော့ အလုပ်သမား အစေအပါးတွေ မြောက် မြားစွာ ရှိကြတယ်။

"ဒီ အလုပ်သမားတွေဟာ နေ့စားလုပ်သားတွေချည့် ဖြစ်နေပုံရ တယ်။နေ့စားလုပ်ခစားသမားတွေ တနေ့သောအခါကျတော့ ရာဇဂြိုဟ်မြို့ ဘာဖြစ်သလဲဆိုတော့ တမြို့လုံး နက္ခတ်ပွဲတော်သဘင်ကြီး အကြီးအကျယ် ဆင်ယင်ကျင်းပတယ်။

"အဲဒီ နက္ခတ်ပွဲသဘင်ကြီး ဆင်ယင်ကျင်းပနေတဲ့ နေ့တနေ့မှာ တမြို့လုံး အုန်းအုန်းကျွက်ကျွက်နဲ့ နက္ခတ်ပွဲကြီးမှာ ပျော်လိုက်ပါးလိုက်ကြ တာ အလုပ်နားပြီးတော့ ပေးရတယ်။

"အိမ်ရှိတဲ့ လုပ်သားတွေ၊ ကျွန်တွေ၊ အလုပ်သမားတွေ၊ အစေ အပါးတွေ အလုပ်နားပြီးတော့ ပေးလိုက်ရတော့ တယောက်တော့ ကျန်

နေခဲ့တယ်။ မောင်ပုဏ္ဏ အမည်ရှိတဲ့ ကျွန်တယောက်ဟာဖြင့် အဲဒီ သူများ တွေ ပျော်ပွဲရှင်ပွဲ ဆင်ယင်ကျင်းပနေတဲ့အချိန် သူက ပျော်ပွဲ ထွက် မသွားဘူး။

"သူ့အိမ်လေးက ဘယ်နေရာ နေရသတုန်း" တော့ သုမနသဌေး ကြီးရဲ့ အိမ်နောက်ဖေး အဆွယ်လေးမှာ ကပ်ပြီးတော့ နေရရှာတယ်။ အိမ်နောက်ဆွယ်မှာ နေရတယ်။ ကပ်ပါးရပ်ပါး နဲ့ နေရတဲ့ ဘဝမျိုး။ ဒီလို ပြောနိုင်တယ်ပေါ့။

"အဲဒါ သဌေးကြီး သုမနက မေးတယ်။ "မောင်ပုဏ္ဏ၊ ဒီကနေ့ တမြို့လုံး နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပ ပျော်ပွဲဆင်နေကြတယ်။မင်းဟာ နက္ခတ်ပွဲသဘင်မှာ ထွက်ပြီးတော့ ပျော်ပွဲဆင်မလား၊ ဒါမှ မဟုတ်ယင် ခါတိုင်း လုပ်သလိုပဲ လယ်တောသွားပြီးတော့ လယ်ထွန်တဲ့ကိစ္စကိုပဲ မင်း ဆောင်ရွက်မလား" မေးတော့ "ကျွန်တော်ဟာ တနေ့လုပ်မှ တနေ့ စားရတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်ပါတယ်။ ဒီကနေ့ အလုပ်မလုပ်ယင် နက်ဖြန် စားစရာ မရှိပါ။ နက်ဖြန်အတွက် ကျွန်တော်ရဲ့အိမ်မှာ ဆန်မရှိ လေသည် ဖြစ်သောကြောင့် သူများတွေ ပျော်ပွဲဆင်သလို ကျွန်ုပ်သည် ပျော်ပွဲဆင်ဖို့ရန် အကြောင်း မရှိပါ။ အကယ်၍ အခွင့်ရမယ်ဆိုယင်တဲ့ လယ်တောကိုပဲ သွားလိုပါတယ်။

"ကိုင်း၊ ဒါဖြင့်လဲ မင်းအိမ် ရှိနေတဲ့ နွား ၂ ကောင် ကြိုက်တဲ့နွား ၂ ကောင်ဆွဲပြီးတော့ သွားပေတော့" ဆိုတော့ မောင်ပုဏ္ဏ နွား ၂ ကောင်သွဲ၊ အားကောင်းမောင်းသန် နွား ၂ ကောင် ဆွဲပြီးတော့ လယ်တောသွား လယ်ထွန်၊ လယ်တောသွားပြီးတော့ လယ်ထွန်လိုက်တာ တမနက်လုံး လယ်တွေ ဘယ်လောက်ပြီးသလဲဆိုလို့ရှိယင် "အဋ္ဌကရီသ မတ္တံ ကသိ" တဲ့။ "ပယ်ပက်" လောက် ပြီးတယ်တဲ့။

**ပယ်–အတိုင်းအတာ။** ။"ဒါ ရှေးသုံးပေါ့လေ၊ "တပယ်"ဆိုတာ ဒီခေတ် အသုံးအနှုန်းနဲ့ ဘယ်လောက်ကျယ်တုန်း ဆိုလို့ ရှိယင် လယ်ရဲ့ အကျယ်အဝန်းဟာ ဧပါး ၁၁ တင်း ကြဲလောက်တဲ့ အကွက်မှာ။အဲဒါ လယ်တပယ်လို့ပဲဆိုကြပါစို့ ။ ဒါ"အဘိဓာန်"နည်းပေါ့။

"အဲဒါ "ပယ်" တိုင်းတဲ့ နည်းတွေလဲ ရှိပါသေးတယ်။ သုံးဆယ့်နှစ် လက်မ ရှိတဲ့ အတောင်နဲ့ ၇–တောင်ကို တတာ၊ အဲဒီ တာ ၂၀ ကို

တကြိုး၊ ၃၂–လက်မ ရှိတဲ့ အတောင်ဖြင့် ၇–တောင်ကို တဘာ။ တာ ၂၀–ကို တကြိုး။

''အဲဒီ ကြိုးဖြင့်လေးဘက်လေးတန် ဘောင်ခတ်ပြီးတော့ အကွက်တကွက် ရိုက်လိုက်။ အကွက်ကလေးတွေ တကွက်တကွက် ရိုက်လိုက်တော့ အဲဒီ အကွက်ပေါင်း ၁၀–ဆိုလို့ ရှိယင် အဲဒါ တပယ်ပဲ။

''၇–တောင် ရှိတဲ့ တာဖြင့် တာ ၂၀–ကို တကြိုး၊ အဲဒီကြိုးဖြင့် လေးကွက်ချပြီး ဘောင်ခတ်ပြီးတော့ အကွက်ရိုက်၊ ဒီလို အကွက်မျိုး ၁၀–ဆိုလို့ ရှိယင် အဲဒါ တပယ်ပဲလို့ အကျဉ်းချုပ် ဒီလိုပဲ မှတ်ထား။

''လက်မ ၂၄၊ ခေါ်ရေးသံတောင်၊ ထို့နောင် လက်မ၊ ၂၀–က သော်၊ ၈–ခုကျော်မူ၊ ခေါ်ကြမှန်အောင်၊ ဆင်ဘိုင်းတော်တောင်တည်း။ ထိုနောင် အဆုံး၊ သုံးဆယ့်နှစ်လက်မ၊ ရှိပြန်ကမူ၊ ဌာနလူ့ဘောင်၊ လက်ဖွဲ့တောင် တည်း။ ထိုအတောင်ဖြင့်၊ ခုနစ်တောင်မှ၊ တတာရ၏၊ တာနှစ်ဆယ်ကို၊ တကြိုးဆိုလော့၊ ထိုကြိုးလေးခဏ်း၊ စတုရန်းမူ၊ တာဝန်းရှစ်ဆယ်၊ လယ်တပယ်တည်း။

''ဆိုတဲ့ အဲဒီ ပယ်တိုင်းနည်းလင်္ကာ လဲ ရှိပါတယ်။ အဲဒီလောက် ဆိုလို့ ရှိယင် တပယ်ဟာ ဘယ်လောက်ကျယ်သလဲဆိုတာ မှန်းမိပါပြီ။ ၈ပါးနဲ့ ဆိုလို့ ရှိယင် ၁၁–တင်း ကြဲသောက်တဲ့ အကွက်ကြီး။

''အဲဒီ အကွက်ကြီးကို မောင်ပုဏ္ဏ ထွန်တာ တမနက်နဲ့ ပြီးတယ်။ ရာဇဂြိုဟ် ရွှေမြို့တော်မှာ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကလဲ အဲဒီအခိုက် ဝါဆိုတဲ့အခိုက်၊ အရုဏ်ဘက်သို့ နိရောဓသမာပတ်ကလဲ ထတော်မူလာတဲ့ နေ့ပါပဲ။ အဲဒီနေ့ဟာ ....

**ပရိပက္ကဒဝဒနိယကံ။** ။''မောင်ပုဏ္ဏတို့ မြို့မှာ နက္ခတ်ပွဲသဘင် ဆင်ယင် ကျင်းပတဲ့နေ့ဟာ ရှင်သာရိပုတ္တရာ မထေရ်မြတ် နိရောဓသမာပတ်မှ ထသော နေ့ပဲ။ နိရောဓသမာပတ် ဆိုသည်မှာ ၇–ရက် တိတိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ ချုပ်ဆုံးပြီးတော့ နိဗ္ဗာန်ရဲ့ အရသာ ခံစားတဲ့နေ့ပါပဲ၊ အဲဒါ နိရောဓသမာပတ်ပေါ့။

''အဲဒီနိရောဓသမာပတ်မှ (၇) ရက်စေ့လို့ ဒီကနေ့ဟာ ထတဲ့နေ့။ နိရောဓသမာပတ်မှ ထသော ရဟန္တာအရှင်မြတ်များ၊ အနာဂါမ် ပုဂ္ဂိုလ် များကို လှူရတန်းရလို့ ရှိယင် စေတနာလဲ ဗလဝ ဖြစ်မယ်။ လှူဒါန်း ထားသော ပစ္စည်းဟာလဲ တရားသဖြင့် ရှာဖွေရရှိထားတဲ့ ''ဓမ္မိယလဒ္ဓ''

ပစ္စည်းဖြစ်မယ်ဆိုလို့ ရှိယင် အဲဒီအလှူရှင်ဟာ (၇)ရက် အတွင်းမှာပဲ ချက်ချင်း လက်ငင်း အကျိုးပေးသွားမယ်။

"အဲဒီ ကုသိုလ်မျိုးကို "ပရိပက္ကဝေဒနီယကံ"လို့ ခေါ်ပါတယ်။ (၇)ရက်ကျော်ပြီးတော့ မသေမချင်း တဘဝအတွင်း အကျိုးပေးသွားတာမျိုးကျတော့ "ဒိဋ္ဌဓမ္မဝေဒနီယကံ"လို့ ခေါ်တယ်။

"အဲဒီလို ရှင်သာရိပုတ္တရာ မထေရ်မြတ် သမာပတ်မှ ထပြီးတော့ လောကဓာတ်တခုလုံးကို ကြည့်လိုက်တယ်တဲ့။ "ဒီကနေ့ နိရောဓသမာပတ်မှ ထလာတဲ့ ငါသည် မည်သည့်ပုဂ္ဂိုလ်အား အလှူခံ၍ ဆွမ်းဘုဉ်းပေးသုံးဆောင်ခြင်းဖြင့် ချီးမြှောက်ရပါအံ့နည်း"လို့ ကြည့်လိုက်တဲ့ အခါကျတော့ တမြို့လုံး အုန်းအုန်းကျက်ကျက် နက္ခတ်ပွဲ ဆင်နွှဲနေတဲ့အချိန်မှာ နက္ခတ်ပွဲသဘင် ပျော်ပွဲ မဆင်နွှဲနိုင်ရှာပဲနဲ့ လယ်တောသွားပြီးတော့ လယ်ထွန်နေရတဲ့ မောင်ပုဏ္ဏကို မြင်တော်မူတယ်။

"မြင်တော်မူတဲ့အခါ ထပ်ပြီးတော့ဥာဏ်ဖြင့် ဆင်ခြင်တော်မူတယ်။ ဘယ်လိုလဲ "ကိုပုဏ္ဏဆိုတဲ့အမျိုးကောင်းသားဆင်းရဲသား တယောက်သည် လယ်တောမှာ လယ်ထွန်ပြီးတော့နေတယ်။ ဒီပုဂ္ဂိုလ်ကို ငါသွားပြီးတော့ ချီးမြှောက်ရယင် ကောင်းလေစွတကား။ ငါ့ရဲ့ ချီးမြှောက်ခြင်းကို ခံနိုင်တဲ့ ကံပါရမီ ရှိမှ ရှိရဲ့လား၊ သဒ္ဓါတရားမှ ပြည့်စုံရဲ့လား"ဒါလဲ ကြည့်ရသေးတယ်။

"သဒ္ဓါတရား မရှိယင်လဲ ဘယ်လိုပဲ သွားပြီးတော့ ရပ်ပေမယ့်လဲ ရမှာမဟုတ်ဘူး၊ ဒီတော့ "ငါ့ရဲ့ချီးမြှောက်မှုကို ခံယူနိုင်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံရဲ့လား" ဆိုတာကို ကြည့်လိုက်တဲ့ အခါကျတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေဆိုဘာ သိသဖြင့် သပိတ်ပရိက္ခရာသကင်္န်း ပြည့်ပြည့်စုံစုံ လွယ်ပြီးတော့ ကောင်းကင်ခရီးနဲ့ ကြွပြီးတော့ လာခဲ့ပါတယ်။

"ကိုပုဏ္ဏ လယ်ထွန်နေတဲ့ လယ်တောရဲ့ အနီး လယ်ကန်သင်းမှာ လာပြီးတော့ ရပ်တယ်။ လယ်ကန်သင်းမှာ ရပ်ပြီးတော့ တခုသောချုံကလေးကို ကြည့်ပြီးတော့ နေတဲ့အခါ ကိုပုဏ္ဏက မြင်တယ်၊ "ဩော်.... မထေရ်ကြီး ကြွလာမှပဲ"။

"ဒီအချိန်ဟာ နံနက် မိုးသောက် အလင်းရောက် အိပ်ရာမှ ထလာတဲ့အချိန်ပဲ။ မထေရ်မြတ် ဘာများ အလိုရှိပါလို့မလဲ"လို့ ကြည့်လိုက်တော့ ချုံကလေးကြည့်ပြီးတော့ ရပ်နေတာမြင်တော့ "ဩော်၊ ကေန္တဒန်ပူအလိုရှိဟန်တူပါရဲ့"ဆိုပြီး သူ လယ်တောပါသွားတဲ့ ဓားကလေးနဲ့

အဲဒီချုံထဲက သစ်ပင်ကလေးများ ခုတ်ပြီး ဒန်ပူကလေး သပ်တယ်။ သပ်ပြီးတော့ ရှင်သာရိပုတ္တရာမထေရ်ကြီးကို ဒန်ပူကလေးများ ကပ်လှူတယ်။

“ဒန်ပူလှူတော့ ရှင်သာရိပုတ္တရာမထေရ်ကြီးက ဒန်ပူလေးဝါး၊ သွားများ၊ ခံတွင်းများ သန့်ရှင်းအောင် ပြုလုပ်ပြီးတဲ့ အချိန်၊ နောက် ဆက်တိုက် လိုအပ်တာ ဘာလဲဆိုတော့ ပလုတ်ဆေးရေ၊ လုတ်တော် ဆေးတဲ့ ရေများ လိုအပ်နေတာ သိတယ်။

“ရှင်သာရိပုတ္တရာက သပိတ်နဲ့ရေစစ် ထုတ်ပေး။ အဲဒါလယ်တဲရှိတဲ့ ကြည်လင်သန့်ရှင်းတဲ့ နေရာက ရေကို ရေစစ်နဲ့ စင်ပြီးတော့ သပိတ်ထဲ ထည့်ကပ်တယ်။ အဲဒါ ပလုတ်တော်များဆေး၊ လက်များဆေး၊ မျက်နှာများသစ်ပြီး ရှင်သာရိပုတ္တရာမထေရ်ကြီးက သပိတ်လွယ်ပြီးတော့မတ်တတ်ရပ်တယ်။

**ကောင်းမှုလဲပြု တောင်းဆုလဲဆင်။** ။“ကိုပုဏ္ဏက ဘာဆုတောင်းလဲဆိုယင်
“အဟံ ဣမိနာ ပုညကမ္မေန တုမှေဟိ ဒိဋ္ဌဓမ္မမေဝ ဒိဋ္ဌေယျ”။အဟံ၊ဘုရားတပည့်တော်သည်။ဣမိနာပုညကမ္မေန၊ ဤကဲ့သို့အရှင်ဘုရားအား ဒန်ပူနဲ့ရေချမ်းလှူဒါန်းရတဲ့ ကောင်းမှုကံကြောင့်။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မမေဝ၊ သိမြင်တော်မူတဲ့ သစ္စာလေးပါးတရားကိုသာလျှင်။ ဒိဋ္ဌေယျံ၊ သိမြင်ရပါစေဘုရား”။

“ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ သိမြင်တော်မူတဲ့ သစ္စာလေးပါးတရားကိုသာလျှင် သိမြင်ပါရစေ”ဆိုတော့ “ဧဝံ ဟောတု—တောင်းတဲ့ဆုနဲ့ ပြည့်ပါစေ”လို့ အနုမောဒနာပြုပြီးတော့ ကိုယ်တော်ကြီး ကြွသွားတယ်။

“ကြွသွားတော့ ဘယ်ကြွသွားလဲ။ ရာဇဂြိုဟ်မြို့ထဲကို ကြွတယ်။ ရာဇဂြိုဟ်ရွှေမြို့ကို ကြွပြီးတော့ ကိုပုဏ္ဏရဲ့အိမ် လှမ်းပြီးတော့ကြည့်လိုက်တယ်ဆိုယင် အိမ်ရှင် ဇနီးသည်ဖြစ်တဲ့ ဥတ္တရာမ ထမင်း ချက်ပြီးတော့ ပြင်ဆင်လုပ်ကိုင်နေတာ လှမ်းပြီးတော့ မြင်တယ်။

“အိမ်ရှင်ယောကျာ်း ကိုပုဏ္ဏားကိုတော့ ငါ ချီးမြှောက်လို့ပြီးပြီ။ အိမ်ရှင်ဥတ္တရာမကို ချီးမြှောက်ယင်တဲ့ ဒီပုဂ္ဂိုလ်သည် ငါရဲ့ ချီးမြှောက်မှုကို ခံယူနိုင်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ဖြစ်မှ ဖြစ်ပါ့မလားလို့”စူးစမ်းတော်မူတဲ့အခါကျတော့ သဒ္ဓါတရားနဲ့ ပြည့်စုံတာကို သိမြင်တော်မူသဖြင့်

ဘယ်လိုလုပ်ပြီးတော့ ငါသွားဆွမ်းခံရပေါ့မလဲ၊ သူတို့နေတဲ့နေရာကဖြင့် သဌေးကြီး သုမနအိမ်ရဲ့ နောက်ဖေးနောက်ဆွယ်မှာ ကပ်ပြီးတော့ နေရတယ်။

"အဲဒီ နောက်ဖေးဆောင်ထဲ ဝင်ပြီးတော့ ဆွမ်းခံတယ် ဆိုတာလဲ မတော်တတ်ဘူး။ ရှင်သာရိပုတ္တရာ မထေရ်ကြီး သူတပါး အိမ်နောက်ဖေး ဆောင်ထဲ ဆွမ်းခံကြွဖို့ဆိုတာလဲ မတော်ဘူး။

"အိမ်ရှေ့ကနေ ဒီအတိုင်း ကြွသွားပြန်ယင်လဲ ဟို နောက်ဖေး ချောင်က နေပြီးတော့ ဆွမ်းလာလောင်းဖို့ဆိုတာလဲ ဆွမ်းခံဘုန်းကြီး အိမ်ရှေ့ကြွတယ်ဆိုတာ ဒီဒကာမ သိကို မသိနိုင်ဘူး။

"ဒီတော့ ရှင်သာရိပုတ္တရာ ဘယ်လိုကြံရသလဲဆိုတော့ နောက်ဖေး ချောင်ထဲ ဆွမ်းခံကြွလို့မဖြစ်။ အိမ်ရှေ့က သွားယင်လဲပဲ တိုက်ကြီးက ကွယ်နေတော့ နောက်ဖေးက တဲလေးက မမြင်နိုင်၊ ဟုတ်လား။

"ကိုင်း။ သူ လာမယ့်လမ်း မြို့အဝင်က ငါ စောင့်မှပဲ" ဆိုပြီး တော့ ရှင်သာရိပုတ္တရာမထေရ်မြတ် ရာဇဂြိုဟ်မြို့ကို အဝင်။ ဟိုက မောင် ပုဏ္ဏရဲ့ဇနီးက မြို့ပြင်အထွက် တွေ့နိုင်တဲ့ လမ်းဆုံကနေပြီးတော့ ကိုယ် တော်ကြီး သပိတ်လွယ်လျက် စောင့်နေတယ်။

"အဲဒါ သူ့ရဲ့ခင်ပွန်းသည်အတွက် ထမင်း ပြည့်ပြည့်စုံစုံထည့် ပြီးတော့ တောင်းကလေးနဲ့၊ ထမင်း တောင်းကလေး ရွက်ပြီးတော့ ရာဇဂြိုဟ်မြို့ထဲက မြို့ပြင် ထွက်လာခဲ့တယ်။

"မြို့ပြင် ထွက်လာတယ်ဆိုယင်ပဲ အဲဒီမြို့အဝင်ဝမှာ ရှင်သာရိပုတ္တရာ မထေရ်မြတ် တွေ့ရော။ တွေ့တော့ အဲဒီဒကာမ ဘယ်လို စိတ်ကူးသလဲ။

"ငါသည် ရှေးရှေးသော ရက်တွေတုန်းကလဲပဲ ငါ့ရဲ့မောင်တော် ကိုပုဏ္ဏအတွက် ထမင်းတောင်းရွက်ပြီးတော့ လာခဲ့တဲ့ အခေါက်ပေါင်း၊ ဒီလမ်းက သွားခဲ့လာခဲ့တာ အကြိမ်ပေါင်း မနည်းတော့ပြီ။ အလှူခံ ပုဂ္ဂိုလ်ဆိုလို့တကြိမ်တခါမျှ ငါသည် မတွေ့ခဲ့လေ။တရံတခါ လှူရန်ပစ္စည်း ရှိပေမယ့်လဲ အလှူခံ အရှင်မြတ်ကို မတွေ့ခဲ့ပေ။ တရံတခါ အလှူခံအရှင် မြတ်ကို တွေ့ပြန်တော့လဲ အလှူပစ္စည်း မရှိခဲ့ပေ။ဒီကနေ့ဆိုလျှင် အလှူခံ ပုဂ္ဂိုလ်ကိုလဲ ငါတွေ့တယ်တဲ့။ ငါ့မှာလှူရန်တန်းရန်ဆိုပြီးတော့ ထမင်းလဲ အဆင်သင့်ပါတယ်။ ပြည့်စုံနေတဲ့ အကြောင်း။ ဒကာ ကိုအုံးဟန်ကြီး။ ဘယ်နှစ်ချက်လဲ"

"၂-ချက်ပါ ဘုရား"

"လှူရန်တန်းရန်ပစ္စည်းလဲ ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက် ရှိရှိနေပြီ။ အလှူခံပုဂ္ဂိုလ်အရှင်မြတ်ကြီးကိုလဲပဲ ဒီကနေ့ မျက်မြင်ပက်ပင်း ဒိဋ္ဌတွေ့ရ၍ နေရလေပြီ။

"ကဲ.... အလှူခံပုဂ္ဂိုလ်လဲ ရှိပါပြီ၊ လှူဖို့ပစ္စည်းလဲ ရှိပါပြီ။ နောက် ဘာလိုသေးလဲဆိုယင် သဒ္ဓါတရား"

"သဒ္ဓါတရားလိုပါတယ်ဘုရား"

"သဒ္ဓါတရားလဲ လိုသေးတယ်"

"သဒ္ဓါတရားသာ မရှိပြန်ယင် လှူရန်ပစ္စည်းတွေ ဘယ်လောက်ပဲ ပြည့်စုံနေနေ။ အလှူခံ ပုဂ္ဂိုလ် ဘယ်လောက်ပဲ ရှိနေနေ မလှူဖြစ်ဘူး ဆိုတာ မှတ်ပါ။

"ဒီနေ့တော့ ပြည့်ပြည့်စုံစုံ ရှိနေတဲ့အတွက်ကြောင့် ငါလှူမှုပဲ။ ဟိုလွန်ခဲ့တဲ့ရက်တွေတုန်းကတော့ သဒ္ဓါတရားလဲ ရှိပါရဲ့။ အလှူပစ္စည်းလဲ ရှိပါရဲ့။ အလှူခံပုဂ္ဂိုလ်နဲ့ မကြုံကြိုက်ခဲ့ဘူး။ တခါတခါ အလှူခံပုဂ္ဂိုလ် အရှင်မြတ်တွေနဲ့ ကြုံပင်ကြုံငြားသော်လဲပဲ ဘာဖြစ်သလဲ။ ပစ္စည်းက မရှိ ဖြစ်နေပြန်တယ်။

"ဒီကနေ့တော့ သုံးဦး သုံးဖလှယ် ပြည့်ပြည့်စုံစုံ ရှိနေတဲ့အတွက်ကြောင့် ငါလှူမှုပဲ၊ ဟိုလွန်ခဲ့တဲ့ရက်တွေတုန်းကတော့ သဒ္ဓါတရားတော့ ရှိပါရဲ့၊ အလှူပစ္စည်းတော့ ရှိပါရဲ့ အလှူခံပုဂ္ဂိုလ်နဲ့ မကြုံကြိုက်ဘူး။ တခါတခါ အလှူခံပုဂ္ဂိုလ်အရှင်မြတ်တွေနဲ့ ကြုံပင် ကြုံငြားသော်လဲပဲ ဘာဖြစ်လဲ။ ပစ္စည်းက မရှိ၊ ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

"အေး၊ ဒါကြောင့် ဒီကနေ့တော့ ဟကြောင်းတွေ အကုန် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် ဘာဖြစ်သလဲ။ လှူလိုက်မယ်လို့ ခေါင်းပေါ်ပါလာတဲ့ ထမင်းတောင်းကလေး ချလိုက်တယ်။ ချပြီးတော့ စဉ်းစားသေးတယ်။ ဒီကိုယ်တော်အရှင်မြတ်က ငါတို့လို ဆင်းရဲသားကို ချီးမြှောက်ပါ့မလား။ ဆင်းရဲသား ကျေးကျွန်ရဲ့ ဆွမ်း အလှူမှ ခံပါ့မလား။ ဘုဉ်းပေးမှ ဘုဉ်းပေးပါ့မလားလို့ စဉ်းစား သေးတယ်။ ဘယ်လောက် သနားစရာ ကောင်းလိုက်သလဲ ကြည့်စမ်း။ စဉ်းစားပြီးတော့ ရှင်သာရိပုတ္တရာ မထေရ်မြတ်ရဲ့ ခြေရင်း ဝပ်စင်းပြီး လျှောက်ထားတယ်။

"အရှင်ဘုရား၊ အရှင်ဘုရားတို့ရဲ့ ကျေးကျွန် ဖြစ်တဲ့၊ ကျေးကျွန် ဆိုတာက အဋ္ဌကထာအတိုင်းပြောတာ။ အဋ္ဌကထာက "ဒါသဿ သင်္ဂဟံ ကရောထ" လို့ ဒီလိုလာလို့။ ပါဠိတွေ ရွတ်နေ သိပ်အချိန်ကြာမှာစိုးလို့ ဒီနိဒါန်းမှာ—

"တုမှာကံ၊ အရှင်ဘုရားတို့ရဲ့။ ဒါသဿ၊ ကျေးကျွန် ဖြစ်တဲ့ ကိုပုဏ္ဏအား။ သင်္ဂဟ၊ သင်္ဂြိုဟ်ချီးမြှောက်ခြင်းကို။ ကရောထ၊ ပြုတော်မူပါ ဘုရားလို့ ဒီလိုလျှောက်တယ်။

"ဒါသဿ သင်္ဂဟ ကရောထ—ဆိုတဲ့ စကားကို ကြည့်လိုက်တော့ သူတို့နေရတဲ့ ဘဝဟာ သဌေးကြီးသူမ နေအိမ်နောက်ဖေး တဲကလေးနဲ့ ကပ်နေရတဲ့ ကျေးကျွန် ဖြစ်တယ်ဆိုတဲ့ ဘဝ အခြေအနေကို ပြောနေတယ်။

"ဒီတော့ ဥစ္စာဓနအားဖြင့် သိပ် အောက်တန်းကျနေကြတယ်။ အနေအထိုင်လဲ အောက်တန်းကျတယ်။ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနဲ့ ဆိုလို့ရှိယင်လဲ သူတို့စိတ်ထဲ သဘောထဲ ဘယ်လို သဘောထားလဲ ဆိုလို့ရှိယင် ဒီလိုမထေရ်မြတ်ကြီးတွေ ခိုင်းချင်တာ ခိုင်း၊ ဘာကိုပဲ ခိုင်းခိုင်း လုပ်မယ်ဆိုတဲ့ "ကပ္ပိယကာရက" သဘောမျိုး သူတို့ကလဲ ဒီလိုတွက်ကြတယ်။

"အဲဒီလို မထေရ်မြတ်ကြီးများ ခိုင်းလိုရာ ခိုင်း၊ စေလိုရာ စေ၊ ခိုင်းသမျှ မငြင်းတမ်း လုပ်မယ်ဆိုတဲ့ "ကပ္ပိယကာရက" သဘောထား လာတော့ သူက....

"ဒါသဿ၊ အရှင်ဘုရားတို့ရဲ့ ကျေးကျွန် ဖြစ်တဲ့(ဝါ) အရှင်ဘုရားတို့ရဲ့ ကပ္ပိယကြီး ဖြစ်တော်မူတဲ့ ကိုပုဏ္ဏအား။ သင်္ဂဟ၊ သင်္ဂြိုဟ် ချီးမြှောက်ခြင်းကို။ ကရောထ၊ ပြုတော်မူပါဘုရား"

"သူ့မောင်တော် ဒူတွက်သယ်လာတဲ့ထမင်း အလှူခံပါ ဘုရားလို့ ဒီလို လျှောက်ရမဲ့ စကားကို သူက ယဉ်ယဉ်ကျေးကျေးကလေးနဲ့ "အရှင်ဘုရားတို့ရဲ့ ကျေးကျွန်ဖြစ်တဲ့ ကိုပုဏ္ဏကို ချီးမြှောက်တော်မူပါ ဘုရား" ဒီလိုလျှောက်တယ်။ ဣဒံ ဘန္တေ လူခံ ဝါ ပဏီတံ ဝါ အစိန္တေတွာ—တဲ့၊ ဒီထမင်းကို ကောင်းတယ်၊ ဆိုးတယ်၊ မွန်မြတ်တယ်၊ ညံ့ဖျင်းတယ်လို့လဲ မတွေးတော မတွက်ယူပါနဲ့ ဘုရားတဲ့။ ဒီတော့ သူတို့ရဲ့ ထမင်းဟာ ဆန်ကြမ်းထမင်း၊ ငါးပိရေကျို၊ ဟင်းရွက်ပြုတ်လောက် နေမှာပဲလို့ မှန်းကြည့်ရတယ်။ ဒါတင် မကသေးဘူး၊ ပါသေးတယ်။ ဒီလို

လျှောက်တော့ ရှင်သာရိပုတ္တာရာမထေရ်ကြီးကလဲပဲ သပိတ်ဖွင့်ပေးတယ်။ သပိတ်ဖွင့်ပေးလိုက်တယ်ဆိုယင်ပဲ ကိုပုဏ္ဏရဲ့ဇနီးဖြစ်တဲ့ ဒကာမက အရှင်သာရိပုတ္တာရာမထေရ်မြတ် သပိတ်ထဲကို သူ့ဘောင်းထဲမှာ ပါလာတဲ့ ထမင်းတွေ လောင်းပြီးတော့ ထည့်တယ်။

"တဝက်လောက် ရောက်တယ်ဆိုယင်ပဲ မထေရ်ကြီးက သပိတ်ကို ပိတ်မယ့်အမူအရာ ပြတယ်။ ရှေ့ဆက် မလောင်းနဲ့တော့လို့ လက်ကာပြီးတော့ တားတားတယ်။ တားလိုက်တယ်လို့ ဆိုယင်ပဲ၊ ကြည့်။

**အလှူခံမှာ သိစရာ။** ။"ဘာဖြစ်လို့ ရှင်သာရိပုတ္တာရာမထေရ်ကြီး ဒီလို တားရတာတုံး ဆိုယင် ဘယ်လိုဖြေကြမလဲ။

ပဋိဂ္ဂါဟနေက မတ္တာဇာနိတဗ္ဗာ— အလှူခံ ရဟန်း သာမဏေများသည် အတိုင်းအရှည်ကို သိရမည်ဟု အင်္ဂုတ္တရနိကာယ် ပါဠိတော်မှာ ဗုဒ္ဓရှင်တော် ဟောညွှန်တော်မူချက် ရှိတဲ့အတွက် အလှူခံတို့မည်သည်—

၁။ ဒါယကာ၏ အင်အား၊
၂။ လှူဖွယ်ပစ္စည်း အတိုင်းအရှည်၊
၃။ မိမိအဖို့ တကယ်အသုံးပြုမည့် အတိုင်းအတာ၊
ယင်း သုံးမျိုးတို့ကို သိရှိပြီးနောက်—
(က) လှူဖွယ်ပစ္စည်း များပြားစွာ ရှိပြီး ဒါယကာက အနည်းငယ်သာ လှူလိုပါမူ ဒါယကာ၏ အလို အတိုင်း ခံယူရမည်။ မိမိ လိုချင်သလောက် မခံယူရ၊
(ခ) လှူဖွယ်ပစ္စည်းက နည်းပြီး ဒါယကာက များများ လှူလိုပါမူ ပစ္စည်းအတိုင်းအတာအရသာ အလှူခံရမည်။ အကုန်ယူသွားပြီး ဒါယကာမှာ စားစရာတောင် မကျန်အောင် မဖြစ်ပါစေနှင့်။
(ဂ) ပစ္စည်းကလည်း များ၊ ဒါယကာကလည်း များများ လှူလိုပါလျှင်လည်း အလှူခံဖြစ်တဲ့ မိမိအဖို့ သုံးဆောင်လောက်ရုံမျှသာ အလှူခံရမည်။ အပို သိမ်းထားဖို့ မခံယူရပါ။

**အကျိုး ဘယ်လို ရှိပါသနည်း။** ။"ယင်းကဲ့သို့ အတိုင်းအရှည်ကို သိရှိပြီး ခံယူသည့် အလှူခံအဖို့ အပွိစ္ဆပဋ္ဌိပဒါ (အလိုနည်းသည့် အကျင့်ကို) ပြည့်စုံစေသည့်ပြင် မရရှိသေးတဲ့ လာဘ်တို့ကို ရရှိခြင်း၊ ရရှိပြီးတဲ့ လာဘ်များ ပိုမိုခိုင်မြဲခြင်း၊ မကြည်ညိုကြသေးသူတို့ ကြည်ညိုခြင်း၊ကြည်ညိုပြီးသူတို့ ၏ကြည်ညိုတိုးကြသည့်ပြင် မျက်စိအောက်က အပျောက်မခံနိုင်သူ ဖြစ်ရုံမက သာသနာတော် အရှည်တည့်တံ့အောင် ပြုလုပ်ရာသို့လည်း ရောက်ပါသည်။ အပိစ္ဆတာဘိက္ခဝေ သမ္မမ္မသဉ္စိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တတိ။ (အင်္ဂုတ္တိုရ်ပါဠိတော်) အလိုနည်းလျှင်၊ လောဘ မကြီးလျှင် သာသနာတော် တည့်တံ့နိုင်ကြောင်း ဖြစ်၍ ပုဥ္စ်းကြီး (ဘုန်းကြီး) တန်မဲ့ လောဘကြီးပါမူကား သာသနာတော် ပျက်စီးကြောင်း ဖြစ်ပါသည်။ ဒကာ အုန်းဟန်ရေ၊ အဲသည် အချက်တွေကို လေးလေးစားစား လိုက်နာတော်မူတဲ့အတွက် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက တားလိုက်တာပါ သိုတာ အသေအချာ မှတ်ပေတော့"

"မှန်ပါ ဘုရား"

**ဒါယကာများ ဘက်ကလဲ သိမှတ်စရာ။** ။"ဒကာ အုန်းဟန်ရေ"

"ဘုရား"

"အလှူခံဘက်ကသာ စည်းကမ်းရှိတာမဟုတ်။ အလှူပေးဒကာဘက်ကလဲ စည်းကမ်းရှိရမယ်တဲ့"

"မှန်ပါဘုရား"

"ဒါယကေနမတ္တာဝေါနိတဗ္ဗာ။ (အင်္ဂုတ္တရနိကာယ် ဧကကနိပါတ ဧကမ္မပါဠိ တတိယဝဂ်) လို့ ဗုဒ္ဓရှင်တော် ဟောတော်မူခဲ့သည့်အတိုင်း အလှူပေးဒကာများကလည်း သုံးစွဲလို့ မကုန်နိုင်အောင် ခွေးစာ ကျီးစာဖြစ်ရလောက်အောင် သေတ္တာကြီးငယ်တို့ဖြင့် သိုမှီးထားရလောက်အောင် မလှူကြပဲ သုံးစွဲ၍ မျှတလောက်ရုံ ချင့်ချိန်ပြီး လှူဒါန်းကြရပါမယ်တဲ့"

"မှန်ပါဘုရား"

"ပူရေတွာ အတိရေကာ ဒိန္နေပိဟိ အတိရေကာ မနုဿသမ္ပတ္တိ ဝါ ဒိဗ္ဗသမ္ပတ္တိ ဝါ နိဗ္ဗာနသမ္ပတ္တိ ဝါ နတ္ထိ (အင်္ဂုတ္တရ နိကာယ အဋ္ဌကထာ) သုံးစွဲလို့ မကုန်နိုင်အောင် အပိုအမို လှူဒါန်းစေကာမူ ထိုသူအတွက် အပိုအမို ခံစားရန် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတာ မရှိပါဘူးတဲ့။ ဒကာ အုန်းဟန် သေသေချာချာ မှတ်ထားနော်"

"မှန်ပါ ဘုရား"

"သည်တော့ စာသင်တိုက်တွေမှာ တကယ် လိုအပ်တဲ့ ပစ္စည်းတွေကို သူ့ကြတန်းကြပါလို့ မှာခဲ့ပါရစေ"

"မှန်ပါဘုရား"

"ကဲ.... ကိုပုဏ္ဏ အကြောင်း ဆက်ကြဦးစို့"

"ဤထမင်းသည် မောင်ပုဏ္ဏ တယောက်စာသာ ဝလောက်တဲ့ ထမင်းဖြစ်တယ်။ ထမင်းစားဖို့ရန် အချိန်လဲ နီးနေပြီ။ လယ်တောမှာ လယ်ထွန်နေတဲ့ ကိုပုဏ္ဏအတွက် မချန်ပဲ ငါ အကုန်လုံး အလှူခံလိုက်လို့ ရှိယင် အိမ်ပြန် ထမင်းချက်နေခြင်းဖြင့် အချိန်ကုန်လိမ့်မယ်။ ဟိုလယ်တော ရှိနေတဲ့ ပုဂ္ဂိုလ်ပင် ပင်ပန်းရှာလိမ့်မယ်။ အကယ်၍ အိမ်မှာ ဆန်မရှိ ခဲ့လို့ ရှိယင်ဖြင့်တဲ့ ဒီကနေ့ ဒီပုဂ္ဂိုလ်တွေ အခက် ကြုံတော့မယ်။ အဲဒါ ကြည့်ပြီးတော့ သနားသဖြင့် တဝက်သာ အလှူခံတယ်။

"ဒီတော့ ဘာပြောသလဲဆိုတော့ အိမ်ရှင်ဇနီးသည်ဖြစ်တဲ့ ဒကာမက အရှင်ဘုရား ဒီဆွမ်းဟာ နှစ်ယောက်စာ လောက်တဲ့ ဆွမ်း မဟုတ်ပါဘုရား။ တယောက်မျှသာလျှင် လောက်တဲ့ ဆွမ်း ဖြစ်ပါသဖြင့်—

"ဘန္တေ ကောဝ ပဋိစ္ဆသာ နသက္ကာဒွိဓာကာတု"

"ဒွိဓာကာတုံ၊ နှစ်ယောက်စာခွဲဝေဖို့ရန်။ နသက္ကာ၊ မတတ်နိုင်ပါ ဘုရား"

"ဒီထမင်း နှစ်ယောက်စာ ခွဲဝေပြီးတော့ အလှူခံဖို့ရန် မတတ်နိုင်ပါဘုရား။ နှစ်ယောက်စာ စားလောက်တဲ့ ဆွမ်း မဟုတ်ပါ ဘုရား။ ဒါကြောင့် အရှင်ဘုရားတို့ရဲ့ ကျေးကျွန် ကိုပုဏ္ဏကို ဒီတဘဝစာ၊ တနပ် စာလေး စားရဖို့အရေး ကြည့်ပြီးတော့ မချီးမြှောက်ပါနဲ့။ သံသရာခရီး နိဗ္ဗာန်တိုင် သွားရမယ့် ခရီးရှည်ကြီးကို ကြည့်ပြီးတော့ ချီးမြှောက်တော် မူပါဘုရား"။

"တုမှာကံ ဒါသဿ ဣဓလောက သင်္ဂဟံ အကတွာ ပရလောက သင်္ဂဟံ ကရောထ"

"တနပ်စာလေးကြည့်ပြီးတော့ မချီးမြှောက်ပါနဲ့ဘုရား။ သံသရာ ရိက္ခာထုပ်ကို ကြည့်၍ တမလွန်လောကအတွက် ချီးမြှောက်တဲ့ အနေ အားဖြင့် အလှူခံတော်မူပါဘုရား"

"လျှောက်ပုံ တယ်ပြီးတော့ လိမ္မာပါးနပ်တယ်နော်"

"မှန်လှပါဘုရား"

''တဘာဝစာ တနပ်စာ ကြည့်ပြီးတော့ အလှူမခံပါနဲ့။ တဝက်ချန်ထားတာဟာ ရှင်သာရိပုတ္တရာက ဒီတဘာဝ၊ တနပ်စာကြည့်လိုက်တာနော်''

''မှန်ပါဘုရား''

''နိရဝသေသမေဝ ဒါတုကာမောမှိ''တဲ့။

''အဟ၊ ဘုရားတပည့်တော်သည်။ နိရဝသေသမေဝ၊ အကြွင်းအကျန်မရှိသည်ကိုသာလျှင်။ ဒါတုကာမော၊ ပေးလှူ လိုသည်။ အမှိ၊ ဖြစ်ပါတော့သည် ဘုရား။

''နိရဝသေသဒါန–အကြွင်းအကျန်မရှိ တပည့်တော် လှူချင်တဲ့ဆန္ဒ ဖြစ်ပါတယ်။ အလှူခံပါဘုရား ဆိုတော့မှ သပိတ် ဖွင့်ပေးတယ်။ အလှူခံလိုက်တယ်။

''သပိတ်ထဲ ဆွမ်းတွေ အကုန်လုံး လောင်းလှူပြီးတယ် ဆိုယင်ပဲ ခြေရင်း ဝပ်စင်း၍–

''ပဉ္စပတိဋ္ဌိတေန ဝန္ဒိတွာ''

''ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော ထိခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍''

''ထိခြင်းငါးပါးနဲ့ အညီ ရှိခိုးပြီးတော့– ထိခြင်းငါးပါး ဆိုတာတို့ဒကာ ကိုအုံးဟန်ကြီး ဘာတုံး။ သိသေးလား။ ထိခြင်းငါးပါး''

''နဖူးနဲ့ဒူးပါ ဘုရား''

''ကိုင်း၊ သက္ကပဉ္စသိတ္တာန်ရဲ့ နိဒါန်းတုန်းက အကျယ်ပြောထားခဲ့တယ်၊ ထိခြင်းငါးပါးဆိုတာက ''ပဉ္စပတိဋ္ဌိတဆိုတာ'' ထိခြင်းငါးဖြာဆိုသည့်မှာ ဘာတဲ့တုံး ဆိုလို့ရှိယင်၊ ''ခြေ–လက်–နဖူး–တတောင်–ဒူး''တဲ့။ ငါးခုသော ထိခြင်းတို့ဖြင့်–

''အောက်က မြေကြီးမှာ ဒူး ၂–ဘက်ထိစေ၊ တတောင် ၂–ဘက်လဲ ထိစေ၊ ၄–ခု မနေလား။ နဖူးလဲ ထိစေ၊ ဘယ်နှစ်ခုလဲ''

''ငါးခုပါ ဘုရား''

''တတောင်ဆစ် ထိနေမှဖြင့် လက်မောင်းတခုလုံး အကုန်ထိတော့တာပဲနော်''

''မှန်ပါဘုရား''

''ဒီတော့ လက်ဖျားလေး ထိတာနဲ့ နောက်က တတောင်လေး မထိဘူး။ ဒါမှ ထိခြင်းငါးပါး ''ပဉ္စပတိဋ္ဌိတ'' ခေါ်တယ်။ အဲဒီလို

ထိခြင်းငါးပါးနဲ့အညီ ရှိခိုးပြီးတဲ့အခါကျတော့ သူက ဆုတောင်းတယ်တဲ့။ သူတောင်းတဲ့ ဆုကိုလဲ ကြည့်လိုက်စမ်းပါ။

''အဟံ၊ ဣမိနာပုညကမ္မေန တုမှေဟိ ဒိဋ္ဌဓမ္မသော၀ ဘာဂီ အဿံ''

''ဘန္တေ၊ အိုအရှင်မြတ်ဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ ဣမိနာ ပုညကမ္မေန၊ ဤသို့ ထမင်းတနပ် လှူဒါန်းရတဲ့ကောင်းမှုကြောင့်။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မသော၀၊ သိတော်မူအပ်၊ မြင်တော်မူအပ်၊ ရတော်မူအပ်၊ ရောက်တော်မူအပ်တဲ့ သစ္စာလေးပါး မြတ်တရားသာလျှင်။ ဘာဂီ၊ သိမြင်တဲ့ အဘို့ဘာဂရှိသည်။ အဿံ၊ဖြစ်ရပါစေဘုရား''

''ဤကောင်းမှုကြောင့် ဘုရားတပည့်တော် အရှင်ဘုရားတို့ သိမြင်တော်မူတဲ့ သစ္စာလေးပါး တရားရဲ့ အဘို့ဘာဂ ဖြစ်ရပါစေဘုရား''တဲ့။ ဆိုလိုတာက ''အရှင်ဘုရားတို့သိတဲ့ သစ္စာလေးပါးကို တပည့်တော်လဲ သိပါရစေ''။ ဆုတောင်းတွေ ရှည်ရှည်ဝေးဝေး မရယင် အဲဒီလို ချက်ပိုင်ပိုင်နဲ့ လိုရင်းတောင်းရတယ်။ ဆုတောင်းအမျိုးမျိုးဆိုတဲ့ စာအုပ် ကျက်နေဖို့ မလိုတော့ဘူး။ ဟုတ်လား ဒကာ ကိုအုန်းဟန်ကြီး''

''မှန်ပါဘုရား''

''အရှင်ဘုရားတို့ သိမြင်တော်မူသည့်အတိုင်း ဘုရားတပည့်တော် သိပါရစေ ဆိုယင် ဒါ ကိစ္စ ပြီးရော။

''ဒီတော့မှ ''ဧဝံ ဟောတု=တောင်းတဲ့ဆုနဲ့ ပြည့်ပါစေ'' လို့ ဝမ်းမြောက် ဝမ်းသာ အနုမောဒနာစကား ပြောပြီးတော့ အရှင်သာရိပုတ္တရာ မထေရ်ကြီး ကြွပြီးတော့ သွားတယ်တဲ့။

''ဒီတော့ တောင်းထဲမှာ ထမင်းတွေ၊ လယ်တောပို့ဖို့ ယူလာတဲ့ တောင်းထဲက ပါလာတဲ့ ထမင်းတွေ အကုန်လုံး ကုန်သွားပြီ။ အိမ်သို့ နောက်တခေါက်ပြန်၍ ထမင်းချက်ရတယ်။ နေမွန်းလွဲသွားပြီ။ မွန်းလွဲတဲ့ အချိန်ကျတော့မှ ထမင်းတောင်းလေး ရွက်ပြီးတော့ လယ်တောကို ပြန်လာတယ်။

''ဟို လယ်တောမှာရှိနေတဲ့ ကိုပုဏ္ဏကလဲ ပေါလှပြီ။ တမနက်လုံး ထွန်ရတာ။ နေကလဲ မွန်းတိမ်းတော့ နွားတွေ ဖြုတ်ပြီးတော့ တနေရာ နွားတွေ ချည်ထား၊ ဟုတ်လား။ မြက်ကလေး ဘာလေး ကျွေးထား။ ပြီးတော့ ဇနီးသည်အမျိုးသမီး ထမင်းပို့လာမယ့်လမ်း မျှော်မှန်းပြီးတော့ ကြည့်၍နေတယ်။

"လယ်ထွန်တာက ဘယ်လောက် ပြီးသွားသလဲ ဆိုတော့ ပယ်ဝက်လောက် ပြီးသွားတယ်။ စပါး ၅–တင်းခွဲလောက် ကြဲနိုင်တဲ့ လယ်ကွက်ကြီး တမနက် ထွန်တာ ပြီးသွားတယ်။

"ထမင်းတောင်းရွက်လာတဲ့ ဒကာမကဲ ခပ်ဝေးဝေးက လှမ်းပြီးတော့ ကြည့်လိုက်တယ်ဆိုယင်ပဲ လယ်ကန်သင်း သစ်ပင်ရင်း ထိုင်ပြီးတော့ မျှော်နေရှာတဲ့ ကိုပုဏ္ဏကို သူ မြင်တယ်။ ဘယ် နှယ်မြင်သတဲ့လဲ။ တမနက်လုံး လယ်ထွန်ရတာ ပင်ပန်းရှာလွန်းလို့ ထမင်းဆာနေပြီ၊ ထမင်းပို့ချိန် နောက်ကျသည်ဖြစ်၍ ကိုပုဏ္ဏကလဲ စိတ်တွေ ဆိုးနေတယ်။ အဲဒါကို ဒီကနေပြီးတော့ မြင်တော့–

"ဩော်တဲ့၊ ဒီကနေ့ ငါ ထမင်းပို့တာ နောက်ကျလွန်းလို့ ငါ့ရဲ့ ခင်ပွန်းသည်ဖြစ်တဲ့ ကိုပုဏ္ဏ မျှော်နေရှာတယ်။ အကယ်၍များ ငါသည် ကြိုတင်ပြီးတော့ ဘာမှ ပြောမထားပဲနဲ့ ဒီအတိုင်း အနားရောက်အောင် ချဉ်းကပ်သွားလိုက်မယ်ဆိုယင် သူ့မှာရှိနေတဲ့ နွားကိုရိုက်တဲ့ ကြိမ်နှင်တံနဲ့ စိတ်ဆိုးပြီးတော့ ငါ့ကို ရိုက်လိုက်မယ်ဆိုယင် တမနက်လုံး လုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေ အကုန်လုံး အချည်းနှီး ဖြစ်တော့ မှာပဲ။ သူ စိတ်မဆိုးခင် ငါ့ကို မရိုက်ခင် ကြိုတင်ပြီးတော့ ပြောထားမှ တော်မယ် ဆိုပြီးတော့ အဝေးကနေပြီးတော့ အသံကြားလောက်တဲ့ နေရာကနေ လှမ်းပြီးတော့ ပြောထားတယ်။

"သာမိ၊ အို အရှင် ကိုပုဏ္ဏ၊ အဇ္ဇ၊ ယနေ့။ ဧကဒိဝသံ၊ တရက်လောက်။ တေ၊ သင် မောင်တော်ရဲ့။ စိတ္တံ၊ စိတ်ကို။ ပသာဒေဟိ၊ သဒ္ဒါ ရွှင်းစို ကြည်ညိုထားလိုက်စမ်းပါ"။

"အဝေးကြီးက လှမ်းပြောတယ်။ "မောင်တော် ကိုပုဏ္ဏ၊ ဒီကနေ့ မောင့်စိတ်ကလေး ကြည်ကြည် လင်လင် ထားလိုက်စမ်းပါ"၊ အဲဒီ စကား ကြားလိုက်တယ်ဆိုယင်ပဲ ဟိုက စဉ်းစားတယ်။ ခါတိုင်း ဒီလို အဝေးက ကြိုတင်ပြီးတော့ ဘာမှ မပြောဖူးဘူး။ ဒီကနေ့ ထူးထူးခြားခြား ဘာစကားများ ပြောပါလိမ့်မလဲ။ ထွက်နေတဲ့ ဒေါသကလေး ငြိမ်သွားတယ်နော်။

"စိတ်ဆိုးနေတဲ့ စိတ်ကလေး ကျသွားတယ်။ စဉ်းစားခန်း ဝင်ပြီးတော့ ကျသွားတယ်တဲ့။ သူကလဲ ရှင်သာရိပုတ္တရာမထေရ်ထံမှာ ရေနဲ့ ဒန်ပူ လှူထားတယ်။ ကောင်းမှုပြုထားတယ်။

"ဒီကနေ့ သင့်ရဲ့၊မောင့်ရဲ့ စိတ်ကို သဒ္ဓါရှန်းစို၊ ကြည်ကြည်ညိုညို ထားလိုက်စမ်းပါ။ မောင်တော်အတွက် ကျန်မချက်လာတဲ့ ထမင်းတနပ်ကို ဒီကနေ့ လမ်းမှာ ရှင်သာရိပုတ္တရာ မထေရ်မြတ်နဲ့ တွေ့ခဲ့လို့ မောင့်အတွက် ကုသိုလ်ကောင်းမှုပြုပြီးတော့ လာခဲ့ပါတယ်။ အဲဒီ ကုသိုလ်ကောင်းမှုကို မောင့်အတွက် ပြုခဲ့တာဖြစ်တဲ့အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပေတော့။ ဒီကုသိုလ်ကောင်းမှု အချည်းနှီး မဖြစ်ရလေအောင် စိတ်တွေ မဆိုးလိုက်ပါနဲ့" လို့ အဝေးက လှမ်းပြောတယ်။ ဇနီးသည်ရဲ့ စကား အဆုံးမှာ ကိုပုဏ္ဏဟာ စောစောက စိတ်ဆိုးနေတာလေးတွေ ပြေသွား တယ်။ "အကြောခေနေ ဇိနန ကောခံ" ဆိုသွားတယ်နော်"

"မှန်ပါ ဘုရား"

"ကြမ်းကြမ်းတမ်းတမ်း ဖြစ်မယ့်ကိစ္စ ကြမ်းကြမ်းတမ်းတမ်း မဖြစ် တော့ဘူး။ ယဉ်ကျေးသိမ်မွေ့စွာ ဖြစ်သွားတော့ အနားရောက်သွားတယ် ဆိုယင်ပဲ ထမင်းတောင်းကလေး ချ၊ အကျိုးအကြောင်း ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် အကုန်လုံး မနက်က အကြောင်း အရာတွေ ပြန်ပြီးတော့ ပြောပြတယ်။ ဇနီးသည်က ပြောတယ်ဆိုယင်ပဲ ကိုပုဏ္ဏကလဲပဲ "အေး၊ ဒီကိုယ်တော် အရှင်မြတ်ကြီး ငါ့ရဲ့ လယ်ကန်သင်း လာပြီးတော့ ရပ်လို့ ငါလဲ ရေနဲ့ဒန်ပူ လှူလိုက်ရတယ်"။

"နှစ်ယောက်စလုံး ကောင်းမှုပြုခဲ့တာ တပြိုင်တည်း ဖြစ်ကုန်ကြပြီ၊ အဲဒီတော့မှ ဇနီးသည်က သူ့ရဲ့ကောင်းမှု အမျှဝေ၊ ကိုပုဏ္ဏက သာဓု ခေါ်၊ ကိုပုဏ္ဏကလဲပဲ သူပြုတဲ့ ကောင်းမှု အမျှဝေလို့ ဇနီးသည်က ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၊ ဇနီးပြုတဲ့ကောင်းမှု လင်က သာဓုခေါ်၊ လင်ပြုတဲ့ကောင်းမှု ဇနီးက သာဓုခေါ်လိုက်လို့ရှိယင် တယောက်ပြုတဲ့ ကောင်းမှု တယောက် ရသွားတယ်နော်"

"မှန်ပါ ဘုရား"

"ဒါမှ မဟုတ်လို့ တယောက်က ကုသိုလ်ကောင်းမှုပြု၊ ဟိုတဘက်က စိတ်မကျေမနပ် ဖြစ်နေယင် အဲဒီ မကျေနပ်တဲ့ ပုဂ္ဂိုလ် ဒီကောင်းမှု မရဘူး၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

တူညီပျှမှု မြတ်လေးခု။ ။(၁) သမသဒ္ဓာ–တူသော သဒ္ဓါတရား ရှိရမယ်၊
(၂) သမစာဂါ–တူညီတဲ့ စွန့်ကြဲမှုလဲ ရှိစေ၊
(၃) သမသီလ–တူညီသော ကိုယ်ကျင့်တရားလဲ ရှိစေ၊
(၄) သမပညာ–တူညီတဲ့ အသိဉာဏ်လဲ ရှိစေ။

“အဲဒီလို တူညီမှုသာလျှင် ကုသိုလ်ကောင်းမှုတွေ တာအတူအညီရတယ်။ ဒါကြောင့် ဒီကနေ့ခေတ်မှာလဲ ကြည့်ပေါ့။ လင်မယားနှစ် ၂–ယောက် အကျိုးပေးချင်း မတူကြဘူး။ တအိမ်ထဲ နေပေမဲ့နေပြာ ပေမဲ့လဲပဲ ဇနီးရဲ့ အကျိုးပေးက တမျိုး၊ ခင်ပွန်းသည်ရဲ့ အကျိုးပေးက တမျိုးတွေ ဖြစ်ဖြစ် နေကြတယ်။

“တူညီပြီဆိုပြီးတော့ တအိမ်ထဲမှာ နေ နေကြတာပဲ။ ဒါပေမယ့် မတူညီတဲ့ အချက်တွေ အများကြီး ရှိတယ်။ အဲဒီလို သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ လေးပါး မတူညီကြလို့ ရှိယင် အကျိုးပေးတော့လဲ တခြားစီဖြစ်တယ်။

“ဓါ ပဏ္ဍုပဥ္စာယုနဲ့ဖြင့် ထင်ရှားခဲ့ပြီးပါပြီ။ ဒီတော့ အပြန်ပြန် အလှန်လှန် အဲဒီလို တယောက်ကောင်းမှုကို တယောက် ကျေကျေနပ်နပ်၊ သဒ္ဓါရှန်းဒို ကြည်ကြည်ညိုညို သာဓုခေါ်လိုက်ကြတယ်ဆိုယင်ပဲ အကုန်လုံး ကျေနပ်ပြီးတော့ စိတ်တွေ ဝမ်းပန်းတသာ ဖြစ်သွားကြ၊ ထမင်းကလေး ထိုင်ပြီးတော့စား။

“စားပြီးတော့ အချိန်က ဘယ်လိုဖြစ်သွားလဲဆိုယင် ထမင်းသာ နိုးတာရယ်၊ တမနက်လုံး ထွန်ရဘာ မောတာရယ်၊ ပင်ပန်းလွန်းလို့ ကိုပုဏ္ဏသည် ဇနီးသည်ဖြစ်တဲ့ အမျိုးသမီးရဲ့ ရင်ခွင်မှာ ခေါင်း ကလေးချပြီးတော့ မှေးအိပ်နေတယ်။ သစ်ပင်ရိပ်မှာ။

ထွန်ဝေခဲ့ ချွေး ရွှေဖြစ်သွား။ ။“အိပ်ရာကနိုးလာလို့ လယ်ထဲရှိတဲ့ တမနက် လုံး ထွန်ထားတဲ့ ပယ်ဝက်လောက် ထွန်း ထားတဲ့ လယ်ထွန်ပြင်ကြီး ကြည့်လိုက်တယ်ဆိုယင်ပဲ အကုန်လုံးဟာ ဝင်း ဝင်းတောက်ပြီးတော့နေတာ တွေ့ရတယ်။

“ဟာ၊ ဘာတွေဖြစ်ပါလိမ့်မလဲ၊ ငါ မျက်စိများ လည်နေရော့ သလား၊ နေမြင့်မှ ထမင်းစားပြီးတော့ အိပ်ရတဲ့အတွက်ကြောင့် ငါ့မျက်လုံး တွေများ ပွန်နေရော့သလား”ဆိုပြီးတော့ မျက်လုံးပွတ်ပြီးတော့ ကြည့်ပြန် တော့လဲပဲ ရဲရဲတောက်နေတာ တွေ့ရတယ်။

“ဒီတော့မှ လယ်တော ဆင်းသွားပြီးတော့ အတုံးကြီး တတုံး ကောက်ယူကာ ထွန်တုံးပေါ်တင်ပြီး ဒုန်းဒုန်းနဲ့ ထုကြည့်တယ်ဆိုယင်ပဲ အားလုံး ရွှေတုံးကြီးဖြစ်နေတာ တွေ့ရတယ်။ ရှိသမျှ လယ်ထဲရှိတဲ့ ထယ်ခဲ ထွန်ခဲတွေ အကုန်လုံး ရွှေတုံးတွေချည့် ဖြစ်ပြီးဟော့ ဝင်းဝင်းတောက်နေတယ်။

“အံ့ဩစရာနော်၊ “အနုပါဒိန္နက” အသက်မဲ့ အရာဝတ္ထုတွေဟာ ပြောင်းလဲသွားကြတယ်။ ဘာကြောင့် ပြောင်းလဲသွားသလဲ၊ ဇနီးမောင်နှံ ၂–ယောက် တမနက်လုံး နိရောဓသမာပတ်မှ ထလာတဲ့ ရှင်သာရိပုတ္တရာ မထေရ်မြတ်ထံ လှူဒါန်းရတဲ့ ဒါနစေတနာရဲ့ စွမ်းရည်ကြောင့် အကုန်လုံး ပြောင်းကုန်ကြပြီနော်။

“ကုသိုလ်ကောင်းမှု ပြည့်စုံလို့ရှိယင် အဲဒီလို ဖြစ်တယ်။ ကုသိုလ်ကံ အချိန်ကုန်ပြန်ပြီဆိုတော့လဲပဲ အဲဒီလို အဖိုးတန်တဲ့ ရွှေတွေဟာ အချည်းနှီး ဖြစ်ပြီးတော့ ပြောင်းလဲကုန်တာတွေ ရှိတယ်။ သာဝတ္ထိမြို့က သဌေး တယောက် ကုသိုလ်ကံကုန်သဖြင့် အိမ်ထဲရှိတဲ့ ရွှေတွေ အကုန်လုံး မီးသွေးခဲတွေ ဖြစ်ကုန်တဲ့ ထုံးတွေ ရှိတယ်။ ဒါကြောင့်မို့လို့ ကုသိုလ်ကံဆိုတာ အလွန်တရာ ဆန်းကြယ်တယ်။

**ကံအကျိုး မှာ မကြံသာ။** ။“ကမ္မဝိပါကော အစိန္တေယျော”တဲ့။

ကမ္မဝိပါကော၊ ကုသိုလ်ကံရဲ့ အကျိုးပေး ဆန်းကြယ်မှုသည်ကား။ အစိန္တေယျော၊ ကြံစည်၍ မရနိုင်လောက်အောင် အံ့ဩစရာ ဖြစ်ပါတယ်။

“ကုသိုလ်ကံကြောင့် ယခု လယ်ထဲက ထွန်ခဲတွေ၊ ထယ်ခဲတွေ ရွှေ ဖြစ်တယ်။ အကုသိုလ်ကံကြောင့် တနည်းပြောရယင် ကုသိုလ်ကံအချိန်ကုန်လို့ အိမ်ထဲက ရွှေတွေ မီးသွေး ဖြစ်တယ်။

“ကိုင်း၊ ဒီတော့ ဒါလောက်များတဲ့ ရွှေတွေ တို ဘယ်လိုလုပ် သုံးရပါ့မလဲ။ တို့က သူတပါးအိမ်နောက်ဆွယ် ကပ်နေရတဲ့ ကပ်ပါးရပ်ပါး ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ။ မင်းထံသွား သံတော်ဦးတင်မှပဲ ဆိုပြီးတော့ မြို့ထဲ ပြန်သွားတယ်။ ဗိမ္ဗိသာရ ဘုရင်မင်းကြီးထံ သံတော်ဦး သွားတင်တယ်။

“ကော သိ တွံ” တဲ့။ “သင် ဘယ်သူလဲ” လို့ ဘုရင်ကြီးက မေးတယ်။ “ကျွန်တော်မျိုး ကိုပုဏ္ဏပါ၊ သုမနသဌေးကြီးရဲ့ အိမ်နောက်ဆွယ် ကပ်ပြီးတော့နေရတဲ့ ဆင်းရဲသား ကိုပုဏ္ဏ ဖြစ်ပါတယ်”။

"ဘာကြောင့် လာသလဲ"

"ဒီကနေ့ ဘုရားကျွန်တော်မျိုး တမနက်လုံးထွန်ထားတဲ့ လယ်ထဲက ထွန်ခဲလယ်ခဲတွေ ရွှေဖြစ်၍ နေပါတယ်။ အဲဒါ ဘုရင့် ဘဏ္ဍာတော်အဖြစ် သိမ်းပိုက်တော်မူရန် လျှောက်ထားဖို့ လာပါတယ်။ ဘုရင်ကြီးက မေးတယ်။ "ဒီကနေ့ တမနက်လုံး မင်းတို့ပြုလုပ်တဲ့ ကောင်းမှု ပြောစမ်း။ ဘာကောင်းမှု များ လုပ်သလဲ" ဆိုတော့ သူတို့ ပြုလုပ်ခဲ့တဲ့ ကောင်းမှုအစုံ ပြန် သံတော်ဦး တင်ကြတယ်၊

"ဘုရင်ကြီးက "ကိုင်း၊ ဒါဖြင့် ဒီရွှေခဲဟာ မင်းတို့ကောင်းမှုနဲ့ မင်းတို့ ရတာကွ။ ငါနဲ့တန်တာ မဟုတ်ဘူး။ ငါ့ကောင်းမှုကြောင့် ရတာ မဟုတ်ဘူး၊ မင်းတို့ ကောင်းမှုကြောင့် ရတာ၊ မင်းတို့ရဲ့ ကုသိုလ်နဲ့ မင်းတို့ ဖြစ်လာတဲ့ ရွှေတွေ မင်းတို့ သုံးရမယ်"။

"ဒကာ ကိုအုံးဟန်ရေ"

"ဘုရား"

"ဗိမ္ဗိသာရဘုရင်မို့ လို့သာနော်"

"မှန်ပါ ဘုရား"

"ဒကာ ကိုအုံးဟန်ကြီးသာ ဆိုယင် ဘယ်သိုလဲ"

"သိမ်းခိုင်းမှာပါ ဘုရား"

"သိမ်းခိုင်းမှာပဲ၊ ဟုတ်တယ်"

"ဗိမ္ဗိသာရ ဘုရင်မင်းတြားကြီးကဖြင့် "မင်းတို့ကုသိုလ်ကံနဲ့ ရတာ မင်းတို့သာလျှင် သုံးထိုက်တယ်၊ ငါ့ကံနဲ့ ရတာမဟုတ်လို့ ငါ မသုံးထိုက်ဘူး" ဒီလို ပြောတယ်ဘဲ့။ သောတာပန် ရှင်ဘုရင်နော်"

"မှန်ပါ ဘုရား"

**သောတာပန်သာ အုပ်ချုပ်ပါက။** ။"မအေး၊ သောတာပန် ရှင်ဘုရင်။ ဒါကြောင့် ဒီစိတ်ကူး ပေါ်တယ်။ ဘယ်လို စိတ်ကူးပေါ်သလဲဆိုတော့ ဘုန်းကြီးက ဒီစာကြည့်ယင်း "အေး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ပုဂ္ဂိုလ်တွေ သောတာပန်ဖြစ်ပြီးမှ အုပ်ချုပ် ယင် ကောင်းမယ်လို့" နော်၊

"သောတာပန်ဖြစ်တော့ သီလက သိပ်မြဲကုန်ပြီ၊ ငါးပါးသီလ အသက်နဲ့ထပ်တူ ချစ်ကြတာ"

"မှန်ပါ ဘုရား"

“ဒုလွန် ကောင်းသွားမှာ တခါထဲ၊ ဒီတိုင်းပြည်ကြီး တည်တည်၊ တည့်တည့် ဆိုတာ အဲဒီက ဖြစ်မှာ၊ ဖြစ်မယ် မဟုတ်လား”

“ဖြစ်မှာပါ ဘုရား”

“ငါးပါးသီလလောက်မှ မလုံခြုံယင်ကတော့ ဘာတွေမှ လုပ်လို့ မရဘူးဆိုတာ မှတ်သာထား၊ ဟုတ်တယ်မဟုတ်လား”

“မှန်ပါ ဘုရား”

“ငါးပါးသီလလောက်မှ မလုံခြုံကြယင် ငါးပါးသီထဲကလဲပဲလေ ဘုန်းကြီးက ပြောချင်တယ်၊ “အဒိန္နဒါနာ” သိက္ခာပုဒ် တခုကိုပဲ ကျကျနန စောင့်ကြစမ်းပါ။ ဒီတိုင်းပြည်ကြီး သိပ်ကောင်းသွားမှာပါလို့ ပြောချင်တယ်။ ဟုတ်ပြီလား”

“ကောင်းပါတယ် ဘုရား”

“ဒီဟာယင် သောတာပန် ဘုရင်မို့လို့သာပဲ၊ သောတာပန် ဘုရင် မဟုတ်ခဲ့ယင်တော့ တို့ဒကာ ဂိုအုံးတင်ကြီး ပြောသလိုပေါ့”

“မှန်ပါ ဘုရား”

“ကိုင်း ရှိစေတော့”

“အဲဒီတော့ယင် ဗိမ္ဗိသာရ ဘုရင်မင်းကြီးက အဲဒီရွှေတွေ နန်းတော်တွင်း အကုန်သိုး သိမ်းပြီးတော့ ယူစေလို့ အမိန့်မထုတ်ပဲနဲ့ “ကိုင်း၊ ကိုပုဏ္ဏာရဲ့ ကုသိုလ်ကံနဲ့ ရတဲ့ ရွှေတွေ မင်း ဘာသုံးချင်တုန်း ပြောစမ်း တဲ့။ အဲဒါတွေ မြို့တွင်းရောက်အောင် ကျွန်ုပ်မသယ်နိုင်ပါဘူး တဲ့။ ဘုရင်ကြီးက သယ်ဆောင်ကြံဆောင်၍ ပေးမှ ဘုရင်ရဲ့ အစောင့်အရှောက်ကို ရမှသာ လျှင် ကျွန်တော်မျိုး အသက်ရှင်ရမှာ ဖြစ်ပါတယ်”။

“ရွှေတွေ ဒါလောက်များ ရန်သူက ဖြစ်လာပြန်ပြီနော်”

“မှန်ပါ ဘုရား”

“ဒီတော့မှ ဘုရင်ကြီးက “ကိုင်း၊ ငါ အကူအညီပေးမယ်” ဆိုပြီး တော့ နန်းတွင်းရှိတဲ့ လှည်းတွေ အကုန်လွှတ်၊ လယ်တော သွားပြီးတော့ ကိုပုဏ္ဏ လယ်ထွန်ထားတဲ့ အထဲက ရွှေခဲ အကုန်လုံး နန်းဦးရင်ပြင်မှာ ပုံရမယ် အမိန့်ချလိုက်တယ်။ နန်းတွင်းက မင်းချင်းယောကျ်ားတွေ လှည်းတွေ တပ်ပြီးဟော့ ထွက်ကြ။

“ဟို သဌေးကြီး သုမနကလဲပဲနော် ဘာမှ လာပြီးတော့ ဒီမှာ အရေးဆိုတယ်လို့ မပါဘူး။ တော်တော် တော်တယ်။ အဲဒီ သဌေးကလဲ

သူ့လယ်ကွက်မှာ ထွန်နေတဲ့ဥစ္စာ ရွှေဖြစ်လာတယ်။ ဒီရွှေတွေဟာ သဌေး သုမန လယ်ထဲက ဖြစ်လာတဲ့ ရွှေ။

"ဒီကနေ့ခေတ် ဆိုလို့ရှိယင်တော့ ပြောမှာပေါ့။ ငါ့လယ်ထဲက ဖြစ်တာဆိုပြီးတော့ လယ်ရှင်က သိမ်းလိမ့်မယ်။ ဟိုကျွန်ဖြစ်တဲ့ ကိုပုဏ္ဏ ဘာမှ ရလိုက်မှာ မဟုတ်ဘူး။

"သောတာပန် ရှင်ဘုရင်က သိမ်းခိုင်းယင်လဲပဲ ဟိုရှင်ဘုရင်က တဘက် တရန်၊ ဒီဘက်က သဌေးက တရန်၊ ဆင်းရဲသားက တခါထဲ ကြားထဲက ငတ်မှာပဲ။ သဌေးကြီး သုမနက လဲပဲ ဘာမှ မပြောဘူး။ ကိုပုဏ္ဏ ကုသိုလ်ကံနဲ့ သူ့ကံနဲ့သူ ရတာ၊ ဘုရင်ကြီးကလဲ သူ့ကံနဲ့သူ ရတာဆိုပြီး တော့ နန်းတော်ထဲ အဲဒါတွေ သယ်စေ၊ သိမ်းဖို့ သယ်ခိုင်းတာ မဟုတ်ဘူး နော်။

**မင်းဟာဆိုက ပျောက်ပျက်ရ။** ။"ကိုင်း၊ သွားကြတဲ့ အခါကျတော့ လယ်ထဲ လှည်းတွေ ရောက်တယ်ဆို ယင်ပဲ ခုနက မင်းချင်းယောကျ်ားတွေက ရွှေတုံးကြီးတွေ ကောက်ကောက် ကိုင်ပြီး "ရဉော သန္တကံ"တဲ့။ ရဉော၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ် နေတဲ့ ရှင်ဘုရင်ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့။ သန္တကံ၊ ဥစ္စာပေတည်း။

"ဒါရှင်ဘုရင့် ပစ္စည်းတွေကွ" ဆိုပြီးတော့ ရွှေတွေ ကောက်ကောက် ပြီးတော့ လှည်းပေါ်တင်။ လှည်းပေါ်လဲရောက်ရော အကုန်လုံး ရွှံ့ချည့် ဖြစ်ကုန်တာပဲ။

"ရဉော သန္တကံ– မင်းဘဏ္ဍာတွေဆိုပြီး လှည်းပေါ် တင်လိုက် တယ်။ လှည်းပေါ်ကျယင် တို့ပရိသတ် ဘာဖြစ်သလဲ"

"ရွှံ့ဖြစ်ပါတယ် ဘုရား"

"ရွှံ့တွေဟာ – ဆိုပြီးတော့ လယ်ထဲ ပြန်ပစ်ချလိုက်၊ လယ်ထဲ ရောက်လိုက် ရွှေဖြစ်လိုက်၊ လှည်းပေါ်တင်လိုက် ရွှံ့ဖြစ်လိုက်၊ လယ်ထဲ ပြန်ချလိုက် ရွှေဖြစ်လိုက်။ ဆန်းကြယ်လိုက်တာနော်"

"မှန်ပါ ဘုရား"

"အေး၊ ဒီကနေ့တော့ ဒကာ ကိုအုံးဟန်ကြီး သယ်တင်တော့ ဘာ တွေ ဖြစ်ကုန်သလဲ။ ဖြစ်ချင်တာတွေ ဖြစ်ပေါ့လေ နော်"

"မှန်ပါ ဘုရား"

"တော်တော်ကြာ ဘယ်ပို့လိုက်တာ ဘာတွေ ဖြစ်ကုန်ပြီ၊ ကြားတယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"ရေညော် သန္တကံ– မင်းဘဏ္ဍာတွေ ဟိုမှာလဲပဲ "ရေညော် သန္တကံ" မင်းဘဏ္ဍာတွေဆိုပြီးတော့ တင်လိုက်တာ အကုန်လုံး ရွှေတုံးတွေက ရွှံ့ဖြစ်တယ်။ ဒီတော့မှ မင်းချင်းယောကျ်ားတွေက အကုန်လုံး ပြန်ချ၊ ရွှေဖြစ်၊ လယ်ထဲရောက် ပြန်ရွှေဖြစ်၊ တော်တော်ကြာ သူတို့တတွေ စိတ်ညစ်ပြီးတော့ လှည်းကြီးတွေ အခွံချည်း ပြန်မောင်းသွားတယ်။

"ဘုရင်ကြီးက ဆီးမေးတယ်၊ "ဘယ်မှာလဲကွ မင်းတို့ရွှေတွေ"။ "လှည်းပေါ် တင်တိုင်း တင်တိုင်း ရွှံ့ဖြစ်ကုန်လို့ ကျွန်ုပ်တို့ ပြန်ချခဲ့ပါတယ်"

"တော်တော် မိုက်တဲ့ကောင်တွေ၊ မင်းတို့ ဘယ်လိုလုပ်ပြီးတော့ ဘယ်သဘောနဲ့ တင်ကြသလဲ"

"ရှင်ဘုရင့်ပစ္စည်းတွေ။ တို့ရှင်ဘုရင်တော့ သိပ်ပြီးတော့ ချမ်းသာတယ်၊ ရွှေသရေဖြစ်ပြီ ဆိုပြီးတော့ ဒီလို တင်ကြတာပဲ" ဆိုတော့....

"အဲဒီလို မလုပ်ရဘူးဘဲ့၊ မောင်ပုဏ္ဏရဲ့ပစ္စည်းဘဲလို့ ဆိုပြီး တင်ကြ" ဒီလို ပြောလိုက်တယ်။

"နောက်တခေါက် ပြန်မောင်းရတယ်။ နောက် တခေါက် ပြန်မောင်းတော့မှ ဒီပစ္စည်းဟာ မောင်ပုဏ္ဏ ပစ္စည်းဆိုပြီးတော့ ကောက်ကိုင်တော့မှ အကုန်လုံး ရွှေဟာ ရွှေပဲရတယ်၊ နန်းရင်ပြင်မှာ ပုံပြီးတော့ ထားလိုက်တာ၊ အတောင် ရှစ်ဆယ်လောက် မြင့်တဲ့ ရွှေပုံကြီး ဖြစ်လာတယ်။ ဒီတော့မှ ရှင်ဘုရင်ကြီးက မေးတယ် "မောင်ပုဏ္ဏ ဒါတွေ မင်းဘာလုပ်လိုသလဲ"

"ရှင်ဘုရင် စီမံတဲ့အတိုင်းသာ လိုက်နာဖို့ အဆင်သင့် ဖြစ်ပါတယ်" ဆိုတော့မှ ရှင်ဘုရင်က ဗိမ္ဗိသာရဘုရင်မင်းကြီးက "ရာဇဂြိုဟ် တမြို့လုံး မောင်းကြေးနင်းခတ်ဘယ်၊ ရှိသမျှ သဌေးတွေ အကုန်လုံး နန်းတော်ထဲ စုစေ" မောင်းခတ် စုလိုက်တယ် ဆိုယင်ပဲ မြို့ထဲရှိတဲ့ သဌေးတွေ အကုန်လုံး စုမိရော၊ "မောင်ပုဏ္ဏတို့လို ရွှေပေါတဲ့ ပုဂ္ဂိုလ် ရာဇဂြိုဟ်မှာ ရှိသေးရဲ့လား" လို့ကြည့်လိုက်တော့ တယောက်မှ မေးမရဘူး၊ ကိုပုဏ္ဏတို့ ရွှေအပေါဆုံး ပါပဲတဲ့။

"ဒါဖြင့်ယင် ဒီမောင်ပုဏ္ဏတို့ ဇနီးမောင်နှံကို ဘယ်လိုလုပ်ရမှာလဲလို့ အများသဘောတူ ပြောကြစမ်း၊ ဘယ်လိုလုပ်ရမှာလဲ။ သဒ္ဓေးရာထူးပေးပြီး တော့ ထီးဖြူဆောင်းရယင် ကောင်းမယ်၊ ဟုတ်လား။ ဘုရင့်တိုင်းပြည်မှာ သဌေးရတနာတယောက် တိုးလာသဖြင့် ဂုဏ်ရှိပါတယ်။ ဒီလို အကြံဉာဏ် ပေးကြတယ်။

"ကောင်းလိုက်တဲ့ အကြံဉာဏ်နော်"

"မှန်ပါ ဘုရား"

"သဌေးရာထူးပေး၍ထီးဖြူဆောင်းရယင် ကောင်းလိမ့်မယ်၊တို့ဒကာ ကိုအုံးဟန်ကြီးသာ ရှင်ဘုရင်ဖြစ်ယင် ဘာလုပ်မလဲနော်၊ တို့ပရိသတ်က သိပြီးသား။ သူ ပြောတော့ မပြောဘူး။

"အဲဒီတော့ သဌေးရာထူးပေး၊ ထီးဖြူဆောင်းရယင် ကောင်းမှပဲ ဆိုတဲ့အခါကျတော့မှ ကိုပုဏ္ဏ တို့ကို ထီးဖြူဆောင်း၊ သဌေးဘွဲ့ တခါထဲ အပ်နှင်းပြီးတော့ အဲဒီနေရာမှာ ရှင်ဘုရင်က ဘိသိက်သွန်းတယ်။

"ဒီတော့ ကိုပုဏ္ဏအတွက် နေစရာ မရှိဘူး။ သူတို့က သူတပါး အိမ် နောက်ဖေး ကပ်ပြီးတော့ နေရတယ်။ ကိုပုဏ္ဏက "ကျွန်တော်မျိုး နေစရာ မရှိပါ။ နေဖို့ရန် အိမ်မြေတကွက်တော့ ရမှ တော်မယ်" ဆိုတော့မှ ဟိုရှေးတုန်းက သဌေးတယောက် နေသွားတဲ့ နေရာဟောင်း အိမ်ခြံဟောင်း တခုကို သူတို့အတွက် ရှင်းလင်းသုတ်သင်ပြီတော့ အဲဒီမှာ အိမ်တလုံး ဆောက်ပြီးတော့ တင်လိုက်တတ်။ အဲဒီ အိမ်တက်မင်္ဂလာ အခမ်းအနားမှာ သဌေး ထီးဖြူဆောင်းတဲ့ အခမ်းအနားနဲ့ တွဲပြီးတော့ သူတို့ အခမ်းအနား ၂–ခု ကျင်းပကြတယ်။ ရှိသမျှရွှေတွေ အကုန်လုံး အိမ်ပို့ပြီးတော့ အဲဒီမှာ သဌေးစည်းစိမ် ခံစားကြတယ်။

"အိမ်သစ်တက် မင်္ဂလာရယ်၊ သဌေး ထီးဖြူဆောင်းဘွဲ့ မင်္ဂလာ ရယ်၊ မင်္ဂလာ အခမ်းအနား ၂–ခုမှာ တနေ့ထဲ ကျင်းပပြီးတော့ ဘုရား အမှူးရှိတဲ့ သံဃာတော်များ ပင့်ပြီးတော့ အိမ်မှာ သူတို့ တရားနာကြ တယ်။

"အိမ်သစ်တက် အခမ်းအနား တရားနာတယ်။ တရားနာတော့ မြတ်စွာဘုရားဟောတဲ့ တရားက အဲဒီမှာ ဘာဟောတုံးဆိုတော့....

"အနုပုဗ္ဗိ ကထံ ကထေသိ" အနုပုဗ္ဗိကထံ၊ အစဉ်အတိုင်းဖြစ်တဲ့ တရားစကား ကထာကို။ ကထေသိ။ ဟောပြီ။

"အနုပုဗ္ဗိကထာ ဟောတယ်။ အနုပုဗ္ဗိကထာ ဆိုတာက....

(၁) ဒါနကထာ — ဒါနနဲ့ ပတ်သက်တဲ့ စကား။
(၂) သီလကထာ — သီလနဲ့ပတ်သက်တဲ့ စကား ။
(၃) သဂ္ဂကထာ —နတ်ရွာနဲ့ ပတ်သက်တဲ့ စကား၊ နတ်ရွာသုဂတိနှင့် ပတ်သက်တဲ့ စကား၊
(၄) ကာမာနံ အာဒီနဝ — ကာမဂုဏ်တို့ရဲ့ အပြစ်နဲ့ ပတ်သက်တဲ့ စကား၊
(၅) မဂ္ဂကထာ — မဂ္ဂင် ရှစ်ပါး အကျင့်တရားနဲ့ ပတ်သက်တဲ့ စကား၊
(၆) စတုသစ္စ ကထာ — သစ္စာလေးပါးနဲ့ ပတ်သက်တဲ့စကား"။

"တိုင်ရိသတ်၊ စကား ဘယ်နှစ်မျိုးလဲ"

"၆–မျိုးပါ ဘုရား"

"ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ မဂ္ဂကထာ၊ စတုသစ္စ ကထာ၊ ကထာ ၆–ပါး ဟောတယ်၊ ကိုပုဏ္ဏတို့ ဒီနေ့ ချမ်းသာလာတာ ဒါနကြောင့် ချမ်းသာလာတာ ဖြစ်တယ်၊ ဒါကြောင့် ဒါနတရား ဆိုတာ သတ္တဝါတို့ရဲ့ အားကိုးရာ၊ မှီခိုရာ၊ ဆောက်တည်ရာကြီးပဲ။ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော လောကမှာ ဒါန တရားသည် သတ္တဝါတို့ရဲ့ အားကိုးရာ၊ ဆောက်တည်ရာ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"ဒါနတရား ဆိုတာ သတ္တဝါတို့ရဲ့ ဆောက်တည်ရာ၊ အားကိုးရာ ဖြစ်တယ်။ ဒါကြောင့် ဒါနကိုလဲ ပြုသင့်တယ် ဆိုပြီးတော့ ဒါနကထာ ဟောတယ်။ အဲဒီ ဒါန ကောင်းမှုဖြင့် လူ့စည်းစိမ်၊ နတ်စည်းစိမ် ဆိုတဲ့ စည်းစိမ်အမျိုးမျိုးကို ပေးနိုင်တယ်ဆိုတဲ့ အကြောင်းနဲ့ အကျယ်ဟောပြီး ဒါန ကထာ အဆုံးသတ်ပြီးတဲ့အခါကျတော့ ဒါနတွေ ပြုသဖြင့် ဘယ်သိုပင် ချမ်းသာတယ်၊ စည်းစိမ်ဥစ္စာ ရတနာတို့ဖြင့် ချမ်းသာပင် ချမ်းသာငြား သော်လဲပဲ အနာကင်းတဲ့ ကျန်းမာခြင်း၊ ရန်ကင်းခြင်း၊ အန္တရာယ်ကင်းခြင်း ဆိုတာတွေက သီလကို စောင့်သုံးမှ ဖြစ်တယ် ဆိုပြီးတော့ သီလကထာကို မြတ်စွာဘုရား ဟောတယ်။

ငိုးပွားပျက်ခြင်း အကြောင်းရှင်း။ ။"ဒါန သီလ ၂—ပါးနော်"
"မှန်ပါ ဘုရား"

"တို့ပရိသတ် ဒီနေ့ ဟုတ်လား၊ ပစ္စည်းအခိုးခံရတယ်၊ ဒမြ အတိုက် ခံရတယ်၊ ဆင်းရဲသွားတယ်၊ မွဲသွားတယ်၊ ပစ္စည်းတွေပျက်သွားတယ်ဆိုတဲ့ စည်းစိမ်ပျက်ခြင်းရဲ့ အကြောင်းတွေ၊ ဆင်းရဲသွားတဲ့ အကြောင်းတွေကို ကြည့်လို့ရှိယင် တချို့က ဘယ့်နှယ်ပြောသလဲဆိုတော့"ဟာ၊ ဒါနနည်းလို့ ဆင်းရဲတာ၊ ဒါနနည်းလို့ ဆင်းရဲတာ" ဒီလို ပြောတယ်။

"အဲဒီနေရာမှာ ကြည့်လိုက်လို့ရှိယင် ဒါန နည်းလို့ ဆင်းရဲတယ် ဆိုတာဟာ အကြောင်း သိပ်မလုံလောက်သေးဘူး၊ အဒိန္နဒါန— သူတပါး ပစ္စည်းကို မိမိသည် လွန်လေပြီးတဲ့ ဘဝတွေတုန်းက ခိုးခဲ့ဝှက်ခဲ့တဲ့ ပုဂ္ဂိုလ် များဟာလဲပဲ ဒီဘဝ ဆင်းရဲတယ်၊ ဒီလို မဟုတ်ဘူးလား။

"အဒိန္နာဒါ၊ ငိုးမိပါမူ၊ ဥစ္စာမဲ့မွဲ၊ ဆင်းရဲငတ်ဘိ၊ လိုရှိမရ၊ ဘောဂ ပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊ မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ဘေးရန်ကွာသည်၊ ရှောင်က အပြန်အကျိုးတည်း။

"အဒိန္နဒါ၊ ခိုးမိပါမူ၊ ဥစ္စာမဲ့မွဲ၊ ဆင်းရဲငတ်ဘိ – သူတပါးဥစ္စာ ခိုးမိတဲ့ ပုဂ္ဂိုလ်တွေဟာ၊ဥစ္စာမဲ့မွဲ –ဘဝတိုင်း ဘဝတိုင်း ဆင်းရဲတတ်တယ် ငတ်တယ်၊ မိမိ အလိုရှိတဲ့အခါ မရဘူး ဘောဂပျက်စီး—ရှိပြီးသား စည်းစိမ် ကလေးတွေတောင်မှ ပျက်စီးသွားတတ်တယ်။ ရေ—မီး—မင်း—ခိုးသူ၊ ဟုတ် လား။ အမွေခံ သားဆိုး၊ သမီးဆိုး ဆိုတဲ့ ရန်သူမျိုး ငါးပါးကြောင့်လဲပဲ စည်းစိမ်တွေဟာ ပျက်တတ်တယ်။

"ဒီတော့ မရသေးတဲ့ စည်းစိမ်ကို မရတာရယ်၊ ရပြီးသား စည်းစိမ် တွေ ပျက်တာရယ်လို့ လိုရင်းကောက်ချက် ချလိုက်လို့ရှိယင် အဲဒီ ဒုက္ခဖြစ်မှု ၂—ခုဟာ ဘာကြောင့်လဲ ဆိုယင် ဘယ့်နှယ်ပြောမလဲ"

"သူများပစ္စည်း ခိုးမှုကြောင့်ပါ ဘုရား"

"သူများပစ္စည်းခိုးလို့ ဆင်းရဲတယ်၊ရှိပြီးသား စည်းစိမ်တွေပျက်တယ် ပေါ့။ ရန်သူမျိုး ငါးပါးနဲ့ ကြုံရတယ်ပေါ့။ အဒိန္နဒါနကံ ဟုတ်လား"

"မှန်ပါဘုရား"

"ဒီလိုဆိုလို့ရှိယင် ဒါနနည်းလို့မွဲတယ်ဆိုတဲ့စကား အကြောင်း တရပ်ဟာ လုံလောက်ပါ့မလား"

"မလုံလောက်ပါဘုရား"

"မလိုလောက်ဘူး၊ ဒါန နည်းတာက တကြောင်း၊ အဒိန္နဒါနာ အကုသိုလ်ရှိသည်လည်း တကြောင်း၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အဲဒီ ဒါန ချွတ်ယွင်းမှု ခုနက အဒိန္နဒါနာ အကုသိုလ်ပြုမှုဆိုတဲ့ အကြောင်း ၂-ပါးကြောင့် သတ္တဝါတွေဟာ ဆင်းရဲတယ်တဲ့။ ရှိပြီးသား စည်းစိမ်တွေဟာလဲ ပျက်တတ်တယ်တဲ့။ ဒါနကထာနဲ့ ပတ်သက်လို့ သီလကထာနဲ့ ပတ်သက်လို့ အဲဒီလို ယူ။ ဒါန နည်းယင် မွဲတယ်။ ဒါနကထာ ပြီးစေ။ အဒိန္နဒါနာ သီလပျက်စီးခဲ့ယင်လဲပဲ အဲဒီ ဒါန ဆိုတဲ့ ဒါနအကျိုးကြောင့် ရလာတဲ့ စည်းစိမ်တွေ ပျက်စီးတတ်တယ်။

"အဲဒီလို ဒါနကထာ၊ သီလကထာ ၂-ပါး ဟောသဖြင့် ဒါန၊ သီလ ၂-ပါးကောင်းစွာ ပြည့်စုံလိုလောက်ကြတဲ့ ဒကာ-ဒကာမတွေသည် ဘယ်သွားမလဲ၊ အလွန်ဆုံး နတ်ပြည် ၆-ထပ်၊ ဟုတ်ပြီလား"

"ဟုတ်ပါ ဘုရား"

"နတ်ပြည် ၆-ထပ် အထက် မတက်နိုင်ဘူး။ ဒါန သီလ ဆိုတာ ကာမ ကုသိုလ် ဖြစ်တယ်။ ကာမဘုံကို မကျော်နိုင်ဘူး။ ဒါဖြင့် ဒါန-သီလ ၂-ပါးကြောင့် နတ်ပြည်ရောက်ကြတဲ့ တို့ဒကာ ဒကာမတွေ နတ်စည်းစိမ်၊ လူ့စည်းစိမ် စည်းစိမ် ၂-မျိုး။ လူ့လောကမှာလဲ အထက်တန်းကျတဲ့ စည်းစိမ်ရှင်တွေ၊ နတ်ပြည်မှာလဲ အထက်တန်းကျတဲ့ စည်းစိမ်ရှင်တွေ ဖြစ်သဖြင့် အဲဒီ စည်းစိမ်တွေ ဆိုတာက ဘာတဲ့တုန်းဆိုတော့ ကာမဂုဏ် တရားတွေ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"ဒါန၊သီလ ၂-ပါးကြောင့် ရတယ်ဆိုတာ ကာမဂုဏ်တဲ့။ ဒီတော့ ယင် ကာမဂုဏ် ဆိုတာက ဘာတဲ့လဲဆိုယင် သာယာမှုက အလွန်နည်းပြီး ဆင်းရဲဒုက္ခတွေကဲ သိပ် များတာ။ ကာမဝတ္ထု တခု ရဖို့အတွက် တို့ဒကာ-ဒကာမတွေ ဘယ်လောက် ဆင်းရဲပင်ပန်းနေကြတယ်ဆိုတာ ဆင်ခြင်မိဖို့ရန် ကာမာနံ အာဒီနဝကထာကို ဆက်ပြီးတော့ မြတ်စွာဘုရားက ဟောတယ်။ ဘယ်လိုဟောတုံးဆိုတော့....



# ဝိဇယသုတ္တန်တရားတော် ပထမပိုင်း ၂

## ဝိဇယသုတ္တန်တရားတော် ပထမပိုင်း ၂

**ကာမဂုဏ်မှာ အပြစ်တွေ တပုံကြီး။** ။ "မံသပေသူပမာ ကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ အာဒီနဝေါ ဧတ္ထ ဘိယျော"

"ဘိက္ခဝေ၊ ရဟန်းတော်များ၊ အိုချစ်သားတို့၊ ကာမာ၊ ကာမဂုဏ်တရားတို့သည်၊ မံသပေသူပမာ၊ အသားတုံးနှင့် တူလှကုန်၏၊ ဗဟုဒုက္ခာ၊ ဆင်းရဲမှုတွေက များလှကုန်၏၊ ဗဟုပါယာသာ၊ ပင်ပန်းမှုတွေက များလှကုန်၏၊ ဧတ္ထ၊ ဤဒါန–သီလ ၂–ပါးကြောင့် ရရှိထားတဲ့ 'သဂ္ဂ' လို့ ခေါ်တဲ့ ကာမဂုဏ်စည်းစိမ်တရားတို့၌။ အာဒီနဝေါ၊ အပြစ်တွေသာ။ ဘိယျော၊ များလှချေ၏၊

"အေး၊ ဒါန–သီလ ၂–ပါးကြောင့်ဘာရသလဲ။ သဂ္ဂလို့ ခေါ်တဲ့ နတ်ရွာသုဂတိ ရတယ်ဆိုယင် နတ်ရွာသုဂတိမှာ ရတာတွေက ကာမဂုဏ် စည်းစိမ်တွေ။ အဲဒီ ကာမာဝစရ ကုသိုလ်တို့ကြောင့် ရလာတဲ့ အကျိုးတရား ကြည့်မယ်ဆိုယင် ကာမဂုဏ်တွေပဲ။ ကာမဂုဏ်ရဲ့ နောက်နားက ကပ်နေတဲ့ အကျိုးတရား ကြည့်ပြန်ယင်လဲ အာဒီနဝ ဆိုဘဲ့ ဆင်းရဲပင်ပန်းမှုတွေပဲ။ "အာဒီနဝေါ ဧတ္ထ ဘိယျော" အပြစ်ကသာလျှင် များတယ်။

"ကာမဂုဏ် ဆိုတာ ကောင်းကျိုးနဲ့ အပြစ် ဤ ၂–မျိုး ဘယ်က များသလဲ"

"အပြစ်က များပါတယ် ဘုရား"

“အပြစ်က များတယ်၊ ဘဲနဲ့တူတုံးဆိုတော့ “မံသပေသူပမာ” အသားတုံးနှင့် တူလှကုန်၏၊ အသားတုံးနှင့် တူတယ်တဲ့။

“အသားတုံးတတုံး ချီသွားတဲ့ စွန်တကောင် ကောင်းကင်ရောက်ပြီ ဆိုလို့ရှိယင် အခြား အသားတစ်မရတဲ့ စွန်တွေက သူ့ကို ဘယ့်နှယ်လုပ်မလဲ”

“လိုက်ပါမယ် ဘုရား”

“ဝိုင်းပြီးတော့ လိုက်မယ်၊ ထိုးမယ်၊ ဆိတ်မယ်၊ နှိပ်စက်ကြမယ်”

“မှန်ပါ ဘုရား”

“အေး၊ အဲဒီ နှိပ်စက်ဖန်များသဖြင့် အသားတုံး ဖက်ထားတဲ့ စွန်တကောင်သည် ပင်ပန်းတဲ့အတွက်ကြောင့် အသားတုံးကို ပစ်လိုက်တယ်။ အားကောင်းမောင်းသန် အခြား စွန်တကောင် ပြေးပြီးတော့ သုတ်တယ်။

“အသားတုံးကို ရတိုင်းရတိုင်းသော စွန်တို့သည် အသားတုံး မရတဲ့ အခြားအခြားသော စွန်တို့ရဲ့ နှိပ်စက်ခြင်းကို မခံရဘူးလား”

“ခံရပါတယ် ဘုရား”

“လွှတ်တိုင်း လွှတ်တိုင်းသော စွန်တွေ ဘာဖြစ်”

“သက်သာရာ ရပါတယ် ဘုရား”

“သက်သာရာ ရတယ်၊ ဒါကြောင့် ကာမဂုဏ်ဆိုတာ တို့ပရိသတ် မှတ်ထား။ အသားတုံးနဲ့ တူတယ်။ အဲဒီ ကာဂုဏ်ဖက်ထားတဲ့ သတ္တဝါတွေဆိုတာ အသားတုံးကို ရထားတဲ့ စွန်နဲ့ တူတယ်။ မရတဲ့ စွန်တွေရဲ့ ထိုးဆိတ်ခြင်းကို ခံရသလိုပဲ။

“ကာမဂုဏ်ကို ရထားတဲ့ ပုဂ္ဂိုလ်တို့သည် မရတဲ့ ပုဂ္ဂိုလ်တို့ရဲ့ လုယက် သတ်ဖြတ်နှိပ်စက်ခြင်းကို ခံရတယ်ဆိုတာ ကေန်ပဲနေဉ်”

“မှန်ပါ ဘုရား”

“ကာဂုဏ် ဆိုတာ ရာထူးကလေး တခုပဲ ဆိုပါတော့၊ ဟုတ်လား၊ ရာထူးလေးတခု၊ ဘာရာထူးပဲ ဖြစ်ဖြစ်”

“မှန်ပါ ဘုရား”

“အဲဒီ ရာထူးလေး တခုတခု ရဖို့အရေးကို ဒီကနေ့ အမျိုးသား အမျိုးသမီးတွေ အလုအယက် လုပ်နေကြတယ် မဟုတ်လား”

“လုပ်နေကြပါတယ် ဘုရား”

''အသားတစ်ကလေးတတစ်ကို ဝိုင်းပြီးတော့ လုနေကြတာပဲ။အဲဒီလို လုကြယက်ကြတဲ့ နေရာမှာ တယောက်နဲ့တယောက် ဟုတ်လှား။ ဒေါသတွေ၊ အာဃာတတွေ၊ ရန်ငြိုးတွေ တယောက်အပေါ်တယောက် စွပ်စွဲမှုတွေ၊ နှိပ်စက်မှုတွေ၊ ညှဉ်းပန်းမှုတွေ မဖြစ်ဘူးလား''

''ဖြစ်ပါတယ် ဘုရား''

''ဖြစ်တယ်တဲ့၊ မိမိတို့ အရပ်ထဲမှာ လှမ်းပြီးတော့ ကြည့်လေ။နေရာကလေးတခု လစ်လပ်သဖြင့် အဲဒီနေရာ လူစားတယောက် သွင်းမယ်ဆိုယင် တင်လိုက်တဲ့လျှောက်လွှာတွေ ပီဋကတ်တိုက် တလုံးစာလောက် ရှိတယ်။ ဒီတော့ လုကြရတာပေါ့။ အသားတုံးကလေးတခုနော်''

''မှန်ပါ ဘုရား''

''လုတယ် ဆိုယင်ပဲ အနည်းနဲ့အများ နှိပ်စက်ညှဉ်းဆဲမှု ဆိုတာ ရှိတော့တာပဲ။ ရသူက ဝမ်းသာယင် မရသူက ဝမ်းနည်းပေါ့။ အဘိဇ္ဈာနှင့် ဒေါမနဿဟာ တွဲနေတာပဲ၊ ရတော့ လောဘနဲ့ ဝမ်းသာ၊ မရတော့ ဒေါသနဲ့ ပင်ပန်း။ ဒါကြောင့်....

''တွေ၊ ဤ ကာမဂုဏ်တရားတို့၌။အာဒိနဝေါ၊ အပြစ်ကသာလျှင်။ ဘိယျော၊ များလှပေ၏တဲ့။

''ကာမဂုဏ်တရား ဆိုတာ နောက်ဥပမာတခု ဘုရားက ဘာပြောပြန်တုန်းဆိုလို့ ရှိယင်ဖြင့် အရိုးခြောက်နဲ့တူတယ်တဲ့ ။မံသပေသူပမာကာမာတဲ့။ အသားမရှိတဲ့။ အရိုးခြောက်နဲ့ တူတယ်။ အမဲရိုးကလေး တချောင်း ခွေးချီပြီးတော့ လာယင် တို့ဒကာ ကိုအုံးဟန်ကြီး သေသေချာချာ ကြည့်ထား။ အဲဒီ ခွေးဟာ တကျွတ်ကျွတ်နဲ့ အားကြိုးမာန်တက် ခဲပြီးတော့ ဝါးတော့ တာပဲနော်''

''မှန်ပါ ဘုရား''

''အားကြိုးမာန်တက် ဝါးနေတဲ့ ခွေးကလေးသည် တဖြည်းဖြည်းနဲ့ သူ့ရဲ့ ပါးစပ်ထဲက အာရည်တွေ၊ လျှာရည်တွေက အဲဒီ အမဲရိုးကို စိုသွားပြီ၊ ရွှဲသွားပြီ ဆိုတဲ့ အခါကျယင် အဲဒီဥစ္စာ ခွေးက အနံ့ ခံပြီး ထွက်လာတဲ့ သားနံ့ရည်တို့မှ ထွက်လာတဲ့ အရသာလေးကို မက်မက်မောမော တွယ်တွယ်တာတာဖြစ်ပြီးတော့ နောက်ထပ် အလွန်တရာ ချိုမြိန် ကောင်းမြတ်တဲ့ အရသာလေး ဒီအရိုးကထွက်လာမှဦးမည်ဆိုတဲ့ အထင်ဖြင့် သွားတွေ ကျိုးချင်ကျိုးပါစေ တနေကုန် သူ ခဲနေတယ်တဲ့နော်''

''မှန်ပါ ဘုရား''

"ခဲတိုင်း ခဲတိုင်း ဒီခွေးသည် ပင်ပန်းလိုက်တာ။ ကြည့်လိုက်စမ်း၊ သွားတွေ ကျိုးချင်ကျိုးသွားမယ်၊ ဒုက္ခဖြစ်လိမ့်မယ်။ ဒီအရိုးခြောက်ထဲက အရသာ ထွက်ပါ့မလား"

"မထွက်ပါ ဘုရား"

"ဘာအသားမှလဲ မထွက်ဘူး။ ပိုကောင်းတဲ့ အရသာဆိုလို့ ဘာမှ မရှိပါဘူး။ သူ့အထင်ကတော့ အရသာ သိပ်ပြီးရှိတယ် ထင်တယ်။ ဒါကြောင့် ကာမဂုဏ် ဆိုတာ အဲဒီလို အသားမကပ်တဲ့ အရိုးခြောက်နဲ့ တူ၏။ အဲဒီ အရိုးခြောက်နဲ့တူတဲ့ ကာမဂုဏ်မက်မောတွယ်တာကြတဲ့ အမျိုးသား အမျိုးသမီးအပေါင်း သူတော်ကောင်းတို့သည် ဘာနဲ့တူသလဲဆိုတော့ အရိုးခြောက်ကို ကိုက်တဲ့ခွေးငမိုက်နဲ့ တူဘယ်လို့ ဒီလိုပြောတယ်။

"အဲဒီ အရိုးခြောက်လေးကို ခွေးရဲ့ ပါးစပ်က ထွက်လာတဲ့ လျှာရည်တွေ၊ အာရည်တွေ စိုသွားပြီဆိုကြတဲ့ အခါကျတော့ အရသာ ရှိတယ်လို့ ပင်ထင်ရပြားသော်လည်း တကယ်တော့ ဘာအရသာမှ မထွက်ဘူး၊ ဒါဖြင့်ယင် ဒီအရိုးခြောက်ကို ဘာကြောင့်ကြိုက်တုံးဆိုတော့ သူ့ရဲ့ ပါးစပ်က ထွက်လာတဲ့ လျှာရည်ကလေးတွေ၊ အာရည်ကလေးတွေနဲ့ လိမ်းထားမိသဖြင့် အရသာရှိလာတဲ့ အတွက်ကြောင့်၊ အရသာ အနည်းငယ် ပေါ်လာတဲ့ အတွက်ကြောင့် သူကြိုက်မိဘယ်၊ ဒါကြောင့် ကာမဂုဏ်ဆိုတာ အရသာ ကင်း၊အသားမရှိတဲ့ အရိုးခြောက်ပဲ၊ အရိုးခြောက်ကို မက်မောတဲ့ တဏှာ ဆိုတာက ခြောက်နေတဲ့ အရိုးကို စိုပြည်အောင် လိမ်းကျံထားတဲ့ သွားရည်ပဲ၊ ကာမတဏှာကို ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်တွေက အရိုးကိုက်တဲ့ ခွေး ငတ်မိုက်တွေပဲ၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"ဒီတော့ယင် အရိုးခြောက်ကို သွားရည်ဖြင့် လိမ်းသဖြင့် မက်မော တဲ့ ခွေးငမိုက်သည်တဲ့ ပင်ပန်းရရှာလေသကဲ့သို့ ကာမဂုဏ်ကို ကာမတဏှာ တည်းဟူသော သွားရည်ဖြင့် လိမ်းကျံပြီးတော့ မက်မောတွယ်တာနေကြတဲ့ အမျိုးသား အမျိုးသမီး ပုဂ္ဂိုလ်တို့အနေနဲ့လဲပဲ....

"ဗဟုဒုက္ခာ၊ ဆင်းရဲမှုတွေက များလှကုန်၏။ ဗဟုပါယာသာ၊ ပင်ပန်းမှုတွေကသာလျှင် များလှကုန်၏၊ အပ္ပဿာဒါ၊ သာယာမှုက နည်း ပါးလှကုန်၏။

"ကာမဂုဏ်တခု ရဖို့အရေး ပင်ပန်းကြီးစွာ လုပ်မှ ရတယ်၊ ဝမ်းမြောက်ဝမ်းသာနဲ့ ခံစားရတဲ့ သာယာကြည်နူးမှုကလေးဟာ အတိုင်း

အတာအားဖြင့်လဲ အလွန် နည်းလှတယ်။ အချိန်အားဖြင့်လဲ အလွန် တိုတောင်းလှတယ်။ အဲဒီလို ကာမာနံအာဒီနဝကထာ မြတ်စွာဘုရား ဟောတယ်။ ဒါနကထာ၊သီလကထာ၊ ဒါန–သီလ ၂–ပါးကြောင့် ရတဲ့ သဂ္ဂဆို့ လူတဲ့ စည်းစိမ်၊နတ်စည်းစိမ် ဆိုတာ ကာမဂုဏ်နော်"

"မှန်ပါ ဘုရား"

**ကာမဂုဏ်နယ်က ထွက်မြောက်နိုင်တဲ့ လမ်း ၈ –သွယ်။** ။"အဲဒီ ကာမဂုဏ် ဆိုတာကို အပြစ်မြင်အောင် ကြည့်လိုရှိယင် ကာမဂုဏ်ကို ရွံမုန်းတဲ့ စိတ်တွေ ဝင်လိမ့်မယ်။ ဒါကြောင့် "ကာမာနံအာဒီနဝကထာ" ဟောတယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အဲဒီ "ကာမာနံအာဒီနဝကထာ"ကြောင့် ကာမဂုဏ် ရွံမုန်းတဲ့ စိတ်တွေ ပေါ်ပေါက်လာတဲ့အခါကျတော့မှ မြတ်စွာဘုရား ဘာဟောတုံး ဆိုလို့ရှိယင်ဖြင့် မဂ္ဂကထာ ဟောတယ်။ မဂ္ဂင်ရှစ်ပါး– ကာမဂုဏ်မှ ထွက်ရာ နည်းလမ်းကို ညွှန်ပြတယ်။ ကာမဂုဏ်မှထွက်မြောက်ရာ ထွက်မြောက်ကြောင်း နည်းကောင်းလမ်းကောင်းပေါ့။ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ မဂ္ဂင်တရား ရှစ်ပါး မပြဘူးလား"

"ပြပါတယ် ဘုရား"

"မဂ္ဂင်ရှစ်ပါး အကျဉ်းချုပ်တော့ သီလ၊ သမာဓိ၊ ပညာပဲ။ သီလ ကျင့်သုံးကြည့်ပါ။ ကာယကံ၊ ဝစီကံ လွန်ကျူးမှုတွေ မရှိတော့တဲ့အတွက် ဝိတိက္ကမကိလေသာတွေ ငြိမ်းပြီးတော့ အပါယ်လေးပါး တံခါးပိတ်တယ်။ သမာဓိဖြင့် စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်နိုင်ရန် နီဝရဏတရား ကုသိုလ်ရဲ့အတားအဆီးတွေကင်းစင်ပြီးလက်တွေ့ စေတသိကသုခ ဆိုတဲ့ ပိတိပါမောဇ္ဇ၊ ပဿဒ္ဓိဆိုတဲ့ငြိမ်းချမ်းမှုကို ရတယ်။ဒီတော့သမာဓိတရားဟာ သီလထက် ပို၍ ချမ်းသာမှုကို ပေးတယ်။ ဒါကြောင့် ဈာန်ချမ်းသာက ပို၍ သက်သာတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"ပညာစောင့်သုံးယင်ဖြင့် ပို၍ပို၍ပင် သက်သာတယ်။ ပညာစခမ်း တက်လိုက်တော့ ကာမနဲ့ ဘဝကို တပ်မက်စွဲသမ်းနေတဲ့ ဒုက္ခမျိုးစုံတို့ရဲ့ အကြောင်း သမုဒယဖြစ်တဲ့ တဏှာနဲ့ ဥပါဒါန် အကြွင်းမဲ့ ပြတ်ကရော။အဲဒီ အခါ "နိဗ္ဗာန" ဆိုတာ ရတော့တာပဲ၊ အမြင့်ဆုံးချမ်းသာ "သန္တိသုခ"ပဲ။

ဒါကြောင့် သီလ ကောင်းစွာ စောင့်သုံးယင် ကာမဂုဏ်ကြိုက်တဲ့ ပုဂ္ဂိုလ် တယောက်အနေနဲ့ အတော် သက်သာတယ်။ သမာဓိ စောင့်သုံးယင် ပို၍ သက်သာတယ် မဟုတ်လား''

''မှန်ပါ ဘုရား''

''ပညာစောင့်သုံးယင်ဖြင့် ပို၍ပို၍ပင် သက်သာသွားမယ်''

''သက်သာသွားပါမယ် ဘုရား''

''ကိုင်း၊ သီလပိုင်း ကြည့်စမ်း၊ ကာယကံ ဘယ်နှစ်ပါးလဲ''

''၃–ပါးပါ ဘုရား''

''ဝစီကံ''

''၄–ပါးပါ ဘုရား''

''၄–ပါး၊ အဲဒီ ကာယကံလွန်ကျူးမှု၊ ဝစီကံ လွန်ကျူးမှုတွေကိုလဲ သီလနဲ့ထိန်းမှ ရတာနော်''

''မှန်ပါ ဘုရား''

''မနောကံ သောင်းကျန်းမှုကျတော့ သမာဓိနဲ့ ထိန်းရတယ်''

''မှန်ပါ ဘုရား''

''အနုသယခေတ် ကျလို့ရှိယင် ပညာနဲ့ သတ်ရတယ်၊ ဒီလို မဟုတ်လား''

''မှန်ပါတယ် ဘုရား''

**ကိလေသာ အမျိုးအစား။** ။''ဒီတော့ (၁) ဝိတိက္ကမ ကိလေသာရယ်၊
(၂) ပရိယုဋ္ဌာန ကိလေသာရယ်၊
(၃) အနုသယ ကိလေသာရယ်၊

''ကိလေသာ ဘယ်နှစ်ပါးလဲ''

''၃–ပါးပါ ဘုရား''

''ကိလေသာ ၃–ဆင့်၊ ၃–စားရှိတော့ ဝိတိက္ကမကိလေသာ ဆိုတာက ကာယကံ၊ ဝစီကံ မြောက်အောင် လွန်ကျူးကြတာက ဝိတိက္ကမ ကိလေသာ။ ကာမဂုဏ် တစုံတခု ရဖို့ရန်အတွက် ကာယကံ၊ ဝစီကံဖြင့် လွန်ကျူးမိကြတဲ့ ပုဂ္ဂိုလ်တို့သည် အဲဒီလို လွန်ကျူးမှုတွေ၊ ကာယကံအပြစ်တွေ၊ ဝစီကံ အပြစ်တွေ၊ ကာယကံ၊ ဝစီကံ သောင်းကျန်းမှုတွေ မဖြစ်အောင် ဘာနဲ့ ထိန်းမလဲ''

"သီလနဲ့ ထိန်းရပါမယ် ဘုရား"

"သီလနဲ့ ထိန်းလိုက်လို့ ရှိယင် ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ သုံးခု လုံသွားယင် ကာယက ဝိတိက္ကမကိလေသာ ဖြစ်အုံးမလား"

"မဖြစ်တော့ပါ ဘုရား"

"မဖြစ်တော့ပြီတဲ့"

"မှန်ပါ ဘုရား"

"မုသာဝါဒါ ဝေရမဏီ စသည်ဖြင့် ထိန်းလိုက်လို့ ရှိယင်ဖြင့် ဝစီကံ သောင်းကျန်းမှုနဲ့ ဝိတိက္ကမကိလေသာတွေ...."

"မဖြစ်တော့ပါ ဘုရား"

"မဖြစ်ဘူး၊ ဒါဖြင့် ဝိတိက္ကမလို့ ခေါ်တဲ့ လွန်ကျူးမှု မှန်သမျှ သီလနဲ့ထိန်းမှ ရတယ်"

"မှန်ပါ ဘုရား"

"ဒါအောက်ဆုံးအဆင့် ရှိသေးတယ်။ စိတ်ထဲ သောင်းကျန်းနေတာကျတော့ သီလနဲ့ ဘယ်လို ဆောက်တည်ဆောက်တည် ရအုံးမလား"

"မရတော့ပါ ဘုရား"

"စိတ်ကို သီလနဲ့ မထိန်းနိုင်ဘူး၊ အဲဒီစိတ်ထဲ သောင်းကျန်းတဲ့ ပရိယုဋ္ဌာနကိလေသာကျယင်ဖြင့် သမာဓိနဲ့ ထိန်းရတယ်။ စိတ်ထဲမှာတော့ သောင်းကျန်းတာ မလာပါဘူး၊ နောက်ထပ် သောင်းကျန်းဖို့ အဆင်သင့်ပဲ ဆိုပြီးတော့ ဟုတ်လား။ မီးခြစ်ထဲမှာ ရှိနေတဲ့ မီးသွေးကလေးလို တနေရာမှာ ကိန်းအောင်းနေတဲ့ အနုသယ သဘောဟာဖြင့်ယင် တနေရာရာမှာ စောင့်ပြီးတော့ ကိန်းအောင်းနေတာတော့ မဟုတ်ဘူးပေါ့လေ။ကိန်းသလိုပဲ မီးခြစ်ဆံနဲ့ မီးခြစ်ကျောက်ကလေး အမြဲတမ်းတော့ ထိနေတာပဲ၊ သို့သော် မီးပွင့်ရဲ့လား"

"မပွင့်သေးပါ ဘုရား"

"လက်– ဆိုတဲ့ လို့ လဝီရိယ စိုက်လိုက်တဲ့အခါကျတော့မှ မီးပေါ်လာတယ်နော်"

"မှန်ပါ ဘုရား"

"သို့သော်လဲ အဲဒီ ကျောက်ခဲကလေး ထုချေပြီးတော့ ရှာ၊ မီးဟာ တနေရာမှာ စောင့်ပြီးတော့ ကိန်းအောင်းစုဆောင်းနေတာများ ရှိရဲ့လား"

"မရှိပါ ဘုရား"

''မရှိဘူး၊ မီးလောင်တတ်တဲ့ သတ္တိတော့ သူ့အထဲမှာ အပြည့်အစုံ ရှိနေတယ်''

''ရှိနေပါတယ် ဘုရား''

''အနုသယခေတ် ဆိုတာ အဲဒီလိုပဲ။ တနေရာမှာ စောင့်ပြီးတော့ ကိန်းအောင်းနေတယ်ဆိုတာ မရှိပါဘူး။ အကြောင်းဆုံစည်းမိတဲ့ အခါကျ ယင်ဖြင့် ခုနက အကြောင်း ၃–ပါး။ ဘီးကို လှည့်လိုက်တဲ့ လုံ့လဝီရိယ ရယ်၊ အဲဒီဘီးက ဟုတ်လား၊ ကျောက်ကို စားသွားတတ်တဲ့ ကြမ်းတမ်း နေတဲ့ သူ့ရဲ့ သတ္တိကလေးရယ်၊ အောက်က ကျောက်ထဲမှာ ရှိနေတဲ့ မီးလောင် တတ်တဲ့ သတ္တိရယ်၊ အဲဒီ ၃–ခု ဆုံဆည်းမိတဲ့ အခါကျတော့ ဘာဖြစ်လာ သလဲ။ ကိလေသာ ဆိုတဲ့ မီးတောက် တောက်လာတယ်။

''စက္ခုံစ ရူပေစ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော''

''စက္ခုပသာဒရယ်၊ ရူပါရုံရယ်၊ စက္ခုဝိညာဉ်ရယ် ၃–ခု ဆုံမိသဖြင့် ဖဿ ဖြစ်ပြီးတော့ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာကာမ ဆိုတဲ့ ကိလေသာ လာတယ်နော်''

''မှန်ပါ ဘုရား''

''အဲဒီလို အကြောင်းဆုံမှ ပေါ်လာနိုင်တဲ့ သတ္တိဟာ ဘာတဲ့တုံး၊ အနုသယ''

''အနုသယပါ ဘုရား''

''အကြောင်းဆုံမှ ပေါ်လာနိုင်တဲ့ သတ္တိသည် အနုသယ။ အဲဒီ အနုသယခေတ် မဝင်အောင် ဘာနဲ့သတ်မလဲ ဆိုယင်....''

''ပညာနဲ့ သတ်ရပါမယ် ဘုရား''

''ပညာနဲ့သတ်၊ ဝိပဿနာပညာက စ၍ အရဟတ္တမဂ်ပညာ တိုင် အောင် အဲဒီ ပညာတို့သည် ကိလေသာ အနုသယခေတ်ကို သတ်တဲ့ လက်နက် ကောင်းပဲနော်''

''မှန်ပါ ဘုရား''

''စက္ခုပသာဒ၊ ရူပါရုံ ဆိုတဲ့ ရုပ်နှင့် စက္ခုဝိညာဏ်၊ ဝေဒနာ ဆိုတဲ့ နာမ်ဘုရားတို့ရဲ့ ဝိပရိဏာမ အချက်ကို ရှုလိုက်ပါ။ ရုပ်လဲ ဖောက်ပြန် တာပဲ၊ ဝေဒနာလဲ ဖောက်ပြန်တာပဲ၊ ဝိညာဏ်လဲ ဖောက်ပြန်တာပဲ။ အဲဒီ အချက်ကို မြင်အောင် ရှုတာ ပညာပဲ။ ဒီပညာနဲ့ ပြောခဲ့တဲ့ တရားတွေရဲ့ ဝိပရိဏာမဆိုတဲ့ ဖောက်ပြန်ပျက်စီးမှုကို ပိုင်ပိုင်ကြီးမြင်လိုက်ယင် အနုသယ

ဆိုတဲ့ မီးတောက်မျိုးစေ့ကလေး သေတော့တာပဲ။ ဒီတော့ အကျဉ်းချုံး ပြောလိုက်တော့ ဘာတဲ့လဲ။ ဝိကိတ္တမကိလေသာ ဆိုတဲ့ ကာယက၊ ဝစီက သောင်းကျန်းမှုတွေကို သီလနဲ့ ထိန်းပါ၊ စိတ်ထဲက သောင်းကျန်းနေတဲ့ ပရိယုဋ္ဌာနကိလေသာကိုတော့ ဘာနဲ့ထိန်းမယ်''

''သမာဓိနဲ့ ထိန်းရပါမယ် ဘုရား''

''သမာဓိနဲ့ ထိန်းလေ''

''မှန်ပါ ဘုရား''

''အေး၊ အနုသယဓာတ်ကိုလေသာ ကျတော့....''

''ပညာနဲ့ ထိန်းရပါမယ် ဘုရား''

''ပညာနဲ့ ထိန်းလေ။ ဒါကြောင့် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ။ မဂ္ဂကထာ ဆိုတာက မဂ္ဂင်တရား ရှစ်ပါး။ဘာတဲ့တုံး။ ယခုနက ပြောခဲ့တဲ့ ကာမဂုဏ်တို့မှ လွတ်မြောက်လိုတဲ့ပုဂ္ဂိုလ်၊ အလွန်ငရဲ ကြောက်လန့်ဖွယ်ရာ ကောင်းတဲ့ ဒုက္ခတွေကလဲ များတဲ့ ကာမဂုဏ်တို့မှ လွတ်လိုတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ မဂ္ဂကထာကို မြတ်စွာဘုရား ပြမြိတဲ့၊''

''သီလရယ်၊ သမာဓိရယ်၊ ပညာရယ် သုံးခုကျင့်စဉ် ပြလိုက်ပြီနော်''

''မှန်ပါ ဘုရား''

''ပြလိုက်တဲ့စိတ်တွေ ညွတ်ပြီးတော့ နူးညံ့လာတဲ့အခါကျတော့မှ စတုသစ္စကထာ သစ္စာလေးပါးတရား ဟောတယ်။ ကထာ ဘယ်နှစ်ပါး''

''၄ – ပါးပါ ဘုရား''

''ဟို့ပရိသတ် ဘယ်နှစ်ပါး''

''၆ – ပါးပါ ဘုရား''

''ဒါနကထာ၊သီလကထာ၊သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ မဂ္ဂကထာနဲ့၊ စတုသစ္စကထာ ၆ – ပါးနော်''

''မှန်ပါဘုရား''

**ပိသားသုံးဦး မဂ်သို့ကူး။** ။''အဲဒီ ၆ – ပါးသောကထာတို့ကို ဟောကြားပြီးသည်၏ အဆုံး၌

''တယောဇနာ၊ ပုဏ္ဏသဋ္ဌေးကြီး....၊ပုဏ္ဏဟာ သဋ္ဌေးကြီး ဖြစ်သွားပြီနော်''

''မှန်ပါဘုရား''

"သူ့ကို 'ဗဟုဓနသေဋ္ဌိ' သဌေးလို့ ဘွဲ့ဘပ်ပြီးတော့ ယိးဖြူ ဆောင်းတယ်။

"တယောဇနာ၊ ပုဏ္ဏသဌေးကြီး၊ သူ့ရဲ့ဇနီးသည်၊ သမီးကလေး တယောက် ဥတ္တရာ၊ အိမ်သူအိမ်သား ၃–ဦးသားတို့သည်။ သောတာ ပတ္တိဖလေ၊ သောတာပတ္တိဖိုလ်တို့၌။ ပတိဋ္ဌဟိသု၊ ကောင်းစွာ မသွ တည်နေကြလေကုန်၏" တဲ့။

"အိမ်သူအိမ်သား မိသားဘသား သုံးဦးသားတို့သည် သောတာ ပတ္တိမဂ်ဖိုလ်၌ တည်ကြကုန်ပြီတဲ့နော်"

"မှန်ပါဘုရား"

"သောတာပတ္တိမဂ်ဖိုလ် တည်သွားတဲ့ အဲဒီရာဇဂြိုဟ် ရွှေမြို့တော် မှာ "ဗဟုဓနသဌေး၊ ဗဟုဓနသဌေး" လို့ နာမည်မတွင်ကြဘူး၊ ပုဏ္ဏ သဌေး လို့ပဲ သူ့နာမည်ဟာ တွင်ကျယ်တယ်။

အဲဒီ သောတာပန် သဌေးမိသားစု သုံးဦးသားတို့ ပျော်ပျော် ရွှင်ရွှင် နေနေကြတဲ့ အချိန်မှာ ဟိုဆင်းရဲတဲ့ ဘဝတုန်းက မှီခိုပြီးတော့ နေခဲ့ရတဲ့ သုမနသဌေးကြီး။ သူက ဘုရားသာသနာ မကြည်ညိုလို့ မိစ္ဆာဒိဋ္ဌိ ဘငမှာ ရှိတယ်နော်"

"မှန်ပါဘုရား"

"မိစ္ဆာဒိဋ္ဌိဘဝမှာရှိနေတဲ့ သုမနသဌေးကြီးမှာလဲ သားတယောက် ရှိတယ်။ မိစ္ဆာ ဒိဋ္ဌိပဲ။ အဲဒီ မိစ္ဆာဒိဋ္ဌိ သုမန သဌေးကြီးက သူ့ရဲ့ သား ကလေး မိစ္ဆာဒိဋ္ဌိ အမျိုးသားနဲ့ ဟိုတချိန်တုန်းက သူတို့အိမ်မှာ မှီခိုကပ်ရပ် ပြီးတော့ နေသွားတဲ့ ယခု အချိန်မှာဖြင့် ရွှေသဌေးကြီး ကိုပုဏ္ဏ ဖြစ် နေပြီ။

"အဲဒီ ကိုပုဏ္ဏတို့မှာ ရှိနေတဲ့ သမီးကလေး ဥတ္တရာ၊ သူ့သား မိစ္ဆာဒိဋ္ဌိနဲ့ လက်ထပ်ပါမယ့်အကြောင်း သူက ကမ်းလှမ်းတဲ့ စာကလေး ပို့လာတယ်။ "ကိုပုဏ္ဏ.... ခင်ဗျား သမီး ဥတ္တရာနဲ့ ကျွန်တော့်ရဲ့ သားနဲ့ လက်ထပ်ကြပါစို့" ဆိုတဲ့ ကမ်းလှမ်းတဲ့ စာကလေးတစောင် ရတယ်။

"ရတော့ မိသားဘသားသုံးဦးသား စုံပြီးတော့ ဒီနေရာမှာ တိုင် ပင်ကြတယ်တဲ့။ တို့က ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ။ ဘုရားနဲ့ တရားနဲ့ သံဃာနဲ့ မကင်းနိုင်တဲ့ သောတာပန် အရိယာတွေ၊ ဟိုအိမ် ကြည့်လိုက်ပြန်တော့ အကုန်လုံး မိစ္ဆာဒိဋ္ဌိတွေ။ မိစ္ဆာဒိဋ္ဌိတွေနဲ့ တို့နဲ့ ဆက်ဆံလို့တော့ မဖြစ် လေပြီ ဆိုပြီးတော့ စာတစောင် ပြန်လိုက်တယ်။

''ခင်ဗျားသားက မိစ္ဆာဒိဋ္ဌိတဲ့၊ကျွန်တော့်သမီးသည် ဘုရားနဲ့လဲ မကင်းနိုင်ဘူး၊ တရားနဲ့လဲ မကင်းနိုင်ဘူး၊ သံဃာနဲ့လဲ မကင်းနိုင်ဘူး၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ မကင်းနိုင်။ နေ့တိုင်း နေ့တိုင်း ဘုရားဖူးရ၊ တရားနာရ၊ သံဃာတွေ ပြုစုလုပ်ကျွေးရတာမှ ကျေနပ်လို့ ကျွန်တော့် သမီးနဲ့ ခင်ဗျားတို့ရဲ့သား မိစ္ဆာဒိဋ္ဌိနဲ့ မပေးစားနိုင်ပါ'' အကြောင်းပြန်လိုက်တယ်။

''အဲဒီလို အကြောင်းပြန်လိုက်တော့ ဟိုက သူမနသဌေးကြီးက ဘယ်လိုလုပ်သလဲဆိုတော့ ရာဇဂြိုဟ်မြို့ရှိတဲ့ ရှိသမျှ သဌေးတွေ အကုန်လုံး လျှောက်ပြောတယ်။ သူက ''အကူအညီပေးကြပါအုံး။ ကျွန်တော့် သားနဲ့ ပုဏ္ဏရဲ့သမီး ဥတ္တရာနဲ့ လက်ထပ်ဖို့ရန် အကူအညီ ပေးကြပါအုံး'' ဆိုပြီးတော့ အကူအညီ လိုက်တောင်းတယ်။

အခြား သဌေးတွေကလဲ ဝိုင်းပြီးတော့ ကိုပုဏ္ဏကို ပြော ကြတယ်။ ပုဏ္ဏတို့ကလဲ ငြင်းတယ်။ နောက်တော့ သဌေးတွေ စုမိပြီးတော့၊ ဟုတ် လား လူအခေါင်းများစွာ ဝိုင်းပြီးတော့ ပြောကြတဲ့ အခါကျ တော့မှ စဉ်းစားမိကြတယ်၊ ကိုပုဏ္ဏတို့က ''သြော်၊ လောက နေကြတယ် ဆိုတာ ရပ်နဲ့ ရွာနဲ့ အပေါင်းနဲ့ အသင်း နဲ့ ဒီလို နေကြတဲ့အခါ လောကရေးရာ လူမှုရေးရာတွေက ရှိသေးတယ်။ အကယ်၍ တို့က ခေါင်းမာပြီးတော့ မပေးစားပဲနဲ့ ဒီအတိုင်း နေလိုက်ယင် သဌေး အသင်းအပင်းက နေပြီး တော့ အပေါင်းအသင်းမလုပ်ပဲနဲ့ တို့ကို ပယ်လိုက်ယင် ဒုက္ခပဲ'' ဆိုပြီး တော့ လောကရေးရာ ငဲ့ပြီးတော့ သဘောမတူပဲနဲ့ သမီးကလေးဥတ္တရာကို မိစ္ဆာဒိဋ္ဌိသဌေးသားနဲ့ လက်ထပ်လိုက်တယ်။

**ရတနာသုံးပါး ဆက်ပြတ်သွာ။** ။''အဲဒီ လက်ထပ်မင်္ဂလာ ကျင်းပတဲ့ နေ့ဟာ ဝါဆိုလပြည့်နေ့။ ဝါဆို လပြည့်နေ့ သမီးဥတ္တရာကို မိစ္ဆာဒိဋ္ဌိ သဌေးအိမ်၊ သုမန သဌေးကြီးရဲ့ အိမ်ကို ပို့လိုက်ကြတယ်။ အဲဒီအိမ် ရောက်တဲ့နေ့ကစပြီးတော့ သမီးကလေး ဥတ္တရာသည် ဘုရားလဲ မဖူးရတော့ပြီ၊ တရားတွေလဲ မနာရတော့ပြီ။ သံဃာတော် အရှင်မြတ်တွေကိုလဲ ဆွမ်းမလုပ်ကျွေးရတော့ပြီ။ ရတနာ သုံးပါးနဲ့ တခါထဲ အဆက်ပြတ်သွားတယ်။

“အဲဒီလို မိစ္ဆာဒိဋ္ဌိ သဋ္ဌေးသားအိမ် ရောက်သွားတဲ့ သမီးကလေး ဥတ္တရာ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ အဆက်ပြတ်ပြီးတော့ ဆင်းရဲဒုက္ခ ရောက်နေတော့ သမီးလေး ဥတ္တရာက စဉ်းစားတယ်တဲ့။

“ငါသည် မိဘစကား နားထောင်ပြီးတော့ လိုက်လာခဲ့တာ ဒီကနေ့ မိစ္ဆာဒိဋ္ဌိ သဋ္ဌေးအိမ် ရောက်ပြီးတော့ နေတာ ထောင်ကြီးထဲ ကျနေရသလိုပဲ။ အလွန်တရာ ကျဉ်းမြောင်းကျပ်တည်းလှတဲ့ ဒုက္ခဝေဒနာ ခံစားရသည်။ ဘုရားဖူးချင်လို့လဲ မဖူးရ။ တရားနာချင်လို့လဲ နာခွင့် မရ။ သံဃာတော်တွေ ဆွမ်းလေးတနပ်မှလဲ မကျွေးရ မလောင်းရ”။

“အဲဒီလိုနဲ့ ဆင်းရဲဒုက္ခ ဖြစ်ပြီးတော့ နေလိုက်တာ ဘယ်လောက် ကြာတုံး ဆိုတော့ ၂–လခွဲ ကြာသွားတယ်။ ၂-လခွဲ ကြာသွားတော့ ဝါဆိုလပြည့်နေ့ ကနေ စပြီးတော့ ရေတွက်ယင် ဘယ်ရောက် မလဲ။

“ဒကာ ကိုအုံးဟန်ကြီး ပြောစမ်း”

“တော်သလင်း လဆုတ်ပါ ဘုရား”

“တော်သလင်း လကွယ်နေ့ တိုင်ပြီနော်”

“မှန်ပါဘုရား”

“တော်သလင်း လကွယ်နေ့တိုင်တော့ ၂–လခွဲဖြစ်တော့ သမီးလေး ဥတ္တရာက မိဘများထံ လှမ်းပြီးတော့ စာတစောင်ရေးတယ်။

“ကသ္မာ မံ ဧဝရူပေ ဗန္ဓနာဂါရေ ပက္ခိပိံသု’

“အမ္မာ၊ အို မိခင် ဘခင် ကျေးဇူးရှင်တို့။ ကသ္မာ၊ အဘယ်ကြောင့်။ မံ၊ ကျွန်တော်မကို၊ ဧဝရူပေ၊ ဤသို့လောက် ဆင်းရဲပင်ပန်းလှစွာသော။ ဗန္ဓနာဂါရေ၊ မိစ္ဆာဒိဋ္ဌိသဋ္ဌေးအိမ်လို့ခေါ်တဲ့ ထောင်အိမ်ကြီး ထဲမှာ။ ပက္ခိပိံသု၊ ထည့်ထားကြပါကုန်သတည်း။”

“အမေတို့ အဖေတို့ ဘာကြောင့် ကျွန်မကို ဒီလောက် ဆင်းရဲ ဒုက္ခရောက်တဲ့ မိစ္ဆာဒိဋ္ဌိအမျိုး အိမ်ထောင်အိမ်ကြီးထဲ ဘာကြောင့် ထည့်ထားရပါသလဲ။ မိစ္ဆာဒိဋ္ဌိ သဋ္ဌေးအိမ် ရောက်တဲ့နေ့က စပြီးတော့ ဘုရားလဲ မဖူးရဘူး၊ တရားလဲ မနာရဘူးတဲ့။ သံဃာတော်အရှင်မြတ်တွေလဲပဲ မလုပ်ကျွေးရဘူး။ အဲဒီလို မိစ္ဆာဒိဋ္ဌိ သဋ္ဌေးအိမ် ကျွန်မကို ပို့မယ့်အစား သံပူနဲ့ နဖူးမှာ “ကျွန်မ” လို့ တံဆိပ်ကပ်ပြီးတော့ အိမ်က နှင်လွှတ်လိုက်တာကမှ ကောင်းပါသေးတယ်”လို့ ဆင်းရဲပင်ပန်းရှာလွန်းလို့ မိဘများထံ လှမ်းပြီးတော့ စာတစောင်ပို့တယ်။

“အဲဒီတုန်းက သောတာပန်တွေကို ဒီလိုနော်။ ဘုရား၊တရား၊သံဃာ ရတနာ ၃–ပါးနဲ့ မဖူးရ၊ မတွေ့ရ၊ မကြုံရယင်လေ အသက် သေမတတ် သူတို့မှာ ဆင်းရဲတာ။

“တို့ဒကာကိုအုံးဟန်ကြီး သောတာပန်ဖြစ်ယင် ဘယ်လိုများ နေမလဲ မသိဘူး”

“ဒီလိုပဲ ဖြစ်ရမှာပါ ဘုရား”

“ဒီလိုပဲလား”

“မှန်ပါဘုရား”

“ဒီလိုဆို တော်သေးတာပေါ့။ ဘုန်းကြီးတွေ ဆွမ်းလောင်းဖို့ မလိုတော့ပါဘူး။ ဦးလဲ ချုံ့ မလိုတော့ပါဘူးဆိုယင် ဒုက္ခပဲ”

“မဖြစ်ပါ ဘုရား”

“မဖြစ်ဘူးလား၊ အေး အေး မဖြစ်အောင်ကျင့်သုံးပေါ့”

“အဲဒီလို စာတစောင် ရတယ်ဆိုယင်ပဲ မိဘများက စဉ်းစားတယ်။

“ဒုက္ခိတာဝတ ဘော မမိတာ”

“ဘော၊ အချင်းတို့။ မမိတာ၊ ငါရဲ့ ဒီတဦးတည်းသော သမီးလေးသည်။ ဒုက္ခိတာဝတ၊ဆင်းရဲရှာလေပြီတကား”

“ငါ့သမီးလေး ဆင်းရဲရှာပြီကွဲ့။ ကုံပုဏ္ဏစိတ်ထဲ မသက်သာဘူး၊ သောတာပန်ဆိုတာ ဘုရားမဖူးရယင် ဆင်းရဲတယ်၊ တရားမနာရယင် ဆင်းရဲတယ်။ ဆင်းရဲရှာပြီ၊ ဘယ်လိုလုပ်ရပါ့မလဲဆိုပြီးတော့ ဟိုက ဇနီးမောင်နှံ ၂–ယောက် စုပြီး တိုင်ပင်ကြတယ်။ ဒီတော့ အကြံဥာဏ်ရတယ်။

“ငွေ တသောင်း ငါးထောင်ပေးပြီတော့ စာတစောင် ရေးပြီးတော့ လွှတ်လိုက်တယ်။ စာထဲ ဘယ်နှယ့်ရေးလဲဆိုတော့ “သမီး ဥတ္တရာ၊ ယခုမှာ ငွေ တသောင်းငါးထောင် ပေးလိုက်ပါတယ်။ အဲဒီ ပေးလိုက်သော ငွေ တသောင်း ငါးထောင်တို့ဖြင့် တို့ရာဇဂြိုဟ်ပြည် ရွှေမြို့တော်မှာ မင်းသုံးမင်းစိုး ရာဇာတို့ဖြင့်သာလျှင် ထိုက်တန်တဲ့ သိရိမာအမည်ရတဲ့ ပြည့်တန်ဆာမ တယောက် ရှိတယ်။ အဲဒီ အမျိုးသမီးကို တနေ့ တနေ့လျှင် အသပြာ တထောင် တထောင်ပေး၍ ငှား။ မင်းရဲ့ မောင်တော် မိစ္ဆာဒိဋ္ဌိ သဌေးသားကို သိရိမာနဲ့ ပြုစုလုပ်ကျွေးဖို့ ထားလိုက်။ သိရိမာကို အပ်ပြီးတော့ ထားလိုက်”

“တနေ့လျှင် တထောင် တထောင် ဆိုတဲ့ အတွက်ကြောင့် ဘယ်နှစ်ရက်စာလဲ”

"၁၅—ရက်စာပါ ဘုရား"

"တဆယ့် ငါးရက်မသာ ကာလတို့ ပတ်လုံး သမီးဥတ္တရာသည် ဘုရားအမှူးရှိတဲ့ သံဃာတော် အိမ်ပင့်၍ ဆွမ်းလုပ်ကျွေးလေ၊ တရားနာလေ" အောက်က ဆိုင်းကလေး 'ပုဏ္ဏ' လို့ ရေးထိုးပြီးတော့ ပို့လိုက်ကရော။

**သီရိမာအား ငှားရမ်းသွား။** "အဲဒီစာကလေး ရတယ်ဆိုယင်ပဲ ဥတ္တရာက စာကြည့်၊ ငွေတသောင်းငါးထောင် ပိုက်ပြီးတော့ တခါထဲ သီရိမာအိမ် သွားတယ်၊

"သူငယ်ချင်းမရေ၊ ငါ တော့ ဒီလိုဒုက္ခဖြစ်နေတယ် ကူညီစမ်းပါ"

"ဘယ်လို ကူညီရမလဲ"

"ငါ့ရဲ့ မောင်တော် သဌေးသားကို တဆယ့် ငါးရက် လောက် လာပြီးတော့ ပြုစု လုပ်ကျွေးစမ်းပါ။ ဟောဒီမှာ သင့်အတွက် တနေ့ တနေ့လျှင် အသပြာငွေ တထောင်။ တဆယ့်ငါးရက်ကို တသောင်းနဲ့ ငါးထောင်။ ငါ့မောင်တော် မိစ္ဆာဒိဋ္ဌိသူဌေးသားကို သင်သည် တဆယ့် ငါးရက် လုပ်ကျွေးနိုင်တယ်ဆိုယင်ဖြင့် ငါသည် အဲဒီ တဆယ့်ငါးရက် အတွင်းမှာ ဘုရားလဲ ဖူးရမယ် တရားလဲ နာရမယ်။ သံဃာတော် အရှင်မြတ်တွေကိုလဲပဲ လုပ်ကျွေးရမယ်။ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ သဌေးအိမ် ၁၅—ရက်လောက် လိုက်ပြီးတော့ မောင်တော်နဲ့ ပျော်ပျော်ကြီးနေစမ်းပါ"

"ဆိုတော့ သီရိမာကလဲ ကျေနပ်စွာ လက်ခံတယ်၊ တသောင်း ငါးထောင်ယူပြီးတော့ လိုက်လာတယ်၊ တသောင်းငါးထောင် ယူပြီးတော့ လိုက်လာပြီး အိမ်ပေါ် ခေါ်သွားတော့၊ သဌေးသားက ကြည့်တယ်။ "ဒါ ဘာလုပ်တာတုံး" တဲ့။

"ကိံ ဣဒံ" တဲ့။

"ဣဒံ၊ ဤအမှုသည်ကား၊ ကိံ၊ အဘယ်လေနည်း"။ "ဒါ ဘာလုပ်တာလဲ" ပေါ့။

"ဒါ မောင်တော် အတွက် တဆယ့်ငါးရက်တို့ ကာလပတ်လုံး ပြုစုလုပ်ကျွေးဖို့ ကျွန်မ ခေါ်လာခဲ့တာ သီရိမာတဲ့။ အဲဒီက ဆယ့်ငါးရက် အတွင်း ကျွန်မကို ဘုရားဖူးခွင့် တရားနာခွင့် သံဃာတော်များ

လုပ်ကျွေးခွင့် အခွင့် ပေးပါ။ ဒီ ၁၂-ရက် အတွင်းမှာ ဒီသိရိမာက မောင်တော်ကို လုပ်ကျွေးပါလိမ့်မယ်"။

"ဒီလိုပြောလိုက်တယ်ဆိုယင်ပဲ ဟိုမိစ္ဆာဒိဋ္ဌိ သဌေးသားက သိရိမာကို ကြည့်ပြီတော့ သူကလဲ သိပ်သဘောကျတယ်။ တမြို့လုံး ပြိုင်ဘက်ကင်းအောင် လှတဲ့ သိရိမာ သူ့အိမ် ရောက်လာ၊ သူက သဘောကျတော့ "သာဓု" လို့ တခွန်းထဲ ပြောတယ်၊ များများ သိပ်မပြောဘူး၊ သာဓု-ကောင်းပြီ၊ ဒါပဲ ပြောတယ်။

**ဘုရားထံပါး အပြေးသွား။** "အဲဒီလို အခွင့်ရတယ်ဆိုယင်ပဲ သိရိမာနဲ့ ဒီသဌေးသားတို့ကလဲပဲ ဒီအိမ်ကြီးပေါ် ပျော်ပျော်ပါးပါး သူတို့လဲ နေနေကြတာပဲ။ ဇနီးမောင်နှံအသွင်နဲ့ နေတယ်။ ဥတ္တရာက အခွင့်ရသွားတယ်။ တခါထဲ ဘုရား ကျောင်းတော် ပြေးသွား၊ ပြေးသွားပြီးတော့ မြတ်စွာဘုရား သွားပြီးတော့ လျှောက်တယ်ပဲ။ နံနက်ဖြန်က စ၍ "တော်သလင်းလကွယ်နေ့ ညနေချမ်း သွားပြီးတော့ လျှောက်တယ်နော်"

"မှန်ပါဘုရား"

"တော်သလင်း လကွယ်နေ့ ညနေချမ်းမှာ လျှောက်တော့ နံနက်ဖြန်မှစ နံနက်ဖြန်နံနက် အရုဏ်တက်ချိန်က စပြီးတော့တဆယ့်ငါးရက်တိုင်တိုင် ဘုရားတပည့်တော် အိမ်အရှင်ဘုရားနဲ့တကွ သံဃာတော် အရှင်မြတ်တွေ ကြွရောက်၍ ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"

"မြတ်စွာဘုရားကလဲပဲ....

"အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေန"

"ဘဂဝါ၊ ဘုန်းတော်ခြောက်ဆူ အောင်လံထူတော်မူတဲ့ မြတ်စွာဘုရားသည်။ တုဏှီဘာဝေန၊ မသိုတိပ်တိတ် ဆိတ်ဆိတ်နေသဖြင့်။ အဓိဝါသေသိ၊ လက်ခံတော်မူလိုက်ပြီ"

"မြတ်စွာဘုရားကလဲ တိတ်တိတ်ကလေး နေပြီးတော့ လက်ခံလိုက်တယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်များ အဲဒီလို လူရေးတန်းရေးနဲ့ ပတ်သက်လို့ ပင့်ယင်၊ လျှောက်ယင်၊ လက်ခံတယ်ဆိုယင် ဘာမှပြန်မပြောဘူး။ ငြိမ်နေတယ်။ လက်မခံဘူးဆိုယင်တော့ နှုတ်က ပြန်ငြင်းတယ်၊

"ဘုရားလက်ခံကြောင်းသိလို့ ဝမ်းပန်းတသာကြီး ဥတ္တရာ အိမ်ပြန်လာပြီးတော့ အိမ်ရောက်တယ်ဆိုယင်ပဲ မီးဖိုချောင်ဝင်ပြီးတော့ အိမ်ရှိတဲ့

အခေအပါး အမျိုးသမီးပေါင်းစုံတို့ဖြင့် ချက်ခန်းပြုတ်ခန်းမှာ တခါထဲ၊ အိမ်စေတ ယောက်သဖွယ် အကုန်လုံး စီမံတော့တာပဲ။

"အလွန်တရာကျွမ်းကျင်တဲ့ မီးဖိုချောင်ရှင် အမျိုးသမီးတယောက် အသွင် စီမံတော့ပြတဲ့။ "ဤကဲ့သို့ မုန့်ကို ကျိုရတယ်၊ ဤကဲ့သို့ ထောပတ်ကို ချက်ရတယ်၊ ဤကဲ့သို့ မုန့်ကို ကြော်ရတယ်၊ ဤကဲ့သို့ ယာဂုကို ကျိုရတယ်၊ ဤသို့လျှင် ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ပြင်ဆင်ချက်ပြုတ်ရတယ်၊ ဤသို့လျှင် နေရာထိုင်ခင်း ပြင်ဆင်ရတယ်" ဆိုပြီးတော့ အကုန်လုံး နေရာတိုင်း နေရာ တိုင်းမှာ မိမိကိုယ်တိုင် လိုက်ပြီးတော့ စီမံပြီးတော့ နေတယ်။သူ့မှာ ပျော်လို့ မဆုံးဘူး"

"မှန်ပါ ဘုရား"

"မနက် အရုဏ်တက်လို့ သီတင်းကျွတ်လဆန်း တရက်နေ့က စပြီးတော့ သီတင်းကျွတ်လဆန်း တဆယ့်လေးရက်နေ့တိုင်အောင်တဲ့။ သံဃာတော် တွေ ကြွတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ကြွကြတယ်။ အိမ်မှာ ဆွမ်းကပ်တယ်၊ ဆွမ်းကပ်ပြီးတိုင်းပြီးတိုင်း တရားနာတယ်။ ကုသိုလ်ကောင်းမှု ပြုပြီးတော့ နေလိုက်တာ တဆယ့်လေးရက် ကြာသွားတယ် ဒကာကြီးရဲ့ နော်"

"မှန်ပါ ဘုရား"

"သီတင်းကျွတ်လဆန်း တဆယ့်လေးရက်နေ့ ညနေချမ်းရောက်ပြီ။ ဆွဲအိမ်ပေါ်မှာ နေနေကြတဲ့ သီရိမာနဲ့တကွ သင္ဘေးသားတို့ကတော့ တခါမှ ဆွမ်းကျွေးပွဲကို လာပြီးတော့ ကြည့်ပုံမရပါဘူး။ ကြည့်သလား"

"မကြည့်ပါ ဘုရား"

"မိစ္ဆာဒိဋ္ဌိနဲ့ သီရိမာ မလာကြဘူးတဲ့"

"မှန်ပါ ဘုရား"

"ဒီတော့ သီတင်းကျွတ်လဆန်း ၁၄–ရက်နေ့ ညနေချမ်းကျတော့ ဘယ်လိုဖြစ်လာတုံးဆိုတော့ ဒီသင္ဘေးသား မိစ္ဆာဒိဋ္ဌိကလေပဲ ဥတ္တရာကို အမှတ်ကလေးရတယ်။ ၁၄–ရက်လုံးလုံး ဥတ္တရာ ဘာတွေမှား လုပ်နေပါ လိမ့်မလဲလို့ ပြတင်းပေါက်ကနေ လှမ်းပြီးကြည့်တော့ အောက်ပိုင်း မီးဖို ချောင်နားမှာ သူ သွားတွေ့တယ်၊

"အိမ်ရှိတဲ့ အမျိုးသမီးပေါင်းစုံတို့ဖြင့် မီးဖိုချောင်နားမှာ ချက်ခန်း ပြုတ်ခန်း၊ စားခန်းသောက်ခန်းတို့မှာ ပင်ပန်းကြီးစွာနဲ့ လုပ်ကိုင်ဆောင်ရွက် နေလို့ ချွေးသံတွေက တလုံးလုံးနဲ့ ဟုတ်လား။အိုးမည်းတွေနဲ့ ဆီချေးတွေနဲ့

ပေကျွံပြီးတော့ အိမ်စေမလေးတယောက် ဖြစ်နေလို့ သူ့ဇနီး ဥတ္တရာကို သူ တွေ့တယ်။ တွေ့ပြီး စိတ်ထဲ ဘယ့်နှယ်ဖြစ်တုံးဆိုတော့ မိုက်လိုက်တဲ့ ဥတ္တရာ....

"မုဏ္ဍကေ၊ ကတုံးယုတ်တို့ကို။ ဥပဋ္ဌဟိဿာမိ၊ လုပ်ကျွေးအံ့ဟူ၍။ ဝိဟညာသိ၊ ပင်ပန်း၍ နေရှာဘိ၏"

"သူ တွေးတယ်။ ဒီအမျိုးသမီး ဥတ္တရာဟာ အလွန် ယုတ်မာတဲ့ ကတုံးတွေကို လုပ်ကျွေးမယ်ဆိုပြီးတော့ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်၍နေတယ်။ သဋ္ဌေးကတော်တယောက်ဖြစ်ပါလျက်နဲ့ သဋ္ဌေးကတော်ရဲ့ စည်းစိမ်ဘာမှ မခံစားရရှာလေ ဆိုပြီးတော့ လှောင်ပြုံးကလေး ပြုံးပြီးတော့ ပြတင်းပေါက်ကနေ အခန်းထဲ ပြန်လှည့်သွားတယ်။ အဲဒီအိမ်မှာ ၁၄-ရက် ရောက်နေတဲ့ သီရိမာက မြင်လိုက်တယ်။ "မောင်တော် သဋ္ဌေးသား၊ ဘာ မြင်လို့ ပြုံးတာပါလိမ့်မလဲ"

"ကာနုခေါ ဒိသွာ ဟသိ" ဝဲ့။ အဋ္ဌကထာက....

"သေဋ္ဌိပုတ္တ၊ ဤမောင်တော် သဋ္ဌေးသားသည်။ ကိံ၊ အဘယ် သူ့ကို။ ဒိသွာ၊ မြင်၍။ ဟသိ၊ ပြုံးရွှင်တာပါလိမ့်မည်နည်း"

သီရိမာမှာ တွေးမှားရှာ။ ။"ဘယ်သူ့မြင်လို့များ သူပြုံးတာပါလိမ့် မလဲလို့ စိတ်ထဲက မနာလို ဝန်တိုတဲ့ ဣဿာမစ္ဆရိယ ... ဖြစ်ပြီး အဲဒီပြတင်းပေါက် သူ သွားကြည့်လိုက်တယ်။ ဟို....အောက်မှာ ဥတ္တရာကို သူ မြင်ရော။ "ကြေနွ ဒီသဋ္ဌေးသားဟာ ဥတ္တရာကို မြင်လို့ ပြုံးလာတာ ဖြစ်မယ်။ သူ့စိတ်ထဲ ကြေနွ ဒီမောင်တော် သဋ္ဌေးသားသည် ဥတ္တရာကို မြင်လို့ ပြုံးတာ ဖြစ်ရမယ်။ ဒီမောင်တော် သဋ္ဌေးသားသည် ဥတ္တရာနဲ့ မေတ္တာသက်ဝင် ရည်ငံချစ်ခင်တဲ့ သဘော လက္ခဏာရှိဘယ်" သီရိမာက တွေးတာနော်"

"မှန်ပါ ဘုရား"

"ဒီမောင်တော် သဋ္ဌေးသားသည် ဥတ္တရာနဲ့ မေတ္တာသက်ဝင် ချစ်ခင်ရည်ငံတဲ့ သဘောလက္ခဏာ ရတယ်။ဒါကြောင့် သူပြုံးတာ။စိတ်ဆိုး လာတယ်၊ ... သန္တာန်မှာ။ သူ့ဝမ်းထဲ ဘာဝင်သွားလဲ။ မစ္ဆရိယ ဆိုတဲ့ ဝန်တိုမှုတွေ ဝင်သွားပြယ်။ သူက ဝန်တိုရမှာလား၊ ဥတ္တရာက ဝန်တိုရ မှာလား"

"ဥတ္တရာက ဝန်တိုရမှာပါ ဘုရား"

"ဥတ္တရာက ဝန်တိုတဲ့ မစ္ဆရိယ ဖြစ်ရမှာကို သူက ဝန်တို၍နေတယ်နော်"

"မှန်ပါ ဘုရား"

"ဒုက္ခ မယာ ဥပ္ပါဒေသာမိ"

"အသော၊ ထိုဥတ္တရာအား။ ဒုက္ခံ၊ ကိုယ်စိတ် ၂-ပါး ဆင်းရဲပင်ပန်းအောင်။ ဥပ္ပါဒေသာမိ၊ လုပ်လိုက်မယ်"

"သေရောပေါ့ကွာ၊ ဒီကောင်မတော့ ဒုက္ခဖြစ်အောင် ငါ လုပ်လိုက်အုံးမယ်။ အိမ်ပေါ်ကနေ ဒေါနဲ့မောနဲ့ တခါထဲ ဗိုင်း ဗိုင်း ဗိုင်း နဲ့ တခါထဲ မီးဖိုချောင် အတင်း ပြေးဆင်းသွားတယ်။

"မှန်းသာကြည့်ပေါ့လေ။ ခြေထောက်ကလေး ဆောင့်ပြီးတော့၊ ထဘီလေး မ,ပြီးတော့ ဆင်းသွားမှာပေါ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ပြေးပြီးတော့ ဆင်းသွားတယ်။ဘာလုပ်ရမှာလဲ၊မီးဖိုချောင် ပြေးဝင်သွားပြီးတော့ ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်ဆီပူအိုးကြီးထဲက ထောပတ်တွေ၊ မုန့်ကြော်မလို့ တခါထဲ ပွက်ပွက်ဆူ ချက်ထားတဲ့ ထောပတ်တွေ ယောက်ချိုကြီးနဲ့ ခပ်ပြီးတော့ ဥတ္တရာကို လောင်းမယ်ဆိုပြီးတော့ ပြေးပြီးတော့ ချဉ်းကပ်တယ်။ ဥတ္တရာက မြင်တယ်။ တကယ်ဆိုလို့ရှိယင် ဥတ္တရာကသာ သူ့လို နေရာမျိုး၊ သူ့လို ဘဝမျိုးမှာ နေယင် သူဟာ ဘယ်လိုဖြစ်မယ်ဆိုတာ အပြန်အလှန် စဉ်းစားကြည့်ကြစမ်းပါ။

"ဘယ်လောက် သဘောထားကြီးတဲ့ ဥတ္တရာလဲ။ ကျေကျေနပ်နပ်နဲ့ သူ့ကို ဖိုက်ဆံပေး ခေါ်လာခဲ့ပြီးတော့ ဒီအိမ်ပေါ် တင်ထား။ ဒီအိမ်ပေါ် တဆယ့်လေးရက် ကြာရုံပဲ ရှိသေးတယ်။ ဒီအိမ်ပေါ်မှာ သူက အိမ်ရှင်မ သဖွယ် သဘောသက်ရောက်လာတယ်နော်"

"မှန်ပါ ဘုရား"

**ဝတ္ထုကာမ သဘာဝ။** ။ "ဒါကြောင့်ဝတ္ထုကာမ၊ သဘာဝကား၊ကာလ ရှည်ကြာ၊ သုံးမိပါမူ၊ ပမာဒစု၊ လွှမ်းမိုးမှုကြောင့်၊ သူ့ဟာကိုပင်၊ ကိုယ့်ဟာ ထင်၏' လို့ ဒီလို အမိပ္ပာယ် ရတယ်။

"ဝတ္ထုအာရုံ ကာမဂုဏ် ဆိုတာက ဘာတဲ့လဲ။ ပမာဒဘရား လွှမ်းမိုးလာလို့ရှိယင် သူတပါး ပစ္စည်း ကိုယ် ယူပြီးတော့ သုံးနေတယ်။

တော်တော်လေး ကြာလှာလို့ရှိယင် ပမာဒတရားဆိုတာက မေ့လျော့တယ်။ အဲဒီလို မေ့လျော့တဲ့ ပမာဒတရား၊ အဝိဇ္ဇာ မောဟတရား လွှမ်းမိုးနှိပ်စက် လာလို့ရှိယင် သူတပါးပစ္စည်း ကိုယ် ယူသုံး။ တော်တော်ကြာ ကိုယ့်ဟာ ထင်လာတယ်တဲ့။

"ဒါကြောင့် သူတပါး ပစ္စည်းများ ငှားပြီးတော့ သုံးကြစဲ့ကြ၊ ယူကြချေးကြ၊ ငှားကြတဲ့ ပုဂ္ဂိုလ်တွေ တော်တော်လေး ကြာလာလို့ရှိယင် ဘာဖြစ်ကုန်လဲ။ မပေးချင်တော့ဘူး။ ဟုတ်တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"သူများပစ္စည်း ချေးသုံး၊ ငှားသုံး၊ ဘာလေး ညာ ပေးစမ်းပါအုံး။ တော်တော်ကြာ မပေးချင်ဘူး။ အဲဒါနဲ့ပဲ လောကရေးရာ ဘာဖြစ်ကုန် သလဲ။ ဆက်ဆံရေးတွေ ပျက်စီးတာတို့၊ တုတ်လား။ ရန်ဖြစ်ကြတာတို့၊ ဒီလို ဖြစ်ကုန်တယ် မဟုတ်လား"

"ဖြစ်ကုန်ပါတယ် ဘုရား"

"အဲ၊ အိမ်ရှင်နဲ့ အိမ်ငှားနဲ့ ရန်ဖြစ်တာလဲ ကြည့်ပေါ့နော်"

"မှန်ပါ ဘုရား"

"အေး၊ ဒါတင် မကသေးဘူး၊ နိုင်ငံတော်က ပေးတဲ့ ချေးတဲ့ ငွေတွေ ယူသုံးထားတယ်။ တော်တော်ကြာတော့ ဘာဖြစ်သလဲ။ မပေးတော့ဘူး။ ကိုယ်ပိုင်တယ်လို့ သဘောကျနေတာကို။ ဒါကြောင့် ပြန်မပေးကြတာ။ အဲဒါကြောင့်မို့....

"ဝတ္တုကာမ၊ သဘာဝကား၊ ကာလရှည်ကြာ၊ သုံးမိပါမူ၊ သူ့ဟာ ကိုပင်၊ ကိုယ့်ဟာ ထင်၏။"

"သူများပစ္စည်း ငှားသုံး။ အဲဒါ ဒကာ ကိုအုံးဟန်ကြီး မှတ်ထား"

"မှန်ပါ ဘုရား"

"မြန်မြန်သာ ပြန်ပေးလိုက်၊ ကြာလို့ရှိယင် မပေးချင်တော့ဘူး။ ငါပိုင်တယ် ထင်လာတယ်။ အခု သီရိမာကို ကြည့်လေ။ တဆယ့် လေးရက် သုံးစွဲထားတဲ့ ဒီသဒ္ဒေးသား မိစ္ဆာဒိဋ္ဌိကို သူ့ရဲ့ တရားဝင် လက်ထပ် ထားတဲ့ ခင်ပွန်းသည်လို့ သူ ထင်သွားပြီ။ ဒီသဒ္ဒေးစည်းစိမ် အကုန်လုံး သူ့စည်းစိမ်လို့ သူ ထင်သွားပြီ၊ ဟုတ်လား"

"ဟုတ်ပါ ဘုရား"

''ဥတ္တရာက ဘာမှမဆိုင်တဲ့ အိမ်စေကျွန်မလေး တယောက်။ ဒီလို သူ့ သဘောပေါက်တတ်၊ ကာမဂုဏ်ဆိုတာ ဒီလိုပဲ၊ သိပ်ပြီးတော့ လှည့်ပတ် ဖြားယောင်းတယ်''

**ကျေးဇူးသိရှာ ဥတ္တရာ။** ။''အဲဒါကြောင့် ထောပတ်ဆီပူနဲ့လောင်းမယ်လို့ အပြေး ချီတက်လာတဲ့အချိန် ဥတ္တရာက စဉ်းစားတယ်။ ငါသည် ဤသီရိမာကို အမှီရ၍ ဘုရားလဲဖူးရတယ်။ တရားလဲ နာရတက်၊ သံဃာတော်တွေလဲ ပြုစုလုပ်ကျွေးရတယ်။ငါ့အပေါ်မှာ သီရိမာဟာ အလွန်တရာ ကျေးဇူးကြီးလှပေ၏ တကား။ ဘုရားဖူးခွင့်၊ တရားနာခွင့်၊ သံဃာတော်တွေ ပြုစုလုပ်ကျွေးခွင့် ရအောင် ကူညီစောင့်ရှောက်ဖော်ရတဲ့ ငါရဲ့ သူငယ်ချင်းမ''။

''ကျေးဇူး ရှာတယ်နော်။ ဒေါသဖြစ်ရမယ့်နေရာမှာ ကျေးဇူးရှာထယ်၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''မေတ္တာပွားတော့မယ်ဆိုယင် အဲဒီလို ကျေးဇူးရှာ။ ဒီလို ကျေးဇူးရှာမှလဲ မေတ္တာက ပွားလို့ရတာနော်''

''ရပါတယ် ဘုရား''

''ကျေးဇူးတရားသာ ရှာမတွေ့ယင် မေတ္တာပို့ဖို့ ဆိုတာကလဲ ''အဝေရာ ဟောန္တု'' လုပ်နေပေမယ့်လဲ ဟကယ့်မေတ္တာ ရောက်ချင်မှ ရောက်တာ''

''မရောက်ပါဘုရား''

''အဲဒီလို ကျေးဇူးလေး ရှာသိုက်လို့ ရှိယင် မေတ္တာကလဲ တခါတဲ သက်ရောက်လာတယ်။ ဒါကြောင့် မေတ္တာပွားတော့မယ်ကြံယင် ဘုန်းကြီးတို့ သဘောကျတာကတော့ အဲဒီ မေတ္တာပွားလိုတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ အပေါ်မှာ ကျေးဇူးကို ရှာ။ ကျေးဇူးတရား ရှာပြီးတဲ့အခါကျမှသာလျှင် အဲဒီ ကျေးဇူးဂုဏ် အာရုံပြု၍ မေတ္တာပွားယင် ပို့ပြီးတော့ ထိရောက်တယ်တဲ့။

''ဒါကြောင့်မို့လို့ သီရိမာရဲ့ အပေါ်မှာ ဥတ္တရာက ဒေါသမဖြစ်ပဲနဲ့ တဆယ့်လေးရက်တိုတိုင်တိုင် ဘုရားဖူးခြင်း၊ တရားနာခြင်း၊ သံဃာတော်များ ပြုစုလုပ်ကျွေးခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှု အခွင့်အရေးတွေဟာ ဒီသီရိမာကြောင့်သာလျှင် ငါ ရခဲ့တာ။ အကနိဋ္ဌဗြဟ္မာပြည်ကမှ နိမ့်မယ်ဆိုယင် နိမ့်သေးတယ်။ သီရိမာရဲ့ ကျေးဇူးတွေက မြင့်မားလှပါပေတယ်။

ဟောဒီ စကြာဝဠာတိုက်ကြီးကမှ ကျဉ်းသေးတယ်၊ သီရိမာရဲ့ ကျေးဇူးတွေက ကြီးမားကျယ်ပြန့်လှပေတယ်။ ဒါကြောင့် ငါ့ရဲ့အပေါ်မှာ အလွန်တရာ ကျေးဇူးများတဲ့ငါ့ရဲ့သူငယ်ချင်းမ။ ဒီ ငါ့သူငယ်ချင်းမ အပေါ်မှာ ငါသည် ဤကျေးဇူးကို ထောက်ထား၍ မည်သည့် ဒေါသမျှ ဖြစ်လိုမတော်ဘူး၊ မဖြစ်ဘူး''။

''ဤကဲ့သို့ သူ့အပေါ် ငါသည် ဒေါသမဖြစ်တာ မှန်ခဲ့ပါလျှင်တဲ့၊ သူ လာပြီးတော့ လောင်းလို ထောပတ်ဆီပူတို့သည် ငါ့ရဲ့ ခေါင်းပေါ် လောင်းလိုက်တဲ့ အခါကျယင်ဖြင့် စန္ဒကူးနံ့သာကဲ့သို့ အေးပါစေသတည်း'' ဒီလို ဆိုလိုက်တယ်ဆိုယင်ပဲ ခေါင်းပေါ် မပေါက်ကဲနဲ့ သွန်ချလိုက်တဲ့ ထောပတ်တွေဟာ နံ့သာရေများ လောင်းလိုက်သလို့ အေးပြီးတော့ ဆင်းတယ်။

''မတ္တာရဲ့ ဟန်ခိုးနော်''

''မှန်ပါ ဘုရား''

''ဒီတော့ သီရိမာ ဘယ်လို တွေးသလဲဆိုတော့ ''ဒီ ထောပတ်တွေ အေးနေလို့နဲ့တူပါတယ်။ နောက်တအိုးကဲ ခပ်အုံးမှ'' ဆိုပြီးတော့ ဒီပြင် တအိုး ပြောင်းခပ်ပြီးတော့ လောင်းတယ်၊ အဲဒီလို ဒီပြင်တအိုးက ပြောင်း ခပ်ပြီးတော့ လောင်းမသို့ ချီဘက်လာတဲ့ အချိန်တဲ့။ အဲဒီ မီးဖိုချောင် အခန်းမှာ ရှိနေကြတဲ့ မိန်းကလေးတွေက တွေ့ကြပြီ။

''တို့ရဲ့ အရှင်မကို သီရိမာ ပြည့်တန်ဆာမ ဘာပြုလို့ နှိပ်စက်ရမလဲ ဆိုပြီးတော့ ဝိုင်းပြီးတော့ တိုးကြ၊ ကြိတ်ကြ၊ ရိုက်ကြ။ နှက်ကြ။ သူက ရိုက်၊ ကိုယ်က ရိုက်၊ ပိုက ရိုက်၊ ငါက ရိုက်နဲ့ တယောက်တချက် ဆိုပြီးတော့ ထုကြ၊ နှက်ကြတာ သီရိမာ ဒီမှာ မသက်သာဘူး။ အဲဒီ အချိန် ဥတ္တရာက ဝင်ပြီး တော့ ဆွဲတယ်တဲ့။ ''ညည်းတို့ မလုပ်ကြပါနဲ့။ သီရိမာ ခေါ်လို့ ငါ့သူငယ် ချင်းမကို မနှိပ်စက်ကြပါနဲ့'' လို့ သူက ဝင်ဆွဲတယ်၊ တားဆီးတယ်။

''ဒီတယောက်ကို ဆွဲနေတုန်း ဟိုဘက်ကတယောက်က ရိုက်တယ်၊ ဟိုတယောက် ဆွဲနေတုန်း ဒီဘက်တယောက် ထိုးပြန်တယ်။ ဟာ.... ဆွဲလို့ လွဲလို့ မနိုင်ဘူး။ ဒီလိုဖြစ်နေတော့မှ တော်တော်ကြာ သီရိမာ ဗြုန်းကနဲ လဲသွားတယ်။ သီရိမာရဲ့ အပေါ် ဥတ္တရာကနေပြီးတော့ ဝမ်းလျားမှောက် ပြီးတော့ အပေါ်က စီးထားရတယ်။ ကိုင်း....ညည်းတို့တတွေ ရိုက်ချင် ငါ့သာ ရိုက်ကြတော့လို့ အပေါ်ကနေ စီးထားတော့မှ အိမ်နေအမျိုးသမီး တွေ အကုန်လုံး ဘေးရှဲသွားကြတယ်။

"ဒီတော့မှ သိရိမာကို ဆွဲထူပြီးတော့ "ညည်း ဘာပြုလို့ ဒီလောက် ဝန်လေးတဲ့ အမှုကြီး ပြုရသလဲ၊ ဒီလောက် ဝန်လေးတဲ့ အမှုကြီး ညည်း ဘာကြောင့် လုပ်ရသလဲလို့ ဆေးကုလေး ဝါးကလေးနဲ့ အဲဒီမှာ ရေနွေး တဘက်ကလေးနဲ့ တခါထဲ ပွတ်တိုက်၊ ဆေးကြော၊ သုတ်သင်ပြီးတော့ သူ့ကို ဆီလေးနဲ့နယ်။ ဆေးလေးဘာလေးထည့်ပြီးတော့ သူနာပြု ဆရာမ လေးသဖွယ် ပြုစုစောင့်ရှောက်တဲ့အခါကျတော့ ဥတ္တရာရဲ့ အပေါ်မှာ သိရိမာကနေပြီးတော့ စိတ်တွေ တခါထဲ ကျေနပ်ပြီးတော့ ငါ့အပေါ် ဒီလောက် မေတ္တာဟရားကြီးမားတဲ့ ဥတ္တရာကို ဟဲ ငါသည် ဝန်လေးစွာဖြင့် ပြစ်မှားမိခဲ့လေပြီ၊ ဝန်လေးတဲ့ အမှုကြီး ငါပြုမိလေပြီ ဆိုပြီးတော့ ထိုင် တောင်းပန်တယ်။

**အဖေ့ကို တောင်းပန်မှ ကျေနပ်မယ်။** ။"တောင်းပန်တဲ့အခါကျတော့ ဥတ္တရာက ဘာပြောတုံးဆိုတော့ ငါ့ကို မတောင်းပန်နဲ့တဲ့။ ငါ့ရဲ့အဖေကို တောင်းပန်။ ငါ့အဖေကို တောင်း ပန်မှ ငါ ကျေနပ်မယ်"။

"သင့်ရဲ့အဖေဖြစ်တဲ့ သဌေးကြီး ပုဏ္ဏကိုလဲ တွန့်မှ တောင်းပန်ပါ တယ်။ ငါ့အဖေ ၂–ယောက် ရှိတယ်။ဟုပုဏ္ဏကို ငါပြောတာ မဟုတ်ဘူးတဲ့။ ငါ့မှာ အဖေနှစ်ယောက်ရှိတယ်၊ 'ဝဋ္ဋဇနက ဖခင်'နဲ့ 'ဝိဝဋ္ဋဇနကဖခင်' ဆိုပြီးတော့ ဖခင် ၂–ယောက် ရှိတယ်"။

"ဝဋ္ဋဇနကဖခင်–သံသရာဝဋ်ထဲမှာ ဖြစ်နေတဲ့ ဖခင်၊ ဝိဝဋ္ဋဇနက ဖခင်–သံသရာဝဋ်မှ လွတ်ရာလွတ်ကြောင်း နည်းကောင်းလမ်းကောင်းကို ညွှန်ပြတဲ့ မြတ်စွာဘုရား၊ ဒီလိုနော်"

"မှန်ပါ ဘုရား"

"ဖခင် ဘယ်နှစ်မျိုးလဲ ပရိသတ်များ"

"၂–မျိုးပါ ဘုရား"

"ဝဋ္ဋဇနက ဖခင်ရယ်၊ ဝိဝဋ္ဋဇနက ဖခင်ရယ်။ တို့ပရိသတ် ဘယ်နှစ်မျိုးတုံး"

"၂–မျိုးပါ ဘုရား"

"သံသရာဝဋ်မှာ ဖြစ်နေတဲ့ ဖခင်၊ သံသရာဝဋ်မှ လွတ်စေတဲ့ ဖခင်။ တကယ့် မိရင်း ဘရင်းတွေဟာ အဲဒါ ဝဋ္ဋဇနက၊ မြတ်စွာဘုရားကျတော့ ဘာဖြစ်သလဲ။ ဒီသံသရာဝဋ်မှ လွတ်မြောက်စေတဲ့ အဖေနော်"

"မှန်ပါ ဘုရား"

"အဲဒီ ဝိဝဋ္ဋဇနက ဖခင်ဖြစ်တဲ့ဘုရားကို တောင်းပန် ကန်တော့မှ သာလျှင် ငါ ကျေနပ်ပါမယ်" လို့ဆိုတော့"သင့်ရဲ့ဖခင်ကို ငါ ဘယ်လို တောင်းပန်ရမလဲ။ ဘုရားကို ငါ တကြိမ်မှလဲ မတွေ့ဖူးဘူး၊ တကြိမ်မှလဲ မဖူးဘူး ဘူးဘဲ။ ဘုရားနဲ့ မရင်းနှီးတဲ့ ငါ့အနေနဲ့ ဘယ်လိုသုပ်သွားတောင်း ပန်ပါ့မလဲ"။ "သူငယ်ချင်း၊ မပူနဲ့။ နက်ဖြန်ခါ အရုဏ်တက်ယင် အိမ်ကို ဘုရားနဲ့တကွ သံဃာတော်တွေ ကြွလာလိမ့်မယ်။ ဒါကြောင့် အိမ်သို့ သံဃာတော်များနဲ့တကွ ဘုရား ကြွလာတဲ့အခါကျယင် သင် လာပြီးတော့ တောင်းပန်"။

"ဒီလို ပြောလိုက်တော့ သီရိမာ ပြန်သွားပြီး သူ့မှာ ရရှိသမျှလှူဖွယ် ဝတ္ထုများ၊ စားဖွယ်ခဲဖွယ်များ ရှာဖွေစုဆောင်းတယ်။ ရသမျှယူပြီး နံနက် စောစော ဥတ္တရာတို့အိမ်သို့ လာခဲ့တယ်၊ ဘုရားနှင့် သံဃာများကလဲ နံနက် စောစော သပိတ်၊ သင်္ကန်း ယူဆောင်၍ ဥတ္တရာတို့ အိမ်ကို ကြွတော်မူလာ ကြတယ်။ ဥတ္တရာက ခရီးဦးကြိုဆို၊ နေရာထိုင်ခင်းများ ပေးပြီးတော့ ဆွမ်း ကပ်တယ်။ ဘုရားနှင့် သံဃာများ ဆွမ်းဘုဉ်းပေးလို့ ပြီးတဲ့အခါကျတော့မှ ဥတ္တရာက သီရိမာကို ခေါ်ခဲ့တယ်။

"သူငယ်ချင်းမရေ၊ ဒီမှာ မြတ်စွာဘုရား ငါ့ရဲ့ ဝိဝဋ္ဋဇနက ဖခင်ကြီး တောင်းပန်ပါလေ" ဆိုတော့ ဘုရားရှေ့ ရောက်တယ်ဆိုယင်ပဲ သူက တောင်းပန်တယ်။

"အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာ အကုသလံ ယွာဟံ ဧဝမကာသိ၊ တဿ မေ ဘန္တေဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု၊ အာယတိံ သံဝရာယ။"

"ဘန္တေ၊ ဘုန်းတော်ခြောက်ပုံ တန်ခိုးဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ အရှင် ဘုရား။ ယထာဗာလံ၊ မိုက်သည့်အားလျော်စွာ၊ ယထာမူဠှံ၊ တွေဝေသည့် အားလျော်စွာ၊ ယထာအကုသလံ၊ မလိမ္မာသည့်အားလျော်စွာ၊ မံ၊ ဘုရား တပည့်တော်ကို။ အစ္စယော၊ အပြစ်သည်။ အစ္စဂမာ၊ လွှမ်းမိုးနှိပ်စက်၍ ကျရောက်လာပါပြီ ဘုရား။

ဘန္တေ၊ အရှင်ဘုရား။ တဿာမေ၊ ဘုရားတပည့်တော်ရဲ့။ အစွယ်၊ အပြစ်ကို။ အစ္စယံတော၊ အပြစ်အားလျော်စွာ။ ပဋိဂ္ဂဏှာတု၊ ခံယူတော်မူပါ ဘုရား။ (ဝါ) သည်းခံတော်မူပါ ဘုရား။

"တောင်းပန်လိုက်တယ်တဲ့၊ "ဘုရားတပည့်တော်မလိမ္မာလို့ မိုက်လို့ ပြစ်မှားလွန်ကျူးခဲ့မိသမျှ၊ နောင် ဘုရားတပည့်တော် မလွန်ကျူးတော့ပါဘူး ဘုရား။ အဲဒါတွေ သည်းခံတော်မူပါ ဘုရား"။

"မြတ်စွာဘုရားက မေးတယ်၊ "ချစ်သမီးတဲ့၊သင် ဘာတွေ တောင်းပန်နေတာလဲ၊ ဘာအပြစ်ရှိလို့လဲ" ဒီလို ဘုရားရှင် မေးတဲ့အခါကျတော့မှ မနေ့က ညနေချမ်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေ၊ သူတို့ နှစ်ယောက် တယောက်နဲ့တယောက် ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက် အကြောင်းစုံ အကုန်ပြန်ပြီးတော့ လျှောက်ထားတဲ့အခါကျတော့မှ မြတ်စွာဘုရားက....

"ဥတ္တရေ ချစ်သမီး ဥတ္တရာ။ သာဓု–သာဓု၊ ကောင်းပေစွ–ကောင်းပေစွ။ ဧဝံ ဤသို့သောနည်းဖြင့်သာလျှင်၊ ကောဓံ၊ အမျက်ဒေါသကို။ ဇိနိတုံ၊ အောင်ခြင်းငှာ။ ဝါ၊ နှိမ်နင်းခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။"

"ဤသို့ မိန့်တော်မူ၍ ဤ ပါဠိတော်ဂါထာပုဒ်ကို ဟောတော်မူခဲ့ပါတယ်။

အနိုင်ယူတရား မြတ် (၄) ပါး။ ။"အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ၊ ဇိနေကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ"

"ဥတ္တရေ၊ချစ်သမီးဥတ္တရာ။ ဥတ္တရေ ချစ်သမီး ဥတ္တရာ၊ သိရိမာတို့။ ကောဓံ၊အမျက်ဒေါသ ခြောင်းခြောင်းထွက်လာတဲ့ လူကို။အက္ကောဓေန၊ ဒေါသမထား မေတ္တာပွားသဖြင့်။ ဇိနေဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

"အသာဓုံ၊ ကိုယ်နှုတ်ကြမ်းထော် သူတော်မဟုတ် လူသူယုတ်ကို။ သာဓုနာ၊ သူတော်နှလုံး ကိုယ်ကသုံးသဖြင့်။ ဇိနေဇိနေယျ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

"ကဒရိယံ၊ နှမြောစေးနဲ့ ဝန်တိုတဲ့ လူကို။ ဒါနေန၊ မစွန့်ရမဖက် သဒ္ဓါဇော သက်သက်ဖြင့် ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲ ခြင်းဖြင့်။ ဇိနေဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူလိုက်ပါ။

"အလိကံဝါဒိနံ၊ လိမ်လည်လှည့်ဖျား မမှန်သောစကား ပြောကြားတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို၊ သစ္စေန၊ မှန်ကန်တဲ့ စကားကို ကိုယ်က ပြောကြားခြင်းဖြင့် အနိုင်ယူလိုက်ပါ"လို့

"အနိုင်ယူဖို့တရား ၄-ပါး၊ဘုရား စပြီးတော့ ဟောခဲ့တဲ့ အတိုင်းပဲ ဒေါသ သမားကို မေတ္တာနဲ့ အနိုင်ယူပါ။ နှုတ်ကြမ်းတဲ့ လူကို ယဉ်ကျေးတဲ့ စကားဖြင့် အနိုင်ယူ။ ဝန်တိုတဲ့ လူကို ဒါနဖြင့် အနိုင်ယူ။ လိမ်တတ်တဲ့ လူကို သစ္စာစကားဖြင့် အနိုင်ယူ ဆိုပြီးတော့ အနိုင်ယူဖို့တရား ၄ ပါး ပြပြီးတဲ့ အခါကျတော့ မြတ်စွာဘုရားသည် စောစောက ပြောခဲ့တဲ့ အတိုင်းပဲ ဒါန၊ သီလ၊ သဂ္ဂ၊ ကာမာနံ အာဒီနဝ၊ မဂ္ဂ၊ စတုသစ္စလို့ ခေါ်တဲ့ ကထာ ၆-ပါး အနုပုဗ္ဗိ ကထာ ၆-ပါး အစဉ်အတိုင်း ဟောကြားသဖြင့်-

"ဒေသနာဝသာနေ၊ စတုသစ္စကထာ ဒေသနာနိဂုံး အဆုံးသတ်သော ကာလ၌။ သိရိမာ၊ သိရိမာခေါ်တဲ့ ပြည့်တန်ဆာမသည်။ ပဉ္စသတာပတိကတ္တာဟိ၊ အခြံအရံ မိန်းမငါးရာနှင့်၊ သဒ္ဓိ၊ အတူတကွ၊ သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌတိ၊ တည်ခဲ့ပါပြီတဲ့။

"အဲဒီ ဒေသနာတရား ဒေသနာ နိဂုံးဆုံးတဲ့ ကာလမှာ သိရိမာခေါ်တဲ့ ဒကာမသည် သူရဲ့ အခြံအရံ အမျိုးသမီးပရိသတ် ငါးရာနှင့်တကွ သောတာပတ္တိဖိုလ်မှာ တည်ခဲ့ပါတယ်။ ဥတ္တရာခေါ်တဲ့ ဒကာမကတော့-

"ဥတ္တရာ၊ဥတ္တရာမည်သော၊ဥပါသိကာ၊ဒါယိကာမသည်၊ သကဒါဂါမိဖလေ၊ သကဒါဂါမိဖိုလ်၌၊ပတိဋ္ဌတိ၊ တည်သွားပါပြီ။

"ဥတ္တရာက သကဒါဂါမ်၊ ဟိုမိစ္ဆာဒိဋ္ဌိ သဌေးသားက ဘာဖြစ်သလဲ။

မိစ္ဆာဒိဋ္ဌိသေဋ္ဌိပုတ္တော၊ မိစ္ဆာဒိဋ္ဌိ သဌေးသားကတော့။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်ခဲ့လေပြီ။

"အလွန်တရာ အကျိုးများတဲ့ တရား၊ မိစ္ဆာဒိဋ္ဌိ သဌေးသား သောတာပန်တည်လို့ သိရိမာ ပြည့်တန်ဆာမ သောတာပန်တည်၊ ဥတ္တရာခေါ်တဲ့ ဒကာမက သကဒါဂါမ် တည်လို့ သူက တဆင့်တက် သွားပြီ။ အဲဒီနောက်ကျတော့မှ သိရိမာက မြတ်စွာဘုရားကို လျှောက်တယ်။

"ဥပါသိကာ မံ ဘန္တေ ဘဂဝါ ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံဂတံ။"

"ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ မြတ်စွာဘုရားရှင်သည်။ အဇ္ဇ တဂ္ဂေ၊ ယနေ့ကို အစပြု၍။ ပါဏုပေတံ။ ဘုရားတပည့်တော်မ အသက်ရှင်နေသမျှ ကာလပတ်လုံး။ မံ၊ ဘုရားတပည့်တော်မကို။ ဉပါသိကံ၊ ဘုရား–တရား–သံဃာ–ရတနာ သုံးရပ်ကို ဆည်းကပ်ကိုးကွယ်တဲ့ ဉပါသိကာဒါယိကာမ တယောက်ဟူ၍။ ဓာရေတု၊ မှတ်တော်မူစေချင် ပါသည်ဘုရား။

"ဘုရားတပည့်တော်မ အသက်ရှင်နေသမျှ ကာလပတ်လုံး တပည့်တော်မကို အရှင်ဘုရားနဲ့တကွ သံဃာတော် အရှင်မြတ်တွေ အရှင်ဘုရားဟောတော်မူတဲ့ တရားတော် တွေဆိုတဲ့ ရတနာသုံးရပ်ကို ဆည်းကပ်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ ဉပါသိကာ ဒါယိကာမ တယောက်ပဲလို့ အသိအမှတ် ပြုတော်မူပါဘုရား"။

"လျှောက်တယ်နော်"

"မှန်ပါဘုရား"

"ဒါတင် မကသေးဘူးတဲ့။ အဲဒီလို ဉပါသိကာ ဒါယိကာမ တယောက် "ဗုဒ္ဓဘာသာအဖြစ် ရောက်သွားတဲ့ ဘုရားတပည့်တော်မသည် နေ့တိုင်းနေ့တိုင်း ဘုရားတပည့်တော်ရဲ့ အိမ်မှာ သံဃာတော်ရှစ်ပါး ရှစ်ပါး ဆွမ်းကပ်လိုပါတယ်။ ဒါကြောင့်မို့လို့ နေ့တိုင်းနေ့တိုင်း ဘုရားတပည့်တော်တို့ အိမ်ကို သံဃာတော်ရှစ်ပါး ကြွပြီးတော့ ဆွမ်း အလှူခံတော်မူပါဘုရား" ဒါလဲ လျှောက်တယ်။

**မိတ်ကောင်းကျေးဇူး။** ။"သိရိမာ လိမ္မာသွားပြီနော်"

"မှန်ပါဘုရား"

"သိပ်ပြီး အကျိုးများတယ်။ ဘာကြောင့် အကျိုးများသလဲ၊ ကလျာဏမိတ္တ မိတ်ကောင်း ဆွေကောင်း ပေါင်းဖော် မှီခိုရတဲ့အတွက်ကြောင့် အကျိုးများတယ်။

"ဉတ္တရာကို စော်ကားမိတဲ့လဲပဲ သူ ဒီလို ဘုရားနဲ့ တွေ့ရတယ်နော်"

"မှန်ပါတယ် ဘုရား"

"ဘုရားနဲ့ တွေ့ရသဖြင့်လဲပဲ ဤကဲ့သို့ နှလုံးတွေကျ၊ စိတ်တွေကျ၊ မာနတွေ ကျဆင်း၊ သောတာပန်တည်၊ သောတာပန် တည်ပြီးရုံတင် မဟုတ်ပဲနဲ့ သာသနာ့ဒါယိကာမကြီးတယောက် ဖြစ်ပြီးတော့ နေ့တိုင်းနေ့တိုင်း သံဃာ ရှစ်ပါး ရှစ်ပါး ဆွမ်းဘုဉ်းပေးဖို့ရန် ပင့်လိုက်ပြီ။

''အဲဒီလို ပင့်လိုက်တယ်ဆိုယင်ပဲ နေ့တိုင်းနေ့တိုင်း သိရိမာရဲ့ အိမ်ကို ကိုယ်တော် ဘယ်နှစ်ပါး ကြွမလဲ''

''ရှစ်ပါးပါ ဘုရား''

''ရှစ်ပါး ရှစ်ပါးဘဲ။ အဲဒါ အဋ္ဌကဘတ်လို့ ခေါ်တယ်။ အဋ္ဌကဘတ် သံဃာ ရှစ်ပါး ကြွပြီးတော့ ဆွမ်းဘုဉ်းပေးဖို့ရန် ပင့်လိုက်တဲ့ အခါကျတော့ နေ့တိုင်းနေ့တိုင်း ကိုယ်တော်ရှစ်ပါး ကြွတယ်။

''အဲဒီ ဆွမ်းဟာ ဘယ်လိုကပ်သလဲ ဆိုလို့ရှိယင် အဋ္ဌကထာမှာ ပြောထားတယ်၊ ကိုယ်တော် ရှစ်ပါးအတွက် သူချက်တဲ့ ဆွမ်းဟာ တဆယ့် မြောက်ကျပ် အကုန်အကျခံပြီးတော့ ချက်တယ်တဲ့။ တပါး တပါးလျှင် ဆွမ်းတနပ် တနပ်ဟာ ဘယ်လောက် တန်ဖိုးရှိမလဲ''

''၂–ကျပ်ပါ ဘုရား''

''၂–ကျပ် တန်ဖိုးရှိတဲ့ဆွမ်း သပိတ်ထဲ ကြည့်လိုက်လို့ရှိယင် ဆွမ်းရော၊ ဆွမ်းဟင်းရော၊ မုန့်ရော၊ သစ်သီးရော ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် သပိတ်အပြည့် ပါသွားတယ်၊ ကျောင်းရောက်ယင် ကိုယ်တော် ၃–ပါးလောက် ဘုဉ်းပေးရတယ်တဲ့၊ ၃–ပါး ဘုဉ်းပေးနိုင်တယ်တဲ့။ ၂–ကျပ်ဖိုး ဆွမ်းနော်။

''ဒီကနေ့တော့ ၂–ကျပ်ဖိုး မပြောနဲ့ တဆယ်ဖိုးလောက်တောင်မှ တပါး ... အနိုင်နိုင်။ ဒီလိုဖြစ်ကုန်ပြီနော်''

''မှန်ပါ ဘုရား''

''သိပ် မကွာတော့ဘူး၊ ဒါကြောင့် တို့ပရိသတ် သေသေချာချာ စဉ်းစားသာ။ ဒုဗ္ဘိက္ခန္တရကပ် ဆိုတာက ဘာမှ မခဲယဉ်းဘူး။ ဒုဗ္ဘိက္ခန္တရကပ် ထမင်းငတ်ပြီးတော့ လောကမှာ လူမကျန်အောင် သေတယ်ဆိုတာ ဘာမှ မယုံစရာ မရှိဘူး။

**လောဘကြီးလွတ် ငက်မွတ်တတ်။** ။''လောဘုဿဒါယ ပဇာယ ဒုဗ္ဘိက္ခန္တကပ္ပေါ ဟောတိ''

''စတုက္ကင်္ဂုတ္တိုသုတ်မှာ''

''မှန်ပါ ဘုရား''

''လောဘုဿဒါယ၊ လောဘထူပြော၍နေသော။ပဇာယ၊ သတ္တဝါ အပေါင်း၌၊ ဒုဗ္ဘိက္ခန္တရကပ္ပော၊ ထမင်းငတ်၍ လူမကျန်လောက်အောင် သေကြရတဲ့ ဒုဗ္ဘိက္ခန္တရကပ်ကြီးသည်။ ဟောတိ၊ ဖြစ်၏။

"လောဘတွေ ကြပ်ကြပ်ကြီးလို့ရှိယင် ငတ်ပြီးတော့ လူတွေ သေတတ်တယ်တဲ့။ ရှင်ဘုရင့်လောဘ၊ တိုင်းသူပြည်သားလောဘ။ ဟုတ်လား၊ ခွဲမပြောဘူး။ ဒါတွေဟာ အတူတူပဲ ဘယ်သူ့လောဘဖြစ်ဖြစ်။

"အဲဒီလို လောဘတွေ ကြပ်ကြပ်ကြီးလို့ရှိယင် ကမ္ဘာကြီးမှာ ရှိတဲ့ လူတွေဟာ ဘာဖြစ်တုံး"

"ငတ်ပြီးတော့ သေပါတယ် ဘုရား"

"ငတ်တတ်တယ်နော်"

"မှန်ပါ ဘုရား"

"ဒီကနေ့ စားရေး၊ နေရေး၊ ဝတ်ရေးအတွက် တိုင်းသူပြည်သား ကမ္ဘာသူ ကမ္ဘာသား အားလုံးဟာ လောဘတွေ ပို၍ ပို၍ ကြီးမနေကြဘူးလား"

"ကြီးနေပါတယ် ဘုရား"

"ရှေးယခင်တုန်းက မိသားစု တစုမှာ ဆိုလို့ရှိယင် အိမ်ထောင်သူ အိမ်ထောင်သားတွေ၊ ဟုတ်လား ၅–ယောက် ရှိရှိ၊ ၁၀–ယောက်ရှိရှိ အိမ်ထောင်ဦးစီးဖြစ်တဲ့ အမျိုးသား တယောက်က ခေါင်းဆောင် အလုပ်လုပ်လို့ရှိယင် အိမ်ရှိလူကုန်အကုန်လုံး စားလို့ ရတယ်၊ရတယ်မဟုတ်လား"

"ရပါတယ် ဘုရား"

"ဒီကနေ့ခေတ်ဘော့ အိမ်ရှိတဲ့ ကလေးငယ်ကလေးကလဲ ရထားပေါ်ကြည့်ကြည့်၊ ကားပေါ်ကြည့်ကြည့်၊ ဟုတ်လား၊ မြေပဲဆားလှော်တို့၊ ရှောက်သီးဆေးပြားတို့ ဆိုပြီးတော့ သူတို့လဲပဲ အားကြိုးမာန်တက် ရှာနေကြရတယ်။ ကလေးလေးတွေလဲပဲ ရှာရတယ်၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလို အိမ်ရှိ လူကုန် ထွက်ပြီးတော့ ရှာတောင်မှ ဒီကနေ့ ထမင်း ဝအောင် စားရဖို့ သိပ်မလွယ်တော့ဘူး။ ဒီလိုမဟုတ်လား"

"မှန်ပါ ဘုရား"

"တနေ့ထက် တနေ့၊ တနေ့ထက် တနေ့ စားဖို့၊ နေဖို့၊ ဝတ်ဖို့တွေ ဘာဖြစ်လာသလဲ။ ပေါလာသလား၊ ရှားလာသလား"

"ရှားလာပါတယ် ဘုရား"

''ရှားလာတယ်၊ စားမယ့်လူတွေက များလာတယ်။ စားမယ့်လူတွေက များလေလေ စားစရာတွေက ရှားလေလေ ဖြစ်ဖြစ်လာသဖြင့် လောဘတွေက ဘာဖြစ်သတုံး''

''ကြီးလာပါတယ် ဘုရား''

''ကြီးရတယ်၊ ရှားတယ်ဆိုယင် လောဘ ကြီးကို ကြီးရမှာ၊ ရှားတယ်ဆိုယင် လောဘကြီးတယ်။ လောဘကြီးလေ ရှားလေ၊ ရှားလေ လောဘကြီးလေ ဒီလိုဖြစ်တယ် မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒါကြောင့်မို့လို့ ရှားပါးခြင်း၊ ငတ်မွတ်ခြင်းရဲ့ အကြောင်းဟာ လောဘပဲဆိုတာ သေသေချာချာ သဘောကျထား။ ဒုဗ္ဘိက္ခန္တရကပ် ဆိုသည်မှာ လောဘ ကြပ်ကြပ်ကြီးယင် ဖြစ်တယ်တဲ့။ ဒါကြောင့် လောဘကို သတ်နိုင်အောင် ကြိုးစားကြမယ် ဆိုယင်ဖြင့် ဒုဗ္ဘိက္ခန္တရကပ်ဘေးက ကင်းဝေးမယ်။ ဒီလိုမဟုတ်လား''

''မှန်ပါ ဘုရား''

**ကပ်ကြီးသုံးပါး ကင်းဝေးခြင်းက။** ။''အဲဒါ ကပ်ကြီးသုံးပါးဘေး ကင်းဝေးချင်ယင်၊ ကင်းဝေးချင်လို့ရှိယင် ဘာမှ မခဲယဉ်းပါဘူး။ လောဘကို နိုင်အောင်သတ်၊ ဒေါသကို နိုင်အောင်သတ်၊ သတ္ထန္တရကပ်ဘေးလွတ်မယ်။ မောဟကို နိုင်အောင်သတ်။ ရောဂန္တရကပ်ဘေးက ထွက်မယ်။ ကပ်ကြီး ၃–ပါးရဲ့ အကြောင်းရင်းဟာ လောဘရယ်၊ ဒေါသရယ်၊ မောဟရယ် ဒါပဲ။ လောဘကြီးယင် ထမင်းငတ်မယ်၊ ဒေါသကြီးယင် လက်နက်နဲ့ သတ်မယ်၊ မောဟကြီးယင် ရောဂါများမယ်၊ ဒီလို မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''မိမိရဲ့ ခန္ဓာကိုယ် ကျန်းမာရေးနဲ့ပတ်သက်လို့ စဉ်းစားကြည့်ပါ။ မောဟ။ မောဟ ဆိုတာ ဒီအစားအစာ၊ ဒီအနေအထိုင်၊ ဒီအဝတ်အရုံ၊ ဒီရာသီဥတု။ မိမိရဲ့ ခန္ဓာကိုယ်နဲ့ သင့်သည်၊ မသင့်သည် ဘာမှ မစဉ်းစား၊ မဆင်ခြင်တတ်တဲ့ မောဟ လွှမ်းမိုးလာလို့ရှိယင် ဒီပုဂ္ဂိုလ် ဘာဖြစ်မလဲ''

''ရောဂါထူပါမယ် ဘုရား''

''ရောဂါဖြစ်မှာပဲ''

''မှန်ပါ ဘုရား''

"ထမင်းပွဲ ထိုင်လိုက်သည်နှင့် တပြိုင်နက်တည်း ဒီဟင်း ငါနဲ့ သင့်လား၊ ဒီအစားအစာ ငါနဲ့တော်သလား ဆိုတဲ့ ဆင်ခြင်တတ်တဲ့ အသိဉာဏ်လေး မဝင်ယင် ဒီပုဂ္ဂိုလ် ရောဂါဖြစ်တာပဲ။ ဒါ အနည်းဆုံး အကြောင်းက စပြောတာ။ ဆင်ခြင်စဉ်းစားတဲ့ဉာဏ် ရှိတဲ့ ပုဂ္ဂိုလ်တွေ ရောဂါနည်းပါးတယ်နော်။ဒါကြောင့်မို့လို့ ရောဂါများခြင်းရဲ့ အကြောင်းသည် မောဟ။ လက်နက်တွေနဲ့ သတ်ဖြတ်ညှဉ်းဆဲဖို့ရန် အကြောင်းသည် ဒေါသ။ အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းရဲ့ အကြောင်းသည် လောဘ၊ ဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒါကြောင့် ကပ်ကြီး ၃–ပါး လွတ်ချင်ယင် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ ကိလေသာ ၃–ပါးကို သတ်ရမယ် မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အဲဒါ အကြောင်းရင်း။ အဲဒီ လောဘ၊ ဒေါသ၊ မောဟတော့ နည်းအောင် မလုပ်ပဲနဲ့ ခုနက ကပ်ကြီး ၃–ပါး လွတ်မယ်ဆိုတဲ့ နည်းလမ်း တို့ဒကာ ကိုအုံးဟန် ရှာကြည့်စမ်းပါ"

"မတွေ့ပါ ဘုရား"

"မတွေ့ဘူးတဲ့ တို့ပရိသတ်၊ ဟုတ်ကြရဲ့လား။ ဒီကနေ့တော့ ပေါနေတယ်တဲ့။ ကပ်ကြီးသုံးပါးဘေးက ကင်းဝေးအောင် ဘာလုပ်လိုက်စမ်း၊ ဟုက်လား။ ဖယောင်းခုနစ်တိုင် ထွန်းလိုက်ပါ၊ ထီးဖြူ စိုက်လိုက်ပါဆိုတာ တွေဟာ တဲ့နော်။

"ရှိစေတော့၊ တို့ဒကာ ကိုအုံးဟန်ကြီး လက်မှာ ခတ်လုံးကလေးများ မရှိဘူးလား"

"မရှိပါ ဘုရား"

"ဘာရှိသလဲ၊ လက်တွေ ဘာတွေ ထောင်ပြလိုက်သေးတယ် သူက"

"ကပ်ကြီး ၃–ပါး ဘေးက ကင်းဝေးရအောင် ဆိုပြီးတော့ ဘယ်လို အရုပ်ကလေး ချိတ်ထားလိုက် ဆိုတာ တွေ့တယ်ပေါ့။ အဲဒီ အရုပ် တရုပ် ဝယ်လိုက်လို့ ရှိယင် အနည်းဆုံး ၂–ကျပ်၊ ၃–ကျပ် ကတော့ ဟုတ်လား ပေးရမှာပဲ။ သူတော့ ကပ်ကြီး ၃–ပါး ဘေးက လွတ်သွားလိမ့်မယ်။ ၂–ကျပ်၊ ၂–ကျပ် ရယင် ထမင်းတနပ် သူက စားရသောက်ရတယ်၊ အရုပ် ရောင်းတဲ့ သူက။ ဒီက လူကတော့ ၂–ကျပ်ဖိုး ကုန်သွား။ ကိုင်း၊ ရှိပါ စေတော့၊ ပြောလိုတဲ့ အကြောင်းက ဘာလဲ။ ၂–ကျပ်ဖိုး။ ၂-ကျပ်ဖိုးကပ်တဲ့

ဆွမ်းသည် ကိုယ်တော်သုံးပါး ဘုဉ်းပေးလောက်ပါတယ်။

"ယခု ဆိုယင်ဖြင့် နှစ်ဆယ်ဖိုးလောက် ကပ်ယင် တပါးစာ အနိုင်နိုင် ဖြစ်တယ်။ အဲဒါကြောင့်မို့လို့ လောဘကြီးယင် ဒုဗ္ဘိက္ခန္တရ ဖြစ်တယ်ဆို တာကို သဘောကျသား။ ဒါကြောင့် ကိုယ်တော် ရှစ်ပါးအတွက် တဆယ့် ခြောက်ကျပ် အကုန်ခံပြီးတော့ ကပ်တဲ့ဆွမ်းကို နေ့တိုင်း နေ့တိုင်း ရှစ်ပါး ရှစ်ပါးအတွက် သီရိမာသည် ဆွမ်းကပ်နေပြီ"

"ဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

**ဥပါသိကာ သီရိမာ၊** ။"ဒီတော့ တနေ့သောအခါ ကိုယ်တော်တပါး သည်တဲ့ သီရိမာအိမ်က ဆွမ်းတွေ အလှူခံပြီးတော့ တနေရာမှာ ဘုဉ်းပေး၊ ဘုဉ်းပေးပြီးတဲ့အခါကျတော့ရာဇဂြိုဟ်မြို့ရဲ့အထက် သုံးယူဇနာလောက် ကွာဝေးတဲ့ ကျေးရွာတရွာကို ကိုယ်တော်တပါး ကြွ သွားတယ်။ ဘယ်နှစ်ယူဇနာတုံး"

"သုံးယူဇနာပါ ဘုရား"

"သုံးယူဇနာ၊ တယူဇနာ ၁၂-မိုင်နှုန်းနဲ့ တွက်ပါ။ ၃၆-မိုင် ကွာဝေးတဲ့ ကျေးရွာက တောကျောင်းတကျောင်းကို မြို့က ကိုယ်တော် တပါး ကြွသွားရော။

"ကြွသွားတော့ ဟိုတောကျောင်းလေး ရောက်တယ်ဆိုယင်ပဲ တော ကျောင်းက ကိုယ်တော်တွေက အာဂန္တုကိုယ်တော်ကြီး ကြွလာတယ်၊နေရာ ထိုင်ခင်းပေး၊ ခင်းကျင်းပြီးတော့ သူ့ထား။

"ညနေချမ်းလဲကျရော မထေရ်ကြီးထံ စုဝေးပြီးတော့ သူတို့ သွား ကြတယ်။ မထေရ်ကြီးဆီ စုဝေးမိတော့ မထေရ်ကြီးကို မေးတယ်။ "အရှင် ဘုရား ဘယ်က ကြွလာသလဲ"။ "တပည့်တော် ရာဇဂြိုဟ်က လာပါတယ် ဘုရား"။ "ဘယ်အချိန်က ရောက်လဲ"။"ဘယ်အချိန်ကပဲ ရောက်ခဲ့ပါတယ်"။ "အရှင်ဘုရား ဒီနေ့ ဘယ်က ဆွမ်းဘုဉ်းပေးခဲ့တုံး"။"တပည့်တော် ဒီကနေ့ သီရိမာအိမ်က ဆွမ်းခံပြီးတော့ ဘုဉ်းပေးခဲ့တယ် ဘုရား"။

"အဲဒီလို ပြောလိုက်တယ်ဆိုယင်ပဲ အဲဒီကိုယ်တော်တွေ စုဝေးနေတဲ့ အထဲက အခြား ပုထုဇဉ်ကိုယ်တော်ငယ်တပါးက "ဩော်၊ အရှင်ဘုရား သီရိမာအိမ်က ဆွမ်းဘုဉ်းပေးခဲ့သလား"။ "မှန်ပါတယ်"။ "သီရိမာ ဆွမ်း များ ကောင်းကောင်းမွန်မွန် လှောင်းနိုင်ပါရဲ့လား ဘုရား"၊ "ဟာ၊ သီရိမာ

ဆွမ်း ကောင်းတာကတော့ မပြောနဲ့တော့။ အရှင်ဘုရားတို့ သပိတ်တလုံးထဲ လောင်းလိုက်တဲ့ဆွမ်း ကိုယ်တော် သုံးပါးလဲ ဘုဉ်းပေးနိုင်တယ်။ မုန့်ပဲသွား ရည်စာ အသီးအနှံနဲ့တကွ ပြည့်ပြည့်စုံစုံ ဘုရား။ စားလို့ မကုန် သောက်လို့ မကုန် အလွန်တရာ ကောင်းလှပါတယ်''

''ဒါတင် မကသေးဘူး၊ တပည့်တော် ပြောရအုံးမယ် ဆိုလို့ရှိယင် သီရိမာဟာ ဆွမ်းကိုသာလျှင် မွန်မွန်မြတ်မြတ် လောင်းနိုင်တာ မဟုတ်သေး ဘူးတဲ့။သူ့ရဲ့ခန္ဓာမှာ ကြည့်လိုက်မယ်ဆိုလို့ရှိယင်လဲပဲ ရာဇဂြိုဟ်မြို့မှာပြိုင်ဘက် ကင်းအောင် လှတဲ့ အမျိုးသမီးတယောက် ဘုရား။ သီရိမာရဲ့ဆွမ်း ဘုဉ်း ပေးရတာထက် ဆွမ်းခံသွားယင်း အဲဒီ သီရိမာအလှ ကြည့်ရတာကပင်လျှင် တပည့်တော်အတွက်တော့ တော်တော်ပဲ မြိန်ယှက်လှပါပြီ'' တဲ့၊ ကိုယ် တော်က ပြောတယ်။

''အဲဒီလို ဆိုလိုက်ယင်ပဲ ယခုနက တောကျောင်းမှာရှိနေတဲ့ ပုထုဇဉ် တွေထဲက ကိုယ်တော်တပါးသည် ''ငါသည် ဒီကနေ့ သီရိမာအိမ်ကို ဆွမ်းခံ သွားမည်'' စိတ်ဖြစ်လာတယ်။ ကိုယ်တော်တပါးကနေ၁်''

''မှန်ပါ ဘုရား''

''ဘာအတွက် သူသွားချင်တာလဲ။ ဆွမ်းလိုချင်လို့ တော့ မဟုတ် ပါဘူး''

''သီရိမာ ကြည့်ချင်လို့ ပါ ဘုရား''

''သီရိမာရဲ့အလှကို ကြည့်ချင်လို့''

''ယခုနက မြို့က လာတဲ့ ကိုယ်တော်ကလဲ အားပါ.တရ ပြော တယ်။ ဆွမ်းဘုဉ်းပေးရတာထက် သူ့အလှ ကြည့်ရတာက ကောင်းတယ်လို့ ပြောတော့ ကိုယ်တော် သွားချင်တယ်။ တခါထဲ သပိတ်ပရိက္ခရာ လွယ်ပြီး တော့ ကျောင်းကနေ ထွက်၊ညဦးယံကဲ ထွက်ခဲ့တယ်။မိုင်အားဖြင့် ၃၆-မိုင် သွားရမယ်။ ညဦးယံကနေ တခါထဲ မအိပ်မနေ အပြင်း သုတ်ခြေတင်ပြီး တော့ တခါထဲ လျှောက်လာလိုက်တာ ရာဇဂြိုဟ်မြို့ ဘယ်အချိန် ဝင်လာ သလဲ ဆိုလို့ရှိယင် မနက် အရုဏ်ဆွမ်းခံတွေ ထွက်ခါနီးတဲ့အချိန်။ ဝေဠုဝန် ကျောင်းတိုက်ကနေပြီးတော့ သံဃာတော်တွေ ထေရ်စဉ်ဝါစဉ်အတိုင်း သီရိမာအိမ်ကို နေ့တိုင်း နေ့တိုင်း ရှစ်ပါး ရှစ်ပါး လွှတ်နေတယ်နေ၁်''

''မှန်ပါ ဘုရား''

''ထေရ်စဉ်ဝါစဉ်အတိုင်း ရှစ်ပါး ရှစ်ပါး လွှတ်နေတော့ ဝေဠုဝန်

ရွှေကျောင်းမှာ သံဃာတော်များ စီစဉ်လှတ်တဲ့ စာရေးတံမဲရုံ ဆိုတာ ရှိတယ်၊ အဲဒီ မဲရုံလေးကို ခုနက တောကျောင်းကနေ အပြင်းအထန် သုတ်ခြေတင်ပြီးတော့ ချီတက်လာတဲ့ ကိုယ်တော်က ဒီမဲရုံ ပြေးဝင်သွားတယ်။ ဝင်သွားတယ်ဆိုယင်ပဲ "တပည့်တော်လဲ ဆွမ်းခံကြွပါရစေဘုရား"။ သူက စာရင်း သွားပေးတယ်။ "အရှင်ဘုရား ဘယ်နှစ်ဝါရှိပြီလဲ"။ ဟိုက ဝါ မေးလိုက်တယ်။ ဟာ.... သူကလဲ ဘယ်နှစ်ဝါရှိပြီ လျှောက်လိုက်တော့ အဲဒီနေ့ ကျရောက်နေတဲ့ ကိုယ်တော်တွေထဲမှာ ဆိုလို့ရှိယင် သူက အကြီးဆုံး ဖြစ်နေတယ်။

**ခွဲလမ်းသူမှာ ပါသွားရှာ၊** ။ "အကြီးဆုံးဖြစ်နေတော့ "ကိုင်း၊ အရှင်ဘုရားက အကြီးဆုံး ဖြစ်ပြီတဲ့၊ အရှင်ဘုရား နောက်က ၇–ပါး လိုက်လိမ့်မယ်။ အစဉ်အတိုင်း နောက်က ၇–ပါး။ အရှင်ဘုရားက အကြီးဆုံး မထေရ်ကြီးအဖြစ်နဲ့ ရှေ့က ကြွပေရော့ဘုရား" ကြွသွားရော။ ကိုယ်တော် ဘယ်နှစ်ပါးလဲ"

"ရှစ်ပါးပါ ဘုရား"

"ရှစ်ပါး၊ ယခုနက တောကျောင်းက လာခဲ့တဲ့ ကိုယ်တော်က အကြီးဆုံးအဖြစ်နဲ့ ကြွတယ်"

"မှန်ပါ ဘုရား"

"ဒါပေမယ့် သူ ကံဆိုးချင်တော့ ဘယ်လိုဖြစ်သတုံး ဆိုလို့ရှိယင် မနေ့က ညနေချမ်းကပင်လျှင် သူတို့တတွေ ဟိုတောကျောင်းမှာ စုပြီးတော့ သိရိမာ အကြောင်းတွေ ပြောဆိုနေကြတဲ့အချိန်မှာ သိရိမာရဲ့ ခန္ဓာကိုယ်မှာ သေလောက်တဲ့ မာရဏန္တိက ဝေဒနာလို့ ခေါ်တဲ့ အလွန် ပြင်းထန်တဲ့ ရောဂါဝေဒနာကြီးက ဖြစ်ခဲ့ပါပြီနော်။

"သေလောက်တဲ့ ရောဂါဝေဒနာ ရုတ်တရက်ဝင်ပြီးတော့ စွဲကပ်သဖြင့် ဆွမ်းမလောင်းနိုင်တော့ပြီ။ အိပ်ရာထဲ လဲပြီးတော့ နေတယ်။ အိမ်ရှိတဲ့အစေအပါး အမျိုးသမီးတွေကို သိရိမာက ပြောထားတယ်တဲ့။ ကိုယ်တော်တွေ မနက်အရုဏ်တက်လို့ ကြွလာတဲ့အခါ သပိတ်ထဲ ဆွမ်း၊ ဆွမ်းဟင်း၊ ခဲဘွယ်၊ မုန့်ပဲ၊ သွားရည်စာ အပြည့်အစုံထည့်ပြီးတဲ့ အခါကျတော့ သပိတ်များ ပြင်ဆင်၊ နေရာခင်းကျင်း၊ သောက်ရေ၊ သုံးဆောင်ရေ ကပ်၊ ဆွမ်းကပ်တဲ့ အစီအစဉ် ဒီမှာ ဘယ်လိုပါသလဲ ဆိုလို့ရှိယင်ဖြင့် ပထမဦးစွာ ကိုယ်တော်တွေ ကြွလာလို့ရှိယင် ယာဂုကပ်ပါ။

"ပထမဦးစွာ ယာဂု ကပ်၊ ယာဂု ဆိုတာ ဘာလဲ၊ ဆွမ်းပြုတ်"

"မှန်ပါ ဘုရား"

"ဆွမ်းပြုတ် ရေကျဲကျဲ ကပ်တယ်။ အဲဒါ ကပ်ပြီးသည့် အချိန်ကျတော့မှ ခဲဖွယ်လို့ ခေါ်တဲ့ မုန့်ပဲသွားရည်စာလေးတွေ ကပ်တယ်။ အဲဒါ ခဲဖွယ် ခေါ်တယ်၊ မုန့်။

"အဲဒီနောက်ကျတော့မှ သပိတ်ထဲ မုန့်၊ ဆွမ်းတွေ ထည့်ပြီးတော့ လောင်းလှူ၊ ဆွမ်းခံသာတဲ့ ကိုယ်တော်ကပ်တဲ့ အစီအစဉ်။ အဲဒီလို မှာကြားထားတဲ့ အခါကျတော့ ကိုယ်တော် အရှင်မြတ်တွေတဲ့ မနက် ရှစ်ပါး အိမ်ဝင်လာတယ်ဆိုယင်ပဲ အိမ်ရှိတဲ့အမျိုးသမီးတွေကလဲ မှာကြားထားတဲ့အတိုင်း အကုန်လုံး နေရာထိုင်ခင်း ပြင်ဆင်ခင်းကျင်းပြီးတော့ ကိုယ်တော်တွေကို ယာဂု ကပ်တယ်။ အဲဒီနောက်မှ ခဲဖွယ် ကပ်တယ်။

"အဲဒီလို သပိတ်ထဲ ဆွမ်းအပြည့် ထည့်ပြီးတော့ သပိတ် ရှစ်လုံး စီတန်းပြီးတော့ ထား။ ကိုယ်တော်ရှစ်ပါးကလဲ ထိုင်ပြီးတော့ နေတယ်။ ယခုနက အကြီးဆုံးဖြစ်တဲ့ ကိုယ်တော်ကဖြင့် သီရိမာကို ကြည့်ချင်လှပြီတဲ့။ ဘယ်နေရာက လာမလဲ၊ ဘယ်လိုပုံနဲ့ လာမလဲပေါ့လေ။ သူ့ စိတ်ထဲ ကြည့်ပြီးတော့နေတယ်။ ဒါပေမယ့် သီရိမာ အိပ်ရာထဲမှာ လဲနေလို့ မလာနိုင်။ ကိုယ်တော်က မျှော်လှပြီ။

"တော်တော်ကြာတော့မှ အမျိုးသမီးတွေ စုပြီးတော့ သီရိမာကို ပွေ့ချီပြီးတော့ မ လာကြတယ်။ ခန္ဓာကိုယ်မှာ အမျိုးသမီးတို့ရဲ့ အဆင်းတန်ဆာ သပ်သပ်ရပ်ရပ် ပြင်ဆင်ပြီးသား ဘာမှ မရှိတော့ဘူး။ ရောဂါဝေဒနာ နှိပ်စက်သဖြင့် ပင်ပန်းဆင်းရဲနေတဲ့ အသွင်နဲ့ တုန်တုန်ယင်ယင်ဖြင့် ကိုယ်တော်အရှင်မြတ်တွေရဲ့ ရှေ့လာပြီးတော့ ထိုင်။ လက်အုပ် ချီမိုးပြီးတော့ ကိုယ်တော်များကို ရှိခိုး ဦးသုံးကြိမ်ချ၊ သပိတ်များ ကပ်တယ်။

"အဲဒီ အမူအရာတွေ လှုပ်ရှားနေတဲ့ သီရိမာရဲ့ အမူအရာတွေ ယခုနက တောကလာတဲ့ ကိုယ်တော်က ကြည့်ပြီးတော့ စိတ်ထဲ သူ တွေးတယ်တဲ့။ "ဤ သီရိမာခေါ်တဲ့ ပြည့်တန်ဆာမသည် ယခုလောက် သေလောက်တဲ့ ရောဂါဝေဒနာကြီး နှိပ်စက်ပြီးတော့ နေတာတောင်မှ ဒါလောက် လှသေးယင်၊ဒါလောက် ရှုချင်စဖွယ် တင့်တယ်သေးယင်....

"အရောဂကာလေ၊ ခန္ဓာကိုယ်မှာ အနာကင်းကွာ ကျန်းမာတဲ့ အခါကာလမှာကား။ သဗ္ဗာဘဲရဏ ပဋိမဏ္ဍိတာယ၊ အမျိုးသမီးတို့ရဲ့ အလုံး

စုံသော အဆင်းတန်ဆာတို့ဖြင့် တန်ဆာဆင်ခဲ့သည်၊ ဆင်ခဲ့မယ်ဆိုယင်။ ဣမိသာ၊ ဤသိရိမာ၏၊ ရူပသမ္ပတ္တိ၊ ရုပ်ရည်အဆင်း ပြည့်စုံတင့်တယ်ခြင်း သည်။ ကီဒိသိ၊ ဘယ်လိုများ ရှိလိမ့်မလဲ။

"ကျန်းကျန်းမာမာ ရှိနေတဲ့ အချိန် အမျိုးသမီးတို့ရဲ့ အဆင်းတန်ဆာဖြင့် တန်ဆာဆင်ပြီးတော့ ထားလိုက်မယ်ဆိုယင် ဒီသိရိမာခေါ်တဲ့ ဒကာမသည် ဘယ်လောက်များ လှလိုက်မလဲ။ အဲဒီလို တွေးပြီးတော့ နှစ်ပေါင်း ကုဋေကုဋာနဲ့ ချီပြီးတော့ လှောင်ထားတဲ့ ကိလေသာတွေ တခါထဲ ထပြီးတော့ အပင်ပေါက် လာတယ်တဲ့။ ဒီကိုယ်တော်ရဲ့ သန္တာန်မှာနော်"

"မှန်ပါ ဘုရား"

"သပိတ်လဲ ကင်ပြီရော ပြုန်းဆို သပိတ်ဆွဲပြီးတော့ အတင်း သုတ်ခြေတင် ကျောင်းပြန်သွား၊ ဝေဠုဝန် ကျောင်းတိုက်ထဲဝင်၊ ခုတင်အောက် သပိတ်ကြီး ပစ်ပြီးတော့ ထား၊ ကောသိ ခုတင်ပေါ် ဖြန့်ခင်းပြီးတော့ တညည်းညည်းတညူညူဖြင့် သိရိမာရဲ့ အလှကိုပင်လျှင် စွဲမက်တဲ့ ရာဂဖြင့် မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တတွေတွေနှင့် နေလိုက်တာ အဲဒီ ကိုယ်တော်အရှင်မြတ်သည် ဝေဠုဝန်ရွှေကျောင်းမှာ သုံးရက်ကြာသွား တယ်တဲ့ ။ ဆွမ်းမစားတော့ဘူး"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့လဲ၊ သိရိမာအလှကို စွဲမက်တဲ့ ရာဂ"

"မှန်ပါ ဘုရား"

"စက္ခုနာ ရူပံ ဒိသွာ နနိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ"

**နိမိတ်စွဲလတ် တဏှာကပ်**။ ။"စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ ရူပါရုံကို၊ ဒိသွာ၊မြင်လိုက်သည်ရှိသော်။နနိမိတ္တဂ္ဂါဟီ။ လှတယ်ဆိုတဲ့ အမှတ်နိမိတ်ကို မယူရသည်၊ဟောတိ၊ ဖြစ်၏၊နာနုဗျဉ္ဇနဂ္ဂါဟီ၊ အဲဒီ လှတဲ့ သဏ္ဌာန်ပြင်မှာ အသေးစိတ် အင်္ဂါရပ်တို့ကို မသုံးသပ်ရသည်၊ ဟောတိ၊ ဖြစ်၏။

"အချက် ၂-ချက် ရှိတယ်။ (၁) မျက်စိနဲ့ ရူပါရုံ ဆုံမိကြတဲ့ အခါမှာ လှတယ်ဆိုတဲ့ အမှတ်နိမိတ် မယူရဘူးတဲ့။ ပထမအချက်။

"(၂) အကယ်၍ ယူမိပြန်ယင်လဲပဲ အနုစိတ် လျှောက်ပြီးတော့ မသုံးသပ်ရဘူးတဲ့။ ဒုတိယအချက်။ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"လှတယ်ဆိုတဲ့ အမှတ်နိမိတ် ယူမိယင် 'နိမိတ္တဂ္ဂါဟ ခေါ်တယ်။ အနုစိတ် သုံးသပ်ယင် 'အနုဗျဥ္စနဂ္ဂါဟ' လိုက်သွားတယ် ခေါ်တယ်။ အနုဗျဥ္စနဂ္ဂါဟ မလိုက်ယင် ဒိပုဂ္ဂိုလ် သက်သာတယ်။ အသေးစိတ် အင်္ဂါကြီးငယ်တွေကို လျှောက်သုံးသပ်တဲ့ အနုဗျဥ္စနဂ္ဂါဟကို ရောက်သွားယင်တော့ ကိလေသာ ဝင်လိမ့်မယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါကြောင့် မျက်စိနဲ့ ရူပါရုံ ၂–ပါး ဆုံကြလို့ ရှိယင် ထိန်းရမယ့် အချက်သည် နံပတ် (၁) လှတယ် ဆိုတဲ့ အမှတ်နိမိတ်ကို မယူမိစေနဲ့။ နံပတ် (၂) က အနုဗျဥ္စနဂ္ဂါဟ လို့ ခေါ်တဲ့ အသေးစိတ် အင်္ဂါကြီးငယ် တို့ကို မသုံးသပ်နဲ့။ ၂–ချက် မဟုတ်လား"

"မှန်ပါဘုရား"

"အကယ်၍ အဲဒီလို မထိန်းနိုင်မသိမ်းနိုင်လို့ ရှိယင် ဘာဖြစ်မလဲ။

"ယတွာဓိကရဏ မေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာ ဒေါမနဿာ ပါပကာ အကုသလာဓမ္မာ အနွာသဝေယျုံ။

"ယတွာဓိကရဏံ၊ အကြင်ကဲ့သို့ စက္ခုန္ဒြေကို မစောင့်ရှောက်နိုင်တဲ့ အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ ဝိဟရန္တံ၊ နေသော။ နံဘိက္ခုံ၊ ထိုသိရိမာကို စွဲမက်တဲ့ ကိုယ်တော်ကဲ့သို့ သော ပုဂ္ဂိုလ်ကို ။အဘိဇ္ဈာဒေါမနဿာ၊ ပြင်းစွာလိုလားခြင်းဆိုတဲ့ အဘိဇ္ဈာ တရား၊ လိုချင်တဲ့ အတိုင်း မရတဲ့အတွက်ကြောင့် စိတ်မချမ်းသာခြင်း၊ ၃–ရက်တိုင်တိုင် ဆွမ်းအငတ်ခံခြင်းဆိုတဲ့ ဒေါမနဿ တရားတို့သည်။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ၊ အကုသိုလ်တရားတို့သည်။ အနွာသဝေယျုံ။ အစဉ်တစိုက်လိုက်၍ နှိပ်စက်ကြလေကုန်ရာ၏။

"၂–နည်းနဲ့ ထိန်းထားပါသို့ ပြောတယ်၊ နိမိတ္တဂ္ဂါဟနဲ့အနုဗျဥ္စနဂ္ဂါဟ မလိုက်နဲ့။ အနုဗျဥ္စန ဆိုတာက အသေးစိတ် အင်္ဂါကြီးငယ် သုံးသပ်ခြင်း၊ နိမိတ္တဂ္ဂါဟ ဆိုတာက လှတယ် မလှဘူးဆိုတဲ့ အမှတ်နိမိတ်ကို ယူခြင်း။ အဲဒါကို မလိုက်ပဲနဲ့ မိမိရဲ့ စိတ်ကို ထိန်းထားမယ်ဆိုယင် "ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ" ဆိုတာ လိုပေါ့နော်"

"မှန်ပါဘုရား"

"ထိန်းထားနိုင်ခဲ့လို့ ရှိယင်ဖြင့် သက်သာတယ်။မထိန်းနိုင်ခဲ့တဲ့ ပုဂ္ဂိုလ် ဟာ အဘိဇ္ဈာနဲ့ ဒေါမနဿ ဖြစ်မယ်။ လှတယ်ဆိုတဲ့ အမှတ်နိမိတ်

လုပ်လိုက်ယင် ဘာဖြစ်တုံး''

''အဘိဇ္ဈာ ဒေါမနဿ ဖြစ်ပါတယ် ဘုရား''

''လှတာကို ရချင်တာက အဘိဇ္ဈာ။ လှတာကို မရတဲ့အတွက်ကြောင့် ဒေါမနဿ ဝင်သည်တဲ့။ ဒါကြောင့် ဤကိုယ်တော် ပင်ပန်းပါသည်။ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''အေး၊ ဒါကြောင့်မို့တဲ့ ဤကိုယ်တော်အရှင်မြတ် ၃–ရက်တိုင်တိုင် အငတ်ခံ၊ ပင်ပန်းပြီးတော့ နေခဲ့တယ်။ ပင်ပန်းပြီးတော့ နေတဲ့အခါမှာ ကြည့်လေ။ သီရိမာ ဘာဖြစ်သွားသလဲ၊

**သီရိမာကား နတ်ပြည်လား။** ။''သီရိမာ၊ သီရိမာခေါ်တဲ့ပြည့်တန်ဆာမ သည်။ သာယဏှသမယေ၊ ညနေချမ်း ကာလ၌၊ ကာလမကာသိ၊ ကွယ်လွန်ခဲ့လေပြီ။ ကာလံကတွာ၊ ကွယ်လွန်ခဲ့၍၊ ယာမာဘဝနေ၊ ယာမာနတ်ပြည်၌။ သုယာမဿဒေဝရညော၊ သုယာမ နတ်မင်းကြီးရဲ့။ ဒေဝိ၊ အဂ္ဂမဟေသီဒေဝီခေါ်တဲ့ မိဖုရားခေါင်ကြီးသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

''ညနေချမ်းကျတော့ သီရိမာ ကွယ်လွန်ပြီးတော့ ယာမာဘုံမှာ သုယာမနတ်မင်းကြီးရဲ့ မိဖုရားကြီး အဂ္ဂမဟေသီ ဒေဝီခေါ်တဲ့ မိဖုရား ခေါင်ကြီး သွားပြီးတော့ ဖြစ်ဘယ်တဲ့။ ကိုယ်တော် အရှင်မြတ်မှာဖြင့် အဘိဇ္ဈာ ဒေါမနဿဖြင့် ပင်ပန်း၍ နေရှာပြီ။ ''သီရိမာ ဒကာမကတော့ ညနေချမ်း ကွယ်လွန်၍ ဘယ်ရောက်သွား''

''ယာမာနတ်ပြည် ရောက်သွားပါတယ် ဘုရား''

**ဘုရားရှင်အား သွားလျှောက်ထား။** ။ယာမာနတ်ပြည်က သုယာမ နတ်မင်းကြီးရဲ့ မိဖုရား သွားပြီးတော့ ဖြစ်လေပြီ။ ကဲ၊ ဒီတော့ ရာဇဂြိုဟ်မြို့မှာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့တဲ့ ဗိမ္ဗိသာရ ဘုရင်မင်းကြီးက မြတ်စွာဘုရားထံ သတင်းပို့တယ်။ ''ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ဘုရား၊ သီရိမာ ခေါ်တဲ့ ပြည့်တန်ဆာမ ကွယ်လွန်ခဲ့ပါပြီတဲ့။ ဘယ်လိုစီမံရပါမလဲ။

''ဘုရားရဲ့ ဥပါသိကာ ဒါယိကာမနော်''

"မှန်ပါ ဘုရား"

"ဒီတော့ ဘုရားက "ဒကာဘော်မင်းတြား သိရိမာ ကွယ်လွန်ခဲ့လို့ ရှိယင်ဖြင့် အဲဒီ သိရိမာရဲ့အလောင်းကို ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာ ဖြစ်တဲ့ သုသာန်မှာ ဘာလုပ်ရမလဲ။ ညောင်စောင်းပေါ် ပက်လက်ကလေး သိပ်ပြီးတော့ ထား။ ကျီးတွေ၊ ခွေးတွေ၊ ငှက်တဘွေ မစားစေနဲ့။ မြေလဲ မမြှုပ်နဲ့၊ မီးလဲ မသင်္ဂြိုဟ်နဲ့။ သုသာန်မှာ ဒီအတိုင်း ပစ်ပြီးတော့ အစောင့် အရှောက်နဲ့ ထားလိုက်ပါ"။

"ဘုရားအမိန့်ချဘယ် ဆိုယင်ပဲ ဗိမ္ဗိသာရ ဘုရင်မင်းတြားကြီး က ဘုရားရဲ့ မှာတမ်းလွှာအတိုင်း သိရိမာရဲ့ အလောင်းကို မြို့ပြင်ထုတ်၊ သုသာန် မှာ ညောင်စောင်းပေါ် ပက်လက်တင်ပြီးတော့ အစောင့်အရှောက်နဲ့ တခါထဲ ချထားတယ်၊

"မြတ်စွာဘုရား သိတယ်နော်"

"မှန်ပါ ဘုရား"

"ဘာအတွက်လဲတဲ့။ 'ငါးကြင်းဆီနဲ့ ငါးကြင်းကြော်' ဆိုသလိုပေါ့ နော်။ ဒီကိုယ်ဘော် အရှင်မြတ် သိရိမာကို စွဲခက်သဖြင့် ၃-ရက်ဘိုင်တိုင် ပင်ပန်းနေရှာတဲ့ ဒီကိုယ်တော် အရှင်မြတ်ကို သိရိမာရဲ့ အလောင်းဖြင့်ပင် ဤကိုယ်တော်ကို ငါဘုရား တရားပြမယ်၊ အဲဒီလို ရည်ရွယ်ချက်ဖြင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် သိရိမာအလောင်း သုသာန်ကို ပို့တယ်၊

"သုသာန်ပို့လို့ ၃-ရက်ကြာတဲ့ အခါကျတော့ ဘာလုပ်ရမှာလဲ။ ၃-ရက်ကြာမှဖြင့်ယင် သိရိမာရဲ့အလောင်း ဘယ်လိုဖြစ်သလဲ။ သုသာန်ကို လှမ်းပြီးတော့ ကြည့်လေ။

"ဥဒ္ဓုမာတကံဝိနီလကံ"

"ဥဒ္ဓုမာတကံ၊ လေထိုးထားသော သားရေအိတ်ကြီးသဖွယ် ဖူးဖူး ရောင်သည်ဖြစ်၍ စက်ဆုပ်ရွံရှာဖွယ် ဖြစ်နေတဲ့ အကောင်ပုပ် လည်းကောင်း။ ဝိနီလကံ၊ နဂိုအဆင်း ပျက်ယွင်းယုဘ်ယို မည်းညိုသော အဆင်းရှိသည် အဖြစ် လည်းကောင်း။ ပုဠုဝကံ၊ ပိုးလောက်တို့ဖြင့် တဖွဲဖွဲကျနေသည့် အဖြစ် လည်းကောင်း။

"သုံးရက်ကြာယင် ဒါဖြစ်လာတယ်"

"မှန်ပါဘုရား"

"ဝါဝင်းပြီးတော့ ရွှေအဆင်းကဲ့သို့ ဝင်းနေတဲ့ အသားကလေးတွေ ညိုမည်းပြီးတော့ အကွက်အကွက် ထလာတယ်နော်"

"မှန်ပါဘုရား"

"ပတ်ကြားကဲ့ကြီးတွေ တခါထဲ အက်ပြီးတော့ ထွက်လာတယ်။ တကိုယ်လုံး ဘာဖြစ်နေတုံး။ လေထိုးထားတဲ့ သားရေအိတ်ကြီးသဖွယ် လေတွေ တင်းနေတဲ့ သားရေအိတ်ကြီးသဖွယ် ဖောင်းပြီးတော့ တောင့်တောင့်ကြီး ဖြစ်နေတယ်။

"အေး၊ မျက်စိပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်တွေ ကြည့်လိုက်ပြန်တော့လဲ ဘာဖြစ်နေသလဲ။ ထမင်းအိုးကြီးကို ရိုက်ပြီးတော့ ခွဲထားသည့်သဖွယ် သလေး ထမင်းအိုးကြီး ရိုက်ပြီးတော့ ခွဲထားသည့်သဖွယ် နော်။ ကျနေလိုက်တဲ့ ပိုးတွေ မျက်စိပေါက်က တဖွားဖွား၊ နှာပေါက်ကလဲ တဖွားဖွား၊ ပါးစပ်ပေါက်ကလဲ တဖွားဖွား။

"အဲဒီလို ပိုးတွေ၊ လောက်တွေ တဖွားဖွား ပတ်ကြားကွဲပြီးတော့ နေတဲ့ အသားတွေကနေ ယိုကျနေတဲ့ ပြည်တွေ၊ သွေးတွေ ဖြစ်နေပြီနော်"

"မှန်ပါဘုရား"

**နောက်ထပ်တခါ သွားခလျှောက်ရှာ။** ။"အဲဒီလို ၃–ရက်ဘိုင်တိုင် ဖြစ်နေတဲ့ သိရိမာရဲ့ အလောင်းကို ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ဗိမ္ဗိသာရ ဘုရင်မင်းတြားက အစောင့်အရှောက်ဖြင့် စနစ်တကျ ချထားတယ်။ ၃–ရက်ကြာတဲ့ အခါကျတော့မှ မြတ်စွာဘုရားထံ သတင်းပို့တော့ ဘုရားရှင်က "ကိုင်း၊ ဒကာတော်မင်းတြား ၃–ရက်ကြာလို့ သိရိမာအလောင်း ဤကဲ့သို့ဖြစ်နေပြီဆိုယင် ရာဇဂြိုဟ်မြို့ထဲက လူတွေကို အကုန်လုံး အမိန့်ထုတ်"

"ဘယ်လို အမိန့်ထုတ်ရမလဲ။ သိရိမာရဲ့ အလောင်းကို ကြည့်ဖို့ရန် မြို့ထဲက လူတွေ လာပြီးတော့ အသုဘရှုရမယ်ဆိုတာကို ဘုရင် အမိန့်ချလေ။ ငါဘုရားနဲ့တကွ သံဃာတော်တွေလဲ အသုဘရှုကြမယ်"လို့ မြတ်စွာဘုရားက ဝေဠုဝန်ရွှေကျောင်းမှာရှိတဲ့ သံဃာတော် အကုန်လုံး သုသာန်ကို အသုဘရှုကြရမယ်လို့ အမိန့်ထုတ်တော့ သံဃာတော်တွေအကုန်လုံး ထွက်ပြီးတော့ လာခဲ့ကြတယ်။

"မိထွေးတော် ဂေါတမီ အမှူးရှိတဲ့ ဘိက္ခုနီမ ရဟန်းမ ပရိသတ်တွေလဲပဲ ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်ကို အကုန်လုံး

ချီတက်ပြီးတော့ လာကြပြီ။ ကြွချီပြီးတော့ လာကြပြီ။ ဗိမ္ဗိသာရ ဘုရင်မင်းကြီးနဲ့တကွ နန်းတွင်းသူ နန်းတွင်းသား မောင်းမမိဿံ ခြွေရံပရိသတ်တွေ အကုန်လုံး သုသာန်ကို အသုဘရှုဖို့ရန် လာကြပြီ။ မြို့တွင်းရှိတဲ့ လူတွေကျတော့ ဘယ်လိုလုပ်မလဲ။

"ပေ,ဟုရက္ခကေ၊ အိမ်ကို စောင့်ရှောက်ကြကုန်သော။ ဒါရကေ၊ ကလေးသူငယ်တို့ကို။ ဌပေတွာ၊ ချန်ထား၍။ သဗ္ဗေ၊ အလုံးစုံကုန်သော။ မနုဿာ၊ မြို့ရှိတဲ့လူအားလုံးတို့သည်။ သုသာနံ၊ ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်သို့။ သိရိမာယ၊ သိရိမာ၏။ သရီရံ၊ အလောင်းကောင်ကို။ဒဿနာယ၊ ကြည့်ရှုဖို့ရန်။ အာဂစ္ဆန္တု၊ လာကြစေကုန်သတည်း။ အနာဂစ္ဆန္တာနံ၊ မလာရောက်ကြတဲ့ ပုဂ္ဂိုလ်အပေါင်းတို့အား။ အဋ္ဌကဟာပဏာနိ၊ ငွေအသပြာ ရှစ်ကျပ်တို့ကို။ ဒဏ္ဍော၊ ဒဏ်တပ်စေ။

"ရာဇဂြိုဟ်မြို့ရှိတဲ့ လူတွေ အကုန်လုံး ကလေးသူငယ်မျှသာ အိမ်စောင့်ထားပြီးတော့ သုသာန်က သိရိမာအလောင်း ကြည့်ဖို့ရန် လာကြရမယ်၊ အကယ်၍များ သိရိမာ အလောင်းကို ကြည့်ဖို့ရန် မလာတဲ့ သူတွေ၊ အသုဘရှု မလာတဲ့ လူတွေပေါ့လေ၊ အသုဘရှုဖို့ရန် မလာတဲ့လူတွေ ငွေအသပြာ ရှစ်ကျပ် ဒဏ်ဆမ်းရမယ်တဲ့။

"အသုဘရှု မလိုက်ယင် ဘာတဲ့တုံး"

"ငွေရှစ်ကျပ် ဒဏ်ခံရပါမယ် ဘုရား"

"ငွေရှစ်ကျပ် ဒဏ်ဆမ်းရမယ်။ တို့ပရိသတ် အသုဘရှု မလာယင် ဘာလုပ်ရမလဲ။ ငွေရှစ်ကျပ်ဒဏ်တပ်ရမယ်။ ပရိသတ်များ ဘာတဲ့တုံး"

"ငွေရှစ်ကျပ် ဒဏ်ထမ်းရပါမယ် ဘုရား"

"ငွေရှစ်ကျပ် ဒဏ်ထမ်းရမယ်။ တနည်းပြောရယင် ရာဇဂြိုဟ်သုသာန်မှာ သိရိမာ အလောင်းပြပြီးတော့ ဟောမယ့်တရားပွဲကို မလာကြယင် ငွေရှစ်ကျပ် ဒဏ်ဆမ်းရမယ်။ တို့ဒကာ ကိုညွန့်တင်ကြီးတို့ မလုပ်ကြဘူး။ ဟင်၊ ဒီကနေ့ တရားပွဲ အားခဲပြီးတော့ မလာကြတဲ့ မော်လမြိုင် မြို့သူမြို့သားတွေ ငွေရှစ်ကျပ် ဒဏ်ထမ်းရမယ်၊ နံနက်ဖြန်ခါ အမိန့်ထုတ်ပါ၊ နံနက်ဖြန်ခါ အမိန့်ထုတ်ပါ ဟုတ်လား။

"ငွေရှစ်ကျပ် ဒဏ်ထမ်းရမယ်ဆိုယင် ကျောင်းဝင်းကြီးကို လျှံသွားလိမ့်မယ်ထင်တယ်နော်"

"တင်ပါ"

**အမိန့်ဆိုတာ နာခံရ။** ။"တင်ပါတဲ့။ အမယ် သူ့အမိန့် ဘယ်လောက်ကြီးလို့လဲ၊ သူ့တောင် ပြန်အမိန့်ထုတ်မှာ စိုးရသေးနော်။ ဟိုက ဘုရင်၊ ရာဇဂြိုဟ်မြို့က နေ တိုင်းပြည် အုပ်ချုပ်မင်းလုပ်နေတဲ့ ဘုရင်ဆိုတာက ရေမြေပိုင်သ အစိုးရတဲ့ ပုဂ္ဂိုလ်၊ထုတ်ချင်တဲ့အမိန့် ထုတ်၊ တိုင်းပြည်က အကုန်နာခံရတယ်။ ကောင်းကောင်း မကောင်းကောင်း ဟုတ်တယ် မဟုတ်လား"

"မှန်ပါဘုရား"

"ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ကောင်းကောင်း မကောင်းကောင်း ထုတ်သမျှအမိန့် ရှင်ဘုရင်ထုတ်လိုက်ယင် တိုင်းပြည်က အကုန် နားထောင်ရတယ်။ တို့ဒကာတွေ ထုတ်လို့ ဘယ်သူက နားထောင်မှာလဲ။ ကိုယ့်အိမ်ပဲ ကိုယ် ထုတ်ကြည့်စမ်းပါအုံးအမိန့်လေး။ ကိုယ့်အိမ်ရှိတဲ့လူတွေကွယ် သားတို့ သမီးတို့ တရားနာ လာကြပါ၊ ဘယ်သူ လာမတုန်းနော်"

"မှန်လှပါဘုရား"

"ငွေဒင်္ဂါးပြား ရှစ်ကျပ် ဒဏ်တပ်ရမယ်တဲ့။ မြို့ရှိလူ အကုန် လာစေဆိုတော့ ကလေးတွေပဲ အိမ်စောင့် ကျန်ခဲ့တယ်။ ရာဇဂြိုဟ်မြို့က သုသာန်မှာ အကုန်လုံး သွားကြပြီ၊

"သီရိမာ စွဲမက်သဖြင့် အိပ်ရာညောင်စောင်း လဲလျောင်းနေတဲ့ ကိုယ်တော်အရှင်မြတ်ကလဲပဲ အခြား သီတင်းသုံးဖော် တယောက်က သူ့ကို သွားပြီးတော့ ပြောတယ်။ "အရှင်ဘုရား အရှင်ဘုရား၊ မြတ်စွာဘုရားနဲ့ တကွ သံဃာတော်တွေတဲ့ လူသေမြုပ်နှံရာဖြစ်တဲ့ သုသာန်က သီရိမာရဲ့ အလောင်းကြည့်ဖို့ရန် ကြွမလို့၊ အရှင်ဘုရားလဲ ကြွအုံးမလား ဘုရား"

"သီရိမာ ဆိုတဲ့ စကားလေး ကြားတာနဲ့ တခါထဲ ဝေါက်ကနဲ ထထိုင်ပြီးတော့ သူကလဲ သပိတ်ပရိက္ခရာ ပြင်၊ ခုတင်အောက် သိုးနေတဲ့ ထမင်း၊ ဟင်းသား၊ ဆွမ်းလိုတွေ အကုန်လုံး သွန်ပြီးတော့ သပိတ်ရေဆေးပြီး၊ လွယ်ပြီးတော့ သူလဲ သုသာန် လိုက်သွားတယ်။

"သုသာန်မှာ ပရိသတ်တွေ စုံကြပါပြီ။ ခေါင်းရင်းဘက်က မြတ်စွာဘုရားနဲ့တကွ သံဃာတော်တွေ၊ ခြေရင်းဘက်မှာ ကြည့်လိုက်မယ်ဆိုယင် မြို့သူမြို့သားတွေ၊ လက်ျာဘက်က ကြည့်လိုက်မယ်ဆိုယင် မိထွေးတော် ဂေါတမီနဲ့တကွ ရဟန်းမတွေ။ လက်ဝဲဘက် ကြည့်လိုက်မယ် ဆိုယင် ဗိမ္ဗိသာရဘုရင်မင်းကြီးနဲ့တကွ မင်းပရိသတ်တွေ။ ပရိသတ် လေးပါး စုံပြီ မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလို ပရိသတ် လေးပါး စုံတဲ့အခါကျတော့မှ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က ဒကာတော် ဗိမ္ဗိသာရဘုရင်မင်းတြားကို မေးခွန်းတွေ မေး၍ ဝိဇယသုတ္တန်ဆိုတဲ့ တရားဒေသနာကို စပြီးတော့ ဟောမယ်၊

"သုသာန်ထဲမှာ ဟောမယ့် တရားနော်"

"မှန်ပါ ဘုရား"

"ဒီတော့ သီရိမာ အလောင်းကို ရာဇဂြိုဟ်မြို့က သုသာန်မှာ ဘယ်လောက်ထားသလဲ"

"၃–ရက်ပါ ဘုရား"

"၃–ရက် တိုင်တိုင် ထားတယ်။ ၃–ရက် ကျော်၍ ၄–ရက်မြောက်မှ ဝိဇယသုတ္တန် ဟောတာနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့်မို့လဲပဲ ဒီကနေ့ သီရိမာအလောင်းကို မသင်္ဂြိုဟ်သေးပဲနဲ့ ဒီအတိုင်းထားလိုက်ကြဦးစို့ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"မသင်္ဂြိုဟ်သေးပဲနဲ့ ဒီအတိုင်း ထားအုံးမှ ဖြစ်မယ်တဲ့။ အဲဒီ အလောင်း ပြုပြီးတော့ ဟောရမယ့် တရား ၂–နာရီ ပြည့်ပြီ။ ဒီကနေ့တော့ ဒီမှာပဲ နားကြဦးစို့။

"သဒ္ဓိံ မေ မဟာပုညံ၊ ဓမ္မဒေသနာ သဒ္ဓိံတံ၊

တေန သစ္စေ သုခါယန္တု၊ ဇနာ ဣဋ္ဌသမိဂ္ဂိနော။

"မေ မယာ၊ ဒေသာ ဖြစ်သော တရားဟောဆရာ ငါသည်။ ဓမ္မဒေသနာသဒ္ဓိံတံ၊ ဝိဇယသုတ္တန်၏ နိဒါန်း သီရိမာ –ဥတ္တရာ တို့ရဲ့ အကြောင်းအတ္ထုပ္ပတ်ကို ဟောဆိုရခြင်းနဲ့ စပ်ယှဉ်သော၊ ယံမဟာပုညံ၊ အကြင်ဓမ္မဒါနတရားအလှူ ဆိုတဲ့ ပုညကြိယာကုသိုလ်ထူးကို၊ သဒ္ဓိံတံ၊ တရားလိုလားတဲ့ အမျိုးသားအမျိုးသမီးတို့အတွက် ကောင်းစွာမသွေ ဆည်းပူးမိခဲ့ပေပြီ။

"တေန၊ ထိုသို့ဆည်းပူး ဓမ္မဒါနတရားအလှူဆိုတဲ့ ပုညကြိယာကုသိုလ်ထူးကြောင့်။ သစ္စေ၊ လူအရပ်ရပ် နတ်အဖြာဖြာ ဗြဟ္မာမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ ဇနာ၊ တရားနာပရိသတ်နဲ့တကွ သတ္တဝါဟူ

နတ်လူဗြဟ္မာ ပေါင်းများစွာတို့သည်။ ဣဋ္ဌသမင်္ဂိနော၊ မိမိတို့ လိုလား တောင့်တအပ်သော ကောင်းကျိုးချမ်းသာ ဣဋ္ဌာအထွေထွေ ကျက်သရေ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သုခါယန္တု။ ယနေ့ကစ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်း သာသာ ရှိကြပါစေကုန်သတည်း။

# ဝိဇယသုတ္တန် ဒုတိယပိုင်း ၁

# ဝိဇယသုတ္တန်တရားတော် ဒုတိယပိုင်း ၁

**သိရိမာဟာ သုသာန်မှာ။**

။ "ဝိဇယသုတ္တန်တရားတော် ဒုတိယပိုင်" မနေ့က ပြောပိုင်းမှာ သိရိမာတို့ရဲ့ အတ္တုပ္ပတ္တိနိဒါန်း အဆုံးသိုင် မရောက်သေးဘူး၊ သိရိမာကို သုသာန်မှာ ထုတ်ထားခဲ့တယ်။

"ရာဇဂြိုဟ်မြို့က လူသေတွေ မြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ၃-ရက် လွန်မြောက်၍ ၄-ရက်အတွင်း ရောက်နေပြီဖြစ်သော သိရိမာရဲ့အလောင်း ကောင်ကို ညောင်စောင်းထက် တင်ပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်နှင့်တကွ မင်းပရိသတ် မြို့သူမြို့သား၊ သဌေး၊ သကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ ဘိက္ခု၊ ဘိက္ခုနီ၊ ရဟန်းမ၊ ရဟန်း ပရိသတ်ဆိုပြီးတော့ လူပရိသတ် စုံညီတဲ့ ပရိသတ် ၄-ပါးတို့ အလယ်မှာ ဘုန်းတော် ၆-ပါး သခင် ဘုရားရှင်က တကာတော် ဗိမ္ဗိသာရဘုရင်မင်းမြတ်ကို မေးတယ်။

"ဒကာတော် ဗိမ္ဗိသာရမင်းကြီး၊ ယခုသင်ဘုရင်တို့တွေ မြင်နေရထဲ့ ဒီညောင်စောင်းထက် တင်ထားတဲ့ အလောင်းသည် မည်သူ၏ အလောင်း နည်း"

"သီရိမာယ၊ သရီရံ ဘန္တေ"

"ဘန္တေ၊ ဘုန်းတော်၆–စုံ တန်ခိုးတော်နှင့် ပြည့်စုံတော်မူတဲ့ အရှင်ဘုရား။ အယ်၊ ဤလူသေကောင်သည်။ သီရိမာယ၊ သီရိမာ အမည်ရှိတဲ့ ပြည့်တန်ဆာမရဲ့ အလောင်းကောင်ပါ ဘုရား၊ ဒါ သီရိမာရဲ့ အလောင်းပါ ဘုရား"။ "မှန်ရဲ့လား"။ "မှန်ပါတယ်ဘုရား"။ ဘာပြုလို့ မေးနေရတာလဲဆိုတော့ ပရိသတ်လေးပါးစိတ်ထဲမှာ စူးစူးစိုက်စိုက် ဖြစ်လာအောင်၊ အာရုံစိုက်မိလာအောင်၊ ခိုင်မာအောင်ဆိုပြီးတော့ မြတ်စွာဘုရားက ပြန်မေးတယ်။

"သီရိမာ အလောင်းရဲ့ ခေါင်းရင်းဘက်မှာဆိုယင် ဘုန်းတော် ၆–ပါး သခင် ဘုရားရှင်နှင့်တကွ ရဟန်းပရိသတ်၊ သီရိမာကို ခုံမင်နှစ်သက်စွဲလမ်းခဲ့တဲ့ ကိုယ်တော်ရှင်မြတ်ကလေးက မြတ်စွာဘုရားသခင်ရဲ့ ဘေးနားမှာ ကပ်လျက်ရှိပါတယ်။ လက်ျာဘက်မှာ ကြည့်လိုက်မယ်ဆိုလို့ရှိယင် မိထွေးတော် ဂေါတမီ အမှူးရှိတဲ့ ဘိက္ခုနီမပရိသတ်၊ လက်ဝဲဘက်မှာ ကြည့်လိုက်မယ်ဆိုလို့ရှိယင် ဒကာတော် ဗိမ္ဗိသာရ မင်းတရားနဲ့တကွ မြို့သူမြို့သား နန်းတွင်းသူ နန်းတွင်းသား ပရိသတ်၊ ခြေရင်းဘက် ကြည့်လိုက်ပြန်တော့ မြို့သူမြို့သား ကုန်သည်လယ်လုပ် သဌေးသကြွယ် ပရိသတ်။ အဲဒီလို ပရိသတ်လေးတွေ စုညီနေတဲ့ အသုဘအခမ်းအနားမှာ....

"ကာသော မဟာရာဇ၊ မြတ်သော မင်းကြီး၊ ဤသူသည် မည်သူဖြစ်သနည်း"။

"ဘန္တေဗိဝကဿဘဂိနီသိရိမာနာမ၊အရှင်ဘုရား ၊ဆရာဇီဝက၏နှမ သီရိမာပါဘုရား"

"ဘုန်းတော် ၆–ပါး သခင် ဘုရားရှင်က ဤအလောင်းသည် မည်သူ၏ အလောင်းလဲ"

"သီရိမာရဲ့ အလောင်း ဖြစ်ပါတယ် ဘုရား"

"ဒီတော့ မြတ်စွာဘုရားက....

"ပရိသတ် လေးပါး ချစ်သား ချစ်သမီးတို့၊ ရှုစမ်းကြကုန်လော့၊ မသေမီ ဟိုရှေးယခင် အခါတုန်းက တနေ့တာ မြူးတူးပျော်ပါးဖို့ အသပြာ တထောင်တထောင် ပေးမှ မြူးတူးပျော်ပါးလို့ရတဲ့ သီရိမာရဲ့ အလောင်းသည် ယခုအခါမှာ ချစ်သားချစ်သမီးတို့ မျက်စိမှာ မြင်ရတဲ့ အတိုင်းပဲ လေဖြင့် ပြည့်သော သားရေအိတ်ကြီးကဲ့သို့ ဖူးဖူးရောင်သည် ဖြစ်၍....

"ဥဒ္ဒုမာတက" ခေါ်တဲ့ စက်ဆုပ်ရွံရှာဖွယ်အကောင်ပုပ်။

"ဝိနီလက" နဂိုအဆင်းပျက်ခြင်း၊ ရုပ်သွင် ညိုမည်းခြင်း အဆင်းရှိသည် ဖြစ်၍ ပျက်ယွင်းယိုယွင်း မည်းညိုသော အဆင်းရှိသည် ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော ဝိနီလက ခေါ်တဲ့ အကောင်ပုပ်။

"ပုဋ္ဌုဝက" ကိုးပေါက်ဒွါရ အမာတွေမှ ပိုးတွေးလာက်တွေ တဖွားဖွား ကျသည်ဖြစ်၍ စက်ဆုပ် ရွံရှာဖွယ်ရှိသော ပုဋ္ဌုဝကမည်တဲ့ အကောင်ပုပ် ဖြစ်သို ရောက်နေပြီ။

"ဒါ့ကြောင့် ဒကာတော် ဗိမ္ဗိသာရ ဘုရင်မင်းတရား၊ အဲဒီ သိရိမာ အလောင်းကို မောင်းကြေးနန်းခတ် စည်လှည့်ပြီးတော့ မြို့ကြေငြာရမယ်။ ယခု မျက်စိအောက် မြင်နေရတဲ့ သိရိမာ အလောင်းကိုတဲ့ ငွေ အသပြာ တထောင်ကျပ် ပေးပြီးတော့ မည်သူမဆို ယူလိုက ယူနိုင်တယ်ဆိုပြီးတော့ အလောင်းကိုငွေတထောင်နဲ့ ရောင်းမယ်။ အဲဒါ ဘုရင်ကြီး မောင်းခတ်ပါ ဆိုတော့....

"ဒီနေရာမှာ အဋ္ဌကထာက ဆိုထားတဲ့ စကားတခု သိရိမာ အလောင်းကို ငွေတထောင်ပေးပြီးတော့ မည်သူမဆို ယူကြနေ၊ယူနိုင်တယ် ဆိုပြီးတော့ မြို့ကိုစည်လှည့်ရမယ်၊အဋ္ဌကထာက ဒီလိုဆိုတယ်။ စောစော ကတော့ အဋ္ဌကထာ ဘယ်လိုပြောထားသလဲဆိုတော့ ရာဇဂြိုဟ်မြို့က လူတွေ မြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ပစ်ထားတဲ့ သိရိမာအလောင်းကို မြို့ထွက်ပေါက်လူတွေ အိမ်စောင့်ကလေးသာ ချန်ထားပြီးတော့ အလောင်း ရှိရာ အကုန်လာရမယ်လို့ အမိန့်ထုတ်တယ်။

"ဒီတော့ မြို့ဘက် စည်လှည့်လို့ရှိယင် ဘုန်းကြီးတို့ပရိသတ်စဉ်းစား ကြည့်။ ဘာကျန်တော့မှာလဲ။ မြို့ထဲ ကလေးတွေပဲ ရှိတာ၊ လူကြီးတွေ အကုန်လုံး သုသာန်ကို ရောက်နေကြတယ်။ မြို့တဲ 'စည်လှည့်' ဆိုတဲ့ စကားဟာ သုတ္တန်ထဲမှာ လေလံတင်တဲ့ သဘောပေါ့လေ။ လူထုပရိသတ် လေးပါး စုံညီတဲ့ရှေ့မှာ ဗိဒေဟဘာသာနဲ့ ပြောရမယ် ဆိုလို့ရှိယင် လေလံဘာတဲ့ ဟိုကျေးပစ္စည်း တခုခုကို လူစုလူဝေနဲ့ လေလံတင်တဲ့ သဘော မျိုး ဖြစ်တယ်၊ ဒီသဘောမျိုးပဲ ဖြစ်မယ်လို့ ဘုန်းကြီးတော့ သဘောရတယ်၊

"မြို့ထဲလှည့်ပြီး စည်လှည့်တာတော့ ဒါ သိပ်သဘာ မကျချင်ဘူး။ ဘာပြုလို့လဲ။ လူတွေက သုသာန်ကို အကုန်ရောက်နေကြပြီ၊ ဒါကြောင့် ပရိသတ်လေးပါးရဲ့ အလယ်ခေါင်မှာပဲ ဒကာတော် ဗိမ္ဗိသာရ မင်း

တရားက သီရိမာအလောင်းကို အသပြာတထောင်ပေးပြီး ယူလိုသော ပုဂ္ဂိုလ် ယူကြစေ။ ပျော်ပါးစေလိုတဲ့ ပုဂ္ဂိုလ် ပျော်ပါးစေတဲ့။ ဒီလို ကြေငြာလိုက်တယ်။

လိုချင်သူမှာ မရှိပါ၊ ။''အဲဒီလို ကြေငြာလိုက်တော့ မြို့သူမြို့သားတွေက နောက်ဘခါ ဘာပြောသလဲဆိုတော့။

''ဟန္တိ ဝါ ဟုန္တိ ဝါ ဝတ္တာ နတ္ထိ''။

''ငါယူမယ်ဟူ၍ လည်းကောင်း၊ဟုန္တိ ဝါ–ဟုန်ဆိုဘာက ''ထွိ'' ဆိုပြီးတော့ ရွံရှာဖွယ် စကားရပ်ဖြစ်တဲ့ ပါးစပ်က မြည်လာတဲ့ စကားမျိုး ပေါ့။ အဲဒီလို မည်သူမျှ ဘာသံမှ ထွက်မလာဘူး။ ယူမယ်ဆိုတဲ့စကားလဲ ထွက်မလာဘူး။ မယူဘူးဆိုတဲ့စကားလဲ ထွက်မလာဘူး။ ဘယ်သူမှ ဘာမှ မပြောပဲ ငြိမ်နေကြတယ်။

''ပရိသတ်ကြီး တထောင်ပေးလို့လဲ ယူမယ့်သူ မရှိပါ ဘုရား။ တထောင်နဲ့ရောင်းတာ ဘယ်သူမှ သီရိမာ အလောင်း ယူမယ့်သူ မရှိ ကြောင်းပါ ဘုရား'' ဆိုတော့ ''ဒကာတော် ဗိမ္ဗိသာရ ဒါဖြင့် သီရိမာ အလောင်းကို ငွေအသပြာ တထောင်ဖြင့် ရောင်းချတော့ ဈေးကြီးပုံ ရတယ်''တဲ့။

''အဍ္ဎံ ဩဟာရေဟိ''၊

''အဍ္ဎ၊ တန်ဖိုးကို။ ဩဟာရေဟိ၊ လျှော့ချလေလော့''။

''တန်ဖိုးကို လျှော့ချတဲ့။ တထောင်ကနေ ငါးရာ ပြန်လျှော့ချ၍ ဈေးလျှော့၍ ရောင်းပါ။ ဒီတခါတော့ ဒကာတော် ဗိမ္ဗိသာရ ဘုရင် မင်းတရားက

''ပဉ္စသတာနိ ဒတွာ သိရိမာယ သရီရံ ဂဏှန္တု''။

''ပဉ္စသတာနိ၊ ငါးရာသော အသပြာတို့ကို။ ဒတွာ၊ ပေး၍။ သိရိ မာယာ၊ သီရိမာ၏။ သရီရံ၊ အလောင်းကို။ ဂဏှန္တု၊ ယူကြလေကုန် သတည်း''။

''ငွေအသပြာ ငါးရာပေး၍ သီရိမာအလောင်းကို ယူကြပါတဲ့။ ဒါလဲ ယူမယ့်သူ တယောက်မှ ထွက်မလာဘူး။ ငွေအသပြာ ငါးရာနဲ့ ရောင်းလဲ ယူမယ့်သူ မရှိကြောင်းပါဘုရား''။

"ဒါဖြင့် တန်ဖိုးများတယ်နဲ့ တူဘယ်။ တန်ဖိုးကို လျှော့လေ" ငါးရာမှ လျှော့ချတယ်။ နှစ်ရာ့ ငါးဆယ်။ နှစ်ရာ့ငါးဆယ် များတယ်ဆိုပြီးတော့ တရာ။ တရာများတယ်ဆိုပြီးတော့ လျှော့ချလိုက်တာ ငါးဆယ်။ ငါးဆယ်လဲ ယူမယ့်သူ မရှိ လျှော့ချတာ နှစ်ဆယ့်ငါး။ နှစ်ဆယ့်ငါးလဲ ယူမယ့်သူ မရှိ။ တဆယ်။ တဆယ်လဲ ယူမယ့်သူမရှိသည်ဖြစ်၍ ငါးကျပ် ငါးကျပ်လဲ ယူမယ့်သူ မရှိယင် တကျပ်၊ တကျပ်နဲ့တောင်မှ ယူမယ့်သူ မရှိပြန်တော့လဲ တပဲနဲ့ ရောင်းတယ်။ တပဲနဲ့ ယူမယ့်သူ မရှိပြန်တော့ တချင်ရွေးနဲ့ ရောင်းတယ်။ ကိုင်း—

"ကာကဏိကံ ဒတွာ သိရိမံ ဂဏှန္တု။"

"ကာကဏိကံ၊ တချင်တရွေးကို။ ဒတွာ၊ ပေး၍။ သိရိမံ၊ သိရိမာကို။ ဂဏှန္တု၊ ယူကြစေကုန်သတည်း။

"ကောစိတံ နဂ္ဂဏှိ။"

"တရွေးနဲ့တောင်မှ ဒီအလောင်း ယူမယ့်သူ တယောက်မှ မရှိဘူး။ တရွေးသားနဲ့လဲ ဘယ်သူမှ ယူမည့်သူ မရှိပါဘုရား"။

"ကိုင်း ဒါဖြင့်။ မုဓါပိ ဂဏှန္တု။ မုဓါပိ၊ ဘာမှမပေးပဲနဲ့ အချည်းနှီးမျှဖြင့်လဲ။ ဂဏှန္တု၊ ယူကြစေကုန်သတည်း" တဲ့။

"အချည်းနှီး အလကား ယူကြပါ။ ဒီလို ကြေငြာတယ်။ သိရိမာ အလောင်း အလကား ယူကြပါ ဆိုတော့လဲ ယူမယ့်သူ ပေါ်မလာ။ ဒီတော့—

"ဘန္တေ၊ ဘုန်းတော် ၆–စုံ တန်ခိုးတော်နဲ့ ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ မုဓါပိ၊ အချည်းအနှီးမျှလည်း၊ သိရိမာယ၊ သိရိမာရဲ့။ သရီရံ၊ အလောင်းကို။ ဂဏှန္တောနာမ၊ ယူမယ့်သူမည်သည်ကား။ နတ္ထိ၊ မရှိကြောင်းပါဘုရား"။

"အလကားပေးတာတောင် ယူမယ့်သူ မရှိပါဘုရား"။

"ပဿထ ဘိက္ခဝေ"

"ဘိက္ခဝေ၊ ပရိသတ် ၄–ပါး ချစ်သား ချစ်သမီးတို့။ ပဿထ၊ ကြည့်ကြကုန်လော့"။

**ဘိက္ခဝေဟူသော အားလုံးပါ။** ။"ဘိက္ခဝေတဲ့ – အဋ္ဌကထာက ပြောထားတဲ့ ဘိက္ခဝေ ဆိုတဲ့ **စကားသည်** တို့ပရိသတ် စဉ်းစားပြီးတော့ ကြည့်။ ရဟန်းပရိသတ်၊ ရဟန်းမပရိသတ်ကို

ဘိက္ခဝေဆိုတဲ့ စကားနဲ့ သုံးတယ်။ ဒါပေမယ့် အဲဒီ သုသာန်မှာ ရှိနေတဲ့ ပရိသတ်တွေထဲမှာ ဘယ်လောက်များနေသလဲ၊

''ပရိသတ် ဘယ်နှစ်မျိုး ဖြစ်နေသလဲ''

''လေးမျိုးပါဘုရား''

''လေးမျိုး– ရဟန်း၊ ရဟန်းမ၊ မင်း၊ မြို့သူမြို့သား၊ ကုန်သည် လယ်လုပ်။ အဲဒီ ဘိက္ခဝေဆိုတဲ့ စကားထဲမှာ အဲဒီ လေးမျိုးသော ပရိသတ်တွေ အကုန်လုံး ပါသွားတယ်လို့ အဓိပ္ပါယ်ယူရဘယ်။ ဘိက္ခဝေ ဆိုတိုင်း ရဟန်းတွေချည်း ခေါ်နေတယ်လို့ ဒီလို မမှတ်ရဘူး။ ဒီတော့–

''ဘိက္ခဝေ–သံသရာဘေး ခန္ဓာရေးကို ထောက်တွေး မျှော်မြင် ဆင်ခြင်တတ်ငြား အို ပရိသတ်လေးပါးတို့၊ ဘိက္ခဝေ၊ သံသရာရေး ခန္ဓာ ဘေးကို ထောက်တွေးမျှော်မြင် ဆင်ခြင်သိငြား၊ အို ပရိတတ်လေးပါးတို့–

''ပဿစိတ္တကတံဗိမ္ဗံ၊ အရုကာယံ သမုဋ္ဌိတံ၊
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿနတ္ထိ ဓုဝံဌိတိ။

''ယဿ၊ အကြင်သို့သော ခန္ဓာကိုယ်အတ္တဘော၏။ ဓုဝံ၊ ကြံ့ကြံ့ ခိုင်ကြည် တည်တံ့ခြင်း သဘောသည်လည်းကောင်း။ ယဿ၊ အကြင်သို့ သော အသပြာတထောင် ပေးရလောက်အောင် လှပတင့်တယ်ရှုချင်ဖွယ် ဖြစ်အောင် ကောင်းပါတယ်ဆိုတဲ့ သီရိမာသည် အလှမျိုးနဲ့ ပြည့်စုံတဲ့ ခန္ဓာကိုယ် အတ္တဘောသည်။ ဓုဝံ၊ ကြံ့ကြံ့ခိုင်ကြည် တည်တံ့ခြင်း ဆိုတဲ့ သဘောသည် လည်းကောင်း။ ဌိတိ၊ မယိုင်မလဲ ခိုင်မြဲတဲ့ သဘောသည် လည်းကောင်း။ နတ္ထိ၊ တစိုးတစိ မရှိပါချေ။

''သီရိမာကဲ့သို့ လှပါတယ်ဆိုတဲ့ ပုဂ္ဂိုလ် ခန္ဓာကိုယ်သည်။ ဌိတိ၊ ကြံ့ကြံ့ခိုင်ကြည် တည်တံ့ခြင်းဆိုတဲ့ သဘောလည်း၊ နတ္ထိ၊ မရှိပါချေ။

''စိတ္တကတံ'' အဝတ်တန်ဆာ ပန်းနံ့သာ စသည်တို့ဖြင့် သာယာ ခံ့မက်ဖွယ် အဆန်းတကြယ် ခြယ်လှယ်ပြုပြင်၍ ထားအပ်သော ဗိမ္ဗံ၊ ရုပ် သင့်ရာ ရှည်၊ တိုသင့်ရာတို ထိုထိုအင်္ဂါကြီး ငယ်တို့ဖြင့် စုပေါင်း၍ တည်နေ ပေသော။ သမုဋ္ဌိတံ၊ သုံးရာသော အရိုးတို့ကြောင့် မားမားမြင့်အောင် စိုက်ထောင်ရပ်တည်၍ နေပေသော။ နံအရုကာယံ၊ ထိုကိုးပေါက် ဒွါရ အမာဝတို့မှ ယိုကျဖြန်းဖြန်း ရွံရှာဖွယ်အတိ ဖုံးသဖြင့် တကိုယ်လုံး အနာကြီးသဖွယ် မတင့်မတယ်တဲ့ သီရိမာရဲ့ ခန္ဓာကိုယ် အတ္တဘောကို။ ပဿပဿထ၊ စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုလိုက်ကြကုန်လော့၊

"ချစ်သား ချစ်သမီးတို့ ကြည့်ကြစမ်း။ "စိတ္တကတိ" အဝတ်တန်ဆာ ပန်းနံ့သာ စသည်တို့ဖြင့် သာယာစုံမက် အဆန်းတကြယ် ခြယ်လှယ်ပြုပြင်၍ ထားအပ်သော အသုဘနှင့် သုဘ နှစ်မျိုးယှဉ်ကြည့်။ အသက်ထင်ရှားရှိနေတဲ့ မိမိတို့၏ ခန္ဓာကိုယ်ကြီးရဲ့ အသုဘကို ဘယ်လို ကြည့်ရမလဲ"

"စိတ္တကတိ" အဝတ်တန်ဆာ ပန်းနံ့သာ စသည်တို့နှင့် သာယာစုံမက်ဖွယ် အဆန်းတကြယ် ခြယ်လှယ်ပြုပြင်၍ ထားအပ်သော ဒီခန္ဓာကိုယ်ကြီးကို လူဘာကာက တင့်တယ်လှပတယ်၊ သာယာတယ်၊ ခုံမက်ဖွယ်၊ ခင်မင်ဖွယ် ကောင်းတယ်လို့ ယူဆနေကြတာက ဘာကြောင့်လဲ။ အပေါ်က နေပြီးတော့ အဆန်းတကြယ်ဖြစ်တဲ့ အဝတ်တို့ ပန်းနံ့သာတို့ဖြင့် အချိုးမျိုးသော အဝတ်ဘန်ဆာတို့ဖြင့် အဆန်းတကြယ် ခြယ်လှယ်ပြုပြင်၍ ထားအပ်သော၊ အဲဒါတွေ ပြုပြင်၍ ထားတာကြောင့် သာယာဖွယ်ကောင်းတယ်၊ စုံမက်ဖွယ်ကောင်းတယ်၊ ခုံမင်စရာကောင်းတယ်လို့ ဒီလို ထင်မြင်နေကြတာတဲ့။

"ဗိမ္ဗ၊ ရှည်သင့်ရာရှည်၊ တိုသင့်ရာတို၊ ထိုဆိုကြီးငယ် တို့ဖြင့် စုပေါင်း၍ တည်နေပေသသော"။

"ရှည်သင့်ရာ ရှည်တဲ့ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးကို ပြန်ပြီးတော့ ကြည့်၊ ခြေတို့လက်တို့၊ ခေါင်းတို့၊ အင်္ဂါတို့ကို ပြန်ပြီးတော့ ကြည့်လေ၊ လက်ကလေး ၅–ချောင်းကိုပဲ ကြည့်လေ။ ရှည်သင့်ရာ ရှည်၊ တိုသင့်ရာတို၊ သူ့ဟာသူနဲ့ မိမိရဲ့ကံက နေပြီးတော့ သူ စီမံပေးလိုက်ဘာ။

"ရှည်တဲ့နေရာမှာ ရှည်ရမယ်၊ တိုတဲ့နေရာမှာ တိုရမယ်၊ ပုတဲ့နေရာမှာ ပုရမယ်၊ ဝိုင်းတဲ့နေရာမှာ ဝိုင်းရမယ်၊ လုံးတဲ့နေရာမှာ လုံးရမယ်၊ ပိန်တဲ့နေရာမှာ ပိန်ရမယ်၊ သွယ်တဲ့နေရာမှာ သွယ်ရမယ်၊ ဖောင်းတဲ့နေရာမှာ ဖောင်းရမယ်၊ သူ့နေရာနဲ့သူ အချိုးအဆစ် ပြေပြစ်အောင် ဆိုပြီးတော့ မိမိရဲ့ကံကနေ စီမံပေးထားတဲ့ အတွက်ကြောင့်....

"ဗိမ္ဗ၊ ရှည်သင့်ရာ ရှည်၊ တိုသင့်ရာ တို၊ ထိုထိုအင်္ဂါကြီးငယ်တို့ဖြင့်လည်း စုပေါင်းတည်နေပေသသော။ "ယမုဋ္ဌိတံ" သုံးရာသော အရိုးတို့ကြောင့် မားမားမြင့်မြင့် စိုက်ထောင်ရပ်တည့်၍ နေပေထသော။

"ယခုလို မတ်မတ်ကလေး ထိုင်နေနိုင်ကြတယ်ဆိုတာ ဘာကြောင့်လဲ ဆိုတော့ သုံးရာသော အရိုးတို့ကြောင့်၊ အရိုးသုံးရာ သူ့နေရာနဲ့သူ အချိုးအဆစ် ပြေပြစ်အောင် တခါထဲ တပ်ဆင်ပေးထားလိုက်တဲ့ အတွက်

ကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ ယခုလို မားမားမတ်မတ် ရပ်နေတယ်၊ မားမားမတ်မတ် ထိုင်နေနိုင်တယ်။ အဲသို့ မားမားမတ်မတ်ကလေး ထိုင်နေတယ်၊ ရပ်နေတယ်ဆိုတာ ဘာကြောင့်လဲဆိုယင် သုံးရာသော အရိုးတွေ တခုနဲ့တခု ဆက်စပ်ပြီး စိုက်ထောင်ထားလို့၊ အဲဒီ စိုက်ထောင်ထားတဲ့ ခန္ဓာကိုယ်ကြီးကို အပေါ်ကနေပြီးတော့ ပြုပြင်ခြယ်လှယ် မွမ်းမံထားလို့တဲ့။

"ရှည်တဲ့နေရာ ရှည်၊ တိုတဲ့နေရာ တို၊ သူ့နေရာနဲ့သူ အချိုးဖြဆစ် ပြေပြစ်အောင် ပြင်ဆင်ထားတဲ့အတွက်သည်း 'အသုဘ' မှာ 'သုဘ' လို့ ထင်တဲ့ "သညာဝိပ္ပလ္လာသ" ရောက်သွားတယ်။

**အသုဘ နှစ်မျိုး၊** ။နံ့အရုကာယံ၊ ထိုကိုးပေါက် ဒွါရအမာဝမှယိုကျ ဖြုန်းဖြုန်းတဲ့၊ ဒွါရကိုးပေါက်ကို ကြည့်လိုက်ကြအုံး၊ ရာဇဂြိုဟ်မြို့ရဲ့ လူတွေ မြှုပ်နှံရာဖြစ်တဲ့ သုသာန်တစ သင်းချိုင်းဝမှာ ညောင်စောင်းပေါ်တင်ပြီး ထားတဲ့ သိရိမာရဲ့ အလောင်းရဲ့ဖြစ်နေပုံကို ဒီကနေ့ အာရုံယူပြီး လှမ်းကြည့်ပါလေ။

"ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြုန်းဖြုန်း။ ကိုးပေါက်ဒွါရ အမာဝ မျက်စိပေါက်က ကြည့်လေ။ ယခု သုသာန်မှာ ပစ်ထားချိန်ဆိုယင် ဘာတွေဖြစ်နေပြီလဲ။ သွေးတွေ၊ ပြည်တွေ ယိုပြီးတော့ ထွက်ပြီးတော့ နေတယ်။ ပိုးတွေ၊ လောက်တွေ တဖွားဖွား ထွက်ပြီးတော့ အဝိညာဏက အသုဘဖြစ်နေတယ်။ အသက်မဲ့ ခန္ဓာကိုယ်ရဲ့ အသုဘ သဘောမှာ ကြည့်မယ်ဆိုယင် အဲဒီလို ပိုးလောက်တွေတို့၊ ပြည်ပုပ်တို့ဖြင့် ယိုစီးလျက်ကျနေပါပြီ။

"အသက်ထင်ရှာ ရှိနေတဲ့ ဒီကနေ့တရားနာနေကြတဲ့ အလှူဒကာ၊ ဒကာမတွေရဲ့ မျက်လုံးကို ပြန်ပြီးတော့ ကြည့်။ အဲဒီမှာ....

"အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော"

"အက္ခိမှာ၊ မျက်စိနှစ်ဘက်က။ အက္ခိဂူထကော၊ မျက်ဝတ်မျက်ချေး၊ မျက်ရည်ဆိုတဲ့ အညစ်အကြေးသည်။ သဗ္ဗဒါ၊ နေ့နေ့ညည ခပ်သိမ်းသော ကာလတို့၌။ သဝတိ၊ တားမရ၊ ဆီးမရ ယိုစီးကျ၏၊

"ဘယ်လောက်ပင် လှပါတယ်ဆိုတဲ့ မျက်လုံးပင် ဖြစ်လင့်ကစား။ မိဂက္ခိ တဲ့ သမင်မျက်လုံးကဲ့သို့ ညိုပါတယ်ဆိုတဲ့ မျက်လုံးကလေးသည် ပင်လျှင် အများစုကထင်မြင်ယူဆထားတဲ့သမင်မျက်လုံးလောက် လှပါတယ်

ဆိုတဲ့ မျက်လုံးပင်လျှင် ကျလာတာက ဘာတွေလဲ။ မျက်ရည်မျက်ချေးပဲ။ မျက်စိအနာဖြစ်ပြီးတော့ မျက်ခမ်းစပ်နေတဲ့ ပုဂ္ဂိုလ်တယောက် မျက်လုံးက ကျလာပြန်တော့လဲ မျက်ရည်နဲ့ မျက်ချေး အညစ်အကြေးပဲ။ အတူတူပဲ မဟုတ်လား''

''ဟုတ်ပါတယ် ဘုရား''

''လှတယ် မလှဘူး ဆိုတဲ့ သမုတိသစ္စာမှာ ကွဲပင်ကွဲပြားသော်လဲ အသုဘ ဘာဝနာကျတော့ အတူတူချည့်ပဲနော်''

''မှန်ပါဘုရား''

''သမုတိသစ္စာနယ် ကျတော့ လှတယ် မလှဘူးဆိုတဲ့ သမုတိသစ္စာ ၂–မျိုး ကွဲပေမယ့် အသုဘဓာတ်၊ ပရမတ္ထဓာတ် ကြည့်လိုက်တဲ့အခါ ကျတော့ ဘာဖြစ်သလဲ၊ အသုဘစင်စစ် အညစ်အကြေးမျှပင်။

ကဏ္ဏမှာ၊ နား ၂–ဘက်ကို ကြည့်လိုက်မယ်ဆိုယင်လဲပဲ၊ ကဏ္ဏဂူထကော၊ နဖာနားချေးနှင့် နှပ် ဆိုတဲ့ အညစ်အကြေး၊ နာပြည်ဆိုတဲ့ အညစ်အကြေးတွေသာလျှင်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ ကျ၏။

''သိင်္ဃာဏိကာစ နာသတော၊ နှာခေါင်းနှစ်ဘက်က ကြည့်လိုက်မယ် ဆိုယင်။ နာသတော၊ နှာခေါင်းနှစ်ပေါက်မှ။ သိင်္ဃာဏိကာ၊ နှပ် ဆိုတဲ့ အညစ်အကြေးသည်။ သဝတိ၊ တားမရဆီးမရ ယိုစီး၍ကျ၏။

''အေ ၊ တို့တကာ တကာမအပေါင်း သူတော်ကောင်းတို့၊ မိမိတို့ရဲ့ နှာခေါင်းနှစ်ပေါက်ကနေ နေ့တိုင်းနေ့တိုင်း တရစပ်ယိုစီးပြီးတော့ ထွက်နေတာတွေ ''ပုလဲတွေ၊ ရွှေတွေ၊ ပတ္တမြားတွေ ဘယ်သူ့နှာခေါင်းက ထွက်နေသတုံး''

''ဘယ်သူ့နှာခေါင်းကမှ မထွက်ပါဘုရား''

''အေး၊ ဘယ်သူ့နှာခေါင်းကမှ ပုလဲတွေ၊ ရွှေတွေ၊ ပတ္တမြားတွေ မထွက်ပါလေ၊ ဘုရားအလောင်း စကြာမင်းရော၊ မာရ်နတ်မင်းရော၊ ဗြဟ္မာမင်းရော အကုန်လုံးရှိရှိသရွေ့ သုံးဆယ့်တဘုံ ဒီပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်ကြီးလေးခု စုစုပေါင်းနေတဲ့ ခန္ဓာကိုယ်မှန်သမျှအတွင်းက အညစ်အကြေး ရှိသရွေ့ အပြင်ဘက်ထွက်လာတော့လဲ အညစ်အကြေးပဲတဲ့။

''ဒါကြောင့် စကြာမင်းရဲ့ကိုယ်ခန္ဓာနဲ့ သိရိမာရဲ့ခန္ဓာကိုယ် ဘာထူးသေးလဲ၊ ရေမြေပိုင်သ အစိုးရပါတဲ့ ပြည့်ရှင်မင်းကြီးရဲ့ ခန္ဓာကိုယ်နဲ့ နူနာသည်တယောက်ရဲ့ ခန္ဓာကိုယ်သည် အညစ်အကြေး ထွက်တာချင်း

ကျတော့ အတူ ပဲ။ ပြည့်ရှင်မင်း၊နူနာသည်ဆိုပြီး သမုတိသစ္စာမှာ ကွာ ပေမယ့် အသုဘဘာဝနာကျတော့ အတူတူနော်''

''မှန်ပါဘုရား''

''နာသတော၊ နာခေါင်းနှစ်ပေါက်မှလည်း။ သိဃာဏ၊ နှပ် ဆိုတဲ့ အညစ်အကြေးတွေသည်၊ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ကျ၏၊

''တခါတခါ လမ်းကြောင်းပြောင်းပြီးတော့ ဘယ်က ထွက်မလဲ။

''ကေဒါ၊ တရံတခါ။ မုခေန၊ ခံတွင်းဖြင့်။ ဝမတိ၊ ထွက်၏၊

''တခါတရံ နှပ်တွေလမ်းကြောင်းပြောင်းသွားပြီးတော့ နှာခေါင်း က မထွက်ပဲနဲ့ ပါးစပ်က ထွက်တယ်၊ ''ဒီလို ပါးစပ်ကထွက်တဲ့ နှပ်တွေ၊ ကဲ၊ ပါးစပ်ထဲ ရှိနေကြတုန်းတော့ မရွံကြဘူးနော်''

''မှန်ပါဘုရား''

''အပြင်ဘက် ထွေးထုတ်တဲ့အခါကျမှ ရွံတယ်။ တခါတခါ ထွေး ထုတ်ဖို့ရန် အခွင့်အရေး မရပြီဆိုသင် ဘယ်လို လုပ်မလဲ''

''မျိုချပါတယ် ဘုရား''

''မျိုချရတယ်ဘဲ၊ ဘယ်မလဲ သုဘ၊ အသုဘတွေကို နေ့တိုင်း မျိုပြီးတော့ သွင်းနေကြတယ်၊

''ပိတ္တံ သေမှဥ္စ ဝမတိ ကာယမှာ သေဒဇလ္လိကာ–

''ကေဒါ၊ တရံတခါ။ မုခေန၊ ခံတွင်းပေါက်က၊ ပိတ္တံ၊ သည်းခြေ သည်။ ဝမတိ၊ ပျို့အန်၍ ထွက်၏၊ သေမှဥ္စ၊ သလိပ်သည်လည်း။ ဝမတိ၊ ပျို့အန်၍ ထွက်၏။

''ပါးစပ်က ထွက်တာ ဘယ်နှစ်မျိုး ရသလဲ''

''လေးမျိုးပါဘုရား''

''သည်းခြေထွက်တယ်၊ သလိပ်တွေထွက်တယ်၊ အခုနက နှပ်ရေ တွေ ထွက်တယ်။ နောက်တခါ တံတွေးတွေထွက်မယ်။ ဘယ်နှစ်မျိုးလဲ''

''လေးမျိုးပါဘုရား''

''(၄)မျိုးသော အညစ်အကြေးတို့သည် တရစပ် ယိုထွက်နေတဲ့ ဒီ ပါးစပ်ပေါက် ကြည့်လိုက်တော့ယင် သူ့ပါးစပ်ကလေးက လှတယ်၊ နှုတ်ခမ်းကလေးက လှတယ်၊ သွားကလေးက လှဘယ်သို့ ပြောပင် ပြော ငြားသော်လည်းပဲ၊ နေ့တိုင်း နေ့တိုင်း တရစပ် အညစ်အကြေး (၄)မျိုး ထွက်နေတဲ့ ပါးစပ်ပေါက် ပါလားနော်''

''မှန်ပါဘုရား''

"ဒါကြောင့်—

"နံ့အရကာသယံ၊ ထိုကိုးပေါက်သော ဒွါရအနာဝတို့မှ ယိုကျ ဖြုန်းဖြုန်း ရွရွ ရှာဖွယ်အပြည့်ဖုံးသဖြင့် တကိုယ်လုံ အနာကြီးနဲ့ တူလေ၏တဲ့။

"သွေးပြည်တွေ ဝစိမ့်စိမ့်ယိုထွက်နေတဲ့ အနာကြီးနဲ့ တူတယ်တဲ့။ အနာကြီးက အပေါက်တွေက ကိုးပေါက် မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"ခန္ဓာကိုယ်ကြီးကို အနာကြီးသဖွယ် သဘောထား။ ကိုးပေါက် ပေါက်နေတဲ့ အနာလေးတွေ နေ့တိုင်းနေ့တိုင်း တရစပ် သွေးပြည်တွေ ယိုပြီးတော့ထွက်။ အနာကြီးနဲ့တူတဲ့ ခန္ဓာကိုယ်မှာလဲပဲ ကြည့်လိုက်လို့ရှိယင် ဒွါရကိုးပေါက်က နေပြီးတော့ မစင်ကျင်ကြီး၊ သလိပ်တွေ၊ နှပ်တွေ၊ တံတွေးတွေ စသည့် ယိုထွက်နေတဲ့ အညစ်အကြေးတွေက တရစပ်ယိုထွက် နေတယ်။ ဒါကြောင့်မို့လို့

"နံ့အရကာသယံ၊ ထိုကိုးပေါက်ဒွါရမှ ယိုကျဖြုန်းဖြုန်း ရွရွရှာဖွယ် အပြည့်ဖုံးသဖြင့် တကိုယ်လုံး အနာကြီးသဖွယ် မဟာင့်တယ်တဲ့ ခန္ဓာကိုယ် အတ္တဘောကြီးကို။ ယေဘ၊ စေ့စေ့ဉာဏ်ကြွေဖြင့် ကြည့်ရှုတော်မူလိုက် ကြကုန်ရာသတည်း။

"သာဓု—သာဓု—သာဓု"

၁။ အင္ဂဝန္နံ နဂရံ ကတံ၊ မံသ လောဟိတ လေပနံ၊
ယတ္ထဇရာစ မစ္စုစ၊ မာနော မက္ခောစ သြဟိတော။

၂။ အာတုရံ အသုစိံ ပုတိံ၊ ယေဿနန္ဒေ့သမုဿယံ၊
ဥဂ္ဃရန္တံ ပဂ္ဃရန္တံ ဗာလာနံ၊ အဘိပတ္ထိတံ။

၃။ အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တောစရိဿသိ။

၄။ ယထာ ဣဒံ တထာဧတံ၊ ယထာဧတံ တထာဣဒံ၊
ဓာတုတော သုညတောပဿ၊ မာလောကံ ပုနရာဂမီ။
ဘဝေဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿသိ။

"အာတုရံ စချိတဲ့ ဂါထာက ထေရီဂါထာကျတော့ နောက် ထက်ဝက်မှာ တမျိုးဖြစ်နေတယ်။ ဥဂ္ဃရန္တံ ပဂ္ဃရန္တံ စသည်တို့ အစား အသုဘာယစိတ္တံ ဘာဝေဟိ ဧကဂ္ဂံ သုသမာဟိတံ လို့ ဟောထားတယ်။

"ဓမ္မပဒနဲ့ ထေရိဂါထာ လာတဲ့ ဂါထာပေါင်း ၄ ဂါထာနဲ့ တဝက်။ ဒီဂါထာပေါင်း လေးဂါထာ တဝက်ကတော့ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်က ဘယ်သူ့ကို အကြောင်းပြု၍ ဟောသလဲ ဆိုလို့ရှိယင် နန္ဒမတော် ရူပနန္ဒာ ဇနပဒကလျာဏီကို အကြောင်းပြု၍ ဟောတော်မူသည်။ ဒီတော့ ဇနပဒကလျာဏီအကြောင်း အနည်းငယ် ပြောကြစို့။

"ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်သည် ပထမဆုံး တဝါ ဘယ်မှာ ဆိုတုံး။ ဘုရားဖြစ်တော်မူတဲ့ ပထမဆုံး ဝါတဝါ ဘယ်မှာ ဆိုတုံး"

"သာဝတ္ထိပြည်မှာပါ ဘုရား"

"ကိုင်း၊ တိုပရိသတ် ဟုတ်ကြရဲ့လား"

ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ပထမဆုံး ဣသိပတန အမည်ရတဲ့ မိဂဒါဝုန်တောမှာ ပဉ္စဝဂ္ဂီ ငါးဦး တို့ကို ဝါဆို လပြည့်နေ့ ဓမ္မစကြာ ဒေသနာတော် ဟောလို့ တဝါတွင်းလုံး။

"အဲဒီပဉ္စဝဂ္ဂီလ်တွေနဲ့ ဒီမိဂဒါဝုန်တောမှာ ဝါဆိုခဲ့တယ်။ လပြည့်နေ့ ဓမ္မစကြာ ဒေသနာ ဟောခဲ့တယ်။ လပြည့်ကျော် (၁) ရက်နေ့က စပြီးတော့ အနတ္တလက္ခဏာသုတ် ဟောသဖြင့် အဲဒီပဉ္စဝဂ္ဂီ ငါးဦး ကျွတ်တမ်းဝင်ပြီး အဲဒီပဉ္စဝဂ္ဂီလ် ငါးဦးတို့နှင့် အတူ မိဂဒါဝုန်တောမှာ တဝါဆိုခဲ့ပါသည်၊ အဲဒီကနေ ဝါကျွတ်တဲ့အခါကျတော့ ဒေသစာရီ လှည့်လည်ကြွချီယင်းနဲ့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ဘယ်ကြွတုံး၊ ဗိမ္ဗိသာရဘုရင်မင်းတရားရဲ့ စိုးစံရာ ရာဇဂြိုဟ်ရွှေမြို့တော် ရောက်တယ်။ အဲဒီမှာ တဝါဆိုတယ်။

ရာဇဂြိုဟ် ရွှေမြို့တော်က နေပြီးတော့ ကပိလဝတ်နေပြည်တော်က အမတ်ပေါင်း တထောင် တသောင်နဲ့ ဆယ်ကြိမ် ပင့်လို့ ကပိလဝတ် နေပြည်တော် ကြွတယ်။ ကပိလဝတ် နေပြည်တော်သို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကြွသဖြင့် ကပိလဝတ်နေပြည်တော်က ဆွေတော် မျိုးတော်တို့ကို မြတ်စွာဘုရား သခင်သည် တရားဒေသနာ ဟောကြားသဖြင့် သာသနာတော်အတွင်းသို့ သွတ်သွင်းပြီးတော့ ကျွတ်တမ်းဝင်စေခဲ့တယ်၊ အဲဒီမှာ မနည်းဘူး။ ကျွတ်တမ်းဝင်ကြတာတွေ။

"ခမည်းတော် သုဒ္ဓေါဒနဘုရင် မင်းတရားကြီး မြတ်စွာဘုရား သာသနာတော်မှ တရားထူး ရတယ်။ ရဟန်းတော့ သူ မဖြစ်ဘူး။ ဘုရင် သုဒ္ဓေါဒန ခမည်းတော် သုဒ္ဓေါဒန မင်းတရားကြီးသည် လူဝတ်နဲ့ ထီးဖြူ အောက်မှာပဲ ရှင်သာမဏေတောင် မဖြစ်ပဲ လူဝတ်လူစားနဲ့ ရဟန္တာဖြစ်၍

ရိုနိုဗ္ဗာန်စံနဲ့တယ်။ မိထွေးတော် ဂေါတမီအမှူးရှိတဲ့ နန်းတွင်းသူ အမျိုးသမီး မင်းပရိသတ် (၅၀၀) ဘာလုပ်ကြသလဲ"

"ရဟန်းမ လုပ်ကြပါတယ် ဘုရား"

"အဲ မိမိတို့ရဲ့ ခေါင်းမှ ဆံပင်တွေ ကိုယ့်ဘာသာကိုယ် ဖြတ်၍ သာသနာတော်မှာ ရဟန်းပြုကြတယ်။ အဲဒါ အကျဉ်းချုံး ပြောတာ။ ဇနပဒကလျာဏီ အကြောင်း မြန်မြန် ရောက်အောင်လို့၊ ဒါကြောင့် တော်တော်ကြာ ဗုဒ္ဓပင်နဲ့ အချိန်ကုန်သွားမှာစိုးလို့နော်။ အာနန္ဒာနဲ့ တကွ မင်းသား (၃) ယောက်က ကပ္ပိလဝတ်နေပြည်ဘော်မှာရှိကြတဲ့ သာကီဝင် မင်းသားတွေ၊ ဆွေတော် မျိုးတော်တွေ သာသနာတော် ဝင်ကြတယ်။

**ညီတော်မင်းနန်း ခေါ်ပြီ။** "တဖြုတ်ဖြုတ်နဲ့ ကပ္ပိလဝတ် ရွှေနန်းမှာ ကြည့်လိုက်မယ်ဆိုယင် မင်းသားတွေ ကုန်မတတ် ဖြစ်နေပြီ၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အများ ကြားဖူးနေတဲ့ မြတ်စွာဘုရားရဲ့ ညီတော် မင်းနန် ဘာလုပ်သလဲ၊ လက်ထပ်နေတဲ့ နေ့၊ ဇနပဒကလျာဏီ ခေါ်တဲ့ မင်းသမီးနဲ့ လက်ထပ်နေတဲ့ နေ့မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က အပြန် ဘာလုပ်ခဲ့သလဲ။ ငါ့ညီ သပိတ်ယူ သမ်းပြီးတော့ ကျောင်းတော် လိုက်ခဲ့စမ်း ခေါ်သွားတယ်။

"ဇနပဒကလျာဏီ ဆိုတဲ့ မင်းသမီးက လက်ထပ်နေတဲ့၊ လက်ထပ်ပွဲမှ မပြီးသေးဘူး။ မောင်တော်ကို အစ်ကိုကြီးဘုရားက ကျောင်းတော် ခေါ် သွားတယ်ဆိုပြီးတော့ ပြတင်းပေါက်ကနေ လှမ်းမှာသေးတယ်။

"တုဝဋ္ဋ ခေါ်အယျပုတ္တ အာဂစ္ဆေယျာသိ"။

"အယျပုတ္တ၊ အရှင်သား၊ တုဝဋ္ဋ၊ လျင်လျင် မြန်မြန်၊ အာဂစ္ဆေယျာသိ၊ ပြန်ခဲ့ပါလော့။ ပေါ်မြန်မြန် ပြန်ခဲ့ပါလို့ လှမ်းမပြောလိုက်ဘူးလား"

"ပြောလိုက်ပါတယ် ဘုရား"

"ဟိုကလဲ ပြန်ချင်မှာပဲ"

"ပြန်ချင်မှာပါ ဘုရား"

"ပြန့်ချင်မှာပေါ့၊ ကိုယ်ချင်းစာကြည့်ပေါ့၊ ခပ်မြန်မြန် ပြန့်ခဲ့ပါ မောင်၊ ဟိုကလဲ ပြန့်ချင်တယ်၊ ဒါပေမယ့်လို့ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်၊ လူသုံးပါး၊ ဘုံသုံးပါး အထွတ်အထိပ်သို့ ရောက်နေတဲ့ အစ်ကိုကြီးဘုရားက ငါ့ညီ ကျောင်းတော်သို့ သပိတ်လိုက်ပို့"

"ပြန့်ခွင့် ရသေးလား"

"မရပါ ဘုရား"

**နတ်သမီးပြ တရားချ** ။"လမ်းမှာ မျောက်မကြီးနဲ့ တွေ့တာတို့ဘာတို့၊ နတ်ပြည်ခေါ်ပြီး နတ်သမီးတွေ ပြတာတို့ ဘာတို့၊ ပရိသတ်တွေ သိပြီးသား"

"ဟုတ်ပါတယ် ဘုရား"

"တိုတို ပြောလိုက်တော့ အဲဒီ ညီတော်မင်းနန်ဒေါ်တဲ့ မင်းသားကို မြတ်စွာဘုရားက ဘာလုပ်သလဲ၊ နတ်သမီးတွေ ပြပြီး တရားအားထုတ်ခိုင်းတယ်၊

"သူ အားထုတ်ခိုင်းတဲ့တရား ဘာလိုချင်လို့ အားထုတ်တာလဲ"

"နတ်သမီး လိုချင်လို့ပါဘုရား"

"နတ်သမီးလိုချင်လို့ အားထုတ်တယ်။ ဇနပဒကလျာဏီ လွမ်းနေတဲ့၊ ဇနပဒကလျာဏီ အိမ်သူသက်ထား ချစ်မယားကို လွမ်းနေတဲ့ ညီတော်မင်းနန်ကို ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်က ဇနပဒကလျာဏီထက် အဆ တရာ တထောင်မက သာလွန်လှပနေတဲ့ နတ်သမီးကို ပြပြီးတော့ တရားအားထုတ်စေတယ်။

"ငါ့ညီ၊ မင်းဇနီးထက် လှတဲ့ ဟောဒီ တာဝတိံသာ နတ်ပြည်မှ နတ်သမီးတွေကို ရလိုလျှင် ဒီတရားကို အားထုတ်လေ ဆိုတော့ အပြင်း အထန် အဲဒီတော့မှ အားထုတ်တယ်။ စောစောကတော့ သက်န်းခြုံပြီး အိပ်နေတယ်၊ နတ်သမီးပြ အားထုတ်ခိုင်းတဲ့ အခါကျတော့မှ အား ထုတ်ပါတယ်။

"ဒါကြောင့် ဘုန်းကြီးက တခါတခါ စဉ်းစားမိတယ်။ ရိပ်သာမှာ ယောဂီတွေကို ဘယ်လိုလုပ် လှည့်စားရမလဲလို့။ ဒကာတော် ဦးအုန်းဟံ ကြီး တို့ အဲဒီ နည်းမျိုးနဲ့ ပြယင် မြန်မြန် ကျွတ်မယ်။

နတ်ဘိုးတော်တဲ့ ပေါ်သကွဲ့။ ။"နတ်သမီးရှိရာ အတင်း တက်ပြေးမှာ စိုးရတယ်။ နတ်သမီး ရချင်ယင် လွယ်ပါ
တယ်။ နည်းလမ်းတွေ မတွေ့ဘူးလား။ ဒီကနေ့ပဲ သဘင်းစာထဲ တွေ့လိုက်သေးတယ်။ ဟသ်ာတမှာ နတ်ဘိုးတော်တဲ့။ ရထားပျံနဲ့ တုသိဘာနတ်ပြည် ခေါ်မလို့တဲ့။ လိုက်သွား၊ ဟိုမှာ နတ်သမီး တွေ့ရမယ်။

"အဲလိုပဲ ခြေထောက်မှာလဲ စကြာတွေ ပေါ်နေတယ်တဲ့။ စက်လက္ခဏာတွေ ပေါ်နေပြီတဲ့။ အဲ ရထားပျံတွေ၊ စကြာတွေ၊ ယာဉ်တွေနဲ့ နတ်ပြည် လိုက်လိုသူ အမျိုးသား အမျိုးသမီးတွေကို တခါတည်း တင်ပြီးတော့ ခေါ်မလို့တဲ့၊

"နေမိမင်းကြီးတို့လိုပဲ၊ မန္ဓာတုမင်းကြီးတို့လို၊ နေမိမင်းတို့၊ မန္ဓာတုမင်းတို့ ရတဲ့ စကြာ ရတနာက ဘုန်းကံနဲ့ ရတာ။ သူတို့ပဲ သွားနိုင်တယ်။ ကျန်တဲ့သူတွေ မလိုက်နိုင်ဘူး၊ အဲဒီတော့ ဟသ်ာတမှာ ပေါ်နေတဲ့ နတ်ဘိုးတော်က အားလုံး တင်ခေါ်နေတယ်။ ကိုင်း။ ရှိစေတော့။

"အဲဒီ ဇနပဒကလျာဏီကို စွဲလမ်းပြီးတော့ လွမ်းဆွေးနေတဲ့ ညီတော် မင်းနန်ကို ဘုရားရှင်က နတ်သမီးပြပြီး တရားအားထုတ်ခိုင်း၍ အာသာဝေါ ကုန်ခန်းပြီး ရဟန္တာ ဖြစ်ဘယ်။ မဖြစ်ဘူးလား"

"ဖြစ်ပါတယ် ဘုရား"

"စောစောက ဘုရားရှင်ရဲ့ ညီတော် နန္ဒလဲ မရှိ။ ရာဟုလာမင်းသား လေးလဲ ဘုရားသာသနာတော်မှာ ရှင်သာမဏေ ဖြစ်၍သွား၊ အာနန္ဒာဆိုတဲ့ မင်းသားလဲ သာသနာတော်ထဲ ဝင်။ ညီတော် မင်းနန်ကလဲ နန်းတော်ထဲ ပြန်မလာ။ စကြာမင်း ဖြစ်နိုင်ပါတယ်ဆိုတဲ့ သိဒ္ဓတ္ထမင်းသားနဲ့ သားတော် ရာဟုလာတို့တွေ အားလုံး သာသနာတော်မှာ ကျွတ်တမ်းဝင်ကုန်ကြတယ်။ သုဒ္ဓေါဒနမင်းကြီးသည်ပင်လျှင် ထီးဖြူအောက်မှာ အရဟတ္တဖိုလ်ပေါက်၍ ပရိနိဗ္ဗာန် စံခဲ့တယ်။

"နန်းတော်ကြီး မှုန်းကြည့်နော်။ အလွန် ပျင်းစရာ၊ မုန်းစရာ၊ ငြီးငွေ့စရာကြီး ဖြစ်နေဘယ်။ ဒီအထဲ မယ်တော်ချင်း ဖြစ်တဲ့ ဂေါတမီသည် ကိုယ့်ဆံပင် ကိုယ်ဖြတ်ပြီး မင်းသမီးငါးရာနှင့်အတူ မြတ်စွာဘုရားရှိရာ ဝေသာလီပြည် မဟာဝုန်ကျောင်းသို့ ကြွပြီးတော့ ဘိက္ခုနီ ဝတ်ကြတယ်၊

"ဂေါဘမီတို့ ရဟန်းဝတ်ပုံက ကိုယ့်ဆံပင် ကိုယ်ဖြတ်ပြီးတော့ ဘုရားခွင့်မပြုခင်တုန်းကတည်းက ဘုရားကို တောင်းပန်တာ သုံးကြိမ်။ ဘယ်လိုမှ တောင်းပန်လို့ မရဘူး။ အဲဒါ ကိုယ့်ဆံပင် ကိုယ်ဖြတ်ပြီးတော့

အမျိုးသမီးငါးရာနှင့် ဘုရားရှိရာ မဟာဝုန်တော်ကြီးသို့ အကုန်လုံး ပင်ပန်းဆင်းရဲစွာနှင့် လိုက်လာကြပြီး ဖိနပ်မစီး၊ ထိမနသောင်းပဲနှင့် အဲဒီအချိန်မှာ သူတို့ဟာ သူတို့ သက်န်းတွေ ဝတ်ပြီးသားဖြစ်ပြီး ကိုယ့်သင်္ကန်း ကိုယ့်ဟာကိုယ် ရှာဝတ်။ ကိုယ့်ဆံပင် ကိုယ့်ဟာကိုယ် ဖြတ်ပြီးတော့ ဘုရားရှင် ခွင့်ပြုချက် မရပဲလျက် သာသနာတော် အတွင်းဝင်ကြတာ၊ သူတို့တွေ ဘယ်လောက် နိက္ခမဓာတ် ပြင်းထန်ကြသလဲဆိုတာ ရှိယင်။ အဲဒီတော့ ခုနက နန္ဒမင်းသားနဲ့ ဇနပဒကလျာဏီ ဆိုတာဟာ ဂေါတမီရဲ့ သားတွေနော်''

''မှန်ပါဘုရား''

''နန္ဒကလဲ ဂေါတမီရဲ့သား၊ ဇနပဒကလျာဏီကလဲ ဂေါတမီရဲ့ သမီး။ အဲဒီ မောင်နှမတွေကို နန်းတော်ထဲမှာ လက်ထပ်တယ်။ လက်ထပ်ပြီးတော့ ခွဲခွာကြရတယ်နော်။

''ဟိတွာ ကာမေ ပဗ္ဗဇိံသု၊
သန္တော ဂမ္ဘိရစိန္တကာ၊
တေမယံဗျနု သိက္ခာမ၊
ပဗ္ဗဇိတာ သုပေသလာ။''

''သန္တော၊ ဘုရားအလျာ ပစ္စေကာနှင့်၊ အရိယာနွယ်လောင်း ရှေးသူတော်ကောင်း အပေါင်းတို့သည်၊ ဂမ္ဘိရစိန္တကာ၊ တွေ့ကြုံသမျှ မှုကိစ္စဝယ် အဇ္ဈတ္တ ဉာဏ်မြင်စိုက်အောင် လိုက်လိုက်လှဲလှဲ၊ စိတ်တော်စွဲ၍ နက်နဲသည့် ဓာတ်သဘောကို နက်နဲစွာဆင်ခြင် ထွင်ကြံ ကောင်းဂင်တော်မူကြသည်ဖြစ်၍၊ ကာမေ၊ ရှေးကပြုဖန် ကုသိုလ်ကံတို့ ပေးသောက်မလျက်၊ ရောက်ရပေသား များလှနည်းသွယ် ကြီးကြီးငယ်ဟု ကြီးငယ်ရောစုံ ဘုံယ်တော်တို့ပိုင်သည့် ကာမဝတ္ထု၊ အစုစုတို့ကို။ ဟိတွာ၊ ငါတို့ပိုင်ပြား ဒီကာမတံရာ တို့သည်ကား အများတကာတို့နှင့်ဆက်ဆံ ဘေးတွေ့ကာ နန်းရံ ရန်သူတွေ့က ဒုလွန်များ ကြောက်လန့်ဖွယ်ပါတကားဟု ကြောက်အား တော်ဉာဏ်ကျယ် လွတ်လွတ်ကြီးစွန့်ပယ်တော်မူကြကုန်ကြလျက်၊ ပဗ္ဗဇိံသု၊ ဃံရာဝါသ ကျပ်တည်းကြလှသည့် ကိစ္စမြားမြောင် လူတို့ဘောင်မှ လွတ်အောင် ကျူးလျက် ရန်းကန်ထွက်၍ နှစ်သက်ရွှင်လန်း မြတ်သင်္ကန်းဖြင့် ရှင်ရဟန်း ပြုတော်မူကြကုန်ပြီ၊

''ဂေါတမီကို လှမ်းပြီးတော့ကြည့်၊ သူတို့ ရထားတဲ့ ကာမစည်းစိမ်တွေ ကပ္ပိလဝတ် ရွှေနန်းတော်တခုလုံး၊ ထီးနန်းအုပ်ချုပ် မင်းလုပ်နေရတဲ့

မိဖုရားခေါင်ကြီးဘဝက နေပြီးတော့ အဲဒီလောက်များပြားတဲ့ ကာမဝတ္ထု အစုစုတို့ကို စွန့်ပြီးတော့ သာသနာတော် ဝင်သွားကြတယ်။ ဘာဖြစ်လို့ စွန့်သလဲ။

"မနေ့က ပြောခဲ့တယ်။ ကာမဂုဏ်ရဲ့ အပြစ်တွေကို ကောင်းကောင်းမြင်နေလို့ စွန့်နိုင်တာ မဟုတ်လား"

"မှန်ပါ ဘုရား"

"ကာမဂုဏ်ရဲ့ အပြစ်ကို မြင်မှသာ ကာမဂုဏ်ကို စွန့်နိုင်တယ်။ ကာမဂုဏ်ကို စွန့်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ရဲ့အပြစ်ကို ကြပ်ကြပ်ကြည့်ကြရမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒါတွေ ကာမဂုဏ်ရဲ့ အပြစ်တွေ မြင်ပြီးတော့ ထီးနန်းအုပ်ချုပ် မင်းလုပ်နေတဲ့ ဘဝကနေပြီး သိဒ္ဓတ္ထ တို့ အာနန္ဒာတို့ နန္ဒတို့ ထီးနန်းရော၊ တိုင်းပြည်ပါ ချစ်ဇနီး မိဖုရားနဲ့ စည်းစိမ်တွေ အကုန်စွန့်ခဲ့ကြပြီ။ ရာဟုလာ ကလေးဆို ငယ်ငယ်ကလေးရယ်၊ သူ့ကို အမေက မွေးပြီး ရက်ပိုင်းမှာ စွန့်ထားခဲ့တယ်။ ယခု အဖေက မင်းယာနန်းနဲ့ အမွေကိုပါ စွန့်ခဲ့။ ငါနဲ့ လိုက်ခဲ့။ အမွေပေးမယ်ဆို ခေါ်သွားတယ်။ ၇–နှစ်သားလေး တခါထဲ မပြန်တော့ဘူး။ အမေ့ကိုတောင်မှ သတိမရဘူး။

"နန္ဒကလဲ ဇနီး အသစ်ကလေး စွန့်ထားခဲ့တယ်၊ စွန့်ထားခဲ့ရတဲ့ အထဲမှာ အဲဒီ ဇနပဒကလျာဏီဟာ စိတ်အနာဆုံးပါပဲ။ ရုပ်က လှလွန်းတော့ မာနကလဲ အကြီးဆုံးပဲ၊ ဒီပြင် လူငယ်တွေက ဒီကာမဝတ္ထုတွေကို ရှုမုန်းပြီး ခွဲသွားကြလို့ လွမ်းသာကြရတယ်။ ဒီဇနပဒကလျာဏီများတော့ သည်းအူပြတ်မျှ ချစ်ရတဲ့ နန္ဒမင်းသားနဲ့ ရက်စက်လှတဲ့ နောင်ကြီးဘုရားကြောင့် မခွဲချင်ပဲ အဘင်း ခွဲခွာလိုက်ရတဲ့အတွက် အသည်းနှလုံး ကွဲကြေမတတ် လွမ်းဆွေးရှုပဲ့ ဝေဒနာကို ခံစားခဲ့ရတယ်၊

"ပြီးတော့ ခေမက သာကိဝင်မင်းကြီးရဲ့ သမီး အဘိရူပနန္ဒာ၊ သူကလဲ လက်ထပ်တဲ့နေ့မှာပဲ သူ့ရဲ့ ခင်ပွန်းလောင်း သတို့သားလောင်းလေးက သေသွားတယ်။ ဘယ်လောက်ဆင်းရဲလိုက်မလဲ၊ ဒီတော့ လက်ထပ်တဲ့ နေ့မှာ ခင်ပွန်းလောင်း သေသဖြင့် ခေမက မင်းကြီးရဲ့ သမီး ဖြစ်တဲ့ အဘိရူပနန္ဒာ တယောက် ယခု လက်ထပ်တဲ့ နေ့မှာပဲ ခင်ပွန်းလောင်းနဲ့ ခွဲလိုက်ရတဲ့ ဇနပဒကလျာဏီ တယောက်၊

"ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"နောက်ပြီးတော့ အာနန္ဒာ မင်းသား ရဲ့ နှမလေး၊ နန္ဒာ အမည်ရှိတဲ့ အမျိုးသမီးတယောက်။ အဲဒီ အမျိုးသမီး သုံးယောက် စုပြီး နေကြတယ်။ နန်းတော်ထဲမှာ လူစုလူဝေး၊ ဆွေမရှိ မျိုးမရှိ၊ မိမရှိ ဖမရှိ၊ အားကိုးရာ မရှိပဲ နန်းတော်ထဲမှာ နေနေကြတာ။ သူတို့ ဘာမှ သာယာမှု၊ သက်သာမှု မရှိဘူး။ ဒါကြောင့်မို့လို့ ဆွေများ၊ မျိုးများရှိရာ သာသနာတော်ဝင်ပြီးတော့ ဘိက္ခုနီမ လုပ်လိုက်ကြပါတယ်။ ဆွေမျိုးတွေနဲ့ မသေခင် အတူနေရ တော်ပြီပေါ့ ဟုတ်လား။

"သာသနာတော် ဝင်ကြတာဟာ ဘာကြောင့်လဲ"

"ဆွေမျိုးမရှိလို့ပါ ဘုရား"

"အေး၊ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေရတာ အားကိုးရာ မရှိလို့သာ သာသနာတော်ဝင်တဲ့ အမျိုးသမီး သုံးယောက်၊ ဒီတော့ တို့ပရိသတ် အထင်မသေးနဲ့၊ အထင်မသေးကြနဲ့လေ။ လူ့လောကမှာ အားကိုးစရာ မရှိလို့ သာသနာဘောင်ဝင်ကြတာဆိုပြီး အထင်မသေးကြနဲ့နော်။ သာသနာတော်ဆိုတာ အဲဒီလို အားကိုးရာမဲ့ သူတို့ရဲ့ အားကိုးရာဖြစ်တယ်။ သာသနာဆိုတဲ့ အားကိုးရာ။

"အနာထာနံ၊ ညှိုးငယ်စွာဖြင့် အားကိုးရာမဲ့ နေကြကုန်သော၊ ပုဂ္ဂိုလ်အပေါင်းတို့၏။ နာထော စ၊ မညှိုးငယ်ကြပါနှင့်ကွယ်။ ဤမှာ ကိုးကွယ်ရာ ရှိပါတယ်လို့၊ တကယ့်ကို အာမခံ ရှိတော်မူတဲ့ မြတ်စွာဘုရား။ နာထ၊ လူသုံးပါးတို့၏ အားကိုးရာ ဆိုတာ ဒါပဲ"

"ဒုက္ခဖြစ်တဲ့ သူများအတွက်ရော၊ ဒုက္ခမဖြစ်တဲ့သူများအတွက်ရော။ ကိုယ်တော်မြတ်သည် အားကိုးရာ၊ အဲဒီ အားကိုးရာ စင်စစ်အဖြစ်ကို၊ သရဏံဂစ္ဆာမိ၊ သရဏဂုံ သို့ ရောက်သွားကြတယ်လို့ ဒီလို ပြောတယ်၊

**ရတနာသုံးပါး သတ္တိ (၂) ပါး။** ။"အဃဿ ဓာတာ
ဟိတဿစ ဝိဓာတာ"

အဃဿစ၊ ဆင်းရဲဒုက္ခအပေါင်းကိုလည်း။ ဓာတာ၊ ပယ်ဖျောက်တော်မူတတ်၏။ ဟိတဿစ၊ အစီးအပွားကိုလည်း၊ ဝိဓာတာ၊ ဆောင်ရွက်တော်မူတတ်၏။

ဆင်းရဲဒုက္ခအပေါင်းတို့၏ ပယ်ဖျောက်၍ အကျိုးစီးပွားကိုလည်း ရွက်ဆောင်တော်မူတတ်၏၊

သရဏဂုံ (၃) ပါး၊ ဘုရား–တရား–ရတနာသုံးပါး ဆိုတဲ့ သရဏဂုံသည် သတ္တိ ၂-မျိုးရှိတယ်ဆိုတာ တို့ ရိသတ် သေသေချာချာ မှတ်ပါ။

''သရဏဂုံ (၃) ပါးသည် သတ္တိ ဘယ်နှစ်ပါး ရှိသလဲ''

''နှစ်ပါးပါ ဘုရား''

''ဆင်းရဲဒုက္ခ အပေါင်းကိုလဲ ပယ်ဖျောက်နိုင်တယ်။ ဘာတဲ့တုံး ပရိသတ်များ''

''ဆင်းရဲဒုက္ခ ပယ်ဖျောက်နိုင်ပါတယ် ဘုရား''

''အကျိုးစီးပွားကိုလဲ ရွက်ဆောင်နိုင်တယ်။ ပရိသတ်များ ဘာတဲ့တုံး''

''အကျိုးစီးပွားကို ရွက်ဆောင်နိုင်ပါတယ်''

''သရဏဂုံ သုံးပါးရဲ့ စွမ်းရည် ဒါပဲ။ ဒါကြောင့် ခုနကလဲ ဆင်းရဲဒုက္ခသို့ ရောက်နေတဲ့ ပုဂ္ဂိုလ်အပေါင်း သာသနာတော် ဝင်ပြန်လျှင် အကုန်လုံးဟာ သက်သာရာ မရဘူးလား၊ ရတယ်။

**သာသနာဟာ အားကိုးရာ။** ။''ဒါကြောင့် သာသနာတော်ကို ပြန်ကြည့် လို့ရှိယင် အားကိုးရာမဲ့ပြီးတော့ ဒုက္ခဖြစ်နေကြသော ပုဂ္ဂိုလ်ပေါင်းစုံတို့သည် သာသနာတော်ရောက်ယင် အားလုံး သက်သာရာ ရတယ်။

''တဆွေလုံး တမျိုးလုံး အကုန်လုံး သေပြီးတော့ အရူးမကြီးဖြစ် နေတဲ့ ဒကာမကြီး ဘယ်သူတုံး''

''ပဋာစာရီပါ ဘုရား''

''ပဋာစာရီ အမည်ရှိတဲ့ ဒကာမကြီးရဲ့ အားကိုးရာကို ကြည့်စမ်း။ တလောကလုံး ဘာမှ အားကိုးရာမရှိတဲ့ အချိန်မှာ မြတ်စွာဘုရားရဲ့ တရားပွဲ သွားတွေ့တဲ့အခါကျတော့ သူ့အတွက် အဖိုးတန်တဲ့ အားကိုးရာ ကြီး ဖြစ်ခဲ့တယ်။

''အဲဒီလို ဆွေ မရှိ၊ မျိုး မရှိ၊ ခါးမှာ အဝတ်မကပ်အောင် ရူးနေတဲ့ ပုဂ္ဂိုလ်တယောက်ကို ဒီနေ့ လောကမှာ ဘယ်သူက အိမ်ပေါ်တင်ပြီး ကျွေးထားသလဲ။

"စဉ်းစား။ ဒီကနေ့ တရားနာတဲ့ ပရိသတ်တွေ။ မိမိတို့ရဲ့ ဆွေထဲမျိုးထဲက ပုဂ္ဂိုလ်တွေ၊ မိမိကို ချစ်ပါတယ်၊ ကြင်နာပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ မိမိတို့အချစ်ဆုံး၊ အခင်ဆုံး ပုဂ္ဂိုလ်တွေဟာ ပဋာစာရီလို ရူးပြီးတော့ အရပ်လေးမျက်နှာကို လှည့်ပြီးတော့ ခါ့မှာ အဝတ်မရှိတော့ဘူးဆိုယင် ဘယ်သူက အိမ်ပေါ်တင်ပြီး ကျွေးထားမှာလဲလို့။ ကျွေးအုံးမှာလား၊ မကျွေးနိုင်ပြီ။ ကျွေးမထားနိုင်ပြီ။ အဘက်မလုပ်ချင်တော့ပြီ။

"အေး၊ အခုတခါ တရားပွဲနား ကပ်လာတဲ့ အရူးမ ပဋာစာရီကို ပရိသတ်က ဘာလုပ်ကြသလဲ။ ခဲနဲ့ ပစ်ကြတယ်။ ဒီအရူးမကြီးကို တရားပွဲနားမကပ်နဲ့တဲ့၊ တရားပွဲနားတောင် မကပ်ရဘူးနော်"

"မှန်ပါ ဘုရား"

"အဲဒီအခါမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က ပရိသတ်အပေါင်းအား မတားမြစ်ကြနဲ့တဲ့။ ပဋာစာရီ ဒကာမကို မတားကြပါနဲ့၊ တရားနာပါစေ။

"သတိံ ပဋိလဘ ဘဂိနိ

မာသောစိ ဘဂိနိ။"

"ဘဂိနိ၊ အို ချစ်နှမပဋာစာရီ၊ သတိံ၊ သတိကို။ ပဋိလဘ၊ ရအောင် ကြိုးစားပါ။

"သတိထား ချစ်နှမ။ ဘဂိနိ၊ အို ချစ်နှမ၊ မာသောစိ၊ ဘာမှ မစိုးရိမ်နဲ့၊ မပူဆွေးနဲ့၊

"သတိခွန်အား ရအောင် ကြိုးစားပါ။ ဒီလို ဘုရားက လှမ်းပြီး ဟောလိုက်တယ်။

"မြတ်စွာဘုရား တရားဟောနေယင်း ပရိသတ် လေးပါးအပေါ် ဖြန့်ထားတဲ့ မေတ္တာ ကရုဏာကို ရုပ်သိမ်းပြီးတော့ ပဋာစာရီ တယောက်ထဲအပေါ် စူးစူးစိုက်စိုက် မေတ္တာကရုဏာ လွှတ်လိုက်တယ်။

"အဲဒီ မေတ္တာကရုဏာ စူးစူးစိုက်စိုက် လွှတ်လိုက်ပြီး သတိထားပါ ချစ်နှမလို့ စကားလေး ချိုချိုသာသာ မိန့်တော်မူလိုက်ဘယ်ဆိုယင်ပဲ ပဋာစာရီ တခါတည်း အရူးပျောက်ပြီး သတိဝင်လာတယ်၊

"အားကိုးရာ မဖြစ်ပေဘူးလား"

"ဖြစ်ပါတယ် ဘုရား"

"အားကိုးရာ ဖြစ်တယ်"

"ဒီနောင်တော့ သောတာပန် ဖြစ်တယ်။ သာသနာတော် ဝင်ပြီးတော့ တရားအားထုတ်၊ ရဟန္တာအဖြစ်သို့ ရောက်တဲ့အခါကျတော့ ဝိနည်းငါးကျမ်း အာဂုံဆောင်တဲ့ ဝိနည်းဓရဒဂ်ရ ရဟန္တာမကြီး ဖြစ်သွားတယ်။

"ဒီရှုမကြီးက ဖြစ်သွားတာ"

"မှန်ပါတယ် ဘုရား"

"အားထားရတဲ့ ကိုးကွယ်ရာ....

"ဒုက္ခသဿမေတာ၊ ဆင်းရဲဒုက္ခအပေါင်းကိုလည်း ပယ်ဖျောက်တော်မူတတ်၏။ ဟိတသုခဝိဓာတာ၊ ရဟန္တာမကြီး ဖြစ်တဲ့ အကျိုးစီးပွားကို ရွက်ဆောင်နိုင်တယ်၊

"ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"ဒါကြောင့်မို့ ဒီကနေ့ သာသနာတော် ဝင်ကြတဲ့ အမျိုးသား အမျိုးသမီးတွေ ဒီကနေ့ခေတ် သာသနာတော်မှာ ရဟန်းမ မရှိဘူး။ သာသနာတော်မှာ ဝတ်ကြတာသိုလို့ရှိယင် အလွန်ဆုံး အမျိုးသမီးများ ဘက်က သီလရှင် ဘဝပဲ။ အဲဒါ ဝရိသတ်က သီလရှင်လောကကို ပြက်ရယ်ပြုကြတာ၊ သာသနာတော်ကို ဝင်တာ ဘာပြုလို့ ဝင်တာ၊ ဘာဖြစ်လို့ ဝင်တာပါလိုပြီးတော့ ပြောင်ကြ၊ လှောင်ကြ၊ ကဲ့ရဲ့ကြတယ်။ သူတို့လဲ မဝတ်နိုင်ဘူး။

"အကယ်၍ သာသနာတော် တည်းဟူသော မှီရာတည်ရာ အားကိုးရာသာ မရှိခဲ့ယင် ဒဲ့ဒီလို ဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့နေကြရတဲ့ အမျိုးသမီးငယ်တွေ၊ ဒုက္ခပေါင်းစုံနဲ့ ကြုံတွေ့နေတဲ့ အမျိုးသားတွေ၊ သာသနာတော် တည်းဟူသော အားထားရာကြီး သာ မရှိခဲ့လျှင် စဉ်းစားပြီးသာ ကြည့်လေ။ သူတို့ဘဝဟာ ဘယ်လောက်တောင် ဒုက္ခဖြစ်သွားနိုင်သလဲ။

"သာသနာတော် တည်းဟူသော မှီရာ၊ တည်ရာ၊ အားကိုးရာကို မရခဲ့လျှင် အမျိုးသားအပေါင်းတို့သည် ဒုက္ခပေါင်းစုနှင့် ဆုံဆည်းပြီး ပျက်စီးကုန်မည်။ အမျိုးသမီးတွေလိုသင် သာ၍ပင် ဒုက္ခပေါင်းစုံနှင့် ဆုံဆည်းပြီး ပျက်စီးနိုင်တယ်။ ဒါကြောင့် သာသနာတော်သည် သာ၍ပင် အားကိုးရာ ဖြစ်ပါတယ်။

"ဒါကြောင့် ဘယ်လိုနည်းနှင့်ပင် ဆုံဆည်း၍ လာလာ။ ဘယ်လို စည်းကမ်းနဲ့ပဲ သာသနာတော်ကို လာလာ၊ သာသနာတော်ကျယင် ပြုပြင်ပြီးတော့ ယူ၊ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"အလွန်တရာ ပျက်စီးယုတ်မာနေတဲ့ စိတ်ထားပင် ဖြစ်လင့်ကစား ပြုပြင်ပြီးတော့ ယူ၊ ပြုပြင်ပါများယင် အကျိုး မရှိဘူးလား"

"ရှိပါတယ် ဘုရား"

**ဘယ်ဘဝမှ သဒ္ဓါသို့။** ။"တဖြည်းဖြည်းနဲ့ ပြုပြင်ပါများယင် သဒ္ဓါဗီဇတွေ ဖြစ်လာတယ်။ ဒါကြောင့် ပြက်ရယ်မပြုကြနဲ့၊ သာသနာတော် ဝင်လာတဲ့ သူတွေ အားကိုးရာ အဖြစ်နဲ့ ရောက်လာကြတာ။

"ယခုကြည့်။ မင်းသမီး သုံးယောက်။ နန္ဒာရယ်၊ အဘိရူပနန္ဒာရယ်၊ ဇနပဒကလျာဏီရယ် ဆိုပြီးတော့ မင်းသမီး သုံးယောက်၊ သာသနာတော် ဝင်ကြမယ်။ နန်းတော်ထဲ အားကိုးရာ မရှိလို့ ခင်ပွန်းသယ်တွေ မရှိလို့ ဆွေတွေမျိုးတွေ မရှိလို့ ပျင်းရိငြီးငွေ့လွန်းလို့ ဆောက်တည်ရာ မရလို့ သာသနာတော် ဝင်ကြတဲ့ မိန်းကလေး သုံးယောက်၊

"ရှင်အာနန္ဒာရဲ့ နှမဖြစ်တဲ့ နန္ဒာ အမည်ရှိတဲ့ ဒကာမကတော့ မကြာမီ ရဟန္တာ ဖြစ်ခဲ့တယ်။ သူ့အကြောင်း ဘာမှ မထင်ရှားဘူး။ လင်ယောကျ်ား သေဆုံးခဲ့တဲ့ အဘိရူပနန္ဒာကတော့ မြတ်စွာဘုရားရဲ့ ထံတော်မှောက်မှာ သူက တရား သုံးပုဒ် နာရတယ်၊ သူတို့က အလှမာန် ယစ်ပြီး မာန်တက်တဲ့ မိန်းကလေးတွေ။ ဒီနှစ်ယောက်က သိပ်လှတယ်၊ အဲဒီ နှစ်ယောက်တို့မှာလဲ ဇနပဒကလျာဏီက ပိုပြီး လှတယ်၊ ချောတယ်။

"လှတဲ့ ချောတဲ့ မိန်းကလေးတွေ သာသနာတော် ဝင်ခဲ့တာ သဒ္ဓါလို့ဝင်ခဲ့တာ မဟုတ်ဘူး။ အဲဒီ အားကိုးရာ မရှိလို့ ဝင်ခဲ့တာ။ မြတ်စွာဘုရားထံ တကြိမ်မှ သွား တရားမနာဘူးနော်"

"မှန်ပါ ဘုရား"

"ဘာပြုလို့တုန်း ဆိုတော့ ဘုရားက ဟောလိုက်မှဖြင့် သိပ်ခဲ့မာလို လှတဲ့ မိန်းကလေးကို ရွံစရာဖြစ်အောင် ဟောပစ်လိုက်ဘယ်"

"မှန်ပါဘုရား"

"အဲဒီလို ရုပ်ရည်ရူပကာယရဲ့အပြစ်ကိုသာလျှင် ဟောနေတဲ့ မြတ်စွာဘုရားဆီ တရားနာ မသွားဘူးဆိုပြီးတော့ သူတို့ နှစ်ယောက် တင်းခံနေတယ်။

"အဲဒီမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က အမိန့်ထုတ်လိုက်တယ်။

"ငါဘုရားရဲ့ သာသနာမှာ နေကြတဲ့ ဘိက္ခုနီမ၊ အမျိုးသမီးရဟန်းမတွေ တဆယ့်ငါးရက် တကြိမ် တကြိမ် ဩဝါဒခံယူရန် ငါ့ထံမှောက် အရောက်လာရမယ်။ အမိန့်ထုတ်တယ်။

**ကိုယ်စားလှယ်ထား ဩဝါကြား။** ၊"ဒီတော့ ခုနက အဘိရူပနန္ဒာတို့၊ ဇနပဒကလျာဏီ တို့က ဘယ့်နှယ်လုပ်တုံးဆိုတော့ ကိုယ်စားလှယ်လွှတ်ပြီး ဩဝါဒခံတယ်။ သူတို့ မသွားဘူး။ ဘာဖြစ်လို့ မသွားတာလဲ၊ တို့ပရိသတ် ဘာဖြစ်လို့ မသွားသတုံး"

" "

.........................

"အလှဂုဏ်ကို ယစ်မူးနေတဲ့ မာနကြောင့် မသွားတာ ဟုတ်ပြီလာ."

"မှန်ပါ ဘုရား"

"မြတ်စွာဘုရားကလဲ အလှရဲ့ အပြစ်တွေကိုသာ၊ ရုပ်ရည်ရူပကာရဲ့ အပြစ်တွေကိုသာလျှင်ပြောတယ်။ သူတို့က အဲဒီ အလှရူပကာကိုသာလျှင် တပ်မက်တယ်၊ ဆန့်ကျင်မနေဘူးလား"

"ဆန့်ကျင်နေပါတယ် ဘုရား"

"ဒါကြောင့် ဘုရား ဟောရတာ မလွယ်ဘူ။ ကိုယ်စားလှယ်လွှတ်ပြီးတော့ ဩဝါဒခံ၊ မြတ်စွာဘုရားကလဲ နောင်တချိန် အမိန့်ထုတ်ရပြန်တယ်၊ ကိုယ်တိုင် လာပြီး ဩဝါဒခံရမယ်လို့ အမိန့်ထုတ်တယ်။ အဲဒီမှာ ဘယ်သူ သွားသလဲဆိုတော့ ခုနက အဘိရူပနန္ဒာနဲ့ ဇနပဒကလျာဏီ နှစ်ယောက်မှာ အဘိရူပနန္ဒာက သွားတယ်။ မြတ်စွာဘုရားက သိပြီ။ အဘိရူပနန္ဒာ လာတော့မယ်ဆိုပြီးတော့ ဓမ္မာသနပလ္လင်ရဲ့ ရှေ့မှာ မြတ်စွာဘုရားကို ယပ်ခတ်နေတဲ့ နတ်သမီးတမျှ လှပနေတဲ့ မိန်းကလေးတယောက်ကို ဖန်ဆင်းပြီးတော့ ထား။

"အဲဒီ ယပ်ခတ်နေတဲ့ မိန်းကလေးတယောက်ကို ပထမတော့ ၁၆ နှစ်အရွယ် ဖန်ဆင်းပြီး ထားတယ်။ အဘိရူပနန္ဒာအနီး ချဉ်းကပ်လာတယ်ဆိုယင်ပဲ မြတ်စွာဘုရားသခင်က ယပ်ခတ်နေတဲ့ မိန်းကလေးအသွင်ကို ၁၆ နှစ်အရွယ်မှ တဆင့်တက်ပြီးတော့ အသက်သုံးဆယ်၊ အသက်သုံးဆယ်အရွယ်မှ သားတယောက် ဖွားပြီးသည့်အရွယ်၊ ဒီမှတဆင့် သားနှစ်ယောက်ဖွားပြီးသည့်အရွယ်....

"ဒီမှ တဆင့်တက်၍ အသက်လေးဆယ်အရွယ်မှ တဖြည်းဖြည်းနဲ့ အသက် ၇၀–၈၀–၉၀ အရိုးပေါ်အရေတင်၊ သွားကျိုး၊ ဆံဖြူ၊ ခါးကိုင်း၊နားထိုင်း၊ အဲဒီလို အိုမင်းရင့်ရော်နေတဲ့ အရွယ်သို့ တဖြည်းဖြည်း တက်၍ ဖန်ဆင်းပြီးသကာလ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ရဲ့ ရှေ့မှာပင် အဲဒီ အမျိုးသမီးသည် ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားပြီး ဘုန်းကနဲ လဲ၍ သေဆုံးသွားသည့်အသွင်။

"ဒီမှ တဆင့်တက်၍ သေဆုံးသွားတဲ့ အမျိုးသမီးသည် ယခုအခါ ရာဇဂြိုဟ်သုသာန်မှာ ပစ်ထားတဲ့ သီရိမာရဲ့အလောင်းကို လေထိုးထား သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်ထ၍ ပိုးလောက် ဖွားပွား ကျနေတဲ့ အသုဘအသွင် ဖန်ဆင်းပြပြီးနောက် မြတ်စွာဘုရားက အဲဒီမှာ တရား ဒေသနာ ဟောတယ်။

"အဲဒီလို မြတ်စွာဘုရားရဲ့ တရားအဆုံးမှာ အဘိရူပနန္ဒာ အာသဝေါကင်းကွာ၍ ရဟန္တာဖြစ်ခဲ့တယ်။ အဘိရူပနန္ဒာရဲ့ အကြောင်းကို ဤကဲ့သို့ မှတ်၊ ဘယ်သူကျန်ခဲ့တုံး"

"ဇနပဒကလျာဏီပါဘုရား"

"ဇနပဒကလျာဏီကျန်ခဲ့တယ်။ တခြားကိစ္စကျန်ခဲ့တယ်။ တရား ပွဲကြီးက ပြန်ပြီးတော့ သွားကြတဲ့ ပရိသတ်တွေဟာ မြတ်စွာဘုရားရဲ့ ဂုဏ်တွေကို ချီးကျူးပြီးတော့ ပြန်ကြတယ်။

**ဘုရားရှင်၏အဲ့ဖွယ်လေးမြွာ။** ။"ကြော်–မြတ်စွာဘုရားဆိုတာ အံ့ဩဖွယ် လေးမျိုး ရှိတယ်။ ကြည်ညိုစရာ လေးမျိုး ရှိတယ်။

"မြတ်စွာဘုရားမှာ တို့ပရိသတ် ကြည်ညိုစရာ ဘယ်နှစ်မျိုးရှိလဲ"

"လေးမျိုးပါဘုရား"

"လေးမျိုးတဲ့"

(၁) "ရူပပမာဏိက–ရုပ်ပုံကို ပမာနထား၍ ကြည်ညိုတာက တမျိုး၊

(၂) ဃောသပမာဏိက အသံပမာနထားပြီး ကြည်ညိုတာက တမျိုး၊

(၃) လူခပမာဏိက—ဖေါင်းဖေါင်းပါးပါးကျင့်တဲ့သီလအကျင့်ကို ကြည်ညိုတာက တမျိုး၊

(၄) ဓမ္မပမာဏိက—သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်။ အဲဒီ တရားတော်ကို ကြည်ညိုတာက တမျိုး၊

''ဘယ်နှစ်မျိုးတုံးပရိသတ်''

''လေးမျိုးပါဘုရား''

''ရုပ်ကို ကြည်ညိုတာရယ်၊ အသံကို ကြည်ညိုတာရယ်၊ အကျင့် ကို ကြည်ညိုတာရယ်၊ တရားကို ကြည်ညိုတာရယ်၊ လေးမျိုးရှိတယ်။ အဲဒီလေးမျိုးသော ပရိသတ်ထဲက ရုပ်ကို ကြည်ညိုတဲ့ ပရိသတ်ကို ဘယ် လိုများ ဆိုထားသတုံးဆိုယင် အဋ္ဌကထာဆရာကဆိုတာ တို့ပရိသတ် မှတ် ကြစမ်းပါ။ ရူပပမာဏိက ပုဂ္ဂိုလ်ဘဲ။ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်တဲ့ရုပ်ကို သုံးဆယ့်နှစ်ပါးသော လက္ခဏာ တို့ဖြင့် တင့်တယ်သောရုပ်ပုံတော်၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ နှင့် သပ်သပ်ရပ်ရပ် တင့်တယ်တော်မူဘဲ့ ရုပ်ပုံတော်၊ အဲဒီရုပ်ပုံတော်ကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေဟာ တရားနာပရိသတ် လူစုကြီးကို သုံးပုံ ပုံလိုက် လို့ရှိယင် နှစ်ပုံ ရှိတယ်။ သုံးပုံ ပုံယင် ဘယ်နှစ်ပုံရှိသဲ''

''နှစ်ပုံပါဘုရား''

''တရားပွဲ တပွဲပွဲ လာပြီးတော့ အားခဲ တရားနာတဲ့ ပရိသတ် တွေ မြတ်စွာဘုရားထံက ပြန်သွားလို့ရှိယင် ရုပ်ပုံကြည်ညိုတဲ့လူက၊ ရူပ ကာယကြည်ညိုတဲ့ လူက သုံးပုံနှစ်ပုံဆိုတော့ သူတို့က၊ သူတို့က တရား ပွဲက ပြန်သွားတော့ ဘုရားရဲ့ရုပ်ပုံတော်ကြီး၊ အဆင်းတော်ကြီး တင့် တယ် သပ်ရပ်ပုံကို ချီးကျူးပြီးတော့ ပြန်တယ်။ ရုပ်ပုံကို ကြည်ညိုသူ ရာခိုင်နှုန်း ဖွဲ့ကြည့်ယင် ၆၆ ရာခိုင်နှုန်း နည်းနည်းလေး ကျော်သေးတယ်။

''အသံကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေကတော့ ငါးပုံ ပုံယင် လေးပုံ၊ မြတ်စွာဘုရားရဲ့ အင်္ဂါတော်ရှစ်ပါးနဲ့ ပြည့်စုံတဲ့အသံတော်၊ မြတ်စွာ ဘုရားရဲ့ ကျော်စောအံ့သြဖွယ်ရာကောင်းတဲ့ ဂုဏ်သတင်းတွေ၊ အဲဒီ ကျော်စောအံ့သြဖွယ်ရာ ကောင်းတဲ့ ဂုဏ်သတင်းတွေ။

''ဘုရားရဲ့ နှုတ်တော်က ထွက်လာတဲ့ အဲဒီကျော်စောတဲ့ အသံ ကို ကြည်ညိုသူက ငါးပုံလေးပုံတဲ့။ ရာခိုင်နှုန်းဖွဲ့ယင် ဘယ်လောက်လဲ။ ၈၀—ရာနှုန်းရှိတယ်။ လူတရာ တရားနာယင် ဘုရားရဲ့အသံကိုကြည်ညိုလွန်း လို့အသံကိုချီးကျူးပြီးပြန်ကြတဲ့တရားနာပရိသတ်ကလူ၁၀၀မှာ၈၀–တဲ့။

"နောက်တခါ "လူ့ပမာဏကပုဂ္ဂိုလ်တဲ့။ မြတ်စွာဘုရားရဲ့ သုံးလောက စကြာရတနာ ဆိုက်နိုင်တဲ့ စကြာမင်းလောင်း မင်းကောင်းဖြစ်တဲ့ သိဒ္ဓတ္ထဟာ ရမ္မ၊ သုဘ၊ သုရမ္မ ခေါ်တဲ့ ရွှေနန်းပြသာဒ် သုံးဆောင်စွန့်၊ နန်းတော်တွင်း ရှိသမျှ ထီးနန်းစည်းစိမ်တွေ စွန့်ပြီးတော့။ တောကြီးထဲ သွားပြီးတော့ ကျင့်ကြံကြိုးကုတ် အားထုတ်ပုံကို စဉ်းစားပြီး ကြည့်စမ်း။ နန်းထဲမှာ နေရပုံ၊ စားရပုံနဲ့ တောထဲမှာ နေရပုံ၊ စားရပုံ မကွာဘူးလား"

"ကွာပါတယ်ဘုရား"

"နန်းတွင်းမှာ စားရပုံ၊ နေရပုံ ကြည့်ပြန်တော့ ရွှေခွက်နဲ့၊ ရွှေသလွန်နဲ့၊ ညောင်စောင်းနဲ့၊ မောင်းမ၊ မင်းမှူးမတ်၊ ခြွေရံပရိသတ်တွေနဲ့ သုံးနှစ်ချို့တဲ့ နံ့သာတို့နဲ့ လောင်းပြီးထားတဲ့ သလေးထမင်းဆန်နဲ့ ရွှေခွက်ကြီးတွေနဲ့ သုံးဆောင်နေတဲ့ သိဒ္ဓတ္ထမင်းသားသည် တောထွက်ပြီးတော့ တရားအားထုတ်တဲ့ အခါကျယင် ကြည့်လိုက်စမ်း။ နယ်မင်းကြီး လာရောက်ဆက်တဲ့ ကျောက်သပိတ်ကြီးနဲ့ အရပ်လေးမျက်နှာ လှည့်လည်တောင်းခံပြီးတော့ အိမ်တကာက လောင်းလိုက်တဲ့ ရောပြွမ်းနေတဲ့ ဆွမ်းတွေ ဟင်းတွေကို သုံးဆောင်နေတယ်။ အဲဒီလို ခြိုးခြိုးခြံခြံ နွမ်းနွမ်းပါးပါး ကျင့်နိုင်တဲ့ အကျင့်တွေကို အံ့ဩပြီးတော့ ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေက ဆယ်ပုံပုံယင် ကိုးပုံ ရှိတယ်တဲ့၊ ရာနှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်း၊ ဒီတော့ ကြည့်စမ်း။ ရုပ်ကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်က ၆၆ ရာနှုန်း၊ အသံကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်က ၈၀ ရာနှုန်း၊ အကျင့်ကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက ၁၀၀ မှာ ၉၀ ရာနှုန်း၊ ဘယ်လိုလဲ၊

"တို့တရားနာရပရိသတ် တရားဟောဘုန်းကြီးအသံကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်က ဘယ်လောက်များသလဲ"

"ရှစ်ဆယ်ပါဘုရား"

"ရှစ်ဆယ်တောင် ရှိတယ်။ သပိတ်အိုင်ဘုန်းကြီးက အသံလဲ မကောင်းဘူးနော်။အကျင့်ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေက ၉၀။ စည်ကားတယ်။ ဘာမှ အံ့ဩစရာ မရှိဘူး"

"ဃောသပမာဏိက ပုဂ္ဂိုလ်တွေက ဆိုလို့ရှိယင်လဲပဲ လူ ၁၀၀ မှာ ၆၆ ယောက်လောက်က ကြည်ညိုတယ်။ အသံကောင်းတယ်ဆိုလို့ရှိယင်လဲ လူ ၁၀၀ မှာ ၈၇ သောက်က ကျေနပ်တယ်။

"ကျင့်ကြံကြိုးကုတ် အားထုတ်ပုံတွေ မြင်ရပြန်တော့လဲ တရားရှိသည် ဖြစ်စေ၊မရှိသည်ဖြစ်စေ ဘယ်လိုလဲ၊ လူတရာမှာ ၉၀ လောက်က ကျေနပ်တယ်။ တရား ရရ၊ မရရ၊သီလ–သမာဓိ–ပညာ ဘယ်လိုပဲ နေနေ၊လူမြင်အောင်၊ အထင်ကြီးအောင် လုပ်ပြနိုင်လို့ ရှိယင် သစ်ပင်ရိပ်မှာ၊ ချုံထဲမှာ၊ တောထဲမှာ သင်္ကန်းစုတ်ကလေးနဲ့ အငတ်စုတ်ကလေးနဲ့ နေတာ မြင်ရယင် ကြည်ညိုတတ်တယ်။

"ဒါကြောင့် တို့ပရိသတ် သူတော်ကောင်းတို့ မိမိတို့တတွေ ခုနက ပြောထားခဲ့ပဲ "ရူပပမာဏိကပုဂ္ဂိုလ်"၊ "ဃောသပမာဏိကပုဂ္ဂိုလ်"၊ "လူခပမာဏိကပုဂ္ဂိုလ်" အဲဒီပုဂ္ဂိုလ် (၃) ပါးထဲမှာ ဘယ်အစားက မြတ်သလဲ။ရုပ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ရယ်၊ အသံကြည်ညိုတဲ့ ပုဂ္ဂိုလ်ရယ်၊အကျင့်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ရယ်။ ဒီသုံးမျိုးကို ယှဉ်ကြည့်လိုက် ဘယ်ပုဂ္ဂိုလ်က တော်သလဲ။

"အကျင့်ကြည်ညိုတဲ့ ပုဂ္ဂိုလ်က တော်သေးတယ်။ဒါပေမယ့်လို့ လဲပဲ "ဓမ္မပမာဏိက ပုဂ္ဂိုလ်" တရားကြည်ညိုတဲ့ ပုဂ္ဂိုလ်က လူ တသိန်းမှာ တယောက်ထဲလို့ အဋ္ဌကထာက ပြောတယ်။ ဟုတ်သည် မဟုတ်သည်တော့ စဉ်းစားကြည့်ပေါ့၊ တရားကို တကယ်ကြည်ညိုတဲ့ သီလရယ်၊ သမာဓိရယ်၊ ပညာရယ်လို့ခေါ်တဲ့ အဲဒီ သီလ–သမာဓိ–ပညာ ကြည်ညိုတတ်တဲ့ ပုဂ္ဂိုလ်က လူတသိန်းမှာ တယောက်ရယ်လို့ အဋ္ဌကထာက ဆိုတယ်။

"တို့ပရိသတ်အနေနဲ့ ဘယ်လို ပြောမလဲနော်။ အလွန်တရာ နည်းတယ်တဲ့။ ဒါကြောင့် တရားရတဲ့ ပုဂ္ဂိုလ်ဆိုတာကလဲ အလွန်တရာ နည်းတယ်။ တရားကြည်ညိုမှုက နည်းတဲ့အတွက်ကြောင့် တရားရတဲ့ သူကလဲ နည်းတယ်။ ရုပ်ပုံကြည်ညိုတာထက် အသံကြည်ညိုတာက များတဲ့အတွက်ကြောင့် ရုပ်နောက် အသံနောက် လိုက်ပြီးတော့ တရားရဲ့ အနှောင့်အယှက်တွေ ဖြစ်နေတယ်။

**ကြည်ညိုပုံမှာ မတူရှာ။** ။"အဲ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ရဲ့ တရားပွဲက ပြန်သွားကြတဲ့ ဘိက္ခုနီမတွေ၊ ရဟန်းမတွေက အသံကို ကြည်ညိုပြန်တဲ့ ဒကာမတွေက ဘာလဲ၊ အသံကို ချီးကျူးပြီးတော့ ပြန်တယ်။ ရုပ်ပုံကို ကြည်ညိုတဲ့ ဘိက္ခုနီမတွေက ရုပ်တော်ကို ချီးကျူးပြီး ပြန်သွားကြတယ်။ အကျင့်ကြည်ညိုတဲ့ ဘိက္ခုနီမတွေကလဲ အကျင့်ကို ချီးကျူးကြတယ်။ သီလကို ချီးကျူးကြတယ်။

''သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ချီးကျူးကြတဲ့ ဘိက္ခုနီမတွေကလဲ သီလ၊ သမာဓိ၊ ပညာကို ချီးကျူးကြပြီး ပြန်ကြတော့ ဘိက္ခုနီမကျောင်းပြန်ရောက်တယ်ဆိုယင်ပဲ ကျောင်းမှာကျန်နေခဲ့ပါတဲ့ ဇနပဒကလျာဏီခေါ်တဲ့ ဘိက္ခုနီမသည် အခြားအခြားသော ဘိက္ခုနီမ၊ ရဟန်းမတွေ ချီးကျူးနေတဲ့ အသံ၊ ပြောဆိုနေတဲ့ အသံတွေ နားမဆံ့အောင် ကြားရတယ်။

''ငါ့ရဲ့ မောင်ကြီးဘုရားရဲ့ အသံတော် ကောင်းပုံတွေကိုလဲ ငါ နားမဆံ့အောင် ကြားနေရတယ်''

''ငါ့ရဲ့ မောင်ကြီးဘုရားရဲ့ ရူပကာယ တင့်တယ်ပုံတွေကို ပြောလိုက်တာကလဲ ငါ့ နားမဆံ့အောင် ကြားရပြီ''

''ငါ့ရဲ့ မောင်တော်ကြီးဘုရားရဲ့ အသံတော် ကောင်းပုံတွေကိုလဲ ငါ့နားမဆံ့အောင် ကြားနေရပြီ''

''ငါ့ မောင်ကြီးဘုရားရဲ့ အကျင့် ကောင်းပုံတွေကို ကြည်ညို သတင်း ချီးကျူးတဲ့အသံကိုလဲ ငါ့နားမဆံ့အောင် ကြားနေပြီ''

''ငါ့မောင်တော်ကြီးဘုရားရဲ့ သီလ၊ သမာဓိ၊ ပညာဂုဏ်တွေကို ချီးကျူးလိုက်ကြပြန်တာကလဲ နားမဆံ့အောင် ကြားရနေပြီ''

''ဒီတော့ ဒီမျှလောက် အသံတော်ရော၊ အဆင်းကောင်းရော၊ အကျင့်ရော၊ သီလ သမာဓိ ပညာတရားတွေရော ကြည်ညိုစရာကောင်းပေတဲ့ ငါ့ မောင်တော်ကြီးဘုရားရဲ့ အသံကို ငါ တခါလောက်တော့ တရားနာရောက်ဖို့ ကောင်းတယ်။ အဲဒီတော့မှ စိတ်ထဲ ပေါ်လာတယ်။

''ဒီတော့ယင် တရားပွဲက ပြန်သွား၊ အသံကြိုက်တဲ့ ဒီ အမျိုးသား အမျိုးသမီးများက အသံချီးကျူးပြီးတော့ အသံကောင်းပုံလေးတွေ ပြောဆို ပြန်သွား၊ ဟိုဘက်က အသံကြိုက်တဲ့ လူတစုနဲ့ တွေ့ကြတယ်ဆိုပါတော့။ ''ညည်းတို့ သွားနာကြည့်စမ်း၊ အမလေး ကောင်းလိုက်တဲ့ အသံလေး တကယ်ကိုပဲ။ အလှည့်အပဲ့လေးက ဘယ်လို'' ဆိုလို့ရှိယင် ဟုတ်လား၊ ဟိုက အသံကြိုက်တဲ့ လူတစုက လာမယ်ပေါ့။

''ဒီဘုန်းကြီး ဘယ်လောက်တောင် ကြည်ညိုစရာ ကောင်းတယ်။ ဘယ်လောက်တောင် ရုပ်ပုံက တင့်တယ်တယ်၊ သပ္ပာယ်တယ်လို့ ပြောယင် ရုပ်ပုံကြည်ညိုတတ်တဲ့ အမျိုးသား အမျိုးသမီးတွေက လာမယ်၊ မလာဘူးလား''

"လာပါတယ် ဘုရား"

ဇနပဒကလျာဏီ တရားရှာပြီ။ ။"အဲဒီ အကြံ၊ ကျင့်ကြံအားထုတ်ပုံတွေ ဘယ်လောက် ကောင်းတယ်ဆိုတဲ့ ကျင့်ကြံပုံတွေ ချီးကျူးပြီး ပြန်သွားကြတယ်။ ကျင့်ကြံပုံကို ကြိုက်တတ်ကြတဲ့ ပုဂ္ဂိုလ်တွေကလဲ တရားပွဲကို လာကြတယ်။ တရား ဘယ်လောက် ကောင်းတယ်၊ တရားသဘောကို ချီးကျူးပြီးတော့ ပြန်သွားကြယင်လဲပဲ တရားကို တကယ် ကြည်ညိုတဲ့ ပုဂ္ဂိုလ်လာကြယင်လဲ လာမယ်။ ဒီတော့ ဘယ်လိုပဲ ဖြစ်ဖြစ်၊ အသံပဲ ကြည်ညိုကြည်ညို၊ ရုပ်ကိုပဲ ကြည်ညိုကြည်ညို၊ အကျင့်ကိုပဲ ကြည်ညိုကြည်ညို၊ ကြည်ညိုချင်တာကြည်ညို၊ ပြောချင်တာပြော၊ ပရိသတ်က လာမယ်နော်။

"ယခု ကြည့်လေတဲ့၊ ဇနပဒကလျာဏီ တရားနာ သွားမယ်။ သွားရော။ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က သိတယ်။ ငါ့ရဲ့ နှမတော် ဒီကနေ့ တရားနာ လာမည်တဲ့။ ဘုရားရဲ့နှမ။ ဖအေတူ မအေကွဲ ငါ့နှမ တရားနာ လာယင် ငါဘုရား ဘယ်တရားဟောရပါမလဲ။ ကျောင်းတော်ကနေပြီးတော့ မြတ်စွာဘုရားက စဉ်းစားပြီးတော့၊ ပလ္လင်ထက်ကနေ စောင့်နေတယ်။

"ဇနပဒကလျာဏီ ကျောင်းတော် တရားနာ သွားတယ်ဆိုယင်ပဲ ကျန်တဲ့ ဘိက္ခုနီမတွေကလဲပဲ ဒီကနေ့တော့ မြတ်စွာဘုရားရဲ့နှမ ဇနပဒကလျာဏီဘယောတ် တရားနာသွားမယ်။ သူ့နှမတော်ကို သူ့ရဲ့မောင်ကြီး ဘုရားက အလွန်တရာ ထူးခြားဆန်းကြယ်တဲ့ တရားဒေသနာတွေ တော့ ဟောမှာပဲ။ ကိုင်း၊ တို့တတွေလဲ တရားနာလိုက်ကြစို့လို့ ဆိုပြီးတော့ အဲဒီနေ့ တရားပွဲ ပိုစည်တယ်ဆိုပဲ။ ဇနပဒကလျာဏီကို ဟောမယ့် နေ့မို့လို့ တရားပွဲ ပိုပြီးတော့ စည်ကားတယ်။

"ကိုင်း၊ ကျောင်းတော်ရောက်ကြပြီ၊ သာဝတ္ထိမြို့ ဇေတဝန် ကျောင်းမှာ မြတ်စွာဘုရားသခင် သီတင်းသုံးနေတဲ့အခိုက် ဖြစ်ပါသည်။ အဲဒါက မြတ်စွာဘုရား ဝါတော်အားဖြင့် ခြောက်ဝါမျှသာ ရှိသေးတယ်။ ဇနပဒကလျာဏီကို မြတ်စွာဘုရားရဲ့ ဝါတော်ခြောက်ဝါ သာဝတ္ထိမြို့ ဇေတဝန်ကျောင်း ကိန်းအောင်းတော်မူတဲ့အခိုက်၊ ဟုတ်ပီလား"

"မှန်ပါဘုရား"

"အဲဒါမှတ်ထား၊ ဒီတော့ ဘုန်းတော်ခြောက်ပါးသခင်က နှမတော် လာတယ်ဆိုယင်ပဲ ခုနကပြောပြထားတဲ့အတိုင်း ဘုရားရဲ့ရှေ့တော်မှောက်မှာ ယပ်ကလေး ခတ်ပြီးတော့ နေတဲ့ "နိမ္မိတ" အမျိုးသမီးရဲ့ရုပ်ကို ဖန်ဆင်း၍ ထားတယ်။ နတ်သမီးတမျှလှပတယ်။ ရွှေရုပ်တမျှလှပတဲ့ မိန်းကလေးတယောက် ဖန်ဆင်းပြီးတော့ ဘုရားကို ယပ်ခတ်နေတဲ့အခါ ဇနပဒကလျာဏီက အဝေးကနေပြီးတော့ မြင်တယ်။

"ဩော်—ဘုရားရဲ့အရှေ့၊ ငါ့မောင်ကြီးဘုရားရှေ့မှာ ယပ်ခတ်နေတဲ့ မိန်းကလေးနှယ် လှလိုက်တာ။ ငါ့ရူပကာယနဲ့စာကြည့်ယင် ဘာမှ မဆိုင်ဘူး။ ကဲ၊ ငါ့သက်တောင် အဆ ရာဆောင်မကအောင် လှတဲ့ မိန်းကလေးပါလားလို့ အဲဒီဘုရားရှေ့ ယပ်ခတ်နေတဲ့ 'နိမ္မိတ' ရုပ်ပုံကလေးရဲ့လှပပုံကို ရာဂတွေ ဖြစ်တယ်တဲ့။ ဇနပဒကလျာဏီနော်။

"ဒါပေမယ့် သူသည် မြတ်စွာဘုရားရှေ့ ရဲရဲကြီး ဝင် တရားနာ သလားဆိုတော့ မဟုတ်သေးဘူးဗျ၊ ဘုရားက ပြောမှာနော်။ ဒီလောက်လှတဲ့ အမျိုးသမီးကို ရက်ရက်စက်စက် ရူပကာယရဲ့ အပြစ်တွေ အသက်ရှင်နေတုန်း အသုဘဖြစ်သာအောင် ပြောမှာဟောမှာ။ အသက်ရှင်ထင်ရှားရှိနေတဲ့ အဝိညာဏက အသုဘကြီးဘုရား၊ ကျကျနနဟောတော့မှာ မို့လို့ သူက အများရဲ့နောက်ကွယ်ကနေပြီးတော့၊ ပရိသတ်ရဲ့ နောက်ကွယ်ကလေးက နေပြီးတော့၊ မှောင်ကလေးကွယ်ပြီးတော့၊ ဘိက္ခုနီမတွေ နောက်ကွယ်လေး ကွယ်ပြီးတော့ တရားနာတယ်၊ ရှေ့ကို မဝင်ရဲဘူး။ လူကြားထဲ ပိတ်ပြီးတော့ ပြောလိုက်ယင် ငါ့ဒုက္ခ၊ ငါ့ရှက်ရချည်ရဲ့ဆိုပြီးတော့ နောက်ကနေ ကွယ်ပြီးတော့ တရားနာတယ်တဲ့။ မြတ်စွာဘုရားရဲ့ နှမတော်နော်"

"မှန်ပါဘုရား"

"အဲဒါနဲ့ ဘုရားရှင်က—

"ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က တရားစ,တယ်။ ဥပမာ စကား တရာဖြင့် ဘယ်လို စ,လိုက်သလဲဆိုလို့ရှိယင်—

# ဝိဇယသုတ္တန် ဒုတိယပိုင်း ၂

# ဝိနယသုတ္တန်စာရားတော် ဒုတိယပိုင်း ၂

''နန္ဒေ၊ နန်းတွင်းသူချစ်နှမ—ဇနပဒကလျာဏီ။ ကဋ္ဌာနိ၊ သစ်တိုကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ ဝလ္လိဗဒ္ဓံ၊ ကြိမ်နွယ်ဖြင့်ဖွဲ့အပ်သော၊ မတ္တိကာလေပနံ၊ မြေစိုင်ဖြင့်လိမ်းကျံအပ်သော။ နဂရံ၊ ကောက်ပဲသီးနှံထည့်စရာဖြစ်သော ပကတိသော ကျီကြဲအိမ်ကြီးကို ပြုလုပ်ကြပုံသကဲ့သို့။

**အိမ်ကြီးပမာကိုယ်ခန္ဓာ။** ။ ''စပါးတွေ လှောင်မယ့်စပါးတွေ ထည့်မယ့် ကျီကြီးတလုံး တည်ဆောက်တယ် ဆိုကြပါစို့။ ပဌမဦးစွာ ဘာလုပ်ရမလဲ၊ တိုင်ထူရမယ်၊ တိုင်ထူပြီးတဲ့ အခါကျတော့ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြှားတွေတင်ယ်၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြှား၊ အခြင်တွေ တွယ်ပြီးတဲ့ အခါကာလ၊ အဲဒီ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြှားတွေနဲ့ တိုင်တွေ ထူထားတာတွေ ၂ ခုတွဲသွားအောင် ဘာနဲ့စပ်ပေးမလဲ။ သံချောင်းတွေ၊ သံကြိုးတွေ၊ ဝက်အူတွေ၊ ကြိမ်တွေ၊ နွယ်ခွေ ဒီလိုပေါ့နော်။

''အေး၊ အဲဒီလို ဆက်ဆက်ပီး ချည်နှောင်တုပ်ဆိုင်းထားတဲ နံရိုးကျဲကျဲကြီးဖြစ်နေတဲ့ ထုပ်၊ လျှောက်၊ဒိုင်း၊ မြှား၊တိုင်တို့ဖြင့် တည်ဆောက်ထားတဲ့ အိမ်ကျဲကျဲကြီးကို အမိုးတွေ မိုးလိုက်ပါ။ ဘေးကာနေပြီးတော့ ထရံကာလိုက်ပါ။ ထရံမှာ အပေါက်ကလေးတွေ၊ မျက်ကွက်အကြားကလေးတွေ ရှိနေသောကြောင့် အဲဒါကို နောက် ချေးတွေ၊ မြေစေးတွေနဲ့

ကျ လိုက်အုံး။ အဲဒီ နောက်ချေး၊ မြေစေးတွေနဲ့ ကျ တာကလဲ အကြမ်းဘက်က ကျ ရတယ်။ အချောဘက်က မကျ ရဘူး။ အဲဒီလို ကျ တဲ့ အောက်ကနေ ကြမ်းတွေခင်း၊ လုံသွားပြီနော်”

“မှန်ပါဘုရား”

“အဲဒီလို လုံသွားပြီးတဲ့ အခါကျတော့ အထဲ ဘာတွေ ထည့်မလဲ။ စပါးထည့်မယ်တဲ့။ ဒါကြောင့် ကျီကြီးကို ပြုလုပ်ကြကုန်သတဲ့။

“တထာ။ ထို့အတူ။ အဌ ိနံ၊ သုံးရာသော အရိုးတို့ကို။

“တို့တရားနာပရိသတ်အပေါင်းသူတော်ကောင်းတို့ရဲ့ ခန္ဓာကိုယ်ထဲကို ဉာဏ်သွင်းပြီးတော့ထား။ ခန္ဓာတွင် ဉာဏ်သွင်းပြီးတော့ ထား။

“အတ္တနော ကရဇကာယေ ဉာဏ ဩတာရေတွာတဲ့၊

“အဌကထာက ပြောတယ်။

“အတ္တနော၊ မိမိရဲ့။ ကရဇကာယေ၊ ခန္ဓာကိုယ်အတွင်း၌။ ဉာဏ၊ ဉာဏ်ကို။ ဩတာရေတွာ၊ သွင်းထား၍။

“ခန္ဓာထဲ ဉာဏ်သွင်းပြီးတော့ ကြည့်လိုက်စမ်း။

“အဌ ိနံ၊ သုံးရာသောအရိုးတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ နှာရုဝိနဒ္ဓ ၊ ကိုးရာသောအကြောတို့ဖြင့် ရစ်ပတ်၊ ဆက်စပ်လေသော။ မံသလောဟိတလေပနံ။ သုံးရာသောအသားတစ်၊ တပြည်မျှလောက်သော သွေးတို့ဖြင့် ဖွဲ့ယှက်လိမ်းကျ ပေထသော။

“ခန္ဓာကိုယ်ကြီးရဲ့ အကြမ်းဖျင်း ဘယ်ကဲ့သို့ ပြသလဲဆိုလို့ရှိယင် ကြည့်ပါ။ ယခုအခါ ကျီကြီးတလုံး တည်ဆောက်တဲ့ အခါကျတော့ ပထမဦးစွာ တိုင်ထူတဲ့ သဘောဖြင့် ဘာလုပ်ရမလဲ။ အရိုးသုံးရာကို စိုက်ထောင်လိုက်ပါ။ အရိုးဘယ်လောက်ရှိ”

“သုံးရာပါ ဘုရား”

“အလွန်တရာ ချောမောလှပတဲ့ ဇနပဒကလျာဏီ ခန္ဓာကိုယ်မှာ အရိုးပေါင်း ဘယ်လောက်ရှိ”

“သုံးရာပါ ဘုရား”

“အလွန်တရာ ချောမောလှပတဲ့ သိရိမာ အရိုးပေါင်း ဘယ်လောက်ရှိသလဲ”

“သုံးရာပါ ဘုရား”

“ဒီပရိသတ်မှာကော အရိုးပေါင်း ဘယ်လောက်ရှိ”

''သုံးရာပါ ဘုရား''

''တူတူချည့်ပဲ မှတ်လား''

''အတူတူပါပဲ ဘုရား''

''အတူတူပဲ၊ ဒါကြောင့် သုံးရာသော အရိုးတို့ကို။ သဒ္ဒါဒဏ္ဍဝါ၊ စိုက်သွင်း၍ အရိုးသုံးရာ ဘယ်လိုသွင်းသလဲဆိုတော့၊ ဒီသို့ကြည့်....

''အဆင်းဖြူစွာ၊ နား၊ နှလုံး၊ အူ၊ နဖူးတပါး၊ မျက်နား၊ မေးရိုး၊ ညှပ်ရိုး၊ ပခုံး၊ လက်ရိုး၊ ပေါင်၊ ခါး၊ ဒူးအားခြေနောက်၊ ရောက်သည့် နှစ်ချက်၊ ဖမျက်မြင်းခေါင်း၊ မောင်းဖျား လေးမည်၊ လည် ခုနစ်ရိုး၊ ခေါင်းခွံကိုးတည်း၊ ရင်ရိုးစုဒ္ဒသ်၊ ဌာရယ်ကျောက်မှန်၊ နံနှစ်ဆယ့်လေး၊ ခြောက်ဆယ့်လေးထွေ၊ လက်ခြေရိုးနှံ၊ သုံးရာသော အရိုးအစုသည်၊ အတ္ထ၀ိ၊ ရှိပါပေ၏။

''သုံးရာသော အရိုးအစုတို့သည်—

''ဣမသ္မိံကာယေ။ တွင်းပါးဝန်းကျင်၊ မစင်ပြည့်မွမ်း၊ ရွံဖွယ် လွှမ်းတဲ့ ဤကာယ၌၊ အတ္ထ၀ိသံ၀ိဇ္ဇန္တိ၊ ထင်ရှားပုံသေ ရှိနေချေ၏တကား။

''သတိပဋ္ဌာန် ပါဠိတော်လာတဲ့၊ ဒွတ္တိံသကာယ၊ သုံးဆယ့်နှစ် ကောဋ္ဌာသကို ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားက အဓိပ္ပာယ် ပြည့်ပြည့်စုံစုံ ပါသွားအောင် ဒီလို ရေးတယ်။

''အဆင်းဖြူစွာ၊ နားနှလုံးအူတဲ့၊ အရိုးရဲ့ အရောင်ကို အာရုံမှန်းဆ ပြီးတော့ ကြည့်။ ဖြူဖြူ ရှိတယ်။ ဖြူသောအဆင်း ရှိတယ်။

''နား၊ နှလုံး၊ အူ၊ နဖူးတပေါက်။ နား ဆိုတော့ အရိုးက တခုံ၊ နှလုံးအိမ်ရယ်၊ နှလုံးရိုးက တခု၊ နဖူးရိုးက တခု၊ မျက်လုံး မျက်စိကို အာရုံပြုကြည့်၊ တဘက်တဘက်မှ အကွင်းကြီး တကွင်းစီ ရှိတယ်။ နားရိုးတဲ့။ နားတွင်းရိုးက တဘက် တဘက်မှာ တကွင်းစီ။ မေးရိုးကလဲ ၂—ခု၊ ကပ်ပြီးတော့ နေတယ်။ မေးရိုးက နှစ်ခု၊ မျက်နား မေးရိုး။ ·

''ညှပ်ရိုး၊ ပခုံးညှပ်ရိုး ဆိုတာကတော့ မေးရဲ့ အောက်ပိုင်းမှာ တဘက်တချောင်းစီ၊ ရင်ဘတ်ထဲမှာ ညှပ်ရိုး၊ ပခုံး၊ ပခုံးရိုးကလဲ တဘက် လျှင် တချောင်းစီ၊ လက်ရိုးတဲ့၊ လက်မောင်းရိုး၊ တဘက် တခုံစီ။

''ခန္ဓာကိုယ်ရဲ့ အောက်ပိုင်း ကြည့်စမ်း။ ပါးခြေ၊ ဖမျက်ရိုး လေးခုံ၊ မြင်းခေါင်းရိုးကလဲ တဘက် ၂—ခုစီ၊ လေးခု။ မောင်းဖျားလေးမည်၊ လက်မောင်းအဖျား၊ လက်ဖျံရိုးကလဲ တဘက် ၂—ခုစီ။ အဲဒါ လေးခုစီ၊ လေးခုစီနေတဲ့ အရိုးတွေ။

"လည် ခုနစ်ရိုး– လည်ပင်းကို ကြည့်လိုက်မယ်ဆိုယင် လည်ပင်းမှာ အရေပြား၊ အရေပြား ပါးပြီးတော့ အသားနည်းတဲ့ ပုဂ္ဂိုလ်များ လယ်ပင်းစမ်းကြည့်မယ်ဆိုယင် အရိုးဆက်ကလေးတွေ ခုနစ်ခု တွေ့မယ်တဲ့။

"လည်ပင်း စမ်းပြီးတော့ ကြည့်၊ ဘယ်နှစ်ရိုးလဲ"

"ခုနစ်ရိုးပါ ဘုရား"

"ခေါင်းခွံကိုးတည့်– ခေါင်းခွံကလဲ ကိုးခုစပ်ထားတယ်တဲ့၊ ခေါင်းခွံများ ကြည့်၊ အရာလေးတွေ၊ အကွင်းကလေးတွေ ကိုးခု ရှိတယ်။

"ရင်ရိုး စုဒ္ဒသ်– "ရင်ရိုးများကို စမ်းကြည့်၊ရင်ပတ်ရိုးက ၁၄– ချောင်း၊ တဘက် ၇ ချောင်းစီ။

"ဌာရသ်ကျောက်မှန်"တဲ့၊ ကျောကုန်းရိုးက ၁၈–ခု။

"နံနှစ်ဆယ့်လေး– နံရိုးက တဘက်တချက် ၁၂–ချောင်းစီ၊ နှစ်ဘက်ဆိုတော့ ၂၄–ချောင်း။ နံနှစ်ဆယ့်လေး၊ ခြောက်ဆယ့်လေးတွေ၊ လက်ခြေရိုးနှ။

"လက်ပြင်ရိုးစု၊ လက်အရိုးစု၊ လက်ကောက်ဝတ်ကနေ ရှေ့ပိုင်း၊ ခြေကျင်းဝတ်ကနေ ရှေ့ပိုင်း၊ အောက်အဖျားပိုင်းပေါ့။ အဲဒါ တဘက်တချက်မှာ အရိုးနုနဲ့ သေးသေးကလေးတွေ၊ တဘက်တဘက်လျှင် ၃၂ ခုစီ ရှိတယ်၊ လက် ၂–ဘက်ပေါင်းတော့ ဘယ်လောက်ရှိ။

"၆၄-ပါ ဘုရား"

"ခြေကျင်းဝတ်အောက်ပိုင်းကနေ တဘက်တဘက် ၃၄။ ၂ ဘက်ပေါင်းတော့ ၆၄၊ လက်ကောက်ဝတ်အဖျားပိုင်း ၃၂၊ ၂–ရပ်ပေါင်း ၆၄–ခု ရှိတယ်။

"အဲဒါတွေ သိမ်းကျုံးစုလိုက်လို့ရှိယင် အရိုးပေါင်း သုံးရာရှိသည်၊ မရှိဘူးလား"

"ရှိပါတယ်ဘုရား"

"အမာခံအရာဝတ္ထု တိုင်ထူပြီးတော့ အခြင်၊ရနယ်၊ တုပ်၊ လျှောက်၊ ဒိုင်း၊ မြှားတွေနဲ့၊ အဲဒါတွေကို သူ့နေရာ သူ အချိုးကျဖြစ်အောင် ဆက်ပြီးတော့ ထားလိုက်တဲ့၊ ယခု ပြောပြတဲ့ သုံးရာသော အရိုးတို့ကို စိုက်ထူ၍ ခန္ဓာထဲကို ဉာဏ်ရောက်စေ၊ အရိုးတိုင်အောင် ဉာဏ်ဖောက်ပြီးတော့ ကြည့်။ အဲဒီလို ဖောက်ထွင်းပြီး ကြည့်လိုက်တဲ့အခါကျတော့ အရိုးစုကြီး၊ အရိုးပေါင်း သုံးရာ မတ်မတ်ကြီး ကျဲကျဲကြီး ထောင်ပြီးသား နေသည်။

''ထိုင်နေစဉ်တွင် ကိုယ်တွင်း ဉာဏ်သွင်းပြီး ကြည့်လျှင် အဲဒီသုံးရာသော အရိုးတို့ကို တခုစီ တခုစီ ဆက်စပ်ပြီးတော့ တည်ဆောက်ပြီးတော့ နေကြတဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်လေ။ အပေါ်က ဘာနဲ့ တွဲထားသလဲ၊ ကြည့်လိုက်စမ်း။ နှာရုဝိနဒ္ဓ ၊ ကိုးရာသော အကြောတို့နှင့် တွဲဆွဲရစ်ပတ်၊ စပ်ယှက်အပ်သော အကြောပေါင်း ဘယ်လောက်လဲ''

''ကိုးရာပါဘုရား''

''နှာရုဝိနဒ္ဓ ၊ ကိုးရာသောအကြောတို့ဖြင့် တွဲဆွဲရစ်ပတ်၊ စပ်ယှဉ်အပ်သော။ ကြမသို ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မွမ်း၊ ရွံဖွယ်လွမ်းတဲ့၊ ဤကာယတွင်—

**အကြောကိုးရာ ချုပ်စပ်ရှာ။** ''နှာရု- ''အဆင်းဖြူစွာ၊ လည်ဂီဝါမှ၊ ဂုံယာရှေ့နောက်၊ ရှေ့နောက်ခြေလက်၊ ငါးစီသက်၍''၊ အကြော ကိုးရာကို အကြမ်းအားဖြင့် နည်းနည်းမှန်းပြီးတော့ ကြည့်ရအောင်၊ ''လည်ဂီဝါမှ'' လည်ပင်းက ဖြာဆင်းသွားတဲ့ အကြောတွေကို ရေရအောင်၊ လည်ပင်းကနေ အကြော ၅—ချောင်း ဖြာဆင်းသွားတယ်၊ ''လည်ဂီဝါမှ၊ ဝံယာရှေ့နောက်'' ရှေ့ကို ၂—ချောင်း၊ ကြောဘက်ကို ၂—ချောင်း၊ ဝဲဘက်လက်၊ ယာဘက်လက် တဘက်တချောင်း။ အားလုံး ဘယ်လောက်လဲ။

''၅—ချောင်း ရှိတယ်။ လည်ပင်းက ဆင်းသွားတာ ၅—ချောင်း ရှိတယ်၊ ဗယ်ဘက်ကို တချောင်း ဆင်းတယ်။ ညာဘက်လက်ကို တချောင်း ဆင်းတယ်၊ ဗယ်ဘက်လက်ကို တချောင်း ဆင်းတယ်။ ညာဘက်လက်ကို တချောင်း ဆင်းတယ်။ ရှေ့ဘက် သားမြတ် ၂—ခုစီကို တဘက် တချောင်းစီ ဆင်းသွားတယ်။ ကြောဘက်ကို တချောင်း သွားတယ်။

''လည်ပင်းက ဖြာဆင်းသွားတဲ့ ကြောမကြီး ၅—ချောင်း၊ ကြောဘက် ဆင်းသွားပြီးတော့လဲ ကြောတခုလုံး သူသည် ပြန့်ပြီးတော့ အကုန်လုံး ဖြန့်သွားလိုက်တော့ ကြောမှာရှိတဲ့ နံရိုးတွေ အကုန်လုံး ဆိုင်းသလို ဖြစ်သွားတယ်။

''ကြောရှိတဲ့ အရိုးတွေ ကျောကုန်းရိုး ဘယ်လောက်။ ၁၈—ခုသော အရိုးပေါင်းများကို ကျောကုန်းရိုးဆင်းတဲ့ ကြောမကြီးက လေးဘက်လေးတန် ဆိုင်းပြီးထားလိုက်တယ်၊ ဆိုင်းမိတုပ်မိလျက်သား ဖြစ်သွားတယ်။

"ရှေ့ဘက် ဆင်းသွားတဲ့ အကြောကြီး ၂–ချောင်းတွေကတော့ ရင်ဘတ်ရိုး ၁၄–ချောင်း၊ နံရိုးက ၂၄–ချောင်း၊ အဲဒီ ၁၄–ချောင်း ရော၊ ၂၄–ချောင်းသော အရိုးတွေကို အကုန်လုံး ရှေ့ဆင်းသွားတဲ့ အကြောကြီးတွေက ဆိုင်း၊ ဗယ်ဘက်ကို ဆင်းသွားတဲ့ အကြောကလဲ ဗယ်ဘက် လက်မောင်းတခု ဖြန့်ပြီးတော့ပတ်ပြီးတော့ ဆင်းသွားလိုက်တာ၊ လက်မောင်းတခုလုံးရှိ အရိုးတွေကိုတုပ်ပြီးတော့သွားတယ်။အဖျားကျတော့ ငါးမြွာခွဲပြီးတော့ လက်ချောင်း ငါးချောင်းမှာ အကြောမြွာလေး ငါးမြွာပြန့်သွားတယ်။

"ရှေ့ဘက် ဆင်းလာတဲ့ အကြောတွေတဲ့၊ ရှေ့ခြေထောက်ကနေ နောက်ဘက် ဆင်းသွားတဲ့ ကြောမကြီး တခုကလဲ နောက်ကျောတပြင်လုံး ဖြန့်ပြီးတော့ သကာလ ခြေထောက်ကို ဖြန့်ပြီးသွား၊ ခြေဖျားကျတော့ သွားပြီး ဆက်မိတယ်။

"ဒါကြောင့် "အဆင်းဖြူစွာ၊ လည်ဂိဝါမှ၊ ဝဲယာရှေ့နောက်၊ ရှေ့နောက်ခြေလက်၊ ငါးစီသက်၍၊ တွယ်ခက်ရစ်ရုံ၊ ခတ္တာငုံလို" ဥပမာပုံ ခတ္တာငုံနဲ့ တူတယ်တဲ့၊ ဒီမှာ လာပြီးတော့ စုပြီးတော့ လာနေကြတယ်။

"တွယ်ခက်ရစ်ရုံ၊ ခတ္တာငုံလို၊ ကိုယ်ကိုဆောင်တွယ်၊ ခြောက်ဆယ် ကြောမ၊ စသည့်များစွာ၊ကွန်ယက်ဖြာသို့၊ ကိုးရာသော အကြောအစုတို့ သည်၊ ဠမသိ ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှမ်း၊ ရွံဖွယ်လှမ်းထ၊ ဤကာယ၌။ အတ္တ သံဝိဇ္ဇန္တိ၊ ထင်ရှားပုံသော၊ ရှိတုံချေ၏တကား" လို့ အဲဒီလို အာရုံပြုပြီးတော့ အရိုးနဲ့အကြော တခုနှင့်တခု မှီတွယ်တုပ်ဆိုင်းနေ ပြီးတော့ အာရုံရယူထားကြလေ။

"အဲဒီလို အရိုးပေါင်း သုံးရာတို့ကို အကြောပေါင်း ကိုးရာတို့နှင့် ချည်နှောင်တုပ်ဆိုင်းပြီး ထားလိုက်တော့ ဒီအရိုးကြီးတွေက ဂျောက် ဂျောက်နဲ့ မြည်သေးသလား"

"မမြည်ပါ ဘုရား"

"မမြည်တော့ပြီ၊ ပြိုလဲမပြိုတော့ပြီ၊ ခိုင်သွားကြပြီ"

"မှန်ပါဘုရား"

"နောက်ပြီးတော့ ဘာလုပ်ဖို့ လိုသေးတုံး"

"အကာ၊ အမိုး မိုးရပါမယ် ဘုရား"

"ဘာတွေ ကာရမယ်၊ အမိုးတွေမိုးရမယ် ဆိုတာလိုပဲ–

"မံသ လောဟိတလေပနံ၊ သုံးရသော အသားတစ်၊ တပြည်မျှ လောက်သော သွေးတို့နဲ့ မွမ်းထေးလိမ်းကျံ၊ မံအပ်ပေထသော။

"ကိုင်း အရိုးနဲ့အကြော တုပ်ဆိုင်းပြီးတော့ နံရိုကျဲကျဲ ဖြစ်နေတဲ့ အိမ်အိုကြီးနှင့်တူတဲ့ အရိုးစုကြီးကို အသားတစ်တွေနဲ့ ပိတ်ပါ။ ဘာတွေနဲ့ ပိတ်ရမလဲ၊ အသားတစ်တွေနဲ့ ဟိုနေရာ၊ ဒီနေရာ ပိတ်လိုက်တဲ့အခါကျတော့ အကြောတွေရဲ့ အကြား၊အရိုးတွေရဲ့ အကြားတွေ၊အပေါက်တွေကို အသားတွေနဲ့ဆို့လိုက်တော့ ယခုနက စပါးကျီကြီးရဲ့ နံရံတွေကို နွားချေးတို့၊ တင်လဲတွေနှင့် သုတ်လိမ်းပြီးသကဲ့သို့ ခန္ဓာကိုယ်ကြီးကိုလဲ အသားတစ်တွေနဲ့ သုတ်လိုက်၊ လိမ်းလိုက်၊ ပိတ်လိုက်သဖြင့် လုံသွားပြီ။

"အကြား အကြားတွေ ကျန်သေးသလား၊ မကျန်တော့ပြီ၊ ဒါကြောင့်မို့လို့ "မံသလောဟိတ လေပနံ" သုံးရသော အသားတစ်တို့နဲ့ ဒီအတိုင်း ကပ်ယင် ခြောက်သွေ့၍နေသောကြောင့် နံရံကို ရွှံ့တွေ၊ မြေမြက်ဆွဲးတွေနဲ့ ကျံတဲ့အခါကျတော့ အရည်ဖျော်၍ပေးသလိုပဲ၊ ရေဖျန်းပြီးတော့ပေးသလိုပဲ။ အဲဒီ အသားတစ်တွေ အကြားအကြားမှာ စိုပြီးတော့ သွားအောင် ဘာလုပ်ရမလဲ၊ သွေးတွေနဲ့ ဖျန်းပါ။

"သွေးတွေကလဲ တကိုယ်လုံး ဘယ်လောက်တောင် ရှိလဲဆိုယင် ပြည်နဲ့ချင်ယူယင် တပြည်လောက်ရှိတယ်။ အဲဒီလို သွေးတွေ အသားတွေနဲ့။ အဲဒါ သူ့နေရာနဲ့သူ ပိတ်ဆို့ပြီး မွမ်းမံခြယ်လှယ်ပြီးတဲ့အခါကျတော့–

"အပေါ်ကနေ ဘာလုပ်သလဲ"

"အမိုး မိုးရပါတယ် ဘုရား"

"အမိုး မိုးတယ်ဆိုတော့ ဒီခန္ဓာကိုယ်ကြီးကို အရေပြားထူထူကြီး အုပ်လိုက်။ အုပ်ပြီးပြီလား"

"အုပ်ပြီးပါပြီ ဘုရား"

"အရေပြားထူထူနဲ့ အုပ်လိုက်တယ်ဆိုယင် အရိုးရယ်၊ အကြော အသားရယ်၊ သွေးရယ် မြင်ရလား"

"မမြင်ရပါဘုရား"

"ဒါပေမယ့် အရေပြား ထူထူကြီး ပတ်ထားတဲ့အခါကျတော့ ညှီစော်နံသေးတယ်တဲ့၊ အရောင်က မလှသေးဘူး။

"အရေ ပါးပါးလေး ကပ်လိုက်ပါအုံး၊ ကပ်ပြီးပြီလား"

"ကပ်ပြီးပါပြီ ဘုရား"

"အရေပါးပါး ကပ်ပြီးတဲ့အခါကျတော့ ညှိစို့စို့အနံ့ ပျောက်တယ်။ ဒီအရေပါးကလေးကို ဖောက်၍ မကြည့်နိုင်သမျှ ကာလပတ်လုံး၊ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဒီအရေပါးကို ဖောက်၍ မမြင်သရွေ့ အသုဘ မြင်နိုင်သလား"

"မမြင်နိုင်ပါ ဘုရား"

"အတွင်း အဇ္ဈတ္တ ရှိနေတဲ့ အသုဘ မြင်နိုင်အောင် ကြည့်လိုတဲ့ ယောဂီတို့သည် ဘယ်လိုလုပ်ရမလဲ"

"အရေပါးလေးကို ဖောက်ကြည့်ရပါမယ် ဘုရား"

**အရေလှန်ကာ၃ ကြည့်လိုက်ပါ။** ။"အရေပါးကို ဖောက်ကြည့်၊ အရေပါးကို ဉာဏ်နဲ့ ဖောက်ပြီးတော့ ကြည့်လေ၊ ကြက်အရေဆုတ်သလို ဆုတ်ကြည့်၊ မြွေအရေခွံ ခွာသလို ခွာပြီးတော့ ကြည့်။

"ဒါကြောင့်မို့လို့ သမ္မောအဋ္ဌကထာက ပြောတယ်၊ ခန္ဓာကိုယ်ကြီးရဲ့ အရေလှန်ကြည့်ပါ။ ဘယ်လို လှန်ရမလဲဆိုယင် ဇနပဒကလျာဏီတို့ကဲ့သို့ ချောမောလှပတဲ့ မိန်းကလေးကို ကြည့်ကြစို့၊ သီရိမာတို့လို ချောမောလှပတဲ့ မိန်းကလေးတယောက် ဆိုကြစို့။

"နှုတ်ခမ်း ၂–ခုကို ပထမဦးစွာ ကြည့်လိုက်၊ နှုတ်ခမ်း ၂–ခု၊ အထက်နှုတ်ခမ်းကိုတဲ့ ဉာဏ်တည်း ဟူသော ဓားကလေးနဲ့ အသာလှီးပြီးတော့ သီရိမာရဲ့ မျက်နှာတပြင်လုံး အပေါ်ဆွဲပြီးတော့ လှန်ကြည့်တဲ့။ ဇနပဒကလျာဏီရဲ့ မျက်နှာလေးက လှတယ်ဆိုယင် အဲဒီ မျက်နှာလေးကို အထက်နှုတ်ခမ်းကနေပြီးတော့ ဉာဏ်နဲ့ယှဉ်ပြီး ကြည့်ပါ။ အရေခွာလိုက်ယင် ဘယ့်နှယ်ဖြစ်သွားမလဲ"

"မလှတော့ပါ ဘုရား"

"အလွန်တရာ ရွှံရှာဖွယ်ကောင်းတဲ့ သွေးသံတွေ တရဲရဲနဲ့ ကြက်ကို အရေခွံဆုတ်ထားသလို မနေဘူးလား"

"နေပါတယ် ဘုရား"

"အေး၊ အဲဒီလို အရေခွာပြီးတော့ ကြည့်၊ မျက်နှာတပြင်လုံး အရေခွာပြီးတဲ့အခါကျတော့ မျက်နှာကနေ၊ ခေါင်းကနေ နောက်ကျောတိုင်အောင် လှန်ပြီးတော့ ချလိုက်။ ဟို ခြေဖျားတိုင်အောင် ရောက်တယ်။ တကိုယ်လုံး၊ နောက်ကျောတပြင်လုံး ရဲသွားတယ်။ အောက်နှုတ်ခမ်းကနေ

အရေပါးပါးလေးကိုလဲ ရှေ့ရင်ဘတ် တခုလုံး ပေါင်အောက်ခြေဖျား တိုင်အောင် အဲဒီ အရေပြား ခွာချလိုက်ပါ။

"တကိုယ်လုံး အရေတွေ ကွာသွားပြီးတဲ့အခါကျတော့ အဲဒီ ခန္ဓာကိုယ်ရဲ့ အလှသည် တကိုယ်လုံး ပျက်စီး၍သွားသည်၊ သွားပြီ မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလို အလှပျက်စီးသွားတဲ့အခါကျတော့ ရာဂ ဆိုတာ လာအုံးမလား"

"မလာပါ ဘုရား"

"မလာတော့ပြီတဲ့"

**ရာဂပယ်ရှား အသုဘပွား။** ။"ဒါကြောင့် "အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ"

"ရာဂဿ၊ ရာဂတရားကို။ ပဟာနာယ၊ ပယ်ရှားဖို့ရန်အလို့ငှာ။ အသုဘာ၊ အသုဘကမ္မဋ္ဌာန်းကို။ ဘာဝေတဗ္ဗာ၊ ပွားလေ့။"

"ရာဂပယ်ရှားဖို့ရန် ဘာပွားမလဲ"

"အသုဘကိုပါ ဘုရား"

"အသုဘပွားထဲ့။တို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ရာဂပယ်ဖို့ရန် ဘာပွားမလဲ"

"အသုဘကိုပါ ဘုရား"

"အသုဘကို ပွားရမယ်။

"ဒါကြောင့် ရာဂကြောင့် ပင်ပန်းကြတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည် ရာဂကိုပယ်ဖို့ရန် အသုဘကို ပွားရမယ်"

**ဒေါသပယ်ရှား မေတ္တာပွား။** ။"မေတ္တာ ဘာဝေတဗ္ဗာ ဒေါသဿ ပဟာနာယ"

"ဒေါသဿ၊ ဒေါသတရားကို၊ ပဟာနာယ၊ ပယ်ရှားဖို့ရန်။ မေတ္တာ၊ မေတ္တာတရားကိုသာ။ ဘာဝေတဗ္ဗာ၊ ပွားလေ"

"ဒေါသအားကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ဒေါသကြောင့် မပင်ပန်းကြဘူးလား"

"ပင်ပန်းပါတယ် ဘုရား"

"ပင်ပန်းလို့ရှိယင် ဒေါသတွေ ငြိမ်းအောင် ဘာပွားရမလဲ"

"မေတ္တာကို ပွားရပါမယ် ဘုရား"

"တဘက်ပုဂ္ဂိုလ်က မိမိကို ဒေါသဖြစ်နေယင် မိမိက တဘက်လူကို မေတ္တာပွား။ စိတ်ဆိုးတဲ့လူကို ဒီကနေ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ ဆိုတဲ့ မေတ္တာမျိုးပွားယင် ပထမတော့ ဒေါလွန်ခက်သည်။

"ဒါပေမယ့် စတင်ပြီးတော့ ဘယ်လိုလဲဆိုယင်၊ ကိုယ်က လူတယောက် စိတ်ဆိုးထားတယ်၊ ဒေါသဖြစ်နေတယ်။ အဲဒီလို ဒေါသဖြစ်၊ စိတ်ဆိုးနေတဲ့ အဲဒီ ပုဂ္ဂိုလ်နဲ့ မိမိနဲ့ တယောက်အကျိုး တယောက် ဆောင်ရွက်ခဲ့နေတဲ့ "ဟိတ" လုပ်ငန်းကလေးတွေ စဉ်းစားရအောင်။

"သူက ငါ့အပေါ် ဘယ်လို အကျိုးဆောင်ရွက်ခဲ့သလဲ၊ ငါက သူ့အပေါ် ဘယ်လိုအကျိုး ဆောင်ရွက်ခဲ့သလဲ။

"အဲဒီလို အပြန်ပြန် အလှန်လှန် အကျိုးစီးပွား ဆောင်ရွက်ခဲ့ပုံကလေးတွေ စဉ်းစားလိုက်လို့ ရှိယင် "ဩော်.... ဒီကျေးဇူး၊ ဒီလို အကျိုးဆောင်ရွက်တဲ့ မေတ္တာကလေးတွေ ထောက်ထားပြီး ငါသည် သူ့အပေါ် စိတ်မဆိုးသင့်ပါလား၊ စိတ်မဆိုးထိုက်ပါလား"။ ဒီလိုပဲ နှလုံးသွင်းလိုက်မယ် ဆိုယင် ဒေါသဟာ ခဏလေးနဲ့ ငြိမ်းသွားမယ်၊ ကျေးဇူးတရားကိုသာ မရှာကြယင် တို့ပရိသတ်"

"မငြိမ်းပါ ဘုရား"

"ကျေးဇူးတရားကိုသာ မရှာကြယင် နေရာတကာ စိတ်ဆိုးနေကြမယ်။ ဒါကြောင့် ဒေါသငြိမ်းအောင် ကျေးဇူးတရားကို ကြံကြံဖန်ဖန် ရှာပြီးတော့ ကြည့်။ မေတ္တာဆိုတာ အကျိုးလိုလားတဲ့စိတ်တွေ မေတ္တာလို့ မှတ်ရမယ်"

"မှန်ပါတယ် ဘုရား"

"အေး။ တခါတရံ စိတ်ပင်ဆိုးသော်လဲ ဒေါသဖြစ်ပင်ဖြစ်ငြား သော်လဲ၊ ကျေးဇူးတရားကလေးတွေရှာပြီး ထောက်ထားလိုက်လို့ရှိယင် ဒေါသလေးတွေ ငြိမ်းပါတယ်။ ဒါကြောင့်—

"မေတ္တာ ဘာဝေတဗ္ဗာ။ ဒေါသဿ ပဟာနာယ။

"ဒေါသဿ၊ ဒေါသတရားကို။ပဟာနာယ၊ ပယ်ရှားဖို့ရန်။ မေတ္တာ၊ မေတ္တာတရားကို၊ ဘာဝေတဗ္ဗာ၊ ပွားများကြလော။

"အကျိုးလိုလားတဲ့ စိတ်ကို ပွားများ၊ အဲဒါ မေတ္တာ မေတ္တာဖြစ်တယ်။ ယခု အသုဘပွားတဲ့ ရာဂပယ်ဖို့ရန် နည်းလမ်းအစ ပေးပါပြီတဲ့။ အလွန် လှပတဲ့၊ အမျိုးသား တယောက်၊ အလွန် လှပတဲ့ အမျိုးသမီး

တယောက်၊ ရာဂကြောင့် ပင်ပန်းခဲ့လို့ ရှိယင်၊ ယခု ပြောပြထားတဲ့ အတိုင်း အတွင်းမှ အထပ်ထပ်ရှိနေတဲ့ အသုဘတွေကို ထင်အောင် မြင်အောင် အရေပါးကို ခွါပြီးတော့ ဉာဏ်ဓားဖြင့် လှာပြီးတော့၊ ကြည့်။

"ယခု ခန္ဓာကိုယ်ကို အကြမ်းအားဖြင့် တည်ဆောက်ပြထားကဲ့၊ ဘယ်နှစ်မျိုးတည်ပြီးသလဲ။

"အရိုး၊ ပထမ စိုက်ထောင်တယ်၊ ကိုးရာသော အကြောတွေနဲ့ ဆိုင်းလိုက်ပါတယ်။ အဲဒီ အပေါ်ကနေ အရေထူထူကြီးနဲ့ အုပ်လိုက်ပါတယ်။ အသားတွေ အသွေးတွေနဲ့ ပိတ်လိုက်ဆို့ လိုက်၊ လိမ်းလိုက်ကျံ လိုက်ပါတယ်။ ဒီ ပေါ်ကမှ အရေထူပိတ်၊ အရေထူ၏ အပေါ်ကမှ အရေပါးနဲ့ လွှမ်းလိုက်သည်။ အဲဒီ အသုဘတွေ ဖုံးသွားပြီ မဟုတ်လား"

"ဖုံးသွားပါပြီ ဘုရား"

တကျော့ဆောက်ရှာ အိမ်ခန္ဓာ။ ။"အဋ္ဌိနှံ့ နဂရံ ကတံ၊ မံသလောဟိတ လေပနံ"

"နှံ့ရွေ၊ အို–ချစ်နှမ ဇနပဒကလျာဏီ၊ အဋ္ဌီနံ၊ သုံးရာသောအရိုးတို့ ကို။ ဉဿာပေတွာ၊ စိုက်ထူ၍၊ ဝလ္လိဗဒ္ဓံ၊ ကြိမ်နွယ်ဖြင့်။ နှာရုဝိနဒ္ဓံ၊ ကိုးရာသော အကြောတို့နှင့် ဖွဲ့ယှက်ချစ်ပတ် စပ်ယှက်အပ်သော။ မံသလောဟိတ လေပနံ၊ ကိုးရာသော အသားတစ်၊ တပြည်မျှလောက်သော သွေးတို့နှင့် မွှမ်းထေးလိမ်းကျံ မံအပ်ပေထသော။ နဂရံ၊ တလံမျှလောက်သော ခန္ဓာအိမ်ကြီး ကို၊ ကတံ၊ တကျော့ယောကျ်ား လက်သမားက တည်ထားဆောက်လုပ်အပ်ခဲ့ ပေသည်။

"အဲဒီခန္ဓာအိမ်ကြီး ဘယ်လက်သမားဆောက်လုပ်သလဲဆိုလို့ ရှိယင် တကျော့လက်သမားက တည်ဆောက်ခဲ့သည်၊ တကျော့လက်သမားဘယ်လို တည်ဆောက်သလဲဆိုယင် ကြည့်လေ။ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးကို တကျော့ လက်သမားက တည်ဆောက်တယ်ဆိုတော့ယင် ဒီခန္ဓာကိုယ်ကြီးရထားတဲ့ ဒီတရားနာ ပရိသတ်အပေါင်းသူတော်ကောင်းတို့သည် အရိုးနဲ့၊ အကြောနဲ့၊ အသားနဲ့၊ အသွေးနဲ့ တည်ဆောက်ထားတဲ့ ဒီခန္ဓာကိုယ်ကြီးကို တည် ဆောက်ထားတာ မပြောနဲ့။

"အပေါ်ယံမှာ တည်ဆောက်ထားတာလေးကို ကြည့်လေ။ ဆံပင် လေး ဘယ်လို ထားမှ၊ မျက်ခုံးကို ဘယ်လို ထားမှ၊ နှုတ်ခမ်းကို ဘယ်လို ထားမှ၊ အပေါ်က အဝတ် ဘယ်လိုဝတ်၊ နားက ဘယ်လိုဆင်၊

နှုတ်ခမ်းက ဘယ်လိုဆင်၊ နားဘယ်လိုဆင်။ လက်ဘယ်လိုဆင်၊အပေါ်ယံက ပြင်ဆင်မှုတွေကို ကြည့်လိုက်ကြစမ်းပါ။

"ဘယ်သူက ပြင်နေတာလဲ"

"တဏှာပါဘုရား"

"တဏှာက ပြင်ဆင်နေတာ၊ အပေါ်က ပြင်ဆင်နေတာ၊ တဏှာ ယောက်ျား လက်သမားက ပြင်ဆင်နေတာ၊ ဟုတ်ကြလား"

"ဟုတ်ပါတယ်ဘုရား"

"အေး၊ ဒါကြောင့်....

"ကတံ၊ တဏှာယောက်ျားလက်သမားက တည်ထားဆောက်လုပ်အပ်သည့်။ ယတ္ထ၊ ဤကဲ့သို့ တည်ဆောက်ထားတဲ့ ခန္ဓာအိမ်ကြီး၌။ ဇရာစ၊ ဆိုးရွားဟောင်းမြင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းဆိုတဲ့ ဇရာတရားကို လည်းကောင်း။

"အထဲ ဘာတွေ လှောင်ထားသလဲ ကြည့်"

**ခန္ဓာတွင်းမှာ အိုသေသာ။** ။ "ဇရာစ၊ ဆိုးရွားဟောင်းမြင်း၊ အိုမင်း မှည့်ပျော်ခြင်းဆိုတဲ့ ဇရာတရားကိုလည်းကောင်း။ မစ္စုစ၊ စုတေပျက်ခြွေ သေလွန်ခြင်းဆိုတဲ့ မရဏတရားကိုလည်းကောင်း။ မာနောစ၊ ဝင့်ဝင့် ကြွားကြွား၊ ငါတကားဟု ထောင်လွှားတတ်တဲ့ မာနတရားကို လည်းကောင်း။ မက္ခောစ၊ ကောင်းစွာပြုဖူး၊ သူ့ကျေးဇူးကို ချေဖျက်တတ်တဲ့ မက္ခတရားကိုလည်းကောင်း။ ဩဟိတော၊ ထည့်သွင်းသိုလှောင်၍ ထား အပ်၏။"

"အထဲက ဘာတွေ လှောင်ထားသလဲဆိုယင် ကျီအိမ်ကြီး တည်ဆောက်ထားပြီး သကာလ အထဲမှာ စပါးတွေ၊ ပဲတွေ၊ ဆန်တွေ လှောင်သလိုပဲ၊ ဤတလုံးမျှလောက်သော ခန္ဓာကိုယ်အတွင်းမှာလဲ ထည့်ထားတာက ဘာတွေလဲဆိုတော့ အိုတဲ့ ဇရာတရား၊ နာတဲ့ ဗျာဓိတရား၊ သေတဲ့ မရဏတရား၊ မာနတရား၊ ရာဂတရား၊ လောဘတရား၊ မောဟတရား၊ ဒေါသတရား၊ ဝန်တိုတဲ့ မစ္ဆရိယတရား၊ မနာလိုတဲ့ ဣဿာတရား၊ **မကောင်း**တဲ့ ဒုစရိုက်အညစ်အကြေးတွေ အကုန်လုံး ဒီခန္ဓာကိုယ်အိမ်ထဲမှာ **အပြည့်**ပဲ၊ လှောင်ထားတယ်၊ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ်ဘုရား"

"အေး၊ ဒါကြောင့်မို့လို့ ပကတိကျိုကြအိမ်ကြီးမှာ စပါးတွေ၊ ပဲတွေ၊ ဆန်တွေ လှောင်သလိုပဲ၊ ဤတလုံမျှလောက်လော ခန္ဓာကိုယ်ကို တည်ဆောက်ပြီးသကာလ၊ အထဲမှာ အိုတဲ့တရားလဲ လှောင်ပြီးသား။ နာတဲ့ တရားကော"

"လှောင်ပြီးသားပါဘုရား"

"လှောင်ထားတယ်"

"ရောဂါတွေ အပြည့် လှောင်ထားတယ်။ လူတိုင်းလူတိုင်း အကုန်လုံး ရောဂါနဲ့ချည့်ပဲ။ ဇရာလို့ ခေါ်တဲ့ အိုရတဲ့တရား၊ ဗျာဓိလို့ ခေါ်တဲ့ နာရတဲ့တရား၊ မရဏခေါ်တဲ့ သေခြင်းတရား၊ သေခြင်းတရားကော လူတိုင်း လှောင်ပြီးသား မဟုတ်လား"

"လှောင်ပြီးသားပါ ဘုရား"

"လှောင်ပြီးသားပဲတဲ့"

"မြေကြီးထဲက မှိုကလေးတွေ တိုးပြီး ထွက်လာတာ ကြည့်ပါ၊ အဲဒီ မှိုပွင့်ကလေး ကားကားစွင့်စွင့် ပွင့်နေတဲ့အခါ မှိုပွင့်ထိပ်မှာ မြေကြီးခဲကလေး ကပ်နေတယ်။ နည်းနည်းပါးပါး ရှိတယ်။ အားကောင်းတဲ့ မှိုပွင့်ကြီးထိပ်မှာ မြေကြီး အတုံးလိုက် တင်နေတယ်။

"ဒီတော့ မြေကြီးထဲက တိုးထွက်လာတဲ့ မှိုပွင့်ဟာ သူ့ခေါင်းပေါ် မြေကြီး ရွက်ထွက်လာသလိုပဲနော်"

"မှန်ပါ ဘုရား"

"ဇာတိ ဆိုတဲ့ ပဋိသန္ဓေ မကင်းကြတဲ့ ဒိဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့လဲပဲ မြေကြီးနဲ့ သဏ္ဍာန်တူတဲ့ ဇာတိက ပေါက်ဖွားသဖြင့် မြေကြီးက ပေါက်ပွားတဲ့ မှိုပွင့်ကလေးလိုပဲ ခေါင်းပေါ်မှာ မှိုပွင့်ကလေးသည် မြေကြီးကို ရွက်လာသလိုပဲ။

"တို့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့ရဲ့ ခေါင်းပေါ်မှာလဲပဲ အို၊ နာ၊ သေ ဆိုတဲ့ ဒုက္ခတွေ ရွက်ထားပြီးပြီနော်"

"ရွက်ထားပါတယ် ဘုရား"

"ယတ္ထ ဇရာစ မစ္စုစ၊ မာနော မက္ခောစ ဩဟိတော"

"ယတ္ထ၊ ယင်းကဲ့သို့ တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီး၌။ ဇရာစ၊ ဆိုးရွားဟောင်းမြင်း၊ အိုမင်းရင့်ရော်ခြင်းဆိုတဲ့ ဇရာတရားကိုလည်းကောင်း။ မစ္စုစ၊ စုတိပြတ်ကြွေ သေလွန်းခြင်းဆိုတဲ့ မရဏ တရားကိုလည်းကောင်း။ မာနောစ၊ ဝင့်တကြွားကြွား ငါတကားဟု ထောင်လွှား

တတ်တဲ့ မာနတရားကို လည်းကောင်း။ ဩဟိတော၊ ထည့်သွင်းသိုလှောင်၍ ထားအပ်၏။

"ချစ်နှမ ဇနပဒကလျာဏီ တဲ့။ သင့်ရဲ့ခန္ဓာအိမ် ဆိုတာ ဤကဲ့သို့ တည်ဆောက်ထားတာ၊ အဲဒီလို ရွံစရာကောင်းတဲ့ အရိုးရယ်၊ အကြောရယ်၊ အသားရယ်၊ အသွေးရယ်၊ အရေထူရယ်၊ အရေပါးရယ်၊ အဲဒီလို တည်ဆောက်ထားတဲ့ ခန္ဓာကိုယ်ကြီးမှာ ချစ်နှမသည် ဘာဖြစ်လို့ မာနတွေ လှောင်ထားရသလဲ"

"နှမတော်က မာနကြီးတယ်နော်"

"မှန်ပါ ဘုရား"

"ဘာဖြစ်လို့ မာနတွေ လှောင်ထားရသလဲ၊ ဘာဖြစ်လို့ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ ဒုက္ခတွေ လှောင်ထားရသလဲ၊ အဲဒါတွေ ထုတ်ပစ်မှပေါ့"

"အာတုရံ အသုစိံ ပူတိံ၊ ပဿနန္ဒေ သမုဿယံ၊
ဥဂ္ဃရန္တံ ပဃ္ဃရန္တံ၊ ဗာလာနံ၊ အဘိပတ္ထိတံ။

"ဤ ပထမဂါထာ တပုဒ် ဆုံးတယ်ဆိုယင်ပဲ ဇနပဒကလျာဏီရဲ့ စိတ်ထဲ ဘာဖြစ်သလဲဆိုယင် မီးလောင်နေတဲ့ အိမ်ကြီးထဲ ထိုင်နေရသလိုပဲ။ စိတ်ထဲမှာ အဲဒီလို ပူပန်ပြီးတော့ လာတယ်။ သံဝေဂတွေ ဖြစ်ပြီးတော့ လာတယ်။ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ယပ်ခတ်နေတဲ့ နိမ္မိတရုပ်ပုံ ကလေးကလဲ ဘုံးဘုံးလဲပြီးတော့ သေပွဲဝင်၍ သွားတယ်။

"အသုဘအဖြစ် ရောက်နေတာကို မြင်ရပြီနော်"

"မှန်ပါဘုရား"

"အဲဒီလို ဘုရားကလဲ အသုဘ ဘာဝနာဟော၊ ဘုရားနဲ့ ရှေ့မှောက်မှာ နေတဲ့ နိမ္မိတရုပ်ပုံကလဲ အသုဘ အလောင်းကောင်အဖြစ် ရောက်နေ။ ဒီမှာ ဇနပဒကလျာဏီရဲ့ စိတ်ထဲမှာ မီးတောက်အိမ်ကြီး ဖြစ်နေသလိုပဲ။ စိတ်ထဲမှာ သံဝေဂတွေ ဖြစ်လွန်းလို့ ပူလောင်လှပြီနော်"

"မှန်ပါဘုရား"

"အာတုရံ အသုစိံ ပူတိံ၊ ပဿနန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။"

"နန္ဒေ၊ အို....ချစ်နှမ ဇနပဒကလျာဏီ နန္ဒာ။ အာတုရံ၊ မပျက်မစုံ အမြဲသာလျှင် ကျင်နာနှိပ်စက်၊ အခံခက်လှစွာသော။

"တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ မိမိတို့ရဲ့ တလုံမျှလောက်သော ခန္ဓာကိုယ်ထဲကို ဉာဏ်သွင်းပြီး ကြည့်လိုက်ပါ။ ဘယ်နေရာက စ,ကြည့်မလဲ။ ခါးရဲ့ အောက်ပိုင်းကို ယခု အာရုံပြုပြီး ကြည့်။ ဘယ်နေရာ ကြည့်ရမလဲ"

"ခါးရဲ့ အောက်ပိုင်းကို အာရုံပြုပြီးတော့ ကြည့်လိုက်စမ်းပါ။

"အာတုရ'၊ မပြတ်မစဲ အမြဲသာလျှင် ကျင်နာနှိပ်စက်၊ အခံခက်လှစွာသော။

"ဘာဖြစ်နေသလဲ၊ ခါးရဲ့အောက်ပိုင်း ဘာဖြစ်နေသလဲ။ အလွန်တရာ အခံခက်လှအောင် ပင်ပန်းလှပြီ။ တို့ပရိသတ် မပင်ပန်းဘူးလား"

"ပင်ပန်းပါတယ် ဘုရား"

"ပင်ပန်းယင် တရားသိမ်းရအောင်၊ ဒါကြောင့် ပင်ပန်းယင် တရားသိမ်းရအောင်လား။

"အာတုရံ၊ မပြတ်မစဲ အမြဲသာလျှင် ကျင်နာနှိပ်စက် လွန်ခံခက်လှစွာသော တဲ့။ ခန္ဓာကိုယ်ကြီးရဲ့ ဒုက္ခရောက်ပုံကို စဉ်းစားကြည့်လေ–တဲ့။

"သခ်တ ပီဠနဋ္ဌ" တဲ့၊ ပြုပြင်ပေးရတဲ့ အနက်သဘောကြောင့်လဲ ဒုက္ခ၊ တို့ပရိသတ် ဂရုစိုက်ကြည့်ပါ။ ခန္ဓာကိုယ်ကြီးကို ပြုပြင်၍ ပေးရသောကြောင့်လဲပဲ ဒုက္ခ။ ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"ပြုပြင်ပေးရသောကြောင့် ဘာဖြစ်တုံး၊ ဒုက္ခတဲ့"

"ဒုက္ခပါ ဘုရား"

"တို့ပရိသတ်၊ ခန္ဓာကိုယ် မပြုပြင်ရဘူးလား"

"ပြုပြင်ရပါတယ် ဘုရား"

"ထိုင်သော ဣရိယာပုထ် တမျိုးက နေပြီးတော့ ထတဲ့ဣရိယာပုထ်ကို ပြုပြင်ရတယ်၊ ဘာဖြစ်လို့လဲ"

"ဒုက္ခဖြစ်လို့ပါ ဘုရား"

"ကိုင်း၊ ယခု တနာရီခွဲကျော်ကျော် ထိုင်ကြပြီဆိုတော့–

"အာတုရံ၊ မပြတ်မစဲ ဘုရားတပည့်တော်တို့ ခါးထဲက ကျင်နာလှပြီ၊ တို့ပရိသတ်က အော်လို့ ညည်းနေကြပြီ"

"မှန်ပါ ဘုရား"

"အဲဒီလို မပြတ်မစဲ ကျင်နာနှိပ်စက်နေတာ ဘာကြောင့်လဲဆိုတော့ သခ်ါတ တရားမို့လို့၊ သခ်တ တရားမှန်ယင် ဘာဖြစ်သလဲ"

"ပြုပြင်ရပါတယ် ဘုရား"

"ပြုပြင်ရယင် ဒုက္ခ ဖြစ်တယ်၊ မပြုပြင်ရတဲ့ အ သခ်တမှ သာလျှင် သုခစင်စစ် တာကယ်ဖြစ်တယ်။ ကဲ၊ ဘယ်လောက် ပြုပြင်ရသလဲ၊ လွယ်လွယ် ကလေး ပြုပြင်ရတဲ့ပုံကို ဒီဘက် စောင်း ထိုင်ရတဲ့ နေရာကနေ ပ ဘက် စောင်းလိုက်ရပြန်တယ်။ ဒါလဲ ပြုပြင်ရတာပဲ၊ ခါးလဲ ခွေထားရတဲ့ ပုဂ္ဂိုလ်တွေ ပြောင်းထိုင်ရတယ်။ တင်ပျဉ်ခွေ၊ ဟိုဘက်ရွှေ၊ ဒီဘက်ရွှေ၊ ဟိုဘက်စောင်း၊ ဒီဘက်စောင်း၊ ဗယ်ပြောင်း၊ ညာပြင်၊ ပြုပြင်ပြောင်းလဲ နေရတာ ဆင်းရဲလို့လား၊ ချမ်းသာလို့လား"

"ဆင်းရဲလို့ပါ ဘုရား"

"ဆင်းရဲလို့ ပြုပြင်ပေးနေရတယ်၊ ဒါကြောင့် သခ်တ၊ ပြုပြင် ရတယ်လို့ အလွယ်ဆုံး အဲဒီလိုကြည့်လေ။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးရဲ့ ပြုပြင်ပုံ အကျယ်တွေ ရှိပါတယ်။

"ဒီတော့ သခ်တ ဆိုတာက အဲဒီလို ချမ်းသာခလမလားလို့ မျှော် လင့်ချက်ကလေးနဲ့ ပြုပြင်၊ ပြုပြင်ပေးနေရတာက သခ်တ သဘောတဲ့။

ဒုက္ခကို ဣရိယာပုထ်ဖုံးတယ်။ ။"ဒါကြောင့်မို့ ဤ ခန္ဓာကိုယ်ကြီးဟာ ဆင်းရဲတယ်တဲ့။ ဒုက္ခလက္ခဏာ။ အဲဒီလို သဘောကျပြီးတော့ ထားနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့်မို့လို့ ဒုက္ခသက္ခဏာကို ဣရိယာပုတ်က ဖုံးတယ်။ အဋ္ဌကထာကြီးများက ပြောတယ်။ ဒုက္ခလက္ခဏာကို ဣရိယာပုတ်က ဖုံးတယ်။

"ဒုက္ခလက္ခဏာကို တို့ပရိသတ် ဘာဖုံးသလဲ"

"ဣရိယာပုထ် ဖုံးပါတယ်"

"ဣရိယာပုတ် ဆိုတာ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်၊ သွားတယ်။

"သွားနေတဲ့ ဣရိယာပုထ် ကြာကြာကြီး သွားနေယင်၊ တို့ပရိသတ် လူတွေဟာ မဆင်းရဲဘူးလား"

"ဆင်းရဲပါတယ် ဘုရား"

"ဒါကြောင်မို့လို့ သွားနေတာ ဆင်းရဲလွန်းတဲ့အခါကျတော့ ရပ်ပေးရတယ်၊ ရပ်နေတာ ဆင်းရဲပြန်တော့ ထိုင်ရပြန်တယ်။ ထိုင်နေတာ ၂–နာရီနီးတော့ ဆင်းရဲမယ်။ ဆင်းရဲလာတော့ တရားသိမ်းပြီးတော့ လျောင်းရမယ် မဟုတ်လား။ လျောင်းခြင်း၊ ထိုင်ခြင်း၊ သွားခြင်း ရပ်ခြင်း၊ လေးမျိုးတို့သည် ဘာဖြစ်နေတာလဲ။ ဆင်းရဲရတယ်ဆိုတဲ့ ဒုက္ခလက္ခဏာကို ဖုံးလွှမ်းပြီးတော့ ပေးနေကြတာ။ အိပ်နေ သက်သာမယ်ဆိုပြီး တို့ပရိသတ် တနေ့လုံး၊ တညလုံး အိပ်ကြည့်ပါလား"

"မအိပ်နိုင်ပါ ဘုရား"

"မအိပ်နိုင်ဘူး၊ ဒါလဲဆင်းရဲမှာပဲ ပက်လက်အိပ်၊ တနာရီလောက် ကြာတော့ ကျောနဲ့ခင်းထားတဲ့ အခင်းနဲ့ ကပ်နေတဲ့ နေရာက ပူလာတယ်။ အောက်က ခင်းထားတာက ပထဝီဓာတ်၊ ကျောကလဲ ပထဝီဓာတ်၊ ပထဝီဓာတ် ၂–ခု၊ ပွတ်ပါတိုက်ပါများတော့ တေဇောတွေ ကြွတယ်။ ဟုတ်ပြီလား"

"ဟုတ်ပါတယ်ဘုရား"

"ဝါးလုံး ၂–လုံး ကြပ်ကြပ်ပွတ်။ ပူလာတယ် မဟုတ်လား"

"မီးတောင် ပွင့်ပါတယ် ဘုရား"

"အဲဒါကြောင့်မို့လို့ ကျောဆိုတဲ့ ပထဝီဓာတ်နဲ့ အောက်က အခဲဆိုတဲ့ အမာ ၂–ခု ကြိတ်ပါကြိတ်ပါများတော့ အဲဒီနေရာက တေဇော ထွက်လို့ ပင်ပန်းလိုက်တာ

"ဘာလုပ်ရမလဲ"

"စောင်းရပါမယ်ဘုရား"

"စောင်းလိုက်စမ်း"

"စောင်းနေတာ တော်တော်ကြာပြန်တော့လဲပဲ ပင်ပန်း လာပြန်တော့ ဗယ်ကနေ ညာပြောင်း၊ ညာကနေ ဗယ်ပြောင်း၊ ထိုင်နေတဲ့ ဣရိယာပုထ်ကို ဗယ်ကနေ ညာ၊ ညာကနေ ဗယ်ကို တပြောင်းပြောင်း တပြန်ပြန် ပြုပြင်၍ ပေးနေရတဲ့ အိပ်တဲ့ ဣရိယာပုတ်မှာလဲ ဒီလိုပဲ။ ရပ်တဲ့ဣရိယာပုထ်မှာလဲ ဒီလိုပဲ။

"အိပ်ရာက ပင်ပန်းတော့ ရပ်တယ်။ ရပ်ရာက ပင်ပန်းလို့ အိပ်တယ်၊ အဲဒါ ပင်ပန်းလို့ မတ်တတ်ရပ်တယ်၊ မတ်တတ်ရပ်တာ ပင်ပန်းလို့ ထိုင်ရတယ်။ ဣရိယာပုတ် ၄–မျိုး၊ တမျိုးစီ တမျိုးစီ ပြောင်းပြောင်းတဲ့ ပေးနေရတယ်။

"ဒုက္ခလက္ခဏာကို အဲဒီလိုပဲ ဖုံးလွှမ်းရှိနေသောကြောင့် မမြင်ရပြီ။ မြင်ရသလား"

"မမြင်ရပါဘုရား"

"ထိုင်နေတာ ပင်ပန်းလို့ ထထိုင်လိုက်ပြီတဲ့။ ထိုင်တုန်းက ဒုက္ခလက္ခဏာလေး ပျောက်သွားတယ်၊ ထိုင်တုန်းက ပင်ပန်းတဲ့ ဒုက္ခရှိသေးသလား၊ မရှိတော့ပြီ၊ ဒါကြောင့် သခ်တဆိုဘာ အဲဒါမျိုးကို ပြောတယ်၊ အလွယ်ဆုံး သခ်တလေးကို ပြောတာပါ။ သခ်တခေတ်၊ ပြုပြင်လို့ပေးတာ။

"ခန္ဓာကိုယ်ကြီး ဆင်းရဲပါတယ်၊ ပီဠနဋ္ဌတဲ့၊ နှိပ်စက်ရှိနေသောကြောင့်လဲ ဆင်းရဲပါတယ်။

"အာတုရံ၊ မပြတ်မပျက်နှိပ်စက်၍ ခံခက်လှသော။

"တို့ပရိသတ် ဘယ်နေရာက နှိပ်စက်နေလဲ၊ ဒကာကိုအုန်းဟန်ကြီး၊ ဘယ်နေရာက နှိပ်စက်နေလဲ ကြည့်၊ ခန္ဓာကိုယ်အောက်ပိုင်းကို ခွဲထားတဲ့အောက်ပိုင်းကို ကြည့်၊ ဘယ်နေရာက နှိပ်စက်နေလဲ၊ ခါးကိုက်တယ်။ ဘယ်နေရာနှိပ်စက်တယ်"

"ခါးကိုက်ပါတယ်ဘုရား"

"ခါးကိုယ်တယ်။ တို့ပရိသတ် ဘာဖြစ်တာလဲတဲ့"

"ခါးကိုက်တာပါဘုရား"

"ခါးရယ်၊ ကိုက်တာရယ် အတူတူလား၊ တခြားစီလား"

"တခြားစီပါဘုရား"

"ဒါပေမယ့် တို့ပရိသတ်က "ဥဘိန္န ဝေါမိဿဘဝသေန" ဆိုတဲ့အတိုင်း ပညတ်ပရမတ် ၂–မျိုး ရောပြီးတော့ ပြောလိုက်တယ်။ ပညတ်ပရမတ် ၂-မျိုး ဘာလုပ်လဲ"

"ရောလိုက်ပါတယ်ဘုရား"

"ခါးဆိုတာက ပညတ်၊ ခါး ဆိုတာ ဘာတဲ့လဲ"

"ပညတ်ပါဘုရား"

"ပညတ်၊ သမုတိသစ္စာ၊ ခါးဆိုတာ ဘာသစ္စာလဲ"

"သမုတိသစ္စာပါ ဘုရား"

"သမုတိသစ္စာ။ အမျှားတကာ ပြောတာက "ခါး" လို့ ပြောတယ်။ အရပ်ထဲမှာ "ခါး" လို့ပြောတယ်၊ လူဘာကာက "ခါး" လို့ပြောတယ်။ မမှန်ဘူးလား"

"မှန်ပါတယ် ဘုရား"

**လောက သမုတိသစ္စာ။** ။"သင်္ကေတ ဝစနံ သစ္စံ၊ လောက သမုတိ ကာရဏံ"

"လောက သမုတိ ကာရဏံ၊ လူအပေါင်းက သမုတ်ထားတဲ့အတွက်ကြောင့်။ သင်္ကေတဝစနံ၊ "ခါး" ဆိုတဲ့ သင်္ကေတ စကားလေးသည်။ သစ္စံ၊ မှန်၏ တဲ့။

"လူအပေါင်းက သမုတ်ထားသောကြောင့် "ခါး" ဆိုတဲ့ အမှန်သည် ဘာသစ္စာလဲ"

"သမုတိသစ္စာပါ ဘုရား"

"သမုတိသစ္စာ။

"ဖျက်မပစ်နဲ့၊လောကမှာဖြင့် သူသည် အသုံးဝင်တယ်။ဝိပဿနာနယ်ကျတော့ "ခါး" မရှိတော့ ဘူးတဲ့။ "ကိုက်တယ်" ဆိုတဲ့ ဒဏ်ချက်ကလေး ကြည့်လေ။ "ခါး" မကြည့်နဲ့၊ "ခါး" ဆိုတဲ့ သမုတိသစ္စာ ကြည့်လိုက်လို့ရှိယင် ဘာဖြစ်လာသလဲ"

"ပညတ်ဖြစ်ပါတယ် ဘုရား"

"ပညတ်ကို ရှုမိယင် ဒိဋ္ဌိဝင်တဲ့၊ မဝင်ဘူးလား"

"ဝင်ပါတယ် ဘုရား"

"ဒိဋ္ဌိတင် မကဘူး၊ခါးကိုက်တယ်တဲ့၊စိတ်မချမ်းသာတော့ ဒေါမနဿ မဖြစ်ဘူးလား"

"ဖြစ်ပါတယ် ဘုရား"

"ဒေါမနဿနဲ့ နောက်က ဒေါသ မလာဘူးလား"

"လာပါတယ် ဘုရား"

"လာတယ်၊ တရားရှုလိုက်တာ ခုတော့ ဘာဖြစ်လို့တုံး။ ဘုန်းကြီးက ရှုလိုက်တာ၊ ခါးက ကိုက်လိုက်တာ၊ ဘာဖြစ်သလဲ၊ ဒေါမနဿ ဖြစ်တတ်တယ်နော်"

"မှန်ပါဘုရား"

"သင်္ကေတ ဝစနံ သစ္စံ၊ လောကသမုတိ ကာရဏံ။

ပရမတ္ထ ဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတကာရဏာ"

"အေး၊ ဒါကြောင့်မို့လို့ ဘာဖြစ်သလဲ။

"ဓမ္မာနံ၊ ရုပ်ဝေဒနာ သညာ ဆိုတဲ့ ပရမတ္ထတရားတို့၏။ဘူတကာ

ရဏ်ာ၊ မိမိတို့ ပင်ကိုယ်သဘောအားဖြင့် မှန်နေတဲ့ အကြောင်းကြောင့်။ ပရမတ္ထဝစနံ၊ ဝေဒနာသညာ သင်္ခါရဆိုတဲ့ ပရမတ္ထ စကားသည်။ သစ္စ ၊ မှန်၏ တဲ့။

"ပင်ကို သဘောအတိုင်း မှန်နေသောကြောင့် ပရမတ္ထသစ္စာ၊ ပင်ကို သဘောနှင့် မှန်ယင် ဘာသစ္စာ"

"ပရမတ္ထသစ္စာပါ ဘုရား"

"သူ့တရားသဘောနဲ့ သူ့ဟာသူ မှန်တော့ ပရမတ္ထသစ္စာ။

"ဒါဆိုယင် ခါး ဆိုတာ ဘာသစ္စာ"

"သမုတိသစ္စာပါ ဘုရား"

"သေချာကြည့်လိုက်အုံး၊ "ခါး" ဆိုတာ ပုံသဏ္ဍာန်ကြီး မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ခါး ဝိုင်းတယ်၊ ခါး သွယ်တယ်၊ ခါး ရှည်တယ်၊ သေးတဲ့ သွယ်တဲ့ ခါး၊ ဝိုင်းတဲ့ ခါး စသည်ဖြင့် ပုံပန်းသဏ္ဍာန် ရှိနေတဲ့ ပညတ်ကြီးမို့လို့ သဏ္ဍာနပညတ် မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"ပုံပန်းသဏ္ဍာန် ရှိနေသောကြောင့် ဘာပညတ်"

"သဏ္ဍာနပညတ်ပါ ဘုရား"

"အဲဒီ ပုံသဏ္ဍာန် ပေါ်လာအောင် ဘာတွေ ပေါင်းထားသလဲ၊ ကြည့်။ ပုံသဏ္ဍာန်တခု ဖြစ်လာအောင် ဘာတွေ ပေါင်းထားသလဲ ကြည့်။

"ခုနက တို့ပရိသတ်ကို ပြောထားတဲ့ အပေါ်ဆုံးက ဘာလေး ရှိသလဲ"

"အရေပါးပါ ဘုရား"

"အဲဒီ အရေပါးကို ဉာဏ်နဲ့လှာသော် အောက်တထပ် ဘာရှိသလဲ"

"အထူပါ ဘုရား"

"အရေထူ ရှိတယ်၊ အောက်တထပ် ဘာရှိ"

"အသားပါ ဘုရား"

"အသားကို တထပ်လှာသော် အကြော၊ အကြောကို လှာလိုက်တော့ အရိုးကို တွေ့မယ်တဲ့။ ဘယ်နှစ်မျိုးလဲ"

"ငါးမျိုးပါ ဘုရား"

"ငါးမျိုးပေါင်းလိုက်တဲ့ အခါကျတော့ ခါးဆိုတဲ့ ပုံသဏ္ဌာန် ဖြစ်တယ်။ ပုံသဏ္ဌာန် ပေါ်လာသောကြောင့် ဘာပညတ်"

"သဏ္ဌာနပညတ်ပါ ဘုရား"

"သဏ္ဌာနပညတ်တဲ့၊ ပညတ် ဘယ်နှစ်မျိုးလဲ"

"၂-မျိုးပါ ဘုရား"

"အဲဒီ ပညတ် ၂-မျိုးကို ရောရှ တို့က "ခါး" လို့ ပြောတယ်"

"မှန်ပါတယ် ဘုရား"

"ကိုင်း၊ "ခါး" ဆိုတဲ့ နေရာမှာ ယခုပြောတဲ့ ကောဋ္ဌာသ ရှိတယ်။ နောက် နည်းနည်းလေး ဆက်ကြည့်ရအောင်၊ အရိုးကို ဖောက် ကြည့်မယ်။ အရိုးရဲ့ အခေါင်းမှာ ဘာရှိမလဲ၊ တို့ပရိသတ် ဘာရှိမလဲ"

"ခြင်ဆီပါ ဘုရား"

"အရိုးထဲမှာ ကောဋ္ဌာသတမျိုး ခြင်ဆီ ရှိတယ်။ ခြင်ဆီရဲ့ အပေါ်မှာ အရိုးရှိတယ်၊ အရိုးပေါ်မှာ အကြော ရှိတယ်။ အကြောရဲ့ အပေါ်မှာ နောက်တခု ကျန်ပါသေးတယ်။ အမြှေး ဆိုတာလေး ကျန်သေးတယ်၊ အမြှေးနဲ့ အကြောနဲ့ ကပ်နေတယ်၊ မနေဘူးလား"

"ကပ်နေပါတယ် ဘုရား"

"ဝတဲ့ ပုဂ္ဂိုလ် ဆိုယင် အမြှေးနဲ့ အသားကြားမှာ အဆီပြင်ကြီး ဆိုတာ ရှိတယ်။ ဝတဲ့ လူမှာ ဘာရှိ"

"အဆီပြင်ပါ ဘုရား"

"ကိုင်း၊ ကောဋ္ဌာသ ဘယ်နှစ်မျိုး၊ ကောဋ္ဌာသ ၈-မျိုး....

(၁) အရေပါးရယ်၊
(၂) အရေထူရယ်၊
(၃) အသားရယ်၊
(၄) အကြောရယ်၊
(၅) အမြှေးရယ်၊
(၆) အဆီရယ်၊
(၇) အရိုးရယ်၊
(၈) ခြင်ဆီရယ်။ ဘယ်နှစ်မျိုး ရှိသလဲ"

"ရှစ်မျိုးပါ ဘုရား"

"ခါး ဆိုသည်မှာ အဲဒီ ရှစ်မျိုးပေါင်း၍ 'ခါး' ဖြစ်တာ"

"ဟုတ်ပါတယ် ဘုရား"

"ဟုတ်တယ်ဆိုယင် ခါးကိုက်တယ်၊ ဘာကို ရှုမလဲ"

"..................."

**နှိုရှုမလား ပေါင်းရှုမလား။** ။"အဲဒီ ရှစ်မျိုးလုံး ပေါင်းရှုမလား၊ တခုစီ တခုစီ ခွဲရှုမလား၊ ကိုက်တယ်ဆိုတဲ့ ဒဏ်ချက်ကို ရှုမလား၊ ဘာရှုမလဲ၊ ပရိသတ်များ စဉ်းစားလေ၊ ရှစ်မျိုးလုံး ပေါင်းရှုယင် တို့ပရိသတ် ဘာရှုသလဲ"

"ပညတ်ပါ ဘုရား"

"ပညတ် ဖြစ်သွားပြီတဲ့၊သဏ္ဌာနပညတ်၊သမူဟပညတ် ရောက်သွားပြီ၊ ဝိပဿနာဟုတ်ပြီလား"

"မဟုတ်ပါဘုရား"

"ဒါဖြင့်ယင် ခါးကိုက်တယ်၊ ခါးကိုက်တယ်၊ ခါးကိုက်တယ် ဘာရှုတာလဲ"

"ပညတ်ပဲ ဘုရား"

"ခါးကို ရောက်နေယင် ပညတ်နော်၊ ပုံသဏ္ဌာန်ပေါ် တင်နေယင် သဏ္ဌာနပညတ်နော်။ ဒါဖြင့်ယင် အဲဒီပညတ်ကို ရှုနေတာ ဝိပဿနာ မဟုတ်ဘူး။ ဝိပဿနာ ရှုအောင် တပည့်တော်တို့ ဘယ်လိုလုပ်ရမလဲ၊ ဝိပဿနာ ဆိုတာက ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ၊ သစ္စာလေးပါး မြင်ရအောင် ကြည့်တာ"

"မှန်ပါ ဘုရား"

"အေး၊ ဒါကြောင့်မို့လို့ ဒုက္ခသစ္စာမြင်အောင် ကြည့်ရအောင်၊ ကိုက်တယ်ဆိုတဲ့ ဒဏ်ချက် ဘယ်လိုပေါ်သလဲ၊ဉာဏ်စိုက်လိုက်စမ်း၊ ကိုက်တယ်ဆိုတဲ့ ဒဏ်ချက်ကလေး ဘယ်နေရာမှာ ပေါ်တယ်၊ ဉာဏ်နဲ့စိုက်။

"ရောက်သွားပြီလား"

"ရောက်သွားပါတယ် ဘုရား"

"ဘယ်လိုဖြစ်လို့ ကိုက်နေတာလဲ သေချာကြည့်၊ အရေပါးကို ဖောက်ကြည့်၊ ကိုက်တာ မတွေ့ရဘူး။အရေထူကို ဖောက်ကြည့်၊ ကိုက်တာ မတွေ့ဘူး ပုံသဏ္ဌာန်နဲ့တွေ့ပါ့မလား၊ ကိုက်တယ် နာတယ်ဆိုတာ"

"မတွေ့ပါ ဘုရား"

"မတွေ့ဘူး"

''အရေပါးမှာလဲ မတွေ့၊ အရေထူမှာလဲ မတွေ့။ တထပ်စီ တထပ်စီ လွှာလိုက်တယ် ဆိုတဲ့ ဒဏ်ချက်ကလေး မတွေ့သောကြောင့် အရေပါးမှာလဲ မတွေ့။ အရေထူမှာလဲ မတွေ့။ တထပ်စီ၊ တထပ်စီ လွှာ၊ ကိုက်တယ်ဆိုတဲ့ ဒဏ်ချက်သည် ရှာမတွေ့လေသောကြောင့် ''ကိုက်တယ်'' ဝိပဿနာဉာဏ် ဘယ်လိုလုပ်မလဲဆိုလို့ရှိယင်ဖြင့် အရိုးဆိုတဲ့ သဘာဝတခုကို ဉာဏ်နဲ့ကြည့် လိုက်စမ်း။

''အဆက်ပေါင်း ဘယ်လောက်ရှိ (တဆယ့်ရှစ်ခု)။ ''အဋ္ဌာရသ ပိဋ္ဌကဏ္ဋကဋ္ဌိ'' ဝါးဆစ်ကလေးနဲ့ တခုနဲ့တခု ဆက် ဆက် တင်ထားသလို အရိုးဆက်ကလေးတွေ မရှိဘူးလား။ အဲဒီ အကြား အကြားကလေးမှာ အဆစ်ကဲလေးတွေ ၂–ခု၊ တခုနဲ့တခု ပွတ်ပြီးတော့ နေလို့ရှိယင် အောက် အရိုးကို အပေါ်က အရိုးက ဖိ၊ ခါးကလဲ ရှေ့ကို ကွေးပြီးတော့ ထားတယ်။

''လူကတော့ မငြိမ်ဘူး။ တရားအားထုတ်ယင် မငြိမ်တဲ့ ပုဂ္ဂိုလ် သတိထား။ လူက မငြိမ်ဘူး၊ ယိမ်းထိုးပြီးတော့ ဟိုဘက် ဒီဘက် လှုပ်၍ နေသောကြောင့် ဘာဖြစ်နေသလဲ။ အရိုးကလေးရဲ့ အဆက်ကလေးတွေရဲ့ အကြား အကြားမှာ ပွတ်တိုက်နေတဲ့ သတ္တိကဲလေးတွေ၊ ဖိကပ်နေတဲ့ သတ္တိ ကလေးတွေ မရှိပေဘူးလား''

''ရှိပါတယ် ဘုရား''

''ပွတ်တိုက်ခြင်း၊ ဖိညှပ်ခြင်းဆိုတဲ့ အလုပ်ကို ဝါယောဓာတ်က လုပ်တယ်။ ဝါယောဓာတ်က တွန်းကန်၍ လုပ်တယ်နော်''

''မှန်ပါဘုရား''

''အဲဒီလို ပွတ်တိုက်၊ ဖိညှပ်နေအောင် ဘယ်သူက လုပ်သလဲ''

''ဝါယောပါ ဘုရား''

''ဝါယောဓာတ်ကိုက ပွတ်ပေးတယ်၊ တိုက်ပေးတယ်၊ ယိမ်းထို ပေးတယ်၊ ပွတ်တိုက်ပေးလိုက်တဲ့အတွက်ကြောင့် အမာလေး အရိုးကလေး ၂–ခုသည် ပွတ်တိုက်သည်။ မာတဲ့ ပထဝီဓာတ် ၂–ခုသည် ပွတ်တိုက်၍ နေကြသည်။ ဝါယောဓာတ်ရဲ့ စွမ်းရည်ကြောင့် ပွတ်နေကြသည်။ ဝါယော ဓာတ်ကြောင့် ပွတ်တိုက်သည်။

''ဒီတော့ယင် ယိမ်းထိုး ပေးနေတာ၊ လှုပ်ရှား ပေးနေတာက ဝါယောရဲ့ စွမ်းရည်။ ဟိုမှာ တခုနဲ့တခု ပွတ်နေတာ။ မာတယ်ဆိုတဲ့ ပထဝီဓာတ် ၂–ခု။

"ပထဝီဓာတ် ၂-ခုံ အမာကလေးတွေ ကြပ်ကြပ် ပွတ်ပါများတော့ ဒီနေရာ ဘာဖြစ်လာမလဲ"

"ပူလာပါတယ် ဘုရား"

"ပူလာတယ်၊ တေဇောဓာတ်တွေ ကြွလာပြန်ပြီ၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီ ကြွလာတဲ့ တေဇောဓာတ်၊ နေရာလေးမှာ ငြိမ်ငြိမ်နေရဲ့လား၊ အပူရဲ့သဘောသည် အောက်စုန်သလား၊ အထက် ဆန်သလား"

"အထက်ဆန်ပါတယ် ဘုရား"

"အထက်ကို တဖြည်းဖြည်း ကျောရိုးတလျှောက် တက်၍ လာလိုက်တာ၊ ဇက်ကြော ရောက်လာသည်။ ဇက်ကြောတွေ တက်တယ်၊ အကြောကြီးက တက်မလာဘူးလား"

"တက်လာပါတယ် ဘုရား"

"တေဇောတက်တာ၊ တို့ပရိသတ် ဘာ တက်တာလဲ"

"တေဇောတက်တာပါ ဘုရား"

"အဲဒီ တေဇော တက်လာအောင် ဘယ်သူက ပို့သလဲ"

"ဝါယောပါ ဘုရား"

"ကိုင်း၊ တို့ပရိသတ်၊ ခါးကိုက်တယ်၊ သဘောကျပြီလား"

"မှန်ပါ ဘုရား"

"ဘယ်သူ နှိပ်စက်နေတာလဲ ဆိုလို့ရှိယင် ပထဝီဓာတ်ရယ်၊ ဝါယောဓာတ်ရယ်၊ တေဇောဓာတ်ရယ်၊ သုံးခု မဟုတ်လား"

"မှန်ပါ ဘုရား"

"အမာလေး ၂-ခု ပွတ်တိုက်၍ နေခြင်း။ အဲဒီ ပွတ်နေအောင် လှုပ်ရှားတွန်းကန်၍ ပေးခြင်း၊ ပွတ်လာခြင်းကြောင့် "ပူသာခြင်း" ဆိုတဲ့ သဘော သဘာဝသတ္တိ ၃-မျိုးကို တို့ယောဂီတွေက ဉာဏ်ထဲမှာ ကွဲရဲ့လား"

"မကွဲပါ ဘုရား"

"မကွဲလို့ရှိယင်ဖြင့် "ဃန" ဝင်တယ်တဲ့။ မဝင်ဘူးလား"

"ဝင်ပါတယ် ဘုရား"

"သမူဟဃန ဝင်သွားတယ်"

"ဒီလေးမျိုးကို မကွဲနိုင်အောင် ဒီသဘာဝသတ္တိ ၃-မျိုးကို မကွဲနိုင်အောင် ပူတာရယ်၊ တွန်းကန်တာရယ်၊ ပွတ်တိုက်တာရယ်၊ မာတာရယ်၊

ဂါလေးတွေ အကုန်လုံး လုံးပေးထားတာ၊ စည်းပေးထားတာ၊ ပေါင်းပေးထားတာ။ အာပေါခာတ်က ပေါင်းပေးတယ်၊ စည်းပေးတယ်၊ တွဲပေးတယ်။ ဟုတ်ပြီလား''

''ဟုတ်ပါတယ် ဘုရား''

**ခာတ်လေးပါးမကွဲယင်လဲ ဃနဝင်တတ်တယ်။** ။''ပေါင်း စည်း ပေး တဲ့ သဘော၊ အာပေါ ခာတ်၊ အဲဒီလို ပေါင်းစည်းပေးလိုက်သောကြောင့် မကွဲတော့ဘူးတဲ့၊ သမူဟဃန ဝင်သွားပြီတဲ့၊ ဘာဝင်သွားလဲ''

''ဃန ဝင်သွားပါတယ်ဘုရား''

''ခာတ်လေးပါးမကွဲတဲ့ သမူဟဃန ဝင်သွားလို့ရှိယင် ပရမတ္ထ ဉာဏ်အမြင် ဆိုက်အုံးမလား၊ မဆိုက်တော့ပြီတဲ့။ ဒါဖြင့်ယင် ''ခါး''ဆိုတဲ့ သမူဟပညတ်၊ သဏ္ဍာနပညတ် ၂–ခုကို လွှန်၍ ဃနလေးချက်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ကွဲလွှအောင် ဤကဲ့သို့ ရှုမှသာလျှင် ပရမတ္ထဉာဏ်အမြင် ရောက်မယ်။

''ဒီလိုဆိုလို့ရှိယင် ပူတဲ့အေးတဲ့သဘောရယ်၊ မာတဲ့သဘောသတ္တိ ကလေးရယ်၊ တွန်းကန်ဆိုတဲ့ သဘောသတ္တိကလေး၊ အဲဒီသတ္တိသုံးမျိုး တွဲပေးထားတာလေးရယ်ဆိုယင်၊ လေးမျိုး၊ ဉာဏ်မှာမြင်သွားတဲ့ ဒီပုဂ္ဂိုလ်၊ ပညတ်မြင်မှာလား၊ ပရမတ်မြင်မှာလား''

''ပရမတ္ထမြင်တာပါ ဘုရား''

''ပရမတ္ထအမြင်ရောက်ပြီတဲ့၊ အဲဒီအထဲမှာ ခါးသဲ မရှိဘူး။ ဘယ်နေရာကို ကြည့်လိုက်ကြည့်လိုက်၊ တကိုယ်လုံး နာတယ်၊ ထုံတယ်၊ ကျဉ်တယ်၊ ကိုက်တယ် ပြောချင်တဲ့ စကားနဲ့ ပြောပြော၊ သမုတိသစ္စာစကားက များ တယ်နော်။

''သမုတိသစ္စာတွေက အများကြီး။ ပြောချင်တဲ့စကားနဲ့ ပြော၊ ခါး ကိုက်တယ်၊ ဒူးကိုက်တယ်၊ ပေါင်ကိုက်တယ်၊ နေရာတွေရှိကယ်၊ သဏ္ဌာန် တွေ ရှိတယ်၊ ပုံတွေရှိတယ်။

''သမုတိနယ်မှာ ကြည့်၊ ပရမတ္ထနယ်မှာကျတော့ ဒီလေးမျိုး ပေါင်းပြီးတော့ နှိပ်စက်နေတဲ့ ပဉ္စနဒုက္ခကြီးပါလားလို့ ပရမတ္ထတရားနဲ့ တကွ ဒုက္ခသစ္စာ။ အဲဒီမှာ သဘောကျသွားလေ။

''ဟုတ်တယ်မဟုတ်လား''

"ဟုတ်ပါတယ် ဘုရား"

"အေး....ဒါကြောင့်—

"အာတုရ ၊ မပြတ်မစဲ အမြဲသာလျှင် ကျင်နာနှိပ်စက်နေတဲ့—

"တရားနာပရိသတ်တွေမှာ အခံခက်တယ်၊ ခေတ်ကြီးခေလးပါးနဲ့ ဒုက္ခလက္ခဏာ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ယခင်က ပြောခဲ့တဲ့ ရှစ်မျိုးကို လွန်၍ကြည့်"

"မှန်ပါဘုရား"

"အာတုရ ၊မပြတ်မစဲအမြဲသာလျှင်၊ ကျင်နာနှိပ်စက်၊ အခံခက်လှစွာသော။ အသုစိ ၊ မစင်မကြယ်၊ ရွံဖွယ်ဖြင့် ပြည့်ပေထသော—

"ခန္ဓာကိုယ်တကိုယ်လုံး အတွင်းမှာ ရွံရှာဖွယ်အပြည့်ဖြစ်၍ နေပေထသော၊ အဲ့ဒီအရာတွေ ဘယ်လောက်ပြည့်တယ်ဆိုတာ နောက်ညမှ ဟောမယ်။

"အသုစိ ၊မတင့်မတယ် ရွံစဖွယ်ဖြင့် ပြည့်၍နေပေထသော၊ ပူတိ ၊ ပုပ်သိုး၍နေပေထသော။

"ခန္ဓာကိုယ်ကြီးက အပုပ်အသိုးကြီး။ တနေ့ ဘယ်နှစ်ကြိမ် ရေ ဘယ်လောက်ဆေးရမယ်၊ ၂—ကြိမ်လောက်တော့ ဆေးရမယ်။ အနည်းဆုံး ဒီခန္ဓာကိုယ်ကြီး ခေါင်းကနေ ခြေထောက် အနည်းဆုံး ရေ—၂ ကြိမ်လောက် ဆေးရတယ်။ နံ့သာ လိမ်းတယ်၊ နဂိုထဲက မွှေးကြိုင်နေလို့ ရှိယင် ရေချိုးဖို့ လိုသေးလား"

"မလိုပါဘူးဘုရား"

"နဂိုထဲက မွှေးပြီးကြိုင်ပြီး နံ့သာလိမ်းပြီးဆိုယင် နံ့သာလိမ်းဖို့ မလိုဘူး၊ အပုပ်အသိုးတွေ တရစပ် အပြင်ကို ယို၍ထွက်နေသောကြောင့် ဘာလုပ်ရမှာလဲ"

"ရေချိုးရပါတယ်ဘုရား"

"ရေချိုးရမယ်၊ နံ့သာလိမ်းရမယ်၊ အဲဒါအပုပ်အသိုးလို့ ၊ အတွင်းက အပုပ်အသိုးတွေ ဘယ်နှစ်ခါ ရေချိုးလဲ"

"၂—ခါပါဘုရား"

"အတွင်းက အပုပ်အသိုးတွေ၊ ၂—ခါ ရေချိုးတယ်၊ သူ ဘယ်လို

လုပ် ဆေးလဲမသိဘူး။ အတွင်းပိုင်းမှာရှိနေတဲ့ အပုပ်အသိုးတွေ ဝမ်းခေါင်းတွင်းမှာ ရှိနေတဲ့ အပုပ်အသိုးတွေ၊ ကျင်ကြီးကျင်ငယ်တွေ၊ အစရှိတဲ့ အညစ်အကြေးတွေ၊ မွေးထဲက သေတဲ့အထိ တခါမှ ဘယ်သူမှ ဆေးလို့ မရဘူး။

''နေ့တိုင်း နေ့တိုင်း လွယ်ထားရတယ်၊ တရားနာနေယင်းနဲ့ပင်လျှင် တို့ပရိသတ်ရဲ့ ခန္ဓာကိုယ်တွင်းမှာ အပေါ်ပိုင်းက အစာအိမ်၊ ခွေးအန်ဖတ်လို ဖြစ်နေတဲ့ အစာသစ်အိမ်၊ အောက်ပိုင်းက မစင်အိမ်၊ မစင်ထုပ် ၂-ခု မရှိဘူးလား''

''ရှိပါတယ် ဘုရား''

''ဘယ်နှစ်ခါ ရေးဆေးပေးလဲ''

''မဆေးနိုင်ပါ ဘုရား''

''မဆေးနိုင်ဘူး။ အဲထဲမှာ ပိုးကောင်တွေ တဖွားဖွားနဲ့ လွယ်ပြီး တော့ ထားကြတယ်။ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''ပိုးကောင်တွေ တဖွားဖွားနဲ့ ရင်ခေါင်းက အစာအိမ်ထဲမှာ ပိုးကောင် ၃၂-မျိုး။ ချက်ရဲ့ အောက်ပိုင်းက ကျင်ကြီးအိမ်တဲ့။ ကျင်ကြီးအိမ်ထဲမှာ သံကောင်တွေ တဖွားဖွား မနေဘူးလား''

''နေပါတယ် ဘုရား''

''ရင်ချိုင့်နားမှာရှိတဲ့ အစာအိမ်ကျတော့ ပိုးလောက်တွေက ၃၂-မျိုးဖြင့် အမြုပ်တွေက စီစီနဲ့ ချဉ်စော်နံနေတဲ့ အဲဒီအသုဘတွေ အတွင်းမှာ ရှိနေတယ်။ ဒါကြောင့်—

''အသုစိ၊ မစင်မကြယ် ရွံစဖွယ်ဖြစ်၍ နေပေထသော၊ ပူတိ၊ ပုပ်သိုး၍ နေပေထသော။

''အာရုံပြုပြီးတော့ ကြည့်စမ်း။

ဥဂ္ဃရန္တိ၊ အထက်ဒွါရအမာဝတို့မှလဲ လျှောကျလျှံကျ ယိုစီး၍ နေပေထသော။ ပါးစပ်ပေါက်မှ ယိုစီးကျတယ်''

''မှန်ပါတယ် ဘုရား''

''နှာခေါင်းပေါက်မှ ယိုစီးကျတယ်၊ ထမင်းချက်တဲ့အခါကျတော့ ကြည့်၊ ထမင်းအိုးထဲ ဆန်နဲ့ရေထည့်ပြီး အောက်က မီးပြင်းပြင်းထိုးတော့ တပွက်ပွက်နဲ့ ပွက်ပြီး ထလာလိုက်တာ၊ အိုးနှုတ်ခမ်းလျှံပြီး ကျမသွားဘူးလား''

"လျှံကျပါတယ် ဘုရား"

"အဲဒီလိုပဲ ဝမ်းခေါင်းထဲက ပါစကတေဇောခေါ်တဲ့ မီးဓာတ်က ချက်လိုက်တာ အစာအိမ်ထဲမှာရှိတဲ့ အစာတွေက ပူပြီးတော့ အပေါ်ကို လျှံပြီးတော့ တက်လာတယ်တဲ့။

"ပါးစပ်ပေါက်က တံတွေးတွေ၊ သလိပ်တွေ ထွက်တယ်၊ နှာခေါင်းက နှပ်တွေထွက်တယ်။ မျက်လုံးက မျက်ရည်တွေ ထွက်တယ်။ နားပေါက်က နားပြည်တွေ၊ နားဖါးချေးတွေ ထွက်တယ်၊ ထမင်းအိုးက လျှံတက်သလိုနေ၁"

"မှန်ပါဘုရား"

"ဥဍ္ဍရန္တံ၊ အထက်ဒွါရ အမာဝမှ အထက်သို့ ယိုစီး၍ နေပေထသော။

"အောက်ပိုင်းကို ကြည့်တဲ့၊

"ပဃ္ဃရန္တံ၊ အောက်ဘက်ဒွါရ၊ အမာဝထိပ်က လျှောကျယိုစီး၍ နေပေထသော။

"အောက်ပိုင်းကို ကြည့်လိုက်ပြန်တော့ ကျင်ကြီးကျင်ငယ်၊ အဲဒီလို လျှံတက်တာက လျှံတက်တယ်၊ လျှောကျတာက လျှောကျသဖြင့် ယိုစီး၍ နေတယ်။

"နံသမုဿယံ၊ ကိုးပေါက် ဒွါရ၊ အမာဝမှ ယိုကျဖြိုးဖြိုး နံး၊ ရွံစရာပြည့်ဖိုးသဖြင့်၊ တကိုယ်လုံး အနာကြီးသဖွယ်၊ မတင့်တယ်တဲ့၊ ထိုခန္ဓာကိုယ်အတ္တဘောကြီးကို။ ဗာလာနံ၊ ပညာအန္ဓ၊ လူ့ဗာလတို့သည်။ အဘိပတ္ထိတံ၊ လွန်စွာခုံမက်၊ နှစ်သက်တောင့်တအပ်၏။"

**အန္ဓနှင့် ဗာလ** ။အဲဒီလိုရွံစရာကောင်းတဲ့ ခန္ဓာကိုယ်ကြီးကို ခုံမက်တယ်၊ နှစ်သက်တယ်၊ တောင့်တတယ်၊ ဘယ်သူတွေ တောင့်တတာလဲ၊ ဘယ်သူတွေ မက်မောတာလဲဆိုတော့ အန္ဓတဲ့၊ ဗာလတဲ့။

"တို့ပရိသတ် ဘာတဲ့လဲ"

"အန္ဓ၊ ဗာလပါ ဘုရား"

"အန္ဓရယ်၊ ဗာလရယ်၊ နောက်နားက တလုံး ထည့်ပါ၊ ပုထုဇဉ်ရယ်။ အန္ဓ၊ ဗာလ၊ ပုထုဇဉ်ဆိုတဲ့ ပုဂ္ဂိုလ်သည် အဲဒီလောက် ရွံစရာကောင်းတဲ့ ခန္ဓာကိုယ်ကြီးကို မက်မောကြတယ်၊ ခင်မင်ကြတယ်၊ တွယ်တာကြတယ်။

"ချစ်နှမ ဇနပဒကလျာဏီ၊ ဒီလောက် ရွံစရာကောင်းတဲ့ မင်းခန္ဓာ

မင်း ဘာကြောင့် မက်မောရသလဲ၊ နှမတော်ရဲ့ခန္ဓာကိုယ်ကို ထိုးထွင်းဉာဏ် သုံးပြီးတော့ ကြည့်စမ်း။ သင်ဟာ အန္ဓ၊ဗာလ ဖြစ်နေပြီ။

''အန္ဓ၊ ကန်းတဲ့ပုဂ္ဂိုလ်၊ ခန္ဓာကိုယ်ရဲ့ပရမတ္ထ၊ သဘာဝကို ဉာဏ် အမြင် ကန်းနေလို့ ရှိယင်ဖြင့် ဒီပုဂ္ဂိုလ်သည် အန္ဓတဲ့''

''မှန်ပါတယ် ဘုရား''

''ခန္ဓာကိုယ်ကြီးရဲ့ ပရမတ္ထသဘာဝကို ဉာဏ်အမြင်ကန်းယင် အန္ဓ ပုဂ္ဂိုလ်။ ဗာလ ဆိုတာက အဲဒီဉာဏ်အမြင် သုဉ်းသဖြင့် ခန္ဓာကိုယ်ကြီးရဲ့ အသုဘကို သုဘတင့်တယ်,တယ်ဆိုတဲ့ ဒ.ထင်ရောက်နေတဲ့ လူမိုက်တွေတဲ့။ မတင့်တယ်သည်ကို တင့်တယ်သည် ဒ.ထင်ရောက်တာ ဘယ်သူပါလိမ့်''

''လူမိုက်ပါ ဘုရား''

''လူမိုက်ပါလား''

''ဉာဏ်အမြင်သုဉ်းတော့ ဗာလ ဟုတ်ပြီလား၊ ပုထုဇဉ်ဆိုတာ ဘာ လဲ၊ ကိလေသာ အများကြီး ဖြစ်အောင် လုပ်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ကိလေသာ များစွာဖြစ်ခွင့်ရှိနေတဲ့ ပုဂ္ဂိုလ်တွေသည် ပုထုဇဉ်။

''ဒီကနေ့ ဟရားနာ ပရိသတ်အပေါင်း၊ သူတော်ကောင်းတို့သည် ကိလေသာ မဖြစ်ဘူးလား။ ဖြစ်မှာလား''

''မဖြစ်ပါဘူး ဘုရား''

''မဖြစ်ယင် အရိယာ၊ ကိလေသာဖြစ်ယင်''

''ပုထုဇဉ်ပါ ဘုရား''

''ဒီတော့ အန္ဓဆိုတာက ဉာဏ်အမြင်ကန်းတဲ့ ပုဂ္ဂိုလ်၊ အန္ဓနော်''

''မှန်ပါ ဘုရား''

''ဒီတော့ ဉာဏ်အမြင်ကန်းတဲ့ ပုဂ္ဂိုလ်ဟာ ဒီခန္ဓာကိုယ်ကြီးကို အထင် မှားတော့ ဗာလ၊ အထင်မှားလို့ ဗာလ ဖြစ်တယ်ဆိုယင် ကိလေသာဖြစ်ပြီ တဲ့။ အဲဒီပုဂ္ဂိုလ်သည် အန္ဓ၊ ဗာလ၊ ဤခန္ဓာကိုယ် မက်မောတယ်၊ တွယ်တာ တယ်ဆိုတဲ့ ပုဂ္ဂိုလ်တို့သည် အန္ဓ၊ ဗာလ၊ ပုထုဇဉ်ခတဲ့။ ဒါကြောင့်–

''ဗာလာနံ၊ ပညာအန္ဓ လူ.ဗာလတို့သည်။ အဘိပတ္ထိတံ၊ လွန်စွာ ခံ့မက်၊ နှစ်သက်တောင့်တအပ်၏။

''ချစ်နှမ၊ ဒီခန္ဓာကိုယ်ကြီး မက်မေ့ာတယ်ဆိုတာ အန္ဓဗာလပုဂ္ဂိုလ် မို့လို့ မက်မောတာ၊

''အနိမိတ္တဉ္စ၊ ဘာဝေဟိ၊
မာနာနုသယ မုဇ္ဇဟ။

တတော မာနာဘိသမယာ။
ဥပသန္တော စရိဿသိ။''

''နန္ဒေ။ ချစ်နှမ ဇနပဒကလျာဏီ နန္ဒာ။ အနိမိတ္တဥ္စ၊ အနိမိတ္တအမည်ရှိတဲ့ အနိစ္စဘာဝနာ၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာကိုလည်း။ ဘာဝေဟိ၊ သင် ချစ်နှမ မနေမနား ပွားများပါလေ''

''မြတ်စွာဘုရားက နှမတော်ကို တရားဘာဝနာ ပွားခိုင်းတယ်၊ ဘာဘာဝနာတဲ့လဲ''

''အနိမိတ္တ ဘာဝနာပါ ဘုရား''

''အနိမိတ္တဥ္စ၊ အနိစ္စဘာဝနာ၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာစတဲ့—

''အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဒီဘာဝနာသုံးပါးကို အနိမိတ္တဘာဝနာ။ ဒီလို ပြောတယ်။

''အနိမိတ္တဥ္စ၊ အနိမိတ္တ အမည်ရတဲ့ အနိစ္စဘာဝနာ၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာကိုလဲ။ ဘာဝေဟိ၊ သင်ချစ်နှမ၊ ပွားများပါစေ''

''မာနာနုသယံ၊အနုမတင် သံသရာစက်က ငုပ်လျက်ကိန်းပါတဲ့''ငါ'' ဆိုတဲ့ မာနတရားကိုလည်း။ ဥဇ္ဇဟ၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ရှင်းဖျောက် သင်ချစ်နှမ အမြစ်ပါ ဖြတ်တောက်လေလော့''

''အနိမိတ္တဘာဝနာပွားပြီးတော့ သင့်ရှိနေတဲ့ မာနကိုလည်း အမြစ်ကနေ ဖြတ်ပါ''

''တတော မာနာဘိသမယာ၊ထိုကဲ့သို့ မာနကို ပယ်ရှားနိုင်တဲ့အတွက်ကြောင့်။ တွံ၊ ချစ်နှမ ဇနပဒကလျာဏီသည်။ ဥပသန္တာ၊ ကိလေသာဟူ၊ အပူခပ်သိမ်း ကင်းငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ ကောင်းစွာမသွေ၊ နေရပေလိမ့်သတည်း''

''သာဓု—သာဓု—သာဓု''

''ယထာ ဣဒံ တထာ ဧတံ၊
ယထာ ဧတံ တထာ ဣဒံ၊
ဓာတုတော သုညတော ပဿ၊ မာ လောကံ ပုနရာဂမိ။

''နန္ဒေ၊ အို—ချစ်နှမ ဇနပဒကလျာဏီနန္ဒာ။ ဣဒံ၊ သင်၏ သက်ရှိဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးသည်၊ အနိစ္စာဒိဓမ္မံ ယထာ၊ အနိစ္စ အစရှိသောသဘောရှိသကဲ့သို့။ ဧဝံ ထာ၊ ထို့အတူ။ ဧတံ၊ ထိုသင်ချစ်နှမ မြင်နေရတဲ့ ဗဟိဒ္ဓ ဖြစ်တဲ့ ဒီခန္ဓာကိုယ်သည်။

''ဗဟိဒ္ဓခန္ဓာကိုယ် ဆိုတော့ မြတ်စွာဘုရားရဲ့ ရှေ့မှာ၊ ယပ်ကလေး ခတ်နေတဲ့ နိမ္မိတရုပ်ပုံနော်''

''မှန်ပါဘုရား''

''အဲဒါ ဗဟိဒ္ဓခန္ဓာ။

''တော၊ သင် မြင်နေရတဲ့ ဗဟိဒ္ဓ ဖြစ်တဲ့ ရူပါရုံကလေးလဲ။ တထာ၊ အနိစ္စသဘောရှိသည်။ ဟောတိ၊ ဖြစ်၏။

''နန္ဒေ၊ ချစ်နှမ ဇနပဒကလျာဏီနန္ဒာ။ တော၊ ထို သင်မြင်နေရတဲ့ ဗဟိဒ္ဓရူပကာယသည်၊ ဥဒ္ဓုမာတကာ ဒိဘာဝပ္ပတ္တံ ယထာ၊ အရွယ်နုနု အရွယ်စုစု အနုအရင့်တွေကို စွန့်ကာ၊ ဖူးဖူးရောင်ပွ အသုဘ သဘောကို ရောက်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ တော၊ သင်ရဲ့သက်ရှိခန္ဓာကိုယ်လဲ။ နစိရေနေဝ၊ မကြာမြင့်တဲ့ ကာလမှာပင်လျှင်။ ဥဒ္ဓုမာတကာ ဒိကေဝပတ္တံ၊ အရွယ်စုစု အနုအရင့်တွေကို စွန့်ကာ ဖူးဖူးရောင်ပွ အသုဘ သဘောသို့ ရောက်ရသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်၊

''ချစ်နှမ ဇနပဒကလျာဏီတဲ့၊ အခု ငါဘုရားရဲ့ ရှေ့မှောက်မှာ၊ ဘုံးဘုံးလဲ သေပွဲဝင်သွားတဲ့၊ နိမ္မိတရုပ်ပုံကလေးလိုပဲ၊ သင်ရဲ့ ခန္ဓာကိုယ် လဲပဲ မကြာခင် ဤကဲ့သို့ အသုဘစခမ်းသို့ မြန်းရမှာပဲ။ အေး၊ မျက်မှောက် မှာ မြင်နေရတဲ့ နိမ္မိတရုပ်ပုံ၊ အသုဘ၊ မချမ်းစခမ်းမြန်းရသလို သင့်ရဲ့ ခန္ဓာကိုယ်လဲပဲ မကြာမီ ဤကဲ့သို့ ဖြစ်မည်။

**သေသူရှင်သူ ထပ်တူရှု၊** ။''သေတဲ့သူနဲ့ ရှင်တဲ့သူ၊ ရှင်တဲ့သူနဲ့ သေတဲ့လူ၊ အလောင်း ၂-ခု ထပ်တူထပ်မျှ ထားပြီးတော့ ကြည့် တဲ့နော်''

''မှန်ပါ ဘုရား''

''အသုဘ ဘာဝနာ ပွားတဲ့အခါ အသုဘ ဘာဝနာ ပွားပြီးတော့ ပို့ကြတယ်ဆိုရမှာ သေတဲ့ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်နဲ့ မိမိရဲ့ ခန္ဓာကိုယ် ထပ်တူ ထားပြီးတော့ ကြည့်ရမယ်။ အသုဘပို့ သွားတယ်ဆိုယင် သေနေတဲ့ အလောင်းနဲ့ မိမိရဲ့ ခန္ဓာကိုယ် အတူထားပြီးတော့ ကြည့်ရမယ်နော်''

''မှန်ပါတယ် ဘုရား''

''မိမိ ခန္ဓာကိုယ်နဲ့ သေတဲ့သူ အတူထားကြည့်၊ ဒီလို အပြန်ပြန် အလှန်လှန် အတူထားကြည့်မှသာလျှင် အသုဘ ဘာဝနာ၊ အနိစ္စဘာဝနာ မရဏသတိတဲ့၊ ဒါကြောင့်-

“ခါတုတော သညတောပဿ၊ မာလောကံ ပုနရာဂမိ။”

“နန္ဒေ၊ အို–ချစ်နှမ ဇနပဒကလျာဏီ။ တသ္မာ၊ ထို့ကြောင့်။ ခါတုတော၊ ခါတ်အနေအားဖြင့်။ ပဿပဿာဟိ၊ ဝိပဿနာဉာဏ်စက္ခုဖြင့် ကြည့်ကြပါလေ။

“ခန္ဓာကိုယ်ကြီးကို ဘယ်လို ရှုရမှာလဲ၊ ခါတ်အနေအားဖြင့် ရှု။ တို့ပရိသတ် ဘယ်လို ရှုရပါမလဲ”

“ခါတ်အနေအားဖြင့် ရှုရပါမယ် ဘုရား”

“ခါတုမနသိကာရ ခါတ်ကြီးလေးပါး ခွဲပြီးတော့ ရှုလို့ပြောတယ်၊ နံပတ် (၁) အဲဒီလို....

“ခါတုတော၊ ခါတ်အနေအထားဖြင့်။ ပဿ–ပဿာဟိ၊ စေ့စေ့ ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ပါလေ။

“ဒါဖြင့်ယင် ခန္ဓာကိုယ်မှာ ခါတ်ပေါ်အောင် ရှုနိုင်တဲ့ ပုဂ္ဂိုလ် ဘာရသလဲ ဆိုတော့ “သညတော” တဲ့။ သညတော၊ သညတ အနေ အားဖြင့်။ ပဿ–ပဿာဟိ၊ စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုပါလေ။

“ခါတုမနသိကာရ နည်းအားဖြင့် ခန္ဓာကိုယ်ကြီးကို ခါတ်ကြီး လေးပါး ခွဲလိုက်လို့ရှိယင်တဲ့၊ သညတော၊ အဲဒီ ပုဂ္ဂိုလ်သည် သညတ ဆိုက်တယ်တဲ့။

“ခန္ဓာကိုယ်မှာ ခါတ်လေးပါး ခွဲလို့ရှိယင် ဘာဖြစ်မလဲ”

“သညတ ဆိုက်ပါတယ် ဘုရား”

“ဒါကြောင့် ခါတုမနသိကာရ ကမ္မဋ္ဌာန်းဆိုတာဟာ သညတ ကမ္မဋ္ဌာန်းပဲ”

“မှန်ပါ ဘုရား”

“အဲဒီ သညတ ဆိုက်လိုတဲ့ တို့တရားနာ သူတော်ကောင်း အပေါင်း တို့သည် ခန္ဓာကိုယ်ကြီးကို ဘယ်လိုခွဲမလဲ၊ ခါတုမနသိကာရ ခါတ်ကြီး လေးပါး ခွဲရှုလေ။

“ခါတုတော၊ ခါတ်အနေအားဖြင့်။ သညတ၊ သညအနေအား ဖြင့်။ ပဿ–ပဿာဟိ၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုပါလေ။

“ခါတုတော သညတော ပဿ၊ မာလောကံ ပုနရာဂမိ။

“နန္ဒေ၊ အို–ချစ်နှမ ဇနပဒကလျာဏီနန္ဒာ။ ဓေါ၊ ဤသို့။

ပဋိပန္နော၊ ကျင့်သည်ရှိသော်။ တွ၊ သင် ချစ်နှမ ဇနပဒကလျာဏီသည်။ ဣမံလောကံ၊ဤရူပုပါဒါနက္ခန္ဓာ။ဝေဒနုပါဒါနက္ခန္ဓာ၊သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ ဆိုတဲ့၊ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ လောကကြီးကို။ မာပုနအာဂမိ၊ သင် ချစ်နှမ နောက်ထပ်တဖန် မလာ ရောက်ရလေတော့သတည်း''

''သာဓု–သာဓု–သာဓုပါ ဘုရား''

''အဲဒီ ခန္ဓာကိုယ်ကြီးကို ဓာတု၊ သုညတ ကောင်းစွာပိုင်ပိုင် ရှုနိုင်လို့ရှိယင် ချစ်နှမ ရူပကလျာဏီသည် ဘယ်သောအခါမှ ဤဥပါဒါ နက္ခန္ဓာ ငါးပါးနဲ့ တွဲပြီးတော့ နေတဲ့ လောကကြီးကို ပြန်ပြီးတော့ မလာတော့ပြီလို့ မြတ်စွာဘုရားက ဝိဇယသုတ္တာန်ရဲ့ နိဒါန်းဖြင့် ဤကဲ့သို့ တရားပြသွားတဲ့ ဤဂါထာပုဒ်ရဲ့ အဆုံး၌ ဇနပဒကလျာဏီနန္ဒာ ခေါ်တဲ့ မြတ်စွာဘုရားရဲ့ နှမတော်လဲ သောတာပတ္တိဖိုလ်၌ တည်ခဲ့ပါသည်။

''သောတာပတ္တိဖိုလ်၌ တည်သွားပြီ ဖြစ်တဲ့ ဇနပဒကလျာဏီကို ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်သည်။

''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊

နိသိန္နော ဥဒ ဝါ သယံ။

''အစရှိတဲ့ ဂါထာ ၁၄–ဂါထာတို့နဲ့ တန်ဆာဆင်အပ်တဲ့ ဝိဇယ သုတ္တန်ကို အဲဒီမှာ ဟောတယ်၊ ဝိဇယသုတ္တန် မဟောရသေးဘူး။

''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊

နိသိန္နော ဥဒဒ ဝါ သယံ''

လို့ အဲဒီမှာ ဝိဇယသုတ္တန်ကို စပြီးတော့ ဟောတယ်။

**ဝိဇယသုတ္တန် နှစ်ပြန်ဟော။** ဟို ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ထားခဲ့တဲ့ သိရိမာရဲ့ အလောင်း ကိုလဲပဲ ဘုန်းတော်ခြောက်ပါးသခင်နဲ့ သံဃာတော်ပရိသတ် ခေါင်းရင်း လက်ယာဘက်မှာ ရဟန်းမ ပရိသတ်၊လက်ဝဲဘက်က မင်းပရိသတ်၊ ခြေရင်း ဘက်က ဘာတဲ့တုံး''

''လူပရိသတ်ပါ ဘုရား''

''အဲ မြို့သူမြို့သား ကုန်သည်၊ လယ်လုပ်ပရိသတ် ဆိုပြီးတော့ ပရိ သတ် ၄–ပါး ခြံရံပြီးတော့ အလောင်းကို ပြပြီးတော့ ဟောတယ်ဆိုတာ က ရာဇဂြိုဟ်မြို့ ဖြစ်တယ်။

''မြတ်စွာဘုရားရဲ့ ဝါတော် ၁၇–ဝါရမှာ ဟောတာ၊ မြတ်စွာဘုရားရဲ့နှမ ဇနပဒကလျာဏီကို ဟောတာ၊ ဝါတော် ၆–ဝါအရမှာ ဟောတာ။ ဒီတော့ ၆–ဝါအရမှာ ဟောတာရော၊ ဝါတော် ၁၇–ဝါမှာ ဟောတာရော၊ ဝိဇယသုတ္တန်တမျိုးထဲ ဖြစ်တယ်။

အတူတူပဲ မဟုတ်လား။ အဲဒီရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ သီရိမာရဲ့ အလောင်းရဲ့ ခေါင်းရင်းကနေပြီးတော့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကလဲပဲ စောစောက ပြောထားခဲ့တဲ့–

''ပဿ စိတ္တကတံ ဗိမ္ဗံ၊
အရုကာယံ သမုဿိတံ၊
အာတုရံ ဗဟုသင်္ကပ္ပံ၊
ယဿ နတ္ထိ ဓုဝံ ဌိတိ။''

''ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ ယဿ၊ ယင်းကဲ့သို့ တည်ဆောက်ပြထားတဲ့ ခန္ဓာကိုယ်ကြီးအား။ ဓုဝံ၊ မယိုင်မလဲ ခိုင်မြဲတဲ့သဘောသည်။ ဌိတိ၊ ကြံ့ကြံ့ခိုင်ကျည် တည်တံ့ခြင်းဆိုတဲ့ သဘောသည်။ နတ္ထိ၊ တစိုးတစိ မရှိပါလေ။

''စိတ္တကတံ၊ အဝတ်တန်ဆာ စသည်တို့နှင့် သာယာခုံမက်ဖွယ်၊ အဆန်းတကြယ် ခြယ်လှယ်ပြုပြင်၍ ထားအပ်သော။ ဗိမ္ဗံ၊ ရှည်သင့်ရာ ရှည်၊ တိုသင့်ရာကို၊ ထိုထိုအင်္ဂါကြီးငယ်တို့ဖြင့် စုပေါင်း၍ တည်နေပေ ထသော။

''သမုဿိတံ၊ သုံးရာသော အရိုးများကြောင့် မားမားမြင့်ခေါင် စိုက်ထောင်ရပ်တည်နိုင်သော၊ အာတုရံ၊ မပြတ်မစဲ အမြဲကျင်နာ မခံသာ သော။ ဗဟုသင်္ကပ္ပံ၊ ထိုဤမျှားပြား အကြံမှားအပ်သော။ တံအရုကာယံ၊ ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြုန်းဖြုန်း ရွံရှာဖွယ်အပြည့်ဖုံးသဖြင့်–

''တကိုယ်လုံး အမာကြီးသဖွယ် မတင့်တယ်သော ခန္ဓာကိုယ် အတ္တဘောကို။ ပဿ-ပဿထ၊ ဖန်ဖန်စေ့ငု၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှု၍ နေကြကုန်သတည်း။

''သာဓု၊ သာဓု၊ သာဓုပါဘုရား''

''အဲဒီနောက်ကျတော့မှ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က ဝိဇယသုတ္တန်ရဲ့ ပထမဂါထာဖြစ်တဲ့–

''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊
နိသိန္နော ဥဒ ဝါ သယံ။

သံမိဋ္ဌေတိ ပသာရေတိ၊

သော ကာယဿ ဣဥ္ဇနာ။''လို့ ဝိဇယသုတ္တန်ကို စတယ်။

''ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့၊ စရ ဝါ၊ သွားလည်း သွား၏၊ တိဋ္ဌ ဝါ၊ ရပ်လည်း ရပ်၏၊ ဥဒ၊ ယို့ပြင်။ သံယံဝါ၊ အိပ်လည်း အိပ်၏၊ သမိဋ္ဌေတိဝါ၊ ထိုထိုခြေလက်ဆစ်တို့ကို၊ ကွေးလည်း ကွေးညွှတ်၏၊ ပသာရေတိဝါ၊ ယိုထိုခြေလက်ဆစ်တို့ကို ဆန့်လည်း ဆန့်တန်း၏။

''သော၊ ဤကဲ့သို့ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ရှေ့နောက်တက်ဆုတ်၊ ကွေးရုပ် ဆန့်တန်းမှုအဖုံဖုံ အမူအရာအလုံးစုံသည်။ ကာယဿ၊ ဤတလုံးမျှလောက်သော ခန္ဓာကိုယ်ကြီးရဲ့၊ ဣဥ္ဇနာ၊ လှုပ်ရှားမှုမျှသာတည်း လို့၊

''ဝိဇယသုတ္တန်ကို စပြီးတော့ ဓာတုတော၊ သုညတောလို့ ဆိုထားခဲ့တဲ့အတိုင်း။ ကမ္မဋ္ဌာန်းပေး၍ သုညတဆိုက်အောင် မြတ်စွာဘုရား ပြတော်မူပါတယ်။

''အေး၊ ဒါကြောင့် ဒီကနေ့ည ဝိဇယသုတ္တန် နိဒါန်း ၂–ရပ် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် နာပြီးကြပြီ။ မနက်ဖြန်ညကျသို့ ရှိယင် စရ ဝါ ယဒိ ဝါ တိဋ္ဌ အစချီထားတဲ့ ဓာတုကမ္မဋ္ဌာန်း၊ သုညတကမ္မဋ္ဌာန်း တခန်းတရပ် အခနအားဖြင့် အကျယ်ဟောမယ်နော်''

# ဝိဇယသုတ္တန် တတိယပိုင်း ၁

'ဝိဇယသုတ္တန်ရဲ့နိဒါန်း ၂–ခုနဲ့တကွ၊ အဲဒီနိဒါန်းတွေမှာ လာတဲ့ နိဒါန်းဂါထာတွေရဲ့အဓိပ္ပာယ်၊ အဲဒီအဓိပ္ပာယ်တွေမှာ ငုပ်ဝင်နေတဲ့ ဝိပဿနာရှုကွက်များ အတော်အတန် ပြီးသွားပြီ။

''မနေ့က ''အာတုရံ''ဆိုတဲ့ အပိုဒ်တပိုဒ်မှာ ဒီခန္ဓာကိုယ်ကြီးဟာ—

"အာတုရံ၊ မပြတ်မစဲ အမြဲသာလျှင် ကျင်နာနှိပ်စက်၊ အခံခက်လှသော။

''ခန္ဓာကိုယ် နာကျင်မှုနဲ့ ပတ်သက်လို့ ပရမတ်ဉာဏ်အမြင် ဆိုက်အောင်၊ အတ္တဆိတ်သုဉ်းအောင်၊ သက္ကာယဒိဋ္ဌိကွာအောင်၊ ရှုတဲ့နည်းဆိုပြီးတော့ မနေ့က ပေးလိုက်ပါပြီ။

**ဣရိယာပထနှင့် သမ္ပဇညပိုင်း။** ။ဒီကနေ့တော့ ဝိဇယသုတ္တန်ရဲ့ ပထမဂါထာ ဣရိယာပထနဲ့ သမ္ပဇည ၂–မျိုး ပါဝင်နေတဲ့ ပထမဂါထာတခုကိုပဲ ဒီကနေ့ညတော့ အတော်ကြိုးစားပြီးတော့ ပြောရမယ်။ အဲဒီဂါထာတပိုဒ်ထဲမှာ ဣရိယာပထ သမ္ပဇည ၂–ခုလုံး ဝင်နေတယ်။

"ရာဇဂြိုဟ်မြို့ရဲ့ လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ညောင်စောင်းထက် တင်ထားတဲ့ ၃–ရက်တိုင်တိုင် မီးမသင်္ဂြိုလ်ရရှာသေးတဲ့ သီရိမာရဲ့ အလောင်းကိုလဲ တို့ပရိသတ် ဒီကနေ့ အာရုံယူထား။

ယထာ ဣဒံ တထာ ဧတံ၊
ယထာ ဧတံ တထာ ဣဒံ။

"ဣဒံ၊ ဤ အမောင်တို့ အမိတို့ ရရှိထားတဲ့ အသက်ထင်ရှားရှိနေတဲ့ ခန္ဓာကိုယ်ကြီးသည်။ ဧတံ ယထာ၊ ထိုသုသာန်တစ သင်္ချိုင်းဝမှာ ပစ်ချထားတဲ့ သီရိမာရဲ့ အလောင်းကဲ့သို့။ ဥဒ္ဓုမာတကာဒိဘာဝပ္ပတ္တံ၊ လေဖြင့်ပြည့်သော သားရေအိတ်ကြီး သဖွယ် ဖူးဖူးရောင်ပွ၊ အမှာထသည်။ ဘဝိဿတိ၊ ကေန်စင်စစ်ဖြစ်ပါသတည်း။

"ဧတံ၊ ထိုသုသာန်တစ သင်္ချိုင်းဝမှာ ပစ်ချထားတဲ့ သီရိမာရဲ့ အလောင်းသည်။ အနိစ္စတာဒိဘာဝပ္ပတ္တံ၊ အနိစ္စ အစရှိသော သဘော ရှိလေသကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံ့မေ၊ ဤအမောင်တို့ အမိတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးလဲပဲ။ နစိရေနေဝ၊ မကြာမြင့်တဲ့ ကာလမှာပင်လျှင်။ အနိစ္စ တာဒိဘာဝပ္ပတ္တံ၊ အနိစ္စ အစရှိတဲ့ သဘောရှိသည်။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်" လို့။

"သေတဲ့သူရဲ့ ခန္ဓာကိုယ်နဲ့ မိမိတို့ရဲ့ အသက်ထင်ရှား ရှိနေတဲ့ ခန္ဓာကိုယ်ကို ထပ်တူကပ်မျှ အာရုံယူထားသည်။

"စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊
နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊
ဧသာ ကာယဿ ဣဉ္ဇနာ" တဲ့။

"သီရိမာရဲ့ အလောင်းရဲ့ ခေါင်းရင်းမှာ သိတင်းသုံးတဲ့ ဘုန်းတော်ဖြင့်–ပါးသခင် ဘုရားရှင်သည် ဝိဇယသုတ်ရဲ့ ပထမဂါထာပုဒ်ကို ပရိသတ်လေးပါးရဲ့ အလယ်မှာ ထုတ်ဖော်၍ ဟောကြားတော်မူတယ်။

"ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့၊ စရံဝါ၊ သွားလည်း သွား၏။ယဒိ၊ ထို့ပြင်။ တိဋ္ဌံဝါ၊ ရပ်လည်း ရပ်၏ နိသိန္နောဝါ၊ ထိုင်လည်း ထိုင်၏။ ဥဒ၊ ထိုသို့မဟုတ်။ ဥဒ၊ ထို့ပြင်၊ သယံဝါ၊ အိပ်လည်း အိပ်၏၊ သမိဉ္ဇေတိဝါ၊ ထိုထိုခြေဆစ်လက်ဆစ်တို့ကို ကွေးလည်း ကွေး၏၊ ပသာရေတိဝါ၊ ထိုထိုခြေဆစ်လက်ဆစ်တို့ကို ဆန့်လည်း ဆန့်တန်း၏။

"ဧသာ၊ သွား၊ရပ်၊ ထိုင်၊ လျောင်း။ ရှေ့နောင်းတက်ဆုတ်၊ ကွေးရပ် ဆန့်တန်း အစုံစုံအဖုံဖုံ၊ အမူအရာ အလုံးစုံသည်။ ကာယဿ၊ ရူပကာယ၏။ ဣဉ္ဇနာ၊ လှုပ်ရှားမှုမျှသာတည်း တဲ့။

"ပထမ ဂါထာပိုဒ်ကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ဤကဲ့သို့ အစပြု၍ ဟောပါတယ်။ ရာဇဂြိုဟ်မြို့ရဲ့ လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ထားတာက အသုဘ ဘာဝနာ၊ အသုံဘ အလောင်းကောင် ဟောတဲ့ တရားက ဘာတဲ့လဲ။

"သတိသမ္ဗဇဉ်၊ဣရိယာ်ပထပိုင်းနဲ့သမ္ပဇညပိုင်း၊ ဘာဆိုင်လို့လဲလို့ ဒီလို တွေးစရာရှိတယ်။ အလောင်းကောင် မီးမသင်္ဂြိုဟ်ပဲနဲ့ အလောင်း ပြပြီး တော့၊ မြတ်စွာဘုရား ဘာ့ပြုလို့များ ဣရိယာပထနဲ့ သမ္ပဇညကို ဟောရ သလဲလို့၊ အကြောင်းအကျိုး မဆီဆိုင်ဘူးလို့ ဒီလိုတော့ မတွေးလိုက်နဲ့။

"သေသေချာချာ ဆီဆိုင်တော်မူလို့ အနုသန္ဓေ ဆက်စပ်တော်မူတဲ့ ဒေသနာ၊ မြတ်စွာဘုရားရဲ့ ဒေသနာတော်တွေဟာ သာနုသန္ဓိက ဒေသနာ လို့ ဒီလို အဋ္ဌကထာများ ပြောတယ်။

"ဘယ်လို သာနုသန္ဓိက ဒေသနာလဲ ဆိုတော့ သဟအနုသန္ဓိကတဲ့။ ဆက်စပ်မှုနဲ့တကွ ဖြစ်နေတဲ့ တရားတွေ တဲ့။

"တရား တခုတခု ဟောလိုက်လို့ရှိယင် ဟောဖို့ရန် သူ့အကြောင်း အကျိုး အကုန်လုံးဟာ ဆက်စပ်ပြီးသားရှိတယ်။ ဆက်စပ်မှုရှိတဲ့ တရား။

"ဘာမှ သူ့ဟာနဲ့သူ မဆီဆိုင်ပဲနဲ့ မဆက်စပ်မိပဲနဲ့၊ ဦးတည်ရာ လျှောက်ဟောတဲ့ တရားမျိုး မဟုတ်ဘူးတဲ့။ ဒါ "သာနုသန္ဓိကဒေသနာ" ဆိုတာကို ဒီလို မှတ်ထား။

"ဘာကြောင့် ဒါပြောရသလဲ ဆိုလို့ရှိယင် ဟိုမယ်ကြည့်လေး။ ရာဇဂြိုဟ်သုသာန်မှာ မြင်နေရတာက အသုဘ အလောင်းကောင်။ ဟော တာက သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ ကွေးတယ်၊ ဆန့်တယ်။

"အဲဒီ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ကွေး၊ ဆန့် ဆိုတဲ့ အမူအရာ တွေဟာ ဘာကြောင့် ဖြစ်သလဲ၊ ဘာတွေ လုပ်နေတာလဲ ဆိုလို့ရှိယင် ကာယဿက္ခန္ဓာ၊ ဤရုပကာယရဲ့ လှုပ်ရှားမှုလေးပါပဲတဲ့။

"ဒါ ပါဠိတော်ဂါထာ၊ အဓိပ္ပာယ်တော့ ပြီးသွားပြီ။ အဲဒီတော့ ဘယ့်နှယ်လုပ်ဆိုင်တုံးဆိုတော့ ဆိုင်ပုံဆိုင်နည်းက ဒီလိုယူရတယ်။

"သီရိမာသည် မကျန်းမမာ ဖြစ်နေတဲ့အချိန်၊ ကိုယ်တော်ရှင်မြတ် ရှစ်ပါး အိမ်ကို ကြွလာတဲ့အခါကျတော့ မနက် ဆွမ်းခံကြွလာတဲ့ ကိုယ်တော် များကို သပိတ်ကပ်ပြီးတော့ ဆွမ်းများ၊ ဆွမ်းဟင်းများ၊ မုန့်ခဲဖွယ်များ ထည့်ပြီးတော့ ကိုယ်တိုင် ပြင်ဆင်ချက်ပြုတ်ပြီးတော့ မကပ်နိုင်တော့ဘူး။

“သူတပါး ပြင်ဆင်လုပ်ကိုင်ပြီးသား သပိုတ်များကို ရှေ့ အဆင်သင့် ချထားပြီးမှ သူက သွားပြီးတော့ အဲဒီမှာ ကိုယ်တော်များကို လက်ထောက်။ ဒူးချ၊ တတောင်ချ၊ နဖူးချ၍ ရှိခိုးကြ ဆိုတဲ့ ပဉ္စပတိဋ္ဌိတဝန္ဒနာ ရှိခိုးရုံမျှပဲ ရှိခိုးနိုင်တယ်။ အဲဒီလို သီရိမာ အမည်ရှိတဲ့ အမျိုးသမီးသည် ကိုယ်တော် အရှင်မြတ် ရှစ်ပါး ရှေ့မှာ ထိုင်ပြီးတော့ ရှိခိုးတယ်ဆိုလို့ရှိယင် အမူ အရာကို ကြည့်ပါ။

“သမိဉ္ဇေတိဝါ၊ ထိုထို ခြေဆစ်လက်ဆစ်တို့ကို ကွေးလည်း ကွေး၏”

“ဦးချတယ် ဆိုယင် တို့ပရိသတ် ပထမဦးစွာ ဘာလုပ်ရမှာလဲ။ ခါးကို ကွေးရတယ်၊ တတောင် ၂–ဘက်ကို ကွေးရတယ်၊ ကွေးတဲ့ အမူအရာ ဖြစ်တယ်နော်”

“မှန်ပါ ဘုရား”

“ကွေးပြီးတဲ့အခါကျယင်ဖြင့် နဖူးနဲ့ တတောင် ၂–ဘက်နဲ့ ဒူးနဲ့ မြေမှာကျပြီးတဲ့အခါမှ ပြန်ပြီးတော့ ဆန့်လိုက်တယ်၊ မဖြစ်ဘူးလား”

“ဖြစ်ပါတယ် ဘုရား”

“သမိဉ္ဇေတိဝါ၊ ထိုထို ခြေဆစ်လက်ဆစ်တို့ကို ကွေးလည်း ကွေး၏။ ပသာရေတိဝါ၊ ထိုထို ခြေဆစ်လက်ဆစ်တို့တို့ ဆန့်လည်း ဆန့်တန်း၏။

**ပညတ်ကြီးက ဖြစ်ရာဂ။** ။“အဲဒီ ကွေးပုံ၊ ဆန့်ပုံ၊ ညွတ်ပုံ၊ ခေါင်းကလေး ညွတ်ပုံ၊ လက်ကလေး လက်အုပ်ချီလိုက်ပုံ ဆိုတဲ့ လှုပ်ရှားတဲ့ အမူအရာမှန်သမျှကို ကြည့်ရှုပြီးနေတဲ့ ကိုယ်တော်အရှင်မြတ် ရှစ်ပါးထဲက အကြီးဆုံးဖြစ်တဲ့ ကိုယ်တော်ရဲ့ သန္တာန်၊ အကြီးဆုံး ကိုယ် တော်အရှင်မြတ်ရဲ့ စိတ်အစဉ်မှာ ကြည့်လိုက်စမ်း။ ဘာတွေဖြစ်နေသလဲ၊ အဲဒီ သီရိမာရဲ့ လှုပ်ရှားတဲ့အမူအရာကို ကြည့်ပြီးတော့ ကိုယ်တော်အရှင် မြတ်ရဲ့ သန္တာန်မှာ ရာဂတွေ ဖြစ်တယ်။

“မဖြစ်ဘူးလား”

“ဖြစ်ပါတယ် ဘုရား”

“အဲဒီ ရာဂ ဘာ့ကြောင့်ဖြစ် ဆိုတော့ သီရိမာဆိုတဲ့ အမျိုးသမီး– သတ္တပညတ်၊ပုဂ္ဂလပညတ်၊သမူဟပညတ်။သဏ္ဍာနပညတ်၊ အတ္တပညတ်တဲ့။

“အကျဉ်းချုံးပြောလိုက်ယင်တော့ ပညတ်။ သီရိမာ အမည်ရှိတဲ့ ပညတ်ပေါ်တင်ပြီးတော့ ရှုနေမိလို့ မဟုတ်ဘူးလား”

“ဟုတ်ပါတယ် ဘုရား”

"အေး၊ 'အဲဒီက စပြီးတော့ မြတ်စွာဘုရားက ဒေသနာ ကိုင်တယ်။ သီရိမာ လက်အုပ်ချီမိုး ရှိခိုးပြီးတော့နေတဲ့အချိန်၊ ကွေးခြင်း၊ ညွတ်ခြင်း၊ ဆန့်ခြင်းဆိုတဲ့ အမူအရာတွေ လုပ်ပြီးနေတာကို "သီရိမာဆိုတဲ့ ဒကာမက ငါ့ကို ဦးချနေပြီ" လို့ အာရုံယူပြီး ရာဂ ဖြစ်သဖြင့် အဲဒီလို ရာဂမျိုးကို ပယ်ရှားဖို့မှန်၊ ဒီရာဂ ဘယ်က ပေါက်ဖွားလာတာလဲ ဆိုလို့ရှိယင် သတ္တသညာ တဲ့၊ သတ္တဝါ ဆိုတဲ့ အမှတ်သညာကနေ ပေါက်ဖွားလာတာနော်"

"တိုပင်္ဂိယတ်၊ ဒီစကားကို သေသေချာချာ ကိုင်ထား၊ သီရိမာ အမည်ရှိတဲ့ အမျိုးသမီးကို မြင်တဲ့ ကိုယ်တော်အရှင်မြတ်ရဲ့သန္တာန်မှာ ရာဂ ပေါက်ဖွားတာ၊ ဘယ်က ပေါက်ဖွား"

"သတ္တသညာကပါ ဘုရား"

"သတ္တဝါဆိုတဲ့ အမှတ်သညာကနေ ပေါက်ဖွားတဲ့ရာဂ၊ မှန်ရဲ့လား"

"မှန်ပါတယ် ဘုရား"

"ဒါ သတ္တဝါ မဟုတ်ဘူးလို့ သတ္တသညာ ပျောက်နေလို့ရှိယင် ဒီကိုယ်တော် အရှင်မြတ်ရဲ့သန္တာန်မှာ ရာဂဝင်ပါ့မလား"

"မဖြစ်နိုင်ပါ ဘုရား"

**မူရာကြည့်က ကွာရာဂ။** ။"ကွေးတယ်၊ ညွတ်တယ်၊ ဆန့်တယ်၊ ခေါင်းကို ကွေးသည်၊ လက် ၂ ဘက်ကို ကွေးတယ်၊ ခေါင်းကလေး ညွတ်သွားတယ်၊ ကွေးခြင်း၊ ညွတ်ခြင်း၊ ဆန့်ခြင်း၊ သမိဉ္စိတ၊ ပသာရိတ ဆိုတဲ့ အမူအရာထဲမှာ ဒီကိုယ်တော်အရှင်မြတ်သည် "ဩော်....သီရိမာဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါတယောက်ယောက်က ငါ့ကို ဦးချနေပြီလို့ အာရုံပြုမိတဲ့အတွက်ကြောင့် သက္ကာယဒိဋ္ဌိတဲ့၊ အဲဒီနောက်မှာ တဲ့ ပြီးတော့ ရာဂလာ။ လောဘမူစိတ်ထဲက ဆိုလို့ရှိယင် ဒိဋ္ဌိဂတသမ္ပယုတ်၊ လောဘမူစိတ်ပေါ့နော်"

"မှန်ပါ ဘုရား"

"ဒိဋ္ဌိနဲ့ယှဉ်နေတဲ့ လောဘစိတ်၊ ဒါဖြစ်တယ်၊ အဲဒီလို ဒိဋ္ဌိနဲ့ယှဉ်နေတဲ့ လောဘစိတ်တွေဖြစ်တယ်၊ ဖြစ်တဲ့အတွက်ကြောင့် 'ဤကဲ့သို့သော ဒိဋ္ဌိနဲ့ ယှဉ်နေတဲ့ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိနဲ့ယှဉ်နေတဲ့ လောဘစိတ်မျိုး မဖြစ်ကြရလေအောင်၊ဘုန်းတော်ခြောက်ပါးသခင်ဘုရားရှင်သည် ဘာဟောသလဲ

ဣရိယာပထနဲ့ သမ္ပဇဉ ၂-ဌာနကို ပထမဦးစွာ စပြီးတော့ ဟော တယ်၊

''ဘိက္ခဝေ၊ ပရိသတ်လေးပါး၊ အိုချစ်သား ချစ်သမီးတို့။ သီရိမာ၊ သီရိမာဆိုတဲ့ ဒကာမသည်။ ပုဗ္ဗေ၊ မသေမီ အခါ ရှေးအခါတုန်းက။ စရံဝါ၊ သွားလည်း သွား၏၊ တိဋ္ဌံဝါ၊ ရပ်လည်း ရပ်၏။ နိသိန္နောဝါ၊ ထိုင်လည်း ထိုင်၏၊ သယံဝါ၊ အိပ်လည်း အိပ်၏၊ သမိဉ္စေတိဝါ၊ ထိုထို ခြေဆစ်လက် ဆစ်တို့ကို ကွေးလည်း ကွေး၏။ ပသာရေတိဝါ၊ ထိုထိုခြေဆစ်လက်ဆစ်တို့ ကို ဆန့်လည်း ဆန့်တန်း၏၊

''သော၊ ဤ သွား ရပ် ထိုင် လျောင်း၊ ရှေ့နောက်တက်ဆုတ်၊ ကွေးရပ်ဆန့်တန်းမှု အစုစု အဖုံဖုံ အမူအရာ အလုံးစုံသည်။ ကာယဿ၊ ရူပကာယ၏။ ဣဉ္ဇနာ၊ လှုပ်ရှားတဲ့ အမူအရာမျှသာတည်း။

''ချစ်သားချစ်သမီးတို့၊ သီရိမာ ကွေးတယ်၊ ညွတ်တယ်၊ ဆန့်တယ်၊ အများပြောတဲ့ အမှန် သမုတိသစ္စာနယ်ကကြည့်တော့ သီရိမာဦးချနေတာ၊ အများပြော အမှန်သမုတိသစ္စာနော်''

''မှန်ပါဘုရား''

''ဒါဖြင့်ယင် ဣရိယာပထ သမ္ပဇဉနည်းနဲ့ ရှုကြမယ့် တို့ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့သည်တဲ့၊ ကွေးတယ်၊ ညွတ်တယ်၊ ဆန့်တယ်၊ သွားတယ်၊ လာတယ်၊ ဆိုတဲ့ ဣရိယာပထသမ္ပဇဉကို ရှုကြမယ့် ယောဂီတို့သည် အများ ပြော အမှန်သမုတိသစ္စာပေါ်မှာ ရှုမှာလား၊ တရားသဘောအမှန် ပရမတ္ထ သစ္စာပေါ်မှာ ရှုမှာလား''

''တရားသဘောအမှန်ပေါ်မှာ ရှုပါမယ်ဘုရား''

''သေသေချာချာမှတ်ထား၊ တရားသဘောအမှန် ပရမတ္ထသစ္စာ ပေါ် ရှုမိမှပင်လျှင်တဲ့ အတ္တဒိဋ္ဌိ၊ သတ္တဒိဋ္ဌိ၊အတ္တသညာ၊ သတ္တဝါဆိုတဲ့အမှတ် သညာ ပျောက်မည်မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒါကြောင့်မို့လို့၊ ဝိဘင်းပါဠိတော်၊ သတိပဋ္ဌာန၊ ဝိဘင်းတို့၊ ဟို မဟာသတိပဋ္ဌာနသုတ္တန်တို့မှာ ဘာပြောလဲ ဆိုလို့ရှိယင်။

ဂုဂပယ်ခွာ ကာယနုပဿနာ။ ။"ဣဓဘိက္ခဝေ ဘိက္ခု ဂ.ာယေကာယာ
နုပဿီ၊ ဝိဟရတိ၊ အာတာပီသမ္ပဇာ
နော၊ သတိမာ။ ဝိနေယျ၊ လောကေအဘိဇ္ဈာ ဒေါမနဿံ။

"ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဣဓ၊ ဤလောက၌။ ဣဓ၊ ဤငါဘုရားရဲ့ အံ့ဖွယ်ရှစ်ဖြာ၊ သာသနာတော်မြတ်၌၊ ဘိက္ခု၊ရဟန်းသည်၊ အာတာပီ၊ ကိလေသာမာန်သူပုန်ရန်ကို၊ ပူပန်စေတတ် ဝီရိယဓာတ်လဲ ရှိသည်ဖြစ်၍။

"ဣရိယာပထ သမ္ပဇညပွဲလိုတဲ့ ယောဂီပုဂ္ဂိုလ်တို့သည် လက်ကိုင်ထားရမယ့် တရားသုံးလုံး၊ သေသေချာချာမှတ်။

"အာတာပီ၊ ကိလေသာကို ပူပန်စေတတ်တဲ့ ဝီရိယခေါ်တဲ့ သမ္မာဝါယာမမဂ္ဂင်၊ ဗောဇ္ဈင်ပိုင်းက ပြောတော့ ဝီရိယသမ္ဗောဇ္ဈင်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အာတာပီ၊ ကိလေသာမာန် သူပုန်ရန်ကိုပူပန်စေတတ်တဲ့၊ ဝီရိယဓာတ်၊ သမ္မာဝါယာမမဂ္ဂင်တဲ့၊ ဗောဇ္ဈင်ပိုင်းက ပြောတော့ ဝီရိယသမ္ဗောဇ္ဈင်ဆိုတဲ့ ဝီရိယလဲ ရှိသည်ဖြစ်၍။ သမ္ပဇာနော၊ သတ္တဝါပညတ်နဲ့ ပရမတ္ထတရား၊ ဤ ၂–ပါးကို ခွဲခွဲခြားခြား သိတဲ့ အသိ။ အဲ ခွဲခွဲခြားခြား သိတဲ့ ပညာ။ ဗောဇ္ဈင်ပိုင်းက ပြောတော့ ဘာဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ပရိသတ်များ ဘာဗောဇ္ဈင်လဲ"

"ဓမ္မဝိစယ သမ္ဗောဇ္ဈင်ပါဘုရား"

"သေသေချာချာမှတ်ထားပါ။ သတိပဋ္ဌာနသုတ္တန်ကို ပြန်ကြည့်ပါ၊ သတိပဋ္ဌာနသုတ္တန်ရတဲ့ ပုဂ္ဂိုလ်တွေ ပါကောင်းပါလိမ့်မယ်၊ ဒီထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေ ရှိမယ်၊

"အစပှာကို ပြောထားတယ်။ အာတာပီ၊ သမ္ပဇာနော၊ သတိမာ၊ ဘယ်နှစ်ချက်လဲ"

"သုံးချက်ပါ ဘုရား"

"အာတာပီတဲ့၊ဝီရိယထား။ ဝီရိယက ဗောဇ္ဈင်ထဲမှာ ဆိုလို့ရှိယင် ဝီရိယသမ္ဗောဇ္ဈင်၊ မဂ္ဂင်ထဲကျတော့...."

"သမ္မာဝါယာမ မဂ္ဂင်ပါဘုရား"

"သမ္မာဝါယာမ မဂ္ဂင်နော်"

"မှန်ပါဘုရား"

"ပြည်သူ့ခံရုံးကို တင်စစ်ခံနေရတဲ့ပုဂ္ဂိုလ်တယောက်လို ဖြစ်နေပြီ။ တို့ဒကာကြီး ကိုအုန်းဟန်က ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ပြောသာ ပြေ။ စကား တလုံးတလုံး ဖြေရတဲ့ ဥစ္စာဟာလေ၊ တို့ပရိသတ် စဉ်းစားကြည့်စမ်း။ ဒီစကားလုံးတွေဟာ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟော ထားတဲ့ စကားလုံးတွေ။

"ဟုတ်တယ် မဟုတ်လား"

"မှန်ပါ့ဘုရား"

"အာတာပီ"ဆိုတဲ့ စကားတလုံး၊ "သမ္ပဇာနော"ဆိုတဲ့ စကား တလုံး၊ "သတိမာ"ဆိုတဲ့စကားတလုံး၊ ဘုရားက သဗ္ဗညုတဉာဏ်နဲ့ ဟော ထားတာ။ အဲဒီ အာတာပီမှာ ပါဠိစကားတလုံး၊ အက္ခရာအနေအားဖြင့် သုံးလုံး ရှိပါတယ်။ အဲဒီ "အာ"ဆိုတဲ့ အက္ခရာလေးတလုံး ဖြစ်ဖို့ရန်အတွက် မြတ်စွာဘုရားမှာ သဗ္ဗညုတဉာဏ်တော်တဆူပဲ ပြောကြစို့။

"စကားတလုံးတလုံးမှာ အလွန်လျင်မြန်တဲ့ ဘုရားရဲ့ဉာဏ်တော် ဟာ ဇော ၇–ကြိမ်ဖြစ်တယ်။ ဇော ၇–ကြိမ် မပြည့်ပဲနဲ့ ဘုရားရဲ့ ဉာဏ် တော် ရပ်မသွားဘူး။ ဉာဏ်ထိုင်းတဲ့ သူတွေသာ ဇောလေးက မပြည့်တပြည့် နဲ့ ၃–ကြိမ်ဖြစ်လိုဖြစ်၊ ၄–ကြိမ်ဖြစ်လိုဖြစ်၊ ဒီလိုဖြစ်တာ။

"အလွန်ထက်မြက်တော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ကြီးမှာ မဟာ ကြိယာဉာဏ် သမ္ပယုတ်ဇောစိတ္တုပ္ပါဒ် ၇–ကြိမ်ဖြစ်ပြီးမှ ဒီစကားလုံးတွေ ထွက်လာ၊ ဘယ်လောက် အဖိုးတန်တယ်ဆိုတာ လေးနက်တဲ့ စကားလုံးတွေ သေသေချာချာ စဉ်းစားကြည့်နော်"

"မှန်ပါ ဘုရား"

"အာတာပီ ဆိုတဲ့ နေရာမှာ "အာ" ဆိုတဲ့ စကားတလုံးမှာပင် သဗ္ဗညုတဉာဏ်တော် ၇–ဆူ၊ "တာ" ဆိုတဲ့ စကားတလုံးမှာပင် သဗ္ဗညုတဉာဏ်တော် ၇–ဆူ။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အေး၊ ဒါကြောင့် ပါဠိတလုံးတလုံး ရွတ်လိုက်တိုင်း ရွတ်လိုက် တိုင်း၊ တို့ရဲ့ နားထဲမှာ သဗ္ဗညုတဉာဏ်တော် တဆူတဆူ အနည်းဆုံး ကြွရောက်ကြွရောက် ကိန်းအောင်းတယ်လို့၊ အဲဒီလို ပူဇော်လေ၊ အကျိုး မများဘူးလား"

''အကျိုးများပါတယ် ဘုရား''

''ဒါကြောင့် တို့ဒကာ ကိုအုံးဟန်ကြီး။ မကြောက်နဲ့။ ပြောသာပြော''

''မှန်ပါ ဘုရား''

''အာတာပီ၊ ကိလေသာမှန် သူပုန်ရန်ကို ပူပန်စေတတ်တဲ့ ဝီရိယလဲ ရှိရမယ်၊ အခြေခံတဲ့ နံပတ် (၁)၊ ဘာ ရှိရမှာလဲ''

''ဝီရိယပါ ဘုရား''

''ဗောဇ္ဈင်ထဲ ပထမဗောဇ္ဈင်ထဲမှာဆိုယင်–

''ဝီရိယသမ္ဗောဇ္ဈင်''

''မဂ္ဂင်ထဲက''

''သမ္မာဝါယာမ မဂ္ဂင်ပါ ဘုရား''

''သမ္မာဝါယာမ မဂ္ဂင်ဆိုက်နေတဲ့ ဝီရိယ ရှိရမယ်''

''သမ္မာဇာနော'' တဲ့။ သတ္တာ ပါပညတ်နဲ့ ပရမတ္ထတရား။ ဤ၂-ပါး ကို ခွဲခြားနိုင်တဲ့ ဉာဏ်ပညာလဲ ရှိစေ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဓမ္မဝိစယ ဆိုတာဟာလေ ပရမတ္ထဓမ္မတွေကို ခွဲခြမ်းစိစစ်တဲ့ ဗောဇ္ဈင်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဟုတ်ပြီသား''

''မှန်ပါတယ် ဘုရား''

**ဗောဇ္ဈင်ခေါ်ပုံ။** ။''ဗောဇ္ဈင် ဆိုတာက ဗောဓိရဲ့ အင်္ဂါ၊ဗောဓိ ဆိုတာက မဂ်ဉာဏ်၊ အင်္ဂါ ဆိုတာက မဂ်ဉာဏ်ရဲ့ ပြည့်စုံရာ ပြည့်စုံကြောင်း အင်္ဂါရပ်တွေကို ဗောဇ္ဈင်လို့ ခေါ်ပါတယ်။ ဒီတော့ ဗောဇ္ဈင်ဆိုတာဟာ ဗောဓိဉာဏ်လို့ ခေါ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဲ့အင်္ဂါရပ်တွေတဲ့။

''အခု နံပတ် ၂၊ ပညာဉာဏ် ရှိရမယ်။ ရုပ်နာမ်ဓမ္မ ခွဲခြားသိမြင်တဲ့ ပညာဉာဏ် ရှိသည်။ နောက်ပြီးတော့–

''သတိမာ၊ ပရမတ္ထ တရားတွေကို ထင်ရှားအောင် လုပ်ပေးနိုင်တဲ့ သတိတရားလဲ ရှိစေ။ ဘယ်နှစ်လုံးလဲ''

''၃–လုံးပါ ဘုရား''

''ဝီရိယရယ်၊ ပညာရယ်၊ သတိရယ်၊ တို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဣရိယာပထ သမ္ပဇဉ်၊ ဣရိယာ ပထပဗ္ဗပိုင်း သမ္ပဇဉ်ပဗ္ဗပိုင်း၊ ဤ ၂–ပိုင်း ပါဝင်နေတဲ့ ဤကမ္မဋ္ဌာန်းကို ''စရံ ဝါ

ယဒိ ဝါတိဋ္ဌ'''အစရှိတဲ့ ဤ ကမ္မဋ္ဌာန်းကို အားထုတ်နေကြတဲ့ ပုဂ္ဂိုလ်တွေ၊ လက်ကိုင်ထားရမယ့် တရား ဘယ်နှစ်လုံး ရပြီလဲ''

''သုံးလုံးပါ ဘုရား''

**ဝိပဿနာနှင့် သမထခေါင်းဆောင်။** ။''၃ - လုံး ရပြီတဲ့။ ဝီရိယရယ်၊ သတိရယ်၊ ပညာရယ်လို့၊ ဝိပဿနာမှာဖြင့် အဲဒီ တရား ၃–လုံး ခေါင်းဆောင်သည်။ သမထနယ် ကျယင်ဖြင့် ''ပညာ'' ဖယ်၍ ''သမာဓိ'' ကို အစားသွင်း၊ သမထနယ်မှာ ''ပညာ''ကို ပယ်ထားပြီးတော့ ဘာအစားသွင်း....''

''သမာဓိကို အစားသွင်းရပါတယ် ဘုရား''

''သမာဓိ အစားသွင်းတော့ ဝီရိယရယ်၊ သတိရယ်၊ သမာဓိရယ်။ သမထ လမ်းသွားလိုတဲ့ ပုဂ္ဂိုလ်၊ အဲဒါ ကိုင်ထား၊ ဟုတ်ပြီလား''

'''မှန်ပါ ဘုရား''

''သမထလမ်း သွားလိုတဲ့ ပုဂ္ဂိုလ်က ''ပညာ'' ပါသေးလား''

''မပါ ပါ ဘုရား''

''ပညာမပါလို့ ရှိယင်ဖြင့် 'ဒါရုပ်ပဲ၊ ဒါနာမ်ပဲ'လို့ ခွဲဖို့လိုသေးလား''

''မလိုပါဘုရား''

''မလိုဘူး၊ ဝီရိယ ဖမ်းရှုနေဘ်''

''မှန်ပါ ဘုရား''

''မျက်စိက အရောင်လေး ထွက်လာတယ်၊ ရှုထား။ သူ့လိုပဲ သမထသွားချင်၊ ဈာန်တက်ချင်တဲ့ သူကတော့ မလွှတ်နဲ့၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ပညာ မလိုဘူး၊ သမထလမ်း၊ ဈာန်လမ်းသွားချင်တဲ့ ပုဂ္ဂိုလ်များ အတွက်က ''ပညာ'' မလိုလေ။ သတိ–ဝီရိယ–သမာဓိ ၃–လုံးကို လက်ကိုင်ထားပြီး သကာလ သမာဓိကို သတိ၊ ဝီရိယက အကူအညီပေးပြီးတော့ တက်သွား။ ထွက်လေ ဝင်လေကမ္မဋ္ဌာန်း စီးဖြန်းနေယင်းနဲ့ ဟာ....အလင်း ရောင်လေး ပေါ်လာတယ်ဆိုယင် အဲဒီ အလင်းရောင် စိုက်ကြည့်၊ ဒါ ''နိမိတ်'' ခေါ်တယ်။

''ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ် စသည်ဖြင့် သမထ လမ်းက နိမိတ်တွေ ရှိတယ်နော်။ ဒါကြောင့် သမထလမ်းက အဲဒီလိုသွား။

''ဝိပဿနာလမ်း သွားမယ့် ပုဂ္ဂိုလ်က ယင်ဖြင့်အရောင်ထွက်လာယင် အရောင်ကြည့်ရမလား''

''မကြည့်ရပါဘုရား''

''အဲဒီအရောင်နောက် လိုက်ယင်တဲ့ မိမိတို့ ရထားတဲ့ လုပ်ငန်းတွေ ပျက်တယ်။

''ဝိပဿနာလမ်း သွားမယ့်သူကတော့ လမ်း ၂-လမ်း ခြားနား သွားပြီလား''

''ခြားနားသွားပါပြီ ဘုရား''

''ခြားနားသွားပြီတဲ့။

''သွားရမယ့် လမ်းဥကလဲ အဲဒီလို တခြားစီ ဖြစ်တယ်။ အခြေခံ အားဖြင့် တူပေမဲ့ ခြားသော်လဲပဲလဲ၊ တက်လာတာ အဆင့်ဆင့်၊ ရှေ့ဉာဏ် တွေ တက် တက်သွားတော့ တခြားစီ၊ လက်ကိုင်ထားတဲ့ တရား ၄-လုံး ကလဲ မတူပါ။

''ဈာန်လမ်းသွားမယ့် ပုဂ္ဂိုလ်ကတော့ သတိ၊ ဝီရိယ၊ သမာဓိ၊ မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်း တက်မယ့် ပုဂ္ဂိုလ်တွေကျတော့ သတိ၊ ဝီရိယ၊ ပညာ။

''ဒါကြောင့် ဒီသတိပဋ္ဌာနသုတ္တန်မှာ ''အာတာပီ၊ သမ္ပဇာနော၊ သတိမာ''လို့ မြတ်စွာဘုရားက ဟောတော်မူသည်တဲ့နော်''

''မှန်ပါဘုရား''

''အာတာပီဆိုတဲ့ ဒါဒ်အရ ''ဝီရိယ''ကိုကောက်၊ သမ္ပဇာနော ဆိုကဲ့အဒ်အရ ''ပညာ''ကိုကောက်၊ သတိမာဆိုတဲ့ ဒ်အရ ''သတိ''ကို ကောက်လေ။ တရား ၃-လုံး။

''အာတာပီ သမ္ပဇာနော၊ သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ''

''အဲဒီလို တရား ၃-လုံးကို လက်ကိုင်ထားကြတဲ့ ယောဂီ သူတော် စင် အပေါင်းတို့သည် နောက်တဆင့် ဘာလုပ်ရမှာလဲဆိုယင်-

''ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ။

''လောကေ၊ ဒီ ဥပါဒါနက္ခန္ဓာ ဆိုတဲ့ လောကကြီး၌၊ အဘိဇ္ဈာ ဒေါမနဿံ၊ အဘိဇ္ဈာနဲ့ ဒေါမနဿ တရား ၂-ပါးကိုလဲ၊ ဝိနေယျ၊ ပယ် ဖျောက်ထားပါ။

"ဒါ အခြေခံ၊ ပါဠိတော်မှာ။ ဒီခန္ဓာငါးပါးပေါ်မှာ ဖြစ်တတ်တဲ့ အဘိဇ္ဈာနဲ့ ဒေါမနဿ၊ ဤ ၂-ပါးကိုလဲ ရှေးဦးစွာ တတ်နိုင်သမျှ ထိန်းသိမ်းထားရမယ်တဲ့။ တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ရှေးဦးစွာ ထိန်းသိမ်းရမယ့် တရား ၂-လုံး၊ အဘိဇ္ဈာရယ်၊ ဒေါမနဿရယ်၊ ဒီခန္ဓာကိုယ်ကြီးပေါ်မှာ အဘိဇ္ဈာ ဖြစ်တတ်တယ်။

"လောကေ အဘိဇ္ဈာ ဒေါမနဿံ"

**လောကဆိုတာ ဘယ်လောကာ။** ။"လောက– ဆိုတာ ဘယ်လောက ယူရမှာလဲဆိုယင် "သတ္တ၊ သင်္ခါရ၊ ဩကာသ" ဆိုတဲ့ ဒီလောက ၃–ပါးထဲမှာ "ဩကာသလောက"နဲ့ ဒီနေရာမှာ မဆိုင်သေးဘူး။ "သတ္တလောက"နဲ့ မဆိုင်သေးဘူး၊ "သတ္တလောက" လို့ ဆိုလိုက်လို့ ရှိယင် "ပညတ်"ပေါ် ရောက်သွားတယ်။

"ဩကာသလောက" ဆိုလိုက်လို့ ရှိယင်လဲ ပညတ်ပေါ် ရောက်သွားမယ်။ "သင်္ခါရလောက" လို့ခေါ်တဲ့ ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်–ငါးပါး။ အဲဒီခန္ဓာ ငါးပါးပေါ်မှာ ဖြစ်တတ်တဲ့ အဘိဇ္ဈာနဲ့ ဒေါမနဿ ၂–ပါးကိုလဲပဲ ပေါ်ပေါက်လာတဲ့အခါမှာ ထိန်းသိမ်းပြီးတော့ ထား တဲ့။

"အစွန်း ၂–ဘက်နော်"

"မှန်ပါ ဘုရား"

"ဓမ္မစကြာဒေသနာတော်က ဘာဟောသလဲ ကြည့်။

"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။"

"ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဒွေ၊ ၂–ပါးကုန်သော။ ဣမေ အန္တာ၊ ဤအယုတ်တရား ၂–ပါးတို့ကို။ ပဗ္ဗဇိတေန၊ ကိလေသာကို။နှင်ထုတ်မယ်ဆိုတဲ့ ရဟန်းတော်မြတ်သည်။ နသေဝိတဗ္ဗာ၊ မမှီဝဲသင့် မမှီဝဲအပ်ပေ။

"အလွန် ယုတ်ညံ့တဲ့ ဒီအစွန်း ၂–ဘက်ကိုတဲ့၊ ကိလေသာကို နှင်ထုတ်မယ့် ပုဂ္ဂိုလ်တယောက်သည် မလိုက်လေနဲ့၊ မမှီဝဲနဲ့။ ဘာတဲ့လဲ၊ ဒီအယုတ်တရား ၂–ပါးက။

"ကတမေ ဒွေ၊ ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော"

''ဘာမှ အကျိုး မရှိတဲ့၊ အရိယာပုဂ္ဂိုလ်တွေ လက်ခံကျင့်သုံးတဲ့ တရားမဟုတ်တဲ့၊ ကာမဂုဏ်ကို ခံစားတဲ့ အလေ့အလာတွေကို မလုပ်နဲ့။ ဒါသူ့အတိုင်း အဓိပ္ပာယ်ပြန်ဘာ။

''ကာမသုခလ္လိက နုယောဂေါ၊ကာမဂုဏ်ကို ချမ်းသာတယ်ထင်ပြီးတော့ ခံစားတဲ့ အကျင့်ကိုလဲပဲ၊ ပေါထုဇ္ဇနိကော၊ ပုထုဇဉ်သို့သာလျှင်မှီသောအနရိယော၊မြင့်မြတ်သူတို့ရဲ့ဥစ္စာမဟုတ်သော။

''ချမ်းသာလေး တွေ့လာတယ်။ ''ကာမသုခလ္လိကနုယောဂ'' နဲ့ အလားတူတဲ့ ချမ်းသာလေး၊ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာလို မဟုတ်သေးဘူး။ တရားအားထုတ်လို့ ချမ်းသာတယ်၊ ချမ်းသာတယ်၊ တွေ့လာတယ်။ အဲဒီ''ချမ်းသာတယ်''ဆိုပြီးတော့ ခန္ဓာကိုယ်ပေါ်မှာ အတွေ့ရဲ့အရသာလေးတွေကို ခံစားမိယင်တဲ့၊ ဒီပုဂ္ဂိုလ် အစွန်းတဘက် ရောက်သွားပြီ။ ဟုတ်ရဲ့လား''

''မှန်ပါဘုရား''

''ဘယ်ရောက်သွားပြီလဲ''

''အစွန်းတဘက် ထွက်သွားပါတယ် ဘုရား''

''အစွန်းတဘက် ထွက်သွားပြီတဲ့။ ကာမသုခလ္လိကလမ်းကို တဖြည်းဖြည်း နွယ်သွားပြီ၊ ဟုတ်ရဲ့လား''

''မှန်ပါဘုရား''

''အဲဒီလိုဆိုယင် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အဘိဇ္ဈာ မဖြစ်လာဘူးလား''

''ဖြစ်လာပါတယ် ဘုရား''

''အဲဒီလို ချမ်းသာတဲ့ အရသာလေးကို လိုချင်တယ်၊ လိုချင်တယ်၊ ထပ်ကာထပ်ကာ ရချင်သေးတယ်ဆိုယင်ဖြင့် ''အဘိဇ္ဈာ'' ဖြစ်လာပြီ''

''ဘယ်အပေါ်မှာ ဖြစ်တာလဲ''

''ခန္ဓာကိုယ်မှာပါ ဘုရား''

''ဒီ ခန္ဓာငါးပါးဆိုတဲ့ လောကကြီးပေါ်မှာ ဖြစ်တတ်တာ၊ အဲဒီလို ခန္ဓာကိုယ်နဲ့ အလွန်ဆီလျော်စွာ ဖြစ်ပေါ်နေတဲ့၊ နူးညံ့တဲ့ အရသာလေးတွေ၊ တို့ပရိသတ် ခံစားနေရတယ်ဆိုယင် စိတ်ထဲမှာ ခန္ဓာကိုယ်ကြီးနဲ့ အလွန်ဆန့်ကျင်နေတယ်လို့ ဘယ်သူမှ မတွက်ဘူး။

''တို့ပရိသတ် တွက်ရဲ့လား''

''မတွက်ပါ ဘုရား''

"အလွန်ဆန့်ကျင်တဲ့ တရားတွေလို့ ဘယ်သူမှ မတွက်မိဘူးတဲ့။ ဆရာ သမားလုပ်တဲ့ ပုဂ္ဂိုလ်ဟာ အဲဒါဟာ မလိုက်အပ်တဲ့ ကာမသုခလ္လိကာလမ်း ကို နွယ်ပြီးတော့ သွားတဲ့ နိကန္တိဖြစ်နေတာပဲလို့ စံနစ်တကျ ညွှန်ကြား လာယင်၊ သို့မဟုတ် ဗဟုသုတများတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်ခဲ့ပါလျှင်တော့ ဒီနေရာမှာ ကွာနိုင်တယ်တဲ့။ ဝိနေယျ၊ ပယ်ဖျောက်ရမယ် ဆိုတဲ့အတိုင်း ပယ်နိုင်တယ်၊

"အဲဒီလို လမ်းစဉ်ကို မသိထားလို့ ရှိယင်တော့ ဘယ်လိုလဲ"

"မခွာနိုင်ပါ ဘုရား"

"မခွာနိုင်ပြီး၊ ဒါဖြင့်ယင် အဲဒီလို ချမ်းသာတဲ့ အရာလေးဟာ ဒီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်နဲ့ မဆန့်ကျင်ဘူး၊ ဆန့်ကျင်တယ်ဆိုတဲ့ စကားကို ပါဠိတော်က "ဝိရောဓိ" လို့ ခေါ်တယ်။

**ဝိရောဓိ သဘော။** ။ "အဲဒီ "ဝိရောဓိ" မှာ "လုံးကြီးတင်"ကို ဖြုတ်ပြီး တော့ ဝိရောဓ လို့ ဒီလိုလဲ သုံးတယ်၊ ဝိဘင်းအဋ္ဌ ကထာမှာတော့ "ဝိရောဓိ" "ဝိရောဓ" အတူတူပဲ။

"ဆန့်ကျင်တာ၊ မဆန့်ကျင်ဘူး ဆိုလို့ရှိယင်ဖြင့် အဲဒီဟာကို "အနုရောဓ" လို့ အဲဒီလို ခေါ်တယ်။ စကား ၂–လုံး "အနုရောဓ"ရယ်၊ "ဝိရောဓ" ရယ်။

"အနုရောဓ" ဆိုတာက ယောဂီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်မှာ အလိုက်သင့် လေး လိုက်ပြီးတော့ ချမ်းသာပေးနေလို့ရှိယင် အနုရောဓနော်။ အလိုက် သင့်လေး သက်သာမှုလေးတွေ ပေး ပေး ပေး ပေးနေလို့ရှိယင် အဲဒီ ဥစ္စာကို "အနုရောဓ" လို့ ခေါ်တယ်။ တရားအားထုတ်တဲ့အခါမှာဖြစ်ဖြစ်၊ တရားအားမထုတ်ပဲ ဒီတိုင်း အားမထုတ်ပဲ နေတဲ့အခါမှာ ဖြစ်ဖြစ်၊ ကိုယ် ထဲမှာ သက်သာမှုလေးတွေ ဖြစ်အောင် ပေးသမျှ အဲဒီဥစ္စာ "အနုရောဓ" လို့ ခေါ်တယ်။

"အဲဒီ အနုရောဓ လေးကို ကျေနပ်သွားပြီ ဆိုလို့ရှိယင် ဒီပုဂ္ဂိုလ် မသိမသာ အဘိဇ္ဈာ ဝင်သွားတယ်။

"အဲဒီ အရေးကြီးလွန်လွန်းလို့ မြတ်စွာဘုရား ဒီတရား ၂–လုံးကို ရှေးဦးစွာ ပယ်နိုင်ရမယ်လို့ ကြိုတင် ဟောထားတယ်။

"ဝိနေယျ၊ အဘိဇ္ဈာ၊ ဒေါမနဿ" သတိပဋ္ဌာနသုတ္တန် အစနား ပြန်ကြည့်လေ၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ဘိက္ခဝေ၊ ပရိသတ်လေးပါ၊ အိုချစ်သား ချစ်သမီးတို့၊ လောကေ၊ ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ပဥ္စုပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လောကကြီး၌၊

"လောက ဆိုတာ တခြား သွားမကြည့်နဲ့၊ ကိုယ်နဲ့ တလံမျှလောက်သော ခန္ဓာကိုယ်သည်ပင်လျှင် လောကတခု မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"တလံမျှလောက်သော ခန္ဓာကိုယ်ကြီးသည်ပင်လျှင် တို့ပရိသတ်၊ ဘာတခုလဲ"

"လောက တခုပါ ဘုရား"

"လောကတခု၊ ဤလောကတွင်းမှာ ဖြစ်နေတယ်တဲ့ အဘိဇ္ဈာ။ ဒီအဘိဇ္ဈာ ဘာကြောင့်ဖြစ်၊ လွယ်လွယ်လေး ပြောယင် "အနုရောဓ" ကြောင့် ဖြစ်တယ်တဲ့၊ အနုရောဓ ဆိုဘာ ခန္ဓာကိုယ်နဲ့ ဆီလျော်အောင် ဖြစ်သာတဲ့ တရားလေးတွေ သုံးနိုင်လောက်တယ်၊ သာတယ်ဆိုယင် ဒီပုဂ္ဂိုလ် မကျေနပ်ဘူးလား"

"ကျေနပ်ပါတယ် ဘုရား"

"မဂ်ဉာဏ် ဖိုလ်ဉာဏ် မရောက်သွားပဲနဲ့ လမ်းခုလတ်မှာ အဲဒီလို သက်သာမှုလေးတွေ ရယင် အများအားဖြင့် ကျေနပ်တတ်တယ်နော်"

"မှန်ပါ ဘုရား"

"တကယ်တော့ သံသရာခရီးတလျှောက်လုံး မတွေ့ဖူးတဲ့ အတွေ့မို့လို့ ကျေနပ်မယ်ဆိုလဲ ကျေနပ်စရာပဲ။ အလွန် တွေ့ခဲကြုံခဲတဲ့ အတွေ့ကို တွေ့ရတာကို အဲဒီတော့ ကျေနပ်မှုသည် တကယ် ကျေနပ်ထိုက်တဲ့နေရာ ရောက်လို့ ကျေနပ်ယင်တော့ ဒီပုဂ္ဂိုလ်အတွက် အဖိုးတန်တယ်။

"ကျေနပ်ထိုက်တဲ့နေရာ မဟုတ်သေးပဲ လမ်းခုလတ် ကျေနပ်နေမိယင် အဲဒါ အနုရောဓနောက် လိုက်သွားပြီးနောက် အဲဒီ ပုဂ္ဂိုလ်ဟာ အဘိဇ္ဈာဖြစ်တာလို့ ဝိဘင်းအဋ္ဌကထာမှာ ဆိုပါတယ်။

"လက်တွေ့နဲ့လဲ ကပ်ပြီးတော့ ကျင့်သုံးပြီးတော့ ကြည့်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့်မို့ –

"ကာမေသု၊ ကာမသုခလ္လိကာနုယောဂ လမ်းကို ဆန်သွားတဲ့ အနုရောဓလို့ ခေါ်တဲ့ ခန္ဓာကိုယ်နဲ့ ဆန့်ကျင်ဘက် ဘာမှ မဖြစ်ပဲနဲ့၊

ခန္ဓာကိုယ်ကို သက်သာမှုပေးအောင်၊ သက်သာရာရအောင်ဖြစ်ပေါ်လာတဲ့ ချမ်းသာတခုခုနဲ့ ကြုံလာကြယင် အဲဒီချမ်းသာလေးကို ပြင်းစွာ လိုလား တပ်မက်နေယယ်ဆိုတဲ့ အဘိဇ္ဈာကိုလဲပဲ။ ဝိနေယျ၊ သတိသမ္ပဇဉ်ဉာဏ် ယှဉ်ပြီးတော့ ပယ်ဖျောက်လေတဲ့။

"ပထမအချက် ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ပယ်ရမယ့် အစွန်းတဘက်နော်"

"မှန်ပါတယ် ဘုရား"

"ဒေါမနဿ၊ ဒေါမနဿလို့ ခေါ်တဲ့ စိတ်မချမ်းသာခြင်း၊ မခံသာခြင်းလို့ ခေါ်တဲ့ ဒေါမနဿ တရားကိုလဲပဲ။ ဝိနေယျ၊ ပယ်ဖျောက် လေ။

"ပယ်ဖျောက်ရမယ့် အစွန်းတဘက် ဒေါမနဿက ဘာကြောင့် ဖြစ်၊ ဆန့်ကျင်ဘက်ကြောင့် ဖြစ်တယ်ပေါ့။

"ရှိသတ်များ၊ ဒေါမနဿ ဘာကြောင့်...."

"ဆန့်ကျင်ဘက်ကြောင့်ပါ ဘုရား"

"ဆန့်ကျင်ဘက်ကြောင့်၊ ဆန့်ကျင်ဘက်ကို ပါဠိစကားအားဖြင့် "ဝိရောဓ" လုံးကြီးတင်ထားယင်တော့ "ဝိရောဓိ"

**ဝိရောဓနှင့် အနုရောဓ။** ။"အနုရောဓ" "ဝိရောဓ" စကား ၂-လုံး ပိုင်ပြီလား"

"မှန်ပါ ဘုရား"

"ခန္ဓာကိုယ်မှာ တရားအားထုတ်ယင်းနဲ့ ဆန့်ကျင်ဘက်တွေတဲ့။

"ဒီသင်္ခါရလောက ဖြစ်နေတဲ့ ရုပ်နဲ့ ဒီသင်္ခါရလောကအတွင်း ပါဝင်နေတဲ့ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်နဲ့ ဆန့်ကျင်ဘက်တွေ ကြုံကြိုက်ရပြီ ဆိုယင် ဤ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့ရဲ့ သန္တာန်မှာတဲ့၊ "ဒေါမနဿ" လာပြီ၊ အစွန်းတဘက်။

"ဆန့်ကျင်ဘက်ဝင်ယင် တို့ပရိသတ် ဘာဖြစ်မလဲ"

"အစွန်တဘက် လာပါတယ် ဘုရား"

"အစွန်းတဘက်၊ ဘယ်အစွန်း"

"ဒေါမနဿစွန်းပါ ဘုရား"

"ဆန်ကျင်ဘက်နဲ့ ကြုံရယင် ဒေါမနဿစွန်း၊ ဆီလျော်တဲ့ အဘက်နဲ့ကြုံတွေ့ရပြန်တော့"

"အဘိဇ္ဈာပေါ့ ဘုရား"

"အဘိဇ္ဈာတဲ့။

"ဒါကြောင့် ဒီအစွန်းနှစ်ဘက်ကို မရောက်ရလေအောင် ဆန့်ကျင်ဘက် အစွန်းနဲ့ တွေ့ကြုံတဲ့အခါမှာ ဒေါမနဿ သည်းခံနိုင်မှုဆိုတာ တော်တော်ခက်တယ်။

"သူလဲ တခါတခါ တရား အားထုတ်ယင်းနဲ့ မျက်ရည်တွေ ဖြိုင်ဖြိုင် ကျပြီးတော့ ထိုင်ငိုတဲ့ ပုဂ္ဂိုလ်တွေ တွေ့ဘူးလား"

"ရှိပါတယ် ဘုရား"

"ရှိတယ်တဲ့။ ဒေါမနဿစွန်းသို့ ရောက်လေပြီဖြစ်၍ ဒီပုဂ္ဂိုလ်တွေ သည်းမခံနိုင်၊ ဒီလိုဖြစ်ကြတယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က–

"ဘိက္ခဝေ၊ ရဟန်းတော်များ အို–ချစ်သားတို့၊ ရူပ၊ ဤရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ခေါ်တဲ့ ခန္ဓာငါးပါး သင်္ခါရလောက တရား၌၊အဘိဇ္ဈာ ဒေါမနဿ၊အနုရောဓကြောင့် ဖြစ်ပေါ်လာတဲ့ အဘိဇ္ဈာ၊ ဝိရောဓကြောင့် ဖြစ်ပေါ်လာတဲ့ ဒေါမနဿ ဆိုတဲ့ အစွန်းတရား အယုတ်တရား ၂–ပါးကို။ ဝိနေယျ၊ ပယ်ဖျောက်၍တဲ့။

"အဲဒီထဲမှာ အရင် ပယ်ဖျောက်ထား။ မနေ့က ပြောခဲ့ပြီ။ ဤ ခါးနာတယ် ဆိုတဲ့ နေရာမှာပင်လျှင် ဘာဖြစ်တတ်သလဲ။ ဝိရောဓနော် သူက"

"မှန်ပါ ဘုရား"

"ခန္ဓာကိုယ်ကြီးနဲ့ သူက မဆီလျော်ဘူး။ ခန္ဓာကိုယ်က သက်သာမှု လိုချင်တယ်။ ဟိုက ဖြစ်နေတာက မသက်သာဘူး။ ဒုက္ခလက္ခဏာကြီး ဖြစ်တယ်။ နှိပ်စက်နေတဲ့ ပီဠနဋ္ဌ သဘော ဖြစ်ပေါ်လာတယ်။ အဲဒီလို နှိပ်စက်နေတဲ့ ပီဠနဋ္ဌဒုက္ခ သဘော ဖြစ်လာလို့ရှိယင် ဒီခန္ဓာကိုယ်နဲ့ ဆီကို မဆီလျော်ဘူး။

"ဆီလျော်ရဲ့လား"

"မဆီလျော်ပါ ဘုရား"

"တို့ပရိသတ်၊ ဆင်းရဲမှုမှန်သမျှ ဘယ်သူ့ခန္ဓာနဲ့မှ မဆိုလျော်ဘူး။ ဒါသဘာဝပဲ။ အဲဒါတွေကို သည်းမခံနိုင်ဘူး။ အဲဒီ ဆင်းရဲမှုကို သည်းမခံနိုင်ခဲ့လို့ရှိယင် ဘာလာမလဲ"

"ဒေါမနဿ လာပါမယ်ဘုရား"

"ပေါင်ရိုက်ချိုးတဲ့ ကိုယ်တော်ကြီး ဘာဖြစ်သလဲ၊ ဒေါမနဿ ဖြစ်ရဲ့လား"

"မဖြစ်ပါ ဘုရား"

"တိဿ" ဆိုတဲ့ ကိုယ်တော်ကြီး၊ တို့ပရိသတ် ကြားဖူးနေပြီ။ ပေါင်ကို ရိုက်ပြီးတော့ ချိုးတယ်တဲ့။ အဲဒီ ကိုယ်တော်ကြီး ဒေါမနဿ မဖြစ်ပါ။

"လူဆိုးတွေ သူ့ကို လာပြီး သတ်မယ်ဆိုပြီးတော့ ဝိုင်းကြ၊ ဆီးကြ၊ ဖမ်းကြတဲ့အခါ ကိုယ်တော်ကြီး အရှင်တိဿ၊ ခယ်မတော်က ပိုက်ဆံပေး။။ လူဆိုးတွေ ကောထဲလွှတ်လိုက်၊ ဒီကိုယ်တော်ကြီး တကယ်လို့ လူထွက်၊ အိမ်ပြန်လာလို့ရှိယင် ပစ္စည်းတွေ ခွဲပေးရမှာစိုးလို့၊ခယ်မငယ်က ပိုက်ဆံပေး လူဆိုးတွေ လွှတ်လို့ သတ်ရအောင် ကျောင်းကို ဝိုင်းတယ်။

"မင်းတို့ ငါ့လို ဘာကြောင့် ဖမ်းကြသလဲ။တညတော့ ငါကမ္မဋ္ဌာန်း တရား အားထုတ်ပါရစေ။ တောင်းပန်တယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီနေရာမှာ ဒီကိုယ်တော်ကြီး ငိုတယ်လို့ ပါရဲ့လား"

"မပါပါဘုရား"

"မပါဘူးနော်။

"လူဆိုးတွေ ခြေထောက်ကို ဖက်ပြီးတော့ ငိုချင်းချတယ်များ သွား မလုပ်လိုက်နဲ့နော်၊ မပါဘူး။

"အဲဒီတိဿမထေရ်ကြီးနဲ့ ပတ်သက်တာတွေ ဝိသုဒ္ဓိမဂ်မှာရော၊ သတိပဋ္ဌာနသုတ္တန်အဋ္ဌကထာမှာရော၊ မူလပဏ္ဏာသအဋ္ဌကထာတို့မှာရော၊ လျှောက်ပြီးတော့ ကြည့်တယ်၊ ဘယ်မှာမှ ငိုတယ်လို့မပါဘူး။ အဲဒီလို ငိုချင်းလောက်အောင် သတ္တိညံ့တဲ့ ကိုယ်တော်ဟုတ်ရဲ့လား"

"မဟုတ်ပါဘုရား"

"အဲဒါငိုတယ်၊ ကိုယ်တော်ကြီးက ငိုတယ်။ လူဆိုးတွေ ခြေသလုံး ဖက်ငိုတယ်ဆိုပြီးတော့ ငိုချင်းများ ချမိယင်တော့ "ဩော်–အဲဒီတိဿ ကိုယ်

တော်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ၊ ဇွဲ၊ သတ္တိတို့ကိုဖြင့် ဖျက်ဆီးပစ်တာပဲ။ အဲဒီလိုပြောတဲ့ ပုဂ္ဂိုလ်ဟာလေ၊ ကိုင်း၊ အဲဒီလိုပဲ ပြောချင်တယ်၊

**အာမခံပေးတာ။** ။"ဒီတော့ ဒီကိုယ်တော်ကြီးဟာ တညတာ တရားအား ထုတ်ဖို့ ခွင့်ပေးပါဆိုပြီးတော့ ခွင့်တောင်းတော့ လူဆိုးတွေက အရှင်ဘုရား ထွက်ပြေးယင် ဘယ်နှယ်လုပ်မလဲ။လူဆိုးဘွေက ပြောတော့ "ငါမပြေးဘူး"၊ "မပြေးဘူးဆိုပေမယ့် သဲ တပည့်တော်တို့မယုံပါဘုရား"။ "ကိုင်း၊ မင်းတို့ ယုံအောင် သက်သေပြမယ်"တဲ့။ အလွန်ကြီးမားတဲ့ ကျောက်တုံးတတုံးကို ကောက်ကိုင်ပြီးတော့ ပေါင် ၂-ဘက်ကို ရိုက်ပြီးတော့ ချိုးတယ်၊

"ပြေးနိုင်အုံးမလား"

"မပြေးနိုင်တော့ပါ ဘုရား"

"အဲဒီအချိန်မှာ ဒီကိုယ်တော်ကြီး ငိုရဲ့လား"

"မငိုပါဘုရား"

"မငိုဘူး၊ အလွန်ပြင်းထန်တဲ့ ဝိရောဓိနဲ့ ကြုံလာပင် ကြုံလာငြားသော်လည်းပဲ ဒီကိုယ်တော်ကြီးသည် မငိုပါ၊ မငိုဘူးနော်"

"မှန်ပါဘုရား"

"ပေါင်ရိုက်ချိုးတာကလဲ ဘာအတွက်လဲ၊ အာမခံပေးဖို့တို့ပရိသတ်ဘာအတွက်လဲ"

"အာမခံအတွက်ပါ ဘုရား"

"အာမခံပေးဖို့။ အဲဒီပေါင်ကျိုးတဲ့ဒဏ် ရှုမလို့မဟုတ်ဘူး"

"ပါတိ ဘောဂံ ဒဿာမိတိ"တဲ့။

"ပါတိဘောဂံ၊ အာမခံချက်ကို၊ ဒဿာမိတိ၊ ပေးအံ့ဟူ၍။ ဣတိ၊ ဤသို့။ ဥဘောပါဒါနိ၊ ပေါင် ၂-ဘက်တို့ကို၊ ဘိန္ဒိတွာ၊ ချိုး၍။

"အာမခံပေးမယ်ဆိုပြီး ပေါင် ၂-ဘက်ချိုးသတဲ့၊ ညဥ့်သုံးယံပတ်လုံး သူ ဘယ်က စ,လဲ ကြည့်။

**သီလကိုသာ ဆင်ခြင်ရှာ။** ။"အတ္တနော၊ မိမိရဲ့။ သီလံ၊ သီလကို။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်လိုက်သည်ရှိသော်-

"သီလ၊ သန့်ရှင်းစင်ကြယ်တဲ့ မိမိရဲ့သီလကို။ နိဿာယ၊ မှီ၍။ ပီတိပါမောဇ္ဇံ၊ နှစ်သက်ခြင်း၊ ရွှင်လန်းခြင်းလို့ ခေါ်တဲ့ ပီတိပါမောဇ္ဇ တရားသည်။ဥပ္ပဇ္ဇတိ၊ ကိုယ်တော်ကြီးသန္တာန် ဖြစ်ပေါ်ခဲ့သည်။

"ဒီတိဿမထေရ်ကြီး ဘယ်က စ, နှလုံးသွင်း"

"သီလကစ နှလုံးသွင်းပါတယ် ဘုရား"

"သီလက စ,နှလုံးသွင်းတယ်၊ ထိုင်ပြီးတော့ ငိုရမ တတ်၊ အခံခက်နေတဲ့ ဒုက္ခဝေဒနာကြီး၊ ဒေါမနဿဝေဒနာကြီးနဲ့ ကြုံနေရတဲ့အချိန်မှာ အဲဒီ ဒေါမနဿကို တားမြစ်ဖို့ရန်၊ ဒေါမနဿရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပီတိပါမောဇ္ဇရအောင်ဆိုပြီးတော့ သူ အာရုံတခုခု ရှာ၊ အဲဒီလို ရှာတဲ့အခါ သူ ဘာတွေတွေ့တုံးဆိုတော့ သူရဲ့တသက်လုံး ကျင်သုံးလာတဲ့ အလွန်ဖြူဖွေးတဲ့ သီလဝိသုဒ္ဓိဂုဏ်ကို သူ သွားတွေ့တယ်။

"အဲဒီ သီလဝိသုဒ္ဓိဂုဏ်ကို အာရုံပြုလိုက်တဲ့အခါမှာ "ငါ့သီလတွေဟာ ဖြူဖွေးသန့်ရှင်းနေတာပဲ"တဲ့။ "ဘာအပြစ်မှ မရှိဘူး။ ဘယ်သီလမှလဲ မကျိုး၊ မပေါက်၊ မပျောက်၊မကျားလေဘူး။ငါသည် သာသနာတော်မှာ အဖိုးတန် သီလဝိသုဒ္ဓိကိုဖြင့် ကျင့်သုံးခဲ့မိပြီ"ဆိုပြီးတော့ အဲဒီသီလဂုဏ် အာရုံပြုယင်းနဲ့ ဝမ်းသာတဲ့ ပီတိပါမောဇ္ဇတွေ ဖြစ်ခဲ့တယ်တဲ့။

"ဟိုတဘက်က ဒေါမနဿ ငြိမ်းမသွားဘူးလား၊ ငြိမ်းသွားလား"

"ငြိမ်းသွားပါတယ် ဘုရား"

"ဒေါမနဿံ၊ စိတ်ထဲမှာ ဝိနာရောကြောင့် ဖြစ်ပေါ်လာတဲ့ မချမ်းသာတဲ့ ဒေါမနဿဝေဒနာကို။ ဝိနေယ၊ ပယ်ဖျောက်၍။ ပယ်ဖျောက်တဲ့ နည်းတွေ အများကြီး ရှိတယ်နော်"

"မှန်ပါဘုရား"

"တိဿမထေရ်ကြီးကလဲ သီလဆင်ခြင်ပြီးတော့ ပယ်ဖျောက်တယ်တဲ့၊ ပျောက်သွားပြီလား"

"ပျောက်သွားပါတယ် ဘုရား"

"ပျောက်သွားပြီ။တိဿမထေရ်ကြီး ဒေါမနဿတွေ မဖြစ်လာဘူး"

"မှန်ပါဘုရား"

"တို့ပရိသတ်လဲပဲ ကိုယ်ကြိုက်တဲ့ နည်းတနည်းနည်းနဲ့ အဲဒီလို ဒေါမနဿဖြစ်လာယင် ဒေါမနဿဖျောက်"

"မှန်ပါဘုရား"

"တက်ကြွလွန်းတဲ့ သောမနဿဖြစ်လာယင် အဲဒီသောမနဿကို နှိမ်၊ မှန်ရဲ့လား"

"မှန်ပါတယ်ဘုရား"

"အဲဒီလို သီလဝိသုဒ္ဓိကို ဆင်ခြင်၊ ရလာတဲ့ ပီတိပါမောဇ္ဇ နှစ်သက်ခြင်း၊ ရွှင်လန်းခြင်းတွေဖြစ်ပြီးတော့ လာတယ်။ နှစ်သက်ရွှင်လန်းတဲ့ ပီတိပါမောဇ္ဇကလဲ ရလာရော၊ အဲဒီပီတိပါမောဇ္ဇနဲ့တွဲပြီးတော့ ဘာဝင်သွားလဲ၊ သမာဓိဝင်လာတယ်၊ သူသည် မူလကမ္မဋ္ဌာန်းကိုပဲ ဆက်ပြီးတော့ အားထုတ်တယ်တဲ့၊ သူ အားထုတ်နေကျ ကမ္မဋ္ဌာန်း။ အဲဒီမူလကမ္မဋ္ဌာန်း အားထုတ်တာ၊ အရဟတ်တက်ချိန်မှာ အာသဝေါကင်းကွာ ရဟန္တာဖြစ်ပြီးတော့ ပရိနိဗ္ဗာန်စံသွားပါတယ်။

"ပေါင်ကျိုးတဲ့ ဝေဒနာ ရှုသွားတယ်လို့လဲ မပါဘူးနော်"

"မှန်ပါဘုရား"

"ဝေဒနာရှုဖို့ရာ ပေါင်ရိုက်ချိုးတယ်လို့လဲ မပါဘူး"

"မပါပါဘုရား"

"လူဆိုးခြေသလုံးဖက်ပြီးတော့ ထိုင်ငိုတယ်လို့လဲ မပါဘူး"

"မပါပါဘုရား"

"ဒေါမနဿ၊ စိတ်ထဲမှာ ချမ်းသာတဲ့၊ ဝိရောဓကြောင့် ဖြစ်ပေါ်လာတဲ့ ဒေါမနဿဝေဒနာကို။ ဝိနေယျာ၊ ပယ်ဖျောက်၍။

"အဲဒီလို ပယ်ဖျောက်၍၊ ပီတိပါမောဇ္ဇ– နှစ်သက်ခြင်း၊ ရွှင်လန်းခြင်း၊ ပီတိပါမောဇ္ဇရနိုင်တဲ့ အာရုံကောင်းတခုခုကို ယူပြီးတော့ ပယ်ဖျောက်ပါ။

"သုပ္ပဝါသာ အမည်ရှိတဲ့ ကောလိယမင်းသမီးတို့ အလွန်ပြင်းထန်တဲ့ ဒုက္ခဝေဒနာ ဖြစ်နေတဲ့အချိန်ကျတော့ ဘာနဲ့ပယ်ဖျောက်လဲ။ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်၊ ဒီဂုဏ်သုံးပါးကို အာရုံပြုပြီးတော့ သူ့ရဲ့ ဒုက္ခဝေဒနာကို ပယ်ခဲ့တယ်။

"သုပ္ပဝါသာအမည်ရှိတဲ့ ကောလိယမင်းသမီး (၇)နှစ်လွယ်ရတဲ့ ကိုယ်ဝန်ကို (၇)ရက်တိုင်တိုင် မဖွားနိုင်လို့ ပင်ပန်းနေတဲ့ အချိန်မှာ သေလုမြောပါး ပင်ပန်းနေတဲ့ အချိန်မှာ အဲဒီဒုက္ခဝေဒနာကြီးကို ဘာနဲ့ ပယ်သလဲဆိုတော့ ဘုရားဂုဏ်နဲ့ ပယ်တယ်။

"နေဥက် နိဗ္ဗာန်ရဲ့ အေးချမ်းပုံ အာရုံပြုပြီးတော့ ဓမ္မာနုဿတိ၊ ဧလာကုတ္တရာ(၉)ပါးထဲမှာ နိဗ္ဗာန် မပါဘူးလား"

"ပါပါတယ်ဘုရား"

"ပါရဲ့သားနဲ့ နိဗ္ဗာန်ရဲ့ အေးချမ်းပုံလေးကို အာရုံပြုပြီးတော့ အဲဒီမှာ ဓမ္မာနုဿတိဘာဝနာဖြင့် သူရဲ့ဒုက္ခဝေဒနာကို ပယ်တယ်။ သံဃာတော်တွေရဲ့ ကောင်းစွာကျင့်ကြံတဲ့၊ သုပ္ပဋိပန္နတာ ဂုဏ်ဖြင့် အာရုံပြု၍ ပီတိပါမောဇ္ဇယူပြီးတော့ ပယ်ခဲ့တယ်။ ဒါဒေါမနဿ ပယ်တဲ့နည်းနော်"

"မှန်ပါဘုရား"

**လောဘဒေါသ ပယ်နည်း။** ။"ဒီတော့ တိုပရိသတ် လွယ်လွယ်ခြုံပြီးတော့ ပြောလိုက်ရလို့ ရှိယင်တော့ အဘိဇ္ဈာ ဒေါမနဿ ၂–ပါး ပယ်ရမယ်လို့ အရှင်ဘုရား ပြော....။ဘယ်လိုလုပ် ပယ်မှာတုံးဘုရား ဆိုလို့ရှိယင်၊ဒေါမနဿဖြစ်ခဲ့လို့ရှိယင်၊ အဲဒီလို ပီတိပါမောဇ္ဇ ဖြစ်ဖို့ရာ အာရုံတခုခုကို အရယူပြီးတော့ ပယ်လေ့၊ မှန်ရဲ့လား"

"မှန်ပါတယ် ဘုရား"

"ကိုင်း....တက်ကြွတဲ့ သောမနဿတွေ ဖြစ်ခဲ့ယင်တော့ ခန္ဓာကိုယ်နဲ့ ဆီလျော်တဲ့ "အနုရောဓ" ပေါ်ပေါက်လာခဲ့ယင် အဲဒီ "အနုရောဓ"လို့ ခေါ်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ အလွန်သင့်လျော်ပြီးတော့ နေတယ်။ မိမိကျေနပ်နေတဲ့ သုခဝေဒနာနဲ့ ကြုံနေယင် အဘိဇ္ဈာမဖြစ်ကြရလေအောင် ဘယ်လိုလုပ်မယ်။ အဲဒီလိုကြုံတွေ့လာတဲ့ သုခဝေဒနာလေးရဲ့ ဖောက်ပြန်တဲ့ ဝိပရိဏာမအချက်ကို ရှာကြည့်လေ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဒီ သုခဝေဒနာဟာ ဖောက်ပြန်ပျက်စီးမှု။ သူလဲ ရှိတာပဲနော်"

"ရှိပါတယ် ဘုရား"

"အဘိဇ္ဈာလို့ ခေါ်တဲ့ တပ်မက်ခြင်း။ ဘာကြောင့်ဖြစ် ဆိုလို့ရှိယင် သုခဝေဒနာ အာရုံပြုမိလို့ဖြစ်တယ်။ ဒီသုခဝေဒနာလေး ဘာကြောင့် ပေါ်သလဲဆိုလို့ရှိယင် "အနုရောဓ"၊ မိမိခန္ဓာကိုယ်နဲ့ ဆီလျော်မှု၊ သင့်လျော်မှုကြောင့် "အနုရောဓ" ပေါ်တယ်။ အဲဒီအနုရောဓ ပေါ်ရာ နေရာကို အာရုံပြုလိုက်ပြီးတော့ယင်၊ သုခဝေဒနာလေးရဲ့ ချမ်းသာမှုလေးရဲ့ ချမ်းသာတဲ့ အချက်ကလေးရဲ့ ဝိပရိဏာမ ဖောက်ပြန်ပျက်စီး အချက်ကို ရှာပြီးတော့ ကြည့်။

"ဖောက်ပြန်ပျက်စီးတဲ့ သဘော။ ပိုင်နိုင်ပြီး မြင်သွားလို့ရှိယင် ဖောက်ပြန်ပျက်စီးနေတဲ့ အနုရောဓ ကိစ္စကို ဘယ်လိုလုပ်ပြီးတော့ ဖြစ်မလဲ"

“မဖြစ်တော့ပါ ဘုရား”

“မဖြစ်နိုင်ပြီတဲ့”

“အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိတဿာ သုခါယ ဝေဒနာယ ရာဂါနုသယော နာနုသေတိ”

(စူဠဝေဒလ္လသုတ်)

“အဿာဒဉ္စ။ သာယာမှုဖြစ်နေတဲ့ အချက်ကို လည်းကောင်း။ အာဒီနဝဉ္စ၊ အဲဒီ သာယာမှုကလေးရဲ့ ဖောက်ပြန်မှုလို့ ခေါ်တဲ့ ဝိပရိဏာမ၊ အပြစ်ကိုလည်းကောင်း။ ပထမ သာယာမှုဖြစ်နေပြီဆိုတာကို သိအောင် ကြိုးစားယူ။ (၁) ဟုတ်ပြီလား”

“မှန်ပါ ဘုရား”

“အဲဒီ အနုရောစကြောင့် သာယာမှုလေးတော့ ငါဖြစ်ပါပြီလို့ သိလိုက်သည်နှင့် တပြိုင်နက်ထဲ အဲဒီ သာယာတဲ့ သဘာဝသတ္တိလေးရဲ့ သဘာဝမှုလေးရဲ့ ဖောက်ပြန် ပျက်စီးပုံလေးကို ရှာမိအောင် ရှာလိုက်။

“ကောင်း။ ဒီသာယာမှုလဲ ဖောက်ပြန်ပျက်စီးသွားတာပဲလို့ ယောဂီရဲ့ ဉာဏ်မှာ ထင်သည်နှင့် တပြိုင်နက်ထဲ နောက်က အဘိဇ္ဈာက လိုက်အုံး မလား”

“မလိုက်တော့ပါ ဘုရား”

“မလိုက်ဘူး၊ ရာဂနုသယော နာနုသေတိ၊ ရာဂါနုသယကို ပယ် လိုက်ပြီ”

“မှန်ပါ ဘုရား”

“ဝိနေယျ အဘိဇ္ဈာ၊ ဒေါမနဿံ။ နားလည်ပြီလား”

“နားလည်ပါတယ် ဘုရား”

“အာတာပီ၊ ကိလေသာကို ပူပန်စေတတ်တဲ့ ဝီရိယရှိစေ။ သမ္ပဇာ နော၊ ရုပ်၊ နာမ် ဓမ္မ သင်္ခါရတို့ကို ပညတ် ပရမတ် ခွဲနိုင်တဲ့ ဉာဏ်ပညာ နဲ့လဲ ပြည့်စုံစေ။ သတိမာ၊ အဲဒီ ရုပ်–နာမ်၊ ပညတ်–ပရမတ် ၂–ပါး ခွဲခြားပြီးတဲ့ အခါကျတော့ ပရမတ္ထတရားလို့ ခေါ်တဲ့ ရူပကာယ၊ နာမ ကာယ တခုခုကို ဉာဏ်ထဲမှာ ထင်ရှားစေတဲ့ သတိနဲ့လဲ ပြည့်စုံသည်ဖြစ်၍၊ ပြည့်စုံရမယ့်အချက် ဘယ်နှစ်ချက်”

“၃–ချက်ပါ ဘုရား”

“သတိ၊ ဝီရိယ၊ ပညာ ၃–ချက်နော်”

“မှန်ပါ ဘုရား”

''ပယ်ရမယ့် အချက်''

''၂–ချက်ပါ ဘုရား''

''အဘိဇ္ဈာနဲ့ ဒေါမနဿ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''အဲဒီ အဘိဇ္ဈာနဲ့ ဒေါမနဿ ဘယ်ပေါ်မှာဖြစ်''

''ခန္ဓာပေါ်မှာ ဖြစ်ပါတယ် ဘုရား''

''ခန္ဓာပေါ်မှာ ဖြစ်တယ်။ ဒီပါဠိတော်အတိုင်း ပြောရယင် လောက မှာ ဖြစ်တယ်''

''မှန်ပါ ဘုရား''

''ဘယ်လောကဟဲ့လဲ၊ ခန္ဓာ ငါးပါး ဆိုတဲ့ လောက၊ ဟုတ်ပြီ လား''

''ဟုတ်ပါတယ် ဘုရား''

''ခန္ဓာ ငါးပါးဆိုတဲ့ လောကမှာ ဖြစ်နေတဲ့ အဘိဇ္ဈာ၊ ဒေါမနဿ ၂–ပါးကို ယခုနက ပြောခဲ့တဲ့ နည်းဖြင့် ပယ်ထား''

''မှန်ပါ ဘုရား''

''အဘိဇ္ဈာ ဖြစ်လာခဲ့ယင် ''အနုံရောစ'' ကြောင့် ဆီလျော်မှုလေး ကြောင့်''

''မှန်န်ပါ ဘုရား''

''အဲဒီ ဆီလျော်မှုလေးရဲ့ ဝိပရိဏာမကို ရှုကြည့်၍ အဘိဇ္ဈာ ပွား။ ဒေါမနဿဖြစ်လာခဲ့တိုင် ဝိရောဓိကြောင့်။ အဲဒီ ဝိရောဓိ အချက် ဖြစ်လာလို့ ရှိယင် ဒေါမနဿဖြစ်မှာ ဖြစ်တဲ့အတွက်ကြောင့်တဲ့။ အဲဒီ ဝိရောဓိရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပီတိပါမောဇ္ဇကို အာရုံရှု။ ဒေါမနဿ ငြိမ်းဇော မဟုတ်လား''

''ငြိမ်းပါတယ် ဘုရား''

''ဝိနေယျ၊ ပယ်ဖျောက်၍တဲ့။ ကာယေ ကာယာနုပဿီ ဝိဟရတိ''။

''ရိုးရိုးလေးအနက်ပေးရအောင်–

''ကာယေ၊ ကာယ၌။ ကာယာနုပဿီ၊ ဤကာယကိုသာလျှင် အဖန်ဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏တဲ့။

''ပြည့်စုံရမယ့် အင်္ဂါ ၃–ချက်။ ''သတိ–ဝီရိယ–ပညာ'' ပြည့်စုံပြီးတဲ့ အခါ၊ ပယ်ရမယ့် အင်္ဂါ ၂- ချက်လဲပယ်ပြီးတဲ့အခါ ကာယဆိုတဲ့ မေ့တခုခုရဲ့

အပေါ်မှာ ကာယနုပဿနာ တင်ပြီးတော့ နေတော့တဲ့။ မြတ်စွာဘုရား ဟောတယ်။

"ကိုင်း....ဒီတော့ ကာယနုပဿနာပိုင်း ဘယ်နှစ်ပိုင်းရှိလဲ၊ မဟာသတိပဋ္ဌာနသုတ်မှာ ဆယ့်လေးပိုင်း ရှိတယ်။ ကာယာနုပဿနာပိုင်း ၁၄ ပိုင်းတို့တွင် ဝိဇယသုတ္တန်မှာ ပါဝင်နေတဲ့ ကာယနုပဿနာပိုင်းက ၃-ပိုင်း။ ဘယ်နှစ်ပိုင်းလဲ"

"၃-ပိုင်းပါ ဘုရား"

"၃-ပိုင်း ဝင်နေပါတယ်"စရံ ဝါ ယဒိ ဝါ တိဋ္ဌံ သောကာယဿ ဣဉ္ဇနာ" ဆိုတဲ့ ဤပါဠိတော်တပိုဒ်မှာတင် ကာယနုပဿနာအပိုင်း (၂) ပိုင်းပါဝင်တယ်သဲ့။ အရိယာပထပိုင်း (၁)၊ သမ္ပဇည်ပိုင်းက(၁)။ ၂-ပိုင်း ဝင်တယ်။ ကျန်တဲ့ အပိုင်းတွေကတော့ ဒွတ္တိံသ ကာယလို့ခေါ်တဲ့ (၃၂)ကောဋ္ဌာသပိုင်း ဖြစ်တယ်။ ဒီတော့....

"ကာယေ၊ ကာယ၌၊ ကာယနုပဿီ၊ ကာယကိုရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏တဲ့။

**ကာယခေါ်ရကြောင်း။** ။"ကာယဆိုတာ ကဲ ဒကာကိုအုံးဟန်ကြီး သိသလို ပြောစမ်း။ ကာယဆိုတာ ဘာလဲ"

"ကာယဆိုတာ အပေါင်းပါဘုရား"

"ကာယဆိုတာ အပေါင်း။

"ကာယောတိ သမူဟော။

"ကာယောတိ၊ ကာယဟူသည်ကား။ သမူဟော၊ အပေါင်းတည်း။

"ဘာတွေပေါင်းထားသလဲ ကြည့်။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော မှ စ၍ မုတ္တံ လို့ ခေါ်တဲ့ ကျင်ငယ်တိုင်အောင် ဘယ်နှစ်မျိုးရှိ"

"၃၂-မျိုးပါ ဘုရား"

"အဲဒီ ၃၂ ကောဋ္ဌာသ အစုအပေါင်းကြီးကိုလဲပဲ နံပါတ်(၁) ကာယလို့ယူပါ"

"မှန်ပါတယ် ဘုရား"

"ကာယအဓိပ္ပာယ်သည် ဒီ ၃၂-ကောဋ္ဌာသ အစုအပေါင်းကိုလဲ ကာယလို့ခေါ်ပါ။ နောက်တခါ နံပါတ်(၂)အဓိပ္ပာယ်က စက်ဆုပ်ရွံရှာ

ဖွယ်တွေ စုပေါင်းနေတဲ့အတွက်ကြောင့်လဲပဲ ကာယလို့ခေါ်ပါ။ ဘယ်နှစ်ခု ရှိပြီလဲ''

''၂-ခုပါ ဘုရား''

''ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးမျိုး စုပေါင်းရှိနေသောကြောင့်လဲပဲ ကာယလို့ခေါ်ပါ။ဒီတော့ ရုပ်အပေါင်း၊ ဝေဒနာအပေါင်း၊ သညာအပေါင်း၊ သင်္ခါရအပေါင်း၊ ဝိညာဏ်အပေါင်း လို့ ဒီလို ကာယမှာ ၅-မျိုး ထပ်မထွက်လာဘူးလား''

''ထွက်လာပါတယ် ဘုရား''

''ရုပ်အပေါင်း ဆိုတဲ့နေရာမှာ တခါကြည့်လိုက်။ ရုပ်သည် အနည်းဆုံး ဘယ်နှစ်မျိုး ပေါင်းမလဲ''

''၄-မျိုး ပေါင်းရပါမယ် ဘုရား''

''အနည်းဆုံးအားဖြင့် ၄-မျိုး၊ အများဆုံးပြောယင်''

''၂၈-မျိုးပါ ဘုရား''

''တို့ ဒကာကိုအုံးဟန်ကြီးရဲ့ ခန္ဓာကိုယ်မှာ ရုပ်ဘယ်နှစ်မျိုးပေါင်း'

''၄-မျိုး ပေါင်းထားပါတယ် ဘုရား''

''အများဆုံး''

''၂၈-မျိုးပါ ဘုရား''

''တို့ပရိသတ် ဟုတ်ကြရဲ့လား''

''.........................''

''သူ့ခန္ဓာကိုယ်မှာ ရုပ် ၂၈-မျိုး ပေါင်းတယ်တဲ့။ ဟုတ်ကြရဲ့လား။ လူတိုင်းလူတိုင်းရဲ့ ခန္ဓာကိုယ်မှာ ၂၈-မျိုး မရှိဘူးနော်။ သေသေချာချာ စဉ်းစား''

''၂၄-ပါ ဘုရား''

''ဟော၊ ၄-ခု ပျောက်သွားပြီ။ ကဲ.... ကြည့် ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်။ ဟော တွေ့တယ် မဟုတ်လား''

''မှန်ပါဘုရား''

''ဘာ ဘာဝရုပ် ၂-ပါးလဲ။

"(၁) ဣတ္ထိဘာဝ– အမျိုးသမီးတွေရဲ့ သဘာဝ ဖြစ်စေတဲ့ရုပ်၊ (၂) ပုရိသဘာဝ အမျိုးသားတွေရဲ့ သဘာဝကို ဖြစ်စေတဲ့ရုပ်၊ တို့ဒကာ ကိုအုံးဟန်ကြီးရဲ့ ခန္ဓာကိုယ် ဒီ ၂–မျိုးလုံး ရှိရဲ့လား"

"မရှိပါဘုရား"

"ဘာသာရှိသလဲတဲ့၊ ပုရိသဘာဝဖဲ့ရှိမယ်။ ဣတ္ထိဘာဝ မရှိလေ"

"မရှိပါဘုရား"

"၂၈–မျိုးသော ရုပ်တွေထဲက ဣတ္ထိဘာဝဖယ်လိုက်ယင် ဘယ် လောက်ကျန်...."

"၂၇–ကျန်ပါတယ် ဘုရား"

"၂၇–ခုပဲရမယ်၊ ဘာပြုလို့ ဣတ္ထိဘာဝလိုချင်ရသလဲ။ အဲ– အမျိုးသားတွေအနေနဲ့ ဆိုလို့ရှိယင်ဖြင့် ဣတ္ထိဘာဝရုပ် မရတာကြောင့် ၂၇–ပေါ့။ အများဆုံး သိမ်းကျုံးတွက်ယင်"

"မှန်ပါဘုရား"

"အမျိုးသမီးတွေ အနေနဲ့ဆိုလို့ရှိယင်လဲ ပုရိသဘာဝရုပ်ကို ဖယ် လိုက်ယင်"

"၂၇–ပဲ ဘုရား"

"၂၇–ရုပ်။ သို့သော်လဲပဲ ဥဘတော်ဗျည်းဆိုတဲ့ ပုဂ္ဂိုလ်တွေကျ ယင်ဖြင့် ၂၈–ခုလုံး ရှိမှာပေါ့။ သူတို့ကတော့ ဥဘတောဗျည်းဆိုတာက ၂–ခုလုံး ပါတယ်။ ဒီတော့ယင် ပြောလိုတာက အဲဒီလို ရုပ်တရားတွေရဲ့ အပေါင်းအစုဟာလဲ ကာယဗျနော်"

"မှန်ပါဘုရား"

"ဒါဖြင့်ယင် သူ့ကို ဘာကာယလို့ခေါ်မလဲဆိုတော့ ရူပကာယ၊ ဘာ ကာယတုံး"

"ရူပကာယပါ ဘုရား"

"တို့ပရိသတ်များ၊ ရုပ်ရဲ့အပေါင်းကို ဘာကာယ"

"ရူပကာယ"

"ရူပကာယနော်"

"မှန်ပါဘုရား"

"ရုပ်တို့ရဲ့အပေါင်းသည် ရူပကာယ၊ နာမ်တရားတွေရဲ့အပေါင်း ကျတော့"

"နာမကာယပါ ဘုရား"

"နာမကာယ။ ဟော ကာယ ၂–ပါး ထွက်လာပြီ။

"လောကဆိုတဲ့ နေရာမှာ ခွဲကြည့်တော့ ရူပကာယနဲ့ နာမကာယ ၂–မျိုး။ အဲဒီရူပကာယထဲမှာလဲပဲ အနိစ္စ၊ ဒုက္ခ၊ ဝိပရိနာမ၊ အနတ္တ မရှိလား"

"ရှိပါတယ် ဘုရား"

"နာမကာယမှာလဲပဲ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ၊ အနတ္တ မရှိလား"

"ရှိပါတယ် ဘုရား"

"ရှိတယ်၊ ဒါကြောင့်မို့လို့ ရူပကာယမှာပဲဖြစ်ဖြစ်၊ နာမကာယမှာပဲ ဖြစ်ဖြစ်၊ အနိစ္စရယ်– ဒုက္ခရယ်– အနတ္တရယ်– ဝိပရိဏာမရယ်၊ ဒါတွေပေါင်းနေလို့လဲ သူ့ကို ကာယလို့ ခေါ်တဲ့၊ ကာယခေါ်နိုင်တဲ့ အကြောင်း ၄–မျိုး ဖြစ်သွားတယ်"

"မှန်ပါတယ်ဘုရား"

"ဆံပင်၊ အစရှိတဲ့ ၃၂–မျိုး ပေါင်းထားသောကြောင့် နံပါတ် (၁) အနေအားဖြင့် ကာယ စက်ဆုပ်ရွံရှာဖွယ်တွေ စုပေါင်းနေသောကြောင့်။ နံပါတ် (၂) အနေအားဖြင့် ကာယ၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ခန္ဓာငါးပါး စုပေါင်း၍နေသောကြောင့်။ နံပါတ် (၃) အနေအားဖြင့် ကာယ၊ ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"ယခု နောက်တမျိုးက ဘာတဲ့လဲ၊ အနိစ္စ၊ ဒုက္ခ၊ ဝိပရိဏာမ အချက်တွေ၊လက္ခဏာတွေ စုပေါင်း၍နေသောကြောင့် နံပါတ် (၄) အနေအားဖြင့်...."

"ကာယပါ ဘုရား"

"အနိစ္စအချက်ဆိုတာ ဒီမှာပဲ ပေါင်းနေတာပဲ။ ဒုက္ခအချက်ဆိုတော့လဲ ဒီထဲမှာ ပေါင်းနေတယ်။ အနတ္တအချက်လဲပဲ ဒီထဲမှာပဲ ပေါင်း၍နေသောကြောင့် "ကာယ" တဲ့။ "ကာယ" ခေါ်တဲ့ အဓိပ္ပာယ် ၄–မျိုး မနေလား"

"၄–မျိုးပါ ဘုရား"

"ဒါဖြင့်ယင်ဘုရားတပည့်တော်တို့ "ကာယ"နုပဿနာ မယ်ဆိုယင် ဘာ ကာယကို ရှုမယ်၊ ကာယနုပဿနာရှုမယ်ဆိုတော့ ကာယနုပဿနာကို

ပြောမှာဆိုတော့ ဘယ်ကာယ ရှုမလဲ။ ဒါကြည့်။ ကဲ-တို့ဒကာကိုအုံးဟန်ကြီး၊ မော်တော်ကားတစင်းဝယ်မယ်၊ ဝယ်မယ်ဆိုပြီးတော့ အဲဒီမော်တော်ကားကြီး ကြည့်လိုက်တဲ့အခါကျတော့။

"မဝယ်ခင် စစ်ဆေးရမယ်နော်"

"မှန်ပါဘုရား"

"ဒီတင် ကားအလုံးကြီး အပေါ်ယံကတင် ကြည့်ပြီးတော့ ဝယ်လို့ဖြစ်ပါ့မလား"

"မဖြစ်ပါဘုရား"

"ဒါဖြင့် ဘာ ကြည့်မလဲ"

"အသေးစိတ် ကြည့်ရပါတယ်ဘုရား"

"စက်ခေါင်းဖွင့်ပြီးတော့ အထဲမှာရှိမယ့်အင်္ဂါတွေ ပြည့်စုံ၊ မပြည့်စုံ၊ ကောင်းမကောင်း အသေးစိတ် စစ်ဆေးရမယ်။ ဒီအသေးစိတ်ကို ကြည့်ခြင်းသည်ပင်လျှင် မော်တော်ကားကြည့်တာပဲ မဟုတ်လား"

"မှန်ပါဘုရား"

အပေါင်းကိုကြည့် **အစိတ်သိ**။ ။"မော်တော်ကားကြည့်တယ်ဆိုယင်လဲပဲ အသေးစိတ်ကို ကြည့်တာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အပေါင်း၊ အစိတ် ဒါပဲ ကွာတယ်နော်"

"မှန်ပါဘုရား"

"ဉာဏ်စူးစိုက်ရမှာကတော့ မော်တော်ကားဆိုတဲ့ အပေါ်ကနေ နှာလို့ရပဲ့လား"

"မရပါဘုရား"

"မရဘူး၊ ဒီတော့ ကာယနုပဿနာကမ္မဋ္ဌာန်း စီးဖြန်းမယ့်ယောဂီပုဂ္ဂိုလ်ဟာလဲပဲ အနုံစုအချက်၊ ဒုက္ခအချက်၊ ဝိပရိဏာမအချက်ဆိုတဲ့ ကာယအပေါင်း၊ သူလဲ အပေါင်းပဲ။ ဟုတ်ပြီနော်"

"ဟုတ်ပါတယ်ဘုရား"

"စက်ဆုပ်ရွံရှာဖွယ်တို့ရဲ့ အစုအပေါင်း၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့ရဲ့ အစုအပေါင်း၊ ၃၂-ကောဋ္ဌာသအပေါင်းတို့တွင် ပထမဦးစွာ ဘာကို ကြည့်ရမှာလဲဆိုတော့ တလုံးမျှလောက်သော ခန္ဓာကိုယ်လို့ ခေါ်တဲ့၊ ရုပ်ရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ သင်္ခါရယ်၊ ဝိညာဏ်ရယ်၊ ဘယ်နှစ်မျိုးပေါင်း...."

"၅–မျိုး ပေါင်းထားပါတယ် ဘုရား"

"အဲဒီ ၅–မျိုးတို့ရဲ့ အပေါင်းလို့ခေါ်တဲ့ ခန္ဓာငါးပါးအပေါင်းတည်းဟူသော "ကာယ"ကို ကြည့်လေ။ "အပေါင်း"ကို ကြည့်လိုက်လို့ရှိယင် အစိတ်၊ အစိတ် နောက်ထင်လာမယ်နော်၊ အပေါင်းကို ကြည့်လိုက်ယင် အစိတ်၊ အစိတ် ထင်လာမယ်။ အပေါင်းကိုကြည့်တော့ယင်တဲ့ ရူပကာယ၊ နာမကာယ၊စောစောက ၂–မျိုးခွဲထားတယ်၊ရူပကာယ၊နာမကာယ၊ ဘယ်နှစ်မျိုး"

"၂–မျိုးပါ ဘုရား"

"၂–မျိုး ခွဲထားတယ်၊ ယခု ရူပကာယကို ကြည့်လေ၊ ရုပ်အပေါင်း မဟုတ်လား"

"မှန်ပါ ဘုရား"

**ဣရိယာပထ ရှုနည်း**။ ။"ကိုင်း၊ ရုပ်အပေါင်းကို ကြည့်တော့ ဘယ်လို ကြည့်မလဲ–

ပုနစ ပရံ ဘိက္ခဝေ ဘိက္ခု ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ။ ဌိတောဝါ ဌိတောမှီတိ ပဇာနာတိ။ နိသိန္နောဝါ နိသိန္နောမှီတိ ပဇာနာတိ။ သယာနောဝါ သယာနောမှီတိ ပဇာနာတိ။

(မဟာသတိပဋ္ဌာန်သုတ်–ဣရိယာပထပဗ္ဗ)

ဘိက္ခဝေ၊ ရဟန်းတော်များ၊ အို–ချစ်သားတို့။ ဣဓ၊ ဤလောက၌။ ဣဓ၊ ဤငါဘုရားရဲ့ သာသနာတော်၌။ ဘိက္ခု၊ သံသရာဘေး၊ ခန္ဓာရေးကို ထောက်တွေးမြော်မြင်၊ ဆင်ခြင်တတ်တဲ့၊ ယောဂီသူမြတ်သည်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်၊ ဂစ္ဆာမီတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိရမည်၊ ဌိတော၊ ရပ်သည်ရှိသော်။ ဌိတောမှီတိ၊ရပ်သည်ဟူ၍၊ပဇာနာတိ၊သိရမည်။ နိသိန္နော၊ ထိုင်သည်ရှိသော်။ နိသိန္နောမှီတိ၊ ငါထိုင်၏ဟူ၍။ ပဇာနာတိ၊ သိရမည်။ သယာနော၊ လျောင်းသည်ရှိသော်။ သယာနော၊ လျောင်းသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ။ သိရမည်။

"ဘယ်နှစ်ချက်လဲ"

"၄–ချက်ပါ ဘုရား"

"ဣတိအဇ္ဈတ္တံ ဝါ၊ ကာယေ ကာယာနုပဿီ၊ ဝိဟရတိ"

''ဣတိ၊ ဤသို့။ အဇ္ဈတ္တံ ဝါ၊ အဇ္ဈတ္တလည်းဖြစ်သော။ ကာယေ၊ ရူပကာယ၌။ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌ ဖြစ်သော။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ အဲဒီ ရူပကာယကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။

''ဗဟိဒ္ဓါ ဝါ၊ ပြင်ပလည်း ဖြစ်သော။ ကာယေ၊ ကာယ၌။ ကာယနုပဿီ၊ အဲဒီ ရူပကာယ၌၊ ရူပကာယကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ၊ အဇ္ဈတ္တဗဟိဒ္ဓလည်း ဖြစ်သော၊အတွင်းအပလည်း ဖြစ်သော။ ကာယေ၊ ကာယ၌။ ကာယနုပဿီ၊ ကာယကိုသာလျှင် အဖန်တလဲလဲ ရှုလေ့ရှိသည် ဖြစ်၍၊ ဝိဟရတိ၊ နေ၏။

''အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ နောက်တခါ အဇ္ဈတ္တနဲ့ ဗဟိဒ္ဓရယ် ပေါင်းပြီးတော့ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ဒီလို ဟောတယ်။

''ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဂစ္ဆာမိတိ၊ သွား၏ဟူ၍။ ပဇာနာတိ၊ သိ၏။

(၁) သွားလို့ရှိယင် သွားတယ်လို့ သိ၊

(၂) ရပ်လို့ရှိယင် ရပ်တယ်လို့ သိ၊

(၃) ထိုင်ယင် ထိုင်တယ်လို့သိ၊

(၄) အိပ်ယင် အိပ်တယ်လို့ သိ၊ ဣရိယာပုထ် ဘယ်နှစ်ပါး....''

''၄–ပါးပါ ဘုရား''

''အဲဒီ ၄–ပါးကို ပိုင်ပိုင်ကြီး သိအောင် ရှုသွားတဲ့ နည်းသည် ''ဣရိယာပထ'' နည်း။ ဒီလို ပြောတယ်နော်''

''မှန်ပါတယ် ဘုရား''

''ဣရိယာပုထ် ၄–ပါးလုံးမှာ သတိလက်မလွတ်အောင် ရှု၊ အဲဒီ ဣရိယာပုထ် ၄–ပါးလုံးမှာ သတိလက်မလွတ်အောင် ရှုတယ်လို့ ပြောပင်ပြောငြားသော်လဲပဲ သတိတလုံးထဲတော့ မဟုတ်ဘူးနော်''

''မှန်ပါ ဘုရား''

''စောစောက ပြောခဲ့တယ်၊ ပြည့်စုံရမယ့် အင်္ဂါ ဘယ်နှင်ပါး''

''၃–ပါးပါ ဘုရား''

''ဘာနဲ့ ဘာလဲ''

''ဝီရိယ၊ ပညာ၊ သတိပါ ဘုရား''

''ဝီရိယရယ်၊ ပညာရယ်။ သတိရယ်၊ သွားတယ်၊ သွားတယ်၊ သွားတယ်။ တို့ဒကာ ကိုအုံးဟန် သွားတယ်၊ သွားတယ်၊ သွားတယ်။ အဲဒီတဲမှာ

ဝိရိယနဲ့ ပညာ၊ သတိ ဘယ့်နှယ်လုပ်ပါမလဲ၊ "သွားတယ်" တဲ့။ ဝိရိယက ဘယ်နေရာက ပါသွားလဲ။ သတိက ဘယ်နေရာက ပါလဲ။ ပညာက ဘယ်လိုလုပ်ပြီးတော့ သူက စီစစ်သွားသလဲ....ဟင်။

"ပညာ ဆိုသည်မှာ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆို မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အေး၊ တို့ဒကာ ကိုအုံးဟန်ကြီး၊ သွားတယ်၊ သွားတယ်၊ လှမ်းတယ်၊ လှမ်းတယ်၊ ဘယ်မလဲ ပညာ၊ ဘယ်လိုလုပ် စီစစ်ပြီးတော့ နေသလဲ။ လှမ်းနေတယ်၊ ခြေထောက်ကြီး မျက်စေ့နဲ့ မမြင်ရလား"

"မြင်ရပါတယ် ဘုရား"

"ဟော၊ သမ္မာပညတ်၊ သဏ္ဌာနပညတ်နဲ့ ဗ်လို မြင်ရတယ်။ ခြေထောက်ကြီးက လှမ်းတယ်၊ ဒီခြေထောက်ကို ဘယ်သူ လှမ်းသလဲ။ "အဟံ ဂစ္ဆာမိ" တဲ့။ အဟံ၊ ငါသည်၊ ဂစ္ဆာမိ၊ သွား၏။

"ဒကာ ကိုအုံးဟန်ကြီး သွား၏ ဆိုတော့ သတ္တပညတ်၊ သတ္တဝါ ဆိုတဲ့ အမှတ်သညာ ပါမနေလား"

"ပါနေပါတယ် ဘုရား"

"ပါနေသည်၊ သတ္တဝါဆိုတဲ့ အမှတ်သညာလဲ ပါနေသည်။ပုံပန်း သဏ္ဌာန်ကြီးလို့ ခေါ်တဲ့ သဏ္ဌာနပညတ် ကြီးကလဲ ပါနေပြီ။ ကိုင်း၊ ဘယ်မှာ "ပညာ" ရဲ့ အလုပ်ကိစ္စ။ ဒီနေရာမှာ ဘယ်လိုလုပ် ဝင်သွားမလဲ၊ ဝင်သေးလား"

"မဝင်တော့ပါ ဘုရား"

"မဝင်တော့ပြီ။ သွားတဲ့ အမူအရာလေးတော့ ထင်ရှားပါရဲ့၊ သွားတဲ့ အမူအရာ မထင်ရှားဘူးလား"

"ထင်ရှားပါတယ် ဘုရား"

"ထင်ရှားပါတယ်၊ ဒါပေမယ့်လဲ သတ္တဝါပညတ်၊ အတ္တပညတ်၊ သဏ္ဌာနပညတ်၊သမ္မာပညတ်တွေက တွဲပြီးတော့ ပါသွားသည်ဖြစ်၍ 'ပညာ' ဆိုသည်မှာ ငုပ်လျှိုး၍ ကျန်ခဲ့ပါပြီ၊ မကျန်ခဲ့ဘူးလား"

"ကျန်ခဲ့ပါတယ် ဘုရား"

"ပညာ ငုတ်ပြီးတော့ ကျန်ခဲ့လို့ ရှိယင် အဲဒီ ပုဂ္ဂိုလ် သွားယင်း သွားယင်းနဲ့ ပင်ပန်းလာတော့ "ဝိရောဓ" ဖြစ်၍ "ဒေါမနဿ" ဝင်လိမ့်မယ်။ သွားရာ၌ သက်သက်သာသာဆိုပြီးတော့ "အနုရောဓ" ဖြစ်ပြီးတော့ အဘိဇ္ဈာ ဝင်တတ်တယ်။ မဝင်တတ်ဘူးလား"

"ပင်တတ်ပါတယ် ဘုရား"

**ဝိတ်ရယ်၊ ဆန္ဒရယ်၊ စိတ္တဇဝါယောရယ်။** ။"ကိုင်း၊ဒါဖြင့်ယင်အဌကထာ ပြောတဲ့ အတိုင်း ဘယ် လို ပြောရမလဲဆိုယင်—

"ဂစ္ဆာမိတိ စိတ္တေ၊ ဥပ္ပန္နေ စိတ္တကိရိယ ဝါယောဓာတု ဝိပ္ဖာရေန။

"ဂစ္ဆာမိတိ၊ သွားအံ့ ဟူ၍၊ သွားအံ့ဟူ၍။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ စိတ္တကိရိယ ဝါယောဓာတုဝိပ္ဖာရေန၊ အဲဒီ စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်ရဲ့၊ ပျံ့နှံ့ခြင်းကြောင့်။ စိတ္တကိရိယဝါယောဓာတု၊ စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဝါယောဓာတ်သည်။ ဖရတိ၊ ပျံ့နှံ့၍သွား၏တဲ့။ အကြောင်းပထမ ပေါ်လာတယ်နော်"

"မှန်ပါ ဘုရား"

"သွားတယ်ဆိုတဲ့ နေရာမှာ ပထမဦးစွာတဲ့ ဂစ္ဆာမိတိစိတ္တေဥပ္ပန္နေ၊ ဖြစ်တာက သွားလိုတဲ့ စိတ်၊ ရှေးဦးစွာ ဖြစ်တယ်။ ပထမ ဘာဖြစ်...."

"စိတ်ဖြစ်ပါတယ် ဘုရား၊ သွားလိုတဲ့စိတ် ဖြစ်ပါတယ် ဘုရား"

"သွားလိုတဲ့စိတ်၊ "သွားလို"။ ဟော၊ "သွားလို"ဆိုတော့ "ဆန္ဒ" ပါမလာဘူးလား"

"ပါလာပါတယ် ဘုရား"

"သွားလို"တယ်။ "သွားချင်"တယ်။ စိတ်နဲ့တွဲပြီးတော့ ဆန္ဒ၊ စိတ်က သွားလိုတာ မဟုတ်ဘူး။ "သွားလို"တာက တို့ပရိသတ် ဘယ်သူလဲ"

"ဆန္ဒပါ ဘုရား"

"သွားလိုတာက ဆန္ဒ၊ သွားမှန်း သိတာက "စိတ်"နော်"

"မှန်ပါ ဘုရား"

"ခွဲထား၊ အဲဒါ မခွဲပဲနဲ့ လုံးလိုက်တော့ မနေ့က ပြောခဲ့ပြီ၊ မခွဲပဲနဲ့ လုံးလိုက်ယင် ဘာဖြစ်မလဲ၊ ဃန"

"ဃန ဖြစ်သွားပါတယ် ဘုရား"

"သွားလိုတယ်၊ "ဆန္ဒ"။ သွားမှန်းသိတာက "စိတ်"။ ဒီမှာ တရား (၂) လုံး"

"မှန်ပါဘုရား"

"အဲဒီဆန္ဒနဲ့ စိတ်နဲ့သွားလိုတဲ့ဆန္ဒ၊သွားမှန်းသိတဲ့ စိတ်၊ အဲဒီစိတ်နဲ့ **ဆန္ဒလေး** ၂–လုံး ပေါ်လာသည်နှင့်တပြိုင်နက်ထဲတဲ့၊ အဲဒီစိတ်ကို

အကြောင်းခံပြီး ပေါ်လာတဲ့ "စိတ္တဇဝါယော"ဟာ ဖြစ်ပြီတဲ့။ ဝါယောဓာတ်"

"မှန်ပါဘုရား"

"စိတ္တသမုဋ္ဌာနလက္ခဏာ ဝါယောဓာတု၊

"ခန္ဓာကိုယ် တောင့်တင်းခြင်း၊ လှုပ်ရှားခြင်း၊ တွန်းကန်ခြင်းဆိုတဲ့ အမူအရာတွေကို ပြုပြင်တဲ့ ဝါယောဓာတ်၊ "စိတ္တဇဝါယော"ခေါ်ပါတယ်။ တကိုယ်လုံးမှာ စိတ္တဇဝါယောတွေ ပြည့်ပြီးတော့ တင်းလာတဲ့ တပြိုင်နက်ထဲ၊အဲဒီစိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇဝါယော ဓာတုသည် တော်တော်ကြာတော့ ဘယ်သွား စုမှာလဲဆိုတော့ "လှမ်းမယ်"လို့ ဟန်ပြင်ထားတဲ့ခြေထောက်၊ အဲဒီမှာ ဝါယောတွေ ဘာဖြစ်သွားလဲ၊ အကုန်လုံး ဒီမှာ စုလာတယ်။

"တကိုယ်လုံးမှာ ခြေထောက် ၂–ချောင်းဟာ မြေကြီးမှာ ကပ်ပြီးတော့ ထိမနေဘူးလား"

"ထိနေပါတယ် ဘုရား"

"ထိနေကြတယ်၊ ကပ်နေကြတယ်၊ ထိတာ ဘာလဲ၊ ဝါယောဓာတ်၊ မြှောက်လို့မရဘူး၊ လေးနေတယ်၊တွဲနေတယ်ဆိုတော့ ပထဝီဓာတ်က လေးတဲ့သဘော၊ အောက်ကို စုန်တဲ့သဘော မရှိလား"

"ရှိပါတယ်ဘုရား"

"ရှိတယ်။

"အဲဒီအချိန်မှာ ပထဝီဓာတ်တွေ အားနည်းသွားပြီးသကာလ စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ္တဇဝါယောတွေ ပြည့်တင်းသွားတယ်။ ခြေထောက်တွေ လေထိုးထားတဲ့ ဘောလုံးလို အပေါ်မြှောက်လိုက်ယင် လွယ်လွယ်ကလေး၊ မြှောက်သလိုပဲ၊ ဤခြေထောက်တခုလုံးသည် ဝါယောဓာတ်ပြည့် အပေါ်ကို မြှောက်ကြွတက်လာတယ်။

"ဘယ်သူက မြှောက်ပေးလဲ"

"ဝါယောဓာတ်ကပါ ဘုရား"

"ဝါယောဓာတ်။ တို့ပရိသတ် "ငါ" မြှောက်တာလား"

"မဟုတ်ပါဘုရား"

"သတ္တပညတ်၊ ငါမြှောက်တယ်ဆိုယင် "သတ္တဝါပညတ်"မဝင်ပေဘူးလား"

"ဝင်ပါတယ် ဘုရား"

“ဝင်တတ်တယ်။ ဒါကြောင့်မို့လို့ စိတ်၊ သွားလိုတဲ့ ဆန္ဒ၊ သွားမှန်းသိတဲ့ စိတ်၊ အဲဒီ ၂–ခု၊ အနည်းဆုံး အကြောင်းခံပြီးသကာလ၊ ဝါယောလေဓာတ်၊ ရုပ်ပရမတ္ထတရားတို့သည် တကိုယ်လုံး ပြည့်ပြီးတဲ့အခါကျယင် လှမ်းတဲ့ ခြေထောက်သည် အပေါ်ကို စု၍တဲ့။ ခြေထောက်ကို မြောက်တင်လိုက်တယ်၊ ကြွလာပြီ။ ဘယ်သူ ကြွပေးတာလဲ”

“ဝါယောဓာတ်က ကြွပေးတာပါ ဘုရား”

“ဝါယောဓာတ်က ကြွပေးတယ်၊ စိတ်ရယ်၊ ဝါယောဓာတ်ရယ်၊ ၂–လုံးမနေလား”

“မှန်ပါ ဘုရား”

“စိတ်ရယ် ဆန္ဒရယ် ဒါအနည်းဆုံး ပြောတာ။ စိတ်တလုံး တလုံးဖြစ်ယင် စေတသိက် ၇–မျိုး၊ ၇–မျိုးတော့ ပါသွားတာပဲနော်။ ဒါကြောင့်မို့လို့ တို့ပရိသတ်ကို ဟုတ်လား။ စိတ်၊ စိတ်အတိုင်းထားဆိုတဲ့ စကားလုံးနဲ့ ပတ်သက်လို့ ဒီနေရာမှာ စဉ်းစားကြည့်စမ်းပါ။

“ယခု ဘာစိတ် ဖြစ်နေလဲ၊ သွားလိုတဲ့စိတ်ဖြစ်နေပြီ”

“မှန်ပါဘုရား”

“သွားလိုတဲ့စိတ် ဖြစ်နေပြီ။ သူ့နောက်က ပါလာတဲ့အဖော် ဘယ်သူလဲ၊ ဆန္ဒ”

“ဆန္ဒပါဘုရား”

“သွားမယ့်အမှုအရာကို၊ လှမ်းမယ့်အမှုအရာကို နှလုံးသွင်းပေးတဲ့ မနသိကာရ ဆိုတာလေးကတော့ အလုပ် မလုပ်ပေဘူး”

“လုပ်ပါတယ် ဘုရား”

“အလုပ်လုပ်နေတယ်၊ သူကလဲ သူ့အလုပ် သူ လုပ်တယ်။ လှမ်းမယ့်လုပ်ငန်းကို နှလုံးသွင်းခြင်း မနသိကာရဆိုတာ ပါတယ်။ လှမ်းလိုတဲ့ ဆန္ဒဖြစ်တယ်။ လှမ်းတဲ့လုပ်ငန်း ဖြစ်ဖြစ်အောင် လှမ်းလိုက်စမ်းပါလို့ နှိုးဆော်ပေးတဲ့ “စေတနာ” ကော မလုပ်ဘူးလား”

“လုပ်ပါတယ် ဘုရား”

“စေတနာက လှမ်းလိုက်စမ်းပါ၊ လှမ်းလိုက်စမ်းပါ၊ ဝိဉာဉ်က သိရုံမှတပါး ဘာမှ မတတ်နိုင်ဘူးနော်”

“မှန်ပါဘုရား”

“မနသိကာရက အဲဒါလေးကို အာရုံပြုပြီး အာရုံပြတ်မသွားစေနဲ့။ ဆန္ဒက လှမ်းချင်တယ်။ လှမ်းချင်တယ်။ ပရမတ္ထတရားတွေ အသီးသီး

ဆောင်ရွက်နေကြတဲ့ကိစ္စ၊ နော်။ ကိုင်း၊ လှမ်းတဲ့ အမူအရာကို တို့ယောဂီများက ဘာလုပ်သလဲ၊ မှတ်ဘမ်းမှတ်တယ်။ လှမ်းတဲ့ အမူအရာကို ဘာလုပ်သလဲ''

''မှတ်ပါတယ်ဘုရား''

''မှတ်တယ်၊ မှတ်တာက ဘယ်သူ့ကိစ္စ၊ မှတ်တာက ဘယ်သူ့ကိစ္စ''

''သညာပါ ဘုရား''

''သညာ။ တို့ပရိသတ် မှတ်တယ်ဆိုတာက သညာလား၊ ပညာလား''

''သညာပါ ဘုရား''

''တို့ပရိသတ်၊ မှတ်တယ်ဆိုတာ ''သညာ''လား။ ''ပညာ''လား။''

''သညာပါ ဘုရား''

''ခွဲယားပါ။ နော်၊ မှတ်တယ်ဆိုယင် 'သညာ'။ 'ပညာ' မပါဘူး။ ကိုင်း၊ လှမ်း တဲ့ အမူ အရာကို အာရုံပြု၊ 'မနသိကာရ'။လှမ်းတဲ့ လုပ်ငန်း မဖြစ်အောင် နိုးဆော် 'စေတနာ' က လုပ်၊ လှမ်းလိုဘယ်'ဆန္ဒ'က လုပ်။ ဟော-လှမ်းတဲ့ အမူအရာကို မှတ်မယ်။ 'သညာ'ပါလာပြီ။

''အဲဒီလှမ်းတဲ့ အမူအရာလေးက သက်သက်သာသာ၊ အနှံ့ရှာ အနေအားဖြင့် လှမ်းရပြန်တော့ သုခဝေဒနာ၊ မသက်မသာလေး လှမ်းနေရပြန်တော့၊ 'ဝိဆောခ'ကြောင့်ဘဲ၊ ဒုက္ခဝေဒနာ။

''ဟော၊ ဝေဒနာလေး ပါသွားပြီ။ ဝေဒနာက အားကောင်းတဲ့အခါ အားကောင်းတယ်။ လျော့တဲ့အခါလဲ လျော့တယ်နော်။ လှမ်းတဲ့ အမူအရာ သိ သိ သိ သိပြီးတော့ လိုက်သွားတာက ''ဝိညာဏ်''။

''ဒါဖြင့်ယင် သတိရယ်၊ ဝီရိယရယ်။ ပညာရယ် တဲ့။ဒီအထဲ ပါမသွားဘူးလား''

''ပါသွားပါတယ် ဘုရား''

''ယခုလို ပြောပြခဲ့တဲ့ သတိ၊ အဲဒါ သတိရယ်၊ ဝီရိယရယ်၊ ပညာက ဒါတွေကို လုပ်သွားတာ။ လှမ်းလိုတဲ့ စိတ်က ရှေးဦးစွာ ဖြစ်၍ လှမ်းလိုတဲ့ ဆန္ဒ၌ တွဲပြီးတော့ ဖြစ်သဖြင့် ''ဩော်၊ လှမ်းမယ်ဆိုဘဲ ငါ့ရဲ့ ခြေထောက်မှာ ဝါယောဓာတ်ဟော့ ကြွပြီးတော့ တက်လာပြီ။

''အဲဒီ ဝါယောဓာတ် ကြွတက်လာသဖြင့် ''ခြေထောက်'' ဆိုတဲ့ သမူဟပညတ်သဏ္ဌာန်ကြီးက ကြွသွားတယ်။ ရှေ့သို့ တွန်းလိုက်တယ်၊

ပြီးတော့ ချလိုက်တယ်လို့ အဲဒီ အလုပ်ကိစ္စတိုင်း ကိစ္စတိုင်းတွေကို အခု ပြောပြခဲ့တဲ့ သဘာဝသတ္တိ အမျိုးအစားတွေကို ခွဲခွဲခြားခြား ပါသွားတဲ့ ဉာဏ်ရယ်၊ သတိရယ်၊ ဝီရိယရယ် တရား ၃-လုံး ခေါင်းဆောင် မသွား ဘူးလား"

"ခေါင်းဆောင်သွားပါတယ် ဘုရား"

"အဲဒီလို ခေါင်းဆောင်သွားယင် "အာတာပီ၊ သမ္ပဇာနော၊ သတိမာ၊ ဝေနေယျ၊ လောကေအဘိဇ္ဈာ ဒေါမနဿ"" ဆိုတဲ့ ဣရိယာပထ သမ္ပဇညနည်း သတ္တဝါပညတ် ဒီအထဲ ပါမှလား"

"မပါပါ ဘုရား"

"မပါဘူး။ ဒါဖြင့် သွားတာ ဘယ်သူ သွား။ ကိုင်း၊ တို့ဒကာ ကိုအုံးဟန်ကြီး၊ သွားတာ ဘယ်သူ သွား၊ သွားမယ်ဆိုတဲ့ စိတ် ဖြစ်လာ လို့ ရှိယင်တဲ့၊ ဟုတ်လား"

"မှန်ပါဘုရား"

"သွားမယ် ဆိုတဲ့ စိတ် ဖြစ်လာလို့ရှိယင် စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည် ကြွတက်လာတယ်တဲ့၊ ဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ဖြည်းဖြည်းလေး သလုံးလေး ကြွတယ်၊ အတောင် ၆၀ ရှိတဲ့ ကြိုးကို လျှောက်လို့ရှိယင်လေ အတောင် ၆၀ ကြိုး တည်ဆောက်တဲ့ နည်းကလဲ ဟုတ်တယ်လား၊ သုမေဓာ တောထွက်ခဏ်းများမှာ ပြထားတယ်၊ ကြိုးဟာ အတောင် ၆၀ ရှည်ရမယ်တဲ့၊ ကြိုးမြေအပြင်မှာ ညီပြီတော့ မှတ်ချောနေရမယ်။ အကယ်၍ မမှတ်မချောခဲ့လို့ ကျောက်ခဲတွေ၊ တုံးတွေ၊ ငုတ်တွေ၊ ခလုတ်တွေ ရှိနေလို့ရှိယင် တို့ပရိသတ်၊ ခြေထောက်နဲ့ အနုရောစ ဖြစ်မလား၊ ဝိရောစ ဖြစ်မလား"

"ဝိရောစ ဖြစ်ပါမယ် ဘုရား"

"ဝိရောစ ဖြစ်မယ်တဲ့၊ ငုတ်ကလေး နင်းမိယင် ဒီခြေထောက်က ခံနိုင်ပါမလား"

"မခံနိုင်ပါ ဘုရား"

"ခဲကလေး နင်းမိယင်ကော"

"မခံနိုင်ပါ ဘုရား"

"သမာဓိလေးက ယိတိယဲ့တဲ့ရယ်။ ခဲကလေး နင်းမိယင် အဲဒီ သမာဓိလေးက လွင့်သွားရော"

"မှန်ပါ ဘုရား"

"ချောနေရမယ် စကြံ့က။ စကြံ့ရဲ့ဘေး၊ ဝဲ-ယာ-ရှေ့-နောက် ဟိုဘက်ထိပ် သည်ဘက်ထိပ်မှာလဲ သစ်ပင်တွေ၊ သစ်ငုတ်တွေ ဘာမှ မရှိရ ပဲနဲ့၊ သန့်ရှင်းရမယ့် စကြံ့ တည်ဆောက်တဲ့ နည်း။ အဲဒီလို စကြံ့ကို ခုပြော ခဲ့တဲ့ နည်းနဲ့ လျှောက်ယင် တမနက်လုံး တခေါက်ရဖို့ မလွယ်လှဘူး။

"လွယ်ပါ့မလား"

"မလွယ်ပါ ဘုရား"

"မလွယ်ဘူး၊ "သွားတယ်၊ သွားတယ်" လို့ ဒီလိုလေး ဆိုပြီးတော့ လျှောက်သွားယင်တော့ အခေါက်ပေါင်းများစွာ ရမယ်"

"မှန်ပါ ဘုရား"

"ဒီတော့ ကြည့်၊ ဘယ်သူ သွားသလဲ ဆိုလို့ရှိယင် ကြည့်ပါ။ "သွားမယ်" ဆိုတဲ့ စိတ် ရှေးဦးစွာ ဖြစ်သဖြင့် သွားလိုတဲ့ "ဆန္ဒ" နဲ့ တွဲပြီးတော့ စိတ်ကြောင့် ဝါယောဓာတ်တွေ တကိုယ်လုံး ပြည့်ပြီးတော့ တက်လာတယ်။



# ဝိဇယသုတ္တန် တတိယပိုင်း ၂

# ဝိဇယသုတ္တန်တရားတော် တတိယပိုင်း ၂

**ခန္ဓာကိုယ် လှုပ်ရှားခြင်း၏ အကြောင်းရင်း။**

။''သွားတယ်၊ သွားတယ်လို့ ဒီလိုလွေးဆိုပြီး လျှောက်သွားယင်တော့ အခေါက်ပေါင်းများစွာ ရမယ်''

''မှန်ပါဘုရား''

''ဒီတော့ ကြည့်၊ဘယ်သူ သွားသလဲ ဆိုလို့ရှိယင် ကြည့်ပါ၊ ''သွားမယ်'' ဆိုတဲ့ စိတ် ရှေးဦးစွာ ဖြစ်သဖြင့် သွားလိုတဲ့ ''ဆန္ဒ''နဲ့ တွဲပြီးတော့ စိတ်ကြောင့် ဝါယောဓာတ်တွေ တကိုယ်လုံး ပြည့်ပြီးတော့ တက်လာတယ်''

''အဲဒီ ဝါယောဓာတ်တွေကနေ ခြေထောက်ဆီ အကုန်လုံး ပြည့်ပြီးတော့ တင်သွားပြီးတော့ ဒီခြေထောက်သည် မြောက်ပြီးတော့ တက်လာတယ်။ အဲဒီ ခြေထောက်လို့ အများပြော၊ အမှန် သမုတိသစ္စာ၊ တရားသဘောနဲ့ ကြည့်လိုက်တော့ ရူပကာယပဲ မဟုတ်လား''

''မှန်ပါဘုရား''

''ရူပကာယ ဆိုတာ ဘာအပေါင်းလဲ''

''ရုပ်အပေါင်းပါဘုရား''

''ရုပ်အပေါင်းတဲ့၊ ရုပ်ရဲ့ အပေါင်းအစုကြီး ရွှေ့ပြီးတော့ သွားတာကိုပင်လျှင် ''ငါ'' သွားတယ်လို့ ဒီလို မပြောလား''

''ပြောပါတယ် ဘုရား''

''သတ္တဝါတယောက် လမ်းလျှောက်တယ်တဲ့၊ ရုပ်အပေါင်းအစုကြီး ရွေ့လျားနေတာ မဟုတ်လား''

"ဟုတ်ပါတယ် ဘုရား"

"ဒါကြောင့်....

"ကာယဿ၊ ရူပကာယ၏၊ ဣဒ္ဓနံ၊ လှုပ်ရှားတဲ့ အမူအရာတည်းတဲ့။

"မြတ်စွာဘုရားက ဒီလို ဥစ္စာဟာ ရူပကာယကြီး၊ ရုပ်တရားကြီး ရွေ့နေတာ။ မျက်စိနဲ့ မြင်နေရတာ ဘာလဲ၊ ရုပ်တရား။ တချို့က ထင်တယ်၊ မျက်စိနဲ့ မြင်နေရတာ "လူ"။

"အဲဒီ မျက်စိနဲ့ မြင်နေရတဲ့ ဒီ ဗဟိဒ္ဓ လူတွေကို ဝိပဿနာတင်ရှုလို့ မရဘူးလို့၊ ဒီလို သာမန်အားဖြင့် ထင်စရာ ရှိတယ်။ မျက်စိနဲ့ မြင်နေရ တာဟာလေ ဒကာ ကိုအုံးဟန်ကြီး မှတ်ထား၊ သမုတိသစ္စာနယ်က ကြည့်လို့ "လူ" လို့ ပြောပင် ပြောငြားလော်လဲပဲ ဟုတ်လား၊ ရူပါယတန ရူပ ဓာတ်မှာ ကြည့်လိုက်လို့ရှိယင် သူက ရုပ်တရား။ သာမန်အားဖြင့် ယူလို့ ရှိယင် ပရမတ္ထ ရမနေလား"

"ရပါတယ် ဘုရား"

"မျက်စိနဲ့ ကြည့်ရတာတွေကို ရူပါယတန ရူပဓာတ်ထဲ သွင်းလိုက် လို့ရှိယင် ဒါ ပရမတ္ထ တရား ဖြစ်လာတယ်"

"မှန်ပါဘုရား"

"အလွန် မြင်နိုင်ခဲတဲ့ သဘာဝအချက်၊ မျက်စိအောက် ရောက်တိုင်း ရောက်တိုင်း ရုပ်တရား၊ ရုပ်ဘရားလို့ သုံးသပ်၍ နေယင်၊ သတ္တဝါပေါ် ရောက်မလား"

"မရောက်ပါ ဘုရား"

"မရောက်ဘူး၊ ဣတိရူပံ၊ ဒါရုပ်တရား။ ဓမ္မာနုပဿာ သတိပဋ္ဌာန်မှာ ရှိတယ်"

"မှန်ပါဘုရား"

"ဣတိ၊ ဤမျက်စိနဲ့ မြင်ရတယ်ဆိုတာက။ ရူပံ၊ ရုပ်တရားတည်း။ ဣတိ၊ ဤလှုပ်းတယ်၊ ကြွတယ်၊ ချတယ် ဆိုတာ ရူပံ၊ ရုပ်တရားကြီးတည်း။ ဟော၊ သတ္တဝါ ပညတ်"

"ပျောက်သွားပါတယ် ဘုရား"

"ပျောက်ပြီတဲ့၊ ရုပ်တရားကြီးရဲ့ ရွေ့လျားမှု၊ အဲဒီ ရုပ်တရားကြီး ရွေ့အောင် ဘယ်သူက လုပ်"

"စိတ်က လုပ်ပါတယ် ဘုရား"

"စိတ် ၈ လုပ်တယ်။ အဲဒီ စိတ်က ဘာကို ဖြစ်စေလဲ၊ ဝါယော

ဘာတ်ကို ဖြစ်တယ်၊ ဝါယောဓာတ်ကြောင့် ရုပ်တရားကြီး ရွေ့တယ်၊ အကြောင်းအကျိုး ဆက်မနေလား''

''ဆက်နေပါတယ် ဘုရား''

''နာမရုပ် ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ် ၂–ပါးပါမသွား ဘူးလား''

''ပါသွားပါတယ် ဘုရား''

''ဩော်၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဝင်မသွားဘူးလား၊ ဝင်သွားပြီနော်''

''မှန်ပါ ဘုရား''

''ဒါကြောင့်–

''စိတ္တနာနတ္တ၊ မာဂမ္မ၊ နာနတ္တံ ဟောတိ ဝါယုနော။

''ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ''

''ဘိက္ခဝေ၊ ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့၊ စိတ္တနာနတ္တံ၊ စိတ်၏ ထူးထူးပြားပြား ဖြစ်ပုံကို၊ အာဂမ္မ၊ စွဲ၍။ ဝါယုနော၊ ဝါယောလေဓာတ်၊ ရုပ်ပရမတ္ထတရား၏၊ နာနာ၊ ထူးထူးပြားပြား ဖြစ်ကုန်သည်၊ ဟောတိ၊ ဖြစ်၏။ ဝါယုနော၊ ဝါယော လေဓာတ်။ ရုပ်ပရမတ္ထတရား၏၊ နာနတ္တ၊ ထူးထူးခြားခြား ဖြစ်ပုံကို၊ အာဂမ္မ၊ အကြောင်းပြု၍။ ကာယဿ၊ ဤခန္ဓာကိုယ်ကြီး၏။ ဣဉ္ဇနာ၊ လှုပ်ရှားတဲ့ အမူအရာသည်၊ ဟောတိ၊ ဖြစ်၏'' တဲ့။

''စိတ်က အမျိုးမျိုးအစားစား ဖြစ်တဲ့အတွက်ကြောင့် ဘာတွေဖြစ်၊ ဝါယောဓာတ်တွေ ကြွတယ်။ ဝါယောဓာတ်တွေ အမျိုးမျိုးအစားစား ဖြစ်ပေါ်တဲ့အတွက်ကြောင့် ခန္ဓာကိုယ်ရဲ့ လှုပ်ရှားတဲ့ အမူအရာတွေလဲပဲ အမျိုးမျိုးအစားစား များစွာ ဖြစ်တယ်၊ ဒီလို ပြောတယ်နော်''

''မှန်ပါ ဘုရား''

လှည်းကြီးပမာ ကိုယ်ခန္ဓာ၊ ။''ဟို–လမ်းပေါ်က မြင်နေရတဲ့ နွား ၂-ကောင် တပ်ပြီးတော့ သွားနေတဲ့ အရာဝတ္ထုကြီး ကြည့် လိုက်စမ်းတဲ့၊ အဲဒါ ဘာကြီးလဲ''

''လှည်းပါ ဘုရား''

''လှည်း၊ ဘာ သွားသလဲတဲ့၊ လမ်းပေါ်မှာ သေသေချာချာကြည့်၊ လှည်းသွားသလား။ တို့ပရိသတ် လမ်းပေါ်မှာ ဘာသွားတုံး''

"ရုပ်သွားပါတယ် ဘုရား"

"ကိုင်း၊ ရုပ် သွားတယ်၊ လမ်းပေါ်မှာ သွားနေတဲ့ မျက်စိနဲ့ ဒီအတိုင်း ကြည့်လိုက်လို့ရှိယင် သမုတိသစ္စာနယ်စကားနဲ့ ပြော၊ ပရမတ္ထ စကားနဲ့ဆိုယင်တော့ ရုပ်က သွားတယ်၊ မှန်တယ်၊ သမုတိသစ္စာနဲ့ ကြည့် လိုက်လို့ရှိယင် လမ်းပေါ် ဘာကြီးသွား"

"လူညီးသွားပါတယ် ဘုရား"

"လူညီးသွားတယ်၊ အဲဒီလူညီး သူ့ဟာသူ သွားသလား"

"မသွားပါ ဘုရား"

"ဘာကြောင့်သွား၊အဲဒီလူညီး ဘာကြောင့်သွား၊ နွား ၂-ကောင်က ဆွဲလို့သွား၊ ဟုတ်တယ် မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"နွား ၂—ကောင်ကလဲပဲ သူ့သဘောနဲ့ သူ သွားမလား"

"မသွားပါ ဘုရား"

"မသွားဘူး။ အပေါ်က လူညီးသမားက မောင်းတယ်၊ လူကဲ မောင်းတယ်၊ ကြိမ်နဲ့ တို့တယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ကြိမ်နဲ့ တို့ပေးသဖြင့် နွား ၂—ကောင် ရုန်းလို့ လူညီးကြီးက ရွေ့တယ်၊ ဒီလို မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"မိမိရဲ့ ခန္ဓာကိုယ်ပေါ်မှာလဲပဲ မြတ်စွာဘုရားက ဤကဲ့သို့ သဘော ကျထားတဲ့ စိတ်နဲ့ လူညီးသမားနဲ့ ပမာထား၍ ကြည့်။ နွား ၂—ကောင်နဲ့ ဝါယောဓာတ်ကို ပမာထား၍ ကြည့်လေ။ ဘာမှ လှုပ်ရှားတတ်တဲ့ သတ္တိ မရှိတဲ့၊ ဤရုပကာယနဲ့ လူညီးနဲ့ ပမာထား၍ ကြည့်တဲ့၊ ဒီလိုမဟုတ်လား။

"လူညီး သွားတယ်၊လူညီး သွားတယ် ဆိုလို့ ရှိယင် ဘာမှ သတ္တိ မရှိတဲ့ လူညီးကို သက္ကာယ်ရှိတဲ့ အနေအားဖြင့် တင်စားပြီးတော့ ယူလိုက်လို့ ရှိယင် ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဉာဏ်အမြင် မှားလေသောကြောင့် ဒိဋ္ဌိ မဝင်ဘူးလား"

"ဝင်ပါတယ် ဘုရား"

"ဝင်တယ်။ ဘာမှ သွားတတ်တဲ့ သတ္တိ မရှိတဲ့ ဤရုပ်ကာယကို သွားတယ်။ ငါရဲ့ ခန္ဓာကိုယ်ကြီး သွားတယ်ဆိုလို့ ရှိယင်ဖြင့် ဝါယော ဓာတ်ပေါ် ဉာဏ်မရောက်သေးသောကြောင့်၊ သဘောကျပြီလား"

"မှန်ပါ ဘုရား"

"သွားတတ်တဲ့ သတ္တိ မရှိတဲ့ ဤရူပကာယကြီးကို "ငါ့ရဲ့ ခန္ဓာကြီးက သွားတယ်၊ သွားတယ်" ဆိုလို့ ရှိယင်ဖြင့် ဝါယောဓာတ်ရဲ့ လှုပ်ရှားနိုင်တဲ့ သတ္တိအပေါ် ဉာဏ်မရောက်သေးသောကြောင့် သတ္တပညတ် ပြုတ်နိုင်ပါ့မလား"

"မပြုတ်နိုင်ပါ ဘုရား"

"မပြုတ်နိုင်ပြီ။

"ဒါကြောင့် သွားတယ်၊ သွားတယ် ဆိုတာမှာ ဝါယောဓာတ်နဲ့ စိတ်၊ ဤ ၂–ခုကို သဘောကျအောင် စဉ်းစားဆင်ခြင် ဉာဏ်ထဲသွင်း၍ လျှောက်လေ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"စိတ္တနာနတ္တ မာဂမ္မ၊ နာနတ္တ ဟောတိ ဝါယုနော။

"ဝါယုနာနတ္တတော နာနာ၊ ဟောတိ ကာယဿ ဣဉ္ဇနာ"

"စိတ္တနာနတ္တ ၊ စိတ်ရဲ့ အမျိုးမျိုးအစားစား ဖြစ်ပုံကို=

"စိတ်အမျိုးမျိုး ဖြစ်တယ် ဆိုတာက သွားလိုတဲ့ စိတ် ဖြစ်တယ်။ သွားလိုတဲ့စိတ် ဖြစ်သဖြင့် အဲဒီစိတ်နဲ့ တွဲပြီးတော့ ဝါယောဓာတ်တွေ တခုလုံး ပြည့်လာတယ်။ အဲဒီ ပြည့်လာတဲ့ ဝါယောဓာတ်တွေက လှမ်းမယ့် ခြေထောက်ဆီကို အကုန်လုံး စုပြီးတော့ အားပေးကြတယ်။ ဒါကြောင့် အဲဒီ ခြေထောက်ကြီးလို့ ခေါ်တဲ့ သမုတိသစ္စာကြီးက ကြွပြီးတော့ သက်လာတယ်နော်။

"အေး၊ ကြွလာတဲ့ ခြေထောက်လို့ ခေါ်တဲ့သမုတိသစ္စာ တည်းဟူသော ပုပ်အပေါင်းခေါ်တဲ့ ရူပကာယက ဘာဖြစ်လဲ။ ရွေ့၊ ရွေ့၊ ရွေ့နဲ့ လှုပ်တယ်။ နောက်က တွန်းပေးလို့ လှုပ်တာနော်။တွန်းပေးတဲ့ သတ္တိဆီကို ဉာဏ်ပို့ထား၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"သတ္တိဆီ ဉာဏ်ရောက်လို့ရှိယင် ဘယ်ပေါ် ရောက်သွားလဲ"

"ပရမတ်ပေါ် ရောက်သွားပါတယ် ဘုရား"

"ဝါယောပရမတ်ပေါ် ရောက်မယ်၊ အဲဒီဝါယောပရမတ် ဘာကြောင့်ဖြစ်၊ အကြောင်းလိုက်ပြီးတော့ စဉ်းစားလိုက်ယင်...."

"စိတ်ကြောင့်ဖြစ်ပါတယ် ဘုရား"

"စိတ်ကြောင့် ဖြစ်တယ်တဲ့၊ အကြောင်းနဲ့ အကျိုး တွဲပြီးတော့ သိမသွားပေဘူးလား"

"သိသွားပါတယ် ဘုရား"

"အေး၊ အဲဒီလို ရှုကွက်သည်တဲ့၊ သတိရယ်၊ ပညာရယ်၊ ဝီရိယရယ်၊ ဝင်မသွားဘူးလား"

"ဝင်သွားပါတယ် ဘုရား"

"သတိ၊ ပညာ၊ ဝီရိယ ပြည့်ပြည့်စုံစုံ ဝင်သွားတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ ရှုကွက်ထဲမှာ နာမရူပ ပရိစ္ဆေဒနဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ၂–ပါး ဝင်သွားပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပါမသွားလား"

"ပါသွားပါတယ် ဘုရား"

"ပါသွားလို့ ရှိယင် ဤပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ဒိဋ္ဌိထက် ကွာမသွားဘူးလား"

"ကွာသွားပါတယ် ဘုရား"

"ကွာသွားပြီတဲ့"

"ဒါကြောင့်၊ သွား၊ သွားတယ်။ လှမ်း၊ လှမ်းတယ်။ ချ၊ ချတယ်။ ကြွ၊ ကြွတယ်ဆိုလို့ ရှိယင် ဤနည်းအတိုင်း သွားလေနော်၊ ဒါကြောင့်....

"သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို၊ စိတ်ဟုသိ" တဲ့။

"စိတ်ကြောင့်ဖြစ်သော ဓာတ်ဝါယော နှံ့ရောကိုယ်ဝယ်ပြည့်" လို့ မမ္မနာသဆရာတော်က သံပေါက်လေးတွေ စီကုံးသွားတယ်နော်"

"မှန်ပါဘုရား"

"အေး....အဲဒါလေးတွေ ဆိုကြည့်စမ်းပါ။ သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟု သိ။ စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော့ကိုယ်ဝယ်ပြည့်၊ ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော် သွားပေ၏။ ဉာဏ်သွင်းထားနော်"

"ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့် ကြည့်။

"ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော် သွားပေ၏"

"အဲဒီနေရာလေးမှာ စဉ်းစားကြည့်ပါ။

"စိတ်ကြောင့်ဖြစ်သော ဓာတ်ဝါယော၊ နှံ့နှော့ကိုယ်ဝယ်ပြည့်။

"ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော် သွားပေ၏။ ဟော– ဝါယောတွေ ပြည့်လာလို့ ရုပ်အသစ်အသစ် ဖြစ်တယ်လို့ ဒီလိုဆုံထား

တယ်၊ 'ဝါယောပြည့်သော်။ ရုပ်သစ်ပေါ်'၊ ရုပ်သစ်ပေါ်လာလို့ရှိယင် ရုပ်အဟောင်းက ဘာဖြစ်သွားသလဲ''

''ချုပ်ပျောက်သွားပါတယ် ဘုရား''

''အေး၊ ချုပ်ပျောက်သွားတယ်။

''အနိစ္စလက္ခဏာ ဝင်သွားရမယ်။ 'ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်' ဆိုတာလေး စဉ်းစားကြည့်ပါ။ စကြံဦးမှာ ရပ်နေတဲ့ ယောဂီတယောက် လှမ်းတော့မယ်ဆိုတဲ့ အမူအရာကို ပြင်ဆင်ပြီးတော့ ... စကြံထိပ်မှာ ရပ်နေတဲ့ ယောဂီတယောက်ဟာ ရပ်နေတဲ့အခိုက်မှာ ကြည့်ပါ။ ရပ်နေတဲ့ အခိုက်မှာ စဉ်းစားကြည့်ပါ။ 'သွားလို၊ ရပ်လို'ဆိုတဲ့ စကားလေးမှာ ၄–လုံး ပါသွားတယ်။ 'သွားလိုတယ်၊ ရပ်လိုတယ်၊ ထိုင်လိုတယ်၊ အိပ်လိုတယ်။

''ဟုတ်တယ်မဟုတ်လား''

''မှန်ပါဘုရား''

''သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို၊ စိတ်ဟုသိ မဆိုလား''

''ဆိုပါတယ် ဘုရား''

''သွားလိုတာ စိတ်၊ ရပ်လိုတာ စိတ်၊ ထိုင်လိုတာ စိတ်။ အိပ်လိုတာစိတ်၊ စကြံဦးမှာ သွားတော့မယ်ဆိုပြီးတော့ ရပ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ရပ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ရပ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ရပ်လိုတဲ့ စိတ်ကြောင့် ရပ်တာ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ရပ်လိုတာက အမှန်ကတော့ ဆန္ဒပါနော်''

''မှန်ပါဘုရား''

''ဆန္ဒနဲ့စိတ်နဲ့ မခွဲပဲ ပြောလိုက်တော့ ဿန ဝင် ဝင် သွားအုံးမယ်၊ ဆန္ဒကြောင့် ရပ်တယ်၊ ရပ်လိုတဲ့ စိတ် မဖြစ်လား''

''ဖြစ်လာပါတယ် ဘုရား''

''ရင်တဲ့အမူအရာကို အာရုံပြု။ ဘယ်သူလဲ မနသိကာရ၊ ဟုတ်လား''

''မှန်ပါတယ် ဘုရား''

''ရပ်ပါလို့ တိုက်တွန်းနှိုးဆော် 'စေတနာ' ဟုတ်လား''

''ရပ်တဲ့အမူအရာကို မှတ်နေတယ်''

''သညာပါဘုရား''

"သညာ အဲဒီရုပ်နေတဲ့ အမှုအရာလေးအခိုက်မှာ သက်သာမှုကလေး ဖြစ်ခဲ့နေလို့ ရှိယင်၊ သုခဝေဒနာလေး၊ မသက်မသာကြီးများ ရုပ်နေ့ရယင် တော့...."

"ဒုက္ခဝေဒနာပါ ဘုရား"

"ဝေဒနာက အားကောင်းတာနဲ့ အားနည်းတာပဲ ပါတယ်၊ ဝေဒနာကတော့ ရှိတယ်။ တခါတခါ ချမ်းသာသည်လည်း မဟုတ်၊ ပင်ပန်းသည်လည်း မဟုတ်၊ ဒီလိုလေးများဖြင့် ရုပ်နေလို့ ရှိယင် ဥပေက္ခာ ဖြစ်နေမယ်နော်"

"မှန်ပါဘုရား"

"အဲဒါဝေဒနာက ထင်ရှားတဲ့ အခါလဲ ရှိတယ်။ မထင်ရှားတဲ့ အခါလဲ ရှိတယ်။ ဥပေက္ခာဝေဒနာများ ဝင်နေလို့ ရှိယင်တော့ တို့ ယောဂီများ ဝေဒနာ မထင်ရှားတော့ဘူး၊ ရှာလို့ မရနိုင်ဘူး။ ဥပေက္ခာဝင် လာလို့ ရှိယင်နော်"

"မှန်ပါဘုရား"

**ဥပေက္ခာဝေဒနာ ရှုခက်ပါ။** ။"သုခ၊ ဒုက္ခ၊ ခုနက 'အနုရောဓ'။ 'ဝိရောဓ' တခုခု ဝင်ယင်တော့ ဝေဒနာ ထင်ရှားတယ်၊ ဒါကြောင့် 'ဝေဒနာနုပဿနာ' ရှုလိုတဲ့ ယောဂီပုဂ္ဂိုလ်များအနေနဲ့ 'အနုရောဓ' 'ဝိရောဓ' ဖြစ်တဲ့ အခိုက်မှာ ရှုလို့ ရတယ်၊ 'အနုရောဓ' 'ဝိရောဓ' ၂-ပါး တပါးမှ မဖြစ်ပဲနဲ့ ဒီအတိုင်းပဲ ဟုတ်လား၊ 'သမ' နေတဲ့အခါ ဥပေက္ခာ ဝင်နေလို့ ရှိယင် အဲဒီဥပေက္ခာကို ရှုဖို့ တော်တော်ခက်တယ်တဲ့။ အန္ဓကာရ အန္ဓကာရောဝိယ ဒုဒ္ဒိဗနာတဲ့၊ ဒီလိုပြောတယ်၊ အမိုက်မှောင်ထဲ ဝင်ရသလိုပဲတဲ့။ ဥပေက္ခာဝေဒနာဆိုတာ ပြရန် အလွန်ခက်တယ်။ ရှုရန် အလွန်ခက်တယ်တဲ့။

"ဒီလိုပြောနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် တို့ဟောဖူးတယ်။ ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ ဆိုတဲ့ ဗာဟိယသုတ္တန်မှာ...."

"ဒိဋ္ဌေ၊ ရူပါရုံကို မြင်သည်ရှိသော်၊ ဒိဋ္ဌမတ္တံ၊ ရူပါရုံကို မြင်ကာမျှသည်။ ဘဝိဿတိ၊ ဖြစ်ရမည်။ ရူပါရုံ ရုပ်ကို မြင်တယ်ဆိုတာကို ဘယ်သူက မြင်သလဲ ၊စက္ခုဝိညာဏ်"

"မှန်ပါဘုရား"

"အခု မျက်စိအောက် ထိုင်နေကြတဲ့ ယောဂီပုဂ္ဂိုလ်အပေါင်းကို ဒီပလ္လင်ပေါ်က ကြည့်လို့မြင်လိုက်လို့ရှိတယ် 'ဒိဋ္ဌေဒိဋ္ဌမတ္တ''အရ စက္ခုဝိညာဏ်မှာ ရုပ်နိုင်တယ်ဆိုယင်၊ ရုပ်အနေနဲ့ သုံးသပ်ပြီးတော့ ရုပ်တာ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"လူပဲ နတ်ပဲ၊ ဗြဟ္မာပဲ၊ အမျိုးသား အမျိုးသမီးပဲ။ လှတယ်၊ ချောတယ် စသည်ဖြင့် ဒီလို ဆုံးဖြတ်သွားယင် 'ဝုဋ္ဌော' ကနေ ဟိုဘက် 'ဇော' ရောက်သွားပြီ၊ အဲဒါ 'ဒိဋ္ဌေ ဒိဋ္ဌမတ္တ''၊ မြင် မြင်ကာမျှ စက္ခုဝိညာဏ် စိတ်ကလေးမှာ ရုပ်ဆိုင်းနိုင်အောင် ရှုသော ယောဂီ ပုဂ္ဂိုလ်သည် ဝိညာဏ်ကလေး ပေါ်တာကို စက္ခုဝိညာဏ် စိတ်ကလေး ပေါ်တာကို ပေါ်မှန်း သိလိုက်တဲ့ ယောဂီပုဂ္ဂိုလ်သည် ပေါ့လေ၊ အဲဒါ 'ဒိဋ္ဌေဒိဋ္ဌမတ္တ'' ဖြစ်ပြီ၊ စက္ခုဝိညာဏ်လို့ ခေါ်တဲ့ အသိစိတ်လေးပေါ်ယင် ရုပ်ပဲလို့ သူ သိသွားယင် 'ဒိဋ္ဌေ ဒိဋ္ဌ မတ္တ'' ပဲ။ ဒါဖြင့်ယင် အဲဒီ မျက်စိအောက် ရောက်လာတာ လူလား၊ ရုပ်သား ဆိုယင် ဘယ်လိုပြောမလဲ"

"ရုပ်လို့ ပြောပါမယ် ဘုရား"

"ရုပ်၊ ဘယ်သူ့ရုပ်လို့ သိလိုက်တာလဲ ဆိုတော့ စက္ခုဝိညာဏ်စိတ်က သိလိုက်တာ ရုပ်လို့၊ သူက ဒါပဲ သိတယ်"

"မှန်ပါ ဘုရား"

"အကောင်း အဆိုး ၂–မျိုး၊ သူ မသိဘူးနော်"

"မှန်ပါဘုရား"

"အကောင်း အဆိုး ၂–မျိုး သူ မသိဘူး၊

**ဝေဒနာရှုမသား ဝိညာဏ်ရှုမလား။** ။"ဒါဖြင့်ယင် ကောင်းဆိုး ၂မျိုး မသိယင် အဲဒီ စက္ခုဝိညာဏ်မှာ ဝေဒနာနဲ့ ကြည့်လိုက်တော့ ဘာဝေဒနာ ဖြစ်မလဲ"

"ဥပေက္ခာ ဝေဒနာ ဖြစ်သွားပါတယ် ဘုရား"

"ဥပေက္ခာ ဖြစ်တယ်။ အဟိတ်စိတ် ဥပေက္ခာဝေဒနာ၊သဘောကျလား။ စက္ခုဝိညာဏ်စိတ်၊ ရုပ်တရားမှန်း သိတယ်။ ဘာဝေဒနာ၊ဥပေက္ခာဝေဒနာ။ ဒါဖြင့်ယင် 'ဒိဋ္ဌေဒိဋ္ဌ မတ္တ'' နည်းသည် ဥပေက္ခာဝေဒနာရှုတဲ့ နည်းလား၊ 'ဝိညာဉ်' အသိစိတ်ကလေးကို ရှုတဲ့ နည်းလား။ အဲဒါလေး

နည်းနည်းလေး ဉာဏ်သွင်း စဉ်းစားကြည့်ပါ။ ဥပေက္ခာ ဝေဒနာကို ဘယ်သူမျှ မရှုနိုင်ဘူး။ ရှုနိုင်ရဲ့လား''

''မရှုနိုင်ပါ ဘုရား''

''မရှုနိုင်ဘူး၊ ဥပေက္ခာဝေဒနာ မပြဋ္ဌာန်းဘူး။ ဒီနေရာမှာ ဝေဒနာ ယှဉ်လာတာတော့ မှန်တယ်။ ဝိညာဉ်အသိကလေးသာ ပြဋ္ဌာန်းသွားတာ။ အဲဒါကြောင့်မို့လို့ အဲဒီ ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ နည်းဟာ 'ဝေဒနာနုပဿနာ' လား၊ 'စိတ္တာနုပဿနာ' လား၊ 'ဓမ္မာနုပဿနာ' လား ဆိုတဲ့ ပြဿနာကို ဟုတ်လား၊ ကဲ–ဒကာ လိုအုံးဟန်ကြီး ဘယ်လို ဆုံးဖြတ်မလဲ။

''ဓမ္မာနုပဿနာ သတိပဋ္ဌာန် ကဲ ရှိသေးတယ်။

''ဉာတိဝိညာဏံ၊ ဉာတိဝိညာဏာဿ သမုဒယော၊ ဉာတိဝိညာဏဿ အတ္ထင်္ဂမော''

''ဉာတိ၊ ဤ သိတယ် ဆိုတာဟာ။ ဝိညာဏံ၊ ဝိညာဏ်ရဲ့ အလုပ် ကိစ္စပဲ။ ဓမ္မာနုပဿနာလား''

''မှန်ပါဘုရား''

''ရုပ်ပဲ့လို့ သိလိုက်တာက ဒါ ဝိညာဏ်ကဲ သိလိုက်၂ါလားလို့ သုံးသပ်လိုက်နိုင်တဲ့ ယောဂီပုဂ္ဂိုလ်သည် အာရုံ ကိုတော့ ရုပ်တရား၊ အာရမ္မဏိက အသိစိတ်ကိုတော့ ဝိညာဏ်ဆိုပြီးတော့ နာမ်တရားလို့ ၂–ဘက် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်ပြီ၊ ဓမ္မာနုပဿနာမှာ''

''မှန်ပါ ဘုရား''

''ဒီအထဲလဲ ဥပေက္ခာ မပြဋ္ဌာန်းဘူး၊ ဒါ ဝိညာဏ်ရဲ့ အလုပ်ကိစ္စ။ မျက်စိအောက် ရောက်လာတာက ရုပ်ဘရား၊ နားမှာ ကြားလာတာက သဒ္ဒလို့ ခေါ်တဲ့ ရုပ်တရား၊ အသံကို သိလိုက်တာက ဝိညာဏ်ရဲ့ အလုပ် ကိစ္စ၊ ဒါ ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊ ဒီလိုနော်''

''မှန်ပါ ဘုရား''

''ဝေဒနာ နုပဿနာ ကတော့ သုခ၊ ဒုက္ခ၊ ဥပေက္ခာကို ရှုတယ်။ နောက်ပြီးတော့ စိတ္တာနုပဿနာကတော့ ဘယ်လို ရှုမလဲ။

''သရာဂံ စိတ္တံ –ရာဂစိတ္တန္တိ ပဇာနာတိ''

''ဒါ ရာဂ ဖြစ်တဲ့ စိတ်ပဲ၊ ဒါ ရာဂ ကင်းတဲ့ စိတ်ပဲ၊ ဒါ ဒေါသနဲ့ တွဲတဲ့ စိတ်၊ ဒါ ဒေါသ မဖြစ်တဲ့ စိတ်လို့ အဲဒီလို ခွဲခြမ်းစီစစ်ပြီးတော့

ရှုသွားတဲ့ စိတ္တာနုပဿနာ။ ကိုင်း၊ ဒီလိုဆိုလို့ရှိယင် 'ဒိဋ္ဌေဒိဋ္ဌမတ္တ'' နည်းသည် ဘယ်အထဲ ပါသလဲ။

''ဘုန်းကြီးတို့ သဘောကျတာကတော့ ဓမ္မာနုပဿနာ အနေအား ဖြင့် ကောင်းကောင်းကြီး သဘောကျတယ်။

''ဣတိဝိညာဏ၊ စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ၆–ပါး မဟုတ်လား''

''မှန်ပါ ဘုရား''

''ဒါ ဝိညာဏ်တွေပဲလို့ ဝိညာဏ် ၆–ပါး ဖမ်း ဖမ်း ဖမ်း ဖမ်း ပြီးတော့ သုံးသပ်၍ နေတာဟာ ဓမ္မာနုပဿနာ 'ဣတိဝိညာဏ'' ဆိုတဲ့ အထဲမှာ ကောင်းစွာ ဝင်တယ်၊ ဟုတ်ပြီလား။

''ဣတိဝိညာဏသ သမုဒယော၊ အသိစိတ်ကလေး ဖြစ်ပေါ်၍ လာ ပြန်ပေါ်တကား။ ဩော်၊ အဲဒီ အသိစိတ်ကလေး ကုန်ပျောက်၍ သွားပြန် ပါပေါ့တကားလို့ ဝိညာဏဿ သမုဒယော၊ ဝိညာဏဿအတ္ထင်္ဂမော လို့ သုံးသပ်၍ နေနိုင်တဲ့ ယောဂီပုဂ္ဂိုလ်သည် ဓမ္မာနုပဿနာမှာ ဝင်သွား ပြီလို့ ဒီလို သဘောကျ။

''ဒိဋ္ဌေဒိဋ္ဌမတ္တ နည်းနဲ့ သုံးသပ်လိုတဲ့ ပုဂ္ဂိုလ်၊ အဲဒီလို သွားပါနော်။ ဒါက ကြားညှပ် ပြောတာ''

''မှန်ပါ ဘုရား''

''ဥပေက္ခာ ဝေဒနာနဲ့ ပတ်သက်လို့ ဒါ ဆက်သွားတာ၊ ရပ်လို တယ်။ ကြေညာဦးမှာ တို့ယောဂီတွေ ရပ်ပြီးတော့နေတယ်။ သက်သာသည် လည်း မဟုတ်၊ မသက်သာသည်လည်း မဟုတ်၊'သမ'ပြီးတော့၊ မျှပြီးတော့ နေတယ်တဲ့။

''ဘာ ဝေဒနာ ဖြစ်မလဲ''

''ဥပေက္ခာ ဝေဒနာပါ ဘုရား''

''ဥပေက္ခာ ဝေဒနာ၊ ခုနက ရပ်သိသလိုပဲနော်''

''မှန်ပါ ဘုရား''

''သက်သာတယ်လဲ မဟုတ်ဘူး၊ မသက်သာဘူးလို့သူ့ ပြောလို့လဲ မရဘူး၊ မျှမျှတတလေး ဖြစ်နေတယ်၊ လှမ်းတဲ့ အမူအရာကိုတော့ သူ အာရုံပြုထားပြီနော်''

''မှန်ပါ ဘုရား''

''ဒါဖြင့်ယင်လဲ အဲဒီပုဂ္ဂိုလ်သည် ဝေဒနာကို ရှုလို့ ဖြစ်မလား''

"မဖြစ်တော့ပါ ဘုရား"

"မဖြစ်ဘူး။

"ဥပေက္ခာ ဝေဒနာ မပြင်းထန်လှသောကြောင့်၊ မထင်ရှားလှသောကြောင့်၊ အားမကောင်းလှသောကြောင့် ဝေဒနာကို ရှုလို့တော့ မဖြစ်ဘူး၊ ဘာ စိတ် ဖြစ်နေတုံး။ ရပ်နေတယ်ဆိုတော့ ရပ်တဲ့ စိတ်။

"ဘာစိတ်တုံး"

"ရပ်တဲ့စိတ်ပါ ဘုရား"

"ရပ်တဲ့စိတ်၊ ရပ်လိုတာက ဆန္ဒ၊ ရပ်တဲ့အမူအရာ မှတ်နေတာက သညာ။ ရပ်နေတယ်၊ ရပ်နေတယ်၊ ရပ်တဲ့ အမူအရာလေးကို မပြတ်အောင် ထိန်းထား။ စေတနာ၊ ရပ်တဲ့ အမူအရာ အာရုံပြု၊ မနသိကာရ။

"ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"သက်သာခြင်း၊ ပင်ပန်းခြင်းသို့ မရောက်ပဲနဲ့ မျှတ၍ နေသောကြောင့် ဥပေက္ခာဝေဒနာ မနေဘူးလား"

"နေပါတယ် ဘုရား"

"အဲဒီမှာ စိတ်တွေ၊ စေတသိက်တွေ ဖြစ်နေတဲ့ အခိုက်တဲ့။ အဲဒီ စေတသိက်တို့နဲ့ တွဲပြီးတော့ ဤခန္ဓာကိုယ်ကြီး ဘုံးကနဲ လဲပြီး ကျမသွားအောင် ဝိတ္ထမ္ဘနလက္ခဏာ ခန္ဓာကိုယ်ကြီးကို တောင့်ပြီးတော့ ပေးထားတဲ့ ဝါယောဓာတ် ဖြစ်မနေလား"

"ဖြစ်နေပါတယ် ဘုရား"

"တောင့်တင်းပေးထားတဲ့ ဝိတ္ထမ္ဘနလက္ခဏာ ဝါယောဓာတ်ဆိုတဲ့ အတိုင်း ရပ်တဲ့ အမူအရာမှာ။ 'သွားလို ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟု သိ' ဆိုတဲ့ နေရာမှာ ရပ်လိုတဲ့ စိတ် ဖြစ်နေပြီ။ အဲဒီ ရပ်လိုတဲ့ စိတ်ကလေးနဲ့ တွဲပြီးတော့ ရပ်တဲ့ အမူအရာကို တောင့်တင်းပြီးတော့ ပေးထားတဲ့၊ ဝါယောဓာတ်တွေ တကိုယ်လုံး ရှိနေပြီ၊ တနည်းပြောရယင် ဝါယော ရုပ်တွေ ရှိနေပြီ။

"ကိုင်း၊ ဝါယောရုပ်တွေ ရှိနေတဲ့ ယောဂီပုဂ္ဂိုလ် လှမ်းတော့မယ်ဆို စိတ်ပြောင်း မသွားလား"

"ပြောင်းသွားပါတယ် ဘုရား"

"ဘာစိတ် ရောက်သွား၊ လှမ်းလိုတဲ့စိတ်၊ သွားလိုတဲ့စိတ် ပျောက်သွားပြီ၊ ရပ်လိုတဲ့စိတ်၊ ရပ်လိုတဲ့စိတ် ရှိသေးလား"

''မရှိတော့ပါ ဘုရား''

''ဝိညာဏ အနိစ္စ သွားပြီ သူက နော်''

''မှန်ပါဘုရား''

''အဲဒီ စိတ်နဲ့တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ ကမ္မယတန ဓမ္မခာတ်မှာ ပါဝင်နေတဲ့ စေတသိက်တွေ၊ စိတ်က ချုပ်ပျောက်ခဲ့ယင် စေတသိက်တွေကော''

''မရှိတော့ပါ ဘုရား''

''ကေပ္ပာဒကေနိုရောဓ ဧကတူတူဖြစ်၍ အတူတူချုပ်ပျောက်ပြီးတော့ အနိစ္စရောက်ခဲ့ကြပြီတဲ့နော်''

''မှန်ပါ ဘုရား''

''အဲဒီ အချက်ကလေးကိုလဲပဲ လျင်မြန်တဲ့ အသိဉာဏ်နဲ့ လိုက်–လိုက်–လိုက်–လိုက် ပြီးတော့ ရှုလိုက်နိုင်ယင်....

''သမုဒယာဓမ္မာနုပဿီဝါ၊ ကာယသ္မိံ ဝိရဟတိ၊ ဝယဓမ္မာနုပဿီဝါ ကာယသ္မိံ ဝိဟရတိ၊ ဝင်လာလိမ့်မယ်''

''မှန်ပါဘုရား''

''ဒီ သတိပဋ္ဌာနသုတ္တန်က ပြောထားတယ်။

''သမုဒယာဓမ္မာနုပဿီဝါ၊ဖြစ်ပေါ်လာတဲ့ တရားတို့ကိုလဲပဲ အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ။ နေ၏၊ ဖြစ်သာတာကိုလဲ ရှုနေ၊ အဲဒီပို စိတ်ကလေးတွေ ဖြစ်လာတာကိုလဲ သူ့ အသိကပ်လိုက်သွားနော်''

''မှန်ပါဘုရား''

''ကိုင်း၊ သူတို့တတွေ ကုန်ပျောက်သွားကြပြန်တော့ယင်ကော''

''အသိကပ်လိုက်ရပါမယ် ဘုရား''

''ဝယဓမ္မ နုပဿီဝါ၊ ကာယသ္မိံ ဝိဟရတိ။

''ဝယဓမ္မာနုပဿီဝါ၊ပျက်နေတဲ့ သဘောကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍လဲ၊ ဝိဟရတိ၊ နေ၏။

''သမုဒယ၊ ဝယ၊ ဖြစ်ပေါ်လာတာနဲ့ ကုန်ပျောက်သွားတာ ၂–ချက်ကိုလဲ အသိက ကပ်ပြီးတော့ လိုက်သွား။ ဟော၊ ဒါဖြင့်ယင် ရပ်လိုတဲ့ စိတ် ကုန်ပျောက်တဲ့အခါကျတော့ နောက်ထပ် ဘာပေါ်လာလဲ၊ လှမ်းတော့မယ့် စကြံပေါ် လှမ်းလိုတဲ့ စိတ်။

''လှမ်း–လို–ဆန္ဒ၊ စိတ်–အသိ၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''လှမ်းလိုတယ် ဆန္ဒ၊ စိတ် ဆိုသော အသိ၊ ဆန္ဒနဲ့ အသိ တွဲပြီးတော့ လှမ်းတဲ့အမှုအရာ လုပ်တော့မယ် ဆိုယင် ဝါယောဓာတ်တွေ ပေါ်လာပြီ၊ လှုပ်မယ့်ဝါယောဓာတ် ပေါ်လာပြီနော်''

''မှန်ပါဘုရား''

''စောစောက တောင့်ထားတဲ့ ဝါယောဓာတ် မဟုတ်လား''

''တောင့်ထားတဲ့ ဝါယောဓာတ်ပါ ဘုရား''

''တောင့်ထားတဲ့ ဝါယောဓာတ်တို့သည် လှုပ်ရှားမယ့် ဝါယော ဓာတ် ပေါ်လာတဲ့အခိုက်၊ သူတို့ ဘယ်ရောက်သွား''

''ပျက်သွားပါတယ် ဘုရား''

''ကုန်ပျောက်ကြလေပြီတဲ့၊ ရပ်တဲ့အမှုအရာကို တောင့်ထားပေး ထားတဲ့ စိတ္တဇ မှန် ဝါယောဓာတ် တို့သည် ဟုတ်လား''

''မှန်ပါ ဘုရား''

''တောင့်တင်းတဲ့ အမှုအရာကို ပြုလုပ်ပေးကြတဲ့ စိတ္တဇမှန ဝါယော ဓာတ်တို့သည် ကုန်ပျောက်ခဲ့ပြီ၊ ရုပ်အဟောင်း ကုန်ပျောက်သဖြင့် ရွေ့ လျားမယ့် ဝါယောရုပ် သစ် မဖြစ်လား''

''ဖြစ်ပါတယ် ဘုရား''

''ဖြစ်တယ်။ ဒါကြောင့်မို့လို့ 'ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်။ ချုပ်သော် သွားပေ၏' ဆိုလိုက်တယ်နော်''

''မှန်ပါဘုရား''

''ရုပ်အဟောင်း၊ ရပ်တဲ့ ရုပ်အဟောင်း ချုပ်သွားမယ့် ဝါယော ရုပ်အသစ် ဖြစ်၊ ရုပ်အဟောင်း ချုပ်၍ ရုပ်အသစ် ဖြစ်ခဲ့ပြီ။ ရုပ်အဟောင်း ချုပ်တယ်ဆိုယင် အဲဒီ ရုပ်အဟောင်းကို၊ ဝါယော ရုပ်အဟောင်းကို ဖြစ်စေတဲ့ စိတ်အဟောင်းကော၊ စိတ်အဟောင်းကော ကုန်ပျောက်သွား တယ်။

**အဖြစ်အပျက် အပျက်အဖြစ်။** ။''ကိုင်း၊ ဒါဖြင့်ယင် ဟိုဘက်မှာ ဥပ္ပါဒ၊ ဝယ၊ ယှဉ်ကြည့်လိုက်တော့ ဝယ လို့ ခေါ်တဲ့ အပျက် ရဲ့ နောက်ကနေ၊ 'အဖြစ်' အသစ် ပေါ်မလာလား''

''ပေါ်လာပါတယ် ဘုရား''

''ဖြစ်တယ်၊ ပျက်တယ်၊ နောက် ပြန်စတော့ ပျက်တယ်၊ ဖြစ်တယ်၊ ဒီလို မနေလား''

"မှန်ပါ ဘုရား"

"အကယ်၍ ဖြစ်၊ ပျက်။ ဖြစ်၊ ပျက် ဆိုကြားထဲ ဇာခုဟာ ကျန်နေခဲ့တယ်။ ဖြစ်၊ ပျက် နောက်ဘာတုံး"

"ပျက်၊ ဖြစ်ပါ ဘုရား"

"ပျက်ပြီး ဖြစ်တယ်။ အဲဒီ ပျက်သွားလို့ ဒီနေ့ရာ အစား ပြန်ပေါ်တယ်နော်"

"မှန်ပါဘုရား"

"အေး၊ ဒါကြောင့်မို့ ဖြစ်တဲ့ ဥစ္စာကို မြင်၊ သိတယ် ဆိုလို့ရှိယင် သမုဒယာ ဓမ္မာနုပဿီ ဆိုတဲ့ အပိုဒ်မှာ ဝင်၊ ပျက်တာ ကို မြင်သိတဲ့ ဉာဏ်ကျတော့ ဝယဓမ္မာနုပဿီ ဆိုတဲ့ အထဲကို ထည့်။

"ဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒါကြောင့် 'သမုဒယဓမ္မာနုပဿီ ဝါ' သမ္မသနဉာဏ်လုပ်တာနော်။ အဲဒီကျမှ ဆန္ဒကြောင့် ဝါးယာ ဖြစ်တယ်လို့ သိနေရုံနဲ့ ဝိပဿနာ မဖြစ်သေးဘူး။ ဖြစ်ပြီလား"

"မဖြစ်သေးပါ ဘုရား"

"အဲဒါဟာ 'နာမရူပ ပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟဉာဏ်'ပဲ ရှိသေးတယ်။ 'သမ္မသနဉာဏ်'မရောက်သေးယင် ဝိပဿနာ မဖြစ်။ 'သမ္မာသနဉာဏ်'မှ ဝိပဿနာ စ,တယ်။ ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒါကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်နဲ့ စိတ်ကြောင့် ဖြစ်တဲ့ ဝါးယာဓာတ်ကို တွဲပြီးတော့ မြင်၊ သိလိုက်ဘယ်ဆိုယင် နာမ်ရုပ်တော့ ပိုင်ပါတယ်၊ အဲဒီဖြစ်ပြီးကုန်တဲ့ အချက်ကို မြင်လိုက်မှသာလျှင် 'သမ္မသန'တွဲပြီးတော့ ဝင်သွားလိမ့်မယ်။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အေး....ဒါကြောင့်မို့....

"သမုဒယာဓမ္မာနုပဿီ ဝါ၊ ကာယသ္မိံ ဝိဟရတိ' တဲ့။ ဘုရားရှင်က....

"ဘိက္ခဝေ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ သမုဒယဓမ္မာနုပဿီ ဝါ၊ စိတ်နဲ့ အဲဒီဝါယောဓာတ်တို့ ဖြစ်ပေါ်လာတဲ့ သဘောကိုလဲပဲ အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမယ်။ ဝယဓမ္မာ

နုပဿီ ဝ ါ၊ ဖြစ်လာတဲ့ စိတ်နဲ့ စိတ္တဇ ဝ ါယောဓာတ်တို့ရဲ့ ကုန်ပျောက်တဲ့ အချက်ကိုလဲပဲ အဖန်တလဲလဲ၊ ရှုလေရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေကြပါ။ မပြောဘူးလား''

''ပြောပါတယ် ဘုရား''

**ဥဒတ ပရိညာ တီရဏ ပရိညာ။** ။''အဲဒီ 'သမုဒယ၊ ဝယ' ၂–ပါးကို မြင်မှသာလျှင် သမ္မာသနဉာဏ်ဆိုတာက

စ,တယ်နော်''

''မှန်ပါဘုရား''

''အေး....ဒါဖြင့် ပရိညာနဲ့ ပြောတဲ့အခါကျတော့ ယခုနက စိတ်နဲ့ စိတ္တဇ ဝ ါယောမြင်တဲ့ အဆင့်က ဉာတပရိညာ မနေလား''

''နေပါတယ် ဘုရား''

''ဉာတပရိညာ၊ ဩော်.... စိတ်ကလေးဖြစ်ပါပေါ့။ စိတ်နဲ့တွဲပြီး တော့ ဝ ါယောဓာတ် ပေါ်ပြီလို့ ကောင်းကောင်း ပိုင်ပိုင်နိုင်နိုင်သိတဲ့ အဆင့်သည် ဉာတပရိညာ။ သူ့ ထဲ ဉာဏ် ဘယ်နှစ်ပါး ဝင်သလဲ''

''၂–ပါးပါ ဘုရား''

''ဘာဉာဏ် ဘာဉာဏ်ဝင်''

''နာမရူပနှင့် ပစ္စယပရိဂ္ဂဟ ဉာဏ်ပါဘုရား''

''နာမရူပ ပရိစ္ဆေဒ၊ ပစ္စယပရိဂ္ဂဟ ၂–ပါး ဝင်သွားတယ်။ ဉာတ ပရိညာမှာ၊ တီရဏပရိညာ ဆိုတာကတော့ အဲဒီဖြစ်ခြင်း၊ ပျက်ခြင်း ဤ ၂– ပါး ကို ကောင်းစွာမြင်တဲ့ ဉာဏ်၊ သူက တီရဏပရိညာ။ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဤ ၂–ချက်ကို မြင်တဲ့ဉာဏ်က တီရဏ ပရိညာ။ ဘာဉာဏ်က စ–''

''သမ္မသနဉာဏ်ကပါ ဘုရား''

''သမ္မသနဉာဏ်မှ စ၊ ဘယ်တိုင်အောင် တက်မလဲ၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမ ဉာဏ်တဲ့။ ဘယ်နှစ်ပါးရှိလဲ''

"၁၀–ပါး,ပါဘုရား"

"အဲဒီ ၁၀–ပါးသော ဉာဏ်တွေဟာ ယခုပြောခဲ့တဲ့ တီရဏပရိညာ ထဲမှာ အကုန်ဝင်ရမယ်။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"တီရဏပရိညာစခန်း ငါပိုင်ပြီဆိုလို့ရှိယင် အဲဒီ ၁၀–ပါးလုံး ရထားတဲ့ ပုဂ္ဂိုလ်ပဲ။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အနုလုံဆို ဟိုဘက် ဂေါ်တြဘူမင် ရှိတော့တယ်။ ကပ်နေပြီ၊ တီရဏပရိညာပိုင်တယ်ဆိုယင် 'အနုလောမ'ဉာဏ်တိုင်အောင် ရောက်သွား တယ်။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"သမ္မသနဉာဏ်မှာစ၊ 'အနုလောမဉာဏ်'တိုင်အောင် ရောက်တဲ့ ပုဂ္ဂိုလ်သည် ဘာပရိညာ"

"တီရဏပရိညာပါ ဘုရား"

"တီရဏပရိညာ။ တို့ပရိသတ် မှတ်ထား၊ ဒါကြောင့်....

"ဝါယောပြည့်သော်၊ ရုပ်သစ်ပေါ်။ ရုပ်သော် သွားပေ၏။

"ပုဂ္ဂိုလ် မသွား၊ ငါ မသွား၊ ရုပ်သွား ဉာဏ်ဖြင့် ကြည့်၊

"အဲဒီနေရာမှာ အခြေခံပေးလိုက်တာက 'ဉာတပရိညာ'နဲ့ 'တီရဏ ပရိညာ' ပရိညာ ၂–ချက် အခြေခံတယ်။ နာမရူပပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်၊ သူက 'ဉာတပရိညာ'ထဲ ဝင်တယ်။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"သမုဒယ၊ ဝယ၊ ဖြစ်ခြင်း၊ ပျက်ခြင်း ၂–ပါးကို ရှုတဲ့ 'သမ္မသန ဉာဏ်'ကတော့ဖြင့် 'တီရဏပရိညာ'မှာ သွင်း၍ 'အနုလောမဉာဏ်'တိုင် အောင် တက်လေ။ ဒီလိုမှဟုတ်လား"

"မှန်ပါဘုရား"

စိတ်နဲ့ဝါယော။ ။"ဒါကြောင့် သမုဒယာဝမ္မာနုပဿီဝါ၊ ဖြစ်ခြင်းကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍လဲ။ ဝိဟရတိ၊ နေ၏။ ပုဂ္ဂိုလ်တယောက် ယောက် ဖြစ်နေတာ မဟုတ်ဘူး"

"မှန်ပါဘုရား"

"ဘယ်သူ ဖြစ်နေတာလဲ။ ၂–လုံးနဲ့ လွယ်လွယ်ကလေးပြော"

''ရုပ်၊ နာမ်တွေ ဖြစ်နေတာပါ ဘုရား''

''၂=လုံးထဲ လွယ်လွယ်ကလေးပြော။ တို့ဒကာကြီး 'လုံး' မပစ်လိုက်နဲ့၊ 'စိတ်' ရယ်၊ 'စိတ္တဇဝါယော' ရယ် ၂—ခုထဲ လွယ်လွယ်ကလေးနော်''

''မှန်ပါဘုရား''

''စိတ်နဲ့ဝါယောဓာတ်ကြောင့် ခြေထောက်ကြီး ဘာဖြစ်သွားလဲ''

''ကြွဘက်လာပါတယ် ဘုရား''

''ကြွတက်လာပြီ၊ ရပ်နေတဲ့ အမူအရာက နေပြီးတော့ လှမ်းတော့မယ်၊ ဖြစ်လာပြီ မဟုတ်လား''

''မှန်ပါဘုရား''

''ဟိုရပ်တဲ့ အမူအရာတုန်းက စိတ်နဲ့စေတသိက်တွေ၊ ဝါယောရုပ်တွေ ချုပ်ခဲ့ပြီနော်''

''မှန်ပါဘုရား''

''အဲဒါ မြင်အောင်ကြည့်လိုက်၊ 'ဝယဓမ္မာနုပဿီ' ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ကိုင်း၊ ယခု အသစ်ဖြစ်လာပြန်ပြီ၊ 'ဝါယောဖြစ်သော်။ ရုပ်သစ်ပေါ်' ရုပ်အသစ်၊ လှမ်းမယ့်ရုပ်အသစ် ဖြစ်ပြီလား''

''မဖြစ်သေးပါဘုရား''

''လှမ်းမယ့် ရုပ်အသစ်။ လှမ်းလိုတဲ့ စိတ်ကြောင့် လှမ်းမယ့်ဝါယောရုပ်အသစ်၊ လှမ်းမယ့် ဝါယော ရုပ်အသစ်၊ တို့ပရိသတ် မဖြစ်လား''

''ဖြစ်လာပါတယ် ဘုရား''

''ဖြစ်လာပြီ''

''အဲဒီအသစ်ဖြစ်လာလို့ ရှိယင် ဟိုအဟောင်းဖြစ်တဲ့ ရပ်တဲ့ရုပ်နဲ့ နာမ်က ချုပ်ခဲ့လေသောကြောင့် အဲဒီ ၂—ခု အကူးအသန်းလေးကို ပိုင်ပိုင်နိုင်နိုင် ကြည့်လိုက်နိုင်မှသာလျှင် ကြားထဲမှာ 'သန္တတိ' မဝင်ပြီ၊

''ဟုတ်ပြီလား''

''မှန်ပါဘုရား''

**သန္တတိဝင် အနိစ္စမတင်။** ။''အဲဒီ ၂—ခုအကူးကိုမမြင်ခဲ့ယင် ဒီအထဲမှာ ဘာဝင်သွားမလဲ''

''သန္တတိဝင်ပါမယ် ဘုရား''

"သန္တတိပညတ်ဝင်သွားမယ်၊ ရုပ်တဲ့ စိတ်နဲ့၊ လှမ်းတဲ့စိတ် တဆက်တည်း။ ရုပ်တဲ့ဝါယောဓာတ်နဲ့ လှမ်းတဲ့ ဝါယောဓာတ်တဆက်တည်း။ ဒီလိုဆက်လို့ရှိယင်၊ ဒီပုဂ္ဂိုလ် ဘာဝင်သွား...."

"သန္တတိပညတ် ဝင်သွားပါတယ် ဘုရား"

"သန္တတိပညတ် ဝင်သွားလေသောကြောင့် အနိစ္စလက္ခဏာ မထင်တော့ပြီတဲ့။ ထင်အုံးမလား"

"မထင်တော့ပါဘုရား"

"သန္တတိဆိုတာ ဆက်လိုက်တာ၊ အဲဒီဆက်ပြီးတော့ တန်းပြီးတော့ ကြည့်နေ၊ မြင်နေမိယင် အနိစ္စသက္ခဏာ ဝင်မလား"

"မဝင်ပါ ဘုရား"

"မဝင်ဘူး၊ ကိုင်း....ဒီတော့ စောစောက ပြောခဲ့တဲ့'သမူဟပညတ်'နဲ့ 'သမူဟဃန'ဖြိုသဖြင့် နာမရူပ ပရိစ္ဆေဒနှင့် ပစ္စယပရိဂ္ဂဟ ပိုင်ပြီးတဲ့နောက် 'သန္တတိပညတ်'ကို ဖြိုလိုက်တဲ့ အတွက်ကြောင့် အနိစ္စလက္ခဏာ ထင်သွားပြီလား"

"ထင်သွားပါတယ် ဘုရား"

"အနိစ္စလက္ခဏာ ကောင်းစွာ ထင်မှသာလျှင် ရှေ့ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်တက်မယ်။

"အဲဒီ အနိစ္စလက္ခဏာ မဝင်၊ 'သန္တတိ'ဝင်နေခဲ့ယင် တဲ့ 'ဘင်္ဂ၊ ဘယ၊ အာဒိနဝ'တွေ လာနိုင်ပါမလား"

"မလာနိုင်ပါဘုရား"

"မလာနိုင်ဘူးတဲ့၊ မလာနိုင်ယင် 'တီရဏပရိညာ'ဆိုတာ 'သမ္မသန'နဲ့ ရပ်နေလိမ့်မယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ရပ်နေလိမ့်မယ်၊ ဒါကြောင့်မို့လို့ ဒီနေရာ သန္တတိ မဝင်အောင် အရေးကြီးတယ်တဲ့။ ရုပ်တရားတခု၊ တခုရဲ့ အစွန်းနဲ့ အဆုံးသတ်နေရာ ရုပ်တရား တခု၊ တခုရဲ့ အစွန်းနဲ့ နောက်တခါ အသစ်ဖြစ်ပေါ်လာတဲ့ ရုပ်တရား တခု တခုရဲ့အစ၊ စာစကားပြောယင်တော့'ဥပါဒ်စွန်း'နဲ့'ဘင်စွန်း' လို့ ပြောတာပေါ့။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"တခုတခုရဲ့အဆုံးသတ်နဲ့ နောက်တခု တခုရဲ့ အစ၊ အဲဒီအကြောင်းလေးတွေ၊ တခု တခုရဲ့ အစနဲ့၊ ဟိုတခု တခုရဲ့ အဆုံး၊ အဲ့ဒါလေးတွေကို

အကြားထဲမှာ ပြုတ်ကနဲ၊ ပြုတ်ကနဲ၊ ပိုင်းကနဲ မြင်သွားရအောင် ယခုလို ခွဲခြမ်းရမယ် ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဒါကြောင့်၊ ဝါးယာပြည့်သော်၊ ရုပ်သစ်ပေါ်၊ ရုပ်သော် သွား ပေ၏။

"ဘယ်သူသွားတာလဲ"

"ရုပ်သွားတာပါ ဘုရား"

"ရုပ်သွားတာ၊ ရုပ်တရားပေါင်းတာနဲ့ ကိုယ်ကြီးလို့ မပြောဘူး လား"

"ပြောပါတယ် ဘုရား"

"ဒါကြောင့် ရုပ်တရားကြီး သွားနေတယ်တဲ့။

"ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့် ကြည့်၊

"ရုပ်သွားတယ်၊ ပုဂ္ဂိုလ်တို့၊ ငါတို့၊ သတ္တဝါတို့၊ ယောကျ်ား၊ မိန်းမ၊ ငါ၊ သူတပါး တယောက်ယောက် သွာ နေတယ်ဆိုယင်တဲ့ ဒီအထဲ ဘာဝင်မလဲ"

"ပညတ်ဝင်ပါတယ် ဘုရား"

"ပညတ်ဝင်တယ်၊ သံနတွေ အကုန်လုံးဝင်တယ်"

"မှန်ပါဘုရား"

"အတ္တဒိဋ္ဌိ ဝင်နိုင်ပါမလား"

"မဝင်နိုင်တော့ပါ ဘုရား"

"မဝင်နိုင်တော့ပြီတဲ့။ ဒါကြောင့်....

"ပုဂ္ဂိုလ် မသွား၊ ငါးမသွား၊ ရုပ်သွားဉာဏ်ဖြင့် ကြည့်၊

"ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့် ကြည့်။ ရှေ့ချဲ့တော့၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ပုဂ္ဂိုလ်မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ဉာဏ်ဖြင့် ကြည့်။

"ကဲ....ကွေးတဲ့အမူအရာလေးကော—

"ပုဂ္ဂိုလ် မကွေး၊ ငါး မကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့် ကြည့်—ခပါ၊ ဆန့်ယင်ကော....

"ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ဉာဏ်ဖြင့်ကြည့်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဒီလိုချဲ့ပြီးတော့ ဥာဏ်ကစားပြီးတော့ သွားလို့ရှိယင် ဣရိယာပထ ရော၊ သမ္ပဇညရော၊ အကုန်လုံး ဒီအထဲပါသွားလိမ့်မယ်"

"လက်ကလေးတခု ကွေးမယ်၊ကွေးမယ်၊ကွေးတော့မယ်၊ကွေးတော့ မယ်၊ ဘာစိတ် ဖြစ်နေလဲ"

"ကွေးလိုတဲ့စိတ် ဖြစ်နေပါတယ် ဘုရား"

"ကွေးလိုတဲ့စိတ်၊ စိတ်နဲ့ဆန္ဒ တွဲလာပြီနော်"

"မှန်ပါဘုရား"

"ကွေးမယ့်အမူအရာကို အာရုံပြု၊ ဘယ်သူလဲ။ မနသိကာရ"

"မနသိကာရပါ ဘုရား"

"ကွေးတဲ့အမူအရာကို နှလုံးသွင်းတယ်၊ မနသိကာရ၊ အာရုံပြုတယ်၊ ကွေးဖြစ်အောင် ကွေးလိုက်စမ်းပါလို့ စေ့ဆော်ပေးတယ်"

"စေတနာပါ ဘုရား"

"ကွေးတဲ့အမူအရာကို မှတ်မယ်"

"သညာပါဘုရား"

"သညာ၊အေး၊ ကွေးတဲ့နေရာမှာလဲပဲ ယောဂီပုဂ္ဂိုလ်ဟာ သက်သက် သာသာ ဖြစ်နေတယ်။ မသက်မသာ ဖြစ်နေတယ်။ သက်သာတယ်။မသက် သာတယ်လို့ ပြောလို့ မရဘူး။ မျှနေတယ်၊ ၃–မျိုး တမျိုးမျိုးပေါ့၊ ဝေဒနာ။ ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"ဒီသဘောတရားတွေကို စိစစ်ပြီးတော့ ပေးတယ်တဲ့။ 'ဓမ္မဝိစယ သမ္ဗောဇ္ဈင်' မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"ဓမ္မဝိစယသမ္ဗောဇ္ဈင်ရဲ့ အလုပ်ကိစ္စနော်၊ ဘယ်သူ ရှုနေတာလဲ၊ ဒါဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်က ရှုနေပြီ။ ဓမ္မဝိစယသဗ္ဗောက ရှုနေပြီ။ မဂ္ဂင်ထဲကဆိုယင်–"

"ပညာမဂ္ဂင်ပါ ဘုရား"

"အဲ–ပညာမဂ္ဂင်၊ သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ အလုပ်လုပ်နေပြီတဲ့။ တို့ယောဂီတွေ လုပ်တာ မဟုတ်ပြီ၊ တဘက်က ဖြန်ကြည့်ပါ"

"မှန်ပါ ဘုရား"

''ဒါဖြင့်ယင် အဲ့ဒီလို ပရမတ္ထတရားတွေ ထင်ရှား၍၊ ထင်ရှား၍ အများကြီးမတွေ့ရဘူးလား''

''တွေ့ရပါတယ် ဘုရား''

''ဒါကြောင့် ခ‌ေတ်ပေါ်င်းထားတဲ့ကိုယ်ကြီးလို့ မပြောဘူးလား''

''ပြောပါတယ် ဘုရား''

''ဒါကြောင့် ရုပ်တရားကြီးသွားနေတယ်တဲ့၊ ပုဂ္ဂိုလ်မသွား၊ ငါ မသွား၊ ရုပ်သွားဉာဏ်ဖြင့် ကြည့်၊ ဘယ်သူသွားလဲ''

''ရုပ်သွားပါတယ် ဘုရား''

''ရုပ်သွားတယ်၊ ပုဂ္ဂိုလ်တို့၊ ငါတို့၊ သတ္တဝါတို့၊ ယောကျ်ားမိန်းမ တို့ သွားတယ်လို့ရှုရမလား''

''မရှုရပါဘုရား''

''ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ငါ၊ သူဘပါး၊ တယောက်ယောက် သွားနေတယ်ဆိုယင်လဲ ဒီအထဲ ဘာဝင်မလဲ''

''ပညတ်ဝင်ပါတယ် ဘုရား''

''ပညတ်ဝင်တယ်။ 'ဃန'တွေ အကုန်လုံး ဝင်တယ်''

''မှန်ပါဘုရား''

''အတ္တဒိဋ္ဌိ စင်နိုင်ပါမလား''

''မစင်ပါဘုရား''

''မစင်နိုင်တော့ပြီတဲ့။ ဒါကြောင့် ပုဂ္ဂိုလ် မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့် ကြည့်၊ ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ်ဉာဏ်ဖြင့်ကြည့် တဲ့၊ ရှေ့ချဲ့တော့ ပုဂ္ဂိုလ် မထိုင်၊ ပုဂ္ဂိုလ် မကွေး၊ ပုဂ္ဂိုလ် မဆန့်....။

''ဒါဖြင့်ယင် အဲဒီလို ပရမတ္ထတရားတွေ ထင်ရှား၍၊ ထင်ရှားစ ပေါ်လာအောင် ဘယ်သူက ပို့ပေးလိုက်၊ ထင်ရှား၊ ထင်ရှားပြီးတော့ ဖြစ်ပေါ်လာအောင်''

''သတိ၊ ဝီရိယက ပို့ပေးပါတယ် ဘုရား''

''ထင်ရှားတယ်၊ ထင်ရှားတယ်၊ ဘယ်သူလဲ''

''သတိပါ ဘုရား''

**ကိလေသာပယ်ချ ဝီရိယ်။** ။''သတိ။ ဥပဋ္ဌာနကိစ္စ။ ဟော၊ အဲဒီ သတိနဲ့ ပညာ ၂-ခုဟာ ဟွတ်ပြီလား။ ယောဂီ

ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်ကနေ လွင့်ထွက်မသွားအောင် ထိန်းပေးထားတယ်၊ ထောက်ပံ့ထားတယ်၊ အားပေးထားတယ်။

''ဘယ်သူလဲ''

''ဝီရိယပါ ဘုရား''

''ဝီရိယ၊ ဝီရိယကလဲ ဘယ်လို ဝီရိယလဲ၊ အာတာပီ တဲ့။ ကိလေသာတွေကို ပူပန်စေတတ်၊ ချောက်ချားစေတတ်တဲ့ ဝီရိယမျိုး။ ကိလေသာတွေကို နှင်ထုတ်မယ့် ဝီရိယမျိုးတဲ့ဗျ နော်။ ပရိသတ်များ၊ ဘယ်လို ဝီရိယ''

''ကိလေသာကို ထုတ်မယ့် ဝီရိယပါ ဘုရား''

''ကိလေသာ နှင်ထုတ်မယ့် ဝီရိယနော်။ တော်ရုံ ရော်ရုံ ဝီရိယနဲ့ မရဘူး၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''ယခုတော့ တို့ပရိသတ် ကြိုးကြိုးစားစား ထိုင်ပြီးတော့ နာနေကြတယ်။ ကြိုးကြိုးစားစား ပြောနေတယ်။ တော်ရုံတန်ရုံ ဝီရိယနဲ့ နာလို့ ဟောလို့ ရမလား''

''မရပါ ဘုရား''

''ဒါလောက် နက်နဲတဲ့ တရားတွေကို တော်ရုံတန်ရုံ ဝီရိယနဲ့ မရပြီ၊ မရဘူးနော်''

''မှန်ပါ ဘုရား''

''လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ဖြည့်ကျင့်ပြီးမှ ရတဲ့ အသိဉာဏ်တွေကို ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းနဲ့ ရနိုင်တယ်ဆိုတာ အတော် ကြိုးစားမှ။ 'အာတာပ' ဝီရိယဆိုတာနော် မလွယ်ဘူး။ ယခုတော့ ဒိဋ္ဌိ ဆိုတဲ့ ကိလေသာလေး ထွက်ပြေးအောင် ဝီရိယက ဘယ်လောက် ကြိုးစားရမယ်ဆိုတာ စဉ်းစားကြည့်၊

''ဟိုမှာ လောဘ။ ဒေါသ ဆိုတဲ့ ကိလေသာကို ခဏ ထားပါ။ နာမ်၊ ရုပ်၊ ခမ္မ ယခုလို ခွဲခွဲခြားခြား သိသွားလို့ရှိယင် ဒီထဲမှာ ဒိဋ္ဌိ ဆိုတဲ့ ကိလေသာ မပြေးဘူးလား''

''ပြေးပါတယ် ဘုရား''

''ပြေးတယ်နော်၊ စိတ်နဲ့ ဝါယောက လှမ်းအောင် လုပ်လို့ ရုပ်တရားကြီးက ရွေ့တာလို့ ပိုင်ပိုင် သဘောကျသွားယင် ဒိဋ္ဌိ ကိလေသာ မပြေးဘူးလား''

''ပြေးသွားပါတယ် ဘုရား''

''အဲဒီလို ဒိဋ္ဌိကိလေသာ ပြေးအောင် လုပ်တဲ့ လုံ့လဝီရိယမျိုးဟာ 'အာတာပ' ဝီရိယ ခေါ်တယ်''

''မှန်ပါ ဘုရား''

''အာတာပီ၊ ကိလေသာမာန်၊ သူပုန်ရန်ကို။

''သူတို့က သူပုန်တွေ။

''ကိလေသာမာန်၊ သူပုန်ရန်ကို၊ ပူလောင်စေတတ်တဲ့ လုံ့လဝီရိယလဲ ရှိသည်ဖြစ်၍။ သမ္ပဇာနော၊ စိတ်နဲ့ ဝါယောဓာတ်၊ ဤ ၂-ပါးကို ခွဲခွဲခြားခြား သိမြင်တဲ့အသိ၊ အသိဉာဏ်ပညာလဲ ရှိသည်ဖြစ်၍၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''သတိမာ၊ အဲဒီ စိတ်နဲ့ ဝါယောဓာတ်တို့ကို ဉာဏ်ထဲမှာ ထင်ရှားစေတဲ့ သတိလဲ ကောင်းစွာ ရှိသည်ဖြစ်၍။ ကာယေ၊ ဝါယော ကာယ၌။ ဘာကာယလဲ''

''ဝါယောကာယပါ ဘုရား''

''ရုပ်တရားတွေရဲ့ အပေါင်းလို့ ဆိုတဲ့နေရာမှာ သေသေချာချာ ကြည့်ပါ။ ယခု ရှုနေတာ ဝါယောကာယ တခုထဲ။

''ပထဝီ။ တေဇော၊ အာပေါတွေ၊ ကျန်တာတွေ မပြောသေးဘူး။ ဝါယောကာယ တလုံးထဲရယ်နော်။ အေး၊ ဒါကြောင့် ကာယေ၊ ဝါယော ကာယ ဆိုတဲ့ ကာယ၌၊ ပထဝီ ကာယ။ အာပေါ ကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ ဒါတွေဟာ ကာယအပေါင်းတွေပဲ။ ဝါယောကလဲ တခုထဲမှ မဟုတ်ပဲ။ ဝါယောအများကြီး ပေါင်းနေတာနော်။ ဒါကြောင့် ဝါယော ကာယ၌၊ ကာယာနုပဿီ၊ အဲဒီ ဝါယော ကာယကို အဖန် တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ၊ နေ၏။ 'နာမရူပ ပရိစ္ဆေဒ၊ ပစ္စယ ပရိဂ္ဂဟ' ဉာဏ် ၂-ပါး။ ဉာတပရိညာ ဟုတ်ပြီလား''

''ဟုတ်ပါတယ် ဘုရား''

''အဲဒီ ဝါယောကာယကိုလဲပဲ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ပေါ် လာတိုင်း၊ ဖြစ်ပေါ်လာတိုင်း အဖန်တလဲလဲ ရှုသည်ဖြစ်၍။ ဒါက 'ဉပ္ပါဒ၊ 'ဝယဓမ္မာနုပဿီ'ဝါ၊ ကုန်ပျောက်တိုင်း၊ ကုန်ပျောက်တိုင်းကိုလဲပဲ အဖန် တလဲလဲ ရှုသည်ဖြစ်၍။ ဒါက 'ဝယ' ၂-ပါးပေါင်းတော့ ဉဒယဗ္ဗယ ဉာဏ်လို့ ခေါ်တဲ့ သမ္မသနမှာ တက်လာတဲ့ တီရဏပရိညာ၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

"အဲဒါ ဘယ်မှာ ရှုမလဲ။

"ဣတိအဇ္ဈတ္တံ ဝါ၊ ကာယေ ကာယာနုပဿီ ဝိဟရတိ"

"အဇ္ဈတ္တံ၊ မိမိရဲ့ အတွင်းအဇ္ဈတ္တ ကာယ၌။ ကာယာနုပဿီ၊ အဲဒီကာယကို တဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။

**တွင်းပြင်နှစ်ဖြာ ရှေ့ကြည့်ဝါ။** ။"နံပတ် (၁) က အဇ္ဈတ္တကာယကို စ, ကြည့်တဲ့။ ပရိသတ်များ၊ ဘာက စ, ကြည့်ရမလဲ"

"အဇ္ဈတ္တကာယပါ ဘုရား"

"အဇ္ဈတ္တကာယလို့ခေါ်တဲ့ မိမိရဲ့တလံမျှလောက်သော ခန္ဓာကိုယ်တွင်းကို ဉာဏ်သွင်းပြီးတော့ စ,ပါ၊ အဇ္ဈတ္တက စ,ပြီးတော့ ကြည့်နော်"

"မှန်ပါ ဘုရား"

"အဇ္ဈတ္တ ကြည့်ပြီးတဲ့အခါကျတော့ အဇ္ဈတ္တမှာ ကောင်းစွာ ဉာဏ်နဲ့ ဆင်ခြင်လို့ ပိုင်သွားလို့ရှိယင် ဗဟိဒ္ဓကို မကြည့်ရဘူးလား"

"ကြည့်ရပါတယ် ဘုရား"

"ဗဟိဒ္ဓ ဝါ ကာယေ ကာယာနုပဿီ၊ ဝိဟရတိ၊

"ဗဟိဒ္ဓကာယ ကြည့်တဲ့။ ဗဟိဒ္ဓ ကာယတဲ့၊ တို့ပရိသတ်၊ ကာယ ဘယ်နှစ်ပါးလဲ"

"၂–ပါးပါ ဘုရား"

"အေး၊ အဇ္ဈတ္တကိုလဲပဲ ဥဒယ– ဘယ မြင်အောင်ကြည့်၊ ပရိသတ်များနော်"

"မှန်ပါ ဘုရား"

"မိမိတို့ရဲ့အဇ္ဈတ္တကိုယ်ကာယမှာ ဥဒယ–ဘယမြင်လို့ရှိယင် ဗဟိဒ္ဓကာယမှာလဲ မြင်ရမယ်၊ သဘောကျပြီလား

"သဘောကျပါတယ် ဘုရား"

"မိမိတို့ ကိုယ်တွင်းရှိတဲ့ ရုပ်၊ နာမ် ၂–ပါးတော့ ဖြစ်ပျက်မြင်တယ်။ ဗဟိဒ္ဓရုပ်တွေကို ဖြစ်၊ ပျက် မမြင်ဘူးဆိုယင် ဒီပါဠိတော်နဲ့ ညီအုံးမလား"

"မညီတော့ပါ ဘုရား"

"အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ လို့ ပြောထားပါတယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့်၊ ဖြစ်ပျက် တကယ်မြင်ပါတယ်ဆို၊ ဟော.... မျက်စိအောက် မြင်နေတဲ့ မြေကြီး ရှု။ ဖြစ်ပျက်မြင်အောင်။ မျက်စိနဲ့မြင်ယင် မြင်နေရတဲ့ ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာ၊ လှလှသမျှ လူတွေ၊ နာမ်တွေ၊ အဲဒီလို မြင်နေရတဲ့ ရုပ်တရားမှန်သမျှ အကုန်လုံး၊ မျက်စိအောက် ရောက်လာတဲ့ ရုပ်တရား မှန်သမျှ အကုန်လုံးကို 'ဥဒယ ဗယ' မြင်အောင် ကြည့်နိုင်ရမယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"နားမှာ ရောက်လာတဲ့ အသံလို့ခေါ်တဲ့ ရုပ်တရားမှန်သမျှကိုလဲပဲ၊ ကြည့်ရမယ်။ နှာခေါင်း ရောက်လာတဲ့ ရုပ်တရားမှန်သမျှ ကြည့်ရမယ်။ 'အဇ္ဈတ္တ၊ ဗဟိဒ္ဓ' ၂—၄ခု အကုန်လုံး ဥဒယဗယ မြင်မှ သာလျှင် ဒိဗ္ဗဂ္ဂိုလ်ရဲ့အမြင်၊ ဉာဏ်မျိုးသည် အဖိုးတန်တဲ့ အမြင်ဉာဏ်၊ အသိမှန်တဲ့ အမြင်ဉာဏ်၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"အေး....ဒါကြောင့် အဲဒီလို ကြည့်တဲ့၊ တီရဏ ပရိညာမှာ ဆိုယင်ဖြင့် ခုနက ပြောခဲ့တဲ့ ဉာဏ်စဉ်(၁၀)ပါးတို့ အကျယ်ပြောဖို့ အချိန်မရပြီ၊ နော်။ ဉာတပရိညာ မှာတော့ ၂—ပါး။ တီရဏ ပရိညာမှာ ဉာဏ် ဘယ်နှစ်ပါးဝင်"

"၁၀—ပါး-ပါ ဘုရား"

"ပဟာနပရိညာမှာ ဆိုယင်ဖြင့် မဂ်ရောက်တဲ့ ပဟာနပရိညာမှာ ဘာတဲ့လဲ"

"မဂ်ဉာဏ်ပါ ဘုရား"

"ကိလေသာ တကယ်ပယ်လိုက်တာ၊ သူက...."

"မှန်ပါတယ်ဘုရား"

**ဖြစ်ပျက်မြင်က ဉာဏ်တက်ရ** ။"သမုစ္ဆေဒပဟာန်နဲ့ တကယ် ပယ်လိုက်တာ၊ ပဟာနပရိညာ၊ ပရိညာ ၃—ချက်နဲ့ ဉာဏ်စဉ်တွေနဲ့ ညှိကဲ့သို့ ဟပ်ပြီးတော့ ရှုလေ။ ဒီတော့ယင်....

"သမုဒယဓမ္မာနုပဿီ ဝါ၊ ကာယသ္မိံ ဝိဟရတိ၊

ဝယမ္ပမာနုပဿီ ဝိဟရတိ။

"ဤဝါယောကာယလို့ ခေါ်တဲ့ ကာယ၌ ဖြစ်တဲ့ သဘော၊ ပျက်တဲ့ သဘောကို အဖန်တလဲလဲ ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်သည်၊ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဤ ၂–ကွင်းတို့ဖြင့် နှိပ်စက်နေတဲ့ ဤခန္ဓာကိုယ်ကြီးရဲ့ အပေါ်မှာ တွယ်တာခြင်း ဆိုတဲ့ သဘောတွေ၊ တွယ်တာခြင်း၊ မက်မောခြင်း ဆိုတဲ့ သဘောတွေ၊ ဖြစ်ချည်၊ ပျက်ချည်၊ ထပ်တလဲလဲ နှိပ်စက်နေသောကြောင့် စိတ်ထဲမှာ မသက်သာပါတယ်ဆိုတဲ့ ဒေါမနဿသဘောတွေ၊ ဒီနေရာမှာ ဝင်တတ်တယ်။ ဒီနေရာမှာ ဝင်တတ်တယ်။ တို့ယောဂီပုဂ္ဂိုလ်များ သေသေချာချာ ကြည့်ပါ။

"ကိုင်း၊ ဖြစ်ပျက်ကို ထပ်ကာထပ်ကာ ကျကျနန ရှုနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ၊ တော်တော်ကြာတော့ စိတ်က ဘယ်ဘက် အလေးပေးသွားလဲ ဆိုလို့ရှိယင် အဖြစ်နဲ့အပျက် ၂–ခုမှာလေ၊ ဘယ်ဘက် အလေးပေးသွားလဲ ဆိုတော့ ပျက်စီးတဲ့ဘက်ကို စိတ်သည် တဖြည်းဖြည်းနဲ့ အလေးပေးသွားတယ်။

"ပထမတော့ ပေါ်လာတဲ့ ရုပ်၊ ဖမ်းကြည့်၊ ပေါ်လာတဲ့ နာမ်ကို ဖမ်းကြည့်။ ကြည့်ယင်း၊ ကြည့်ယင်းနဲ့ ဖြစ်ပုံ ပျက်ပုံ ၂–ခု မြင်သွားလို့ရှိယင် ပျက်တဲ့ဘက်ကို စိတ်သည် ဦးတည်၊ ဦးတည်ပြီးတော့ သွားတယ်၊ ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

"ပျက်စီးတဲ့ဘက်ကို တရစပ် ဦးတည်သွားလို့ရှိယင်၊ ပျက်တာကိုချည့် တရစပ် မြင်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဒီခန္ဓာကိုယ်တခုလုံး ပြိုပျက်ကျနေတာကို မြင်သွားယင် သူဟာ ကြောက်လန့်တဲ့သဘော ဝင်မလာလား"

"ဝင်လာပါတယ် ဘုရား"

"ဝင်လာတယ်၊ ကြောက်လန့်လာပြီးတဲ့နောက်၊ ဒီလောက်တောင် ပျက်စီးနေတဲ့ ခန္ဓာကိုယ်ကြီး ကြောက်စရာကြီးပဲလို့ မြင်လာလို့ရှိယင် ဒီပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကြီးကို ငြီးငွေ့မလာဘူးလား"

"ငြီးငွေ့လာပါတယ် ဘုရား"

"အဲဒီလောက် ကြောက်စရာ၊ မုန်းစရာ။ ရွံစရာဖြစ်တဲ့ ခန္ဓာကိုယ်ကြီး ငြီးငွေ့လာယင် ဒီအထဲက ထွက်မြောက်လိုတယ် ဖြစ်မလာဘူးလား"

"ဖြစ်လာပါတယ် ဘုရား"

"ထွက်မြောက်လိုတယ်၊ ဒါ တိရစ္ဆာနရိဉာမှာနော်"

"မှန်ပါဘုရား"

"အဲဒီလို လွတ်မြောက်လိုတဲ့ စိတ်တွေဖြစ်နေတဲ့ အခိုက်မှ၊ ဒီယောဂီ ပုဂ္ဂိုလ်သည် ဒီခန္ဓာကိုယ်ရဲ့ ဖြစ်ပျက်ပေါ်ကနေ တို့ယောဂီများ ဘယ်သွား ရှုရမလဲ။ ငြီးငွေ့တယ်၊ ရွံမုန်းတယ်၊ ခန္ဓာကိုယ်ထဲက လွတ်ချင်တယ်။ ဒီလောက်တောင် ကြောက်စရာကောင်းတဲ့ ခန္ဓာကိုယ်ကြီးရဲ့ ဘေးဒုက္ခတို့မှ လွတ်မြောက်ချင်တယ်။ မုစ္စိတုကမျတာ ရောက်နေပြီ၊

"လွတ်ချင်တဲ့ ပုဂ္ဂိုလ် ခန္ဓာကိုယ်ကြီးကို လွှတ်ပြီး၊ တခြားရှုရ မလား"

"မရပါဘုရား"

"အဲဒီနေရာ အရေးကြီးတယ်၊ လွတ်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ် ခန္ဓာ ကိုယ်ပယ်ထားပြီးတော့ ဒီဝါယောကာယ၊ အာပေါကာယ၊ တေဇော ကာယဆိုတဲ့ ရူပကာယ။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ နာမ ကာယ။ အဲဒီရူပကာယ၊ နာမကာယတွေ ကြောက်စရာကောင်းတဲ့ သဘော ကို မြင်လာတဲ့ ပုဂ္ဂိုလ်၊ ကြောက်စရာကောင်းတဲ့ ရူပကာယ၊ နာမကာယ ဖယ်ထားပြီးတော့ တခြား အာရုံသစ် ရှာတတ်တယ်။ ဒီအချိန်မှာ အာရုံ သစ် ရှာတတ်တယ်။ ဒီအထဲ သူက ထွက်ချင်တာကို"

"မှန်ပါဘုရား"

"ထွက်ချင်တော့ ထွက်ပေါက် ရှာ၊ တခြားအာရုံသစ်ရှာလိုက်ယင် မူလရှုနေတဲ့ ဖြစ်၊ ပျက်ဆိုတဲ့ ဉာဏ်တို့သည် ဘယ်လိုလဲ"

"လွတ်သွားပါမယ် ဘုရား"

"လွတ်သွားမယ်၊မုစ္စိတုကမျတာ ဆိုတဲ့အထဲက ထွက်ချင်တဲ့ပုဂ္ဂိုလ်၊ ဒါ ပြန်ကိုင်ထားရမယ်။ အလွန်တရာ အပြောကျယ်လှပါတဲ့ ရေပင်လယ် ပြင်ကြီးမှာ ကူးနေတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ ကြည့်။ ရေပင်လယ်ပြင်ကြီး ရေနစ်နေတဲ့ ပုဂ္ဂိုလ်တယောက်သည် ရရာဖမ်းပြီးတော့ ဆွဲလိုက်တော့၊ သူ ဘာတွေ့လဲ၊ ခွေးသေကောင်ကြီးတကောင် တွေ့ရော၊ ခွေးသေကောင် ကြီး လေထိုးထားသလို တင်းနေတာပဲ။ ဒီအကောင်ကြီး ဖမ်းတော့ သူက ဘာအတွက် ဖမ်းဆွဲကိုင်လိုက်တာလဲ၊ ရေနစ်သေမှာစိုးလို့ ဖမ်းဆွဲလိုက် တာ...."

"သေသေချာချာ ကြည့်လိုက်ပါတော့၊ ခွေးသေကောင်ပုပ်ကြီးပဲ။ ဉာဏ်ထဲ သူ မထင်ဘူးလား"

"ထင်လာပါတယ် ဘုရား"

"ထင်လာတဲ့အခါကျတော့ ခွေးသေကောင်ကြီးကို သူ လွှတ်ချင်တယ်၊ ဘာဖြစ်လဲ"

"လွှတ်ချင်ပါတယ် ဘုရား"

"လွှတ်ချင်တယ်၊ လွှတ်ကြည့်စမ်း"

"မရပါ ဘုရား"

"ဘာဖြစ်သွားမလဲ"

"မြုပ်သွားပါမယ် ဘုရား"

"လွှတ်ချင်တယ် ဆိုပြီးတော့ လွှတ်လိုက်ယင် ရေနစ်သေသွားမယ်။ ဤခွေ သေကောင် ပုပ်ကြီးနဲ့ မခြားဘူး။ အလားတူနေတဲ့ တို့ရဲ့ ရူပကာယ၊ နာမကာယကြီးကိုလဲပဲ ဖြစ်ပျက်ကောင်းစွာ ထင်လာတဲ့ ယောဂီပုဂ္ဂိုလ် လွှတ်ချင်တယ်၊ လွှတ်ချင်တယ်၊ လွှတ်ကြည့်စမ်း"

"မရပါ ဘုရား"

"မုစ္စိတုကမျတာ ဥာဏ်မှာ အပြင်ထွက်သွားလိမ့်မယ်မဟုတ်လား"

"မှန်ပါ ဘုရား"

"ကိုင်း၊ ဒါဖြင့် ဒီခွေးသေကောင်ပုပ်ကြီးကြည့်ပြီးတော့ တခါထဲ အော့နှလုံး နာပြီးတော့၊ တံတွေးတပျစ်ပျစ်နဲ့ရွံ မုန်းပြီးတော့ စိတ်ထဲက မချမ်မသာ ဖြစ်နေယင်ကော၊မချမ်းမသာ ဖြစ်နေယင်ကော၊ဘာဝင်လာတာလဲ၊ ဒေါမနဿ ဝင်လာပြီ။ တို့ပရိသတ်၊ ဘာဝင်လာတာလဲ"

"ဒေါမနဿပါဘုရား"

"ဒေါမနဿ ဝင်ရောက်၍ လာပြီတဲ့။

"အဘိဇ္ဈာဒေါမနဿ ဝိနေယျ၊ အဘိဇ္ဈာ ဒေါမနဿ၊ သတိထားနော်"

"မှန်ပါ ဘုရား"

"အဘိဇ္ဈာ ဒေါမနဿ၊ တစုံတခုကို မက်မောခြင်း၊ အဘိဇ္ဈာ၊ အဲဒီ တစုံတခုကြောင့် ပင်ပန်းခြင်းလို့ ခေါ်တဲ့ ဒေါမနဿတရားကို။ ဝိနေယျ၊ ပယ်ဖျောက်၍။

"ပယ်ရမယ် ဆိုပေယ့် မယက်သာတဲ့ အတွက်ကြောင့် သူ့မှာ ဒေါမနဿ ဝင်လာယင် မူလက ရှိနေတဲ့ ကမ္မဋ္ဌာန်းရဲ့ အပေါ်မှာ နောက်ထပ် ဘာဖြစ်လာတတ်သလဲ။ ဒေါမနဿ ဝေဒနာနဲ့ တွဲပြီးတော့ ပဋိဃသာနုသယ၊ ဒေါသ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီနေရာမှာ အစွန်းတဘက် ရောက်သွားမယ်၊ ဒါကြောင့် ဤဒေါမနဿဝေဒနာ မဖြစ်ရလေအောင် နှလုံးသွင်းလေဘဲ။ ဤ ခွေးသေကောင်ပုပ်ကိုပင်လျှင် ငါသည် မြဲမြံစွာ ဖက်ပြီးတော့ ကမ်းကို အရောက် ကူးရမှာပါလား။ တကယ်တော့ ဒီ ခွေးသေကောင်ပုပ်ကို ငါမက်မောလို့ ဖက်ထားသည် မဟုတ်။ လွှတ်လိုက်ပြန်ယင်လဲ ရေပင်လယ်ပြင်ကြီးမှာ ငါ ရေနစ်ပြီးတော့ သေမယ် ဆိုတာကို မျှတတဲ့ ဥပေက္ခာဖြင့် စိနစ်တကျ နှလုံးသွင်းပြီးတော့ ကူးခတ်လေ၊ ဟုတ်ပြီလား"

"မှန်ပါဘယ် ဘုရား"

"ကူးပြီးတော့ ရှေ့တဆင့်၊ တက်သွားလိုက်တဲ့ အခါကျယင် 'မုတ္တိတုဘမျှတာ' ရှေ့တဆင့်တက်တော့ ဉာဏ်အနေနဲ့ပြောတော့ ဘာတဲ့လဲ၊ 'ပဋိသင်္ခါဉာဏ်' တဲ့ပရိသတ်၊ ဘာတဲ့တုံး"

"ပဋိသင်္ခါပါ ဘုရား"

"ပဋိသင်္ခါဉာဏ်ဆိုတာက ဆင်ခြင်တယ်၊ ခွေးသေကောင်ပုပ်ကို ရွံမုန်းတဲ့ ပုဂ္ဂိုလ်တယောက်သည် ခွေးသေကောင်ပုပ်ကိုပဲ ပြန်ပြီး ဝယ် ထားရသလိုပဲ၊ ဒီ ခန္ဓာ ငါးပါးကို ရွံမုန်းနေတဲ့ ပုဂ္ဂိုလ်ဟာလဲပဲ ခန္ဓာ ငါးပါးကိုပဲ ပြန်ပြီးတော့ ဆင်ခြင်တဲ့ 'ပဋိသင်္ခါရ' လွှတ်မပစ်လိုက်နဲ့"

"မှန်ပါ ဘုရား"

"သင်္ခါရ အာရုံမှာပဲ ရှိသေးတယ်၊ လွှတ်မပစ်လိုက်နဲ့၊ ဆင်ခြင်ထား၊ ခန္ဓာငါးပါးရဲ့ အဖြစ်အပျက်၊ ခုနက ဟုတ်လား။ ကြောက်စရာ၊ မုန်းစရာ၊ ရွံစရာ၊ မုန်းစရာတွေကို ဆင်ခြင်ပြီးတော့ ထား၊ ပဋိသင်္ခါဉာဏ်။

"သူသည် ဘယ်ကနေ သက်သာသွားသလဲ။ ဒေါမနဿက နေပြီးတော့ တဖြည်းဖြည်း သက်သာရာ ရသွားတယ်။ ကျကျနန သဘောကျလို့ ရေပင်လယ်ပြင်ထဲ နစ်နေတဲ့ ပုဂ္ဂိုလ်သည် ခွေးသေကောင်ပုပ်ကို မလွှဲသာ ဖက်ထားရသလိုပဲ၊ ငါလဲပဲ ခန္ဓာ ငါးပါးရဲ့ အပြစ်တွေက လွှတ်ချင်လို့ အားထုတ်တဲ့ ပုဂ္ဂိုလ်တယောက်တဲ့။ ဒီခန္ဓာ ငါးပါးကိုပဲ ဆင်ခြင်ရမှာပဲလို့ သဘောကျထားပြီးတော့ စိတ်ကလေး တည်ငြိမ်သွားတဲ့အချိန် ခန္ဓာကို ပြန်ပြီးတော့ သုံးသပ်လိုက်တဲ့အခါမှာ သူရဲ့စိတ်ဟာ မျှလာတယ်။

"မျှမလာဘူးလား"

**ဝိပဿနာရဲ့ဘေးရန် (၁၀) ပါး။** ။"နောက်အစွန်းတခု ရောက်တတ်သေးတယ်။ ကြည့်အုံး၊ အဲဒီလို ခန္ဓာကိုယ်ရဲ့ အပြစ်ကို ကြပ်ကြပ်မြင်ပြီးတော့ ဒီယောဂီ ပုဂ္ဂိုလ်သည် 'ဥဒယဗ္ဗယ' အမြင် သန်လာတယ်လို့ ခေါ်တယ်နော်။ 'ဥဒယဗ္ဗယ' အမြင်သန်လာတဲ့ အချိန်မှာ ဝိပဿနာ အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဘာတွေ ဖြစ်တတ်သလဲဆိုတော့ ဝိပဿနာရဲ့ အပြစ် ၁၀-ပါးထဲက-

"ဩဘာသော ပီတိ ပဿဒ္ဓိ အဓိမောက္ခော စ ပဂ္ဂဟော။

"သုခံ ဥာဏ မုပဋ္ဌာန၊ မေတ္တုပေက္ခာ'တိမာဒသ။

"လို့ ဆိုတဲ့ ဝိပဿနာဥာဏ်ရဲ့ အပြစ် ၁၀-ပါး၊ တပါးပါး လာတတ်တယ်။

"စိတ် မသက်မသာ မဖြစ်ပေမယ့် တခါတခါကျတော့ 'ဩဘာသ' ဆိုတဲ့ အရောင်ဟာ အဲဒီလို ဥဒယဗ္ဗယ အမြင်သန်တဲ့ အချိန်တဲ့။ 'အာရဒ္ဓဝိပဿက' ပုဂ္ဂိုလ်ဆိုတာ ဒါမျိုးပဲ။ အဲဒီ အချိန်မှာ ခန္ဓာကိုယ်ကြီးရဲ့ အပြစ်တွေကို ကြပ်ကြပ် မြင်သဖြင့် ဥဒယဗ္ဗယ အမြင်သန်သဖြင့် ဒီ ယောဂီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်က ကိလေသာ အညစ်အကြေးတွေ ကင်းဝေး၍နေတဲ့အခိုက်တဲ့ 'ပဘဿရ မိဒံ ဘိက္ခဝေ စိတ္တံ' ဆိုတဲ့အတိုင်း အလွန်တရာ ဖွေးဖွေးလက်ပြီး အရောင်ထွက်နေတဲ့ စိတ်သည် တဲ့၊ ခန္ဓာကိုယ်နဲ့ တကွ စိတ်၊ စေတသိက်၊ ရုပ် အကုန်လုံးကို ကြည်လင်စေတတ်သည်ဖြစ်၍ ဩဘာသ ဆိုပြီးတော့ ကမ္မဋ္ဌာန်းဆောင် တခုလုံးမှာ လင်း၍ နေတဲ့ အရောင်မျိုးတွေ။

"ပကတိ မျက်စိနဲ့ စူးစူးစိုက်စိုက် ကြည့်လိုက်ယင် ရေ၊ ပင်လယ်၊ သမုဒ္ဒရာထဲမှာ ရှိနေတဲ့ ငါးတွေ၊ လိပ်တွေ၊ မကန်းတွေကို မြင်နိုင်တဲ့ အရောင်အလင်းမျိုးတွေ ဖြစ်လာလိမ့်မယ်။

**အလင်းရောင်ဟာ မတူပါ။** ။"ကိုယ်တော် (၃) ပါး ကမ္မဋ္ဌာန်း အားထုတ်နေကြတယ်။ ကမ္မဋ္ဌာန်း ကျောင်း တကျောင်းမှာ တပါးသော ကိုယ်တော်က ဘာပြောတုံးဆိုတော့ "တပည့်တော်ဘုရား ကမ္မဋ္ဌာန်းအားထုတ်နေတာ။ တပည့်တော် အားထုတ်နေတဲ့ ကျောင်းလေးထဲမှာ အရောင်တွေ လင်းပြီးတော့ နေတယ်" ကိုယ်တော် တပါးက ပြောတယ်။

"တပါးသော ကိုယ်တော်ကဘာပြောလဲဆိုတော့ "တပည့်တော်ရဲ့

တွေ့မြင်ရတဲ့ အရောင်ကတော့ တမျိုးပါ ဘုရား။ တပည့်တော် မျက်လုံးက နေပြီးတော့ ထွက်လာတဲ့ အရောင် ၂–ခုဟာ လက်နှိပ်ဓာတ်မီး အား ကောင်းကောင်းနဲ့ ထိုးလိုက်သလိုပဲ'' တဲ့။ 'စေတီ့ရင်ပြင်ပေါ်မှာ ဘုရား ပူဇော်ထားတဲ့ပန်းတွေကို အဲဒီ မျက်လုံးက ထွက်လာတဲ့အရောင်နဲ့ ထိုးပြီး တော့ ကြည့်တာ မြင်ရတယ်ဘုရားတဲ့''တပါး။တပါးသောကိုယ်တော်က ဘာပြောတုံး ဆိုတော့ ''တပည့်တော်ရဲ့ မျက်စိက ထွက်လာတဲ့ အရောင်ဟာ ပင်လယ်ထဲမှာ ရှိတဲ့ ငါးတွေ၊ လိပ်တွေ၊ မကန်းတွေကို မျက်စိနဲ့ မျက်စိက ထွက်လာတဲ့ အရောင်နဲ့ ထိုးပြီးတော့ ကြည့်လိုက်တာ၊ ရေအောက်က ငါး၊ လိပ်၊မကန်းများ မြင်ရတယ် ဘုရား''တဲ့။ အဲဒီလို ပြောတယ်။

''ဒီကိုယ်တော် (၃) ပါးတို့ ရလာတဲ့ 'သြဘာသ' ခေါ်တဲ့ အရောင်လင်းသည် အခုနက ပြောပြထားတဲ့ 'ဥဒယဗ္ဗယ' ဉာဏ်အမြင် သန်သဖြင့် ရလာတဲ့ အရောင်လင်းတွေ။သြဘာသ ခေါ်တယ်။ ဤအချိန်မှာ အလွန်တရာ ကျေနပ်စရာ ကောင်းတယ်၊ အားရစရာကောင်းတယ်၊ အလွန် တရာ နှစ်သက်စရာ ကောင်းတယ်။

''မကောင်းဘူးလား''

''ကောင်းပါတယ် ဘုရား''

''ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဆိုတဲ့ နီဝရဏ ငါးပါးတော့ ခွာထားတယ်။ နီဝရဏ ငါးပါး ခွာမှထားလား''

''ခွာထားပါတယ် ဘုရား''

''ခွာထားတယ်တဲ့၊ သိပ်ပြီးတော့ အလွန်တရာ ဖွေးဖွေးလက်ပြီးတော့ လာတယ်၊ အညစ်အကြေး ကင်းပြီးတော့ လာတယ်။ သို့သော်လဲ အဲဒီ အရောင်နောက် လိုက်သွားသဖြင့် ဒိဗ္ဗဂိုလ်ရဲ့ သန္တာန် ဘာဖြစ်သွားသလဲ၊ ဥဒ္ဓစ္စ။

''ပရိသတ်များ ဘာဖြစ်သွားသလဲ''

''ဥဒ္ဓစ္စပါ ဘုရား''

''ဥဒ္ဓစ္စ ဆိုတာက ပြန့်လွင့်တာ၊ မူလ ယူထားတာက 'ဝါယောကာယ'၊ ယခု တွေ့မြင်နေတာက 'သြဘာသ' ခေါ်တဲ့ ရူပါရုံ။

''ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ဝါယောကာယ ခေါ်တဲ့ ပရမတ္ထဓမ္မမှ တပါး သြဘာသ အရောင်

လင်းလို့ ခေါ်တဲ့ ရူပါရုံ၊ ပညတ်တရားဆီသို့ ရောက်သွားသည်ဖြစ်၍ စိတ်သည် မူလ ကမ္မဋ္ဌာန်းမှ ရွေ့သွားသောကြောင့်။

''အဲဒါမျိုးသည် ဘာတဲ့တုံး''

''ဥဒ္ဓစ္စပါ ဘုရား''

''ဥဒ္ဓစ္စ ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား''

''အကုသိုလ်ပါ ဘုရား''

''ဥဒ္ဓစ္စသည် အကုသိုလ်စိတ် ၁၂–ပါးတွင် မောဟမူဒွေမှာယှဉ်၊ မဟုတ်လား''

''မှန်ပါ ဘုရား''

''အင်း....အကုသိုလ်စိတ် ၁၂–ပါး၊ မောဟမူဒွေမှာ ယှဉ်တယ်။ မောဟမူဒွေးမှာ ယှဉ်ယင် ဥဒ္ဓစ္စနဲ့ တွဲပြီးတော့ မောဟ ဝင်။ မဟုတ်ပေဘူး လား''

''ဟုတ်ပါတယ် ဘုရား''

''ဥဒ္ဓစ္စနဲ့ တွဲ၍ မောဟ ဝင်၊ မောဟ ဝင်မှန်း မသိဘူး၊ သိရဲ့လား''

''မသိပါ ဘုရား''

''မသိဘူးတဲ့၊ အလွန်တရာ အသိခက်တယ်။ မောဟ ဝင်ပြီ၊ မောဟ ဝင်ယင် မောဟ ဆိုတာ နောက်တနည်း လှည့်ပြီးတော့ ပြောယင်၊အဝိဇ္ဇာပဲ မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''နာမ် ရုပ် ၂–ပါး သိနိုင်ရဲ့လား''

''မသိပါ ဘုရား''

''ဖြစ်၊ ပျက်ကော''

''မသိပါ ဘုရား''

''ဖြစ်၊ ပျက်လဲ မမြင်နိုင်၊ နာမ်၊ ရုပ်လဲ မသိနိုင်။ 'ဥဒ္ဓစ္စ' မောဟ တွဲပြီးတော့ ဤပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အရောင်ကို တပ်မက်တယ်လို့ ဆိုတဲ့ 'နိကန္တိ' က နောက်ထပ်တခါဝင်တဲ့ 'လောဘမူ' စိတ်ကို ပြောင်း၊ မြန်လိုက်တဲ့ စိတ်တွေ။

''ယောဂီ မသိလိုက်ဘူးနော်''

''မသိလိုက်ပါ ဘုရား''

''မောဟမှ တခါ၊ တခါ ဘယ်ပြောင်းသွားပြီလဲ''

''လောဘဆီ ပြောင်းသွားပါတယ် ဘုရား''

"လောဘဆီ ပြောင်းသွားပြန်ပြီ၊ ဩော်၊ တပ်မက်စရာကောင်းတဲ့ အရောင်ကလေးတွေ နော်။ 'နိကန္တိ' နောက်ကျရောက်ပြီးတော့ သွားပြီတဲ့၊ လောဘ ဝင်သွားပြီတဲ့"

"အဘိဇ္ဈာ မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား"

"အစွန်းတဘက်သို့ ကျရောက်သွားပြန်ပြီ၊ အဲဒီ အစွန်းကို လွန်မြောက်အောင် ဘယ်လိုလုပ်မယ်၊ စောစောက ပြောခဲ့ပါတယ်၊ 'ဝိပရိဏာမ' မြင်အောင် ကြည့်။ ဤ ဩဘာသ ဆိုတဲ့ အရောင်လေးသည် ရူပါရုံ ဆိုတဲ့ ရုပ်တရား ဆိုတာကို ပထမ သဘောကျအောင် ရှုလိုက်။

"အရောင် ဆိုတာ ရုပ်ပဲ မဟုတ်လား"

"ရုပ်ပါပဲ ဘုရား"

"ဝဏ္ဏ၊ ဂန္ဓ၊ ရသ ဆိုတဲ့ အထဲမှာ 'ဝဏ္ဏ' ဆိုတာ အရောင်ရုပ်ပဲ။ အဲဒီ ရူပါရုံလို့ ခေါ်တဲ့ အရောင်တည်း ဟူသော ရုပ်ရဲ့ ဖောက်ပြန်သွားတဲ့ ဝိပရိဏာမ အချက်ကို ရှာလိုက်လို့ ရှိယင်၊ အရောင်လေးပေါ်မှာ စွဲမက်နေတဲ့ 'ဏာမစ္ဆန္ဒ'၊ 'အဘိဇ္ဈာ' ကွာမသွားဘူးလား"

သခ်ါရုပက္ခာညာဏ်။ ။"ကွာသွားလို့ ရှိယင် မူလ ကမ္မဋ္ဌာန်း ပြန်ပြီးတော့ ယူထား။ ဟိုတဘက်ကလဲပဲ၊ ဒေါမနဿ ဝင်မှာစိုးလို့၊ ဒေါမနဿ မဖြစ်အောင်၊ အစွန်းတဘက်ကို ရှောင်။ ဒီဘက်ကလဲ 'အဘိဇ္ဈာ' ဆိုတဲ့ အစွန်းတဘက်ကို ရှောင်၍၊ တန်းတန်းမတ်မတ်ကလေး တက်ပြီးတော့ သွားလို့ ရှိယင် 'အဘိဇ္ဈာ' နဲ့ 'ဒေါမနဿ' အစွန်း ၂-ဘက် လွန်သွားတဲ့ ယောဂီပုဂ္ဂိုလ်များသည် တဲ့၊ 'ပဋိသခ်ါ' ဉာဏ်ကနေ ရှေ့တက်လိုက်၊ ဘာတုံး"

"သခ်ါရုပက္ခာ ဉာဏ်ဆိုတာ အဲဒါပဲ။ အဘိဇ္ဈာနဲ့ ဒေါမနဿ အစွန်း ၂-ဘက်သို့ မရောက်ခင်တဲ့၊ ဥပေက္ခာ ဝေဒနာလေးနဲ့ တွဲပြီးတော့ ဒီ ရုပ်၊ နာမ် ၂-ပါးကို စိတ်ကလေး တည်တည်ငြိမ်ငြိမ် အေးအေး ချမ်းချမ်း၊ နေသာထိုင်သာ၊ သက်သက်သာသာ။

"ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ကွာသွားပါတယ်ဘုရား"

"လယ်တီဆရာတော်ဘုရားကြီးကတော့ နေသာ ထိုင်သာရှိသော

ဉာဏ်၊ တဲ့။လယ်တီဆရာတော်ဘုရားကြီး ဝေါဟာရ၊ နေသာထိုင်သာရှိတယ် တဲ့။ တော်တော် သဘောကျစရာကောင်းတယ်။

''ဒီခန္ဓာကိုယ်ကြီး သိပ်ရှုံမုန်း၊ကြောက်လန့်လာတဲ့ပုဂ္ဂိုလ် မနေသာ ဘူးနော်။ မနေသာဘူး။ အဲဒီနောက်တော့ မနေမသာကြီးဖြစ်နေမှာစိုးလို့ ယခု ဖြစ်လာတဲ့ဉာဏ်က 'သင်္ခါရုပေက္ခာဉာဏ်'ဆိုတာ နေသာ ထိုင်သာ ရှိလာတဲ့ဉာဏ်၊ တဲ့။

''သူ့အာရုံ ဘယ်မှာလဲ၊ အဲဒီ သင်္ခါရုပေက္ခာဉာဏ်ရဲ့ အာရုံ ဘယ် အပေါ်မှာ ထားမလဲ''

''ခန္ဓာကိုယ်မှာပဲ ထားရပါမယ် ဘုရား''

''စောစောကယူလာတဲ့ ကမ္မဋ္ဌာန်းသည် ဝါယောကာယ မဟုတ် လား''

''မှန်ပါဘုရား''

''မေ့မပစ်နဲ့နော်''

''မှန်ပါတယ် ဘုရား''

''အာပေါကာယ၊ တေဇောကာယ၊ ကိုင်ချင်တဲ့ကာယကို ကိုင်ထား ပေါ့လေ။ မူလထားတဲ့ ကာယ တခုခုပေါ်ကနေ စိတ်မပြေးရဘူး။ သင်္ခါရုပေက္ခာဆိုပြီးတော့ သင်္ခါရတရားတွေကို ဖယ်ပစ်လိုက်တယ်လို့ မအောက်မေ့လိုက်နဲ့နော်။

''သင်္ခါရုပေက္ခာဆိုတာ သင်္ခါရတရားတွေ ဖယ်ပစ်တာမဟုတ်ဘူး၊ အဲဒီ သင်္ခါရတရားပေါ်မှာပဲ ဖြစ်၊ ပျက်ကို သုံးသပ်နေတဲ့ ဉာဏ်ပဲ၊အဘိဇ္ဈာ သို့လဲ မရောက်၊ ဒေါမနဿသို့လဲ မရောက်။

''ဒီလို မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒီအစွန်း ၂–ဘက်သို့ မရောက်ပဲနဲ့၊ တန်းပြီးတော့ မတ်မတ် ကလေး နေသာ ထိုင်သာ တက်လာတဲ့ဉာဏ်သည် ဘာတုံး''

''သင်္ခါရုပေက္ခာဉာဏ်ပါဘုရား''

''သင်္ခါရုပေက္ခာဉာဏ် တဲ့''

**အနုလောမဉာဏ်။** ။''အဲဒီလို နေသာ ထိုင်သာ ရှိလာသဖြင့်၊ နောက် တဆင့် တက်လိုက်ပြန်တော့ အနုလောမဉာဏ်သို့ သွားပါတယ်၊ သင်္ခါရ တရား မျှမျှတတ သုံးသပ်နိုင်ယင် ဒီပုဂ္ဂိုလ်သည် သင်္ခါရတရားရဲ့ အပေါ်မှာ စိတ်သည် ခိုင်မြဲသွားပြီ။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"သခ်ါရတရားရဲ့ ဖြစ်၊ ပျက်၊ အာရုံပေါ်မှာ ခိုင်မြဲသွားသဖြင့် ဒီပုဂ္ဂိုလ်သည် မဂ်ဇောကျဖို့ရန်ဆီလျော်သွားပြီတဲ့။ မဂ်ဇောကျဖို့ ဆီလျော်သွားပြီ မဟုတ်လား။ မဂ်ဇောနဲ့ အလွန်တရာ သင့်လျော်လျောက်ပတ်သွားတဲ့ ဉာဏ်မျိုးကျတော့ဖြင့် အနုလောမဉာဏ်လို့၊ ဒီလိုခေါ်ပါတယ်။ ပရိကမ်၊ဥပစာ၊အနုလုံလို့ ၃- ခုရှိတယ်။

"မဂ်ဇောကျဖို့ အလွန်တရာဆီလျော်သွားတဲ့ အနုလောမဉာဏ်၊ ဒါဖြင့် သမ္မသနကစတဲ့ အနုလောမထိ ၁၀-ပါးသော ဉာဏ်တို့သည် တီရဏပရိညာထဲမှာ အကုန်ဝင်သွားပါတယ်။ ငါသည် တီရဏပရိညာ ပိုင်ပြီဆိုယင် ဤကဲ့သို့ အစဉ်အတိုင်း ဖြစ်ရမည်။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အေး.... အဲဒီလိုရှုလေတဲ့။

"သမုဒယဓမ္မာနုပဿီ ဝါ၊ ကာယသ္မိံ ဝိဟရတိ၊ ဝယဓမ္မာနုပဿီ ဝါ၊ ကာယသ္မိံ ဝိဟရတိ။

"ဆိုတဲ့ အပိုဒ် ၂-ပိုဒ်ဖြင့် တီရဏပရိညာကို ဟောတော်မူသည်။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"စောစောက ပြောထားခဲ့တဲ့"ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိပဇာနာတိ" သွား။ သွားတယ်လို့ သိ။ ရပ်၊ ရပ်တယ်လို့ သိ။ ထိုင်၊ ထိုင်တယ်လို့ သိ။ အိပ်၊ အိပ်တယ်လို့ သိ။ ကွေး၊ ကွေးတယ်လို့ သိ။ ဆန့်၊ ဆန့်တယ်လို့ သိ။ ဆိုတဲ့ ဣရိယာပထ၊ သမ္ပဇညအပိုင်း ၂-ပိုင်းဖြင့် ဘာကိုပြသလဲ။ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပြပါတယ်။ ပရိညာနဲ့ပြောယင် တီရဏပရိညာ ဖြစ်ရမယ်။

"အဲဒီ တီရဏပရိညာထဲကို ဝင်ရမယ့် သွား၊ သွားတယ်လို့ သိ။ ဆိုတဲ့အချက်မှာတဲ့၊ စိတ်နဲ့ စိတ္တဇဝါယောရဲ့ အလုပ်လုပ်ပုံကို သဘောကျမှ သာလျှင်၊ ပရိညာရောက်မယ် မဟုတ်လား။

''ဤကဲ့သို့ မဟုတ်ခဲ့လျှင် ငါသွားတယ်၊ ငါရပ်တယ်၊ ငါထိုင်တယ်၊ ဆိုလို့ ရှိယင်ဖြင့် သတ္တပညတ်၊ သတ္တဝါပညတ် ပါ၍ နေသောကြောင့် ဘာဖြစ်တုံး''

''ဒိဋ္ဌိဖြစ်ပါတယ် ဘုရား''

''အေး.... ဒိဋ္ဌိဝိသုဒ္ဓိ မဖြစ်နိုင်တော့ပြီ၊ တဲ့။ ဤအချက်ကို တို့ယောဂီများ ပိုင်ကြပါစေ၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''အေး....ပြောလို့ကောင်းပါရဲ့၊ ၉–နာရီ ၅–မိနစ်တာ ရှိနေပြန်ပြီ၊ ဘယ်လိုတုံးနော်၊ ၉–နာရီ ၅–မိနစ်က ရှိနေပြန်ပြီတဲ့၊ ဒါကြောင့်မို့လို့ ချဟောလိုတဲ့ အချက်တွေထဲက ဟုတ်လား၊ ကောက်ချက်ပြန်ပြီးတော့ တို့လိုက်ကြစမ်း။

**ကောက်ချက်တခါ ပြန်ချပါ။** ။''သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်၊ ကွေးတယ်၊ ဆန့်တယ်၊ သွားတယ်၊ ရပ်တယ်၊ ယိုင်တယ်၊ အိပ်တယ်ဆိုတာက ဣရိယာပုထ် ၄–ပါး၊ ဒိဂါါထာပုဒ်မှာ **ဟောထားတာက**–

''သမိဉ္ဇေတိဝါ၊ ကွေးလည်းကွေး၏။ ပသာရေတိဝါ။ ဆန့်လည်း ဆန့်၏။ အဲဒီ ၂–ချက်က ဘယ်အထဲက ထုတ်ယူတာလဲဆိုတော့၊ သမ္ပဇည အခန်းက ထုတ်ပြီးတော့ ယူတာ၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''သမ္ပဇညအခန်းမှာ ဘာပြောသလဲ။

''အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သမ္ပဇာနကာရီဟောတိ၊ သမိဉ္ဇိတေ၊ ပသာရိတေ၊ သမ္ပဇာနကာရီဟောတိ။ သင်္ဃာဋိပတ္တစီဝရ ဓာရဏေ၊ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ၊ ဝိလောကိတေ၊ သမ္ပဇာနကာရီ ဟောတိ။ အသိတေ၊ ပီတေ၊ ခါယိတေ၊ သာယိတေ၊ သမ္ပဇာနကာရ ဟောတိ။ ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီဟောတိ၊ ဂတေ၊ ဌိတေ၊ နိသိန္နေ သုတ္တေ ဇာဂရိတေ၊ ဘာသိတေ၊ တုဏှိဘာဝေ သမ္ပဇာနကာရီ ဟောတိ။ လို့....

''သမ္ပဇညအခန်းမှာ အချက် ၇–ချက် ဟောပါတယ်။

''အဲဒီအချက် (၇) ချက်ထဲက ကွေးတယ်၊ ဆန့်တယ်ဆိုတဲ့ အချက် ကလေးမှာလဲပဲ ပမာနကောက်လိုက်ယင် စိတ်နဲ့ စိတ္တဇဝါယောပါပဲ။ လိုရင်းချုပ်လိုက်လို့ ရှိယင် ခန္ဓာကိုယ်တခုလုံး လှုပ်ရှားမှုမှန်သမျှ တို့ပရိသတ်

ခန္ဓာကိုယ်တခုလုံး လှုပ်ရှားမှုမှန်သမျှ ဣရိယာပထနဲ့ သမ္ပဇညပိုင်းထဲမှာ အကုန်လုံး သွင်း။

"ခန္ဓာကိုယ်တခုလုံးရဲ့ အကုန်လုံး၊ ကိုယ်တွေ၊ လက်တွေ၊ ခြေတွေ၊ ခေါင်းတွေ၊ မျက်တောင်လေး ခပ်တာက အစ အကုန်လုံးပဲ။ ဣရိယာပထနဲ့ သမ္ပဇည ၂--ပိုင်းမှာ သွင်းပြီးတော့ စိတ်နဲ့ စိတ္တဇဝါယောတို့ရဲ့ အလုပ် လုပ်ပုံကို သဘောကျအောင် ဤကဲ့သို့ 'ဉာတ'၊ 'တီရဏ'၊ ပရိညာ ၂--ချက်ဖြင့် ကောင်းစွာ ကြိုးစားပြီးတော့ သုံးသပ်လေ။

"ဤကဲ့သို့ ပရိညာ ၂--ချက် သုံးသပ်နိုင်လို့ ရှိယင်ဖြင့် ပဟာန် ပရိညာလို့ ခေါ်တဲ့ အနုလောမဉာဏ်ရဲ့ နောက်နားက 'ဂေါတြဘူမဂ်' ဆိုတာ လွယ်လွယ်ကလေးနဲ့ဖြစ်တယ်၊ ဒီလိုမဟုတ်လား။လွယ်လွယ်ကလေး ဆိုတာက အနုလောမဉာဏ် လွန်မှ လွယ်တာနော်။ အနုလောမဉာဏ် ဟိုဘက် မရောက်ယင် မလွယ်ဘူး။အနုလောမဉာဏ် လွန်သွားမှ အနုလောမ ဉာဏ်ရောက်ပြီးမှ ပြန်၊ ပြန် ဆင်းတာတွေ အများကြီးနော်။ ရှင်အနုရုဒ္ဓါ မထေရ်တို့လဲ ပြန်ဆင်းပါတယ်တဲ့။

"ဒိဗ္ဗစက္ခုအဘိဉာဏ်၊ ပိုင်ရှင် အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည်ပင် လျှင် နောက်ကို ပြန်၊ ပြန်ပြီးတော့ ဆင်းတယ်။ မဆင်းဘူးလား"

"ဆင်းပါတယ် ဘုရား"

"ဆင်းတယ်၊ မာနကြောင့်၊ သူကတော့ ငါအဘိညာဥ်ပုဂ္ဂိုလ် တယောက်ပါပဲဆိုပြီးတော့ မာနအားကိုးပြီးတော့ အားထုတ်လိုက်တာ၊ တော်တော်ကြာယင်၊ ပြန်လန်ကျယင်း၊ လှေကား ၁၀--ထစ်၊ ထိပ်ဆုံးထစ် ရောက်ပြီးမှ ပြန်၊ ပြန်ဆင်းလာတယ်။

"သမ္မသနက စ၍ အနုလောမတိုင်အောင် ၁၀--ထစ် မရှိဘူး လား"

"၁၀--ထစ်ပါ ဘုရား"

"အဲဒီလှေကား ၁၀--ထစ် ပိုင်ပိုင်ကြီး ထောင်ဖို့ရန် အပေါ်က လှေကားခုံ ၂--ခု ချ၊ ဘာဉာဏ်။ ဘာဉာဏ်လဲ"

"နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ပါ ဘုရား"

"နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ပါ ဘုရား"

"အဲဒီဉာဏ် ၂--ပါးက အောက်ဆုံးက လှေကားခုံမှာ ရှိတယ်။အဲဒီ လှေကားခုံကြီး ကျကျနနခင်းပြီးသည့် အခါကျတော့မှ အပေါ်မှာ ဉာဏ်စဉ် ၁၀--ပါး၊ လှေကားကြီး ကျကျနနထောင် ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဤလှေကားခုံ မပိုင်ပဲနှင့် လှေကားထောင်လို့ ရှိယင်ဖြင့် အဲဒီ လှေကား လဲမယ်။ မှတ်ထား"

"မှန်ပါတယ် ဘုရား"

"ရှင်အနုရုဒ္ဓါမထေရ်မြတ် အဲဒါတွေ ပိုင်ပိုင်ကြီး တည်ဆောက်ပြီးမှ ထောင်တော့ထောင်တာပဲ။ သို့သော်လည်းပဲ စောစောက ပြောခဲ့တဲ့အကဲ မာနက ဝင်လာတယ်၊ ငါအဘိညာဉ်ရပုဂ္ဂိုလ်တယောက်၊ မကြာခင် ဖြစ်ရမယ်။ ဖြစ်ချင်တဲ့ ဇောလေးက တင်ပေးလိုက်တယ်။ မသိမသာ အဘိဇ္ဈာလေး ဝင်လာတယ်၊ နော်။

"မာနနဲ့တွဲပြီးတော့ ဝင်လာတဲ့ အဘိဇ္ဈာက တင်ပေးလိုက်တဲ့ အတွက်ကြောင့် ပြန်ပြီးတော့ ဆင်း၊ ပြန် အားထုတ်၊ ရှေ့ ရောက်၊ နောက်ပြန် ကျ၊ ရှေ့ရောက်၊ နောက်ပြန် ကျ၊ ဖြစ်တော့ စိတ်က ပင်ပန်းလာပြန်တယ်။

"ဘာပြုလို့ ဒီလိုဖြစ်နေရသလဲပေါ့။ အတွေးကလေး ဝင်လာတယ် မဟုတ်လား"

"မှန်ပါဘုရား"

"ကြည့်စမ်း အဲဒီ အတွေးကလေး ဝင်လာတာဟာလဲ 'ဥဒ္ဓစ္စ ဗျ။ ဥဒ္ဓစ္စဝင်မှန်း မသိဘူးနော်၊ ငါ ဘာဖြစ်လို့ ဒီလိုဖြစ်နေရပါလိမ့်။ ထိုင်ပြီးတော့ စဉ်းစားခန်းလေး ထုတ်လိုက်တယ်ဆိုယင် ဥဒ္ဓစ္စဆိုတဲ့ ပြန့်လွင့်မှုလေး ဝင်သွားပြီ။

"ဟာ....ရခဲလှလေခြင်း ဆိုပြီးတော့ စိတ်ထဲက မသက်သာတဲ့ ကုက္ကုစ္စက ဝင်လာပြန်တယ်။ အဲဒီလိုနဲ့ ပင်ပန်းပြီးတော့ နေလိုက်တဲ့ ရှင်အနုရုဒ္ဓါမထေရ်မြတ်သည်တဲ့ ဘယ်သွားရသလဲ၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ထံ သွားပြီးတော့ အကျိုးအကြောင်း လျှောက်ထား။

"ငါ့ညီတဲ့၊မင်းအဘိညာဉ်တန်ခိုး အမှီပြု၍ စိတ်တွေက ထောင်လွှားပြီးတော့နေတယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီးတော့နေတဲ့ မာနတွေက တက်ပြီးတော့နေတယ်၊ ဒါကြောင့်မို့လို့ အဘိဉာဏ်ကိုသာ အသာဖယ်ပြီးတော့ ထား။ အဘိညာဉ်နဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတာ တခြားစီ။ လောကီနဲ့ လောကုတ္တရာဆိုတာ တခြားစီ။ လောကီနဲ့ လောကုတ္တရာဒီလို မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ဒါကြောင့် အဘိညာဉ် ဖယ်ထားပြီးတော့ စိတ်ကို လေးထားပါလို့ လမ်းကြောင်းလေး ထည့်ပေးလိုက်တဲ့အခါကျမှ ဉာဏ်စဉ် ၁၀-ပါးတို့တွင် အနုလောမဉာဏ် လွန်မြောက်၍ မဂ်ဉာဏ်သို့ ရောက်သွားတယ်နော်"

"မှန်ပါဘုရား"

"ဒါကြောင့် တို့ပရိသတ် လွယ်တယ်လို့တော့ မထင်နဲ့။ ပြောတာကတော့ အလွယ်လေးပဲနော်။ လွယ်တယ်လို့ မထင်နဲ့။ ဟောနေတယ်ဆိုတာကလဲ တို့ပရိသတ်အကျွက် အားထုတ်တဲ့ နေရာလမ်းဖြောင့်အောင်လို့ သာ ဟောတာနော်။ လမ်းစဉ်ဖြောင့်အောင် နည်းနာနိသျှရအောင် ဒီလိုသာ ဟောရတာပဲတဲ့။ ပြောရုံနဲ့တော့ ဖြစ်တယ်လို့ မမှတ်ပါနဲ့။ လက်တွေ့ အလုပ်လုပ်ကြည့်လေနော်။

"အေး...ဒါကြောင့်မို့ ဒီကနေ့သည်၊ ၉-နာရီ ၁၀-မိနစ်။ ဒီမှာပဲ နားကြဦး.စို့တဲ့။ နက်ဖြန်ကျကြယင်ဖြင့် ဤအပိုင်းက ကျန်တဲ့ အချက်ကလေးတွေ ဆက်ပြီးတော့ ပြောမယ်နော်။

သဒ္ဓိတံမေ၊ မဟာပုညံ၊ ဓမ္မဒေသက သဥ္စိတံ။

တေန သဗ္ဗေ သုခါယန္တု၊ ဇနာဝုဍ္ဎ၊ သမင်္ဂိနော။

"မေ-မယာ ငါသည်၊ ဓမ္မဒေသကသဥ္စိတံ ဤရိယာပထသမ္ဗဇည အပိုင်းကို အကျယ်ပြ၍ ဟောဆိုရခြင်းနှင့် စပ်ယှဉ်သော၊ ယံမဟာပုညံ၊ အကြင်ဓမ္မဒါန တရားအလှူဆိုတဲ့ ပုညကုသိုလ်ထူးကို။ သဒ္ဓိတံ၊ တရားလိုလားတဲ့ အမျိုးသား အမျိုးသမီးများအဘွက် ကြိုးစား၍ ဆည်းပူးလိုက်ပေရပြီ။

"တုမှေပိပိ၊ တရားချစ်ခင် စိတ်ကောင်းဝင်ကြကုန်သော သင်သူတော်စင် ပရိသတ်အပေါင်းတို့သည်လည်း။ ယံမဟာပုညံ၊ အကြင်ဓမ္မသဝန တရားနာရတဲ့ ဘာဝနာပုညကြိယာကုသိုလ်ထူးကို။ သဒ္ဓိတံ၊ ကောင်းစွာမသွေ ဆည်းပူးမိကြပေပြီ။

"တေန၊ ထိုသိုဆည်းပူး။ ဓမ္မဒါန၊ ဓမ္မသဝန၊ ဘာဝနာမယ၊ ပုညကြိယာကုသိုလ်ထူးကြောင့်။ သဗ္ဗေ၊ လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ ဗြဟ္မာမကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကုန်သော။ ဇနာ၊တရားနာပရိသတ်နှင့်တကွ၊ သတ္တဝါဟူ၊ နတ်လူဗြဟ္မာ ပေါင်းများစွာတို့သည်။ ဝုဍ္ဎသမင်္ဂိနော။ မိမိတို့ လိုလား၊ တောင့်တအပ်သော ကောင်းကျိုးချမ်းသာ၊ ဝုဍ္ဎအထွေထွေ၊

ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်ပုံကြကုန်သည်ဖြစ်၍။ သုခါယန္တု၊ ယနေ့ကစ၊နိဗ္ဗာန်ဘဝရသည့်တိုင်အောင် စိတ်ရွှင်လန်း၍ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိတော်မူကြပါစေကုန်သတည်း။''

"သာဓု–သာဓု–သာဓု''

ဝိဇယသုတ္တန်တရားတော် စတုတ္ထပိုင်း ၁

# ဝိဇယသုတ္တန်တရားတော် စတုတ္ထပိုင်း ၁

**ဣရိယာပထပိုင်းနှင့် သမ္ပဇဉ်ပိုင်း ပြီးသော်လဲ။ ။**"ဝိဇယသုတ္တန် တရားတော် စတုတ္ထပိုင်း၊

တဆယ့်လေးဂါထာတို့ဖြင့် တန်ဆာဆင်အပ်တဲ့၊ ဝိဇယသုတ္တန်ကို (၆)ည ဟောမယ်လို့ အစီအစဉ် ချထားတယ်။ အခု (၃)ညတော့ပြီးခဲ့ပြီ။ ဒီကဲနေ့ ပါဆို ၄-ည မြောက်။ အဲဒီ(၄)ညမြောက်တို့တွင် ၁၄–ဂါထာရှိတဲ့ ဝိဇယသုတ္တန်ဟာ ၁–ဂါထာတောင် မကုန်ပဲ ဖြစ်နေတယ်။ ၁–ဂါထာ တောင် မကုန်ဘူး။

"ဒကာကိုအုံးဟန်ကြီး ဘယ်လိုလုပ်မလဲ၊ နောင်နှစ်ခါမှ ဆက်မှ ထင်တယ်၊ တဲ၀က်လောက် ချန်ထားခဲ့မယ်"

"ရက်ပိုပေးပါ"

"ရက်ပိုပေးပါ၊ အဆစ်တောင်းနေတယ်။ သူက တရားဟောတာကို အဆစ်တောင်းတယ်။ ရက်ကလဲ ပို့လို့က မရ။ ဒီကနေ ၆–ရက်နေ့ပြီး။ ၇-ရက်နေ့ မော်လမြိုင် ကျုံကူး သွားဟော၊ ၈–ရက်နေ့ ဒိုင်ဝန်ကွင်း စ ဆိုတော့ နားဖို့ရက်ကလဲ မရှိဘူး။ ၈–၉–၁၀ - ၁၁၊ (၃)ညဆို ဒိုင်ဝန်း ကွင်းဟော။ ဒီကနေ ဒိုင်းဝင်ကွင်းက တရားပွဲ စီစဉ်တဲ့ သူတွေနဲ့ တွေ့ပြီး တော့ အဲဒီမှာ တညပြန် နှုတ်ပစ်ခဲ့တယ်။ တညတော့ နားဖို့ပေးကြစမ်းပါ အုံးလို့။ ၁၁–ရက်နေ့တော့ နားရမယ်။ ၁၂–ရက်နေ့ မုတ္တမမှာ ဟောပြီး

တော့ ၁၃–ရက်နေ့ဆိုယင် စနေဖြူ သွားရမယ်။ ဒီတော့ တို့ဒကာကိုအုံးဟန်ကြီး ပြောသလို အဆစ်တောင်းလို့ကလဲ မရဘူး ဖြစ်နေတယ်။ အကုန်လုံး အတိအကျ ဖြစ်နေတယ်။

''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ၊

သမိဉ္ဇတိ၊ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ''

''ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ စရံဝါ၊ သွားလည်း သွား၏။ ယဒိ၊ ထို့ပြင်။ တိဋ္ဌံဝါ၊ ရပ်လည်း ရပ်၏။ နိသိန္နော ဝါ၊ ထိုင်လည်း ထိုင်၏။ ဥဒ၊ ထို့ပြင်။ သယံဝါ၊ အိပ်လည်း အိပ်၏။

''သမိဉ္ဇတိဝါ၊ ထိုထို ခြေဆစ်လက်ဆစ်တို့ကို ကွေးလည်း ကွေး၏။ ပသာရေတိဝါ၊ ထိုထို ခြေဆစ်လက်ဆစ်တို့ကို ဆန့်လည်း ဆန့်တန်း၏။ ဧသာ၊ ဤ သွား၊ ရပ်၊ ထိုင်၊ လျောင်း၊ ရှေ့နောက် တက်ဆုတ်၊ ကွေးရပ်၊ ဆန့်တန်းမှု အစုစုအဖုံဖုံ အမူအရာ အလုံးစုံသည်။ ကာယဿ၊ ရူပကာယ၏။ ဣဉ္ဇနာ၊ လှုပ်ရှားတဲ့ အမူအရာမျှသာတည်း။ ကာယဿ ဝါယောကာယ၏။ ဣဉ္ဇနာ၊ လှုပ်ရှားတဲ့ အမူအရာမျှသာတည်း။

''အဲဒီမှာ ''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ' အဲဒီပါဒတို့ဖြင့် သတိပဋ္ဌာနသုတ္တန် ပါဠိတော်က လာတဲ့ ဣရိယာပထပိုင်းလုံးကို ငုံထားတယ်။

''သမိဉ္ဇတိ ပသာရေတိ''ဆိုတဲ့ ၂–ပါဒဖြင့်လည်း သတိပဋ္ဌာနသုတ္တန်မှာ လာတဲ့ သမ္ပဇညတပိုင်းလုံးကို သူက ငုံထားတယ်။ ဒီတော့ယင် ဝိဇယသုတ္တန်ထဲမှာ သတိပဋ္ဌာနသုတ္တန်မှာ လာတဲ့ ဣရိယာပထပိုင်း၊ သမ္ပဇညပိုင်း၊ ဓာတုမနသိကာရပိုင်း၊ ပဋိကူလသညာပိုင်း ဆိုပြီးတော့ အပိုင်း ၄–ပိုင်း ပါဝင်နေတာ ဖြစ်တယ်။

''အဲဒီ ၄–ပိုင်းကို မနေ့က ညက နေပြီးတော့ ဟောလိုက်တာ ဘယ်နှစ်ပိုင်း ကုန်သွားတုန်းဆိုတော့ တို့ဒကာကိုအုံးဟန်ကြီး ဘယ်လို ပြောမလဲ''

''၂–ပိုင်းပါ ဘုရား''

''၂–ပိုင်း ပါဝင်သွားတယ်''

''မှန်ပါဘုရား''

''ဘာနဲ့ ဘာနဲ့ပါသွားလဲ''

''ဣရိယာပထပဗ္ဗနဲ့ သမ္ပဇညပါ ဘုရား''

''ဟုတ်ပြီ။ ဣရိယာပထအပိုင်းနဲ့ သမ္ပဇညအပိုင်း ၂–ပိုင်း ပါဝင်

သွားတယ်။ ပါဝင်သွားတယ် ဆိုပင် ဆိုငြားသော်လည်း "ဟောစရာ၊ ပြောစရာ ကုန်ပြီလားဘုရား"လို့ ဒီလို မေးယင် ဘယ်လိုပြောမလဲ"

"မကုန်သေးပါ ဘုရား"

"မကုန်သေးဘူး"

"အညာပြောလေး ပြောလိုက်ရယင်တော့ "နဲဘူးကြီး"ကျန်သေးတယ်ပေါ့၊ နော်။ ရွှေဘိုပြောနဲ့ ပြောရယင်တော့ "တပုံမကြီး"ကျန်သေးတယ်ဆိုရမယ်။ နဲဘူးကြီးရယ်၊ တပုံမကြီးရယ် အတူတူပဲ။ ဟိုဟာသာတရေဝတီနယ်ကတော့ "အောတိုက်ပဲ"တဲ့။ သူတို့ကတော့ အောတိုက်တာရယ်၊ တပုံမကြီးရယ်၊ နဲဘူးကြီးရယ်။ ဘာထူးလဲ၊

"တကာ၊ တွေ၊ တပုံမကြီး၊ အများကြီး၊ တိပဝုစ္စရေ"တဲ့....။

"ပေါရာဏကထာ၊ မောင်းထောင်ဆရာတော်ဘုရားကြီး ရေးခဲ့တယ်။ တကာတဲ့၊ တတွေဝဲ့၊ အပုံတဲ့၊ နဲဘူးကြီးတဲ့၊ အတူတူပဲ။

**သမ္မဇဉ်တွင် ထပ်ပြောချင်။** ။"ဒါကြောင့် ဣရိယာပထ၊ သမ္ပဇည ၂–၃ ခါနမှာ ဟောပြပြောခဲ့တဲ့ တပုံမကြီး၊ နဲဘူးကြီး၊ အများကြီး၊ အောတိုက်၊ ကျန်သေးတယ်၊ နော်၊ အဲဒီကျန်သေးတဲ့ အပိုင်းတွေထဲက ဒီကနေ့ သမ္ပဇညပိုင်းကို ထပ်ပြီးတော့ ပြောချင်တယ်။

"အဘိက္ကန္တေ ပဋိက္ကန္တေ၊ သမ္ပဇာနကာရီ ဟောတိ။

"သမ္ပဇညပိုင်းမှာ....

"အဘိက္ကန္တေ ရှေ့သို့ တက်သည်ရှိသော်။ ဝါ၊ ရှေ့သို့ ရွေ့သည်ရှိသော်၊ ဝါ။ ရှေ့သို့ လှမ်းသည်ရှိသော်။ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်သည်ရှိသော်၊ ဝါ၊ နောက်သို့ လှမ်းသည်ရှိသော်။ သမ္ပဇာနကာရီ၊ သမ္ပဇညကိုပြု၍၊ သမ္ပဇညကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ သတိ၊ ပညာဖြင့် ဆင်ခြင်ခြင်းကို ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

"ရှေ့သို့ တိုးတယ်" "နောက်သို့ ဆုတ်တယ်"တဲ့။ ဒါလဲ သွားတာပဲ မဟုတ်လား"

"မှန်ပါဘုရား"

"ဟိုမှာ ဣရိယာပထထဲတုန်းကလဲပဲ "ဂစ္ဆန္တောဝါ၊ ဂစ္ဆာမီတိ" ပဇာနာတိ– သွား၊ သွားတယ်လို့ သိလို့ မပါခဲ့ဘူးလား"

"ပါ၊ ပါတယ် ဘုရား"

"ယခု ဒီနေရာမှာလဲ ရှေ့သို့ သွားတယ်။ နောက်သို့ သွားတယ်။

ပါလာပြန်တယ်။ ဘာထူးလဲလို့၊ စဉ်းစားမိရဲ့လား။ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ် ဆိုပြီးတော့ ဣရိယာပုထ် ၄-ပါး ပြောခဲ့တဲ့ ဣရိယာပထပိုင်းက သွားတယ်ဆိုတာဟာ ကြာမြင့်စွာသော ကာလပတ်လုံး သွားပြီးတော့ နေတာကို သွားတယ်လို့ ဒီလို ယူတဲ့။ ခရီးရှည်ကြီးသွားတာကို သွားတယ်လို့ ယူပါ။ ဟုတ်လား"

"ဂစ္ဆန္တောဝါ၊ ဂစ္ဆာမီတိ၊ ပဇာနာတိ၊ သွား၊ သွားတယ်လို့သိး ခရီးရှည် သွားတာကို ယူ၊ ၂-လှမ်း၊ ၃-လှမ်းလေး ရှေ့တိုးလိုက်တယ်။ ၂-လှမ်း၊ ၃-လှမ်း နောက်ဆုတ်လိုက်တာ။ အဲဒီလို အတော်တိုတောင်းတဲ့ ခရီးကလေး ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်း လုပ်တာကျတော့၊

"အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သမ္ပဇာနကာရီ ဒီအထဲကို ထည့်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အဲ၊ အဲဒီလိုသွား။ အဘိက္ကန္တေ၊ ရှေ့သို့တိုးသည်ရှိသော် ဆိုတော့ ရှေ့နား နည်းနည်းလေး တိုးလိုက်ပါဆို။ ဟော၊ သမ္ပဇင်ထဲ ပါရမယ်။ တရားနာပရိသတ်များ၊ ရှေ့နည်းနည်းတိုးပါ ဆိုလို့ရှိယင်၊ အဘိက္ကန္တေ၊ မဟုတ်လား"

"မှန်ပါဘုရား"

"နောက်နားနည်းနည်း ဆုတ်ကြအုံးဆိုတော့"

"ပဋိက္ကန္တေပါ ဘုရား"

"အဲဒီမှာ သတိ၊ ပညာ ပါပါစေတဲ့။ အဲဒီလို အနည်းငယ်မျှသော ခရီးကလေးတွေကို ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်း လုပ်တာကို အဘိက္ကန္တေ၊ ပဋိက္ကန္တေ ယူပါနော်"

"မှန်ပါတယ် ဘုရား"

"ဒီတော့ သမ္ပဇညပိုင်းက ဘာပြောသလဲ ဆိုလို့ရှိယင် ဣရိယာပုထ်တို့ရဲ့ တိုတောင်းသော ကာလအတွင်းမှာ လှုပ်ရှားတဲ့ အမူအရာတွေကို သိမ်းကျုံးပြီးတော့ ထည့်ထားတယ်လို့ ဒီလို မှတ်ပါ။ အေး၊ ဒါကြောင့်....

"အဘိက္ကန္တေ၊ ရှေ့သို့ တိုးလိုက်သည်ရှိသော်၊ ပဋိက္ကန္တေ၊ နောက်သို့ ဆုတ်လိုက်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိ၊ ပညာဖြင့် ဆင်ခြင်ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

"သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ။

"သမိဥ္စိတေ၊ ကွေးသည်ရှိသော်၊ ပသာရိတေ၊ ကွေးထားတဲ့လက်ကို ဆန့်လိုက်သည်ရှိသော်၊ သမ္ပဇာနကာရီ၊ သတိပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။

"ကွေးတယ်၊ ဆန့်တယ်၊ ကွေးတာလဲ သတိ၊ ပညာပါရမယ်၊ ဆန့်တာလဲ သတိ၊ ပညာပါရမယ် နော်"

"မှန်ပါဘုရား"

"တို့တရားနာပရိသတ် တရားနာနေတဲ့အတွင်း ထိုင်ပြီးတော့နေကြတဲ့ ဣရိယာပုထ်မှာ ခန္ဓာကိုယ်မှာရှိတဲ့ လက်တွေ၊ ခြေတွေကိုတဲ့၊ ၂-နာရီလောက် ကွေးထားကြတယ် မဟုတ်လား။ ၂-နာရီလောက် ကွေးထားကြတယ်။ အဲဒီကွေးထားတဲ့ အချိန်တွင်းမှာ သတိ၊ ပညာက ဘယ်ရောက်နေလဲ ဆိုတော့ တရားအာရုံပေါ် ရောက်နေကြတယ်။

"ဒီတော့ ဟောနေတဲ့ တရားသံပေါ် ရောက်နေလို့ ခန္ဓာကိုယ်တွင်း ဉာဏ်သွင်းတတ်ဖို့ မလိုဘူး။ ဟုတ်ပြီလား၊ တရားပွဲပြီးလို့ ထ လိုက်ကြပြီ ဆိုတော့ ကွေးထားတဲ့လက်တွေ၊ ခြေတွေ ဘာလုပ်လိုက်လဲ၊ ဆန့်လိုက်ကြတယ်။

"ဒါကြောင့် ပသာရိတေ ဆန့်သည်ရှိသော်၊ သမ္ပဇာနကာရီ၊သတိပညာဖြင့် ဆင်ခြင်၍ ဆန့်သည်၊ ဟောတိ၊ ဖြစ်၏၊ သတိ၊ ပညာ ပါပြီးတော့ ဆန့်ကြ။

"တရားဟောတာ သိမ်းမှပဲ၊ ခါးညောင်းတာတော့ ပြေဆိုပြီး အားပါးတရကြီး ဖြစ်သွားယင် မနေ့က ပြောခဲ့တဲ့အတိုင်း ဘာဝင်သွားတာလဲ"

"အဘိဇ္ဈာဝင်သွားပါတယ် ဘုရား"

"အနုရောဓ၊ ဝိရောဓဆိုတဲ့ စကား ၂-ရပ်တို့တွင် ဘာဖြစ်တာလဲ"

"အနုရောဓ ဖြစ်သွားပါတယ် ဘုရား"

"အနုရောဓ"

"မှန်ပါဘုရား"

"ခန္ဓာကိုယ်နဲ့ ဆီလျော်မှုလေး ဖြစ်လာတယ်။ ကွေးထားရတာ ပင်ပန်းနေတော့ ဝိရောဓိ၊ ဝိရောဓိနဲ့ဝိရောဓ အတူတူပဲ။

"ကွေးထားတာ တော်တော်ကြာတော့ ပင်ပန်းနေသရွေ့ ဝိရောဓိ ဖြစ်နေတယ်။ကွေးတဲ့ဣရိယာပုထ်မှာ ခန္ဓာကိုယ်ကြီး၊ အဲဒီမှာ ဒုက္ခလက္ခဏာ ဝင်လာတယ်။

"မခံသာတဲ့ ဒေါမနဿရဲ့ နောက်က ကပ်လာတယ်၊ 'ပဋိဃာနုသယ'က ဝင်ပြီးတော့ ကိန်း။ ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

"ကိုင်း၊ ခန္ဓာကိုယ်ကြီးက ဖြောင့်ဖြောင့်လေး နေမှ သက်သာတော့မှာပဲဆိုတော့ '၂–နာရီပြည့်ပြီ၊ သိမ်းလိုက်ကြစို့'ဆိုတော့ ထ,လိုက်တဲ့ အခါကျတော့ ဆန့်လိုက်တဲ့ဣရိယာပုထ်သည်တဲ့၊ ပသာရိတ၊ ဆန့်ခြင်း ဆိုတဲ့ အမူအရာသည် တို့တရားနာပရိသတ်ရဲ့ ခန္ဓာကိုယ်နဲ့ ဆန့်ကျင်ဘက်လား၊ ဆီလျော်သွားသလား"

"ဆီလျော်သွားပါတယ် ဘုရား"

"ဆီလျော်သွားတာဖြင့် အဲဒီဥစ္စာကျတော့ ဘာပြောမလဲ"

"အနုရောဓပါ ဘုရား"

"အနုရောဓ၊ ခါးကလေးဆန့်လိုက်ရတာ အငြောင်းကို ပြေသွားတာပဲ။ အနုရောဓလေး"

"မှန်ပါဘုရား"

"အဲဒီအချိန်မှာ ဘာဖြစ်သွားသလဲ။အနုရောဓကြောင့် သုခဝေဒနာ၊ သုခဝေဒနာကြောင့် အတိဇ္ဈာ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ရာဂါအနုသယော အနုသေတိ''တဲ့။ ရာဂါအနုသယ ဝင်မယ် မဟုတ်ဘူးလား"

"မှန်ပါတယ် ဘုရား"

"ဒါကြောင့် သမ္ပဇာနကာရီ၊ သတိ–ပညာဖြင့် ဆင်ခြင်ပြီးတော့ ထားကြ၊ ဆန့်ကျင်အုံးမလား"

"မဆန့်ကျင်ပါ ဘုရား"

"အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သမိဉ္ဇိတေ၊ပသာရိတေ ၂–ခုတွဲ၊ ၂–ခု တွဲ ၂–စုံပြီးသွားပြီ။ ဒါ ပါဠိတော်အတိုင်း ရွတ်ပြတာ။

"သမိဉ္ဇိတေ ပသာရိတေ၊ သမ္ပဇာနကာရီ ဟောတိ။
သင်္ဃာဋိပတ္တစီဝရဓာရဏေ၊ သမ္ပဇာနကာရီ ဟောတိ။

"သယံဘင္ဃဝိပတ္တစီဝရ ခာရဏော မြတ်စွာဘုရားက ဒီသတိပဋ္ဌာန်သုတ်ကို ရဟန်းတော်များ ပရိသတ်ကို ဦးတည်ဟောတာမို့လို့ သင်္ကန်းတွေ၊ သပိတ်တွေ ပါလာတယ်။

"သယံဃဋိပတ္တစီဝရ ခာရဏော၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို သုံးဆောင်ကိုင်တွယ်ခြင်း၊ ကိုင်တွယ်တဲ့အခါ၌။ သမ္ပဇာနကာရီ၊ သတိပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏၊

"ရဟန်းတော်များအနေနဲ့ဆိုယင်၊ သင်္ကန်း၊ သပိတ်၊ပရိက္ခရာကိုင်တဲ့အခါမှာ၊ 'သတိ၊ ပညာ' ပါရမယ်။ အကျဉ်းချုံးလိုက်ယင်တော့ အသုံးအဆောင်ပစ္စည်းတွေကို ကိုင်တွယ်တဲ့အခါမှာ 'သတိ၊ ပညာ' ပါရမယ်နော်။

"ဟာရုံးနှာပရိသတ်များ၊ ပုဂ္ဂိုလ်များအနေနဲ့တော့ ဘာတဲ့တုံး။ မိမိတို့အိမ်မှာ သုံးစွဲပြီးတော့ နေကြတဲ့၊ အဝတ်တို့၊ ခြုံစရာတို့၊ ရုံစရာတို့၊ စားပွဲသောက်ဖွယ် အစရှိတဲ့ အဲဒီလို၊ အိုးခွက်ပန်းကန်တို့ ကိုင်တွယ်တဲ့အခါမှာ သတိ၊ပညာ ပါ့ပါစေ။ သမ္ပဇညသုတ်၊ ဟုတ်ကဲ့လား၊ ဘယ်နှစ်ခန်းဆိုလိုက်လဲ"

"၄---ခန်းပါဘုရား"

"ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း၊ အသုံးအဆောင်တို့ကို ကိုင်တွယ်ခြင်း "၄" ခု။

"အသိတေ၊ ပီတေ၊ ခါယိတေ၊ သာယိတေ၊ သမ္ပဇာနကာရီ ဟောတိ၊

"အသိတေ၊ စားသည်ရှိသော်။ ပီတေ၊ သောက်သည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိသော်။

"စားတယ်ဆိုတာက ထမင်း၊ သောက်တယ်ဆိုတာက အရေ၊ခဲတယ်ဆိုတာက မုန့်၊ ဟုတ်ပြီလား"

"မုန့်ပါဘုရား"

"ခါယိတေ၊ ခဲသည်ရှိသော်၊ သာယိတေ၊ လျက်သည်ရှိသော်။

"လျက်တယ်ဆိုတာက ပျားရည်တို့၊ ထောပတ်တို့၊ အဲဒီလိုအရာမျိုး၊ ဒီတော့ စားတယ်၊ သောက်တယ်၊ ခဲတယ်၊ လျက်တယ်ဆိုတဲ့ အရာဌာနတို့မှာလဲပဲ သမ္ပဇာနကာရီ၊ သတိ၊ ပညာဖြင့် ဆင်ခြင်၍ပြုရသည်။ ဟောတိ ဖြစ်၏။

"ဘယ်နှစ်ပိုင်းလဲ"

"၄–ပိုင်းပါ ဘုရား"

"ဥစ္စာရပသဿဝက ဓမ္မ သမ္ပဇာနကာရီ ဟောတိ။

"ဥစ္စာရပဿဝက ဓမ္မ၊ ကျင်ကြီးကျင်ငယ် စွန့်တဲ့ အမှုလုပ်ငန်း၌။ သမ္ပဇာနကာရီ၊ သတိပညာဖြင့် ဆင်ခြင်၍ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏၊ တဲ့။

"ကျင်ကြီးကျင်ငယ် စွန့်တဲ့ နေရာမှာလဲ၊ သတိ၊ ပညာပါကြပါစေ၊ ဘယ်နှစ်ပိုင်းလဲ"

"၅–ပိုင်းပါ ဘုရား"

"ဂတေ၊ ဌိတေ၊ နိသိန္နေ၊ သုတ္တေ၊ ဇာဂရိတေ၊ ဘာသိတေ၊

တုဏှီဘာဝေ၊ သမ္ပဇာနကာရီ ဟောတိ"

"ဂတေ၊ သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ သုတ္တေ၊ အိပ်သည်ရှိသော်။ ဇာဂရိတေ၊ နိုးသည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိပညာဖြင့် ဆင်ခြင်၍၊ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏တဲ့။

"မကျန်တော့ဘူး၊ ခန္ဓာကိုယ်တကိုယ်လုံးမှာ တိတ်တိတ်ကလေး နေတဲ့အခါမှာတောင် သတိ၊ ပညာပါရမယ်၊ အိပ်တဲ့အခါမှာတောင် သတိ၊ ပညာပါရမယ်။

"ဒီလိုပြောလိုက်ပြီဆိုတော့ အချိန်တိုင်း၊ အချိန်တိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ ခန္ဓာကိုယ်က လှုပ်ရှားနေတဲ့ အခါမှာရော၊ မလှုပ်ရှားပဲနဲ့၊ ငြိမ်နေတဲ့ အခါမှာရော၊ စားတဲ့၊ သောက်တဲ့ အခါမှာရော၊ ကျင်ကြီး ကျင်ငယ် စွန့်တဲ့အခါမှာရော ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းနေကြပါတယ် ဆိုတဲ့ ယောဂီပုဂ္ဂိုလ်အပေါင်း၊ သူတော်ကောင်းတို့သည် အချိန်တိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ သတိပညာ လက်လွှတ်ထားရမလား"

"လက်မလွှတ်ထားရပါ ဘုရား"

"အချိန်၊ မိနစ်၊ စက္ကန့်ရှိသမျှ သတိ၊ ပညာနဲ့ နေရမယ်– တဲ့။ ဒီလို ပြောတယ်။ အဲဒီနေရာမှာ သမ္ပဇာန– လွယ်လွယ်လေး စကားပြောယင် သူက သမ္ပဇဉ်လို့ ဒီလိုဆို။ သမ္ပဇဉ်ဆိုတာ တရားကိုကောက်တော့ 'ပညာ' သမ္ပဇဉ်ဆိုတာ ပရိသတ်များ တရားကိုယ်အားဖြင့် ဘာတဲ့"

"ပညာပါဘုရား"

သမ္မဇဉ်(၄)ပါး။ ။''အဲဒီသမ္မဇဉ်က ၄-မျိုးရှိတယ်၊ (၁) သာတ္ထက သမ္မဇဉ်တဲ့။ (၂) သပ္ပာယသမ္မဇဉ်တဲ့။ (၃)ဂေါစရ သမ္မဇဉ်။ (၄) အသမ္မောဟသမ္မဇဉ်။

''တို့ပရိသတ်၊ ဘယ်နှစ်မျိုးတုံး''

''၄-မျိုးပါ ဘုရား''

''နံပါတ်(၁)က သာတ္ထကသမ္မဇဉ် တဲ့၊ ဘာတဲ့''

''သာတ္ထကသမ္မဇဉ်ပါ ဘုရား''

''နံပါတ်(၂)ကတော့ သပ္ပာယသမ္မဇဉ်၊ ဘာတဲ့လဲ''

''သပ္ပာယသမ္မဇဉ်ပါ ဘုရား''

''နံပါတ်(၃)ကျတော့ ဂေါစရသမ္မဇဉ်၊ ဘာတဲ့''

''ဂေါစရသမ္မဇဉ်ပါ ဘုရား''

''နံပါတ်(၄)က အသမ္မောဟသမ္မဇဉ်၊ ဘာတဲ့တုံး''

''အသမ္မောဟသမ္မဇဉ်ပါ ဘုရား''

''သမ္မဇဉ်တရား ဘယ်နှစ်ပါး''

''၄-ပါးပါ ဘုရား''

''အဲဒီသမ္မဇဉ်တရား ၄-ပါး လက်ကိုင်ထားပြီးတော့ ကျင့်သုံး။ ရှေ့သို့လှမ်းတယ်၊ နောက်သို့ဆုတ်တယ်၊ ရှေ့သို့တက်ခြင်း၊ နောက်ဆုတ်ခြင်း၊ ခန္ဓာကိုယ် ရှေ့နည်းနည်းလေး တိုးကြဆိုလို့ရှိယင်၊ အဲဒီ ရှေ့တိုးတဲ့ နေရာမှာ စဉ်းစားကြည့်တဲ့၊သတ္ထာက၊ အကျိုးရှိသည်၊ မရှိသည်ကို၊စဉ်းစား တဲ့ အသိဉာဏ် ပါရမယ်။

''ဟုတ်ပြီလား''

''အကျိုးရှိ၊ မရှိတာကို စဉ်းစားတဲ့ အသိဉာဏ်မျိုးကို သတ္ထာက သမ္မဇဉ်လို့ ခေါ်တယ်။

''နောက်နား နည်းနည်း ဆုတ်ကြအုံးစို့ ဆိုလို့ရှိယင်လဲပဲ၊ အဲဒါ အကျိုးရှိ-မရှိ စဉ်းစားပြီးတော့ ဆုတ်။ အဲဒါ သာတ္ထကသမ္မဇဉ်။ သပ္ပါယ သမ္မဇဉ်၊ ဘာပြောလဲဆိုတော့ ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်းဆိုတဲ့ ဒီ သမ္မဇဉ်အပိုင်းပါတဲ့ အချက်တွေ ပြုလုပ်တဲ့နေရာမှာ မိမိနဲ့ လျောက်ပတ် သည် မလျောက်ပတ်သည်ဆိုတာကို ကြည့်ပါ။

''လျောက်ပတ်တဲ့ကိစ္စရှိသည်၊ မရှိသည်ဆိုတာကို ဒါစဉ်းစားပါ။ သင့်လျော်တယ်၊ မသင့်လျော်တယ်ဆိုတာကို စဉ်းစားပြီးတော့မှ ပြုလုပ်ရ

မယ်။ အဲဒီလိုလျှောက်ပတ်တာ။ မလျှောက်ပတ်တာကို စဉ်းစားပြီးတော့မှ ပြုလုပ်ခြင်းသည် သပ္ပါယသမ္ပဇဉ်။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"နောက်ပြီးတော့ ဘာတဲ့တုံး"

"ဂေါစရ သမ္ပဇဉ်ပါဘုရား"

"ဂေါစရ ဆိုတာကလဲ ကျက်စားရာ အာရုံနဲ့တကွ ဆင်ခြင်ပြီးတော့ ပြုလုပ်တဲ့ သမ္ပဇဉ်၊ အဲ– ဂေါစရဆိုတာက ကမ္မဋ္ဌာန်းပဲ၊ သတိပဋ္ဌာန်က ကမ္မဋ္ဌာန်းကို ပြောတာနော်"

"မှန်ပါဘုရား"

"ဂေါစရ သမ္ပဇဉ်၊ မိမိတို့ကျက်စားနေကျ အာရုံကိုလဲပဲ လက်လွှတ်မထားနဲ့ တဲ့။ ဒီလို တိုက်ရိုက်အားဖြင့် ပြောလိုတယ်။

"ယောဂီပုဂ္ဂိုလ်များ အားထုတ်နေတဲ့ ကမ္မဋ္ဌာန်းဟာ သတိပဋ္ဌာန်၊ သတိပဋ္ဌာန် အားထုတ်နေသည်ဖြစ်သောကြောင့် မိမိတို့သတိပဋ္ဌာန်တည်း ဟူသော အာရုံဟာ မိမိတို့ အမြဲတမ်းကျက်စားနေရမယ့် ဂေါစရပဲ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဂေါစရဆိုတာ အာရုံခေါ်တယ်၊ ကျက်စားရာ၊ မိမိကျက်စားရာ စားကျက်ဟာ သတိပဋ္ဌာန်ပဲ။ အဲဒီ သတိပဋ္ဌာန် အမြဲတမ်း လက်မလွှတ်ပဲနဲ့ လက်ကိုင်ထားလို့ရှိယင်၊ ဒီဥစ္စာ ဘာခေါ်သလဲဆိုတော့ ဂေါစရ သမ္ပဇဉ် နော်...."

**သတိပဋ္ဌာန်တရား ကျက်စားရာ။** ။"ဂေါစရေ ဘိက္ခဝေစရထ သကေ ပေတ္တိကေ ဝိသယေ။

"နလစ္ဆတိ မာရော ဩတာရံ၊ နလစ္ဆတိ မာရော အာရမ္မဏံ" တဲ့....။

(စက္ကဝတ္တိသုတ္တန်၊ ပါထိကဝဂ်–စာမျက်နှာ ၄၇)

"ဘိက္ခဝေ၊ အိုရဟန်းတို့၊ သကေ၊ မိမိတို့ရဲ့ ကိုယ်ပိုင်ဥစ္စာဖြစ်၍နေသော။ ပေတ္တိကေ၊ အဖဘုရား ပေးထားသော ဥစ္စာဖြစ်သော။ ဂေါစရေ၊ မိမိတို့ကျက်စားရာ အာရုံဆိုတဲ့ သတိပဋ္ဌာန်တရား ၄–ပါး၌။ စရထ၊ ကျက်စားကြကုန်လော့။ ဇေ၊ ဤသို့ သတိပဋ္ဌာန်းတရား ၄–ပါးမှာ ကျက်

စားကြတယ်ဆိုယင်။ မာရော၊ မာန်သည်။ အာရမ္မဏ၊ ဝင်ရောက်ဖို့ရန် အာရုံဆိုတဲ့ အခွင့်အရေးကို။ နလစ္ဆတိ၊ မရနိုင်။ ဩတာရံ၊ အခွင့်အရေး ကို၊ နလစ္ဆတိ၊ မရနိုင်တဲ့။

"မြတ်စွာဘုရား ပေးတော်မူတဲ့ သတိပဋ္ဌာန်တရား ၄–ပါး အာရုံ မှာ ကျက်စားနေကြလို့ရှိယင်၊ မာရ်နတ်သည် ဝင်ဖို့ရန် အခွင့်အရေး မရဘူးတဲ့။

"မာရ်နတ်ဆိုတာ သိရဲ့လား၊ ကိုအုံးဟန်ကြီး"

"မှန်ပါဘုရား"

"မာရ်နတ်ဆိုတာ ဘာလဲ"

"ကိလေသာပါ ဘုရား"

"ဟုတ်ပြီ၊ တို့ဒကာ ကိုအုံးဟန် သိပ် ဗဟုသုတတွေ များတာပဲ။

"ဟို ဝသဝတ္တီနတ်ပြည်က ဆင်းပြီးတော့ လာတဲ့ မာရ်နတ်ကြီးကို ပြောတာ မဟုတ်ပါ။

"ကာမာတေ ပဌမာ သေနာ၊ ဒုတိယာ အရတိ ဝုစ္စတိ။

"တတိယာ ခုပ္ပိပါသာ တေ၊ စတုတ္ထိ တဏှာ ပဝုစ္စတိ"

(သုတ္တနိပါတပါဠိ–နှာ–၃၄၂)

စသည်ဖြင့် စစ်သည် ၁၀ ပါးဆိုတာ ရှိတယ်တဲ့။

"ကာမာတေ ပဌမ သေနာ" အကြီးဆုံး မာရ် တည်းဟူသော ရန်သူဟာ ကာမတရားပဲ။

"ဒုတိယ အရတိ၊ဝုစ္စတိ–ဒုတိယအကြီးဆုံးရန်သူဟာ အရတိတဲ့။ မပျော်ပိုက်ဘူးတဲ့။ ဂမ္ဘဋ္ဌာန်းအာရုံမှာမပျော်ပိုက်ခြင်း၊ ပျင်းရိခြင်း၊ ငြီးငွေ့ ခြင်းဆိုတာလဲ ရန်သူကြီးတရပ်လို့ မှတ်ရမယ်။ အဲဒါ မာရ်နတ်ပဲ။

"တရားအားထုတ်နေယင်း၊ အားထုတ်နေယင်းနဲ့ ပျင်းလာပြီဆိုယင် အင်း သူတော့ မာရ်နတ် ဝင်သတ်ပြီသာ မှတ်ပေတော့။ ဟုတ်ပြီလား"

"မှန်ပါတယ်ဘုရား"

"ပျင်းတယ်၊ "အာရတိ"၊ ဒီတော့ အကျဉ်းချုပ် ပြောကြစို့။ မာရ်နတ်စစ်သည် ၁၀–ပါး ပြောနေယင်လဲ သိပ်ရှည်အုံးမှာ။ ဒီတော့ အကျဉ်းချုပ် ပြောလိုက်လို့ရှိယင် မာရ်နတ်ဆိုတာ တခြားသွားမရှာနဲ့၊ မာရ်နတ်ဆိုတာကို နတ်ပြည်က ဆင်းလာတဲ့ "မာရ်"ဆိုတာကို သွားမတွေက်နဲ့။ မိမိခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ကာမတရား အစရှိတဲ့ ကိလေသာ

တရားဆိုးအမျိုးမျိုး ဝင်လာလို့ရှိယင် အဲဒီဥစ္စာ "ငါတော့ မာရ်နတ် ဝင်ပြီ"လို့ ဒီလိုမှတ်ပါ"

"မာရ– ဆိုတာက သတ်ဖြတ်တာ၊ ညှဉ်းဆဲတာ၊ နှိပ်စက်တာ၊ သူတော်ကောင်းတရားအလုပ်လုပ်နေပြီ၊ သူတော်ကောင်းတရား အားထုတ်ရေး အလုပ်လုပ်နေပြီ ဆိုလို့ရှိယင် သူဝင်လာပြီ။ တထောင့်တနေရာက နေပြီးတော့ ကြုံကြုံဖန်ဖန် ဝင်လာတတ်တယ်။

"ခါးကိုက်ချင်ရတာနဲ့၊ အလုပ်က မပြီးသေးရတာနဲ့ ဟုတ်လား"

"မှန်ပါတယ်ဘုရား"

"ဟိုစဉ်းစား၊ ဒီစဉ်းစား၊ သားရေး၊ သမီးရေး အဲဒီလို ဟာတွေ စဉ်းစားပြီးတော့ သူက ဘာဖြစ်လာလဲ၊ ဝိတက်တွေ ဝင်လာတယ်။ ကာမ ဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက် အစရှိတဲ့ စိတ်ယုတ်စိတ်ညစ်တွေ ဝင်လာပြီဆိုယင် ဤပုဂ္ဂိုလ် မာရ်နတ် ဝင်လာပြီ"

"ဒါဖြင့်ယင် အဲဒီမာရ်နတ်သည် ဝင်ဖို့ရန် အခွင့်အရေးမရအောင် ဘာလုပ်မလဲဆိုတော့ "သတိပဋ္ဌာန်" တည်းဟူသော ကျက်စားရာ အာရုံ ရှိရမယ်"

"ဒါကြောင့် ဂေါစရသမ္ပဇဉ်ဆိုတာက သတိပဋ္ဌာန်ကိုပြောတာ။ "အသမ္မောဟသမ္ပဇဉ်" ဆိုတာက ဣရိယာပထ ၄–ပါး လှုပ်ရှားတာကိုပဲ ဖြစ်ဖြစ်၊ ယခု ဖော်ပြထားတဲ့ သမ္ပဇညအပိုင်းမှာလာတဲ့ ကိစ္စတွေကို ပြုလုပ်ရမှာပဲ ဖြစ်ဖြစ်၊အသမ္မောဟ ဘာကိုပဲ လုပ်လုပ်၊ ရှေ့ တိုးတော့မယ် ဆိုယင်၊ နောက်ဆုတ်တော့မယ်ဆိုယင် လက်ကလေး ကွေးတာ ဆန့်တာ ဖြစ်ဖြစ်၊ စွန့်တာ၊ အိပ်တာ၊ စားတာ၊ သောက်တာ၊ မျိုတာ၊ ဝါးတာ၊ ကျင်ကြီးကျင်ငယ်စွန့်တာ၊ အိပ်တာ၊ နိုးတာ၊ မည်သည့်ကိစ္စမှာပဲ မဆိုတဲ့၊ မတွေဝေတဲ့–ဉာဏ်ပညာနဲ့ ယှဉ်ပြီးတော့ သွားလေ၊ လုပ်လေ၊ ကိုင်လေ၊ စားလေ၊ သောက်လေ၊ အိပ်လေ၊ ကျင်ကြီးကျင်ငယ်စွန့်လေ၊ ဟုတ်ပြီလား"

"မှန်ပါတယ်ဘုရား"

"အသမ္မောဟဆိုတာ မတွေဝေတဲ့ ဉာဏ်ပညာ ခေါင်းဆောင် လာတာ အသမ္မဟာသမ္မောဇဉ်။

"ဒီတော့ သမ္ပဇဉ်တရား ဘယ်နှစ်ပါး"

"၄–ပါးပါ ဘုရား"

"လေးပါးတဲ့"

''အသပ္ပါယသမ္ပဇဉ် အကျိုးရှိတာကို စဉ်းစား။ မိမိနဲ့ သင့်လျော်တာကို စဉ်းစား။ စဉ်းစားပြီးတော့ ပြုလုပ်။ ဂေါစရ သမ္ပဇဉ်။ ကျက်စားရာအာရုံ မလွှတ်နဲ့၊ အသမ္မောဟသမ္ပဇဉ်၊ တွေတွေဝေဝေ မဖြစ်လေနဲ့'' ဆိုပြီးတော့ သမ္ပဇညတရား ၄–ပါးဖြင့် ပြုလုပ်ရမယ်။

''ကိုင်း၊ ဒီတော့''

''အဘိက္ကန္တေ၊ ပဋိက္ကန္တေ၊ သမ္ပဇာနကာရီ ဟောတိ၊ သမဉ္ဇိတေ၊ ပသာရိတေ၊ သမ္ပဇာနကာရီ ဟောတိ။ သင်္ဃာဋိပတ္တစီဝရဓာရဏေသမ္ပဇာနကာရီ ဟောတိ၊ အသိတေ ပီတေ၊ ခါယိတေ၊ သာယိတေ သမ္ပဇာနကာရီ ဟောတိ။ ဥစ္စာရပဿာဝကမ္မေသမ္ပဇာနကာရီဟောတိ။ ဂတေဌိတေနိသိန္နေ သုတ္တေ ဇာဂရိတေ၊ ဘာသိတေ၊ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ''

''ဆိုတဲ့အပိုင်းတို့မှာ ရှေ့နားကလေး နဲ့နဲ့တိုးလိုက်မယ်၊ သတ္တက အကျိုးရှိမှု မရှိမှု စဉ်းစား။နောက်နား နဲနဲလေးဆုတ်လိုက်မယ်။ အကျိုးရှိမှု မရှိမှု စဉ်းစား။ အဲဒီလို စဉ်းစားတွေးတောခြင်း- အကျိုးရှိတာ မရှိတာကို တွေးခေါ်စဉ်းစားတာဟာ ဉာဏ်ပဲ''

''လက်ကလေးကွေးလိုက်မယ်၊ ဆန့်လိုက်မယ်။ အကျိုးရှိမယ် မရှိမယ် စဉ်းစား၊ အဲဒါဘာလဲ''

''ဉာဏ်ပါဘုရား''

''မိမိနဲ့ လျောက်ပတ်သည် မလျောက်ပတ်သည် စဉ်းစား၊ ဒါလဲ ဉာဏ်ဝင်လာတယ်''

''ဣရိယာပထ ၄–ပါးမှာ သွားတယ်၊ရပ်တယ်၊ထိုင်တယ်၊လျောင်းတယ်၊ အိပ်တယ်။ အဲဒီမှာလဲ ဒီအတိုင်းပဲ၊ အဲဒီ သမ္ပဇဉ် ၄–ပါးနဲ့ တွက်သွားတာလဲ ဟုတ်လား၊ အကျိုးရှိမှ သွား၊ အကျိုးမရှိ မသွားနဲ့၊ လျောက်ပတ်တဲ့နေရာသွား၊ မလျောက်ပတ်တဲ့ နေရာ မသွားနဲ့''

''ဒီလို မဟုတ်လား''

''မှန်ပါဘုရား''

''ဂေါစရ –ကျက်စားရာအာရုံမလွှတ်ပဲနဲ့ သွား၊ ကျက်စားရာအာရုံ လွှတ်ပြီးတော့ မသွားနဲ့။ 'ဂေါစရသမ္ပဇဉ်။ မဟုတ်လား''

''မှန်ပါဘုရား''

''အသမ္မောဟ–တွေတွေဝေဝေကြီးမသွားနဲ့၊ မတွေမဝေ ဉာဏ်နဲ့ ယှဉ်သွားဆိုတော့ သမ္ပဇဉ် ၄–ပါး မဝင်လား''

''ဝင်ပါတယ်ဘုရား''

"သမ္မဇည ၄–ပါး၊ ကိုင်း၊ ဒီတရားပွဲကပြီးယင် တို့ဒကာကြီး ဘယ်သွားမယ်"

"အိမ်ပြန်ပါမယ် ဘုရား"

"အိမ်ပြန်မယ်၊ အကျိုးရှိသောပြန်ခြင်း၊ အကျိုးမရှိသော ပြန်ခြင်း ၂–မျိုးတို့တွင် ဘယ်လိုပြန်ခြင်းနဲ့ ပြန်ရမှာလဲ"

"အကျိုးရှိသောပြန်ခြင်းဖြင့် ပြန်ရပါမယ် ဘုရား"

"အကျိုးရှိသောပြန်ခြင်းဖြင့် ပြန်၊ ငါအိမ်ပြန်ယင် အကျိုးရှိမလား၊ မရှိဘူးလား၊ စဉ်းစား။ ယခုလိုတရားနာသဖြင့်ရထားတဲ့ အသိဉာဏ်လေးတွေ အိမ်ရောက်ယင်၊ အိမ်ရောက်ယင် မပျောက်စေနဲ့၊ ပျောက်သွားလို့ရှိယင် အကျိုးမရှိဘူး"

"အကျိုးမရှိတော့ဘူး ဘုရား"

**စေတီတော်ဖူးရအောင်။** ။"ကိုင်း၊ စေတီတော်ဖူးရအောင် သွားမယ်တဲ့၊ သာမညစကားလေးနဲ့ ပြောထားတာ၊ စေတီတော်တဆူ ဖူးရအောင်သွားကြစို့။ ဟာ– ကျိုက်သလ္လန်စေတီတော်ကြီး ဖူးရအောင်။

"စေတီတော်ဖူးခြင်းဆိုတာ အကျိုးရှိ,မရှိ"

"အကျိုးရှိပါတယ် ဘုရား"

"စေတီဟာ ဒဿနဗောဓိ၊ ဒဿနဆိုတာ အကျိုးရှိပါတယ်၊ ဒါပေမယ့် အဲဒီ စေတီရင်ပြင်တော်မှာ ပွဲတွေ၊ လမ်းတွေ၊ ခင်းကျင်းပြီးတော့ က,ပြနေတယ်ဆိုယင် အကျိုး မရှိဘူး။

"စေတီဖူးတာသာ အကျိုးရှိပေမယ့် ဟို ပွဲလမ်းသဘင်ကြီး ကျင်းပနေတာက မိမိအတွက် လျောက်ပတ်သေးလား"

"မလျောက်ပတ်ပါ ဘုရား"

"သာတ္ထကသမ္ပဇဉ်ပိုင်းက ကြည့်ယင် စေတီဖူးတာ အကျိုးရှိပေမယ့် အဲဒီဘုရားပေါ် ပွဲကြီး ခင်းနေတဲ့အတွက်ကြောင့် 'သပ္ပာယ'ဖြစ်လား"

"မဖြစ်ပါ ဘုရား"

"အသပ္ပာယပေါ့။ အသပ္ပာယ ဘယ်လိုလဲ။ အသပ္ပာယဆိုတာ မလျောက်ပတ်တာ၊ အသပ္ပာယ ပြောတာနော်"

"မှန်ပါ ဘုရား"

"ဒီတော့ယင် တို့တရားနာ ပရိသတ်အပေါင်း၊ သူတော်ကောင်းတို့သည် ဘုရားသွားဖူးတာတော့ အကျိုးရှိပါတယ်။ အဲဒီဘုရားပေါ်မှာ ပွဲက, နေတယ်ဆိုယင်တဲ့။

"ဒီနေရာသွားဖို့ လျောက်ပတ်ပါ့မလား"

"မလျောက်ပတ်ပါ ဘုရား"

"အဲဒီလို မလျောက်ပတ်ဘူးလို့ ဝင်လာတဲ့ အသိဉာဏ်သည်၊ တဲ့။ 'သပ္ပာယသမ္ပဇဉ်'ဆိုတဲ့ဉာဏ် ရတာနေ့ာ်"

"မှန်ပါတယ် ဘုရား"

"ဘုရားပွဲတွေ ဆင်ယင်ကုင်းပပြီးတော့ နေကြတယ်၊ တို့ပရိသတ်သွားမယ်ဆိုယင် အကျိုးရှိသည်၊ မရှိသည် စဉ်းစား။ ဘုရားဖူးနိုင်တယ်ဆိုယင်တော့ အကျိုးရှိပါတယ်၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့လို စဉ်းစားတဲ့ ဉာဏ်မျိုး ဝင်မယ်ဆိုယင်တော့ အကျိုးရှိမယ်ပေါ့။

"အဲဒီနေရာသွားပြီးတော့ မိမိက ပျော်ပွဲသဘင် ဆင်ယင်ကျင်းပရာ ဝင်ပြီးတော့ မိမိက ပျော်လိုက်မယ်ဆိုယင် အကျိုးလဲယုတ်သွားမယ်။ တရားနှလုံးသွင်းတဲ့ ပုဂ္ဂိုလ်များနဲ့လဲ မလျောက်ပတ်သည်ဖြစ်၍၊ အဲဒါကို ဆင်ခြင်စဉ်းစားပြီးတော့ မသွားသင့်၊ မသွားထိုက်တဲ့ 'အသပ္ပာယ'နေရာမျိုး ဖြစ်ခြင်းကြောင့်၊မသွားပဲနဲ့ ရှောင်နေလိုက်မယ်ဆိုယင် ဒီပုဂ္ဂိုလ်တဲ့၊ 'သပ္ပာယသမ္ပဇဉ်'ဝင်တဲ့ ပုဂ္ဂိုလ်လို့ ဒီလိုပြောရမယ်။

"အရေးကြီးတယ်နော်၊ ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ လိုင်း၊ သွားပြီတဲ့၊ ဘုရားဖူးသွားရအောင်တော့ တက်သွားပြီ၊ ဘုရားပေါ် ပွဲလမ်းလဲ မရှိပါဘူး၊ အကျိုးရှိတဲ့နေရာတော့ သွားတာပါပဲ၊ သွားတဲ့ လမ်းခရီးတလျှောက်လုံးမှာ မိမိအားထုတ်နေတဲ့ ကမ္မဋ္ဌာန်းကို လွှတ်ပြီးတော့ စိတ်က အရပ်လေးမျက်နှာ ပျံ့လွင့်ပြီးတော့ ဟုတ်လား၊ အဲ-မျက်စိဦးတည်ရာ ကြည့်ပြီးတော့ သွားမယ်ဆိုယင်၊ တဲ့။ ဒီပုဂ္ဂိုလ်အတွက် သမ္ပဇဉ်တခု ပျက်နေပြီ။

"ဂေါစရသမ္ပဇဉ်ဆိုတာ ပျက်သွားပြီ၊ မပျက်ဘူးလား"

"ပျက်ပါတယ် ဘုရား"

"ကျက်စားရာအာရုံ၊ မိမိ ကျက်စားနေကျက 'သတိပဋ္ဌာန်'ဒီကနေ စေတီပေါ် တက်သွားလိုက်တာမှာ၊ လမ်းမှာ ကမ္မဋ္ဌာန်း ပါမသွားဘူးဆိုယင် 'ဂေါစရသမ္ပဇဉ်' မပျက်ဘူးလား"

"ပျက်ပါတယ် ဘုရား"

"ပြောထားတာက...

"ဂစ္ဆန္တောဝါ၊ ဂစ္ဆာမီတိ ပဇာနတိ"

"ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဂစ္ဆာမီတိ၊ သွား၏ဟူ၍၊ ပဇာနာတိ၊ သိရမယ်။

"လို့ ဆိုထားပါလျက်နဲ့ သွား၊သွားတယ်သိလို့ မနေ့က ပြောခဲ့အတိုင်း အသိဉာဏ် မပါသွားသဖြင့် ဒီပုဂ္ဂိုလ်ဂေါစရသမ္ပဇဉ် ပျက်ပြီ။ မပျက်ဘူးလား"

"မှန်ပါဘုရား၊ ပျက်ပါတယ် ဘုရား"

"ဂေါစရသမ္ပဇဉ်ပျက်ယင် အသမ္မောဟသမ္ပဇဉ်ပါ တခါတဲ ပျက်သွားတယ်။ သတိပဋ္ဌာန်မှ မပါတော့ပဲနဲ့၊ ဒီပုဂ္ဂိုလ်ရဲ့အသွားဟာ တွေတွေဝေဝေ သွားခြင်း မဖြစ်ဘူးလား"

"ဖြစ်ပါတယ် ဘုရား"

"တွေဝေမိန်းမောပြီးတော့ သွားတာမို့လို့ သူသည် အသမ္မောဟသမ္ပဇဉ်လဲ ပျက်ယွင်းသွားပြီနော်။ ဒါကြောင့် အကျိုးရှိတဲ့ စေတီတော်ဖူးရအောင် သွားတာတောင်မှ၊ လျောက်ပတ်သောသွားခြင်း ဖြစ်ပါစေတဲ့၊ ပွဲလမ်းသဘင်တို့ဖြင့် ဆင်ယင်ကျင်းပနေတဲ့ စေတီတော်မျိုးဆိုယင် အသပ္ပာယ၊ တဲ့။ မသွားရဘူးတဲ့။

"ဒီလိုပြောထားတယ် နော်"

"မှန်ပါဘုရား"

"မသွားရဘူးတဲ့၊ အသပ္ပာယ သမ္ပဇဉ်အားဖြင့် မသွားနဲ့၊ အဲဒီလိုပွဲလမ်းသဘင် မရှိတဲ့အချိန်၊ ပျော်ပွဲ၊ ရှင်ပွဲ၊ မရှိတဲ့အချိန် သွားပြန်တော့လဲပဲ ဂေါစရသမ္ပဇဉ်ပါသွားရမယ်၊ ကမ္မဋ္ဌာန်းအာရုံနဲ့ သွား။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ကမ္မဋ္ဌာန်းအာရုံနဲ့ သွားလို့ရှိယင် ဒီပုဂ္ဂိုလ်ရဲ့ စိတ်သည် မတွေမဝေ သတိနဲ့၊ ပညာနဲ့ သွား၍နေတာ ဖြစ်ခြင်းကြောင့် အသမ္မောဟသမ္ပဇဉ်က ဝင်သွားတယ်။

"မဝင်ဘူးလား"

"ဝင်သွားပါတယ် ဘုရား"

"အဲဒီလို သမ္မာဇ္ဈ ၄-ပါးနဲ့ ပြည့်စုံပြီး အလုပ် လုပ်မှသာလျှင်တဲ့ ဣရိယာပုထ်တိုင်း၊ ဣရိယာပုထ်တိုင်း၊ လှုပ်ရှားတိုင်း၊ လှုပ်ရှားတိုင်းမှာ အလွန် အဖိုးတန်တဲ့ ခန္ဓာကိုယ်ရဲ့ လှုပ်ရှားမှုတွေ ဖြစ်လာလိမ့်မယ်။

"ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

**မထေရ်တပါး သမ္မာဇ္ဈအား။** ။"သမိဥ္စိတေပသာရိတေ သမ္မဇာနကာရီ ဟောတိ"

"ကွေးတယ်၊ ဆန့်တယ်။

"မထေရ်ဟွေ ဟိုတုန်းက သီဟိုဠ်ကျွန်းမှာ မထေရ်ကြီးတပါးရဲ့ထံမှာ မထေရ်ငယ်များစုပြီးတော့ စာပေ မေးမြန်း လျှောက်ထား ဆွေးနွေးနေတဲ့ အချိန်၊ မထေရ်ကြီးတပါးက ထိုင်နေတာ လက်ကွေးပြီးတော့ ထိုင်နေ တယ်၊ အဲဒီ ကွေးထားတဲ့ လက်ကို သူက ရုတ်တရက် ဆန့်လိုက်တယ်၊ ဆန့်ပြီးတော့ လက်လဲဆန့်လဲသွားရော၊ သူ့စိတ်ထဲက သတိရလိုက်တယ်။

"ဆန့်တဲ့ အမူအရာမှာ ငါသည် သတိသမ္မာဇ္ဈ ပါမသွားဘူးဆိုတာ အမှတ်ရလိုက်တယ်။ အမှတ်ရလိုက်တဲ့အချိန်မှာ လက်ကို ပြန်ပြီး ကွေးလိုက် တယ်၊ ပြန်ကွေးပြီးတော့မှ ဖြည်းဖြည်းကလေး သတိသမ္မာဇ္ဈနဲ့ သူ ပြန်ဆန့် တယ်။

"အနီးရှိနေတဲ့ စာပေ မေးလျှောက်နေတဲ့ မထေရ်ငယ်များက မေးတယ်။ 'အရှင်ဘုရား' တဲ့၊ 'အရှင်ဘုရားဟာ စောစောတုန်းက လက်ကို ရုတ်တရက် ဆန့်လိုက်ပြီးတော့မှ တော်ဘော် ပြန်ကွေးပြီး ဖြည်းဖြည်းလေး ပြန်ဆန့်တာ တွေ့ရပါတယ် ဘုရား။ ဆန့်ပြီးနေမှ ဒီလက်ကို ပြန်ကွေး၊ ကွေးပြီးတော့ နောက်တခါ ပြန်ပြီးတော့ အလုပ်ပိုလုပ်တဲ့အနေနဲ့ အရှင် ဘုရား ဘာကြောင့် ဆန့်နေရတာလဲ' လို့ ဒီလို ပြောတယ်။

"အလုပ်ပိုကြီး ဖြစ်မနေဘူးလား"

"ဖြစ်နေပါတယ် ဘုရား"

"အဲဒီတော့ ဟို မထေရ်ကြီးက ပြန်ပြီးတော့ အမိန့်ရှိတယ်၊အဲဒီမှာ သမ္မာဇ္ဈ လက်လွတ်သွားလို့တဲ့၊ သတိသမ္မာဇ္ဈ လွတ်သွားလို့ ငါသည် အမှတ်ရတဲ့ အချိန်က စပြီးတော့ အမှတ်ရတယ်ဆိုတဲ့ ဥစ္စာက မိမိရဲ့ သတိ သမ္မာဇ္ဈဥာဏ်ယှဉ်နိုင်တဲ့အချိန်က စပြီးတော့ပေါ့လေ။

"ဣရိယာပုထ်တိုင်း၊ ဣရိယာပုထ်တိုင်း၊ လှုပ်ရှားမှုတိုင်းမှာ ငါသည် သတိသမ္ပဇဉ်နဲ့ အမြဲတမ်း အလုပ် လုပ်ပြီးတော့ နေခဲ့တယ်။ ယခု သင်တို့နဲ့ တရားဘာဝနာ ဆွေးနွေးနေတဲ့အခိုက်မို့လို့ စိတ်သည် တရားအာရုံပေါ်၊ ဆွေးနွေးတဲ့စကားပေါ် အာရုံရောက်သွားတဲ့အတွက်ကြောင့် လက်ဆန့်လိုက်တဲ့ဥစ္စာ သတိသမ္ပဇဉ် ငါလွတ်သွားတယ်၊ အဲဒီ လွတ်သွားတဲ့ သတိသမ္ပဇဉ်ကို ငါ အစားပြန်ပြီးတော့ ယုပ်တာ' တဲ့ ဒီလို ပြောတယ်။

"အံ့သြစရာ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

**ကမ္မဋ္ဌာန်းယူကာ ဆွမ်းခံရှာ။** ။"မထေရ်ကြီး တပါးက ဆွမ်းခံကြွတယ်၊ သီဟိုဠ်ကျွန်းမှာပဲ။ ဆွမ်းခံသွားတယ်ဆိုလို့ ရှိယင် သွားကတည်းကိုက သူက ကမ္မဋ္ဌာန်းယူသွားတယ်။

"ကမ္မဋ္ဌာန်း ယူသွားတော့ လမ်းမှာ သားကောင် တကောင်နဲ့ သူ ရုတ်တရက် ဆုံမိတယ်၊ ဆုံမိတော့ သားကောင် တကောင်က အဲဒီ လမ်းကို ဖြတ်သွားတာကို သူက တောကျောင်းနှင့် မနီးမဝေးက အဲဒီ တောထဲမှာလဲ ယာထွန်နေတဲ့ လူတွေကလဲ ရှိတယ်။ သားကောင်တကောင်က ရုတ်တရက် လမ်းဖြတ်ပြီးတော့လဲ အသွား....

"သူ သွားတုန်းကလဲ "အဘိက္ကန္တေ ပဋိက္ကန္တေ၊သမ္ပဇာနကာရီ" ဆိုတဲ့ အတိုင်း"ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနတိ" ဆိုတဲ့အတိုင်း၊ သွား သွားမှန်းသိ ဆိုတဲ့အမှုအရာဖြင့်သွား၍ နေခြင်းဖြင့် သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီးတော့ စိတ်ရယ်၊စိတ္တဇဝါယောရယ် အလုပ် လုပ်ပုံကိုဆင်ခြင်ပြီးတော့ သွားနေတဲ့ကိုယ်တော်ကြီးသည် ရုတ်တရက် သားကောင်က လမ်းဖြတ်ပြီး သွားလိုက်တဲ့အခါ စိတ်က ဝိက္ခေပ ဖြစ်ပြီးတော့ အဲဒီမှာ ခြေလှမ်း ၃–၄–၅ လှမ်းလောက် သတိပညာကို လက်လွတ်သွားတယ်၊ စိတ်ပျံ့လွင့်ပြီးတော့ လက်လွတ် သွားတာနဲ့ပဲ၊ အဲဒီ နေရာမှာ ရပ်။

"ဘာလုပ်လိုက်လဲ"

"ရပ်လိုက်ပါတယ် ဘုရား"

"ရပ်လိုက်တယ်၊ ရပ်တော့ကော–

"ဌိတော ဝါ ဌိတောမိတိ ပဇာနာတိ၊မလုပ်ရဘူးလား"

"လုပ်ရပါမယ် ဘုရား"

"ရပ်တော့လဲ ရပ်မှန်းသိ၊ သတိသမ္ပဇဉ်ဖြင့် သူရပ်လိုက်တယ်။ ခုနက စောစောက ခြေလှမ်း ၅-လှမ်းလောက် သူ သတိလက်လွှတ်သွားတယ် ဆိုပါတော့။ နောက်ပြန်ဆုတ်တယ်၊ နောက်ပြန်ဆုတ်ပြီးတော့ စောစောက သတိလက်လွှတ်ခဲ့တဲ့ ခြေလှမ်း ၅-လှမ်းလောက် နေရာလဲ ရောက်ရော ရှေ့ဖြည်းဖြည်းချင်း ပြန်ပြီးတော့ သတိပညာနဲ့ သူက ရှေ့တက်ပြီးတော့ သူ လှမ်းတယ်။

"လှမ်းတော့ စောစောက သားကောင်က ဒီနေရာဖြတ်ပြေးထားတဲ့ အတွက်ကြောင့် စိတ်က ပျံ့လွင့်တဲ့ "ဝိက္ခေပ" မပျောက်ပဲဖြစ်နေတော့ စိတ်က အဲဒီ သားကောင်ဆီ အာရုံရောက်လိုက်၊ သူ့ခြေလှမ်းပေါ် အာရုံရောက်လိုက်၊ ဒီလို ဖြစ်နေတယ်။

"သတိက မရတချက်၊ ရတချက် ဖြစ်နေတယ်၊ တခါ နောက်ပြန်ဆုတ်ပြန်တယ်၊ နောက်ပြန်ဆုတ်လိုက်၊ ရှေ့လှမ်းလိုက်၊ နောက်ပြန်ဆုတ်လိုက်၊ ရှေ့လှမ်းလိုက်နဲ့ ဒီလိုလုပ်နေတာ တော်တော် ကြာသွားတယ်။

"အနီးရှိ ယာထွန်နေတဲ့ လူတွေက စဉ်းစားတယ်၊ "ဒီကိုယ်တော်ကြီး ဘာများ ဖြစ်နေပါလိမ့်မလဲ၊ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နဲ့၊ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နဲ့ ဘာများဖြစ်လဲ၊ စိတ်များမကောင်း ဖြစ်နေလေသလား ဆိုပြီးတော့ လာပြီးတော့ မေးတယ်။

"အရှင်ဘုရား၊ ဘာဖြစ်လို့ ဒီလိုလုပ်နေသလဲ" ဆိုတော့ ကိုယ်တော်ကြီးက စကားတခွန်းမျှ မပြောဘူး။ အဲဒီလူတွေကို သူ့ဟာသူပဲ ဆက်လုပ်နေတယ်။

"စကားတခွန်းမှ ပြန်မပြောပဲနဲ့ သူ့ဟာသူ ဆက်ပြီးတော့ အလုပ်လုပ်နေတယ်။ နောက်တော့မှ ခြေလှမ်းမလွှတ်တမ်း သတိပညာ ဝင်လဲသွားပြီဆိုတော့၊ သူ ရှေ့ကိုဆက်ပြီးတော့ သွားခဲ့တယ်တဲ့။ ဒီတော့ အကယ်၍ များ သတိလက်လွှတ်သွားယင်လဲပဲ၊ တကယ့်ပဓာနိက ပုဂ္ဂိုလ်ကြီးများဆို အဲဒီလို အလုပ်လုပ်ကြတယ်။

"ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ကဲ....ဒီတော့ သတိ၊ ပညာဖြင့် ဆင်ခြင်ပြီးတော့ ဣရိယာပထ၊ သမ္ပဇညကမ္မဋ္ဌာန်း အားထုတ်ကြမယ်ဆိုတဲ့ တို့ယောဂီပုဂ္ဂိုလ်အပေါင်း၊ သူတော်ကောင်းတို့သည်၊ တဲ့။ ကမ္မဋ္ဌာန်းကျောင်းမှာ လုပ်ရမယ့်ကိစ္စ၊ ဘာပဲဖြစ်ဖြစ် လက်မလွှတ်တမ်း အလုပ်လုပ်ရမယ်၊ အေး.... ဒါကြောင့်—

**ကြည့်သည်ရှိသော်။** ။"အဘိက္ကန္တေ ပဋိက္ကန္တေ၊ အာလောကိတေ၊ ဝိလောကိတေ"

"အာလောကိတေ၊ တည့်တည့်ကြည့်သည်ရှိသော်၊ ဝိလောကိတေ၊ စောင်း၍ကြည့်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိ၊ ပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏တဲ့။

"တည့်တည့်ကြည့်တဲ့နေရာ၊ စောင်း၍ကြည့်တဲ့ နေရာ၊ သတိပညာ ပါရမယ်၊ သမ္ပဇဉ် ဘယ်နှစ်ပါးလဲ"

"၄–ပါးပါ ဘုရား"

"ကဲ....ဒီနေရာ နည်းနည်းလေး ပြောကြည့်ရအောင်၊ တည့်တည့် ကြည့်တဲ့နေရာရယ်၊ စောင်းပြီးတော့ ကြည့်တဲ့နေရာရယ်၊ ကြည့်တယ်ဆိုတဲ့ အမူအရာမှာ 'သတိပညာ' လက်ကိုင်ထားပြီးတော့ သမ္ပဇဉ် ၄–ပါးပါ ဝင်သွားအောင်ကြည့်ပေါ့။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ကြည့်ပြီ၊ ရှေ့တည့်တည့်ကြည့်လိုက်တယ်၊ ဒကာ ကိုအုံးဟန်ကြီး၊ ဘာနဲ့ကြည့်မယ်။ မျက်စိနဲ့ကြည့်မယ်"

"မျက်စိနဲ့ကြည့်တာပါ ဘုရား"

"မျက်စိနဲ့ကြည့်မယ်"

"မှန်ပါဘုရား"

"ဒီလို မပြောလား"

"ပြောပါတယ် ဘုရား"

"မျက်စိနဲ့ကြည့်မယ်၊ မျက်လုံးကလေး ၂–လုံးအထက် မျက်ခမ်းနဲ့ အောက်မျက်ခမ်း ၂–ခု ကြည့်လိုက်ပြီဆိုတာနဲ့ တပြိုင်နက်ထဲ ပွင့်မသွား လား"

"ပွင့်သွားပါတယ် ဘုရား"

"အောက်မျက်ခမ်းလေးက အောက်ကို ကျပြီးတော့ သွားတယ်။ အထက်မျက်ခမ်းလေးက အထက်ကို တက်သွားတယ်။ နဂို ပကတိပိတ်ပြီး တော့နေတဲ့ မျက်လုံးလေး ၂–ခုဆိုယင် အထက်သို့ပင့်ခြင်း၊ အောက်သို့ ကျခြင်း။

"မျက်ခမ်း ၂–ခုရဲ့ တက်ခြင်း၊ ကျခြင်းဆိုတဲ့ လုပ်ငန်းကို ဘယ် သူ လုပ်တယ်"

''ဝါယောဓာတ်ပါ ဘုရား''

''ဟုတ်ပြီနော်''

''ဩလောကေဿာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ''တဲ့။ အဋ္ဌကထာက။

''ဩလောကေဿာမိတိ၊ကြည့်အံ့ဟူ၍။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လာ၏။ ကြည့်ချင်တယ်။ တို့ပရိသတ်–ဘာဖြစ်တယ်''

''ကြည့်ချင်ပါတယ် ဘုရား''

''ကြည့်ချင်တယ်၊ ကြည့်ချင်တယ်ဆိုတာက 'စက္ခုဝိဉာဏ်'၊ နောက်နားက 'ချင်'ဆိုတဲ့ ဆန္ဒရဲ့ သဘောလေး ပါမလာဘူးလား''

''ပါလာပါတယ် ဘုရား''

''စက္ခုဝိဉာဏ်နဲ့ ဆန္ဒ စေတသိက် တရားဘယ်နှစ်လုံး''

''၂-လုံးပါ ဘုရား''

''ကြည့်တာရယ်၊ ကြည့်လိုတာရယ်၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ကြည့်ဆိုတာက စက္ခုဝိဉာဏ်၊ စက္ခုဝိဉာဏ်က ကြည့်တယ်၊ အဲဒီ ကြည့်လိုတဲ့ သဘောလေးကို ဆန္ဒက လုပ်ပေးလိုက်သဖြင့် ဘာဖြစ်သွားလဲ၊ မျက်ခမ်းလေး ၂–ခု ပွင့်မသွားလား''

''ပွင့်သွားပါတယ် ဘုရား''

''အောက်မျက်ခမ်း အောက်ကို တွန်းလိုက်တယ်၊ အထက်မျက်ခမ်း အထက်ကို တွန်းလိုက်တယ်၊ ဒီလိုမဟုတ်လား''

''မှန်ပါဘုရား''

''တံ ဝါယံ ဇနေတိ''တဲ့။

''တံ၊ ထိုကြည့်ချင်တယ်ဆိုတဲ့ စိတ်သည်။ ဝါယံ၊ စိတ္တဇဝါယောဓာတ်ကို။ ဇနေတိ၊ ဖြစ်စေ၏၊

''ကြည့်ချင်တဲ့စိတ်သည်၊ ဝါယောဓာတ်ကို ဖြစ်စေ၏။ ဝါယောဓာတ် မျက်နှာတခုလုံး ပြည့်လာပြီးတော့ မျက်လုံး ၂–လုံးကို ဖွင့်ရတော့မယ်လဲဆိုရော၊ မျက်စိရဲ့ပတ်ဝန်းကျင်၊ တပတ်လည်မှာ ဝါယောဓာတ်တွေ ပြည့်သွားပြီးတော့၊ ဝါယောဓာတ်က တွန်းလိုက်တယ်။

''ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''ဝါယော ဝိညတ္တိံ ဇနေတိ''တဲ့၊

''ဝါယော၊ ဝါယောလေဓာတ် ရုပ်ပရမတ္တတရားသည်။ ဝိညတ္တိ၊ မျက်စိ ၂–လုံး လှုပ်ရှားတယ်လို့ ခေါ်တဲ့ ဝိညတ်ကို၊ ဇနေတိ၊ ဖြစ်စေ၏။

''ဝါယောဓာတ်က မျက်စိကလေးကို၊ အထက်မျက်ခမ်းကို အထက်ကို တွန်းလိုက်တယ်၊ အောက်မျက်ခမ်းအောက်ကို တွန်းလိုက်တယ်၊ ဝါယောဓာတ်က တွန်းကဲ့သတ္တိ မရှိဘူးလား''

''ရှိပါတယ် ဘုရား''

''အဲဒီဝါယောဓာတ် ဘာကြောင့်ဖြစ်''

''စိတ်ကြောင့်ဖြစ်ပါတယ် ဘုရား''

''စိတ်ကြောင့်ဖြစ်၊ စိတ္တဇဝါယောဓာတ်''

''စိတ္တဇဝါယောဓာတ်ကြောင့် ဟုတ်လား။ မျက်လုံးလို့ အများပြော အမှန်၊ သမုတိသစ္စာ၊ တရားသဘောအမှန်၊ ပရမတ္ထသစ္စာမှာ ကြည့်လိုက်တော့ မျက်လုံးမဟုတ်ဘူးတဲ့။ ဓာတ် ၄–ပါး အစုအဝေးပဲ မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''အဲဒီဓာတ်တို့ရဲ့ အစုအဝေးဖြစ်နေတဲ့ မျက်စိခေါ်တဲ့ အရာဝတ္ထုကြီးသည်။ အထက်တခု၊ အောက်တခု ရွေ့မသွားလား''

''ရွေ့သွားပါတယ် ဘုရား''

''အာလောကိတေ၊ ရှေ့ကို ကြည့်သည်ရှိသော်။ ဝိလောကိတေ၊ ဘေးကို ကြည့်သည် ရှိသော်။ သမ္ပဇာနကာရီ၊ သတိပညာဖြင့် ဆင်ခြင်၍ ပြုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။

''ဟော၊ ''ဂေါစရ'' ပါသွားပြီနော်''

''မှန်ပါတယ် ဘုရား''

''ကမ္မဋ္ဌာန်းအာရုံ ပါသွားပြီ၊ အသမ္မောဟ သမ္ပဇဉ်။ မတွေမဝေတဲ့ ကြည့်ခြင်း ဖြစ်သွားပြီ။ စိတ်နဲ့ စိတ္တဇဝါယောနဲ့ ဓာတ် ၄–ပါး အလုပ်လုပ်ပုံ၊ ဒီထဲမှာ ပါသွားသဖြင့် အသမ္မောဟသမ္ပဇဉ် မတွေမဝေတဲ့ ကြည့်ခြင်း ဖြစ်သွားပြီနော်။

**မြင်သည်ရှိသော်** ။''ကိုင်း။ နောက်တခုကြည့်အုံး၊ နောက်ထပ် တဆင့် တက်ကြည့်ပါအုံး။

''မျက်စိနဲ့ မြင်ရတယ်တဲ့၊ ဘာကို မြင်လဲ''

''အဆင်းကို မြင်ပါတယ် ဘုရား''

''အဆင်းကို မြင်တယ်၊ ရူပါရုံ ဆိုတဲ့ ရုပ်တရား၊ လူမဟုတ်ဘူးတဲ့''
''မှန်ပါတယ် ဘုရား''
''ဏ္ဏတိရူပံဆိုတဲ့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပြောတဲ့အတိုင်း ဏ္ဏတိ၊ ဤမြင်ရတယ်ဆိုတဲ့ အရာဝတ္ထုသည်။ ရူပံ၊ ရုပ်တရားတည်း။
''လူတွေ မဟုတ်ဘူးတဲ့၊ ဘာတွေကို မြင်တုံး''
''အဆင်းတွေ မြင်ပါတယ် ဘုရား၊ ရုပ်တရားတွေပါ ဘုရား''
''ရုပ်တရားကို မြင်ရတယ်''
''အဲဒီအာရုံကို မှတ်သားတဲ့ သညာကော မပါဘူးလား''
''ပါလာပါတယ် ဘုရား''
''ရူပါရုံ၊ ရုပ်တရားပုံ မှတ်နေတဲ့ သညာ၊ သညက္ခန္ဓာ၊ ပြောလေ ဟုတ်ပြီလား''
''မှန်ပါတယ် ဘုရား''
''အေး.... ကောင်းတဲ့အာရုံ၊ မကောင်းတဲ့အာရုံ၊ ကောင်းဆိုး ၂–မျိုး ဘယ်ဘက်မှ မလိုက်ပဲနဲ့ မျှနေတဲ့အာရုံဆိုပြီးတော့ အာရုံက ၃–စား မလာလား''
''လာပါတယ် ဘုရား''
''ကောင်းယင် ကောင်းတဲ့အနေအားဖြင့် ခံစားမယ်၊ မကောင်းယင် အနိဋ္ဌအားဖြင့် ခံစားမယ်။ ကောင်းဆိုး ၂–မျိုး ဘယ်ဘက်မှ မရောက်ပြန်ဘူးဆိုတော့ မျှတနေတဲ့ 'ဥပေက္ခာဝေဒနာ' ဖြစ်မယ်။ ခံစားမှု သဘောလေးကလဲပဲ အကြမ်းနဲ့အနု ဤ ၃–ခုပဲ ကွဲတယ်။ ပါတော့ ပါလာတာပဲ''
''ဒါဖြင့် သူကကော''
''ဝေဒနာက္ခန္ဓာပါဘုရား''
''ဝေဒနက္ခန္ဓာတဲ့၊ မြင်တယ်ဆိုတဲ့နေရာမှာပင်လျှင် ခန္ဓာ ဘယ်နှစ်ပါး ဝင်သွားတုံး''
''၅–ပါး ဝင်သွားပါတယ် ဘုရား''
''၅–ပါး ဝင်သွားတယ်''
''မျက်စိ၊ ရူပက္ခန္ဓာ၊ မျက်စိနဲ့မြင်ရတဲ့ ရူပါရုံရုပ်တရား၊ ရူပက္ခန္ဓာ၊ အဲဒီရုပ်ကိုမြင်တဲ့ စက္ခုဝိညာဉ် ဒဿနကိစ္စ လုပ်တယ်၊ စက္ခုဝိညာဉ်၊ သူက ဝိညာဏက္ခန္ဓာ။
''မှတ်နေတဲ့ သညာဆိုတာကတော့''

"သညာက္ခန္ဓာပါ ဘုရား"

"သညာက္ခန္ဓာ၊ အေး....အဲဒီအာရုံနဲ့ စက္ခုဝိညာဏ်လေးနဲ့ စေ့စေ့စပ်စပ်ကလေး လုပ်ပေးထားတဲ့ စေတနာက"

"သင်္ခါရက္ခန္ဓာပါ ဘုရား"

"သင်္ခါရက္ခန္ဓာ၊ ဗြော်....ခံစားတတ်တဲ့"

"ဝေဒနာက္ခန္ဓာပါ ဘုရား"

"ဝေဒနာက္ခန္ဓာ၊ ခန္ဓာငါးပါး ဖြစ်မနေလား"

"ဖြစ်နေပါတယ် ဘုရား"

"ဒိဋ္ဌေဒိဋ္ဌမတ္တံ နည်းက ဆိုတာကလဲ ဒါပဲနော်"

"မှန်ပါဘုရား"

"အဲဒီလို ဆင်ခြင်စဉ်းစားပြီးတော့ ခွဲခြား ဝေဖန် စီစစ်နိုင်တဲ့ပုဂ္ဂိုလ်တယောက်အနေနဲ့ ဘာဖြစ်လာသလဲ၊ အသမ္မောဟ သမ္ပဇဉ်တဲ့။ မတွေမဝေ။ 'နာမရူပပရိစ္ဆေဒ'ဉာဏ်ဝင်ပြီးတော့ သွားတယ်။အသမ္မောဟ သမ္ပဇဉ်ဖြစ်မယ်။

"ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဂမ္ဘီရာ ဆင်ခြင်လို့ နာမ်ရုပ်ဖြစ်နေသောကြောင့်လဲပဲ ဂေါစရသမ္ပဇဉ်လဲ ဖြစ်မယ် မဟုတ်ဘူးလား"

"ဖြစ်ပါတယ် ဘုရား"

"အဲဒီလိုသာ ကြည့်တတ်မယ်ဆိုယင် ဘာကိုပဲကြည့်ကြည့်၊မလျောက်ပတ်တဲ့ ကြည့်ခြင်း ဖြစ်ပါတော့မလား"

"မဖြစ်တော့ပါ ဘုရား"

"အဲဒီအတိုင်းသာ ကြည့်မယ် ဆိုယင် ဘာအာရုံကိုပဲ ကြည့်ကြည့်၊ မလျောက်ပတ်တဲ့ကြည့်ခြင်း မဖြစ်တော့ဘူး နော်"

"မှန်ပါဘုရား"

"သီရိမာ ခေါ်တဲ့ ဒကာမ၊ ဘယ်လောက်ပင် လှနေနေ၊ ဤကဲ့သို့ ကြည့်နိုင်မယ်ဆိုယင် ကိုယ်တော်အရှင်မြတ်ရဲ့ သန္တာန် ရာဂ ဝင်တော့မလား"

"မဝင်တော့ပါ ဘုရား"

"မဝင်ဘူးတဲ့၊ သူက အဲဒီလို မကြည့်လိုက်လို့ သူ့သန္တာန် ရာဂဝင်တာ။ ဒါကြောင့် သူ့အတွက်ဆိုယင် 'သီရိမာ'သည် အသပ္ပာယ မလျောက်ပတ်တဲ့ အာရုံကြီးနော်။ ယခုလို သမ္မောဟအကြည့်မျိုးနဲ့ ကြည့်နိုင်ကြမယ်ဆိုယင် ဘာကိုပဲကြည့်ကြည့်၊ သီရိမာကိုပဲကြည့်၊ ဘယ်လိုအာရုံကိုပဲ ကြည့်ကြည့်၊ သပ္ပာယ ဖြစ်မနေလား"

"ဖြစ်နေပါတယ် ဘုရား"

"ဒါကြောင့်မို့လို့ အသပ္ပာယ။ သပ္ပာယဆိုတာက မိမိအတွက်၊ မဆီလျော်၊ မလျောက်ပတ်တဲ့ မှတ်မိလွယ်တဲ့ စကားနဲ့ ပြောရယင် အကုသိုလ်ပဲ၊ အာရုံသည် မိမိအတွက် အသပ္ပာယ၊ မလျောက်ပတ်လေ။ ကုသိုလ်ဖြစ်မယ့် အာရုံဆိုယင် သပ္ပာယ၊ လျောက်ပတ်တဲ့ အာရုံနော်။

"ကိုင်း....နောက်တဆင့်တက်လိုက်အုံး၊ အဲဒီ အာရုံတခုခု မြင်တယ်၊ ကြားတယ်၊ နံတယ်ဆိုပါတော့၊ ဒီအာရုံဟာ အကုသိုလ် ဖြစ်တယ်။ မလျောက်ပတ်ဘူး။ တခါတခါကျတော့ အကုသိုလ် ဖြစ်ရုံတင် မဟုတ်သေးဘူး။ မိမိရှိပြီးသား ကုသိုလ်ကလေးတွေတောင်မှ ဆုတ်ယုတ်ပျက်စီးသွားတဲ့ အာရုံတွေ ရှိသေးတယ်၊

"ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းထား၊ သမာဓိက မခိုင့်တခိုင်။နာမရူပပရိစ္ဆေဒဉာဏ် ကောင်းစွာမရသေး၊ အဲဒီလို သမာဓိစခန်း ကောင်းစွာ၊ ခိုင်ခိုင်မြဲမြဲ၊ ပိုင်ပိုင်နိုင်နိုင် မရသေးတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အဲဒီလို အာရုံတွေ ထပ်ကာထပ်ကာ တွေ့နေရလို့ရှိယင်၊ ဘယ်လိုလဲ၊ ကိုယ်ရထားတဲ့ သမာဓိကလေးဟာ ပျက်သွားနိုင်တယ်တဲ့။

"ဒါကြောင့် အကုသိုလ်လဲတိုးမယ်၊ရပြီးသား ကုသိုလ်လဲ ဆုတ်ယုတ်မယ်ဆိုတဲ့ အာရုံမျိုးသည် မိမိအတွက် အသပ္ပာယဖြစ်မယ်၊ မလျောက်ပတ်ဘူး၊ မကြည့်နဲ့နော်"

"မှန်ပါ ဘုရား"

"အကုသိုလ် မဖြစ်ဘူး၊ ကုသိုလ်တရားတွေ ဝင်ရောက်လာမယ့် အာရုံမျိုးဆိုယင်ဖြင့် ကြည့်ကောင်းပါတယ်။ သပ္ပာယ ဟုတ်ပြီလား။ အဲဒီ သပ္ပာယ၊ အသပ္ပာယ ၂-မျိုးကို ခွဲခြားတတ်တဲ့ အသိဉာဏ်ဝင်လာလို့ရှိယင် ဒါ သပ္ပာယသမ္ပဇဉ် ဖြစ်ပြီ။

"ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"သပ္ပာယသမ္ပဇဉ် ဖြစ်ပြီ။ သာတ္ထကသမ္ပဇဉ်ဆိုတာက သပ္ပာယဖြစ်လို့ ရှိယင်တဲ့၊ သာတ္ထက အကျိုးရှိအောင် ကြည့်၊ သပ္ပာယတော့ မှန်ပါတယ်၊ ဟုတ်လား"

"စေတီတော်ကြီး သွားဖူးမယ်ဆိုတာက ဟုတ်ဟား၊ ဗုဒ္ဓဘာသာ အမျိုးသား အမျိုးသမီးများ အနေနဲ့ သိပ်လျောက်ပတ်တာပဲ။ ဘုရားဖူး သွားကြတယ်၊ တရားနာကြတယ်၊ တရားပွဲလာပြီးတော့ တရားနာတယ်။ တရားအသံကြားတယ်။

"ထို့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့အနေနဲ့ ဒီတရားသံသည် မလျောက်ပတ်ဘူးလား"

"လျောက်ပတ်ပါတယ် ဘုရား"

"အသုဘ သွားပြီးတော့ ရှုမယ်တဲ့၊ မလျောက်ပတ်ဘူးလား"

"လျောက်ပတ်ပါတယ် ဘုရား"

"လျောက်ပတ်ပင် လျောက်ပတ်ငြားသော်လည်းပဲ မိမိက ယောနိသောမနသိကာရ မရှိယင် ကိုယ့်အတွက် အကျိုးဖြစ်မလား"

"မဖြစ်တော့ပါ ဘုရား"

"သင့်တင့်လျောက်ပတ်စွာ မှန်ကန်တဲ့ နှလုံးသွင်းခြင်းမျိုးနဲ့ နှလုံးမသွင်းတတ်ယင် အကျိုးမရှိဘူး။ အသုဘ သွားရှုပြီးတော့ နံလိုက်တာကွာ ဆိုပြီးတော့ စိတ်မချမ်းမသာ ဖြစ်—ဖြစ်လာခဲ့လို့ ရှိယင်လေ အကျိုးမရှိဘူးတဲ့။ အသုဘ အာရုံသည် လျောက်ပတ်ပါရဲ့၊ နှလုံးမသွင်းတတ်တဲ့အတွက်ကြောင့် အကျိုးမရှိဘူး။

"ဒါကြောင့် အကျိုးရှိအောင်လဲ နှလုံးသွင်း၊ သာတ္ထကသမ္ပဇဉ်နော်"

"မှန်ပါဘုရား"

**နှလုံးသွင်း မကောင်းလျှင်။** ။"တရားတော့ သွားနာပါရဲ့၊ နှလုံးသွင်း မကောင်းခဲ့လို့ ရှိယင် ဒီပုဂ္ဂိုလ် အတွက် အကျိုးရှိပါ့မလား"

"အကျိုးမရှိပါ ဘုရား"

"ဟာ—ကိုယ်တော် ဟောနေတဲ့ တရားတွေက စာတွေ ဟောနေတာပဲ၊ ကိုယ်တွေ့မှ မပါပဲ—ပဲ ဆိုတော့ ဘယ်လိုတုံး"

"အကျိုးမရှိတော့ပါ ဘုရား"

"ကိုယ်တွေမပါဘူး ဆိုလို့ရှိယင် ကိုယ်တွေနဲ့ စာတွေ ၅၂-တွေ၊ ဒကာ ကိုအုံးတန်ကြီး စဉ်းစားကြည့်ပါ၊ မိမိတို့တတွေ လူဘဝ ရလာတဲ့ အခါ၊ ဒီကနေ့ ပရိသတ်အပေါင်း သူတော်ကောင်းအနေနဲ့ စဉ်းစား ကြည့်တဲ့၊ လူ့သက်တမ်းလေး ရလာတာ ဘာမှ မကြာသေးဘူးနော်"

"မှန်ပါ ဘုရား"

"ဟောနေတဲ့ ဘုန်းကြီး အနေနဲ့ ဆိုလို့ရှိယင် ယခု ဝါ ၂၀၊ မြတ်စွာဘုရား ဟောတော်မူတဲ့ နိကာယ် ၅-ရပ်၊ ပိဋကတ် ၃-ပုံ မွှေနှောက်ပြီးတော့နေတာ ဆိုပါတော့၊ သာမဏေဘဝနဲ့ ၅-ဝါလောက်၊ ရဟန်း ဘဝနဲ့ ဝါ ၂၀-လောက် ဆိုလို့ရှိယင် နှစ်ပေါင်း အစိတ်လောက် လေ့လာဆည်းပူးထားတဲ့ အသိဉာဏ်၊ ဘာမှ မဖြစ်လောက်ဘူးနော်။

"ပိဋကတ် ၃-ပုံ၊ ထိုးလိုမွှေ၊ ရေလိုနှောက်နေတဲ့ ပိဋကတ္တယ ပါရဂူ မထေရ်ကြီးတွေရဲ့ ခြေဖျားကို မမီသေးပါ။ ဘာမှ မဖြစ်လောက် သေးတဲ့ အသိဉာဏ်လေးနဲ့ ဟောနေတာနော်။

"အဲဒီ ဥစ္စာကလေးကို တို့တရားနာ ပရိသတ်အပေါင်း သူတော် ကောင်းတို့က ဘယ်လိုပြောမလဲ၊ ကိုယ်တွေမပါဘူး၊ စာတွေဟောနေတယ် ဆိုယင် နှစ်ပေါင်း အစိတ်လောက် လေ့လာထားတဲ့ အသိဉာဏ်ကလေး။

"တို့တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုတိုင်တိုင် ဖြည့်ကျင့်ပြီးတော့ ရထားတဲ့ အသိဉာဏ်၊မိမိရဲ့ ကိုယ်တွေကလေးက နှစ်ပေါင်း အစိတ်၊ ဟုတ်ပြီလား။ တို့တရားနာ ပရိသတ်အပေါင်းက နှစ်ပေါင်း ဘယ်လောက် တွေ့ထားလဲ၊ ဘုန်းကြီးက နှစ်ပေါင်း အစိတ်၊ တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့က ဘယ်လောက်တွေ့ပြီလဲ။

"ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က လေးသင်္ချေ ကမ္ဘာ တသိန်း တွေ့ပြီသား၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"လေးသင်္ချေ ကမ္ဘာတသိန်း တွေ့ပြီးတဲ့ ဘုရားရှင်ရဲ့ အသိဉာဏ်ကို စမ်းတဝါးဝါးနဲ့ ဟုတ်လား၊ ကြိုးစားပမ်းစား လိုက်နေရတဲ့ တို့တတွေက ငါတွေမှ ယုံမယ်ဆိုယင် စဉ်းစားသာကြည့်လေ။

"ငါ တွေဘာလေးက ဘာမှ မဖြစ်လောက်ဘူးနော်"

"မဖြစ်လောက်ပါ ဘုရား"

''ကိုယ်တွေ့တာလေးက ဘာမှ မဖြစ်လောက်ပဲနဲ့ ဘုရားအတွေ့ ဖယ်ထားကြမယ်ဆိုယင်တဲ့၊ တော်ပါ့မလား''

''မတော်ပါ ဘုရား''

''မြတ်စွာဘုရား တွေ့တော်မူခဲ့တဲ့ လေးသချေ် ကမ္ဘာတသိန်းတိုင်တိုင် ကြိုးစားပြီးတော့ တွေ့တော်မူခဲ့တဲ့ နိကာယ် ငါးရပ်၊ ပိဋကတ် သုံးပုံ၊ ဟောလို့မကုန် ပြောလို့မကုန်၊ စဉ်းစားလို့မကုန်၊ ကြံစည်လို့မကုန်နိုင်၊ တွေးတောလို့မကုန်နိုင်၊ ကြည့်ရှုလို့မကုန်နိုင် ဖြစ်နေကြတဲ့ နိကာယ်တွေ မဟုတ်လား။ အဲဒီ လေးသချေ်၊ ကမ္ဘာတသိန်း တွေ့တော်မူခဲ့တဲ့ ဘုရားရှင်နဲ့ အသိဉာဏ်တွေကို ဖြန့်ဖြူးတာနဲ့ စဉ်းစားကြည့်နော်။

''လေးသချေ်၊ ကမ္ဘာတသိန်း သင်တန်းတက်ပြီးတော့ ရလာတဲ့ အသိဉာဏ်တွေကို ဖြန့်ဖြူးတာနဲ့ ၁၀–နှစ်၊ ၁၅–နှစ်လောက် လေ့လာထားတဲ့ အသိဉာဏ်လေး ပြန် ဖြန့်ဖြူးတာနဲ့ ဘယ်ဟာက ပိုပြီးတော့ အဖိုးတန်မလဲ''

''သဗ္ဗညုတဉာဏ်တော်နဲ့ ရလာတဲ့ တရားတွေ ပြန်ဖြန့်ဖြူးတာက အဖိုးတန်ပါတယ် ဘုရား''

''အေး၊ သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် ကမ္ဘာပေါင်း လေးသချေ်နဲ့ ကမ္ဘာတသိန်းတို့တိုင်တိုင် ဖြည့်ကျင့်ထားတဲ့ အသိဉာဏ်ကို ပြန်ပြီးတော့ ဖြန့်ဖြူးတာက အဖိုးတန်ပါတယ်တဲ့။

''ဒါကြောင့် ဘုန်းကြီးတို့တော့ ဟုတ်လား၊ ကိုယ်တွေ့ပါဘူး ပြောပြော၊ ပိဋကတ်တော်အတိုင်းပဲ ဖြန့်ဖြူးရမယ်နော်''

''မှန်ပါဘုရား''

''ဘုရားဟောတဲ့ အသိဉာဏ်၊ ဒါကြောင့်မို့လို့ ယခုကြည့်၊ 'သာတ္ထက သမ္ပဇဉ်' အကျိုးရှိသည်၊ မရှိသည်ဆိုတဲ့ စကားက ထွက်ပြီးတော့ သွားတာ၊ တရားနာတယ်၊ တို့ တရားနာပရိသတ်အပေါင်း၊ သူတော်ကောင်းတို့၊ အကျိုးရှိအောင် နာတတ်ရမယ်။

''ဟုတ်ပြီလား''

''မှန်ပါဘုရား''

''မြတ်စွာဘုရားသည် လေးသချေ်၊ ကမ္ဘာတသိန်းတိုင်တိုင် ဆည်းပူးထားခဲ့တဲ့ အသိဉာဏ်တို့ကို ပြန်ပြီးတော့ ဖြန့်ဖြူးနေတာ။

''တို့မကြားဖူးတာ ကြားရပေတယ်၊ ကြားဖူးတာတွေ ဆိုလို့ရှိယင်လဲပဲ ပို့ပြီးတော့ ပိုင်နိုင်သွားတယ်။ ရှင်းရှင်းလင်းလင်း ကြားရပေတယ်။ ဒီလို့နှလုံးသွင်းနိုင်လို့ 'ယောနိသော မနသိကာရ' ဖြစ်ခဲ့မယ်ဆိုယင် ဒီပုဂ္ဂိုလ်အတွက် အကျိုးရှိတယ်''

''မှန်ပါ ဘုရား''

''ကိုယ်တွေ့မှ မပါပဲကွာ၊ နာနေဖို့ မလိုတော့ပါဘူး ဆိုယင်''

''အကျိုးမရှိတော့ပါ ဘုရား''

''အကျိုးမရှိဘူးတဲ့''

''ဒီ သမ္မာဒိဋ္ဌိ ၄–ပါး ဆိုတာ သတိပဋ္ဌာနသုတ္တန်ရဲ့ အဋ္ဌကထာ၊ မူလပဏ္ဏာသ အဋ္ဌကထာတို့ကလာတဲ့ အပြောယ်နော်။ သမ္မာဒိဋ္ဌိ ၄–ပါး။ တပါး တည်လောက်ဟောယင်၊ တို့ပရိသတ် ၄-ပါး ၄–ည။ အလွန်ကောင်းတယ်။ ဒီတော့ ဗဟုသုတအဖြစ် ဒီလောက်ပဲမှတ်ထား။

''သမ္မာဒိဋ္ဌိ ၄–ပါး အကျိုးရှိအောင်၊ အကျိုးရှိ-မရှိကို စဉ်းစားတဲ့ အသိဉာဏ်ရယ်၊ မိမိနဲ့လျောက်ပတ်သည်၊ မလျောက်ပတ်သည်ကို စဉ်းစားတဲ့ အသိဉာဏ်ရယ်၊ မိမိအားယုတ်နေကျ၊ ကျက်စားရာ အာရုံလို့ခေါ်တဲ့ ကမ္မဋ္ဌာန်းကို လက်မလွှတ်ဘူးဆိုတဲ့ အသိဉာဏ်ရယ်၊ မတွေမဝေ၊ သတိ သမ္မာဒိဋ္ဌိဉာဏ် ကောင်းစွာသက်ဝင်ပြီးတော့ သွားတယ်၊လာတယ်၊ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်ဆိုတဲ့ အသိဉာဏ်ရယ်။ သမ္မာဒိဋ္ဌိတရား ၄–ပါး လက်ကိုင်ထားနိုင်မှသာလျှင် တဲ့၊ ဣရိယာပထအပိုင်းနဲ့ သမ္မာဒိဋ္ဌိအပိုင်းဆိုတာ တကယ်မှန်ကန်တဲ့ အားထုတ်ခြင်း ဖြစ်မယ်လို့ ဒါပြောလိုတာပဲ။

''ဣရိယာပထနဲ့ သမ္မာဒိဋ္ဌိတရားကို တို့ပရိသတ် အားထုတ်ကြယင် သမ္မာဒိဋ္ဌိ ၄–ပါး ပါဝင်အောင် အလုပ်လုပ်ရမယ်။

''ဟုတ်ပြီလား''

''မှန်ပါဘုရား''

''သမ္မာဒိဋ္ဌိ ၄–ပါး ပါဝင်ရမယ်၊ ဒါကြောင့် တရားနာယင် သာတ္ထကသမ္မာဒိဋ္ဌိ၊ အကျိုးရှိအောင် ဉာဏ်ဝင်ပြီးတော့ နာလေ၊ 'သာရုပ္ပ'တဲ့။ ရှိသေးတယ်ဗျ။ ဤတရားကလဲပဲတဲ့ 'သာရုပ္ပ' မိမိနဲ့ လျောက်ပတ်ရမယ်တဲ့နော်၊ မြတ်စွာဘုရားဟောတဲ့ တရားမှန်သာ ဖြစ်ခဲ့လို့ရှိယင်၊ တို့ပရိသတ်အတွက် မလျောက်ပတ်တာကို မရှိဘူး။

''ဟုတ်ပြီလား''

''ဟုတ်ပါတယ် ဘုရား''

"ဘုရားဟော ဒေသနာနဲ့ စစ်မှန်ခဲ့လို့ ရှိယင် မလျော်ကန်ပတ်တဲ့ တရားရယ်လို့ ကို မရှိဘူး။ ကိုယ်ဉာဏ်မမှီဘဲပဲ ဖြစ်ချင်ဖြစ်ရမယ်။ ကိုယ်မလိုက်နိုင်တာ ဖြစ်ချင်ဖြစ်မယ်။ လျော်ကန်ပတ်တဲ့ တရားချည်းပါပဲ နော်၊အဲဒါကြောင့် 'သာရုပ္ပသမ္ပဇဉ်'။

"နောက်ပြီးတော့ ဘာသမ္ပဇဉ်၊ ဂေါစရသမ္ပဇဉ်။

"ဂေါစရသမ္ပဇဉ်ဆိုတာ သတိပဋ္ဌာန် ၄-ပါး။ အသမ္မောဟသမ္ပဇဉ်ဆိုတာက ရောက်တိုင်း၊ ရောက်တိုင်းသော အာရုံတို့မှာ ယခုနက ပြောပြထားခဲ့တဲ့အတိုင်း၊ အာယာတန၊ ခေတ်၊ သစ္စာ ဝေဖန်နိုင်တဲ့ အသိဉာဏ်တဲ့၊ အဲဒါက 'အသမ္မောဟသမ္ပဇဉ်'လို့ ပြောပါတယ်။

"အေး.... ဒါကြောင့်မို့လို့ 'အာလောကိတေ၊ ဝိလောကိတေ၊ သမ္မဇာနကာရီ ဟောတိ၊ အခိပ္ပာယ် ပေါ်သွားပြီနော်"

"မှန်ပါဘုရား"

"ကြည့်တဲ့နေရာမှာ အကျိုးရှိတာကို ကြည့်၊ မိမိနဲ့ လျော်ကန်ပတ်တာကို ကြည့်။ နားထောင်တဲ့နေရာမှာလဲ အကျိုးရှိတာကို နားထောင်၊ လျော်ကန်ပတ်တာကို နားထောင်။ အဲဒီ နားထောင်တိုင်း၊ ကြည့်တိုင်း၊ မြင်တိုင်း၊ စားတိုင်း၊ ရွတ်တိုင်း ထိတိုင်း၊ သိတိုင်းတို့မှာဖြင့် ဘာလုပ်ရမလဲ၊ ဂေါစရနဲ့အသမ္မောဟ ၂-မျိုးလုံး ပါဝင်အောင် နှလုံးသွင်း။

"ဒီလိုလား"

"မှန်ပါဘုရား"

"ဒီနေရာမှာ ခဲယဉ်းတာလေးတခု ရှိတယ်။

"အသိတေ ပီတေ၊ ခါယိတေ၊ သာယိတေ၊ သမ္ပဇာနကာရီ ဟောတိ။

ဂတေ၊ ဌိတေ နိသိန္နေ၊ သုတ္တေ၊ ဇာဂရိတေ၊ ဘာသိတေ၊ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ"။

"ဆိုတဲ့နေရာမှာ ဂတေ၊သွားသည်ရှိသော်။ ဌိတေ၊ ရပ်သည်ရှိသော်။ နိသိန္နေ၊ ထိုင်သည်ရှိသော်။ သုတ္တေ၊ အိပ်ပျော်သည်ရှိသော်။ 'သွားတယ်၊ ရပ်တတ်၊ ထိုင်တယ်၊ အိပ်ပျော်တယ်''လို့....

"မပါဘူးလား"

"ပါ၊ပါတယ် ဘုရား"

"ဣရိယာပထပိုင်းက စားပြန်ဝင်လာတယ် နော်"

"မှန်ပါဘုရား"

''ဒီတော့ စကား ၂–ရပ် ခုနက ရှင်းပြီလား။

''ဣရိယာပထပိုင်းက ပြောခဲ့တာက ကြာမြင့်စွာသော ကာလကို ဣရိယာပုတ်များ အသုံးပြုတယ်။ ယခု သမ္ပဇဉ်ပိုင်းက တိုတောင်းတဲ့ ကာလအတွင်း ဣရိယာပုတ်ကို အသုံးပြုတယ်။

''သွားတဲ့ အခါမှာ သတိ၊ သမ္ပဇဉ်၊ ကိစ္စမရှိပါဘူး၊ ဒါ လွယ်တယ်၊ ရပ်တဲ့ နေရာ၊ ထိုင်တဲ့ နေရာ သတိသမ္ပဇဉ် လွယ်တယ်။

**အိပ်သည်ရှိသော်။** ။''အိပ်တဲ့နေရာ ဘယ်လိုလုပ် သတိသမ္ပဇဉ် ဝင်မလဲ၊ မခက်ဘူးလားဟင်''

''မှန်ပါတယ် ဘုရား၊ ခက်ပါတယ် ဘုရား''

''သုတ္တေ၊ အိပ်ပျော်သည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ပြုလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏'' တဲ့။

''ဇာဂရိတေ၊ နိုးသည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ပြုလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။

''အဲဒီတော့ ဘုန်းကြီးက စဉ်းစားပြီးတော့ကြည့်တယ်၊ ပြောထားတယ်၊ အဋ္ဌကထာစကားအတိုင်း ပြန်ပြီးတော့ ပြောပြစို့။

''မအိပ်ခင် တို့ပရိသတ် ဘာလုပ်လဲ၊ အိပ်ရာထဲမှာ၊ ကဲ၊ ကမ္မဋ္ဌာန်း ထိုင်မယ်ပေါ့၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ထိုင်နေတုန်း ဒီပုဂ္ဂိုလ် သတိသမ္ပဇဉ် ဝင်တယ်ပေါ့၊ ထိုင်နေရာက နေပြီးတော့ ဘာလုပ်လိုက်မလဲ၊ အိပ်ရာထဲ လှဲလိုက်မယ်၊ ထိုင်တုန်းက ဘာလုပ်တာလဲ၊ ခန္ဓာကိုယ် ကွေးပြီးတော့ ထားတယ်နော်။ ကွေးတဲ့ ခန္ဓာကိုယ် ဣရိယာပုထ် ပြောင်းလိုက်ပြီတဲ့၊ အိပ်ရာထဲဝင်ဆန့်ပြီးတော့ ပြန်ပြီးတော့ လှဲလိုက်ပြီ။

''ကွေးသည်၊ ဆန့်သည်၊ သတိသမ္ပဇဉ် ပါသွားပြီ မဟုတ်လား''

''မှန်ပါဘုရား၊ ပါသွားပါတယ် ဘုရား''

''ဆန့်တဲ့ သတိသမ္ပဇဉ်၊ ဒါဖြင့် အိပ်ရာထဲ ဆန့်ဆန့်ကြီး ဖြစ်နေပြီလား''

''ဖြစ်နေပါတယ် ဘုရား''

''အဲဒီလို ဆန့်ဆန့်ကြီး ဖြစ်နေတဲ့ ပသာဒန အခိုက်အတန့်မှာလဲပဲ ဤပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း လက်မလွှတ်စေနဲ့''

"လက်မလှုပ်ရပါဘုရား"

"မိမိ ယူနေကျ ကမ္မဋ္ဌာန်း ဘာပဲဖြစ်ဖြစ်၊ လက်မလှုပ်နဲ့၊ ပြီးတော့ ဆန့်ဆန့်ကြီး လှဲနေ"

"မှန်ပါဘုရား"

"အဲဒီလို ဆန့်ဆန့်ကြီး အိပ်ရာထဲ လှဲပြီးတော့ အားထုတ်ယင်း၊ အားထုတ်ယင်းနဲ့ သူသည် ဘာဖြစ်သွားလဲ"

"အိပ်ပျော်သွားပါတယ် ဘုရား"

"အိပ်ပျော်သွားပြီ။ အိမ်ပျော်သွားယင် ဤပုဂ္ဂိုလ်ရဲ့ အိပ်ခြင်းသည် သတိသမ္ပဇဉ်နဲ့ အိပ်ပျော်၍သွားခြင်း မဟုတ်ဘူးလား"

"မှန်ပါဘုရား"

"အဲဒီ အလေ့အကျင့် များလာတဲ့ ပုဂ္ဂိုလ်တယောက်သည် ဖြုန်းဆို အိပ်ရာက နိုးလာတဲ့အချိန်မှာ၊ မအိပ်ခင်တုန်းက ယူထားတဲ့ကမ္မဋ္ဌာန်းဟာ ဖျပ်ကနဲ နှာသီးပေါ်မှာ ဝင်ကပ်တယ်။

"ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"အဲ၊ ဒါကြောင့်မို့လို့ ဤပုဂ္ဂိုလ်ရဲ့ အိပ်ခြင်း၊ နိုးခြင်း တို့သည် သတိသမ္ပဇဉ်ဉာဏ်ဝင်၍ အိပ်ခြင်းပါလို့ ဒီလိုပြောပါတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို လုပ်လေ၊ ဒါကြောင့် အိပ်ရာဝင်တဲ့အခါမှာ အိပ်ရာထဲ လဲလျောင်းပြီးပြီဆိုလို့ရှိယင် ဘာနဲ့ အိပ်ရမလဲ"

"သတိသမ္ပဇဉ်နဲ့ အိပ်ရပါတယ် ဘုရား"

"သတိသမ္ပဇဉ်ဖြင့် အိပ်၊ ယူနေကျကမ္မဋ္ဌာန်းနဲ့ အိပ်ပါ"

"အဲဒီလို အိပ်ပျော်သွားယင်လေ သူများလို တွေတွေဝေဝေ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး၊ ယောင်ယမ်း မြည်တမ်းပြီးတော့၊ ဒီလိုအိပ်ခြင်းမျိုး မဟုတ်တော့ပဲနဲ့၊ ငြိမ်ပြီးတော့ သတိလေးက အိပ်တယ်။ အိပ်ရာက နိုးလာ ပြန်တော့လဲ ဤပုဂ္ဂိုလ်သည် သူများလို သန်းဝါး ညည်းညူပြီးတော့ ကိုယ်တွေ၊ လက်တွေ ဆန့်ပြီးတော့ မနိုးဘူး။

"ကြည်ကြည်လင်လင်၊ ရွှင်ရွှင်ပျပျ သတိသမ္ပဇဉ်ဖြင့်သာ နိုးပါ တယ်။ နိုးနိုးချင်း ကမ္မဋ္ဌာန်းအာရုံ တခါပြန်အမှတ်ရတယ်။ အဲဒါကြောင့် မို့လို့ အိပ်ရာဝင်တဲ့အခါမှာ သတိသမ္ပဇဉ်ဖြင့် အိပ်လိုက်ခြင်းသည် တဲ့။ အိပ်တဲ့အခါမှာ သတိနဲ့အိပ်ခြင်းလို့ ခေါ်တယ်။

''အဲဒီလို အိပ်တဲ့ ပုဂ္ဂိုလ်၊ နိုးတဲ့အခါကျတော့လဲပဲ ကမ္မဋ္ဌာန်း ပြန်ပြီး တော့ ဆုတ်တရက်ဝင်လာသောကြောင့်....

''ဇာဂရိတေ၊ နိုးသည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိပညာဖြင့် နိုးသည်၊ ဟောတိ၊ ဖြစ်၏'' လို့....

''ဤကဲ့သို့ ပြောတယ်နော်''

''မှန်ပါဘုရား''

''အရေးကြီးတဲ့ အပိုင်းလေးတွေ ကောက်နှုတ်၊ ကောက်နှုတ်ပြီး တော့ပြောကြစို့။

**စားသည်ရှိသော်။** ''အသိတေ၊ စားသည်ရှိသော်။ ခါယိတေ၊ ခဲသည်ရှိ သော်၊ သာယိတေ၊ လျက်သည်ရှိသော်။

''စားတယ်၊ လျက်တယ်၊ ခဲတယ်၊ ဝါးတယ်၊ မျိုးတယ်၊ ပါးစပ်ထဲ ထည့်လေသမျှ ဘာတွေ ထည့်ထည့် ဒီမှာတော့ သတိရှိရမယ်''

''သမ္ပဇဉ် ဘယ်နှစ်ပါး ဝင်ရမလဲ''

''သမ္ပဇဉ် ၂-ပါး ဝင်ရပါမယ် ဘုရား''

''တို့ပရိသတ်၊ ဘယ်နှစ်ပါတုံး''

''၄-ပါးပါ ဘုရား''

''သူ ၂-ပါး ပယ်ပင်လိုက်ပြီ''

''၄-ပါးပါဘုရား''

''၄-ပါးသော သမ္ပဇဉ် ဝင်ရလိမ့်မယ်၊ စားတဲ့အခါမှာ သာတ္ထက သမ္ပဇဉ်။ ဒီအစာစားယင် ငါ့အတွက် အကျိုးရှိသည်၊ မရှိသည် စဉ်းစားရ မယ်တဲ့။ မြတ်စွာဘုရား ဘယ်လောက်စေ့စပ်သလဲ။ စေ့စပ်သလဲဆိုတာ၊ ကျန်းမာရေးအတွက်ကော၊ ကမ္မဋ္ဌာန်းအားထုတ်တဲ့ ပုဂ္ဂိုလ်အတွက်ရော၊ ဆီလျော်တဲ့ အစားအစာဖြစ်အောင်လဲ စဉ်းစားပါ''

''ဒီအစာစားယင် အကျိုးရှိမလား၊ မရှိဘူးလားဆိုတာ စဉ်းစား၊ ဒီလိုတဲ့နော်''

''မှန်ပါဘုရား''

''တရားအားထုတ်မယ့် လူက ထောပတ်ထမင်းတွေ၊ တခါထဲ ဒန်ပေါက်ထမင်းတွေ ဗိုက်တင်းအောင် စားလို့ ဖြစ်ပါ့မလား''

''မဖြစ်ပါ ဘုရား''

''ထိနမိဒ္ဓ ဝင်လိမ့်မယ်၊ ဒါကြောင့် ဒီအစားအစာမျိုးသည် ငါ့အတွက် အကျိုးရှိ–မရှိ စဉ်းစား၊ အကျိုးမရှိဘူးဆိုယင် မစားလေနဲ့။ 'သာတ္ထကသမ္ပဇဉ်' ခေါ်ပါတယ်။

''ဒီအစားအစာသည် ငါ့ရဲ့ ခန္ဓာကိုယ်မှာ ရှိနေတဲ့ ဓာတ် ၄–ပါးနဲ့ လျော်ကပ်ပတ်ရဲ့လား၊ မလျောက်ပတ်ဘူးလား ဆိုတာ စဉ်းစား။ မလျောက်ပတ်ဘူးဆိုလို့ရှိယင် မစားလေနဲ့၊ လျောက်ပတ်တယ်ဆိုယင် စားပါ၊

''အညောင်း အားကြီးတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ အဆီအဆိမ့်တွေ၊ အပူ၊ အစပ်တွေ ရှောင်ရမယ် မဟုတ်လား''

''ရှောင်ရပါတယ် ဘုရား''

''အေး၊ ဘုန်းကြီးတို့လို တရားဟောတဲ့ ပုဂ္ဂိုလ်များဆိုလို့ရှိယင် အဆီ၊ အဆိမ့်နဲ့ အပူအစပ်ရှောင်''

''မှန်ပါ ဘုရား''

''အဲဒါ မဆင်ခြင်ပဲနဲ့ ကိုယ်နဲ့ လျောက်ပတ်တာ၊မလျောက်ပတ်တာ မသိပဲနဲ့ ဖိပြီး စားလို့ရှိယင် ကိုယ်ပဲ ခံရမယ် မဟုတ်လား''

''မှန်ပါ ဘုရား''

''အဲဒီလို မိမိနဲ့ လျောက်ပတ်သည်၊ မလျောက်ပတ်သည်ကို ကြည့်ရှု၍ သုံးဆောင်ခြင်းသည် တဲ့ ''သပ္ပာယ သမ္ပဇဉ်'' ခေါ်ပါတယ်၊ ဒါ အပေါ်ယံ ကြည့်လိုက်တာ။

''ဂေါစရ သမ္ပဇဉ်နဲ့ အသမ္မောဟသမ္ပဇဉ် သွင်းလိုက်တဲ့အခါကျယင်ဖြင့် ကမ္မဋ္ဌာန်း ပါသွားပြီ၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

**ငှက်ပျောသီး စားမလား။**　။''စားယင် သတိနဲ့စားလို့ ပြောပြီ။ ကိုင်း၊ ငှက်ပျောသီးတလုံး စားမလို့၊ဘာစားမှာလဲ''

''ငှက်ပျောသီးပါ ဘုရား''

''ပန်းကန်ပြားထဲမယ် ငှက်ပျောသီးတလုံး ထည့်ပြီးတော့ ထားတော့ ဒကာ ကိုအုံးဟန်ကြီး သေသေချာချာ ကြည့်စမ်း၊ ငှက်ပျောသီးကဲ ဟုတ်လား၊ သီးမွှေးငှက်ပျောသီးလေးတဲ့၊ ဘာငှက်ပျောသီးလဲ''

''သီးမွှေးငှက်ပျောသီးပါ ဘုရား''

''ကြည့်လိုက်စမ်းတဲ့၊ အပေါ်ယံက အခွံလေး မရှိလား''

"ရှိပါတယ် ဘုရား"

"အဲဒီ အခွံနဲ့ အနှစ်နဲ့ တခြားစီ လုပ်လိုက်စမ်းပါ၊ ဘယ်ဟာ ငှက်ပျောသီးလဲ"

"မပြောနိုင်တော့ပါ ဘုရား"

"မပြောနိုင်တော့ဘူးတဲ့။ အခွံရယ်၊ အနှစ်ရယ်၊ ၂–ခု ကွဲမသွားဘူးလား"

"ကွဲသွားပါတယ် ဘုရား"

"အခွံကို ခွာလိုက်ယင် အခွံတခြား အနှစ်တခြား လုပ်လိုက်ပြီဆိုတင် "ဒါက အခွံ"၊ "ဒါက အနှစ်" ပညတ် ၂–မျိုး ထွက်သွားတယ်။ နဂိုတုန်းက ပေါင်းနေတဲ့အတွက်ကြောင့် အခွံ၊ အနှစ် ဘယ်သူမျှ ခွဲမပြောဘူး၊ ငှက်ပျောသီး၊ ဒါပေမယ့် ငှက်ပျောသီးဆိုတဲ့ ပညတ်ဟာ ဟို....အနှစ်ဘက်မှာ ပိုအားကောင်းတယ်။

"ဒါဖြင့်ယင် အဲဒီ ငှက်ပျောသီးကို တို့ဒကာကြီး ကိုအုံးဟန် စားမယ်၊ စားမယ် မဟုတ်လား"

"စားပါတယ် ဘုရား"

"ဘာကို စားတာလဲတဲ့၊ သေသေချာချာ ကြည့်လေ၊ ဘာအရောင်ရှိသလဲ၊ သူ့ကို သေသေချာချာ ကြည့်စမ်း"

"........................"

"သွား၊ သွား၊ ဈေးထဲသွားချည်အုံး"

"ဝါတဲ့အရောင်ပဲ ရှိပါတယ် ဘုရား"

"ဝါတဲ့အရောင် ရှိတယ်။ "ဝဏ္ဏ" ဆိုတဲ့ ပရမတ္ထ တရားတလုံး"

"မှန်ပါ ဘုရား"

"ဝါတဲ့အရောင် ဆိုတာ "ဝဏ္ဏ" ဆိုတဲ့ အဆင်းဓာတ်–ပရမတ္ထတရား၊ နံပတ် (၁) မှတ်ထား။ နမ်းကြည့်လိုက်စမ်း၊ မမွှေးလား"

"မွှေးပါတယ် ဘုရား"

"ဂန္ဓ ဆိုတဲ့ အနံ့၊ ပရမတ္ထဓာတ် တခု"

"မှန်ပါတယ်ဘုရား"

"အဲဒီ အဆင်းလေးကို စားမှာလား၊ အနံ့ကို စားမှာလား"

"အဆင်းကိုလဲ စားလို့ မရပါ၊ အနံ့ကိုလဲ စားလို့ မရပါ ဘုရား"

"ကိုင်း၊ ဝဏ္ဏရယ်၊ ဂန္ဓရယ်၊ သူ့မှာ ချိတ်ယ်ဆိုတဲ့ အရသာ မရှိလား"

"ရှိပါတယ် ဘုရား"

"ဟော၊ ပရမတ္ထတရား ဘယ်နှစ်လုံး ပေါ်လာတုံး"

"၃–လုံး ပေါ်လာပါတယ် ဘုရား"

"အဆင်းဓာတ်၊ အနံ့ဓာတ်၊ အရသာဓာတ်၊ ဝဏ္ဏဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်။ ထွက်လာပြီ"

"မှန်ပါဘုရား"

"အဲဒီ ငှက်ပျောသီးမှာ ခန္ဓာကိုယ်ဝယ် ရှင်သန်ကြီးထွားစေတတ်တဲ့ "ဩဇာ" အဆီအစေးလေး မရှိလား"

"ရှိပါတယ် ဘုရား"

"ရှိတယ်တဲ့၊ "ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ" ဘယ်နှစ်မျိုးထွက်"

"၄–မျိုးပါ ဘုရား"

"နောက်တခါ ကြည့်၊ လက်နဲ့စမ်းကြည့်၊ ခပ်စိမ်းစိမ်းလေးဆိုယင် မာနေလိမ့်မယ်၊ အမှည့်လွန်သွားတော့ ပျော့သွားလိမ့်မယ်။ မာတဲ့ ပျော့တဲ့ ဘာဝ ၂–ခု မတွေ့လား"

"တွေ့ပါတယ် ဘုရား"

"မဟာဘုတ်ကြီး ၄–ပါးထဲက ပြောလိုက်တော့ သူက ဘာတဲ့လဲ"

"ပထဝီပါ ဘုရား"

"အဲဒီ ငှက်ပျောသီး တခါပြန်ပြီးတော့ သတိထားကြည့်လိုက်စမ်း၊ အေးချင် အေးနေလိမ့်မယ်၊ ပူချင် ပူနေလိမ့်မယ်။ ဒါဖြင့်ယင် သူက ဘာသဘောလဲ"

"တေဇောပါဘုရား"

"စေးစေးကပ်ကပ်နဲ့ အရေသဘာဝလေးတွေ၊ အရေဓာတ် သဘောလေးတွေကော မတွေ့ဘူးလား"

"ရှိပါတယ် ဘုရား"

"သူက ဘာဓာတ်"

"အာပေါပါ ဘုရား"

"အဲဒီ မာတဲ့ ငှက်ပျောသီး ဆိုလို့ရှိယင် သူ့ကိုတဲ့၊ လက်နဲ့နာနာ နှိပ်ကြည့်တဲ့၊ သူက ပြန်ပြီးတော့ တွန်းကန်တဲ့ သဘောလေးကော မတွေ့ဘူးလား"

"ရှိပါတယ် ဘုရား"

"ရှိတယ်၊ သူ့ကို နှိပ်ယင် သူက တွန်းကန်ထားတယ်၊ ပျော့ယင် တော့ တွန်းကန်အား နည်းသွားမယ်နော်"

"မှန်ပါ ဘုရား"

"အဲဒီလို ပြန်ပြီးတော့ တွန်းကန်တဲ့သတ္တိက ဝါယောဓာတ်တဲ့၊ အဲဒီ ဓာတ်လေးပါးနဲ့ ခုနက "ဝဏ္ဏ" အစရှိတဲ့ ရုပ် ၄-ပါးနဲ့ ပေါင်းလိုက် တော့"

"၈-ပါး ပါ ဘုရား"

"အဲဒီ ၈-မျိုး ပေါင်းမိတဲ့အခါကျတော့မှ "ငှက်ပျောသီး" ခေါ်တယ်နော်"

"မှန်ပါတယ် ဘုရား"

"၈-မျိုး ပေါင်းမိတဲ့ အတွက်ကြောင့် သမ္မုတိပညတ်၊ ဘာ ပညတ်လဲ"

"သမ္မုတိပညတ်ပါ ဘုရား"

"၈-မျိုး ပေါင်းမိတဲ့အခါကျယင်ဖြင့် ရှည်ရှည် လုံးလုံး ဝိုင်းဝိုင်း ပုံပန်းသဏ္ဌာန် ပေါ်မလာဘူးလား"

"ပေါ်လာပါတယ် ဘုရား"

"ဘာပညတ်"

"သဏ္ဌာနပညတ်ပါ ဘုရား"

**ဘာကို စားမလဲ။** ။"ဒါဖြင့် တို့ဒကာ ကိုအုံးဟန်ကြီး "စားမယ်" တဲ့၊ ဘာကို စားမှာလဲ၊ ပညတ်ကို စားမလား၊ ပရမတ် ကို စားမလား"

"ပရမတ်ကို စားရပါတယ် ဘုရား"

"ဘယ် ပရမတ်ကို စားမလဲ"

"အဋ္ဌကလာပ်ရုပ် ၈-ပါးကို စားရပါတယ် ဘုရား"

"ကိုင်း၊ ၈-ပါးလုံးကို သူ စားလို့မယ်၊ ဟုတ်ကြရဲ့လား၊ အရောင်အဆင်းကို စားလို့ ရမလား"

"မရပါ ဘုရား"

"မရဘူး"

"အရသာ တခုပဲ စားလို့ ရပါတယ်"

"အဲ–ဟုတ်ပြီ"

"ပဌာန်းက ရသာရတနံ ဇိဝှာဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော"

"ရသာယတနံ၊ ငှက်ပျောသီးမှာ ရှိနေပါတယ် ဆိုတဲ့ အဌကလာပ်ရုပ် ၈–ပါးတို့တွင်။ ရသာယတန၊ ရသာဓာတ်ဆိုတဲ့ အရသာကလေးသည်၊

"ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဇိဝှာဝိညာဏ ဓာတုယာ၊ အဲဒီ အရသာကို ခံစားတဲ့ဝေဒနာနဲ့ တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ဇိဝှာဝိညာဏဓာတ်အား၊ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယ သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုလိုက်ပါပြီ"

"ဒကာ ကိုအုံးဟန်၊ စားတာက ဘယ်သူ စားတာလဲ"

"စားလိုစိတ်က စားပါတယ် ဘုရား"

"စားလိုစိတ်က စားတယ်၊ ဒါတော့ လက်ကိုင်၊ သူက မလျော့ဘူး၊ "စားလို၊ သွားလို၊ ရပ်လို၊ ထိုင်လို၊ အိပ်လို" ဆိုတဲ့ မနေ့က သံပေါက်၊ သူမလျော့ဘူးနော်။ 'စားလိုစိတ်" ဆိုတော့ ဇိဝှာဝိညာဏ်စိတ်လို့ ပရမတ္ထအားဖြင့် တိုက်ရိုက်ပြော။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဇိဝှာဝိညာဏ်စိတ်၊ ဇိဝှာရယ်၊ ဝိညာဏ်ရယ်၊ ကဲ–ခွဲထွက်စမ်း"

"တခြားစီပါ ဘုရား"

"ဇိဝှာ ဆိုတာ ဘာလဲ"

"လျှာပါ ဘုရား"

"လျှာကလဲ ဒီရှည်ရှည် ဝိုင်းဝိုင်းကြီးကို လျှာပြောမှာလား"

"မဟုတ်ပါ ဘုရား"

"အဲဒီ ရှည်ရှည်ဝိုင်းဝိုင်း ပုံသဏ္ဍာန်တွင်းမှာ ရှိနေတဲ့ အကြည်ဓာတ်ကလေး၊ အရသာကို ခံယူတတ်တဲ့ အကြည်ဓာတ်ပဲ"

"မှန်ပါ ဘုရား"

"အဲဒီ အရသာတို ခံယူတတ်တဲ့ အကြည်ဓာတ်နဲ့ ခုနက ချိတ်တဲ့ အရသာနဲ့ ၂–ခု ဆုံဆည်းကြတဲ့ အခါကျတော့ 'ဖဿ" မဖြစ်ဘူးလား"

"ဖြစ်ပါတယ် ဘုရား"

"အဲဒီ အချိန်ကျယင် အရသာကိုသိတဲ့ "ဝိညာဏ်" ဆိုတဲ့ စိတ်ကလေး မပေါ်လား"

"ပေါ်လာပါတယ် ဘုရား"

"ဒီအရသာ ခံစားတဲ့ ဝေဒနာလေးကော၊ တွဲပြီးတော့ ဖြစ်မသွားလား"

"ဖြစ်လာပါတယ် ဘုရား"

"ဒါဖြင့် ဘယ်သူက စားတာလဲ"

"ဇိဝှါဝိညာဏ်စိတ်က စားပါတယ် ဘုရား"

"ကိုင်း ပရိသတ်များ၊ ဟုတ်ရဲ့လား။ ဝိညာဏ်က စားမလား။ ဝိညာဏ်က သိရုံပဲသိမယ်ပဲ၊ သူက မစားလေ။ ချိုတယ်လို့ သိတယ်။ စားလို စိတ်ကြံနှာမ်ထင် ပြန် စားပြန် ဝါယောနေပ်၊ စားလိုက်တာက ဝေဒနာ"

"တို့ပရိသတ် စားလိုက်တာ ဘယ်သူလဲ"

"ဝေဒနာပါ ဘုရား"

"ဝေဒနာ၊ ချိုတဲ့အရသာကို စားလိုက်တာက ဝေဒနာ။ ဒါပေမယ့် အများပြော အမှန် သမုတိသစ္စာကတော့ ငါစားတယ် နေဝ်"

"မှန်ပါ့ဘုရား"

"ကိုင်း....အဲဒီလို ခွဲခြမ်း စိစစ် ဝေဖန်နိုင်တဲ့ အသိဉာဏ်သည် တဲ့၊ ဝေါစရသမ္မဇဉ်၊ အသမ္မောဟသမ္ပဇဉ် မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"ငှက်ပျောသီး ဘယ်နှစ်မျိုး ခွဲကြည့်"

"၈–မျိုး ခွဲကြည့်ပါတယ် ဘုရား"

"၈–မျိုး ခွဲကြည့်၊ တကယ်စားရမှာက အရသာ တခုထဲနော်"

"မှန်ပါ ဘုရား"

"အဲဒီအရသာလေးကို စားတယ်၊ စားတယ်ဆိုတာ ရှေ့က 'ခံ' ဆိုတဲ့ စာလုံးလေး တလုံးလေး ထည့်လိုက်၊ 'ခံစားတယ်'။ ဘယ်သူက ခံပြီး တော့ စားမှာလဲ။ ဝေဒနာက ခံပြီးတော့စားမယ်၊ ချိုတယ်လို့ ဝိဉာဏ်က သိလိုက်တယ်။

"ဒါပေမယ့် 'ငါသိလိုက်တယ်၊ ငါစားလိုက်တယ်'လို့ မပြောလား"

"ပြောပါတယ် ဘုရား"

''ပြောသဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ 'ငါစားတယ်၊ ငါသိလိုက်တယ်၊ ငါနှယ် ချီလိုက်တာ' လို့ ဆိုလို့ရှိယင်ဖြင့် ဒီထဲ ဘာဝင်သွား''

''ဒိဋ္ဌိဝင်သွားပါတယ် ဘုရား''

''အရသာကို စားတာ ဖြစ်ပါလျက်နဲ့၊ ငှက်ပျောသီးကို စားတာဆိုယင် ဒိဋ္ဌိဝင်၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''အဲဒီလို ဒိဋ္ဌိ မဝင်ကြရလေအောင် တဲ့၊ အသမ္မောဟ သမ္ပဇဉ်ဆိုတာက ဤကဲ့သို့ မတွေမဝေသော သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီးတော့ ခွဲခြမ်းစိစစ်ပြီးတော့ ကြည့်လေ့၊ ဒါ ဃနဝိနိဗ္ဘောဂလို့ ခေါ်တယ်။

# ဝိဇယသုတ္တန်တရားတော် စတုတ္ထပိုင်း ၂

## ဝိဇယသုတ္တန်တရားတော် စတုတ္ထပိုင်း ၂

"ကိုင်း....ကြည့်လိုက်တော့ လျှာပေါ်ရောက်သွားပြီ၊ ဘာနဲ့ ဘာနဲ့ ထိသွားလဲ"

"အရသာနဲ့ လျှာအကြည်နဲ့ ထိသွားပါတယ် ဘုရား"

"အရသာနဲ့ ဇိဝှါပသာဒရုပ်နဲ့ ၂–ခု ဆုံမိကြပြီ"

"မှန်ပါ ဘုရား"

"အဲဒီပေါ်ရောက်အောင် ဘယ်သူက ပို့ပေးသလဲ၊ လျှာပေါ် ရောက်အောင် ဘယ်သူက ပို့ပေးလဲ။ ကြည့်လိုက်အုံး၊ လက်က အလုပ်လုပ် နေတယ်နော်"

"မှန်ပါဘုရား"

"လက်လို့ အများပြော အမှန် သမုတိသစ္စာ ကြည့်လိုက်ပါ၊ ရုပ် ဘယ်နှစ်ပါး ပေါင်းထားလဲ"

"၈–ပါးပါပဲ ဘုရား"

"လက်ထဲမှာလဲပဲ ဒီအတိုင်းရှိမယ်၊ အဋ္ဌကလာပ် ရုပ် ၈–ပါးရှိမယ်။ ဓာတ်ကြီး ၄–ပါးရှိမယ်၊ ကောဋ္ဌာသနည်းနဲ့ ခွဲကြည့်လျှင် လက်တချောင်း မှာပင်လျှင် ၈–မျိုးရှိမယ် မဟုတ်လား"

"မှန်ပါ ဘုရား"

''ဟိုတနေ့က ခွဲပြီးပြီ၊ အရေပါးရယ်၊ အရေထူရယ်၊ အောက်နား နားက အမြေးရယ်၊ အကြောရယ်၊ အသားရယ်၊ နောက်ပြီးတော့ အရိုး ရယ်၊ အရိုးတွင်းမှာရှိနေတဲ့ ခြင်ဆီရယ်၊ အကြောတွေထဲ ပြည့်နေတဲ့ သွေး ရယ်တဲ့၊ ကောဋ္ဌာသ နည်းအားဖြင့် 'ဿန' ဖို့ကြည့်ယင် ၈-မျိုး။

**ဓာတ်ကြီး ၄-ပါးနဲ့ကြည့်။** ။''ဓာတ်ကြီး ၄-ပါးနဲ့ ဖို့ကြည့်ပြန်တော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော လက်တချောင်းမှာပင် ရှိမယ်မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒီလို အများပြော အမှန်သမုတိသစ္စာ ဖြစ်နေတဲ့ လက်ကနေပြီး တော့ မြှောက်ယူတယ်။ မြှောက်လိုတဲ့စိတ်ကြောင့် ဝါယောဓာတ်တွေ လက်တခုလုံးပြည့်၊ မဟုတ်လား''

''မှန်ပါဘုရား''

''မြှောက်လိုတဲ့စိတ်ကြောင့် လက်ဘခုလုံး ပြည့်တဲ့။ အဲဒီလက်ကနေ ပြီးတော့ ငှက်ပျောသီးကို မြှောက်ယူ၊ လျှာပေါ်ရောက်အောင်ပို့၊ စိတ်နဲ့ စိတ္တဇဝါယော အလုပ်လုပ်ပုံနော်။

''လျှာပေါ်ရောက်သွားပြီ၊ အဲဒီလျှာလေးကနေကာ၊ ငြိမ်ငြိမ်နေရဲ့ လား၊ အထဲမှာ''

''ငြိမ်ငြိမ်မနေပါဘုရား''

''စိတ္တဇဝါယောကြောင့် ဒီလျှာကလဲ လှုပ်ရှားနေတယ်။ စိတ္တဇ ဝါယောကြောင့် လှုပ်ရှားနေတဲ့ လျှာ၊ အဲဒီစိတ်ကြောင့်ဖြစ်တဲ့ အာပေါ ဓာတ်တွေလို့ခေါ်တဲ့ တံထွေးက ပါးစပ်တခုလုံးထွက်ပြီးတော့ လာခဲ့၊ အာပေါဓာတ်တွေ ထွက်လာ၊ အဲဒီငှက်ပျောသီးကို သုတ်လိုက်တယ်၊ လိမ်း လိုက်တယ်။

''လိမ်းပြီးပြီလား''

''လိမ်းပြီးပါပြီ ဘုရား''

''အဲဒီ အာပေါဓာတ်လေး သုတ်သိမ်းမပေးယင် ဒီငှက်ပျောသီး ဟာ ခြောက်ကပ်ကပ်ကြီးတဲ့၊ ဝါးလို့မဖြစ်ဘူးတဲ့ နော်။ အာပေါဓာတ်က အလုပ် လုပ်သည်။ ဝါယောဓာတ်ကလဲ လျှာလေးက လိမ်း၍ လိမ်း၍ လှုပ်ရှား၍ ပေးနေသည်။

"ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

"ကိုင်း....၃၂ ချောင်းသော သွားလို့ ခေါ်တဲ့ အမာသဘာဝတို့ သည် ပထဝီဓာတ်တွေ မဟုတ်လား"

"မှန်ပါဘုရား"

"သွား ၃၂–ချောင်း မာတဲ့ဓာတ်၊ ပထဝီ သဘာဝဓာတ်တွေကနေ အောက်က ၃၂–ချောင်း၊ သူက 'ဆုံ'သဖွယ် အပေါ်က ၃၂–ချောင်းက 'ကျည်ပွေ့'သဖွယ်၊ တဂျောင်းဂျောင်းနဲ့ ထောင်းကြပြီတဲ့။

"အဲဒီလိုထောင်းအောင် ဘယ်သူက လုပ်မယ်"

"ဝါယောက လုပ်၊ လုပ်ပါတယ် ဘုရား"

"စိတ္တဇဝါယောကြောင့် ပထဝီဓာတ် ၂–ခုသည် ကြိတ်ရတယ်။ မှုန့်မှုန့်ညက်ညက် ကြေသွားပြီနော်။ အဲဒီ ကြေသွားတိုင်း၊ ကြေသွားတိုင်းသော အမှုန့်၊ အမှုန့်တွေရဲ့အကြား အကြားကနေပြီးတော့ ဘာတွေ ထွက်လာသလဲ"

"အာပေါဓာတ်တွေ၊ ထွက်လာတယ် မဟုတ်လား"

"ထွက်လာပါတယ် ဘုရား"

"တော်တော်ကြာ ဝါယောဓာတ်က တွန်းထည့်လိုက်တော့ ဝမ်းထဲကို မျိုဆင်းပြီးတော့ သွားပြီတဲ့၊ ဆိုတော့၊ ဓာတုမနသိကာရ နည်းနဲ့ အဲဒီလိုရှုလေ။ ဒီလိုမဟုတ်လား"

"မှန်ပါတယ် ဘုရား"

**ရှုပွယ်အနေနဲ့ကြည့်။** ။"ရှုဖွယ် အသုဘ အခြင်းအရာ၊ ပဋိကူလ အခြင်းအရာအားဖြင့် ရှုမယ်ဆိုယင်တော့ တံတွေးတွေ၊ နှပ်တွေ၊ ပြည်တွေ၊ အာကထွက်တဲ့ အညစ်အကြေးတွေ၊ လျှာကထွက်တဲ့ အညစ်အကြေးတွေနဲ့ အဲဒီငှက်ပျောသီးတွေ အစရှိတဲ့ အစားအစာတွေနဲ့ လုံးထွေးပြီးတော့ ရွံရှာဖွယ်၊ ခွေးအန်ဖတ်သဖွယ် ပါးစပ်ထဲမှာ ဖြစ်နေပုံကို အာရုံယူပြီးတော့ ကြည့်မယ်ဆိုယင်လဲပဲ၊ အဲဒါ ပဋိကူလသညာ၊ အသုဘသညာ ဖြစ်တယ်။

"ဂေါစရသမ္ပဇဉ်နဲ့ အသမ္မောဟသမ္ပဇဉ်ပဲ မဟုတ်လား နော်"

"မှန်ပါဘုရား"

"ဒါကြောင့် စားတယ်ဆိုယင် စားမှန်းသိတဲ့၊ အဲဒီလို သိရမယ်၊ သိပါမလား၊ ကြိုးစားယင် သိမှာပေါ့နော်"

"မှန်ပါဘုရား"

"ဒီတော့ စားတဲ့နေရာမှာ အကျိုးရှိ မရှိ ကြည့်၍စား၊ မိမိနဲ့ လျောက်ပတ်သည်၊ မလျောက်ပတ်သည်၊ ကြည့်၍စား၊ ကမ္မဋ္ဌာန်း အာရုံ မလွှတ်ပဲနဲ့စား၊ မတွေမဝေ၊ သတိသမ္ပဇဉ်ဉာဏ်ဝင်ပြီးတော့ စားတဲ့။ ပါသွားပြီမဟုတ်လား"

"ပါသွားပါတယ် ဘုရား"

"အဲဒါကြောင့် အသိတော၊ စားသည်ရှိသော်။ သမ္ပဇာနကာရီ၊ သတိ၊ သမ္ပဇဉ်ဉာဏ်ယှဉ်၍ ပြုလေ့ရှိသည်၊ ဟောတိ၊ ဖြစ်၏။

"အဲဒီလိုလုပ်ပါ၊ ဒါကြောင့် စား၊ စားမှန်းသိ။ ဝါး၊ ဝါးမှန်းသိ။ မျို၊ မျိုမှန်းသိ။ သောက်၊ သောက်မှန်းသိဆိုတာ အဲဒီလို ပြောပါတယ်တဲ့။

"ဒါကြောင့်၊ 'အသိတော၊ ပီတော၊ ခါယိတေ၊ သာယိတေ၊ သမ္ပဇာနကာရီ ဟောတိ၊

"အဲဒီလိုသိ၊ သိပြီးတော့ သွားတဲ့အတွက်ကြောင့် တဖြည်းဖြည်းနဲ့ ဤယောဂီပုဂ္ဂိုလ်ရဲ့ အသိဉာဏ်သည် လေ့ကျက်ဖန်များတော့၊ အသိဉာဏ် သည် လျင်မြန်လာတဲ့ အခါကျယင်၊ နောက်တဆင့်တက်၊ 'သမုဒယဓမ္မာ နုပဿီ ဝါ၊ ကာယသ္မိံ ဝိဟရတိ'နော်၊ နည်းနည်းလေး သုတ်ရအောင်။ တဂါထာနဲ့ ၂–ညဖြစ်နေယင် မတော်ဘူး။

"သမုဒယာ ဓမ္မာနုပဿီ ဝါ၊ ကာယသ္မိံ ဝိဟရတိ' နောက်တဆင့် တက်ကြည့်။

"ဝယာ ဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။

"သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ခြင်းသဘောကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍လဲ။ ကာယသ္မိံ၊ ဤကာယ၌။ သမုဒယဓမ္မာနုပဿီ ဝါ၊ ဖြစ်ပေါ်ခြင်းသဘောကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍လည်း။ဝိဟရတိ၊ နေ၏။

"ကာယသ္မိံ၊ ဤ ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ ဒွတ္တိံသကာယ အစရှိတဲ့ ကာယအပေါင်း၌။ တဲ့။

"ဟိုဘနေ့က ပြောခဲ့တယ်၊ ကာယ ဘယ်နှစ်မျိုး"

"၃၂–မျိုးပါ ဘုရား"

"ကိုင်း....တို့ရိသတ်၊ ကာ ယ ဘယ်နှစ်မျိုး။

"(၁) ၃၂–ပါးသော ကောဋ္ဌာသတွေ ပေါင်းထားသောကြောင့်လဲ ဤခန္ဓာကိုယ်ကြီးသည် ကာယ။

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"(၂) ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး ပေါင်း၍ နေသောကြောင့်လဲပဲ ကာယ၊

"(၃) ပထဝီအစရှိတဲ့ ဓာတ်ကြီး ၄–ပါး ပေါင်းနေသောကြောင့် ကာယ။

"(၄) အနိစ္စ၊ ဒုက္ခ၊ အနတ္တ" သဘာဝတွေပေါင်း၍ နေသောကြောင့် ကာယ။

"ဘာကြောင့် 'ကာယ'ခေါ်သလဲ ဆိုတဲ့ အဓိပ္ပာယ်နော်"

"ပေါင်းနေလို့ပါ ဘုရား"

"ကိုင်း....ဒီတော့လဲ အဲဒီလို သဘာဝတွေပေါင်း၍နေတဲ့၊

"ကာယသို့၊ ဤသဘာဝတရားတွေ စုပေါင်း၍နေတဲ့၊ တလံမျှလောက်သော ကာယဆိုတဲ့ ရူပကာယ၊ ရုပ်တို့ရဲ့ အပေါင်းအစုဆိုတဲ့ ကာယတရားကြီး၌၊ သမုဒယဓမ္မာနုပဿီ ဝါ။ ဖြစ်တိုင်း၊ ဖြစ်တိုင်း အဲဒီဖြစ်တဲ့ သဘောတရားတို့ကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေရမည်။

"ဖြစ်တာကို ကြည့်နေ၊ (၁) ဝယဓမ္မာနုပဿီဝါ၊ ဖြစ်ပြီးလျှင် ဖြစ်တဲ့ သဘာဝတို့ရဲ့ ကုန်ပျောက်သွားတဲ့၊ ပျက်စီးလျှင် ပျက်စီးသွားတဲ့ သဘောကို၊ အဖန်ဘလဲလဲ ရှုလေ့ရှိသည်ဖြစ်၍၊ ဝိဟရတိ၊ နေရမည်။

"ဒီ တလံမျှလောက်သော ကာယ၌၊ တဲ့။ ဖြစ်တိုင်း ဖြစ်တိုင်း ဘာတွေပဲ ဖြစ်လာ ဖြစ်လာ၊ အဖြစ်ကိုလဲ မိအောင် ကြည့်လေ။ အဲဒီ ဖြစ်တဲ့ သဘာဝ မှန်သမျှ "ဟုတွာ အဘာဝတော အနိစ္စ" ဆိုတဲ့အတိုင်း။

"ဟုတွာ အဘာဝတော အနိစ္စ"၊ ဟုတွာ အဘာဝတော၊ ဖြစ်ပြီး မရှိတော့တဲ့ အတွက်ကြောင့်။ ဖြစ်ပြီးရှိသေးလား"

"မရှိတော့ပါ ဘုရား"

"အရသာကို သိတယ်၊ ဘာစိတ်"

"ဇိဝှာဝိညာဏ်စိတ်ပါ ဘုရား"

"ဇိဝှာဝိညာဏ်စိတ် ဖြစ်ပြီး ကျန်သေးလား"

"မရှိတော့ပါဘုရား"

"အဲဒီ အသိစိတ်ကလေးနဲ့ တွဲလာတဲ့ ခံစားတဲ့ ဝေဒနာကော"

"မရှိပါ ဘုရား"

"သူလဲ ဖြစ်ပြီး ကုန်ပျောက်သွားတယ်၊ နောက်ထပ် အသစ်လာတယ်နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် 'ဟုတွာ အဘာဝတော အနိစ္စံ'၊ ဖြစ်ပြီး မရှိတော့တဲ့ ကုန်ပျောက်သွားတဲ့ အနက်သဘောကြောင့်၊ အနိစ္စံ၊ အနိစ္စပါတကား၊လို့။

"ဝယမ္ဘောနုပဿီ ဝါ၊ ပျက်တတ်တဲ့ သဘောကို အဖန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍လည်း။ ဝိဟရတိ၊ နေရပါလေ။

"ဒါ ဉဒယဗယဉာဏ်၊ သမ္မသနစခန်းကို ပြောတာ"

"မှန်ပါ ဘုရား"

"စားတာတော့ သိပြီတဲ့။ သိရုံနဲ့ ပြီးရောလားဆိုတော့ မဟုတ်သေးဘူး တဲ့။ အဲဒီ စား သိစိတ်၊ မြင် သိစိတ်နဲ့တကွ ရုပ်နာမ် ၂-ပါးတို့ရဲ့ ဖြစ်ပေါ်လာပုံ၊ ဖြစ်ပြီး ကုန်ပျောက်သွားပုံကို တဆင့်ထက် တဆင့်တက်၍ သုံးသပ်လေ တဲ့၊ သမ္မသနဉာဏ်။ ဒါပြောတာ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"တိရဏပရိညာ၊ ဉာဏ်ဘယ်နှစ်ပါးလဲ"

"၂-ပါးပါ ဘုရား"

"တိရဏပရိညာ၊ တို့ပရိသတ် ဉာဏ်ဘယ်နှစ်ပါးလဲ"

"၁၀-ပါးပါ ဘုရား"

"ဉာတပရိညာမှာ ဉာဏ် ဘယ်နှစ်ပါးလဲ"

"၂-ပါးပါ ဘုရား"

"မနေ့က ပြောထားခဲ့တယ်၊ တိရဏပရိညာမှာ ဉာဏ် ၁၀-ပါးနော်"

"၁၀-ပါးပါ ဘုရား"

"ဒီတော့ 'သမုဒယဓမ္မာနုပဿီ ဝါ၊ ဝယဓမ္မာနုပဿီ ဝါ'ဆိုတဲ့ အပိုဒ်ဖြင့် ဉာတပရိညာ စခန်းမှ ဉာဏ် ၁၀-ပါးကို စုံအောင် ပြတော်မူသည်၊ နော်။ မနေ့က ပြောပြီးသား။

"အဲဒီလို သုံးသပ်ပြီးတော့နေ။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂-ပါးလုံးမှာတဲ့။ အဲဒီလို ရှုလေ့၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂-ပါးလုံး ရှုရမယ်တဲ့။ တို့ပရိသတ်နော်၊

"ပထမ နံပတ် (၁) က မိမိရဲ့ ကိုယ်တွင်း အဇ္ဈတ္တကို ဉာဏ်စိုက်ပြီးတော့ ရှု၊ အဇ္ဈတ္တမှာ ကျကျနန ပိုင်လို့ ရှိယင် 'ဥဒယဗယ' ထင်လာလို့ ရှိယင်၊ ဗဟိဒ္ဓ မြင်မြင်သမျှ၊ ကြားကြားသမျှ၊ ရုပ်၊ နာမ် ၂-ပါး အကုန်လုံးမှာလဲပဲ အဲဒီလို ဥဒယဗယ မြင်အောင်ကြည့်။

"အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂-ပါးကို ပိုင်ယင်၊ အဲဒီလို အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂-ပါးလုံးကို အပြန်ပြန် အလှန်လှန် သုံးသပ် လို့၊ အဲဒီလို ဟောတော်မူတယ်။

**ရူပကာယ ထင်လာမည်။** ။"အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

"အဲဒီလို ယောဂီ ပုဂ္ဂိုလ်သည် အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂-ပါးမှာ သမုဒယ၊ ဝယ ၂-ပါးဖြင့် ကောင်းစွာ ပိုင်ပိုင် သုံးသပ်နိုင်သော ယောဂီ ပုဂ္ဂိုလ်သည်-

"အတ္ထိ ကာယောတိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ"

"နောက်တော့ သူ့ ဉာဏ်ထဲ ထင်လာရမှာက ဘယ်လိုတဲ့လဲ။

"အဿ၊ ထိုပုဂ္ဂိုလ်၏။ သတိ၊ သတိသည်။ ကာယော။

"သူ ရှုနေတာက ရူပကာယ ဖြစ်နေတဲ့အတွက်ကြောင့်။

"ကာယော၊ ရူပကာယသည်သာလျှင်။ အတ္ထိ၊ ရှိ၏၊

"ဣတိ၊ဤသို့။အဿ၊ ထိုပုဂ္ဂိုလ်၏။ သတိ၊ သတိသည်။ ပစ္စုပဋ္ဌိတာ၊ ရှေးရှုတင်၍ လာသည်။ ဟောတိ၊ ဖြစ်၏။

"ထင်လာရမှာက သူ ရှုနေတာက နာမကာယ၊ ရူပကာယ ၂-ပါး တို့တွင် ဘာရှုနေတာလဲ"

"ရူပကာယပါ ဘုရား"

"ယခု ပြောထားတာက 'အဘိက္ကန္တ၊ ပဋိက္ကန္တ' စတဲ့ အချက်တွေမှာ ရူပကာယကို ဦးတည် ရှုနေတာနော်။ ရူပကာယကို သန့်သန့်ရှုနေတော့ အဲဒီ ပုဂ္ဂိုလ်ရဲ့ သတိမှာတဲ့၊ ရူပကာယကြီးက ထင်ထင်ရှားရှားကြီး ဉာဏ်ထဲမှာ ပေါ်လာရမယ်။ဘာ ထင်လာရမယ်"

"ရူပကာယပါ ဘုရား"

"ရူပကာယကို စူးစူးစိုက်စိုက် ရှုလေ သည် ဖြစ် သော ကြောင့် ဒီပုဂ္ဂိုလ်ရဲ့ သတိသည်၊ အဲဒီ ယောဂီရဲ့ သတိမှာ ရူပကာယ ကောင်းစွာ ထင်ရမယ်။

"ရူပကာယ ကောင်းစွာ ထင်ယင် ရူပကာယရဲ့ ဖြစ်ပျက် ၂—ပါး ကော"

"ထင်ရပါတယ် ဘုရား"

"ရူပကာယကို ရှုမိနေယင် ရူပကာယရဲ့ ဖြစ်ပျက်တာလဲ ရှုပြီးသား ဖြစ်သွားတယ်"

"မှန်ပါ ဘုရား"

"တို့ပရိသတ်၊ သေသေချာချာ မှတ်ထား၊ ရှုယင်း ရှုယင်းနဲ့ တဖြည်းဖြည်းနဲ့ သတိ အားကောင်းလာလို့ရှိယင်၊ ဒီ သတိရဲ့ အာရုံဟာ ရူပကာယ ဖြစ်တဲ့အတွက်ကြောင့်၊ ဤရုပ်ဘုရားကြီးရဲ့ ရွရွာဖွယ်တွေရော၊ ဖြစ်ပုံပျက်ပုံတွေရော ဉာဏ်ထဲမှာ ထင်ထင်ရှားရှားကြီး ပေါ်လာရမယ်တဲ့။

"ဤ ရုပ်ဘုရားကြီးကို လွှတ်ထားပြီးတော့ တခြား အာရုံတွေ ပေါ် လာယင် တို့ပရိသတ် မှန်မသား၊ မမှန်ဘူးလား"

"မမှန်ပါ ဘုရား"

"အဲဒါ သတိချပ်ထားပါ"

"အဇ္ဈတ္တိကာ ယောတိပါ ပနဿသတိပစ္စုပဋ္ဌိတာ ဟောတိ"

"ဆိုတဲ့ အပိုဒ်ကို အရေးကြီးတယ်တဲ့။

"ကာယော၊ ဤရူပကာယသည်။ အဇ္ဈတ္တံ၊ ရှိ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သတိ။ သတိသည်။ ပစ္စုပဋ္ဌိတာ။ ရှေးရှုထင်လာသည်။ ဟောတိ၊ ဖြစ်၏။

"ရူပကာယ ရှုနေပါလျက်နဲ့၊ ဤရူပကာယကို မထင်ပဲလျက်၊ စိတ်က တခြားတပါး အာရုံရောက်ပြီးတော့ ဗဟိဒ္ဓမှာ အာရုံတမျိုးမျိုး ပေါ်လာခဲ့တယ်ဆိုယင် ဒီပုဂ္ဂိုလ်ရဲ့စိတ်သည် ဘာဖြစ်သွားလဲ"

"ဝိက္ခေပ ဖြစ်သွားပါတယ် ဘုရား"

"ဝိက္ခေပတဲ့ မှတ်ထား။ အဲဒီလို ဗဟိဒ္ဓ ဝိက္ခေပ ဖြစ်ယင် သတိ ဘာယ် ပြန်ပို့ရမလဲ"

"မူလ ကမ္မဋ္ဌာန်းကို ပြန်ပို့ရပါမယ် ဘုရား"

"မူလ ကမ္မဋ္ဌာန်း ပြန်ပို့ရမယ်။ ဤရူပကာယအထဲသို့ ပြန်ပြီးတော့ သွင်း၊ ဒီလို မဟုတ်လား။ အဲဒါ မှတ်ထား။

"အဲဒီလို အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂—ပါး ဉာဏ်မှာထင်ထင် ကောင်းစွာ မြင်လာသဖြင့် ဤအဇ္ဈတ္တကာယမှာ ထင်တဲ့ သမုဒယ၊ ဝယ ၂—ပါး၊ ဉာဏ် ပိုင်နေတဲ့ယောဂီပုဂ္ဂိုလ်သည်ဥဒယဗယဉာဏ် ပိုင်နေတဲ့ ယောဂီပုဂ္ဂိုလ်သည်—

''လောကေ၊ ဤပဉ္စုပါဒါနက္ခန္ဓာ ၅-ပါး ဆိုသော လောကကြီး ထဲ၌ 'အနိဿ'တော၊ တစုံတခုသော ဥပါဒါန်တို့ဖြင့် မမှီမူ၍။ ဝိဟရတိ၊ နေရပါ၏။

''ဒီရုပကာယကြီးကို ကောင်းစွာပိုင်ပိုင် ရှုနိုင်တဲ့ ယောဂီပုဂ္ဂိုလ် သည် ဤရုပကာယအပေါ်မှာ သမုဒယ၊ ဝယ ၂-ပါး ကောင်းစွာမြင် သဖြင့် အနိဿိတေ ဝိဟရတိ၊ တဲ့ ရုပကာယလို့ ခေါ်တဲ့ ဤလောကကြီးမှာ 'လောက' ဟိုတ်နေ့က ပြောခဲ့တယ်။

''ရုပကာယလဲ လောကပဲ၊ နာမကာယလဲ လောကကြီးပဲနော်၊ ဤရုပကာယ၊ နာမကာယ လောကကြီးထဲမှာ တစုံတခုသော ဥပါဒါန် တရားတို့ဖြင့် မစွဲလမ်းမူ၍ လွတ်မြောက်၍သွားတယ်၊ တဲ့။

''သတိပဋ္ဌာနသုတ္တန်ရဲ့ ဣရိယာပထ သမ္ပဇညအပိုင်းမှာ ဤကဲ့သို့ ပြလေ၏ တဲ့။

**ကာယာနုပဿနာ ဆိုတာ။** ။''ဒါကြောင့်မို့လို့ ပရိသတ်၊ တို့ဒီစကားကို အကျဉ်းချုံးလိုက်လို့ ရှိယင်၊ကာယာနုပဿနာ ဆိုသည်မှာ မိမိတို့ရဲ့ ခန္ဓာကိုယ်တွင်းကို ဥာဏ်သွင်းပြီးတော့ ရှုတာကို ကာယာနုပဿနာလို့ ခေါ်တယ်။

''ဣရိယာပထနည်းနဲ့ပဲ ရှုရှု၊ သမ္ပဇညနည်း နဲ့ပဲ ရှုရှု၊ ဓာတုမနသိကာရ နည်းနဲ့ပဲ ရှုရှု၊ ၃၂-ကောဋ္ဌာသနည်းနဲ့ပဲ ရှုရှု၊ အာနပါနနည်းနဲ့ပဲ ရှုရှု ဤရုပကာယကြီးကို ရှုတာချည်းပဲနော်။ အဲဒါကို ကာယာနုပဿနာခေါ် သည်၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''ဒါဖြင့် ဒီဣရိယပထ သမ္ပဇည ၂-ပါးသည် ဘယ်ကာယကို အဓိကထား ရှုသလဲ''

''ရုပကာယပါ ဘုရား''

''ရုပကာယပေါ်မှာ အဓိကထား ရှုပါတယ်။ ရုပ်ကမ္မဋ္ဌာန်း၊ နာမ် ကမ္မဋ္ဌာန်း ၂-ပါးတို့တွင် ဘယ်ကမ္မဋ္ဌာန်း ထင်လွယ်သလဲ''

''ရုပ်ကမ္မဋ္ဌာန်း ထင်လွယ်ပါတယ် ဘုရား''

''ရုပ်ကမ္မဋ္ဌာန်းက ထင်လွယ်တယ်တဲ့။ ဒါကြောင့် တို့ပရိသတ်၊ ရုပ်ကမ္မဋ္ဌာန်းက စပြီးတော့ ကြိုးစားယင် အကောင်းဆုံးလို့ သတ္တောကျ ပြီးတော့ ထား''

''မှန်ပါဘုရား''

''ဒီတော့ ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်း ၂–ပါးတို့တွင် ဘယ်ကမ္မဋ္ဌာန်းထင်လွယ်သလဲ''

''ရုပ်ကမ္မဋ္ဌာန်း ထင်လွယ်ပါတယ် ဘုရာ''

''ရုပ်ကမ္မဋ္ဌါန်းက ထင်လွယ်တယ်တဲ့။ ဒါကြောင့် တို့ပရိသတ်၊ ရုပ်ကမ္မဋ္ဌာန်းက စပြီးတော့ ကြိုးစားယင် အကောင်းဆုံးလို့ သဘောကျပြီးတော့ထား''

''မှန်ပါဘုရား''

''ဒီတော့ ရူပကာယကို ရှုတဲ့ နေရာမှာ သမ္ပဇည ၄–ပါးကို လက်ကိုင်ထားပြီးတော့ ရှု၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''အေး၊ ဒါကြောင့်မို့ ဘုန်းတော်ခြောက်ပါးသခင်၊ ဘုရားရှင်က–

''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။

သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။ ။

''ဘိက္ခဝေ၊ ပရိသတ်လေးပါး၊ အိုချစ်သားချစ်သမီးတို့။ စရံဝါ၊ သွားလည်း သွား၏။ တိဋ္ဌံဝါ၊ ရပ်လဲ ရပ်၏။ နိသိန္နော၊ ထိုင်လဲ ထိုင်၏၊ သယံဝါ၊ အိပ်လဲ အိပ်၏။ သမိဉ္ဇေတိဝါ၊ ကွေးလည်း ကွေး၏။ ပသာရေတိဝါ၊ ဆန့်လဲ ဆန့်၏။ ကာယဿ၊ ရူပကာယ၏။

''တို့ပရိသတ်၊ ဘယ်ကာယလဲ''

''ရူပကာယပါ ဘုရား''

''သော၊ ဤ သွား၊ ရပ်၊ ထိုင်၊လျောင်း၊ ကွေး၊ဆန့်နေခြင်းသည်၊ ကာယဿ၊ ရူပကာယ၏။ ဣဉ္ဇနာ၊လှုပ်ရှားနေတဲ့ အမူအရာမျှသာတည်းတဲ့''

''စိတ်၊ စိတ္တဇဝါယော ဤ ၂–ပါးကြောင့် လှုပ်နေတဲ့အမူအရာတို့ကို ကောင်းစွာပိုင်ပိုင် ဆင်ခြင်နိုင်ရမယ်နော်''

''မှန်ပါ ဘုရား''

''ဤနေရာမှာ ဘုန်းတော်ခြောက်ပါးသခင်၊ ဘုရားရှင်က ဘာကို အကြောင်းပြု၍ ဒီစကားရပ်တွေ အကျယ်ချဲ့ဟောသလဲဆိုလို့ရှိယင်၊ ဟိုရာဇဂြိုဟ်ရဲ့ အပြင်ဘက် ယူဇနာအားဖြင့် သုံးယူဇနာ၊ မိုင်အားဖြင့် သုံးဆယ့်ခြောက်မိုင် ကွာဝေးတဲ့ ခရီးအကွာအဝေးမှာ ကြွရောက်ပြီးတော့ ဆွမ်းခံကြွလာတဲ့ ကိုယ်တော်အရှင်မြတ်တွေ၊ သီရိမာ ဒကာမရဲ့ အိမ်ရောက်တဲ့ အခါ သီရိမာ အမည်ရှိတဲ့ ဒကာမက သပိတ်လေး ရှေ့နားချပြီးတော့၊

ကိုယ်တော်အရှင်မြတ် ရှစ်ပါးကို ဦးသုံးကြိမ်စီ၊ သုံးကြိမ်စီ၊ ခါးကလေး ကွေး၊ လက်ကလေး ကွေးပြီး ဦးမချပေဘူးလား''

''ဦးချပါတယ် ဘုရား''

''အဲဒီ ဦးချတဲ့ အမူအရာကို ကြည့်လိုက်မယ် ဆိုလို့ရှိယင်ဖြင့်–

''ကာယဿ ဠဥနာ''

''ကာယဿ၊ ရူပကာယကြီးရဲ့။ ဠဥနာ၊ လှုပ်ရှားတဲ့ အမူအရာပဲ။ ဒီလို မဟုတ်လား''

''ဟုတ်ပါ့ ဘုရား''

''ရူပကာယလို့ ခေါ်တဲ့ ရုပ်တရားကြီးရဲ့ စိတ်နဲ့ စိတ္တဇဝါယော လှုပ်ရှားနေတဲ့ အမူအရာပဲလို့ ဒီကိုယ်တော်အရှင်မြတ်ရဲ့ သဏ္ဍာန်မှာ မသုံးသပ်မိလေသောကြောင့် သမ္မဇဉ်တရား အကုန်လုံး လက်လွတ်သွား တယ် မဟုတ်လား''

''လက်လွတ်သွားပါတယ် ဘုရား''

''သာတ္ထက သမ္ပဇဉ်၊ သပ္ပာယ သမ္ပဇဉ်ရော၊ ဂေါစရသမ္ပဇဉ် ရော၊ အသမ္မောဟ သမ္ပဇဉ်ရော၊ သမ္ပဇဉ် လေးပါး အကုန် လွတ်ပစ်လိုက် သည် ဖြစ်၍ အဲဒီ ကိုယ်ဘော်ရဲ့ သဏ္ဍာန် ဘာဝင်သွားသလဲ''

''ကိလေသာ ဝင်ပါတယ် ဘုရား''

''ကိလေသာတို့တွင် အဆိုးဆုံးဖြစ်တဲ့ ရာဂဆိုတဲ့ ကိလေသာဝင်သည် ဖြစ်၍၊ သုံးရက်တိုင်တိုင် ဆွမ်း မဘုဉ်းပေးနိုင်ဘူးတဲ့၊

''မြင်တိုင်း မြင်တိုင်း၊ ကြားတိုင်း ကြားတိုင်း၊ နံတိုင်း နံတိုင်း၊ ရပ်တိုင်းရပ်တိုင်း၊ ထိတိုင်းထိတိုင်း၊ ကြံတိုင်းကြံတိုင်း၊ အာရုံခြောက်ပါး တရားတို့မှာဖြင့် သမ္ပဇဉ်တရား လေးပါးကို လက်ကိုင်ထားပြီးတော့ ကျင့် သုံးလို့ရှိယင် 'ဒွါရခြောက်ပေါက် တံခါးပေါက်ကနေပြီးတော့ ကိလေသာ ဆိုတဲ့ ရန်သူတွေ ဝင်နိုင်ပါ့မလား''

''မဝင်နိုင်တော့ပါ ဘုရား''

''မဝင်နိုင်အောင် သမ္ပဇဉ်တရား လက်ကိုင်ထားပြီး ကျင့်သုံးတာ ပြောတယ်၊ ဒါကြောင့်မို့လို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က ငါးကြင်းဆီနဲ့ ငါးကြင်းကိုကြော် ဆိုတာလိုပဲ ဤသီရိမာကြောင့်ပင်လျှင် ရာဂဘီလူး ပူးဝင်ခဲ့တဲ့ ကိုယ်တော်အရှင်မြတ်ကို ရာဇဂြိုဟ်သုသာန်မှာ သီရိမာအလောင်းပြပြီး သကာလ သမ္ပဇဉ်တရား လေးပါး လက်ကိုင်ထား -

ကျင့်သုံးရမယ့် အကြောင်းတဲ့။ဣရိယာပထ၊သမ္ပဇဉ် နှစ်ကဏ္ဍကို ဟောတော်မူသည် နော်၊ အဲဒါ ပြီးစေ။ နောက် တကဏ္ဍ သွားကြအုံးစို့။

"တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ မိမိတို့ရဲ ခန္ဓာကိုယ် တည်ဆောက်ပုံကို ကြည့်။

"အိမ်တလုံး တည်ဆောက်တဲ့အခါကျတော့ တိုင်ထူပြီးတော့ ရက်မတွေ၊ ထုပ်၊လျှောက်တွေ ဆွဲပြီးတော့ ထားသလိုပဲ၊ ၃၀၀–သောအရိုးတွေ၊တခုနဲ့တခု ဆင့်ပြီးသကာလ၊ ၃၀၀–သော အရိုးများရဲ့အကြောင်းကိုတို့ ပထမနေ့က ပြောပြီးသားနော်။ ပထမနေ့က အရိုးပေါင်း ၃၀၀၊ အကြောပေါင်း ဘယ်လောက်"

"၉၀၀–ပါဘုရား"

"၉၀၀–တို့ဖြင့် တည်ဆောက်ပုံ၊ အကျယ်အားဖြင့် ပြောပြီးသားဖြစ်လို့၊ အချိန်မကုန်ကြရလေအောင် ဒါထပ်ပြီးတော့ မပြောကြစို့နဲ့။ အားလုံး အရိုးပေါင်း ၃၀၀၊အကြောပေါင်း ၉၀၀–တို့ဖြင့် တည်ဆောက်ထားတဲ့ တို့ရဲ့ ခန္ဓာအိမ်ကြီး ကြည့်လိုက်ကြစမ်း။

**အရိုးဆက်ပုံ။** ။"အိမ်တလုံး တည်ဆောက်မယ်ဆိုယင် တိုင်ထူ၊ ရက်မတွေ၊ ထုပ်တွေ၊ လျှောက်တွေ၊ ဒိုင်းတွေ၊ အဲဒါတွေဆွဲလိုက်လို့ နံရံကျဲကျဲနဲ့ အိမ်ကြီးတလုံးဖြစ်ပြီ၊ ဒီအတိုင်းပဲ၊ အရိုးပေါင်း ၃၀၀–တို့ သူ့နေရာနဲ့သူ တခုနဲ့တခု ဆက်စပ်ပြီးတော့ ထိပ်ချင်းတေ့ကာ၊ တေ့ကာနဲ့ ဆက်ပြီးတော့ ထားလိုက်တယ်။

"ပုထုဇဉ်တို့ရဲ့ အရိုးဆိုတာ ထိပ်ချင်းတေ့ထားတာ၊ မြတ်စွာဘုရားအရိုးကျတော့မှ ကွင်းလေးတွေ ဆက်ထားတယ်နော်။

"အဲဒါ 'ဂျိတ်ဆက်'ဆိုတာတော့ မရှိဘူး။ ဒကာကိုအုံးဟန်ကြီးက ထည့်ချင်သေးလို့လား 'ဂျိတ်ဆက်'တခု"

"သူများ ပြောနေကြတာပဲ ဘုရား၊ ဂျိတ်ဆက်ရှိတယ်လို့"

"ဟင်....သူများ ပြောနေကြတာပဲ နော်၊ အဲဒါပြောလိမ့်မယ်ထင်လို့ ကိုယ်က ဒါ မေးလိုက်တာ။မရှိဘူး ဂျိတ်ဆက်လို့။

"ပစ္စေကဗုဒ္ဓါ အရိုးဂျိတ်ဆက်တယ်ဆိုပြီးတော့ ဟုတ်လား၊ ကြားကနေ တခုထည့်ပြီးတော့ ဒီလိုဟောကြတယ်။

''မဟာပရိနိဗ္ဗာနသုတ္တန် အဋ္ဌကထာမှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ပရိနိဗ္ဗာန်စံခါနီး၊ ဝေသာလီပြည်ကြီးကို နောက်ဆုံးကြည့်တဲ့အနေနဲ့ ကြည့်တဲ့နေရာမှာ အမိပ္ပာယ်ပွင့်တယ်။ ဝေသာလီပြည်ကနေ ဆွမ်းခံထွက်ပြီးတော့ အသွား၊မြို့အပြင် ရောက်ပြီဆိုတဲ့ အခါကျတော့ ကိုယ်တော်မြတ်သည်ဘဲ၊ ဝေသာလီပြည်ကြီးကို လှည့်ကြည့်တယ်။ အဲဒီကြည့်နည်းကို 'နာဂါပလောကိတ'ကြည့်နည်းလို့ ခေါ်တယ်။

''ဆင်ကြီးတွေက နောက်ပြန်ကြည့်ယင်၊ ဒကာ ကိုအုံးဟန်ကြီး၊ ခေါင်းကလေးငဲ့ကြည့်ရုံနဲ့ ရရဲ့လား''

''မရပါဘုရား''

''ဆင်များ နောက်ပြန်ကြည့်ယင်၊ တကိုယ်လုံး လှည့်ကြည့်တတ်တယ်။

''အဲဒီလိုပဲ ဆင်ပြောင်ကြီး ကြည့်တဲ့နည်းတဲ့၊ ဘုရားရှင်သည် ဝေသာလီပြည်ကြီးကို 'ပစ္ဆိမဒဿန်' နောက်ဆုံးကြည့်ခြင်းနဲ့ ဝေသာလီပြည် နောက်ပြန် လှည့်ကြည့်တယ်။

''ဣဒံ ပစ္ဆိမကံ အာနန္ဒ ဝေသာလိ ဒဿနံ ဘဝိဿတိ'' 'ဣဒံ' ပစ္ဆိမကံ''... ''ဣမဏ္ဍိယံ အာနန္ဒ ဝေသာလိ ဒဿနိယံ အာနန္ဒ ဝေသာလီ'' ပရိနိဗ္ဗာနသုတ်မှာ ဟောထားတယ်။

''အာနန္ဒ၊ ငါဘုရားရဲ့ ထံတော်ပါးမှာ ခစားလေငြား၊ အို.... ညီတော်အာနန္ဒာ၊ဝေသာလီ၊ဝေသာလီပြည်ကြီးသည်။ ရမနီယံ၊မွေ့လျော်ဖွယ်ရှိ၏။ဒဿနီယံ၊ ရှုချင်စဖွယ်ကောင်း၏။ ဒီ။ ဤကဲ့သို့ ငါဘုရားကြည့်ခြင်းသည်။ ပစ္ဆိမဒဿနံ၊ နောက်ဆုံးကြည့်ခြင်းပေတည်း''လို့ ဘုရားရှင်က မိန့်တယ်-နော်''

''မှန်ပါဘုရား''

''သိပ် လွမ်းစရာကောင်းတယ်၊ အဲဒီနေရာမှာ။

''ဘုန်းတော်ခြောက်ပါးသခင်၊ဘုရားရှင်သည် ဝေသာလီပြည်ကြီး ကြည့်တဲ့အခါမှာ၊ အဲဒါကို ဘာပြောသလဲ၊ စာပေက ပြောထားတယ်။ 'နာဂါပလောကိတ' ဆင်ပြောင်ကြီးကြည့်တဲ့နည်းနဲ့ ကြည့်ခြင်းမျိုးဆိုပြီးတော့ ပါဠိတော်က ပြောတယ်။

''အဲဒီ 'နာဂါပလောကိတ'ဆိုပဲ့ အပိုဒ်ကို အဋ္ဌကထာက ဖွင့်တဲ့အခါကျတော့ ဘာပြုလို့ ဆင်ပြောင်ကြီးများ ကြည့်သလို၊ တကိုယ်လုံး ဘုရား လှည့်ကြည့်သလဲဆိုယင်ကဲ့၊ မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်က အရိုး ၃၀၀–ဟာ အဆက်ပေါင်း ဘယ်လောက်ရှိတုံး''

"၆၀၀–ရှိပါမယ် ဘုရား"

"ကိုင်း....အရိုး ၃၀၀–ကို အဆက် ၆၀၀၊ တို့ဒကာကြီး၊ ကြံကြံဖန်ဖန်၊ ဟုတ်လား၊ ၃၀၀–ကို ၆၀၀–ဖြစ်အောင် ဘယ်လိုလုပ်ဆက်မလဲ။ ကဲ....တုတ်ကလေး ၂–ချောင်း တခုနဲ့တခုတေ့ပြီးတော့ ဆက်လိုက်စမ်း၊ တုတ် ၂–ချောင်း ဆက်လိုက်တာ၊ အဆက် ၄–ခုရပါ့မလား"

"တခုပဲ ရပါမယ် ဘုရား"

"ဟုတ်လား၊ အရိုးပေါင်း ၃၀၀–ရှိတယ်တဲ့၊ အဆက်ကျတော့ အဲဒီနေရာက ဘာပြောထားသလဲဆိုလို့ရှိယင် ၁၈၀–ရှိတယ်လို့၊ ဒီသိုဆို နော်၊ ၁၈၀–ရှိတယ်၊ ၁၅၀–လို့ မဆိုဘူး၊ '၃၀'တော့ ပိုသွားတယ်။ နော်၊ အဲဒါတော့ စဉ်းစားအုံးလေပေါ့။ စဉ်းစားခန်းတွေ ရှိသေးတယ်။ အဲဒါတွေ စဉ်းစားစိစစ်နေယင်၊ ရှည်သွားမှာ စိုးရတယ် နော်။ ဘယ်ကနေ ဘယ်ရောက်သွား"

"ဝေသာလီပြည် လှည့်ကြည့်တဲ့ဆီ ရောက်သွားပါတယ်"

"နာဂါပလောကိတ" ဆင်ပြောင်ကြီးကြည့်ခြင်း၊ ဘုရား ဘာကြောင့်ကြည့်ဆိုတာ ပြောမလို့၊ အရိုးတွေ ဆက်ထားတာက ကွင်းဆက်ဖြစ်နေလို့။

"အဲဒီ အရိုးဆက်ပေါင်း ၁၈၀–ကွင်းကလေးတွေ လုပ်၊ လုပ်ပြီးတော့ သံကြိုးကွင်းဆက်လို ဆက်ထားတာမို့လို့ တဲ့၊ ဟုတ်လား။ ခေါင်းနောက်ပြန်လှည့်လို့ မရဘူး။ မြတ်စွာဘုရားရဲ့ လည်ပင်းတော်က အရိုးတွေဟာ ကွင်းကလေးတွေ ဆက်ထားတယ်။ လည်ပင်းဟာ ဒီအတိုင်းလည်ပြီး နောက်ပြန် လှည့်လို့မရဘူး။

"လည်ပင်းအရိုးဆက်က ဘယ်လောက်ရှိသတဲ့လဲ၊ လည်ပင်းအရိုးက ၇–ခုရှိတယ်။ ၇–ခုသော လည်ပင်းက အရိုးကလေးတွေ ကွင်းကလေးတွေ လုပ်ပြီးတော့ ဆက်နေကြသောကြောင့် တဲ့၊ ၆–ကွင်း ဆက်နေတာပေါ့၊ ၇–ခုဆိုတော့ အဆက် ၆–ခု ရှိရမယ်။

"အဲဒါ နောက်ပြန်လှည့်လို့ မရသောကြောင့်၊ တကိုယ်လုံး လှည့်လို့ ကြည့်ရပါတယ်တဲ့။ ဒါကြောင့် ဘုရားရဲ့အရိုးတွေ ကွင်းဆက်ဟူ၍၊ ကွ၊ သင် တို့ဒကာကြီး ကိုအုံးဟန်သည်။ ဂဏ္ဍာဟိ၊ ကောင်းကောင်းလေး မှတ်ထား။

"ပုထုဇဉ်တို့ရဲ့ အရိုးကျတော့၊ ထိပ်ကလေးတွေ တေ့ပြီးတော့ ဆက်ထားတယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ပစ္စေကဗုဒ္ဓါအရိုး ကျတ်ဆက်တယ်ဆိုတာကတော့ စာပေမှာမရှိလေ၊ မရှိဘူးနော်"

"မှန်ပါဘုရား"

"ဒါကြောင့်မို့လို့ မှတ်ပြီးတော့ထားပါ။ အဲဒီလို အရိုးတွေဆက်ပြီးတော့ထားတယ်၊ ဘာနဲ့ဆက်မလဲတဲ့။ ပုထုဇဉ်တို့ရဲ့ အရိုးကို ထိပ်ချင်းတေ့ထားတဲ့ အရိုးကို ဘာနဲ့ဆက်မလဲ"

"အကြောနဲ့ ဆက်ရပါမယ် ဘုရား"

"အေး၊ အကြောတွေနဲ့ တုပ်ရပါတယ်တဲ့၊ အကြောပေါင်း ၉၀၀ တို့ဖြင့် တုပ်၊ တုပ်ပြီးလျှင် အဲဒီအကြား၊ အကြားမှာ အသားတွေနဲ့ပိတ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အပေါ်ကနေ အမြှေးကလေးအုပ်၊ အဲဒီအပေါ်ကနေ အသားတဆပ်ဘာ၊ ပတ်တွဲလူမျှားဆို အပေါ်ကနေ အဆီပြင်ကြီးတွေ တခါ တထပ်လွှမ်း၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အပေါ်ကနေ အရေထူကြီးပိတ်၊ အရေထူကြီးတွေ အပေါ်ကနေပြီးတော့ ဘာနဲ့ပိတ်မယ်"

"အရေပါး"

"အရေပါးကလေးနဲ့ ပိတ်လိုက်၊ လွှမ်းလိုက်ပါ၊ အထဲက အနံ့တွေ အပြင်ထွက်အုံ့မလား"

"မထွက်တော့ပါ ဘုရား"

"အဋ္ဌိနဟာရုသံယုတ္တော၊ တစမံသာဝလေပနော။

"အဋ္ဌိ ၃၀၀–သောအရိုး၊ ထိုအရိုးကိုဖွဲ့စည်းသည့် ၉၀၀ သော အကြောတို့ဖြင့် ဖွဲ့ယှက်ရစ်ပတ် စပ်ယှဉ်သည်ဖြစ်၍၊တစမံသာဝလေပနော၊ အဆင်း ဖွေးဖြူဖြူသော အတွင်းရေ၊၉၀၀–ရသော အသားတစ်၊တပြည်မျှလောက်သောသွေးတို့ဖြင့် မွမ်းထေး လိမ်းကျံမံအပ်သည်ဖြစ်၍၊ ပရမဒုဂ္ဂန္ဓဇေဂုစ္ဆပဋိကူလော၊ အလွန်ပင် ရနံ့ပုပ်လှောင်၊ စက်ဆုတ်ရွံရှာဖွယ် ကောင်းလှပါပေ၏၊

"အဲဒါကြောင့်မို့လို့ ဤခန္ဓာကိုယ်ကြီးသည် အလွန်လျှင် စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ အပုပ်နံ့တွေ၊ အညှီနံ့တွေ အထဲမှာ လှိုင်ပြီးတော့ နေတယ်တဲ့ နော်"

"မှန်ပါဘုရား"

"ပရမ ဒုဂ္ဂန္ဓဇေဂုစ္ဆ ပဋိက္ကူလော" အလွန်ပင် ရနံ့ပုပ်လှောင်စက်ဆုပ်ရွံရှာဖွယ် ကောင်းလှပါပေ၏။

"အဋ္ဌိနဟာရုသံယုတ္တော၊ တစမံသာဝလေပနော။

ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ န ဒိဿတိ"

"ဆဝိယာ၊အပေါ်အရေတည်းဟူသော အရေပြားဖြင့်။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းအပ်သည်ဖြစ်၍။ ယထာဘူတံ၊ ဟုတ်မှန်လှစွာ အသုဘအခြင်းအရာကို။ နဒိဿတိ။ ပညာအန္ဓ၊ လူ့ဗာလတို့ လုံးဝမထင် မသိမမြင်ကြချေ။

"ချစ်သား၊ ချစ်သမီးတို့ ကြည့်ကြစမ်း၊ ဤရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ပစ်ထားတဲ့ သိရိမာရဲ့အလောင်းသည် မသေမီအခါတုန်းက ရွှေအဆင်းကဲ့သို့ ဝါဝင်းပြီးတော့ နေသဖြင့် အလွန်တရာလှပတင့်တယ်၊ ရှုချင်စဖွယ်ဖြစ်တဲ့ ရုပ်ဆင်းအင်္ဂါကြီးဆိုပြီးတော့ လူတွေက တနေ့ တနေ့လျှင် အသပြာတထောင်ပေးပြီးတော့ ပျော်ပါးကြတယ်၊ လှပါတယ်ဆိုတဲ့ သိရိမာရဲ့ ခန္ဓာကိုယ်နဲ့ သိရိမာနဲ့ ပျော်ပါးကြတဲ့ပုဂ္ဂိုလ်တွေရဲ့ ခန္ဓာကိုယ် ၂ –ကိုယ်ယှဉ်ပြီးတော့ ကြည့်၊ တဲ့။ ဘယ်လိုလဲ။ အတူတူချည်းပဲ မဟုတ်လား။

"အတူတူပါပဲ ဘုရား"

"အရိုး၊ အကြော၊ အသား၊ အသွေး၊ အဆီ၊ အမြေးတို့ဖြင့် တည်ဆောက်ထားတဲ့ ခန္ဓာကိုယ် အတူတူချည်း ဖြစ်ပါလျက်နဲ့ သူကျတော့ လှတယ်၊ ငါ့ကျတော့ မလှဘူးဆိုတဲ့ သမုတိသစ္စာနယ်မှာ ပြောပြီးတော့ နေကြပါတယ်။

"ပရမတ္ထနယ်ကျယင်ဖြင့် အသုဘ အခြင်းအရာ အတူတူချည်းပဲ နော်"

"မှန်ပါဘုရား"

"ဒါကြောင့် ယထာဘူတံ၊ ဟုတ်မှန်လှစွာ၊ အတွင်းမှာရှိနေတဲ့ အသုဘ အခြင်းအရာကို။ နဒိဿတိ၊ပညာဗာလ၊ လူ့အန္ဓတို့ လုံးဝမထင်၊ မသိမမြင်ကြချေ။

"အသုဘစင်စစ်ဖြစ်နေတဲ့၊ အတွင်းပိုင်းက အသုဘတွေကို ပညာဥာဏ် ကုံးလို့ ရှိယင်ဖြင့် မမြင်နိုင်တော့ပြီ။

"ဘာဖြစ်လို့ မမြင်တာလဲ"

"ပညာမဲ့လို့ပါ ဘုရား"

"ပညာဥာဏ်နည်းလို့ မမြင်နိုင်ဘူးဆိုလို့ ရှိယင် ပညာဥာဏ်ဖွင့်ပြီး တော့ ကြည့်ရအောင်၊ ကိုယ်....အတွင်း ဘာတွေဖြစ်မလဲတဲ့။ ကြည့်ကြရ အောင်။

**နှစ်ဖက်ပေါက်အိတ်ကြီး။** ။"သတိပဋ္ဌာနသုတ္တန် ပါဠိတော်က ပေးတဲ့ ဥပမာလေးတခု ရှိတယ်။ 'သေယျထာပိ ဘိက္ခဝေ ဥဘတောမုခါ ပုတောဠိပူရာနာနာ ဝိဟိတဿ ဓညဿ၊ သေယျထိဒံ သာလီနံ ဝီဟီနံ မုဂ္ဂါနံ မာသာနံ တိလာနံ တဏ္ဍုလာနံ။ တမေနံ စက္ခုမာပုရိသော မုဉ္စိတွာ ပစ္စဝေက္ခေယျ ဣမေသာလီ ဣမေဝီဟီ ဣမေ မုဂ္ဂါ ဣမေ မာသာ ဣမေတိလ ဣမေ တဏ္ဍုလာတိ'လို့ သတိပဋ္ဌာန် ပါဠိ တော်မှာနော်။

"ဘာပြောလဲဆိုတော့ 'ဥဘတော မုခါ' အိတ်ကြီးတလုံးဆိုကြတဲ့၊ အိတ်ကြီးတလုံး ချုပ်လိုက်တယ်။ ၂–ဘက်အပေါက်ရှိတဲ့ အိတ်ကြီး။

"လွယ်လွယ်ဆိုလို့ ရှိယင်ဂုန်လျှော်အိတ်ကြီးကိုတဖက်က ဖောက်လိုက် တယ်ပေါ့"

"မှန်ပါတယ် ဘုရား"

"အဲဒီလို ၂–ဘက်ပေါက်ရှိတဲ့ အိတ်ကြီးတလုံးထဲကို ထည့်၊ ဥဘတောမုခါ ပုတောဠိ၊ အတွင်း အပြည့်ထည့်၊ ဘာတွေ အပြည့်ထည့် မတုံး။

"ပူရာနာနာ ဝိဟိတဿ ဓညဿ။ အမျိုးမျိုးသော ကောက်တွေ၊ ပဲတွေ၊ စပါးတွေ၊ ဆန်တွေ၊ နှမ်းတွေ၊ ပဲအမျိုးမျိုးထည့်မယ်၊ ဆန်အမျိုး မျိုး ထည့်မယ်၊ နှမ်းတွေထည့်မယ်၊ ၂–ဘက်အပေါက်ရှိတဲ့ အိတ်ကြီးထဲ အပြည့်ထည့်။

"အိတ်ကြီးထဲ အပြည့်ထည့်ပြီးတော့ မျက်စိ ၂–ဘက် ကောင်းစွာ မြင်တဲ့ လူတယောက်က နေပြီးတော့ အိတ်ကြီး မ,ပြီးတော့ ကြည့်လိုက်တယ်။

"တဘက် အပေါက်ကနေ ကြည့်လိုက်တယ်။ အထဲမှာ သူမြင်တယ် တဲ့၊ ဣမေသာလီ၊ ဟောဒါ သလေးတွေ၊ ဒါက စပါးတွေ၊ ဒါက

နှမ်းတွေ၊ ဒါက ပဲတွေ၊ ဒါက ကောက်တွေ၊ ဒါက ပဲကြီး၊ ဒါက ပဲနောက်လို့ တခုစီ၊ တခုစီ အသီးသီး မြင်သလိုပဲနော်။ မျက်စိကန်းနေတဲ့လူ ကြည့်ယင် မြင်ပါ့မလား''

''မမြင်ပါ ဘုရား''

''မျက်စိကန်းနေတဲ့လူ ကြည့်ယင်တော့ ဒီအိတ်ကြီး ဘာတွေပဲ ထည့်ထည့် သူမမြင်နိုင်ဘူး။ ဒါကြောင့် ပညာအန္ဓ လူ့ဗာလ တို့သည် နဒိဿတို လုံးဝမထင်၊ လုံးဝထင်ထင် မသိမြင်ကြချေ၊ ပညာကန်း၍ မမြင်ဘူး။

''အဲဒီ အိတ်ကြီး ၂–ဘက် ပေါက်–ပေါက်နေတဲ့ အိတ်ကြီးထဲကို ပဲတွေ၊ ကောက်တွေ အမျိုးမျိုး ထည့်ပြီးတော့ ထားသလိုပဲတဲ့။ ဤတလုံးမျှ လောက်သော ခန္ဓာကိုယ်ဟာ လဲပဲ ၂–ဘက် ပေါက်နဲ့ အိတ်ကြီးနော်။

အူတို့ချိုး အူ့ညည်ချိုး ။ ။''၂–ဘက်ပေါက် ရှိတဲ့ အိတ်ကြီး၊ ကိုင်း၊ အထဲ ဘာတွေ ထည့်ထားသလဲ ကြည့်။

''အန္တပူရော ဥဒပူရော၊ ယကနဒေပဋ္ဌဿဝတ္ထိနော။

ဟဒယဿ ပပ္ဖာသဿ၊ ဝက္ကဿဂ္ဂပိဟကဿစ။ ။

''သိင်္ဃာဏိကာယခေဠဿ၊ သေဒဿစ၊ မေဒဿစ။

လောဟိတဿလသိကာယ၊ ပိတ္တဿစ ဝသာယစ။

'ဘိက္ခဝေ၊ ပရိသတ်လေးပါး၊ အို–ချစ်သား ချစ်သမီးတို့။ အယံ ကာယော၊ အမောင်တို့ အမိတို့ ရရှိထားတဲ့ ၂–ဘက်ပေါက် အိတ်ကြီးနဲ့ တူတဲ့ ဤခန္ဓာကိုယ်ကြီးသည်။ အန္တပူရော၊ အူ မ ခွေနဲ့လဲ အပြည့်ပဲ။

''ဝမ်းထဲကို အာရုံပြုပြီးတော့ ကြည့်ပါ။ ၂–ဘက်ပေါက် အိတ်ကြီး တဲကို ကြည့်လိုက်တော့....

''အန္တပူရော၊ ယောကျ်ားဒွတ္တိံ၊ မိန်းမဌဝိ၊ အတောင်ရှည်သား၊ ဖြူသည် အဆင်း။ ကံတေအင်းသို့၊ သွေးကျင်းမှာခွေ၊ ခေါင်းဖြတ်မြွေလို၊ လည်မှို့ဝစ္စ၊ ပဒေသဝယ်၊ နှစ်ဆယ့်တတွန့်၊ လိမ်တွန့်ရစ်ခွေနေသော၊ အူမ ခွေ အစုံဖြင့်လည်း၊ ပူရော၊ ရှုံ့ဖွယ်လိလိ၊ အပြည့်ပါပဲ။

''သမ္မောအဋ္ဌကထာအတိုင်း မဟာဝိသုဒ္ဓာရာမ ဆရာတော်ဘုရား ရေးခဲ့တဲ့ အနက်၊

"ယောကျ်ားဒွတ္တိံ၊ မိန်းမဌစီ၊ အတောင်ရှည်သား–အူဟာလေ ဗိုက်ခေါင်းမှာ တရားနာပရိသတ်အပေါင်း၊ သူတော်ကောင်းလဲ့ရဲ့ ဝမ်းခေါင်း ထဲက ရှိနေတဲ့ အူဟာ၊ ယောကျ်ား ဒွတ္တိံ၊ ယောကျ်ားတွေကျတော့ သုံးဆယ့်နှစ်၊ အမျိုးသမီးတွေကျတော့ နှစ်ဆယ့်ရှစ် တဲ့။

"ဆရာတော် ဘုရားကြီးက 'ယောကျ်ား ဒွတ္တိံ၊ မိန်းမ ဌစီ၊ အတောင်ရှည်သား' လို့ ဆရာတော်ဘုရား ကြီးက ဒီလို ပြောတယ်၊ ဒီလို အဓိပ္ပာယ်ပြန်တယ်။

"သို့သော်'ဟတ္ထဒွတ္တိံသဟတ္ထ၊အဋ္ဌစီသဟတ္ထ'ဆိုတဲ့နေရာမှာ'ဟတ္ထ' ဆိုတဲ့ ပုဒ်ကို အဓိပ္ပာယ်ပြန်တဲ့နေရာမှာ အယူအဆ နည်းနည်းလေး ကွဲနေတယ်။

"ဟတ္ထ ဆိုတဲ့ ပါဌ် 'အတောင်' လို့ အဓိပ္ပာယ်ပြန်လိုက်လို့ရှိယင် တဲ့၊ ယောကျ်ားတွေရဲ့ အူသည် ၃၂–တောင် ဖြစ်နေလိမ့်မယ်။ အမျိုး သမီးတွေရဲ့ အူ ကျတော့ ၂၈–တောင်လို့ ဒီလို တွေ့လိမ့်မယ်။

"လက်တွေ့နဲ့ အသေအချာ ကြည့်လိုက်တဲ့အခါကျတော့ ဒီလို မဟုတ်ဘူး။ ဒီလို မဟုတ်တော့ယင် တဲ့၊ 'ဟတ္ထ' ဆိုတဲ့ပုဒ်ကို အနီးစပ်ဆုံး ဘယ်လို ဘာသာပြန်ရမလဲဆိုလို့ရှိယင် 'ဟတ္ထ' ဆိုတဲ့ပုဒ်ကို 'မိုက်' လို့ ဘာသာပြန်မှ သဘာဝကျမယ်နော်။

"ဒါဖြင့် ဒွိတ္တံသဟတ္ထ ၃၂–မိုက် ဆိုလို့ရှိယင်တဲ့၊ အတောင် ဖွဲ့ကြည့်၊ ၃၂–မိုက်ကို အတောင်ဖွဲ့ကြည့်၊ ဘယ်လောက်ရမလဲ၊ ၃–မိုက် တတောင်၊ ဒီလို မဟုတ်လား၊ ၃၂–မိုက် ၃ နဲ့စား၊ ၁၀–တောင်နဲ့ ၂–မိုက်၊ အမျိုးသားတွေရဲ့ အူသည် ၁၀–တောင်နဲ့ ၂–မိုက်။

"အမျိုးသမီးတွေရဲ့အူသည် ၂၈-မိုက် ဆိုသောကြောင့် ၃-နဲ့ စားကြည့်၊ ဘယ်လောက်ရသလဲ၊ ၉–တောင်နဲ့ ၁–မိုက် ရှိတယ်။

"ကိုင်း၊ ဒီတော့ယင် မိမိတို့ရဲ့ ခန္ဓာကိုယ်တွင်းမှာ ရှိနေကြတဲ့ အူခွေကြီးဟာဖြင့် အမျိုးသားတွေကျတော့ ၁၀–တောင်ကျော်ကျော်၊ ၁၀–တောင်နဲ့ ၂–မိုက်၊ အမျိုးသမီးတွေကျတော့ ၉–တောင်နဲ့ ၁-မိုက်။

"ဒါကြောင့် သူတို့ကို 'အူဘုံမျိုး' လို့ ပြောတယ်နော်"

"မှန်ပါ ဘုရား"

"ယောကျ်ားဒွတ္တိံ၊ မိန်းမဌစီ၊ အတောင်ရှည်သား၊ ဖြူသည် အဆင်း၊ ကတေအင်းလို၊ အရောင်အဆင်းကဖြင့် အင်းဂတေကျဲကျဲ၊ ဖျော်ထားတဲ့ အရောင်လိုပဲ။

''နိဒ္ဒေသ်တဲ့ ဥပမာ တင်စားပြောရမယ် ဆိုလို့ရှိယင်ဖြင့် 'သွေးကျင်းမှာခွေ၊ခေါင်းပြတ်မြွေလို' လင်းမြွေကြီးတကောင်ခေါင်းဖြတ်၊သွေးသံရဲရဲနဲ့ အင်တုံကြီးထဲကိုထည့်၊ သွေးတွေရဲနေတဲ့ အင်တုံကြီးထဲကို အဲဒီ မြွေကြီး ခေါင်းဖြတ်ထားတာ၊ ခွေပြီးတော့ ထည့်လိုက်လေ။ ဉာဏ်ထဲဝင် ကြည့်ပါနော်။

''သွေးကျင်းမှာခွေ၊ ခေါင်းဖြတ်မြွေလို၊ လည်မျိုဝစ္စ၊ ပဒေသဝယ် တဲ့။လည်မျို၊လည်ပင်းက နေပြီးတော့ ဝစ္စ ဆိုတာ ကျင်ကြီးပေါက်၊ကျင်ကြီး အိမ်ရဲ့ အစ လည်ပင်းလည်မျိုရဲ့ အစ၊ အဲဒီ ၂—ခုရဲ့ အကြား တလျှောက် မှာဖြင့် ယခုနက ၁၀—တောင်နဲ့ ၂—မိုက် ယောကျ်ားများ။

''အမျိုးသမီးများကျတော့ ၉—တောင်နဲ့ ၁—မိုက်၊ အဲဒီလို ရှည်လျားတဲ့ အူကြီးသည်တဲ့၊ အတွန့်တွန့်၊အလိမ်လိမ်၊ အခွေ၊ အခွေဖြစ်ပြီးတော့ နေလိုက်တာ ဘယ်နှစ်တွန့်တောင် ရှိသလဲဆိုယင် နှစ်ဆယ်နဲ့တတွန့်တောင် ရှိတယ်။

''နှစ်ဆယ့်တခွေ၊ နှစ်ဆယ့်တတွန့်၊ အတွန့်လိုက်၊ အတွန့်လိုက်နဲ့ မြွေကြီးခွေသလို ခွေပြီးတော့ နေတယ်နော်''

''မှန်ပါဘုရား''

''နှစ်ဆယ့်တတွန့်၊ လိမ်တွန့်ရစ်ခွေ၍နေသော အူမ အခွေစုဖြင့်လည်း။ ပူရော၊ ရွံဖွယ်အလိလိ၊ အပြည့်ပဲ ရှိ၍နေလေတော့၏။

''အတွင်းကို ဉာဏ်နဲ့ အဲဒီလို နှိုက်ပြီးတော့ ကြည့်၊ ၂-ဘက်ပေါက် အိတ်ကြီးထဲ ကြည့်ရတာနော်''

''မှန်ပါဘုရား''

''ဥဒရပူရော''၊ ''အန္တပူရော''၊ ''ဥဒရပူရော'' နောက်တခု သွားရအောင်။

**အစာအိမ်အကြောင်း သိကောင်းစရာ။** ။''ဥဒရပူရော၊ အစာသစ်အိမ်ဖြင့်လည်း။ ပူရော၊ရွံဖွယ်လိလိ၊ အပြည့်ပါပဲ။

''ဥဒရိယံ၊ စားသည့်အစာ၊ သွင်လျာရုပ၊ အူမထက်ဖျား၊ စာသစ်အိမ်ကို မှန်းပြီးတော့ ကြည့်၊ ရင်ချိုင့်နားမှာ ရှိတယ်။

"ဒီကနေ့ တရားနာပရိယတ်အပေါင်း သူတော်ကောင်းတို့သည်၊ သာမန် အိမ်နေသူလူတို့အနေနဲ့ ဥပုသ်မခုကြဘူး ဆိုလို့ရှိယင်ဖြင့်၊ ရင် ခေါင်းနာမှာ ဒီနေ့ညနေစာ အကုန်လုံး စားပြီးသား။

"ဥပုသ်စောင့်သုံးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ဆိုလို့ရှိယင်လဲပဲ၊ နေ့လယ် စာ စားပြီးသား၊ အဲဒီနေ့လယ်စာ၊ ညနေစာ စားတဲ့ အစာတွေ ရင်ချိုင့် နား တို့ရဲ့ရင်ခေါင်းထဲမှာ ဘယ်လိုများ နေသလဲဆိုတာ မှန်းပြီးတော့ ကြည့်စမ်းပါ၊

"ဥဒရိယံ၊ စားသည့်အစာ၊ သွင်လျာရှုပ၊ အူမထက်ဖျား၊ ဆန်ထုပ် လားသို့– အူမရဲ့ အထက်ပိုင်း ရင်ချိုင့်နားမှာ၊ ဆန်ကို ပိတ်ပါးကလေးနဲ့ ထုပ်ပြီးတော့ ထားသလိုပဲ။ တဲ့၊ အစာပြည့်တဲ့အချိန်၊ ဖောင်းပြီးတော့ နေတယ်နော်။

"စားသည့်အစာ၊ သွင်လျာရှုပ– စားတဲ့ အစားအစာရဲ့ အရောင် အတိုင်းပဲ ရှိသေးတယ်။ မကျေသေးလို့၊ မကျက်သေးလို့။

"သေတ်သီးသာ တဲ့ ပုဂ္ဂိုလ်ရဲ့ အစာအိမ်ထဲ သာအရောင် ရှိမယ်"

"မှန်ပါ အရောင်ရှိပါတယ် ဘုရား"

"ငါးပိသွဲအရောင် ရှိမယ်၊ ပုံးရည်ကြီး တွေစားတဲ့ ပုဂ္ဂိုလ်ဆိုယင် မည်း မည်းကြီးတွေ ဖြစ်မယ်ပေါ့"

"မှန်ပါဘုရား"

"ဒါကြောင့် စားတဲ့ အစားအစာရဲ့ အရောင်အတိုင်းပဲတဲ့။ အစာ သစ်အိမ်ထဲမှာ ဒီအတိုင်းရှိတုန်းပဲ။

"စားသည့်အစာ၊ သွင်လျာရှုပ၊ အူမထက်ဖျား၊ ဆန်ထုပ်လားသို့၊ ပကားသန့်ရှင်း"တဲ့ အပြင်ဘက်ကတော့ သန့်ရှင်းပါတယ်။ အတွင်းပိုင်း ကြည့်လိုက်ပြန်တော့ "မသန့်ရှင်းလို" အတွင်း ပိုး ၉ ၊ အတွင်းက ဘယ်လိုပုံ"

"ပိုး ၉ လိုပါဘုရား"

"ပိုး သဏ္ဍာန်ရှိတယ်၊ ဒကာ ကိုအုံးဟန်ကြီး ဟုတ်လား၊ အလွဲဖြေ အောင် မေးအုံးမှပဲ၊ ပိုး ၉ ဘယ်နဲ့နေ"

"ဆူးကလေးတွေနဲ့ နေတာပါ ဘုရား"

"အဲ....ဒီအတိုင်း ဖြေလိမ့်မယ်ထိုတာ စောစောက တွေးမိသား၊ ပိုး ၉ ဆူးတွေနဲ့နေသပဲ့၊မှန်ကြရဲ့လား၊ စကားအပြည့်အစုံ မမှန်ဘူး၊ သူ အပြင်ဘက် ကြည့်ပြောတာ၊ အတွင်းဘက် ကြည့်မပြောဘူး"

"မှန်ပါ ဘုရား"

''ပိန္နဲခွံရဲ့ အတွင်းပိုင်း ကြည့်လိုက်မယ်ဆိုယင်၊ ဘယ်လိုဖြစ်၊ အမွှေးတွေ၊ အမျှင်တွေ စုပ်ဖွားပြီးတော့ ရွှံစရာကောင်းတယ်၊ ကြွက်သားလို့၊ ကြွက်စုတ်လို့ ခေါ်တဲ့ အရာတွေ မရှိဘူးလား''

''ရှိပါတယ် ဘုရား''

''အေး....ဒီက အဲဒါပြောခြင်လို့ ဒီက သူက ဆူးတွေသွားဖြေ၊ နော်။

''အတွင်း ပိန္နဲခွံ၊ ရွှံဖွယ်ဘိခြင်း၊ အဲဒီလို ရွှံစရာကောင်းတဲ့၊အမျှင်တွေ စုတ်ဖွားပြီးတော့နေတဲ့ ပိန္နဲခွံကြီးကို ရေအင်တုံထဲမှာ၊ ရေအင်တုံထဲ ၃–ရက်လောက် စိမ်ပြီးတော့ထား၊ ၃–ရက်လောက် ကြာသွားတဲ့အခါကျတော့ အဲဒါကြီး ဆယ်ပြီးတော့ ကြည့်၊ ဘယ်လိုဖြစ်''

''ပွနေပါမယ် ဘုရား''

''အမြှုပ်တစီစီနဲ့ ပွပြီးတော့ နေလိမ့်မယ်၊ချဉ်ပြီးတော့နေလိမ့်မယ်၊ ဒီလိုမဟုတ်လား''

''မှန်ပါဘုရား''

''အမြှုပ်တစီစီနဲ့ ချဉ်ပြီးတော့ ပွနေတယ်။ အဲဒီအဘိုင်းပဲ တို့ရဲ့ အစာအိမ်ထဲမှာ ရှိလေ၏ဆိုတာ မှန်းပြီးတော့ ကြည့်ပါ

''တွင်း ပိန္နဲခွံ၊ ရွှံဖွယ်ဘိခြင်း၊ တံစီးတွင်းနှယ်၊ တံစီးတွင်း ဘာတဲ့ တုံး၊ ဘယ်လိုဟာလဲ တံစီးတွင်းဆိုတာ''

''အမိန့်ရှိပါ ဘုရား''

''အိမ်တကာ အိမ်ကနေပြီးတော့၊ အိမ်ဘကာ အိမ်ကနေ စွန့်လိုက်သွန်လိုက်တဲ့ အညစ်အကြေးတွေ ရေမြောင်းထဲ စီးပြီးတော့ ဆင်းလာတဲ့ အခါ ကြည့်စမ်းပါ။

''ရေမြောင်းထဲ စီးပြီးဆင်းလာတဲ့အခါ၊တိုမော်လမြိုင်မြို့ပဲ ဆိုပါတော့၊ မြူနီစီပါယ်က မသိမ်းတဲ့အခါပေါ့ နော်၊ မသိမ်းတဲ့အခါများ၊ သိမ်းတဲ့အခါကော ရှိသေးလား''

''မရှိပါ ဘုရား''

''အဲ– အဲဒါတော့ ဒကာပြောတာနော်''

''အကယ်၍ မေ့လျော့လို့ မသိမ်းမိတဲ့ အခါများပေါ့''

''မှန်ပါ ဘုရား''

"လျှော့လျှော့ပေါ့ပေါ့ ညှာညှာတာတာ။ အကာယ်၍ မေ့လျော့မသိမ်းမိတဲ့အခါများ၊ အဲဒီလို တံစီးတွင်းကြီးတွေဆိုတာက အိမ်တကာအိမ်က စွန့်လိုက်၊ သွန်လိုက်တဲ့၊ အညစ်အကြေးတွေ ရေမြောင်းထဲ စီးပြီးတော့ ဆင်းလာတဲ့အခါကျယင် မစီးနိုင်တဲ့နေရာ၊ တခါထဲပိတ်ပြီးတော့ တွင်းကြီးဖြစ်၊ လှောင်နေတာ။

"အဲဒီလို လှောင်ထားတဲ့ အညစ်အကြေးများ စုလှောင်တဲ့ ရေမြောင်းပုပ်ကြီးတွေ၊ တွင်းကြီးတွေထဲ ကြည့်။

"တန်ခူး၊ ကဆုန်၊ ဆွေ့ဆွေ့ခုန်အောင်ပူတဲ့ ရာသီ၊ ကြည့်စမ်း၊ တန်ခူး၊ ကဆုန်၊ ဆွေ့ဆွေ့ခုန်အောင် ပူတဲ့ရာသီ။ အဲဒီ ရေမြောင်းပုပ်တွေ၊ အညစ်အကြေး တွင်းတွေထဲမှာလေ၊ အမြှုပ်တွေ၊ ပွက်ပွက်–ပွက်ပွက်ထပြီးတော့ အောက်မှာဆိုလို့ရှိယင် သိုးပြီးယော့ ချဉ်ပြီးတော့ နံနေတယ်။ နည်းနည်းလေး တုတ်နဲ့ ယက်ကြည့်လို့ရှိယင်၊ အထဲမှာ ဂီကောင်တွေ၊ လောက်ကောင်တွေ၊ ပိုးကောင်တွေ မြောက်မြားစွာ ရှိပါလိမ့်မယ်။

"ရွံဖွယ်ဘိခြင်း၊ တံစီးတွင်းနှယ်။

"တို့ရဲ့ အစာအိမ်ကြီးဟာ အဲဒီလိုပဲဆိုတာ၊ အာရုံယူထား၊ရင်ချိုင့်နားမှာရှိနေတဲ့ အစာအိမ်သည် ဒီအတိုင်းပဲ မဟုတ်လား"

"မှန်ပါ၊ ရှိပါတယ် ဘုရား"

"အထက်လေဆန်ပြီးတော့ လေအန်တဲ့ ပုဂ္ဂိုလ်ခတွေ၊ စန္ဒကူးနံ့သာနံ့ ဘယ်သူ့ဝမ်းခေါင်းက ထွက်"

"ဘယ်သူ့ဝမ်းခေါင်းမှ မထွက်ပါဘုရား"

"ဘယ်သူ့ဝမ်းခေါင်းမှ စန္ဒကူးနံ့ မထွက်ဘူး၊ ချဉ်တဲ့၊ သိုးတဲ့အနံ့တွေ၊ တံစီးတွင်းက အနံ့မျိုးတွေ ထွက်တယ်နော်"

"မှန်ပါဘုရား"

"အေး ဒါကြောင့်မို့လို့။

"ရွံဖွယ်ဘိခြင်း၊ တံစီးတွင်းနှယ်၊ သုံးဆယ့်နှစ်မျိုး၊ ပိုးတို့နေရာ"

"အဲဒီအစာအိမ်ထဲ ပိုးကောင်တွေကလဲ သုံးဆယ့်နှစ်မျိုးလောက်ရှိတယ်၊ ပိုးကောင်တွေ ၃၂–မျိုးရှိတယ်၊ ခုနက မစင်တွင်းထဲက ပိုးကောင်တွေလိုပဲ၊ တံစီးတွင်းထဲက ပိုးကောင်တွေလိုပဲ၊ အစာအိမ်ထဲမှာ ပိုးကောင်တွေက သုံးဆယ့်နှစ်မျိုး။

"သူတို့ဘာစားနေကြလဲ၊ အဲဒီ ချဉ်သိုးနေတဲ့ အစားအစာတွေကို သူတို့ဟာတွေ စားပြီးတော့ နေကြပါတယ်။ အကာယ်၍များ အစာအိမ်ထဲ

အစာမရှိဘူးဆိုယင် ဒီအကောင်တွေ စိတ်ဆိုးပြီးတော့ ဟိုကိုက်၊ ဒီကိုက်နဲ့။ အဆုပ်တက်ကိုက်တဲ့ အကောင်က ကိုက်တယ်၊ အသည်းတက်ကိုက်တဲ့ အကောင်က ကိုက်တယ်နော်။

''အေး....ဒါကြောင့်၊ ခန္ဓာကိုယ်တွင်း၊ အစာမရှိတဲ့ အခါကျယင် တဲ့။ ကြည့်ပါ။ ဒုက္ခ ၂–မျိုး ခံရတယ်။

''ပါစကတေဇော၊ အစာကိုချက်တဲ့ တေဇောဓာတ်ကို ပါစက တေဇော၊ ကံကြောင့်ဖြစ်တာ၊ အဲဒီတေဇောဓာတ် အပူလှောင်တဲ့အတွက် ကြောင့် အစာအိမ်မှာ ပူတယ်။

''အဲဒီ အစာအိမ်ထဲက ပိုးကောင်တွေက စားစရာမရှိသဖြင့် တွေ့ ရာ လျှောက်ကိုက်လိုက်လို့လဲ ခန္ဓာကိုယ်က အစာအိမ်ရော၊ ခုနက အဆုတ် တွေ၊ အသည်းတွေရော၊ ဒုက္ခဖြစ်တယ်။ ဒီလိုမဟုတ်လား''

''မှန်ပါဘုရား''

''ဒါကြောင့် ခန္ဓာကိုယ်ကြီးသည် ပရမဒုဂ္ဂန္ဓဇေဂုစ္ဆပဋိကူလော အလွန်လျှင် စက်ဆုပ်ဖွယ်ကောင်းတဲ့ ရနံ့တွေရှိတယ်၊ ဟုတ်လား။ ရနံ့ မကောင်း၊ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းတဲ့ ခန္ဓာကိုယ်ကြီးတဲ့။

''ရွံ့ရှာဖွယ်တွေ စု၍ နေသောကြောင့်လဲ ကာယလို့ ပြောခဲ့ပြီ။ ကာယ အဓိပ္ပာယ်နော်''

''မှန်ပါဘုရား''

''ရွံ့စရာတွေ စု၍ နေသောကြောင့် ဘာတဲ့တုံး''

''ကာယပါ ဘုရား''

''ကာယ ဆိုတာ အစုအပေါင်း''

''သုံးဆယ့်နှစ်မျိုး၊ ပိုးတို့နေရာ၊ အူထုံးမှာဝယ်၊ ကြည့်။ ပါးစပ်ထဲ ထမင်းစားတာ မွှန်းပြီးဟော့ ကြည့်။

''သုံးဆယ့်နှစ်မျိုး၊ ပိုးတို့နေရာ၊ အူထုံးမှာဝယ်၊ လျှာရည်တံထွေး၊ သွားမြေးအာစေး၊ ထိုထိုကြေးတို့၊ သိမ်းထွေးပေါင်းစု၊ ထောင်းထုဝါးချေ''

''စောစောက ပြောခဲ့တယ်၊ ငှက်ပျောသီး တလုံးကိုပင်လျှင် လျှာပေါ်ရောက်တဲ့ အခါကျတော့ သွားက ထွက်တဲ့ အညစ်အကြေး၊ လျှာက ထွက်တဲ့ အညစ်အကြေး၊ အာခေါင်က ထွက်လာတဲ့ တံထွေးတွေ။ လျှာရင်းက ထွက်လာတဲ့ ပျစ်ချွဲနေတဲ့ တံထွေးတွေ၊ လျှာဖျားက ထွက် လာတဲ့ ကျဲနေတဲ့ တံထွေးတွေ။

"အဲဒ်လို အလွန်တရာ ရွံရှာဖွယ်ကောင်းတဲ့ သလိပ်တွေ၊ ချွဲတွေ၊ တံထွေးတွေဖြင့် ဒီအစာတွေကို ဘာလုပ်မလဲ၊ 'ထောင်းထု ဝါးချေ' ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"မျိုလေဆင်းသက်၊ အဲဒါတွေ နှစ်နှစ်သက်သက် မျိုချလိုက်တယ်တဲ့။

"ဘာကြောင့် အဲဒါတွေ မျိုချနိုင်ရလဲ ရသာတဏှာကြောင့်"

"မှန်ပါ ဘုရား"

"ရသတဏှာကြောင့် အဲဒါတွေကို နှစ်နှစ်သက်သက်ကြီး မျိုနိုင်ကြတယ်။ ဒါကြောင့် စားတဲ့အခါ သတိသမ္ပဇဉ် ပါကြ ပါစေလို့ ဒါပြောတာ"

**အစာငါးမျိုး ကွဲ။** ။"မျိုလေဆင်းသက်၊ ဓာတ်မီးချက်၍၊ ပရပွက်အူ ကျိုက်ကျိုက်ဆူပွ၊ အမြုပ်ထကာ၊—အမြုပ်ထတယ်။

"ပိုးစာလောင်မီး၊ ကျင်ကြီးကျင်ငယ်၊ တသွယ်သွေးသား၊ငါးပါး ကွဲလျက်။ ဒီအစာတွေ အစာအိမ်ထဲမှာ ဘယ်နှစ်မျိုး ကွဲသွားသတဲ့လဲ"

"၅–ပါးပါ ဘုရား"

"တို့ပရိသတ်၊ ဘယ်နှစ်မျိုးလဲ"

"၅–မျိုးပါ ဘုရား"

"၅–မျိုး ကွဲတယ်။ 'ပိုးစာ၊ လောင်မီး'၊ ပိုးတွေစားလို့ တပုံ ကုန်သွားတယ်၊ ဝမ်းထဲက မီးတွေက လောင်လို့၊ တေဇောဓာတ်က ချက် ပစ်လို့ တပုံ ကုန်သွားတယ်။ ကျင်ကြီးအိမ်ထဲကို တပုံ သွားတယ်၊ အာပေါ ဓာတ် အရည်တွေက ကျင်ငယ်အိမ်ထဲကို တပုံ သွား။

"ဘယ်နှစ်ပုံ ဖြစ်သွားလဲ"

"၄–ပုံ ဖြစ်သွားပါတယ် ဘုရား"

"အဲဒီ ၄–ပုံက အချည်းနှီး အလကား ဖြစ်သွားတာ။ အသွေး၊ အသား၊ အဆီ၊ ဩဇာဖြစ်တာက တပုံထဲရယ်။

"ပိုးစာလောင်မီး၊ ကျင်ကြီးကျင်ငယ်၊ တသွယ်သွေးသား၊ ငါးပါး ကွဲလျက်၊ ခွေးစားခွက်ဝယ်၊ ထွေးဟက်စွန့်လတ်၊ ခွေးအန်ဖတ်သဖွယ်၊ အစာသစ်ဖြင့်လဲ။ ပူရှော၊ ရွံဖွယ်လိလို ဖြစ်နေပါတော့၏။

"နှစ်ဘက်ပေါက် အိတ်ကြီးထဲမှာ ထည့်ထားတဲ့ အရာဝတ္ထု၊ ၂–ခု တော့ ရပြီ။ ကိုင်း၊ နောက်တခု သွားစမ်းပါ။

**အသည်းအကြောင်း သိကောင်းစရာ။** ။"ယကနံပေဋ္ဌသံဝဏ္ဏနော"

"ယကနပေဋ္ဌသာ၊ အသည်းအဆိုင်ဖြင့်လည်း။ ပူရော၊ ရှ ရှာဖွယ်လိလိ ပြည့်၍နေ၏။

"ယကနပေဋ္ဌသာ၊ အသည်းအဆိုင်ဖြင့်လည်း။ ပူရော၊ ရှ ရှာဖွယ်လိလိ၊ ပြည့်၍နေ၏။ 'ယကနံ' ကြည့်။

"ကုမုဒြာကြာချပ်ကျောနှယ်၊ စဉ်းငယ်နီလျက်၊ ကသစ်ရွက်သဏ္ဌာန်၊ ဉာဏ်မဲ့ကြီးကြီး တခုတည်းသာ၊ ပညာရှိဝယ်၊ နှလုံးငယ်လတ်၊ သားမြတ်အန္တရေ၊ ညာမှာနေသော၊ အသည်းအစု ဖြင့်လဲ၊ ပူရော၊ ရှ ရှာဖွယ်လိလိ၊ အပြည့်ပါပေ။

"ယကနံ၊ အသည်း။ အသည်းရဲ့ အရောင်အဆင်းကို ဘာပြောသလဲ ဆိုလို့ရှိယင်ဖြင့် 'ကုမုဒြာကြာချပ်ကျောနှယ်' တဲ့။ ကုမုဒြာ ကြာရွက်ရဲ့ ကျောဘက်က အရောင်မျိုး။

"ကုမုဒြာ ကြာရွက်ဆိုယင်ဖြင့်၊ တို့ဒကာ ကိုအုံးဟန်ကြီး ဘယ်လို ပြောမလဲ၊ ဘယ်လို ကြာမျိုးလဲ"

"မလျှောက်တတ်ပါ ဘုရား"

"မလျှောက်တတ်ဘူးနော်၊ ကုမုဒြာကြာ ဆိုတာက 'ကြာနီ' တဲ့နော်၊ ကြာနီပင်လေးတွေ၊ အဲဒီ ကြာနီရဲ့ ကျောဘက်က အရောင်ရှိမယ်ဆိုယင် နီညိုရောင် ရှိပါတယ်၊ နီညိုရင့်ရောင် ရှိတယ်။

"ဒါကြောင့် 'ကုမုဒြာ၊ ကြာချပ်ကျောနှယ်၊ စဉ်းငယ်နီလျက်၊ ကသစ်ရွက်သဏ္ဌာန်"

"ပုံပန်းသဏ္ဌာန်ကဖြင့် ကသစ်ရွက်ရဲ့ ပုံပန်းသဏ္ဌာန်မျိုး။

"ဉာဏ်မဲ့ကြီးကြီး တဲ့၊ ဉာဏ်မဲ့ပြီးတော့ မိုက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အသည်းက အကြီးကြီး၊ တခုထဲရယ်။

"ဉာဏ်မဲ့ကြီးကြီး၊ တခုတည်းသာ၊ လူမိုက်များရဲ့ အသည်းဟာ လေ၊ တို့ဒကာ ကိုအုံးဟန်ကြီး၊ ဘယ်လိုတုံး။ အကြီးကြီးပဲတဲ့။ တခုထဲရယ်တဲ့"

"မှန်ပါ ဘုရား"

"ပညာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ အသည်းကျတော့ 'ပညာရှိဝယ်၊ နှစ်သုံးငယ်လတ်' ပညာဉာဏ် ကောင်းတဲ့ လူတွေမှာ၊ ပုဂ္ဂိုလ်များရဲ့ အသည်း ကျလို့ရှိသင်ဖြင့် ၂-မြွာ၊ ၃-မြွာ၊ ဒီလို မြွာပြီးတော့နေတယ်၊ ခပ်သေးသေးပဲ၊

"ဒါကြောင့်မို့လို့ လူမိုက်တွေ ပြောထားတယ်၊ 'ဒီကောင် တယ်အသည်းကိုးတယ်' လို့ ဆိုလို့ရှိယင် အဲဒါ လူမိုက်ပဲနော်"

"မှန်ပါတယ် ဘုရား"

"ပညာရှိဝယ်၊ နှစ်သုံးငယ်လတ်၊ သားမြတ်အန္တရေ၊ ညာမှာနေသော အသည်းအစု ဖြင့်လည်း။ ပူရော၊ ရှု ရှာဘွယ်လိလိ အပြည့်ပါပဲ။

"သားမြတ် ၂–ခုရဲ့အကြား ညာဘက် သားမြတ်နားကပ်ပြီးတော့ နေတယ်တဲ့။ အသည်းကိုးတာ အဲဒီလိုပဲနော်။

"ယကနပေဥ္စသ၊ ဝဏ္ဏေန"၊ ဝိဇယသုတ္တန် ပါဠိတော်အတိုင်း၊ သွားတာဖြစ်ယင်တော့ ၃၂–ကောဋ္ဌာသ ပါဠိတော်နဲ့ မညီဘူး။ အသွားအလာတွေက ဂါထာဆိုတော့ တမျိုးဖြစ်နေတယ်။

"၃၂–ကောဋ္ဌာသ ရတဲ့သူတွေ ဆိုလို့ရှိယင်တော့ "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော အစဉ်က တမျိုးလာတယ်။

"ဒီ ဝိဇယသုတ္တန် ပါဠိတော်ကတော့ ဟုတ်လား၊ ဂါထာစီတာဆိုတော့ တမျိုးဖြစ်နေတယ်။ ခု ဆီးအိမ်ရောက်သွားပြီ။

**ကျင်ငယ်အကြောင်း သိကောင်းစရာ။** ။"ဝတ္ထိနော၊ ပဲပြာရည်ဆင်း၊ ဆီးစတွင်း၌၊ သက်ဆင်းကိုယ်မှ၊ မရဝင်ပေါက်၊ ထွက်ပေါက်သာထင်၊ စိမ့်၍ဝင်သော၊ ကျင်ငယ်အစုဖြင့်လည်း။ ပူရော၊ ရှု ဖွယ်လိလိ အပြည့်ပါပဲ။

"ကျင်ငယ်အိမ်ဆိုတာက ဘယ်လိုနေသတဲ့လဲ ဆိုလို့ရှိယင်၊ "ပဲပြာရည်ဆင်း၊ ဆီးစတွင်း၌" ဆီးရဲ့အရေတွေဟာ ပဲပြုတ်ရေလိုပဲတဲ့၊ အထဲမှာနေတယ်၊

"ဆီးအိမ်ရဲ့ ပုံသဏ္ဌာန် ပြောပါဆိုလို့ရှိယင်ဖြင့်၊ အဝကျဉ်းကျဉ်းကလေးနဲ့ အိုးကလေး မှောက်ထားသလိုပဲ၊ ဟုတ်လား။

"အညာလှည်းသမားတွေ၊ တောသွားတဲ့အခါကျတော့ တင်သွားတဲ့ အိုးကလေးတွေရှိတယ်၊ အဝကျဉ်းကျဉ်းကလေးနဲ့ တောထဲဆိုတော့ ဖြုံးဒိုင်းနဲ့၊ ဂျုံးဂျိုင်းနဲ့ သွားတဲ့အခါကျတော့ ရေမပိတ်အောင်လို့၊ အိုးကျဉ်းကျဉ်းကလေးတွေ ဆောင်ရတယ်။

"အဆို့ကလေး၊ အဲဒါ ခြေမလောက် အဆို့ကလေးနဲ့ ဆို့ထား၊ ရေမပိုတ်တော့ဘူး။ အဲဒီလို လယ်ပင်းသေးသေးကလေးနဲ့ အဝကျဉ်းကျဉ်းကလေးနဲ့ အိုးကလေးကို မှောက်ထားသည့် ပုံလိုပဲတဲ့၊ ဆီးအိမ်။

''ခန္ဓာကိုယ်တကိုယ်လုံး စားလေသမျှ အစားအစာတွေထဲ၊ အရေခွာတ်၊ အာပေါခွာတ်တွေဟာ ၅-ပုံ့ပုံ ၁-ပုံသည် အဲဒီဆီးအိမ်ထဲကို အရေအဖြစ်နဲ့ အခိုးဖြစ်ပြီးတော့ ဝင်သွားကြတယ်။

''ဝင်စရာ အပေါက်ကြီး၊ ကြီးကြီးတော့ မရှိဘူးတဲ့။ အပေါက်သေးသေးလေးတွေ၊ စကာပေါက်လေးတွေလို စိမ့်ပြီးတော့ ဝင်ကြရတယ်တဲ့နော်။

''ပဲပြာရည်ဆင်း၊ ဆီးစဘွင်း၌၊ သက်ဆင်းကိုယ်မှ၊ မရဝင်ပေါက်၊ ထွက်ပေါက်သာထင်၊ စိမ့်၍ဝင်သော၊ ကျင်ငယ်အစုဖြင့်လဲ။ ပူရော၊ ရွံဖွယ်လိလိ၊ အပြည့်ပါပဲ။

**နှလုံးအကြောင်း သိကောင်းစရာ။** ။

''ယကနပေဋ္ဌသ၊ ဝတ္ထိနော၊
ဟဒယဿ၊ ပဖ္ဖာသဿ။
ဝက္ကဿ၊ ဝိဟကဿစ''

''ဟဒယဿ၊ နှလုံးဖြင့်လဲ၊ ပူရော၊ ရွံဖွယ်လိလိ၊ အပြည့်ပါပဲ။

''နှလုံးဆိုတာက ဘယ်လိုတဲ့လဲ ဆိုလို့ရှိယင်။

''ဟဒယံ၊ ဆင်းရွက်ပဒုံ၊ ကျောပြင်ပုံတည်း၊ ကြာငုံအောက်ရှု၊ ဥာဏ်ရှိသူဝယ်''

''ဆင်းရွက်ပဒုံ၊ ကျောပြင်ပုံတည်း'' နှလုံးရဲ့အရောင်၊ ''ဆင်းရွက်ပဒုံ'' ပဒုမ္မာကြာရွက်ရဲ့ ကျောဘက်က အရောင်မျိုး။ ဒါဆိုယင်တော့ သိတယ်၊

''ပဒုမ္မာကြာရွက်၊ တို့ပရိသတ်၊ အရောင်ဘယ်လိုနေလဲ၊ အညိုရောင်ပဲနော်၊ မသိယင်တော့ မနက်ဖြန် ကြာရှိတဲ့နေရာ၊ ကန့်ထဲသွားရုံပဲ၊

''ဆင်းရွက်ပဒုံ၊ ကျောပြင်ပုံတည်း၊ ကြာငုံအောက်ရှု၊ ဥာဏ်ရှိသူဝယ်''

''ကြာငုံလေးကို ဇောက်ထိုးထားသလိုပဲတဲ့၊ နှလုံးဆိုတာက တို့ရဲ့ ရင်ခေါင်းမှာ။

''ကြာငုံအောက်ရှု၊ ဥာဏ်ရှိသူဝယ်၊ စဉ်းငယ်ပွင့်တုံ'' ပညာဥာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ နှလုံးဟာ စဉ်းငယ်လောက်တော့ ပွင့်ပြီးတော့နေတယ်။ ကြာငုံလေး ဇောက်ထိုး ထား့ထားသလိုပဲ။ အရောင်ကလဲ ပဒုမ္မာကြာရွက်ရဲ့ ကျောဘက်က အရောင်မျိုး၊ ''စုဠမန္ဒ''၊ ''မန္ဒ''ဆိုတာ

ဉာဏ်ထိုင်းတဲ့ လူမိုက်တွေကျတော့၊ နှလုံးဟာ ငုံပြီးတော့နေတယ်။ မပွင့်ဘူး။

"သူက အသည်းကလဲ အကြီးကြီး၊နှလုံးကလဲ ငုံနေတယ်၊ သူမိုက်က"

"မှန်ပါဘုရား"

"လူလိမ္မာကျတော့၊ အသည်းက ၂-မြွာ၊ ၃-မြွာ၊နှလုံးက ပွင့်နေတယ်။

"စုငုံမန္ဒ၊ အပသန့်ရှင်း၊ တွင်းသပွတ်အူ" အတွင်းက သပွတ်အူလိုပဲတဲ့။ အမျှင်ကလေးတွေ တခါထဲ ရှုပ်နေတယ်။နှလုံးရဲ့ ဟုတ်လား၊ အိမ်အထဲမှာ၊ သို့သော်လဲ တွင်းကလေး၊ အခန်းကလေးရှိတယ်။ သူက ပုန်းညက်စေ့လောက်ရှိတဲ့ တွင်းကလေးထဲမှာ နေတယ်။

"စုငုံမန္ဒ၊ အပသန့်ရှင်း၊ တွင်းသပွတ်အူ၊ နှစ်ဆူဓာတ်မှီ" တဲ့။

"မနောဓာတ်၊ မနောဝိညာဏဓာတ်လို့ ခေါ်တဲ့ အသိစိတ်တွေ အဲဒီမှာမှီတယ်။ ဒါကျတော့ လောကဓာတ်နဲ့ ဘယ်လိုမှ တိုက်ဆိုင်လို့မရဘူး၊ နော်...."

"မှန်ပါဘုရား၊ မရပါဘုရား"

"သူတို့ကတော့ ဦးနှောက်ကိုမှီတယ်၊ တဲ့။ ဒီကတော့ ဘာဖြစ်သလဲတဲ့၊ နှလုံးကို မှီတယ်။

"တွင်းသပွတ်အူ၊ နှစ်ဆူဓာတ်မှီ၊ အသိစိတ် ဆိုတာက နှလုံးကိုမှီတယ်လို့ ဘုရားဟောနော်"

"မှန်ပါ ဘုရား"

"လောကဓာတ် ပညာကတော့ ဦးနှောက်ကို မှီတယ်လို့ သူတို့ရဲ့ သဘော၊ ဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

"တွင်းသပွတ်အူ၊ နှစ်ဆူဓာတ်မှီ၊ နီသည်ရာဂ၊ အဲဒီ ပုံးညက်စေ့လောက်ရှိတဲ့ အထဲက တွင်းကလေးထဲမှာ သွေး ရှိတယ်၊ သွေးရှိတယ်။ အဲဒီ သွေးကလဲ အရောင် ၆-မျိုး၊ ကြည့်ပါ။

**နှလုံးသွေး အရောင်။** ။"နီသည် ရာဂ၊ ရာဂသမားရဲ့ သွေးက နီတယ်။ 'ဒေါသမည်းပြား' ဒေါသ သမားရဲ့ သွေးက မည်းတယ်၊

''သားဆေးရည် မောဟ၊ မောဟသမားရဲ့ သွေး ကျတော့ အသား ဆေးတဲ့ အရည်လိုပဲ နီကျဲကျဲ။ ရဲနေအောင်လဲ မနီဘူး၊ ရေကို အနီရောင် လှေး၊ ဟုတ်လား၊ မသိမသာ ဖောက်ထားတာပေါ့။

''တက္က ပဲရည် တဲ့။ ဝိတက် အားကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ သွေးကျတော့ ပဲပြုတ်ရည်လိုပဲတဲ့၊ ဖြူကျဲကျဲ။

''ဝါသည် သဒ္ဓါ၊ သဒ္ဓါတရား အားကောင်းတဲ့ ပုဂ္ဂိုလ်ရဲ့ သွေး ကတော့ ဝါတယ်။

''ပညာပြိုးပြက်– ပညာဉာဏ်အားကောင်းတဲ့ ပုဂ္ဂိုလ်ရဲ့ သွေးက တော့ ဖြူဖွေးပြီးတော့ ပြိုးပြိုးပြက်ပြက် လက်နေတယ်တဲ့။

''ပညာပြိုးပြက်၊ ဇောတမျက်သွင်၊ ဖြူစင်လွန်ကဲ၊ လက်ဆွဲခွဲမျှ။

''အဲဒီထဲက သွေးက လက်ခုပ်လှေက် ရှိတယ်။

''လောဟိတသည်၊ ပုန္နာဂင္ဒိ၊ တွင်းမှာရှိလတ်၊ သားမြတ်အန္တရေ၊ လယ်မှာနေသော၊ နှလုံးအစုဖြင့်လဲ။ ပူရော၊ ရှ်ဘွယ်လိလိ၊ အပြည့်ပါပေ။

**အဆုတ်တကြောင်း သိကောင်းစရာ။** ။ပပ္ပါသသ၊ အဆုပ်ဖြင့်လဲ၊ ပူရော၊ ရှ်ဘွယ်လိုလို၊ အပြည့်ဖြစ်၏။

''ပပ္ဖာသသ၊ မှည့်သဖန်း၊ နီမြန်းဆင်းဟန်၊ သဏ္ဍာန်စုတ်ပဲ့၊ မုန့်ယှက်ကဲ့နှန်း၊ အုပ်ဖုံးတွဲရရွှဲ၊ အစာနည်းက၊ထန်သည်းတေဇာ၊ ပူလောင် လာ၍၊ ဩဇာ မကပ်၊ နွားဝါးဖတ်နှယ်။

''အဋ္ဌကထာ အဓိပ္ပါယ် နှုတ်နဲ့ ပြောရမယ်ဆိုလို့ရှိယင် ဒီဥစ္စာ တော်တော် ပြောယူရမယ်။ ဝိသုဒ္ဓါရုံ ဆရာတော်ကြီး ရေးထားတဲ့၊ ဟုတ် လား။ အနက်တွေ ကျက်ထားတဲ့ အခါကျတော့ ပြောလို့ သိပ်လွယ် သွားတယ်၊

''ကြည့်၊ အဆုပ် ဆိုတာ ဘယ်လိုတဲ့တုံး၊ တဲ့။

''ရှမ်းမှည့်သဖန်း၊ နီမြန်းဆင်းဟန်၊ အဆုပ်ရဲ့ အရောင်က မှည့်ရှမ်း နေတဲ့ သဖန်းသီးရဲ့ အရောင်မျိုးတဲ့၊

''သဖန်းသီး မြင်ဘူးတယ် မဟုတ်လား''

''မြင်ဘူးပါတယ် ဘုရား''

''နီရဲပြီးတော့ နေတယ်၊ တို့သပိတ်အိုင်တောစခန်းမှာ သဖန်းသီးက တယ်ပေါတာပဲ။ သကြန်လောက်ဆိုယင် ဟုတ်လား၊ မှည့်တာပဲ။သဖန်းသီး စားချင် သွားအုံးပေါ့၊

''ရွှမ်းမှည့်သဖန်း၊ နီမြန်းဆင်းဟန်၊ သဏ္ဍာန်စုတ်ပဲ့၊ တဲ့။ ပုံပန်း သဏ္ဍာန်ကလဲ သိပ်ပြီးတော့ ရှုစရာကောင်းတယ်၊ မုန့်ပဒူအုံ၊ မုန့်ပျားအုံကြီး လိုပဲ။

''မုန့်ယှက်ကွဲနှုန်း၊ သည်းနှလုံးကို၊ အုပ်ဖုံးတွဲရရှဲ။

''အသည်းနှလုံးရဲ့ အပေါ်က နေတယ်။ အသည်းနှလုံးများကို အဲဒီ အဆုပ်ကြီးက အုပ်ပြီးတော့ နေတယ်။ မုန့်ပဒူအုံကြီး တွဲလောင်း ဆွဲထား သလိုပဲ၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''အစားနည်းပြီ ဆိုလို့ရှိယင် 'ထန်သည်းတေဇော၊ ပူလောင်လာ၍' ဝမ်းထဲက တေဇောဓာတ်တွေ ပူလွန်း လောင်လွန်းလို့ အဆုတ်ကို အဲဒါ မီးတွေ တက်လောင်တယ်၊ ဝမ်းထဲက တေဇောမီးတွေ။

''ဒါကြောင့် ဘာဖြစ်တုံး၊ ဝမ်းထဲက အစာ မရှိယင် ရေငတ်တယ်။ ပင်ပင်ပန်းပန်း လုပ်ရလို့ တေဇောတွေ ကြွလာလို့ရှိယင် ရေငတ်တယ်။ ဒါ အဆုပ်က တောင်းတာ၊ အဆုပ်ကို အဲဒီ တေဇော ဓာတ်လောင် တာနော်''

''ထန်သည်းတေဇော၊ ပူလောင်လာ၍၊ ဩဇာမကပ်၊ နွားဝါး ဖတ်နှယ်၊ အဲဒီ တေဇောမီးလောင်ဖန်များလာတဲ့ အခါကျယင် ဒီအဆုတ် ဟာ ဘယ်လို ဖြစ်လာတုံးဆိုယင် နွားစားပြီးတော့ ထွေးထုတ်လိုက်တဲ့ ကောက်ရိုးဖတ်တွေလိုပဲ၊ ဖွယ်ပြီးတော့နေတယ်၊ ဘာမှ အဆီဩဇာ မရှိ ဘူးနော်''

''ဩဇာမကပ်၊ နွားဝါးဖတ်နှယ်၊ သုံးဆယ်နှင့်နှစ်၊ အသားတစ်၊ ဟူသော အဆုတ်အစုဖြင့်လည်း။ ပူရော၊ ရှုဖွယ်လိလိ အပြည့်ပါပေ။

''ဩဇာ မကပ်တဲ့ နွားဝါးဖတ်လို၊ အသား အတုံးကလေးတွေ၊ အတုံးကလေးတွေ ဆက်ပြီးတော့နေတာ ၃၂–တုံးလောက် ရှိတယ်တဲ့။

''အဲဒီလို ရှုစရာကောင်းတဲ့အဆုတ်ကြီးဆိုတာလဲ တို့ဝမ်းခေါင်းမှာ ရှိလေ၏။ အာရုံ ယူတားနော်''

**အညို့အကြောင်း သိကောင်းစရာ။** ။''ဝက္ကဿ၊ ပိဟကဿ စ၊
သိယ်ာဏိကာယ၊ ခေဠဿ၊
သေဒဿ စ၊ မေဒဿ စ၊
ဝက္ကဿစ၊စအညို့ဖြင့်လဲ။ ပူရော၊ ရှုဖွယ်လိလိ အပြည့်ပါပေ။

သိဿ်ာကာဿိကာယစ၊ နှုတ်ဖြင့်လည်း။ ပူရော၊ ရှ ဖွယ်လိလိ၊ အပြည့်ပါပေ။

ခေဠသာစ၊ တံတွေးဖြင့်လည်း။ ပူရော။ ရှ ဖွယ်လိလိ၊ အပြည့်ပါပေ။

သေဒသာစ၊ ချွေးဖြင့်လည်း၊ ပူရော၊ ရှ ဖွယ်လိလိ၊ အပြည့်ပါပေ။

မေဒသာစ၊ အဆီအခဲဖြင့်လည်း။ ပူရော။ ရှ ဖွယ်လိလိ၊ အပြည့်ပါပေ။

လောဟိတဿ လသိကာစ

ဝိတ္ထာဿ်စ ဝသာယစ။

လောဟိတဿ၊ သွေးဖြင့်လည်း။ ပူရော၊ ရှ ဖွယ်လိလိ၊ အပြည့်ပါပေ။

လသိကာယစ၊ အစေးဖြင့်လည်း။ ပူရော၊ ရှ ဖွယ်လိလိ၊ အပြည့်ပါပေ။

''ဒကာကိုအုံးဟန်ကြီး မမြန်ဘူးလား''

''မြန်ပါတယ် ဘုရား''

''ဒါပဲ၊ တရားဆိုတာ ရှည်ချင်လဲ ရှည်တယ်နော်၊ မြန်ချင်လဲ ခဏလေး။ တို့ အနီးစခန်းဆရာတော် ခဏခဏပြောတဲ့ ပုံပြင်လေး ရှိတယ်မဟုတ်လား''

''မှန်ပါဘုရား''

''ဘာပြောလဲ''

''သပြေခက်လေး ဖယ်လိုက်တယ်လို့ ပြောပါတယ်''

''တိုင်းပြည်က မင်းညီ မင်းသားတွေ ဟုတ်လား။ တိုင်းတပါးတက္ကသိုလ်တိုင်းပြည် ပညာသင်သွားကြတယ်။ တိုင်းပြည်တော်နဲ့ ဝေးသွားတော့ နှစ်ပေါင်း ၃–နှစ်၊ ၄–နှစ်၊ ၅–နှစ်၊ ၆–နှစ် ပညာသင်၊ ၁၄ နှစ်၊ ၅–နှစ်၊ ၆–နှစ်၊ အဲ တခါထဲ တိုင်းတော်ပြည်တော် ပြန်လာကြတယ်။ ပညာတတ်လို့။

''တောကြီးမျက်မဲ၊ ခရီးက အရှည်ကြီး၊ ''ရွှေဗဟိုစည်သံများ၊ မကြားရကြာချေပြီ။ လေးလရာသီ''ဆိုပြီးတော့ ဟုတ်လား၊ တောကြီးလာရတဲ့ခရီး၊ ဟုတ်လား။ ဘယ်လောက်ကြာလဲ။

"၄–လပါ ဘုရား"

"ရွှေဗင်္ဂိုစည်သံများ၊ မကြားရချေပြီ၊ 'လေးလရာသီ"ဆိုပြီးတော့ လေးလတောင်ကြာပြီ။ တောကြီးခရီး၊ ဒါပေမယ့် ရုပ်သေးပြနေတာ နော်...."

"မှန်ပါဘုရား"

"ဒီစင်ပေါ်တင်ပဲ လေးလကြာတယ်။ တောတန်းလှေးကလဲ ဘာလဲ ဆိုတော့ ရှေ့နား သပြေခက်လေးတွေ တိုးလို့တွဲလောင်း၊ ဟိုဆွဲဒီဆွဲ၊ အဲဒါ တောကြီးပဲ။ ကြီးကျယ်တဲ့ တောကြီးပဲ။ လေးလတောင် သွားရတဲ့ တောကြီး နော်"

"မှန်ပါဘုရား"

"ကိုင်း....စည်တော်သံကြား၊ နန်းပါး၀င်စေဗျား"ဆိုတော့ သပြေ ခက် ဆွဲလှန်လိုက်တာ ရောက်သွားရော မဟုတ်လား"

"ရောက်သွားပါတယ် ဘုရား"

"ကိုင်း.... တို့လဲ ခု သပြေခက်လှန်လိုက်တာ ၃၂–ကောဋ္ဌာသ တ၀က်လုံး ကျသွားရောနော်"

"မှန်ပါဘုရား"

"လေးလကြာတော့လဲ တဂါထာထဲနဲ့ ၄–ရက်တောင် ဖြစ်လာခဲ့ ပြီနော်"

"မှန်ပါဘုရား"

"ကိုင်း....ဒီတော့ အကျယ်မပြောဘူးလို့တော့ မအောက်မေ့လိုက် ပါနဲ့၊ ယခု ချုံးသွားတဲ့ စကားရပ်တွေ မနက်ဖြန်ညကျ အကျယ်ပြောမယ် မယ်နော်"

"မှန်ပါဘုရား"

"ဘယ်မှာ ရပ်ထားတယ်ဆိုတာတော့ မှတ်ထား၊ ခု ဘယ်မှာ အဆုံး သတ်ထားတာလဲ"

"မေ့သွားပါတယ် ဘုရား"

"ဒီလိုဆိုလို့ ရှိယင်လဲ အစက ပြန်ကောက်အုံးစို့"

"ဝိုင်းမှတ်ကြတာပေါ့ ဘုရား"

"သာတ္တကသမ္ပဇဉ်၊ သပ္ပာယသမ္ပဇဉ်၊ ဘို့ဒကာကြီးဂရုစိုက်၊ သာတ္ထက။ အကျိုးရှိရမယ်"

"မှန်ပါဘုရား"

"ဟဒယသဿ၊ ပပ္ဖာသဿ"

"ပပ္ဖာသ အဆုတ်မှာ တို့ရပ်တယ်တဲ့၊ နက်ဖြန်ခါ ဘယ်ကစ"

"အဆုပ်က စ,ရပါမယ် ဘုရား"

"ဪ....အဆုပ်က ပြန်စ,ရအုံးမှာလား"

"အဆုပ်မှာ ရပ်ထားတာပါ ဘုရား"

"အညို့က ပြန်ပြီးတော့စ,မယ်၊ ဒီကဲ့နေတော့ ဒီမှာပဲ နားတဲ့၊ နော်...."

"မှန်ပါဘုရား"

"ကိုင်း....သပြေခက် မလှန်မသးဘူး၊"ရွှေပဟိုရ်စည်သံများ၊မကြား ရကြာချေပြီ၊ လေးလှရာသီ" လေးလှနဲ့ နားကြဦးစို့"

ဝိဇယသုတ္တန်တရားတော် ပဉ္စမပိုင်း ၁

F-34

## ဝိဇယသုတ္တန်တရားတော် ပဉ္စမပိုင်း ၁

"ပဉ္စမပိုင်းဆိုတော့ နံနက်ဖြန်တော့ ဆဋ္ဌမပိုင်းအတွက် အချိန်ကလဲ အကန့်အသတ်၊ နာရီအကန့်အသတ်၊ ရက်အကန့်အသတ်နဲ့ ပြောစရာ၊ ဟောစရာ အကွက်တွေကလဲ များပြားတဲ့ သုတ္တန်တခု၊ ပြောစရာတွေက များစွာ၊ များစွာပဲ။ အကွက်တိုင်း၊ အကွက်တိုင်းမှာ ကျန်ကျန်ပြီးတော့ နေခဲ့တယ်။

"သို့သော် အရေးကြီးတဲ့အချက်တွေတော့ ပါတာပေါ့။ တကယ့် ပဓာနကျတဲ့ အချက်တွေအားလုံးပဲ ပြည့်ပြည့်စုံစုံ ပါသွားတယ်။

**ဖလေးမည်ရသုတ္တန်။** ။"ဝိဇယသုတ္တန်၊ ကာယဝိစ္ဆိန္ဒိက သုတ္တန်၊ ကာယဝိစ္ဆန္ဒိက သုတ္တန်၊ နန္ဒာသုတ္တန်၊ ဤသုတ္တန်ဟာ အမည် ၄–မျိုး ရပါတယ်။

ဝိဇယ၊ မိမိတို့ ဘဝသံသရာတလျှောက်လုံး၊ ခန္ဓာကိုယ်တွင်း၊ စိတ်အစဉ်မှာ ပူးဝင်စွဲကပ်နေတဲ့၊ တဏှာရာဂဆိုတဲ့ ဘီလူးကို အောင်မြင်ရာ အောင်မြင်ကြောင်း သုတ္တန်မို့ လို့ ဝိဇယသုတ္တန်၊နှမတော် ဇနပဒကလျာဏီ နန္ဒာကို ဟောတဲ့ သုတ္တန်မို့ လို့ နန္ဒာသုတ္တန်။

ကာယဝိစ္ဆန္ဒိကသုတ္တန်၊ ခန္ဓာကိုယ်၌ စွဲမက်နေသော ဆန္ဒရာဂကို ပယ်ဖြတ်တဲ့ သုတ္တန်မို့ လို့ ကာယဝိစ္ဆန္ဒိက သုတ္တန်။

''ခန္ဓာကိုယ်ကို အစိတ်စိတ် အပြာမြာ ဖြိုခွဲပြီးတော့ပြတဲ့ သုတ္တန်မို့လို့၊ အဲဒီလို အစိတ်စိတ် အပြာမြာ ပြိုကွဲသွားပြီး ခန္ဓာကိုယ်မှာ စွဲမက်နေတဲ့ တဏှာဆန္ဒကို ပယ်ဖြတ်တဲ့ သုတ္တန်မို့လဲပဲ ကာယဝိစ္ဆန္ဒိက သုတ္တန်၊ အမည် ၄–ပါးရတဲ့ သုတ္တန်တခု။

''ဒီတော့ သူ့ရဲ့ အမည်အားလျော်စွာပဲ ခန္ဓာကိုယ်ကို အစိတ်စိတ် အမြာမြာ ခွဲရမယ်။ အစိတ်စိတ်အမြာမြာ ခွဲပြီးတော့မှ သူက 'ဃန' ပြိုတယ်လို့ ဒီလို ခေါ်တယ်။

ဃန လေးမျိုး၊ ။''ဃန ကလဲ သမူဟဃန၊ သန္တတိဃန၊ ကိစ္စဃန၊ အာရမ္မဏဃန ဆိုပြီးတော့ ဃန ၄–ချက် ရှိတယ်။ အစိုင်အခဲကြီး ၄–မျိုး။ အဲဒါတော့ နက်ဖြန်ညကျမှ ပြောရမယ်။

''အဲဒီ ဃန ၄–ချက်ကို သဘောကျသွားလို့ရှိယင်လဲပဲ 'သုညတ' ဝင်တော့တာပဲ၊ ဃန တခုခု ခံနေယင်တော့ 'သုညတ' မဖြစ်ဘူး။

''ဟိုတနေ့က ပြောထားခဲ့တဲ့....

''စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊
နိသိန္နော ဥဒ ဝါ သယံ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊
ဧသော ကာယဿ ဣဉ္ဇနာ။

''အဲဒီ ဂါထာမှာ....

''စရံဝါ၊ သွားလဲ သွား၏။ ယဒိ၊ ထို့ပြင်။ တိဋ္ဌံဝါ၊ ရပ်လဲ ရပ်၏။ နိသိန္နောဝါ၊ ထိုင်လဲ ထိုင်၏။ ဥဒ၊ ထို့ပြင်။ သယံဝါ၊ အိပ်လဲ အိပ်၏။ ဣရိယာပုထ် ၄–ပါး။

''အဲဒီ ဣရိယာပုထ် ၄–ပါးနဲ့ သမ္ပဇဉ် ၇–ဌာနမှာ ဣရိယာပထ ၄–ဌာနနဲ့ သမ္ပဇဉ် ၇–ဌာန။ အဲဒီမှာ 'သတိ၊ ဝီရိယ၊ ပညာ' သုံးလုံးဖြင့် ယောဂီပုဂ္ဂိုလ် ကြိုးစားအားထုတ်တဲ့အခါကျတော့ ခြေလှမ်း တလှမ်းထဲမှာပင်လျှင်၊ စိတ္တဇဝါယောဓာတ်နဲ့ စိတ်၊ ဤ ၂–ခု၊ ကြောင်း ကျိုးဆက်ပြီးတော့ အလုပ် လုပ်နေပုံကို ခြေ လှမ်းတိုင်း၊ လှမ်းတိုင်း၊ မြင်သွားနိုင်လို့ရှိယင်ဖြင့် အဲဒီ ပုဂ္ဂိုလ်ဟာ ချပေးထားတဲ့ လက်ာလေးများ အတိုင်းပဲ။

''ပုဂ္ဂိုလ် မသွား၊ ငါ မသွား၊ ရုပ်သွား ဉာဏ်ဖြင့် ကြည့်။

"ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဥာဏ်ဖြင့် သိ၊ ဆိုတဲ့အတိုင်း ပြောဘ်.... 'ပုဂ္ဂိုလ်' သတ္တဝါ တစုံတယောက် သွားနေတာမှ မဟုတ်ပဲ၊ ဝါယောဓာတ်နဲ့ စိတ် နှစ်ခု အလုပ် လုပ်ပြီးတော့ ရုပ်တရားကြီး ရွေ့နေတာပဲ လို့ ထင်လာခဲ့လို့ရှိယင် အဲဒီမှာ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်း၍ သွားသောကြောင့် အဲဒါ သုညတ ဆိုက်တယ်လို့ အဲဒီလို ပြောတယ်။

"ဒီတော့၊ ဒါဖြင့် 'ခြေလှမ်း လှမ်းခြင်း၊ ဘုရားတပည့်တော်တို့' ဒီလိုပဲ ဟုတ်လား၊ ဝါယောဓာတ် မြင်ပါမလားလို့ ဆိုတော့၊ ဒါတော့ အာမ မခံဘူး။

"ဘယ့်နှယ်၊ ဒကာ ကိုအုံးဟန်ကြီး၊ အာမခံလို့ ရပါ့မလား"

"မရပါ ဘုရား"

"ရှုရမယ့်နည်းနဲ့ မြင်ရမယ့် သဘာဝ၊ တက်ရမယ့် တက်ဆင်ကတော့ ဒီလို၊ ဒီလို ရှိတယ်လို့၊ ဒါကတော့ ဟောတဲ့ ပြောတဲ့ ပုဂ္ဂိုလ်များ ပြပေးရမယ့် တာဝန်ပဲ။ ပြပေးရမယ့် တာဝန်။

"တကယ် လုပ်ကြည့်တဲ့ အခါကျတော့ အဘက်ဘက်က အကြောင်းတွေ ပြည့်စုံဖို့ရယ်၊ မိမိရဲ့ လုံ့လ ဝီရိယ၊ သဒ္ဓါတရား၊ ပညာရယ်၊ အဲဒါတွေကို ဘုန်းကြီးတို့ အနေနဲ့က ဘာမှ မခန့်မှန်းနိုင်ဘူး။

"ဘုန်းတော် ၆-ပါးသခင်၊ ဘုရားရှင်သည်ပင်လျှင် သတ္တဝါတွေကို တရားဟောတဲ့ နေရာမှာ သတ္တဝါတွေရဲ့ 'ဣန္ဒြိယပရောပရိယတ္တိဥာဏ်' ဆိုတာ ဘုရားမှာ ရှိတယ်။

"သတ္တဝါတို့ရဲ့ 'သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာလို့ခေါ်တဲ့ ဣန္ဒြေ ၅-ပါး' အရင့်အကျက် အတိမ်အနက်ကို ကြည့်ပြီးတော့ မြတ်စွာဘုရား ဟောပါတယ်။ အဲဒီ ဣန္ဒြေ ငါးပါး ရင့်ကျက်လို့ရှိယင် ရင့်ကျက်တဲ့ တရားကို ဟောတယ်၊ နုယင်လဲပဲ နုတဲ့ တရားကို ဟောတယ်။

"အဲဒါ မြတ်စွာဘုရားပဲ သိတယ်၊ တခြား အခြားသော ပုဂ္ဂိုလ်တွေ၊ ဘုရားရဲ့ သာဝကကြီးများ ဖြစ်ကြတဲ့ အဂ္ဂသာဝက၊ မဟာသာဝက ပုဂ္ဂိုလ်ကြီးတွေလဲပဲ အဲဒီ 'ဣန္ဒြိယပရောပရိယတ္တိဥာဏ်' က မရှိဘူး။

"ဘုရားမှာပဲ ရတဲ့ဥာဏ်၊ ဘုန်းကြီးတို့ကို ဓမ္မကထိက ပုဂ္ဂိုလ်ဆိုသာ၍ ဝေးတာပေါ့ ဒီဥာဏ်မျိုးကနေ့"

"မှန်ပါ ဘုရား"

''ဒီတော့ စာပေမှာ ဆိုတဲ့ အဆိုတွေကိုတော့ အချိန်နဲ့ ရက်ကို ကြည့်ပြီးတော့ အခွင့်ရသလောက်တော့ မခြင်းမချန် ဟောသွားမှာပဲ ဟုတ်တယ် ‧ မဟုတ်လား''

''အမိန့်ရှိပါ ဘုရား''

''မခြွင်းမချန် ဟောရမှာပဲ။ ဒီတော့ 'စရံ ဝါ၊ သွားလဲ သွား၏'၊ ဘယ်သူ သွားတာလဲဆိုတော့ အဲဒီမှာ 'သုညတ' ဆိုက်ရောက်အောင် တရားကိုယ် ကောက်လိုက်တော့ ရုပ်တရားကြီး သွားတာ။

''ကာယ ဆိုတာက ရုပ်တွေရဲ့ အပေါင်း၊ နာမ်တွေရဲ့ အပေါင်း၊ ကာယ နော်''

''မှန်ပါ ဘုရား''

''အဲဒီ ရုပ်နာမ် ၂–ပါး ပေါင်းထားတော့လဲပဲ ကာယ၊ ခန္ဓာ ၅–ပါး ပေါင်းတော့လဲ ကာယပဲ ဆိုတော့ ဘာတွေပဲပေါင်းနေ နေ၊ ရုပ်ပေါင်း ပေါင်း၊ နာမ်ပေါင်း ပေါင်း၊ အဲဒီ အစုအပေါင်း မှန်သမျှ 'ကာယ' လို့ ဆိုထားတယ်။

''ကာယရဲ့ သဘာဝတွေကို တနေ့က ပြောထားခဲ့တယ်။

''ခန္ဓာ ငါးပါး ပေါင်းယင် ကာယ၊ ရုပ်နာမ် ၂–ပါး ပေါင်း ထားလဲ ကာယ၊ ရုပ် ရုပ်ချင်း ပေါင်းနေတာလဲ ကာယ၊ နာမ် နာမ်ချင်း ပေါင်းနေတာလဲ ကာယ၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ကေသာ၊ လောမာ၊ အစရှိတဲ့ ၃၂–ကောဋ္ဌာသ ပေါင်းနေ တာလဲ ကာယ၊ စက်ဆုပ်ရွံရှာဖွယ်တွေ စုပေါင်းနေတာလဲ ကာယ၊ နောက်ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာ ၃–ပါး စုပေါင်း၍ နေသောကြောင့်လဲပဲ ဤ တလံ မျှလောက်သော အရာဝတ္ထုကြီး ဟာ 'ကာယ' ပဲ။

''အဲဒီတော့ အဲဒီမှာ ကာယ အကျဉ်းချုပ် ဘယ်နှစ်မျိုးရတုံး။

''၃၂–ကောဋ္ဌာသ အပေါင်းလို့ဆိုတဲ့ ကာယ၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ခန္ဓာငါးပါး အပေါင်းဆိုတဲ့ ကာယ၊ ပညတ်ပရမတ် ၂ မျိုးနော်''

''မှန်ပါဘုရား''

''၃၂-ကောဋ္ဌာနသဆိုတာက ပညတ်တရားပါ၊ ''ဆံပင်''ဆိုတာက ပညတ်ပဲ့ မဟုတ်လား။

"မှန်ပါဘုရား"

"အေး.... အဲဒါ သဘောကျထား၊ ဆံပင်ဆိုတာ ပညတ်တရား၊ ဒီတော့ ပညတ် ၃၂-မျိုး ပေါင်းထားတဲ့ အပေါင်းကြီးကို ဘာခေါ်တုံး...."

"ကာယပါဘုရား"

"ကာယ၊ အဲဒီပညတ် ၃၂–မျိုး၊ ၃၂– ပါးသော ကောဋ္ဌာသ အပေါင်းလို့ခေါ်တဲ့ ကာယကြီးကို....

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော"လို့ သုံးသပ်၊ သုံးသပ်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ရွံရှာဖွယ်အစုအပေါင်းဆိုတဲ့ ကာယအနေအားဖြင့် ဉာဏ်မှာထင်ရမယ်။ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ရွံရှာဖွယ်တို့ဖြင့် အစုအပေါင်းကြီးပါလားဆိုတဲ့ ကာယအနေအားဖြင့် ဉာဏ်မှာထင်ရမယ်။ အာရုံယူတဲ့အခါကျတော့ "ဆံပင် အစရှိတဲ့ ၃၂–ကောဋ္ဌာသ အစုအပေါင်းဆိုတဲ့ ကာယကိုရှု။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ရှုတဲ့အခါကျတော့ ၃၂–ကောဋ္ဌာသ အပေါင်းဆိုတဲ့ ကာယနော်...."

"မှန်ပါဘုရား"

"မြင်တဲ့အခါကျတော့၊ ဉာဏ်မှာ ထင်တဲ့အခါကျတော့ ရွံရှာဖွယ်၊ အစုအပေါင်းဆိုတဲ့ ကာယ၊ ဒီလိုမဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အေး.... အကြောင်းအကျိုး ဒီလိုလာတယ်။ နောက်တခါ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး အပေါင်းအစုတို့ရဲ့ ကာယ၊ ဒါက ပရမတ္ထကာယ။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"တို့ပရိသတ် ကာယတွေ သေသေချာချာခွဲထား၊ မှတ်ထားနော်"

"မှန်ပါဘုရား"

"ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ငါးပါးပေါင်းတာက ဘာကာယ"

"ပရမတ္ထကာယပါဘုရား"

"အေး.... ပရမတ္ထတရားတွေ ပေါင်းထားတဲ့ ကာယ၊ အဲဒီပရမတ္ထတရား ပေါင်းထားတဲ့ ကာယကို ရှုလို့ ရှိယင် အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်လို့ခေါ်တဲ့ လက္ခဏာသုံးပါး ထင်ရမယ် မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီ လက္ခဏာသုံးပါး ပေါင်းနေတဲ့အတွက်ကြောင့် ရုပ်၊ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတာ ဘာတဲ့တုံး"

"ကာယပါဘုရား"

"ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး ကာယကို ရှုယင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာသုံးချက် အပေါင်းဆိုတဲ့ ကာယထင်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"၃၂–ကောဋ္ဌာသ ကာယကိုရှုယင်တဲ့၊ ရှံရှာဖွယ် အမှတ်သညာဆိုတဲ့၊ ရှံရှာဖွယ် အစုအပေါင်းဆိုတဲ့ ကာယထင်၊ အဲဒီလိုသုံး၊

"ဒီတော့ ရုပ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ။ဝိညာဏ်ငါးပါးပေါင်းတဲ့ နေရာမှာ ခြေတလှမ်းထဲမှာတဲ့၊ ''လှမ်းတယ်၊ လှမ်းတယ်''လို့ ရှုနေတဲ့ နေရာမှာ ဘာကာယကို ဦးစားပေးရှုသလဲ"

"ရုပ်ကာယကို ဦးစားပေးပါတယ် ဘုရား"

"အေး....''ရူပကာယ''ကို ဦးစားပေး၍ရှုတယ်၊ အဲဒီ ရူပကာယကလဲပဲ ရုပ်အမျိုးအစားတွေ မြောက်မြားစွာရှိတဲ့ အထဲက ဓာတ်ကြီး ၄–ပါးတို့ဘွင် တစိတ်တဒေသ အပါအဝင်ဖြစ်နေတဲ့''ဝါယောကာယ'' ဟုတ်ပြီလား"

"မှန်ပါဘုရား"

**ခြေလှမ်း့လှမ်းတဲ့ကိစ္စ ၃–ချက်။**　။"ဝါယောကာယရဲ့ သတ္တိလေးကို မိမိတို့ရဲ့ လှမ်းတဲ့အလုပ်ကို လုပ်နေတဲ့ ခြေထောက်ထဲမှာ၊ ဝါယောဓာတ်ရဲ့ သတ္တိလေးကို မပေါ် ပေါ်အောင် ဉာဏ်ဖြင့် စိုက်ပြီးတော့ ကြည့်တယ်နော်။ အေး....လှမ်းသည်၊ လှမ်းသည် ဆိုတော့ လှမ်းတဲ့ကိစ္စ ၃–ခု (၁) ကြွခြင်း၊ (၂) ရှေ့သို့ပို့ခြင်း၊ (၃)နင်းခြင်း။ ကိစ္စ ဘယ်နှစ်ခု"

''၃–ခုပါဘုရား''

''အဲဒီ ၃–ခုမှာ စိတ်သည် မလှုပ်တမ်း၊ ၃–ချက်လုံး မိလာလို့ ဤ ပေါ်မှာ စိတ်ငြိမ်လာတဲ့အခါကျယင်၊ ဥာဏ်စိုက်ထည့်လိုက်။ ''လှုပ်တယ်၊ လှုပ်တယ်''ဆိုတဲ့ နေရာမှာ လှုပ်တဲ့ အမူအရာကိုပဲ အာရုံပြုနေတယ်၊ ပရမတ္ထသတ္တဝါကို အာရုံယူမိရက်သား မရှိသေးဘူး၊ အဲဒီအချိန်မှာနော်။

''ဝါယောဓာတ်ရဲ့ ပရမတ္ထသတ္တဝါကို အာရုံယူရမှာ ဖြစ်တဲ့အတွက်ကြောင့်၊ အဲဒီ လှုပ်တယ်လို့ ခေါ်တဲ့ ခြေထောက်ကြီးရဲ့ သဏ္ဍာနပညတ်၊ သမူဟပညတ်အတွင်း ပျံ့ပြီးတော့ ဝင်နေတဲ့ ဝါယောလေဓာတ်၊ ရုပ် ပရမတ္ထတရားတွေရဲ့ သတ္တဝါဆိုတာ ၊တွန်းကန်တဲ့သတ္တဝါ ရှိပါတကားလို့ ဆိုတယ်။

''အဲဒီ တွန်းကန်တဲ့သတ္တဝါလေး၊ ဘယ်လို နေပါလိမ့်မလဲဆိုတာ ''သတိ''ရယ်၊ ''ပညာ''ရယ်၊ ''ဝီရိယ''ရယ်၊ ဒီတရား ၃–လုံး အားကောင်းကောင်းနဲ့ ဥာဏ်သွင်းထည့်လိုက်စမ်း။ ဥာဏ်ကလေးသွင်းပြီးတော့ ထည့်လိုက်စမ်း။

''ပထမတော့ မမြင်ရဘူး၊ ခပ်မှိန်မှိန်ဖြစ်နေတယ်၊ ခြေထောက်ကြီးပဲ မြင်နေမယ်နော်။ ပထမတော့ ခြေထောက်ဆိုတဲ့ သဏ္ဍာန်ကြီးပဲ မြင်နေမယ်။နောက် တဖြည်းတဖြည်း ကြည့်ယင်းကြည့်ယင်းနဲ့ အဲဒီသဏ္ဍာန်ပျောက်ပြီး၊ ဥာဏ်က ရှာနေတာက၊ တွန်းကန်တဲ့သတ္တဝါ ရှာနေတာ။ ဘာရှာနေတာလဲ''

''တွန်းကန်တဲ့သတ္တဝါကို ရှာပါတယ် ဘုရား''

''တွန်းကန်တဲ့သတ္တဝါကို ရှာနေသည် ဖြစ်လေသောကြောင့်၊ အဲဒီ ရှေ့မှာ တွန်းကန်တဲ့ ဝါယောဓာတ်ရဲ့ သတ္တဝါ၊ မြောက်တင်ပေးလိုက်တာ၊ ပေါ့ကနဲ တက်သွားတယ်။ဝါယောဓာတ်၊ ရှေ့သို့တွန်းပေးလိုက်တဲ့ ဝါယောဓာတ်။ နှိမ့်ပြီးတော့ ချလိုက်တဲ့ ဝါယောဓာတ်။ ဒီလို မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''အဲဒီ ဝါယောဓာတ်တွေ တရစပ် အလုပ်လုပ်ပုံ ဥာဏ်ထဲမှာ လင်းကနဲ ပေါ်လဲလာရော သဏ္ဍာန်ကြီး ကျန်အုံးမလား''

''မကျန်တော့ပါ ဘုရား''

''မကျန်တော့ပြီတဲ့၊တော်တော်ကြာ'ငါ့ခြေထောက်ကြီး ပြတ်နေပြီ' လို့ ဒီလိုတောင် ထင်တတ်တယ်၊ ခြေထောက်ကြီး မရှိတော့ဘူး။ ပေါ့နေတာပဲ၊ အဲဒီလိုတောင်ထင်လာတတ်တယ်။

''အဲဒီလို ဝါယောဓာတ်ရဲ့သတ္တိ ပိုင်လာတဲ့အချိန်မှာ 'ဒီဝါယော ဘာကြောင့်ဖြစ်' ဆိုပြီးတော့ သူရဲ့အကြောင်းကို စူးစိုက်သာတယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ရဲ့ အလုပ်''

''ဒီဝါယောဓာတ် တွန်းကန်တဲ့သတ္တိ ဘာကြောင့်ဖြစ် ဆိုတဲ့ အကြောင်းကို စူးစမ်းလိုက်တဲ့အခါမှာ သူ့နောက်က နေပြီးတော့ တွန်းပေးနေတဲ့ ဝါယောဓာတ်တွေ ကြွလာအောင် နှိုးဆော်ပေးနေတဲ့ စိတ်၊ အဲဒါလေးတွေလား''

''မှန်ပါ ဘုရား''

''အဲဒါ စိတ်နဲ့ ဝါယောဓာတ်နဲ့ ကပ်ခနဲ၊ ကပ်ခနဲ တွဲပြီးတော့ အလုပ် လုပ်သွားပုံလေး၊ ၂-မျိုး ပေါ်လာခဲ့လို့ရှိယင်၊ အကြောင်းရော၊ အကျိုးရော၊ ရုပ်ရော၊ နာမ်ရော၊ ဒီမှာ ထင်လာတယ် မဟုတ်လား''

''မှန်ပါ၊ ထင်လာပါတယ် ဘုရား''

''အေး၊ အဲဒီလို ဆိုလို့ရှိယင်ဖြင့် နာမ်တရားလို့ခေါ်တဲ့ စိတ်က အလုပ် လုပ်ပေးသဖြင့် တိုးတဲ့ တွန်းကန်တဲ့ ဝါယောဓာတ်ကနေပြီးတော့ ရွှေ့လိုက်သဖြင့်၊ တဲ့။ ဤရုပ်တရားကြီး ခရွေ့ရွေ့ နေပါကလားလို့ သဘော ကျလာခဲ့လို့ရှိယင်ဖြင့် ဤယောဂီပုဂ္ဂိုလ်ရဲ့ ဉာဏ်ထဲမှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ သွားနေတယ်ဆိုတဲ့ အသိဉာဏ် ဆိတ်သုဉ်းပြီးသကာလ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ သွားနေတယ်ဆိုတဲ့ အယူအဆ ဆိတ် သုဉ်းပြီးသကာလ၊ ဘာဖြစ်လာသလဲ''

''သုညတ ဖြစ်သွားပါတယ် ဘုရား''

''သုညတ ဘာဆိတ်လဲ ဆိုတော့ 'အတ္တဆိတ်က သုညတ'။ ဒါကြောင့်....

''ပုဂ္ဂိုလ် မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ။

။ မထိုင်၊ ငါမထိုင်၊ ရုပ်ထိုင် ။

။ မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ။

။ မကွေး၊ ငါမကွေး၊ ရုပ်ကွေး ။

။ မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ။

''လို့ ဒီလို ပြောခဲ့တယ်နော်''

''မှန်ပါဘုရား''

''အဲဒါက ဣရိယာပထပိုင်းနဲ့ ပတ်သက်လို့ ပြန်ပြီးတော့ ကောက် နုတ်ချက် ပြောသည်။

''သမ္မာဉာဏအပိုင်းမှာလဲပဲ သမ္မဇည ၇–ဌာန၊ ဣရိယာပထဆိုတာက ဘာတဲ့လဲ။ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်။ အိပ်တယ်။ ၄–ခု။ ထို သမ္မဇည ပိုင်း ကျတော့လဲပဲ၊ ရှေ့တိုးတယ်၊ နောက်ဆုတ်တယ်။ သွားတယ်။ ဒါလေးတွေ အကုန်ပြန်ပါတယ် နော်''

''မှန်ပါဘုရား''

**ဣရိယာပထနှင့် သမ္မဇဉ်ခွဲပုံ။** ။''ဂစ္ဆေ၊ ဌိတေ၊ နိသိန္နေ၊ တုဏှီဘာဝေ၊ သမ္မဇာနကာရီ ဟောတိ။

''ဂစ္ဆေ၊ သွားသည်ရှိသော်၊ ဌိတေ၊ ရပ်သည်ရှိသော်၊ နိသိန္နေ၊ ထိုင်သည်ရှိသော်။ တုဏှီဘာဝေ၊ ဆိတ်ဆိတ်နေသည်ရှိသော်။ တုဏှီဘာဝေ၊ မဆိုတိတ်တိတ် ဆိတ်ဆိတ်နေသည်ရှိသော်။ သမ္မဇာနကာရီ၊ သတိ၊ ပညာဖြင့် ဆင်ခြင်၍ပြုလေ့ရှိသည်။ ဟောတိ၊ဖြစ်၏။

''ဟို သမ္မဇဉ်ပိုင်းမှာလဲ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ အိပ်ခြင်း၊ ဆိတ်ဆိတ်နေခြင်း၊ဒါတွေပြန်ပါလာတော့ ဘယ်နှယ် သမ္မဇဉ်နဲ့ဣရိယာပထ ရောမနေဘူးလားလို့ ပြောစရာရှိတယ်။

''မရောဘူးတဲ့၊ ''သွား၊ ရပ်၊ ထိုင်၊ လျောင်း'' ဣရိယာပုထ် ၄–ပါး ကို မြတ်စွာဘုရား ဟောတာက ကြာမြင့်စွာ ကာလတို့ တလျောက်လုံး သွားတယ်ဆိုလို့ရှိယင် အကြာကြီးသွားနေတာ၊ ရပ်တယ်ဆိုလို့ရှိယင်လဲ ကြာမြင့်စွာ ရပ်နေတာ။ ထိုင်တယ်ဆိုလို့ရှိယင်လဲ ကြာမြင့်စွာပဲ၊ အိပ်တယ်ဆိုလို့ ရှိယင်လဲ ကြာမြင့်စွာ အိပ်နေတာ။

''အဲဒီလို အချိန် များစွာယူပြီးတော့ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ အိပ်တယ်ဆိုတဲ့ နေရာကို ရည်ရွယ်ပြီးပြောတော့ မြတ်စွာဘုရား ဣရိယာပုထ် ၄– ပါးကို ဟောတယ်။ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ကိုင်း....ရပ်တယ်ဆိုတဲ့ နေရာမှာလဲ၊ ဝါဒကာ ဒကာမတွေ ရပ်နေရုံနဲ့၊ ဣရိယာပုထ်ဘခုထဲ ရပ်နေရုံနဲ့၊ ရပ်တဲ့ဣရိယာပုတ် တခုထဲမှာ နေနေရုံနဲ့ ကိစ္စမပြီးကြဘူး။ အဲဒီ ရပ်နေယင်းနဲ့ပဲ ရှေ့နားလေး ရွှေ့လိုက်၊ နောက်နားလေး ရွှေ့လိုက်၊ ဘေးဘက်ယိမ်းလိုက်။ ခဏခဏ မလုပ်ဘူးလား''

''လုပ်ပါတယ် ဘုရား''

''ထိုင်နေယင်ကော''

"လုပ်ပါတယ် ဘုရား"

"ထိုင်နေယင်လဲပဲ၊ ထိုင်တဲ့ ဣရိယာပုထ်ဘခုထဲ မနေကြပဲနဲ့ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ ဘေးဘက်စောင်းလိုက်၊ ဟိုဘက်ရွှေ့လိုက်၊ ဒီဘက်ငဲ့လိုက်၊ ခဏခဏ လှုပ်ရှားမှုတွေ ရှိမနေဘူးလား"

"ရှိပါတယ် ဘုရား"

"အဲဒီထိုင်နေတဲ့ ဣရိယာပုထ် တခုထဲမှာပင်လျှင်၊ ကြားထဲမှာဝင်၊ ဝင်ပြီးတော့လာတဲ့၊ ဟိုဘက်ငဲ့လိုက်၊ ဒီဘက်စောင်းလိုက်၊ ဟုတ်လား၊ ခါးကလေး ညွတ်လိုက်၊ ရှေ့နားလေးနည်းနည်းတိုးလိုက်။ နောက်နားလေးနည်းနည်းဆုတ်လိုက်၊ အဲဒီလို အမျိုးမျိုး ပြုပြင် လှုပ်ရှားပေးနေတာတွေဟာ သမ္ပဇဉ်ထဲ ဝင်သွားတယ်။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"တနေရာထဲ အကြာကြီးထိုင်နေ၊ တင်ပါးနဲ့ အောက်က ကြမ်းနဲ့ ထိဖန်များတော့ ဒီနေရာ ပူလာတယ် မဟုတ်လား"

"ပူလာပါတယ် ဘုရား"

"ပူလာတော့ ရှေ့နားလေး နည်းနည်းရွှေ့လိုက်၊အဲဒီ ရှေ့နားလေးကလဲ ပူလာပြန်တော့နောက်နားလေး နည်းနည်းရွှေ့လိုက်၊တော်တော်ကြာ ဘေးဘက်ကလေး စောင်းလိုက်နဲ့။ ဒီလို ခဏခဏ လုပ်နေတယ်နော်"

"မှန်ပါဘုရား"

"အဲဒီလို လှုပ်ရှားမှုလေးတွေ၊ ရှေ့တိုးခြင်း၊ နောက်ဆုတ်ခြင်းလေးတွေဟာ သမ္ပဇဉ်ထဲအကုန်သွင်း။ နားလည်ပြီနော်"

"မှန်ပါဘုရား"

"ဣရိယာပုထ် ကြာမြင့်စွာ ကာလတလျှောက်လုံး လုပ်နေတဲ့ ဣရိယာပုထ်ကို ဣရိယာပထ ၄–ပါးမှာ ယူ။ အဲဒီ ဣရိယာပုထ်ကြီး တခု တခု အတွင်းမှာ ဝင်နေတဲ့ ကြားဝင်နေတဲ့ လှုပ်ရှားမှုကလေးတွေက သမ္ပဇဉ်မှာ ယူ။

"အဲဒါ ၂–ခု ရှင်းအောင် မှတ်ထား၊ အဲဒါ ကောက်နုတ်ချက်။ မနေ့က တို့ပရိသတ် မရှင်းပဲနေမှာစိုးလို့ ပြန်ပြောယူတယ်။ ကိုင်း–ခန္ဓာကိုယ်ကြီး တကိုယ်လုံး တည်ဆောက်ပုံကိုလဲ ဟိုတနေ့က ပြောထားခဲ့တယ်။ ဘယ်ကစ တည်ဆောက်၊ အရိုးက စပြီးတော့ တည်ဆောက်မယ်တဲ့။

''ခန္ဓာကိုယ်ကြီးတည်ဆောက်တော့ အရိုးပေါင်း ၃၀၀– ပထမ ဆက်စပ်ပြီးတော့ တည်ထောင်၊ အပေါ်၌ အကြောတွေနဲ့ဆိုင်း၊ အဲဒီ အကြောတွေပေါ်က အမြေးကလေးတွေ ထပ်ပါ။ အပေါ်ကနေပြီးတော့ အသားတွေနဲ့ကိုက်၊ အဲ–အသားတွေနဲ့ အရိုးနဲ့၊ အကြော အကြားအကြား တို့မှာ အသားတွေနဲ့ ပိတ်ပြီးသကာလ အပေါ်က အမြေးကလေးအုပ်။ အဲဒီအပေါ်မှာ ဘာလုပ်မလဲ''

''အရေထူ အုပ်ရပါတယ် ဘုရား''

''အရေထူးကြီးအုပ်။ အရေထူ မအုပ်သေးဘူးတဲ့။ ကြားထဲမှာ တခု ရှိသေးတယ်။ အဆီပြင်ကြီးနော်''

''မှန်ပါဘုရား''

**အသိဘကြောင်း သိကောင်းစရာ။** ။''မေဒသာစ၊ ထက်ခြမ်းခွဲသည်၊ နန္ဒင်းခဲအတူ၊ ဆူသောသူအား၊ ရေသားကြား၌၊ ကုံသူအားမှာ၊ ဆူရာရာမှိသော၊ အဆီခဲစုဖြင့်လည်း။ ပူရော၊ ရှုဖွယ်လိလိ၊ ပြည့်ရှုံနေ၏''တဲ့။

''အဆီပြင်ကြီး ကြည့်စမ်းပါ။ ''ထက်ခြမ်းခွဲတဲ့။ နန္ဒင်းခဲ''ကြီးလိုပဲ၊ နန္ဒင်းတက်ကြီးကို ထက်ခြမ်း ခွဲလိုက်လို့ရှိယင် ဝါဝါကြီး ပေါ်မလာ လား''

''ပေါ်လာပါတယ် ဘုရား''

''အဲဒီလိုပဲ၊ အဆီပြင်ကြီးဆိုတာ အရေပြားကြီးနဲ့ အသားရဲ့ကြား မှာ အဆီပြင်ကြီးတွေ ရှိတယ်၊ ဝတဲ့သူများ ပိုပေါ်ပါတယ်။ ပိန်တဲ့လူဆိုလို့ရှိ ယင်တော့ အသားများတဲ့ နေရာတိုင်း နေရာတိုင်းမှာ အဆီပြင်ကြီးတွေ ရှိ ပါတယ်။

''အဲဒီတော့....

''ထက်ခြမ်းခွဲသည့်၊ နန္ဒင်းခဲအတူ၊ ဆူသောသူအား ရေသား ကြား၌။

''ဆူတဲ့သူမှာ၊ ဝတဲ့သူမှာ၊ အရေ၊ အသားကြား။

''ကုံသူအာ မှာ၊ ဆူရာရာပိသော''

''ပိန်တဲ့သူကျတော့ အသားများတဲ့နေရာ နေရာတို့မှာမှိပြီးတော့နေ သော၊ အဆီပြင်ကြီးကလဲ အပေါ်က တထပ်၊ အဲဒီအပေါ်ကျမှ အရေပြား ကြီးတထပ်၊ ဒီအပေါ်က အရေပါးပါးကလေးတထပ်။ ဒီလိုနော်။

"အဲဒီလို တည်ဆောက်ထားတဲ့ ၂–ဘက် အပေါက်ရှိတဲ့ အိတ်ကြီး သဖွယ် ဖြစ်နေတဲ့ ဒီတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့နဲ့ တကွ ဟောသူ၊ နာသူ ၂–ဦး သူတို့ရဲ့ ခန္ဓာကိုယ်ထဲမှာ ကြည့်။

"အထဲ ဘာတွေထည့်မယ်။ အစာတွေသွတ်၊ ပဲတွေ၊ နှမ်းတွေ၊ စပါးတွေ၊ ပြောင်းတွေ အမျိုးမျိုးထည့်တဲ့ အိတ်ကြီးလိုပဲ၊ ဤခန္ဓာကိုယ်ကြီးရဲ့ အတွင်းပိုင်းကိုလဲ ထည့်ကြည့် တဲ့။

"အန္တပူရော ဥဒရပူရော၊ ယကနပေဠသာ ဝတ္ထိနော။

"အန္တပူရော၊ အူမခွေဖြင့် ပြည့်၏။ ပထမနံပါတ် (၁) ထည့်လိုက်တာ အူခွေကြီး၊ မနေ့က ပြောခဲ့တယ်"

"မှန်ပါဘုရား"

"အူခွေကြီး၊ အမျိုးသားတွေကျတော့ ဘယ်လောက်ရှည်တယ်"

"၁၀–တောင်နဲ့ ၂-မိုက်ပါ ဘုရား"

"အမျိုးသားတွေကျတော့ ၁၀–တောင်နဲ့ ၂–မိုက်၊ မိုက်အပြည့်ပြောယင် ၃၂–မိုက်ရှိမယ်"

"အမျိုးသမီးတွေကျတော့"

"၂၈–မိုက်ပါ ဘုရား"

"၂၈–မိုက် ရှိမယ်တဲ့။ ၃၂–မိုက် အတောင်ဖွဲ့လိုက်တဲ့အခါကျတော့ ၁၀–တောင် ၂–မိုက်ရတယ်။ ၂၈–မိုက်ကို အတောင်ဖွဲ့မယ်ဆိုယင် ၉–တောင်နဲ့ ၁–မိုက် ရှိမယ်တဲ့။

"၃–၉ လီ ၂၇–မဟုတ်လား"

"မှန်ပါဘုရား"

"အူတိုကြတဲ့ အမျိုးသမီးတွေ ၉–တောင်နဲ့ ၁-မိုက်၊ အူရှည်တဲ့ ယောကျ်ားတွေကျတော့ ၁၀–တောင်နဲ့ ၂–မိုက်၊ အဲဒါကြီး ခေါင်းဖြတ်ပြီးတော့ သွေးကျင်းကြီးထဲမှာ ထည့်ထားတဲ့ လင်းမြွေကြီးသဏ္ဍာန်၊ အထဲမှာ အခွေလိုက်၊ အခွေလိုက်နဲ့ ၂၁–ခွေ ရှိတယ်။

"အဲဒီ ၂၁–ခွေ ခွေထားတဲ အူခွေကြီးတွေရဲ့ အကြား အကြားမှာ တခုနဲ့တခု အူကို မပြတ်ရအောင်ဆိုပြီးတော့ အခွေလိုက်၊ အခွေလိုက်နဲ့ အူခွေကြီးတွေ ပြိုပြီးတော့ ကျမသွားအောင် ဖရိုဖရဲ ပြိုကျမသွားအောင် ဆက်ပေးထားတဲ့ အူသိမ်ကလေးတွေဆိုတာ ရှိသေးတယ်။

"အူသိမ်ကလေးတွေနော်၊ အဲဒီ အူသိမ်ကလေးတွေကျတော့ ဘယ်လို ပြောသလဲဆိုလို့ ရှိယင်ဖြင့်။

အူသိမ်အကြောင်း သိကောင်းစရာ။ ၊အန္တ'၊ အန္တဂုဏ်။ 'အနန္တဂုဏ်'၊
ကြာသိမ်မြစ်ဟန်၊ဆင်းသဏ္ဌာန်နေ၊
အူမခွေကို၊ နေရာတကျ၊ မလျှောရအောင်၊ ဖွဲ့နှောင်လျှိုထိုး၊ ခြေသုတ်
ကြိုးဝယ်၊ ကြိုးငယ်အလား၊ မခြားတူပြီ၊ အူကြားမှာ တည်သော၊ အူသိမ်
အူနု၊ အူအစုသည်။ ဂူမသို့ကာယေ၊ တွင်းပနေ်းကျင်၊ မစင်ပြည့်မြမ်း၊
ရှုဖွယ်လွမ်းထ၊ ဤကာယ၌၊ အတ္တိသံဝိဇ္ဇတိ၊ ထင်ရှားပုံသော၊ ရှိတုံချေ၏
တကား၊

"အူသိမ်တဲ့'ကြာသိမ်မြစ်ဟန်၊ဆင်းသဏ္ဌာန်နေ' ကြာသိမ်ဆိုတာက
ကြာပင်တွေ တခါထဲ အိုင်ထဲပေါက်နေတဲ့ ကြာပင်တွေ၊ မိုးဦးကျ ရေ
ကလေးနဲ့ ထိလိုက်တဲ့အခါ ထလာလိုက်ကြတာ၊ မိုးကုန်သွားပြီ၊ မိုးတွင်း
အခါဆိုလို့ ရှိယင်တော့ စည်စည်ကားကားနေ၊ မိုးကုန်သွားပြီဆိုလို့ ရှိယင်
ဘယ်လိုဖြစ်လဲ၊ ကြာတွေဟာ တဖြည်းဖြည်းနဲ့ မြေကြီးကပ်သွား၊
ကျွဲတွေနင်း၊ နွားတွေနင်းနဲ့ ကြာရွက်တွေ မရှိပြန်ဘူး။

"အဲဒီ ကြာမြစ်၊ ကြာစွယ်၊ ကြာဥလေးတွေကတော့ ရွံ့ထဲနွံထဲမှာ
တခါထဲ သူတို့က ပြားပြားဝပ်ပြီးတော့ နေ တယ်၊ သေလဲ မသေနိုင်ဘူး။
နောက်မိုး တမိုးနဲ့တွေ့၊ ဖြစ်ပေါက်လာပြန်ရော။

"အဲဒီလို ဖြစ်ပြန်များတဲ့အခါကျတော့ အပင် မသန်တော့ပဲနဲ့
အထဲမှာ အမြစ်တွေက ဘယ်လိုဖြစ်နေတုံး၊ ရှုံ့တွေးပြီးတော့ အမြစ်တွေ
တခါထဲ ပွာပြီးတော့ အများကြီး စုနေကြတယ်။

"မိုးဦးကျ ပေါက်လာတဲ့ အနွယ်လေးတွေဟာ သေးသေး သေး
သေးကလေး အနွယ်လေးတွေဟာ အများကြီးပဲ။ အပင်တော့ မသန်ဘူး။
အဲဒီ ကြာသိမ်မြစ်များလိုပဲ၊ ခုနက အူသိမ် ဆိုတာလေးတွေဟာ။

"နောက် ဥပမာ တခုက ဘာပြောတုံး ဆိုလို့ရှိယင် 'ခြေသုတ်
ကြိုးဝန်း' ခြေသုတ်ကြိုးဝန်းကို ခက်ပြီးတော့ ဆိုင်းပြီးတော့ထားတဲ့
ကြိုးငယ်လေးများလိုပဲ။

"ကိုင်း၊ 'ခြေသုတ်ကြိုးဝန်း' ဆိုတာက ဒီကနေ့ တရားနာ ပရိသတ်
အနေနဲ့ တွေ့ဖူးကြုံဖူး တော်တော်နည်းသွားမယ်၊ ရှေးတုန်းက ကျောင်း
တွေမှာတော့ ဘယ်လိုလုပ်တုံးဆိုလို့ရှိယင် သက်န်းအဟောင်း၊ အဆွေး၊
အစုတ်တွေ၊ ဘယ်လိုမှ သုံးမရတော့တဲ့ ဆွေးမြေ့နေတဲ့ အဟောင်းတွေကို
ဟုတ်လား၊ ကြိုးကြီးတွေ ခပ်ဖွားဖွား၊ ကြိုးကြီးတွေ အရှည်ကြီးတွေကျစ်။

"အတောင် နှစ်ဆယ်၊အစိတ် ကြိုးကြီးတွေ ကျစ်၊ အဲဒီ အခါမှာ ဝိုင်းပြီးတော့ ညီနေအောင်၊ အခွေလိုက်၊ အခွေလိုက်၊ သူက ခွေလိုက်တယ်၊ ဟုတ်လား။ လင်ဗန်းလောက် အဝိုင်းကြီး ဖြစ်လာအောင် ကြိုးတွေကို ခွေလိုက်တယ်။

"အဲဒီ ကြိုးအခွေကြီးကိုမှ ကြားထဲကနေပြီးတော့ ကြိုးသိမ် သေးသေးကလေးတွေနဲ့ ရှောက်၊ ရှောက်၊ ရှောက်၊ ရှောက်ပြီးတော့ တုပ်ဆိုင်းပြီးတော့ထားတယ်။ အဲဒီ အဝိုင်းကြီး တခါထဲ ပြန့်ကြဲမသွား အောင်ဆိုပြီးတော့၊ အဲဒါ လှေကားရင်းမှာ ချထားတယ်၊ 'ခြေသုတ် ကြိုးဝန်း' ဆိုတာ ဒါပဲနော်"

"မှန်ပါ ဘုရား"

"အဲဒီ ခြေသုတ်ကြိုးဝန်း၊ ကြိုးခွေကြီးဟာ ဖရိုဖရဲ ပြိုကျဲပြီး တော့ ထွက်မသွားအောင် ဆိုပြီးတော့ ကြိုးသိမ်၊ ကြိုးငယ်လေးတွေနဲ့ တုပ်ဆိုင်းပြီးတော့ ချည်နှောင်ထားသလိုပဲ၊ ခုနက ကြိုးခွေကြီး ၂၁–ခွေ ကိုလဲပဲ အူသိမ်လေးတွေဆိုတာနဲ့ ကြားထဲကနေ ရှောက်၊ ရှောက်၊ ရှောက်၊ ရှောက်ပြီးတော့ တွဲပြီးတော့ ဆက်ပေးထားရတယ်၊ ဒီလိုနော်"

"မှန်ပါ ဘုရား"

**အူ အတက်ပေါက်။** ။"တခါတခါ အစားလွန်လို့ရှိယင် အဲဒီ အူသိမ်ထဲ အစာထဲ ဝင်ကုန်၊ အစာဟောင်းကလဲ မထွက်နိုင်၊ အစာသစ်တွေလဲ အစားများ၊ အစာဟောင်းက မထွက်၊ အစာသစ်က များများ စားလာလို့ရှိယင် တခါတခါကျတော့ အဲဒီ အူသိမ်လေးတွေ ထဲကို အစာတွေ ဝင်သွား။

"အဲဒီလို အူသိမ်ထဲ ဝင်သွားတဲ့ အစာတွေကို ပြန်ထွက်ဖို့ဆိုတာ တော်တော် ခက်တယ်၊ လွယ်လွယ်ကူကူ ဆေးဝါးနဲ့ ထွက်သွားယင်တော့ ကိစ္စမရှိဘူး၊သူ့ဟာသူ ခေတ်တွေ ဝမ်းတွေ မှန်လို့။

"အကယ်၍ အူသိမ်ထဲ ဝင်နေခဲ့တဲ့ အဲဒီ အစာတွေဟာ ပြန်မထွက် ခဲ့ယင်၊ တဖြည်းဖြည်းနဲ့ ပုပ်ပြီးတော့ အဲဒီဟာ ဒီအူသိမ်လေးတို့ ဘာတို့ တောင်းလာနော်။

"တော်တော်ကြာပြီ ဆိုလို့ရှိယင် အဲဒီ အူသိမ်လေးဟာ ပေါက် ထွက်သွားတယ်၊ အဲဒီအချိန်မှာ အူမကြီးထဲက အစာတွေဟာ နီးရာ

အပေါက်ကနေ၊ အဲဒီလို တိုးထွက်တဲ့ အခါကျတော့ ဝမ်းခေါင်းထဲ အစာတွေ ရောက်ပြီးတော့ အဲဒီ ပုဂ္ဂိုလ် သေတော့တာပဲ၊ နားလည်ပြီလား''

''မှန်ပါ ဘုရား''

''အတက်ပေါက်တယ်တဲ့၊ အဲဒါနေဉ်''

''မှန်ပါ ဘုရား''

''မျှစ်စို့ကြီး ထွက်သလို ကြက ထပြီးတော့ အတက်ကြီး ပေါက်လာတာ မဟုတ်ဘူး။ အဲဒီ ရှိနေတဲ့ အသိမ် အတက်ကလေးက တခါသဲ အစာတွေ ဝင်ပြီးတော့ ပေါက်ထွက်တာ ပြောတာနေဉ်''

''မှန်ပါ ဘုရား''

''အဲဒါလေး ဖြတ်ပြီးတော့ ပြန်ဆက်ရတယ်။ ဒါကြောင့်....

''ကြာသိမ်မြစ်ဟန်၊ ဆင်းသဏ္ဍာန်နေ၊ မခွေကို၊ နေရာတကျ၊ မလျောရအောင်၊ ဖွဲ့နှောင်လျှိုထိုး၊ ခြေသုတ်ကြိုးဝယ်၊ ကြိုးငယ်အလား၊ မခြားတူပြီ၊ အူကြားမှာတည်သော၊ အူသိမ်အူနု၊ အစုသည်။ ဣမသ္မိံကာယေ၊ တွင်းပဝင်ကျင်၊ မစင်ပြည့်ပွမ်း ရှုံ့ဖွယ်လွှမ်းထ၊ ဤကာယဌ၊ အန္တဂုဏ်သံဝိဇ္ဇန္တိ၊ ထင်ရှားသော၊ ရှိတုံချေ၏ တကား။

''ဉာဏ်သွင်းပြီးတော့ ခန္ဓာထဲကို အာရုံပြုကြည့်လေ၊ ၃၂–ကောဋ္ဌာသ ဆိုတဲ့ ကာယကို ပြောတာနေဉ်''

''အဲဒီ အူသိမ်ရယ်၊ အူမရယ်၊ မနေ့က ပြောခဲ့ပြီးတာ။ နောက်ပြီးတော့ ဘာရှိသေးလဲ၊ ပြောပြီးတာ၊ အသည်းရယ်၊ အဆုတ်ရယ်၊ နှလုံးရယ် တဲ့၊ ပြောပြီးသား။

''အစာသစ်အိမ် ဆိုတာ ပြောပြီးသား၊ ကျင်ငယ်အိမ်ဆိုတာ ပြောပြီးသား။ အစာသစ်အိမ်ရဲ့ အပေါ်ပိုင်းက ဘာရှိတယ်ဆိုတာ မှန်းပြီးတော့ကြည့်လေ၊ အစာသစ်အိမ်ရဲ့ အပေါ်မှာ ဘာရှိမလဲ၊ အစာသစ်ထဲ၊ အဲဒီ အစာတွေရဲ့ အပေါ်မှာ ဘာရှိတယ်ဆိုတာ မှန်းကြည့်စမ်း။ ခဏခဏ ချောင်းဆိုးတော့ ဘာတွေထွက်လဲ''

''သလိပ်တွေ ထွက်ပါတယ် ဘုရား''

''သလိပ်တွေ ထွက်တယ်''

**သလိပ်အကြောင်း သိကောင်းစရာ။** ။''သေမှ၊ ဝက်ချေးဘနဲ့၊ ဗျစ်ခွဲရွက်ရည်၊ ပုံပမည်သို့၊ ဖြူသည်အဆင်း၊ တခွက်ခန်းမျှ၊ အူတွင်းစာထက်၊ စာနံ့သက်ကို၊ ဆို့လျက်ဖုံး

ပိတ်သော၊ သလိပ်အစုသည်။ ဣမသ္မိံကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှုမ်း၊ ရှုံဖွယ်လှမ်းထ၊ ဤကာယ၌။ အတ္တ၀၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

''ကြည့်၊ 'ဝက်ချေးဘနဲ၊ ပျစ်ချွဲရွက်ရည်၊ ပုံပမည်သို့၊ ဝက်ချေးဘနဲ ရွက်တွေကို ကျိုပြီးတော့ ထားသလိုပဲ။ သုံးခွက် တခွက်တင်၊ ဝက်ချေးဘနဲရွက်တွေကို ရေထဲထည့်ပြီးတော့ ပြုတ်ကျို။

''ချွဲနေတဲ့ အရေတွေရလိမ့်မယ်၊ အဲဒါမျိုးတွေတဲ့။ အစာသစ်အိမ်ရဲ့ အပေါ်မှာ တခါထဲ အပြင်လိုက်ကြီး ဖြစ်နေတယ်။ စားတိုင်းစားတိုင်းသော အစာတွေဟာ ရေမှော်တွေ ပိတ်ဖုံးနေတဲ့ ရေကန်ကြီးထဲကို 'ခဲ' ပစ်ချလိုက်သလိုပဲ။

''အေး၊ ဒီကနေ့ တရားနာကြတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ရင်ဝမှာ အစာသစ်အိမ်ရဲ့ အပေါ်ကနေပြီးတော့ အစာတွေကို အဲဒီ သလိပ်ပြင်ကြီးက ဖုံးပြီးတော့ထားတယ်နော်။

''အစာတွေစားတိုင်း၊ စားတိုင်း ဘာဖြစ်သွားသလဲ။ ရေမှော်တွေပြည့်နေတဲ့ ရေပြင်ကြီးထဲကို 'ခဲ' ပစ်ချလိုက်သလိုပဲတဲ့၊ အဲဒီ သလိပ်ပြင်ကြီးထဲကို အစာတွေ ငုပ်လျှိုးပြီးတော့ အောက်ကို ဝင်သွားကြတယ်။

''အစာက အဲဒီ သလိပ်ပြင်ကြီးကို တိုးတိုးပြီးတော့ အောက်ကို ဆင်းသွား၊ အစာလဲ အောက်ရောက်သွားသည်နှင့် တပြိုင်နက်ထဲ အပေါ်က သလိပ်ပြင်ကြီးက ပြန်ပြီးတော့ ပိတ်တယ်။ ဒီလို မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''အဲဒီ သလိပ်ပြင်ကြီးသာ မရှိဘူးဆိုယင်လေ၊ ခွေးအန်ဖတ်သဖွယ် ချဉ်သိုးနေတဲ့ အနံ့တွေဟာ လည်ချောင်းက နေပြီးတော့ အကုန်လုံး ပြန်ထွက်လာမယ်၊ ဒါကြောင့်မို့လို့ အဲဒီ သလိပ်ပြင်ကြီးက ဖုံးပြီးတော့ ထားတယ်တဲ့။ အထဲက အပုပ်နံ့တွေ ဘာမှ မထွက်တော့ပြီ၊ ဟုတ်ပြီလား''

''ဟုတ်ပါတယ် ဘုရား''

''ဒါကြောင့် သူကလဲ သူ့နည်းနဲ့ သူတော့ အသုံးကျတာပဲ၊ ခန္ဓာကိုယ်ထဲမှာ ကြံကြံဖန်ဖန် ဖန်ဆင်းပြီးတော့ ပေးလိုက်တဲ့ ကုသိုလ်ကံနော်....။

''ကိုင်း၊ ဒီကနေ လှမ်းကြည့်လိုက်စမ်း၊ ဘာတဲ့လဲ။

''ဝက်ချေးဘနဲ၊ ပျစ်ချွဲရွက်ရည်၊ ပုံပမည်သို့၊ ဖြူသည်အဆင်း၊ တခွက်ခင်းမျှ''

''တခွက်စာလောက် ရှိတယ်တဲ့၊ ရင်တွင်း။

''အူတွင်းစာထက်၊ ဇာနံ့သက်ကို၊ ဆို့လျက်ပိတ်သော၊ သလိပ်အစုသည်။ အတ္တ°၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား၊

''အဲဒီ သလိပ်ပြင်ကြီးဆိုတာ ရှိတယ်၊ သလိပ်ပါးလို့ရှိယင် ဤပုဂ္ဂိုလ်သည် ကျန်းမာရေး ချွတ်ယွင်းတယ်။ သလိပ်တွေ ထူနေပြန်တော့လဲပဲ ကျန်းမာရေးပျက်တယ်။

''သလိပ်ပါးတော့ အစာအိမ်ထဲက အနံ့တွေ အမြဲတမ်း အပေါ်တက်နေတယ်။ သလိပ်တွေ သိပ်ထူနေပြန်ယင်လဲပဲ ဒီပုဂ္ဂိုလ်ဟာ တဖြည်းဖြည်းနဲ့ ဘာဖြစ်လာမလဲ။ ရင်ထဲ ကျပ်လာမယ်။

''မရှိမကောင်း၊ ရှိမကောင်း နေ့ာ်။ သူကာ''

''မှန်ပါဘုရား''

''အဲဒါ အစာအိမ်နဲ့ သလိပ်ပြင်တဲ့၊ ဤကဲ့သို့ မှတ်ပြီးတော့ ထား။

''အန္တပူရော၊ ဥဒယပုရော။

ယကနပေဠဿ ဝတ္ထ°နော။

ဟဒယဿ ပဗ္ဗာသဿ။

ဝက္ကဿ ပိဟကဿ စ။

သိယ်ာဏကဲာယ ခေဠဿ။

သေဒဿ စ မေဒဿ စ။

လောဟိတဿ လသိကာယ။

ပိတ္တဿ စ ဝသာယ စ။''

''ဒီ ၂–ဂါထာဖြင့် မြတ်စွာဘုရား၊ ခန္ဓာကိုယ်တွင်းရှိ အညစ်အကြေးတွေကို ပြတယ်။

**အညို့ ကျောက်ကပ်အကြောင်း သိကောင်းစရာ။ ။**

''ဝက္ကဿစ၊ အညို့ဖြင့်လည်း၊ ပူရော၊ ရွှံဖွယ်လိလိ၊ ပြည့်၍နေ၏။

''ဝက္က°၊ အညှိုးတဲ့၊ ဒကာ ကိုအုံးဟန်ကြီး၊ အညို့ဆိုတာ ဘယ့်နှယ်နေလဲ''

'' ''

''အသားတွေဘာတွေကို လှီးဖူး၊ ဖြတ်ဖူး၊ ကိုင်ဖူးရက်သားနဲ့ သေသေချာချာ ကြည့်ရထားဘူးနော်''

''အညို့ ဆိုတာ အသားနားမှာကပ်နေတဲ့ အချွဲလေးတွေပါဘုရား''

''အေး....ကြည့်—

''ဝက္က၊ ကသစ်စေ့နှယ်၊ ဆင်းငယ်နီမှု၊ ဇက္ကုတည္ဆာ၊ နှစ်မွာသရက်၊ လည်မှထွက်သည့်၊ အချက်နှစ်ခု၊ ကြောဖွဲ့ပြုလျက်၊ ဝတ္ထုပတ်လည်၊ ရံ၍တည်သော၊ အညို့နှစ်ခု၊ ကျောက်ကပ်အစုသည်။ ဂ္ဂမသို့ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှမ်း၊ ရွှံဖွယ်လှမ်းထ၊ ဤကာယ၌။ အတ္ထ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား၊

''ကသစ်စေ့နှယ်၊ ဆင်းငယ်နီမှု'' အညို့ရဲ့အရောင်ကို ပြောကြမယ် ဆိုလို့ရှိယင် ကသစ်စေ့ရဲ့အရောင်၊ ကသစ်စေ့ ဘယ်လို အရောင်ရှိ။ မည်းမည်းလေးလား''

''ခပ်ဖြူဖြူပါဘုရား''

''ကိုင်း....တို့ပရိသတ် ဟုတ်ကြရဲ့လား၊ သူ ကသစ်စေ့ကို မမြင်ဘူးသေးဘူး။ ကသစ်စေ့က နီပြီးတော့နေတယ် ဒကာကိုအုံးဟန်ကြီးရဲ၊ မဖြူဘူး၊ ဘုန်းကြီးက သေသေချာချာ ကြည့်လာခဲ့တယ်။ ကသစ်ငင်။

''ကသစ်စေ့နှယ်၊ ဆင်းငယ်နီမှု'' နီတဲ့အရောင်ရှိတယ်။ ဒါကြောင့် အညို့သည် ဘယ်အရောင်တုံး ဆိုလို့ရှိယင် နီတဲ့အရောင် ရှိပါတယ်။ နော်....။

''တန္တုတည္ဆာ၊ နှစ်မွာသရက်၊ လည်မှထွက်သည့်'' အည္ဆာတခုထဲ၊ အသီး ၂—လုံး သီးနေတဲ့ သရက်ခိုင်လို၊ သူက အရင်းက အည္ဆာတခုထဲ။ အောက်ပိုင်းကျတော့ ၂ --ဖြာခွဲပြီးတော့ ထွက်သွားတယ်တဲ့။

''နှစ်မွာသရက်၊ လည်မှထွက်သည့်၊ အချက်နှစ်ခု၊ ကြောဖွဲ့ပြုလျက်'' ကျောကုံးမှာ ဖွဲ့ပြီးတော့ နေတယ်၊ ''ဘယ်နေရာမှာ နေတုံးဘုရား''ဆိုလို့ရှိယင် ''ဝတ္ထုပတ်လည်''တဲ့။ နှလုံးရဲ့ နောက်ကနေပြီးတော့ ဝိုင်းပြီတော့ ကျောကုံးဘက်က သူက ပတ်နေတယ်။ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ပုံပန်းသဏ္ဍာန်အားဖြင့် ဘယ်လိုတုံး ဆိုလို့ရှိယင်'ရံ၍တည်သော၊ အညို့နှစ်ခု၊ ကျောက်ကပ်အစုသည်'' သူ့ကို ကျောက်ကပ်လို့လဲ ခေါ်တယ်။

''ကျောက်ကပ်ဆိုတာ ဘာကြောင့်ခေါ်လဲ၊ သိလား''

''အမိန့်ရှိပါ ဘုရား''

''ကျောက်တွေ ကပ်ထားလို့ မဟုတ်ဘူးနော်။ သူ့မှာ ကျောက်ခဲ မတွေ့ကပ်နေလို့မဟုတ်ဘူး။ရှေးတုန်းက ကျောက်ကုံးဆိုလို့၊ဒီခေတ်လူ ကျောက်ကုံး ခေါ်တဲ့ ဥစ္စာကို ရှေးတုန်းက ကျောက်ကုံးခေါ်တယ်။ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''အဲဒီ ကျောက်ကုံးမှာ ကပ်ပြီးတော့နေတယ်၊ ဒီလို မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒီ အညှို့ဆိုတဲ့ ကျောက်ကပ်ဆိုတဲ့ အရာဝတ္ထုကြီးကလဲပဲတဲ့၊ နှစ်ဖြာခွဲပြီးတော့ ထွက်လာတဲ့ သရက်ရွက်လို၊ ပြီးတော့ ဖြာပြီးတော့ ကျောက်ကုံးမှာ ကပ်ပြီးတော့ နေတယ်။ ဒီလို မဟုတ်လား''

''မှန်ပါ ဘုရား''

''အဲဒီ အညှို့လို့ခေါ်တဲ့ ကျောက်ကပ်ဆိုတဲ့ အရာဝတ္ထုကြီးကလဲ နှစ်ဖြာခွဲပြီးတော့ ထွက်လာတဲ့ သရက်ရွက်လို နောက်ကျောမှာ ဖြာပြီးတော့ ကျောက်ကုံးမှာကပ်ပြီးတော့ နှလုံးအိမ်ကိုရုံပြီးတော့ နေသောကြောင့် သူသည် အညှို့၊ သို့မဟုတ်၊ ကျောက်ကပ်။ ဒါလဲ တခု ရှိတယ်။

**အဖျဉ်းအကြောင်း သိကောင်းစရာ။** ။''ပိဟကဿ စ၊အဖျဉ်းဖြင့်လည်း။ ပူရော၊ ရွံဖွယ်လိလိ၊ ပြည့်၍ နေ၏။

''အဖျဉ်းတဲ့၊ ကိုင်း– အဖျဉ်းဆိုတာ ဘယ့်နှယ်ဟာတုံး။

''ပိဟကဿ၊ ကြောင်ပန်းပွင့်သွင်၊ ညိုရောင်ထင်သား၊ သတ္တဂုံလာ၊ နွားလျှာပုံတု၊ ဝတ္ထုဝဲဘက်။ သရက်ရွက်ဝမ်းလျှာ၊ ဘေသဇ္ဇာ တွင်သော အဖျဉ်းအစုဖြင့်လည်း၊ ပူရော၊ ရွံဖွယ်လိလ်၊ ပြည့်၍နေ၏။

''အဖျဉ်းဆိုတဲ့ အရာဝတ္ထုကို မှန်းပြီးတော့ ကြည့်စမ်းပါ၊ တို့ ဝမ်းခေါင်းထဲမှာ ဘာတွေရှိတယ်ဆိုတာ။

''ကြောင်ပန်းပွင့်သွင်၊ ညိုရောင်ထင်သား– ညိုပြာပြာ အရောင်လေးတဲ့၊ ကြောင်ပန်းပွင့်ရဲ့ အရောင်အဆင်းမျိုး၊ ညိုပြာပြာလေး။ ''သတ္တဂုံလာ''တဲ့၊ သတ္တဂုံသာ၊ လက် ၇–သစ်ရှိမယ်။ ဟုတ်ပြီလား''

''မှန်ပါဘုရား''

"သတ္တဂုံလာ၊ နွားလျှာပုံတု– နွားရဲ့ လျှာကြီးလိုပဲ နေ့ဘ်"

"မှန်ပါဘုရား"

"ဝတ္ထုဝဲဘက်တဲ့ ။ဝတ္ထုဆိုတာ နှလုံးရဲ့ဗယ်ဘက်မှာ ရှိတယ်၊နှလုံးရဲ့ ဗယ်ဘက်က တွဲလောင်းဆွဲပြီးတော့ နွားရဲ့လျှာကြီးလို ညိုပြာပြာ အရောင် အဆင်းရှိတဲ့ အရာဝတ္ထု။

"သူ့ကို ဘာခေါ်လဲ၊ အဖျဉ်း"

"အဖျဉ်းပါ ဘုရား"

**သရက်ရွက်၏ အမည်များ။** ။"ပိဟကံ၊ ကြောင်မန်းပွင့်သွင်၊ ညိုရောင် ထင်သား၊ သတဂုံလာ၊ နွားလျှာပုံတု၊ ဝတ္ထုဝဲဘက်၊ သရက်ရွက်ဝမ်းလျှာ။

"သရက်ရွက်လို့လဲခေါ်၊ နွားလျှာလို့လဲခေါ်၊ ဝမ်းခေါင်းထဲက၊ လျှာကြီးတူနဲ့ တဲ့အတွက်ကြောင့် သူ့ကို ဝမ်လျှာ၊ ဝမ်းလျှာလို့လဲခေါ်၊

"နာမည် (၃) မျိုး၊ ဝမ်းလျှာဟူ၍၎င်း၊ နွားလျှာဟူ၍၎င်း၊ သရက် ရွက်ဟူ၍၎င်း၊ အဖျဉ်းဟူ၍၎င်း တဲ့၊ အမည် ၃–မျိုး၊ ၄–မျိုးရတယ်။

"နောက်တခါ တမျိုး လုာအိုးမယ်တဲ့၊ ဘေသညာဘွင်သော 'ဘေ' လို့လဲခေါ်တယ်။ ဟုတ်လား"

"မှန်ပါဘုရား"

"ဘေလို့လဲ နာမည် ခေါ်တယ်တဲ့။

"ခန္ဓာကိုယ်ထဲမှာ တေဇောဓာတ်တွေ ပြင်းထန်လွန်းအားကြီးသို့၊ အပူလောင်ပြီးတော့ အဖျားနင်းကန်တက်တဲ့ ပုဂ္ဂိုလ်များ ဆိုလို့ရှိယင်၊ အဲဒီ အဖျဉ်းဆိုတဲ့အရာဝတ္ထုကြီးဟာ အပူလောင်ပြီးတော့ တဖြည်း၊ တဖြည်း၊ တဖြည်း၊ တဖြည်းနဲ့ သူဟာ လုံးသွားတယ်။ ပွပြီးတော့ လုံးသွားတယ်။

"အဲဒါ 'ဘေလုံး' တဲ့၊ ဒီလို ခေါ်တယ်နော်"

"မှန်ပါ ဘုရား"

"ဘေ သညာတွင်သော၊ အဖျဉ်းအစုဖြင့်လည်း။ ရှေ၊ ရှုဖွယ် လိလိ ပြည့်၍နေ၏။

'ဟဒယဿ ပဗ္ဗါသဿ၊ ဝက္ကဿ ပိဟကဿ စ၊ သိဃာဏိကာယ ခေဠဿ။ သေဒဿ စ မေဒဿ စ"

"သိဃာဏိကာယစ၊ နှပ်အစုဖြင့်လဲ–

''ဒါ အပေါ်ပိုင်း ရောက်သွားတယ်၊ ဝမ်းထဲမှာ မကုန်သေးဘူး။ ကိုင်း၊ နောက်တခု ကြည့်အုံး။

**အမြေးအကြောင်း သိကောင်းစရာ။** ။''ကိလောမကံ၊ ဆင်းဘွဲ့ဖြူသို့၊ နှလုံးညှို့ကို၊ ဖုံးဆို့ကန်နေ၊ အရေ အသား၊ အကြားမှာတည်၊ နှစ်မည်သော ပဋိစ္ဆန္န၊ အပဋိစ္ဆန္န အမြေးအစု သည်လည်း၊ အတ္တ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

''ဆင်ဘွဲ့ဖြူသို့၊ နှလုံးညှို့ကို 'အမြေး၊ နောက်တခု ဘာရှိတုံး၊ ပရိသတ်များ၊ ဘာရှိတုံး၊ 'ဆင်းဘွဲ့ဖြူသို့၊ နှလုံးညှို့ကို၊ ဖုံးဆို့ကန်နေ၊အရေ အသား၊ အကြားမှတည်၊ နှစ်မည်သော၊ ပဋိစ္ဆန္န၊ အမြေး၊ အပဋိစ္ဆန္န ခေါ်တဲ့ အမြေးအစုသည်၊ အတ္တ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

''အမြေး ဆိုတာ ရှိတယ်တဲ့။ တို့ပရိသတ်၊ ဘာတဲ့လဲ''

''အမြေးပါ ဘုရား''

''အမြေး ရှိတယ်၊ အမြေးက ၂–မျိုးတဲ့။ နှလုံးနဲ့ အညှို့ကို ဖုံးပြီး တော့နေတဲ့ အမြေး တမျိုး၊ အရေနဲ့ အသားရဲ့ကြားမှာ နေတဲ့ အမြေးတမျိုး ဆိုပြီးတော့....''

''အမြေးသည် ဘယ်နှစ်မျိုး''

''နှစ်မျိုးပါ ဘုရား''

''အရောင်အဆင်း ပြောစရာဆိုလို့ရှိယင် သူက ဖြူသောအရောင် ရှိပါတယ်၊ ဖြူသောအဆင်းရှိတဲ့ အမြေးသည် နှလုံးနဲ့ အညှို့ကို ဖုံးလျက် နေတာက တမျိုး၊ အရေပြားနဲ့ အသားရဲ့အကြားမှာနေတဲ့ အမြေးက တမျိုး ဆိုပြီးတော့ အမြေးသည် ၂–မျိုးတဲ့နော်''

ကိလောမကံ၊ ပိဟတံ၊ ပပ္ဖာသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ။
သိဿာဏိကာယစ၊နှပ်အစုဖြင့်လည်း၊ပူရော၊ရှ ဖွယ်လိလိပြည့်၍နေ၏။

**နှပ်အကြောင်း သိကောင်းစရာ။** ။''နှပ် တဲ့၊ နှပ် ဘယ်နေရာက ထွက်''

''နှာခေါင်းက ထွက်ပါတယ် ဘုရား''

''နှာခေါင်းက ထွက်သည်၊ ဘယ်နေရာက ဖြစ်ပေါ်လာ''

''ဦးနှောက်ကပါ''

''အေး။

''သိဿာဏိကာ၊ ငိုယိုသောက်စား၊ ခေတ်ချောက်ချား၍၊ ကြည့်၊

"သိယ်ာဏိကာ၊ ငိုယိုသောက်စား၊ ခေတ်ချောက်ချား၍၊ ဖောက်ထားသိမ်းအုပ်၊ ကြာရွက်ထုပ်မှ၊ နို့ခမ်းကျသို့၊ နုံလှထန်းဆန်၊ ဆင်းဟန်မယုတ်၊ သလိပ်ပုပ်အဖြစ်၊ စင်စစ်ဖြစ်မြောက်၊ ဦးနှောက်ရည်လျှင်း၊ ဦးခေါင်းတွင်းမှ၊ သက်ဆင်းအာခေါက်၊ လျှောလျှောက်နှာဖု၊ တည်ယိုစုသော၊ နှပ်အစုသည်၊ အတ္ထ၀၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

"နှပ် ဆိုတာ ဘတ်ကလာသလဲ ဆိုလို့ရှိယင်ဖြင့်၊ ဦးနှောက်က နေပြီးတော့ ဖြစ်ပေါ်လာတယ်တဲ့။ ဦးနှောက်တွေ ပျော်ပြီးတော့ ဆင်းလာတာ။

"ငိုယိုသောက်စား၊ ခေတ်ချောက်ချား၍ 'ငိုတဲ့အခါ၊ ငိုတဲ့အခါ ဤပုဂ္ဂိုလ်ရဲ့စိတ်သည် အေးသလား၊ ပူသလား"

"ပူပါတယ် ဘုရား"

"သောက ဆိုတဲ့ မီးတောက်လောင်နေလို့၊ ငိုတဲ့ပုဂ္ဂိုလ်ရဲ့စိတ်သည် ပူတယ်၊ စိတ်က ပူလို့ရှိယင် စိတ္တဇရုပ်လို့ခေါ်တဲ့ ကိုယ်တွင်း ရှိတဲ့ ရုပ်တွေလဲပဲ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေလဲ အကုန်လုံး ပူလာတယ်။

"အဲဒီလို စိတ်ကြောင့်ဖြစ်သော ရုပ်တွေ ပူပြီးတော့ စိတ်ရော၊ စိတ္တဇရုပ်ရော ပူတဲ့အခါမှာ ဦးနှောက်ထဲက နုတဲ့ ဦးနှောက်တွေတဲ့နော်"

"အောက်ပိုင်းခပ်ကျကျ နုတဲ့ ဦးနှောက်တွေ ပျော်ပြီးတော့ ဆင်းကြတယ်။ စိတ်၊ စိတ္တဇရုပ်တွေ ပူသောကြောင့် ဦးနှောက်တွေ အရည်ပျော်ပြီးတော့ ဆင်း။

"ငိုယိုသောက်စား 'ပူတဲ့ အစားအစာတွေ စားမိတဲ့အခါ၊ ပူတဲ့ အရေတွေ၊ အဖျော်တွေ သောက်မိတဲ့အခါ၊ ငရုတ်တို့၊ ဟုတ်လား။ချင်းတို့၊ ငရုတ်ကောင်းတို့ ဆိုတဲ့ ပူတဲ့အစားအစာတွေ စားပြန်တော့ ဘာဖြစ်သလဲ၊ နှပ်တွေ ထွက်တယ်တဲ့။

"ပါးစပ်ထဲက အပူဟာ ဦးနှောက်ကို တခါထဲ တက်လောင်တော့ ဦးနှောက်ထဲက ဟုတ်လား။ နုတဲ့ ဦးနှောက်တွေ ပျော်ဆင်းလာတယ်။ ပါးစပ်ထဲ အပူသွင်းလို့ရှိယင် အဲဒီ အပူရှိန်သည် ဦးနှောက်တက် လောင်သဖြင့် ပျော်ဆင်းလာတယ်တဲ့။ အဲဒီ ဦးနှောက် ဆိုတာက ပျော်ကျလာတဲ့ အခါကျတော့ နှပ် ဆိုတာ ဖြစ်တယ်။

"ဒါကိုပင်လျှင် 'ငိုယိုသောက်စား၊ ခေတ်ချောက်ချား၍'

"ဥပမာပုံ ဘယ်လိုလဲ ဆိုလို့ရှိယင် 'ဖောက်ထားသိမ်းအုပ်၊ ကြာရွက်ထုပ်မှ'။

''ကြာရွက်ကလေးထဲကို နွားနို့ချဉ်၊ နွားနို့ခဲတွေ ထည့်၊ ထည့်ပြီးတော့ ကြာဖက်နဲ့ထုပ်၊ ထုပ်ပြီးတော့ အောက်ကတုတ်ချွန်လေးတခုနဲ့ဖောက်ပြီးတော့ ညှစ်ထုတ်လိုက်စမ်းပါ။နှာခေါင်းထဲက နှပ်တွေထွက်တယ်ဆိုတာ၊ အဲဒီပုံပဲတဲ့။

''နို့မင်းမျှား စားတဲ့အခါ အဲဒီလို နှလုံးသွင်းစားပေါ့နော်''

''မှန်ပါ ဘုရား''

''ရှုရှာဖွယ် အမှတ်သညာထင်အောင်ဆိုတာ ဒီလိုပဲ လုပ်ရမှာပဲ''

''မှန်ပါ ဘုရား''

''နို့မင်းကျသို တဲ့၊ နောက်တခါ ဥပမာပုံတမျိုး ပြသေးတယ်။ 'နှလုံထန်းဆန့်'၊ 'ထန်းဆန့်' ထန်းသီးနုနု အနှစ်ကလေးတွေ။ ထန်းသီးအိမ်ထဲက လက်မကလေးနဲ့ ကော်ထုတ်လိုက်လို့ ရှိယင် ပျစ်ချွဲချွဲ! ဟုတ်လား။ အနှစ်နုနုံလေးတွေ ထွက်လာလိမ့်မယ်၊

''နှာခေါင်းထဲက နှပ် ဆိုသည်မှာလဲ ဒီအတိုင်းပဲတဲ့။ ထန်းသီး နုနုတွေလို ဖြစ်တယ်။ ဒါကြောင့်မို့ ထန်းသီးနု စားတဲ့ အခါမှာ နှပ်ဆိုတာ ဒီလိုပါလားလို့ သဘောကျ၊ နို့မင်းမျှား စားတဲ့အခါမှာလဲပဲ နှပ် ဆိုတာ ဒီလိုပါပဲ ဆိုတာ သဘောကျ။

''နှလုံထန်းဆန်း၊ ဆင်းဟန်မယုတ်၊ သလိပ်ပုပ်အဖြစ်၊ စင်စစ်ဖြစ်မြောက်၊ ဦးနှောက်ရည်လျှင်း၊ ဦးခေါင်းတွင်းမှ၊ သက်ဆင်းအာဆောက်။

''အာစောက်ကိုဆင်းတယ်၊ 'အာစောက်'ဆင်းပြီးတော့ အောက်မှာ အဖုလေး၊ အထစ်ကလေးရှိတယ်နော်၊ ဘာခေါ်လဲ၊ အာသီးလို့ ခေါ်တယ် ထင်တယ်၊ လျှာခင်လဲ ခေါ်တယ်။

**နှပ်လမ်းကြောင်း ၃-မျိုး။** ။''အဲဒီ အာသီးလေးကျတော့ သူက လမ်းခွဲသွားတယ်၊ နှာခေါင်းက ထွက်တဲ့အခါ ထွက်မယ်။ တခါတခါ နှာခေါင်းက မထွက်နိုင်လို့ ရှိယင်၊ ပါးစပ်က ထွက်မယ်။ အဲဒီ နှာခေါင်းနဲ့ ပါးစပ်က မထွက်ဘူးဆိုတော့ လည်ချောင်းထဲ ဆင်းသွား၊ သူက လမ်း ၃-သွယ်ရှိတယ်။

''အဲဒီ လယ်ချောင်းထဲ ဆင်းသွားတဲ့အချိန်၊ ဘယ်သူမှ မရှိဘူး၊ အဲဒီ အာသီးလေးနားရောက်ပြီး လမ်း ၃-သွယ်မှာ သူ ဘယ်သွားရပါ့မလဲလို့ စဉ်းစားနေတဲ့အချိန်မှာ ဘယ်သူမှ မရှိဘူး။

"အကယ်၍ လမ်းပြောင်းပြီး လျှာပေါ်ရောက်လာတဲ့အချိန်လဲ သိပ်ပြီးတော့ မရှုကြသေးပါဘူး၊ အပြင်ထွက်ပြီတဲ့ အဲဒီတော့မှ ရှုကြတယ်၊ အဲဒီတော့မှ ဇိဂုစ္ဆသညာ၊ ရှုံရှာဖွယ် အမှတ်သညာဆိုတာ ဒီတော့မှ ရတယ်။

"ရှုပြီဆိုတော့ အဲဒီ ရှုံစရာကို အသုဘထင်အောင် မကြည့်ချင်တော့ဘူး တဲ့။ မျက်နှာ လွှဲသွားတယ်နော်။ မျက်နှာ လွှဲသွားတယ်။

"ဒါပေမယ့် အင်္ဂကထာက ကြည့်ပေးရမယ်တဲ့။ အဲဒါ သပ္ပာယသမ္ပဇဉ် ခေါ်တယ်။ ကြည့်ပေးတဲ့၊ နှာနှာကြည့်ပြီးတော့ ပေး၊ နှပ်တွေ၊ တံတွေးတွေ ထွက်လာတိုင်း ထွက်လာတိုင်း သဘောကျအောင် သေသေချာချာ ကြည့်ထား။

"အလွန်ကြည့်ထိုက်တဲ့ သပ္ပာယဆိုတဲ့ အာရုံတမျိုး၊ ကြည့်ယင် အကျိုးရှိမှာမို့လို့ သူတို့က ဘာတဲ့လဲ၊ သာတ္ထကသမ္ပဇဉ်လို့လဲ ခေါ်မယ်။ အကျိုး မရှိဘူးလား"

"ရှိပါတယ် ဘုရား"

"ရှိတယ်။ အသုဘသညာထင်လာယင် အကျိုးရှိတယ်။ ထင်အောင် ကြည့်တဲ့ ပုဂ္ဂိုလ်အတွက် အကျိုးရှိသွားတယ်။ သာတ္ထကသမ္ပဇဉ်။

"အသုဘကမ္မဋ္ဌာန်း ပွားများလိုတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ အလွန်တရာ ဆီလျော် လျောက်ပတ်၍ နေသောကြောင့်လဲ သပ္ပာယသမ္ပဇဉ် မနေပေဘူးလား"

"နေပါတယ် ဘုရား"

"ဓာတု မနသီကာရ ကမ္မဋ္ဌာန်း စီးဖြန်းလိုတယ် ဆိုလို့ ရှိယင်၊ ဤ ပုဂ္ဂိုလ်သည် အာပေါဓာတ် အနေအားဖြင့် စနစ်တကျ နှလုံးသွင်းလိုက်လို့ ရှိယင်လဲပဲ"

"အကျိုးရှိပါတယ် ဘုရား"

"အကျိုးရှိလေသောကြောင့် အသမ္မောဟသမ္ပဇဉ်၊ ဂေါစရသမ္ပဇဉ် ဝင်သွားပြီနော်"

"မှန်ပါတယ် ဘုရား"

"ငိုယိုသောက်စား၊ ခေတ်ချောက်ချား၍၊ ဖောက်ထားသိမ်းအုပ်၊ ကြာရှက်ထုပ်မှ၊ နို့စမ်းကျသို့၊ နိုလှထန်းဆန်၊ ဆင်းဟန်မယုတ်၊ သလိပ်ပုပ်အဖြစ်၊ စင်စစ်ဖြစ်မြောက်၊ ဦးနှောက်ရည်ကျင်း၊ ဦးခေါင်းတွင်းမှ၊

သက်ဆင်းအာစောက်၊လျော့လျော့ကျနာဖု၊တည်ယိုစုံသော၊ နှပ်အစုဖြင့်လဲ့။ ပူရော၊ ရွှံဖွယ်လိလိ၊ အပြည့်ပဲရှိ၏’’တဲ့။

**တံတွေးအကြောင်း သိကောင်းစရာ။** ။‘‘သိဃ်ာဏိကာယ၊ ခေဠသ။

‘‘ခေဠသ စ၊ တံတွေးဖြင့်လည်း။ ပူရော၊ ရွှံဖွယ်လိလိ အပြည့်ပါပဲ။

‘‘ကိုင်း.... တံတွေးက ဘယ်လိုဖြစ်လဲ၊ ဘယ်နေရာက ထွက်လဲ။ ကြည့်ပါ’’

‘‘ခေဠော၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ မြင်စားကြံမိ၊ စိုစိစက်ဆုပ်၊ နှလုံးလှုပ်၍၊ ရေမြှုပ်မသွင်း၊ ပါးမှဆင်းလျက်၊ လျှာရင်းပျစ်ချွဲ၊ လျှာဖျား ကျဲသည့်၊လျှာ၌တည်သော၊ တံတွေးအစုဖြင့်။ ပူရော၊ ရွှံဖွယ်လိလိ၊ အပြည့်ဖြစ်၏’’တဲ့။

‘‘ချစ်သား ချစ်သမီးတို့၊ သင်တို့ရဲ့ ပါးစပ်တွင်း၊ အာရုံယူပြီးတော့ ကြည့်လိုက်ကြစမ်းတဲ့၊ ဘုန်းတော်ကြောက်ပါးသခင် ဘုရားရှင်ကနော်။

‘‘တံတွေးဆိုတာ ရှိတယ်တဲ့၊ ဘယ်လိုဖြစ်သလဲ ဆိုလို့ရှိယင်၊ ‘‘ချဉ် ငန် စပ် ခါး၊ မြင်စားကြံမိ’’ ချဉ်တဲ့၊ ငန်တဲ့၊ စပ်ကဲ့ အစားအစာတွေ ကိုယ်တိုင်စားမိလို့။ ကိုယ်တိုင် မစားရသေးခင် ပြင်ဆင်နေတုန်း အခိုက်မို့လို ။ ဟုတ်ပြီလား’’

‘‘မှန်ပါ ဘုရား’’

‘‘ကိုယ်တိုင် စားတဲ့အခါ ဖြစ်တယ်။ မစားသေးခင်၊ ပြင်ဆင်နေတုန်းမှာလဲ၊ အဲဒီ အစားအစာမျိုး ဆိုလို့ရှိယင် တံတွေးထွက်တယ်၊ သူ့ဟာပါး စားတာမြင်ရယင်ကော’’

‘‘ထွက်ပါတယ် ဘုရား’’

‘‘တံထွေးတွေ ဖြစ်တတ်တယ်၊ အလွန်ရွံရှာဖွယ်ကောင်းတဲ့၊ ဟုတ်လား၊ အသုဘ၊ သိရိမာရဲ့အလောင်းကဲ့သို့ ပုပ်ပြီးတော့ နံစော်နေတဲ့ အလောင်းကောင်ကြီးကို မြင်ရတဲ့ အခါမှာလဲပဲ၊ အဲဒီလို တံတွေးဆိုတာ ဖြစ်တတ်တယ်တဲ့၊

‘‘စိုစိစက်သုပ် နှလုံးလှုပ်၍တဲ့၊ နှလုံးတုံန်လှုပ်တဲ့ အခါမှာလဲ တံတွေးထွက်တယ်။

‘‘ရေမြှုပ်မယွင်း’’ ရေမြှုပ်လိုပဲတဲ့၊ ပါးကနေ ဆင်းလာတယ်။ ပါးက ဆင်းတော့ ၂—မျိုးတဲ့။ ‘‘လျှာရင်းပျစ်ချွဲ’’ လျှာရဲ့အရင်းဘက်ကနေတဲ့

ပါးတပြင်က ယိုဆင်းလာတဲ့ တံတွေးတွေကျတော့ ပျစ်ချွဲတယ်။ လျှာရဲ့ အဖျားပိုင်းနဲ့ နီးစပ်နေတဲ့ ပါးတပြင်က ယိုဆင်းတဲ့ တံတွေးတွေကျတော့ ကျဲတယ်။

"တံတွေး ၂–မျိုး မနေလား"

"နေပါတယ် ဘုရား"

"ဒါ သဘောကျထား နော်"

"မှန်ပါဘုရား"

"လျှာရင်းပျစ်ချွဲ၊ လျှာဖျားကျဲသည့်၊ လျှာ၌တည်သော တံတွေး အစုဖြင့်လဲ။ ပူရော၊ ရှ ဖွယ်လိုလို၊ တို့ဘတွေရဲ့ ပါးစပ်ထဲ အပြည့်ပါပဲတဲ့။ နှပ်ရယ်၊ တံတွေးရယ်၊ ပါးစပ်ထဲက တရစပ်ထွက်ပြီးတော့ မနေပေဘူး လား။ သလိပ်တွေလဲ ထွက်တယ်။ နှပ်တွေလဲ ထွက်တယ်။ တံတွေးတွေလဲ ထွက်တယ်။

"ပုလဲတွေ၊ ရွှေတွေ၊ ကျောက်သံပတ္တမြားတွေ၊ ဘယ်ပါးစပ်ကမှ မထွက်ပါဘူးနော်"

"မှန်ပါဘုရား"

"အထဲ၊ ဒီပါးစပ်ပေါက်ထဲ ထည့်လေဘိုင်း၊ ထည့်လေတိုင်းကလဲပဲ၊ တဲ့။ ပုပ်စရာ၊ နံစရာ သွေးတွေ၊ ပြည်တွေ၊ အညစ်အကြေးတွေ၊ ဖြစ်စရာတွေ ကိုပဲ ဒီပါးစပ်ပေါက်ထဲ နေ့တိုင်းထည့်ဘယ်။

**သင်္ချိုင်းပါးစပ်။** ။"ဒါကြောင့်မို့လို့ ဆရာတော်ကြီး တပါးကတော့ ပြောတယ်။

"သင်္ချိုင်းဆိုတာ တခြား မကြည့်နဲ့ကွာ၊ မင်းတို့ ပါးစပ်ပဲတဲ့။ "သင်္ချိုင်းဆိုတာ တို့ပါးစပ်ပဲ"တဲ့။ ကုန်းသတ္တဝါ မြောက်မြားစွာ တို့ပါးစပ် မှာ သေတယ်၊ ရေသတ္တဝါ မြောက်မြားစွာ ဒီပါးစပ်မှာ သေတယ်။ ကောင်းကင်ပျံတဲ့ တိရစ္ဆာန် မြောက်မြားစွာလဲ ဒီပါးစပ်ထဲမှာပဲ သေကြ တယ် နော်။ ဒါကြောင့် သတ္တဝါပေါင်း မြောက်မြားစွာတဲ့။ သေဆုံးရာ ဖြစ်နေသောကြောင့် ဤပါးစပ်သည်တဲ့ သတ္တဝါတို့ရဲ့ သုသာန်။

"လူသေကောင်တွေ သေတဲ့အခါကျတော့ သုသာန်မှာ သွားပြီး တော့ မြှုပ်သလိုပဲ၊ တိရစ္ဆာန်တွေ သေတဲ့အခါကျတော့ ဒီပါးစပ်မှာ မြှုပ်တယ် မဟုတ်လား"

"မှန်ပါဘုရား"

"ဒါဖြင့် ဤပါးစပ်မှာမြုပ်တဲ့ တိရစ္ဆာန်တော့၊ ပုပ်တဲ့ အခါကျ တော့လဲပဲ ဤပါးစပ်ရဲ့ လမ်းဆုံးဖြစ်နေတဲ့ အစာအိမ်မှာသွားပြီးတော့ ပုပ် မယ်၊ ဒီလိုမဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အဲဒါ သဘောကျတဲ့၊ အသုဘဆိုတာကို ပြောတာ၊ အသုံက်ဆင် ရှားရှိတုန်း အသုဘ"

"မှန်ပါဘုရား"

**ချွေးအကြောင်း သိကောင်းစရာ။** "သိယ်ာဏိကာယံ ခေဋ္ဌံ၊ သေဒသာစ မေဒသာ စ။

"သေဒ္ဒသ စ၊ ချွေးဖြင့်လည်း။ ပူရော၊ ရွှဲဖွယ်လိလို၊ အပြည့် ပါပဲ။

"ဒါတော့ အကျယ် သိပ်ပြောဖို့မလိုဘူး။

"ချွေး" ရှိတယ်တဲ့။ ခန္ဓာကိုယ်ရဲ့ အပြင်ဘက်မှာ မွေးညှင်း အပေါက်ကလေးတိုင်း အပေါက်ကလေးတိုင်းက နေပြီးတော့ ထွက်လာတဲ့ "ချွေး"တွေ။

"ဓာတ် ဝိပရိ၊ ပူမညီ၍" ဆိုပြီးတော့ ခန္ဓာကိုယ်တွင်းက ဓာတ် တွေ အပူအအေး မမျှလို့၊ သို့မဟုတ် အပူလွန်ကဲလို့၊ သို့မဟုတ် ပင်ပန်း ဆင်းရဲတဲ့ အလုပ်တွေကို လုပ်လို့ရှိယင် သွေးတွေ လေတွေ အကုန်လုံး ပူပြီး တော့ တေဇောတွေ ကြွလာလို့ရှိယင် အတွင်းက အရေတွေ အခိုးဖြစ်ပြီး တော့ ကန်ထွက်တဲ့။

"မွေးညှင်းပေါက်ကဲ ထွက်လာတော့ ချွေးနော်"

"မှန်ပါဘုရား"

"အေး....ခန္ဓာကိုယ်ရဲ့ အထက်ပိုင်း ကြည့်လိုက်ကြစမ်း၊ ပခုံးစွန်း လေးတွေ၊ နှာခေါင်းဖျားလေးတွေ၊ ဦးခေါင်းတို့၊ နဖူးတို့ဆိုတဲ့ နေရာတွေ က အဆီတွေ မထွက်ဘူးလား"

"ထွက်ပါတယ် ဘုရား"

"အဆီတွေ ထွက်တယ်။ လက်ဖဝါး၊ ခြေဖဝါးဆိုတဲ့ နေရာကလဲ အဆီတွေ ထွက်တယ်နော်"

"မှန်ပါဘုရား"

''အဲဒီလို အဆီတွေထွက်တယ်။ အရိုးရဲ့ အဆက်တိုင်း အဆက်တိုင်းမှ အရိုးဆက် ၁၈၀–ရဲ့ အကြား အကြားမှာကော ဘာတွေ ရှိမလဲ''

''အဆီတွေ ရှိပါမယ် ဘုရား''

''တို့ဂရိသတ်၊ အရိုးရဲ့ အဆက် အကြား အကြားမှာ''

''အဆီ၊ အဆီ ရှိပါတယ်''

**အစေးအကြောင်း သိကောင်းစရာ။** ။''လသိကာ၊ မဟာလှေကား၊ စေး လားသဖွယ်၊ ရှာ့ရှစ်ဆယ်ဆက်၊ အရိုးဆက်ဌာ၊ ဆွက်လျက်တည်နဲ့၊ ပျစ်ချွဲသော၊ အစေးဖြင့်လဲ့၊ ပူရော၊ ရွှံ့ဖွယ်လိလိလိ အပြည့်ပါပေ။

''ကိုင်း....ဒူးခေါင်းထဲက နာတယ် နာတယ်၊ တို့ဒကာ ကိုအုံးဟန်ကြီး ဘာဖြစ်လို့နာ၊ သဘောကျအောင် ကြည့်စမ်းပါ။

''ဒူးခေါင်းဆိုတာက အရိုး ၂ -ခု ဆက်ထားတဲ့ နေရာပဲ၊ အရိုး ၂–ခု ဆက်ထားတဲ့ ဒူးခေါင်းလို့ခေါ်တဲ့ အဲဒီ အရိုးဆက် အကြားမှာ၊ အစေးကလေးတွေ ထည့်ထား၊ မိမိတို့ကံက စီမံပြီးတော့ ထည့်လိုက်ဘာ။ အစေးရှိတယ်။

''တံရုတ်စံကားပင်တို့၊ ဟုတ်လား၊ ရာဘာပင်တို့က ထွက်လာတဲ့ အစေးများလိုပဲ။ အဲဒီ အစေးတွေ ဒီထဲ ရှိပါတယ်။

''အဲဒီ အစေးများ အားနည်းပြီးတော့ တေဇောဓာတ် လွန်ကဲလို့ ဖြစ်ဖြစ်၊ သို့မဟုတ် စားသောက်တဲ့အခါမှာ အာပေါဓာတ် အစာနည်းလို့ ဖြစ်ဖြစ်၊ တေဇောလို့ခေါ်တဲ့ အပူလွန်ကဲယင်လဲပဲ အဲဒီ အဆီ အစေးတွေ ခန်းတယ်။

''စားတဲ့ နေရာမှာ အာပေါလို့ ခေါ်တဲ့ အရည်ဓာတ်ကို အစား နည်းပြီးတော့ ပူတဲ့ အစားအစာတွေ လွန်လွန်ကဲကဲ စားတဲ့ ပုဂ္ဂိုလ်များ ဆိုလို့ရှိယင်လဲပဲ အဲဒီလို အဆီအစေးတွေ ခန်းတယ်။ အဲဒီလို အခါအတွင်း မှာ အရိုး၊ အဆက်အဆက်တွေရဲ့ကြားက အစေးများ နည်းလာလို့ရှိယင် အရိုး ၂–ခုဟာ ခပ်နာနာ ပွတ်နေကြပြီလို့သာ မှတ်ပါ။

''မော်တော်ကားတွေရဲ့၊ စက်တွေရဲ့၊ အင်ဂျင်တွေရဲ့ ဝင်ရိုးတွေကို ကြည့်။ ဆီများများ ထည့်ပေးလို့ရှိယင် ဆီလေးစိုနေတဲ့အခါမှာ ဒီဝင်ရိုးတွေ စနစ်တကျ၊ သူ့ဟာသူ ချောချောလေး လှည့်နေတယ်၊ ဆီခမ်းသွားပြီ ဆိုလို့ရှိယင် သံနဲ့ ကြေးနဲ့ပွတ်၊ ကြေးနဲ့ ခဲနဲ့ပွတ်၊ သံ သံချင်း ပွတ်ပြီးတော့

အဲဒီက မီးတွေ တောက်လာပြီးတော့ စက်ကြီးတွေဟာ ပျက်စီးကုန်တယ်။

"ဒီအတိုင်းပဲတဲ့၊ ခန္ဓာကိုယ်တည်းဟူသော စက်ကြီးရဲ့ အဆက်တိုင်း၊ အဆက်တိုင်းမှာ 'အဆီ' ဆိုတာ ထည့်ပေးရတယ်။ အဲဒီ အဆီ ဆိုတာ မရှိခဲ့လို့ ရှိယင်၊ အဆီခန်းခဲ့လို့ ရှိယင် အရိုးအချင်းချင်း ပွတ်ကြတဲ့အတွက်ကြောင့် 'နာတယ်' ခါးနာတယ်၊ ဒူးနာတယ်၊ ဟုတ်လား"

"မှန်ပါ ဘုရား"

"ဟာ.... အဆစ်အမြစ်တွေက နာတယ်၊ တိုက်တယ်တဲ့၊ အဲဒီ အရိုးတွေ ပွတ်လွန်း လွန်းလို့ ဒီထဲက တေဇောကြွပြီးတော့ နှိပ်စက်တာ၊ အဲဒါကို သဘောကျအောင် ရှုနိုင်လို့ ရှိယင်လဲပဲ အလွန် အဖိုးတန်တဲ့ ကမ္မဋ္ဌာန်းပဲ၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အာပေါဓာတ် ခန်းခြောက်သွားတဲ့ သဘောကို ကြည့်။ အာပေါဓာတ် ခန်းခြောက်သဖြင့် တေဇော၊ ပထဝီဓာတ် ၂–ခု ပွတ်ကြသဖြင့် တေဇောတွေ ကြွပြီးတော့လာလို့ ပင်ပန်းဆင်းရဲတဲ့ ဓာတ်ကြီး ၄–ပါး ဆိုတဲ့ မြွေကြီး ၄–ကောင် ကိုက်နေတဲ့ ဒုက္ခကို သဘောကျအောင်ကြည့်တဲ့။ အဲဒါ ကမ္မဋ္ဌာန်းပဲနော်"

"မှန်ပါတယ် ဘုရား"

**ရုပ်ဖောက်ပြန်။** ။"ဒီတော့ယင်၊ အဲဒီ ဒူးနာတယ်ဆိုတာ ဘာတဲ့လဲ။ ရုပ် ၄–မျိုး ဖောက်ပြန်နှိပ်စက်တာပဲ"

"ဟုတ်ပါတယ် ဘုရား"

"ပထဝီဓာတ်ရယ်၊ အာပေါဓာတ်ရယ်၊ တေဇောဓာတ်ရယ်၊ အစေးဆိုတာက အာပေါဓာတ်၊ အရိုး ဆိုတဲ့ အမာ ၂–ခုက ပထဝီဓာတ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အဲဒီ ခြေထောက်ကို ကွေးလိုက်၊ ဆန့်လိုက်နဲ့ လုပ်နေတာက ဝါယောဓာတ်၊ ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"ကွေးဖန်၊ ဆန့်ဖန် များလို့ အရိုး ၂–ခု ပွတ်ပါများသဖြင့် ကြွလာတဲ့ အပူက"

"တေဇောဓာတ်ပါ ဘုရား"

"ခေါင်ကြီး လေးပါး၊ မြေကြီး ၄–ကောင် ကိုက်သဖြင့် ဒုးနာတယ်။ ဒါ သဘောကျလို့ ရှိယင် ခေါတုမနသိကာရ ကမ္မဋ္ဌာန်း ဂေါစရ သမ္ပဇဉ်၊ အသမ္မောဟ သမ္ပဇဉ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ဒီတော့ ဝေဒနာဆိုတာက ဘာတဲ့လဲ ဟိုတနေ့က ပြောထားခဲ့တယ်၊ ခံစားမှု"

"မှန်ပါ ဘုရား"

"ပင်ပန်းမှုကို ခံစားရတယ်တဲ၊ ခေါင်ကြီး လေးပါး ဆိုတဲ့ မြေ ၄–ကောင် ကိုက်တဲ့ဒဏ်ကို ခံနေရတယ်။ ဘယ်သူက ခံတာလဲ"

"ဝေဒနာက ခံပါတယ် ဘုရား"

"ဝေဒနာက ခံတယ်၊ ကိုက်နေတာက ခေါင် ၄–ပါးဆိုတဲ့ မြေ ၄–ကောင်"

"မှန်ပါ ဘုရား"

"ဒါဖြင့်ယင် အဲဒီ ဒုးကိုက် ဘယ်ဆိုတဲ့ နေရာ ရှိယင် ခေါင် ၄–ပါး ဆိုတဲ့ မြေ ၄–ကောင် ရှုမိရက်သား မနေဘူးလား"

"ရှုမိရက်သား နေပါတယ် ဘုရား"

"အေး၊ အဲဒါက ဝေဒနာ မဟုတ်လေ၊ ခေါင်လေးပါး ဆိုတဲ့ မြေ ၄–ကောင် ကိုက်တဲ့ဒဏ်ကို ရှုတာ၊ ရုပ်ကမ္မဋ္ဌာန်းနော်"

"မှန်ပါဘုရား"

"ဝေဒနာဆိုတာ ခံစားတဲ့ နာမ်တရား၊ ကိုင်း၊ ဒီတော့ယင် ကြည့်။

"လသိကာစ၊ အစေးဖြင့်လဲ။ ပူရော၊ ရွှံ့ဖွယ်လိလိ အပြည့်ပါပဲ။

**သွေးအကြောင်း သိကောင်းစရာ။** ။"လောဟိတံ၊ သွေး။

"ကိုင်း၊ သွေး ဆိုတာကိုလဲ အာရုံပြုပြီးတော့ ကြည့်။

"လောဟိတံ၊ ချိပ်ရည်အဆင်း၊ တခွက်ခင်းမျှ၊ ရင်တွင်းဆုပ်ညှို့၊ နှလုံးတို့ထက်၊ တစက်စက်ကျ၊ ယကဲနအောက်နေ၊ ဤလေးထွေကို၊ စိုစေလျက်၊ စုဝေးသောသွေး၊ ကျဲသောချိပ်ရည်၊ ပမည်ပိုက်ကျုံး၊ ကိုယ်လုံးနှံ့ရောက်၊ အကြောလျှောက်သော၊ သွေးအားဖြင့်၊ နှစ်ပါးသော သန္နိစိတ၊ သံသရဏသွေးအစုသည်လည်း။ အတ္ထိ၊ ထင်ရှားပုံသေ ရှိတုံ့ချေ၏ တကား။

"သွေးကလဲ ၂–မျိုး၊ သန္နိစိတ သွေး၊ သံသရဏ သွေး။

"သန္တိစိတ ဆိုတာက တနေရာမှာ စုပြီးဘော့ နေတဲ့ သွေး။ တနေရာထဲ စုနေတဲ့ သွေးကို သန္တိစိတ်။

"အကြောတွေမှာ ပြေးလျှောက်နေတဲ့ သွေးကို သံသရဏ သွေး။

"အဲဒါ ခန္ဓာကိုယ်တွင်းမှာ ဘယ်နေရာ စုနေတုန်းဆိုတော့ စုံနေတဲ့ သွေးက။

"ရင်တွင်းဆုပ်ညှို့နှလုံးတို့တက်၊ တစက်စက်ကျယကနအောက်နေ၊ ဤသွေးတွေကို စိုစေလျက်၊ စုဝေးတဲ့ သွေး။

"အဆုပ်ရယ်၊ အညှို့ရယ်၊နှလုံးရယ်'ယကန' ဆိုတော့ အသည်းရယ်၊ လေးပါး မဟုတ်လား'

မှန်ပါဘုရား"

**အမြဲသွေးရှိနေသော ကောဋ္ဌာသ ၄–ပါး၊** ။"အဆုတ်၊ အညှို့၊ နှလုံး၊ အသည်းလို့ ခေါ်တဲ့ ကိုယ်တွင်း ၄–ပါးကို အမြဲတမ်း စိုနေအောင် ဖျန်းထားတဲ့ သွေး ရှိတယ်။

"အဲဒီ ကောဋ္ဌာသ ၄-ပါးမှာ အမြဲတမ်း သွေး ရှိနေတယ်။ အမြဲတမ်း စိုနေတယ်၊ အဆုတ်ကမှာလဲ သွေးဟာ အမြဲတမ်း ရှိရမယ်၊ အသည်းမှာလဲ အမြဲတမ်း သွေး ရှိနေရမယ်၊ နှလုံးမှာလဲပဲ သွေးရှိရမယ်၊ အညှို့မှာလဲပဲ၊ ကျောက်ကပ်မှာလဲပဲ သွေးရှိရမယ်။ အကယ်၍ အဲဒါတွေမှာ သွေးခန်းသွားလို့ ဆိုလို့ရှိယင် ဤပုဂ္ဂိုလ်ဟာ သေတော့မှာပဲ။

"အာပေါဓာတ် ဆိုတဲ့ 'ပူတိမုခ' မြွေကိုက်တာနော်"

"မှန်ပါ ဘုရား"

"သွေး ဆိုတာ အာပေါဓာတ်ထဲမှာ ပါဝင်သောကြောင့် 'မြွေ' မြွေကြီး ၄–ကောင် 'အာသီဝိသောပမ သုတ္တန်စကားနဲ့ ပြောယင်ဖြင့် သူသည်' 'ပူတိမုခမြွေ' ။

"အဲဒီ သွေးတွေ ပုပ်ပြန်ပြီဆိုတော့လဲ သေ၊ သွေးတွေ ခန်းပြန်ပြီ ဆိုတော့လဲ သေ၊ သွေးတွေ လွန်ကဲပြန်ပြီ ဆိုတော့လဲ သေ၊ ဒီလို မဟုတ်သား"

"မှန်ပါဘယ် ဘုရား"

"ဒါကြောင့် အဲဒီ အာပေါဓာတ် ဆိုတဲ့ ပူတိမုခမြွေ တဲ့၊ သွေး ခန်းသင်၊ သွေးလွန်ယင်၊ သွေးခဲယင်နော်"

"မှန်ပါဘုရား"

"အဲ၊ မင်းဂွဘ်သီးနဲ့ သကြားနဲ့ စားခဲတာ ဘာဖြစ်လဲ၊ သွေးတွေ ခဲတာပေါ့"

"မှန်ပါဘုရား"

"နှလုံးအိမ်ထဲမှာ သွေးဟာ လက်တခုပ်စာလောက် ရှိတယ်ဆို၊ မနေ့က ပြောထားတယ်"

"မှန်ပါ ဘုရား"

"အဲဒီ လက်ဘခုပ်စာလောက်ရှိတဲ့ သွေးတွေဟာ အလွန် အေးပြီးတော့ ချုပ်တဲ့ဖန်တဲ့ အစားအစာတွေ ဝင်သွားယင် ခဲကုန်တယ်၊ဒီတော့ နဂိုတုန်းက အရည်အတိုင်း ပြေးလွှားနေတဲ့ သဘောက၊ သူက အာပေါ ဓာတ်ရဲ့ အနေအားဖြင့် ယိုစီးပြီးတော့ 'ပဃ္ဃရဏ လက္ခဏာ၊ အာပေါ ဓာတု' ဆိုတဲ့အတိုင်း ယိုဆင်းပြီးတော့ ပြေးလွှားတယ်။

"မယိုစီးနိုင်တော့ဘူး၊ ခဲသွားပြီဆိုတော့ အာပေါက်နေ၊ ပထဝီသို့ ပြောင်းခဲ့တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒါ သေရော။

"ဒါကြောင့် ရင်တွင်း ဆုပ်ညို့။ နှလုံးတို့သက်၊ တစက်စက်ကျ၊ ယကန အောက်နေ၊ ဤခလေးထွေကို စိုစေလျက်၊ စုနေတဲ့ သွေး တဲ့။

"ကျဲသောချိပ်ရည်၊ ချိပ်တွေ အရည်ကျိုထားသလိုပဲ 'ကျဲသော ချိပ်ရည်' သွေး ခပ်ကျဲကျဲ၊ အကြောပြေးနေတဲ့ သွေးက ကျဲပါတယ်။

"ခုနက အတွင်းကောဋ္ဌာသ ၄-၅ါး စိုနေတဲ့ သွေးက ပျစ်တယ်၊ ခဲတယ်။ ဒါကြောင့် သွေးအန်ခြင်း၊ သွေးဆင်းခြင်း ဆိုတဲ့ အခါမှာ ခဲခဲ တွေပဲ ဖြစ်မယ်။

"ကျဲသော ချိပ်ရည်၊ ပမည်ပိုက်ကျုံး၊ ကိုယ်သုံးနှံ့ရောက်၊ အကြော လျှောက်သော သွေးသည်။ အတ္တ၊ ထင်ရှားပုံသေ ရှိတုံ့ချေ၏ တကား၊

**သည်းခြေအကြောင်း သိကောင်းစရာ။** ။"ပိတ္တံ၊ သည်းခြေတဲ့၊ ကိုင်း။ သည်းခြေအကြောင်း ပြောကြဦးစို့။

"ပိတ္တံ၊ ဆုပ်နှလုံးကြား၊ အသည်းနားခွ၊ ထွားထွားကြီးကြီး၊ သပွတ်သီးနှယ်၊ အိုအိမ်ဝယ်တည့်တဲ့။

''သည်းခြေ ဆိုတာက ဘယ်လိုပုံလဲ ဆိုလို့ရှိယင် သပွတ်သီးလိုပဲတဲ့၊ သပွတ်သီးလောက် ရှိတယ်နော်။ အိမ်ဖွဲ့ပြီးတော့ အလုံးလိုက်နေတဲ့ သည်းခြေ သူ့ဖိုတော့ 'ဗဒ္ဓသည်းခြေ' လို့ ခေါ်မယ်။ ဘာသည်းခြေလဲ''

''ဗဒ္ဓသည်းခြေပါ ဘုရား''

''ဗဒ္ဓသည်းခြေ၊ တို့ပရိသတ်၊ ဘာသည်းခြေ''

''ဗဒ္ဓသည်းခြေပါ ဘုရား''

''ဗဒ္ဓသည်းခြေတဲ့၊ သပွတ်သီးလောက် ရှိမယ်နော်''

''မှန်ပါ ဘုရား''

''အအိပ်ဝယ်တည်၊ မယ်စယ်ဆီတဲ့၊ အိမ်ဖွဲ့သည်းခြေ၊

''မယ်စယ်ဆီ၊ မယ်စယ်ဆီလိုပဲတဲ့၊ မယ်စယ်ဆီတွေကို လုံးပြီးတော့ ခဲထားသလိုပဲ၊ မယ်စယ်ဆီတွေ တွဲပြီးတော့ ခဲနေသလိုပဲ၊

''ကိုင်း၊ မယ်စယ်ဆီက ဘယ့်နှယ်ဟာလဲ၊ဒီအရပ် မယ်စယ်ပင်တော့ မရှိဘူး။ မန္တလေးနေပြည်တော် သွားကြည့်ကြဦးစို့၊နန်းတော်ရဲ့ အရှေ့ဘက် နားမှာ၊ ကုသိုလ်တော်ဘုရား တပတ်လည် မယ်စယ်ပင်တွေ ရှိတယ်၊ မယ်စယ်ပင် ဆိုတာ ပင်စည်ပင်ကြီး တွေပါပဲ။ ပင်စည်ကြီးတွေနဲ့ ကုက္ကိုပင် ကြီးတွေလို အကြီးကြီးတွေ၊

''အဲဒီလို အပင်အမျိုးအစား။ အရွက်က လက်ညှိုး၊ လက်ခလယ်၊ ဒီအရွယ်လောက်ပဲ ရှိတယ်၊ ခပ်ချွန်ချွန်ကလေးတွေ၊ အဖျားချွန်ကလေးတွေ၊ အသားက ဆတ်တယ်၊ အသီး သီးတဲ့ အခါကျတော့ လက် ၂-ဆစ်ခန့် ပမာဏရှိတဲ့ အချွန်ကလေးတွေ သီးတယ်၊ အပေါ်က အခွံထူတယ်၊ အထဲ အစေ့လေးတွေ ထုတ်လိုက်ယင်လဲပဲ လက် ၂-ဆစ် လောက် အစေ့ ကလေးတွေ ရတယ်၊ ပြောင်ချောနေတယ်၊ အဲဒီ အစေ့ကို ဆီကြိတ်လို့ ရှိယင် ဆီထွက်မယ်။ အသီးကို အဆီထုတ် ဆီကြိတ်ယင် ရတယ်။

''အဲဒီ အပွင့်များပွင့်တဲ့ အချိန်ဆိုလို့ရှိယင် လင်းဆွဲတွေ အားကြီး ကြိုက်တယ်၊ အပွင့်ကလေးတွေက ခပ်ထူထူ၊ ပုန်းညက်ပွင့်ပုံသဏ္ဍာန်လိုပဲ၊ အဲဒီ ပုန်းညက်ပွင့်ထက် အဖတ်များစွာ ထူတယ်။

''အဲဒါကို အဝတ်ကလေးနဲ့ ထုပ်ပြီ တော့ ရေစိမ်ထား၊ မနက် လောက်ကနေ စိမ်၊ ညနေချမ်းကျပြီ ဆိုလို့ရှိယင် အဲဒါ နာနာလေး ညှစ်ချ လိုက်လို့ရှိယင် ချိုတဲ့အရသာ ရတယ်။ ဖျော်ရည်ပေါ့။ မယ်စယ်ဖျော်ရည် တဲ့။ အဲဒါ အညာက တချို့ ဆရာတော်ကြီးများ ဘုဉ်းပေးကြတယ်။

"မယ်စယ် ဖျော်ရည် အနံ့ကတော့ ခပ်ပြင်းပြင်းပဲ၊ လေးလေးပင်ပင် ချိုတယ်"

"မှန်ပါဘုရား"

"အဲဒီ မယ်စယ်ပင်က အစေ့ကို ဆီကြိတ်သလိုပဲတဲ့။ ဝါပြီးတော့ ပျစ်ချွဲပြီးတော့ ခဲ၍နေတယ်။ သပွတ်သီးသဏ္ဌာန်ရှိတယ် နော်"

"မှန်ပါဘုရား"

"အေး....ဒါကြောင့်–

"မယ်စယ်ဆီကဲ့၊ အိမ်ဖွဲ့သည်းခြေ၊ စိုလေရာရာ၊ ရေမှာဆီဆမ်း၊ ပမာလွှမ်းသား။

"နောက်အိမ်မဖွဲ့ပဲနေတဲ့ သည်းခြေက ဝမ်းခေါင်းထဲမှာ စိုပြီးတော့ နေတဲ့၊ နေရာတိုင်း နေရာတိုင်းမှာ စိုတဲ့နေရာတိုင်း နေရာတိုင်းမှာ၊ အဲဒီ အိမ်မဖွဲ့ပဲနေတဲ့ သည်းခြေက ဝမ်းတွင်းမှာ ပြန့်နှံ့ပြီးတော့ ရှိတယ်။

"ညှိုးနွမ်းပျဉ်းပွင့်" ညှိုးနွမ်းပြီးတော့နေတဲ့ ပျဉ်းပွင့်ကလေးရဲ့ အရောင်။

"ကစော့ပွင့်တောင်ကြာ–ကစော့ပင်ရဲ့ အပွင့်ကလေးလို၊ တောင်ကြာပင်က အပွင့်ကလေးလို။

"တခုမသိ တခုသိရောပေါ့နော်"

"မှန်ပါ ဘုရား"

"ကစော့ပွင့်ဆိုယင်တော့ သိတာပေါ့၊ ဝါဝါကလေး။ တောင်ကြာပွင့်ဆိုတာလဲ ဝါဝါကလေးပဲ။

"ကစော့ပွင့်တောင်ကြာ၊ ပန်းဆင်းဝါသို့၊ အိမ်မှာမနေ၊ နှစ်ပါးသော ဗဒ္ဓသည်းခြေ။ အဗဒ္ဓသည်းခြေအစုဖြင့်တို့ အစုဖြင့်လဲ၊ ပူရော၊ ရှုဖွယ်လိလိ အပြည့်ပါပေ။

"ဒီတော့ယင် သည်းခြေသည် အိမ်ဖွဲ့နေတဲ့ သည်းခြေတမျိုး ရှိတယ်။ အိမ်မဖွဲ့ပဲစိုတဲ့၊ အရာဝတ္ထုထဲက ပြန့်နှံ့ပြီးတော့ စိုပြီးတော့နေတဲ့ သည်းခြေတမျိုး ရှိတယ်။

"ရေထဲမှာ ဆီဆမ်းထားသလိုပဲတဲ့၊ ဝမ်းခေါင်းထဲမှာ သည်းခြေတွေ ပြန့်ပြီးတော့ နေလေ၏။ အထက်လေဆန်၊ အန်တဲ့အခါကျယင် တခါတခါ အဲဒီသည်းခြေတွေ အန်ထွက်လာတယ်။ ဒါကြောင့် ပါးစပ်ထဲရောက်တော့ ဘယ်လိုနေလဲ၊ ခါးတယ်"

"မှန်ပါဘုရား"

"အဲဒီသည်းခြေက ခါးတာနေဉ်"

"မှန်ပါဘုရား"

"အိမ်မဖွဲ့ပဲနေတဲ့ သည်းခြေတဲ့၊ အန်ထွက်တာ။ အိမ်ဖွဲ့ပြီးတော့ ခုန ကလို အလုံးကြီးနေတဲ့ သည်းခြေက အန်မထွက်ဘူး၊ အန်ထွက်ယင်လဲပဲ၊ အဲဒီ အိမ်ဖွဲ့နေတဲ့ ဗဒ္ဓ သည်းခြေပေါက်လို့၊ ပေါက်ယင်လဲ ဤပုဂ္ဂိုလ်ဟာ ရှူးတယ်"

"မှန်ပါဘုရား"

"အဲဒီတော့ သည်းခြေ ၂–မျိုး၊ တို့ဝမ်းခေါင်းမှာ ဤကဲ့သို့ ရှိလေ၏။ ဆိုဘာကိုလဲ ရှုစရာ၊ အသုဘ အခြင်းအရာ၊ ပဋိကူလ အခြင်းအရာကို ဤကဲ့သို့ အာရုံယူကြလေ။

"လောဟိတဿ လသိကာယ။ ပိတ္တဿ စ ဝသာယာ စ။

"ဝသာယာစ၊ ဆီကြည့်ဖြင့်လဲ၊ ပူရော၊ ရှဖွယ်လိလိ၊ ဖြည့်၍နေ၏။ ဆိုပြီးတော့ ကောဋ္ဌာသတွေ တော်တော်ကုန်သွားပြီတဲ့။

"ကျန်တဲ့ဥစ္စာလေးက ၇–ခု၊ ၈–ခုလောက် ကျန်တယ်၊ ဒီစိဇယ သုတ္တန်ထဲ မပါတော့ဘူး။ မပါပေမယ့် ထည့်ပြီးတော့ ပြောလိုက်ရအောင် စုံသွားအောင်လို့နေဉ်"

"မှန်ပါဘုရား"

**ကျင်ကြီးအကြောင်း သိကောင်းစရာ။** ။"ကိုင်း....ကျင်ကြီးအိမ်၊ သယ်လို နေသလဲ ကြည့်။

"ကရီသံ၊ ယေဘုယျအား၊ အစာလားတည်း၊ အလျားရှစ်သစ်၊ ဝါးကျည်ဆစ်သို့၊ ချက်ဖြစ်ကျောက်ကုန်း၊ အူအဆုံး၌။ စားသုံးသမျှ၊ မွမွကျေညက်၊ အူခေါင်းသက်၍၊ လျောလျက်စုနေ၊ ဖျော့တော့သော မြေညက်အတူ၊ အစာဟောင်းအစုသည်။ အတ္ထိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

"သူက၊ 'ကရီသံ'တဲ့၊ ယေဘုယျအား၊ အစာလားတည်း။

"ကျင်ကြီးရဲ့အရောင်ကို ပြောတယ်။ ယေဘုယျအားဖြင့် အစာရဲ့ အရောင်ပဲတဲ့၊ အရောင်ကို သူက သီးခြား ဥပမာနိုင်း မပြောတော့ဘူး။ ကျင်ကြီး အတိုင်း အရောင် ဘယ်လိုတုံးဆိုလို့ရှိယင် မိမိစားတဲ့ အစာရဲ့ အရောင်အတိုင်းပဲ၊ ယေဘုယျအားဖြင့် ဤကဲ့သို့ဖြစ်တယ်။

"အလျားရှစ်သစ်၊ ဝါးကျည်ဆစ်သို့" လက်ရှစ်သစ်လောက်ရှိတဲ့ ဝါးကျည်ဆစ်ကလေးလို ဟုတ်လား၊ ဝါးဆစ်ကလေးလိုပဲ။

''မှန်ပါဘုရား''

''ဘယ်နေရာ နေတုန်းဆိုတော့ ''ချက်မြစ်ကျောက်ကုန်း အူအဆုံး ၌'' အူရဲ့ အဆုံး၊ ချက်ရဲ့ အောက်ပိုင်းမှာရှိတယ်၊ ဒါ ကျင်ကြီးအိမ် အဲဒီ ထဲမှာလဲ ပိုးကောင်တွေ မြောက်မြားစွာ နေလေ၏။

''ချက်မြစ်ကျောက်ကုန်း၊ အူအဆုံး၌၊ စားသုံးသမျှ၊ မွမွကျေညက်၊ အူခေါင်းသက်၍''

''အူခေါင်းတလျှောက် ''သက်တယ်''ဆိုတာ လျှောပြီးတော့ ဆင်း သွားပြီးတော့ အဲဒီဝါးဆစ်ကဲလေးလို လက် ၈–သစ်လောက်ရှိတဲ့ ဝါးဆစ် ထဲ သွားပြီးတော့ လှောင်ထား။

''အပေါ်ပိုင်းက အစာသစ်အိမ်၊ အောက်ပိုင်းက အစာဟောင်း အိမ်ဆိုတဲ့ ကျင်ကြီးနော်''

''မှန်ပါဘုရား''

''စားသုံးသမျှ မွမွကျေညက်၊ အူခေါင်းသက်၍။ လျှောလျက်စုနေ၊ ဖြော့တော့သော မြေညက်အတု၊ အစာဟောင်းအစုသည်။ အတ္တ ိ၊ ထင်ရှား ပုံသေ ရှိတုံချေ၏ဘကား။

''အစာဟောင်း၊ ဝါဆစ်ထဲမှာ မြေညက်တွေစုပြီးတော့ ထောင်း ထည့်ထားသလိုပဲတဲ့။ ချက်ရဲ့အောက်ပိုင်း လက် ၈–သစ်ခန့်၊ ဝါးဆစ် သဏ္ဌာန် ရှိနေတဲ့ အစာဟောင်းအိမ်ထဲမှာ ကျင်ကြီးဆိုတာ နေလေ၏။ ပိုးကောင်တွေနဲ့။ အပေါ်ပိုင်းက အစာသစ်အိမ်ထဲ ကျပြန်တော့လဲ ပိုး ကောင်တွေနဲ့၊ သလိပ်တွေ ဖုံးလို့၊ ဒီလို မဟုတ်လား''

''မှန်ပါဘုရား''

''အလယ်ပိုင်းတလျှောက် ကြည့်လိုက်ပြန်တော့လဲ ယခုနက် ပြော ထားခဲ့တယ်၊ သလိပ်တွေရယ်၊ အသည်းတွေရယ်၊ အဆုပ်တွေရယ်၊ အူတွေ ရယ်၊ အူသိမ်ရယ်၊ အူမရယ်၊ အေး.... ကျောက်ကပ်၊ အသို့ရယ် နော်''

''အရာဝတ္ထု ကောဋ္ဌာသ အစုစုံတို့ဖြင့် သွေးတွေ၊ သားရေတွေ၊ သလိပ်တွေနဲ့ ပြည့်နေတဲ့ တို့ရဲ့ ဝမ်းခေါင်းကြီးပါလား''

''၂–ဘက်ပေါက်၊ ပေါက်နေတဲ့ အိတ်ကြီးထဲ ထည့်ထားတဲ့ အရာ ဝတ္ထုတွေနော်''

''မှန်ပါတယ် ဘုရား''

"အဲဒီလို ရှိလေ၏။ ဒါဖြင့်ယင် အစပိုင်းက "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" ဆိုတာကျတော့ ဒီသုတ္တန်ထဲ မပါလှာတော့ဘူး၊ ဦးနှောက်ဆိုတာကကော၊ ခြင်ဆီဆိုတာကကော ရှိသေးတယ် မဟုတ်လား"

"ရှိပါတယ် ဘုရား"

**ခြင်ဆီအကြောင်း သိကောင်းစရာ။** ။"ခြင်ဆီတဲ့၊ မိမိတို့ရဲ့ အခေါင်းရှိတဲ့ အရိုး၊ အလွန် အားကောင်းတဲ့ အရိုးတိုင်း အရိုးတိုင်းတို့ရဲ့ အတွင်းမှာ၊ ခေါင်းခွံရိုးကျတော့ "ခြင်ဆီ" ဘယ်ရှိတော့မလဲ၊ ခေါင်းခွံအထဲမှာ ဦးနှောက်ရှိသေးတယ် နော်"

"မှန်ပါ ဘုရား"

"အချောင်းလိုက် အချောင်းလိုက်နေတဲ့၊ အရိုးရဲ့ အတွင်းထဲမှာ ဆိုလို့ရှိယင်၊ ဝါးဆစ်ထဲကို ကြိမ်ညွန့်၊ ကြိမ်ဖူးတွေထည့်ပြီးတော့ မီးဖုတ်ထားသလိုပဲ၊ ခြင်ဆီဆိုတဲ့ အရာဝတ္ထုကလဲ တမျိုးရှိတယ်။

"ဒါကလဲ ခန္ဓာကိုယ်တွင်းရှိတဲ့ ကောဋ္ဌာသတပါး၊ ခေါင်းထဲ ကြည့်လိုက်ပြန်တော့ ဘာတဲ့လဲ။

**ဦးနှောက်အကြောင်း သိကောင်းစရာ။** ။"မတ္တလုင်္ဂံ၊ ဥခွံထဲချောင်၊ မှိုခဲလျှောင်သို့၊ ဆင်းရောင်ဖြူစွာ၊ ဦးချာလေးဆက်၊ လေးပုံဝက်သည့်၊ မုန့်ညက်စိုင်အတု၊ ဦးနှောက်အစုဖြင့်၊ ပူရော၊ ရွံဖွယ်လိလိ၊ ပြည့်၍နေ၏ တဲ့။

"မတ္ထလုင်္ဂံ၊ ဥခွံထဲချောင်။

"ခေါင်းထဲကို မှန်း အာရုံပြုပြီးတော့ ကြည့်စမ်း။

"ဥခွံထဲချောင်၊ မှိုခဲလျှောင်သို့- ဥခွံ၊ ကြက်ဥ၊ ဘဲဥ၊ အခွံလေးတွေတဲ့၊ မှိုခဲ၊ မှိုတုံးလေးတွေ ထည့်ထားသလိုပဲ။

"ဆင်းရောင်ဖြူစွာ၊ ဦးချာလေးဆက်၊ လေးပုံဝက်သည့်"

"ဦးချာလေးဆက်"အတဲမှာ လေးပုံလေးဝက် အခန်းလေးခန်း၊ အကန့်လေးကန့်၊ ကန့်ပြီးတော့ နေကြတယ်တဲ့။

"ဦးချာလေးဆက်၊ လေးပုံဝက်သည့်၊ မုန့်ညက်စိုင်အတု- မုန့်မှုန့်ကို ရေနဲ့နယ်ပြီးတော့ လုံးထားတဲ့ အတုံးအခဲကြီးတွေလိုပဲ။

"မုန့်ညက်စိုင်အတု၊ ဦးနှောက်အစုဖြင့်လဲ၊ ပူရော၊ ရွှံ့ဖွယ်လိလိ၊ အပြည့်ပါပဲ- လို့ ဤကဲ့သို့ အာရုံယူပြီးတော့ ကြည့်။

"ဦးနှောက်နော်"

"မှန်ပါ့ဘုရား"

"သတိပဋ္ဌာနသုတ္တန် ပါဠိတော်မှာကတော့၊ ဦးနှောက်ဆိုတာ၊ တို့ပရိသတ် မပါဖူးဗျ၊ သတိပဋ္ဌာန်သုတ်မှာ ဦးနှောက်မပါဘူး"

"ဒီ ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုဟောတဲ့ နေရာမှာ မူလပဏ္ဏာသ။ ပါဠိတော်တို့၊ သတိပဋ္ဌာန် ပါဠိတော်တို့၊ ဝိဘင်း ပါဠိတော်တို့မှာ ဦးနှောက်ကို ထည့်ပြီးတော့ မဟောဘူး၊ ဘာပြုလို့ ဤပါဠိတော်မှာ၊ ဤပါဠိတော်များမှာ မြတ်စွာဘုရား ဦးနှောက်အကြောင်း ထည့်မဟောတုန်းဆိုတော့ ဦးနှောက်ဟာတဲ့၊ ခြင်ဆီနဲ့ အလားတူတယ်တဲ့။

"ခြင်ဆီလဲ အရိုးထဲမှာနေတယ်၊ ခြင်ဆီသည် အရိုးထဲမှာ နေသလိုပဲ၊ ဦးနှောက်လဲပဲ အရိုးထဲမှာ။ အဲဒီလိုဆိုတော့ ခြင်ဆီထဲမှာပင်လျှင် ဦးနှောက်ပါဝင်၍ သွားသောကြောင့် ဦးနှောက်ကို သီးခြား မြတ်စွာဘုရား မဟောတော့ဘူးဆိုပြီးတော့ သတိပဋ္ဌာနသုတ္တန်မှာ ဦးနှောက်ကို ထည့်မဟောဘူး။

"ဒါကြောင့် သတိပဋ္ဌာနသုတ္တန်ကျက်တဲ့ ပုဂ္ဂိုလ်များ သတိထား။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ၊အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ"ဆိုပြီးတော့ ရပ်ထား။

"မတ္ထလုင်္ဂံ မဆိုလိုက်နဲ့။ သတိပဋ္ဌာန်သုတ် ပါဠိတော်အတိုင်းဆိုယင် "မတ္ထလုင်္ဂံ"မပါဘူး။ ဟိုဘက် ကျော်ချလိုက်။

"ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တဉ္စ"လို့ (၃၁)ခုပဲ ရှိရမယ်။

**ကိုထို ပါဠိတော်တို့နှင့် ဦးနှောက် မဟောခြင်းအကြောင်း။**

"ဒါဖြင့်ယင် အရှင်ဘုရား၊ ဘာကြောင့် ဦး နှောက် ကို ထည့် ပြီး ဟောရသလဲဆိုဘော့၊ ဤ ဝိဇယသုတ္တန် ဒေသနာတော်မှာ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ဦးနှောက် ကိုထည့်ပြီးတော့ ဟောထားတယ်။

"ဦးနှောက်အကြောင်း ပြောကြစို့ ဆိုလို့ရှိယင် ဘုရားတော ပါဠိတော်က ဝိဇယသုတ္တန်မှာ ရှိတယ် နော်"

''မှန်ပါဘုရား''

''မှတ်ထား''

''အခြား အခြား ပါဠိတော်တွေမှာ 'ဦးနှောက်' ဘယ်မှ မဟောဘူး၊ ခြင်ဆီနဲ့ ပေါင်းယူ။ 'ပဋိသမ္ဘိဒါမဂ်' ပါဠိတော်မှာ အရှင်သာရိပုတ္တရာ မထေရ်ကြီး ဟောတဲ့နေရာကျတော့ 'ဦးနှောက်' ကို သီးခြား ထည့်ဟောထားတယ်၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ဒါကြောင့် 'ပဋိသမ္ဘိဒါ' နည်း၊ ဤဝိဇယသုတ္တန်နည်း၊ ၂–နည်းတို့ဖြင့် ဦးနှောက်ကို ထည့်လိုက်လို့ ရှိယင်၊ သီးခြားထည့်ယူလိုက်ယင် ၃၂–ကောဋ္ဌာသ ပြည့်သွားတယ်၊ မပြည့်ဘူးလား''

''ပြည့်သွားပါတယ် ဘုရား''

''အေး၊ ဒါ ဘာကြောင့် ဒါ ရှင်းတမ်းထုတ်ရသလဲ ဆိုလို့ ရှိယင် ဘုန်းကြီးက တနေရာမှာ ဒကာတယောက်က စာဒက တက်ဖူးလို့။

''သူက စာတတ် ပေတတ် ဘုန်းကြီး သူထွက်တယောက်''

''မှန်ပါ ဘုရား''

''ဦးနှောက် မပါပဲနဲ့ အရှင်ဘုရား ဘာကြောင့် ထည့်ဟောရသတုံးတဲ့၊ 'သတိပဋ္ဌာန်သုတ် ပါဠိတော်လဲ မပါဘူး၊ အဋ္ဌကထာလဲ မပါဘူး၊ ဋီကာကလဲ သေသေချာချာ ပြောထားတယ်' တဲ့။ ဦးနှောက်နဲ့ ခြင်ဆီနဲ့ အတူတူပေါင်းယူ၊ ၃၁–ကောဋ္ဌာသပဲ ရှိတယ်။ ၃၂–ကောဋ္ဌာသ မရှိဘူး။ အရှင်ဘုရား ဦးနှောက်ထည့်ပြီး တောတော့ အပို ဟောထားတယ်' တဲ့။

''မြတ်စွာဘုရား မဟောပဲနဲ့ အရှင်ဘုရား ဘာလို့ ဟောရသလဲတဲ့။ သူက''

''မှန်ပါ ဘုရား''

''ဘုန်းကြီး တို့ စာပြန်ပွဲတုန်းကလဲ ဒီနေရာမှာပဲ ငြင်းခဲ့ကြရတယ်။ အောက်က စာထောက်တဲ့ သူနဲ့ ငြင်းကြတယ်၊ ဘုန်းကြီးက နှုတ်ကျိုးနေတဲ့ ဤဝိဇယသုတ္တန် အတိုင်းပဲ 'မတ္ထလုင်'' ထည့်ဆိုတော့ သူက စားပွဲပုတ်ပြီးတော့ 'မပါဘူး၊ မပါဘူး' တဲ့၊ မတ္ထလုင်' မပါဘူးတဲ့၊ 'မပါဘူး' ဆို ဘုန်းကြီးကလဲ မပါတဲ့အတိုင်း ဒီအတိုင်း နေလိုက်ယင် ကောင်းသားပေါ့။ သူခိုင်းတဲ့အတိုင်းဆို 'မဟုတ်ဘူး၊ ပါတယ်' လို့ ကိုယ်ကလဲ ပြန်ငြင်းမိတယ်။ 'တော်တော် စကားများတဲ့ ကိုယ်တော်' လို့ ထွက်သွားသလား မသိဘူး၊ နော်''

"မှန်ပါဘုရား"

"'ပဋိသမ္ဘိဒါမဂ်' ပါဠိတော်နည်းအရ၊ ရှင်သာရိပုတ္တရာ ဟောတဲ့ နည်းအရ ဦးနှောက် ပါသည်၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဤဝိဇယသုတ္တန် ဒေသနာတော်နည်းအရ ဦးနှောက် ပါသည်။ သတိပဋ္ဌာန်သုတ်တို့၊ စူဠဟတ္ထိပဒေါပမသုတ်တို့၊ မဟာရာဟုလောဝါဒ သုတ်တို့၊ ဝိဘင်းပါဠိတော်တို့မှာဆိုယင် မပါဘူး၊ ဒီလို မဟုတ်လား"

"မှန်ပါတယ်ဘုရား"

"ဒီတော့ မြတ်စွာဘုရားသည် ဘာပြုလို့ ပါတဲ့နေရာပါ၊ မပါတဲ့ နေရာ မပါရတုံး ဆိုလို့ရှိယင် ဝေနေယျတို့၏ 'အဇ္ဈာသယ' ကို လိုက်ပြီး တော့ ဟောတာ။

"ကိုင်း၊ ခုနက ဘုန်းကြီး စောဒကတက်တဲ့ ဒကာမျိုးနဲ့ တွေ့ယင် တော့ ဘုရားက ဦးနှောက် ဘယ်ထည့်ဟောမလဲ၊ သူက ခြင်ဆီနဲ့ ပေါင်းတာ သဘောကျနေတာ၊ ခြင်ဆီနဲ့ ဦးနှောက်နဲ့ အတူတူပဲ၊ ထည့်ဟောလိုက် တရားတောင် တိုသေး၊ ဦးနှောက်အကြောင်း အပို မပြောရဘူး။

"ဦးနှောက် ကို သီးခြား အသုဘရှုချင်တဲ့ ပုဂ္ဂိုလ်တယောက် အနေနဲ့ ကျတော့ ဟုတ်လား၊ 'ဦးနှောက်' အကြောင်း ဟောပေးရတယ်"

"မှန်ပါတယ် ဘုရား"



ဝိဇယသုတ္တန် တရားတော် ပဥ္စမပိုင်း ၂

''ဒီကနေ့ တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့က ခန္ဓာကိုယ် တကိုယ်လုံး အထွတ်အမြတ်ထားတာဟာ 'ခေါင်း' ပဲ။ ဘယ်သူပဲ ဖြစ်ဖြစ်၊ 'ခေါင်း' ဆို တယ် အထွတ်အမြတ်ထားတယ်၊ မြန်မာအမျိုးသား အမျိုးသမီးတွေ အနေနဲ့ဆိုယင် ကြည့်လိုက်ပါ၊ 'ခေါင်း' ကို အမြတ် အထားဆုံးပဲနော်။

''အမြတ်ဆုံးနေရာ ဆိုပြီးတော့ အဲဒီနေရာ ဘုရားပင့်တောင်မှ တပည့်တော်ရဲ့ ခေါင်းပေါ်ကို ကြွတော်မူ ဘုရား။ ဘုရားပင့်ယင် ခေါင်း ပေါ်ပင့်၊ ပင့်တယ်နော်။

''အေး၊ ဒါကြောင့်မို့လို့ အထွတ်အမြတ်ထားတဲ့၊ ခေါင်းကိုတဲ့ လက်နဲ့ကိုင်မယ်၊ ပုတ်မယ်ဆိုလို့ ရှိယင်ဖြင့် အကိုင်မခံချင်ဘူး၊ အပုတ်မခံ ချင်ဘူး၊ အထိ မခံချင်ဘူး၊ ဒီလို မဟုတ်လား''

''ဟုတ်ပါတယ် ဘုရား''

''တန်ဆာဆင်ကြပြီ၊ အလှအပဆင်ကြပြီ ဆိုတော့လဲပဲ ဒီ ခေါင်း ကိုပဲ အလှဆင်တယ်၊ အမျိုးသမီးအပေါင်း၊အမျိုးသားအပေါင်း၊သူတော် ကောင်းတို့သည် ခေါင်း ကစ ပြင်ရ ဆင်ရတယ်၊ မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''အဲဒီလို လူတကာ အထွတ်တင်ပြီးတော့နေတဲ့ ခေါင်းကို မြတ်စွာဘုရားက အလွန် ရွံစရာကောင်းတဲ့ ဦးနှောက်တွေအထဲမှာ လှောင်ထားတယ်ဆိုတာ သိစေချင်လွန်းလို့၊ ဒီဝိဇယသုတ္တန်မှာ ဦးနှောက်ကို ထည့်ပြီးတော့ ဟောသည်။ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

**ဦးခေါင်း မညွတ်ချင်သူတွေ အတွက်။** ။''ခေါင်း မညွတ်ချင်ဘူးတဲ့၊ခေါင်းလေးက မညိတ်ချင်ဘူး၊ မာနက လာသေးတယ်။ ငါ အမြတ်ဆုံး ပုဂ္ဂိုလ် တယောက်၊ ငါသည် လောကမှာ တတ်တယ်၊ မြတ်တယ်၊ ထူးတယ် ဆိုတဲ့ ပုဂ္ဂိုလ်တယောက်မို့လို့ ခေါင်း မညွတ်ချင်ဘူး၊ တော်ရုံတန်ရုံ ပုဂ္ဂိုလ် ငါက ဦးကို မချချင်ဘူးကွာ၊ 'မာနလေး' က 'ခေါင်း' ကလေး မညိတ်ချင်ဘူးတဲ့ နော်''

''အဲဒါ အဓိပ္ပာယ် ဘာကြောင့်လဲ၊ မာန ထောင်လို့ ဒီလိုဖြစ်တာ မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒီလို မာန ထောင်တဲ့၊ ခေါင်းမညွတ်ချင်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်များအတွက်တဲ့၊ မာန ကျစေလို၍ ဒီ 'ခေါင်း' ကို ရွံစရာဖြစ်အောင် ရှုစေလို၍ ဘုရားရှင်က....

''မတ္ထလုင်္ဂ၊ ဥဒ္ဓံ ထဲချောင်၊ မှို့ခဲလှောင်သို့၊ ဆင်းရောင်ဖြူစွာ၊ ဦးချာလေးဆက်၊ လေးပုံဝက်သည့်၊ မုန့်ညက်စိုင်အတု၊ ဦးနှောက်အစုဖြင့်လဲပဲ။ ပူရော၊ ဦးမညွတ်ချင်ပါဘူး ဆိုတဲ့၊ မာန ထောင်နေတဲ့၊ ဒီ 'ခေါင်း'ရဲ့ အတွင်းမှာ ရွံဖွယ်လ်လိ၊ အပြည့်ပဲရှိ၍ နေပေတော့၏။

''အဲဒီလို သဘောကျယင် ဒီခေါင်းကြီး ဘယ့်နှယ်လုပ်ပြီးတော့ အလှပြင်ဖို့ လိုသေးသလဲ၊ ကြည့်။

''၃၂–ကောဋ္ဌာသ ဘယ်လောက်ကုန်သွားပြီလဲ ဒကာကြီး။ လက်ချိုးပြီးတော့ သူ မထားခဲ့ဘူးနော်''

''မှန်ပါဘုရား''

''၅–ခု ကျန်ခဲ့တယ်၊ ဟို အစနားက ၅–ခု ကျန်ခဲ့တယ်၊ အစဆုံး ဖြစ်တဲ့ ၅–ခု ကျန်ခဲ့တယ်၊ ဘာလဲ''

''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောပါ ဘုရား''

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဆိုတဲ့ ၅–ခု ချန်ထားခဲ့တယ်။ အဲဒီ ၅–ခု တို့ပရိသတ်ကို သီးခြားသင်ပေးချင်လို့ချန်ထားခဲ့တာ နော်"

"မှန်ပါဘုရား"

"၃၂–ကောဋ္ဌာသ၊ ကောဋ္ဌာသ တခု တခုမှာ ရှုကွက် ၅–ခု ၅-ခုဝင်နေတယ်၊ တို့ပရိသတ်"

"မှန်ပါဘုရား"

"ကောဋ္ဌာသ တပါးပါးကို ခုလို ဟုတ်လား၊အသည်း ဒီလိုနေတယ်၊ အဆုပ် ဒီလိုနေတယ်ဆိုတာကို ကျကျနန သဘောပေါက်ပြီးလို့ရှိယင်၊ အဲဒီ ကောဋ္ဌာသ တခုတခုရဲ့ အပေါ်မှာ အသုဘအခြင်းအရာ မြင်အောင် ရှုရမယ့်နည်းသည် ၅–နည်း ၅–နည်းရှိတယ်၊ ကိုင်း.... နည်းသေးလား။ နဲဘူးကြီးပေါ့"

"မှန်ပါဘုရား"

"၃၂–ကောဋ္ဌာသ ဖြစ်နေသောကြောင့် တခု တခုမှာ ၅–နည်း ၅–နည်းရှိယင် ၃၂–ကောဋ္ဌာသကို ၅–နဲ့မြှောက်ကြည့်ယင်၊ တို့ပရိသတ်၊ ရှုနည်းတွေဟာ ဟောလိုက်ရမှာလေ၊ ၁၃၂–ရက်လောက် ဟောယူရမယ်။

"ဒီတော့ယင်တဲ့၊ အရေးကြီးတဲ့ အပိုင်းကို တို့ပရိသတ်အတွက် ပေးထားခဲ့မယ်။ ၃၂–ကောဋ္ဌာသလုံး မျှားလှချည်ဆိုပြီးတော့ စိတ်တွေ မောမနေကြနဲ့နော်။

"အရေးကြီးတဲ့အချက်ကိုခွဲပြီး တော့ ပေးထားခဲ့ယင် လိုရင်း ရှုတတ်ပါတယ်"

"ရှုတတ်ပါတယ် ဘုရား"

**တစပဉ္စက ကမ္မဋ္ဌာန်း။** ။"ကိုင်း....ဒီတော့ "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော"ဆိုတဲ့ ၅–ခုကို ပြန်ပြီးတော့ အာရုံပြုကြည့်၊ အပြင် ကောဋ္ဌာသ ၅–ခု တစပဉ္စက။

"ဆံပင်၊ အပြင်ဘက်မှာ နေတယ်။ မွေးညှင်းဆိုတာ ခန္ဓာကိုယ်ရဲ့ အပြင်မှာ ပကတိမျက်စိနဲ့ကို မြင်ရတယ် မဟုတ်လား"

"မြင်ရပါတယ် ဘုရား"

"နခါတဲ့၊ ခြေသည်းလက်သည်းမြင်ရတယ်"

"မြင်ရပါတယ် ဘုရား"

"ဒန္တာတဲ့၊ သွားဆိုတာ မြင်ရတယ်၊ 'တစော' အရေပါးလေးဆိုတာ မြင်ရတယ်မဟုတ်လား"

"အဲဒီ မြင်ရတဲ့ ကောဋ္ဌာသ ၅-ပါးက အလွယ်ဆုံး ကမ္မဋ္ဌာန်းမို့လို့ သူတို့ကိုတော့ ရှေးဦးစွာ ထားပြီးတော့ ဟောတယ်တဲ့၊ "တစပဉ္စက ကမ္မဋ္ဌာန်း" ဆိုတာ ဒါပဲ"

"မှန်ပါဘုရား"

"တစဆိုတာ အရေပါး၊ အရေပါးကလေးကို ၅-ခု မြောက်ထားတဲ့ ကမ္မဋ္ဌာန်း၊ တစပဉ္စက ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အဲဒီ တစ ပဉ္စက,ကနေ ရှေ့ ၅-ခု ဆက်ယူလိုက်စမ်းပါ၊

"မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ၅-ခု မနေလား"

"ခန်ပါတယ် ဘုရား"

"မြင်ရပါတယ် ဘုရား"

"အဲဒါ ၅-ခုတွဲ၊ သူ့ကိုတော့ 'ဝက္ကံ' အဆုံးသတ်ထားလို့ 'ဝက္က ပဉ္စက' ဟုတ်ပြီလား"

"မှန်ပါဘုရား"

"နောက် ၅-ခုတက်၊ "ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ" ၅-ခုတတွဲ၊ "ပပ္ဖာသပဉ္စက" ဟုတ်ပြီလား"

"မှန်ပါဘုရား"

"နောက် ၅-ခုတက်၊ "အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ မတ္ထလုင်္ဂံ" ၅-ခုတတွဲ၊ မတ္ထလုင်္ဂ ပဉ္စက ပေါ့နော်"

"မှန်ပါဘုရား"

"အဲဒီ မတ္ထလုင်္ဂ ဦးနှောက်သာမပါခဲ့ယင် သူက ၄-ခုထဲ ဖြစ်နေလိမ့်မယ်"

"မှန်ပါတယ် ဘုရား"

"အတွဲ အကုန်ပို့လို့ မလွယ်တော့ဘူး၊ မညီမျှဘူး၊ ကိုင်း ၅-ခု၊ ၅-ခု ဘယ်နှစ်လီရသွားလဲ"

"၃-လီ ရသွားပါပြီ ဘုရား"

"တို့ပရိသတ်၊ ဟုတ်ကြရဲ့လား"

"၄-လီပါ ဘုရား"

"၅–ခုံ ၄–လီတွဲ"

"(၁) ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" တစပဉ္စက။

"(၂) မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ" ဝက္ကပဉ္စက။

"(၃) ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ" ပပ္ဖာသပဉ္စက။

"(၄) အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ။ ကရီသံ၊ မတ္ထလုင်္ဂံ" မတ္ထလုင်္ဂပဉ္စက။

"ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ" ၆–ခု အဲဒါကျတော့ "မေဒဆက္က" တဲ့။ ၆–ခုတွဲ။

"မေဒေါပြီးတော့ ဘာလဲ။ "အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ။ လသိကာ၊ မုတ္တံ" သူက ၆–ခုတကွဲ။ "မုတ္တဆက္က"

"ခုနက "မေဒဆက္က" ၆–ခု ၆–ခု ၂–တွဲ၊ ၅–ခု ၅–ခု ၄–ခုတွဲ၊ ဒီလိုမနေလား"

"မှန်ပါဘုရား"

"ရှေ့က ၅–ခု၊ ၅– ၄–လီ၊ သူတို့က ၂၀–ဖြစ်လိမ့်မယ်"

"မှန်ပါဘုရား"

"၆–ခု၊ ၆–ခု ၂လီက ၁၂–ပါး ဖြစ်လိမ့်မယ်၊ ဒီလိုမနေလား"

"နေပါတယ် ဘုရား"

**၃၂–ကောဋ္ဌာသကို ပထဝီဓာတ် ၂၀။ အာပေါဓာတ် ၁၂–ခွဲခြင်း၊**

။"အေး....အဲဒီတော့ ၅–ခု ၅–ခု ။၄–လီ '၂၀'ကတော့ လက်နဲ့ စမ်းယင် အပြော့၊ အမာ ၂–မျိုး သဘာဝရှိတယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော"က စ၍တဲ့၊ မတ္ထလုင်္ဂံ ဆိုတဲ့ ဦးနှောက်တိုင်အောင် ၂၀–သော ကောဋ္ဌာသတွေက လက်နဲ့စမ်းယင် ပျော့ခြင်း၊ မာခြင်း၊ သဘာဝသတ္တိ ၂–ခု အားကောင်း၍ နေလေသောကြောင့် သူတို့ကတော့ "ပထဝီဓာတ် ၂၀" လို့ ဒီလိုမှတ်ရမယ် နော်....။

"သည်းခြေ ကနေ စပြီးတော့ ကျင်ငယ် တိုင်အောင် နောက်ပိုင်း ၆–ခု၊ ၆–ခု ၂–လီ၊ ၆–ခု၊ ၂–လီ၊ ပရိသတ်များ ဘယ်လောက်လဲ"

"၁၂–ခုပါဘုရား"

"အေး၊ အဲဒီ ၁၂–ပါး ကတော့ အရည်ဓာတ်တွေ၊ ယိုစီးတဲ့ သဘောတွေ အားကောင်း၍ နေကြသောကြောင့် သူတို့ကျတော့ 'အာပေါဓာတ် ၁၂–ပါး' ဒီလိုခေါ်။

"၃၂–ကောဋ္ဌာသကို ဓာတ်ခွဲလိုက်တဲ့ အခါကျယင်ဖြင့် 'ပထဝီဓာတ် ၂၀ ရမယ်။ 'အာပေါဓာတ် ၁၂–ပါး' ရမယ် မဟုတ်လား"

"မှန်ပါ ဘုရား"

"အဲဒီလို ခွဲပြီးတော့ ထားလိုက်၊ အစ နားမှာ ရှိနေတဲ့ 'ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော' ၅–ခု မဟုတ်လား"

"မှန်ပါ ဘုရား"

"ကေသာ၊ လောမာ။

**ဆံပင်အကြောင်း သိကောင်းစရာ၊** ။"အတ္ထိဣမသ္မိံကာယေ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။

အာရုံပြုကြည့်၊ ဆံပင်က စပြီးတော့ ကြည့်။

'ဣမသ္မိံကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှမ်း၊ ရွံဖွယ်လွှမ်းထ၊ ဤကာယဉ်၊ ကေသာ၊ အဆင်း မဲဖြူ၊ ချိန်တူသဏ္ဌာန်၊ ချက်ဌာန်ဉာရိ၊ ဦးမှာရှိသား၊ ဒွိပရိစ္ဆေ၊၊ နှစ်ကုဋေငါးသန်း၊ ဂဏန်းမျှဖြင့်၊ ဆံပင်အစုတို့သည်။ အတ္ထိ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

"ဆံပင်ရဲ့ပုံပန်းသဏ္ဌာန်ကိုကြည့်၊အရောင်ကိုကြည့်၊အဆင်းကိုကြည့်၊

"ဒွိပရိစ္ဆေ တဲ့၊ အပိုင်းအခြား အားဖြင့် ၂–မျိုး၊ အရေအတွက် အားဖြင့် ၂–ကုဋေ ငါးသန်း။

"ဆံပင်ရဲ့ အရေအတွက်၊ တို့ပရိသတ် ဘယ်လောက်တဲ့"

"၂–ကုဋေ ၅ သန်းပါဘုရား"

"၂–ကုဋေ ၅–သန်း၊ အများအားဖြင့် ရှိဘာနော်။ အကုန်လုံး လူတိုင်း လူတိုင်း ၂–ကုဋေ ၅–သန်း တညီထဲ မဟုတ်ဘူး"

"မှန်ပါ ဘုရား"

"၂–ကုဋေ ၅–သန်း အများအားဖြင့် ရှိကြပါတယ်။

"ပရိစ္ဆေဒ အားဖြင့်၊ အပိုင်းအခြားအားဖြင့် ၂–မျိုး၊ သဘာဂ ပရိစ္ဆေဒ၊ ဝိသဘာဂ ပရိစ္ဆေဒ။

''သဘောတူရာ ပိုင်းခြားတယ်၊ သဘောမတူတာအားဖြင့်လဲ ပိုင်းခြားတယ်။ ဥပမာ- ဆံပင် တချောင်းနဲ့ တချောင်းဟာ သူတို့ဟာ ဆံပင် ဆိုတဲ့ သဘာဝအားဖြင့် တူနေတယ်။

''သို့သော်လဲပဲ သူ့နေရာရော၊ ဟုတ်လား၊ အရွယ်အစားရော၊ တပင်နှင့်တပင်ဟာ မတူကြဘူး။

''ဆံပင် ဆိုတဲ့ အမည်အားဖြင့် သဘော တူပင် တူငြားသော်လဲ၊ ပေါက်ဘဲ့နေရာလေးတွေက သူ့နေရာနဲ့၊ သူ့နေရာနဲ့၊ သူ့မွေးညှင်းပေါက်နဲ့ သူ၊ သူ့ဟာသူ သီးခြားပေါက်နေကြသောကြောင့် အဲဒီ အပိုင်းအခြားလေးတွေကိုလဲ အပိုင်းလိုက်၊ အပိုင်းလိုက် ဉာဏ်ထဲမှာ မြင်ပြီးတော့ ထင်လာအောင်၊ ဤကဲ့သို့ အာရုံယူရမယ်။ ဒါက သဘာဂ ပရိစ္ဆေဒ၊ သဘာဂ ပရိစ္ဆေဒ။

''တပင်နဲ့ တပင် အခြားစီ၊ တခြားစီ နေပုံကို သဘောကျထား။

''ဝိသဘာဂ ပရိစ္ဆေဒ၊ သဘောမတူတာတွေနဲ့ ခွဲထားတယ်၊ဆံပင်ဟာ မွေးညှင်းနဲ့ မတူဘူး၊ မွေးညှင်းသည် ဆံပင်နဲ့ မတူဘူးလို့ ကိုယ်တွင်းရှိတဲ့၊ ၃၂–ကောဋ္ဌာသတွေနဲ့ ဆံပင်နဲ့ တခြားစီပိုင်းပြီးတော့ အပိုင်းလိုက်၊ အခန်းလိုက်နေပုံကိုလဲ ဤကဲ့သို့ အာရုံယူရမယ်တဲ့။

''၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းတော့မယ်ဆိုယင် အခြေခံတွေကနော်''

''မှန်ပါ ဘုရား''

''နှစ်ကုဋေ ငါးသန်း၊ ဂဏန်းများဖြင့် ဆံပင်အစုတို့သည်။ ဥမသို့ ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှမ်း၊ ရွံဖွယ်လှမ်းထ၊ ဤကာယဋ္ဌ။ အဝ္ထဲ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား၊

**ဆံပင်တပင်ကို ငါးမျိုးဆာ ၍ ဆင်ခြင်ဟန်။** ။''ဆံပင်ကို ၅–မျိုး ဆင်ခြင်ရမယ်ဆိုတော့ ကိုင်း၊၅-မျိုး ဆင်ခြင်ပုံ၊ ဆံပင်နဲ့ပတ်သက်လို့ ဆင်ခြင်ရမယ့် အချက် ၅–မျိုးကို နံပါတ် (၁) မှတ်စမ်း။

(၁) ''ဝဏ္ဏတော'' တဲ့၊ ပါဠိစကားနဲ့ ဘာတဲ့တုံး''

''ဝဏ္ဏတောပါ ဘုရား''

''ဝဏ္ဏတော၊ အဆင်းအားဖြင့်၊ အရောင်အားဖြင် ဝဏ္ဏ ဆိုတာက အရောင်၊ အဆင်း။

(၂) "ဂန္ဓတော တဲ့၊ ပရိသတ်များ၊ ဘာတဲ့လဲ"
"ဂန္ဓတောပါ ဘုရား"
"ဂန္ဓတော၊ အနံ့အားဖြင့်၊ ဘာတဲ့လဲ"
"အနံ့ပါ ဘုရား"
(၃) "သဏ္ဌာနတော တဲ့၊ ပုံသဏ္ဌာန်အားဖြင့်။ ဘာတဲ့တုံး"
"ပုံသဏ္ဌာန်အားဖြင့်ပါ ဘုရား"
"ဝဏ္ဏ၊ အဆင်း။ ဂန္ဓ၊ အနံ့။ သဏ္ဌာန၊ ပုံသဏ္ဌာန်။
(၄) "အာသယတော၊ ပရိသတ်များ၊ ဘာတဲ့တုံး"
"အာသယတောပါ ဘုရား"
"အာသယ ဆိုတာက မှီရာအားဖြင့် နော်"
"မှန်ပါ ဘုရား"
(၅) "ဩကာသတော တဲ့၊ တည်ရာအားဖြင့်။ ဘယ်နှစ်ပါးလဲ"
"၅–ပါးပါ ဘုရား"
"အဆင်းအားဖြင့်၊ အနံ့အားဖြင့်၊ သဏ္ဌာန်အားဖြင့်၊ မှီရာအားဖြင့်၊ တည်ရာအားဖြင့်၊ ဘယ်နှစ်ချက်"
"၅–ချက်ပါ ဘုရား"
"ဆံပင် တချောင်းဥင်လျှင် ၂–မျိုး၊ ၅–မျိုး ဆင်ခြင်ရမယ်။ ဟုတ်ပြီလား"
"မှန်ပါဘယ် ဘုရား"

**ဆံပင်အရောင် (၂)မျိုး** ။ "အရောင်အဆင်းအားဖြင့် ကြည့်လိုက်၊ အရောင်အဆင်းအားဖြင့် ဘယ်နှစ်ရောင်ရှိ ရှိသလဲ၊ ဆံပင်သည်။
"ဒီကနေ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ရဲ့ ခေါင်းက ဆံပင် အရောင်အဆင်း ဘယ်နှစ်မျိုးရှိနိုင်သလဲ"
"၂–မျိုးပါ ဘုရား"
"၂–မျိုး၊ တို့ဒကာကြီးက စဉ်းစားလိုက်တဲ့ တည၊အိပ်လောက် ကြာတယ်။

''ခေါင်းက ဆံပင်အရောင် ၂–မျိုး အလှယ်လေးပါ၊ဖြူတဲ့အရောင်နဲ့ မည်းတဲ့အရောင်။ အမေရိကန်သူတွေ ဆိုလို ရှိယင်တော့ ရွှေဝါရောင်ဆံပင်လဲ ရှိသေးတယ်။ ဒါ အဖြူထဲ ထည့်လိုက်နော်''

''မှန်ပါဘုရား''

''အေး.... ဖြူတဲ့ အရောင်၊ မည်းတဲ့အရောင် ၂–မျိုးအားဖြင့်လဲ ပခာနထားပြီးတော့ ရှုရမှာက မည်းတဲ့အရောင် ပခာနထားပြီးတော့ ရှုလေ၊ ဒီလိုမဟုတ်လား''

''မှန်ပါဘုရား''

''ကဲ....ထမင်း စားကြတဲ့အခါတဲ့၊ ဟင်းခွက်ထဲ၊ ထမင်းခွက်ထဲ၊ မည်းမည်းအမျှင်ကလေးတခု မြင်လိုက်ယင်ကိုပဲ အပ်ချည်မျှင်ကလေး ဝင်နေတာပဲ ဖြစ်အုံးတော့၊ မည်းမည်းအမျှင်ကလေးတခေါင်း တွေ့လိုက်ယင်ကိုပဲ ရွံကြပြီ၊ မြန်မြန်ခပ်ပစ်မှ၊ ဒီမည်းမည်း အမျှင်ကလေးကို၊ နို့မို့ယင် ပျို့တက်လာတယ်။ အန်လာတယ်။ စားမဖြစ်တော့ဘူး။ ရွံလိုက်တာ။ ဆံပင်လို့ အမှတ်ထားပြီးတော့ ရွံသွားတာနော်''

''မှန်ပါဘုရား''

''အင်း ...ဘာဖြစ်လို့ မည်းမည်းဆိုတဲ့အရောင်လေးကို မြင်လိုက်လို့....။

''ကဲ....မီးကလဲ မလင်းတလင်းနဲ့ ခဏခဏ မီးပျက်တဲ့မြို့ ဆိုကြပါစို့၊ ထမင်းစားတဲ့အခါ မီးကပျက်သွား၊ အဲဒါ ပါးစပ်ထဲ အမျှင်တွေရောက်သွားတယ်တဲ့ ဟုတ်လား၊ သူဟင်းချက်စာ နေတာက ပုဇွန်ဟင်း၊ ပုဇွန်က နှုတ်ခမ်းမွေးတွေ ပါးစပ်ထဲ ရောက်သွားတဲ့ အခါကျတော့ စိတ်က သွားဥပါဒ်မိတယ်။

''အိမ်ရှင်မ ချက်ဘာကွယ်၊ မသပ်မယပ် ဟုတ်လား။ ''ဟင်းခွက်ထဲ ဆံပင်မွေးတွေ ပါလာတယ်'' ထင်ပြီးတော့ အကယ်၍များ အဲဒီပုဂ္ဂိုလ် ရွံနေခဲ့ယင် ဘာကြောင့်လဲ၊ပုံသဏ္ဌာန်။

''ဆံပင်ဆိုတဲ့ ပုံသဏ္ဌာန်နဲ့ အလားတူတဲ့ အမျှင်ကလေးတွေ ပါးစပ်ထဲ ရောက်လာလို နော်''

''မှန်ပါဘုရား''

''အဲဒီ သဏ္ဌာန်လေး၊ ဆံပင်နဲ့ သဏ္ဌာန်တူတဲ့ အမျှင်လေးတွေ၊ လျှာပေါ် ရောက်လာတာကိုပင် ဘူသည် ဆံပင်ထင်ပြီးတော့ ရွံရှာဟယ်။

"အဲဒီလို သဏ္ဍာန်တခုခု၊ ဆံပင်နဲ့တူတဲ့ ပုံသဏ္ဍာန်တခုခုကို တွေ့ရ၊ မြင်ရတဲ့အခါမှာလဲပဲ အသုဘလို့ ခေါ်တဲ့ ရွံရှာတဲ့သဘောသည် ဖြစ်ရတယ်တဲ့။ ခေါင်းက ဆံပင်ပေါ်မှာ။

"ဒါကြောင့် အလွန်ရှုပ်ထွေးပြီးတော့နေတဲ့ ပုံပန်းသဏ္ဍာန်ကြီးကို ကြည့်သောအားဖြင့်လဲပဲ ခေါင်းက ဆံပင်သည် ရွံစရာကောင်းလေ၏။ မည်းညစ်ပြီးတော့ နေတဲ့ အရောင်အဆင်းကြီးကို မြင်သောအားဖြင့်လဲ ခေါင်းကဆံပင်သည် ရွံစရာကောင်းလေ၏၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဝဏ္ဏတော၊ ဂန္ဓတော၊ ခေါင်းကဆံပင် ဘယ်သူမှ ရေမဆေးနဲ့၊ ဘာမှ အမွှေးအကြိုင် မလိမ်းနဲ့၊ ဒီအတိုင်းထား။ ဆံပင် ရေမဆေးပဲနဲ့၊ ရေမလျှော်ပဲနဲ့၊ မဖီးမလိမ်းပဲနဲ့၊ ဒီအတိုင်း ထားကြည့်၊ ၃–ရက်လောက်ကြာယင် ဘာဖြစ်လာမလဲ"

"နံပါတယ် ဘုရား"

"နံတယ်တဲ့၊ ဘုန်းကြီးတို့ ဆွမ်းခံသွားယင်းနဲ့ မနက်စောစော ဆွမ်းခံထွက်ယင် အဲဒီအနံ့ဟာ သိပ်ရတယ်၊ ဒကာမကြီးတွေ ဆွမ်းလာလောင်း။ တညလုံး တခါထဲဖြစ်ကတတ်ဆန်း အိပ်ပြီးတော့နေတဲ့ ဆံပင်၊ အိပ်ရာလဲထရော၊ ခေါင်းကဆံပင် မဖီးနိုင်ရှာဘူး။

"ဘုန်းကြီးကလဲ စောစောကြွဘာကို၊ အရေးတကြီး ဆွမ်းထလောင်းငုံ့ပြီးတော့ လောင်းလိုက်ယင် အဲဒီခေါင်းက ဘုန်းကြီးနှာခေါင်းနား တည့်တည့် လို့ နော်"

"မှန်ပါဘုရား"

"ဂန္ဓတော၊ အနံ့အားဖြင့်လဲ၊ ရွံ စရာကောင်းတယ်။

"မနက်စောစော တောကျောင်းက ဆင်းလာတာ။ အစာတလဲ့ မစားရပဲကိုး"

"မှန်ပါဘုရား"

"အဲဒီအနံ့ နှာခေါင်းထဲ ဝင်လိုက်လို ရှိယင်လေ"

"မှန်ပါဘုရား"

"ဂန္ဓတော၊ အနံ့အားဖြင့်လဲ၊ ပဋိကူလသညာ၊ ရွံစရာကောင်းတဲ့ အမှတ်သညာဆိုတာ ကောင်းကောင်းရပါတယ် နော်"

"မှန်ပါတယ် ဘုရား"

"ဒါကြောင့်မို့လို့ အဲဒီအနံ့တွေ ပျောက်အောင်ဆို၊ ခဏခဏ ဖီးပေးရတယ်။ ခေါင်းမှာ တမွေးပဲရှိရှိ၊ ၂-မွေးပဲ ရှိရှိ"

"ဟာ့ချို့မျှား တခေါင်းလုံး ပြောင်နေတယ်၊ နောက်စေ့လေးလောက်ပဲ အမွေးကျန်တယ်။ အဲဒါလေးကိုပဲ သူတို့ သ,တယ်၊ ဒါလောက် ရှုံ့စရာကောင်းတဲ့ ဥစ္စာကြီးတွေကို သူတို့က မွေးပြီးတော့ထား၊ ရိတ်မပစ်နိုင်ကြဘူး။ သဘောကျနေတယ်။

**ဆံဖြူတပင်မြင် တောထွက်။** ။"နောက်ပြီတော့ ရှိသေးတယ်။ ဟို....

"ဘုရားလောင်းမဃဒေဝ" မင်းကြီးတို့ဆိုလို့ရှိယင် ခေါင်းက ဆံပင်အဖြူလေးတချောင်း တွေ့တာနဲ့ တောထွက်တယ်ဆိုတာ ရှိသေးတယ်။

"အဲဒီ 'မဃဒေဝ' မင်းကြီးတို့ဆိုယင် 'ခေါင်း' က ဆံပင် အဖြူလေးတချောင်း တွေ့ပြီးတော့ တောထွက်တယ် ဆိုတာက သူကတော့ ဘာသဘောကျသွားသလဲ ဆိုတော့ ရှုံ့ရှာဖွယ် အမှတ်သညာနဲ့ ဒီအသုဘကမ္မဋ္ဌာန်း သဘောကျသွားတာတော့ မဟုတ်ဘူး။

"ဇရာသဘော၊ အိုမင်းရင့်ရော်တဲ့ သဘောကို သဘောကျသွားတာ 'သေမင်းတမန်' ထဲက၊ 'သေမင်းတမန်' ၄-ယောက်ထဲက တမန်တယောက် ခေါင်းပေါ်ရောက်လာတာနော်၊

"ဒေဝဒူတ ခေါ်တဲ့ သေမင်းတမန် ၄-ပါး ထဲက ဒါ၊ အိုတဲ့ သဘောက သေမင်းတမန် တပါးပဲ။ ခေါင်းမှာ သေမင်းတမန်တွေ အလုံးလိုက် ဆိုပြီးတော့ 'မဃဒေဝ' ရှင်ဘုရင်ကြီးတို့ကျတော့ ဆံပင်အဖြူတချောင်း တွေ့တာနဲ့ပင် တောထွက်ပါတယ်နော်"

**သေမင်းတမန် ၅-မျိုး။** ။"ဒေဝဒူတ ဒေဝ ဒူတေတိ၊ ယေပမဇ္ဇန္တိ မာဏဝါ။

"တေဒီဃရတ္တံ သောစန္တိ၊ ဟိနကာယူပဂါနရာ။

"လို့.... ဇာတ်တော်မျှား ဟောတာ ရှိတယ်။

"ဒေဝဒူတေတိ၊ သေမင်းတမန် ၅-ပါတို့သည်။ စောဒိတာ၊ တိုက်တွန်းအပ်ကုန်သည်ဖြစ်၍၊

"သူအို၊ သူနာ၊ သူသေ၊ ကလေး၊ ကမ္မကရဏာလို့ ခေါ်တဲ့ မင်းပြစ်ဒဏ် သင့်ပြီးတော့ အကျဉ်းခံနေရတဲ့ ပုဂ္ဂိုလ် တဲ့နော်"

"မှန်ပါတယ် ဘုရား"

"အဲဒီ ပုဂ္ဂိုလ်တွေဟာ သေမင်းတမန်တွေပဲတဲ့။ ဒါကြောင့် 'သူအို' ဆိုတဲ့ နေရာမှာ ဒီခေါင်းက ဆံပင်ဖြူတာ၊ အိုလာတာ။

"ဒကာ ကိုအုံးဟန်ကြီး 'ခေါင်း' က ဆံပင်တွေ တော်တော် ဖြူနေပြီ"

"ဖြူနေပါတယ် ဘုရား"

"မသဲဒေဝ မင်းကြီးတို့ ဆိုလို့ရှိယင်ဖြင့် တောထွက်ဖို့ကောင်းပြီ၊ မထွက်နိုင်သေးဘူး၊ ပြောင်ဖူးမွေးလို ဖွေးနေလဲ သူထွက်မှာ မဟုတ်ဘူး"

"ထွက်တော့မယ် ဘုရား"

"ထွက်တော့မယ်လား"

"မှန်ပါ ဘုရား"

"ကဲ—သပိတ်အိုင်မှာ တို့ကမ္မဋ္ဌာန်းကျောင်းတလုံး ဆောက်တော့ ဂယ်၊ ဒီလိုဆိုယင်...."

"တနှစ်ပဲ ကျန်တော့တယ် ဘုရား"

"တနှစ်ပဲ ကျန်တော့တယ်"

"မှန်ပါ"

"ကိုင်း၊ တို့ပရိသတ် မှတ်ထား၊ ရှေ့နှစ်ခါဆို သူ့ တွေ့မှာ မဟုတ်တော့ဘူး၊ ဒီနေရာမှာ။ ရှေ့နှစ်ခါ ဒကာ ကိုအုံးဟန်ကြီးနဲ့ မမေးရတော့ဘူးဟေ့။ ဘယ်သူနဲ့ မေးရမှန်း မသိဘူး။ ဒီကနေ...."

"ရှေ့နှစ် တနှစ်လောက်တော့ ရှိဦးမယ် ဘုရား"

"ဟင်–ဒီလိုဆိုယင်တော့ 'ငါစဉ်းစားအုံးမယ်ကွာ' ဆိုတာမျိုးများ ဖြစ်နေမလား မသိဘူး"

"အေး၊ ဒါကြောင့် ခေါင်းက ဆံပင်တချောင်း ဖြူယင် သေမင်း တမန် အလံတချောင်း ထူလိုက်သည်၊ အလံတခက် ထူလိုက်ပြီ။

"အဲဒါကြောင့်မို့လို့ ဆံပင်ဖြူတာကို မြင်သဖြင့် အေး၊ ငါသည် မကြာမြင့်သော ကာလမှာပင်လျှင် သေရမယ်ဆိုတဲ့ အသုဘ၊ သေရမယ် ဆိုတဲ့ မရဏ သတိသညာ ကောင်းစွာရပြီး သကာလ ခန္ဓာကိုယ်ရဲ့ ယိုယွင်း နေတဲ့ ဇရာသဘော မြင်သဖြင့် တောထွက်ကြတယ်တဲ့ ရှေးသူတော်ကောင်း တို့သည် တောထွက်ကြတယ်နော်"

"ဒါကြောင့် ရှေးသူတော်ကောင်းတို့လို တောမထွက်နိုင်ကြသော် လဲပဲ ရှေ့သူတော်ကောင်းတို့ ဤကဲ့သို့ တောထွက်တယ်။ ငါလဲ ဘယ်သော

အခါ တော ထွက်ရပါမလဲဆိုတဲ့ စိတ်ဖြင့် တောကို ရည်ရော်ပြီးတော့ မှန်းဆပြီးတော့ နေမယ်ဆိုယင်လဲပဲ။

''မတွက်နိုင်ပဲ မှထွက်နိုင်ပြီးသော်လဲပဲ၊ ဒါ့က'နိက္ခမဇ္ဈာသယ'တဲ့၊ တောထွက်လိုတဲ့ 'အဇ္ဈာသယ' ဝင်လာတာတဲ့။ အဲဒီ နိက္ခမဇ္ဈာသယ လောက်ရှိနေယင်ကိုပဲ ဘော်တော်တော့ အဖိုးတန်လှပါပြီနော်။

''အဲဒါ အဖိုးတန်လှပါပြီ ဆိုပြီးတော့ အဲဒါလောက်နဲ့ ကျေနပ် မနေနဲ့အုံး''

''မှန်ပါ ဘုရား''

''တပည့်တော် အဇ္ဈာသယ မွေးထားပါတယ်ဘုရား ဆိုပြီးတော့ ရှေ့မတက်ပဲတော့ မလုပ်နဲ့''

''တက်ရပါမယ် ဘုရား''

''ဒါကြောင့် 'အဆင်းမည်းဖြူ၊ ချိန်တူသဏ္ဌာန်' အရောင်အဆင်း ၂–မျိုး ရှိတယ်၊ ဖြူတဲ့အရောင်၊ မည်းတဲ့အရောင်၊

''ဖြူဖြူ အရောင်အဆင်းကို မြင်သဖြင့်လဲ ဆံပင်၏ ရွံရှာဖွယ် အမှတ်သညာ ဖြူဖြူ အဆင်းသဏ္ဌာန်ရှိတဲ့ ဆံပင်၏ ရုပ်ထွေးပွေလိုနေတဲ့ ပုံပန်းသဏ္ဌာန်နော်''

''ရှုနိုင်တရာ ရွံရှာဖွယ်ကောင်းတဲ့ အနံ့၊ အဲဒီ အဆင်းရယ်၊ အရောင်ရယ် အနံ့ရယ်၊ ၃–မျိုး မြင်ရသဖြင့် ဆံပင်၏ အသုဘ အခြင်း အရာကို ကောင်းစွာ ကြည့်လေ၊ တဲ့။

''ဇလ္လတော၊ ဂန္ဓတော၊ သဏ္ဌာနတော နောက်ပြီးတော့ 'အာသ ယတော''

''အာသယတော၊မှီရာအားဖြင့်လဲပဲ မှီရာ၊ ဆံပင် ဘာကို အမှီ ပြုပြီးတော့ ရှိရ၊ သန့်ရသတို့ ဆိုလို့ရှိယင်၊ ကြည့်လေ။

''အမှိုက်ပုံ တပုံပေါ်မှာ ဟင်းရွက်ပင်ကလေးတွေ ပေါက်လာတဲ့ အခါကျတော့ ဟင်းပင်၊ ကျွေးပင်ကလေးတွေ ပေါက်လာတဲ့ အခါ ကျတော့၊ ကြည့်။

''ခြံထဲမှာ စားပင်၊ သောက်ပင်၊ ဟင်းရွက်ပင် စိုက်တဲ့ တို့ဒကာ ဒကာမတွေလဲ စဉ်းစားကြစေမ်းပါ။

''အဲဒီ ဟင်းပင်၊ ကျွေးပင်ကလေးတွေ သန်လာအောင်၊ သီးပင် ရွက်ပင်ကလေးတွေ သန်လာအောင် မြေသြဇာဆိုတာ ကျွေးတယ်၊အနည်း ဆုံး နွားချေးတော့ ပေးရတယ် မဟုတ်လား''

"ပေးရပါတယ် ဘုရား"

"ဒါပေမယ့် နွားချေးကို ဘယ်သူမှ အာရုံမပြုဘူး၊ ဟိုက ထွက်လာတဲ့ အရွက် မြိန်မြိန်ယှက်ယှက် စားတယ်"

"မှန်ပါတယ် ဘုရား"

"တချို့ များဆိုလို့ ရှိယင် နွားချေးလှောက်မကတဲ့ ဥစ္စာတွေကို ကျွေးတယ်"

"ကျွေးရပါတယ် ဘုရား"

"သို့သော်လဲပဲ အဲဒီလို ရွံစရာတွေအောက်က ကျွေးထားတဲ့၊ ဟင်းရွက်ပင်ရဲ့ အောက်ပိုင်းမှာရှိနေတဲ့ အသုဘတွေကို မစဉ်းစားတော့ပဲနဲ့ အပေါ်မှာ ရှင်ရှင်သန်သန် ပေါက်နေတဲ့ ဟင်းရွက်ပင်ကလေးတွေလိုပဲ၊ ဒါကျတော့ မြိန်မြိန်ယှက်ယှက် စားသလိုပဲ၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ရဲ့ အထက်ဆုံး နေရာလို့ ခေါ်တဲ့၊ တောင်ပို့လေးနဲ့ ပမာတူတဲ့ အမှိုက်ပုံကြီးနဲ့ ပမာတူတဲ့၊ ဒီခန္ဓာကိုယ်ကြီးဟာ တောင်ပို့နဲ့လဲ တူတယ်။ အမှိုက်ပုံနဲ့လဲ တူတယ်။

"ဝမ္မိကသုတ္တန် အရဆိုယင် ဒါ တောင်ပို့လိုပဲ၊ တောင်ပို့ အခေါင်းရှိယင် အထဲ ဘာတွေနေလဲ"

"ခြတွေနေပါတယ် ဘုရား"

"ခြတွေနေတယ်၊ ဟုတ်ပြီ၊ ဒါ သူမြင်တာပြောတာ။ နောက် ဘာတွေနေအုံးမလဲ"

"ဖွတ်တွေလဲ နေပါတယ် ဘုရား"

"ကိုင်း....ဖွတ်တွေလဲနေတယ်၊ နောက် ဘာတွေနေအုံးမလဲ၊ မြွေတွေနေအုံးမှာပေါ့။ သူက တလွဲရှောက်ဖြေနေတယ်"

"မှန်ပါဘုရား"

"ခြတွေလဲ နေတယ်၊ ဖွတ်တွေလဲ နေတယ်၊ ဖိုးကောင်အမျိုးမျိုးလဲ နေတယ်။ ပရွက်တွေလဲ နေတယ်"

"မှန်ပါဘုရား"

"အေး....မြွေတွေလဲနေတယ်၊ မြွေတွေလဲ အောင်းတယ်၊ ကြွက်တွေလဲ အောင်းတယ်၊ တောင်ပို့ဆိုတာ အဲဒီလို ပိုးသတ္တဝါ အမျိုးမျိုးတွေရဲ့ ခိုအောင်းရာ၊ မြွေကြီးတွေရဲ့ ခိုအောင်းရာ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ဒါကြောင့် ဒီခန္ဓာကိုယ်၊ တောင်ပို့ဆိုသော ဤခန္ဓာကိုယ်ကြီးက လဲ တောင်ပို့လို့ဆိုလိုက်ယင် တောင်ပို့နဲ့တူတဲ့ ဤခန္ဓာကိုယ်ကြီးထဲမှာ မြွေကြီးလေးကောင် မအောင်းပေဘူးလား"

"အောင်းပါတယ် ဘုရား"

"တောင်ပို့ရဲ့ အပေါ်ပိုင်း ကြည့်လိုက်ယင် ချုံတွေ ပေါက်နေလိမ့် မယ်။ တောင်ပို့ ပေါ် ဘာပေါက်"

"ချုံပေါက်ပါတယ် ဘုရား"

"ချုံတွေ၊ နွယ်တွေ ပေါက်သလိုပဲ၊ ဒီခန္ဓာကိုယ်ကြီး တောင်ပို့နဲ့တူ တဲ့ ခန္ဓာကိုယ်ကြီးရဲ့ အပေါ်ပိုင်းမှာလဲ ချုံကြီးတချုံ ရှင်သန်လျက် ရှိပါ တယ်။ ဒီလိုမဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ချုံကြီးတချုံ ရှင်သန်လျက် ရှိပါပြီ၊ အဲဒီချုံကြီးတွေ ဘယ်သူမှ ရှင်းမပစ်နိုင်ကြပြီ။

"ဒကာကိုအုံးဟန်ကြီး မရှင်းနိုင်ဘူး၊ မွေးထား နာနာ။

"ဒီတော့ယင် ကြည့်လေ။ တောင်ပို့နဲ့တူတဲ့ ခန္ဓာကိုယ်ဆိုတဲ့ အတွက် ကြောင့် တောင်ပို့လိုပဲ တောင်ပို့နဲ့တူတဲ့ ခန္ဓာကိုယ်ရဲ့အပေါ်မှာ ဆံပင် ဆိုတဲ့ ချုံတွေ နွယ်တွေလဲ ပေါက်ရှိနေပါပြီ။

"တောင်ပို့ဆိုတာ ပိုးကောင် အမျိုးမျိုး တိရစ္ဆာန် အမျိုးမျိုးရဲ့ ခိုအောင်းရာ ဖြစ်သလိုပဲ၊ ဤခန္ဓာ ကိုယ်ကြီးဟာလဲပဲ ဓာတ်ကြီးလေးပါးဆို တဲ့ မြွေကြီး ၄–ကောင်တို့ရဲ့ ခိုအောင်းရာ၊ ပိုးမျိုး ၈၀–တို့ရဲ့ ခိုးအောင်းရာ မဟုတ်ပေဘူးလား"

"ဟုတ်ပါတယ် ဘုရား"

"ဒါကြောင့် ခန္ဓာကိုယ်ဟာ တောင်ပို့နဲ့တူတယ်လို့ သဘောကျ။

"အဲဒီ ခုနက ပြောခဲ့တဲ့ ဥပမာနဲ့ဆိုယင် ဟင်းရွက်ပင်လေးတွေ စိုက်တဲ့အခါကျတော့ အောက်ကနေ ဘာပေး၊ မြေဩဇာကျွေးတယ်၊ နွား ချေးတွေ၊ လင်းနို့ချေးတွေ ဟုတ်လား၊ ဒီပြင် အညစ်အကြေးပေါင်းစုံတို့ သွန်ပေးလိုက်တဲ့ အခါကျယင်၊ ဟင်းရွက်ပင် ရှင်သန်စွာ ပေါက်သလိုပဲ။

"ခန္ဓာကိုယ်တွင်းမှာ ရှိနေတဲ့ အညစ်အကြေး၊ အစာအိမ် အပေါ် ပိုင်းက စပြီးတော့ ကြည့်တဲ့။ သလိပ်ပြင်ကြီးဆိုတာ ရှိမယ်၊ ခဏခဏ မျိုပြီး တော့ ချနေရတဲ့ တံတွေးဆိုတာလဲ ရှိမယ်။ တံတွေးရယ်၊ သလိပ်ရယ်၊ အဲဒီ

အောက်က အစာသစ်တွေ၊ အောက်နားသွားလိုက်တဲ့ သည်းခြေတွေ၊ သွေးတွေ၊ ဒီလိုမဟုတ်လား''

''မှန်ပါတယ် ဘုရား''

**ဆံတပင်နဲ့ ဟင်းရွက်ပင်။** ။''ကျင်ကြီးတွေ၊ ကျင်ငယ်တွေ၊ တောင်ပို့ရဲ့ အခေါင်းထဲမှာ လှောင်ထားလိုက်တဲ့ အညစ်အကြေးတွေ။ နည်းသေးလား''

''မနည်းပါ ဘုရား''

''အဲဒီ အညစ်အကြေးတွေက နေပြီးတော့ ဩဇာဓာတ်ဆိုတာလေ၊ အကြောတွေကနေ စုပ်ယူပြီးတော့ ဦးနှောက်တဲ့ပို့၊ ခန္ဓာကိုယ်ထဲက အညစ်အကြေး ပေါင်းစုံတို့က အကြောက စုပ်ယူ၍၊ ဦးနှောက်ထဲရောက်အောင် ပို့တယ်။

''ဦးနှောက်ဆိုတဲ့နေရာ ရောက်ပြီဆိုတဲ့ အခါကျတော့၊ အပေါ်ယံက ဆံပင်နဲ့၊ ဆံပင်လို့ဆိုထားတဲ့ ဟင်းရွက်ပင်ကလေးတွေက နေပြီးတော့ အမြစ်တွယ်၊ ပြီးတော့ ဦးနှောက်က အရသာကို စုပ်တယ်။

''အဲဒါကြောင့်မို့လို့ ဟင်းရွက်ပင်နဲ့ သဏ္ဌာန်တူတဲ့ တို့ခေါင်းပေါ်က ဆံပင်၊ ဦးနှောက်ဆိုတာ ဟင်းရွက်ပင်လေးများ ပေါက်ရာဖြစ်တဲ့ တောင်ပို့ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''အောက်ပိုင်းက ရှိနေတဲ့ အညစ်အကြေး ပေါင်းစုံတို့သည် အဲဒီ အပင်လေး ရှင်သန်ဖို့ ပေးနေတဲ့ ဩဇာဓာတ်တွေ တဲ့''

''မှန်ပါဘုရား''

''ဒါကြောင့် ဤဆံပင်၏ မှီရာက ကြည့်လိုက်ပြန်တော့လဲ အညစ်အကြေးပေါင်းစုံတို့ မှီ၍ ရှင်သန်ရလေသောကြောင့် မှီရာအားဖြင့်လဲပဲ ပဋိကူလ၊ ရွံစရာကောင်းလေ၏ လို့ စတုတ္ထအချက်သဘောကျ။

''တည်ရာအားဖြင့် ကြည့်လိုက်ပြန်တော့လဲပဲတဲ့၊ ခေါင်းက ဆံပင်သည် အပေါ်ဆုံး ဘာကို ဖောက်ပြီးတော့သွားသလဲ၊ ကြည့်၊ အရေပါး။

''အရေပါးတထပ် ဖောက်လိုက်တော့ အရေထူ၊ အောက်က ဖောက်လိုက်တော့ ခေါင်းခွံ ဆိုတဲ့ အရိုး၊ အရိုးကို ဖောက်လိုက်တဲ့အခါကျတော့ အထဲမှာ ဘာရှိမလဲ၊ ဦးနှောက်ဆိုတာ ရှိတယ်။

''အဲဒီ အရေထူရယ်၊ အရေပါးရယ်၊ အသားရယ်၊ အကြောရယ်၊ အရိုးရယ်၊ ဦးနှောက်ရယ် ဆိုတဲ့ ကောဋ္ဌာသတွေကလဲ တည်ရာအားဖြင့်လဲ ကြည့်လိုက်ပြန်တော့ ရွံစရာကြီးတွေပဲ မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''ဒါကြောင့်မို့လို့ ဆံပင်သည် တည်ရာအားဖြင့်လဲ ကောဋ္ဌာသ၊ အရေပါး၊ အရေထူ၊ ဦးနှောက်၊ခေါင်းခွံ၊ အရိုး ဆိုတဲ့၊ ဦးနှောက်ဆိုတဲ့ အေး၊ ရွံစရာတွေပေါ်မှာ တည်၍ နေလေသောကြောင့်။

''တည်ရာအားဖြင့်လဲ ရွံစရာကောင်းလေ၏ ဆိုတာကို တချက် သဘောကျ၊ အောက်ပိုင်းက အညစ်အကြေးတွေကို မှီပြီးတော့ ရှင်သန်ရ လေသောကြောင့်၊ မှီရာအားဖြင့်လဲ ရွံစရာကောင်းတယ် ဆိုတဲ့ အချက်ကို သဘောကျ။

''အရောင်အားဖြင့်လဲပဲ မည်းတဲ့အရောင်၊ ဖြူတဲ့အရောင်အားဖြင့် ရွံစရာကောင်း၏၊ အနံ့အားဖြင့်လဲ ရွံစရာကောင်း၏၊ အဆင်းအားဖြင့်လဲ၊ ပုံသဏ္ဌာန်အားဖြင့်လဲ ရွံစရာကောင်း၏ ဆိုပြီးတော့ ဆံပင်မှာ ရွံရှာဖွယ် ပဋိကူလသညာ ထင်လာအောင် ဆင်ခြင်ရမယ့် အချက်တွေ ၅–ပါး။

''ဝဏ္ဏ၊ ဂန္ဓ၊ သဏ္ဌာန၊ အာသယ၊ ဩကာသ– အဆင်းရယ်၊ အနံ့ ရယ်၊ သဏ္ဌာန်ရယ်၊ မှီရာရယ်၊ တည်ရာရယ် ဆိုပြီးတော့ ၅–မျိုး ၅–မျိုး ဆံပင်မှာ အသုဘ ထင်အောင် ဤကဲ့သို့ ကြည့်၊ မွေးညှင်းမှာလဲ အဲဒီလို ၅–ခု ကြည့်။

''ကောဋ္ဌာသ တပါး တပါးမှာ အဲဒီလို ၅–ခုစီ၊ ၅–ခုစီ ပွား လိုက်သို့ရှိယင်တဲ့၊ ၃၂–ကောဋ္ဌာသ ၅–လီ၊ ၁၆၀ မနေလား''

''မှန်ပါ ဘုရား''

''အဲဒီလို ပဋိကူလသညာ ဆိုတာ ဤကဲ့သို့ အသေးစိတ် တကယ် အသုဘ ကမ္မဋ္ဌာန်း ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်းအားထုတ်လို့တဲ့။ယောဂီ ပုဂ္ဂိုလ်တယောက်အနေနဲ့၊ ဆရာ့ထံခြေရင်း ဝပ်ဆင်းပြီးတော့ စနစ်တကျ မတတ်ပဲနဲ့ မရဘူးနော်။

''ဆရာ့ခြေရင်း ဝပ်စင်းပြီးမှ အဲဒါတွေကို စံနစ်တကျ သဘော ကျအောင် သင်ပြီးမှ အာဂုံဆောင်။

''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဆိုတဲ့ ၃၂–ကော ဋ္ဌာသ အာဂုံဆောင်၊ သူ့ရဲ့ သဘော အဓိပ္ပာယ်တွေ သဘောကျအောင်

လေ့သာ၊ ငါးခုစီ၊ ငါးခုစီ သဘောကျအောင် သင်တုန်းတက်၊ ဟုတ်ပြီ လား''

''မှန်ပါ ဘုရား''

''အဲဒီလို သင်တန်းတက်ပြီးတော့ ပြင်ဆင်ရမယ့် ပရိကံတွေ အကုန်လုံး ပြင်ဆင်ပြီးတဲ့အခါကျမှ အားထုတ်လို့ ဖြစ်တယ်လို့ ကျမ်းဂန်များ၊ ဝိဘင်းအဋ္ဌကထာများ ဤကဲ့သို့ ပြောထားတယ်နော်။

**မွေးညှင်းအကြောင်း သိကောင်းစရာ။** ။''လောမာ၊ စဉ်းငယ်မည်းနက်၊ ထန်းမြစ်သက်သို့၊ အောက်ထက် ကိုယ်ရေ၊ အနှံ့နေသား၊ တွက်ရေကိုးသောင်း၊ ကိုးထောင်ပေါင်းဟူ၊ မွေးညှင်းအစုတို့သည်၊ ဋ္ဌမသို့ ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှုမ်း၊ ရွ ဖွယ်လွှမ်းထ၊ ဤကာယဍ္ဍ၊ အတ္ထ°၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

''ရှိသမျှ မွေ့ညှင်း၊ ဆံပင်ကလွဲလို့ ရှိယင် ခန္ဓာကိုယ်၊ မျက်ခုံးမွေးက စပြီး ရှိသမျှ မွေးညှင်းတွေ၊ အဲဒါတွေကိုလဲ ယခုနက ပြောခဲ့တဲ့အတိုင်း ငါးမျိုး ငါးမျိုးသော အခြင်းအရာတို့ဖြင့် အသုံးချပြီးတော့ ပေါ်အောင် ကြည့်ရမယ်။

''စဉ်းငယ်မည်းနက်၊ ထန်းမြစ်သက်သို့၊ ထန်းပင်ရဲ့ အမြစ်တွေ အောက်ပိုင်းကို ဖြာပြီးတော့ ဆင်းသွားသလိုပဲတဲ့၊ မွေးညှင်းကလေးတွေ အောက်ကိုစုန်ပြီးတော့ နေကြတယ်။

''ပကတိ လူတွေရဲ့ မွေးညှင်းတွေက အောက်စုန်တယ်၊ မြတ်စွာဘုရား ရှင်နဲ့ ခန္ဓာကိုယ်က မွေးညှင်းတော်ကလေးတွေကျတော့ အထက်ဆန်တယ်။ ဒီလို ကွာတယ်။

''မြတ်စွာဘုရားရဲ့ အလွန် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတော်မူတဲ့ သီရိဘုန်းတော်အရ ကျက်သရေမင်္ဂလာရှိတဲ့ ရွှေမျက်နှာတော်ကို မော်ပြီးတော့ ဖူးနေကြသလိုပဲ။ ဘုရားရှင်ရဲ့ မွေညှင်းတော်ကလေးတွေ အထက်ကို ဆန်ပြီးတော့ နေတယ်တဲ့။

''ပကတိပုဂ္ဂိုလ်သည် မွေးညှင်းတွေက အောက်ကို စုန်ပြီးတော့ နေ၏။ အဲဒီ မွေးညှင်း ဘယ်လောက်တုန်းဆိုတော့ ၉—သောင်း ၄—ထောင် ဒီလို ပြောတယ်။

''အောက်ထက်ကိုယ်ရေ၊ အန္တနေသား၊ တွက်ရေ ကိုးသောင်း၊ ကိုးထောင်ပေါင်းဟု၊ ဟော.... ဂ—သောင်း ၄—ထောင် မဟုတ်ဘူး ၉—သောင်း ၉—ထောင်''

''မှန်ပါ ဘုရား''

''မွေးညှင်းအစုံတို့သည်၊ အတ္ထ^ိ^ သံစိဇ္ဇန္တိ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

**လက်သည်း ခြေသည်းအကြောင်း သိကောင်းစရာ။** ။''နခါ၊ ဖြူဧရာင် အဆင်း၊ ငါးကြင်း ကြေးနှယ်၊ နှစ်ဆယ်သောလက်သည်၊ ခြေသည်းတို့လဲပဲ။ အတ္ထ^ိ^၊ ထင်ရှား ပုံသေ ရှိတုခေျ၏ တကား။

''လက်သည်း ခြေသည်းကြီး ရှည်၊ ရှည်လာတော့ ဘာလုပ်ရသလဲ''

''လှီးပစ်ရပါတယ် ဘုရား''

''လှ^ိ^းပစ်ခတယ်၊ တချို့တော့ မလှ^ိ^းဘူး၊ အရှည်ကြီးပဲ ထားတယ်။ အသုဘကို သုဘ ထင်၊ သူတို့ကနေ၁်''

''မှန်ပါဘုရား''

''အသုဘကိုပင် သုဘထင်၊ နေ့စဉ်လိမ်တော့တာ ဆိုတာ ဒါပဲ။ အသုဘ စင်စစ် ဖြစ်နေတဲ့ ခြေသည်း လက်သည်းကို သုဘ ထင်ပြီး မွေးတယ်၊ အဲဒီ အသုဘလေး ကျကျနန မြင်အောင်ကြည့်ပါလို့ ပြောထားပါလျက်နဲ့ မကြည့်ဘူး၊ အပေါ်ကနေ အနီရောင်လေးတွေနဲ့နေ၁်။ မိမိကိုယ်ကို မိမိ လှည့်စား။

''ဆံပင် အလွန်ရွံစရာကောင်းတဲ့ ၅—မျိုး မြင်အောင် ကြည့်ပါ၊ ဆိုဘာ မကြည့်ဘူ။ အပေါ်ကနေ အမျိုးမျိုးတို့ဖြင့် ဖုံးလွှမ်းလိုက်တယ်။

''အသုဘာကိုပင်၊ သုဘထင် နေ့စဉ်လိမ်ကြတာ ဆိုဘာ ဒါပဲ''

''မှန်ပါဘုရား''

''မိမိတို့ရဲ့ ကိုယ်ကို မိမိတို့ပင် ပြန်ပြီးတော့ လိမ်နေတာ၊ သူများ လိမ်ဘာ မဟုတ်ဘူး''

''မှန်ပါဘုရား''

''အသုဘ ပါလို့ ဘုရားဟောတယ်။ သူကိုက 'မဟုတ်ဘူး' တဲ့၊ 'သုဘ' တဲ့၊ 'ဘယ်မလဲ သုဘ၊ ပြစမ်း' ဆိုတော့၊ 'ဒီမှာ လက်သည်းက အနီ' တဲ့၊ ဟုတ်လား''

"မှန်ပါဘုရား"

"အရည်ပါးကလေးတွေ ရှိစရာကောင်းပါတယ် ဆိုတာ။ 'မဟုတ်သေးဘူး' တဲ့၊ 'နီတဲ့ နေရာ နီတယ်' တဲ့၊ အရေပြားလဲ အဲဒါပဲ နီအောင်လုပ်တယ်၊ ဖြူအောင်လုပ်တယ်ဟုတ်လား"

"မှန်ပါ ဘုရား"

"ချိုင့်ပိန်ပြီးတော့ ရှုံ့စရာကောင်းနေတဲ့၊ ရွတ်တွနေတဲ့အရေပါးကြီးကိုလဲပဲ၊ အေး၊ မြင်လိုက်တဲ့အခါမှာဖြင့် တင်းပြီးတော့၊ ပြောင်ပြီးတော့ နေအောင် ပြုပြင်တယ်။

"အသုဘကိုပင်၊ သုဘထင်၊ နေ့စဉ်လိမ်တော့တာ ဆိုတာ အဲဒါမျိုးတဲ့နော်"

"မှန်ပါတယ် ဘုရား"

"ခေါင်းက ဆံပင်တွေ အသုဘမြင်အောင်ကြည့်ပါဆိုတာ အသုဘတွေ ဖယ်ပစ်ပြီးတော့ သုဘ ထင်အောင် လုပ်တယ် ဆိုယင်ဖြင့် ဒီပုဂ္ဂိုလ်သည် ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ လိမ်တာပဲနော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် တို့ပရိသတ်၊ ဆိုကြည့်စမ်းပါ လင်္ကာလေးတပိုဒ်၊

"အသုဘကိုပင်၊ သုဘထင်၊ နေ့စဉ်လိမ်ကြတာ၊ ဆိုပါ၊ သုံးခေါက်။

"အေး၊ အသုဘစင်စစ် ဖြစ်နေတဲ့ ဆံပင်မွေးညှပ်၊ ခြေသည်း၊ လက်သည်း ဆိုတဲ့ ကောဋ္ဌာသတွေ အသုဘစင်စစ် ဖြစ်ပါလျက်နဲ့ အသုဘ မဖြစ်အောင် 'သုဘ' တင့်တယ်တဲ့ သဘောသို့ မရောက် ရောက်အောင် ကြံဖန်ပြီးတော့ ပြုပြင်နေကြတာဟာဖြင့် မိမိတို့ရဲ့ စိတ်ကို မိမိတို့ ကိုယ်တိုင် လိမ်ပြီးတော့နေကြတာ၊ ညာပြီးတော့နေကြတာ။

**ဝိပ္ပလ္လာသ- ၃-ပါး။** ။"အဲဒါ 'သညာဝိပ္ပလ္လာသ' လို့ ခေါ်တယ်၊ ဘာ ဝိပ္ပလ္လာသ"

"သညာဝိပ္ပလ္လာသ ပါ ဘုရား"

"သညာဝိပ္ပလ္လာသ၊ မိမိတို့ရဲ့ အမှတ်အသားတွေက ဖောက်ပြန်လွဲမှားတာနော်"

"မှန်ပါ ဘုရား"

"မိမိတို့ရဲ့ စိတ်တွေ၊ အသိတွေက ဖောက်ပြန်လွဲမှားပြန်တော့ 'စိတ္တဝိပ္ပလ္လာသ' တဲ့၊ ဘာစိပ္ပလ္လာသ"

"စိတ္တဝိပ္ပလ္လာသ ပါဘုရား"
"စိတ်ဖောက်ပြန်လို့ ရှိယင်...."
"စိတ္တဝိပ္ပလ္လာသ ပါ ဘုရား"
"စိတ္တဝိပ္ပလ္လာသ။
"အဲဒီ ဆံပင်တွေ ခဏခဏ ကျွတ်တတ်တယ်၊ အနိစ္စသဘောကို ရောက်တယ်၊ ပျက်စီးတယ်၊ အဖြူရောင်၊ အနက်ရောင် ပြောင်းလဲခြင်းဖြင့် အဲဒီ အရောင်ဆိုတဲ့ 'ဝဏ္ဏ' ရုပ်ပရမတ်လဲပဲ ပျက်စီးတယ်ဆိုတဲ့ သဘောကို မပျက်စီးဘူးလို့ ယူဆပြန်ယင်တဲ့၊ အနိစ္စကို နိစ္စလို့ ယူတဲ့ အယူသည် 'ဒိဋ္ဌိဝိပ္ပလ္လာသ'၊ အယူဖောက်ပြန် ပျက်စီးတာ၊ ဒီလို မဟုတ်လား"
"မှန်ပါဘုရား"
ဒီတော့.... သညာဝိပ္ပလ္လာသ။
စိတ္တဝိပ္ပလ္လာသ
ဒိဋ္ဌိဝိပ္ပလ္လာသ
"ဝိပ္ပလ္လာသ တရား ဘယ်နှစ်ပါး"
"၃–ပါးပါ ဘုရား"
(၁) "အမှတ်၊ ဖောက်ပြန်ယင် 'သညာဝိပ္ပလ္လာသ'၊
(၂) "အသိ၊ ဖောက်ပြန်ယင် 'စိတ္တဝိပ္ပလ္လာသ'၊
(၃) "အယူ၊ ဖောက်ပြန် ကြပြန်တော့ ဒိဋ္ဌိဝိပ္ပလ္လာသ။

**လက္ခဏာရေး ၃-ပါးနှင့် အသုဘ၌ ဝိပ္ပလ္လာသ ၁၂-ပါး။** ။"ဘယ်နေရာမှာ အမှတ်တွေ၊အသိတွေ၊ အယူတွေ ဖောက်ပြန်တုန်း ဆိုလို့ရှိယင် ၄–ဌာန ရှိတယ်။
"အနိစ္စအချက်မှာကဲ့၊ အမှတ် ဖောက်ပြန်တယ်။ အဲဒီ အနိစ္စ အချက်မှာပင်လျှင် အသိ ဖောက်ပြန်တယ်၊ အနိစ္စအချက်မှာပင်လျှင် အယူ ဖောက်ပြန်တယ်၊ ဘယ်နှစ်ချက်"
"၄–ချက်ပါ ဘုရား"
"မမြဲတဲ့ အရာဝတ္ထုကို မြဲတယ် မှတ်တယ်၊ မြဲတယ်လို့ သိတယ်၊ မြဲတယ်လို့ ယူတယ်၊ အနိစ္စအချက်မှာ ဝိပ္ပလ္လာသ ၃–ပါး။
"ဒုက္ခ အချက်မှာလဲပဲ ဆင်းရဲတာကို ချမ်းသာတယ်လို့ ယူတယ်၊ ချမ်းသာတယ်လို့ သိတယ်၊ ချမ်းသာတယ်လို့ မှတ်တယ်၊ ဒုက္ခအချက်မှာ ဝိပ္ပလ္လာသ ၃–ပါး၊

''အနတ္တ၊ ကိုယ့်အလိုအတိုင်း မဖြစ်တာတွေကို ဖြစ်တယ်လို့ ဆိုပြီး တော့ လုပ်နေကြတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေ ကိုယ့်အလိုအတိုင်း မဖြစ်တာ ဖြစ်တယ်လို့ မှတ်တယ်၊ ဖြစ်တယ်လို့ သိတယ်၊ ဖြစ်တယ်လို့ ယူတယ်၊ အနတ္တအချက်မှာလဲပဲ ဝိပ္ပလ္လာသ ၃-ပါး။

''အသုဘ၊ မတင့်တယ် တဲ့၊ ဤ တလံမျှလောက်သော ခန္ဓာကိုယ် ကြီးရဲ့ အသုဘတွေကိုလဲပဲ တင့်တယ်တယ်၊ သုဘလို့မှတ်နေတယ်၊ သုဘလို့ သိနေတယ်၊ သုဘလို့ ယူဆနေတယ်ဆိုယင် အသုဘ နေရာမှာလဲပဲ ဝိပ္ပလ္လာသ ၃-ပါး။

''ဒီတော့ယင် ဝိပ္ပလ္လာသ အကုန်လုံး အကျယ်ပွားလိုက်ယင် ဘယ် လောက်ရ''

''၁၂-ပါးပါ ဘုရား''

''တဆယ့်နှစ်ပါးတဲ့၊ ဝိပ္ပလ္လာသ တဆယ့်နှစ်ပါး ဆိုတာ ဒါပဲ။

''အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ၊ ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''သညာ၊ စိတ္တ၊ ဒိဋ္ဌိ''

''မှန်ပါ ဘုရား''

''အနိစ္စ အချက်မှာ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ။ ဒိဋ္ဌိဝိပ္ပလ္လာသ ဒုက္ခ အချက်မှာလဲ ရှေးအတိုင်းပဲ၊ သညာ၊ စိတ္တ၊ ဒိဋ္ဌိ၊

''အနတ္တ အချက်၊ အသုဘအချက်မှာလဲ ဤကဲ့သို့ပဲ မှတ်နေ၊။

''၃-ခု၊ ၄-လီပွားလိုက်တာ တဆယ့်နှစ်ရပ်၊ အဲဒါ 'ဝိပ္ပလ္လာသ ၁၂-ပါး' ကိုယ့်ကိုယ်ကို လိမ်တဲ့ တရားတွေလို့၊ ဒီလို သဘောကျထား။

''ဒါကြောင့် အနိစ္စ အချက်ကို နိစ္စလို့ထင်တယ်၊ အနိစ္စအချက်ဆို နိစ္စလို့ ယူတယ်၊ အနိစ္စအချက်ကို နိစ္စလို့ မှတ်တယ်တဲ့၊ သညာ၊ စိတ္တ၊ ဒိဋ္ဌိ။

''အနိစ္စကိုပင်၊ နိစ္စထင်၊ နေ့စဉ်လိမ်ကြတာ။

''ဒုက္ခ ။ သုခ ။ ။

''အနတ္တ ။ အတ္တ ။ ။

''အသုဘ ။ သုဘ ။ နေ့စဉ်လိမ်ကြတာ-လို့။

''ဤကဲ့သို့ ဥဒါန်းကလေးတွေ မှတ်ထားယင် မကောင်းဘူးလား''

''ကောင်းပါတယ် ဘုရား''

''ကိုင်း၊ ဒါဖြင့်ယင် လိုက်ဆိုကြပါ။

''အေး၊ ဤတလံမျှလောက်သော ခန္ဓာကိုယ်ကြီးသည် အသက်

ထင်ရှား ရှိနေပါတယ် ဆိုတဲ့ ဤတလံမျှလောက်သော ခန္ဓာကိုယ်ကြီးသည် အသုဘလား၊ သုဘလားဆိုယင် ဘယ်လို ဖြေမလဲ''

''အသုဘပါ ဘုရား''

''အသုဘ ဖြစ်တယ်၊ အသုဘ ဖြစ်ပုံတွေကို ဆံပင်က စ၍ ပြောထား ခဲ့တယ်၊ ၃၂–မျိုး မဟုတ်လား''

''မှန်ပါ ဘုရား''

''အဲဒီ ၃၂-မျိုးသော ကောဋ္ဌာသတွေ စုပေါင်း၍ နေသောကြောင့် အသုဘ အစုအဝေးကြီးတဲ့နော်''

''မှန်ပါ ဘုရား''

''အသုဘ အစုအဝေး ဖြစ်နေတဲ့ ဤခန္ဓာကိုယ်ကြီးကို သုဘ၊ တင့် တယ် တယ်လို့ ထင်နေတဲ့ အထင်သည် 'သညာဝိပ္ပလ္လာသ' အမှတ် ဖောက်ပြန်တာ''

''မှန်ပါ ဘုရား''

''တင့်တယ် တယ်လို့ ယူဆထားတဲ့ အယူအဆသည် တဲ့....''

''စိတ္တဝိပ္ပလ္လာသပါ ဘုရား''

''အယူအဆသည်....''

''ဒိဋ္ဌိဝိပ္ပလ္လာသပါ ဘုရား''

''ဒိဋ္ဌိဝိပ္ပလ္လာသ နော်၊ တချက် ကျော်လိုက်တယ်ဆို သူ လျော်သွား တယ်။ ဤ အသုဘ စင်စစ် ဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို တင့်တယ် တယ်လို့ သိနေတဲ့ အသိသည် စိတ္တဝိပ္ပလ္လာသ နော်''

''မှန်ပါ ဘုရား''

''အဲဒီ ဝိပ္ပလ္လာသ တရားဆိုးတွေ နှိပ်စက်နေလို့ ရှိယင် ဤပုဂ္ဂိုလ် တို့သည် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဒုက္ခအထွေထွေ၊ သံသရာ ဝဋ္ဋ ဆင်းရဲ ဆိုတဲ့ ဝဋ္ဋဆင်းရဲအထွေထွေတို့မှ လွတ်မြောက်နိုင်ပါ့မလား''

''မလွတ်မြောက်နိုင်ပါ ဘုရား''

''မလွတ်မြောက်နိုင်ပြီ တဲ့။ အဲဒါတွေ လွတ်သွားယင် ဝိပ္ပလ္လာသ ၁၂–ပါး လွတ်တယ်ဆိုလို့ ရှိယင်ဖြင့် ဤပုဂ္ဂိုလ် သက်သာတယ်။ ဟုတ် ပြီလား''

''မှန်ပါဘုရား''

''ကဲ–ဆံပင်လေး မတင့်တယ်တာကို မတင့်တယ်ဘူးလို့ ကျကျနန သဘောကျပို့ နက်ဖြန့်မနက် တို့ ဒကာ ကိုအုန်းဟန်ကြီး အကုန်လုံး

ရိတ်ပစ်လိုက်ယင် တလတလ တကျပ်တကျပ်ပေးရတာ ပေးရပါအုံးမလား''
''မပေးရတော့ပါ ဘုရား''
''ထင်ရှားတဲ့ဒုက္ခ ငြိမ်းသွားတယ်နော်။ ထင်ရှားတဲ့ဒုက္ခ ငြိမ်းသွားတယ်။ တလ တကြိမ်လောက် နှစ်ကြိမ်လောက် လျှော်ပေးနေရတဲ့ အမျိုးသမီးတွေ အနေနဲ့လဲ အကုန်လုံးပြောင်အောင် ရိတ်ထားလိုက်ယင် ငြိမ်းသွားတယ်''
''ရိတ်တော့မယ်၊ နီးလာပြီ။ သူတို့လဲ တဖြည်းဖြည်းနဲ့ ဟုတ်လားလည်ပင်းကပ်လာပြီ။ မကြာခင်တော့ ရိတ်လိမ့်မယ်ထင်တာပဲ။ အမျိုးသားတွေကတော့ ရိတ်မှာ မဟုတ်ပါဘူး။ သူတို့ကတော့ တဖြည်း တဖြည်း ခြေဖျား ရောက်သွားမယ်''
''အဲဒါ 'ဝိပ္ပလ္လာသ' တရားတွေ နှိပ်စက်၍ နေသောကြောင့် ဤကဲ့သို့ ဖြစ်တာနော်။ အဲဒါကြောင့်မို့လို့ ဒုက္ခတွေများတယ်။ 'ခေါင်း' တလုံးထဲ တို့ပရိတ်သတ်၊ ဘယ်လောက် ဒုက္ခများတယ်ဆိုတာ ကြည့် တဲ့''
''မနက်တိုင်း၊ မနက်တိုင်း ဆံပင်ညှပ်ဆိုင်ကို သွားပြီးတော့ကြည့်။ အမျိုးသမီးတွေရော၊ အမျိုးသားတွေရော သူ့ဘို့ခနေရာနဲ့ သူတို့ ဒုက္ခများနေကြပုံတွေ နော်''
''အေး၊ ဒါကြောင့်''
''သညာဒိဝိပ္ပလ္လာသေဟိ၊ ဥမ္မာဒတ္တိ ပုထုဇ္ဇနာ။
တေခမ္မေ သမ္မဒညာယ၊ မောက္ခန္တိ မာရဗန္ဓနာ''
''ခုနက တောင်ပို့ထဲမှာ ပေါက်နေတဲ့ ချုံနွယ်ကလေးတွေထဲမှာ ကြည့်လိုက်အုံး။ ချုံကလေးတွေ၊ နွယ်ကလေးတွေရဲ့ အထဲမှာ ဘာတွေ ရှိမလဲ။ ပိုးကောင်တွေ ရှိမှာပေါ့''
''ရှိပါတယ် ဘုရား''
''တောင်ပို့ထဲကလဲ ပိုးကောင်၊ တောင်ပို့ပေါ် ပေါက်နေတဲ့ ချုံနွယ်တွေထဲမှာလဲ ပိုးကောင်၊ ဒါကြောင့် ဒီခေါင်းက ဆံပင်တွေ၊ ၂–ကုဋေ ၅–သန်း ရှိတဲ့ ဆံပင်တွေ အတွင်းမှာလဲပဲ တဲ့၊ ပိုးကောင်တွေ တဖွားဖွား မရှိပေဘူးလား''
''ရှိပါတယ် ဘုရား''
''ရှိတယ်၊ သန်းကလေးတွေ နော်''
''မှန်ပါဘုရား''

''ဒါတွေ ပိတ်ထားလိုက်တော့ ပိုးကောင်တွေရဲ့ ခိုအောင်းရာလဲ မဖြစ်တော့ဘူး''

''မဖြစ်တော့ပါဘုရား''

**သံပင်ပလိဗောဓ ၁၆-မျိုး။** ''သံပင်ရဲ့ ပလိဗောဓ တဆယ့်ခြောက်ပါး တဲ့၊ မိမိနှလုံးမှာ ရှင်နာဂသိန်ဟောတယ်၊

''သံပင်ကို ပြင်ရ ဆင်ရ၊ ဖြိုးရ လိမ်းရတဲ့ ဒုက္ခအထွေထွေ တဆယ့်ခြောက်မျိုး ရှိတယ်။ အဲဒီ တဆယ့်ခြောက်မျိုးသော ပလိဗောဓ ဒုက္ခတွေ အာရုံလုံးမြိမ်းဖြင့် ရိတ်ချင်စရာ မကောင်းဘူးလား''

''ကောင်းပါတယ် ဘုရား''

''ကဲ-မနက်ဖြန့်ခါ ပြောင်နေပါစေ''

''သညာဒိဝိပ္ပလ္လာသ သေယာ၊ ဥမ္မာဒန္တိ ပုထုဇ္ဇနော။
တေစမွှ သမ္မုဒ္ဒသညာယ၊ မောက္ခန္တိ မာရဗန္ဓနာ။

''သညာဒိဝိပ္ပလ္လာသ သေယာ၊ ပြုရာအချက်၊ ချမ်းသာကွက်နှင့်၊ နှစ်သက်မွယ်နွှာ၊ စိုးမိသော ဟု၊ သဘောသေးသိမ်၊ အကောက်အလိမ်တရားတို့ကြောင့်—

''အကောက်အလိမ်တရားမှတာ အခုနက ပြောခဲ့တဲ့ ဝိပ္ပလ္လာသ ၁၂-ပါး''

''မှန်ပါဘုရား''

''သညာဒိဝိပ္ပလ္လာသ သေယာ၊ ပြုရာအချက်၊ ချမ်းသာကွက်နှင့်၊ နှစ်သက်မွယ်နွှာ၊ စိုးမိသော ဟု သဘောသေးသိမ်၊ အကောက်အလိမ် တရားတို့ကြောင့်၊ ပုထုဇ္ဇနာ၊ ငါးဖြာအာရုံ၊ ကာမဂုဏ်အညီတိုက်၍၊ အကြည်ပျက်၍နေကြ၊ ပုထုဇဉ်အများတို့သည်။ ဥမ္မာဒန္တိ၊ ပရမ်းပတာ၊ မချမ်းသာအောင်၊ သွက်သွက်ဖမ်းသလို၊ ရူးနှမ်းကြလေကုန်၏။

''တေစမွှ၊ လိမ်တတ် ညာတတ်၊ ၁၂-ရပ်အဖြာ၊ ထိုဝိပ္ပလ္လာသ တရားတို့ကို။ သမ္မုဒ္ဒသညာယ၊ အရှိဟုတ်မှန် ရုပ်နှင့် နာမ်ကို၊ အမှန်မြင်တတ်သည့်၊ ဝိပဿနာဥာဏ်မြင် များဖြင့် သိမှန်နိုင်သောကြောင့်။ မာရဗန္ဓနာ၊ ငါးဖြာအာရုံ ကာမဂုဏ်ချည်၊ မာရ်နတ်မင်းရဲ့ ကျော့ကွင်းမှ။ မောက္ခန္တိ၊ နိဗ္ဗာန်ထိုင်ရောက်၊ ခရီးပေါက်အောင်၊ အပြီးတိုင်လွတ်မြောက်နိုင်ကုန်လိမ့်သတည်း''

''သာဓု၊ သာဓု၊ သာဓုပါ ဘုရား''

“ဒါဖြင့်ယင်လဲ အဲဒီ ဝိပ္ပလ္လာသ ၁၂–ပါး မာဂ်နတ်မင်းရဲ့ ကျော့ကွင်းမှ လွတ်ခဲ့တဲ့ ဆံပင်ကို ၅–ချက် ဆင်ခြင်လေ”

“အဲဒီနည်းအတိုင်း ဆံပင်ကို ၅–ချက် ဆင်ခြင်နိုင်လို့ ရှိယင် ဝိပ္ပလ္လာသ ၁၂–ပါး မာရ်နတ်မင်းရဲ့ ကျော့ကွင်းမှ လွတ်မယ်”

“ဒါကြောင့် ဆံပင်နဲ့ပတ်သက်တဲ့ ၅–ချက်၊ မွေးညှင်းနဲ့ပတ်သက်တဲ့ ၅–ချက်လဲ စဉ်းစားပြီးတော့ ယူကြပါ”

**သွေးအကြောင်း သိကောင်းစရာ။** “ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ”

“ဒန္တာ၊ အလယ်လေးစုံ၊ ဗူးစေ့ပုံသို့၊

“မိမိတို့ ပါးစပ်ထဲက သွားကလေးတွေ အာရုံပြုပြီးတော့ ကြည့်။

“အလယ်လေးစုံ၊ဗူးစေ့ပုံသို့၊ ပန်းငုံထို့ပြင်၊ထို့ပြင် ယာဉ်ထောက်ခွ၊ ဒွေတြဲဖျားမြစ်၊ လေးမြစ် လေးဖျား၊ နှစ်ပါးစီခပါင်း၊ နှစ်ချောင်းစွန်းကယ်၊ သုံးဆယ်သောသွား အစုတို့သည်လည်း၊ ဂူမှသို ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှမ်း၊ ရှ ဖွယ်လွမ်းထ၊ ဤကာယ၌၊ အတ္ထ၊ ထင်ရှားပုံခသ ရှိတုံချေ၏ တကား တဲ့။

“သွား၊ ‘အလယ်လေးစုံ၊ ဗူးစေ့ပုံသို့’ ရှေ့သွား လေးချောင်းကို အာရုံပြုကြည့်၊ အထက်က ၄–ချောင်း၊ အောက်က ၄–ချောင်း ရှေ့တည့်တည့်၊

“အဲဒီ ရှေ့တည့်ဘည့် အထက် ၄–ချောင်း၊ အောက် ၄–ချောင်း တို့သည် တဲ့၊ ပုံ၂န်းသဏ္ဍာန် ဗူးခစေ့နဲ့သဏ္ဍာန်တူဘယ်၊ မြေညက်စိုင်၊ မြေညက်ခဲကလေးတွေ၊ ရှ တုံးလေ ထဲမှာ ဗူးခစေ့လေးတွေ စိုပြီးတော့ထား သလိုပဲ၊ ရှေ့သွား ၄–ချောင်း၊ အထက် ၄–ချောင်း၊ အောက် ၄–ချောင်း။

“အလယ် လေးစုံ၊ ဗူးစေ့ပုံသို့’ အဲဒီ ဗူးစေ့သဏ္ဍာန်တူတဲ့ သွားကို၊ ပါးစပ်ကို အသာလေး ဟပြီးတော့ မှန်ခလေးနဲ့ကြည့်ယင်လေ၊ အတွင်းပိုင်း လွှ းရဲ့ အတွင်းပိုင်းက ပိုပြီးတော့ တူတယ်။ အပြင်ဘက်က သိပ်ပြီးဘော့ မတူလှဘူး။ အဘွင်းဘက်က ပိုပြီးဘော့ တူတယ်၊ ရှ တုံးထဲ ဗူ စေ့ လေး စီစိုက်ထားတာနဲ့ သေသေချာချာ တူလို့။

“အဲဒီမှာ ကြည့်လိုက်အုံး၊ အတွင်းပိုင်းမှာ ဆိုလို့ရှိယင်၊ ဟုတ်လား၊ မည်းတဲ့ခနရာ မည်း၊ ညိုတဲ့နေရာ ညို၊ ကွက်တဲ့နေရာ ကွက်နဲ့ အတွင်းမှာ ဆိုလို့ရှိယင်လေ”

"မှန်ပါတယ် ဘုရား"

"ဟာ၊ အပြင်ဘက် လူမြင်ကောင်းတဲ့ နေရာတွေ တအားကို ဖိဘိုက်တာပဲ၊ အတွင်းပိုင်းတော့ မည်းလို့"

"မှန်ပါ ဘုရား"

"ဒါကြောင့်ပို့လို့ ဝိပ္ပလ္လာသ သဘောတရားဟာ သိပ် ထင်ရှားတယ်၊ မိမိတို့ ကိုယ်ကို မိမိတို့ လှည့်ပတ်ပြီးတော့ ဟုတ်လှား၊ ညာဖြန်းနေတဲ့၊ ဝိပ္ပလ္လာသ သဘောတွေဟာ အဲဒီလိုပဲ"

"မှန်ပါ ဘုရား"

"အလယ် လေ၊စုံ၊ ပူးစေ့ပုံသို၊ ပန်းငုံထို့ပြြင်။

"ရှေ့ ၄–ချောင်းရဲ့အပြင်ဘက် ဘေး တဘက်တချက်က သွားတချောင်းစီဟာ စံပယ်ဖူး စံပယ်ငုံလေးလိုပဲနော်"

"မှန်ပါ ဘုရား"

"အဲဒါကို အစွယ်လို့လဲ ပြောတယ်"

"ပြောပါတယ် ဘုရား"

"ပန်းငုံတို့ပြင်၊ အထက် တချောင်း၊ အောက် တချောင်း။ အထက် ၂–ချောင်း။ အောက် ၂–ချောင်း။

"အဲဒီ တဘက် တချောင်းစီ၊ အောက်မှာ ၂–ချောင်း၊ အထက်မှာ ၂–ချောင်း၊ တဘက် တဘက် ရှေ့လေးချောင်းရဲ့ ဘေးမှာ ရံပြီးတော့ နေကြတဲ့ သွားတွေက ပန်းငုံလေးလို့၊

"ထို့ပြင် ယာဉ်ထောက်ခွ၊ ဘေးတဘက်တချက်ကို ဆက်ပြီးကြည့်လိုက်ပြန်တဲ့အခါကျတော့ 'ထို့ပြင် ယာဉ်ထောက်ခွ' လှည်းရဲ့ 'ထောက်' လိုပဲတဲ့။ 'လှည်းထောက်ခွ' လိုပဲ။ ဒီအရပ်က လှည်းတွေ 'ထောက်'ရှိလား"

"တောမှာ ရှိပါတယ် ဘုရား"

"တောမှာ ရှိဘယ်နော်"

"ဘီလူးကျွန်းမှာပါ ဘုရား"

"အဲ–ဘီလူးကျွန်းမှာ ရှိတယ်တဲ့။ ဘီလူးကျွန်း သွားကြည့်ရအုံးမလိုကျနေပြီ။ ဒါဖြင့် အဲဒီ ဘီလူး ကျွန်းက လှည်းထောက်ခွတွေလိုပဲလို့ အာရုံပြုထားလိုက်"

"မှန်ပါ"

"အဲဒီလိုပဲ 'ခွ' ကြီးတွေနဲ့၊ ဟုတ်လား၊ ဘေးနားက တဘက်လျှင် ၂–ချောင်းစီ၊ ၂–ချောင်းစီ ၂–ခွ၊ အောက်က အမြစ်ကလဲ ၂–မြစ်၊

အူပေါ်ကလဲ ၂–ခွ၊ ၂–မြစ်၊ ၂–ခွရှိတဲ့ သွားက ၂–ချောင်းစီ၊

"ဟိုဘက်နားမှာ ၃–မြစ်၊ ၃–ခွ ရှိတဲ့ သွား ကလဲ ၂–ချောင်းစီ၊ ၄–မြစ်၊ ၄–ခွ ရှိတဲ့သွားကလဲတဘက်လျှင် ၂–ချောင်းစီ၊ ဒီလိုမဟုတ်လား"

"မှန်ပါ"

"တဘက် တဘက်လျှင် အထက်ရော အောက်ပါ ဤကဲ့သို့ နေကြပါတယ်။ ဒါကြောင့် 'ဒွေတြဖျားမြစ်၊ လေးမြစ် လေးဖျား၊ နှစ်ပါးစီပေါင်း၊ 'နှစ်ပါးစီပေါင်း၊ ၂–ချောင်းစီ၊ ၈–ချောင်းစီ အကုန်လုံး ပေါင်းလိုက်တော့ အထဲမှာ အထက်နဲ့ အောက်နဲ့။

"နှစ်ချောင်း စွန်းတယ်၊ သုံးဆယ်သော သွားအစုတို့သည်၊ ၂-ချောင်း နှုန်းတယ်၊ သုံးဆယ် ဘယ်လောက်လဲ"

"၃၂–ပါ ဘုရား"

"၃၂–နော်"

"မှန်ပါ ဘုရား"

"အဲဒီ ၂–မြစ် ၂–ခွ ရှိတဲ့ သွား၊ ၃–မြစ် ၃–ခွရှိတဲ့ သွား၊ ၄–မြစ် ၄–ခွရှိတဲ့ သွား၊ ဆိုပြီးတော့ အဲဒီ ခွကြားတိုင်း၊ ခွကြားတိုင်း သွားရဲ့အခွ၊ အခွတွေထဲမှာ ကြည့်လိုက်မယ်ဆိုယင်လဲပဲ စားတိုင်း စားတိုင်းသော အညစ်အကြေးတွေ အကုန်လုံး ဝမ်းခေါင်းထဲ ရောက်ဘူး"

"မှန်ပါ ဘုရား"

"မည်မျှပင် ဆေးပင် ဆေးပြောသော်လဲပဲ၊ အဲဒီ သွားတွေနဲ့ အကြား အကြားမှာ ဆိုလို့ရှိယင် အညစ်အကြေးတွေ အမြဲတမ်း ကပ်နေတယ်။

"တခါတခါ သွားကြားထဲမှာ အဲဒါတွေကို ပိုးတွေက ကိုက်တယ်၊ တခါတခါ အဲဒီ သွားတွေ အခေါင်းဖြစ်ပြီးတော့ ပေါက်သွားတဲ့ အထဲမှာ ပိုးကောင်တွေ ဝင်ပြီးတော့ အောင်းတယ်နော်။

"ဒါကြောင့် ပိုးကောင်တွေရဲ့ ခိုအောင်းရာ၊ အညစ်အကြေး ပေါင်းစုံတို့ မှိုခိုရာ၊ လာ လာသမျှသော အာဟာရ ပေါင်းစုံ တို့ကို ကြိတ်၊ ချေ၊ ဝါးမှိုရာ အသုဘ အစုအဝေးကြီး မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"နှစ်ချောင်း စွန်းတယ်၊ သုံးဆင်သော သွားအစုတို့သည်လဲ အဲဒီ သွားတွေကို အာရုံပြုပြီးတော့ ကြည့်လေ။

"အရောင်အဆင်းအားဖြင့် ရှုစရာကောင်းတယ်။ ပုံပန်းသဏ္ဌာန် အားဖြင့်လဲ ရှုဖို့ကောင်းတယ်။ တည်ရာအားဖြင့်လဲ ရှုစရာကောင်းတယ်။ မှီရာအားဖြင့်လဲ ရှုစရာကောင်းတယ်၊ အနံ့အားဖြင့်လဲပဲတဲ့၊ မိမိတို့ပါးစပ်မှ ထွက်လာတဲ့ အနံ့ကို အာရုံယူပြီးတော့ ကြည့်၊ ရှုစရာပဲ"

"ဘယ်သူ့ပါးစပ်ကမှ စန္ဒကူးနံ့လို မမွှေးပါဘူး နော်"

"မမွှေးပါဘုရား"

"စကြာမင်းကြီးရဲ့ မိဖုရားများကျတော့ မွှေးတယ်လို့ ပြောတယ်။ စကြာဝတေးမင်းကြီးများကျတော့လဲ မွှေးတယ်လို့ ဆိုတယ်။ ဒါပေမယ့် တို့ဒကာ ကိုအုံးဟန်ကြီးတို့တော့ မမွှေးပါဘူး"

"မမွှေးပါ ဘုရား"

"မွှေးအောင် လုပ်လို့ ရမယ်ဆိုလို့ရှိယင် မကောင်းပေဘူးလား"

"ကောင်းပါတယ် ဘုရား"

"ကောင်းတယ်၊ ဟော...သူ ဝိပ္ပလ္လာသ နှိပ်စက်သွားပြီ၊ ချက်ခြင်း။

"ဝိပ္ပလ္လာသ တရားဆိုတာ အဲဒီလို ဖောက်ပြန်တယ်၊ အမှတ်လဲ ဖောက်ပြန်တယ်၊ အယူလဲ ဖောက်ပြန်တယ်။ အသိလဲ ဖောက်ပြန်တယ်။ ဖောက်ပြန်မှု ၃–ပါး။ "သညာ၊ စိတ္တ၊ ဒိဋ္ဌိ"

"ဒီတော့ယင် ဒီကနေ့တရားနာ ပရိသတ်အပေါင်း၊ သူတော်ကောင်းတို့ရဲ့ သွားတွေ၊ စာပေက ပြောတာက်တော့ ၃၂–ချောင်းလို့ ပြောတယ်။ ထိုင်ပြီးတော့ တရားနာကြတဲ့ တို့ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ကိုယ့်သွား ကိုယ်အာရုံပြုပြီးတော့ ကြည့်စမ်းပါ၊ ၃၂–ချောင်း ကျန်သေးရဲ့လားလို့။ မကျန်တော့ဘူး"

"တချို့မှာလဲ ၂၀–ချောင်း ဟုတ်လား၊ တချို့ ၁၅–ချောင်း၊ တချို့ ၂–ချောင်း ၃–ချောင်းနော်၊ ဖရိုဖရဲ ကျိုးဘိုကျဲတဲ၊ ထွန်သွားကြီးတွေလို ဖြစ်ကုန်ပြီ မဟုတ်လား"

"မှန်ပါဘုရား"

"အနိစ္စကိုပင်၊ နိစ္စထင်၊ ဒီလို မဟုတ်လား"

"မှန်ပါဘယ် ဘုရား"

"အနိစ္စ၊ နိစ္စထင်၊ ပြဘယ်ဆင်ပြီးတော့ ဘာလုပ်ကြသလဲ၊ ဒါတော့ ကိုယ့်ဟာကိုယ် သိဘာပေါ့နော်။ အမျိုးမျိုးပဲ ပြုပြင်ပေးတယ်။ ပြင်ဆင်ပေးတယ်ဆိုတာက ဘာတဲ့လဲ၊ ကျန်းမာရေးကြောင့်၊ ကျန်းမာရေးကြောင့်။ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"အင်း....သညာ ဝိပ္ပလ္လာသ မသိမသာ ဝင်လာတာ။ ဒီထဲမှာ စိတ္တ ဝိပ္ပလ္လာသ မသိမသာ ဝင်သွားတယ်။ ဒိဋ္ဌိ ဝိပ္ပလ္လာသ မသိမသာ ဝင်သွား တယ်။

"ဒါကြောင့်မို့လို့ အဲဒီလို သွားနဲ့ပတ်သက်လို့လဲပဲ။ 'ဝိပ္ပလ္လာသ' မနှိပ်စက်ရလေအောင် ဆင်ခြင်ရမယ်. အခုက် ၅–ပါးကို မြဲမြဲကြီး ဆင်ခြင် ကြရမယ်။ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ကိုင်း....ဒကာ ကိုအုံးဟန်ကြီး၊ သွားဘယ်နှစ်ချောင်း ရှိလဲ"

"၃၂–ချောင်း ရှိသေးပါတယ် ဘုရား"

"၃၂–ချောင်း။ အမယ်၊ အတော်ကံကောင်းတဲ့ လူနော်"

"မှန်ပါဘုရား"

**သွားတော်ပြဿနာ။**　။"ဘုန်းတော်ခြောက်ပါးသခင်၊ ဘုရားရှင် မှာသွား တာ ဘယ်နှစ်ချောင်းရှိ၊ သူတွက်ရအုံးမယ်၊ (၄၀)

၄၀– သွားတော်လေးဆယ်၊ စွယ်တော်လေးဆူတဲ့။

"ကိုင်း....တို့ပရိသတ် ဘယ်နှစ်ချောင်းလဲ"

"၄၀–ပဲ ဘုရား"

"၄၀–ပဲလား၊ ၄၄–မဟုတ်ဘူးလား"

"မဟုတ်ပါ ဘုရား"

"သွားတော်က ၄၀– စွယ်တော်က ၄–ချောင်း ဆိုထားတာ ပညာရှိတယောက်နော်၊ အမရပူရ နေပြည်တော်တုန်းက ဒီပြဿနာ ဖြစ်ခဲ့ ဖူးတယ်တဲ့၊ ဒါလေးပြောချင်လို့ ဒကာ ကိုအုံးဟန်ကြီး နော်"

"မှန်ပါဘုရား"

"အမရပူရ နေပြည်တော်၊ ဘိုးတော်မင်းတရားကြီး၊ ပဒုံမြို့စား၊ ဘိုးတော်မင်းတရား အုပ်ချုပ်စဉ် အခါ တုန်းက ပေါ်ဦးဖြတ်ထုံးမှာ ပါပါ တယ်၊

"နန်းတော်ထဲ ဒီပြဿနာ ဖြစ်ကြ၊ အမတ်ကြီးတွေ ခေါ်မေး၊ နန်း တော်ထဲ "ဟ.... သွားတော်လေးဆယ်၊ စွယ်တော်လေးချောင်းဆိုတာ၊ ဘုရား ဘယ်လိုလဲ၊ လေးဆယ် တိတိလား၊ လေးဆယ့် လေးချောင်း လား" ဆိုတော့ တချို့အမတ်တွေက ပြောကြတယ်၊

"၄၄–ချောင်းပါ ဘုရား" ပြောကြတယ်။ တချို့အမတ်တွေကလဲ "၄၄– မဟုတ်ဘူး၊ ၄၀–အတိပဲလို့" ပြောတယ်၊ ၂–ဘက်ကဖြစ်နေ၊ ဘုရင်ကြီးက ပေါ်ဦးမေး။

"ဟာ.... ပေါ်ဦး ပြောစမ်းပါအုံးဟာ၊ သူများတွေကတော့ ၄၀– တမျိုး၊ ၄၄–ချောင်း တမျိုးနဲ့။ ၂–ဘက်က ကွဲနေပြီ၊ မင်း ဘယ်နှယ် သံတော်ဦး တင်မတုံး"ဆိုတော့ ပေါ်ဦးကတော့ သူများနဲ့မတူအောင် သံတော်ဦး တင်လိုက်တယ်။

"မှန်လှပါဘုရား၊ ကျွန်တော်မျိုး သံတော်ဦး တင်ရယင်ဖြင့် ရေမြေ့ ရှင် ဘုန်းတော်ကြောင့်၊ မြတ်စွာဘုရားနဲ့သွားတော်ဟာ ၄၂–ချောင်းပါ ဘုရား"လို့ ဆိုသတဲ့နော်။

"တို့ပရိသတ်ကလဲ ပေါ်ဦးလောက် ညာနိုတဲ့သူ တယောက်မှ မပါဘူး။ ငါ့ထဲ '၄၄' ချောင်း ပြောတဲ့ သူက တချို့။'၄၀' ပြောတဲ့ သူကတချို့။ ဘုန်းကြီးကတော့ ကြားခြား၊ ပေါ်ဦးလိုပဲ ပြောချင်တယ် '၄၂' ချောင်းလို့။

"စတ္တာလီသ သမဒန္တော၊ ငယ်ငယ်လေးက သင်လာတဲ့ နမက္ကာရ မှာကို ပါတယ်။ 'လက္ခဏာသုတ္တန်' မှာ ဆိုလို့ရှိယင်လဲပဲ ဘုရားရဲ့ လက္ခဏာ တော် ၃၂–ပါး ပြတဲ့ နေရာမှာ ဒါပါတယ်။ ပါထိကဝ ဂ်ပါဠိတော် လက္ခဏာသုတ်၊ 'စတ္တာလီသ သမဒန္တော' တဲ့၊ လေးဆယ်အမျှ ရှိသော သွားတော်လဲ ရှိ၏၊ ဆိုပြီးတော့ ၄၀–အတိပဲ၊ အစွယ် ဆိုတာ သီးခြားမှ မဟုတ်ပဲ။ သူလဲ သွားထဲက ထွက်လာတဲ့ နာမည် တခုပဲ မဟုတ်လား"

"မှန်ပါဘယ် ဘုရား"

"အံ ဆိုတာကော သွားထဲက ထွက်လာတဲ့ နာမည် တခုပဲ"

"မှန်ပါဘုရား"

"ဒါဖြင့်ယင် အံ့ကို နာမည်သီးခြား ထုတ်လိုက်လို့ရှိယင် အံက တခု၊ စွယ်တော်က တခု၊ သွားတော်ကတခု ဆိုလို့ရှိယင် သွား ၅၀–၆၀ ဖြစ်ကုန်ယင် ဒုက္ခပဲ"

"မှန်ပါ ဘုရား"

"ဒီလို မဟုတ်ဘူးတဲ့၊ သွားတော် လေးဆယ်၊ စွယ်တော် လေးဆူ ဆိုပင် ဆိုငြားသော်လဲပဲ၊ ထူးခြားတဲ့ စွယ်တော်ဂတ် ၄–ပါးကို နာမည် သီးခြားတပ်၍ စွယ်တော်လို့ ခေါ်လိုက်တာ တကယ်တော့ယင် အကုန်လုံး ပေါင်းယင် ၄၀ အတိ၊ ဒါပဲ"

"ဘယ့်နှယ်၊ ဒီပုဂ္ဂိုလ်တွေကျတော့ ဘယ်လောက်ရှိ"

"၃၂–ပါ ဘုရား"

"ဘုရားနဲ့ ဘယ်လောက်လျော့"

"ဂ–ခု၊ ဂ–ချောင်းလျော့ပါတယ် ဘုရား"

"အဲဒီ ဂ–ချောင်း လျော့နေတဲ့ ၃၂–ချောင်းရှိတဲ့ သွားတောင်မှ ပြည့်ပြည့်စုံစုံ ဒီကနေ့ မရှိကြပြီ"

"မရှိပါ ဘုရား"

"ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်မှာဖြင့် သွားတော် ၄၀၊ လေးအသချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်တော်မူတဲ့ မြတ်စွာဘုရားမို့လို့ အဲဒီလို ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက် ရတာ။

"ဒါကြောင့် 'အလယ်လေးစုံ၊ ဗူးစေ့ပုံသို့၊ ပန်းငုံတို့ဖြင့်၊ ထို့ပြင် ယာဉ်ထောက်ခွ၊ ဒွေတြဲဖျားမြစ်၊ လေးမြစ် လေးဖျား၊ နှစ်ပါးစီပေါင်း၊ နှစ်ချောင်း စွန်းတယ်၊ သုံးဆယ်သော သွားအစုတို့သည်လည်း ဣမသ္မိံ ကာယေ၊ တွင်းပဝန်းကျင်၊ မစင်ပြည့်မှမ်း၊ ရွံဖွယ်လွှမ်းထ၊ ဤကာယ၌။ အတ္ထိ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား....။

လို့ သွားနဲ့ပတ်သက်လို့လဲ အဲဒီလို အာရုံပြုပြီးတော့ ထား။

**အရေအကြောင်း သိကောင်းစရာ။** ။"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော"

"တစော၊ ကိုယ်လုံးပတ်ခြုံ၊ ကိုယ့်ပုံဟန်တူ၊ အဆင်းဖြူသော၊ အရေထူအစုသည်လည်း။ အတ္ထိ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

"တစ၊ အရေထူဝဲ့၊ တစဆိုတဲ့ ပုဒ်အရ ရှုရမှာက အရေပါး၊ အရေထူ ၂–မျိုး တို့ဘွင် အရေထူကို ရှုရမယ်၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဒီတော့ယင် အရေထူ ဘယ့်နှယ်လုပ် ရှုမလဲဘုရား ဆိုလို့ရှိယင်၊ အဲဒီ အရေပါးပါးကလေးကို ခွာလိုက်လို့ရှိယင် အဲဒီ အောက်မှာ အရေထူ ရှိတယ်။ အရေပါးကလေးက ဘယ်လောက်တောင်ပါးတုံး ဆိုလို့ရှိယင် 'ယင်ကောင်' ရဲ့ အတောင်လောက်ပဲ ထူတယ်။ သူက ပါးပါးလေးပဲ။

"တကိုယ်လုံး ရှိတဲ့ အရေပါးကလေးကို ဓားပါးကလေးနဲ့မျှား ခြစ်ပြီးတော့ ခွာလိုက်မယ်ဆိုသို့ရှိယင်တဲ့၊ အဲ့ဒီ အရေပါးလေးကို လုံးရမယ် ဆိုလို့ရှိယင် လုံးထားတာ ဇီးသီးလောက် ရှိတယ်တဲ့။

"အဲဒီ အရေပါးကလေး ခြစ်ခွာထုင်ထားလို့ရှိယင် အောက်မှာ ကျန်တဲ့ အရေထူကြီးဟာလေ၊ သရေပြားထူထူကြီးဟာ ဖြူဖွေးပြီးတော့ ကျန်နေခဲ့တယ်။

"ဒါကြောင့်မို့လို့ တခါတခါ ဆူးကလေးနဲ့ ခြစ်မိတယ်၊ ငုတ်ကလေးနဲ့ ခြစ်မိတယ် ဆိုလို့ရှိယင် ဖြူပြီးတော့ အရေပြားပြားကြီး ထွက်လာတယ်။ အပေါ်က အရေပါးပါးကလေးဟာ လိပ်သွားတယ်၊

"အဲဒါ မနက်ဖြန်ခါကျ လှက်တွေ့စမ်းကြည့်၊ အပ်ကလေးနဲ့ အသာခြစ်ပြီးတော့၊ တစ ပဥ္စက ကမ္မဋ္ဌာန်း အားထုတ်ဖို့။

"အတ္တကိုသမထာနုယောဂ လို့ ခေါ်တဲ့ ခန္ဓာကိုယ် ဆင်းရဲပင်ပန်းအောင် ကျင့်တဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိယင်တော့ ဒီလိုလုပ်ကြတယ် နော်"

"မှန်ပါ ဘုရား"

"အေး၊ ဒီမှာတော့ 'မဇ္ဈိမ ပဋိပဒါ' ဖြစ်တဲ့အတွက်ကြောင့် အဲဒီလို မလုပ်ရဘူး၊ ဉာဏ်နဲ့သာ ဖောက်ကြည့်ရမှာပါ"

"မှန်ပါ ဘုရား"

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ငါးခုပြည့်ရော မဟုတ်လား"

"မှန်ပါဘုရား၊ ပြည့်ပါပြီဘုရား"

"ဒါဖြင့်ယင် 'ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော အစ ရှိတဲ့ ဟို....မတ္တလို့ ခေါ်တဲ့ ကျင်ငယ်တိုင်အောင် ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းမယ့် တပည့်တော်တို့သည် ဤကောဋ္ဌာသတွင် ဤမျှ အခ်ပ္ပာယ် သဘောကျပြီးတဲ့ အခါကျယင် ဘယ်လိုလုပ် စီးဖြန်းရမလဲ၊ စီးဖြန်းပုံနည်းပေးပါ ဘုရား ဆိုလို့ရှိယင်။

"ကေသာမှ စ၍ တစ တိုင်အောင် ၅-ခု၊ အဲဒီ ၅–ခုကို အစဉ် အတိုင်း တက်ပြီးတော့ ဆိုကြည့်။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" ဒီလိုမနေလား"

"မှန်ပါဘုရား"

"တစောက နောက်ပြန်ကြည့်ပါ၊ နောက်ပြန်ကြည့်။ "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" ။ "တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ" အစဉ်အတိုင်း ပြန်ခဲ့နော်"

"မှန်ပါ ဘုရား"

"အဲဒီလို အပြန်ပြန် အလှန်လှန် ရှေ့တက်လိုက်၊ နောက်ဆုတ်လိုက်၊ ရှေ့တက်လိုက်၊ နောက်ဆုတ်လိုက်နဲ့ အနုလုံပဋိလုံ ထပ်တလဲလဲ သုံးသပ်နေရမယ်တဲ့။ ဖြည်းဖြည်းချင်း။

"နာတိသီဃတော၊ အလွန် မမြန်လွန်းရဘူး။

"နာတိသဏိကတော၊ အလွန်လဲ မနှေးလွန်းရဘူး။

"အနုပုဗ္ဗတော၊ အစဉ်အတိုင်း ဖြစ်ရမယ်၊ ဒီလိုနော်"

"မှန်ပါ ဘုရား"

"ဝိက္ခေပ ပဋိဗာဟနတော၊ ကေသာဆိုလိုက်သည်နှင့် တပြိုင်နက်တည်း စိတ်သည် ဆံပင်မှာ ရောက်သွား၊ လောမာ ဆိုလိုက်သည်နှင့် တပြိုင်နက်တည်း မွေးညှင်းပေါ် ရောက်သွား။

"အဲဒီ ကောဋ္ဌာသ တခုတခုကို နှုတ်ကဆိုပြီးတော့ သုံးသပ်လိုက်သည်နှင့် တပြိုင်နက်တည်း စိတ်သည် ဆိုသော ကောဋ္ဌာသတွေ၊ ကောဋ္ဌာသတွေရဲ ပေါ်မှာ ကျရောက် ကျရောက်ပြီးတော့ သွားရမယ်တဲ့၊ "ဗဟိဒ္ဓ" ပျံ့လွင့်ပြီးတော့ မသွားရဘူးတဲ့။

"ဝိက္ခေပ, ပဋိဗာဟန၊ ပျံ့လွင့်မှုကိုလဲ တားထားတယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဒီလို သုံးသပ်ပါ"

"ဒီတော့ယင် "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" "တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ" အရင်းပြန်ရောက်သွား၊ ရှေ့တက်လိုက်စမ်းပါ"

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော" တက်သွားရော၊ နောက်တခါ ရှေ့ ၅-ခု တက်ယူလိုက်"

"မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ" တက်လိုက်ပြန်ရော၊ ဝက္ကံက နေ ပြန်ဆင်းလာခဲ့။ ကေသာတိုင်အောင် ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"နောက်တခါ ကေသာကနေ၊ ရှေ့တက်သွား ၅– ခု ကြိုပြီးတော့ ယူလိုက်၊ နောက်တခါပြန်ပြီးတော့ ဆင်းလာခဲ့။

"အဲဒီလို ဆင်းချည်၊ တက်ချည်နဲ့ ၅–ပုဒ်ယူလိုက်၊ နောက်ပြန်ဆင်းလိုက်၊ ရှေ့တိုးပြီးတော့ ၅–ပုဒ်ယူလိုက်၊ နောက်ပြန်ဆင်းလိုက်။

''၅–ပုဒ် ၄–လီ ၂၀–ကုန်တဲ့အခါကျတော့ ၆– ပုဒ်တိုးပြီးတော့ ယူ၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''နောက်ပြန်ဆင်းခဲ့၊ နောက်တခါ ရှေ့တိုးပြီးတော့ ယူတဲ့၊ ၆–ခု အဆုံးရောက်သွားရော၊ ပြီးတော့မှ နောက်ပြန်ဆင်းခဲ့။

''အဲဒါတွေကို တို့ပရိသတ်ကို ဘုန်းကြီးက အကုန် ဆိုပြပြီးသား။ အကုန်ချပေးနေယင် ဒီတရား မိုးကို လင်းသွားမယ်နော်''

''မှန်ပါဘုရား''

''ပြီးတော့ ရမှာလဲ မဟုတ်ဘူး၊ ရပါ့မလား''

''ချက်ချင်း မရပါဘုရား''

''ဩော်....ချက်ချင်း မရဘူး၊ ဖြည်းဖြည်းတော့ ရအုံးမယ်ပေါ့၊ သိပ် မလျှော့ဘူး။ တို့ဒကာက ဒီတော့ယင် နည်းနိသျကဲ အဲဒီလိုပဲတဲ့၊ တကယ် အားထုတ်ချင်တယ်ဆိုယင် သင်တန်းတက်ပြီး ယူမှရမယ်၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

**လက်တွေ့နည်းရ စီးဖြန်းကြ။** ။''နည်းနိသျက အဲဒီလိုသွား၊ ပြောလို တာကတော့ ဟုတ်လား။ ဟို 'ဓာတုမနသီကာရ'တိုင်အောင် ပြောရမှာ။

''ဒီတော့ 'ဓာတုမနသီကာရ'တိုင်အောင် ပြော ဆိုတော့ မနက်ဖြန် ကျမှ ပြောရတော့မှာ ဖြစ်နေပြီ။ သတ်မှတ်တဲ့ အချိန်ကလဲ ရောက်လှာပြန် ပြီ၊ ပြောစရာကလဲ စရုံရှိသေး ဆိုတာ ကျနေပြီ .

''ဒီတော့ယင် ''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော''။ ''တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ'' အဲဒါလောက်တော့ တို့ပရိသတ် နှုတ်ထဲ ထည့်သွားကြစမ်းပါ နော်''

''ဘုန်းကြီးက ဒီလောက်ပြောနေ၊ ၅–ခုလောက်တော့ သူတို့ရမှာ ပေါ့။ ကိုင်း....လိုက်ဆို''

''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော''

''အဲ....ပြန်ရအောင် ''တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ'' ဆိုကြည့်၊ ဖြည်းဖြည်း''

''ကိုင်း....အစုန်အဆန် သွားကြည့်ရအောင်၊ ''ကေသာ၊ လောမာ နခါ၊ ဒန္တာ၊ တစော။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ''

"အေး.... အဲဒါရအောင် နှုတ်တက်ရအောင် အာရုံယူထားနော်"

"မှန်ပါဘုရား"

"ကျန်တဲ့ ကောဋ္ဌာသတွေလဲ အဲဒီနည်းကိုပဲ မှီးပြီးတော့ သွားကြရမှာပဲ။ အဲဒီနည်း တခုရလို့ လိုယင် ကျန်တဲ့ ကောဋ္ဌာသတွေလဲ ဒီနည်းပဲလို့ သဘောကျပြီးတော့ ဟုတ်လား၊ ကောဋ္ဌာသ ကမ္မဋ္ဌာန်း စီးဖြန်းလိုတဲ့ ပုဂ္ဂိုလ်များ အဲဒါ နိဿရည်းယူထား။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ"လို့ အဲဒီလို အပြန်ပြန် အလှန်လှန် နှုတ်သွင်း၊ အစဉ်အတိုင်းလဲ နှုတ်သွင်း၊ မကျော်ရဘူး။

"အလွန်လျင်မြန်စွာ လဲ မဆိုနဲ့။

"ဖြည်းဖြည်းဆိုပြီးတော့ နှုတ်ကလဲဆို၊ စိတ်ကလဲ အာရုံယူ နော်။ သိပ်နှေးနှေးကြီးလဲ မဆိုနဲ့။ စိတ်ကလဲ အဲဒီဆိုနေတဲ့ ကောဋ္ဌာသတွေ ပေါ်ကနေ တခြားကို မပျံ့လွင့်စေနဲ့။ ဒီလို မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ပဏ္ဏတ္တိသမတိက္ကမနတော။"

"အနုပုဗ္ဗမုဥ္စနတော။"

"အဲဒီ ၃၂– ကောဋ္ဌာသ ခေတ်ခွဲပြီးတော့ ရှုတဲ့နည်း ဆိုပြီးတော့ ၃၂–ကောဋ္ဌာသကို ခေတ် ၂–မျိုး ခွဲလိုက်ပါတယ်။

**၃၂– ကောဋ္ဌာသကို ခေတ် ၂-ပါးနှင့် ခွဲပုံ။** ။"ခေတ်ဘယ်နှစ်မျိုး ရလဲ"

"၂–မျိုးရပါတယ် ဘုရား"

"ဘာခေတ်၊ ဘာခေတ်ရ"

"ပထဝီနဲ့ အာပေါပါ ဘုရား"

"ပထဝီခေတ်နဲ့ အာပေါခေတ်။ ပထဝီခေတ်က ၂၀။ အာပေါခေတ်က တဆယ်နဲ့နှစ်ပါး"

"ဤတလံမျှလောက်သော ခန္ဓာကိုယ်ကြီးရဲ့ အစုအဝေးကို ကြည့်လိုက်မယ်ဆိုယင် ၃၂–ကောဋ္ဌာသဆိုတဲ့ ကာယ အစုအပေါင်း။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ခေတ်ကြီး ၄–ပါးရဲ့ အစုအပေါင်းဆိုတော့၊ အစုအပေါင်းကြီး ပေါင်းထားတဲ့ အတွက်ကြောင့် ကာယလို့ ခေါ်တယ်တဲ့။

"ယခု ၃၂–ကောဋ္ဌာသကို ဓာတ်၂–မျိုးတော့ ခွဲပြီးပြီ၊ ၄–မျိုး ရှိရမယ်ဆိုတော့ တေဇောဓာတ်ရယ်၊ ဝါယောဓာတ်ရယ် မကျန်ဘူးလား"

"ကျန်ပါတယ် ဘုရား"

"အဲဒီ တေဇောဓာတ်နဲ့ ဝါယောဓာတ်၊ ခန္ဓာကိုယ်တွင်းမှာ ရှိ၍နေပုံ။ နောက်ပြီးတော့ အဲဒီ ပထဝီဓာတ် ၂၀၊ အာပေါဓာတ် ၁၂–ပါးဆိုတဲ့ သဘောတွေ နောက် ပေါ်လာမယ်။

# ဝိဇယသုတ္တန်တရားတော် ဆဋ္ဌမပိုင်း ၁

## ဝိဇယသုတ္တန်တရားတော် ဆဋ္ဌမပိုင်း ၁

“ဝိဇယသုတ္တန်တရားတော် ဆဋ္ဌမပိုင်း ဒီနေ့ နိဂုံးချုပ်ရမယ့်နေ့ပဲ။

**အာဒေပါခေတ် အရှုရခက်။** ။“ဓာတုတော သုညတောပဿ။
မာလောကံ ပုနရာဂမိ”လို့

“နှမတော် ဇနပဒကလျာဏီကို ဘုရားရှင် မိန့်တော်မူတဲ့ အထဲက၊

“ဓာတုတော ဆိုတော့ ဓာတုမနသိကာရ၊ သုညတောဆိုတာ အဲဒီ ဓာတုမနသိကာရ ပိုင်ယင် သုညတ ဝင်ရော။

“အဲဒီလို ဓာတုမနသိကာရမှ တဆင့်တက်၍ သုညတဆိုက်အောင် ရှုသွားတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့၊ ‘မာလောကံ ပုနရာဂမိ’တဲ့၊ ဒီဥပါဒါနက္ခန္ဓာငါးပါး တည်းဟူသော လောကကြီးကို ဘယ်တော့မှ ပြန်မလာ တော့ဘူး၊

“ဒါတရားရဲ့ အရသာ၊ သုတ်တသုတ်လုံးရဲ့ အရသာဟာ အဲဒါပဲ။ သုတ်တသုတ်လုံးမှာ တရားကိုယ် ချုပ်လိုက်လို့ရှိယင် တရားအရသာ အဲဒါ ရမယ်။

“ဓာတုတော သုညတော ပဿ၊
မာလောကံ ပုန ရာဂမိ။
“ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊
ဥပသန္တော စရိဿသိ။”

"နန္ဒေ၊ အိုချစ်နှမ ဇနပဒကလျာဏီ နန္ဒာ။ ဤမံကာယံ၊ ဤဘလံမျှ လောက်သော ခန္ဓာကိုယ်ကြီးကို ဓာတုတော၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီး ၄ တွေ အနေအားဖြင့်လည်းကောင်း။ သုညတော၊ အတ္တ၊ အတ္တနိယမှ ဆိတ်သုဉ်းတဲ့အနေအားဖြင့်လည်းကောင်း။ ပဿ ပဿာဟိ၊ စေ့စေ့ငုငု၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုလိုက်ပါတော့လော့။

"ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကျင့်နိုင်ခဲ့တယ်ဆိုယင်။ ဤမံလောကံ၊ ဤပဉ္စုပါဒါနက္ခန္ဓာ ငါးပါးဆိုတဲ့ လောကကြီးသို့။ ပုန၊ နောက်ထပ်တဖန်။ မာဥပါဂမိ၊ နဂမိဿတိ၊ ဘယ်တော့မှ မလာရောက်ရပေတော့လတ္တံ့"။

"ဓာတုတော သုညတောပဿ၊ မာလောကံ ပုနရာဂမိ။

"အဲဒီမှာ ဓာတုတောဆိုတော့၊ ဓာတ်ပေါ်အောင်ရှုလို့ မိလိုပြောတာ။ နောက်တော့လဲပဲ ရှုတဲ့နည်းဟာ ဓာတ်(၁၈)ပါး ရှုတဲ့နည်း။ ဓာတ်(၆)ပါး ရှုတဲ့နည်း။ ဓာတ်ကြီး ၄–ပါး ရှုတဲ့နည်းဆိုပြီးတော့ ဓာတ်ကြီး ၄–ပါးထဲမှာ အာပေါဓာတ်ဟာ ရှုရန် အလွန်ခက်တယ်။ ဖောဋ္ဌဗ္ဗ၊ အနေအားဖြင့် အာပေါကို ရှာလို့မရဘူး။

"ဖောဋ္ဌဗ္ဗဆိုတာ ထိမှု၊ သိမှုအနေအားဖြင့် အာပေါဓာတ်ဟာ ရှာလို့မရဘူး။ တကယ် အတိအကျ ပြောကြစို့ဆိုလို့ရှိယင်၊ ဖောဋ္ဌဗ္ဗ ရုံထဲမှာ အာပေါဓာတ် မပါဘူး၊ ပထဝီဓာတ်သည် ထိလို့သိတယ်။

တေဇောထိလို့ သိတယ်၊ ဝါယောလဲ ထိလို့သိတယ်။ အာပေါဟာ ထိလို့မသိဘူး။ အဲဒီလို ထိလို့ မသိနိုင်တဲ့အတွက်ကြောင့် အာပေါဓာတ်ဟာ အလွန် ရှာရဖွေရ၊ ဉာဏ်ဖြင့် စူးစိုက်ရတာ ခက်တယ်။

**အာရုံယူရ–ယူမရ။** ။"ရုပ်ထဲမှာတောင်မှ ဂေါစရဂ္ဂါဟိကရုပ်၊ အဂေါစရဂ္ဂါဟိကရုပ် ဆိုပြီးတော့ ရုပ်တွေခွဲတဲ့ နေရာကျတော့ အဂေါစရဂ္ဂါဟိကရုပ်ထဲ ဝင်သွားတယ်။ အဂေါစရဂ္ဂါဟိကဆိုတာ အာရုံယူလို့ မရကောင်းသော ရုပ်များဆိုပြီးတော့ အဘိဓမ္မာကျမ်းများ ဆိုတယ်။

"အဲဒီ အာပေါဓာတ်သည် အဂေါစရဂ္ဂါဟိကရုပ်၊ အာရုံယူလို့ မရနိုင်တဲ့ ရုပ်ထဲ ပါသွားတယ်။

"ဒါဖြင့်ယင် ထင်ထင်ရှားရှား ပေါ်လာတာဟာ ဘယ်ဓာတ်တွေလဲ ဆိုလို့ရှိယင်တော့ ပထဝီဓာတ်ရယ်၊ တေဇောဓာတ်ရယ်၊ ဝါယောဓာတ်ရယ် ဒီ ၃–လုံးပါပဲ။

"ဒီတော့ အနည်းဆုံး ဓာတုမနသိကာရ ကမ္မဋ္ဌာန်း စီးဖြန်းလိုတဲ့ ပုဂ္ဂိုလ်များအနေနဲ့ အဲဒီ ဓာတ် ၃–လုံး ပိုင်ထားရမယ်။ အဲဒီ ဓာတ် ၃–လုံး ပိုင်ထားရမယ်၊ အဲဒီ ဓာတ် ၃–လုံး တလုံးလုံးနဲ့ မိမိတို့ ကာယ ပသာဒ တခုခုနဲ့ ကာယ ပသာဒဆိုတာ ခန္ဓာကိုယ်ရဲ့ တနေရာရာနဲ့ ထိတိုင်းထိတိုင်း မှာ သိလာတဲ့ အသိစိတ်လို့ ခေါ်တဲ့၊ ဝိညာဏဓာတ် ရှိသေးတယ်။

"အသိစိတ်ကိုလဲ ဓာတ်ထဲ ထည့်လိုက်တော့ သူက ဝိညာဏ်ဓာတ်။ အဲဒီ ဝိညာဏဓာတ်ကိုလဲပဲ ပိုင်ရမယ်။

"အရှုခံအာရုံက အခုနက မဟာဘုတ်ကြီး ၄–ပါးတို့တွင် အထင် ရှားဆုံး ဖြစ်နေတဲ့ မဟာဘုတ် ၃–ပါး ရှုတဲ့အခါကကလဲ ပုဂ္ဂိုလ် သတ္တဝါ တယောက်ယောက်က ရှုတာမဟုတ်ဘူး၊ ဝိညာဏဓာတ်က ရှုတယ်လို့ သဘောကျထားလို့ရှိယင် ၂–ဘက်လုံးမှာ ဤပုဂ္ဂိုလ်ဟာ 'သုညတ' ဆိုက်သွားတယ်။

"ဒါကြောင့် အာရုံအာရမ္မဏိက ၂–ဌာနလုံးမှာ သူဟာ သုညတ ဝင်သွားတယ်။ နောက်တခါ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီး ၄–ပါး၊ အဲဒီ ၄–ပါးထဲမှာလဲ သတ္တိတခုနဲ့ တခုရဲ့ ခြားနားမှု လေးတွေ။ ပူမှု၊ အေးမှုနဲ့ တောင့်တင်းမှု၊ တောင့်တင်းမှုသဘောနဲ့ တွန်းကန် သဘော၊ အဲဒီ သဘောလက္ခဏာလေးတွေ တခုနဲ့တခု ခြားနားချက်၊ ခြားနားချက်ကလေးတွေကို ရှင်းရှင်း ပြောရယင်တော့ ဓာတ်တခုရဲ့ တခုရဲ့ အကြားအကြားကလေးတွေကို ပိုင်သွားလို့ရှိယင်လဲပဲ ဒီပုဂ္ဂိုလ်ဟာ 'အာကာသဓာတ်'ကို ဝင်သွားတာပဲ။

**အာကာသဓာတ်။** ။"အာကာသဓာတ်ဆိုတာက သီးခြားသဘာဝ မရှိဘူး၊ အခြားအခြားသော ရုပ်တို့၏ တခုနဲ့တခု ခြားနားနေတဲ့၊ အကြားကလေးတွေ မြင်သွားတာဟာ ဒါ အာကာသဓာတ် မြင်သွားတာပဲ။

"အဲဒီ အာကာသကို ပိုင်ပိုင်နိုင်နိုင် မမြင်ခဲ့ယင်လဲပဲ၊ တခုနဲ့တခု ခြားနားပုံကို အမြင်ခဲ့ယင်လဲပဲ၊ သူ့ရဲ့ ဆန့်ကျင်ဘက် စကားပြောရယင်တော့ ခြားနားပုံကို မြင်ယင် လုံးမြင်သွားတယ်။

"ဥပမာအားဖြင့် ပူမှု အေးမှုသဘောနဲ့၊ တောင့်တင်းမှုသဘော ဟာ သဘော ၂–ခု ခြားခြားနားနား ဖြစ်နေပါလျက်နဲ့၊ အဲဒါကို ခွဲခြား

ပြီးတော့ ကိုယ်က မမြင်ခဲ့လို့ ''လုံး''မြင်သွားယင် သူက အာကာသကို မမြင်မိဘူး။

''အာကာသ ဓာတုပရိစ္ဆေဒ ရူပံ နာမ''

''ဆိုတော့ ပိုင်းခြားပြီး ပူမှုအေးမှုသဘောနဲ့ တောင့်တင်းမှုသဘော သည် ခြားနားပေးထားတယ်။ အဲဒီ ပိုင်းခြားပေးထားတဲ့ အာကာသဓာတ် ကိုလဲပဲ တခုနဲ့ တခုရဲ့ အကြားလေးတွေကိုလဲပဲ မြင်အောင်ကြည့်လိုက်၊ တဲ့....။

''အဲဒီ အကြားလေးတွေကို မမြင်ခဲ့လို့ရှိယင် အကုန်လုံး ''လုံး''ပြီး တော့ ပေါင်းသွားခဲ့ယင် ဤပုဂ္ဂိုလ်ဟာ 'ဃနပညတ်' ဝင်သွားရော၊ ဒီလို ပြောတယ်။

''တွဲပေါင်း ၁၄-တွဲလောက်ရှိတဲ့ မီးရထားကြီးတစင်း၊ ရထား လမ်းပေါ် ပြေးနေတဲ့အခါ၊ ခပ်ဝေးဝေးက ကြည့်လိုက်တဲ့အခါကျတော့ တွဲအဆက်တွေကို မမြင်ကြဘူး။ အကုန်လုံးက အတန်းလိုက်ကြီး၊ တတန်း တည်းကြီးသွားနေတယ်လို့ ဒီလိုပဲ ထင်တယ်။

''ဘုန်းကြီးတို့ သပိတ်အိုင်တောရ ကျောင်းပေါ်က မကြာမကြာ ရထားလမ်း လှမ်းလှမ်းကြည့်တဲ့အခါ ဒီဥပမာလေး ကိုယ်က သဘောကျ ထားတယ်။ 'ဪ.... ရထားကြီး သွားနေလိုက်တာ အမှန်တော့ တွဲပေါင်း ၁၄-တွဲ ကိုယ်လဲပဲ စီးဖူးနေဘာပဲ၊ ၁၄-တွဲ၊ တွဲခတွဲ တခုနဲ့တခု အကြား မှာ အပြတ်တွေ၊ အပြတ်တွေ အကုန်လုံးရှိနေတယ်။

''ဘယ်လိုပဲ ဆက်ထားပါတယ်ပြောပြော၊ တခုနဲ့တခုဟာ အကြား မှာ ရှိနေတယ်။ ဟိုဘက်တွဲနဲ့ ဒီဘက်တွဲ ချိတ် ၂-ခု၊ ဆက်ထားတယ်။ အဲဒီထဲမှာလဲပဲ အကြားလေးဟာ ခနေတာပဲ၊

''အဲဒါလောက်နုတဲ့ အကြားကိုတော့၊ နုတဲ့အကြားကိုတော့ အနီး ကပ်ကြည့်မှ မြင်မယ်၊ တွဲတခုနဲ့တခု အကြား ရှိနေတယ် ဆိုတာကတော့ သေသေချာချာ ရာသီကလဲ ရှားတဲ့အခါ၊ ကိုယ့်မျက်စိများလဲပဲ ကြည့်လင် တဲ့အခါ စူးစူးစိုက်စိုက် သေသေချာချာ ကြည့်လိုက်လို့ရှိယင် အဲဒီတွဲ အပြတ် ကလေးတွေဟာ တောင်ပေါ်ကနေ လှမ်းပြီးတော့ မြင်ရတတ်။

''သာမန် ဒီအတိုင်းပဲ အပေါ်ယံ ကြည့်လိုက်လို့ရှိယင်တော့ အကုန် လုံးဟာ ၁၄-တွဲ၊ ၁၄-တွဲလို့ မဟုတ်တော့ဘူး၊ ရထားကြီး အတန်း လိုက်ကြီး သွားနေတယ် ဆိုပြီးတော့ လုံးပြီးတော့ ခေါ်လိုက်တယ်၊

''အဲဒီ ဥပမာမျိုးလိုပဲတဲ့၊ မိမိတို့ရဲ့ အဇ္ဈတ္တ ရှိနေတဲ့ အဲဒီ ဓာတ်သဘာဝတွေမှာလဲပဲ တခုနဲ့ တခု အကြားကလေးတွေ ရှိနေပါတယ်။ 'ကြားလပ်မှုလေးတွေ' ရှိနေတယ်။ အဲဒီ ကြားတွေ ပြတ်ပြတ်နေတာကို ပိုင်အောင် ကြည့်။ အဲဒါ အာကာသဓာတ်လို့ ခေါ်တယ် တဲ့။

''အာကာသ ဓာတုပရိစ္ဆေဒ၊ ရူပ၊ နာမ။

''အာကာသဓာတု၊ အာကာသဓာတ် ဆိုသည်ကား။ ပရိစ္ဆေဒ ရူပ နာမ၊ ပိုင်းခြားတဲ့ ရုပ်သဘောပါတဲ့။

''သီးခြားရုပ် မရှိဘူး၊ ပရမတ္ထနယ်က ပြောယင် သီးခြားရုပ်တမျိုး မဟုတ်ဘူး။ သူက ပရမတ္ထဓာတ်သား ရှာလို့ မရဘူး၊ အာကာသဓာတ်ကို ရှာချင်တာနဲ့ ရှာ၊ ရှာလို့ မရဘူး။

''တခုနဲ့ တခု ခြားနားချက်ရှာယင် သူ 'အာကာသ' ဝင်သွားတယ်။ ဒီတော့ ဓာတ် ၆-ပါး ရှုနည်း ဆိုသည်မှာ ဘာလဲ၊ ဓာတ်ကြီး ၄-ပါး ရယ်၊ အဲဒီ ၄-ပါးတို့ တခု တခုရဲ့အကြားလို့ ခေါ်တဲ့ အာကာသရယ်၊ အဲဒီ ဓာတ်ကြီး ၄-ပါးကို ကောင်းစွာသိတဲ့ ဝိညာဏ်အသိစိတ်လို့ခေါ်တဲ့ အဲဒီ ၆-ခုဟာ ဓာတ် ၆-ပါးပဲ။

''အဲဒီ ဝိညာဏ်ကိုအကျယ်ပွားလိုက်လို့ရှိယင်တော့ တဖြည်းဖြည်းနဲ့၊ ဟုတ်လား၊ဝိညာဏ်ကလဲ စက္ခုဝိညာဏ်၊သောတဝိညာဏ် ဆိုပြီး ရှောက်ပွားသွားယင် ဝိညာဏ ဓာတ် ၆-ပါး ဖြစ်လာရော၊ ဓာတ်တွေ ဟုတ်လား၊ တဆယ့်ရှစ်ပါးတောင် ပွား၊ ပြီးစေတော့။

''ဒီတော့ယင် ဒီကနေ့ ပြောရမှာက ဘာပြောရမှာလဲ ဆိုတော့ ဒွတ္တိံသကာယ၊ ၃၂-ကောဋ္ဌာသကို မနေ့တုန်းက အကျယ် တခုစီ၊ တခုစီ၊ ကောဋ္ဌာသတွေရဲ့ သဘာဝကို အကျယ် တခုစီ တခုစီ ပြောပြီးတဲ့အခါ၊ အဲဒီ ကောဋ္ဌာသ တို့ကို ရှုရမယ့် နည်းနိဿကို အဋ္ဌကထာများ ဖွင့်ဆိုပြတဲ့ အတိုင်း ပြောပြဖို့။

''ဘာကြောင့် ယခုနက 'အာကာသဓာတ်' နဲ့ 'ဝိညာဏဓာတ်' ကို ကြိုတင်ပြောထားရသလဲ ဆိုလို့ရှိယင် ဒီမှာ 'ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော' လို့ မနေ့က တို့ပရိသတ်ကို ချပေးခဲ့တယ်။

''ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ'' ဆံပင် တခုနဲ့တခု ခြားနားပုံလေး၊ ဆံပင် ဆိုပါတော့၊ နံပတ်ကလေးတွေများ တပ်လို့ရယင် '၁၊ ၂၊ ၃' ဂဏန်းကလေးတွေ တပ်ထား။

"ဂဏန်းကလေးတွေ တပ်ထားယင် ဂဏန်း ဘယ်လောက် မှာဆုံး မတဲ့လဲ၊ တို့ပရိသတ်၊ ဆံပင်ကို ဂဏန်းဆုံးလို့ရှိယင် ဆံပင် တ်ချောင်း၊ တချောင်းစီကို ၁–၂–၃ ဆို ဂဏန်းတွေ တိုးလို့ရယင် တိုးကြည့်၊ ဒီအဲ ဆံပင် အကုန်လုံးဟာ ဂဏန်း ဘယ်လောက် ဖြစ်သွားနိုင်သလဲ"

"၂–ကုဋေ ၅–သန်းပါ ဘုရား"

"၂–ကုဋေနဲ့ ၅–သန်း ဖြစ်သွားနိုင်တယ်။

"အဲဒါ နံပတ် ၁ ဆံပင်သည် နံပတ် ၂ ဆံပင် မဟုတ်ဘူး ၂ ဆံပင်သည် ၃ ဆံပင် မဟုတ်ဘူး။ ၂ ဆံပင်နဲ့ ၃ ဆံပင်နဲ့ တခြားစီ တပင်နဲ့တပင်မှာ အဲဒီမှာ ခြားနားပုံလေးတွေ၊ အကြား၊ အကြားလေးတွေ ရှိနေပုံကိုလဲ ဒါသဘောကျသွားရမယ်။

"အာကာသ ဆိုတာက အဲဒါ ပညတ်နယ်မှာကို အဲဒီလို ကွဲသာ ရမယ်။ 'ကေသာ–ဆံပင်' လို့ ခေါင်းက ဆံပင် အာရုံပြုလိုက်သည်နှင့် တပြိုင်နက်တည်း တပင်စီ၊ တပင်စီ၊ တပင်စီ၊ သီးခြား၊ သီးခြား နေပုံလေး တွေ၊ ခြားနားနေပုံလေးတွေကိုလဲ သဘောကျသွား။

"အဲဒီလို သဘောမကျခဲ့ယင် အပြင်လိုက်ကြီး ဖြစ်လာလိမ့်မယ်၊ သူက တော်ကြာတော့ အာရုံတမျိုး ပေါ်လာလိမ့်မယ်။

**အသုဘ ၂–မျိုး။** "ဒီတော့ အဲဒီ ၃၂–ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဟောတဲ့ နေရာမှာပါ။ အသုဘ ၂–မျိုး တို့တွင် ဘာအသုဘလဲ ဆိုလို့ရှိယင် သဝိညာဏက အသက်ရှိအသုဘ။

"အသက်မဲ့ သေနေတဲ့ အသုဘကို အဝိညာဏက အသုဘလို့၊ ဒီလို ခေါ်လိုက်တယ်။ ဒီတော့ ဒီကနေ့ ထိုင်နေကြတဲ့ တို့တရားနာ ပရိသတ်တွေ ဟာ အသုဘကောင်တွေပေါ့။ အသက်ထင်ရှား ရှိနေတဲ့ အသုဘတွေတဲ့။

"ဒါကြောင့် အဲဒီ အဝိညာဏဘ အသုဘ အသက်ထင်ရှားရှိနေ တဲ့ ခန္ဓာကိုယ်ကြီးရဲ့ အသုဘကို ထင်ရှားအောင်ဆိုပြီးတော့ မြတ်စွာဘုရားက ဘယ့်နှယ် မိန့်တော်မူသလဲ ဆိုယင်....

"အထဿနဝဟိ သောတေဟိ၊ အသုစိသဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော၊
သိင်္ဃာဏိကာစ နာသတော။ မုခေန ဝမတေကဒါ။
ပိတ္တံ သေမှဥ္စဝမတိ၊ ကာယမှာသေဒဇလ္လိကာ။"

''ဘိက္ခဝေ၊ ပရိသတ် ၄–ပါး အိုချစ်သား ချစ်သမီးတို့။ အထ၊ ထိုမှတပါး။ အဿ၊ ထို ၃၂–ပါးသော ကောဋ္ဌာသတို့ဖြင့် စုပေါင်း၍နေတဲ့ ခန္ဓာကိုယ်ကြီး၏။ နဝဟိသောတေဟိ၊ ကိုးပေါက်ဒွါရ အမာဝတို့မှ။ သဗ္ဗဒါ၊ နေ့နေ့ညည၊ ခပ်သိမ်းသော ကာလတို့၌။ အသုစိ၊ မစင်မကြယ်၊ ရွံစဖွယ် ဆိုတဲ့ အညစ်အကြေးအစုသည်။ သဝတိ၊ တားမရ၊ ဆီးမရ ယိုစီး၍ ကျ၏။

''၃၂–ပါးသော ကောဋ္ဌာသ ပေါင်းထားတဲ့ ဤခန္ဓာကိုယ်ကြီး ဒွတ္တိံသ ကာယ၊ ၃၂–ပါးတို့ရဲ့ အစုအပေါင်း၊ ကောဋ္ဌာသတို့ရဲ့ အစုအပေါင်း ဖြစ်နေတဲ့ ဤ ၃၂–ကောဋ္ဌာသ ခန္ဓာကိုယ်ကြီးသည် နေ့နေ့ညည ခပ်သိမ်းသော ကာလတို့မှာ၊ ဒွါရကိုးပေါက်တို့ကနေပြီးတော့ အသုဘလို့ ခေါ်တဲ့ မစင်မကြယ်၊ ရွံစဖွယ်တွေသာလျှင် တားမရ၊ ဆီးမရ၊ ယိုစီးလျက် ကျ၏၊

''ဘာတွေကျသလဲဆိုယင်....

''အက္ခိမှာ အက္ခိဂူထတော၊ ကဏ္ဏမှာ ကဏ္ဏဂူထတော။

''အက္ခိမှာ၊ မျက်စိနှစ်ဘက်မှ၊ အက္ခိဂူထတော၊ မျက်ဝတ်မျက်ချေး မျက်ရည်ဆိုတဲ့ အညစ်အကြေးသည်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ ကျ၏။

''မျက်စိ ၂–ဘက်က ညိုမှောင်တဲ့၊ သမင်မျက်လုံးကဲ့သို့ ညိုတဲ့ မျက်လုံးကလေးတွေ ဖြစ်လင့်ကစား၊ ကြည့်လို့ မငြောင်းလောက်အောင် လှပတယ်ဆိုတဲ့ သမင်မျက်စိကဲ့သို့ ညိုသော မျက်လုံးလေးတွေ ဖြစ်လင့်ကစား ကျလာတာက အက္ခိဂူထတဲ့၊မျက်ဝတ်မျက်ချေး၊ မျက်ရည် ဒီအညစ်အကြေး၊ သူလဲ ကျတာပဲ။

''မျက်စိတခုလုံး တခါတဲ ပိုးတွေစားပြီးတော့ မျက်ခမ်းစပ်နေပါတယ် ဆိုတဲ့ ပုဂ္ဂိုလ်တယောက်ရဲ့ မျက်လုံးကလဲပဲ၊ နေ့နေ့ညည ဘာတွေကျနေလဲ ဆိုယင်၊ မျက်ချေး၊ မျက်ရည်ဆိုတဲ့ အညစ်အကြေးပဲ ကျတယ်။

''ရှင်ဘုရင်တယောက်ရဲ့ မျက်လုံး၊ စကြာမင်းကြီးရဲ့ မျက်လုံးကလဲ ဒါပဲထွက်တယ်။ ကုဋ္ဌနူနာသည် တယောက်ရဲ့ မျက်လုံးကလဲ ဒါပဲထွက်တယ်၊ သမုတိသစ္စာနယ်မှာ ပြောရယင်တော့ ဒါ ရှင်ဘုရင့်မျက်လုံး၊ ဒါက ကုဋ္ဌနူနာသည်ရဲ့ မျက်လုံး၊ ဒါ ဖုန်းတောင်းယာစကာတို့ရဲ့ မျက်လုံးလို့ ဒီလို ကွဲပင်ကွဲငြားသော်လည်း၊ အညစ်အကြေးထွက်လာတဲ့ အသုဘ သဘောကျတော့ အားလုံးဟာ တညီထဲ ဖြစ်သွားကြတယ်၊

"အက္ခိမှာ၊ မျက်စိနှစ်ဘက်မှ။အက္ခိဂူထတော၊ မျက်ဝတ်မျက်ချေး၊ မျက်ရည်ဆိုတဲ့ အညစ်အကြေးသည်။သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ကျ၏။ ကဏ္ဏမှာ၊ နား ၂–ဘက်မှလဲပဲ။ ကဏ္ဏဂူထတော၊ နဖာနားချေး၊ နားပြည်ဆိုတဲ့ အညစ်အကြေးသည်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ကျ၏။

"နား ၂–ဘက်ကို ကြည့်လိုက်တော့လဲပဲ၊ နားပြည်တွေ နားဖာချေးတွေ။

**နှာရည်နှပ်ချေး။** ။"သိင်္ဃာဏိကာစ နာသတော။ မုခေန ဝမတေ ကဒါ။

"သိင်္ဃာဏိကာစ၊ နှာရည်နှပ်ချေး အညစ်အကြေး သည်လည်း။ ကေဒါ၊ တရံတခါ။ နာသတော၊ နှာခေါင်း ၂–ဘက်မှ။သိင်္ဃာဏိကာစ၊ နှပ်ဆိုတဲ့ အညစ်အကြေးတွေသည်။ ဝမတေ၊ တားမရ ဆီးမရ ယိုစီး၍ ကျ၏။

"နှာခေါင်းဆိုတဲ့ ဒွါရပေါက်က ကျပြန်တော့လဲ 'နှပ်'ဆိုတဲ့ အညစ်အကြေးတွေ။ အဲဒီနှပ်တွေဟာ တခါတခါ ဘာဖြစ်ပြန်သလဲ ဆိုလို့ရှိယင် ဖြင့်....

"ကေဒါ၊ တရံတခါ။ မုခေန၊ ခံတွင်းဖြင့်။ ဝမတိ၊ ပျို့အန်၍ထွက်၏တဲ့။

"နှာခေါင်းက ထွက်ရမယ့် နှပ်၊ တခါတခါ လမ်းကြောင်းပြောင်းပြီးတဲ့ အခါကျတော့ ပါးစပ်က ထွက်ပြန်တယ်။

"တို့ပရိသတ် စဉ်းစားပြီးတော့ ကြည့်လေ။

"တခါတလေ ပရိသတ်ကြားထဲ ဖြစ်နေလို့၊ ပါးစပ်ကလဲ ထွေးလို့ မဖြစ်၊ နှာခေါင်းကလဲ ထွက်လို့မဖြစ်ကျတော့ ဟော လမ်းကြောင်းပြောင်းပြီးတော့ လည်ချောင်းကို ဆင်းသွားတယ်တဲ့ နော်၊ မရှိဘူးလားဗျ"

"မရှိပါဘုရား"

"ဇိဂုစ္ဆိတဗ္ဗတဲ့၊ ရွံရှာဖွယ် အမှတ်သညာ ရှိနေပါတယ်ဆိုတဲ့ အဲဒီ အသုဘဲစင်စစ် အညစ်အကြေးတွေကိုပင်၊ နှစ်နှစ်သက်သက်နဲ့ ဝမ်းထဲကို မျိုသွင်းတယ် နော်"

"မှန်ပါဘုရား"

"ဒါကြောင့် မနေ့က ပြောခဲ့တာပေါ့၊ "အသုဘာကိုပင်၊ သုဘာထင်၊ နေ့စဉ် လိမ်ကြတာ''ဆိုတာ ဒါကို ပြောတာ။

**သည်းခြေ သလိပ်**။ ။"မုခေန ဝမတေ ကဒါ၊
"ပိတ္တံ သေမှဥ္စ ဝမတိ၊
ကာယမှာ သေဒဇလ္လိကာ၊

"ကဒါ၊တရံတခါ။ ပိတ္တဥ္စ၊ သည်းခြေသည်လည်းကောင်း၊ သေမှဥ္စ၊ သလိပ်သည် လည်းကောင်း။ မုခေန၊ ခံတွင်းဖြင့်။ ဝမတိ၊ ပျို့အန်၍ ထွက်၏။

"တခါတခါ ဒီခံတွင်းပေါက်ကနေပြီးတော့ သည်းခြေတွေ အန်ထွက်တယ်။သေမှဥ္စဘဲ့ သလိပ်တွေအန်ပြီးတော့ ထွက်တယ်။ပါးစပ်ပေါက်က ထွက်သမျှ ကြည့်စမ်း။

"ပါးစပ်ပေါက်က ထွက်လာသမျှ သည်းခြေတွေ အန်ထွက်တယ်၊ သလိပ်တွေ အန်ပြီးတော့ထွက်တယ်၊ တံထွေးတွေ ထွက်တယ်။ ယခုနက နှပ်တွေက လမ်းပြောင်းပြီးတော ပါးစပ်ထဲက ထွက်ကြဖြန်တယ်။

"အဲဒါလောက် နေ့တိုင်း နေ့တိုင်း ထွက်နေတဲ့ အညစ်အကြေးတွေ ပါးစပ်က ထွက်၊ နှာခေါင်းက ထွက်၊ မျက်လုံးက ထွက်၊ နားက ထွက်နဲ့ ဘယ်လောက်ပင် ထွက်ပင်ထွက်ငြားသော်လဲ ပဲ ဤခန္ဓာကိုယ်ကြီးထဲက တလံ မျှလောက်ရှိတဲ့ အလျား၊ တထွာလောက်ရှိတဲ့ အနံ၊ အဲဒီ အလျား တလံ၊ အနံ တထွာမျှလောက် ရှိတဲ့ ဤခန္ဓာကိုယ်ထဲကနေ၊ နေ့တိုင်း ဤမျှလောက် အညစ်အကြေးတွေ ထွက်ပင် ထွက်ငြားသော်လဲပဲ တဲ့၊ တို့ပရိသတ်၊ ကုန် နိုင်ရဲ့ လားလို့''

"မကုန်နိုင်ပါ ဘုရား''

"မကုန်နိုင်ဘူး။

"ကုန်နိုင်တယ်ကို မရှိဘူး၊ ပြည့်မြဲပြည့်မြဲ ပြည့်နေတာပဲ၊ တခါ တခါများ ရင်ကျပ်၊ နှာစေး၊ ချောင်းဆိုး ဖြစ်လို့ ထွက်လိုက်တဲ့ တံတွေး တွေ၊ နှပ်တွေ ဆိုတာ ထွေးခံကြီးနဲ့ တလုံးတလုံး ခဏခဏ သွန်ရတယ်။ ဒါလဲ မကုန်နိုင်ဘူးနော်''

"မှန်ပါ ဘုရား''

"အေး၊ သည်းခြေတွေ တခါတခါ အန်ပြီးတော့ ထွက်တယ်၊ တခါ တခါ သလိပ်တွေ အန်ပြီးတော့ ထွက်တယ်၊ တခါတခါ တံထွေးတွေ၊ နှပ်တွေ၊ ချွဲတွေ အန်ပြီးတော့ ထွက်တယ်။

**ကိုယ်မှချွေး။**   ။''ကာယမှာ၊ သေဒဇလ္လိကာ။

''ကာယမှာ၊  တကိုယ်လုံးမှ။ သေဒဇလ္လိကာ၊ ချွေးတဲ့၊ ဆားတဲ့၊ မြူဆိုတဲ့ အညစ်အကြေးသည်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ ကျ၏။

''ခန္ဓာကိုယ် တကိုယ်လုံးက နေပြီးတော့ ကြည့်လိုက်၊ မွေးညှင်းပေါက်တွေက ထွက်တာ။ မွေးညှင်းအပေါက်တလေးများကနေ ထွက်ပြီးတော့လာတယ်။ ချွေးတွေ ထွက်တယ်၊ အဲဒီ ချွေးတွေက တခါတခါ ဆား ဖြစ်သွားတယ်၊ တခါတခါ ဆားခဲတွေ ထွက်လာတယ်။

''တခါတခါကျတော့ ဒီအရေပြားကလေးတွေကပဲ တခါထဲ မြူကလေးတွေ၊ အမှုန်ကလေးတွေလို ဖြစ်ပြီးတော့ အညစ်အကြေးလေးတွေ ဖြစ်ပြီးတော့ ထွက်လာတယ်။ မနက်ကျ တွန်းကြည့်။

''ဆောင်းအကူးနဲ့ နွေအကူး တွန်းသာကြည့်''

''မှန်ပါဘုရား''

''ဆောင်းကုန် နွေဝင်၊ တဆောင်းတွင်းလုံး တင်းနေတဲ့ အရေပြားကလေးတွေ၊ ချွေးမထိရလို့။ နွေလဲ ပေါက်ရော၊ ဟိုက အပူရှိန်ကြောင့် ချွေးကလေးဖြစ်ပြီး စိုလာတဲ့အခါကျတော့ တင်းနေတဲ့ အရေပြားလေးတွေဟာ နူးသွားတယ်၊ အဲဒီအချိန် လက်နဲ့ တွန်းကြည့်၊ မြူမှုန်သဖွယ် အညစ်အကြေးလေးတွေ ခန္ဓာကိုယ်က ထွယ်လာတယ်။

''ဒါကြောင့် ဒေဒါ၊ တရံတခါ ကာယမှာ၊ တကိုယ်လုံးမှာ။ သေဒဇလ္လိကာ၊ ချွေး၊ ဆား၊ မြူ ဆိုတဲ့ အညစ်အကြေးသည်၊ သဝတိ၊ တားမရ ဆီးမရ၊ နေ့တိုင်း နေ့တိုင်းယိုစီး၍ ကျ၏။

''အဲဒီလို အပြင်ဘက်ကို ထွက်လာတဲ့ အညစ်အကြေးတွေထဲမှာ တို့မြတ်စွာဘုရားက ကျင်ကြီးကျင်ငယ်များကို ထည့်ပြီးတော့ မဟောထားပါဘူး။ ပညာရှိ ပရိသတ်၊ ယဉ်ကျေးတဲ့ ပရိသတ်ရဲ့ အလယ်ခေါင်မှာ မြတ်စွာဘုရားသည် တဲ့၊ အလွန် ယုတ်ကြမ်းတဲ့ ကျင်ကြီး ကျင်ငယ် အစရှိသည် တို့ကို ပရိသတ် သိပြီးသားဖြစ်လို့ မဟောတော့ဘူး။

''ဒီတော့ ခန္ဓာကိုယ် တကိုယ်လုံးမှာ ဘယ်နေရာကပဲဖြစ်ဖြစ်၊ အညစ်အကြေးသာလျှင် ထွက်တယ်ဆိုတာကို သဘောကျထား။

''အဲဒီလို အပြင်ဘက်ကို အညစ်အကြေးတွေ ဘာကြောင့် ထွက်သလဲ၊ အထဲမှာ သန့်ရှင်းလို့လား၊ မသန့်ရှင်းလို့လားဆိုယင်''

"မသန့်ရှင်းလို့ပါ ဘုရား"

"အတွင်းမှာ မသန့်ရှင်းလို့ အပြင်ဘက်ကို မသန့်ရှင်းတာတွေ ထွက်လာတာ။

"အထဲမှာ အညစ်အကြေးတွေ လှောင်ထားလို့၊ အပြင်ဘက်ကို အညစ်အကြေးတွေ အန်ထွက်တာ။ အတွင်းမှာ သန့်သန့်ရှင်းရှင်း ဖြစ်နေခဲ့ယင် အပြင်ဘက် ထွက်လာတော့လဲ သန့်သန့်ရှင်းရှင်းတွေ ဖြစ်မှာပါ။

"မည်သည့် ပုဂ္ဂိုလ်ရဲ့ ဒွါရပေါက်ကမှ ပုလဲတွေ၊ ရွှေတွေ၊ ပတ္တမြားတွေ မထွက်ပါလေ့နော်"

"မှန်ပါ ဘုရား"

"အေး၊ ထွက်လေသမျှ ဒွါရ ၉-ပေါက်တို့ကနေ အညစ်အကြေးတွေသာလျှင် နေ့တိုင်း၊ နေ့တိုင်း ထွက်၍နေသောကြောင့် အဲဒါကို သုတ်သင်ရတဲ့ ဒုက္ခ၊ ရှင်းလင်းရတဲ့ ဒုက္ခ၊ ဒီအညစ်အကြေးတွေကြောင့် စိတ်မပင်ပန်းရအောင် ဖုံးလွှမ်းရတဲ့ ဒုက္ခ။

**ဦးနှောက်အပြည့် ဦးခေါင်းရှိ။** ။"ခန္ဓာကိုယ်ကြီးကို စောင့်ရှောက်ရတဲ့ ဒုက္ခတွေ။

အထဿ သုသိရံ သီသံ။

"မတ္ထလုင်္ဂဿ ပူရိတံ။

"သုဘတော နံ မညတိ ဗာလော။

"အဝိဇ္ဇာယ ပုရက္ခတော။

"အထ။ ထိုမှတပါး။ အဿ။ ထိုပုဂ္ဂိုလ်၏။ သီသံ။ ဦးခေါင်းသည်။ သုသိရံ· အခေါင်းရှိ၏၊ ဝါ၊ သုသိရံ၊ အခေါင်းရှိသော။ သီသံ။ ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ၊ ဦးနှောက်ဖြင့်လဲ။ ပူရိသံ။ ပြည့်၏။

"ခေါင်းဆိုတာကို ကြည့်အုံးတဲ့။ ခေါင်းဆိုတဲ့ အရာဝတ္ထု၊ လူတယောက်ရဲ့ ခန္ဓာကိုယ် တကိုယ်လုံး အမြတ်ဆုံးဆိုတဲ့ အင်္ဂါ။

"ဥတ္တမင်္ဂ၊ အမြတ်ဆုံး အင်္ဂါဆိုတာ ဒီခေါင်းပဲ။ မနေ့ကပြောခဲ့တဲ့ အတိုင်း ဘုရားပင့်တောင်မှ ဟုတ်သား။ ဘုရားတပည့်တော်ရဲ့ ဦးထိပ်ပေါ်ကြွရောက်ပြီး သီတင်းသုံးပါဘုရားလို့ ပင့်တယ်။

"မြတ်စွာဘုရားပင့်တာ၊ တို့ဒကာကြီး ကိုအုံးဟန် အားမနာဘူးလား ဘုရားကို၊ ဘုရားကို အားနာစရာ ကောင်းတယ်တဲ့"

"မှန်ပါဘုရား"

"အညစ်အကြေးပုံကြီးပေါ် မြတ်စွာဘုရား ကြွပါလို့ ပင့်တယ်"

"မှန်ပါဘုရား"

"ခေါင်းရဲ့ အညစ်အကြေး ဖြစ်နေပုံ၊ ဆံပင်ကလေးရဲ့ အညစ်အကြေးတွေ ဖြစ်ပုံကို မနေ့က အကျယ်ပြောထားပြီးသား မဟုတ်လား"

"မှန်ပါ၊ ပြောထားပြီးပါပြီ ဘုရား"

"တောက်ပိုင်းက တောင်ပို့ကြီး၊ သတ္တဝါအပေါင်းတို့ ပိုးကောင်တွေ၊ မွှားကောင်တွေ စုပြီးတော့ အောင်းနေကြတဲ့ တောင်ပို့ကြီးနဲ့တူတဲ့ ခန္ဓာကိုယ် မစင်၊ ကျင်ကြီး၊ ကျင်ငယ်၊ သွေး၊ သည်းခြေ၊ သလိပ်တို့ဖြင့် စုပေါင်း၍နေတဲ့ ခန္ဓာကိုယ်။

"အဲဒီ အညစ်အကြေးတွေကို မှီပြီးတော့ အမှီရ၍ ရှင်သန်နေရတဲ့ ဆံပင် ဦးနှောက်နဲ့ ခေါင်းခွံ ရိုး၊ အရေထူ၊ အရေပါးတို့အပေါ်မှာ တည်ပြီးတော့ ပေါက်နေရတဲ့ ဆံပင်။

ငါးမျိုးခြင်းရာ ရွံဖွယ်ရာ။ ။"အဲဒီဆံပင်သည် ခုနက ပြောခဲ့တဲ့ မစင်ပုံပေါ် ပေါက်နေတဲ့ ဟင်းရွက်ပင်လိုပဲနော်"

"မှန်ပါဘုရား"

"မစင်ပုံပေါ် ပေါက်နေတဲ့ ဟင်းရွက်ပင်လို၊ ရွံစရာကောင်းတဲ့ ၅ -မျိုးသော အခြင်းအရာတို့ဖြင့် ရွံရှာဖွယ်ဖြစ်နေတဲ့ ဆံပင်။ ငါးခုသော အခြင်းအရာတို့ဖြင့် ရွံရှာဖွယ်ဖြစ်နေတဲ့ ဆံပင် ၅—မျိုးက ၅—မျိုးက ဘာတွေလဲ။

"(၁) ဝဏ္ဏတောတဲ့၊ အဆင်းအားဖြင့်လဲ ရွံစရာကောင်းတယ်။ မည်းမည်းဖြူဖြူ ၂—မျိုး။

"(၂) ဂန္ဓတော၊ အနံ့အားဖြင့်လဲ ရွံစရာကောင်းတယ်။

"(၃) သဏ္ဌာနတော၊ ပုံသဏ္ဌာန်အားဖြင့်လဲ ရွံဖို့ကောင်းတဲ့ ဆံပင်၊ ရှုပ်ထွေးတယ်။

"(၄) အာသယတောတဲ့၊ မှီရာ ခုနက အညစ်အကြေးတွေ မှီပြီးတော့ ရှင်သန်လာတယ်။

"(၅) ဩကာသတော၊ တည်ရာအားဖြင့်လဲ ရွံစရာကောင်းတယ်။

"အဲဒီလို ၅—မျိုးသောအခြင်းအရာဖြင့် ရွံရှာဖွယ်စစ်စစ်၊ အသုဘစင်စစ် ဖြစ်နေတဲ့ ဆံပင်တို့ရဲ့ တည်ရာဖြစ်တဲ့ ဦးခေါင်းပေါ်ကို မြတ်စွာဘုရား ကြွတော်မူပါ ဘုရား၊ ဘယ်လိုလဲ။

''တို့ပရိသတ်၊ စဉ်းစားပြီးတော့ ကြည့်စမ်း။ ဘုရားပင့်တယ်တဲ့၊ အဲဒီလို ရွှံစရာကောင်းတဲ့ နေရာကို မြတ်စွာဘုရား ပင့်တယ်နော်''

''မှန်ပါဘုရား''

''အဲဒီ သမုတိသစ္စာနယ်က အမြတ်ဆုံးထားတဲ့ အင်္ဂါလို့ ဆိုပြီးတော့ မြတ်စွာဘုရားကို ပင့် ထားပါ နော်''

''မှန်ပါဘုရား''

''ပရမတ္ထသစ္စာနယ်က အသုဘလို့ ဟောပင် ဟောပြောသော်လဲပဲ၊ သမုတိသစ္စာနယ်ကတော့ မြတ်တဲ့အင်္ဂါ၊ မြတ်တဲ့အင်္ဂါဆိုပြီးတော့ သမုတ်ကြတယ် မဟုတ်လား''

''သမုတ်ကြပါတယ် ဘုရား''

''အေး...သမုတိသစ္စာနယ်က ကြည့်ပြီးတော့ ပင့်တာတဲ့၊ အဲဒါ သူ့နယ်နဲ့သူ ထားလိုက်ပါ''

''မှန်ပါဘုရား''

''ပရမတ္ထသစ္စာနယ်က ဆိုလို့ရှိယင်တော့ အသုဘ ဖြစ်နေတယ်။ ဒီနေရာမှာ မြတ်စွာဘုရားကိန်းဖို့ မတော်ဘူးပေါ့''

''မတော်ပါ ဘုရား''

''သမုတိသစ္စာနယ်က အမြတ်ဆုံးအင်္ဂါမို့လို့၊ အဲဒါကျတော့ ပင့်ပါ၊ ပရမတ္ထသစ္စာနဲ့ ကမ္မဋ္ဌာန်းအားထုတ်တဲ့ နေရာမှာဖြစ်ယင်တဲ့ သမုတိသစ္စာနဲ့ သူက တခြားစီဖြစ်ရမယ်နော်''

''မှန်ပါဘုရား''

''အဲဒါ နယ် ၂–နယ်ရဲ့ ခြားနားချက်ကို တို့ပရိသတ် သဘောကျထားပါ။ အကုန်လုံး ရောထွေးပစ်လိုက်ယင်၊ အလုပ်တွေ အလုပ်ရ အကုန်ခက်ကုန်မယ်''

''မှန်ပါဘုရား''

''ဘုရားပင့်လို့လဲ မဖြစ်တော့ဘူး ဟုတ်လား၊ ဘုရားရှိခိုးလို့လဲ မဖြစ်တော့ဘူး၊ ဘုရားရဲ့ ခန္ဓာကိုယ် ကြည့်လိုက်ပါအုံး၊ ဒွတ္တိံသ ကာယပဲ မဟုတ်လားလို့''

''မှန်ပါတယ် ဘုရား''

''မြတ်စွာဘုရားရှင်ရဲ့ ခန္ဓာကိုယ်မှာလဲပဲ ယခုနက ပြောခဲ့တဲ့ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း အစရှိတဲ့ ၃၂–ကောဋ္ဌာသ ပေါင်းထားတဲ့ ခန္ဓာကိုယ်ကြီးပဲ။ ငါ့ခန္ဓာကိုယ်ကလဲ ၃၂–ကောဋ္ဌာ ပေါင်း

ထားတဲ့ ခန္ဓာကိုယ်ကြီး၊ အညစ်အကြေးပုံချင်း ဒ တူတူ ဘာဖြစ်လို့ ဦးချနေရမှာလဲဆိုယင် ခက်ကုန်ရော"

"မှန်ပါဘုရား"

"ဒါကြောင့် သမုတိသစ္စာနယ်နဲ့ ပရမတ္ထ သစ္စာနယ်ကို တို့ပရိသတ် ခြားခြားနားနား ထားလိုက်ကြစမ်းပါ။

**သစ္စာ** ၂–မျိုး။ ။"သင်္ကေတ ဝစနံသစ္စံ၊ လောက သမုတိကာရဏံ"

"လောက သမုတိကာရဏံ၊ လူအပေါင်း သမုတ်ထားတဲ့အကြောင်း ကြောင့်။ သင်္ကေတ ဝစနံ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဘုရား၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓာဆိုတဲ့ သင်္ကေတစကားရပ်သည်။ သစ္စံ၊ မှန်၏။

"လောကက သမုတ်ထားတာ၊ အဲဒီ သမုတ်ထားတဲ့ အတိုင်းတဲ့၊ သူ့ဟာသူ အမှန်ပဲ။ ဘာကြောင့် မှန်တာတုံး။ အများ သမုတ်ထားတဲ့အတွက် ကြောင့် မှန်တာ။

"ဒါ ဘာသစ္စာ"

"သမုတိသစ္စာပါ ဘုရား"

"အေး....အဲဒါ သမုတိသစ္စာ။

"အများသမုတ်လို့ မှန်တဲ့ အမှန်၊ သမုတိသစ္စာ။ လောကက သမုတ်လို့ မှန်တဲ့ အမှန် သမုတိသစ္စာ၊ လောကမှာ သုံးတယ်။

"ပရမတ္ထဝစနံ သစ္စံ၊ ဓမ္မာနံ ဘူတကာရနံ။

"ဓမ္မာနံ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတဲ့ ပရမတ္ထ ဓမ္မတို့ရဲ့။ ဘူတကာရဏံ၊ မိမိတို့ ပင်ကိုသဘောအားဖြင့် မှန်နေတဲ့ အတွက်ကြောင့်။ ပရမတ္ထဝစနံ၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ပရမတ္ထ စကားရပ်လဲ့ပဲ။ သစ္စံ၊ မှန်၏။

"သူတို့ရဲ့ ပင်ကိုသဘောအတိုင်း ကိုယ်က မှန်နေတဲ့ တရားမို့ လို့၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဆိုတာက ဘာသစ္စာလဲ"

"ပရမတ္ထသစ္စာပါ ဘုရား"

"ပရမတ္ထ သစ္စာတဲ့။

ပင်ကို သဘော အားဖြင့် မှန်လို့ ပရမတ္ထသစ္စာ၊ လောကသဘော အားဖြင့် မှန်တော့ သမုတိသစ္စာ၊ အဲဒီနယ် ၂–ခုသည် သူ့နယ်နဲ့သူ ရှိရမယ်။

"အဲဒီ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ကြတဲ့ နေရာမှာဖြင့် သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ။ ဘယ်သစ္စာ ကြည့်မလဲ"

"ပရမတ္ထသစ္စာ ကြည့်ရပါမယ် ဘုရား"

"ပရမတ္ထသစ္စာ ကြည့်၊ တရားအားထုတ်တဲ့ အခါကျတော့ သမုတိသစ္စာကို ထားခဲ့၊ ကမ္မဋ္ဌာန်းကျောင်းက ထွက်လို့ အိမ်ရောက်ယင် သမုတိသစ္စာနဲ့နေ၊ နားလည်ပြီလား"

"နားလည်ပါ ဘုရား"

"အိမ်ရောက်လဲ ပရမတ္ထသစ္စာဆို၊ အကုန်လုံး ရတ်ခြည်း ရှောက်လုပ်ကုန်ယင် ဒုက္ခဖြစ်မယ် နော်၊ အမျိုးသမီး၊ အမျိုးသား မခြားနားတော့ဘူး။ ရုပ်တရားချည့်ပဲဆိုယင် ခက်ကရော၊ ဟုတ်လား။ အဖေရော၊ အမေရော အကုန်လုံး မရှိကြတော့ဘူး၊ လောကကြီးမှာလေ။

"အေး....ဒါကြောင့်မို့ သမုတိသစ္စာအိမ်မှာ သုံး။ ပရမတ္ထသစ္စာက ကမ္မဋ္ဌာန်းကျောင်းမှာ သုံးလို့ လွယ်လွယ်လေးမှတ်ပါ။ အဲဒီ ပရမတ္ထသစ္စာက တဆင့်တက်၍ ဘယ်သွားရမှာလဲ၊ အရိယသစ္စာ။

"အထ၊ ထိုမှတပါး၊ အသ၊ ထိုအခမောင်တို့ အမိတို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးရဲ့။ သုသိရံ၊ အခေါင်းရှိတဲ့။ သိသံ၊ ဦးခေါင်းသည်။ မတ္တလုင်္ဂဿ၊ ဦးနှောက်ဖြင့်လည်း။ ပူရိတံ၊ ပြည့်၏။

"ဦးနှောက်အကြောင်းလဲ ပြောပြီးသား မဟုတ်သား"

"ပြောပြီးသားပါ ဘုရား"

"ပြောပြီးသားတဲ့။

"ဥဒ္ဒုံကွဲချောင်၊ မှိုခဲ့လှောင်သို့၊ ဆင်းရောင်ဖြူစွာ၊ ဦးချောလေးဆက်၊ လေးပုံဝက်သည့်၊ မုန့်ညက်စိုင်အတု၊ ဦးနှောက်အစုဖြင့်လဲ။ ပူရော၊ ရှုံ့ဖွယ်လိလိ အပြည့်ပါပဲ။

"ဦးနှောက်ဆိုတာ အတွင်းက ဦးနှောက်ရဲ့အပေါ်ကနေ အရိုးခွံ၊ အဲဒီအထဲ အရိုးကလဲ အခန်း ၄—ခန်းနဲ့ ဟုတ်လား၊ အစပ် ၆—စပ်ဘဲ့ဖြင့် စပ်နေကြတဲ့ ဦးခေါင်းခွံကြီး၊ အဲဒီ အပေါ်ကနေပြီးတော့ အမြှေးကလေး ကပ်ပြီးတော့ အကြောတွေနဲ့ဆိုင်းပြီး အရေပါးနဲ့ အရေထူနဲ့အုပ်၊ အရေထူကနေ အရေပါးလေး တင်ပြီးတော့ အပေါ်ကနေ ဆံပင်တွေ ပေါက်ဘယ်။ ဒါ ဦးခေါင်းခွံ။

**ဦးခေါင်း၌ ကောဋ္ဌာသ ၇–ပါး။** ။"အဲဒီ ဦးခေါင်းမှာ ကောဋ္ဌာသ ဘယ် နှစ် မျိုး ပေါင်း ထား တုံး။

ဦးနှောက်ကနေ စပြီးတော့ကြည့်ပါ။ ဦးနှောက်ရဲ့အပေါ်မှာ ဘာရှိမလဲ။ အကြောရှိမယ်၊ အကြောပေါ်ကနေပြီးတော့ ဦးနှောက်ထဲမှာလဲ အကြော ကလေးတွေ ရှိမယ်။

"ဒီတော့ ဦးနှောက်ရယ်၊ အကြောရယ်၊ ခေါင်းခွံရယ်၊ အမြေးရယ်၊ အရေထူရယ်၊ အရေပါးရယ်၊ ဆံပင်ရယ်၊ ဘယ်နှစ်ခုလောက် ရှိလဲ"

"၇–ခုပါဘုရား"

"**အေး....** ၇–ပါးသော ကောဋ္ဌာသတို့ဖြင့် စုပေါင်း၍နေတဲ့ အပေါင်းအစုကြီးတဲ့၊ ၇–ခု ပေါင်းမိပြီ ဆိုတဲ့အခါကျတော့ ပညတ်နယ် က ပြော၊ ဘာပညတ် ဖြစ်သွားလဲ၊ ၇–ခု ပေါင်းမိတော့ သမူဟပညတ်။

"ပေါင်းလိုက်တဲ့အတွက်ကြောင့် ပုံပန်းသဏ္ဌာန် ပေါ်လာတဲ့အတွက် ကြောင့် သဏ္ဌာနပညတ် ဟုတ်ပြီလား။ ပုံသဏ္ဌာန်ကြီး ထွက်လာတယ်။ အဲဒီ ပုံသဏ္ဌာန် ထွက်လာတဲ့အခါကျတော့မှ ဘယ်လိုဖြစ်သွားလဲ၊ သတ္တဝါတွေ က 'ငါ့ရဲ့ ခေါင်းပဲ' ဟော၊ မမ ဟုတ်လား"

"တော် မမ၊ အဲဒီ ၇–ခု ပေါင်းထားတဲ့ အပေါင်းအစုလို့ ခေါ်တဲ့ ခေါင်းကြီးသည်။ မမ၊ ငါ၏ ဦးခေါင်း၊ တဏှာနဲ့စွဲ၊ .

"သောဟမံသို့ တဲ့၊ အဲဒီဥစ္စာ ငါပဲ၊ ငါဆိုတာ ဒါပဲ၊ ခေါင်းပုတ် ပြတယ်၊ ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

"ငါ တယ်ခေါင်းကောင်းတယ်၊ ဒါ ဘာပြောတာလဲ၊ မာနနဲ့ စွဲတဲ့ အစွဲ၊ 'သော မေ အတ္တာ' အဲဒါ ခေါင်းဆိုတာဟာ ငါ့ရဲ့ အတ္တကလေးပါ၊ ငါ့ရဲ့ အတ္တကလေးဟာ ဒီမှာ ရှိတယ်၊ ငါ့ရဲ့ အတ္တဟာ ဒီခေါင်းပဲလို့ ဆိုလို့ ရှိယင်ဖြင့် ဒိဋ္ဌိဖြင့် စွဲတဲ့ အစွဲ။

"တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့် သမုတိသစ္စာ၊ သမုတိပညတ်၊ သမူဟ ပညတ်၊ သဏ္ဌာနပညတ်အပေါ်မှာ အဲဒီ ခုနက တဏှာ၊ မာန၊ ဒိဋ္ဌိ ဝင်တော့ယင်၊ အဲဒီ 'တဏှာ၊ မာန၊ ဒိဋ္ဌိ' ထွက်ပြေးအောင်တဲ့၊ ပရမတ္ထ သစ္စာကို လှမ်းပြီးတော့ ကြည့်၊ ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

''ဒါကြောင့်....

''အထဿ သုသိရံ သိသံ၊ မတ္ထလုင်္ဂဿ ပူရိတံ''

''အထ၊ ထိုမှတပါး။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သုသိရံ၊ အခေါင်းရှိသော။ သီသံ၊ ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ၊ ဦးနှောက်ဖြင့်လဲ။ ပူရိတံ၊ ရွှဲဖွယ်လိလိ ပြည့်၍နေ၏။

''ခေါင်းကို အာရုံယူပြီးတော့ ကြည့်၊

''သုဘတော နံ မညတိ ဗာလော၊ အဝိဇ္ဇာယ ပုရက္ခတော''

''အဝိဇ္ဇာယ၊ အဲဒီ ကောဋ္ဌာသ ၇–ပါး ပေါင်းထားတဲ့ အစုအပေါင်းကို မသိနိုင်တဲ့ အဝိဇ္ဇာတရားဖြင့်။ အဝိဇ္ဇာရဲ့သဘောနော်''

''မှန်ပါ ဘုရား''

''အဝိဇ္ဇာယ၊ အဲဒီ ၇–ပါးသော ကောဋ္ဌာသတွေနဲ့ အစုံအပေါင်းကြီးပါလားဆိုတဲ့ သမုတိသစ္စာကို ဖောက်ခွဲပြီးတော့ မသိနိုင်တဲ့၊ အဝိဇ္ဇာတရားဖြင့်။ ပုရက္ခတော၊ ဖုံးလွှမ်းခံရသည်ဖြစ်၍။

''ဒီကနေ့ တရားနာပရိသတ်အပေါင်း၊ သူတော်ကောင်းတို့သည် ဒီ ဦးခေါင်း ဆိုတဲ့ သမူဟပညတ်၊ သဏ္ဌာနပညတ်ကြီးမှာ ဘာတွေ ပေါင်းထားသလဲ၊ ၇–ခု ပေါင်းထားတယ်ဆိုကာ ထိုဖောက်ခွဲသိမြင်နိုင်တဲ့ အဝိဇ္ဇာ မရှိကြလေသောကြောင့်၊ ဝိဇ္ဇာ မရှိကြလေသောကြောင့်၊ ဘာဖြစ်မလဲ။

**ပပဥ္စ၃–ပါး ဝင်ပြီ။** ။''သုဘတော နံ မညတိ ဗာလော၊ အဝိဇ္ဇာယ ပုရက္ခတော။

''ဗာလော၊ အဲဒီ သမုတိသစ္စာကို ဖောက်ထွင်းနိုင်တဲ့ အသိဉာဏ်မရှိတဲ့ အန္ဓဗာလ ဆိုတဲ့ ပုဂ္ဂိုလ်မျိုးသည်။ သုဘတော၊ ငါ့ကိုယ်ပင် ကာယတင့်တယ်စွ၊ ငါတင့်တယ်စွ၊ ငါ၏တင့်တယ်ခြင်းက နိစ္စ ဟူ၍၊ မညတိ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ အားဖြင့် မှားထင် အောက်မေ့ရာ၏ တဲ့။

''တဏှာ၊ မာန၊ ဒိဋ္ဌိ ဟဲ့၊ စွဲတယ်တဲ့၊ ဘာကြောင့် စွဲလဲ အဝိဇ္ဇာကြောင့်၊ အဝိဇ္ဇာဆိုတာက မသိဘူး။ ဘာတွေ မသိသလဲဆိုလို့ရှိယင် ပရမတ်နဲ့ ပညတ် ၂–မျိုးတို့တွင် ပညတ်ကိုတောင်မှ ကျကျနန မသိဘူး အဝိဇ္ဇာရဲ့ သဘောက။

''ကိုင်း၊ ခေါင်းမှာ ပညတ် ဘယ်နှစ်မျိုး ပြောထားလဲ၊ တို့ပရိသတ်၊ ဘယ်နှစ်မျိုး ပြောထား''

"၇–မျိုးပါဘုရား"

"ခေါင်းမှာ ဦးခေါင်းဆိုတဲ့ အရာဝတ္ထုထဲမှာ ပေါင်းထားတဲ့ ၇–မျိုး၊ ၇–မျိုးသော ပစ္စည်းတွေ ပေါင်းပြီးတော့ ထားသောကြောင့် အဲဒီ ပေါင်းထားတဲ့ ပညတ်ဆို ဘာပညတ်"

"သမူဟပညတ်ပါ ဘုရား"

"ပေါင်းလိုက်တဲ့ အတွက်ကြောင့် ပုံသဏ္ဌာန် ဖြစ်သွားတော့"

"သဏ္ဌာနပါ ဘုရား"

"ပညတ် ဘယ်နှစ်မျိုး"

"၂–မျိုးပါ ဘုရား"

"အဲဒီ ပညတ် ၂–မျိုးကိုတောင်မှ မသိဘူးဆိုယင်တဲ့၊ ဘယ်သူ့ကြောင့် မသိတာဖြစ်မှာလဲ"

"အဝိဇ္ဇာကြောင့်ပါ ဘုရား"

"အဝိဇ္ဇာက ဖုံးထားလို့ ဒီ ၇–မျိုး ဆိုတာကို တို့တတွေ မသိတာ။ အဲဒီ ပညတ်သမုတိသစ္စာ ၂–ပါး၊ ခုနက ကောဋ္ဌာသ ၇–ပါး ပေါင်းထားတဲ့ အပေါင်းအစု။

"ဒီပုဂ္ဂိုလ်ရဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဆိုတဲ့ ဓာတ်ကြီး ၄–ပါး ဆိုတဲ့ ပရမတ္ထသစ္စာ၊ ဒါထက် နက်နဲတဲ့ ပရမတ္ထသစ္စာကို မြင်အုံးမလွှားလို"

"မမြင်နိုင်တော့ပါ ဘုရား"

"မမြင်နိုင်လို့ ရှိယင်လဲပဲ သူလဲ ဘာကြောင့် မမြင်တာတဲ့တုံး"

"အဝိဇ္ဇာကြောင့်ပါ ဘုရား"

"ခွဲခွဲခြားခြား၊ ကျကျနန ဟောပြောပြီးတော့နေတာ၊ မိမိတို့ ကိုယ်တိုင်ကလဲ လေ့လာသင်တန်းတက်ပြီးတော့နေတာ၊ စာဖတ်နေတာ၊ ဆရာသမားထံ မှီဝဲနေတာ၊ အားထုတ်နေတာ။

"ဒီလို နေကြတဲ့ ပုဂ္ဂိုလ်တွေပဲ မဟုတ်လား"

"မှန်ပါ ဘုရား"

"တရားပွဲရှိယင် ပြေးပြီးတော့ နာကြတယ်၊ စာရှိယင်လဲ ပြေးပြီးတော့ ဖတ်ကြတယ်၊ ကမ္မဋ္ဌာန်းကျမ်းစာ အမျိုးမျိုးလဲ ဖတ်ကြတယ်၊ တရားအမျိုးမျိုးလဲ နာကြတယ်။ စွမ်းအားရှိသလောက်လဲ၊ အချိန်ရှိသလောက်လဲပဲ၊ စွမ်းနိုင်သမျှ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှလဲ အားထုတ်ကြတယ်။

"အဲဒီလောက် ကြိုးစားပင် ကြိုးစားနေငြားသော်လည်းပဲ တဲ့၊ သိဖို့ ရန်က ခက်ခဲနေလိုက်တာနော်"

"မှန်ပါ ဘုရား"

"လွတ်လိုက်တဲ့ ပုဂ္ဂိုလ်တွေ ရှိပင်ရှိငြားသော်လဲပဲ ခက်တဲ့ ပုဂ္ဂိုလ်တွေက များတယ်။ မများဘူးလား"

"များပါတယ် ဘုရား"

"များတယ်"

"အဲဒီလို မသိနိုင်အောင် ခက်ခဲနေလိုက်တာကို ဘာမှ အပြစ်မတင်နဲ့၊ ငါမသိဘူးလို့ မပြောနဲ့၊ 'ငါ့အတွက် အသိခက်တယ်၊ ငါတော့ နားမလည်ဘူး'လို့ ဒီလိုမပြောနဲ့၊ မသိတာ နားမလည်တာ၊ တရားကို လက်သယ်ရှာလိုက်ယင် အဝိဇ္ဇာ၊

"အဝိဇ္ဇာကြောင့် မသိတာ၊ တနည်းပြောရယင် အဝိဇ္ဇာက မသိတာ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"အဝိဇ္ဇာက မသိတာကို ငါမသိဘူးတဲ့။ အဝိဇ္ဇာရဲ့ ကိစ္စကို ငါ့ရဲ့ ကိစ္စ ထင်လိုက်သဖြင့် အဲဒီမှာ 'ဒိဋ္ဌိ' ထပ်ပြီးတော့ ဝင်၊ မဟုတ်ပေဘူးလား"

"မှန်ပါတယ် ဘုရား"

"အေး....ဒါကြောင့်....

"အဝိဇ္ဇာဟာ၊ အဲဒီလို ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ပရမတ္ထသစ္စာ၊ သမုတိသစ္စာ၊ အရိယသစ္စာဆိုတဲ့ သစ္စာတရားတွေကို ပိုင်းခြားထင်ထင် သိမြင်နိုင်တဲ့ဉာဏ် မရှိဘဲ အစိဇ္ဇာတရားဖြင့်။ ပုရက္ခတော၊ ဖုံးလွှမ်းပိတ်ပင်အပ်သည် ဖြစ်၍၊ သုဘ‌ေတာ၊ ငါ့ကိုယ်ကာယ တင့်တယ်စွ၊ ငါ တင့်တယ်စွ။ ငါ၏ တင့်တယ်ခြင်းကား အနိစ္စဟူ၍၊ တက်ကြွစိတ်ဝင် မှတ်ထင် အောက်မေ့လေရာ၏၊

"အဲဒီလို 'ငါ့ရဲ့ခန္ဓာ'ကိုယ်ကြီး တင့်တယ်တယ်။ ငါလို ပုဂ္ဂိုလ်မို့လို့ တင့်တယ်တယ်။ ငါ့ရဲ့ တင့်တယ်ခြင်းက ဘယ်တော့မှ မပျက်တော့ဘူး။

"ဘယ်နှစ်မျိုးလဲ"

"၄–မျိုးပါ ဘုရား"

''ကဲ—တိုပရိသတ်၊ ဘယ်နှစ်ချိုးတုံး၊'ငါရဲ့ခန္ဓာကိုယ်သည် တင့်တယ် ၏'' ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ငါလို ပုဂ္ဂိုလ်မို့လို့ တင့်တယ်တယ်'' အဲဒီ ငါရဲ့ တင့်တယ်ပုံလေး ဘယ်တော့မှ မပျက်တော့ပြီ။ ဘယ်နှစ်ချက်''

''၃—ချက်ပါ ဘုရား''

''၃—ချက်ရှိတယ်''

''ငါ့ကိုယ်ကာယ တင့်တယ်စွ ဆိုတာက ငါရဲ့ ခန္ဓာကိုယ်လေးက လှလိုက်တာ၊ ငါရဲ့ ခန္ဓာကိုယ်က တင့်တယ်လိုက်တာ၊ သပ်ရပ်လိုက်တာ၊ သပ္ပာယ်လိုက်တာ၊ ငါ့ရဲ့ ရုပကာယက တင့်တယ်လိုက်တာ။ ရှုမြင်သူ မညောင်းအောင် တင့်တယ်ပါတဲ့ ငါရဲ ရုပကာယ။

''တဏှာဝင်လာတယ်''

''မှန်ပါဘုရား''

''မိမိရဲ့ ခန္ဓာကိုယ်ရဲ့ တင့်တယ်ခြင်းကိုပင်လျှင် တပ်မက်တဲ့တဏှာ။ ဟုတ်ပြီလား''

''ဟုတ်ပါတယ် ဘုရား''

''တပ်မက်မှုရှိလို့ ဤခန္ဓာကိုယ်ကို ပြင်ဆင်တာပဲ'

''မှန်ပါတယ် ဘုရား''

''တပ်မက်မှုမရှိယင် မပြင်ဘူး၊ ဒါ သေသေချာချာ သဘောကျ ထား။ တပ်မက်မှုရှိသူ အပေါင်းတို့သည် ပြင်ဆင်ကြရလိမ့်မည်။ ဒီတော့ယင် ''ငါ့ ကိုယ်ကာယ တင့်တယ်စွ'' ဆိုတာက ''တဏှာ''လေးနဲ့ စွဲပြီးတော့ သွားတာ။

''ငါလိုပုဂ္ဂိုလ်က တင့်တယ်တယ်၊ အခြားအခြားသော ပုဂ္ဂိုလ်တွေ က မတင့်တယ်၊ မလှပလေလို့ မိမိရဲ့ ခန္ဓာကိုယ်ကို မြှောက်ပင့်ခြင်း၊ အခြားအခြားသော ပုဂ္ဂိုလ်တွေကို နှိမ့်ချခြင်းကလေး ဖြစ်လာတာက 'မာန' ရဲ့ သတ္တိတဲ့။

''ငါလှတယ်။ သူတို့က မလှဘူး။ငါတင့်တယ်တယ်။ငါသပ္ပာယ်တယ်။ မာန။

''အဲဒီ ငါရဲ့အလှလေး မပျက်အောင် လုပ်မှပဲ၊ မပျက်စီးအောင် ပြုပြင် ထိန်းသိမ်းမှပဲ ဆိုပြီးတော့ နည်းချိုးစုံနဲ့ အဲဒီဥစ္စာကို ပျက်စီးဘဲ့

သဘော ကေန်ရှိနေပါလျက်နဲ့ မပျက်တဲ့၊ မပျက်အောင်၊ ပျက်စီးမယ့်ကိုစ္စကို တားတယ်ဆိုလို့ရှိယင် အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ ဘာဝင်နေတာလဲ''

''ဒိဋ္ဌိ ဝင်နေပါတယ် ဘုရား''

''ဒိဋ္ဌိဝင်နေပြီဘဲ''

''ငါရဲ့ လုပ်ခြင်းသည် နိစ္စဟူ၍ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ပညတ်တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် တက်ကြွစိတ်ဝင် မှတ်ထင် အောက်မေ့ကြလေရာ၏။

''တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အဲဒီလိုဝင်တယ်၊ ငါ့ကိုယ်ကာယ တင့်တယ်စွ၊ ငါတင့်တယ်စွ၊ ငါ၏ တင့်တယ်ခြင်းကား နိစ္စလို့ တက်ကြွစိတ်ဝင် မှတ်ထင်အောက်မေ့လေရာ၏ တဲ့။

**ပဋိပဥ္စကင်းစင်ရန် ကျင့်စဉ်၊** ။''ဒါဖြင့် အဲဒီ 'တဏှာ၊ မာန၊ ဒိဋ္ဌိ'ကင်းကွာသွားအောင် မိမိတို့ရဲ့ တလံမျှလောက်သော ခန္ဓာကိုယ်ကြီးကို ရှုမြင်သုံးသပ်ကြစို့ ဆိုတဲ့အခါကျတော့ ဘယ်ကစပြီးတော့ ရှုမလဲဆိုယင် ၃၂–ကောဋ္ဌာသ နည်းမှာ ဖြင့်ယင်၊ ဒီကနေ့တရားနာကြတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတို့ကို မနေ့က အစချီပြီးတော့ ပေးထားခဲ့တယ်။

''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော''

''တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ''

''ဒါ 'တစပဉ္စက'ခေါ်တယ် နော်''

''မှန်ပါဘုရား''

''အဲဒီ 'တစပဉ္စက' ကမ္မဋ္ဌာန်းသည် ခန္ဓာကိုယ်ရဲ့ အပြင်ဘက်ရှိနေတဲ့ ကောဋ္ဌာသ ၅–ပါးကို ကြည့်တာ၊ ၃၂–မျိုးလုံး အကုန်လုံး ကြည့်ပြန်တော့လဲ ဒီအတိုင်းပဲ သွားရမှာပဲ။

''ဒီတော့ သူ့ကို စံနစ်တကျရှုတဲ့၊ သုံးသပ်တဲ့ နည်းကိုတဲ့။

''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော''

''တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ''

''ဆင်းချည်၊ တက်ချည်၊ အပြန်ပြန် အလှန်လှန်၊ အနုလောမ၊ ပဋိလောမနည်းနဲ့ သုံးသပ်၊ အဲဒါ နိုင်နင်းသွားပြီ ဆိုတဲ့အခါကျယင်၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

“အဲဒါ စံနစ်တကျ နိုင်နင်းသွားပြီဆိုယင် ဤပုဂ္ဂိုလ်သည် ရှေ့ကို တဆင့် တက်လိုက်၊ ၅–ခုတတွဲ တက်လိုက်။

“မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္က ၅–ခု တက်လိုက်။

“ခုနက ‘တစပဉ္စက’ နဲ့ ပေါင်းတော့၊ ရှေ့က ‘ဝက္ကပဉ္စက’ နဲ့ ပေါင်းတော့ ၅–လီ ၁၅ ဖြစ်လာလိမ့်မယ်၊ ဟုတ်ပြီလား”

“မှန်ပါ ဘုရား”

‘အဲဒီ ‘ဝက္က’ ကနေ နောက်ကို အစဉ်အတိုင်း ပြန့်ပြီးတော့ ဆိုပြီးတော့ ဖြည်းဖြည်းချင်း ဆိုပြီးတော့ သုံးသပ်လာခဲ့၊ နောက်ပြန်ရောက် လာ၊ ‘ကေသာ’ တိုင်အောင် ပြန်ဆင်းလာ၊ ဟုတ်ပြီလား”

“မှန်ပါတယ် ဘုရား”

“အဲဒါကို ပိုင်ပိုင်နိုင်နိုင် သုံးသပ်ပြီးတော့ နေလို့ နိုင်လာပြန်ပြီ ဆိုလို့ရှိယင် ရှေ့ကို တဆင့်တက်၊ ၅–ခု တိုးယူလိုက်ပါ။

“ဝက္က ပြီးတော့ ရှေ့တဆင့်တက်လိုက်တော့ ၅–ခု၊ ဘာတွေလဲ။

“ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ”

“ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ”

“ဟုတ်ပြီလား”

“မှန်ပါတယ် ဘုရား”

“ပပ္ဖာသပဉ္စက ဆိုတဲ့ ၅–ခု တက်ပြီးတော့ ယူတဲ့။ အဲဒီ ၅–ခု တက်ပြီးတော့ ၁၅–ခု ဖြစ်သွားပြန်ရော။

“၁၅–ခု ဖြစ်သွားတဲ့အခါမှာ သူ့ကိုလဲပဲ၊ ဟုတ်လား၊ အနုလုံ ပဋိလုံ နောက်ပြန်ဆင်းပြီးတော့ ဆိုလိုက်၊ ရှေ့တိုးတက်ပြီးတော့ ဆိုလိုက်၊ အဲဒီလို အနုလုံ ပဋိလုံ၊ နှုတ်က ဆိုပြီးတော့ ကောဋ္ဌာသ တခု တခု၊ ဆိုတိုင်း ဆိုတိုင်း မိမိရဲ့ စိတ်သည် အဲဒီ ကောဋ္ဌာသ ပေါ်မှာ အာရုံကျရောက်၊ ကျရောက်ပြီးတော့ သွားရမယ်၊ ဟုတ်ပြီလား”

“မှန်ပါ ဘုရား”

“အဲဒီလိုနဲ့ ဆင်းချည်တက်ချည်နဲ့ ဆိုနေလို့ ဒီ ‘ပပ္ဖာသပဉ္စက’ အထိ နိုင်နင်းသွားပြန်ပြီ ဆိုတဲ့အခါကျတော့ ရှေ့ ၅–ခု တဆင့်တက်၊ ရှေ့ ၅–ခု တက်လိုက်တော့ ဘာတက်မလဲ”

“အမိန့်ရှိပါ ဘုရား”

“အမိန့်ရှိပါ ဘုရား၊ ဘာပဲနှယ်လဲ၊ တို့ပရိသတ် အမိန့်ရှိပါ ဘုရား နေ၁၊ ၆–ည တိုင်တိုင် အမိန့်ရှိပြီးတော့လာခဲ့တာ တို့ဒကာကြီးက ဒီနေ့

အထိ မမှတ်မိသေးဘူး။ 'အမိန့်ရှိပါ ဘုရား' တဲ့၊ ကိုင်း၊ ဒီတော့ယင် တို့ပရိသတ်ကကော ဘယ်လိုလဲ၊ အမိန့်ရှိပါဘုရားပဲလား။

''မံသံ၊ နှာရု။ အဋ္ဌိ၊ အဋ္ဌိ၊ မိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ''

''ကဲ၊ အစလေးဖော်၊ ဒကာကြီး တို့ဒကာကြီး ကိုအုံးဟန်၊ အစလေးဖော်၊ ဘုန်းကြီး မေ့နေတယ်''

''အရှင်ဘုရားကဲ မမေ့ပါဘူး ဘုရား၊ တပည့်တော် မေ့နေတယ်''

''အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ မတ္ထလုင်္ဂံ တဲ့ နော်။

''အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။

''၅–ခု တတွဲ မဟုတ်လား''

''မှန်ပါဘုရား''

''၅–ခု တတွဲ ဆိုတော့ ၅–ခု ၄–လီ ၂၀ ဖြစ်လာပြီ၊ တဖြည်းတဖြည်း များလာပြီနော်''

''များလာပါတယ် ဘုရား''

**အိမ်တက်ပမာ ရှုပွားပါ။** ။''၃၂–ကောဋ္ဌာသ ဆိုတော့ ဥပမာ တင်စားပြီးတော့ ပြောရမယ်ဆိုယင် လှေကား ၃၂–ထစ် ထောင်ပြီးတော့ထားတဲ့ အိမ်ကြီးဝးလုံး တက်ရသလိုပဲ။ အရေးတကြီး ပြေးတက်ယင် ဤပုဂ္ဂိုလ် လိမ့်ကျမယ်၊ ဖြည်းဖြည်းကလေး တက်နေပြန်ယင်လဲပဲ တော်တော်နဲ့ ဒီခရီးဟာ ဆုံးမှာ မဟုတ်ဘူး။ ဒီတော့ မနှေးလွန်း၊ မမြန်လွန်းသော၊ ဟုတ်လား၊ တက်နည်းနဲ့ တက်ရမယ်။

''နောက်တခါ လှေကားလေးကလဲ အလွန် ကျဉ်းမြောင်းနေတယ်တဲ့။ ဟိုဘက် ဒီဘက် ဘေးကို မကြည့်လိုက်နဲ့။ လှေကားကလေးက ကျဉ်းကျဉ်းကလေးရယ်တဲ့၊ ၃၂–ထစ်ရှိတဲ့ လှေကားကလဲ ကျဉ်းကျဉ်းကလေး တည်ဆောက်ထားပါတယ်ဆိုတာ၊ အဲဒါ ဟိုဘက်ဘေး၊ ဒီဘက်ဘေးကို မကြည့်ပါလေနဲ့။ ဘေးကြည့်ယင် တဲ့၊ ဤပုဂ္ဂိုလ် ဘာဖြစ်သွားမလဲ၊ လိမ့်ဆင်းသွားမယ်၊ ဒါကြောင့်မို့လို့ ဘေးကို မကြည့်နဲ့။

''ဒီတော့ အဋ္ဌကထာ ပြောတဲ့နည်းအတိုင်း ပြောရလို့ရှိယင်ဖြင့် 'အနုပုဗ္ဗတော' တဲ့၊ တို့ပရိသတ် ဘာတဲ့တုံး''

''အနုပုဗ္ဗတောပါ ဘုရား''

"အနုပုဗ္ဗတော၊ ဒါပါဠိစကား၊ နံပတ် (၁) အားဖြင့် အစဉ့် အတိုင်းလဲဆိုယင်၊ အစဉ်အတိုင်းလဲ သုံးသပ်ရမယ်။ အစဉ်အတိုင်း သုံးသွားပါ။ တခုကျော်၊ နှစ်ခုကျော် ဒီလို ကျော်ပြီးတော့ မဆိုနဲ့တဲ့၊ နော်"

"မှန်ပါဘုရား"

"ဆို ဆိုတော့ နှုတ်ကကို ဆိုပြီးတော့ သုံးသပ်ရမယ့် ကမ္မဋ္ဌာန်းမျိုးနော်"

"မှန်ပါဘုရား"

"ဒါ ပညတ်တွေကို။ ပညတ်ကမ္မဋ္ဌာန်းဆိုတာ နှုတ်က ဆိုရတယ်။

"ပရမတ် ကမ္မဋ္ဌာန်း ကျတော့ နှုတ်က သွားဆိုမနေနဲ့၊ အဲဒါတွေ ကျတော့။

"ပရမတ် ဆိုတာ ဘာလဲ၊ သတ္တိကလေးပဲ ရှိတယ်"

"မှန်ပါ ဘုရား"

"သတ္တိ ဆိုတာ ဉာဏ်ရဲ့ ကျက်စားရမယ့် အလုပ်ကိစ္စတွေ မဟုတ်လား"

"ရှိပါတယ် ဘုရား"

"ဉာဏ်ဖြင့် ကျက်စားရမယ့် အလုပ်ကိစ္စကို ဉာဏ်ကို အသုံးပြုလေ။ သူ့ကျယင် နှုတ်က ဆိုလို့ ရလိမ့်မယ် မဟုတ်ပါ။ ဒီပညတ်ကို ပေးတဲ့ ကမ္မဋ္ဌာန်း ၃၂–ကောဋ္ဌာသ၊ ပညတ် အခြေခံလာတဲ့ ကမ္မဋ္ဌာန်း ဖြစ်ခြင်းကြောင့် ပညတ်တွေကျတော့ နှုတ်နဲ့ဆို။

"ကေသာဆို၊ မျက်စိနဲ့ မြင်ကို မြင်ရတယ်။

"လောမာ၊ နခါ၊ ဒန္တာ၊ တစော" ၃၂–ကောဋ္ဌာသ၊ ပြချင်တာပြ၊ မျက်စိနဲ့ကြည့် အကုန်မြင်တယ် မဟုတ်လား"

"မြင်ပါတယ် ဘုရား"

"ရင်ခွဲကြည့်၊ အထဲမှာ ရှိနေတဲ့ အသည်းတွေ၊ အဆုပ်တွေ၊ နှလုံးတွေ၊ မြင်ရမှာပဲ၊ အဲဒါ ကိုယ့်ရင် ကိုယ်ခွဲကြည့်၊ တို့ဒကာကြီး နော်"

"မှန်ပါဘုရား"

"မှန်ပါတဲ့"

"ဉာဏ်နဲ့တော့ ခွဲထားတာပါပဲ ဘုရား"

"မနေ့က ခေါင်းရိတ်လာလိမ့်မယ် အောက်မေ့တာ၊ ခု ဒီတိုင်း ဒီတိုင်းပဲ။

"ဒီတော့ အစဉ်အတိုင်း ဆိုလေ။ နံပါတ် (၁)

"ခုန်ကျော်ပြီးတော့ သွားမယ်ဆိုယင် ၃၂–ထစ်လှေကား ခုန်ပြီးတော့တက်တဲ့ပုဂ္ဂိုလ် ပင်ပန်းသလိုပဲ၊ ဒီ ၃၂–ကောဋ္ဌာသ ခုန်ကျော်ပြီးတော့ ဆိုပြန်တော့လဲ ဤပုဂ္ဂိုလ် ပင်ပန်းမယ်။ ဒါကြောင့် ခုန်ကျော်ခြင်းဖြင့်လဲ မသွားနဲ့ မှတ်ထား။

"မှန်ပါဘုရား"

"နာတိသီဃတော တဲ့၊ အလွန်လျင်မြန်တဲ့ အဟုန်နဲ့လဲ မဆိုလေနဲ့။

"ကဲ....မြန်မြန်ကြီး စိတ်ကူးလေးနဲ့ ဆိုကြည့်ပါ။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော"ဆိုယင် အာရုံဘယ့်နှယ်လုပ် ရမလဲ"

"မရတော့ပါဘုရား"

"ရကို မရနိုင်ဘူး နော်"

"မှန်ပါဘုရား"

"ဒါကြောင့်မို့လို့'ကေသာ၊လောမာ'ဆိုလို့ရှိယင်၊ဖြည်းဖြည်းချင်းဆိုပြီးတော့ 'ကေသာ'ဆိုတဲ့ စကားလုံးဆိုသည်နှင့် တပြိုင်နက်တည်း၊ဆံပင်ကို အာရုံယူလိုက်။

"လောမာ"ဆိုသည်နှင့် တပြိုင်နက်တည်း မွေးညှင်းများကို အာရုံယူလိုက်။

"နခါ"ဆိုသည်နှင့် တပြိုင်နက်တည်း ခြေသည်း၊ လက်သည်း ၂၀ ကို အာရုံယူလိုက်ပါ။

"ခြေသည်း၊ လက်သည်းက ၂၀–လို့သာ ပြောတာနော်၊ တချို့ကျတော့လဲ ၂၂–တို့၊ ၂၄–တို့ ရှိသေးတယ်"

"မှန်ပါဘုရား၊ ရှားတော့ ရှားတာပါပဲ ဘုရား"

"အင်း....ရှားတော့ ရှားတာပဲ"

"ဒီတော့ အစဉ်အတိုင်းဆို မနှေးလွန်း မမြန်လွန်းတဲ့ ဆိုနည်းနဲ့ ဆို။ နောက်ပြီးတော့ အပြင်ဘက်ကို စိတ်မပျံ့လွင့်ပဲနဲ့ ကောဋ္ဌာသပေါ်မှာသာလျှင်၊ တလံမျှလောက်သော ခန္ဓာကိုယ်ထဲမှာသာလျှင် စိတ်ကို ထည့်ထားပြီးတော့ ဆို။ စိတ်သည် တလံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ထည့်ထားပြီးတော့ ဆို၊ မပျံ့လွင့်စေရဘူး။

"အလွန်ကျဉ်းမြောင်းတဲ့ ခုနက လှေကားလေး တက်။ ဘေးကြည့်ယင် လိမ့်ကျမှာ စိုးရသလိုပဲ၊ ၃၂–ကောဋ္ဌာသ အာရုံ၊ တကြိမ်တခါမှ မယူသေးဘူးတဲ့ အာရုံသစ် ဆိုတာဟာ ယူစဆိုတာ ခက်တယ်တဲ့။

"အာရုံဟောင်းကတော့ လွယ်တာပေါ့။ အာရုံသစ် ဖြစ်ခြင်းကြောင့် အယူရ ခက်လေသောကြောင့်၊ မပျံ့လွင့်အောင်၊ စိတ်ကိုထိန်းပြီးတော့ ဆို တဲ့။

**ကောဋ္ဌာသဆိုနည်း (၄) နည်း။** ။"ကိုင်း....အဲဒီကော့ ဆိုတဲ့နည်း ၃–၄ နည်း ပေးလိုက်တယ်။

(၁) အစဉ်အတိုင်းရယ်၊
(၂) မနှေးလွန်းတာရယ်၊
(၃) မမြန်လွန်းတာရယ်၊
(၄) စိတ်မပျံ့လွင့်အောင်ရယ်၊

"၄–နည်းတို့ဖြင့် ထိန်းချုပ်ပြီးတော့၊ ဆိုယင်း ဆိုယင်း၊ ဆိုယင်း ဆိုယင်းနဲ့ တဖြည်းဖြည်း ဤပုဂ္ဂိုလ်သည် ဘာဖြစ်လာသလဲ။

"ပဏ္ဏတ္တိံ သမတိက္ကမ တော"တဲ့ ၅–ခုမြောက် တက်လာ တာက။

"ပဏ္ဏတ္တိံ သမတိက္ကမ တော" ပညတ်ကို ကျော်လွန်တဲ့ အနေအားဖြင့် ပညတ်ကို ကျော်လွန်ပြီးတော့ သွားရမယ်တဲ့။ သူ့တက်စဉ်က–

"ဒါ ပထမဆုံးအဆင့်၊ သူ့ကို ဝင်ရောက်လာပြီ။ တက်လာပြီ။

"ဆံပင်ဆိုတာ ပညတ်၊ ဒီ အသုဘကမ္မဋ္ဌာန်း၊ ဒွတ္တိံသ ကာယကမ္မဋ္ဌာန်းစီးဖြန်းတဲ့ ပုဂ္ဂိုလ်သည်။ ဆံပင်၊ ဆံပင်၊ ဆံပင်လို့ ဆိုနေယင်း၊ ဆိုနေယင်းနဲ့ တဖြည်းဖြည်းနဲ့ သူ့ဆံပင်ဆိုတဲ့ ပညတ်ကို သူ လွန်သွားမယ်။

"လွန်သွားပြီးတဲ့နောက် ဘာထင်လာမလဲလို့ ဆိုတဲ့အခါကျတော့ စောစောက ပြောထားခဲ့ပါတယ်။ ဟုတ်လား။ ကာယ ၄–မျိုးမှာလေ၊ ၃၂–ပါး ပေါင်းထားသောကြောင့် ကာယ၊ တို့ပရိသတ် ၃၂–ပါးပေါင်းထားတာ ဘာလဲ"

"ကာယပါ ဘုရား"

"ရွံရှာဖွယ်တွေ ပေါင်းထားသောကြောင့် ကာယ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဒါကြောင့် ၃၂–ကောဋ္ဌာသကို ကြည့်ယင် ရွံရှာဖွယ်အပေါင်း ဆိုတဲ့ ကာယ ထင်ရမယ် မဟုတ်လား"

"ထင်ရပါမယ် ဘုရား"

"ဒါ သူ့အကြောင်းနဲ့ အကျိုး။

"ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ကာယ၊ ဓာတ်ကြီး ၄–ပါး အပေါင်းဆိုတဲ့ ရူပကာယကို ကြည့်ယင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာ ၃–ပါး အပေါင်း ဆိုတဲ့ ကာယ ထင်ရမယ် မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"သူ့အာရုံနဲ့သူ ဒီလို ရှိရမယ်"

**ရွံရှာဖွယ်သာ ကျန်မယ်။** ။"ဒီတော့ယင် 'ပဏ္ဏတ္တိသမတိက္ကမတော"တဲ့။

"ပညတ်ကို ကျော်လွန်သောအားဖြင့် ဆိုတော့ 'ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ အသား၊ အသွေး' စသည့်ဖြင့် အဲဒီ ပညတ်တွေဆိုယင်း ဆိုယင်း၊ ဆိုယင်းနဲ့ပင်လျှင်၊ သုံးသပ်ယင်း သုံးသပ်ယင်းနှင့်ပင်လျှင် ဤပုဂ္ဂိုလ်သည်တဲ့၊ ဆံပင် ဆိုတဲ့ ပညတ်ကို လွန်ပြီး သကာလ 'ဆံပင်' ကို အာရုံယူပြီးတော့ ရလာတဲ့ ရွံရှာဖွယ် ဆိုတဲ့ အမှတ်သညာ 'ပဋိကူလသညာ''' သို့ကျရောက်ရမယ်။ မွေးညှင်း ကြည့်ပြန်တော့လဲ ရွံရှာဖွယ် အမှတ်သညာသို့ ကျရောက်၍၊ ၃၂–ကောဋ္ဌာသ တခုစီ၊တခုစီ ဘာကိုပဲ ကြည့်ကြည့် သူရဲ့ ပန်းတိုင်ဟာ ဘာလဲ"

"ရွံရှာဖွယ်ပါ ဘုရား"

"ပညတ်နယ်မှာ ၃၂–မျိုး ကွဲပင် ကွဲနေသော်လဲပဲ သူ့မှာ ချုပ်လိုက်တဲ့ အခါကျတော့ 'ရွံရှာဖွယ်' တခုပဲ ကျန်တယ်။ တို့ပရိသတ် နားလည်ပြီနော်"

"မှန်ပါဘုရား"

"အကျဉ်းချုံးလိုက်တဲ့အခါကျတော့ ရွံရှာစရာ၊ 'ပဋိကူလသညာ' ဆိုတာကြီး တခုပဲ ပေါ်ရမယ်။ အဲဒီလို ထင်လာလို့ရှိယင် ဤပုဂ္ဂိုလ် အတွက် အကျိုးများပြီ၊ အကျိုးဝင်ရောက်လာပြီတဲ့။

"အသုဘသညာ ဘာဝေတဗ္ဗာ ရာဂဿပဟာနာယ ဆိုတဲ့ အတိုင်း 'ရာဂ' ကွာဖို့ရန်အတွက်၊ ဤပုဂ္ဂိုလ်အတွက် 'ဝိရာဂသညာ' ၌ ရာဂ ကွာဖို့ရန် အကျိုးများလှပြီ။

''ဒီတော့ယင် 'ပဏ္ဏတ္တိသမတိက္ကမတော' တဲ့။

''ပညတ်ကို ကျော်လွှန်သောအားဖြင့် ပညတ်ကို ကျော်လွှန်သော အားဖြင့် ဆံပင်၊ မွေးညှင်း၊ခြေသည်း၊ လက်သည်း ဆိုတဲ့ နာမည် တခုစီ တခုစီ၊ နောက်ကျတော့ သူလွန်သွားပြီယင် ရွံစရာ အစုအဝေးကြီး အနေနဲ့ သူ့စိတ်ထဲ ထင်နေပြီနော်။

''ကိုင်း၊ အဲဒီ ဥစ္စာသည် ပညတ်ကို ကျော်လွန်၍ ရှုနည်း၊ ရွံစရာ အစုအဝေးကြီး ထင်နေတဲ့အချိန်မှာလဲပဲ ရွံစရာကောင်းတဲ့ 'အသုဘ' ပဋိကူလသညာကြီးတို့ပဲ ဆက်ပြီးတော့ အာရုံယူထား၊ မလွှတ်နဲ့၊ လွှတ်ပစ် ရှုလား''

''မလွှတ်ပစ်ရပါ ဘုရား''

''လွှတ်မပစ်ရဘူး။ အရပ်ထဲ ရွာထဲမှာ ဟိုဟိုဒီဒီ သွားကြတဲ့အခါ ကျတော့ ခွေးသေကောင်ပုပ်ကြီး တကောင်များ တွေ့ယင် ဒီတရားနာ ပရိသတ် အနေနဲ့ ဘယ်လို ဖြစ်မှာလဲ၊ ရွံစရာပေါ့''

''ရွံကြတာပေါ့ ဘုရား''

''ရွံပြီး စိတ်ထဲမှာ ချမ်းသာမလား၊ မချမ်းသာဘူးလား''

''မချမ်းသာပါ ဘုရား''

''မချမ်းသာတဲ့ ဒေါမနဿ ဖြစ်မယ်၊ အဲဒါကို မေ့မပစ်နဲ့၊ မှတ် ထားနော်''

''မှန်ပါ ဘုရား''

''မချမ်းသာတဲ့ ဒေါမနဿဖြစ်သည်၊ အပုပ်ကောင် မြင်ရ တွေ့ရတဲ့ အခါကျတော့ မချမ်းသာတဲ့ 'ဒေါမနဿ ဝေဒနာ' ဖြစ်တတ်တယ်။

''ယခု မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးကိုလဲပဲ ၃၂–ကောဋ္ဌာသ သုံးသပ် ယင်း သုံးသပ်ယင်းနဲ့ တဖြည်းဖြည်းနဲ့ ရွံရှာဖွယ် အမှတ်သညာတော့ ရလာပြီ။ အဲဒီလို ရွံရှာဖွယ် အမှတ်သညာ ဝင်ရောက်စ အချိန်လေးမှာ ဒေါမနဿ ဖြစ်တတ်ပါတယ်၊ ဒေါမနဿ ဖြစ်တတ်ပါတယ်နော်''

''မှန်ပါ ဘုရား''

''ဒေါမနဿ ဖြစ်တတ်ပေမယ့်လဲပဲ ဒီရွံရှာဖွယ် အမှတ်သညာကြီးကို တပည့်တော်တို့ စွန့်ပစ်ရမလားဆိုတော့၊ စွန့်မပစ်လိုက်နဲ့၊ စွန့်မပစ်လိုက်နဲ့။

''အကယ်၍ ဒေါမနဿ ဖြစ်လို့ သူ့ရဲ့ ဆန့်ကျင်ဘက် သောမနဿ ဝင်ခဲ့ယင် 'ရာဂ' ဖြစ်မှာပဲ၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''သောမနဿ ဝင်ခဲ့ယင် ရာဂ ဖြစ်မှာ၊ အဲဒါကြောင့်မို့လို့ ဒေါမနဿ ဝင်လာတဲ့ အချိန်ကျတော့ သူ့ကိုလွှတ်မပစ်နဲ့၊ ဆက်ပြီးတော့ ပွား သွား။

''ဒါဖြင့်ယင် ဘုရား၊ ဒေါမနဿ ဝင်ယင် တပည့်တော်တို့ ဒေါသ ဖြစ်မှာပေါ့လို့ တဘက်က စောဒကဘက် ကပ်လိမ့်အုံးမယ်''

''မှန်ပါ ဘုရား''

''အဲဒီ ဒေါသ ငြိမ်းသွားလိမ့်မယ်၊ တော်ကြာတော့ ကြည့်။

''ယခု သူသည် ဘယ်ရောက်သွားပြီလဲ၊ 'ပဋိကူလသညာ' ခန္ဓာကိုယ် တကိုယ်လုံး ရွံစရာ အစုအဝေးကြီးပဲလို့ သူ သဘောကျနေပြီနော်။ သဘောကျနေတော့လဲ အဲဒီ ရွံစရာ အစုအဝေးကြီး သဘောကျနေတဲ့ အချိန်မှာလဲ ဆက်ပြီးတော့ လွှတ်မပစ်ပဲနဲ့ တဲ့။

''ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော''

''အစဉ်အတိုင်း ဆိုပြီးတော့ နေ၊ သုံးသပ်ပြီးတော့ နေ၊ ၃၂- ကောဋ္ဌာသ ဟို- 'မုတ္တ''ဆိုတဲ့ နောက်ဆုံး 'ကျင်ငယ်'တိုင်အောင် ဆို။

''အဲဒီနောက်ဆုံး ကျင်ငယ်ကနေပြီးတော့ ပြန်ဆင်းလာခဲ့၊ ကေသာ တိုင်အောင် ဆင်းချည် တက်ချည်နဲ့၊ အဲဒီလို အားထုတ်ပြီးတော့ နေယင်း နေယင်းနဲ့ ဟော၊ နောက်တဆင့် သူသည် ဘယ်လို ဖြစ်သွားမလဲ ဆိုယင်တဲ့ ကြည့်-

၁။ အနုပုဗ္ဗ မုဥ္စနတော
၂။ နာတိဒိဃတော
၃။ နာတိ သဏိကတောပိ
၄။ ဝိက္ခေပ ပဋိဗာဟနတော
၅။ ပဏ္ဏတ္တိ သမတိက္က မနတော
၆။ အနုပုဗ္ဗမုဥ္စန တော

ဆိုတာက အစဉ်အတိုင်း ဆိုလာတဲ့ အစီအစဉ်တွေကို သူသည် လွှတ် သွားပြီတဲ့၊

''အဲဆုံး ပြောခဲ့တာက အစဉ်ကို မကျော်နဲ့လို့ ပြောခဲ့တယ်။

''ယခု ၆-ခုမြောက် အချက်ကျတော့ အစဉ် ကျော်သွား၊အစီအစဉ် တွေကို သူ ကျော်လွန်သွားပြီ။

''ကေသာ၊ လောမာ မဟုတ်တော့ဘူး၊ ဟုတ်လား။

''ကေသာ၊ ဒန္တာလဲ ဖြစ်ချင်ဖြစ်နေမယ်''

"မှန်ပါဘုရား"

"ဒီတော့ 'ကေသာ၊ ဒန္တာ'ကနေ 'ဒဿ' ရောက်ချင် ရောက်နေမယ် ပေါ့...."

"မှန်ပါဘုရား"

"အစီအစဉ်တွေ ပြောင်း တိပြောင်းဆန်၊ ကဘောက်တို ကဘောက်ချာတွေဖြစ်ကုန်မယ်၊အဲဒါ ဘာကြောင့် ဖြစ်တာလဲ ဆိုလို့ရှိယင်တဲ့၊ဒါ ဒီလိုရှိတယ်။ ခန္ဓာကိုယ် တကိုယ်လုံးမှာ မိမိတို့ စူးစိုက်မိရာ၊စူ စိုက်မိရာ စိတ်ထဲမှာ အထိခိုက်ဆုံးသော အာရုံမှာ သွားသွားပြီးတော့ မိမိတို့ ရှုကွက်ဟာ ဝပ်နေတယ်၊

**အာရုံစိုက်ရာ ထင်မည်သာ။** ။"ဥပမာ ဆိုကြပါတော့၊ သားကောင်တကောင်ကိုအမြဲတမ်း သတ်ဖြတ်ပြီးတော့ လှီးပြီးတော့ ရောင်းချနေတဲ့ပုဂ္ဂိုလ်တယောက်။

"ဒွတ္တိံသ ကာယ ကမ္မဋ္ဌာန်းပေးတယ်၊ အဲဒီ သားကောင်တွေကို လှီးတဲ့ ဖြတ်တဲ့နေရာမှာ သူသည် စိတ်ထဲမှာ ကြည့်လိုက်တဲ့ အခါကျတော့ ဒီအကောင်ကို လှီးယင်း ဖြတ်ယင်းနဲ့ သူ့စိတ်ထဲက အထိခိုက်ဆုံး အချက်တချက် သူ့မှာ ရှိလိမ့်မယ်။

"ဥပမာ၊ သွေးသံရဲရဲကြီးကို ကြည့်ပြီးတော့ စိတ်ထဲမှာ သူသည် ဟုတ်လား၊ အထိခိုက်ဆုံးလား။ဒါမှမဟုတ် အဆုတ်တွေ၊ အသည်းတွေ၊ နှလုံးတွေ၊ တခုစီ၊ တခုစီ ဖြုတ်တဲ့၊ ခွဲတဲ့၊ လှီးတဲ့နေရာမှာ စိတ်သည် သူသည် အထိခိုက်ဆုံးလား။

"သူ့မှာ တခုခု ရှိတယ်။ အရေခွံ ခွာတဲ့အခါမှာ သူ့စိတ်ထဲမှာ အထိခိုက်ဆုံးလား။ သူ လေ့ကျက်ဖူးတဲ့ အာရုံတခုခု ရှိတယ်။ တယောက်ယောက်မှာ ဒီသတ္တဝါတွေဟာ အာရုံတခုခုတော့ စွဲလမ်းမှု ရှိပြီးသားပါ။

"ဒါမှမဟုတ် ဒီဘဝမှာ ဘာမှ အဲဒီလို စိတ်ထဲမယ် ကိုယ်ခိုက်ခိုက် အာရုံယူဘူးတဲ့၊ ကိုယ်တိုင်လုပ်ဖူးတာ မရှိပင် မရှိငြားသော်လဲပဲ လွန်လေပြီးတဲ့ ဘဝတခုခုက မိမိစူးစိုက်မိရာ၊ တခုခုဟာ ဝါသနာလေးတွေ ပါလာကြတယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အရိုးစုကိုသာလျှင်၊ အကြည့်အရှု၊ အလေ့အလာများတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ 'ဒန္တာ' ဆိုတဲ့ အပုဒ်ရယ်၊ 'အဋ္ဌိ' ဆိုတဲ့ အပုဒ်ရယ် ရောက်ယင် သူသည် ရှေ့ဆက်မရတော့ဘူး။ ဒီနေရာမှာ သူ ငပ်နေတယ်။ နားလည်လား"

"မှန်ပါတယ် ဘုရား"

သွေးနဲ့ပတ်သက်တဲ့ လုပ်ငန်းကို များများစားစား လုပ်ဘူးတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ အဲဒီ သွေးဆိုတဲ့ အနီရောင် အာရုံကို စွဲစွဲမြဲမြဲ ယူခဲ့ဘူးတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့၊ သို့မဟုတ် လုံချည်အနီလေးကို စွဲစွဲလမ်းလမ်း ကြိုက်နေတဲ့ ပုဂ္ဂိုလ်တယောက် အနေနဲ့ပဲ ဆိုပါဦးတော့။ သူသည် 'လောဟိတံ' ဆိုလို့ ရှိယင် ရှေ့တက်မရတော့ဘူး။

"လောဟိတံ၊ ချိပ်ရည်အဆင်း၊ တခွက်ခင်းမျှ ရင်တွင်းဆုတ်ညို့၊ နှလုံးတို့ထက်၊ တစက်စက်ကျ၊ ယကန့်အောက်နေ၊ ကျိုလေးထွေကို၊ စိုစေလျက်၊ စုဝေးသောသွေး၊ ကျဲသောချိပ်ရည်၊ ပံမည်ပိုက်ကျုံး၊ ကိုယ်လုံးနှံ့ရောက်၊ အကြောလျှောက်သော သွေးအားဖြင့်၊ နှစ်ပါးသော သန္နိစိတ၊ သံသရဏ သွေးအစုသည်။ အတ္တဝိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား လို့၊

"အဲဒီ သွေးအပိုဒ်လဲ ရောက်ကရော၊ အနီရောင်ကို အလေ့အကျက်များတဲ့ ပုဂ္ဂိုလ်တယောက် အနေနဲ့၊ ဒီနေရာက သူ ကျော်လို့မဖြစ်တော့ဘူး။

"လောဟိတံ၊ လောဟိတံ– ရှေ့တက်လို့မရဘူး။ အစဉ်တွေ သူ ပျက်ကုန်ပြီ မဟုတ်လား"

"ပျက်ကုန်ပါပြီ ဘုရား"

"ဆံပင်ညှပ်သမားတယောက် ကမ္မဋ္ဌာန်းအားထုတ်ယင် 'ကေသာ' က တက်မှာ မဟုတ်ဘူး၊ ဒါ အလွယ်ဆုံး ပြောတာနော်"

"မှန်ပါဘုရား"

"အရိုးနဲ့ ပတ်သက်တဲ့ လုပ်ငန်း လုပ်ဘူးတဲ့ ပုဂ္ဂိုလ်တယောက် အနေနဲ့ အဋ္ဌိကနေ တက်လိမ့်မည် မဟုတ်ပါ။ ဒီလို မဟုတ်လား"

"မှန်ပါဘုရား"

"အေး– ကျင်ကြီးနဲ့ ပတ်သက်တဲ့ လုပ်ငန်းလုပ်ဘူးတဲ့ ပုဂ္ဂိုလ်တယောက် ဆိုလို့ရှိယင် ဘာတဲ့တုံး။ "ကရီသံ၊ ကရီသံ" ဆိုတဲ့ အပိုဒ်ကျယင် သူ မတက်တော့ဘူး"

"ဒီတော့ ဘာပြောလိုတာလဲတဲ့။ မိမိတို့ လော့ကျက်ဖူးရာ၊ စူးစိုက်မိရာ တခုခုမှာ သွားပြီးတော့ မိမိတို့ရဲ့ ရှုတဲ့ ဉာဏ်ဟာ ဝပ်နေပြီးတော့ ရှေ့မတက်တော့ဘူးတဲ့။ အဲဒီလို ဆိုလို့ရှိယင် ဤပုဂ္ဂိုလ်ဟာ အစဉ်ပျက်သွားပြီ။ ကိုင်း၊ ပျက်သွားတော့ 'မှားသလား ဘုရား' ဆိုတော့ ဘယ့်နှယ်ပြောမလဲ။

**စူးစိုက်ရာမှာ ဆက်ရှုပါ။** ။"အဲဒီလို အစဉ်ပျက်သွားတဲ့ ပုဂ္ဂိုလ် မှားသလား၊ တို့ပရိသတ် ဘယ်လို ယူဆရမလဲ"

"မမှားပါ ဘုရား"

"မမှားဘူးနော်"

"မှန်ပါ ဘုရား"

"မမှားဘူး၊ အဲဒီ စူးစိုက်မိတဲ့ ဥစ္စာကို မလွှတ်ဘမ်း ဖမ်းထားလိုက်တော့ တဲ့။ အဲဒါ 'အနုပဿနာတော' စူးစိုက်မိတဲ့ အာရုံ တခုခုကို မိမိရရ ဖမ်းထားပြီးတော့ အဲဒါကို ဆက်ပြီးတော့ ပွားလေ၊ ဒီလို ဖြစ်တယ်နော်"

"မှန်ပါဘုရား"

"ဒီတော့ယင် စူးစိုက်မိရာ၊ မိမိတို့ ရမိ ရရာ၊ မိမိ ရရာ၊ ဆွဲမိ ရရာ အာရုံ တခုခု၊ စူးစူးစိုက်စိုက်၊ မြဲမြဲမြံမြံ၊ ဆက်ကာ ဆက်ကာ၊ ပွားယင်း ပွားယင်းနဲ့ပင်၊ ဤပုဂ္ဂိုလ်သည် အဲဒီ ကောဋ္ဌာသ တခုပေါ်မှ စိတ်သည် ငြိမ်ပြီးတော့ တခါထဲ သမာဓိ ဝင်သွားရော၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အဲဒါ 'အပ္ပနာ' ရောက်သွားတယ် ခေါ်တယ်၊ သမာဓိ။

**ဆရာတော်ကြီး တပါး။** ။"ဒီတော့ယင် 'အဋ္ဌိက' ကမ္မဋ္ဌာန်း၊ အရိုးစုကမ္မဋ္ဌာန်းစီးဖြန်းဖူးတဲ့ ရှေးရှေးတုန်းက ပုဂ္ဂိုလ်တွေသည် တချို့တချို့ ဆိုလို့ရှိယင် ဘုန်းကြီးတို့ စာပေမှာ တွေ့ခဲ့ဖူးတယ်။

"ဆရာတော်ကြီးတပါး ဆိုလို့ရှိယင် မိမိ ကုဋိထဲမှာ အရိုးစုကြီးကို ကိုင်တွဲနေရာရဲ့ ရှေ့တည့်တည့်မှာ ချိတ်ထားတယ်။

"အဲဒီ ဆရာတော်ကြီးတပါး ကုဋိတက်ယင် တော်တော်နဲ့ မထွက်တော့ဘူး၊ ကျင်ကြီး ဆိုတာလဲ အသုဘ တမျိုးနဲ့ ရှုချင်စရာ ကောင်းတာပဲ၊ ၃၂–ကောဋ္ဌာသမှာ သူလဲ အသုဘ တပါးပဲ။ ဒါပေမယ့် အဲဒါ ကျင်ကြီးကို မရှုနိုင်ဘူး၊ မိမိရဲ့ အဇ္ဈတ္တခေတ်နယ်ဟာ သိပ်ဆန်းကျယ်တယ်။

''မိမိအာရုံဟာ ယူလို့ကို မဖြစ်ဘူး၊ မဖြစ်တော့ အဲဒီ ဆရာတော်ကြီးဟာ ဘယ်နှယ်လုပ်ထားလဲ။ ကျင်ကြီးစွန့်ယင်းနဲ့ ထိုင်တဲ့ ရှေ့တည့်တည့်မှာ အဲဒီ အရိုးစုကြီး ချိတ်ထားတယ်။ ကျင်ကြီးစွန့်ယင်းနဲ့ ထိုင်ပြီးတော့ ဒီအရိုးစုကြီးကို စူးစူးစိုက်စိုက် ကြည့် ကြည့်နေတယ်။

''ကျင်ကြီးစွန့်တာ တခါတလေဆိုယင် ၂–နာရီ၊ ၃–နာရီ ကြာတယ်၊ 'အဋ္ဌိက ကမ္မဋ္ဌာန်း' အားထုတ်နေတာ။ ပြန်ထွက်လာခဲ့လို့ရှိယင် အဲဒီ ထိုင်နေစဉ်က ၁–နာရီ၊ ၂–နာရီ၊ ကျင်ကြီးအိမ်မှာ ထိုင်နေစဉ်က ယူခဲ့တဲ့ အရိုးစုကမ္မဋ္ဌာန်း အာရုံဟာ အပြင်ဘက် ထွက်လာတဲ့ အခါကျတော့ သူ မလွှတ်ဘူး။ အဲဒီ အရိုးစုကြီးကို မျက်စိထဲမှာ၊ အာရုံထဲမှာ ထင်ပြီးတော့၊ ပေါ်အောင် ယူပြီးတော့ လာခဲ့တယ်။ မိမိ ကျောင်းပေါ် ပြန်ရောက်တော့လဲ ဒါကို ဟုတ်လား၊ အာရုံပြု နှလုံးသွင်းပြီးတော့ နေတယ်၊

''နောက်တော့ အလေ့အကျင့် များလာတဲ့ အခါကျတော့ အနည်းဆုံး ၅–လလောက် လေ့ကျင့်ယူရတယ်။ အဲဒါ ၆–လလောက် လေကျင့်ယူရတယ်။ ၆–လလောက် လေ့ကျင့်မိလို့ တကယ် စူးစူးစိုက်စိုက်၊ မှန်မှန်ကန်ကန်လဲ လုပ်ဖြစ်တယ်ဆိုယင် ဤပုဂ္ဂိုလ့်အတွက် တော်တော်ကြာကျတော့ ရှေ့မှာ လူတယောက် ခြေလှမ်းပြီးတော့ လာနေတာကိုပင်လျှင် သူ့စိတ်ထဲ ဘယ်လို ဖြစ်နေတုံး''

''အရိုးစု ထင်နေပါတယ် ဘုရား''

''အေး၊ အရိုးစုကြီး တဂျောက်ဂျောက်နဲ့ လာနေတာပဲ မြင်နေတယ်၊ ပကတိ အသားတွေ၊ အသွေးတွေ၊ ခန္ဓာကိုယ်ရဲ့ အရိုး၊ အဆစ်တွေ အကုန်လုံး ပျောက်ပြီးတော့ အရိုးကြီး တစုလိုက်၊ အစုလိုက်နဲ့ တဂျောင်းဂျောင်းနဲ့ လာနေတာ သူ မြင်ရတယ်။

''ဘယ်လောက်လှတဲ့ ပုဂ္ဂိုလ်တယောက်ကို ဖြစ်ဖြစ်၊ ကြည့်လိုက်လို့ရှိယင် 'သုဘနိမိတ်' အနေနဲ့ တင်တယ်တဲ့ နိမိတ် သူ မယူတော့ဘူး။ 'အဋ္ဌိကသညာ' ပဲ သူ ထင်တယ်၊ ဒါ သူ အရိုးကို လေ့လာထားလို့။

**တွင်းပြင် နှစ်ဝ ရှုပွားကြ။** ။''ဒီတော့ မိမိရဲ့ ခန္ဓာကိုယ်ကြီးကို ဉာဏ်စိုက်ပြီးတော့ ကြည့်လိုက်တဲ့ အခါမှာလဲပဲ၊ အဇ္ဈတ္တခန္ဓာကိုယ်ဉာဏ်သွင်း ကြည့်လိုက်တဲ့အခါမှာလဲပဲ၊ ဤပုဂ္ဂိုလ်အတွက် ဘာ ထင်မလဲ''

''အရိုးစုပဲ ထင်ပါတယ် ဘုရား''

"အရိုးစုပဲ ထင်တယ်။ ဗဟိဒ္ဓခန္ဓာကိုယ်တွေကို ဉာဏ်စိုက်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာလဲပဲ"

"အရိုးစုပဲ ထင်ပါတယ် ဘုရား"

"ဒီအရိုးပဲ ထင်တယ်"

"အဇ္ဈတ္တံ ဝါ၊ ကာယေ၊ ကာယာနုပဿီ ဝိဟရတိ ဗဟိဒ္ဓါ ဝါ၊ ကာယေ၊ ကာယာနုပဿီ ဝိဟရတိ"

"ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အဇ္ဈတ္တမှာလဲ ကာယာနုပဿနာ၊ ဗဟိဒ္ဓမှာလဲ ကာယာနုပဿနာ။ အဲဒီလို ထင်ရမယ်၊ ကိုယ်တွင်းမှာလဲ ဤအတိုင်းထင်၊ အပြင် ဗဟိဒ္ဓ ပုဂ္ဂိုလ်တွေ ကြည့်ပြန်တော့လဲ ဤအတိုင်း ထင်ရမယ်။

"မိမိတို့ရဲ့ ကိုယ်တွင်းက ရုပ် နာမ်တွေကို ဖြစ် ပျက် မြင်ခဲ့ယင် ဗဟိဒ္ဓရုပ်နာမ်တွေ ကြည့်လိုက်တဲ့အခါကျတော့လဲ ဖြစ် ပျက် ဒီအတိုင်း မြင်ရမှာ။ မိမိကိုယ်ကြီးကိုတော့ ဖြစ်ပျက် မြင်ပြီးတော့ ဗဟိဒ္ဓ ရုပ်နာမ်တွေ ဖြစ်ပျက် မမြင်ခဲ့ယင် ဗဟိဒ္ဓ ရုပ်နာမ်ဆိုတော့ ဟုတ်လား၊ ဗဟိဒ္ဓ နာမ် တရားတော့ ကြည့်လို့မရဘူးပေါ့။

"သူတပါးရဲ့ နာမ်ကိုတော့ မိမိက ဒီက လှမ်းကြည့်လို့ မရဘူး"

"မှန်ပါဘုရား"

"မျက်စိနဲ့ မြင်ကောင်းတဲ့ ဗဟိဒ္ဓရုပ်တရားတွေရဲ့ အပေါ်မှာတော့ မိမိခန္ဓာကိုယ်တွင်းမှာ ဖြစ်ပျက် မြင်သလိုပဲ၊ ဗဟိဒ္ဓ ရုပ်တွေပေါ်မှာလဲ ဖြစ်ပျက်က မြင်ရမယ်၊ ဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

"မည်သည့် သခ်တ တရားကိုမဆို၊ ယောဂီပုဂ္ဂိုလ်သည် ရှုလိုက်လို့ ရှိယင် ရှုလိုက်တိုင်း၊ ရှုလိုက်တိုင်း မြင်ရမယ်လို့ အဲဒါကို မှတ်ထားပါ။ ဒါကြောင့် မြတ်စွာဘုရားကပင်လျှင်၊ မြတ်စွာဘုရားကိုယ်တိုင်ပင်လျှင် ဤ သတိပဋ္ဌာနသုတ္တန်မှာ....

"အဇ္ဈတ္တံ ဝါ ကာယေကာယာ နုပဿီ ဝိဟရတိ၊
ဗဟိဒ္ဓါ ဝါ ကာယေကာယာ နုပဿီ ဝိဟရတိ၊
အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေကာယာ နုပဿီ ဝိဟရတိ။

"အဇ္ဈတ္တရော၊ ဗဟိဒ္ဓ ၂—မျိုးလုံးမှာ ကာယနုပဿနာ ထင်ပြီးတော့ ရှုလေ၊ လို့ ဘုရားက မှာတော်မူခဲ့တယ်နော်"

"မှန်ပါ ဘုရား"

"သမုဒယဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊
ဝယဓမ္မာ နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊ တဲ့။

"အဲဒီ 'အဇ္ဈတ္တ၊ ဗဟိဒ္ဓ' ၂–ပါးလုံးမှာ 'သမုဒယ၊ ဝယ' ၂–ခုလုံး မြင်အောင်ကြည့်၊ မပြောဘူးလား"

"ပြောပါတယ် ဘုရား"

**ဖြစ်တာမှန်က ကုန်ပျက်ရ။** ။"ဒါကြောင့် တို့ယောဂီ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ သမ္မသန ဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင် သုံးသပ်ကြတဲ့အခါမှာ နံပတ် (၁) ပထမဦးစွာ 'အဇ္ဈတ္တ'ကို ပိုင်အောင် သုံးသင်လေ၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အဇ္ဈတ္တ ပိုင်ပိုင်နိုင်နိုင် မြင်သွားယင် ဗဟိဒ္ဓ ကိုလဲပဲ ဤနည်းအတိုင်း မြင်အောင် သုံးသပ်နိုင်ရမှာပဲ။ ဒါမှ အဇ္ဈတ္တ၊ ဗဟိဒ္ဓ ၂–မျိုးလုံး ပိုင်၊ သင်္ခတ တရား အကုန်လုံး ပီပီပြင်ပြင် သဘောကျတယ် နော်။

"ဒါကြောင့် 'ဓမ္မ စက္က ပဝတ္တန' သုတ္တန်ပြောတဲ့ ဘုရားရှင် တရားဦး မှာ ဆိုယင်တဲ့။

"ယံကိဉ္စိ၊ သမုဒယဓမ္မံ၊ သဗ္ဗံတံ နိရောဓ ဓမ္မံ၊

"ယံကိဉ္စိ၊ ရှိရှိသမျှ သင်္ခတ တရားတို့ရဲ့။ ဥဿုံ၊ အလုံးစုံသည်။ သမုဒယဓမ္မံ၊ အကြောင်းကိုစွဲ၍ ဖြစ်တဲ့သဘောရှိ၏၊တံသဗ္ဗံ၊ထိုအကြောင်း ကို စွဲပြီးတော့ဖြစ်တဲ့ တရား။ ဥဿုံ၊ သင်္ခတ တရား။ ဥဿုံ၊ အလုံးစုံသည်။ နိရောဓ ဓမ္မံ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏၊

"ဖြစ်လာတဲ့တရား အကုန်လုံးဟာ ပျက်စီးတဲ့သဘော ရှိတယ်လို ဒုက္ခသစ္စာ အနေအားဖြင့် ဖြစ်ပျက်ကို ပိုင်ပိုင်ကြီး သူ မြင်သွားတယ်။

"ဒီတော့ 'ယံကိဉ္စိ' ဆိုတဲ့ စကားဖြင့် 'အဇ္ဈတ္တ၊ ဗဟိဒ္ဓ အကုန်လုံး သင်္ခတ တရား' တွေကို သိမ်းကျုံးပြီးတော့ ထည့်ထားတယ်နော်"

"မှန်ပါဘုရား"

"ယံ ကိဉ္စိ ဆိုတဲ့ အပိုဒ်သည် မှတ်ထား၊ ရှိရှိသမျှ သင်္ခတ တရား ဥဿုံ အလုံးစုံ ထည့်ပြီးတော့ ထားတယ်၊ ဗိုပြီးတော့ မသေချာဘူးလား၊ နောက်နားက တပိုဒ်ကြည့်။

"သဗ္ဗံတံ နိရောဓ ဓမ္မံ" တဲ့။ သဗ္ဗံ၊ အလုံးစုံတဲ့၊ ကျန်သေးလား"

"မကျန်တော့ပါ ဘုရား"

"တိုပရိသတ်၊ သခ်ီတ တရားတွေ ကျန်သေးလား"

"မကျန်တော့ပါ ဘုရား"

"ယောဂီရဲ့ အမြင်မှာ သခ်ီတ တရား တစိတ်ဘဒေသ ကျန်နေသေးတယ်လို့ မရှိရဘူး။

"အဲဒီလို ရှုနိုင်ရမှာ"

"မှန်ပါ့ဘုရား"

"သဗ္ဗံ တံ နိရောဓ ဓမ္မံ။

"တံ သဗ္ဗံ၊ ထိုရှိရှိသမျှ သခ်ီတဘာရား ဥဿုံ၊ အလုံးစုံသည်။ နိရောဓ ဓမ္မံ၊ နောက်ဆုံးကျတော့ ပျက်တာပဲ၊

"တခါထဲ ဉာဏ်ထဲမှာ အဲဒီလိုဖြစ်ပျက်ကို ပိုင်ပိုင်ကြီး မြင်သွားအောင် 'အဇ္ဈတ္တ၊ ဗဟိဒ္ဓ'၊

"ဒါက စကားညှပ်ပြီးတော့ ပြောလိုက်တာ၊ ယခုနက ပြောခဲ့ပြီးတဲ့ 'အနုပုဗ္ဗ မုဋ္ဌနတော' အစဉ်အတိုင်း လွတ်ပြီးတော့ သွားတယ်၊ အစဉ်ကိုကျော်လွန်ပြီး သွားတယ် ဆိုတာကနော်၊ စူးစိုက်မိရာ ကောဋ္ဌာသ တပါးပါးမှာ စိတ်ဘည်ငြိမ်ပြီးတော့ ဤဘုဂ္ဂိုလ် ကျရောက်သွားပြီ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အဲဒီလို စူးစိုက်မိရာ အာရုံတခုခု၊ ကောဋ္ဌာသ တခုခုပေါ်မှာ စိုက်ပြီးတော့ ကျသွားတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ အာရုံဟာ ဘာလဲ။ ခုနက ပြောထားတယ်။ မေ့မပစ်နဲ့ 'ပဋိကူလသညာ' မေ့မပစ်နဲ့၊ ဘာတဲ့တုံး"

"ပဋိကူလသညာပါ ဘုရား"



ဝိဇယသုတ္တန်တရားတော်  ဆဋ္ဌမပိုင်း  ၂

## ဝိဇယသုတ္တန်တရားတော် ဆဋ္ဌမပိုင်း ၂

**ပဋိကူလ မနသိကာရ။** ။"ပဋိကူလသညာ၊ ပါဠိစကား၊ ပရိသတ်များ ဘာတဲ့လဲ"

"ပဋိကူလသညာပါဘုရား"

"ပဋိကူလသညာ၊ စက်ဆုပ် ရွံရှာစရာ ကောင်းတယ်ဆိုတဲ့ အမှတ်သညာ ရနေပြီနော်"

"မှန်ပါဘုရား"

"ကောဋ္ဌာသ အကုန်လုံးပေါ် ခြုံပြီး ရတာမဟုတ်ဘူး။ မိမိအာရုံထဲမှာ အထင်ရှားဆုံး၊ မိမိ အစူးစိုက်ဆုံး ကောဋ္ဌာသပေါ်မှာ ရတာ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"အေး....အဲဒါ မှတ်ထား။

"မိမိ အစူးစိုက်မိဆုံးသော ကောဋ္ဌာသပေါ်မှာ ရလာတော့ 'ပဋိကူလသညာ' ကောင်းစွာထင်လာပြီ တဲ့။ ဒါဖြင့် ဤပုဂ္ဂိုလ် ဘယ်လိုလုပ်မလဲ။ အဲဒီ ထင်လာတဲ့ ပဋိကူလသညာကို လွှတ်မပစ်နဲ့၊ အဲဒါကို ဆက်ပြီးတော့ ပွားလေ။ အရိုးကို စူးစိုက်မိတယ် ဆိုလို့ရှိယင် "အဋ္ဌိ၊ အဋ္ဌိ၊ အဋ္ဌိ" ဒါလေးပဲ ဆက်ပြီးတော့ ပွားနေ၊ မလွှတ်နဲ့တဲ့"

"မှန်ပါဘုရား"

**အာရုံ ၃-မျိုး တက်ရိုး ၃-လီ။** ။"ဒီပေါမှာ ဘူ သမာဓိ ဝင်သွားတယ် နော်"

"ဝင်သွားပါတယ် ဘုရား"

"အဲဒီလို 'အဋ္ဌိသညာ' နဲ့ ဆက်ကာ ဆက်ကာ ပွားသွားတဲ့ ယောဂီ ပုဂ္ဂိုလ်သည် တဲ့။ ဤနေရာမှာ ရှေ့မှာ တက်လမ်း၊ သူ့မှာ ၃-ခုရှိတယ်။ တက်လမ်း ၃-ခုရှိတယ်၊ ဒီနေရာမှာ အာရုံလဲ ၃-မျိုး ထင်လာလိမ့်မယ်။ အာရုံ ဘယ်နှစ်မျိုးတဲ့"

"၃-မျိုးပါ ဘုရား"

"၃-မျိုးတဲ့၊ တို့ပရိသတ် အာရုံ ၃-မျိုး။

"အာရုံ ၃-မျိုးဖြစ်ရန်အတွက် တက်လာတဲ့ အစီအစဉ်ကလဲ ၃-မျိုး တက်သွားတယ်။

"သူ စတင် သုံးသပ်ခဲ့တုန်းကတော့ 'ကေသာ၊ လောမာ' ကနေပြီးတော့ ၃၂-ခု ဆိုယင်း ဆိုယင်းနဲ့ အရိုးပေါ် စူးစိုက်မိလို့ပဲ ဆိုပါတော့နော်။

"အရိုးပေါ်မှာ စိတ်ကျပြီးတော့ သွားတော့ "အဋ္ဌိ၊ အဋ္ဌိ၊ အဋ္ဌိ" လို့ လုပ်နေယင်းနဲ့ အရိုးရဲ့အကြောင်း ကောင်းစွာ သဘောကျပြီးတဲ့ အခါကျတော့ အရိုးပေါ် စိတ်က မပြေးတော့ဘူးတဲ့၊

"အဲဒီအပေါ်ကနေ စိတ်သည် မလွင့်တော့ပဲနဲ့ ငြိမ်ပြီးတော့ ရွံရှာဖွယ် အမှတ်သညာထင်၍ နေပြီ။

"နံပါတ် ၁- ဘာထင်နေလဲ"

"ရွံရှာဖွယ် အမှတ်သညာ ထင်ပါတယ် ဘုရား"

"ရွံရှာဖွယ် အမှတ်သညာ ပဋိကူလ ထင်၍နေပြီ၊ နံပါတ် ၁၊ 'နံပါတ် ၂-အရောင်' တွေ၊ နံပါတ် ၂-က ဘာတွေထင်လဲ"

"အရောင်တွေပါ ဘုရား"

"အရောင်တွေ ထင်လာလိမ့်မယ်။

"နံပါတ် ၃-ကျတော့ 'ဓာတုတော' တဲ့၊ ဓာတ်အနေအားဖြင့် ထင်လာတယ်။ နံပါတ် ၃-က ဘာထင်လဲ"

"ဓာတ်အနေအားဖြင့် ထင်ပါတယ် ဘုရား"

"ဓာတ်အနေအားဖြင့် ထင်မယ်"

"နံပါတ် ၁–ရွှေရှာဖွယ်ထင်တယ်၊ နံပါတ် ၂–က အရောင်ထင်တယ်။ နံပါတ် ၃–ကျတော့ ခေတ်အနေအားဖြင့် ထင်တယ်"

"ဒီတော့ ခေတ်အနေအားဖြင့်ထင်တဲ့ ပုဂ္ဂိုလ်ဟာ "ဝိပဿနာ" ချက်ချင်းတက်မယ်။ ရွှေရှာဖွယ်ထင်တဲ့ ပုဂ္ဂိုလ်ကျတော့ ပဋိက္ကူလသညာဆိုတဲ့ အသုဘကမ္မဋ္ဌာန်းကြီးမှာ သူ ထင်နေပြီဖြစ်၍၊ အဲဒီ မိမိရရ လက်ဆုပ်လက်ကိုင်၊ ပိုင်ပိုင်မိမိ၊ မိမိရထားတဲ့ ကောဋ္ဌာသ တပါးကို အရိုး ဆိုပါတော့။

"အဲဒီ အရိုးဆိုတဲ့ ကောဋ္ဌာသ တပါးကိုဆက်ပြီးတော့ ပွားယင်း ပွားယင်းနဲ့ ဒီအသုဘသညာကြီး မလွတ်ပဲနဲ့ ပွားယင်း ပွားယင်းနဲ့ သူသည် 'အပ္ပနာဇော'လို့ ခေါ်တဲ့ သမာဓိ ကောင်းစွာ ဝင်သွားယင်တဲ့၊ သူ့အတွက် အမြင့်ဆုံး တက်လမ်းဟာ ပထမဈာန်ပဲ ရမယ်တဲ့နေ၍ မှတ်ထား။

"ဘာမှ ခက်ခက်ခဲခဲ မလုပ်ရဘူး၊ အဲဒါက–

"၃၂–ကောဋ္ဌာသကို ဟုတ်လား။ တို့ပရိသတ် ခြုံပြီးတော့ အမြန်မြန် အလှန်လှန် သုံးသပ်နေ။ စိတ်စိုက်မိရာ တခုခုကို မိအောင်ဖမ်းထား၊ လိုရင်းကလေးက၊စိတ်စိုက်မိရာ တခုခုလို မိအောင်ဖမ်းထား။

"အဲဒီ မိထားတဲ့ စိတ်ထဲ မိရာကောဋ္ဌာသ တခုခုကို ဆက်ကာ၊ ဆက်ကာ၊ ဆက်ကာ၊ ဆက်ကာ၊ သုံးသပ်သွားယင်းနဲ့ ဒီပေါ်မှာ စက်ဆုပ် ရွံရှာတဲ့ အမှတ်သညာကြီး ပေါ်လာ။

"အဲဒီ စက်ဆုပ် ရွံရှာမှုကြီးကိုပင်လျှင် ထပ်ခါ ရွံစရာကောင်းတဲ့ ပဋိက္ကူလသညာကြီးပဲ၊ ရွံစရာကောင်းလိုက်တာလို့၊ ဆက်ကာ၊ ဆက်ကာ နှလုံးသွင်းယင်း သွင်းယင်းနဲ့ သူ့မှာ ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဆိုတဲ့ နီဝရဏတွေ တခါထဲ ဝင်သွားပြီးတော့၊ အဲဒီနေရာမှာ သမာဓိ ကောင်းစွာရပြီးတဲ့ အခါကျတော့ သူသည် ပထမဈာန်ဖြစ်တယ်တဲ့။

**ဈာန်အင်္ဂါ ၅-ပါး။** ။"ပထမဈာန်ဆိုတာက၊ ဝိတက်ရယ်၊ ဝိစာရရယ်၊ ပီတိရယ်၊ သုခရယ်၊ ဧကဂ္ဂတာရယ်၊ ဒီ ၅–ပါး လက်ကိုင်ထားရတာ။

"ဝိတက်ဆိုတာက ဘာလဲဆိုယင်၊ အဲဒီ ရွံရှာဖွယ် ပဋိက္ကူလသညာကြီးကို စွဲစွဲမြဲမြဲ မိမိ အာရုံပေါ်ရောက်အောင်'တင်'ယူလိုက်တာက'ဝိတက်' ဝိတက်က တင်ယူလိုက်တာ။

"ဝိစာရက ရောက်လှာတဲ့ အဲဒီ ရှုရှာဖွယ်ကြီးကို ဆင်ခြင်ပြီးဟော့ နေတယ်၊ ဟုတ်လား"

"မှန်ပါဘုရား"

"ဝိတက်က ဘာလုပ်လဲ၊ အာရုံကို တင်ယူဘယ်၊အဲဒီအသုဘကမ္မဋ္ဌာန်း အာရုံကြီးကို မိမိဉာဏ်ထဲရောက်အောင် တင်ပြီးတော့ ယူတယ်။ မိမိစိတ်ထဲ ရောက်အောင် ဆွဲပြီးတော့ ယူတယ်ဆိုတာက ဝိတက်က လုပ်တာ၊ ကြံစည် ခြင်း။

"ရောက်လာယင် သူက စဉ်းစားခြင်း၊ တွေးတောခြင်း၊ ကြံစည်ခြင်း ဆိုတဲ့ ဝိစာရလေးက ဆက်ပြီးတော့ သုံးသပ်နေတယ်။ သုံးသပ်ဖန်များယင် အဲဒီပေါ်မှာ စိတ်သည် ငြိမ်သွားတယ်။ ငြိမ်သွားတာ သမာဓိ မဟုတ် လား"

"မှန်ပါဘုရား"

"ဟော....ဝိတက်၊ ဝိစာရ၊ သမာဓိ၊ ငြိမ်ပြီးတော့ စိတ်ကလေး ဒီပေါ်မှာ ကျရောက်သွားပြီလဲ ဆိုရော၊ နီဝရဏခေါ်တဲ့ တရားဆိုးတွေက လွင့်ထွက်သွားတယ်။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"နီဝရဏ တရားဆိုးတွေ လွင့်ထွက်သွားယင် တို့ပရိသတ် စိတ်က လေးက အေးပြီးတော့ ဒီနေရာမှာ သမာဓိရဲ့စွမ်းရည်ဖြင့် –

ကာမစ္ဆန္ဒ

ဗျာပါဒ

ထိနမိဒ္ဓ

ဥဒ္ဓစ္စ ကုက္ကုစ္စ

နီဝရဏ တရားဆိုးတွေ လွင့်စဉ်၍ သွားတဲ့အတွက်ကြောင့် စိတ် ကလေးဟာ အေးပြီးတော့၊ကြည်ပြီးတော့ အဲဒီအချိန်မှာ ပီတိနဲ့ သောမနဿ ဖြစ်လာတယ်။

"ဘယ်လောက် အံ့ဩစရာကောင်းတဲ့ အာရုံလဲဆိုတာ ကြည့်ပါ။ ယူထားတာက အသုဘကြီး။ အဲဒီ အသုဘကမ္မဋ္ဌာန်း အာရုံပေါ်မှာ သမာဓိ ဝင်သွားလိုက်တဲ့ အတွက်ကြောင့် နီဝရဏ ကင်းပြီးတော့ ပီတိနဲ့ သောမနဿ ဖြစ်လာတယ် ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ကိုင်း– ဘယ်မှာလဲ ဒေါမနဿ၊ ပြေးပြီ မဟုတ်လား"

"ပြေးပါပြီ ဘုရား"

"အသုဘ အစုအဝေးကြီးမှာပင်လျှင် သမာဓိ ကောင်းစွာဝင်ခဲ့ယင် တို့ပရိသတ် နိဝရဏစင်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"သမာဓိ ကောင်းစွာဝင်ယင် ဘာဖြစ်မယ်"

"နိဝရဏ စင်ပါတယ် ဘုရား"

"တို့ပရိသတ် ဘာဖြစ်မယ်"

"နိဝရဏ စင်ပါတယ် ဘုရား"

"နိဝရဏစင် ဟုတ်ပြီလား"

"မှန်ပါဘုရား"

"နိဝရဏစင်ယင် ပီတိ၊ ပဿဒ္ဓိဝင်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဒေါမနဿ ရှိသေးလား"

"မရှိတော့ပါ ဘုရား"

"အရုပ်ထဲ ခွေးသေကောင်ပုပ်မြင်တော့ စိတ်ထဲ မချမ်းသာဘူး။ ဒေါမနဿ နော်"

"မှန်ပါဘုရား"

"ကမ္မဋ္ဌာန်း အာရုံထဲက ရလာတဲ့ အသုဘကြီးကျတော့ သမာဓိသဲ ဝင်သွားရော၊ နိဝရဏစင်ပြီးတော့ ပီတိ ပဿဒ္ဓိဝင်လာပြီးတော့ စိတ်တွေ အေးသွားတယ်တဲ့၊ သောမနဿဝေဒနာ ဖြစ်တယ်။

**အသုဘမှာ ပထမဈာန်သာ။** ။"ဒါဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့ ဈာန်အဆင့်အတန်း က ပထမဈာန်ပါပဲတဲ့၊ အသုဘကနေ ပါသွားတဲ့ ပထမဈာန်၊ ဒါ အလွန်ဆုံးပဲ၊ ရှေ့တက်လို့ သူမရဘူး၊ ဘာဖြစ်လို့လဲ၊ အဲဒီ အသုဘ အာရုံဆိုတာက အလွန်ယုတ်ကြမ်းတဲ့ အာရုံတဲ့၊ တတိယဈာန်သို့ တက်လို့မရဘူးတဲ့ နော်"

"ကြမ်းတမ်းတဲ့ အာရုံ ဖြစ်နေတဲ့အတွက်ကြောင့် ဒုတိယဈာန်၊ တတိယဈာန်သို့ တက်လို့ မရဘူးတဲ့ နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် ၃၂-ကောဋ္ဌာသ၊ ဒွတ္တိံသ ကာယကမ္မဋ္ဌာန်း စီးဖြန်းယင်း၊ စီးဖြန်းယင်းနဲ့ ဤပုဂ္ဂိုလ်သည် အသုဘသညာ ကောင်းစွာ ရလာခဲ့

လျှင်၊ ပဋိကူလသညာ ရှု ရှာဖွယ် အမှတ်သညာ ကောင်းစွာ ရလာခဲ့ယင် ရလာတဲ့ အာရုံကို စွဲမြဲစွာ သုံးသပ်ခြင်းဖြင့် သမာဓိ ကောင်းစွာဝင်ယင် နိဝရဏ စင်ပြီးတော့ ပ,ထမဈာန် အမြင့်ဆုံး ရမယ်တဲ့။

"အဲဒါ ပဋိကူလသညာကနေ တက်သွားတာ ပထမဈာန် အဆုံး၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ကိုင်း— နောက်ပုဂ္ဂိုလ် တယောက်ကျတော့ ဘယ်လိုတွေ့မလဲ၊ အရောင်တွေ့မယ် ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဤပုဂ္ဂိုလ်သည် သုံးသပ်ယင်း၊ သုံးသပ်ယင်းနဲ့၊ "ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ။ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။

"သုံးသပ်ယင်း သုံးသပ်ယင်းနဲ့ သူသည် တဖြည်းတဖြည်းနဲ့ စူးစိုက်မိသွားတယ်။ တနေရာရာမှာ။ ဥပမာ လောဟိတံမှာ သွားစိုက်မိတယ် ဆိုပါတော့။

"လောဟိတံ၊ ချိပ်ရည်အဆင်း၊ တခွက်ခင်းမျှ၊ ရင်တွင်းဆုတ်ညို့၊ နှလုံးတို့ထက်၊ တစက်စက်ကျ၊ ယကနအောက်နေ။ ဤလေးထွေကို၊ စိုစေလျက်၊ စုဝေးသော သွေး၊ ကျဲသောချိပ်ရည်၊ ပမည်ပိုက်ကြုံး။ ကိုယ်လုံးနှံ့ရောက်။ အကြောလျှောက်သော သွေးအားဖြင့် နှစ်ပါးသော သန္တိစိတ္တ သံသရဏ သွေးအစုသည်၊ အတ္တတံဝိဇ္ဇတ္တိ၊ ငါ့ကိုယ်ထဲ ရှိနေပါပေါ့ တကား လို့၊ သွေး ဆိုတဲ့ လောဟိတက ကောဋ္ဌာသမှာ စိတ်ခိုက်မိသွားယင် ရှေ့တက် မရတော့ဘူး။

**အရောင် ၄—မျိုး။** ။"ဒါဖြင့် ဤပုဂ္ဂိုလ်သည် အဲဒီ လောဟိတကို ဆက်ပြီး တော့ ပွားယင်း ပွားယင်း ပွားယင်းနဲ့၊ အားထုတ်ယင်းနဲ့ သူသည် ဘာဖြစ်လာမလဲ ဆိုတော့ ခုနက ပြောတဲ့ နည်းအရဆိုယင် ပဋိကူလသညာ ရှု ရှာဖွယ် အမှတ်သညာ ရချင်ရ။ အဲဒီ ရှု ရှာဖွယ် အမှတ်သညာ မရပဲနဲ့တဲ့၊ ဒုတိယနည်းက ဘာဖြစ်လာမှာလဲ ဆိုတော့ အရောင် မြင်လာတယ်တဲ့။ တို့ပရိသတ်များ၊ ဘာမြင်လာတာလဲ"

"အရောင် မြင်လာပါတယ် ဘုရား"

"အရောင် မြင်လာတတ်တယ်၊ အရောင်အလင်းတွေ မြင်လာတတ်တယ်။ 'အဲဒီ မြင်လာတဲ့ အရောင်က ဘယ်နှစ်မျိုးတုံးဘုရား' ဆိုလို့ ရှိယင် အရောင်က ဘယ်နှစ်မျိုးတုံး ဆိုလို့ ရှိယင် ၄–မျိုးတဲ့။

"တို့ပရိသတ် အရောင်က ဘယ်နှစ်မျိုး"

"၄–မျိုးပါ ဘုရား"

"၄–မျိုး ရှိပါတယ်"

(၁) "နီလ တဲ့၊ ပါဠိစကားနဲ့ ညိုဘဲ့အရောင်။ ညိုတာနဲ့ မည်းတာနဲ့ တွဲထားလိုက်နော်"

"မှန်ပါ ဘုရား"

"ညိုမှောင်တဲ့ အရောင်၊ ညိုမည်းတဲ့အရောင် 'နီလ'။

(၂) "နောက်တခါ 'ပီတ' တဲ့၊ ဝါတဲ့အရောင်။

(၃) "လောဟိတ တဲ့၊ နီတဲ့ အရောင်ရယ်။

(၄) "ဩဒါတ တဲ့၊ ဖြူတဲ့အရောင်ရယ်၊ ဘယ်နှစ်မျိုးတုံး"

"၄–မျိုးပါ ဘုရား"

"ညိုတဲ့ အရောင်၊ ဝါတဲ့ အရောင်၊ နီတဲ့ အရောင်၊ ဖြူတဲ့ အရောင် ဆိုပြီးတော့ အရောင်အဆင်း ဘယ်နှစ်မျိုး"

"၄–မျိုးပါ ဘုရား"

"အဋ္ဌိ ဋ္ဌမသိ ကာယေ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစောလို့ သုံးသပ်ယင်း သုံးသပ်ယင်းနဲ့ ဤပုဂ္ဂိုလ်ကျတော့ ရှုရှာဖွယ် အမှတ်သညာ ကြီး မတွေ့ဘူး တဲ့။

"အဲဒီ အရောင် ၄–မျိုး၊ တမျိုးမျိုးတွေ့မယ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဤပုဂ္ဂိုလ်က အရောင် ၄–မျိုး၊ တမျိုးမျိုး တွေ့မယ်၊ သူက လမ်းတလမ်း ခွဲထွက်သွားတယ်။

"ဒီနေရာမှာ ကမ္မဋ္ဌာန်းဆရာလုပ်တဲ့ ယောဂီ၊ ယောဂီကို ထိန်းသိမ်းစောက်ရှောက်နေတဲ့ ကမ္မဋ္ဌာန်းဆရာ လုပ်တဲ့ ပုဂ္ဂိုလ်က အလွန်တရာ အရေးကြီးသည်။

"မင်း ငါမေးတာ ၃၂–ကောဋ္ဌာသ၊ အသုဘ ၃၂–ကောဋ္ဌာသ အားထုတ်ယင် ပဋိကူလသညာ၊ ရှုရှာဖွယ်သာ ထင်ရမယ် လို့ သူက တထစ်ချ မှတ်ထားတယ်။

"ဒီအရောင်တွေ ဒီလိုဖြစ်တတ်တယ်ဆိုတာကို သိမထားခဲ့ယင်၊မင်းဟာ မှားနေပြီ၊ ပြန်လုပ် ဆိုလို့ရှိယင် အစကနေ ပြန်ပြီးတော့ လုပ်ပြန်ရော။

"ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော–ဟာ တော်တော်ကြာ သူ့အရောင်တွေပဲ တွေ့နေပြန်ပြီ၊ ရှေ့တက်လို့ မရတော့ဘူး။

"ဟာ၊ မှားနေပြန်ပြီ၊ ပြန်လုပ်၊ ဒီနေရာ ကျတတ်လို့ မရပြန်ဘူး။

"ကိုင်း၊ အဲဒီနေရာမှာ ဤနည်းကို သိမထားခဲ့ယင် ဤနေရာမှာ တခါတဲ ရှေ့တက်လို့ မရပဲနဲ့ ဒုက္ခဖြစ်ကုန်ကြတယ်။

"ဒီတော့ယင် ဒီနေရာမှာ အဋ္ဌကထာ ဘာပြောတုံး ဆိုလို့ရှိယင် အရောင် ၄–မျိုး တမျိုးမျိုး ထွက်လာလိမ့်မယ်။

"နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ။

"တို့ပရိသတ်၊ ကသိုဏ်း ၁၀–ပါး ဆိုတာ ကြားဖူးကြလိမ့်မယ်"

"ကြားဖူးပါတယ် ဘုရား"

"သင်ဖူးတဲ့ ပုဂ္ဂိုလ်တွေ ရှိမယ်။ ကြားဖူးတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိမယ်။

"နီလကသိဏ၊

"ပီတကသိဏ၊

"လောဟိတကသိဏ၊

"ဩဒါတကသိဏ၊

"အာကာသကသိဏ စသည်ဖြင့် ကသိုဏ်း ၁၀–ပါး ရှိတယ်။

"ပထဝီကသိုဏ်းက စပြီးတော့လေ"

"မှန်ပါဘုရား"

**နီလကသိုဏ်း။** ။"အဲဒီ ကသိုဏ်း ၁၀–ပါးထဲမှာ နီလကသိုဏ်း၊ ဟော၊ အညိုရောင် အဝိုင်းလေးကို စိုက်ကြည့်တဲ့ ကသိုဏ်းဆိုတာ ရှိတယ်။

"ဥပမာ၊ ပိတ်ကလေး ဟုတ်လား။ တပေပတ်လည်လောက် အဝိုင်း ကလေး၊ မျက်နှာပြင် ညီနေအောင် ပိတ်ဝိုင်း လေးဝိုင်း၊ ဘေးက ကွင်း ကလေးနဲ့ ကြိမ်ကွင်းကလေးနဲ့ တပ်ပြီးတော့ အညိုရောင်ကလေး။

"အဲဒီ မျက်နှာပြင်ညီ ချောမွတ်နေတဲ့ အဲဒီ အညိုရောင် ပိတ်အဝိုင်း လေးကို မျက်စိနဲ့ မနီးမဝေး၊ ကြည့်ကောင်းတဲ့ နေရာလောက်မှာ မျက်နှာ အနေအထားနဲ့ သင့်တော်တဲ့ နေရာလေးမှာ စံနစ်တကျ ချိတ်ထားပြီးတော့

တိတ်ဆိတ်တဲ့အချိန်မှာ လုံခြုံတဲ့ အခန်းကလေးထဲမှာ ဒီအဝိုင်းလေးကို စူးစူး စိုက်စိုက် ကြည့်ပါ၊ စိတ်ကို ဒီထဲကနေ ဘယ်ကိုမှ မပြေးစေနဲ့။

"အကန့်အသတ်နဲ့ ဘောင်ခတ်ထားပါ။ ကသိုဏ်း အားထုတ်လို့ ရှိ ယင် နော်"

"မှန်ပါ ဘုရား"

"အဲဒီလို စူးစူးစိုက်စိုက် ဒီအဝိုင်းလေးကို စူးစူးစိုက်စိုက်၊ အညို ရောင် အဝန်း အဝိုင်းလေးကို ကြည့်နေယင်း၊ကြည့်နေယင်းနဲ့ တဖြည်းဖြည်း နဲ့ စိတ်သည် ဒီထဲက မပြေးတော့ပဲနဲ့၊ သူ့သန္တာန် သမာဓိ ဒီအဝိုင်းလေးထဲ မှာ သမာဓိ ရလာတယ်။

"နောက်ကျတော့ အဲဒီ ခုနက အညိုရောင် အဝန်း အဝိုင်းလေးကို ဖြုတ်ထားခဲ့ပြီး တခြားတနေရာ ထွက်သွားသည့်တိုင်အောင်။ ဒီအဝန်း အဝိုင်းလေးနဲ့ ခွဲခွာပြီးတော့ တခြားအရပ် ပြောင်းရွှေ့ပြီးတော့ ဟုတ်လား။ ထွက်သွားသည့်တိုင်အောင် မိမိရဲ့ မျက်နှာရှေ့ မနီးမဝေးမှာ အဲဒီ အဝန်း အဝိုင်းလေးဟာ တခါထဲ ပေါ်နေတယ်။

"ခွာလို့ မရဘူး၊ "ဥဂ္ဂဟနိမိတ်"ခေါ်တယ်။ တကယ်တော့ မျက်စိ နား ဒါ ရောက်နေတာတော့မဟုတ်ဘူး။ ဒီအဝိုင်းကြီးက ထလိုက်ဘာတာ တော့ မဟုတ်ဘူး။

"သူ့အာရုံက ခွာလို့ကို မရဘူး။ မျက်စိအောက် ဒါထင်နေတယ် နော်...."

"မှန်ပါဘုရား"

"ရှေ့က လူတယောက် ဟုတ်လား။ လမ်းလျှောက်ပြီးတော့ လာ တယ်လို့ ဆိုပင်ဆိုငြားသော်လဲ၊ဖြုန်းကနဲ လူကို မြင်ပင် မြင်လိုက်ငြားသော် လဲ၊ တော်တော်ကြာ သူ ခုနက ကသိုဏ်းအဝန်းဟာ အဲဒီလူရဲ့ရှေ့က ကာ ပြီးသား ဖြစ်နေတယ်။

**ဝဏ္ဏကသိုဏ်း ၄-ပါး။** ။"အံ့ဩစရာကောင်းတဲ့ ဥဂ္ဂဟနမိတ်၊အဲဒီလိုပဲတဲ့၊ နီလကသိဏ အညိုရောင်ကသိုဏ်း၊ ပီတကသိ ဏ အဝါရောင်ကသိုဏ်း၊ လောဟိတကသိဏ အနီရောင်ကသိုဏ်း၊ ဩဒါ တကသိဏ အဖြူရောင်ကသိုဏ်းဆိုပြီးတော့ ကသိုဏ်း ၁၀-ပါးထဲမှာတဲ့။ တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ အရောင်နဲ့ပတ်သက်လို့ ကသိုဏ်း ၄-ပါး မရှိဘူးလား"

''ရှိပါတယ် ဘုရား''

''ဒီတော့ယင် ဤ ဒွတ္တိ'သ ကာယ ကမ္မဋ္ဌာန်း ၃၂—ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်နေတဲ့ တိုယောဂီတို့ကလဲပဲ ယခု အားထုတ်နေယင်း အားထုတ်နေယင်းနဲ့ ရှုတာကတော့ ၃၂—ကောဋ္ဌာသ။

''ယခု တွေ့နေတာက အရောင်၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''အရောင်တွေ့နေယင် ဤပုဂ္ဂိုလ်အတွက် တက်ရမယ့် လမ်းစ ရပြီလား''

''ရပါပြီ ဘုရား''

''တက်ရမယ့် လမ်းစ ရနေပြီ။ ကသိုဏ်းကို ကူးလိုက်ပေတော့၊ သူက လွန်လေပြီးတဲ့ ဘဝများစွာတုန်းကကသိုဏ်းအားထုတ်ခဲ့တဲ့ပုဂ္ဂိုလ်တယောက်ယောက် ဖြစ်မယ်။ ဒါကြောင့် အရောင်တွေ ထလာပြီးတော့ ပေါ်တာလို့ ကမ္မဋ္ဌာန်းဆရာလုပ်တဲ့ ပုဂ္ဂိုလ်က သိခဲ့လို့ရှိယင်တဲ့ ''အေး— မင်းလမ်းစဉ် မှန်လာပြီဟေ့''တဲ့။ ''ဒွတ္တိ'သ ကာယ လွှတ်လိုက်တော့၊ ကသိုဏ်းသာ ပွားပေတော့''လို့ အဲဒီ နီလကသိုဏ်း၊ ပီတကသိုဏ်း၊ လောဟိတကသိုဏ်း၊ ဩဒါတကသိုဏ်းဆိုတဲ့ အညိုရောင်၊ အနီရောင်၊ အဖြူရောင်၊ အဝါရောင် ဆိုတဲ့ ကသိုဏ်း ၄—ပါးတို့တွင် သူပေါ်တဲ့ အရောင် အားလျော်စွာ။ ကသိုဏ်းဝန်းကလေး လုပ်ပြီးတော့ ပေးလိုက်လို့ရှိယင်၊ သူ့အတွက် တဏ်စဉ် မှန်သွားပြီနော်''

''မှန်ပါဘုရား''

''ဒါဖြင့်ယင် ဒွတ္တိ'သ ကာယမှာ ရလာတဲ့ အကျိုးတရားတွေ၊ အရောင် ၄—မျိုး တမျိုးမျိုးတွေ့မယ်။ ဒါက ပုဂ္ဂိုလ်တမျိုး။

''အဲဒီလို အရောင်လေးမျိုး တမျိုးမျိုး ထင်လာခဲ့ယင် မိမိတို့ထင်တဲ့ အရောင် အားလျော်စွာ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''အရောင်ကသိုဏ်း ၄—ပါးတို့တွင် တပါးပါးကို တက်ပြီးတော့ သွား၊ ဒီလို မဟုတ်လား''

''မှန်ပါတယ် ဘုရား''

''ဒါ တက်စဉ် အမှန်ပဲ၊ ဒါ သမထလမ်း သက်သက်နော်''

''မှန်ပါဘုရား''

''သမထသမ်းစဉ် အဲဒီလို သွားရမယ်၊ဒီတော့ယင် အရောင်ကသိုဏ်း ပွားပြီးတော့ သွားတဲ့ ပုဂ္ဂိုလ်တယောက် အခနနဲ့ဘဲ၊ ကြည့်စမ်း အရောင် ဘယ်နှစ်မျိုးထွက်''

''၄–မျိုးပါ ဘုရား''

''တို့ပရိသတ် ဘယ်နှစ်မျိုးလဲ''

''၄–မျိုးပါ ဘုရား''

''ခန္ဓာကိုယ်တကိုယ်လုံး ၃၂–ကောဋ္ဌာသကို လုံးလိုက်ယင်လဲပဲ၊ အရောင်ထဲ သွင်းလိုက်ယင်လဲပဲ ဒီ ၄–မျိုးပဲ ရှိပါတယ်''

''မှန်ပါတယ် ဘုရား''

''ဆံပင်ဆိုတော့ နီလ၊ အညိုရောင်ထဲ ထည့်၊ မွေးညှင်းဆိုတာ အညိုရောင်ထဲ ထည့်၊ ဒီလို မဟုတ်လား''

''အရိုးတို့ သွားတို့၊ ဒါတွေက ဘာအရောင်ထဲ သွားမလဲ''

''အဖြူရောင်ထဲ သွားပါမယ် ဘုရား''

''အဖြူရောင်ထဲကို သွားမယ်''

''သွေးတို့၊အသားတို့ဆိုတာတွေက အနီရောင်ထဲကို သွားမယ်၊အဝါ ရောင်ဆိုတာက အဆီပြင်ကြီးတွေ၊ အဆီအခဲကြီးတွေနေ၌။ ခုနက သည်း ခြေတွေ ဆိုတာတွေက အဝါရောင်ထဲကို သွားမယ်။ ဒါကြောင့် ၃၂–ကော ဋ္ဌာသကို အရောင် ၄–မျိုးနဲ့ ခွဲလိုက်လို့ရှိယင်၊ အကုန်လုံး အရောင် ၄–မျိုး ထဲ ဝင်သွားပါတယ်၊

''ဒီတော့ ဘယ်အရောင်၊ ဘယ်က ထွက်တယ်ဆိုတာ သိပြီပေါ့''

''မှန်ပါဘုရား''

''သွားကို စူးစိုက်မိတဲ့ ပုဂ္ဂိုလ်တယောက်အခနနဲ့ အဖြူရောင် တွေ မှာ သချာတယ် နော်''

''မှန်ပါဘုရား''

''သွေးကို စူးစိုက်မိတဲ့ ပုဂ္ဂိုလ်ဘယောက်အခနနဲ့ အနီရောင်တွေမှာ သေချာသည်၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ဆံပင်မှာ စူးစိုက်မိတဲ့ ပုဂ္ဂိုလ်တယောက် အနေနဲ့၊ အနက်ရောင် ကြီး လာတွေ့မယ်။ ငါ မှားပြီ။ ရှု ရှာဖွယ် ထင်ရမှာ၊ ဘယ့်နှယ်လဲ အနက် ရောင်ကြီး တွေနေပါလိမ့်လဲလို့ အဲဒါ ဖျက်မပစ်နဲ့။ ကသိုဏ်းတက်လိုက်တဲ့။

နိလကသိုဏ်းကို တက်ပြီးတော့ သွား။ ကသိုဏ်းဝန်း၊ ခုနက လုပ်ငုံလဲ ပြော ပြီးပြီ။

"မှန်ပါ ဘုရား"

**အမြင့်ဆုံးမှာ စတုတ္ထစျာန်သာ။** ။"အဲဒီလို တက်ပြီးတော့ သွားနဲ့လို့ ရှိယင် ဤ ယောဂီပုဂ္ဂိုလ် တယောက်အနေနဲ့၊ ဘာသွားပြီးတော့ တွေ့မလဲဆိုယင်၊ အမြင့်ဆုံး သူရမယ့် အကျိုးတရားသည် တဲ့၊ ကသိုဏ်းကို အားထုတ်လို့ ရတဲ့ အကျိုးတရားဟာ ဘာတုန်းဆိုယင်တဲ့၊ စတုတ္ထစျာန် အမြင့်ဆုံးရမယ်။

"ဟော၊ သူက တော်တော် တက်သွားတယ်နော်"

"မှန်ပါဘုရား"

"ရှုံရှာ့ဖွယ် အမှတ်သညာ၊ ပဋိကူလသညာကနေ တက်လာတဲ့ ပုဂ္ဂိုလ်က ပထမစျာန်ပဲရမယ်။ ခု အရောင် ၄–မျိုး တမျိုးမျိုး ထွက်လာ လို့၊ ဤအရောင်ကို ကသိုဏ်းဝန်းအဖြစ်နဲ့ ဆက်လက်ပြီးတော့ ပြုလုပ်ပွား များ အားထုတ်သွားတဲ့ ပုဂ္ဂိုလ်တယောက်က"

"စတုတ္ထစျာန်အထိ ရပါတယ် ဘုရား"

"စတုတ္ထစျာန်ပဲ သူ ခလုတ်ဘိုက်နေလိုက် ဘာ နော်၊ တရားရုံးရောက် နေတဲ့ ဟုတ်သား၊ အမှုသည်လို ဖြစ်နေပြီ၊ တို့ဒကာကြီးတော့"

"အသံကပ်နေလို့ပါ ဘုရား"

"သိပ်အော်ရတာကို၊ အသံတွေက ကပ်မှာပေါ့"

"ချောင်းဆိုးသွားလို့ပါ ဘုရား"

"အေး.... ဒီက ပြောလိုတဲ့ အချက်တွေ တို့ပရိသတ် မှတ်ထား၊ အရောင် ၄–မျိုး တမျိုးမျိုး ပေါ်လာပြီဆိုလို့ ရှိယင်တဲ့ အဲဒီ ဒွတ္တိံသ ကာယ ပွားတဲ့ ယောဂီပုဂ္ဂိုလ်တယောက်အနေနဲ့ အနီရောင် သွေးက ဖြစ်လာတယ် လို့ မှတ်ထားနော်။

"အဖြူရောင်တဲ့၊ သွားတို့ အရိုးတို့က ပေါ်လာတယ်။ နောက်ပြီး တော့၊ အဝါရောင် အဆီပြင်၊ အဆီခဲတွေကို အာရုံပြုမိလို့ ပေါ်လာတာ။ အညိုရောင်တဲ့၊ ဆံပင်တို့၊ အသည်းတို့၊ အဆုတ်တို့၊ နှလုံးတို့ကနေပြီးတော့ ပေါ်လာတာလို့။

"အဲဒီလို သဘောကျပြီးတော့ ထားလို့ရှိယင်ဖြင့် တက်တဲ့၊ တက်ရမယ့် တက်စဉ်၊ လမ်းစဉ် တခါထဲ မှန်သွားရောနော်"

"မှန်ပါ ဘုရား"

"အဲဒါ သမထ၊ဘာမှ သိပ်မခက်ဘူး၊ ၆–လလောက် လုပ်၊ ၆–လလောက် လေ့လာကြည့်၊ လမ်းစ တွေ့လာမှာပဲ။ ဇွဲကတော့ ကောင်းရတယ်နော်၊ နေ့ရော၊ ညရော၊ တရစပ်၊

"ဒီတော့ယင် တို့ရရှိသတ် အနေနဲ့တဲ့၊ ကဲ–နောက်ဆုံး ထင်ရမယ့် ဥစ္စာ ဘာပြောထားလဲ၊ တတိယအချက်က။

"ပဋိကူလတော"တဲ့၊"ဝဏ္ဏတော"တဲ့၊"ဓာတုတော"တဲ့၊ ၃ ချက်။

"ရွံရှာဖွယ် ထင်တတ်တယ်။ အရောင်အားဖြင့်လဲ ထင်တတ်တယ်။ ဓာတ်အားဖြင့်လဲ ထင်တတ်တယ်။

"ဓာတ် တမျိုးမျိုးလဲ ထင်လိမ့်မယ်တဲ့၊ တချို့ကျတော့"

"မှန်ပါဘုရား"

"ဤလို ဓာတ်ထင်တဲ့ ပုဂ္ဂိုလ်ကလဲ လွန်လေပြီးတဲ့ ဘဝတွေတုန်းက ဘာဖြစ်ခဲ့သလဲ ဆိုလို့ ရှိယင်ဖြင့် 'ဓာတုမနသိကာရကမ္မဋ္ဌာန်း'ကို လေ့လာပွားများ အားထုတ်ခဲ့တဲ့ပုဂ္ဂိုလ် တယောက်မို့ လို့။ သို့မဟုတ်ယင် ဤဘဝ ဤလောကမှာပင်လျှင် ပရမတ္ထ ဓာတ်တို့ရဲ့ သဘာဝကို စူးစမ်း လေ့လာထားခဲ့တဲ့ ပုဂ္ဂိုလ်တယောက်မို့ လို့။

"ဒီပုဂ္ဂိုလ်မျိုး ဆိုလို့ ရှိယင်တော့ ဓာတ်ပေါ်တယ် နော်"

"မှန်ပါဘုရား"

**ကောဋ္ဌာသပှာ ဓာတ် ၄–ပြာ၊** ။"ဒါဖြင့် ဒွတ္တိံသ ကာယမှာ မနေ့က ဓာတ်ခွဲပြတာက ဓာတ် ၂– မျိုးထဲ မနေလား"

"မှန်ပါဘုရား၊ ၂–မျိုးပါ ဘုရား"

"အားကောင်းရာကို ပြောလိုက်တာပါ နော်"

"မှန်ပါဘုရား"

"တကယ်ရှိနေတဲ့ ဓာတ်ကတော့ ၄–မျိုး အပြည့်ပင် ရှိပါတယ်။ အားကောင်းရာ၊ အားကောင်းရာ စုပေါင်းလိုက်တဲ့ အခါကျတော့ ပထဝီဓာတ် အရှေ့ပိုင်းက ကောဋ္ဌာသ ၂၀၊ အာပေါဓာတ်က နောက်ပိုင်း ကောဋ္ဌာသ ၁၂–ပါး၊ ဒီလိုမနေလား"

"မှန်ပါတယ် ဘုရား"

"ဆံပင်တချောင်းကိုပင် ကြည့်စမ်း၊ ဆံပင်ကလေး လက်နဲ့စမ်းကြည့်၊ မာတဲ့ဆံပင်၊ ပျော့တဲ့ဆံပင် ၂-မျိုးရှိတယ်"

"မှန်ပါဘုရား"

"ပထဝီဓာတ်ရဲ့ ကက္ခဠ လက္ခဏာ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"သူ့ကို နှိပ်ကြည့်၊ ဆံပင်ကလေး၊ ခပ်တိုတိုလေး၊ ဆံပင်လေး တချောင်းကို နှိပ်ပြီးတော့ ကြည့်စမ်း။

"နှိပ်လိုက်လို့ရှိယင် ကွေးသွားတယ်၊ တော်တော်ကြာ သူပြန်ဆန့်လာတယ်၊ ဘာဖြစ်တာလဲ၊ တွန်းကန်တဲ့ ဝါယောဓာတ်ရဲ့ လက္ခဏာ မဟုတ်လား"

"မှန်ပါ ဘုရား"

"ဤဆံပင်သည် ပူတဲ့အခါ ပူမယ်၊ အေးတဲ့အခါ အေးမယ်၊ 'တေဇောဓာတ်' ရဲ့ လက္ခဏာ"

"မှန်ပါဘုရား"

"စေးကပ်နေတဲ့ သဘောတွေလဲ ရှိတဲ့အတွက်ကြောင့် အာပေါဓာတ်ရဲ့ လက္ခဏာ"

"မှန်ပါ ဘုရား"

"ဆံပင် တချောင်းမှာလဲ ဓာတ် ၄-မျိုး ရှိတယ်။

"ကျန်တဲ့ ကောဋ္ဌာသတွေလဲ ဘာကိုပဲကြည့်ကြည့်၊ အဲဒီသဘာဝ သတ္တိ ၄-မျိုးဟာ အကုန်လုံး ရှိပြီးသားပဲ"

"မှန်ပါ ဘုရား"

"ဒီတော့ယင် ပရမတ္ထဓာတ် ကမ္မဋ္ဌာန်းကို ပွားများ၊ လေ့လာ၊ အားထုတ်ထားခဲ့ဖူးတဲ့ ပါရမီ အထုံသန့်တဲ့ ပုဂ္ဂိုလ်များ အနေနဲ့ဆိုယင် အဲဒီ ဓာတ်ကမ္မဋ္ဌာန်းလာပြီးတော့ ထင်မယ်တဲ့ နော်"

"မှန်ပါ ဘုရား"

**သမထမှ ဝိပဿနာသို့။** ''ဓာတ်ကမ္မဋ္ဌာန်း လာပြီးတော့ ထင်မယ်။ ဤပုဂ္ဂိုလ်အတွက်ဆိုလို့ရှိယင် ပရမတ္ထ တခါထဲ ဆိုက်နေတာမို့လို့ သူက ဝိပဿနာ တန်းသွားတယ်။ သူ့အတွက် သိပ်မခက်ဘူး၊ ဝိပဿနာ တန်းသွားမယ်။ ယခုနက 'ပဋိကူလသညာ' နဲ့ 'အရောင်

ထင်လာတဲ့ ပုဂ္ဂိုလ် ၂-ယောက်အတွက် ဝိပဿနာက ဘယ်လိုလုပ်ကူးရမှာလဲ။ သူ့အတွက် ပြဿနာ မဖြစ်ဘူးလား''

''ဖြစ်ပါတယ် ဘုရား''

''အေး၊ အဲဒီလို ပုဂ္ဂိုလ်တွေအတွက် ပြဿနာဖြစ်၍နေသောကြောင့် သူတို့ရဲ့ ဝိပဿနာ ကူးရမယ့် လမ်းစကို အဋ္ဌကထာ ဘယ့်နှယ်ပြောတုံး ဆိုလို့ရှိယင်....

''အရောင်ထင်တဲ့ ပုဂ္ဂိုလ်ကို အဖြူရောင်ပေါ်တယ် ဆိုပါတော့၊ ဟာ....အခန်း တခန်းလုံး သူ့မှာ တခါတဲ ဖွေးဖြူ လင်းနေတာပဲ၊ မျက်စိအောက်မှာကို ဖြူဖြူဝိုင်းဝိုင်းကြီး၊ အကွင်းကြီး၊ အဖြူရောင် အလင်းအဝန်းအဝိုင်းကြီး မျက်စိနဲ့ကို မြင်နေရတယ်၊ သူ တွေ့နေပြီ။

''အဖြူရောင် အဝိုင်းကြီး တွေ့နေပြီ၊ အဖြူရောင် အဝန်းအဝိုင်းကြီး မျက်စိအောက်မှာ နေကြီး ထွက်နေသလိုပဲ၊ လကြီး ထွက်နေသလိုပဲ၊ အကွင်းလိုက်ကြီး သူ မြင်နေရတယ်။ ဘယ်က ထွက်တာလဲ တဲ့။ ခန္ဓာကိုယ် ကောဋ္ဌာသတွေမှာ အဖြူရောင်ရှိတာ ကြည့်။

''အကြောင်းနဲ့ အကျိုး ၂-မျိုး ရှာလိုက်လို့ရှိယင်၊ ဒီအဖြူရောင် ဆိုတဲ့ အကျိုးတရားသည် ဘယ်အာရုံက နေပြီးတော့ ပေါ်လာတဲ့ အရောင်လဲ၊ ကြည့်။

''သွား၊ အရိုး ဒါပဲ မဟုတ်လား''

''မှန်ပါ ဘုရား''

''သွားတို့၊ အရိုးတို့ ဆိုတဲ့ ကောဋ္ဌာသတွေဟာ မူလ ပင်ကိုအဖြူရောင် ရှိနေသောကြောင့် ဒါကို ရှုးစိုက်မိတဲ့အတွက် ဤပုဂ္ဂိုလ်သည် ဖြူသော အရောင် သူ လာတွေ့တယ်။

''ဒါဖြင့်ယင် 'ကိုင်း၊ ငါက သမထလမ်း မလိုက်ချင်ဘူး' တဲ့၊ 'ဈာန်တွေ ဘာတွေ မလိုချင်ဘူး၊ ဝိပဿနာ သွားမှာပါ' ဆိုလို့ရှိယင် အဲဒီအရောင်ကို ဟုတ်လား၊ အရောင်ကို သူ ကြည့်မလား၊ သွားကို သူ ကြည့်မလား။

''အဲဒီ အရောင်၊ သွား ဆိုတဲ့ သပုတိသစ္စာတို့ရဲ့ သခြေခံဖြစ်တဲ့ သွား ဆိုတာ မာတဲ့ သဘော၊ အမိုး ဆိုတာဟာလဲ မာတဲ့ သဘော၊ ပထဝီဓာတ် မဟုတ်လား''

''မှန်ပါ ဘုရား''

"ဒီတော့ သူ နောက်ကို ပြန်ပြီးတော့ ကိုင်လိုက်စမ်းပါ၊ ဘာကို ကိုင်ရမလဲ၊ အဖြူ ရောင်တွေ့တယ်၊ သွားက ပေါ်တာပဲလို့ သဘောကျယင် သွားကို ပြန်ကြည့်။ အရိုးက ပေါ်တာပဲလို့ သဘောကျယင် အဲဒီအရိုးဆိုတဲ့ ကောဋ္ဌာသကိုပဲ ပြန်ပြီးတော့ ကြည့်။

"အဋ္ဌိ၊ အဋ္ဌိ လို့ ကြည့်ယင်း ကြည့်ယင်းနဲ့၊ အဲဒီ အရောင်ကို အာရုံ ခံပြုတော့ပဲနဲ့၊ ဒ ရိုးတို့၊ သွားတို့ ဆိုတဲ့ ကောဋ္ဌာသတို့ရဲ့ ကက္ခဋ လက္ခဏာ၊ မာတဲ့ သဘောကို အဲဒီထဲမှာ ဉာဏ်သွင်းပြီးတော့ ဖော်ပြီးတော့ ယူ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ကက္ခဋ လက္ခဏာ၊ ပထဝီဓာတု။ ပထဝီဓာတု၊ ပထဝီဓာတ်သည်၊ ကက္ခဋ လက္ခဏာ၊ မာတဲ့သဘော ရှိ၏၊

"ဩော်....လက်စသပ်တော့ အရိုးမှ မဟုတ်ပါပဲကလား၊ သွားမှ မဟုတ်ပါပဲကလား၊ မာကျောတဲ့ ကက္ခဋ လက္ခဏာလို့ ခေါ်တဲ့ ပထဝီဓာတ်ပဲ လို့ ဉာဏ်နဲ့ စိုက်ပြီးတော့ မာတဲ့ သဘောလေးကို အဲဒီမှာ သွင်းပြီးတော့ ရှုလိုက်လို့ ရှိယင် တဖြည်းဖြည်း၊ တဖြည်းတဖြည်းနဲ့ အရောင်တွေ မှိန်သွား တယ်။ ပရမတ္ထဉာဏ်ကို စူးစိုက်မိလေလေ၊ ယခုနက အရောင်တွေ တဖြည်း ဖြည်းနဲ့ မှိန်သွားလိမ့်မယ်။

"သူ့ဉာဏ် ဘယ်ထဲ ဝင်သွား"

"ပရမတ္ထတရားထဲ ဝင်သွားပါတယ် ဘုရား"

"အေး၊ ပရမတ္ထလက္ခဏာလို့ ခေါ်တဲ့ ကက္ခဋ လက္ခဏာ ပထဝီ ဓာတု၊ ပထဝီဓာတ်ထဲကို သူဝင်၍ သွားပြီတဲ့၊ စူးစိုက်မိသွားပြီ၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ဒါဖြင့် ပထဝီဓာတ် စူးစိုက်မိပြီ ဆိုယင်၊ ဤပုဂ္ဂိုလ်သည် သမုတိ သစ္စာမှ နေ၍၊ အဆိုး ဆိုတဲ့ သမုတိသစ္စာမှနေ၍ မာတဲ့ ကက္ခဋ လက္ခဏာ ဆိုတဲ့ ပရမတ္ထသစ္စာသို့ ရောက်သွားပြီ။

"ဝိပဿနာရဲ့ လမ်းစ ရောက်ပြီ မဟုတ်လား"

"မှန်ပါ ဘုရား"

"ရောက်နေပါပြီ ဘုရား"

"ဉာဏ်စဉ်လေ့ကား ၁၀–ပါး ရှိတယ်၊ 'သမ္မသနဉာဏ်' မှ စ၍ 'အနုလောမဉာဏ်' တိုင်အောင်၊ ဟိုတနေ့က ပြောထားခဲ့ပြီ။

''ဉာဏ်စဉ် ဘယ်နှစ်ပါး''

''၁၀–ပါးပါ ဘုရား''

''၁၀–ပါးတို့တွင် တဲ့၊ ယခု သူပိုင်သွားတာက အရောင်ပေါ်လာတဲ့ အရင်းအမြစ်ကို ပြန်လိုက် လိုက်တာ၊ အရိုးတို့၊ သွားတို့ ပြန်ရောက်။

''အရိုး၊ သွား မဟုတ်ဘူး ဆိုတဲ့ သမုတိသစ္စာ ဖျောက်ပြီးတော့ မာတဲ့ ကက္ခဋ္ဌလက္ခဏာဆိုတဲ့ ပရမတ္ထသစ္စာကို စိုက်ပြီးတော့ ကြည့်လိုက်တာ တခါထဲ ပထဝီဓာတ် သူ မိရော၊

''အဲဒီလို ပထဝီဓာတ်ကို မိတဲ့အချိန်မှာ သူသည် 'ရူပ ပရိစ္ဆေဒဉာဏ်' တဲ့၊ ရုပ်တရား တခုတော့ ပိုင်သွားပြီ မဟုတ်လား''

''မှန်ပါ၊ ပိုင်သွားပါတယ် ဘုရား''

''ဓာတ် ၆–ပါးတို့တွင် ပထဝီဓာတ်ကို သူ မိသွားပြီနော်''

''မှန်ပါ ဘုရား''

''အဲဒီ ပထဝီဓာတ်ကို မိသွားပြီဆိုလို့ ရှိယင် ဤပုဂ္ဂိုလ်သည် 'နာမ ရူပ ပရိစ္ဆေဒဉာဏ်' ထဲက 'ရူပ ပရိစ္ဆေဒဉာဏ်' လို့ ပြောပေါ့၊ ရုပ်တလုံး ပိုင်သွား။ အဲဒီတခု သိယင် ကျန်တဲ့အရောင် ၄–မျိုးလဲ ဘယ်ပြန်လိုက် ရမယ်ဆိုတာ သဘောကျ၊ သိ၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''အဖြူရောင် တွေ့လာယင် တဲ့၊ အရိုးနဲ့ သွားကို ပြန်ပြီးတော့ လိုက်ယင် 'ပထဝီဓာတ်' ကို သိရမယ်ပေါ့''

''မှန်ပါ ဘုရား''

''အနီရောင် တွေ့ခဲ့ယင် အထင်ရှားဆုံးက သွေးဗျ''

''မှန်ပါ ဘုရား''

''အထင်ရှားဆုံး သွေးက ပေါ်လာတာပဲ ဆိုပါတော့ 'သွေး' ဆိုတဲ့ ကောဋ္ဌာသကို ပြန်ပြီးတော့ ကြည့်လိုက်လို့ ရှိယင် 'အာပေါဓာတ်' ကို သဘောကျသည်၊ ဟုတ်ပြီလား နော်''

''မှန်ပါ ဘုရား''

''ဒါ တက်စဉ် ဝိပဿနာကူးတဲ့နည်း ပြောတာ။ ကိုင်း ဒီတော့ အပါရောင်တွေ့ခဲ့ယင် ဘာကြည့်မယ်၊ အဆီ၊ အဆီပြင်ကြီးကို ပြန်ကြည့် လိုက်လို့ ရှိယင်လဲပဲ ပထဝီဓာတ်–၂၀၊ အာပေါဓာတ် ၁၂–ပါး ဆိုပြီး တော့ ပုံပေးထားတဲ့ အတွက်ကြောင့် အဆီပြင်ကြီး ဘယ်အထဲ ထည့်မလဲ၊ အာပေါဓာတ်ထဲ ထည့်။

"အာပေါခတ်ထဲကို ထည့်သဖြင့် သူသည် 'အာပေါခတုမနသိကာရ' သို့ ရောက်မယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အေး၊ တေဇောနဲ့ ဝါယောတော့ ဒီမှာ အားမကောင်းကြဘူး၊ ပူတဲ့သဘော၊ နောက်ပြီးတော့ တွန်းကန်လှုပ်ရှားတဲ့ သဘောဆိုတဲ့ အဲဒီ ခတ် ၂–ပါး ကတော့ ဤကောဋ္ဌာသ ၃၂–ပါးထဲမှာ သူတို့က အားကောင်းတဲ့ အဖြစ်နဲ့ မပါကြဘူး နဲ့ ပြီးတော့ ပါလာကြတယ် နော်"

"ဝါယောခတ် အား အကောင်းဆုံးက နှာသီးဝမှာ အား အကောင်းဆုံးပဲ၊ ဒီတော့ယင် ကောဋ္ဌာသ ၂–ပါး ပွားများတဲ့ ယောဂီ ပုဂ္ဂိုလ်များ အနေနဲ့တဲ့၊ အရောင် ၄–မျိုး ပေါ်လာတဲ့အခါမှာ နောက်ကို မူရင်းကို ပြန်လိုက်ယင် ပထဝီခတ် ကောဋ္ဌာသ ၂၀–ကို စူးစိုက်မိတဲ့ ပုဂ္ဂိုလ်၊ ယောဂီပုဂ္ဂိုလ်များ အနေနဲ့ တဲ့၊ 'ပထဝီခတုမနသိကာရ' သို့ ပြန်ပြီးတော့ ဆင်းလာတယ်။

"ပြန်ဆင်းတဲ့ ပုဂ္ဂိုလ်တွေ တက်တာ ပြောလာတာ"

"မှန်ပါ ဘုရား"

"ဝိပဿနာဘက် ကူးတယ်ဆိုတော့ တက်သွားတယ်လို့ ပြောရမယ် ပေါ့နော်"

"မှန်ပါ ဘုရား"

"အာပေါခတ် တဆယ့်နှစ်ပါး၊ တပါးပါးက ပေါ်လာတဲ့ အရောင် ဖြစ်ခဲ့လို့ရှိယင်ဖြင့် ဤပုဂ္ဂိုလ်သည်တဲ့၊ နောက်ပိုင်း မူရင်းကို ပြန်ကြည့် လိုက်ယင် ငါတွေ့တဲ့ အရောင်အလင်းတွေဟာ ဘယ်က ပေါ်လာတာ လဲလို့ မူရင်းကို ရှာလိုက်ယင် အာပေါခတ် ၁၂–ပါး၊ တပါးပါးထဲက ဖြစ်ခဲ့ယင် သူသည်'အာပေါခတုမနသိကာရ'ကို ကိုင်ပြီးတော့ တက်သွား၊ ဒီလို မဟုတ်လား"

"မှန်ပါ ဘုရား"

"ဒီတော့ အဲဒီ ပထဝီခတ်နဲ့ အာပေါခတ်တို့သည် အဇ္ဈတ္တလား၊ ဗဟိဒ္ဓလား"

"အဇ္ဈတ္တပါ ဘုရား"

**တွင်းပြဒ်နှစ်ဝ ရှုပွားကြ။** ။"အဇ္ဈတ္တနေ၁် တိုပရိသတ်၊ အဇ္ဈတ္တမှ အရ လွယ်တယ်၊ စတဲ့ ပုဂ္ဂိုလ်များ 'ယာဝ ခေါ ရာဟုလ အဇ္ဈတ္တိကာ ပထဝီဓာတုယာစ ဗာဟိရာ ပထဝီဓာတု ပထဝီဓာတုရေ ဝေသာ၊ တံ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ ဧဝမေတံ၊ ယထာဘူတံ၊ သမ္မပ္ပညာယ၊ ဒဋ္ဌဗ္ဗံ"

"ရာဟုလ၊ ချစ်သားရာဟုလာ။ အဇ္ဈတ္တိကာ၊ မိမိရဲ့ အတွင်းသန္တာန်၌ ဖြစ်သော။ ယာဝ ပထဝီဓာတု၊ အကြင် ၂၀–သော ပထဝီဓာတ်သည် လည်း ကောင်း။ ဗာဟိရာ၊မိမိရဲ့ အပသန္တာန်၌ ဖြစ်သော။ ယာစပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်လည်းကောင်း။ ပထဝီဓာတု ရေဝေသာ၊ ပထဝီ ဓာတ် မာတဲ့ သဘောလို့ခေါ်တဲ့ ပထဝီဓာတ်မျှသာလျှင်တည်း၊

"နေတံ မမ၊ ဧတံ၊ ဤမာကျောတဲ့ သဘောလို့ခေါ်တဲ့ ကက္ခဠ လက္ခဏာရှိတဲ့ ပထဝီဓာတ်သည်။မမ၊ငါ၏။ နသန္တကံ၊ဥစ္စာ မဟုတ်။

"ငါပိုင်တဲ့ဥစ္စာ မဟုတ်ပါပဲကလား၊ နေတံ မမ၊ ဤပထဝီဓာတ် သည် ငါ၏ဥစ္စာ မဟုတ်တဲ့၊

"မြတ်စွာဘုရားရှင်က ရာဟုလာ သားတော်ကို မိမိရဲ့ ခန္ဓာကိုယ် တွင်းရှိနေတဲ့၊ ၃၂–ကောဋ္ဌာသရဲ့ အရင်းအမြစ်ဖြစ်တဲ့ ဓာတ်ကြီး ၄–ပါး ကို ဟုတ်လား၊ ဝိပဿနာဉာဏ်ထင်ပုံကို မြတ်စွာဘုရားရှင်က ရာဟုလာကို မြတ်စွာဘုရားပေးတော်မူတယ်။

"ရာဟုလာ သုတ္တန်မှာ"

"မှန်ပါဘုရား"

"ရာဟုလာ၊ ချစ်သား ရာဟုလာ။ ယာဝ အဇ္ဈတ္တိက ပထဝီဓာတု၊ အကြင် အတွင်းသန္တာန်၌ဖြစ်သော ပထဝီဓာတ်သည် လည်းကောင်း။

"အတွင်းသန္တာန်၊ အဇ္ဈတ္တရှိနေတဲ့ ပထဝီဓာတ် ယခု ၂၀–တွေပြီ။

"ဗာဟိရ ပထဝီ ဓာတုမှာလဲ ဒီအတိုင်းပဲ။

"ပထဝီ ဓာတုရေဝေသာ၊ ဧတံ၊ ဤအဇ္ဈတ္တမှာ ဖြစ်နေတဲ့ ၂၀–သော ကောဋ္ဌာသသည်၊ ပထဝီဓာတု ဧဝ၊ ပထဝီဓာတ်သာလျှင်တည်း။

"ဧတံ၊ ဤ ၂၀–သော ပထဝီဓာတ်သည်၊ ဧတံ၊ မာတဲ့သဘော လက္ခဏာသည်။ မမ၊ ငါ၏၊ နသန္တကံ၊ ဥစ္စာမဟုတ်။

"ငါပိုင် ဥစ္စာမှ မဟုတ်ပါပဲကလား၊ ဤ ပထဝီဓာတ်သည် ငါ၏ ဥစ္စာမဟုတ်၊ သုံးသပ်ရမယ့် အချက်နော်"

"မှန်ပါဘုရား"

"ပထဝီဓာတ် ကက္ခဋ္ဌလက္ခဏာ မိအောင် ရှာပြီးတဲ့အခါကျယင်ဖြင့်၊ ဤပထဝီဓာတ်သည် ငါပိုင်တဲ့ဥစ္စာ မဟုတ်၊ ဤပထဝီဓာတ်သည် ငါပိုင်တဲ့ ဥစ္စာ မဟုတ်၊ နေတံ မမ၊ တချက်။

"နေတံ မမ၊ နေသော ဟမသ္မိ၊ အရိုးကို ဖမ်းထားတယ်။ မာတဲ့ လက္ခဏာ တွေ့တယ်။ သွားကို ဖမ်းလိုက်တယ်။ မာတဲ့လက္ခဏာ တွေ့ တယ်။

"နမေသော အတ္တာ၊ နေတံ မမ၊ နမေသော ဟမသ္မိ။

"သော၊ ဤမာတဲ့ သဘောလေးသည်။ အဟံ၊ ငါသည်။နအသ္မိ၊ မဟုတ်ပါလား။

"အေး....မာတယ်ဆိုတာ ငါဆိုတဲ့ပုဂ္ဂိုလ်၊ သတ္တဝါ တယောက် ယောက်မှ မဟုတ်ပါပဲကလား။ မာတဲ့သဘောနဲ့ ငါနဲ့ တခြားစီ၊ ဟုတ်ပြီ လား"

"မှန်ပါဘုရား"

"ဤမာတဲ့ ကက္ခဋ္ဌလက္ခဏာဆိုတာ ငါမှ မဟုတ်ပါပဲကလားလို့ တချက် သုံးသပ်တဲ့။

"နမေသော၊ အတ္တာ၊ သော၊ ဤမာတဲ့ ကက္ခဋ္ဌလက္ခဏာသည်။မေ၊ ငါ့ရဲ့၊ နဲအတ္တာ၊ အတ္တမဟုတ်။

"ဤမာတဲ့ သဘောလက္ခဏာလေးသည် ပထဝီဓာတ်ပဲ၊ ငါ့ရဲ့ အတ္တ ကလေးမှ မဟုတ်ပါပဲကလား။

"မာတဲ့ သဘောလက္ခဏာသည် ပထဝီဓာတ်မျှသာ ဖြစ်၏။ ငါ မဟုတ်။ ငါ၏ ကိုယ်ပိုင်ဥစ္စာ မဟုတ်။

"ငါ၏ အတ္တမဟုတ်လို့ သုံးသပ်ရမယ့် အချက်ဘယ်နှစ်ချက် ပေး လိုက်တုံး"

"၃–ချက်ပါ ဘုရား"

"၃–ချက် ပေးလိုက်ဘယ်"

"ပါဠိတော်အတိုင်း တိုတိုလေး ပြောယင်တော့။

**အတ္တဖြုတ်နည်း (၃) နည်း။ ။**

"နေတံ မမတဲ့ တချက်။

နေသော ဟမသ္မိတဲ့ တချက်။

နမေသော အတ္တာ"တဲ့ တချက်။

"မြတ်စွာဘုရားက သူ့ရဲ့သားတော် ရာဟုလာကို ဒွတ္တိံသ ကာယ ပထမ ဟောပြီးတော့ အဲဒီ ဒွတ္တိံသ ကာယကို ခေတ်ခွဲပြီးတဲ့ အခါကျယင် တဲ့၊ ဤ ၃–ချက်နဲ့ သုံးသပ်ပါလို့ ဘုရားက သားတော် ရာဟုလာကို ဒီအဘိုင်း ဟောခဲ့တယ်။

"ကက္ခဋလက္ခဏာရှိတဲ့ ပထဝီဓာတ်သည် ငါ၏ ကိုယ်ပိုင်ဥစ္စာမဟုတ်။ ဥာဏ်ထဲ ပိုင်အောင် သုံးသပ်ယူတဲ့။

"ငါပိုင်တယ်ဆိုလို့ရှိယင် တဏှာ ဝင်လာမှာ စိုးလို့နော်"

"မှန်ပါဘုရား"

"ဒီသွားလေး ငါပိုင်တယ်၊ ဒီအရိုးလေး ငါပိုင်တယ် ဆိုလို့ရှိယင် တဏှာနဲ့ စွဲမိမှာစိုးလို့၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဘာဖြစ်လို့ ငါပိုင်တယ်လို့ မသုံးသပ်ရမှာလဲ ဆိုတော့ သူ့ရဲ့ ပင်ကိုသဘောကလေးက လိုရင်း ပြောကြစို့ ဆိုလို့ရှိယင်'ဝိပရိဏာမ' သဘောရှိတယ်။

"ဘာသဘောရှိ၊ ပရိသတ်"

"ဝိပရိဏာမ သဘောရှိပါတယ် ဘုရား"

"ဝိပရိဏာမ၊ အနိစ္စ ဒုက္ခ၊ အနတ္တပြောယင် ကျယ်သွားမယ်၊ ဝိပရိ ဏာမ တလုံးထဲ မှတ်ထား"

"မှန်ပါဘုရား"

"ဝိပရိဏာမ ဆိုသည်မှာ ဖောက်ပြန်ပျက်စီးတဲ့ သဘော၊ ဟုတ်ပြီ လား"

"ဟုတ်ပါတယ် ဘုရား"

"အဲဒီ ဖောက်ပြန်ပျက်စီးတဲ့ သဘောလေး တချက်ကို ပိုင်သွားလို့ ရှိယင် အနိစ္စရော၊ ဒုက္ခရော၊ အနတ္တရော ဒီထဲ ဝင်သွားရော။ လိုရင်းပဲ နော်။

"ကိုင်း– ဝိပဿနာတက်တဲ့ တက်စဉ်၊ အရောင်အလင်းတွေ့လာတဲ့ ပုဂ္ဂိုလ်သည် ပြန်ထိုင်တော့ မူလ ကောဋ္ဌာသ ပြန်ပြီးတော့ယူ၊ ဟုတ်ပြီ လား"

"မှန်ပါဘုရား"

"မူလ ကောဋ္ဌာသသည်တဲ့၊ ဘယ်ဓာတ်ထဲကလဲ ဆိုတာ ဥာဏ်နဲ့ စိစစ်"

"မှန်ပါ ဘုရား"

''ဓမ္မဝိစယ သမ္ဗောဇ္ဈင်ရဲ့ အလုပ်ကိစ္စ မဟုတ်လား''

"မှန်ပါတယ် ဘုရား''

''ဘယ်ဓာတ်တဲကွဲသဲ ဆိုတာ ဉာဏ်နဲ့ ပြန်စိစစ်လိုက်တော့၊ အဖြူရောင်သည့်၊ ဟာ–ဘွားကနဲ ပေါ်လာတာပဲလို့ သဘောကျလို့ရှိယင်၊ ''သွားကြီး ပဲလို့ မသုံးသပ်နဲ့၊

"ဒါသွားပဲလို့ သုံးသပ်မိယင် ဝိပဿနာကူးတော့မယ့် ပုဂ္ဂိုလ်ဟာ 'သွား'လို့ ဟုတ်လား၊ 'ဒုက္ခ၊ ဒုက္ခ'လို့ လုပ်ဖို့မလိုဘူး နော်''

''မလိုတော့ပါ ဘုရား"

**သမထဝိပဿနာကွဲရှုပါ။** ။"တို့ပရိသတ်၊ ရောမပစ်လိုက်နဲ့ သမထနယ်နဲ့ ဝိပဿနာနယ်ကို''

''မှန်ပါ ဘုရား"

''စောစောက စတင်ခဲ့တာ သမထက စခဲ့တာ။ ယခု ဝိပဿနာတပည့်တော်တို့ ကူးတော့မှာပါဘုရား ဆိုလို့ရှိယင် 'ဒုက္ခ' ၃၂–ချောင်းသော သွားတွေလို့ လုပ်မနေနဲ့တော့''

."မှန်ပါ ဘုရား"

"အဲဒီလို လုပ်နေခဲ့ယင် သမုတိသစ္စာ ပြန်ဆင်းသွားပြီးတော့ 'တော်မမ' ဟာ–ငါ့သွားတွေပါလားဆိုယင် တဏှာ ဝင်လာလိမ့်မယ်"

"မှန်ပါဘုရား"

"သဘောကျလား"

''ကျပါ ဘုရား"

''ဒုက္ခ၊ ဒုက္ခ ပြန်ပြီးတော့ ရှုပ်ခဲ့လို့ရှိယင် 'တော်မမ၊ ငါ့ရဲ့သွားတွေလို့ ဒီလိုဖြစ်သွားယင် ကိလေသာဝင်သွားမယ်။ ဒါကြောင့် 'သွားလို့' မသုံးသပ်ပဲနဲ့ အဲဒါတွေ အကုန်လုံး သိမ်းကျုံးပြီးတော့ မာတဲ့သဘောကက္ခဋ္ဌလက္ခဏာ ပထဝီဓာတ်လို့ သဘောကျထား။

''အဲဒီလို ကက္ခဋ္ဌလက္ခဏာ ပထဝီဓာတု 'ပထဝီဓာတ်တွေ၊ ပထဝီဓာတ်တွေ' လို့ သုံးသပ်ယင်း၊ သုံးသပ်ယင်းနဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်ပိုင်သွားတဲ့အခါကျယင်တဲ့၊ အဲဒီမာတဲ့ သဘောကလေးရဲ့ ဖောက်ပြန်ပျက်စီးမှုကလေးကို ဉာဏ်နဲ့ စူးစူးစိုက်စိုက် ရှာပြီးတော့ ကြည့်လေ၊

''တို့ပရိသတ်များ ဘာရှာရမယ်''

''ဖောက်ပြန်ပျက်စီးမှု ရှာရပါမယ်ဘုရား''

''ဖောက်ပြန်ပျက်စီးမှု ရှာမေယ်၊ ဘာကို ရှာရမယ်''

''ဖောက်ပြန်ပျက်စီးမှုပါ ဘုရား''

''ဖောက်ပြန်ပျက်စီးမှုကို ရှာရမယ်။ အဲဒီ ရှာတဲ့ဥာဏ်သည် 'သမ္မသန' ဥာဏ်ရဲ့အစပဲ၊ ဥာဏ် ၁၀–ပါးသ သာမ္မသန ဥာဏ်ကနေ စလိုက်တာ ခနော်''

''မှန်ပါ ဘုရား''

''ဖောက်ပြန်ပျက်စီးမှု တွေ့ပြီဆိုယင် 'တော်မမ' လုပ်အုံးမလား''

''မလုပ်တော့ပါဘုရား''

''ဒီသွားဟာ ငါ့ရှဲသွားပဲလို့ သူ မလုပ်တော့ဘူး၊ ပျက်စီးနေတာကြီး၊ ငါ့ဥစ္စာလို့ ဘယ်သူ တွေးမှာလဲ နော်''

''မှန်ပါ ဘုရား''

''ပျက်စီးနေတာဆို၊ သူများဟာချည့်ပဲပေါ့''

''မှန်ပါဘုရား''

''ဒီခေတ်လဲ ဒီအတိုင်းပဲ မဟုတ်လား၊ မကောင်းယင် သူများဟာချည့်ပဲ၊ ပျက်စီးယိုယွင်းနေယင် သူများဟာချည့်ပဲ၊ ကောင်းယင်တော့ ကိုယ့်ဟာပဲ''

''မှန်ပါဘုရား''

''ဒါ အရပ်ထဲမှာလဲ သမုတိသစ္စာနယ်မှာလဲ ဒီအတိုင်း သဘာဝကျထား ဟုတ်လား''

''မှန်ပါဘုရား''

''ပစ္စည်း တခုခု၊ ဝေတမ်းခြမ်းတယ် ဆိုယင် မကောင်းယင် သူများဟာ၊ ကောင်းယင် ကိုယ့်ဟာချည်းပဲ၊ ဟုတ်တယ်မဟုတ်လား''

''မှန်ပါဘုရား''

''ဒါကြောင့် 'ဝိပရိဏာမ' အချက် ဖောက်ပြန်ပျက်စီးတဲ့ အချက်ကို တို့သဘောကျသွားယင်းတဲ့။

''တော်မမ၊ တော်၊ ဤဖောက်ပြန်ပျက်စီး၊ နေတယ်ဆိုတာကြီးဟာ၊ မမ၊ ငါရဲ့။နသန္တက'၊ ဥစ္စာမဟုတ်တော့ပြီ။

''လို့ အကုန်လုံး စွန့်လိုက်ကြမှာ အဲဒီကျယင်။

''ပျက်စီးယင် စွန့်မယ်၊ ဒီတော့ တဏှာ ကွာသွားပြီ မဟုတ်လား''

"မှန်ပါ ကွာ:ပါပြီ ဘုရား"

"တော်မမ လို့ မလုပ်တော့ပဲနဲ့ 'နေတာမမ။ 'တော်၊ ဤဖောက်ပြန် ပျက်စီးတယ်ဆိုတဲ့ ပထဝီဓာတ်သည် မမ၊ ငါ၏၊ နသန္တက၊ ဥစ္စာမဟုတ်ပြီလို့ သုံးသပ်ပါ၊ နံပါတ်–၁ အချက် နော်"

"နောက်နံပါတ် ၂–ဒုတိယအချက် ဘယ်လို သုံးသင့်ရမှာလဲ ဆို တော့–

"နေသော ဟမသ္မိ။ သော၊ ဤဖောက်ပြန်ပျက်စီးတယ်ဆိုတာ၊ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်ပါကဲလား။

"ပျက်စီးနေတယ်ဆိုတာ 'ငါ' ဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ တယောက် ယောက်မှ မဟုတ်ပဲ တဲ့။

"ဘယ်သူ ပျက်နေတာလဲ"

"ပထဝီဓာတ် ပျက်နေတာပါဘုရား"

"ပထဝီဓာတ်ပျက်စီးနေတာ 'ငါ' မပျက်ဘူး၊ တဲ့ နော်"

"မှန်ပါ ဘုရား"

"ငါ၊ ဘယ့်နှယ်လုပ်ပျက်မလဲ။ 'ငါ' မှ မရှိပဲ နော်"

"မှန်ပါတယ် ဘုရား"

"ပထဝီဓာတ်ကို မှီနေသည်ဖြစ်တဲ့ ပထဝီဓာတ်သည် ဖောက်ပြန် ပျက်စီး၍ နေ၏။ ဒါကြောင့်....

"နေသော ဟမသ္မိ။ သော၊ ဤဖောက်ပြန်ပျက်စီးတယ်ဆိုတာ။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်ဘူး၊

"ဒုတိယ အပျက်နော်"

"မှန်ပါဘုရား"

"နောက် တတိယ အချက်က ဖောက်ပြန်ပျက်စီးတာ ငါ့ရဲ့ ဥစ္စာလဲ မဟုတ်ဘူး။ ငါလဲ မဟုတ်ဘူး ဆိုလို့ ရှိယင်တဲ့၊ ငါ့ရဲ့ ကိုယ်ပိုင်ဥစ္စာ၊ ငါ့ရဲ့ ကိုယ်ပိုင်ဥစ္စာလဲ မဟုတ်၊ ငါလဲ မဟုတ်ဘူး ဆိုလို့ ရှိယင်ဖြင့် ဒီထဲမှာ တစုံ တခု၊ အနှစ်သာရရှိတဲ့ အရာဝတ္ထုကလေး၊ အတ္တ ဆိုတဲ့ သဘောကလေး ရှိမလား"

"မရှိပါ ဘုရား"

"မရှိယင်တဲ့....

''န မေသော အတ္တာ။ ဧသော၊ ဤပျက်စီးသွားတယ် ဆိုတာ ကလေးဟာ၊ ငါရဲ့။ အတ္တာ၊ တစုံတခု မပျက်စီးနိုင်တဲ့ တန်ခိုးသတ္တိရှိတဲ့ အတ္တကလေးသည်။ န၊ မဟုတ်လေတကား။

''ဘယ်နှစ်ချက် သုံးသပ်ယူရမလဲ''

''၃–ချက်ပါဘုရား''

(၁) 'နေတံ မမ၊ တချက်၊

(၂) ''နေသော ဟမသ္မိ၊ တချက်၊

(၃) ''န မေ သော အတ္တာ၊ တချက်၊

''ပါဠိတော်အတိုင်းနော်''

''မှန်ပါ ဘုရား''

''တို့တရားပွဲကျင်းပတဲ့ အဖွဲ့က ဟိုမှာ ကြေငြာထားတယ်၊ ဘုန်းကြီး ရောက်လာတော့ ကြည့်လိုက်တယ်။ 'ပါဠိတော် ဟောစဉ်' သူတို့က ဆိုင်းဘုတ် ချိတ်ထားတယ်နော်''

''မှန်ပါ ဘုရား''

''ဒီတော့ တို့ဒီတရားပွဲ ကျင်းရေးအဖွဲ့က ချိတ်တဲ့ဆိုင်းဘုတ်အတိုင်းပဲ၊ ပါဠိတော်နဲ့ တို့ပရိသတ် ချပေးရအောင်။ မြတ်စွာဘုရားရဲ့ ပါဠိတော် စကားလုံး နှုတ်ထဲ ဆိုရတာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ဟိုတနေ့က ပြောခဲ့ပြီးပါပြီနော်။

''အဖိုးတန် စကားလုံးလေး ၃–လုံးကို အရဆောင်သွားကြ။

''ကိုင်း၊ လိုက်ပြီးတော့ဆိုပါ....

''နေတံ မမ၊ ဆိုကြည့်ပါ။ ဟုတ်ပြီနော်၊ မြန်မာလို ပြန်ရအောင်။

''ဧတံ၊ ဤဖောက်ပြန် ပျက်စီးသော ပထဝီဓာတ်သည်။ မမ၊ ငါ၏၊ နသန္တကံ၊ ဥစ္စာ မဟုတ်။

''ဤဖောက်ပြန် ပျက်စီးတတ်သော ပထဝီဓာတ်သည် ငါ၏ ကိုယ်ပိုင် ဥစ္စာ မဟုတ်၊

''ဖြည်းဖြည်း ဆိုကြည့်ပါ။

''အေး၊ အဲဒါ 'နေတံ မမ' ဆိုတဲ့ အပိုဒ်။

''နောက်တပိုဒ်က 'နေသော ဟမသ္မိ' လို့ ဆိုရလိမ့်မယ်၊ လိုက်ဆိုပါ။

''နေသော ဟမသ္မိ''

''အေး၊ 'နေသော ဟမသ္မိ' ဆိုတာ အဓိပ္ပာယ် ဘာပြောသလဲ ဆိုလို့ ရှိယင်...,,

''သော၊ ဤ ဖောက်ပြန်ပျက်စီးတတ် ပထဝီဓာတ်သည်။ အဟံ၊ ငါသည်။ နအသ္မိ၊ မဟုတ်ဘူး၊ ကဲ၊ ဒီလို ဆိုတဲ့တယ်။

''ဒီတော့ယင် လိုက်ဆို။

''ဤဖောက်ပြန်ပျက်စီးတတ်သော ပထဝီဓာတ်သည် ငါမဟုတ်လေ။

''န မေသော အတ္တာ၊ ဆိုတဲ့ တတိယအပိုဒ်နော်။

''န မေသော အတ္တာ၊ တဲ့။ ကိုင်း၊ လိုက်ဆိုပါ။

''န မေသော အတ္တာ၊ ဆိုပါ။

''န မေသော အတ္တာ။ ဆိုတာက 'သော၊ ဤဖောက်ပြန်ပျက်စီး။ တတ်တဲ့ ပထဝီဓာတ်သည်။ မေ၊ ငါရဲ့။ န အတ္တာ၊ အတ္တ မဟုတ်၊ တဲ့၊

''ဒီအဓိပ္ပာယ်၊ ဒီတော့ ဆိုပါ။

''ဤ ဖောက်ပြန်ပျက်စီးတတ်သောပထဝီဓာတ်သည် ငါ၏ အတ္တ မဟုတ်''

''ဖြည်းဖြည်းဆို။

''အဲဒီဉာဏ်သည်တဲ့၊ 'သမ္မသန'ဉာဏ်ပဲ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ယခုနက ပြောခဲ့တယ်။ မာကျောတဲ့သဘော ပထဝီဓာတ်ကို ပိုင်ပိုင် ပြန်ပြီးတော့ ရှုနိုင်လို့ရှိယင် ဤပုဂ္ဂိုလ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်။

''ဘယ့်နှယ်ဘုရား၊ တပည့်တော်တို့ ပထဝီဓာတ် တလုံးထဲ ဖမ်းထားတာ၊ နာမရူပ ပရိစ္ဆေဒ ဘယ်လိုလုပ် ဖြစ်မလဲ၊ ဒီလိုမေးခဲ့ယင်၊ တို့ဒကာကိုအုံးဟန်ကြီးကတော့ မမေးပါဘူး နော်''

''မှန်ပါဘုရား''

''အကယ်၍များ မေးခဲ့လို့ရှိယင် နာမ်ရော၊ ရုပ်ရော ၂-မျိုးလုံး ပါသွားပုံကို ဟိုတနေ့က ပြောခဲ့ပြီးတဲ့အတိုင်း မာကျောတဲ့ သဘောသည် ပထဝီဓာတ် ဆိုတာကိုတော့ ပိုင်သွားပြီ။ အဲဒီ မာတာကို ဘယ်သူက သိလိုက်သလဲလို့ တဘက်ကို ပြန်ပြီးတော့ ကြည့်လိုက်လို့ရှိယင် ဘယ်သူက သိသလဲ''

''ဝိဉာဏ်က သိပါတယ် ဘုရား''

''ဝိညာဏ်က သိလိုက်တယ် တဲ့။ ဒါဖြင့် ဓာတ်ထဲ ထည့်လိုက်တော့ သူက 'ဝိညာဏဓာတ်' မနေလား''

''နေပါတယ် ဘုရား''

''ပထဝီဓာတ်ကို ဝိညာဏဓာတ်က သိတယ်၊ ဒီလိုမဟုတ်လား''

"မှန်ပါတယ် ဘုရား"

"အဲဒါ ဓာတုမနသိကာရ အစစ်ပဲတဲ့ နော်"

"မှန်ပါဘုရား"

"ပထဝီဓာတ်ကို ဝိညာဏဓာတ်က သိတယ်၊ ဒါဖြင့် ဘာဝိညာဏ်လဲဆိုတော့ 'မဟာကုသိုလ်ဉာဏ သမ္ပယုတ်ဝိညာဏ်' ဗျ"

"မှန်ပါတယ် ဘုရား"

"မဟာကုသိုလ် ဉာဏသမ္ပယုတ်" ဉာဏ်ယှဉ်ပြီးတော့ လာတဲ့ကုသိုလ်စိတ်၊ ဝိပဿနာဉာဏ် နော်"

"မှန်ပါဘုရား"

"ဉာဏ်နဲ့ယှဉ်နေတဲ့ စိတ်၊ဒါဖြင့် အဲဒီစိတ်ကလေးက'ဝိညာဏဓာတ်' အဲဒီစိတ်နဲ့ ယှဉ်ပြီးတော့လာတဲ့ ဉာဏ်လို့ခေါ်တဲ့ ပညိန္ဒြေစေတသိက်ကလေးကို သူက ဓာတ်ထဲထည့် ပြောယင် ဓမ္မဓာတ်၊ သူ့ဟာ။

"ပညိန္ဒြေစေတသိက်လို့ခေါ်တဲ့ ဉာဏ်ကလေးက ဓာတ်နဲ့ပြောယင် ဘာဓာတ်လဲ"

"ဓမ္မဓာတ်ပါ ဘုရား"

"ဒါ ပထဝီဓာတ်ပဲ၊ ငါမဟုတ်ဘူး၊ ပထဝီဓာတ်နဲ့ ငါနဲ့ တခြားစီ ဖောက်ပြန် ပျက်စီးတာ ပထဝီဓာတ်၊ ငါသည် ဖောက်ပြန် ပျက်စီးသည် မဟုတ်၊ ပထဝီဓာတ်သည် ငါ၏အလုပ်ကိစ္စမဟုတ်လို့ ခွဲခွဲခြားခြား စီစစ်ပြီးတော့ ပေးနေတာက ပညိန္ဒြေစေတသိက်၊ ပညာလို့ခေါ်တဲ့ ဓမ္မဓာတ်ရဲ့ အလုပ်ကိစ္စ နော်၊

"ဓမ္မဓာတ်က အဲဒီလို သုံးသပ်၍ ခွဲခြမ်း၍ စီစစ်၍ ပေးတယ်။

"သုံးသပ်၊ ခွဲခြမ်း စီစစ်ပြီးတော့ ပေးလိုက်တဲ့ ဓမ္မဓာတ်က ဖော်ပေးလိုက်တဲ့ သဘာဝတွေကို ဝိညာဏ်လို့ခေါ်တဲ့ မဟာကုသိုလ် စိတ်ကနေပြီးတော့ သိတယ်တဲ့၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"မဟာကုသိုလ်စိတ် လို့ခေါ်တဲ့ ဝိညာဏဓာတ်က သိတယ်၊ ခုနက ပညိန္ဒြေပညာလို့ခေါ်တဲ့ ဉာဏ်ကနေပြီးတော့ ခွဲပေးတယ်။ စီစစ်ပေးမယ်။ ဒီလိုမဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ဒါကြောင့်မို့လို့ အချုံအာရုံသည် ပထဝီဓာတ်၊ ရုပ်ဘုရား။

"အဲဒီ ပထဝီဓာတ်၊ ရုပ်တရားကို ပိုင်ပိုင်ကြီး မိသွားတဲ့ယောဂီပုဂ္ဂိုလ်ရဲ့ ခုနက ရှုစိတ်မှာ ဟုတ်လား၊ အရေးတကြီးပါလာတဲ့၊ ဉာဏ်လို့ခေါ်တဲ့ ပညာက ဓမ္မဓာတ်။

"ဒီမာကျောတဲ့ သဘောကိုသိလိုက်တယ်၊ စိတ်က ဝိညာဏဓာတ်၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ဒါဖြင့် ဓာတ် ဘယ်နှစ်လုံးလဲ"

"၃–လုံးပါ ဘုရား"

"၃–လုံးရှိမယ်၊ ကိုင်း– ဒါဖြင့်ယင် 'ပညာ' တလုံးထဲလားတဲ့၊ တို့ဒုတိယညက ဒေပြောခဲ့တဲ့အတိုင်း–

"အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ၊

"အာတာပီ၊ ကိလေသာမာန်၊ သူပူန်ရန်ကို ပူပန်စေတတ်၊ ချောက်ချားစေတတ်တဲ့ ဝီရိယလဲ ရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ရုပ်၊ နာမ် ၂–ပါးကို ခွဲခြမ်းသိမြင်တဲ့၊ ဉာဏ်လဲ သက်ဝင်သည်ဖြစ်၍၊ သတိမာ၊ အဲဒီ ရုပ်တရား နာမ်တရားတို့ကို ဉာဏ်ထဲမှာ ကောင်းစွာ ထင်ရှားစေတဲ့ သတိလဲ ရှိသည်ဖြစ်၍။

**ဝိပဿနာအလုပ်၌ ပိုင်ထားရမည့် တရား(၃)ပါး။** "ဝိပဿနာ စခန်း စီးဖြန်းတဲ့ ပုဂ္ဂိုလ် တရား ဘယ်နှစ်လုံး ပိုင်ထားရမလဲ"

"၃–လုံးပါ ဘုရား"

(၁) သတိရယ်။

(၂) ဝီရိယရယ်။

(၃) ပညာရယ်။

"တို့ပရိသတ်၊ ဘယ်နှစ်လုံးလဲ"

"၃–လုံးပါ ဘုရား"

"အဲဒီ သတိ၊ ဝီရိယ၊ ပညာ၊ ၃–လုံးကို ဓာတ်ထဲ သွင်းလိုက်တဲ့အခါကျတော့ ၃–လုံးစလုံး ဓမ္မဓာတ်ထဲမှာ သွား။

"သတိဆိုတာလဲ ဓမ္မဓာတ်ပဲ၊ ဝီရိယဆိုတာလဲ ဓမ္မဓာတ်ပဲ၊ ပညာဆိုတာလဲ ဓမ္မဓာတ်။

"သတိ၊ ဝီရိယ၊ ပညာ ၃–ဦးဟာ ဓမ္မခေတ် နေ၁်"

"မှန်ပါဘုရား"

"အဲဒီ သတိ၊ ဝီရိယ၊ ပညာ ၃–လုံးက ဖော်ပေးလို့ ပေါ်လာတဲ့၊ သတိ၊ ဝီရိယ၊ ပညာ၊ ၃–လုံးက ဖော်ပေးလို့ ပေါ်လာတဲ့၊ ပထဝီဓာတ်ရဲ့ ကက္ခဠလက္ခဏာပဲ၊ သိတဲ့ ဝိညာဉ်က ဝိညာဏဓာတ်။

"မာကျောတဲ့ သဘောလို့ခေါ်တဲ့ 'အရိုး' မဟုတ်တော့ပြီတဲ့။ 'သွား' မဟုတ်တော့ပြီ၊ မာတဲ့ သဘောလေးပါကလားလို့ ကောင်းစွာ သိလိုက်တဲ့၊ ဝိညာဉ်က၊ ဝိညာဏဓာတ်။

"အဲဒီ မာကြောတဲ့ သဘောလေးဟာ ပထဝီဓာတ်ဆိုတော့ ဓာတ် ၃–ခု မနေလား"

"နေပါတယ် ဘုရား"

"အဲဒီ ဓာတ်ဆိုတာက ဘာကြောင့် သူတို့ကို ဓာတ်ခေါ်သလဲတဲ့။

"အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု"

"သူတို့သဘောနဲ့ သူတို့သိတာ တို့ဒကာကြီးတွေက သိချင်လို့သိတာ မဟုတ်ဘူး၊ ကိုယ်လုပ်ယူလို့ရတာ မဟုတ်ဘူးတဲ့။

"ပထဝီဓာတ်ကလဲ သူ့သဘောနဲ့ မာတာ၊ ပထဝီဓာတ်က သူများ မာခိုင်းလို့ မာတာလား၊ သူ့သဘောနဲ့သူ မာတာလား"

"သူ့သဘောနဲ့သူ မာတာပါ ဘုရား"

"သူ့သဘောနဲ့ သူ့ဟာသူ မာနေတာ။

"အတ္တနော သဘာဝံ ဓာရေတီ"ဆိုတာ သူ့သဘောကို ဆောင် တယ်ဆိုတာ ဒါပဲ၊ ဘယ်ဘုရား ရဟန္တာ၊ ပစ္စေကဗုဒ္ဓါကမှ 'မင်းမာစမ်းကွာ' လို့ ပြောလို့ မာတာမဟုတ်ဘူးတဲ့၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ကောင်းကင် ဖန်ဆင်းရှင်၊ တန်ခိုးရှင်တွေကနေ မာခိုင်းလို့ မာနေရတာ မဟုတ်ဘူးတဲ့။ ကောင်းကင်ဘုံရှင်တွေကနေ မာခိုင်းထားလို့၊ ဖန်ဆင်းထားလို့ မာနေရတာ မဟုတ်ပါ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"သူ့ ပင်ကိုယ်သဘောအတိုင်း၊ သူ့ဟာသူ မာနေသောကြောင့် ကိုယ့်သဘော ကိုယ်ဆောင်တယ်'ဆိုတာ ဒါပဲ။

"သူ့သဘော သူဆောင်တယ်"

"အတ္တနော သဘာဝံ ဓာရေတီတိ၊ ဓာတု၊

"အတ္တနော၊ မိမိရဲ့။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်၏။ ဣတိ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်သဘောမည်၏။

"ကိုယ့်သဘော ကိုယ်ဆောင်လို့ ဓာတ်ခေါ်တယ်။ ဒီအထဲမှာ အတ္တပါသွားမလား"

"မပါတော့ပါ ဘုရား"

"သူ့သဘော သူဆောင်တယ် ဆိုလို့ရှိယင်၊ ဒီအထဲမယ်၊ ဟုတ်လား၊ ကိုယ့်သဘောမပါပဲနဲ့ အတ္တ ကင်းသွားပြီ မဟုတ်လား"

"မှန်ပါဘုရား"

**သုညတကမ္မဋ္ဌာန၊** ။"အဲဒါကြောင့်မို့လို့ ဓာတ်ကမ္မဋ္ဌာန်းဟာ အတ္တဆိတ်သုဉ်းသောကြောင့် သုညတကမ္မဋ္ဌာန်းလို့ ဤကဲ့သို့ ပြောပါတယ်နော်"

"မှန်ပါတယ် ဘုရား"

"သုညတကမ္မဋ္ဌာန်းဆိုတဲ့ သဘောသည် ဤသဘောကို ပြောတာ၊ သူ့သဘောနဲ့သူ သိတာ။

"ဝိညာဏ်ကလဲပဲ 'ဝိဇာနနလက္ခဏံ၊ ဝိညာဏံ' ဆိုတဲ့အတိုင်း ဝိညာဏ်ဖြစ်ယင် သိကို သိမှာ၊ ငါက သိတာမဟုတ်ဘူး"

"ဝိညာဉ်ရဲ့အလုပ်ကိစ္စ၊ ငါ့ရဲ့အလုပ်ကိစ္စ မဟုတ်သေးလား"

"မဟုတ်ပါ ဘုရား"

"သူတဲ့သဘောကို ဘယ်သူကဆောင်"

"ဝိညာဉ်က ဆောင်ပါတယ် ဘုရား"

"ဝိညာဉ်က ဆောင်၊ ဝိညာဏဓာတ်က ဆောင်၊ မာတဲ့ သဘောလက္ခဏာကို ဘယ်သူကဆောင်"

"ပထဝီက ဆောင်ပါတယ် ဘုရား"

"ဟော–သူ့သဘော သူဆောင်တာ နော်"

"မှန်ပါတယ် ဘုရား"

"အေး–ထင်ရှားအောင် လုပ်မယ်၊ ဘယ်သူက လုပ်"

"သတိက လုပ်ပါတယ် ဘုရား"

"ဒါကြောင့် ပရမတ္ထတရားတွေ ထင်ရှားစေတဲ့ အလုပ်ကိစ္စကို ဘယ်သူက လုပ်သလဲဆိုယင် သတိက လုပ်ပါတယ်၊ သတိသည် သူ့ကိစ္စ သူဆောင်ရွက်တယ်၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ကိုင်း–နောက်တခု၊ ဒီ မာတဲ့ သဘောလက္ခဏာသည် ငါမဟုတ်ဘူး၊ ပထဝီဓာတ်၊ မာတဲ့ သဘောလက္ခဏာသည် 'သွား' မဟုတ်တော့ပြီ၊ ပထဝီဓာတ်။

"မာတဲ့သဘောလက္ခဏာသည် 'သွား' မဟုတ်တော့ပြီ၊ပထဝီဓာတ်ပါပဲလို့ ခွဲခြမ်းစိစစ်တဲ့ စမ္မဒိဋ္ဌိ သမ္မောဇ္ဈင်ရဲ့ အလုပ်ကိစ္စကို ဘယ်သူက လုပ်မယ်"

"ပညာက လုပ်ပါမယ် ဘုရား"

"ပညာက လုပ်မယ်၊ ပညာသည် သူ့သဘော သူဆောင်ပြီးတော့ သွားတယ်၊ သူ့ကိစ္စလေး သူကလဲ အလုပ်လုပ်သွားတယ်၊ ခွဲပြီးတော့၊ စိစစ်ပြီးတော့ ပေးသွားတယ်။

"သတိက အဲဒီ ခွဲပေးဘဲ့ ဥစ္စာလေး၊ ထင်ရှားအောင် သူကလဲ ပို့ပေးခဲ့တယ်။

"ဝီရိယကလဲ အဲဒီတရား ၂–လုံး တခါထဲ ပျက်ပြီးတော့ မသွားအောင် ထိန်းပေးထားတယ်။

"သူ့ကိစ္စ သူလုပ်နေပြီ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အဲဒါ ဥာဏသမ္ပယုတ်စိတ်လို့ ခေါ်တဲ့ မဟာကုသိုလ် စိတ်ဝိညာဏ်လေးက နေပြီးတော့ သိသိုက်တယ်၊ ဒီလိုမဟုတ်လား"

"မှန်ပါတယ် ဘုရား"

"ဒါဖြင့် သူ့သဘော သူဆောင်၍ အသီးသီး ဆောင်ရွက်မနေကြပေဘူးလား"

"နေကြပါတယ် ဘုရား"

"အဲဒီလို သူ့သဘော သူဆောင်၍ နေသောကြောင့်၊

"အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု"တဲ့၊

"အဲဒါ ဓာတ်ရဲ့ အလုပ်ကိစ္စ၊ ဓာတ်ရဲ့သဘောဆိုတာ ဒါပဲ။

"ဘာကြောင့် ဓာတ်ခေါ်တယ်ဆိုယင် နားလည်ကြပြီ။

"သူ့သဘောတွေဟာ သူဆောင်၍ နေသောကြောင့် ဓာတ်၊ငါက လုပ်တာ မဟုတ်ပြီ၊ ငါလုပ်လို့ ရလား"

"မရပါဘုရား"

"အဲဒါ စိတ်ဆိုတာ အဲဒီလို သဘောကျယင် ဒီအထဲမှာ ငါကောင်း သွား၊ ငါကောင်းသွားသောကြောင့် ဘာဖြစ်တုံး"

"အတ္တကျွတ်သွားပါတယ် ဘုရား"

**အတ္တနှင့် အတ္တနိယ။** ။"အတ္တ" ဆိတ်တယ်၊ "သုညတ"လို့ ခေါ်တယ်။ သုညတဆိုတာ အတ္တမှ ဆိတ်သုဉ်းခြင်း ဒီလို မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အတ္တမှ ဆိတ်သုဉ်းသွားတယ်ဆိုတာက "သုညတကမ္မဋ္ဌာန်း"

"အတ္တနိယ"မှလဲ ဆိတ်သုဉ်းသွားတယ်တဲ့၊ အတ္တနိယဆိုတာ ငါ့ရဲ့ ကိုယ်ပိုင်ပဲလို့ သိမ်းထားစရာ၊ ဒီထဲမှာ ရှာမတွေ့တော့ဘူး။

"ခုနက ပထဝီဓာတ်ကလေးဟာ ဖောက်ပြန်ပျက်စီးခြင်းလို့ ခေါ်တဲ့၊ 'ဝိပရိဏာမ'ကို ယောဂီက ပိုင်သွားယင်၊ 'ငါပိုင်လေးပဲ'လို့ ဒီ'သွားလေး' ဖမ်းသိမ်းထားလို့ ရမလာ"

"မရပါဘုရား"

"အဲဒီသဘော ပိုင်းသွားလို့ ရှိယင် 'အတ္တနိယ' ဆိတ်သုဉ်းသွားတယ် ခေါ်တယ်။

"ငါပိုင်အဖြစ်နဲ့ သိမ်းထားတာက 'အတ္တနိယ'

"ငါဆိုတာက 'အတ္တ'

"တို့ပရိသတ်၊ အတ္တနဲ့ အတ္တနိယ ၂–ခု၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ငါလို့ ဒီထဲမယ် ထင်ထားတာ 'အတ္တ'၊ ငါ့ရဲ့ ကိုယ်ပိုင်ဥစ္စာပဲလို့ သိမ်းပိုက်တာက 'အတ္တနိယ'နော်"

"မှန်ပါဘုရား"

"ပထဝီဓာတ်ပါပဲလို့ သိလိုက်ပြီ၊ ငါလဲ မရှိ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ပထဝီဓာတ်ရဲ့ ပျက်စီးတဲ့သဘောကိုလဲ တွေ့လိုက်သည်။ ငါ့ရဲ့ ကိုယ်ပိုင်ပဲလို့ မသိမ်းပိုက်နိုင်တော့ပြီ။

"သိမ်းပိုက်လို့ ဖြစ်အုံးမလား"

"မရတော့ပါဘုရား"

''မဖြစ်တော့ဘူးတဲ့၊ 'နေတံ မမ' ဆိုထားတယ်''

''မှန်ပါဘုရား''

''တော်၊ ဤ ဖောက်ပြန်ပျက်စီးနေတယ်ဆိုတာ၊ မမ၊ ငါရဲ့၊နသန္တကံ၊ ဥစ္စာမဟုတ်တော့ပြီ။

''ဟ–ငါရဲ့ ကိုယ်ပိုင်မှ မဟုတ်တော့ပဲလို့ သဘောကျသွားယင် 'အတ္တနိယ'ဆိုတာလေးကော၊ ဆိတ်သုဥ်းသွားပြီ 'အတ္တ'လဲ ဆိတ်သုဥ်းသွားပြီ။ ဒီလိုမဟုတ်လား''

''မှန်ပါဘုရား''

''ဒါဖြင့်ယင် ဘယ်နှစ်ချက် ဆိတ်သုဉ်းသွားလဲ''

''၂–ချက်ပါ ဘုရား''

''၂–ချက် ဆိတ်သုဉ်းသွားပြီတဲ့။ အဲဒီ မာကျောတဲ့သဘောလေးဟာ ပျက်စီးနေတာပါပဲ၊ ခိုင်မြဲတာ မဟုတ်ပြီလို့ သဘောကျသွားလို့ရှိယင် 'နိစ္စ'၊ 'မြဲတယ်'လို့ဆိုတဲ့ အမှတ်သညာ မဆိတ်သုဉ်းဘူးလား''

''ဆိတ်သုဉ်းသွားပါတယ် ဘုရား''

''ဒါကြောင့် 'နိစ္စ'လို့ခေါ်တဲ့၊ ခိုင်မြဲတဲ့ အမှတ်သညာလဲ ဆိတ်သုဉ်း၍ သွားပြီ။

''ဘယ်နှစ်ချက် ဆိတ်သုဉ်း'

''၃–ချက်ပါဘုရား''

(၁) အတ္တမှလဲ ဆိတ်သုဉ်းတယ်

(၂) အတ္တနိယမှလဲ ဆိတ်သုဉ်းတယ်။

(၃) နိစ္စမှလဲ ဆိတ်သုဉ်းတယ်။

''ကိုင်း–နောက်တခု ကြည့်၊ ဖောက်ပြန် ပျက်စီးနေပါတယ်ဆိုတာတွေက တင့်တယ်တဲ့ သဘောပေလား၊ မတင့်တယ်တဲ့ သဘောတွေလား ဆိုတော့''

''မတင့်တယ်တဲ့ သဘောတွေပါ ဘုရား''

''မတင့်တယ်တာတွေ၊ ပျက်စီးဘယ်ဆို၊ ဘယ်တင့်တယ်မှာလဲလို့နော်....''

''မှန်ပါဘုရား''

''ဒါကြောင့် 'သုဘနိမိတ်'မှလဲ ဆိတ်သုဉ်းခဲ့တယ်။ ရွံရှာဖွယ်တွေဆိုယင် တင့်တယ်ရဲ့လား၊ မတင့်တယ်ဘူးလား''

''မတင့်တယ်ပါ ဘုရား''

"တို့ပရိသတ်၊ ရွှေရှာဖွယ်တွေ ဘယ်လိုတုံး"

"မတင့်တယ်ပါ ဘုရား"

"မတင့်တယ်ဘူးဆိုယင် တင့်တယ်တဲ့ အမှတ်သညာတွေ ဆိတ်သုဉ်း၍ မသွားပေဘူးလား"

"ဆိတ်သုဉ်းသွားပါတယ် ဘုရား"

**သုညတ ၄–မျိုး။** ။"ဒါကြောင့် ဆိတ်သုဉ်းချက် ၄–ခု ပင်တယ်နော်"

"မှန်ပါဘုရား"

(၁) အတ္တ၊ ငါပဲ ဆိုတဲ့ အစွဲလေးလဲ ဆိတ်သုဉ်းခြင်း၊

(၂) ငါပိုင်ပဲလို့ သိမ်းထားရမယ့် 'အတ္တနိယ' မှလဲ ဆိတ်သုဉ်းခြင်း။

(၃) ခိုင်မြဲတဲ့ နိစ္စမှလဲ ဆိတ်သုဉ်းခြင်း။

(၄) တင့်တယ်တယ် ဆိုတဲ့ 'သုဘနိမိတ်' မှလဲ ဆိတ်သုဉ်းခြင်း

"ဘယ်နှစ်ချက်"

"၄–ချက်ပါ ဘုရာ"

"အဲဒီ ၄–ချက်တို့ဖြင့် ဆိတ်သုဉ် ၍နေသောကြောင့် ဤကမ္မဋ္ဌာန်း သည် တဲ့၊ တို့ပရိသတ် ဘာ ကမ္မဋ္ဌာန်းလဲ"

"သုညတ ကမ္မဋ္ဌာန်းပါ ဘုရား"

**ပကတိမျက်စိပိုင်း၊ ဉာဏ်မျက်စိပိုင်း။** ။"ဓာတုတော သုညတော ပဿ မာ လောကံ ပုနရာဂမိ။

"နန္ဒေ၊ အို–ချစ်နှမ ဇနပဒကလျာဏီနန္ဒာ၊ ဓာတုတော၊ ဓာတ် အနေအားဖြင့်။ ပဿ ပဿာဟိ၊ စေ့စေ့ငုငု၊ ဉာဏ်စက္ခုဖြင့် ရှုပါလေ။ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ခုဟာက ဉာဏ်ပိုင်း ရောက်သွားပြီနော်"

"ဉာဏ်ပိုင်းရောက်နေပါပြီ ဘုရား"

"ကေသာ၊ လောမာ၊ နခါ၊ ဆိုတော့ ပကတိမျက်စိနဲ့ မြင်နေရတဲ့ အပိုင်း။ ယခုတော့ 'ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော' ဆိုတော့ ဉာဏ်မျက်စိနဲ့ ကြည့်ရမယ့် အပိုင်း မဟုတ်လား"

"မှန်ပါဘုရား"

''ဒါကြောင့် 'ဓာတုဇတာ။ ပထဝီ အစရှိတဲ့ ဓာတ်အနေအားဖြင့် ပဿ ပဿသာဟ်။ ဧစ့စေ့ငုငု၊ ဉာဏ်စက္ခုဖြင့် ကြည့်ရှုပါလေ။

''အဲဒီလို စေ့စေ့ငုငု၊ ဉာဏ်မျက်စိဖြင့် 'ဓာတုမနသိကာရ' ရှုနိုင်လို့ ရှိယင်။ သုညတော၊ တဲ့။ သုညတအနေအားဖြင့်လဲပဲ မြင်လိမ့်မယ်။ သုညတ ၄–ချက် တွေ့ပြီလား''

''မှန်ပါဘုရား''

''သုညတ ၄–ချက်က နံပတ် (၁) ဘာဆိတ်တာလဲ''

''မိမိတို့ဥစ္စာ မဟုတ်ဘူး ဘုရား''

''ပါဠိစကားနဲ့ တို့ပရိသတ်၊ လွယ်လွယ်ကလေးပြော၊ နံပတ် ၁''

''အတ္တဆိတ်သုဉ်းပါတယ် ဘုရား''

''အတ္တမှ ဆိတ်သုဉ်းတယ်။ တို့ပရိသတ်၊ ဘာတဲ့တုံး''

''အတ္တဆိတ်ပါတယ်''

''အတ္တမှ ဆိတ်သုဉ်းတယ်၊ မှတ်ထားပါ၊ တရားရဲ့အရသာ 'ဓမ္မရသ' တရားကိုယ်ချုပ်ရအောင်။ သုညတ ကမ္မဋ္ဌာန်းလို့ အရှင်ဘုရား ခဏခဏ ပြောတယ်၊ ဘာတွေဆိတ်တာလဲဆိုယင် အတ္တမှ ဆိတ်သုဉ်းခြင်း''

''အတ္တမှ ဆိတ်ပါတယ် ဘုရား''

''ငါပဲလို့ ဒီထဲမှာမတွေ့ဘူး၊ ငါပဲလို့ အဲဒီ ပထဝီဓာတ်လေးကို ဖောက်ပြန်မှု 'ဝိပရိဏာမ' ရှုနိုင်လို့ရှိယင် ဘာဖြစ်လဲ။ ငါပိုင်ပဲလို့ သိမ်းဆည်းစရာမှ ဆိတ်သုဉ်းခြင်း၊ အတ္တနိယ။ 'အတ္တ' ဆိတ်ယင် 'အတ္တနိယ' ဆိတ်သုဉ်းသွားပြီ။

''နောက်တခါ ဘာဖြစ်မလဲ 'နိစ္စ' ဖောက်ပြန်ပျက်စီးတယ်ဆိုတာ မခိုင်မြဲလို့ ပျက်စီးတာ၊ 'နိစ္စ' မှ ဆိတ်သုဉ်းခြင်း၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''နိစ္စ မှ ဆိတ်သုဉ်းခြင်း၊ ရှု ရှုဖွယ် အမှတ်သညာတွေကိုလဲ မြင်ခဲ့ပြီ၊ နောက်ပြီးတော့ ဖောက်ပြန်ပျက်စီးမှုတွေကိုလဲ မြင်ခဲ့ပြီဆိုယင် တဲ့၊ တင့်တယ်တဲ့ သဘော ရှိအုံးမလား''

''မရှိတော့ပါ ဘုရား''

''မရှိတော့သောကြောင့်တဲ့၊ 'သုဘ' မှ ဆိတ်သုဉ်းခြင်း၊ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ဤ ၄–ချက်သော အရာဝတ္ထုတို့မှ ဆိတ်သုဉ်း၍ သွားလေသောကြောင့် ဤကမ္မဋ္ဌာန်းသည် တဲ့၊ တို့ပရိသတ် ဘာကမ္မဋ္ဌာန်းလဲ''

"သုညတ ဂ းမ္မဋ္ဌာန်းပါ ဘုရား"

"သုညတ ကံမ္မဋ္ဌာန်း၊ သဘောကျလား နေ၁်"

"မှန်ပါ ဘုရား"

"အေးဒါကြောင့်မို့လို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်က—

"ရာဟုလာ၊ ချစ်သား ရာဟုလာ။ ယာစအဇ္ဈတ္တံက ပထဝီဓာတု၊ အကြင် အတွင်းသန္တာန်၌ ဖြစ်နေတဲ့ ပထဝီဓာတ်သည် လည်းကောင်း။ ယာစဗဟိရာပထဝီဓာတု၊ အကြင် အပသန္တာန်၌ ဖြစ်တဲ့ ပထဝီဓာတ်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။

"တေ၊ဤအတွင်းအပမှာ ဖြစ်နေတဲ့ပထဝီဓာတ်သည် တဲ့။။နေတံမမ၊ ငါရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်။

"ဆိုပြီးသားနော်"

"မှန်ပါ ဘုရား"

"နေသော ဟမသ္မိ၊ ငါဆိုတဲ့ ပုဂ္ဂိုလ်သတ္တဝါ ငါလဲ မဟုတ်။ န မေသောအတ္တာ၊ ငါရဲ့ အတ္တ ကလေးလဲ့ မဟုတ်။ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ဧတံ၊ ဤသို့။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ 'ယထာဘူတ ဉာဏ်ဖြင့်—

"အဲဒီဉာဏ် ဘာဉာဏ်တဲ့လဲ"

"ယထာဘူတဉာဏ်ပါ ဘုရား"

"တို့ပရိသတ် ဘာဉာဏ်တဲ့လဲ"

"ယထာဘူတဉာဏ်ပါ ဘုရား"

"ယထာဘူတဉာဏ်"

"ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ ယထာဘူတဉာဏ်ဖြင့်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မဖောက်မပြန် မှန်ကန်စွာ သိမြင်တဲ့ ယထာဘူတဉာဏ်ဖြင့်။ ပဿတိ၊ ရှုမြင်လေတော့၏။

"ဧဝံ၊ ဤသို့။ ပဿံ ပဿန္တော၊ ယထာဘူတဉာဏ်ဖြင့် ကောင်းစွာ ပိုင်ပိုင်ရှုမြင်နိုင်တဲ့ ယောဂီပုဂ္ဂိုလ်သည်။ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေတော့၏။

"ပထဝီဓာတ်မှာ သူ ဘာဖြစ်သွားမလဲ။'
"ငြိးငွေ့လာပါတယ် ဘုရား"
"ယထာဘူတဉာဏ်ဖြင့် သုံးသပ်နိုင်လို့ရှိယင် ဤပုဂ္ဂိုလ်သည် ပထဝီဓာတ်မှာ ငြိးငွေ့မယ်။ ပထဝီဓာတ်ကို ငြိးငွေ့သဖြင့် အာပေါဓာတုယာ၊ အာပေါဓာတ်မှာလဲပဲ၊တေဇောဓာတုယာ၊ တေဇောဓာတ်မှာလဲပဲ၊ ဝါယောဓာတုယာ၊ ဝါယောဓာတ်မှာလဲပဲ။
"တခုပြောယင် အကုန်လုံးပြီးရောပေါ့"
"မှန်ပါ ဘုရား"
"အဲဒီ ဓာတ်ကြီး ၄–ပါးစလုံးမှာ နိဗ္ဗိန္ဒတိ၊ ငြိးငွေ့သေတော့၏။
"ငြိးငွေ့သွားတယ်၊ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်း၊ အစိုးမရခြင်း၊ ငါမပိုင်ခြင်းဆိုတဲ့ နေတံမမ။
"နေသော ဟမသ္မိ၊
"န မေသော အတ္တာ" သုံးသပ်နိုင်သဖြင့် ၄–ခုသော သဘာဝတွေ ဆိတ်သုဉ်း၍နေတာ မြင်သွားလို့ရှိယင်၊ အတ္တ၊ အတ္တနိယ၊ နိစ္စ၊ သုဘ၊ ၄–ချက် ဆိတ်သုဉ်းတာ သဘောကျသွားလို့ရှိယင်တဲ့၊ ငြိးငွေ့သွားပြီ။
"ငြိးငွေ့တယ်ဆိုယင် ဉာဏ်စဉ်အတိုင်းပြောတော့ ဘာဉာဏ်တဲ့လဲ"
"နိဗ္ဗိန္ဒဉာဏ်ပါ ဘုရား"
"နိဗ္ဗိန္ဒဉာဏ်၊ အောက်ကဉာဏ်တွေ အကုန်လုံးဝင်တယ်"
"မှန်ပါ ဘုရား"
"သမ္မသနဉာဏ် ရဲ့ အထက် 'ဘင်္ဂ၊ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ' ၄–ခု မနေလား"
"၄–ခုပါ ဘုရာ"
"ဘင်္ဂဉာဏ်၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါဉာဏ်။
"အဲဒါကို နိဗ္ဗိဒါဉာဏ်ဘဲ့၊ ပေါင်းထည့်လိုက်။ဘင်္ဂရယ်၊ဘယရယ်၊ အာဒီနဝရယ်၊ ၃–ခု။ နိဗ္ဗိဒါဉာဏ်ဘဲ သွင်းထည့်လိုက်၊ ဒီလိုမဟုတ်လား"
"မှန်ပါ ဘုရား"
"ဝိပရိဏာမ၊ မြင်တော့ ဘင်္ဂတို့၊ ဘယတို့ အကုန်ဝင်သွားတာပေါ့ ဗျာ၊ နော်"
"မှန်ပါ ဘုရား"

"ဒါကြောင့် "နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေတော့၏" ဆိုတာ ဉာဏ်စဉ် ၄–ပါးရသွားပြီ "သမ္မသန" နဲ့ဆိုယင်တော့ ၅–ပါးပေါ့"

"မှန်ပါ ဘုရား"

"နိဗ္ဗိန္ဒတိ၊ ငြီးငွေ့လေတော့၏၊ နိဗ္ဗိန္ဒံ–နိဗ္ဗိန္ဒံ နွော၊ ငြီးငွေ့သည် ရှိသော်၊ ပထဝီဓာတုယာ၊ ပထဝီဓာတ်၌။ ဝိရဇ္ဇတိ၊ တပ်မက်ခြင်းကင်းလေ တော့၏။ တဲ့။

"ငြီးငွေ့လို့ရှိယင်၊ ငြီးငွေ့တဲ့နေရာမှာ ဤပုဂ္ဂိုလ် တပ်မက်အုံး မလား...."

"မတပ်မက်တော့ပါ ဘုရား"

"မတပ်မက်တော့ပြီဘဲ၊ မငြီးငွေ့ကြလို့ တပ်မက်နေတာနော်"

"မှန်ပါ ဘုရား"

"ငြီးငွေ့ယင် မတပ်မက်ဘူးတဲ့၊ သူဘာဖြစ်သွားသလဲ။

"ဝိရာဂ၊ တဲ့၊ 'ဝိရာဂ၊ တပ်မက်ခြင်းကင်းသွားပြီ' ဆိုလို့ရှိယင်တဲ့၊ ဘုရားရှင်က အကုန်လုံးဉာဏ်တွေခြုံပြီးတော့ လုံးပြီးတော့ပြောလိုက်တာတဲ့။

"လိုရင်းကိုင် ပြောလိုက်တာ"

"မှန်ပါ ဘုရား"

"တပ်မက်ခြင်း လုံးဝကင်းသွားတယ်ဆိုတာ အရဟတ္တ မဂ်ဆိုက် သွားမှပဲ ကင်းတယ်မဟုတ်လား"

"မှန်ပါ ဘုရား"

'သောတာပတ္တိမဂ်' လောက်ဆိုလို့ရှိယင်တော့ 'ဒိဋ္ဌိ' နဲ့ 'ဝိစိကိစ္ဆာ' ၂–ပါးပဲ ကုန်မယ်။

"အနာဂါမိမဂ်ဆိုလို့ရှိယင်တော့ 'ကာမ' 'ရာဂ' 'ဗျာပါ' ကုန် မယ်ပေါ့။

"အရဟတ္တ မဂ်ဆိုယင် တပ်မက်ခြင်း၊ ရာဂတွေအကုန်လုံး ကုန်ပြီ။ ဒီလိုမဟုတ်လား"

"မှန်ပါ ဘုရား"

"ဒါကြောင့် 'ဝိရဇ္ဇတိ၊ တပ်မက်ခြင်းကင်းလေတော့၏။'

"ဝိရာဂါ–တပ်မက်ခြင်းကင်းလို့ရှိယင်ဖြင့်။ သော၊ ထိုတပ်မက်ခြင်း ကင်းတဲ့ ယောဂီပုဂ္ဂိုလ်သည်။ ဝိမုစ္စတိ၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဘေးဒုက္ခအပေါင်းတို့မှ လွတ်ကင်းလေတော့၏။

''ဟုတ်ပြီလား''

''မှန်ပါ ဘုရား''

''ဝိမုတ္တသ္မိံ၊ လွတ်ကင်းသည်ရှိသော်၊ ဝိမုတ္တမိတိ၊ ငါလွတ်မြောက်ပြီဟူ၍။ ဉာဏံ၊ ဉာဏ်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာပြီ။

**ကိုယ်မျက်မှောက်ပြုရတဲ့တရား သူများဆုံးဖြတ်စရာမလို။** ။''ကိုယ် လွတ်မြောက် သွားယင်လဲပဲ၊ ငါလွတ်ပြီဆိုတာ ဤပုဂ္ဂိုလ် သိတယ်တဲ့''

''မှန်ပါတယ် ဘုရား''

''ဒီတော့ အရပ်ပြောလေးနဲ့ လွယ်လွယ်ပြောရလို့ ရှိယင်၊တကယ့်ကိုပဲ မဂ်ဉာဏ်ဆိုက်သွားတဲ့ပုဂ္ဂိုလ်ဟာ'ငါဆိုက်'ဆိုတာသိကိုသိတယ်၊ဟုတ်ပြီလား....။

''မှန်ပါတယ် ဘုရား''

''အဲ့ဒါ သူများပြောပေးမှ သိရမယ်ဆိုလို့ ရှိယင် သဘာဝ ကျပါ့မလား....''

''မကျပါ ဘုရား''

''မကျဘူး၊ တို့ ယောဂီများ ဒါလေး ကိုယ့်ဟာကိုယ် ဟုတ်လား၊ ဉာဏ်သွင်းထားကြစမ်းပါ၊ နော်''

''မှန်ပါ ဘုရား''

''သူတပါးက မင်းဆိုက်ပြီဆိုမှ ကိုယ်က ဆိုက်လိုက်ရမယ်ဆိုယင် မဟုတ်ဘူးနော်''

''မှန်ပါ ဘုရား၊''

''ဝိမုတ္တသ္မိံ၊ ဝိမုတ္တမိတိ၊ ဉာဏံ ဟောတိ။

''ဝိမုတ္တသ္မိံ၊ လွတ်မြောက်လို့ ရှိယင်။ ဝိမုတ္တမိတိ၊ လွတ်မြောက်ပြီဟူ၍၊ ဉာဏံ၊ ဉာဏ်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာပြီ၊

''ငါလွတ်မြောက်ပြီလို့ သိပြီ။ တိတိကျကျပြောရယင်ပေါ့ ဒါ 'ပစ္စဝေက္ခဏာဉာဏ်ပြောနေတာ''

''မှန်ပါတယ် ဘုရား''

''ငါ မဂ်ဉာဏ်ရလာခဲ့ပြီ၊ ဘယ်ကိလေသာတွေပယ်ခဲ့ပြီဆိုပြီးတော့၊ ဟိုသူလွတ်လာတဲ့ လမ်းဟောင်းကြီးကိုလဲ ပြန်ကြည့်တယ်၊ ရှေ့သွားရမယ့် လမ်းစဉ်ကိုလဲ သူပြန်ကြည့်တယ်၊ ပစ္စဝေက္ခဏာဉာဏ်ဆိုတာ ဒီလို၊နော်။

"နောက်ကနေပြီးတော့ လူဆိုးသူဆိုးတွေ လိုက်လို့၊ တခါထဲ အတင်း ဟရကြမ်းထွက်ပြေးတဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့၊ လူဆိုး သူဆိုး များ မလိုက်နိုင်လို့ တခါထဲ ဘေးရန်ကင်းတဲ့ဌာနတခုရောက်သွားပြီဆိုလို့ရှိ ယင် အေးအေးချမ်းချမ်းနဲ့ အမောအပန်းဖြေပြီးတော့ သူဘယ်လိုလဲ။

"နောက်ကြောင်း ပြန်စဉ်းစားတယ်တဲ့၊ ငါ ဘယ်က လာခဲ့တာ၊ ငါ ဘယ်လိုလူဆိုးတွေလိုက်ခဲ့တယ်၊ ဘယ်လမ်းတွေ၊ ဘယ်လမ်းတွေ ငါ ဖြတ်ခဲ့ရတယ်။

"နောက်ကြောင်း ပြန်မစဉ်းစားဘူးလား"

"စဉ်းစားပါတယ် ဘုရား"

"အဲဒါတွေ စဉ်းစားပြီးတော့ 'ငါ ဘယ်လိုရန်မျိုးတွေ့မှ ငါ လွတ် မြောက်ခဲ့ပြီ၊ အခု ငါ ဘယ်နေရာရောက်နေပြီ' သူ မသိဘူးလား"

"သိပါတယ် ဘုရား"

"သူ အိမ်ရောက်အောင်သွားရအုံးမယ်ဆိုလို့ရှိယင်လဲပဲ၊ သူရှေ့သွား ရမယ့် ပန်းတိုင်ခရီးကို လှမ်းပြီးတော့ သူကြည့်တယ်"

"မှန်ပါ ဘုရား"

"အေး၊ မဂ်ဆိုက်သွားတယ်ဆိုတဲ့ပုဂ္ဂိုလ်ဆိုတာ ဒီလိုပဲ"

"ဝိရာဂါ၊ တပ်မက်ခြင်းကင်းသည်ရှိသော်၊ ဝိမုစ္စတိ၊ ကိလေသာ အပေါင်းမှ လွတ်မြောက်လေတော့၏။ ဝိမုစ္စတိ၊ ဒုက္ခခပ်သိမ်းမှ လွတ် မြောက်လေတော့၏။

"ဝိမုတ္တသ္မိံ၊ လွတ်မြောက်ပြန်လို့ရှိယင်လဲပဲ။ ဝိမုတ္တမိတိ၊ ငါ လွတ် မြောက်ပြီ ဟူ၍။ ဉာဏံ၊ ဉာဏ်သည်။ ဥဒပါဒိ၊ ဖြစ်ပေါ်၍လာပြီ။

"အေး၊ ပေါ်လာတဲ့ဉာဏ်က ဘယ်လိုပေါ်သလဲ ကြည့်။ သူ ဉာဏ် ပေါ်ပုံကို လိုရင်းပြောထားတယ်။

**ကိုယ့်ကိုယ်သိ စစ်၍ကြည့်။** ။"ခီဏာဇာတိ။ ဝုသိတံဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာ ယာတိ ပဇာနာတိ တဲ့။

"ဇာတိ၊ ဘဝအထွေထွေ ပဋိသန္ဓေနေရခြင်းဆိုတဲ့ ဒုက္ခသည်၊ ခီဏာ၊ ကုန်ခဲ့လေပြီ။

"ဒီလို သိသွားတယ်"

"မှန်ပါ ဘုရား"

''အရဟတ္တမဂ်ကျတာ ပြောတာနော်''

''မှန်ပါ ဘုရား''

''ဝုသိဗြဟ္မစရိယံ။

''ဗြဟ္မစရိယံ၊ သာသနာတော်မှာ ကျင့်ရမယ့် 'ဗြဟ္မစရိယ' လို့ ခေါ်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဘို့ရဲ့ လုပ်ငန်းမှန်သမျှကို၊ သာသနာ့ ဗြဟ္မစရိယံကို။ အဟံ၊ ငါသည်။ ဝုသိတံ၊ ကျင့်သုံး၍ပြီးပြီ၊

''ငါကျင့်သုံးရမယ့်ကိစ္စတွေ ကျင့်သုံး၍ပြီးပြီ၊ဒီလိုသိသွားတယ်တဲ့''

''မှန်ပါ ဘုရား''

''ကတံ။ ကရဏီယံ၊

''ကရဏီယံ၊ ပြုစရာကိစ္စ၊ လုပ်စရာကိစ္စ မှန်သမျှကို။ ကတံ၊ ပြုလုပ်၍ ပြီးပြီ၊

''ကိုင်း၊ သူ သိပုံ ဘယ်လောက်ကောင်း''

''မှန်ပါ ဘုရား''

''အဲဒီလို သိမှနော်၊ မဂ်ဆိုက်တယ်ဆိုလို့ရှိယင် 'ငါလုပ်စရာလေး တွေ လုပ်၍ပြီးပြီ၊ ဘယ်အဆင့် ဘယ်အဆင့်တွေတော့ ကျန်သေးတယ်၊ ဘယ်ဟာတွေ၊ ဘယ်ဟာတွေ ငါလုပ်ပြီးပြီ' ဆိုတာကို သူကိုယ်တိုင် သူ ကိုယ်တိုင် လာခဲ့တဲ့ လမ်းဟောင်းနဲ့၊ ရှေ့တက်ရမယ့် လမ်းသစ် ဤ၂-ခုကို ခွဲခြား၍ သိတယ်။

''အဲဒါ မဂ်ဆိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ သဘောသဘာဝနော်''

''မှန်ပါ ဘုရား''

''ကိုင်း၊ တို့ဒကာကြီးတွေ 'ကတံကရဏီယံ' တဲ့၊ ဘယ်လောက် ကောင်းသလဲလို့၊

''ကရဏီယံ၊ ပြုစရာကိစ္စ မှန်သမျှကို။ ကတံ၊ ပြုလုပ်၍ပြီးပြီ၊

''ပြီးသွားတဲ့ ပုဂ္ဂိုလ်အနေနဲ့ ဆိုယင်တော့ ဝမ်းသာတယ်ဆိုပြီး၊ လက်ခမောင်းခတ်မယ်၊ မပြီးသေးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ကတော့ ဘယ်လို တဲ့သဲ။

''ဂရဏီယံ၊ လုပ်ရောက်စ္စ မှန်သမျှတွေကို။ နကတံ၊ ဘာတခုမျှ မလုပ်ရသေး၊ လို့ ဒီလို သိပေါ့၊

''မလုပ်ရသေးယင်တော့ ငါ ဘာမှ မလုပ်ရသေးဘူးလို့သိ၊ နော်''

''မှန်ပါ ဘုရား''

''အဲဒါ ဘာမှ မလုပ်ရသေးပဲနဲ့ လုပ်ပြီးပြီလို့တော့ မညာနဲ့ နော်''

"မှန်ပါ ဘုရား"

"အေး၊ 'ကတံကရဏီယံ'။

"ထရဏီယံ၊ ပြုစရာကိစ္စ မှန်သမျှကို။ ကတံ၊ ပြုလုပ်၍ပြီးပြီ။

"ရဟန္တာ ဖြစ်သွားတယ်။

"နာပရံ ဣတ္ထတ္တာယာတိ၊ ပဇာနာတိ၊ တဲ့။

"ဣတ္ထတ္တာယ၊ ဤကဲ့သို့သော ပြုစရာကိစ္စအလို့ငှာ။ ဤ ၁၆–ပါးသော မဂ်ကိစ္စ အလို့ငှာ၊ ဤအရဟတ္တမဂ်၊ အရဟတ္တဖိုလ် အလို့ငှာ။ အပရံ၊ တပါးသော။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ မေ၊ ငါ့အား။ နအတ္ထိ၊ မရှိတော့ပြီ၊ တဲ့။

"ဣတိ၊ ဤသို့။ သတ္ထာ။ ဘုရားရှင်သည်။ ဒေသေတိ၊ ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း"

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား"

"အဲဒီတော့ ဓာတုမနသိကာရနဲ့ သုညတကမ္မဋ္ဌာန်း ဟောလိုက်တဲ့ အချက်အလက်တွေ တဲ့၊ လိုရင်းတွေတော့ ပြည့်စုံလုံးလောက်၍သွားပြီ။

"လိုရင်းတွေ ပြည့်စုံလုံးလောက်သွားပြီ၊ တို့ဝိဇယသုတ္တန်ကလဲ မဆုံးသေးပြီ၊ ဆုံးအောင် အကုန်ဟောရမယ်လို့ တို့ မနေ့ကလဲ ကတိဝန်ခံထားတယ် မဟုတ်လားနော်"

"ကိုင်း၊ ဒီတော့ယင် ဤကဲ့သို့ ဟောလိုက်သဖြင့် တဲ့၊ တို့ ဘာပြောလိုသလဲ။

"မိမိတို့ရဲ့ အသက်ထင်ရှား ရှိနေတဲ့ ခန္ဓာကိုယ်ကြီးမှာ အသုဘ။ အသက်ရှိနေတဲ့ 'သဝိညာဏက အသုဘ' အခြင်းအရာကနေပြီးတော့ စပြီးတော့ အားထုတ်လာခဲ့တဲ့ ဒွတ္တိံသကာယ ၃၂–ကောဋ္ဌာသ၊ 'သဝိညာဏက' အသုဘက နေပြီးတော့ သုံးသပ်၊ သုံးသပ်ယင်းနဲ့ တက်၍ တက်၍ လာခဲ့တာ၊ 'ပဋိကူလသညာ' ထင်တဲ့ ပုဂ္ဂိုလ်ကလဲပဲ၊ ပထမစျာန်ကို ရောက်ပြီးတော့သွားတယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"အရောင် ၄–မျိုး၊ တမျိုးမျိုးတွေ့ခဲ့တဲ့ ပုဂ္ဂိုလ်ကလဲ ဤအရောင်ကို ကသိုဏ်းအဖြစ်နဲ့ ပွားများအားထုတ်ပြီးတော့ သွားတော့၊ စတုတ္ထစျာန် ရောက်တယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

''ခါတ်ထင်လာတဲ့ ပုဂ္ဂိုလ်အနေနဲ့တော့ အဲဒီ ခါတ်ကို ယခု ပြောခဲ့တဲ့၊ သုံးသပ်တဲ့နည်းတို့ဖြင့် သုံးသပ်အားထုတ်ပြီးတော့ သွားတော့ အရဟတ္တဖိုလ် တိုင်အောင် သွားတယ်နော်။

''အကယ်၍ အရောင်ကနေပြီးတော့ ဝိပဿနာကူးလိုတဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိယင်လဲပဲ၊ အဲဒီ အရောင်သည် ဘယ်က ပေါ်ခဲ့တာလဲ၊ အရောင် ၄–မျိုး တမျိုးမျိုးပေါ်ရာ မူလ ကောဋ္ဌာသကို ပြန်ယူပြီးတော့ ခါတ်ခွဲရှုလိုက်တဲ့အခါကျတော့လဲပဲ သူလဲပဲ ဝိပဿနာစခန်းကနေပြီးတော့ မဂ်လမ်းကို သွားမယ်၊ ဒီလို မဟုတ်လား''

''မှန်ပါ ဘုရား''

''ရွံရှာဖွယ် ပဋိကူလသညာထင်တဲ့ ပုဂ္ဂိုလ်ကလဲပဲ ပထမစျာန် မလိုချင်ပါဘူး ဆိုခဲ့လို့ရှိယင် အဲဒီ ရွံရှာဖွယ်ထင်လာတဲ့ ပဋိကူလသညာ ဘယ်ကောဋ္ဌာသကို အာရုံပြုပြီးတော့ ပေါ်လာတာလဲလို့ ပြန်ကြည့်လိုက်ယင်၊ ကောဋ္ဌာသ ၃၂–ပါ ထဲက တပါးပါး သူ တွေ့ရလိမ့်မယ်''

''တွေ့ရပါတယ် ဘုရား''

''အဲဒီ တွေ့လေတဲ့ ကောဋ္ဌာသ၊ အရင်းခံ ကောဋ္ဌာသ တပါးပါးကို ခါတ်ခွဲပြီးတော့ ရှုပြီးတော့ တက်သွားတဲ့၊ ဟုတ်ပြီလား''

''မှန်ပါဘယ် ဘုရား''

''ဒါကြောင့် ၃၂–ကောဋ္ဌာသ၊ ပထဝီကဲ ၂၀– အာပေါ်ခါတ်က ၁၂–ပါးဆိုတာ၊ ပိုင်ထားလို့၊ ဤကဲ့သို့ ပြောခဲ့တယ်နော်''

''မှန်ပါ ဘုရား''

''အဲဒီလိုတက်သွားတော့ ဤပုဂ္ဂိုလ်သည် ၃၂–ကောဋ္ဌာသ၊ ဒွတ္တိံသကာယ ကမ္မဋ္ဌာန်းဖြင့် 'ပဋိကူလသညာ' ပထမစျာန်။

''အရောင်၄–မျိုး တမျိုးမျိုး၊ စတုတ္ထစျာန်။

''ခါတ်၂–မျိုး၊ တမျိုးမျိုး မှာဖြင့်ယင် အရဟတ္တဖိုလ်တိုင် ရောက်တဲ့ ကမ္မဋ္ဌာန်းပါလား၊ နော်''

''မှန်ပါ ဘုရား''

''အေး၊ ဒါကြောင့် လောကီရော၊ လောကုတ္တရာရော၊ သမထရော၊ ဝိပဿနာရော၊ အသုဘရော တဲ့၊ အမျိုးမျိုးစုံတဲ့ ဒွတ္တိံသကာယ ကမ္မဋ္ဌာန်းကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ဘယ်မှာ ဟောတုံး၊ မေ့မပစ်နဲ့။

"ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ ပေါ်နေတာ မဟုတ်လား"

'မှန်ပါတယ် ဘုရား"

"အေး၊ ဒါကြောင့် အသက်ထင်ရှားရှိနေတဲ့ အသုဘဟာပြီးတဲ့အခါကျတော့ အသက်သေတဲ့ 'အဝိညာဏက' အသက်မရှိတဲ့ အသုဘခန်းကို ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည် ဘယ်ကဲ့သို့ ဟောပြန်တုန်း ဆိုလို့ ရှိယင်ဖြင့်....

**ယဒါစသော မတောသေတိ။**

ဥဒ္ဓုမာတော ဝိနီလကော။

အပဝိဒ္ဓေါ သုသာနသ္မိံ။

အနပေက္ခာ ဟောန္တိ ဉာတယော။

"ယဒါစ၊ အကြင်အခါ၌ကား။ သောဘာယော၊ ထိုအမောင်တို့ အမိတို့ရရှိထားတဲ့ ၃၂-ပါးသော ကောဋ္ဌာသတို့ရဲ့ အစုအပေါင်းလို့ ခေါ်တဲ့ ခန္ဓာကိုယ်ကြီးသည်။ မတော။ စုတိပြတ်ကြွေ၊ သေလွန်ခဲ့သည်ဖြစ်၍ ဥဒ္ဓုမာတော၊ အရွယ်နုနု အရွယ်စုစု၊ အနံ့အရင့်တွေကိုစွန့်ကာ၊ ဖူးဖူးရောင်ပွ၊ အမာထလျက်၊ ဝိနီလကော၊ နဂိုရ်အဆင်း ပျက်ယွင်းယုတ်ယို၊ မည်းညိုသောအဆင်းရှိသည်ဖြစ်၍၊ သုသာနသ္မိံ၊ သူကောင်ပစ်ရာ သုသာန်တစ၊ သချိုင်းဝ၌။ အပဝိဒ္ဓေါ၊ မင့်မကွက်၊ ရက်ရက်စက်စက် စွန့်ပစ်ခံရသည်ဖြစ်၍။ သေတိ၊ မသာခေါင်းဝယ်၊ လျောင်းရလေတော့၏၊

"တဒါ၊ ထိုကဲ့သို့ သုသာန်တစ သချိုင်းဝမှာ၊ စွန့်ပစ်ခံရတဲ့အခါ၌။ ဉာတယော၊ မသေမီခါ ချစ်လှစွာသည့် ဆွေဉာတိရင်း၊ မိတ်ခပင်းတို့သည်။ အနပေက္ခာ၊ ထိုသူတံဖန်၊ ပြန်၍ အသက်မရှင်တော့ပြီ၊ မှန်လှသည်ဟူ၊ ရည်ရွယ်ရိုးရင်း၊ အပြီးတိုင် အချစ်ကင်းကြကုန်သည်။ ဟောန္တိ။ ဖြစ်ကုန်တော့၏။

**လူသေကောင်၌ ကင်းကွာသော တရား(၃)ပါး။** ၊ "သေတယ်၊ သေတယ် ဆိုတာ ဘယ်လိုဖြစ်တာတဲ့လဲ၊ ဒကာ ကိုအုံးဟန်ကြီး ပြောစမ်း"

"ဝိညာဏ်ချုပ်သွားတာပါ ဘုရား"

"ဝိညာဏ်ချုပ်သွားတယ်၊ သေတယ်ဆိုတာ အသက်မရှုတာပေါ့။

'ယဒါစသော၊ မတောသေတိ'တဲ့။ ကြည့်ပါ။

''အာယုဥသ္မာ ဝိညာဏ ''ရုပ်နာမ်ဇီဝိတ၊ ကမ္မဇတေဇောဓာတ်၊ စိတ်ဝိဉာဏ်ဆိုတဲ့၃-ပါးသော တရားတို့ရဲ့၊ အပဂမာ၊ ကင်းကွာ၍ သွားခြင်းကြောင့်။

''တို့ ပရိသတ်၊ ဂရုစိုက် နားထောင်စမ်းပါ''

''အာယုဥသ္မာ ဝိညာဏာ'တဲ့၊ ရုပ်-နာမ်ဇီဝိတ၊ ကမ္မဇ တေဇောဓာတ်၊ စိတ်ဝိညာဏ်ဆိုတဲ့ ၃-ပါးသောတရားတို့၏။ အပဂမ၊ ကင်းကွာခြင်းကြောင့်၊ သောကာယော၊ ထိုအမောင်တို့၊ အမိတ္တိရထားတဲ့ ခန္ဓာကိုယ်ကြီးသည်။ မတော၊ သေခဲ့လေပြီ။

'သေတယ်'ဆိုတာက ရုပ်ဇီဝိတ၊ နာမ်ဇီဝိတလို့ခေါ်တဲ့ အသက်၊ အများပြောတော့ အသက်၊ ပရမတ္ထစကားမှာတော့ ဇီဝိတ။

(၁) အဲဒီရုပ်ဇီဝိတ၊ နာမ်ဇီဝိတ ချုပ်ငြိမ်းခြင်း။

(၂) ကမ္မဇတေဇော၊ 'ကံ'ကြောင့်ဖြစ်တဲ့ အပူဓာတ်တွေ ခန္ဓာကိုယ်မှာ ရပ်စဲသွားခြင်း။

(၃) စိတ်လို့ခေါ်တဲ့ ဝိညာဏ်ကလေး ပြတ်စဲ၍သွားခြင်း။

''ဘယ်နှစ်ခုတုန်း''

''၃-ခုပါ ဘုရား''

''အာယု၊ ဥသ္မာ၊ ဝိညာဏ။

''ရုပ်နာမ် ဇီဝိတလို့ ခေါ်တဲ့ အသက်၊ ကမ္မဇတေဇောလို့ခေါ်တဲ့ အပူဓာတ်၊ စိတ်ဝိညာဏ်လို့ခေါ်တဲ့ အသိစိတ်၊ အဲဒီ ၃-ပါးသော တရားတို့ရဲ့ အပဂမာ၊ ကင်းကွာခြင်းကြောင့်။ ယဒါ၊ အကြင်အခါ၌။ မတော၊ စုတိပြတ်ကြွေ သေလွန်ခဲ့သည်။ ဟောတိ၊ ဖြစ်၏။

''သေတယ် ဆိုတာ အဲဒီ ၃-ခု ရပ်သွားတာ''

''မှန်ပါ ဘုရား''

''ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ၊ 'ဇီဝိတ' ဆိုတာ ရုပ်ကို တခါထဲ ရှင်သန်နေအောင် ပေးထားတဲ့ ရုပ်တို့ရဲ့ အသက်၊ ရုပ်ဇီဝိတ ဆိုတဲ့ ပရမတ္ထတရား တခု။

''နာမ်တရားတွေ မပြတ်၊ တရစပ် ဖြစ်နေအောင် ဆက်ပေးထားတဲ့ နာမ်ဇီဝိတ တခု။

"အဲဒီ ရုပ်ဇီဝိတ နာမ်ဇီဝိတ ပြတ်သွားတယ်။ တခါထဲ ကံကြောင့် ဖြစ်ပေါ်နေတဲ့ တေဇောဓာတ်လို့ခေါ်တဲ့ ကမ္မဇတေဇော၊ အပူငွေ့ကလဲ ခန္ဓာကိုယ်မှာ ရပ်စဲသွားတယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"စိတ်ထဲမှာ ပူတာလဲ မရှိဘူး"

"မရှိပါ ဘုရား"

"စိတ်ဝိညာဏ်လို့ခေါ်တဲ့ အသိတရား ဝိညာဏဓာတ်ကလဲ ပြတ်စဲလို့သွားတယ်တဲ့၊ ၃–ခု မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒီ ၃–ခု ပြတ်ယင် သေတယ်လို့ ခေါ်တယ်တဲ့၊ မှတ်ထား၊ အသက်မရှူတာ၊ သေတာ မဟုတ်ဘူး နော်"

"မှန်ပါ ဘုရား"

**အသက် မရှူသူများ။** ။"အဲဒီ ၃–ခု ပြတ်စဲသွားတာကို သေတာပဲတဲ့။ ၃–ခု မပြတ်သေးပဲနဲ့ အသက်မရှူတာ ရှိတယ်။

"အဲဒီ ၃–ခု မပြတ်သေးပဲနဲ့ အသက်မရှူတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ ဘယ်လို လူတွေလဲ။

၁။ နိရောဓ သမာပတ်ဝင်တဲ့ ပုဂ္ဂိုလ်၊

၂။ မိခင်ဝမ်းထဲ နေတဲ့ ကလေး၊ ဟုတ်တယ် မဟုတ်လား"

"မှန်ပါ ဘုရား"

၃။ မေ့မြောပြီးတော့ သတိမေ့နေတဲ့ ပုဂ္ဂိုလ်တွေ၊ ဟုတ်လား၊ အဲဒါ မှတ်ထား။

၄။ ရေငုတ်နေတဲ့ ပုဂ္ဂိုလ်တွေ တဲ့။

"အဲဒီ ပုဂ္ဂိုလ်တွေဟာ အသက်လဲ မရှူပါဘူး တဲ့။ နိရောဓဓာတ် သမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေ အသက်လဲ မရှူပါဘူး။ ဒါပေမယ့် သူတို့ သေတယ်လို့ မခေါ်ရဘူး"

"မှန်ပါ ဘုရား"

"ကမ္မဇတေဇော ရှိတယ်၊ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ ရှိတယ်။

"အဲဒါ ဇီဝိတတွေ ရှိပင်ရှိငြားသော်လဲ အသက်မရှူတော့ပြီ။

"အဲဒီ တရား ၃–ပါး ကင်းကွာ၍ သွားခြင်းကြောင့်....

"ယဒါ၊ အကြင်အခါ၌၊ မတော၊ စုတိပြတ်ကြွေ၊ သေလွန်ခဲ့သည် ဖြစ်၍။

''သေပြီးပြီ ဆိုတဲ့အခါ....

''ဥဒ္ဓုမာတော၊ သေသည်မှနောက် ၃–ရက်မြောက်တဲ့ အခါ၌။ ၃–ရက်လောက်ကြာတော့ ဘာဖြစ်မလဲ။ လေဆိုးထားတဲ့ သားရေအိတ်ကြီးသဖွယ်၊ အရွယ်စုစု၊ အနုအရင့်တွေကို စွန့်ကာ၊ဖူးဖူးယောင်ပွ၊အမာကြီး သဖွယ် ဖြစ်၍။

''သားရေအိတ်ကြီး လေထိုးထားသလို တင်းပြီးတော့ တခါထဲ လာခဲ့တယ်။

''ဝိနီလကော၊ နဂိုအဆင်း၊ ပျက်ယွင်းယုတ်ယို''

''ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့ အသားလေးတွေကလဲပဲတဲ့၊ ညိုမည်းမည်းကြီးတွေ ဖြစ်ပြီးတော့ လာခဲ့တယ်။ ၃–ရက်ကျော်ပြီ ဆိုယင်နော်''

''မှန်ပါတယ် ဘုရား''

''အကုန်လုံး ပျက်စီးတဲ့ သဘော မည်းညိုသောအဆင်းရှိသည်ဖြစ်၍၊ သုသာနသို့၊ သူကောင်ပစ်ရာ သုသာန်တစ၊ သင်္ချိုင်းဝ၌။ အပဝိဒ္ဓေါ၊ မငဲ့မကွက်၊ ရက်ရက်စက်စက်၊ စွန့်ပစ်ခံကြရသည်ဖြစ်၍။

''အဲဒီတော့မှ အပစ်ခံရတယ်၊ မသေခင်တုန်းက ဘယ်လောက်ပင် ချစ်ပါတယ်ပြောပြော၊ လည်ပင်းဖက်ပြီးတော့ ချစ်ပါတယ်ပြောပြော၊အဲဒီအချိန်ကျပြီဆိုယင် အိမ်မှာ ၃-ရက်ထက် ပိုပြီးတော့ မထားကြပါဘူးတဲ့၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

(၁) အာယု၊ (၂) ဥသ္မ (၃) ဝိညာဏ်၊

''၃–ခု ချုပ်သွားပြီဆိုယင် အဲဒီ ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ကြီးသည် ဤအိမ်ပေါ်မှာ ၃–ရက်ထက် ပိုပြီးတော့ မထားပါ။

**သွားရတော့ တယောက်ထဲ။** ။''ခင်လို့လား၊ မခင်လို့လား''

''မခင်လို့ပါ ဘုရား''

''မခင်တော့ပြီ တဲ့၊ အဲဒီ အချိန်ကျယင် မခင်တော့ပြီ။ မသေခင်တုန်းကတော့ ချစ်တယ်၊ခင်တယ်၊ ဘယ်လိုပဲပြောပြော၊ ဒီချိန်ကျယင် စွန့်ပစ်ခံကြရပါပြီ။

''သုသာန်ကို လူဟသောင်းပင် လိုက်ပို့တဲ့ အသုဘပင် ဖြစ်လင့်ကစား၊ သွားရတာက တကယ်တော့ တယောက်ထဲပါ''

''မှန်ပါတယ် ဘုရား''

"တကယ် သွားရတာက တယောက်ထဲရယ်၊ အခြံအရံ ဘယ်လောက်ပင် များတယ်ပြောပြော သွားရတော့ တယောက်ထဲ၊

"ဘယ်လောက်ပဲ ရုပ်ဆင်းအင်္ဂါ လှပါတယ်ပြောပြော၊ သေပြီး ၃–ရက်မြောက်တဲ့အခါကျတော့ ဖောက်ပြန်ပျက်စီးခြင်း 'ဥဒ္ဓုမာတက' သဘောပဲနော်"

"မှန်ပါဘုရား"

"သေတိ၊ မသာခေါင်းဝယ်၊ လျောင်းရရှာလေတော့၏။

"ဘယ်လောက်ပဲ အားကောင်း မောင်းသန် ယောကျ်ားကြီး တယောက်လို့ ပြောပြော၊ မသာခေါင်း လျောင်းရပြီဆိုယင် သူ့ရဲ့ ခွန်အား သည် အကုန်လုံး မရှိတော့ဘူး။

"နိဟိရတ၊ နိဗ္ဗာပါရ။

"ဘာမှ ခွန်အားလဲ မရှိတော့ဘူး၊ ဘာမှ စွမ်းအားလဲ မရှိတော့ ဘူး၊ ဒီလို မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"အခြံအရံများတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ခေါင်းထဲဝင်တော့ တယောက် ထဲပဲနော်"

"တယောက်ထဲပါဘုရား"

"သေတိ။ မသာခေါင်းဝယ် လျောင်းရလေတော့၏။

"တထာ၊ ထိုအခါ၌။

"အဲဒီလို အခါမျိုးမှာ ကြည့်၊ တဲ့။ အိမ်မှာ ၃–ရက်ထက် ပိုမထား ဘူးဆိုတာ၊ မခင်တော့လို့ ဆိုတာ တို့ဒကာကြီးတွေ ဒကာမကြီးတွေ ဟိုအရပ် ဒီအရပ်၊ ဟိုရွာ ဒီရွာ၊ ဟိုမြို့ ဒီမြို့၊ ဟုတ်လား။

**ဖိနပ်ပြတ် လက်ခံ အသုဘ လက်မခံ။** ။"ခြေလျင်ခရီး သွားကြတဲ့အခါ၊ လမ်းသွားယင်းနဲ့ ဆိုကြပါစို့ဗျာ၊ ဖိနပ်ကလေးတရံ ပြတ်သွား၊ ခရီးကလဲ ဆက်ရအုံးမယ်၊ လမ်းပြင်ဖို့ကလဲ မရှိဘူး။ နှမြောတာနဲ့ အသိအိမ်တအိမ် ဝင်ပြီးတော့ ထားခဲ့တယ်။

"တို့ဖိနပ်ကလေး ခဏ သိမ်းထားစမ်းပါ ဆိုတော့ အဲဒီအိမ်က ဘယ့်နှယ်လဲ"

"သိမ်းထားမှာပါဘုရား"

"သိမ်းထားမှာပဲ၊ 'ငါ အပြန် ဝင်ယူမယ်' ပြောတော့ ဒီဖိနပ်ပျက်လေး ယူသွားတာပဲ"

"မှန်ပါဘုရား"

"ဟိုအိမ်ကလဲ လက်ခံထားတယ်"

"မှန်ပါဘုရား"

"ကိုင်း၊ ဒီ ၃၂–ကောဋ္ဌာသကြီး ပျက်ပြီတဲ့၊ အာယု။ ဉသ္မ၊ဝိညာဏ် ချုပ်သွားလို့ 'ညည်းတို့အိမ် ခဏလောက် ထားစမ်းပါ၊ ၃–ႏ က်လောက်'၊ 'မလာနဲ့၊ မလာနဲ့၊နောက်မလာခဲ့နဲ့' ခဲနဲ့တောင် ပစ်သွားမယ် မဟုတ်လား"

"နေပါတယ် ဘုရား"

"တချို့ အရပ်တွေကျတော့၊ သုသာန်ကျတော့ ခဲနဲ့ ပစ်တယ်။နောက်မလာခဲ့နဲ့၊ ဟုတ်လား၊ ဒီလို ပစ်ကြတယ်"

"မှန်ပါဘုရား"

"အေး၊ ဒါကြောင့်မို့....

"ဉာတယော၊ မသေမိခါ၊ချစ်လှစွာသည့်၊ဆွေဉာတိရင်း၊မိတ်ခပင်းတို့သည်။အနုပေက္ခာ၊ ထိုသူ တဖန်၊ပြန်၍အသက်မရှင်တော့ပြီ၊ မှန်လှသည်ဟူ၊ ရွယ်ရည်ရိုးရင်း၊ အပြီးတိုင် အချစ်ကင်းကြကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်တော့၏ တဲ့။

"အဲဒီ ကျတော့မှ ပြတ်စဲသွားတယ် နော်"

"မှန်ပါဘုရား"

"သတင်းစာထဲမှာ ကြေငြာတာ၊တကယ် မပြတ်စဲသေးဘူး"

"အဲဒီကျတော့မှ တခါထဲ အဲဒီမှာ အပြတ်ပဲ အဲ့ဒီလို အပစ်ခံကြရမယ်တဲ့။

"ဒီကနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊တနေ့နေ့ ဤအတိုင်း အပစ်ခံရမယ်ဆိုတာကို သဘောကျပြီးတော့ထား နော်"

"မှန်ပါဘုရား"

"ကိုင်း၊ သုသာန်ပစ်လိုက်တာ ၃–ရက်လောက်ကြာပြီဆိုတဲ့အခါ ကျယင်ဖြင့် 'ဉဒ္ဓုမာတကံ၊ဝိနိလက'ဖြစ်ပြီးတော့ လာတယ်။အကယ်၍များ သုသာန်မှာ၊ သူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်မှာ တွင်းထဲကို မမြှုပ်ပဲနဲ့ ဒီအတိုင်း အလောင်းတွေ ပစ်ပြီးတော့ထားမယ်ဆိုယင် တဲ့။

"ခါဒန္တိနံ သုဝါနာစ။

"သိင်္ဂါလာစ ဝကာကိမိ၊
"ကာကာ ဂိဇ္ဈ စ ခါဒန္တိ။
"ယေစ ညေ သန္တိ ပါဏိနော။
"ဘိက္ခဝေ၊ ပရိသတ်လေးပါး အို ချစ်သား ချစ်သမီးတို့
"ပရိသတ် လေးပါး ရာဇဂြိုဟ် သုသာန်မှာ၊ ပရိသတ် ၄–ပါးနော်"
"မှန်ပါ ဘုရား"
"မြတ်စွာဘုရားရယ်၊ ရဟန်းတော်တွေရယ်၊ ဘိက္ခုနီမတွေရယ်၊ ဗိမ္ဗိသာရဘုရင်မင်းကြီးနှင့် တကွ နန်းတွင်းသူ နန်းတွင်းသား၊ မောင်းမမိဿံ၊ ခြွေရံပရိသတ်တွေရယ်၊ မြို့သူမြို့သားတွေရယ် ဆိုပြီးတော့ ပရိသတ် ၄–ပါး။

"ဘိက္ခဝေ၊ သံသရာဘေး ခန္ဓာရေးကို ထောက်တွေးမြော်မြင် ဆင်ခြင်တတ်ကြ၊ အို–တရားနာ ပရိသတ်တို့။
"နံ၊ ထိုသုသာန်တစ၊ သင်းချိုင်းဝမှာ ပစ်ချခဲ့ရတဲ့ ခန္ဓာကိုယ်ကြီးကို။
"အလောင်းပျက်သွားပြီတဲ့၊ အလောင်းပျက်တဲ့ အသုဘ ဆက်ပြီးတော့ ကြည့်စမ်း။ ယခုနက အလောင်းမပျက်သေးတဲ့ အသုဘ၊ ယခု အလောင်းပျက်ပြီးတဲ့ အသုဘ၊ ဘာပြောလဲဆိုယင်....
"သုဝါနာစ၊ အိမ်ခွေးတို့သည် လည်းကောင်း။ သိင်္ဂါလာစ၊ တောခွေးတို့သည် လည်းကောင်း။ ကာစ၊ သစ်ကျုတ်တို့သည် လည်းကောင်း။ ကိမိစ၊ ပိုးလောက်တို့သည် လည်းကောင်း။ ခါဒန္တိ၊ ခဲကြ၊ စားကြလေကုန်တော့၏။
"သုသာန် ဒီအတိုင်း ပစ်ထား၊ အိမ်ခွေးတွေ၊ ရွာခွေးတွေ ထွက်ပြီးတော့ စားမယ်။ တောခွေးတွေရှိယင်လဲ တောခွေးတွေက စားမယ်။ ကျီးသစ်တွေ စားမယ်၊ ဒီလိုမဟုတ်လား"
"မှန်ပါဘုရား"
"မြေကြီးထဲ မြှုပ်ပြီးတော့ ထားလိုက်မယ်ဆိုယင်၊ ဂူထဲသွင်းပြီးတော့ ထားလိုက်မယ်ဆိုယင် ဤအလောင်းကို ပိုးတွေ၊ လောက်တွေ၊ စားမယ်။
"ပိုးစာ၊ လောက်စာ၊ ဤခန္ဓာ နော်"
"မှန်ပါ ဘုရား"
"အေး....ဒါကြောင့်–
"ခါဒန္တိနံ၊ သုဝါနာစ"

''သုဝါနာစ၊ အိမ်ခွေး တောခွေးတို့ကလည်း။ ခါဒန္တိ၊ စားကြလေ၏၊ ဝသာစ၊ သစ်ကျုတ်ဘို့ကလည်း။ ခါဒန္တိ၊ ခဲကြ စားကြလေကုန်၏၊ ကိမိစ၊ ပိုးတွေ လောက်တွေကလည်း၊ ခါဒန္တိ၊ ခဲကြ စားကြပါကုန်၏။

''ဒါတင်ပဲလား၊ နောက် ဘာတွေစားအုံးမလဲ။

''ကာကာစ၊ ကျီးတို့သည်လည်းကောင်း၊ ဂိဇ္ဈာစ၊ လင်းတတို့သည်လည်းကောင်း၊ ခါဒန္တိ၊ ခဲကြ စားကြလေကုန်တော့၏ တဲ့။

''ကျီးစား၊ လင်းတစား၊ ခွေးစား၊ ဘာမှ တန်ဖိုးမရှိတဲ့ ခန္ဓာကိုယ်ကြီးပဲ၊ နောက်တော့ ဘာတွေစားအုံးမလဲ။

''အညေး ဆိုခဲ့ပြီ သည့်မှ တပါး ကုန်သော၊ ပါဏိနော။ အသားကို စားတတ်ဘဲ့ သိန်း၊ စွန်၊ သစ်၊ ကျား၊ အစရှိတဲ့ သတ္တဝါအပေါင်းတို့သည်။ ခါဒန္တိ၊ ခဲကြ စားကြကုန်၏။

''အသားစားတဲ့ သတ္တဝါမှန်သမျှ၊ သိန်းတွေ စားမယ်၊ စွန်တွေ စားမယ်၊ ကျားတွေ စားမယ်။ နောက် ဘာတွေစားအုံးမယ် ကိုအုံးဟန်ကြီးရှာစမ်း၊ နောက်တခကောင် စားမယ့် အကောင်တွေ ရှိသေးတယ်''

''ငါးရှဉ့်ပါ ဘုရား''

''အေး....တဲ့၊ ငါးရှဉ့်တွေ စားမယ်၊ တို့ဒကာလေးက ပြောဖော်ရတယ်။

''ငါးရှဉ့်တွေ စားမယ် တဲ့၊ တို့အသား ငါးရှဉ့် သိပ်ကြိုက်တာ နော်....''

''မှန်ပါ ဘုရား''

''ဒါဘာကြောင့်သိလဲ၊သုသာန်နား ငါးရှဉ့်ထောင်တဲ့ လူတယောက်က ပြောလို့၊ အဲဒီလူက ငါးရှဉ့်တွေ တပုံကြီး တောင်းကြီးနဲ့ ထည့်ထမ်းလာတော့၊ ကိုယ်က တွေ့သိုက်ဘယ်။ ဟ.... ငါးရှဉ့်တွေ များလှချည်လားလို့....။

''နောက်တရက် သူ လာပြောတယ်....

''အရှင်ဘုရား၊ တပည့်တော် သုသာန်နား ငါးရှဉ့်ထောင်တာ ဘုရားတဲ့၊ ငါးရှဉ့် ဘွင်း လိုက်ယင်း လိုက်ယင်း လိုက်ယင်း လိုက်ယင်းနဲ့၊ လွန်ခဲ့တဲ့ ၄–၅ ရက်က မြှုပ်ထားတဲ့ လူသေအလောင်း၊ တခါထဲ တွင်းကို လိုက်မိကြသား ဖြစ်နေဘယ်တဲ့၊ ငါးရှဉ့်တွင်း လျှောက်ပြီးတော့ လိုက်သွားတာ၊ ဒါနဲ့ ခေါင်းလဲ ဖွင့်လိုက်ပါရော၊ တခါထဲ ဘာပြောကောင်းမလဲ၊ ငါးရှဉ့်တွေ အထဲမှာ လှိမ်နေတာပဲ''တဲ့ နော်။

"အဲဒီထဲက ကိုယ်လဲ ငါးရှဥ့်သား ပြတ်သွားတာ ဒီနေ့ထိပဲ။

"ကိုင်း....တို့တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့။ ကြည့်ကြစမ်းတဲ့ နော်။

"မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးမှာ မသေခင်လဲပဲ ဤခန္ဓာကိုယ်ထဲမှာ ပိုးမျိုးပေါင်း ၈၀–ခဲ၍ စားနေတယ်။ ပိုးကောင်တွေ ဝမ်းခေါင်းထဲမှာ ၈၀ အကောင် အရေအတွက်ကို ပြောတာ မဟုတ်ဘူး၊ အမျိုးအစား ၈၀"

"မှန်ပါ ဘုရား"

"မသေခင်လဲပဲ ပိုးလောက်စာပဲ၊ သေပြီးတော့လဲပဲ ယခု ပြောခဲ့တဲ့ အတိုင်း ပိုးလောက်စာ ငါးရှဥ့်စာပဲ့ နော်"

"မှန်ပါ ဘုရား"

"ကိုင်း....သူတို့အလှည့်ကျတော့ သူတို့ကလဲ ပိုင်ပိုင်ကြီး စားမယ် ပေါ့....။

"ကိုယ့်အလှည့် ကိုယ်ကလဲ နိုင်နိုင်ကြီ စားခဲ့တာပဲတဲ့၊ ဒီပါ.စပ်သည် တိရစ္ဆာန်ပေါင်း များစွာတို့ရဲ့ သင်္ချိုင်းကြီးပဲ မဟုတ်လား"

"မှန်ပါတယ် ဘုရား"

"နေ့တိုင်း နေ့တိုင်း သေလိုက်တဲ့ သတ္တဝါတွေ၊ ဤ ပါးစပ်ပေါက်မှာ၊ မနည်းတော့ပြီ တဲ့။

"ဒါကြောင့် ပါးစပ်ပေါက်လျှင် အသုဘထင်ရှား ရှိနေတဲ့ ခန္ဓာကိုယ်ကြီး ဆိုတာကို သဘောကျပြီးတော့ ထား။

"အေး....ဒါကြောင့် အဲဒါ သေပြီးတဲ့အလောင်း ပျက်ပြီးသွားတဲ့ အသုဘကို၊ ဤကဲ့သို့ ပိုးတွေ လောက်တွေစားသဖြင့် ပျက်စီး၍သွားတဲ့ 'အဝိညာဏက အသုဘ'ကို ၂–ပိုင်းခွဲပြီးတော့ ကြည့်တဲ့။

**အသုဘ ၂–မျိုး ရှုကြည့်နည်း။** ။"အသက်ထင်ရှားရှိတဲ့ အသုဘကို ၃၂ ကောဋ္ဌာသနဲ့ ခွဲကြည့်။

"အသက်မရှိတဲ့ ခန္ဓာကိုယ်ရဲ့ အသုဘကိုတော့ အလောင်း မပျက်သေးတဲ့ အသုဘ၊ အလောင်းပျက်ပြီးတဲ့ အသုဘဆိုပြီးတော့ ၂–မျိုးခွဲပြီးတော့ ကြည့်လေ တဲ့။

"အလောင်းပျက်ပြီးတဲ့ အသုဘကဲ့သို့ ပိုးစာ၊ လောက်စာ၊ ကျီးစာ၊ ခွေးစာ၊ လင်းတစာ ဖြစ်ပြီးယင် အလောင်း ပျက်ပြီပေါ့"

''ပျက်ပါပြီ ဘုရား''

''အဲဒီလို ၂–မျိုးခွဲပြီးတော့ ကြည့်။ အဲဒီလို ကြည့်နိုင်မှသာလျှင် အသုဘကမ္မဋ္ဌာန်းဆိုတာက စံနစ်တကျ ဖြစ်မယ်။ ဒါကြောင့် ဟုတ်လား။ ဆောင်ပုဒ်ကလေးများ ရှေးတုန်းက ဆရာတော်ကြီးတွေ အကျဉ်းချုပ် လုပ်ခဲ့တယ်၊

**မသေလိုလျှင် သုသာန်သွား။** ။''မသေလိုလျှင် သုသာန်သို့ နာနာသွား၊ မရဏနုဿတိ နာနာပွား''တဲ့ ဟုတ်လား''

''မသေလိုလျှင် သုသာန်သို့ နာနာသွား''

''မသေခြင်ယင် တို့ပရိသတ် ဘယ်သွားရမယ်''

''သုသာန်သွားရပါမယ် ဘုရား''

''သုသာန် နာနာသွား၊ အသုဘရှုလို့၊ ဒါ ပြောလိုတာပေါ့''

''မှန်ပါ ဘုရား''

''ဒီတော့ ဒီတရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့ကလဲ ဘယ်သူမှ မသေချင်ကြဘူး သေချင်ကြရဲ့လား''

''မသေချင်ကြပါ ဘုရား''

''မသေချင်ဘူး၊ ဒါပေမယ့် သုသာန် အသုဘပို့ဖို့ဆိုလို့ရှိယင်တော့ အဝေးကြီးက ပြန်ကွေ့တယ် နော်''

''မှန်ပါ ဘုရား''

''သုသာန် အသုဘပို့ ဆိုလို့ရှိယင် အဝေးက ကွေ့ပြန်ကြတာပဲ၊ မော်တော်ကား အပျော်လိုက်စီးပြီးတော့ တော်ရာရောက်ရာက လှည့်ပြန်ကြတယ်၊ အေး–ဒါကြောင့်မို့ မသေလိုလျှင် သုသာန်သို့ နာနာသွား၊ အသုဘ ကမ္မဋ္ဌာန်းကို ပွားတဲ့။

''အဲဒီအလောင်း သေသေချာချာ ကြည့်ပြီးတော့'ငါလဲ ဤအတိုင်း ပဲ'ဆိုတာ သဘောကျပြီးတော့မှ ပြန်၊ ဒါမှ အသုဘပို့တယ် ခေါ်တယ်''

''မှန်ပါတယ် ဘုရား''

''သုတွာန ဗုဒ္ဓဝစနံ။
ဘိက္ခု ပညာဏဝါ ဣဓ။
သောခေါ်နံ ပရိဇာနာတိ။
ယထာဘူတဉ္စ ပဿတိ။''

''ဘိက္ခဝေ၊ ပရိသတ်လေးပါး အိုချစ်သား ချစ်သမီးတို့။ ဣဓ၊ ဤ အံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်၌။ ဣဓ၊ ဤငါဘုရားရဲ့ သာသနာတော်

မြတ်၌၊ ဗုဒ္ဓဝစနံ၊ ငါဘုရားရဲ့ စကားတော်ဖြစ်တဲ့ ဤဝိဇယသုတ္တန်၊ တနည်းအားဖြင့် ကာယဝိစ္ဆန္ဒနိက သုတ္တန်၊ တနည်းအားဖြင့် ကာယဝိစ္ဆန္ဒိက သုတ္တန်၊ တနည်းအားဖြင့် နန္ဒသုတ္တန်လို့၊ ဤ ၄–မည်ရတဲ့ သုတ္တန်တရား ဒေသနာတော်ကို၊ သုတ္တာန၊ ကြားနာရလေသောကြောင့်။

"ပညာဏ ဝ ါ၊ ဝိပဿနာ ဉာဏ်ပညာနှင့် ပြည့်စုံ၍နေသော ဘိက္ခု၊ ဘုရားသားတော် ရဟန်းတော်သည်။ ဘိက္ခု၊ သံသရာဘေး၊ ခန္ဓာရေးကို၊ ထောက်တွေးမြော်မြင်၊ ဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်သည်။ နံကာယံ၊ ထို ၃၂ ကောဋ္ဌာသ၊ အစုအပေါင်းဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ ပရိဇာနာတိ၊ ဉာတပရိညာ။ တီရဏပရိညာ။ ပဟာနပရိညာ ဆိုတဲ့ ပရိညာ ၃–ချက်ဖြင့် ကောင်းစွာပိုင်ပိုင် သိမြင်နိုင်တော့၏၊

"ဤ ဝိဇယသုတ္တန် တရား ဒေသနာတော်ကို နာကြားရတဲ့ တို့ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည်တဲ့၊ ဤ ဝိဇယသုတ္တန်မှာ ဟော တော်မူတဲ့အတိုင်း။ နည်းမှန်၊ လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင် တယ်ဆိုယင်။

"ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မဖောက်မပြန်၊ မှန်ကန်တဲ့ ဉာဏ်ပညာဖြင့်၊ ပဿတိ၊ ရှုမြင်နိုင်တော့၏။ တသ္မာ၊ ထိုကဲ့သို့ ရှုမြင်သုံးသပ်နိုင်တဲ့ အတွက်ကြောင့်။ နံကာယံ၊ ထို ၃၂–ကောဋ္ဌာသ အစု အပေါင်းဆိုတဲ့ ခန္ဓာကိုယ်ကြီးကို။ ပရိဇာနာတိ၊ ဉာတပရိညာ၊ တီရဏ ပရိညာ၊ ပဟာနပရိညာ ဆိုတဲ့ ပရိညာ ၃–ချက်ဖြင့် ကောင်းစွာပိုင်ပိုင် သုံးသပ်နိုင်တော့၏။

"ဤဝိဇယသုတ္တန်တရား ကျကျနနနာပြီးတော့ ဤသုတ္တန်အတိုင်း ကျင့်ကြံကြိုးကုတ်၊ ပွားများ အားထုတ်နိုင်လို့ ရှိယင်တဲ့၊ ဤပုဂ္ဂိုလ်သည် 'ယထာဘူတံ၊ သမ္မပ္ပညာယ ပဿတိ' တဲ့။ ယထာဘူတဉာဏ်ဖြင့် ဤပုဂ္ဂိုလ် သည် သုံးသပ်တာပါပဲ တဲ့။

"ဤသုတ္တန်မှာ လာတဲ့အတိုင်း စံနစ်တကျ အားထုတ်နိုင်ယင်၊ တို့ပရိသတ်၊ ယထာဘူတဉာဏ်ဖြင့် သုံးသပ်တာ၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"ဘာဉာဏ်နဲ့ သုံးသပ်တာလဲ"

"ယထာဘူတဉာဏ်နဲ့ပါ ဘုရား"

''ယထာဘူတဉာဏ်လို့ခေါ်တဲ့ မှန်ကန်တဲ့ အသိဉာဏ်နဲ့ သုံးသပ်နိုင်လို့ရှိယင်ဖြင့်၊ ပရိဇာနာတိ တဲ့၊ ဉာတပရိညာ ရယ်၊ တီရဏပရိညာ ရယ်၊ ပဟာနပရိညာ ရယ်၊ ဘယ်နှစ်ပါး''

''၃–ပါးပါ ဘုရား''

''အေး....ပရိညာ ၃–ပါး ပိုင်တယ်တဲ့၊ ယထာဘူတဉာဏ် ရယင် ပရိညာ ၃–ချက် ပိုင်တယ်လို့ ဟောပါတယ်။

**ဉာတပရိညာဆိုတာ။** ။''ဒီတော့ယင် 'ဉာတပရိညာ'ဆိုတာက ဘာကို ပြောခဲ့တာလဲ၊ ဒုတိယည၊ တတိယညတုန်းက အကျယ်ပြောပြီးသား။

''ဉာတပရိညာဆိုတာ ဘာတဲ့လဲ''

''နာမ် ရုပ် ၂–ပါးကို ပိုင်းခြားသိပါတယ်''

''နာမ်ရုပ် ၂–ပါးကိုလဲ သိတယ်၊ အဲဒီ ၂–ပါး ဘာကြောင့်ဖြစ်ဆိုတဲ့အကြောင်းနဲ့ အကျိုး ဆက်စပ်ပုံကိုလဲ တဲ့ပြီးတော့ သိတယ်ဆိုယင် ဉာတပရိညာ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''နာမ် ရုပ် ၂–ပါးကိုလဲ ကောင်းစွာသိ။ နာမ် ရုပ် ၂–ပါးတို့ရဲ့ အကြောင်းကိုလဲဆက်စပ်ပြီးတော့ သိ၊ အဲဒီလို သိလို့ရှိယင် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်။ အဲဒီ ဉာဏ် ၂–ပါး ပိုင်ခဲ့တယ်တဲ့၊ ပုဂ္ဂိုလ်ရဲ့ အဆင့်အတန်းကိုဖြင့် ဉာတပရိညာလို့ ပြောပါတယ်တဲ့ နော်။

''မှန်ပါ ဘုရား''

''ဉာတပရိညာ'' ပိုင်လို့ရှိယင်ဖြင့် ဤပုဂ္ဂိုလ်သည်တဲ့။

''နေတံမမ

''နေသောဟမသ္မိ၊

''နမေသောအတ္တာ''

''ဉာတပရိညာပိုင်ယင် ယထာဘူတဉာဏ် မရသေးဘူးလား''

''ရပါတယ် ဘုရား''

**တီရဏပရိညာဆိုတာ။** ။''ဉာတပရိညာပိုင်ယင် တို့ပရိသတ် ဘာဉာဏ်ရပြီလဲ''

''ယထာဘူတဉာဏ်ပါ ဘုရား''

''ယထာဘူတဉာဏ် ရပြီ။ ယထာဘူတဉာဏ် ရရှိယင် သုံးသပ်ပါ တော့ နော်''

''မှန်ပါ ဘုရား''

''သုံးသပ်ပေတော့တဲ့၊ ဘယ်လို သုံးသပ်ရမှာလဲ။ ဇတ်မမလို့ သုံး သပ်ရမှာလား၊ နေတံမမလို့ သုံးသပ်ရမှာလား''

''နေတံမမလို့ သုံးသပ်ရပါမယ် ဘုရား''

''နေတံမမ၊ နေသောဟ မသို၊ နမေ သော အတ္တာလို့ သုံးသပ်ပြီ တဲ့၊ ဘယ်ဉာဏ်က စလာပြီလဲ''

''နာမရူပ ပရိစ္ဆေဒဉာဏ်''

''အဲဒီ နေတံမမလို့ သုံးသပ်နေတဲ့ ဉာဏ်၊ ဘာဉာဏ်တဲ့လဲ''

''သမ္မသနဉာဏ်ပါ ဘုရား''

''သမ္မသန ဉာဏ်ပါ၊ သမ္မသနဉာဏ်ကနေ အစဉ်အတိုင်း တက်ခဲ့ လို့ ရှိယင်၊ အနုလောမဉာဏ် တိုင်အောင် ရောက်တဲ့အခါကျတော့ ဘယ် နှစ်ပါး''

''၁၀–ပါးပါ ဘုရား''

''အဲဒီ ၁၀–ပါးသော ဉာဏ်တို့သည် တဲ့၊ 'တိရဏပရိညာ' ထဲမှာ ဝင်တယ်၊ ဟုတ်ပြီလား''

''မှန်ပါတယ် ဘုရား''

''ဒါကြောင့် 'နေတံမမ၊

''နေသော ဟ မသို၊

'' န မေသော အတ္တာ လို့ ယထာဘူတဉာဏ်ဖြင့် သုံးသပ်နေသော ယောဂီပုဂ္ဂိုလ်သည် 'သမ္မသနဉာဏ်' ရောက်။

''သမ္မသနဉာဏ်' မှ တဆင့် တဆင့်၊ အဆင့်ဆင့် တက်သွားပြီး သကာလ၊ 'အနုလောဉာဏ်' တိုင်အောင် ရောက်ခဲ့လို့ ရှိယင်ဖြင့် ဤပုဂ္ဂိုလ်၏ အဆင့်အတန်းသည် 'တိရဏ' ပရိညာ။

''ဉာဏ် ၁၀–ပါး၊ တပါးပါးပိုင်ယင် 'တိရဏပရိညာ' ပေါ့ဗျ၊ နော်''

''မှန်ပါ ဘုရား''

''တိရဏပရိညာ၊ စခန်းဆုံးအောင် ဆိုယင်တော့ 'အနုလောမ' ရောက်ရမှာပေါ့''

''မှန်ပါတယ် ဘုရား''

''အနုလောမ၊ ရောက်သွား၊ 'တိရဏပရိညာ' က ဆုံးပါတယ်။ 'သမ္မသနဉာဏ်' လောက်ပိုင်ယင်လဲပဲ တိရဏပရိညာ ရတယ်လို့ ပြောတော့ ပြောနိုင်တယ်''

''မှန်ပါဘုရား''

''ဒါပေမယ့် 'အနုလောမ' ရောက်မှ ဤပုဂ္ဂိုလ်အတွက် အားရစရာကောင်းမှာ''

''မှန်ပါတယ် ဘုရား''

''ဒီတော့ တို့ရိသတ်၊ 'ဉာတပရိညာ' ဆိုတာက 'နာမရူပ ပရိစ္ဆေဒဉာဏ်'၊ 'ပစ္စယပရိဂ္ဂဟဉာဏ်' ၂–ပါး''

''မှန်ပါဘုရား''

''နာမ် နှင့် ရုပ်ကို သိ၊ ဤ နာမ်ရုပ်တို့ရဲ့ အကြောင်းကို ထိုးထွင်း၍ သိ၊ 'ဉာတပရိညာ' ဒီလို မဟုတ်လား''

''မှန်ပါတယ် ဘုရား''

**ပဟာနပရိညာ ဆိုဘာ။** ။''အဲဒီလို သိသွားတဲ့ ယထာဘူတဉာဏ်ဖြင့် သုံးသပ်သွားတဲ့ 'သမ္မသန' က စပြီးတော့ 'အနုလောမ' တိုင်အောင် ဉာဏ် ၁၀–ပါးတို့သည် 'တိရဏပရိညာ'မှာ သွင်း။ ဟိုဘနေ့က အကျယ်ပြောပြီးသား ဖြစ်နေပါပြီ။အဲဒီ 'တိရဏပရိညာ စခန်း ပိုင်ပိုင်ကြီး သုံးသပ်နိုင်သဖြင့်–

''နေတံ မမ၊

''နေသောဟမသ္မိ၊

''န မေသော အတ္တာ၊

လို့ စံနစ်တကျ သုံးသပ်ထားတဲ့ ယောဂီပုဂ္ဂိုလ်သည် တဲ့–

(၁) မာကျောတဲ့ ပထဝီဓာတ်။

(၂) ပူပြင်းတဲ့ တေဇောဓာတ်၊

(၃) လှုပ်ရှားတဲ့ ဝါယောဓာတ်၊

(၄) ဖွဲ့စည်းတဲ့ အာပေါဓာတ်၊

လို့ ခေါ်တဲ့ ဓာတ်ကြီး ၄–ပါး၊ မြေကြီး ၄–ကောင်တို့သည်၊ ငါ့ရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါရဲ့ အတ္တ မဟုတ်' လို့ ဒီလို ပိုင်သွားယင်၊ ဉာဏ်ထဲမှာ ပိုင်သွားယင်။

"နေတံမမ၊ ဆိုတာက တဏှာကို ပယ်လိုက်ပါတယ်၊ 'ငါ့ရဲ့ဥစ္စာ မဟုတ်တော့ဘူး' လို့ သဘောကျယင် တဏှာနဲ့ စွဲလမ်းမှု လွတ်သွားပြီ နော်"

"မှန်ပါတယ် ဘုရား"

"ငါရဲ့ ကိုယ်ပိုင်ဥစ္စာ မဟုတ်လို့ သဘောကျသွားယင်၊ ဤပုဂ္ဂိုလ် ဘာကို ပယ်လိုက်သလဲ"

"တဏှာကို ပယ်လိုက်ပါတယ် ဘုရား"

"တဏှာကို ပယ်လိုက်တယ်၊ 'နေတံမမ'၊ 'နေသော ဟ မသ္မိ' 'ငါ မဟုတ်ဘူး' လို့ ဆိုလို့ရှိယင် မာနကို ပယ်လိုက်တယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"န မေသော အတ္တာ၊ ငါ့ရဲ့အတ္တမှ မဟုတ်ပဲ။ အတ္တ မရှိဘူးဆိုယင်

"ဒိဋ္ဌိပယ်လိုက်ပါတယ် ဘုရား"

"အေး၊ 'တဏှာ၊ မာန၊ ဒိဋ္ဌိ' ပယ်လိုက်တယ် ဆိုတာ၊ အဲဒါ မဂ်ဉာဏ်သို့ ရောက်သွားပြီတဲ့၊ ပရိညာနဲ့ ပြောတော့"

"ပဟာနပရိညာပါ ဘုရား"

"ပရိညာ ၃-ချက်မှာ ဉာဏ်စဉ် တဆယ်နဲ့ သုံးပါး ဝင်မသွား လား"

"ဝင်သွားပါတယ် ဘုရား"

"ကိုင်း၊ 'ဉာတပရိညာ' မှာ ဘယ်ဉာဏ်၊ ဘယ်ဉာဏ်"

"နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်ပါ ဘုရား"

"တိရဏပရိညာ၊ မှာ 'သမ္မသန' က စ၍ 'အနုလောမ' တိုင်အောင် ၁၀-ပါး"

"မှန်ပါ ဘုရား"

"ပဟာနပရိညာမှာ မဂ်ဉာဏ်နော်"

"မှန်ပါ ဘုရား"

"အေး၊ ဒါကြောင့်-

"ပရိဇာနာတိ၊ ဉာတတီရဏ၊ ပဟာနအား ပရိညာ ၃-ပါးဖြင့် ကောင်းစွာပိုင်ပိုင် သိမြင်နိုင်တော့၏ တဲ့။

"ဝိဇယသုတ္တန် နာရ၊ ပွားများရ၊ အားထုတ်ရလို့ရှိယင်၊ အဲဒီ ပရိညာ ၃-ပါး ပိုင်နိုင်ပါတယ်တဲ့၊ နော်"

"မှန်ပါ ဘုရား"

"အေး၊ ဒါကြောင့် နာရုံနဲ့ မပြီးနဲ့၊ တို့ပရိသတ်၊ ဆက်လက်ပြီး တော့ အားထုတ်ရမယ် မဟုတ်လား"

"အားထုတ်ရပါမယ် ဘုရား"

တွင်းပြင်ခန္ဓာ တူရှုပါ။ ။

"သုတ္တာန် ဗုဒ္ဓဝစန်၊
ဘိက္ခု ပညာဏ ဝါ ဣမ၊
သော ခေါန် ပရိဇာနာတို၊
ယထာဘူတဥ္စ ပဿတိ။
ယထာဣဒံ ယထာဧတံ၊
ယထာဧတံ တထာဣဒံ၊
အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါစ၊
ကာယေဆန္ဒံ ဝိရာဇယေ။

"ဘိက္ခဝေ၊ ပရိသတ် ၄-ပါး အို ချစ်သား၊ ချစ်သမီးတို့၊ ဣဒံ၊ ဤ အမောင်တို့ အမိတို့ ရရှိထားတဲ့ သက်ရှိ 'သဝိညာဏက' ခန္ဓာကိုယ်ကြီး သည်။ အနိစ္စာဓမ္မာ ယထာ၊ အနိစ္စအစရှိသော သဘောရှိသကဲ့သို့၊ တထာ၊ ထို့အတူ၊ ဧတံ၊ ထိုသုသာန်တစ သင်္ချိုင်းဝမှာ ပစ်ချထားတဲ့ ခန္ဓာကိုယ်ကြီး လဲပဲ။ အနိစ္စာ ဓမ္မာ၊ အနိစ္စအစရှိသော သဘောရှိသည်၊ ဟောတိ၊ ဖြစ်၏။

"ဧတံ၊ ထိုသုသာန်တစ သင်္ချိုင်းဝမှာ ပစ်ချထားတဲ့ သီရိမာရဲ့ အလောင်းသည်၊ ဥဒ္ဓုမာတကာဒိဘာဝပတ္တ ယထာ၊ ဥဒ္ဓုမာတက အစရှိ သော သဘောသို့ ရောက်သကဲ့သို့၊ တထာ၊ ထို့အတူ၊ ဣဒံ၊ ဤသင်တို့ရဲ့ လက်ရှိ ခန္ဓာကိုယ်လဲပဲ၊ နစိ ရေ နေဝ၊ မကြာမြင့်တဲ့ ကာလမှာပင်လျှင်။ ဥဒ္ဓုမာတကာဒိဘာဝပတ္တံ၊ လေထိုးထားသော သားရေအိတ် သဖွယ်၊ ဖူးဖူးရောင်ပွ၊ အမာဝကတဲ့ ဥဒ္ဓုမာတက၊ ဝိနီလက အစရှိတဲ့ သဘောသို့ ရောက်သည်။ ဘဝိဿတိ၊ ကေန်စင်စစ် ဖြစ်ပေလိမ့်မည်။

"ဘုန်းတော်ခြောက်ပါးသခင်၊ ဘုရားရှင်က၊ သေတဲ့လူ့ရဲ့ ခန္ဓာကိုယ် နဲ့ မိမိတို့အသက်ထင်ရှား ရှိနေတဲ့ ခန္ဓာကိုယ်၊ ဤကိုယ် ၂-ကိုယ်ကို ထပ်တူ ထပ်မျှထား၍ ရှုနိုင်ရမယ်တဲ့၊ ဤကဲ့သို့ ဟောတယ်။

"မိမိတို့ ခန္ဓာကိုယ်လဲပဲ သုသာန်က ခန္ဓာကိုယ်လို မကြာမီဖြစ်မယ်၊

သုသာန်က ခန္ဓာကိုယ်ကြီးလဲပဲတဲ့၊ မသေမီတုန်းက တို့လိုပဲ၊ တို့လဲ မကြာခင် သေယင် ဤအတိုင်းဖြစ်မယ်လို့ သေတဲ့သူနဲ့ မိမိရဲ့ ခန္ဓာကိုယ် ထပ်တူထပ်မျှ ထား၍ ရှုရမယ်တဲ့။

"အဲဒီလို ရှုနိုင်လို့ ရှိယင်—

"ဇေ၀၊ ဤသို့။ ပဋိပန္နော၊ သေတဲ့သူနဲ့ မိမိရဲ့ခန္ဓာကိုယ်၊ သေသူ့ကိုယ်နဲ့ မိမိရဲ့ကိုယ် ၂—ကိုယ် ထပ်တူထား၍၊ ကျင့်ကြံပွားများ အားထုတ်နိုင်ခဲ့လို့ ရှိယင်။ အဇ္ဈတ္တဥ္စ ကာယေ၊ အတွင်းအဇ္ဈတ္တ ကိုယ်ကာယ၌ လည်းကောင်း။ ဗဟိဒ္ဓါစကာယေ။ အပြင်ဗဟိဒ္ဓ ကိုယ်ကာယ၌ လည်းကောင်း။

"အဇ္ဈတ္တကာယလို့ ခေါ်တဲ့အတွင်း မိမိရဲ့ ခန္ဓာကိုယ်၊ ဗဟိဒ္ဓကာယ လို့ခေါ်တဲ့ အပြင်မှာ မြင်နေရတဲ့ ခန္ဓာကိုယ်။

"ကာယ ဘယ်နှစ်ပါးလဲ"

"၂—ပါးပါ ဘုရား"

"အဇ္ဈတ္တကာယ၊ အတွင်းကာယ၊ ဗဟိဒ္ဓကာယလို့ခေါ်တဲ့ အပြင် ကာယနော်"

"မှန်ပါဘုရား"

"အဲဒီလို သုံးသပ်နိုင်ယင်တဲ့၊ 'အဇ္ဈတ္တကာယ၊ ဗဟိဒ္ဓကာယ'ဆိုတဲ့ ကာယ ၂—ပါးလုံးမှာ—

"ဆန္ဒံ၊ တွယ်တာ ငြိကပ် တပ်မက်၍နေတဲ့ တဏှာဆန္ဒ မှန်သမျှကို။ ဝိရာဇယေ ဝိရာဇေယျ၊ ပယ်လှန်ရှင်းဖျောက်၊ သမုစ္ဆေဒပဟာန်ဖြင့်၊ အမြစ် ပြတ် ဖြတ်တောက်နိုင်လေရာ၏။

"ယခုလို ပြောပြ၊ ပြောပြခဲ့တဲ့အတိုင်း သုတ္တန်လာတဲ့ နည်းနှင့်တကွ စနစ်တကျ အားထုတ်နိုင်ခဲ့လို့ ရှိယင် တဲ့။ အဇ္ဈတ္တကာယလို့ ခေါ်တဲ့ ကိုယ် ခန္ဓာရော၊ ဗဟိဒ္ဓ မြင်မြင်သမျှ ခန္ဓာတွေရော၊ အကုန်လုံး၊ အဇ္ဈတ္တကာယ၊ ဗဟိဒ္ဓကာယ ၂—ခု စလုံးမှာတဲ့။ တွယ်တာငြိကပ် တပ်မက်တဲ့ တဏှာဆန္ဒ တွေကို အကုန်လုံး ခွာနိုင်ကြလိမ့်မယ်တဲ့၊

"မှန်ပါဘုရား"

"ဤကဲ့သို့ သုံးသပ်နိုင်ယင်၊ ပရိညာ ၃—ချက် ပိုင်ယင်ပေါ့။

**တွယ်တာပယ်ဖြတ် နိဗ္ဗာန်ကပ်**။ ■

"ဆန္ဒရာဂ ဝိရတ္တော သော။
ဘိက္ခု ပညာဏဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ။

နိဗ္ဗာန် ပဒမစ္ဆုတံ။"

"ဘိက္ခဝေ၊ ပရိသတ်လေးပါး၊ အိုချစ်သား ချစ်သမီးတို့။ ဆန္ဒရာဂ ဝိရတ္တော၊ အဲဒီလို အဇ္ဈတ္တကာယလို့ ခေါ်တဲ့ မိမိရဲ့ ခန္ဓာကိုယ်၌။ ဗဟိဒ္ဓ ခန္ဓာကိုယ်ဆိုတဲ့ ခန္ဓာကိုယ် ၂–ပါးမှာ တွယ်တာငြိကပ် တပ်မက်နေတဲ့ တဏှာဆန္ဒကို၊ ပယ်လှန်ရှင်းဖျောက်၊ အမြစ်ပြတ်၊ ဖြတ်တောက်နိုင်တဲ့ ယောဂီပုဂ္ဂိုလ်သည်။ ပညာဏဝါ၊ အရဟတ္တမဂ်ဉာဏ် ပညာဖြင့် ပြည့်စုံ၍ နေသော။ သောဘိက္ခု၊ ထို ဘုရားသားတော် ရဟန်းတော်သည်။

"မြတ်စွာဘုရားက သူ့ရဲ့ ဘေးနားမှာ ရှိနေတဲ့ ကိုယ်တော်ကလေး ကို ငဲ့ပြီးတော့ ဟောတဲ့ စကားနော်"

"မှန်ပါဘုရား"

"အေး.... ရာဇဂြိုဟ်သုသာန်မှာ ကြည့်လိုက်မယ်ဆိုယင် ဘုရားရဲ့ ဘေးနားမှာ ကိုယ်တော်လေးတပါး ရှိပြီးတော့ နေတယ်။ သီရိမာကို စွဲမက်သဖြင့် ၃–ရက်တိုင်တိုင် ပင်ပန်းရှာတဲ့ ကိုယ်တော် ဟုတ်ပြီလား"

"ဟုတ်ပါတယ် ဘုရား"

"အေး....ဒါကြောင့်–

"ပညာဏဝါ၊ အရဟတ္တမဂ်ပညာနှင့် ပြည့်စုံ၍နေသော။ သော ဘိက္ခု၊ ထို ဘုရားသားတော် ရဟန်းတော်ကလေးသည်၊ အမတံ၊ စုတေပြတ်ကြေ၊ သေလွန်ခြင်း ကင်းရာဖြစ်ပေသော၊ သန္တိံ၊ သခ်ါရခပ်သိမ်းမှလည်း အေးငြိမ်းရာ ဖြစ်ပေသော၊ အစ္စုတံ၊ စုတေ၊ ရွေ့လျောခြင်း မရှိပေသော။ ပဒံ၊ မဂ်ဉာဏ် စသည်ဖြင့်သာလျှင် ရောက်အပ်သော။ နိဗ္ဗာနံ၊ တဏှာမ လွတ်မြောက်ရာဖြစ်တဲ့ နိဗ္ဗာနဓာတ်သို့။ အဇ္ဈဂါ၊ ကောင်းစွာမသွေ ရရှိတော်မူခဲ့လေပြီ။

"အေး၊ အဲဒီလိုမျိုး မိမိတို့ရဲ့ အဇ္ဈတ္တ ခန္ဓာကိုယ်နဲ့ ဗဟိဒ္ဓ ခန္ဓာကိုယ် ၂–ပါးမှာ တွယ်တာငြိယင်၊ တပ်မက်နေတဲ့ တဏှာဆန္ဒကို အမြစ်ပြတ် သမုစ္ဆေဒပဟာန်နဲ့ ပယ်ဖျောက်နိုင်တဲ့ ယောဂီပုဂ္ဂိုလ် တယောက် ဆိုလို့ ရှိယင်ဖြင့် 'အမတံသန္တိံ' တဲ့။ဘယ်တော့မှ သေခြင်း မရှိတဲ့၊ သခ်ါရတရား ခပ်သိမ်းတို့မှ အေးငြိမ်းရာဖြစ်ပေတဲ့၊ တဏှာမှ လွတ်မြောက်ရာ ဖြစ်ပေတဲ့၊ နိဗ္ဗာနဓာတ်ကိုဖြင့် ကောင်းစွာ ရမယ်တဲ့။

"တဏှာ မကုန်သေးယင်တော့ နိဗ္ဗာန်ကို ပိုင်ပိုင်ကြီး မရသေးဘူး ပေါ့"

"မှန်ပါ ဘုရား"

"ပိုင်ပိုင်ကြီး မရသေးဘူးတဲ့။ တဏှာကုန်တဲ့ ပုဂ္ဂိုလ်မှသာလျှင် နိဗ္ဗာန်ကို ပိုင်ပိုင် ရမယ်တဲ့။ ဘုန်းတော် ၆-ပါးသခင် ဘုရားရှင်ရဲ့ အနားမှာ တရားနာနေတဲ့ ကိုယ်တော်မြတ်ရဲ့ သန္တာန်မှာ တဏှာ မကုန်သေးလို့ သူ ပင်ပန်းတာပဲ မဟုတ်လား"

"မှန်ပါဘုရား"

"ဒါကြောင့် မြတ်စွာဘုရားက ဒါကို ဦးတည်ပြီး ဟောတယ်။

"ဒွိပါဒကောယံ အသုစိ။

"ဒုဂ္ဂန္ဓော ပရိဟာရတိ။

"နာနာ ကုဏပပရိပူရော။

"ဝိဿဝန္တော တတော တတော။

"ယခုနက နိဗ္ဗာန်ကို ရဘယ် ဆိုတဲ့ ဂါထာဖြင့် နောက်ဆုံး ဘာကို ပြသလဲ၊ အကျိုးပြတဲ့ ဂါထာပေါ့နော်"

"မှန်ပါဘုရား"

"ဤသုတ္တန်လာ တရားဒေသနာအတိုင်း ကျင့်ကြံပွားများ အားထုတ်တဲ့ ပုဂ္ဂိုလ်တယောက်အနေနဲ့ ရှိတဲ့ အကျိုးတရားဟာ ဘာလဲဆိုလို့ ရှိယင် ပရိညာ ၃-ချက် ပိုင်သဖြင့် နိဗ္ဗာန်ဆိုတဲ့ အကျိုးတရား၊ လမ်းဆုံးပဲ မဟုတ်လား"

"မှန်ပါတယ် ဘုရား၊ လမ်းဆုံးပါ ဘုရား"

"အေး၊ ဒါကြောင်-

"ဒွိပါဒကောယံ အသုစိ။

"ဒုဂ္ဂန္ဓော ပရိဟာရတိ။

"နာနာကုဏပပရိပူရော။

"ဝိဿဝန္တောတတော တတော။

"ဧတာဒိသေန ကာယေန။

"ယော မညေ ဥဏ္ဏမေ တဝေ။

"ပရံ ဝါ အဝဇာနေယျ။

"ကိမညတြဲ အဒဿနာ"

"နောက်ဆုံး နိဂုံးချုပ်တဲ့ ၂-ဂါထာ။

"ဘိက္ခဝေ၊ ပရိသတ် ၄-ပါး အိုချစ်သား ချစ်သမီးတို့။ ဒွိပါဒကော၊ အခြေ ၂-ချောင်းရှိသော။ အယံကာယော၊ ဤအမောင်တို့၊အမိ

တို့ ရရှိထားတဲ့ ခန္ဓာကိုယ်ကြီးသည်။ အသုစိ၊ မစင်မကြယ်၊ ရွံဖွယ်အတိ ပြည့်၍နေ၏၊

''ခန္ဓာကိုယ်ထဲ ဉာဏ်သွင်းပြီးတော့ ကြည့်စမ်းပါ၊ မစင်မကြယ် ရွံဖွယ်အတိ ပြည့်တယ်တဲ့၊ မှန်ကြရဲ့လား''

''မှန်ပါတယ် ဘုရား''

''ဒုဂ္ဂန္ဓော ပရိဟာရတိ''

''ဒုဂ္ဂန္ဓော၊ ပုပ်နံ့ညှီလှောင်း၊ ရနံ့မကောင်းသည်ဖြစ်၍၊

''ခန္ဓာကိုယ်ကြီးကို၊ စဉ်းစားပြီးတော့ ကြည့်ပါ။

''ဒုဂ္ဂန္ဓော၊ ပုပ်နံ့ညှီလှောင်း၊ ရနံ့မကောင်းသည်ဖြစ်၍၊

''ဘယ်သူ ခန္ဓာကိုယ်က မွှေးလဲ''

''ဘယ်သူ့ ခန္ဓာကိုယ်မှ မမွှေးပါ ဘုရား''

''ခန္ဓာကိုယ်က မမွှေးပါ တဲ့၊ အပေါ်က သုတ်လိမ်းပြီးတော့ထားတဲ့ 'ဝိပ္ပလ္လာသ' တရားတွေက မွှေးနေတာနော်''

''မှန်ပါ ဘုရား''

''သညာ ဝိပ္ပလ္လာသကြောင့် အမွှေးခြယ်၊ စိတ္တဝိပ္ပလ္လာသ။

''ဒိဋ္ဌိဝိပ္ပလ္လာသကြောင့် မွှေးမျိုးနံ့သာတွေ ခြယ်တယ်။အဲဒီ ဝိပ္ပလ္လာသကြောင့် လုပ်တာတွေက မွှေးတာ။ ပကတိ ခန္ဓာကိုယ်က မမွှေးဘူး။ ဒါကြောင့်—

''ဒုဂ္ဂန္ဓော၊ပုပ်နံ့ညှီလှောင်း၊ ရနံ့မကောင်းသည်ဖြစ်၍။ ပရိဟာရတိ၊ ရေချိုးခြင်း၊ နံ့သာလိမ်းခြင်း၊ ပန်းပန်ခြင်းစသည်ဖြင့် နေ့စဉ်ရက်ဆက်၊ ပြုပြင်ဆောင်ရွက်၍ ပေးနေရ၏။

''ခန္ဓာကိုယ်ကြီး နေ့တိုင်း ရေချိုးရတယ်၊ နံ့သာ လိမ်းရတယ်။ ပန်းပန်ရတယ်၊ ဟာ—ခဏခဏ ပြင်ရဆင်ရတယ်။ ဘာကြောင့်လဲတဲ့၊ 'ဒုဂ္ဂန္ဓ'တဲ့၊ အနံ့မကောင်းလို့ တဲ့၊ 'အသုစိ'တဲ့၊ မစင်ကြယ်လို့တဲ့နော်''

''မှန်ပါဘုရား''

''စင်ကြယ်သန့်ရှင်းနေတဲ့ ခန္ဓာကိုယ်ကြီး ဆိုလို့ရှိယင် ရေချိုးဖို့ မလိုတော့ပြီတဲ့၊ နံ့သာလိမ်းဖို့လဲ မလိုတော့ပြီ။ မွှေးနေတဲ့ ခန္ဓာကိုယ်ဆိုယင် နံ့သာလိမ်းဖို့လဲ မလိုပါ။

''ဒါပေမယ့်လို့လဲပဲ၊ ဒီကနေ့ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့အနေနဲ့၊အဲဒီ နံ့သာလိမ်းခြင်း၊ ပင်ပန်းခြင်း၊ ရေချိုးခြင်း ဆိုတာရယ်၊ ဘာကြောင့်လဲဆိုယင် ပကတိ ခန္ဓာကိုယ်ကြီးကိုက မစင်ကြယ်တဲ့

အသုဘကြီးမို့လို့၊ တို့တတွေ ဒါတွေ လုပ်နေရတာလို့ သဘောကျပြီး တော့ လုပ်မယ်ဆိုယင်တဲ့။

''ရေချိုးပင် ချိုးရပြောသော်လဲပဲ၊ နံ့သာလိမ်းပင် လိမ်းသော်လဲပဲ၊ အသုဘလို့ သဘောကျပြီးမှ ချိုးတဲ့လိမ်းတဲ့ပုဂ္ဂိုလ်က ကိလေသာရာဂ မဖြစ် ဘူးနော်''

''မှန်ပါဘုရား''

''အဲဒီ 'အသုဘ' သဘောမကျပဲနဲ့ လုပ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဘာတဲ့လဲ''

''ကိလေသာ ဖြစ်နေပါတယ် ဘုရား''

''ကိလေသာ ဖြစ်မယ်တဲ့။ ဒါကြောင့် ကိလေသာလူဆိုး မဝင်ရလေ အောင်၊ အသုဘ သဘောကျပြီးတော့ ရေချိုးနော်''

''မှန်ပါဘုရား''

''ဩော်– အသုဘကြီးဖြစ်လို့ ငါ ရေလောင်းရတယ် ဆိုပြီးတော့ လောင်း''

''မှန်ပါ ဘုရား''

''ဒီလိုဆိုယင်တော့ သက်သာတယ်ပေါ့''

''သက်သာပါတယ် ဘုရား''

''ငါ့ခန္ဓာကိုယ် သန့်ရှင်းအောင်၊ လှပလာအောင်၊ လူဘကာမြင် ယင် မက်မောသွားအောင် ဆိုပြီးတော့ ပြင်မယ်ဆိုယင်ဖြင့်၊ ကိလေသာ ရာဂ ဝင်မယ်။

''အသုဘစင်စစ် ဖြစ်နေလို့၊ မတတ်သာလို့ ရေချိုးရပါကလား၊ မတတ်သာလို့ နံ့သာ လိမ်းရမှာပါတကားလို့ သဘောကျပြီးတော့ လုပ်ခဲ့ မယ် ဆိုယင်တော့ ဤပုဂ္ဂိုလ်အတွက် ကိလေသာအဝင် သက်သာမယ် ပေါ့။

''နာနာကုဏပပရိပူရော၊

''အထ။ ထိုသို့ နေ့စဉ်ရက်ဆက်၊ ပြုပြင် ဆောင်ရွက်၍ ပေးနေပါ လျက်နဲ့။ နာနာကုဏပပရိပူရော၊ ထူးထူးပြားပြား တပါးမက များလှစွာ ဘိ၊ အပုပ်တို့ဖြင့် ပြည့်မြဲ၊ ပြည့်မြဲ၊ ပြည့်မြဲသာလျှင် ပြည့်၍ နေပေတော့၏။ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''ဘယ်လောက်ပဲ သန့်ရှင်းအောင် လုပ်နေနေ၊ နေ့တိုင်း နေ့တိုင်း၊

ရေတွေ ချိုးချင်တိုင်းချိုး။ နေ့တိုင်း နေ့တိုင်း၊ သလိပ်တွေ ထွေးထုတ်ချင်တိုင်း ထုတ်၊ နေ့တိုင်း နေ့တိုင်း မစင်တွေ ကျင်ကြီးတွေ ထုတ်ချင်တိုင်း ထုတ်။

"အထဲ အပြည့်ပဲ၊ ရော့တယ်လို့ မရှိဘူးနော်"

"မှန်ပါ ဘုရား"

"ဘယ်လိုပင် ပြုပြင်၍ ပေးနေပြားသော်လည်းပဲ မသန့်ရှင်းတဲ့ ခန္ဓာကိုယ်သည် မူရင်းကိုပြန်၍၊ ပြန်၍သွားသည်။ 'အနတ္တသဘော' ဆိုတာ ဤကဲ့သို့ သဘောကျထား။

"အဝသ ဝတ္တနဋ္ဌေန အနတ္တာ။

"အဝသဝတ္တာနဋ္ဌေန၊ အလိုအတိုင်း မဖြစ်တဲ့ သဘောကြောင့်။ အနတ္တာ၊ ကိုယ့်အလိုသို့ မလိုက်၊ ကိုယ်မပိုင်ဘူးတဲ့။

"နာနာ ကုဏပဋိပူရော၊ အထူးထူးအပြားပြား၊ တပါး မက၊ များလှစွာသော၊ အပုပ်တို့ဖြင့် ပြည့်မြဲပြည့်၍ နေပေတော့၏၊တတောတတော။ ထိုထို ကိုးပေါက်ဒွါရ အမာဝတို့မှ။ ဝိဿဝန္တော၊ နံ့သာလိမ်းကျံ၊ ပန်းကိုပန်၍ ဖန်ဖန်ကြိုးကုတ်၊ဖုံးလွှမ်းရန် အားထုတ်ပါသော်လည်း၊ ပြုလုပ်သမျှ ကျိုးမရပဲ။ ချေး၊ တံတွေး မျက်ဝတ်ချေးနှင့်၊ နှပ်စေးနဖာ၊ရွှံ ဖွယ်ရာတို့၊ များစွာဒီးဒီး၊ တထွေထွေယိုစီးလျက်သာ ကျ၍နေလေတော့၏။

"ဘယ်လိုပင် ပြုပြင်၍ နေပါသော်လည်းပဲ၊ ဒွါရကိုးပေါက်ဘို့မှ နေ့တိုင်း နေ့တိုင်းတဲ့၊ တောင်ကျချောင်းကြီးတွေက စီးပြီးတော့ဆင်းသလိုပဲ။ အညစ်အကြေးတွေ တထွေထွေတဒီးဒီးနဲ့ ယိုစီး၍ ဆိုင်းနေတဲ့ ငါရဲ့ခန္ဓာကိုယ်ကြီးပါလားဆိုတာကို အသက်ရှိ အသုဘကိုလည်း ဤကဲ့သို့ သဘောကျပြီးတော့ထား တဲ့။

"အေး၊ အဲဒီလိုသိလို့ရှိယင် နည်းနည်း အာရုံပြုပြီးတော့ ကြည့်စမ်း။

"စကြာမင်းကြီးရဲ့ ခန္ဓာကိုယ်၊ ရှင်ဘုရင်ရဲ့ခန္ဓာကိုယ်၊ ဆင်းရဲသားတွေရဲ့ ခန္ဓာကိုယ်၊ ဘယ်သူ့ခန္ဓာကိုယ်ပဲဖြစ်ဖြစ်၊ဒွါရကိုးပေါက်တို့က အသုဘ အညစ်အကြေးတွေ၊ မစင်မကြယ် ပုပ်နံ့ညီလှောင် ရနံ့မကောင်းတဲ့ သဘောတွေတဲ့၊နေ့တိုင်း နေ့တိုင်း ထွက်နေတာ အတူတူချည့်ပဲ မဟုတ်လား"

"အတူတူပါပဲ ဘုရား"

"အကုန်လုံး တသားသဲ တညီထဲပဲ၊ အသုဘ သဘောကျယင်ဖြင့် အတူတူပဲ ဖြစ်တယ်။ အဲဒီလို အတူတူ ဖြစ်နေပါလျက်နဲ့—

"တောဒိသေန ကာယေန၊

"ယောမညေ ဥဏ္ဏမေတဝေ၊
"ပရိဝါ အဝဇာနေယျ၊
"တိမညတြဲ အဒဿနာ။
"ကောဒိသေန၊ ဤသို့ကဲလောက် ရှ ရှာဖွယ် အညစ်အကြေးတို့ဖြင့် ပြည့်၍နေသော။ ကာယေန။ ခန္ဓာကိုယ်ကြီးဖြင့်။ ယော၊ အကြင် အမှတ်မထင် အကြင်သို့သော ပုဂ္ဂိုလ်တစ်ယောက်သည်။ ဥဏ္ဏမေတဝေ၊ ဝင့်တကြွားကြွား ငါတကားဟု ထောင်လွှားခြင်းငှာ။
"အသုဘ အတူတူချည့်ပဲ၊ ဒီနေရာထိုင် တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးရဲ့ ဝမ်းခေါင်းထဲမှာ မစင် ကျင်ကြီး၊ ကျင်ငယ်တွေ ရှိတာ အကုန် အတူတူချည့်ပဲ မဟုတ်လား"
"အတူတူပါပဲ ဘုရား"
"အတူတူချည့်ပဲ၊ အဲဒီလို အတူတူချည့် ဖြစ်နေပါလျက်နဲ့ တို့ပရိသတ် တို့က ဘယ်လိုတဲ့လဲ။
"ယော၊ အကြင် အမှတ်မထင် အကြင်သို့သော မိန်းမ၊ ယောကျ်ား တပါးပါးသည်။ ဥဏ္ဏမေတဝေ၊ ငါတကားကား၊ ဝင့်ကြွား၍ ထောင်လွှား ခြင်းငှာ။
"ငါမှငါပဲ၊ ဟိုအသုဘကလဲ ငါဆိုင်တယ်၊ ဟိုဘက်က အသုဘလဲပဲ ငါဆိုင်တယ်၊ အသုဘအချင်းချင်း ဖြစ်နေပါလျက်နဲ့ 'ငါမှ ငါလို့' လုပ်နေ တာက ဘယ်လိုလဲ။
"အလွန်တရာ ကြောက်စရာကောင်းတဲ့ မာန ပါလားနော်"
"မှန်ပါဘုရား"
"ငယ်ငယ်တုန်းက ကလေးလေးတွေ၊ ဟုတ်လား၊ ရုပ်ကလေးတွေကို၊ နွားရုပ်ကလေးတွေ လုပ်ပြီးတော့ တဖက်နဲ့တဖက် တိုက်ကြသလိုပဲ၊ ဆေးခြယ် ကောင်းတဲ့ အကောင်ရဲ့ ရုပ်ကတော့ 'သာ' သွားတာပေါ့၊ ဆေးအခြယ် မကောင်းတဲ့ ကလေးရဲ့ ရုပ်က ညံ့သွားတယ်။ တိုက်တဲ့အခါကျတော့ ၂–ကောင်စလုံး ကွဲတာပဲနော်"
"မှန်ပါဘုရား"
"ဒီအတိုင်းပါပဲတဲ့၊ ရုပ်တွေ တိုက်နေကြတယ်။
"ယောမညေ၊ ဥဏ္ဏမေတဝေ။
"ယော၊ အကြင်အမှတ်မထင် အကြင်သို့သော မိန်းမ၊ ယောကျ်ား တပါးပါးသည်။ ဥဏ္ဏမေတဝေ၊ ဝင့်တကြွားကြွား၊ ငါတကားဟု ထောင်

လွှားခြင်းငှာ။ မညော–မညောယျ၊ တဏှာအားဖြင့် ငါ၏ ကိုယ်။
"အသုဘတုံးကြီးကိုလေ"
"မှန်ပါ ဘုရား"
"တဏှာအားဖြင့် ငါ၏ကိုယ် တဲ့။ 'မာနအားဖြင့် ငါတကား'၊ မာနက ငါပဲ၊ ငါ့လာမတုနဲ့၊ ငါ့လာမထိနဲ့ နေ၁်"
"မှန်ပါဘုရား"
"မာနအားဖြင့် ငါတကား၊ 'ဒိဋ္ဌိအားဖြင့် ငါ့ကိုယ်နိစ္စ' ဟု တဲ့။ ဒိဋ္ဌိက ငါရဲ့ အဲဒီ အသုဘကိုယ်ကြီး၊ မပျက်ဘူး၊ ဒိဋ္ဌိက"
"မှန်ပါဘုရား"
"မာန ကလဲ ငါရဲ့ အသုဘကြီး လာမထိနဲ့၊ နေ၁်"
"မှန်ပါ ဘုရား"
"တဏှာက လဲပဲ အဲဒိ အသုဘ။ မစင် အညစ် အကြေး ကြီးကို ငါပိုင်တယ်။
"တဏှာအားဖြင့် ငါရဲ့ကိုယ်။
"မာနအားဖြင့် ငါတကား။
"ဒိဋ္ဌိအားဖြင့် ငါ့ကိုယ်နိစ္စ၊ ဟု တက်ကြွစိတ်ဝင် မှတ်ထင်အောက်မေ့လေရာ၏။

"အဲဒီလို 'တဏှာ၊ မာန၊ ဒိဋ္ဌိ' တို့ဖြင့် အဲဒီလို ခန္ဓာကိုယ်ကြီးကို တက်ကြွစိတ် စွဲဝင် မှတ်ထင် အောက်မေ့နေတာ ဘာကြောင့်လဲ၊ အကြောင်းကို ရှာလိုက်တော့ လက်သည်က ဘာပြောလဲဆိုယင်–
"ကိံ မညတြံအဒဿနာ၊

"အဲတြံ၊ ထိုကဲ့သို့ ကိုယ်ကိုင်မြှောက်ခြင်း၊ သူ့ကို နှိမ့်ချခြင်းဆိုတဲ့ အသုဘ အချင်းချင်း မာနထောင်နေကြတဲ့ ကိစ္စ၌။ အဒဿနာ၊ သစ္စာလေးအင်၊ကောင်းစွာ မသိမမြင်ခြင်းဆိုတဲ့ အကြောင်း၊မောဟတရားကို။အညတြံ၊ ကြဉ်ဖယ်ရှောင်ရှား အလွှတ်ထား၍၊ အညံ၊ တပါးသော။ ကာရဏံ၊ အကြောင်းသည်။ ကိံ သိယာ၊ အဘယ်မှာလျှင် ရှိပါတော့အံ့နည်း တဲ့။
"အဲဒီလို မိမိရဲ့ ခန္ဓာကိုယ်ကြီးကို၊ အသုဘစင်စစ် ဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီးကို 'ငါရဲ့ ခန္ဓာကိုယ်ပဲ၊ ငါလိုလူ ဇမ္ဗူမရှိ၊ ငါရဲ့ခန္ဓာကိုယ်သည် မပျက်တော့ပြီ'လို့ တဏှာ၊ မာန၊ဒိဋ္ဌိတို့ဖြင့် စွဲမက် ပူးဝင်နေတာ ဘာကြောင့်လဲ ဆိုလို့ ရှိယင်ဖြင့်–

**ယထာဘူတဥာဏ် မရကြောင်း။** ။''အဟုတ်အမှန်ကို သိမြင်တဲ့ ယထာ
ဘူတဥာဏ် မရလို့၊ ဘာမရလို့လဲ''

''ယထာဘူတဥာဏ် မရလို့ပါဘုရား''

''ယထာဘူတဥာဏ် မရကြလို့ ဤကဲ့သို့ ဖြစ်တယ်တဲ့၊ ယထာဘူတ ဥာဏ်က ဘာ့ကြောင့်မရလဲ့သို့ တဆင့်တက်လိုက်ယင်၊ 'အဒဿနာ'။

''ယထာဘူတဥာဏ် ဘာကြောင့်မမြင်ကြသလဲသို့ တဆင့်တက် လိုက်လို့ရှိယင်၊ မောဟ တရားကြောင့်ပဲတဲ့၊ အဝိဇ္ဇာဆိုတဲ့ မောဟတရား သည် လက်သည် နော်''

''မှန်ပါတယ် ဘုရား''

''အဲဒီ အဝိဇ္ဇာဆိုတဲ့ မောဟတရားကို နောက်တနည်းပြောတော့ 'ပမာဒ' တရားတဲ့။

''ပမာဒ၊ မေ့လျော့မှုဆိုတာ မောဟ''

''မှန်ပါဘုရား''

''အဝိဇ္ဇာဆိုတာ မောဟ၊ တရားကိုယ် အတူဘူပဲနော်''

''အတူတူပါပဲ ဘုရား''

''အဲဒီအဝိဇ္ဇာတရားရယ်၊ မောဟတရားရယ်၊ ပမာဒတရားရယ်၊ တရားကိုယ် တလုံးထဲပါ''

''မှန်ပါဘုရား''

''ပမာဒ၊ မေ့နေတယ်တဲ့၊ ဘာတွေကို မေ့လျော့တာလဲ ဆိုလို့ရှိ ယင်ဖြင့် အသုဘဖြစ်တာကို မေ့တယ်၊ ပရမတ္ထ တရားတွေကို မေ့တယ်။ ဒီလို မဟုတ်လား''

''မှန်ပါဘုရား''

''ဘယ်လောက်မေ့လဲ ကြည့်ပေါ့၊ တို့ဒီကနေ့ တရားပွဲ ဟောလာ တာ ဒီကနေ့ဆို ၆–ရက်ရှိပြီ၊ ပထမညက ဟောခဲ့တာ တို့ဒကာကြီး ပြန်မေး သူ မပြောတတ်ဘူး၊ ဘာဖြစ်လို့လဲ၊ ပမာဒတရားကြောင့် မေ့တယ်မဟုတ် လား''

''မှန်ပါဘုရား''

''၆–ညတိုင်တိုင် ဟောခဲ့တဲ့ တရားတွေ ဘာတွေတုံး၊ မေ့ကုန်ပြီ။ သိတော့သိတယ်၊ မပြောတတ်ဘူးတဲ့၊ ဒီလိုပုဂ္ဂိုလ်က လာသေးတယ်။သိယင် ပြောတတ်ရမှာပေါ့ နော်။

''သိတော့ သိတယ်၊ မပြောတတ်ပါဘူးဆိုယင် အဲဒါ ပမာဒ တရားပဲ၊ ဟုတ်ပြီလား''

''မှန်ပါဘုရား''

''အေး.... ဒါကြောင့် အဒဿနာ၊ အဲဒီလို အမှန်တရားတွေကို ကောင်းစွာ မသိမမြင်ခြင်းဆိုတဲ့ အဒဿန၊ ပမာဒ၊ မောဟ၊ အဝိဇ္ဇာတွေ ဖုံးလွှမ်းကြလို့တဲ့၊ ဒါကြောင့် တရားတွေ ''ခက်တယ်၊ ခက်တယ်''လို့ ပြောတယ်။

''ဘာက ခက်တာလဲ၊ အဝိဇ္ဇာ၊ မောဟ၊ ပမာဒတရားကြောင့် ခက်တာ၊ ဒီလိုမဟုတ်လား''

''မှန်ပါတယ် ဘုရား''

''အဲဒီလို အဝိဇ္ဇာ၊ မောဟ၊ ပမာဒကွာအောင် ဆိုလို့ရှိယင်ဖြင့် ပြောလိုက်တဲ့ ကျင့်စဉ်နဲ့ ကျင့်ယင်တော့ ကွာသွားမှာပေါ့''

''မှန်ပါဘုရား''

''အဝိဇ္ဇာ၊ မောဟ၊ ပမာဒ တရားကြောင့်ပဲတဲ့၊ နောက်ဆုံး တရားကို လက်သည်ရှာလိုက်ယင် တို့ မောဟတွေ အားကြီးလို့ ဒါတွေ မသိတာပဲဆိုတာ သဘောကျထား။

''မှန်ပါဘုရား''

**အဝိဇ္ဇာကိုခွါ။** ။''ဒီတော့ အဲဒီ မောဟကို ခွါရမယ်နော်၊ တရားနာခြင်းဖြင့် ခွါပါ၊ စာဖတ်ခြင်းဖြင့်လဲ ခွါပါ၊ဆွေးနွေးမေးမြန်းခြင်းဖြင့်လဲ ခွါပါ။

''တရားနာခြင်း၊ စာဖတ်ခြင်း၊ ဆွေးနွေးမေးမြန်းခြင်းတို့ဖြင့် ရလာတဲ့ အသိဉာဏ်ကို လက်တွေ့ကျင့်သုံးပြီးတော့ မောဟကို ခွါထုတ်ရမယ် တဲ့၊ ဒီလို မဟုတ်လား''

''မှန်ပါဘုရား''

''အဲဒီလို ဆိုယင်တော့ ယထာဘူတဉာဏ် ရမယ်နော်''

''မှန်ပါဘုရား''

''အေး–ဤကဲ့သို့ ဘုန်းတော်ခြောက်ပါးသခင်သည် နောက်ဆုံး လက်သယ် ရှာလိုက်တဲ့အခါကျတော့ 'ပမာဒ'ဆိုတဲ့ 'မောဟ'တရားကြောင့် ချစ်သား ချစ်သမီးတို့၊ ဤကဲ့သို့ ဒုက္ခဖြစ်တာလို့ ပြောပြီးတဲ့အခါမှာ ဝိဇယ သုတ္တန် တရားဒေသနာ နိဂုံးဆုံးပြီ တဲ့။

"ဝိဇယသုတ္တန်လဲ ဆုံးရောတဲ့၊ တို့တရားနာ ပရိသတ်အပေါင်း၊ သူတော်ကောင်းတို့ ရာဇဂြိုဟ်မြို့က လူသေမြှုပ်နှံရာဖြစ်တဲ့ သုသာန်က ပရိသတ်ကြီးကို မှန်းပြီးတော့ ကြည့်စမ်းပါ။

"သိရိမာရဲ့ အလောင်းရဲ့ ခေါင်းရင်းနားမှာ ဘာရှိလဲ"

"မြတ်စွာဘုရား သိတင်းသုံးပါတယ် ဘုရား"

"ဘုရားရှင်နဲ့တကွ သံဃာပရိသတ်၊ ဟုတ်ပြီလား"

"မှန်ပါဘုရား"

"လက်ဝဲဘက်မှာ ကြည့်လိုက်မယ်ဆိုယင် တကာတော် ဗိမ္ဗိသာရဘုရင်မင်းကြီးနဲ့ နန်းတွင်းသူ၊ နန်းတွင်းသားတွေ ရှိနေတယ်။ တရားနာနေကြတယ်။

"လက်ျာဘက် ကြည့်လိုက်ပြန်တော့ မိထွေးတော် ဂေါတမီနဲ့တကွ၊ နန္ဒာတို့၊ ဇနပဒကလျာဏီတို့ဆိုတဲ့ မင်းသမီးတွေ ရဟန်းမတွေ တရားနာနေကြတယ်။

"ခြေရင်းဘက် ကြည့်လိုက်ပြန်ယင် မြို့သူမြို့သားတွေ နာနေကြတယ်။

"အလကားပေးတာတောင်မှ ဘယ်သူမှ မယူတော့တဲ့အလောင်းကြီးကလဲ့ပဲ ပရိသတ်လေးပါးရဲ့ အလယ်ဗဟို ညောင်စောင်းထက်မှာ ပိုးလောက် တဖွားဖွား ထမင်းအိုး ရွက်ခွဲထားသလို ဖြစ်၍နေတဲ့ အလောင်းကြီးပါ နော်"

"မှန်ပါဘုရား"

**ဒေသနာတော် အကျိုးအာနိသင်။** ။"ဒါကြောင့်—

"ဒေသနာ ပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်သောကာလ၌။ သောဘိက္ခု၊ ထိုသိရိမာကို ခုံမင်နှစ်သက်တဲ့ ကိုယ်တော်အရှင်မြတ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌတိ၊ တည်သွားပါပြီ။

"ဤ ဝိဇယသုတ္တန် ဒေသနာ နိဂုံးဆုံးတဲ့ကာလ၌၊ ဤသုတ္တန်ရဲ့အဆုံး ရာဇဂြိုဟ် သုသာန်ထဲမှာ တရားနာနေတဲ့ ကိုယ်တော်ကလေး၊ သိရိမာကို စွဲမက်သဖြင့် ၃–ရက်တိုင်တိုင် အစာငတ်ခံနေတဲ့ ကိုယ်တော်ကလေးသည် ဘာဖြစ်သွားသလဲ"

"သောတာပန် ဖြစ်သွားပါတယ် ဘုရား"

"သောတာပတ္တိမဂ်ကို ရသွားတယ်တဲ့၊ ဤပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် ရပြီးတဲ့နောက် ဤ 'ဝိဇယသုတ္တန်' နှုတ်ငုံဆောင်၊ အာဂုံဆောင်ပြီးတော့ သုတ္တန်မှာ လာတဲ့အတိုင်း ဆက်လက် ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့ သွားလိုက်တာ။

"နစိခရနေ၊ မကြာမြင့်မီမှာပင်လျှင်။ တဿ၊ ထို ကိုယ်တော်အရှင်မြတ်ရဲ့။ စိတ္တံ၊ စိတ်သည်။ အာသဝေဟိ၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဆိုတဲ့ အာသဝေါတရား ၄–ပါးတို့မှ။ ဝိမုစ္စိ၊ ကောင်းစွာမသွေ လွတ်မြောက်တော်မူခဲ့ပါသေသတည်း။"

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား"

"မကြာမြင့်မီတဲ့၊ ဤကိုယ်တော် အရှင်မြတ်သည် ဝိဇယသုတ္တန်အတိုင်း၊ ဆက်လက် ကျင့်ကြံကြိုးကုတ် အားထုတ်၍ သွားလိုက်တာ ကိုယ်တော်လေး မကြာခင် သောတာပန် အဆင့်ကနေပြီးတော့ ရဟန္တာအဖြစ်သို့ ရောက်တယ်တဲ့။

"နောက်တစ်ယောက်ကြည့်၊ မာယာဘုံကနေပြီးတော့ သူ့ရဲ့ ဗိမာန်ကြီးနဲ့တကွ နတ်သမီးငါးရာ ခြံရံပြီးတော့ တရားနာ လာရောက်တဲ့၊ သိရိမာအမည်ရှိတဲ့ နတ်သမီးကြီး၊ သူက ယာမာဘုံရောက်နေတဲ့ နတ်သမီးကြီး။ အဲဒီနတ်သမီးက ဘာဖြစ်သွားသလဲ ဆိုလို့ရှိယင်ဖြင့်–

"ယာမာဘုံက ဆင်းပြီးတော့ တရားနာ လာရောက်ခဲ့တဲ့ သိရိမာ နတ်သမီးသည် နတ်ပြည်ကနေ သူ့အလောင်း သူကြည့်ပြီးတော့ သုသာန်တရားနာ လာတာနော်"

"မှန်ပါဘုရား"

"ဒါကြောင့် တခါတခါ ကိုယ်က စိတ်ကူးပေါ်တယ်။ 'အေး–အသုဘပို့သွားယင် သုသာန်မှာလဲ တရားဟောဖို့ ကောင်းတယ်'လို့ သဘောကျတယ်။

"ဒါပေမဲ့ မဖြစ်ပါဘူး၊ ပရိသတ်က ညည်းမှာ"

"မှန်ပါဘုရား"

"ပဲဘုန်းကြီးနှယ် အလိုက်မသိဘူး၊ သုသာန် တရား ဟောရသေးသလား၊ ဖြစ်နေအုံးမှာနော်"

"မှန်ပါဘုရား"

"ခုတော့ မြတ်စွာဘုရားက ရာဇဂြိုဟ်သုသာန် ဟောလိုက်တာ၊ နတ်သမီးတွေ ဟိုမှာ ကျွတ်တမ်းဝင်တယ်"

"မှန်ပါတယ် ဘုရား"

"သီရိမာပိ ဒေဝကညာ၊ သီရိမာအမည်ရှိတဲ့ ယာမာဘုံကလာခဲ့တဲ့ နတ်သမီးကြီးလဲပဲ၊ အနာဂါမိဖလေ၊ ကာမ ရာဂ ဗျာပါဒတွေ အကြွင်းမဲ့ ပယ်သက်တဲ့ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်၌။ ပတိဋ္ဌတိ၊ ကောင်းစွာမသွေ တည်တော်မူခဲ့ပါပေသတည်း။"

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

"ယာမာဘုံက ဆင်းပြီးတော့လာခဲ့တဲ့ သီရိမာ နတ်သမီးကြီးက အနာဂါမ်တည်ဘယ်။ သီရိမာကို စွဲမက်ဆိုတဲ့ ကိုယ်တော်အရှင်မြတ်ကတော့ အဲဒီ ရာဇဂြိုဟ်သုသာန်မှာ သောတာပန် တည်တဲ့။ နောက် မကြာခင် အားထုတ်လို့ ရဟန္တာဖြစ်၊ ဒီလိုမှတ်လား"

"မှန်ပါတယ် ဘုရား"

"ကိုင်း၊ နောက်ပြီးတော့ တရားနာသို့ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေက ဘယ်လောက်များတုန်း ဆိုလို့ရှိယင်ဖြင့်—

"စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာ ဘိသမယော အဟောသိ၊

"စတုရာသီတိယာ ပါဏသဟဿာနံ၊ သတ္တဝါအပေါင်း၊ တရားနာ ပရိသတ်အပေါင်း ရှစ်သောင်းလေးထောင်တို့အား။ ဓမ္မာဘိသမယော၊ တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ တဲ့၊

"သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်၊ သုသာန်ကုံ ဇမ္ဗူလုံး၊ မြို့လုံးကျွတ် ထွက်ပြီးတော့ တရားနာလာတဲ့ ပရိသတ်ထဲက ရှစ်သောင်း လေးထောင်က ဓမ္မာဘိသမယ၊ ကျွတ်တမ်းဝင်ကြတယ်လို သာမန်အားဖြင့် ဒီလို ပြောတယ်။

"ဓမ္မာဘိသမယ၊ကျွတ်တမ်းဝင်ကြတယ်လို့သာမန် ပြောယင်လေ"

"မှန်ပါ ဘုရား"

"ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ် မပါဘူး၊ အောက်မဂ် အောက်ဖိုလ် ရတဲ့ ပုဂ္ဂိုလ်တွေ အကုန်လုံးပါတယ်"

"မှန်ပါ ဘုရား"

"ဒါကြောင့် တချို့တချို့ ပုဂ္ဂိုလ်တွေ သောတာပန် တည်လို့၊ တချို့တချို့ ပုဂ္ဂိုလ်တွေ သကဒါဂါမ် တည်ပြီးတော့ တချို့တချို့ ပုဂ္ဂိုလ် များသည် အနာဂါမ် တည်ကြတယ်၊ အောက်မဂ် အောက်ဖိုလ် ရတဲ့ ပုဂ္ဂိုလ်က ရှစ်သောင်းလေးထောင်။

"အောက်မဂ် အောက်ဖိုလ် ရတဲ့ ပုဂ္ဂိုလ်က ဘယ်လောက်တုံး"

"ရှစ်သောင်း လေးထောင်ပါ ဘုရား"

"ရှစ်သောင်း လေးထောင်သော သတ္တဝါတို့သည် အောက်မဂ် အောက်ဖိုလ်များရပြီးတော့ ကျွတ်တမ်းဝင်ကြပါတယ်။ သီရိမာ အမည်ရှိတဲ့ နတ်သမီးကြီးကတော့အနာဂါမ်တည်ခဲ့ပါတယ်၊ ကိုယ်တော်အရှင်မြတ်ကဖြင့် သီရိမာကို ဝှဲမက်တဲ့ ကိုယ်တော်အရှင်မြတ်ကတော့ ရဟန္တာတည်ခဲ့ပါတယ်။

"ဇနပဒကလျာဏီနန္ဒာ လဲပဲ ရဟန္တာ ဖြစ်ခဲ့ပါပြီ တဲ့၊ ဇနပဒ ကလျာဏီနန္ဒာကတော့ မြတ်စွာဘုရား ၇–ဝါတုန်းကထဲက ဇေတဝန် ကျောင်းမှာ ဖြစ်ခဲ့တာ၊ ဟုတ်ပြီလား"

"မှန်ပါတယ် ဘုရား"

"ယခု ရာဇဂြိုဟ် သုသာန်မှာ ဟောနေတာက မြတ်စွာဘုရားရဲ့ ဝါတော် တဆယ့်ခုနှစ်ဝါ၊ တဆယ့်ခုနှစ်ဝါရတဲ့ အချိန်မှ ရာဇဂြိုဟ်သုသာန် မှာဟောတယ်။

"ဒါကြောင့် သီရိမာကို အကြောင်းပြု၍ တကြိမ်၊ ဇနပဒကလျာဏီ ကို အကြောင်းပြု၍ တကြိမ်။ ၂–ကြိမ် တိုင်တိုင် မြတ်စွာဘုရား ၇–ဝါ အရ တကြိမ်၊ ၁၇ဝါအရ တကြိမ်၊ ၂–ကြိမ် ဟောတဲ့ သုတ္တန်နော်"

"မှန်ပါ ဘုရား"

"နောက်ပြီးတော့ ဤသုတ္တန်မှာ ကျွတ်တမ်းဝင်ပြီးတော့ တရား ရခဲ့တဲ့ ပုဂ္ဂိုလ်တွေပြန်ပြီးတော့ စာရင်းကောက်ပြီးတော့ ကြည့်လိုက်ကြအုံး၊ ဟိုသုတ္တန် ဒိုဒါန်း စခဲ့တုန်းက သောတာပန်တည်ခဲ့တဲ့ ပုဂ္ဂိုလ် မိစ္ဆာဒိဋ္ဌိ သင်္ဂေးသား မဟုတ်လား"

"မှန်ပါဘုရား"

"အက္ကော ဓေနု ဇိနေ ကောဓံ၊

"အသာဓုံ သာဓုနာ ဇိနေ။

"ဇိနေ ကဒရိယံ ဒါနေန၊

"သစ္စေနာ လိက ဝါဒိနံ။

ဓမ္မပဒဋ္ဌကထာ။ နှာ–၄၆။

"ကောဓံ ဒေါသအမျက် ချောင်းချောင်းထွက်တဲ့ သူကို။ အက္ကော ဓေန၊ ဒေါသမထား မေတ္တာပွားသဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူရာ၏။

"ဒေါသကြီးတဲ့ သူကို မေတ္တာနဲ့ အနိုင်ယူ။

"အသာခုံ၊ ကိုယ်နှုတ်ကြမ်းထော်၊ သူတော်မဟုတ်၊ လူသူယုတ်ကို။ သာခုနာ၊သူတော်နှလုံး၊ ကိုယ်ကသုံး သဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ ကြည်ဖြူ အနိုင်ယူ။

"နှုတ်ကြမ်း အာကြမ်းသမားကို ယဉ်ကျေးစွာ ပြော၍ အနိုင်ယူ။

"ကဒလိယံ၊ အလွန့်အလွန် နှမြောစေးနဲ ဝန်တိုတတ်တဲ့ပုဂ္ဂိုလ်မျိုးကိုဖြင့်။ ဒါနေန၊ မစ္ဆေရမဖက်၊သဒ္ဓါဇောသက်သက်ဖြင့် ရက်ရက်ရောရော ပေးကမ်းခြင်းဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူ။

"နှမြောတဲ့သူကို ပေးပြီးတော့ အနိုင်ယူ။

ဤသုတ္တန်တွင် ကျွတ်တမ်းဝင်။ ။"အလိကဝါဒိနံ၊ လိမ်လည်လှည့်ဖြား၊ မမှန်စကား ပြောကြားတတ်တဲ့ ပုဂ္ဂိုလ်မျိုးကို။ သစ္စေန၊ မှန်တဲ့စကား ကိုယ်က ပြောကြားခြင်းဖြင့်။ ဇိနေ ဇိနေယျ၊ ချမ်းမြေ့ကြည်ဖြူ အနိုင်ယူ။

"လို့.... အနိုင်ယူဖို့တရား ၄–ပါး ဟောပြီးတော့ သစ္စာ ၄–ပါး ပြတဲ့အခါမှာ ဥတ္တရာရဲ့အိမ်မှာ သီတင်းကျွတ် လပြည့်နေ့၊ ဆွမ်းကျွေးပွဲရဲ့ အပြီး တဲ့၊အဲဒီ တရားပွဲတုန်းက မိစ္ဆာဒိဋ္ဌိ သဌေးသား၊ သူက သောတာပန် တည်ခဲ့တယ်၊ ဟုတ်ပြီလား"

"မှန်ပါ ဘုရား"

"ဥတ္တရာ ခေါ်တဲ့ သဌေးကတော်လေးက သကဒါဂါမ် တည်ခဲ့တယ်တဲ့ နော်"

"မှန်ပါ ဘုရား"

"ဒါကြောင့် မိစ္ဆာဒိဋ္ဌိသဌေးသားက သောတာပန်၊ ဥတ္တရာ သဌေးကတော်က သကဒါဂါမ်။

"ယာမာဘုံကို ရောက်နေတဲ့ နတ်မိဖုရားကြီးက အနာဂါမ်။

"အဲဒီ သီရိမာကို စွဲမက်ဘဲ့ ကိုယ်တော်အရှင်မြတ်ကလေးက ရဟန္တာ။

"စုံရော မဟုတ်လား"

"စုံပါပြီ ဘုရား"

"အေး၊ ဤသို့လျှင် မဂ်လေးဆင့်၊ ဖိုလ်လေးဆင့် ပြည့်ပြည့်စုံစုံ၊ လုံလုံလောက်လောက်ရတဲ့ ဝိဇယသုတ္တန် တရားဒေသနာ နိဂုံး ဤမှာပြီးပြီ။

**ဒေသနာခံရိုး။** ။"ဝိဇယသုတ္တန် တရားဒေသနာ၊ နာကြားကြရကုန်သော တို့ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့သည် ဤ ဝိဇယသုတ္တန်မှာ ဟောတော်မူသည့်အတိုင်း၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးကို အစိတ်စိတ် အမြွာမြွာ ဖြိုခွဲ၍၊ ၃၂-ကောဋ္ဌာသလို့ခေါ်တဲ့ ကောဋ္ဌာသ ကမ္မဋ္ဌာန်းဖြင့်လဲ ခန္ဓာကိုယ်ကြီးကို 'ဃန'ပြိုအောင် ဖြိုနိုင်ကြပါစေကုန် သတည်း။

"ဤသို့လျှင် ၃၂-ကောဋ္ဌာသနည်းဖြင့် 'ဃန' ဖြိုပြီးသကာလ၊ ပထဝီ၊ အာပေါ၊တေဇော၊ ဝါယောခေါ်တဲ့ ဓာတ်ကြီး ၄-ပါးတို့ကိုလဲ ဖြိုခွဲ၍ ရှုမြင် သုံးသပ်နိုင်ကြပါစေကုန်သတည်း။

"ဤသို့လျှင် 'ဃန' အဆင့်ဆင့်ပြိုပြီးတော့ ဓာတ်ကြီး ၄-ပါး ရှုမြင် သုံးသပ်နိုင်ကြကုန်သဖြင့် ယထာဘူတဉာဏ်ကို ကောင်းစွာပိုင်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

"ဤသို့လျှင် ယထာဘူတဉာဏ်မှ တဆင့်တက်၍ 'ဥဒယ၊ တီရဏ၊ ပဟာန'ခေါ်တဲ့ ပရိညာ ၃-ချက်တို့ အဆင့်ဆင့် ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

"ဤသို့လျှင် 'ပဟာနပရိညာ'တိုင်အောင် ကြိုးစား ပွားများ အားထုတ်နိုင်ကြကုန်သဖြင့် ဤသုတ္တန်မှာ လာသည့် ပုဂ္ဂိုလ်အရှင်မြတ်တို့ ရရှိအပ်သော မဂ်လေးပါး ဖိုလ်လေးပါးဆိုတဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကြီးကို မပင်မပန်း ချမ်းသာလွယ်ကူတဲ့ အကျင့်မြတ် ပဋိပတ်၊ လျင်မြန်တဲ့ အသိဉာဏ်၊ ရည်သန် တောင့်တအပ်သော မဂ်ဉာဏ် ၄-ရပ် တို့ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"ထိုသို့လျှင် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့်ကိုယ်၊ နောက်ဆုံး ပစ္ဆိမဘဝ၊ ပရိနိဗ္ဗာန စုတိ၏ အခြားမဲ့၊ နောက်ကာလ၌၊ တစုံ တခုသောဘဝ၊ တစုံတခုသော ယောနိ၊ တစုံတခုသော ဂတိ၊ တစုံတခုသော ဝိညာဏဋ္ဌိတိမှာ ရုပ်၊ နာမ် ၂-ဖြာ ခန္ဓာငါးပါး ဝဋ်မီးဇာတရားတို့၏ တဖန် မဖြစ်သော ချုပ်ခြင်းဟုဆိုအပ်သော အနုပါဒိသေသ၊ ပရိနိဗ္ဗာန် ကိုယ်စီ စံနိုင်ကြပါစေကုန်သတည်း။

"ထိုသို့လျှင် အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီ စံကြရသဖြင့် ကမ္မဝဋ်၊ကိလေသာဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း။သံသရာ မီးတောက် မီးလျှံ မီးပုံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။"

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား"

# ဝိဇယသုတ္တန်၏
# နိဒါန်းဆိုင်ရာ ဂါထာနှင့် အနက်များ

## ဝိဇယသုတ္တန်၏ နိဒါန်းဆိုင်ရာ ဂါထာနှင့် အနက်များ

၁။ အဋ္ဌိနှာရုသံယုတ္တော၊ တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ န ဒိဿတိ။

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ၊ ကဋ္ဌာနိ၊ သစ်တိုင်တို့ကို။ဥဿာပေတွာ၊ စိုက်ထူ၍။ ဝလ္လိဗဒ္ဓံ၊ ကြိမ်နွယ်တို့ဖြင့် ဖွဲ့အပ်သော။ မတ္တိကာ လေပနံ၊ မြေစိုင်ဖြင့် လိမ်းကျံအပ်သော။ နဂရံ၊ ကောက်ပဲထည့်ရာ ပကတိသော ကျီကြအိမ်ကို၊ ကရောန္တိယထာ၊ ပြုကုန်သကဲ့သို့။ တထာ၊ ထို့အတူ—

အဋ္ဌိနံ၊ သုံးရာသော အရိုးတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ နှာရု ဝိနဒ္ဓံ၊ ကိုးရာသော အကြောတို့ဖြင့် ဖွဲ့ယှက် ရစ်ပတ်အပ်သော။ မံသလော ဟိတ လေပနံ၊ ကိုးရာသော အသားတစ်၊ တပြည်မျှလောက်သော သွေးတို့ ဖြင့် လိမ်းထေး မွမ်းမံ ကျံအပ်ပေထသော။ နဂရံ၊ ခန္ဓာကိုယ်တည်းဟူ သော ကျီကြအိမ်ကို။ ကတံ၊ တဏှာယောကျ်ား လက်သမားသည် တည်ထား ဆောက်လုပ်အပ်ပြီ။ ယတ္ထ၊ အကြင်ခန္ဓာအိမ်၌၊ ဇရာစ၊ ဆိုးရွားဟောင်း မြင်းအိုမင်း ရှည့်ပျော် ရင့်ရော်ခြင်း၊ ဇရာတရားကိုလည်းကောင်း။ မစ္စုစ၊ စုတိပြတ်ကြွေ သေလွန်ခြင်း၊ မရဏတရားကို လည်းကောင်း။ မာနောစ၊ ဝင့်တကြွားကြွား ငါတကားဟု ထောင်လွှားခြင်း၊ မာနတရားကို လည်း ကောင်း။ မက္ခောစ၊ ကောင်းစွာပြုဖူး သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ မက္ခ တရားကိုလည်းကောင်း။ ဩဟိတော၊ ထည့်သွင်း သိုလှောင်၍ ထား အပ်၏။

၂။ အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ။ အာတုရံ၊ မစဲရံခါ ဆင်းရဲ နာကျင်စွာသော။ အသုစိံ၊ မစင်ကြယ်သော။ ပူတိံ၊ ပုပ်သိုးသော။ ဥဂ္ဃရန္တံ၊ အထက်သို့လည်း လျှံတက်ယိုစီးသော။ ပဃရန္တံ၊ အောက်သို့လည်း လျှောကျယိုစီးသော။ သမုဿယံ၊ ခန္ဓာကိုယ်ကို။ ပဿ ပဿာဟိ၊ စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုလေလော့။ တံ ထိုခန္ဓာကိုယ်ကို။ ဗာလာနံ၊ သူမိုက်တို့သည် အဘိပတ္ထိတံ၊ လွန်စွာစုံမက် နှစ်သက် တောင့်တအပ်ပေ၏။

၃။ အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
အသုဘာယ စိတ္တံဘာဝေဟိ၊ ဧကဂ္ဂံ သု သမာဟိတံ။

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ။ အာတုရံ၊ မစဲရံခါ ဆင်းရဲ နာကျင်စွာသော။ အသုစိံ၊ မစင်ကြယ်သော။ ပူတိံ၊ ပုပ်သိုးသော။ သမုဿယံ၊ ခန္ဓာကိုယ်ကို။ ပဿ ပဿာဟိ၊ စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုလေလော့။ ဧကဂ္ဂံ၊ ဥပစာရ သမာဓိဖြင့် တခုသော အာရုံရှိသော။ သုသမာဟိတံ၊ အပ္ပနာသမာဓိဖြင့် ကောင်းစွာ တည်ကြည်ခြင်းရှိသော။ အသုဘာသ စိတ္တံ၊ သဝိညာဏက အသုဘစျာန်စိတ်ကို။ ဘာဝေဟိ၊ ပွားများလေလော့။

၄၊ အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟ။
တတော မာနာဘိသမယာ၊ ဥပသန္တာ စရိဿသိ။

နန္ဒေ၊ ချစ်သမီး အဘိရူပနန္ဒာ။ အနိမိတ္တဉ္စ၊ အနိမိတ္တအမည်ရသည့် အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာကိုလည်း။ ဘာဝေဟိ၊ မနေမနား ပွားများလေလော့။ မာနာနုသယံ၊ အနမတဂ္ဂ သံသာစက်မှ ငုပ်လျှိုးကိန်းပါ ငါဟူ၍ မှတ်ထင်မှု မာနာနုသယကို။ ဥဇ္ဇဟ၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ရှင်းဖျောက် အမြစ်ပြတ် ဖြတ်တောက်လော့။ တတော မာနာဘိသမယာ။ ထိုသို့ မာနာနုသယကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ရှင်းဖျောက် အမြစ်ပြတ် ဖြတ်တောက်ရသောကြောင့်။ ဥပသန္တာ၊ ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းသည်ဖြစ်၍။ စရိဿသိ၊ သင်ချစ်သမီး နေရလိမ့်သတည်း။

၅။ ယထာဂ္လဒံ တထာ‌ေတံ၊ ယထာ‌ေတံ တထာ ဂ္လဒံ။
ဓာတုေတာ သုညေတာ ပဿ၊ မာ ေလာကံ ပုနရာဂမိ။
ဘဝေ ဆန္ဒံ ဝိရာေဇတွာ၊ ဥပသန္တော စရိဿသိ။

နန္ဒေ၊ ချစ်သမီး ရူပနန္ဒာ။ ဂ္လဒံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည်၊ အနိစ္စာဒိဓမ္မံယထာ၊ အနိစ္စစသော သဘောရှိသကဲ့သို့။ ေတံ၊ ထိုဗဟိဒ္ဓ သင်မြင်ရသည့် အပြင်အပကိုယ်သည် တထာ။ ထို့အတူ အနိစ္စစသော သဘောရှိ၏။ ေတံ၊ ထိုဗဟိဒ္ဓ သင်မြင်ရသည့် အပြင်အပကိုယ်သည်။ ဥဒ္ဓုမာတကာဒိဘာဝပ္ပတ္တံ ယထာ၊ အစဉ်အတိုင်း အရွယ်အစုစု အနုအရင့်တွေကိုစွန့်ကာ ဖူးဖူးရောင်သော သူကောင် စသည်အဖြစ်သို့ ရောက်သကဲ့သို့။ ဂ္လဒံ၊ ဤအဇ္ဈတ္တဖြစ်သော သင်၏ကိုယ်သည်။ တထာ၊ ထို့အတူ အရွယ်အစုစု အနုအရင့်တွေကို စွန့်၍ ဖူးဖူးရောင်သော သူကောင် စသည်အဖြစ်သို့ ရောက်သည်။ ဘဝိဿတိ၊ ေကန်စင်စစ် ဖြစ်လတ္တံ့။

ဓာတုေတာ၊ ပထဝီဓာတ် စသောအားဖြင့်။ သုညေတာ၊ အတ္တ အတ္တနိယ စသည်မှ ဆိတ်သုဉ်းသောအားဖြင့်။ ပဿ–ပဿတိ၊ ဝိပဿနာဉာဏ်ပညာစက္ခုဖြင့် ကြည့်ရှုလေလော့။ လောကံ၊ ဥပါဒါနက္ခန္ဓာ တည်းဟူသော လောကသို့။ မာပုနအာဂမိ၊ တဖန် ထပ်လျှောက် ချစ်သမီး မလာရောက်ချင်လင့်။ ဘဝေ၊ ကာမ ရူပ အရူပအား ဘဝသုံးပါး၌။ ဆန္ဒံ၊ တွယ်တာခုံမက် တပ်နှစ်သက်သည့် တဏှာဆန္ဒကို။ ဝိရာေဇတွာ၊ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ဖြတ်ရှင်း ကင်းစေ၍ ဝါ၊ ကင်းစေသည် ရှိသော်။ ဥပသန္တော၊ ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းသည် ဖြစ်၍။ စရိဿသိ၊ ချမ်းကြည်အေးမြနေရလိမ့်သတည်း။

၆။ ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဘိက္ခုေဝ၊ ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ ယဿ၊ အကြင်သို့သော ခန္ဓာကိုယ် အတ္တဘောအား။ ဓုဝံ၊ မယိုင်မလဲ ခိုင်မြဲသော သဘောသည် လည်းကောင်း။ ဌိတိ၊ ကြံ့ကြံ့ခိုင်ကျည် တည်တံ့ခြင်း သဘောသည် လည်းကောင်း။ နတ္ထိ၊ တစိုးတစ် မရှိပချေ။ စိတ္တကတံ၊ အဝတ်တန်ဆာပန်းနံ့သာ စသည်တို့ဖြင့် သာယာခုံမက်ဖွယ် အဆန်းတကြယ် ခြယ်လှယ်၍ ထားအပ်သော။ ဗိမ္ဗံ၊ ရှည်သင့်ရာရှည်၊ တိုသင့်ရာကို တို ထိုအင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ်သည်ဟု အမှတ်မှားပြုလောက်အောင် ပေါင်းစု၍ တည်

နေသော့။ သမုဿိတံ၊ သုံးရာသော အရိုးများကြောင့် မားမားမြင့်ခေါင် စိုက်ထောင်ရပ်တည်နိုင်သော။ အာတုရံ၊ မပြတ်မစဲ အမြဲကျင်နာ မခံသာ သော။ ဗဟုသင်္ကပ္ပံ၊ လူသူအများ ပုထုဇန်အန္ဓသားတို့ တရားမမှိ ဉာဏ် မသိ၍ တင့်တယ်သည်ဖွယ်ရာသည်၊ သာယာသည်၊ မင်္ဂလာရှိသည်၊ ထိုမျှ များပြား အကြံမှားအပ်သော။ တံ အာရုကာယံ၊ ကိုးပေါက်ဒွါရ အမာဝမှ ယိုကျဖြုန်းဖြုန်း ရွံရှာဖွယ် အပြည့်ဖုံးသဖြင့် တကိုယ်လုံး အမာကြီးသဖွယ် မတင့်တယ်သော ထို ခန္ဓာကိုယ် အတ္တဘောကို။ ပဿ-ပဿထ၊ ဖန်ဖန်စေ့ငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုကြကုန်လော့။

# ဝိဇယသုတ္တန်ပါဠိတော်နိဿယ

၁။ စရံ ဝါ ယဒိ ဝါ တိဋ္ဌံ၊ နိသိန္နော ဥဒ ဝါ သယံ။
သမိဉ္ဇေတိ ပသာရေတိ၊ ဧသာ ကာယဿ ဣဉ္ဇနာ။

စရံဝါ၊ သွားလည်း သွား၏။ ယဒိ၊ ထို့ပြင်။ တိဋ္ဌံဝါ၊ ရပ်လည်း ရပ်၏၊ နိသိန္နောဝါ၊ ထိုင်လည်း ထိုင်နေ၏။ ဥဒ၊ ထို့ပြင်။ သယံဝါ၊ လျောင်းလည်းလျောင်းစက်၏။ သမိဉ္ဇေတိ၊ ထိုထိုအဆစ်တို့ကို ကွေးလည်း ကွေးညွတ်၏၊ ပသာရေတိ၊ ဆန့်လည်း ဆန့်တန်း၏။ ဧသာ၊ ဤသွား၊ရပ်၊ ထိုင်၊ လျောင်း၊ ရှေ့နောင်းတက်ဆုတ်၊ ကွေးရပ်ဆန့်တန်းမှု အစုစုအဖုံဖုံ အမူအရာ အလုံးစုံသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဣဉ္ဇနာ၊ လှုပ်ရှားမှု သာတည်း။

၂။ အဋ္ဌိနဟာရုသံယုတ္တော၊ တစမံသာဝလေပနော။
ဆဝိယာ ကာယော ပဋိစ္ဆန္နော၊ ယထာဘူတံ န ဒိဿတိ။

ကာယော၊ သဝိညာဏက ခေါ်ဆို၍ ဤခန္ဓာကိုယ်သည်။ အဋ္ဌိနဟာရုသံယုတ္တော၊ သုံးရာသောအရိုး၊ထိုအရိုးကိုဖွဲ့သည့် ကိုးရာသော အကြော၊ အရသာကိုဆောင်သည့် ခုနစ်ထောင်သော အကြောတို့နှင့် ဖွဲ့ယှက်ရစ်ပတ် စပ်ယှဉ်သည်ဖြစ်၍။ တစမံသာဝလေပနော၊ အဆင်းဖွေးဖြူ ထူသော အတွင်းရေ၊ ကိုးရာသော သားတစ်တို့ဖြင့် လိမ်းကျံအပ်သည် ဖြစ်၍။ ကာယော၊ သဝိညာဏက ခေါ်ဆို ဤခန္ဓာကိုယ်ကို။ ဆဝိယာ၊ အဆင်း

ထူးထွေ အပေါ်ရေ တည်းဟူသော အရေပါးတို့ဖြင့်။ ပဋိစ္ဆန္နော၊ အိမ်နံရံကို အညိုစသော ဆေးရောင်စုံ ခြယ်မှုန်းသကဲ့သို့ ဖုံးလွှမ်းပိတ်ပင်အပ်သည်ဖြစ်၍။ ယထာဘူတံ၊ ဟုတ်မှန်လျှစွာ အခြင်းအရာကို။ န ဒိဿတိ၊ ပညာအန္ဓ လူ့ဗာလတို့ လုံးဝမထင် မသိမမြင်နိုင်ကြချေ။

၃။ အန္တပူရော ဥဒရပူရော၊ ယကနပေဠဿ ဝတ္ထိနော။
ဟဒယဿ ပပ္ဖါသဿ၊ ဝက္ကဿ ပိဟကဿစ။ ။

အယံကာယော၊ သဝိညာဏက ခေါ်ဆို ဤခန္ဓာကိုယ်သည်။ အန္တ ပူရော၊ အူမဖြင့် ပြည့်၏။ဥဒရပူရော၊ အစာသစ်ဖြင့် ပြည့်၏။ယ ကနပေဠဿ၊ အသည်းစိုင်ဖြင့်။ ပူရော၊ ပြည့်၏၊ ဝတ္ထိနော၊ ကျင်ငယ်ဖြင့်။ပူရော၊ ပြည့်၏၊ ဟဒယဿ၊ နှလုံးသားဖြင့်။ ပူရော၊ ပြည့်၏။ ပပ္ဖါသဿ၊ အဆုတ်အစုဖြင့်၊ ပူရော၊ ပြည့်၏။ ဝက္ကဿ၊ အညို့နှစ်ခုဖြင့်၊ ပူရော၊ ပြည့်၏။ ပိဟကဿ စ၊ အဖျဉ်းဖြင့်လည်း။ ပူရော၊ ပြည့်၏။

၄။ သိင်္ဃာဏိကာယ ခေဠဿ၊ သေဒဿ စ မေဒဿ စ။
လောဟိတဿ လသိကာယ၊ ပိတ္တဿ စ ဝသာယ စ၊

အယံကာယော၊သဝိညာဏက ခေါ်ဆို၍ ဤခန္ဓာကိုယ်သည်။ သိင်္ဃာ ဏိကာယ၊ နှပ်အစုဖြင့်။ ပူရော၊ ပြည့်၏၊ ခေဠဿ၊ တံတွေးဖြင့်လည်း။ ပူရော၊ ပြည့်၏၊ သေဒဿ၊ ချွေးဖြင့်လည်း။ ပူရော၊ ပြည့်၏။ မေဒဿစ၊ အဆီခဲ အစုဖြင့်လည်း။ ပူရော၊ ပြည့်၏။ လောဟိတဿ၊ သွေးဖြင့်။ ပူရော၊ ပြည့်၏။ လသိကာယ၊ အစေးပုပ်ဖြင့်။ ပူရော၊ ပြည့်၏၊ ပိတ္တဿ စ၊ သည်း ခြေဖြင့်လည်း။ ပူရော၊ ပြည့်၏၊ ဝသာယစ၊ ဆီကြည်ဖြင့်လည်း။ ဝါ၊ခြင်ဆီ ဖြင့်လည်း။ ပူရော၊ ပြည့်၏။

၅။ အထဿ နဝဟိ သောတေဟိ၊ အသုစိ သဝတိ သဗ္ဗဒါ။
အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော။ ။

အထ၊ ထိုမှတပါး။ အဿကာယဿ၊ သဝိညာဏ ခေါ်ဆို ဤ ခန္ဓာကိုယ်၏။ နဝဟိသောတေဟိ၊ ကိုးပေါက်ဒွါရ အမာဝတို့မှ။ သဗ္ဗဒါ၊ နေ့နေ့ညည ခပ်သိမ်းသောကာလ၌။ အသုစိ၊ မစင်မကြယ် ရွံရှာဖွယ်အစု သည်။ သဝတိ၊ တားမရ ဆီးမရ ယိုစီး၍ကျ၏။ အက္ခိမှာ၊ မျက်စိနှစ်ဘက်မှ။

အက္ခိဂူထကော၊ မျက်ဝတ်မျက်ချေး အညစ်အကြေးသည်၊ သဝတိ၊ တား မရ ယိုစီး၍ကျ၏။ ကဏ္ဏမှ၊ နားတွင်းနှစ်ဘက်မှ။ ကဏ္ဏဂူထကော၊ နဖါနား ချေး အညစ်အကြေးသည်၊ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏။

၆။ သိင်္ဃာဏိကာစ နာသတော၊ မုခေန ဝမတေကဒါ။
ပိတ္တံ သေမှဉ္စ ဝမတိ၊ ကာယမှာ သေဒဇလ္လိကာ။ ။

သိင်္ဃာဏိကာစ၊ နှာရည် နှပ်ချေး အညစ်အကြေးသည်လည်း။ ကေဒါ၊ တရံတခါ။ နာသတော၊ နှာခေါင်းနှစ်ဘက်မှ။ သဝတိ၊ တားဆီးမရ ယိုစီး၍ ကျ၏။ ကေဒါ၊ တခါတရံ။ မုခေန၊ ခံတွင်းဖြင့်။ ဝါ၊ ခံတွင်းမှ။ ဝမတိ၊ တစီစီ တပွက်ပွက် ပျို့အန်၍ ထွက်၏။ ပိတ္တဉ္စ—ဗဒ္ဓ အဗဒ္ဓ၊ နှစ်ဝသော သည်းခြေ သည် လည်းကောင်း၊ သေမှဉ္စ၊ သလိပ်သည်လည်းကောင်း။ ကေဒါ၊ တရံ တခါ၊ မုခေန၊ ခံတွင်းဖြင့်။ ဝါ၊ ခံတွင်းမှ၊ ဝမတိ၊ တစီစီ တပွက်ပွက်ဖြင့် ပျို့အန်၍ ထွက်၏။ ကာယမှာ၊ ကိုယ်အလုံးမှ။ သေဒဇလ္လိကာ၊ ချေး ဆား အရေလွှာ မြူ အညစ်အကြေးသည်၊ သဗ္ဗဒါ၊ နေ့နေ့ညည ခပ်သိမ်းသော ကာလ၌၊ သဝတိ၊ တားဆီးမရ ယိုစီး၍ကျ၏၊

၇။ အထဿ သုသိရံ သီသံ၊ မတ္ထလုင်္ဂဿ ပူရိတံ။
သုဘတော နံ မညတိ ဗာလော၊ အဝိဇ္ဇာယ ပုရက္ခတော။ ။

အထ၊ ထိုမှတပါး။ အဿကာယဿ၊ သဝိညာဏက ခေါ်ဆို ဤခန္ဓာ ကိုယ်၏။ သုသိရံ၊ အခေါင်းရှိသော။ သီသံ၊ ဦးခေါင်းသည်။ မတ္ထလုင်္ဂဿ၊ ဦးနှောက်ဖြင့်။ ပူရိတံ၊ ရွံဖွယ်လိလိ ပြည့်၍နေ၏။ ဗာလော ပညာအန္ဓ၊ လူ့ဗာလသည်၊ နံ၊ ထို မစင်မကြယ် ရွံဖွယ်အတိ ပြည့်၍နေသော ကိုယ်ကို။ အဝိဇ္ဇာယ၊ အဝိဇ္ဇာတရားသည်၊ ဝါ၊ အဝိဇ္ဇာတရားဖြင့်၊ ပုရက္ခတော၊ ရှေ့ရှုပတ်ကုံး ဖုံးလွှမ်း ပိတ်ပင်အပ်သည်ဖြစ်၍။ ဝါ၊ ပိတ်ပင်အပ်သော ကြောင့်။ သုဘတော၊ ငါ့ကိုယ်ကာယ တင့်တယ်စွ၊ ငါတင့်တယ်စွ၊ ငါ၏ တင့်တယ်ခြင်းကား နိစ္စဟူ၍။ မညတိ၊ တဏှာမာန ဒိဋ္ဌိအားဖြင့် အမှားမှား ပင် မှတ်ထင်အောက်မေ့၏၊

၈။ ယဒါစ သော မတောသေတိ၊ ဥဒ္ဓုမာတော ဝိနီလကော။
အပဝိဒ္ဓေါ သုသာနသ္မိံ၊ အနပေက္ခာ ဟောန္တိ ဉာတယော။

ယဒါစ၊ အကြင်အခါ၌ကား။ သောကာယော၊ ထိုကိုယ်သည်။ မတော၊ စုတိပြတ်ကြွေ သေလွန်သည်ဖြစ်၍။ ဥဒ္ဓုမာတော၊ သေသည်

အထက်၌ လေ့ပြည့်သော သားရေအိတ်ကဲ့သို့ ဖူးဖူးရောင်ပွလျက်။ ဝိနီလကော နဂိုအဆင်း ပျက်ယွင်း ယုတ်ယို မည်းညိုသော အဆင်းရှိသည်ဖြစ်၍။ သုသာနသ္မိံ၊ သုကောင်ပစ်ချသုသာန်တစ သင်္ချိုင်းဝ၌။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သည်ဖြစ်၍။ သေတိ၊ မသာခေါင်းဝယ် လျောင်းရလေ၏။ တဒါ၊ ထိုအခါ၌။ ဉာတယော။ မသေမီခါ ချစ်လှစွာသည့် ဆွေညာတိရင်း မိတ်ခပင်းတို့သည်။ အနပေက္ခာ၊ ထိုလူတဖန် ပြန်၍ အသက်မဆက်တော့ပြီ မှန်လှသည်ဟု ရည်ရွယ်ရိုးရင်း အပြီးတိုင် ငဲ့ကွက်ခြင်း ကင်းကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၉။ ခါဒန္တိ နံ သုဝါနာ စ၊ သိင်္ဂါလာ စ ဝကာ ကိမီ။
ကာကာ ဂိဇ္ဈာ စ ခါဒန္တိ၊ ယေ စညေ သန္တိ ပါဏိနော။ ။

နံ ကာယံ၊ ထိုသုသာန်တစသင်္ချိုင်းဝ၌ ပစ်ချအပ်သော ကိုယ်ကို။ သုဝါနာစ၊ အိမ်ခွေးတို့သည် လည်းကောင်း။ သိင်္ဂါလာစ၊ တောခွေး (မြေခွေး)တို့သည် လည်းကောင်း။ ဝကာ၊ သစ်ကျုတ်တို့သည် လည်းကောင်း။ ကိမီ၊ ပိုးလောက်တို့သည်လည်းကောင်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။ ကာကာစ၊ ကျီးတို့သည်လည်းကောင်း၊ ဂိဇ္ဈာစ၊ လင်းတတို့သည် လည်းကောင်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။ အညေ၊ ဆိုအပ်ပြီးသည်မှတပါး ကုန်သော။ ယေစပါဏိနော၊ အကြင် အသားစား သစ်ကျား သိန်း စွန် စသော သတ္တဝါတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေစပါဏိနော၊ ထိုသတ္တဝါတို့သည်လည်း။ ခါဒန္တိ၊ ခဲစားကြကုန်၏။

၁၀။ သုတွာန ဗုဒ္ဓဝစနံ၊ ဘိက္ခုပညာဏဝါ ဣဓ၊
သော ခေါ နံ ပရိဇာနာတိ၊ ယထာဘူတဉှိ ပဿတိ။ ။

ဣဓ၊ အံ့ဖွယ်ရှစ်ဖြာ ဤသာသနာ၌။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရား၏ စကားတော်ဖြစ်သော ဤ ဝိဇယသုတ် ဒေသနာတော်ကို။ သုတွာန၊ အသင့်အားဖြင့် နာကြားရသောကြောင့်။ ပညာဏဝါ၊ ဝိပဿနာ ဉာဏ်ပညာနှင့် ပြည့်စုံသော။ သောဘိက္ခု၊ ထိုပုထုဇဉ် သေက္ခ ယောဂါဝစရ ရဟန်းသည်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ပဿတိ၊ ဝိပဿနာ ဉာဏ်ပညာစက္ခုဖြင့် ရှုမြင်၏။ တသ္မာ၊ ထို့ကြောင့်။ နံကာယံ၊ ထိုကိုယ်ကို။ ပရိဇာနာတိ၊ ဉာတ တီရဏ ပဟာနအား ပရိညာသုံးပါးဖြင့် ပိုင်းခြားထင်ထင် သိမြင်လေ၏။

၁၁။ ယထာဠဒံ တထာ တေ၊ ယထာ တေ တထာ ဠဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါစ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။

ဠဒံ၊ သ ဝိညာဏ ကာသုဘံ၊ ဤသက်ရှိ အသုဘကောင်သည်။ တထာ၊ ထို့အတူ၊ တေ၊ တေရဟိ သုသာန သယိတမှ၊ ယခု သုသာန်၌ လျောင်းသည့် အသက်မဲ့ အသုဘကောင်သည်လည်း။ တေ တေရဟိ မှုတသရီရံ။ ယခုသေသော ထို အဝိညာဏက အသုဘကောင်သည်၊ ယထာ၊ ထို့အတူ ဠဒံ၊ သ ဝိညာဏကမှ၊ ဤ သဝိညာဏက အသုဘကောင်သည်လည်း၊ အဇ္ဈတ္တဉ္စကာယေ၊ အတွင်း အဇ္ဈတ္တ ကိုယ်ကာယ၌လည်းကောင်း။ ဗဟိဒ္ဓါစ ကာယေ၊ အပြင် ဗဟိဒ္ဓ ကိုယ်ကာယ၌လည်းကောင်း။ ဆန္ဒံ၊ တွယ်တာ ငြိကပ် တပ်မက်ငြင်း ဆန္ဒရာဂကို။ ဝိရာဇယေ၊ ဝိရာဇယျ လေးပါး မဂ်ဉာဏ် သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်လှန်ရှင်းကာ ကင်းကွာစေနိုင်ရာ၏။

၁၂။ ဆန္ဒရာဂ ဝိရတ္တော သော၊ ဘိက္ခုပညာဏ ဝါ ဣဓ။
အဇ္ဈဂါ အမတံ သန္တိံ၊ နိဗ္ဗာနံ ပဒမစ္စုတံ။

ဣဓ၊ အံ့ဖွယ်ရှစ်ဖြာ ဤသာသနာတော်၌။ ဝါ၊ သဝိညာဏက အဝိညာဏက အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော ဤကိုယ်ကာယ၌။ ဆန္ဒရာဂ ဝိရတ္တော၊ တဏှာဆန္ဒ ဟူသမျှကို တစမကျန် ပယ်လှန်ဖြတ်ရှင်း ကင်းတော်မူပြီးသော။ ပညာဏဝါ၊ အရဟတ္တမဂ် ပညာရှိသော။ သောဘိက္ခု၊ ထို မဂ္ဂါနန္တရဖိုလ်သို့ ရောက်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်။ အမတံ၊ သေခြင်းကင်းသော။ ဝါ၊ အမြိုက်သုဒ္ဓါအရသာသို့ လွန်စွာမွန်မြတ်သော။ သန္တိံ၊ သခ်ါရ ခပ်သိမ်း ငြိမ်းရာဖြစ်သော။ ဝါ၊ သန္တိလက္ခဏာ ငြိမ်းလှစွာသော။ နိဗ္ဗာနံ၊ တဏှာမှ ထွက်မြောက်ရာဖြစ်သော။ အစ္စုတံ၊ လျောကျသက်ကြွေ စုတေရခြင်း အလျှင်းမရှိသော။ ပဒံ၊ မဂ်ဉာဏ်စသည်ဖြင့် ရောက်အပ်သော နိဗ္ဗာန်သို့။ အဇ္ဈဂါ၊ ရောက်လေပြီ။

၁၃။ ဒွိပါဒကောယံ အသုစိ၊ ဒုဂ္ဂန္ဓော ပရိဟာရတိ။
နာနာကုဏပပရိပူရော၊ ဝိဿဝန္တော တတော တတော၊

ဒွိပါဒကော၊ အခြေနှစ်ချောင်းရှိသော။ အယံကာယော၊ ဤလူ၏ကိုယ်သည်။ အသုစိ၊ မစင်မကြယ် ရွံဖွယ်အတိ ပြည့်သည်ဖြစ်၍။ ဒုဂ္ဂန္ဓော၊ ပုပ်နံ့ညှီဟောင်း ရနံ့မကောင်းသည်ဖြစ်၍။ ပရိဟာရတိ၊ ရေချိုးခြင်း၊ နံ့သာလိမ်းခြင်း စသည်ဖြင့် နေ့ဆက်ရက်စဉ် ပြုပြင်ဆောင်ရွက်၍ နေရ၏။

နာနာကုဏပပရိပူရော၊ အထူးထူး အပြားပြား တပါးမက များလှစွာသော၊ အပုပ်အတတိ ပြည့်မြဲပြည့်၍ နေ၏။ တတော တတော၊ ထိုထိုကိုးပေါက် ဒွါရ အမာဝခပင်း ဆံမွေးတွင်းတို့မှ။ ဝိသဝန္တော၊ နံ့သာလိမ်းကျံ ပန်းကိုပန်၍ ဖန်ဖန်ကြိုးကုတ် ဖုံးလွှမ်းရန် အားထုတ်သော်လည်း ပြုလုပ်သမျှ ကျိုးမရပဲ၊ ခေဋ္ဌတံတွေး မျက်ဝတ်ချေးနှင့် နှပ်စေးနဖါ ပြွှဲဖွယ်ရာတို့များစွာ ဒီးဒီး တထွေထွေ ယိုစီးလျက် ရှိပေ၏။

၁၄။ ဧတာဒိသေန ကာယေန၊ ယော မညေ ဥဏ္ဏမေတဝေ။
ပရံ ဝါ အဝဇာနေယျ၊ ကိမညတြ အဒဿနာ။

ဧတာဒိသေန၊ ဤသို့ မစင်မကြယ် ရွံဖွယ်အတိ ပြည့်၍နေသော ကာယေန၊ ကိုယ်ဖြင့်။ ဝါ၊ ကိုယ်ကြောင့်။ ယော၊ အမှတ်မထား မယားကျွား မိန်းမ အကြင်သို့သော လူ့ဗာလသည်။ ဥဏ္ဏမေတဝေ၊ မာန်တကြွားကြွား ငါတကားဟု ထောင်လွှားခြင်းငှာ။ မညေ မညေယျ၊ တဏှာအားဖြင့် ငါ၏ ကိုယ်၊ မာနအားဖြင့် ငါတကား၊ ဒိဋ္ဌိအားဖြင့် ငါ့ကိုယ် နိစ္စဟု တက်ကြွစိတ် ဝင် မှတ်ထင်လေရာ၏။ ပရံဝါ၊ သူတပါးကိုမူလည်း။ အဝဇာနေယျ ဇာတိနာမ ဂေါတ္တ–စသည် ထိုထိုသို့သောဂုဏ်ရည်ဖြင့် မထိမဲ့မြင် ရှုတ်ချ ရာ၏။ အဒဿနာ၊ သစ္စာလေးအင် အမှန်အတိုင်း မသိမြင်ခြင်းကို။ အညတြ၊ မယူကြဉ်ဖဲ ရှောင်လွှဲဖယ်ရှား အလွတ်ထား၍။ ကာရဏ၊ အခြားတပါး အကြောင်းတရားသည်။ ကိံ သိယာ၊ အဘယ်မှာလျှင် ဖြစ်ရာတော့အံ့ နည်း။ ။

## ဒွတ္တိံသကောဋ္ဌာသ ပရမတ္ထသရူပဘေဒနီ ၂၊၃၀၅

၁။ **ကေသာ** = အဆင်းမည်းဖြူ၊ ချိန်တူသဏ္ဌာန်၊ ချက်ဌာန်ဥပရိ၊ ဦးမှာရှိသား၊ ဒွိပရိစ္ဆေ၊ နှစ်ကုဋေငါးသန်း၊ ဂဏန်းများဖြင့်၊ဆံပင်အစုတို့သည်၊ အတ္တိသံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၂။ **လောမာ** = စင်းငယ်မည်းနက်၊ ထန်းမြစ်သက်သို့၊ အောက်ထက်ကိုယ်ရေ၊ အနှံ့နေသော၊ တွက်ရေကိုးသောင်း၊ ကိုးထောင်ပေါင်းဟု၊ မွေးညှင်းအစုတို့သည်၊ အတ္တိသံဝိဇ္ဇတိ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၃။ **နခါ** = ဖြူရောင်အဆင်း၊ ငါးကြင်းကြေးနှယ်၊ နှစ်ဆယ်သောလက်သည်း ခြေသည်းတို့သည်၊ အတ္တိသံဝိဇ္ဇတိ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၄။ **ဒန္တာ** = အလယ်လေးစုံ၊ ဗူးစေ့ပုံသို့၊ ပန်းငုံတို့ဖြင့်၊ ထိပ်ပြင် ယာဉ်တောက်ခွ၊ ဒွေတြဲဖျားမြစ်၊ လေးမြစ်လေးဖျား၊ နှစ်ပါးစီပေါင်း၊ နှစ်ချောင်းစွန်းကယ်၊ သုံးဆယ်သော သွားအစုတို့သည်၊ အတ္တိသံဝိဇ္ဇတိ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၅။ **တစော** = ကိုယ်လုံးပတ်ခြုံ၊ ကိုယ့်ပုံဟန်တူ၊ အဆင်းဖြူသောအရေထူအစုသည်။ အတ္တိသံဝိဇ္ဇတိ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၆။ **မံသံ** = အဆင်းနီရင့်၊ ကသစ်ပွင့်ဟန်၊ သဏ္ဌာန်ထွေလာ၊ ကိုးရာသော သားအစုတို့သည်၊ အတ္တိသံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၇။ နှာရု = အဆင်းဖြူစွာ၊ လည်ဂိဝါမှ၊ ဝဲယာရှေ့နောက်၊ ရှေ့နောက်ခြေလက်၊ ငါးစီသက်၍၊ တွယ်ခက်နှစ်ရှုံ၊ ခတ္တာငုံသို့၊ ကိုယ်ကိုဆောင်တွယ်၊ ခြောက်ဆယ်ကြောမ၊ စသည်များစွာ၊ ကွန်ယက်ဖြာသို့၊ ကိုးရာသော အကြောအစုသည်၊ အတ္တ သံဝိဇ္ဇတို၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၈။ အဋ္ဌိ = အဆင်းဖြူစွာ၊ နှာနှလုံးဦး၊ နဖူးတပါး၊ မျက်နားမေးရိုး၊ ညှပ်ရိုးပခုံး၊ လက်ရုံးပေါင်ခါး၊ ဒူးအားခြေနောက်၊ ရောက်သည့်နှစ်ချက်၊ ဖမျက်မြင်းခေါင်း၊ မောင်းဖျားလေးမည်၊ လည်ခုနစ်ရိုး၊ ခေါင်းခွံကိုးတည်း၊ ရင်းရိုးစုဒ္ဒသ်၊ ငှာရသ်ကျောက်မှန်၊ နံ နှစ်ဆယ့်လေး ခြောက်ဆယ့်လေးထွေ၊ လက်ခြေရိုးနုံ၊ သုံးရာသော အရိုးအစုသည်၊ အတ္တ သံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား၊

၉။ အဋ္ဌိမိဉ္ဇံ = ဖြူရောင်အဆင်း၊ ဝါးဆစ်တွင်း၌ မီးသင်းပျောင်းညှို၊ ကြိမ်ညွန့်တူပြီ၊ ခြင်ဆီအစုသည်၊ အတ္တ သံဝိဇ္ဇတိ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၁၀။ ဝက္ကံ = ကသစ်စေ့နှယ်၊ စဉ်းငယ်နီမှု၊ တန္တုတံညှာ၊ နှစ်မြွာသရက်၊ လည်မှထွက်သည်၊ အချက်နှစ်ခု၊ ကြောချွဲပြုလျက်၊ ဝတ္တုပတ်လှည်၊ ရံ၍တည်သော အညှို့နှစ်ခု၊ ကျောက်ကပ်အစုသည်၊ အတ္တ သံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၁၁။ ဟဒယံ = ဆင်းရှက်ပဒုံ၊ ကျောပြင်ပုံတည်း၊ ကြာငုံအောက်ရှု၊ ဥာဏ်ရှိသူဝယ်၊ စဉ်းငယ်ပွင့်တုံ၊ စုငုံမန္ဒ၊ အပသန့်ရှင်း ကွင်းသပွတ်အူ၊ နှစ်ဆူဓာတ်မှီ၊ နီသည်ရာဂ၊ ဒေါသမည်းပြား၊ သားဆေးရည်မောဟ၊ တဏှာပဲရည်၊ ဝါသည်သဒ္ဓါ၊ ပညာမြုံးပြက်၊ ၄ဇာတမျက်သွင်၊ ဖြူစင်လွန်ကဲ၊ လက်ဆုံ့ခွဲမျှ၊ လောဟိတသည်၊ ပုန္နာဂဗ္ဘိတွင်းမှာရှိလတ်၊သားမြွတ်လယ်ဝေ၊ ရင်မှာနေသော၊နှလုံးသားသည်၊ အတ္တ သံဝိဇ္ဇတိ။ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၁၂။ ယကနံ = ကုမုဒြာ၊ ကြာချပ်ကျောက်နှယ်၊ စဉ်းငယ်နီလျက်၊ ကသစ်ရွက်သဏ္ဌာန်၊ ဉာဏ်မဲ့ကြီးကြီး၊ တခုတည်းသာ၊ ပညာရှိာယ်၊ နှစ်သုံးငယ်လတ်၊ ထနဗ္ဘန္တရေ၊ညာမှာနေသော၊ အသည်းအစုသည်၊ အတ္တ သံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၁၃။ ကိုလော့မကံ = ဆင်းတွဲ့ဖြူသို့၊ နုလုံးညို့ကို၊ ဖုံးဆို့ကန့်နေ်၊ အရေအသား၊ အကြားမှာသည်၊ နှစ်မည်သော ပဋိစ္ဆန္နာ ပဋိစ္ဆန္န အမြေးသည်၊ အတ္ထုံ သံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

၁၄။ ပိဟကံ = ကြောင်ပန်းပွင့်သွင်၊ ညိုရောင်ထင်သော၊ သတ္တဂုံ လာ၊ နွားလျှာပုံတူ၊ ဝတ္ထုဝဲဘက်၊ သရက်ရွက်ဝမ်းလျှာ၊ ဘေသညာ တွင်သော၊ အပြင် (အဖျဉ်း)အစုသည်၊ အတ္ထုံသံဝိဇ္ဇတိ၊ ထင်ရှား ပုံသေ ရှိတုံချေ၏တကား။

၁၅။ ပပ္ဖါသံ = ရွှမ်းမှည့်သဖန်း၊ နီမြန်းဆင်းဟန်၊ သဖျှာနှစ်စုတ်ပဲ့၊ မုန့်ယှက်ကဲ့နှုန်း၊ သည်နှလုံးကို၊ အုပ်ဖုံးတွဲရရွဲ၊ အစာနည်းကဲ၊ ထန် သည်းတေဇာ၊ ပူလောင်လာ၍၊ သြဇာမကာပဲ၊ နွားဝါးဖတ်နှယ်၊ သုံးဆယ်နှင့်နှစ်၊ အသားတစ်ဟူသော အဆုပ်အစုသည်၊ အတ္ထုံသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၁၆။ အန္တံ = ယောကျာ်းဒွတ္တိံ၊ မိန်းမငှဝိ၊ အတောင်ရှည်သား၊ ဖြူသည် အဆင်း၊ ကဲတေအင်းသို့၊ သွေးကျင်းမှာခွေ၊ ခေါင်းပြတ်မြွေသို့၊ လည်မျိုဝစွ၊ ပဒေသဝယ်၊ နှစ်ဆယ့်တတွန်း၊ လိမ်တွန့်ရစ်နေသော အူမအခွေစုသည်၊ အတ္ထုံသံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏ တကား။

၁၇။ * [၃၂ သို့ရှုပါ]

၁၈။ ဥဒရိယံ = စားသည့်အစား သွင်လျှာရှုပ၊ အူမထက်ဖျား၊ ဆန် ထုပ်လားသို့၊ ပကားသန့်ရှင်း၊ တွင်းပိန္နဲ့ခွံ၊ ရွံဖွယ်ဘိခြင်း၊ ဝဲစီး တွင်းနှယ်၊ သုံးဆယ့်နှစ်မျိုး၊ ပိုးတို့နေရာ၊ အူထုံးမှာဝယ်၊ လျှာရည် တံတွေး၊ သွားမြေးအာစေး၊ ထိုထိုကြေးကို၊ သိမ်းထွေးပေါင်းစုံ၊ ထောင်းထုဝါးချေ၊ မျိုလေဆင်းသက်၊ ဓာတ်မီးချက်၍၊ ပရပွတ် အူ၊ ကျိုက်ကျိုက်ဆူပွ၊ အမြှုပ်ထကာ၊ ပိုးစာလောင်မီး၊ ကျင်ကြီး ကျင်ငယ်၊ တသွယ်သွေးသား၊ ငါးပါးကွဲလျက်၊ ခွေးစားခွက်ဝယ်၊ ထွေးယက်စွန့်လတ်၊ ခွေးအန်ဖတ်အတု၊ အစာသစ်အစုသည်၊ အတ္ထုံသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၁၉။ ကရီသံ = ယေဘုယျအား၊ အစာလားတည်း၊ အလျှားရှစ်သစ်၊ ဝါးကျည်ဆစ်သို့၊ ချက်မြစ်ကျောက်ကုန်း၊ အူအဆုံး၌၊ စားသုံး သမျှ၊ မွမွကျေညက်၊ အူခေါင်းသက်၍၊ လျောလျက်စုနေ၊ ဖျော့

တော့သော မြေညက်အထုံ၊ အစာဟောင်းအစုသည်၊ အတ္တိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၂၀။ မတ္ထလုင်္ဂံ = ဦးခွံထဲချောင်၊ မှို့ခဲလျောင်သို့၊ ဆင်းရောင်ဖြူစွာ၊ ဦးချာလေးဆက်၊ လေးပုံဝက်တည့်၊ မုန့်ညက်စိုင်အုကုံ၊ ဦးနှောက် အစုသည်၊ အတ္ထိသံဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၂၁။ ပိတ္တ = ဆုတ်နှလုံးကြား၊ အသည်းနားဌ်၊ ထွားထွားကြီးကြီး၊ သပွတ်သီးနှယ်၊ အအိမ်ဝယ်တည်၊ မည်းစည်ဆီကဲ့၊ အိမ်ဖွဲ့သည်းခြေ၊ စိုလေရာရာ၊ ရေမှာဆီဆမ်း၊ ပမာလွှမ်းသား၊ ညှိုးနွှမ်းပျဉ်းပွင့်၊ ကစေ့ပွင့် တောင်ကြာ၊ ပန်းဆင်းဝါသို့၊ အိမ်မှာမနေ၊ နှစ်ပါး သော ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေ အစုသည်၊ အတ္ထိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၂၂။ **သေမှ** = ဝက်ချေးဘနဲ၊ ပျစ်ခွဲရွက်ရည်၊ ပုံပမည်သို့၊ ဖြူသည် အဆင်း၊ တခွက်ခင်းမျှ၊ အူတွင်းစာထက်။ အနံ့သက်ကို၊ ဆို့လျက် ပုံးပိတ်သော၊ သလိပ်အစုသည်၊ အတ္ထိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၂၃။ **ပုဗ္ဗ** = ဆူးငြောင့်ခလုတ်၊ အိုင်းမန်းဟုတ်ရှဲ၊ သွေးပုပ်စုပျော်၊ ရွတ်ရော်အဆင်း၊ သူသေတွင်းမူ၊ ထမင်းချိုးရောင်၊ ပုပ်ဟောင် နံညှီသော၊ ပြည်အစုသည်။ အတ္ထိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံ ချေ၏တကား။

၂၄။ **လောဟိတံ** = ချိပ်ရည်အဆင်း၊ တခွက်ခင်းမျှ၊ ရင်တွင်းဆုတ်ညှို့၊ နှလုံးတို့ထက်၊ တစက်စက်ကျ၊ ယကနအောက်နေ၊ ဤလေးထွေကို၊ စိုစေလျက် စုဝေးသော သွေး၊ ကျဲသောချိပ်ရည်၊ ပမည်ပုံကျိုး၊ ကိုယ်လုံးနှံ့ရောက်၊ အကြောလျှောက်သော သွေးအားဖြင့်၊ နှစ်ပါး သော သန္နိစိတ၊ သံသရဏ သွေးအစုသည်၊ အတ္ထိသံ ဝိဇ္ဇတိ၊ ထင် ရှားပုံသေ ရှိတုံချေ၏တကား။

၂၅။ **သေဒေါ** = ဧဋ်ငိပရိ၊ ပူမညိ၍၊ နှမ်းဆီအဆင်း၊ ဆံမွေးတွင်းမှ သက်ဆင်းယိုကျသော၊ ချွေးအစုသည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှာပုံသေ ရှိတုံချေ၏တကား။

၂၆။ **မေဒေါ** = ထက်ခြမ်းခွဲသည့်၊ နနွင်းခဲအတူ၊ ဆူသောသူအား ရေသားကြား၌၊ ကြုံသူအားမှာ၊ ဆူရာရာမှီသော အဆီခဲအစုသည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား၊

၂၇။ **အဿု** = မီးခိုးဖြူဝင်၊ ရယ်ရွှင်ငိုကြွေး၊ စပ်ပူရေးကြောင့်၊ ချွေးသို့အဆင်း၊ မျက်စိတွင်းမှ၊ သက်ဆင်းယိုကျသော၊ မျက်ရည်အစုသည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၂၈။ **ဝသာ** = သဘောမတူ၊ ရှိန်ပူဆာပြင်း၊ နှိပ်စက်ခြင်းကြောင့်၊ အဆင်းအုန်းဆီ၊ ရေပေါ်ဆီသဏ္ဌာန်၊ ပြန့်ဟန်မသွေ၊ လက်ခြေနှာစွန်း၊ ပခုံးစွန်းမှီ၊ ဆီကြည်အစုသည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှား ပုံသေ ရှိတုံချေ၏တကား။

၂၉၊ **ခေဠော** — ချဉ်ငန်စပ်ခါး၊ မြင်စားကြံမိ၊ စိုစိစက်ဆုပ်၊ နှလုံးလှုပ်၍၊ ရေမြှုပ်မယွင်း၊ ပါးမှဆင်းလျက်၊ လျှာရင်းပျစ်ချွဲ၊ လျှာဖျားကပ်ကျသည်၊ လျှာ၌တည်သော တံတွေးသည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၃၀။ **သိင်္ဃာဏိကာ** = ငိုယိုသောက်စား၊ ဓာတ်ချောက်ချား၍၊ ဖောက်ထားသိမ်းအုပ်၊ ကြာရှက်ထုပ်မှ၊ နို့ဓမ်းကျသို့၊ နှလုံထန်းဆန့်၊ ဆင်းဟန်မယုတ်၊ သလိပ်ပုပ်အဖြစ်၊ စင်စင်ဖြစ်မြောက်၊ ဦးနှောက်ရည်လျှင်း၊ ဦးခေါင်းတွင်းမှ၊ သက်ဆင်းအာစောက်၊ အထက်ပေါက်ဖြင့်၊ လျှောလျှောက်နှာဖု၊ တည်ယိုသော နှပ်အစုသည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။

၃၁။ **လသိကာ** = မဟာလှေကား၊ စေးလားသဖွယ်၊ ရာ့ရှစ်ဆယ်ဆက်၊ အရိုးဆက်၌၊ ဆွတ်လျက်တည်နှဲ၊ ပျစ်၍ချွဲသော အစေးပုပ်သည်၊ အဋ္ဌိသံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေရှိတုံ ချေ၏တကား။

၃၂။ မုတ္တာ° = ပဲပြာရည်ဆင်း၊ ဆီးစတွင်း၌၊ သက်ဆင်းကိုယ်မှ၊ မရဝင်ပေါက်၊ ထွက်ပေါက်သာထင်၊ စိမ့်ရှဲဝင်သော ကျင်ငယ်အစုသည်၊အတ္ထ°သံ ဝိဇ္ဇတိ၊ ထင်ရှားရှိသေ ရှိတုံချေ၏တကား။

၃၂။ *အန္တဂုဏံ = ကြာသိမ်မြစ်ဟန်၊ ဆင်းသဏ္ဍာန်နေ၊ အူမခွေကို၊ နေရာတကျ၊ မလျောရအောင်၊ ဖွဲ့နှောင်လျှိုထုံ၊ ချေသုတ်ကြိုးဝယ်၊ ကြိုးငယ်အလား၊ မခြားထူပြီး၊ အူကြားမှာတည်သော၊ အူသိမ်အူနုံ၊ အူအစုသည်၊ အတ္ထ°သံ ဝိဇ္ဇတိ၊ ထင်ရှားပုံသေ ရှိတုံချေ၏တကား။



ဝိဇယသုတ္တန်ကို ဟောရာ၌ မှီငြမ်းပြုသော ကျမ်းဂန်များ။

၁။ သုတ္တနိပါတ် ပါဠိတော်
၂။ သုတ္တနိပါတ် အဋ္ဌကထာ
၃။ ဝိဘင်း ပါဠိတော်
၄။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ
၅။ သုတ်မဟာဝါ ပါဠိတော်
၆။ သုတ်မဟာဝါ အဋ္ဌကထာ
၇။ မူလပဏ္ဏာသ ပါဠိတော်
၈။ မူလပဏ္ဏာသ အဋ္ဌကထာ
၉။ မူလပဏ္ဏာသဋီကာ
၁၀။ ဥပရိပဏ္ဏာသ ပါဠိတော်
၁၁။ ဥပရိပဏ္ဏာသ အဋ္ဌကထာ
၁၂။ ဥပရိပဏ္ဏာသ ဋီကာ
၁၃။ သီလက္ခန္ဓဝဂ္ဂပါဠိတော်
၁၄။ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ
၁၅။ ဓမ္မပဒအဋ္ဌကထာ ပ-ဒု
၁၆။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပ-ဒု
၁၇။ ဝိမာနဝတ္ထု ပါဠိတော်
၁၈။ ဝိမာနဝတ္ထု အဋ္ဌကထာ
၁၉။ ထေရီဂါထာ ပါဠိတော်
၂၀။ ထေရီဂါထာ အဋ္ဌကထာ
၂၁။ ပရမတ္ထသရူပဘေဒနီကျမ်း (ဝိသုဒ္ဓါရုံ ဆရာတော်ကြီး)
၂၂။ ကာယာနုပဿနာကျမ်း (ယောမင်းကြီး ဦးလှိုင်)
၂၃။ မဟာဗုဒ္ဓဝင်ကျမ်း (တိပိဋကဓရ-မင်းကွန်း ဆရာတော်)

# သိတဂူစာအုပ် အမှတ်(၉)

## အမြတ်ဆုံးဒါန

* ဤ ဝိဇယသုတ္တန် တရားတော်စာအုပ်ကို ပိဋကတ်စာပေ မှ တည်ထားသော အလှူတော်ငွေဖြင့် စိုက်ထုတ်၍ ဤ စား လာသော ဓမ္မပူဇာများကို သီတဂူ ရေအလှူတော်၌ ပါ ဖြစ်ပါသည်။

ဖြန့်ချိရာဌာန

၁။ ပိဋကတ်စာပေ ၁၁၆/၇၊ ရန်ကင်း(ရန်ကင်းစာတိုက်အ

၂။ ဓမ္မတေးပိဋကာ ၁၈၉၊ မောင်ထော်လေးလမ်း၊ ရန်ကုန်မြ

၃။ အောင်တော်မူနာရီဆိုင် ဈေးချို မန္တလေးမြို့။